# ဝိပဿနာရှုနည်းကျမ်း
# ဒုတိယတွဲ

# မာတိကာ

## အခန်း (၅)

ဝိပဿနာ၏ ပရိကံ

အခြေခံရှုမှတ်ပုံ

စ၍ အားထုတ်ပုံ

အမှတ် တိုးခြင်း

မှတ်ပုံ အကျဉ်းချုပ်

ဒွါရ ၆ပါး၌ဖြန့်၍ မှတ်ပုံ

နိဗ္ဗာန်အာရုံသို့ ကူးသွားပုံ

ဖိုလ်ဝင်စားပုံ

ညာဏ်စဉ်ကို ရှင်းနည်း

အထက်မဂ်–ဖိုလ်အတွက် အားထုတ်နည်း

ဥယျောဇဉ်

အထူး မှာထားချက်

## အခန်း (၆)

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ

ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ

အဝိဇ္ဇာ ၂မျိုး

အတိတ်-အနာဂတ်၌ အနုမာနဉာဏ်

ယုံမှားမှု ၁၆ မျိုး

ယုံမှား ကင်းကွာပုံ

စူဠသောတာပန်

၎င်း၏ ဂတိမြဲရာ ဘဝ အပိုင်းအခြား

သမ္မသနဉာဏ်

သမ္မသနနှင့် နယမနသိကာရ တူကြောင်း

၁၁ ဌာန၌ အနိစ္စသမ္မသန

ဒုက္ခသမ္မသန

အနတ္တသမ္မသန

အတ္တ ဟူ ခွဲလမ်းပုံ

အနတ္တ ထင်ပုံ

ပါဠိမုတ္တက အဋ္ဌကထာနည်းများ

ဣန္ဒြေထက်ကြောင်းတရား ၉ ပါး

ရူပသတ္တက ရှုနည်း

အာဒါန နိက္ခေပန ရှုနည်း

လက္ခဏာရေးတင်၍ ရှုပုံ

ဝယောဝုဍ္ဎတ္ထင်္ဂမ ရှုနည်း

အာဟာရမယ ရှုနည်း

ဥတုမယ ရှုနည်း

ကမ္မဇ ရှုနည်း

စိတ္တဇ ရှုနည်း

ဓမ္မတာရုပ်ဥ္ဓ ရှုနည်း

နာမသတ္တက ရှုနည်း

ကလာပ ရှုနည်း

ယမက ရှုနည်း

ခဏိက ရှုနည်း

ပဋိပါဋိ ရှုနည်း

ဩဝါဒစကား

ဒိဋ္ဌိဥဂ္ဃါဋန ရှုမြင်ပုံ

သိမ်မွေ့သော ဒိဋ္ဌိ–ဝိစိကိစ္ဆာမကင်းသေးကြောင်း

မာနသမုဂ္ဃါဋန ရှုမြင်ပုံ

နိကန္တိပရိယာဒါန ရှုမြင်ပုံ

ဥဒယဗ္ဗယဉာဏ်

ဝိပဿနုပေက္ခာ၏ သရုပ်–သတ္တိ

သန္တတိနှင့် ခဏပစ္စုပ္ပန်

ပစ္စုပ္ပန်ကို စ၍ ရှုအပ်ကြောင်း သာဓက

ဝိပဿနာ၏ ညစ်ညူးကြောင်း အန္တရာယ်များ

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ

ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ

အဖြစ်–အပျက်ကို မြင်လျှင် လက္ခဏာ ၃ ပါးထင်ကြောင်းသာဓက

ဘင်္ဂဉာဏ်

ဘင်္ဂဉာဏ်သို့ ပြောင်းကူးပုံဝိသုဒ္ဓိမဂ်

အထူးမှတ်ဘွယ်

ဘယဉာဏ်စသည်

မုဉ္စိတုကမျတာဉာဏ်စသည်

ပဋိသင်္ခါဉာဏ်

အနိစ္စ အခြင်းအရာ (၁၀)ပါး

ဒုက္ခ အခြင်းအရာ (၂၅)ပါး

အနတ္တ အခြင်းအရာ (၅)ပါး

သင်္ခါရုပေက္ခာဉာဏ်

ဒွိကောဋိက ရှုမြင်ပုံ

စတုက္ကောဋိကာ ရှုမြင်ပုံ

ဆ အာကာရ ရှုမြင်ပုံ စသည်

အထူး မှတ်ဘွယ်

အနုလောမဉာဏ်

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ

ဒွတ္တိံ သကို ပြင်ဆင်ချက်

ဂေါတြဘူဉာဏ်

မဂ်ဉာဏ် – ဉာဏဒဿနဝိသုဒ္ဓိနှင့် ဖိုလ်ဉာဏ်

မဂ်ဉာဏ်ဖြစ်ပုံ

အထူးသတိပြုဘွယ်

ပစ္စဝေက္ခဏာဉာဏ်

ပစ္စဝေက္ခဏာ တပါးထည်းသာ ဖြစ်သူလဲ ရှိသေးကြောင်း

မဂ်ဖြင့် ပယ်အပ်သော ကိလေသာများ

သောတာပန် စစ်တမ်း

ဓမ္မာဒါသသုတ် ပါဠိအနက်

အရိယာ၏ သဒ္ဓါ ခိုင်မြဲပုံ

အရိယာ၏ သီလ ခိုင်မြဲပုံ

အရိယာ၏ ယုံမှား

မဟာပစ္စဝေက္ခဏာ (၇) ပါး

အရိယာရဟန်း၏ အာပတ်

ဖလသမာပတ် ဝင်စားပုံ

အရိယာမှာ ဥဒယဗ္ဗယဉာဏ်မှစ၍ ဖြစ်မြဲ

ဖိုလ်ဝင်စားခိုက်၌ နိဗ္ဗာန်မှတပါး ဘာကိုမျှ မသိကြောင်းပါဠိ

အထူး သတိပြုရန် သဗ္ဗသင်္ဂါဟိက စကား

မစင်ကြယ်သော ဖိုလ်သမာဓိလဲ ရှိကြောင်း

အထူးကောက်နုတ်ချက်

သတတဝိဟာရီပုဂ္ဂိုလ်နှင့် နောသတတဝိဟာရီပုဂ္ဂိုလ်

နိဗ္ဗာနကထာ

နိဗ္ဗာန်နှင့် အဘာဝပညတ် မတူကြောင်း

သင်္ခါရနှင့် နိဗ္ဗာန် ပြောင်းပြန် ဆန့်ကျင်ကြောင်း

သဥပါဒိသေသနှင့် အနုပါဒိသေသ နိဗ္ဗာန်

ကိလေသ–ခန္ဓနိဗ္ဗာန်တို့လဲ ပရမတ် ဖြစ်ကြောင်း

မဂ်–ဖိုလ်၏ အာရုံဖြစ်သော နိဗ္ဗာန်

နိဗ္ဗာန်သည် လင်းလင်း ဝင်းဝင်းကြီး မဟုတ်

## အခန်း (၇)

မဟာဝိပဿနာ ၁၈–ပါး ပါဠိအနက်

အနိစ္စာနုပဿနာ

ရုပ်နာမ်ဖြစ်ရာ ကာလနှင့် သန္တတိဃန ကွဲပုံ

ဝိပဿနာဖြင့် ပယ်အပ်သော ကိလေသာ

အာရမ္မဏာနုသယ

သန္တာနာနုသယ

အနိစ္စကို သိလျှင် ဒုက္ခ – အနတ္တကိုလဲ သိ၏

ဒုက္ခာနုပဿနာ

အနတ္တာနုပဿနာ

သန္တတိဃန

သမူဟဃန

ကိစ္စဃန

အာရမ္မဏဃန

အနုပဿနာ ၃ ပါး၌ အထူး မှတ်ဖွယ်

နိဗ္ဗိဒါနုပဿနာ

ဝိရာဂါနုပဿနာ

နိရောဓာနုပဿနာ

ပဋိနိဿဂ္ဂါနုပဿနာ

အကျဉ်းချုံးပြခြင်း

ခယာနုပဿနာ

ဝယာနုပဿနာ

ဝိပရိဏာမာနုပဿနာ

အနိမိတ္တာနုပဿနာ

အပ္ပဏိဟိတာနုပဿနာ

သုညတာနုပဿနာ

အဓိပညာဓမ္မဝိပဿနာ

ယထာဘူတဉာဏဒဿန

အာဒီနဝါနုပဿနာ

ပဋိသင်္ခါနုပဿနာ

ဝိဝဋ္ဋာနုပဿနာ

နိဂုံး

# ဂါထာ နိဒါန်း

ပဌမတွဲ၌ မြန်မာစကားပြေ နိဒါန်းနှင့်တကွ ဂါထာနိဒါန်းကို ထည့်သွင်းဖေါ်ပြခဲ့၏။
ဤဒုတိယတွဲ၌ကား ထိုဂါထာတို့ကိုပင် မြန်မာပြန်၍ သိလိုသူတို့အတွက် ဖေါ်ပြပါအံ့။

ဧတ္တေဒံ ဝုစ္စတိ ဂါထာရစိကာန မတ္ထာယ ဝိညူနံ။

ဧတ္ထ၊ ကျမ်းသစ်ထွန်းလင်း, ဖြစ်ပေါ်ခြင်း၏, ကြောင်းရင်းမူလ, ပဘဝကို, ဖေါ်ပြစဉ်လာ, ဤနိဒါန်းအရာ၌။ ဂါထာရစိကာနံ၊ ဖွဲ့ဆိုသိုက်မြိုက်, ဂါထာ၌ နှစ်သက်ခြင်းရှိကုန်သော။ ဝိညူနံ၊ မာဂဓိကာ, ပါဠိအရာ၌, လိမ္မာတတ်သိ, ပညာရှိတို့၏။ အတ္ထာယ၊ ဂွမ်းလွှာဆီစိမ့်, ချိုအီဆိမ့်သို့, နှစ်သိမ့်ရွှင်မြူး, ကြည်နူး အားရခြင်း အကျိုးငှါ။ ဣဒံ ဂါထာသမူဟဝစနံ၊ ဆန်းအလင်္ကာ, သဒ္ဒါအညီ, နည်းစုံမှီ၍, ဖွဲ့စီရေးသား, ဂါထာအပေါင်း တည်းဟူသော ဤစကား ကို။ ဝုစ္စတိ၊ ချီးကျူးစပ်ဟပ်, မြွက်ဆိုအပ်ပေသတည်း။

(၁) ယော အႋပ္ပမာဒေါ အႋမတဿ ဝေ ပဒံ၊
သမ္မာဒနော သေဋ္ဌ သိက္ခတ္တယဿာပိ။
အရိယမဂ္ဂဋ္ဌ အာရာဓယေ ဘာဝိတော၊
ကရောတိ သဒ္ဓမ္မ စိရဋ္ဌိတိမ္ပိ ဝေ။

ယော အႋပ္ပမာဒေါ၊ ခြောက်ဒွါရ၌, ဖြစ်ခိုက်ရုပ်နာမ်, သဘောမှန်ကို, အမြန်လက်ငင်း, ဉာဏ် ထင်လင်းအောင်, ချက်ခြင်းမှတ်ရှု, မမေ့မှု တည်းဟူသော အကြင် အပ္ပမာဒတရားသည်။ အမတဿ၊ သေခြင်း ကင်းပြတ်, နိဗ္ဗာန်ဓာတ်၏။ ပဒံ စ၊ ရောက်ရန်အကြောင်း, အကျင့်ကောင်းသည်လည်း။ ဝေ–ဧကန္တေန၊ စင်စစ်ဧကန်, အမှန်အားဖြင့်။ ဟောတိ၊ ဖြစ်ပေ၏။ သေဋ္ဌသိက္ခတ္တယဿာပိ၊ သီလ–သမာဓိ, အသိပညာ, ထူးမြတ်စွာသော, သိက္ခာသုံးပါး, အကျင့်တရားအပေါင်းကိုလည်း။ သမ္မာဒနော စ၊ အရဟတ္တဖိုလ်တိုင်, ပြီးစေနိုင်သည်လည်း။ ဟောတိ၊ ဖြစ်ပေ၏။ ဘာဝိတော၊ မနားမရပ်, ပွါးစေအပ်သည်ရှိသော်။ အရိယမဂ္ဂဋ္ဌ၊ ရစ်ပါးအင်္ဂါ, စုံလင်စွာနှင့်, အရိယာမဂ်ငြမ်း, ထွက်ရပ်လမ်းကိုလည်း။ အာရာဓယေ–အာရာဓယတိ၊ လေးကြိမ်တိုင်တိုင်, ပြီးစေနိုင်၏။ သဒ္ဓမ္မစိရဋ္ဌိတိမ္ပိ၊ သူတော် ကောင်းများ, မြတ်တရားဟု, သုံးပါးသိက္ခာ, သာသနာ၏, ရှည်စွာခိုင်ခံ့, တည်တံ့ခြင်းကိုလည်း။ ဝေ–ဧကန္တေန၊ စင်စစ်ဧကန်, အမှန်အားဖြင့်။ ကရောတိ၊ မြားမြက်–ကျူရုံ, ဆက်တည်ပုံသို့, အထုံကူးစက်, မကွယ်ပျက်အောင်, နွယ်ဆက် မပြတ်, ပြုလုပ်တတ်ပါပေ၏။ ။ (ပ– ဣန္ဒဝံသာ၊ ဒု–သာရင်္ဂ၊ တ–သင်္ဂဏီ၊ စ–ဝံသတ္ထဝိလာ။ ဥပဇာတိဂါထာ တည်း။ အာရယ–ဟူသောသက္ကတ၌ ကဲ့သို့၊ အရိယ–ဟူသော မာဂဓ၌လည်း၊ အ–နှင့်ရိကို ပေါင်း၍၊ ဂရုတလုံးထည်းသော ယူအပ်၏။ တပေါစ ဗြဟ္မစရိယဥ္စ၊ အရိယသစ္စာနဒဿနံ၊ နိဗ္ဗာနသစ္ဆိကိရိယာ စ–ဟူသော မင်္ဂလသုတ်၌၊ စရိ– အရိ– ကိရိတို့ကို၊ ဂရုတလုံးတည်းစီသာ ယူရသကဲ့သို့ မှတ်ပါလေ)။

(၂) သော နိဗ္ဗုတေပီႋခ ဇိနေ စိရံ မနေ၊
လလာသ ဝိညူန မနေက ကောဋိနံ။
ပစ္ဆာတွႋနာရာဓိတတာယ ပါယသော၊
ဒုဗ္ဗောဓဓော သွာသီ, ပစ္ဆိမာနံ ပုနာပိ။

ဇိနေ၊ အပ္ပမာဒ, ပဓာနဖြင့်, သုံးဝသိက္ခာ, သာသနာကို ကောင်းစွာတည်ထောင်, ငါးမာရ်အောင်သည့်, ခေါင်းဆောင်ရှေ့သွား, မြတ်ဘုရားသည်။ နိဗ္ဗုတေပိ၊ နိဗ္ဗာန်စခန်း, ရွှေပြည်နန်းသို့, ကြွမြန်းဝင်စံတော်မူပြီးသော်လည်း။ သော အပ္ပမာဒေါ၊ ခြောက်ဒွါရ၌, ဖြစ်ခိုက်ရုပ်နာမ်, သဘောမှတ်ကို, အမြန်လက်ငင်း, ဉာဏ်ထင်လင်းအောင်, ချက်ခြင်းမှတ်ရှု, မမေ့မှုတည်းဟူသော ထိုအပ္ပမာဒတရားသည်။ ဣဓ၊ လူ့ဘုံဌာန, ဤလောက၌ အနေကကောဋိနံ၊ ကုဋေမက, များလှစွာ ကုန်သော။ ဝိညူနံ၊ နည်းယူလျက်, အဆက်ဆက်ပွါး, ကျင့်သောအားဖြင့်, တရားမြင်သိ, ပညာရှိတို့၏။ မနေ၊ ဖြူစင် မြင့်မြတ်, နှလုံးဓာတ်၌။စိရံ၊ နှစ်–တထောင်ကျော်မျှ ရှည်မြင့်စွာသော ကာလပတ်လုံး။ လလာ သ၊ စမွါယ်လွှန့်လူး, လွှန်ပျံ့ပျူးလျက်, ကွန့်မြူးကိန်းဝပ်ခဲ့လေသတတ်။ တု၊ ရှေးကာလက, အပ္ပမာဒတရား, လူအများ၌, ပြန့်ပွါးရှည်ကြာ, တည်ထွန်းခဲ့ပါသော်လည်း။ ပစ္ဆာ၊ နှစ်–တထောင်ကျော်, ထိုရော်ခါမှ, နောက်ကာလ၌။ ပါယသော၊ များသောအားဖြင့်။ ဝါ၊ ရာ–ထောင်–သိန်း–သောင်း, များစွာသော ရဟန်း–ရှင်–လူ–အပေါင်းသည်။ တဿ၊ ထိုအပ္ပမာဒတရား၏။ ဝါ၊ ထိုအပ္ပမာဒတရားကို။ အနာရာဓိတတာယ၊ တပည့်စဉ်ဆက်, နွယ်မပျက်အောင်, ယူလျက်မသွေ, မပြီးစေအပ်ခဲ့သည်၏ အဖြစ်ကြောင့်။ သော၊ ထိုအပ္ပမာဒတရားသည်။ ပစ္ဆိမာနံ၊ နောင်လာ နောက်ပွါး, ပုဂ္ဂိုလ်များတို့အား။ ဝါ၊ နောင်လာ နောက်ပွါး, ပုဂ္ဂိုလ်များတို့သည်။ ပုနာပိ၊ တဖန်လည်း။ ဒုဗ္ဗောဓော၊ တရားကျင့်ရန်, အမှန်လိုလား, ဆန္ဒများလျက်, လိုက်စားသော်လဲ, သိနိုင်ခဲသည်။ အာသိ၊ ဝမ်းနည်း စဖွယ်, အားသေးငယ်၍, ကွယ်လုမတတ်, ဖြစ်လတ်ခဲ့လေပြီ။ ။ (ပ–တ–ဣန္ဒဝံသာ၊ ဒု–ဝံသတ္ထဝိလာ၊ စ–ဝေဿဒေဝီ။ ဥပဇာတိဂါထာ)။

(၃) တထာပိ သော တိဋ္ဌတိယေဝ ကေသုစိ၊
တသ္မိံ့ သီလုံးဝနိကောသိ ဝိဿုတော။
တဿိဿ ဘူတော စ ဇေယျဒ္ဒိဝေမဇ္ဈ၊
အာရညကဝါသီ, တသ္မိံ ဝ ရရာမ။ ။

တထာပိ၊ ထိုသို့နောက်ပွါး, ပုဂ္ဂိုလ်များတို့, နားမလည်ဘဲ, သိနိုင်ခဲသော်လည်း။ သော၊ ထို အပ္ပမာဒတရားသည်။ ကေသုစိ၊ စီးပွါးမှန်ကို, ရှာကြံလိုသည့်, ပုဂ္ဂိုလ်အချို့တို့၌။ တိဋ္ဌတိယေဝ၊ စဉ်လာမပျက်, တည်လျက် ရှိသေးသည်သာတည်း။ ဟိ၊ ရှေးရိုးစဉ်လာ, မှန်စွာမပျက်, တည်တံ့ချက်ကို, အမြွက်မျှဖြင့်, လှစ်ဖွင့်ဦးအံ့။ သီလုံးဝနိကော၊ သီလုံးတောရ, အာဝါသ၌, မျှတစံမိုး သီလုံးတောရ ဆရာတော်ဘုရားကြီးသည်။ တသ္မိံ အပ္ပမာ ဒေ၊ အပ္ပမာဒပဋိပတ်, ထိုအကျင့်မြတ်၌။ ဝိဿုတော၊ နေ-လအလား, ထင်ရှားတော်မူသည်။ အာသိ၊ ဖြစ်ခဲ့ပေပြီ။ (ဤဆရာတော်ဘုရားကြီး၏ သီတင်းသုံးရာ သီလုံးတောရကျောင်းမှာ ဆိပ်ခွန်ရွာမှာ မြောက်ဘက် ၂-မိုင်ခန့် ကွာသောအရပ်၌ ရှိသည်)။ တဿိဿဘူတော၊ ထိုသီလုံး ဆရာတော်ဘုရား၏, တပည့်တပါးဖြစ်တော်မူပေသော။ ဇေယျဒ္ဒိဝေ မဇ္ဈ အာရညကဝါသီစ၊ စစ်ကိုင်းတောင်ဌာန အလယ်တောရ၌, မျှတစံပျော်, အလယ်တောရဆရာတော်သည်လည်း။ တသ္မိံ ဇဝ၊ အပ္ပမာဒပဋိပတ်, ထိုအကျင့်မြတ်၌သာလျှင်၊ ရရာမ၊ မနောဓာတ်၌, မပြတ်ဆိုက်၍, နှစ်ခြိုက် ရွှင်ပျော်, မွေ့လျော်တော်မူသတတ်။ (ပ-ဝံသတ္ထဝိလာ၊ ဒု - ဣန္ဒဝံသာ၊ တ - သာရဂ်၊ စ-မဏိမာလာ။ ဥပဇာတိဂါထာ)။

(၄) လဒ္ဓညာယော စဿ္မာ သန္ဓာဂါရေ ဇေတ-
ဝနေ ဝုတ္တ ပုဗ္ဗော ပကာသေတိ ဇော်။
သာဓိကတ္တိံ သ ဝဿာ ပဘုတျဒ္ဓပိ၊
သုဓမ္မနာမေ ဝသတေ ပုရမှိ သော။

အဿ္မာ မဟာထေရဿ္မာ၊ ထိုအလယ်တောရ ဆရာတော်ဘုရားထံမှ။ လဒ္ဓညာယော၊ လက်ဆုပ်လက်ကိုင်, ပိုင်ပိုင်မိမိ, ရအပ်သောနည်း ရှိတော်မူသော။ သန္ဓာဂါရေ၊ မင်းကွန်း မည်တောင်, ဂူကလေးချောင်၌။ ဇေတဝနေ၊ ဇေတဝန်သမိုက်, တောကျောင်းတိုက်၌။ ဝုတ္တပုဗ္ဗော၊ ရှေးအခါက, မျှတကြည်နူး, ကြာမြင့်စွာ သီတင်းသုံးဘူးသော။ ယော မဟာထေရော စ၊ မင်းကွန်း-ဇေတဝန် ဆရာတော်, ခေါ်ဝေါ်ပညတ်, အကြင် မထေရ်မြတ်သည်လည်း။ ဇော် အပ္ပမာဒံ၊ သတိပဋ္ဌာန်, ဓမ္မကွန်၌, လေးတန်ခွဲခြား, ဤအပ္ပမာဒတရားကို။ သာဓိကတ္တိံ သဝဿာ၊ အနှစ်သုံး ဆယ်, စွန်းကယ်ကြာစွာ, အခါကာလမှ။ ပဘုတိ၊ စ၍။ ပကာသေတိ၊ ကရုဏာရှေ့သွား, ပညာအားဖြင့်, ထင်ရှားဟောပြတော်မူပေ၏။ အဇ္ဇပိ၊ ယခုလည်း။ သော မဟာထေရော၊ ထိုမထေရ်မြတ်သည်။ သုဓမ္မနာမေ၊ သုဓမ္မဟု ရှေးက အမည်ရှိသော။ ဝါ၊ သထုံအမည်ရှိသော။ ပုရမှိ၊ မြို့၌။ ဝသတေ၊ ဇေတဝန်သမိုက် တောကျောင်းတိုက်၌, ယာပိုထ်လေး လီ, မျှညီရွှင်ပြုံး, သီတင်းသုံးလျက် ရှိတော်မူပေ၏။ (ဤဆရာတော်ဘုရားကြီးသည် ၁၃၁၆-ခုနှစ် တပေါင်းလဆုတ် ၁၀-ရက်နေ့ အသက်တော် ၈၆-နှစ်တွင် ကွယ်လွန်တော်မူပေပြီ။ ဆဋ္ဌမရိုက်၌ ဖြည့်စွက်သည်)။ (ပ-ဝိဇ္ဇာဓာရ၊ ဒု-ဘု ဇင်္ဂပ္ပယာတ၊ တ-သဂ္ဂဏီ၊ စ-ဝံသတ္ထဝိလာ။ ဥပဇာတိဂါထာ)။

(၅) ထေရဿ စေတဿ ဥပန္တိကေ အယံ၊
ဝသိယ သိက္ခိတ ဝိပဿနာ နယော။
ဣဒပ္ပဏောတာပိ ဟိတေသိ သာဓုနံ၊
နိယောဇကော တမှိ စိရဿကာလတော။

စ၊ ပြဘွယ်လိုရင်း, ထိုအခင်းကို, ရှင်းလင်းဆက်လိုက်ဦးအံ့။ ဧတဿ ထေရဿ၊ မင်းကွန်း-ဇေတဝန်, အမည်မွန်ဖြင့်, ထူးချွန်ထင်ရှား, ဤဆရာတော်ဘုရား၏။ ဥပန္တိကေ၊ အနီးမျက်မှောက်, ရှေ့တော် အောက်၌။ ဝသိယ-ဝသိတွာ၊ လေးလပတ်လုံး, သီတင်းသုံးနေထိုင်လျက်။ သိက္ခိတ-ဝိပဿနာနယော၊ သင်-ကျင့် -ရှု-မှတ်, ဝိပဿနာ, မှန်စွာရှုနည်း, နိဿယည်း ရှိတော်မူသော။ ဝါ၊ ဝိပဿနာရှုနည်း, နိဿယည်းကို, သိမ်းဆည်း အသင့်, သင်-ကျင့်ခဲ့ဘူးသည် ဖြစ်၍။ ဣဒပ္ပဏေတာ၊ ဝိပဿနာ, မှန်စွာရှုလမ်း, ဤသည့်ကျမ်းကို, ကြိုးပမ်းတည်ထွင်, စီရင်ပြုစုတော်မူသော။ (ဣမံ ဂန္ထံ ပကဋ္ဌေန နေတိ ကရောတီတိ ဣဒပ္ပဏေတာ)။ ။အယံပိ မဟာထေရော၊ အရှင် သောဘန, ဘွဲ့နာမဖြင့်, ညဏရွှင်ကြည်, ဤမထေရ်သည်လည်း။ ဟိတေသိ သာဓုနံ၊ မဂ်-ဖိုလ်-နိဗ္ဗာန်, စီးပွါးမှန်ကို, ရရန်လိုလား, လိုက်စားသူအပေါင်း, သူတော်ကောင်းတို့ကို။ တမှိ၊ ထို အပ္ပမာဒစခန်း, သတိပဋ္ဌာန်လုပ်ငန်း၌။ စိရဿ-ကာလတော၊ ဆယ်နှစ်ကျော်မျှ, ရှည်မြင့်သော ကာလမှ။ ပဋ္ဌာယ၊ စ၍။ နိယောဇကော၊ အကျိုး ဖော်လျက်, နိုးဆော် ပြဿနာန်း, တိုက်တွန်းလေ့ ရှိတော်မူပေသတည်း။ ။(ပ-ဣန္ဒဝံသာ၊ ဒု- ပိယံဝဒါ၊ တ-စ-ဝံသတ္ထ ဝိလာ။ ဥပဇာတိဂါထာ)။

(၆) ထေရဿိ.မဿာ.နယဝိပ္ပဟာယိနော၊
ပဘာဝ–သမ္ဘူတ–ဝိပဿနာ နယော။
တ.မပ္ပမာဒံ ဝိဒိတဋ္ဌ သုဋ္ဌိတံ၊
ပုနာ.ပျ.ကာသိ သာဇုမာနသေ အဟော!။

အနယဝိပ္ပဟာယိနော၊ အသင့်–ကျမ်းဂန်, ရှေးနည်းမှန်ကို, ထုတ်ပြန်ဖော်ကြား, ပြသောအားဖြင့်, နည်းမှားကို ပယ်ဖျောက်လေ့ရှိတော်မူသော။ ဣမဿ ထေရဿ၊ ယူသည်းကင်းကွာ, ရိုးရာမလိုက်, အမှန်ကိုကြိုက်သော, ဤကျမ်းပြုမထေရ်၏။ ပဘာဝ–သမ္ဘူတ–ဝိပဿနာ နယော၊ ကရုဏာနှင့်, ပညာစရို, စွမ်းသတ္တိကြောင့်, ပိရိသေသပ်, ဖြစ်ပေါ်လတ်သည့်, ဝိပဿနာ, မှန်စွာရှုနည်း, ကျမ်းမြတ်ကြီးသည်။ တံ အပ္ပမာဒံ၊ အပ္ပမာဒ ပဋ္ဌိပတ်, ထိုအကျင့်မြတ် ကို။ သာဇုမာနသေ၊ မိမိသူတပါး, နှစ်ဦးသား၏, စီးပွါးမှန်ကို, ပြီးစေလိုသည့်, ပုဂ္ဂိုလ်အပေါင်းသူတော်ကောင်းတို့၏, ရင့်ညောင်းမြင့်မြတ်, စိတ်နှလုံးဓာတ်၌။ ပုနာပိ၊ သာသနာ ထွန်းသစ်, ရှေးခေတ်တူစွာ, တဖန်တခါလည်း။ ဝိဒိတဋ္ဌ၊ လက်ဝယ်တင်ထား, ပတ္တမြားသို့, ထင်ရှား သိအပ်သည်ကိုရင်း။ သုဋ္ဌိတဋ္ဌ၊ မလှုပ်မယိုင်, ခိုင်ခိုင်ခံ့ခံ့, ကောင်းစွာ တည်တံ့သည်ကိုရင်း။ အကာသိ၊ ပြုပေပြီ။ အဟော၊ လက်ပန်းပေါက်ခတ်, သောမနသ်ဖြင့်, စိတ်ဓာတ် ရွှင်မြူး, အံ့ချီး ကျူးလျက်, သြော်........အထူးပင် ဝမ်းမြောက်ဖွယ်ကောင်းပါပေစွ့တကား။ ။(ပ–ဣန္ဒဝံသာ၊ ဒု–တ–ဝံသတ္ထဝိလာ၊ စ–ပဋ္ဌစာမရ။ ဥပဇာတိဂါထာ)။

(၇) သွာယဋ္ဌ နာသေတွ.စိရဿုတာ.နယံ၊
ဒုဗ္ဗောဓ ပေါရာဏ နယဋ္ဌ ဒီပယေ။
သာဓူနံ စိတ္တေ, စာ.ပ္ပမာဒံ ဌပေန္တော၊
ပါပေတု သန္တိံ တုဝဋ္ဋံ ဟိတေသကေတိ။

စ၊ အာသီဝါစာ, မင်္ဂလာကို, သာယာကြည်နူး, ဆိုလိုက်ဦးအံ့။ သွာယံ သော အယံ ဝိပဿနာနယဂန္ထော၊ ဝိပဿနာရှုနည်း, သိပ်သည်းကျစ်လစ်, ထိုကျမ်းသစ်သည်။ အစိရဿုတံ၊ မကြာမီက, ထွန်းပထင်ရှားခဲ့သော။ အနယံ၊ ဝိပဿနာ, စပ်ဆိုင်ရာဝယ်, ကြံကာမတ္တ, မတိမျှဖြင့်, ညွှန်ပြသောအား, လမ်းဖွဲ့သွားသည့်, နည်းမှားဟူသမျှကို။ နာသေတု၊ ရောင်ခြည်တထောင်, ထိန်ဝင်းပြောင်သည့်, နေရောင်အလင်း, မှောင်ကိုခွင်းသို့, ပယ်ရှင်း ဖျက်ဆီး ပါစေသတည်း။ ဒုဗ္ဗောဓ–ပေါရာဏ–နယဋ္ဌ၊ သိနိုင်ခဲလှ, အလိုတော်ကျသည့်, ရှေးကနည်းဟောင်း, မတိမ်းစောင်းသော, နည်းကောင်း လမ်းမှန်ကိုလည်း။ ဒီပယေ–ဒီပယတု၊ လက်ဝယ်တင်ထား, ပတ္တမြားသို့ ထင်ရှားဖော်ပြပါစေသတည်း။ သာဓူနံ၊ မိမိ–သူတပါး, နှစ်ဦးသား၏, စီးပွါးအမြတ်, ပြီးစေတတ်သည့်, စိတ်ဓာတ်ရင့်ညောင်း, သူတော် ကောင်းတို့၏။ စိတ္တေ စ၊ သိင်္ဂီ ရွှေစင်, ဂုဏ် တူဆင်သည့်, ကြည်လင်ထူးမြတ်, နှလုံးဓာတ်၌လည်း။ အပ္ပမာဒံ၊ ခြသေ့် အဆီ, တူညီစွာသား, အပ္ပမာဒ တရားကို။ ဌပေန္တော၊ မယိုမစိမ့်, ချိုဆိမ့်တန့်နား, အားကိုးထား၍, ဝင်စားခိုင်မြဲ, အသဲစွဲအောင်, ယှဉ်တွဲတင်ထားလျက်။ ဟိတေသကေ၊ မင် ဖိုလ် နိဗ္ဗာန်, စီးပွါးမှန်ကို, ရရန်လိုလား, ပုဂ္ဂိုလ်အများ တို့ကို။ တုဝဋ္ဋံ၊ တဘဝလုံး, မဆုံးရှုံးအောင်, ကျင့်သုံးဘို့ရာ, နည်းနာညွှန်ပြော, ရက်မကောစေဘဲ, အဆောလျင်မြန်စွာ။ ဝါ၊ ပက္ခ တလ, စသည်အတွင်း, လက်ငင်းလျင်မြန်စွာ။ သန္တိံ ၊ မီးဆဲ့တတန်, ငြိမ်းရာမှန်သည့်, နိဗ္ဗာန်အောင်ခန်း, အေးမြို့နန်းသို့။ ပါပေတု၊ စခန်းမထောင့်, လမ်းမနှောင့်ဘဲ, ဖြောင့်ဖြောင့်သာယာ, ပို့ဆောင်ပါစေသတည်း။ ဣတိ၊ နိဒါန်းဆိုင်ရာ, ဤမှာ အပြီးတည်း။ ။(တ–ဝေဿဒေဝီ၊ ကြွင်း ဣန္ဒဝံသာ။ ဥပဇာတိဂါထာ။)

| | | |
|---|---|---|
| သာသနာနှစ် | ၂၄၈၉ | |
| မြန်မာနှစ် | ၁၃၀၇ | |
| သီတင်းကျွတ်လ | | |

ဦးသုန္ဒရ (ဂဏဝါစက)
ပိဋကကျောင်း,
အင်ကြင်းတောတိုက်,
ဆိပ်ခွန်, ရွှေဘို။

## ဤကျမ်း၌ ဖေါ်ပြထားသော သင်္ကေတ လက္ခဏာများ၏ ရည်ညွှန်းချက်များ

=........ဤ ညီမျှခြင်းလက္ခဏာဖြင့် သူ၏ ရှေးပုဒ်နှင့်,နောက်ပုဒ်၊ သူ၏ရှေးစကားနှင့်, နောက်စကားများကို အဓိပ္ပါယ်တူသည်ဟု သိစေ၏။

| | |
|---|---|
| ပုံကား | ပဋိပတ္တိက္ကမ=ကျင့်စဉ် |
| | သိမှားမှု=အဝိဇ္ဇာ |
| | သိမှု=ဉာဏ် |
| | အတ္တကောင်=ငါကောင် |

, ........... ဤ ကော်မာ လက္ခဏာဖြင့် သူ၏ ရှေးကပုဒ်, ရှေးကအပိုဒ်ကို၊ ဝါကျကြီး၏ အစိတ် စကားတရပ်ဟူ၍ ၎င်း၊ ထိုပုဒ်, ထိုအပိုဒ်များကို သူ၏ နောက်အနီးကပ်ပုဒ်နှင့် မစပ်ရ၊ ခုန်ကျော်၍, ဆိုင်ရာ ပဓာနပုဒ်များနှင့်သာ စပ်ရသည်ဟူ၍၎င်း သိစေ၏၊ ဤ ကော်မာ ပြရာ၌ စဉ်းငယ်ရပ်တန့်ပြီးမှ နောက်ပုဒ်များကို ဆက်၍ ဖတ်ပါလေ။

ပုံကား ..........ကြံလျှင်, ကြံတယ်ဟုမှတ်။ ဤ၌ကြံလျှင် ဟူသောပုဒ်ကို ကြံတယ် ဟူသော အနီးကပ်ပုဒ်နှင့် မစပ်ရ၊ မှတ်ဟူသော ပဓာနပုဒ်နှင့်သာ စပ်ရသည်ဟု သိစေ၏။ သို့ဖြစ်၍.... လျှင်၊ သော်၊ သော်လဲ၊ ၎င်း၊ သော်၎င်း၊ ဖြစ်စေ၊ မူ၍–ဟူသော ဤဝိဘတ်တို့၏ နောက်၌ ကော်မာကို တွေ့လျှင်, ဤ နည်းချည်းပင် မှတ်ပါလေ။

ထိုအခါ ထိုမှတပါး၊ ထို့ပြင်၊ ထို့ကြောင့်၊ သို့ဖြစ်၍၊ သို့သော်–ဤသို့စသော ပုဒ်တို့၏ နောက်၌၎င်း၊ ကြောင့်၊ ၍၊ ၌၊ ဖြင့်၊ နှင့်၊ ဘဲ၊ လျက်–ဤသို့စသော ဝိဘတ်တို့၏ နောက်၌၎င်း၊ ကော်မာကို တွေ့ရလျှင်လဲ, "၎င်း ပုဒ်, ဝိဘတ်များသည် သူတို့၏ နောက် အနီးကပ် ပုဒ်များနှင့်မဆိုင်၊ သူတို့၏ စပ်ဆိုင်ရာ ပုဒ်ဝေးသည်၊ ဆိုင်ရာ ပဓာနပုဒ်များနှင့် ခုန်ကျော်၍ စပ်ရသည်"ဟူ၍ သိပါလေ၊ စဉ်းငယ် ဖြတ်ရပ်၍လဲ ဖတ်ပါလေ။

ထို့ပြင်, ....အင်တူ အားတူ ဖြစ်သော ဒွန် ပုဒ် များကိုလဲ ဤကော်မာဖြင့် ပိုင်းခြား၍ ပြထား၏။

ပုံကား ...........ပါဠိ, ဝိနိစ္ဆယတို့ကို ကြည့်ရှု၍ – ဤ၌၊ ပါဠိနှင့် ဝိနိစ္ဆယ ဤနှစ်မျိုးသည် အင်တူအားတူ ဖြစ်၏။ပါဠိကိုလဲကြည့်ရှု၍၊ ဝိနိစ္ဆယကိုလဲ ကြည့်ရှု၍၊ ၎င်း ၂ မျိုးလုံးကို ကြည့်ရှု၍–ဟု သိစေရန်၊ ကော်မာ ဖြင့် ပိုင်းခြား၍ ပြထားသည်။

ပုံစံ.......ကြံသိရ, ရှုမှတ်ရသော သဘော–ဤ၌၊ ကြံသိရသောသဘော၊ ရှုမှတ်ရသော သဘော၊ ဤသို့ အင်တူအားတူ ၂ ပုဒ် ဖြစ်သည်ကို သိစေ၏။

ပုံစံ........သစ်စေ့နှင့် သစ်ပင်, ကြက်ဥနှင့်ကြက်မ ဥပမာ–ဤ၌၊ သစ်စေ့နှင့်သစ်ပင် ဥပမာ၊ ကြက်ဥနှင့်ကြက်မ ဥပမာ၊ ဤသို့ ၂ပုဒ် ၂နက်ဟု သိစေ၏။

ပုံစံ........ပျက်ပြီး, ပျက်လတ့ံ ခန္ဓာ – ဤ၌၊ ပျက်ပြီးသောခန္ဓာ၊ ပျက်လတ့ံသော ခန္ဓာဟု ၂မျိုးကွဲပြား စေ၏။

ပုံစံ........ဖေါင်းကြွလာတာ, ပိန်ကျသွားတာကို တွေ့ရလိမ့်မည်–ဤ၌၊ ဖေါင်းကြွလာတာက တခု၊ ပိန်ကျသွားတာက တခု၊ ဤ ၂ခုလုံးကို တွေ့ရလိမ့်မည်ဟု သိစေ၏။

ပုံစံ........ကံ, ကံ၏အကျိုး, ရတနာသုံးပါး၏ဂုဏ်, တို့၌ ယုံကြည်မှု–ဤ၌၊ ကော်မာသုံးခုဖြင့် ကံ၌၎င်း၊ ကံ၏အကျိုး၌၎င်း၊ ရတနာသုံးပါး၏ဂုဏ်၌၎င်း–ဤသုံးဌာနတို့၌ ယုံကြည်မှုဟု သိစေ၏၊ ဌာန ၃ပါးကို ရှင်းလင်းစွာ သိလွယ်စေရန် နောက်ဆုံးပုဒ်၌လဲ ကော်မာဖြင့်ပိုင်းခြားထား၏၊ သို့သော်လဲ, ထိုနောက်ဆုံး ကော်မာအရာ၌ကား ရပ်တန့်ရန်မလိုပြီ၊ တဆက်တည်းသာ ဖတ်သွားပါလေ။

ထို့ပြင်, ........ လင်္ကာသွား စာပိုဒ်များကိုလဲ တပိုဒ်စီ ကွဲပြားစေရန် ဤကော်မာဖြင့် ပိုင်းခြားထား၏။

ပုံစံကား....ကျမ်းသစ်ထွန်းလင်း, ဖြစ်ပေါ်ခြင်း၏, ကြောင်းရင်းမူလ, ပဘဝကို, ဖေါ်ပြစဉ်လာ, ဤနိဒါန်းအရာ၌၊

"........"ဤ အဖွင့်အပိတ် ကော်မာများဖြင့်၊ သူတို့၏ အလယ်ကြား၌ရှိသော စကားများသည်, ၎င်းအဖွင့်အပိတ် ကော်မာတို့၏ ရှေးကစကားများနှင့်မဆိုင်ဟု သိစေ၏၊ ထို့ကြောင့်, ၎င်းအဖွင့်အပိတ် ကော်မာတို့၏ ရှေး၌ရှိသော စကားများကို၊၎င်းတို့၏ အတွင်းက စကားများနှင့် ဆက်စပ်၍ အနက် အဓိပ္ပါယ်မယူရ။ ဤ အဖွင့်အပိတ် ကော်မာများဖြင့် နှလုံးသွင်းပုံ၊ ရှုမှတ်ပုံ၊ သိမြင်ပုံ၊ ပြောဆိုပုံ၊ စွဲလမ်းပုံ အခြင်းအရာတို့ကို အစအဆုံး ပိုင်းခြား၍ပြသည်။ စကားတိုရာ၌၊ အဖွင့်အပိတ် ကော်မာများကို တခုစီဖြင့် '........'ဤသို့ ပြထားသည်။ ထို့ပြင်, အခြံအရံများစွာနှင့် တည်သော ဝိသေသနပုဒ်, ဟိတ်ပုဒ်, ကံပုဒ်, ကတ္တားပုဒ် စသည်တို့ကိုလဲ၎င်း အဖွင့်အပိတ်ဖြင့် ပိုင်းခြား၍ ပြထားသော အရာ အနည်းငယ် ရှိသေး၏။

(      )....ဤ ကွင်း လက္ခဏာဖြင့် ပိုင်းခြား ထားသော စကားများမှာ၊ ရှေးပုဒ်များ၏ အနက်အဓိပ္ပါယ် အဖွင့်များနှင့် မှာထားချက်များ ဖြစ်ပေသည်။ သို့ဖြစ်၍၊ ၎င်းကွင်းကို ခုန်ကျော်ပြီးလျှင်၊ ကွင်း၏ ရှေးက စကားနှင့်, နောက်က စကားများကို ဆက်စပ်၍ ဖတ်ပါလေ၊ ဆက်စပ်၍ အနက်အဓိပ္ပါယ်ယူပါလေ။

+........ဤအပေါင်းလက္ခဏာဖြင့်၊ ပုဒ်ဖြတ် ပုဒ်စပ်ကို၎င်း၊ ရှေးက "တပေါင်းထည်း တခုတည်း တကောင်ထည်း"ဟု ထင်မှတ်ခဲ့သော ရုပ်နာမ်များသည် ယောဂီ၏ဉာဏ်၌ ယခု အသီးအသီးကွဲပြား၍ ထင်ပေါ်သည်ကို၎င်း၊ ပေါင်းစပ်၍ ရေတွက်ရမည့် တရားကိုယ်များကို၎င်း ဖော်ပြသည်။

!........ဤအံ့သြခြင်းလက္ခဏာဖြင့် အံ့သြချီးမွမ်းဘွယ်ကို၎င်း၊ အံ့အားသင့်ခြင်းကို၎င်း၊ ပြောဆိုသောပုဂ္ဂိုလ်က အမည်ထုတ်ဖော်၍ အာနန္ဒာ!ဤသို့ စသည်ဖြင့် ခေါ်ဝေါ်ပုံကို၎င်း၊ ထင်ရှားသိစေ၏။

?........ဤ အမေးလက္ခဏာဖြင့် မေးခွန်း ဖြစ်ကြောင်းကို ထင်ရှားစေသည်။

ဤရည်ညွှန်းချက်များကို သဘောကျထားပါလျှင်, စာကြည့်ရာ၌, အထူးပင် သိလွယ်လိမ့်မည်ဟု မြော်လင့်ပါသတည်း။

ဂန္ထကာရက ဆရာတော်,
အရှင် သောဘနမထေရ်,
မဟာစည်ကျောင်း,
ဆိပ်ခွန်, ရွှေဘို။

# ဝိပဿနာရှုနည်းကျမ်း

# ဒုတိယတွဲ။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## အခဏ်း (၅)

### အားထုတ်ပုံ

ဤအခဏ်း၌ ရှုမှတ်ပုံနှင့် ဉာဏ်ဖြင့် တွေ့မြင်ပုံ တို့ကို ပဋိပတ္တိက္ကမ–ကျင့်စဉ်အတိုင်း ရှင်းလင်းစွာပြအံ့။ သုတနည်းသူများအားလဲ အလွယ်တကူ နားလည်စေရန် အရပ်သုံးစကားနှင့် အသံမှန်အတိုင်း ရေးသားချက်တို့လဲ များစွာပါဝင်လတံ့။ သာဓက ပါဠိနှင့် အသင့်ယုတ္တိကိုလဲ အနည်းငယ်သာ ပြအံ့။ ယုံမှားဘွယ်ကို တွေ့ခဲ့လျှင်, တပါး သောအခဏ်းတို့၌ ပြထားသော ဆိုင်ရာဆိုင်ရာ ပါဠိ, ဝိနိစ္ဆယတို့ကို ကြည့်ရှု၍ ယုံမှားကို ပယ်နိုင်ပါစေ။

ဝိပဿနာ၏ ပရိကံ....ယခုဘဝမှာပင် မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ဆိုက်ရောက်အောင် တကယ်တမ်း အားထုတ်လိုသောသူသည် အားထုတ်မည့် ကာလအတွင်း၌ ပလိဗောဓ–ကြောင့်ကြမှု ဟူသမျှကို ပြတ်စဲစေအပ်၏။ အခဏ်း (၁)၏အဆုံး၌ ပြခဲ့သည့်အတိုင်း သီလကို စင်ကြယ်စေအပ်၏။ ဤသီလသည် မဂ်ဉာဏ်အားကျေးဇူးပြု ပါစေဟု စိတ်ကို ညွှတ်စေအပ်၏။ တရားအားထုတ်ဘူးသော ပုဂ္ဂိုလ်ကို ကဲ့ရဲ့ပြစ်မှားဘူးတဲ့အတွက် အရိယူပဝါဒကံ၌ ယုံမှားရှိလျှင်, ပြစ်မှားဘူးသော ထိုပုဂ္ဂိုလ်အား သည်းခံပါဟု ကန်တော့တောင်းပန်အပ်၏။ ထိုပုဂ္ဂိုလ်အထံသို့ မသွားနိုင်လျှင်, ဆရာသမားထံ၌ ကန်တော့ တောင်းပန်အပ်၏။ မိမိကိုယ်ကို ဘုရားအား စွန့်လှူအပ်နှင်းထားလျှင် "အားထုတ်ဆဲ၌ ကြောက်ဖွယ်အာရုံ ထင်ပေါ်လာသော်လဲ, အကြောက်ကင်းခြင်း အကျိုးရှိသည်"ဟူ၍၎င်း၊ ဆရာအား အပ်နှင်းထားလျှင် "ဆရာက အားမနာဘဲ ဆုံးမသွန်သင် ပြုပြင်ပေးနိုင်ခြင်း အကျိုးရှိသည်"ဟူ၍၎င်း၊ အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့်, အားထုတ်မည့် ကာလအတွင်း၌ မိမိကိုယ်ကို ဘုရားအား စွန့်လှူ အပ်နှင်းထားခြင်း, အားမနာဘဲ ဆုံးမသွန်သင်ပါဟု ဆရာအား အပ်နှင်းထားခြင်းသည် ကောင်း၏။ ထိုသို့ မအပ်နှင်းသော်လဲ, ဆရာ့စကားကို ရိုသေစွာလိုက်နာ၍ မနစ်မဆုတ် အားထုတ်သွားလျှင်ကား ရသင့်ရထိုက်သော ဉာဏ်ထူးတရားထူးများကို ရနိုင်သည်သာတည်း။ "ရုပ်, နာမ်, ခန္ဓာဟူသော ဆင်းရဲခပ်သိမ်း၏ငြိမ်းရာ နိဗ္ဗာန်သည် ကောင်းမြတ်၏။ ထိုနိဗ္ဗာန်ကို မျက်မှောက်သိမြင်လျက်, ကိလေသာတို့ကို ကင်းစေနိုင်သော မဂ်တရားသည်လည်း ကောင်းမြတ်၏။ ထိုမဂ်တရား, နိဗ္ဗာန် တရားထူးများကို ဤဝိပဿနာအကျင့်ဖြင့် ဧကန်မုချ တွေ့မြင်ရပေတော့မည်"ဟု စိတ်ကိုညွှတ်စေအပ်၏။ ဘုရား, ရဟန္တာ, အရိယာသူမြတ်တို့၏ သွားမြဲလမ်းဖြစ်သော ဝိပဿနာအလုပ်ကို အားထုတ်ရပေတော့မည်ဟု ဆင်ခြင်လျက်, စိတ်ကိုတက်ကြွစေအပ်၏။ ထို့နောင် မြတ်စွာဘုရား၏ဂုဏ်တော်များကို တတ်သိသမျှ နှလုံးသွင်း၍ ရှိခိုးကန်တော့အပ်၏။ ကျောင်းစောင့်နတ်များမှစ၍ ခပ်သိမ်းသော သတ္တဝါတို့ကို "ချမ်းသာကြပါစေ....ချမ်းသာကြပါစေ"ဟု မေတ္တာပို့အပ်၏။ အသုဘနှင့် သေခြင်းတရားတို့ကိုလဲ စွမ်းနိုင်ပါက တခဏမျှ နှလုံးသွင်းဆင်ခြင်အပ်၏။ ထို့နောင် ထက်ဝယ်ဖွဲ့၍ ဖြစ်စေ, တပါးသော ထိုင်နည်းဖြင့်ဖြစ်စေ, ထိုင်နေပြီးလျှင် အောက်ပါအတိုင်း ရှုမှတ်အားထုတ်ပါလေ။ ခြေ အချင်းချင်း မဖိမညှပ်စေဘဲ ချောင်ချိစွာထိုင်လျှင် သာ၍ကောင်း၏။

## အခြေခံ ရှုမှတ်ပုံ

စ၍ အားထုတ်ပုံ....မိမိ၏ဝမ်းဗိုက်ကို စိတ်ဖြင့်စူးစိုက်၍ ကြည့်နေပါ။ ဖေါင်းကြွလာတာ, ပိန်ကျသွားတာကို တွေ့ရလိမ့်မည်။ ဖေါင်းတာ ပိန်တာကို ထင်ရှားမတွေ့ရပါက ဗိုက်မှာ လက်ထား၍ ကြည့်ပါ။ တအောင့် လောက်ကြာ၍ ဖေါင်းတိုင်း ပိန်တိုင်း ထင်ရှားပေါ်လာလျှင် ဝင်သက်ရှူခိုက်၌ ဝမ်းဗိုက် ဖေါင်းကြွ ရွေ့ရှား လာသည်ကို 'ဖေါင်းတယ်'ဟု မှတ်။ ထွက်သက်ရှိုက်ခိုက်၌ ဝမ်းဗိုက်ပိန်ကျ ရွေ့ရှားသွားသည်ကို 'ပိန်တယ်'ဟု မှတ်။ ဖေါင်းခိုက်၌ ဝမ်းဗိုက်ဖေါင်းတက်လာတာကို ထင်ရှားသိရမည်။ ပိန်ခိုက်၌ ဝမ်းဗိုက် ပိန်ကျသွားတာကို ထင်ရှားသိရမည်။ သို့ဖြစ်လျှင်, ဝမ်းဗိုက်သဏ္ဍာန် ပညတ်ကိုလဲ သိရာမရောက်လောဟု တွေးတော၍ မယုံမှားလေလင့်။ အားထုတ် ခါစ၌ ပညတ် ကို လုံးလုံးဖျောက်၍ ရှုရန်မဖြစ်နိုင်။ ပညတ်ရော ထင်ရှားသိ၍ ရှုမှတ်မှသာလျှင် သမာဓိ, သတိဉာဏ် ရင့်သန်လွယ်ပေသည်။ ဉာဏ်ရင့်သောအခါ၌ကား ပညတ်အာရုံအလုံးစုံကွယ်ပျောက်၍ ပရမတ်သဘောမျှ၌သာ အသိ ဉာဏ် ရောက် လျက် ရောက်လျက် ရှိလိမ့်မည်။ ထို့ပြင်, ဒွါရ ၆-ပါး၌ ထင်ရှားစွာဖြစ်ပေါ်သော ရုပ်နာမ်တို့ကို အစဉ်အတိုင်း မှတ်သိခြင်းသည်သာလျှင် ဝိပဿနာ၏ ပြည့်စုံသော အလုပ်သဘောမှန် ဖြစ်ပေသည်။ သို့သော်လဲ, အားထုတ်ခါစ၌ သတိ, သမာဓိအားမရှိသေးသောကြောင့်, ဖြစ်စဉ်အတိုင်း လိုက်၍ ရှုမှတ်ရန် ခဲယဉ်း၏။ မမှတ်တတ်ဘဲသော်လဲ ရှိတတ်၏။ မှတ်စရာကို ရှာကြံလျက် အချိန်များစွာလဲ ကုန်တတ်၏။ထို့ကြောင့်, အစဉ်ထာဝရလဲ ရှိ၍, မှတ် သိရန်လဲအလွန်လွယ်ကူ ထင်ရှားသော ဖေါင်းမှု, ပိန်မှုတို့ကို အစအရင်းခံပြု၍ ရှုမှတ်ရန် ဤ၌ ညွှန်ပြအပ်ပေသည်။ ဉာဏ်ရင့်သော အခါ၌ ဖြစ်စဉ်အတိုင်းလိုက်၍ မှတ်ပုံကို နောက်၌တွေ့ရလတံ့။ သို့ဖြစ်၍, ဖေါင်းတိုင်း ပိန်တိုင်း ဖြစ်ပေါ်ဆဲ အခိုက်အတန့်ကျအောင် "ဖေါင်းတယ် ပိန်တယ်။ ဖေါင်းတယ်ပိန်တယ်"ဟု မပြတ်မစဲ မှတ်လေ။ စိတ်ဖြင့်သာ မှတ်ရမည်။ နှုတ်က ရွတ်ဆိုရန်ကား မလိုပါ။ ဖေါင်းမှု ပိန်မှု ထင်ရှားစေရန် အားထုတ်၍ ပြင်းပြင်းရှူရှိုက်ခြင်းကိုလဲ မပြုရ။ အသက် ရှူရှိုက်မှုကို နှေးအောင်, မြန်အောင်လဲ မပြင်ရ။ ပြင်လျှင်, မကြာမီမောပန်း၍ မမှတ်နိုင်ဘဲ ရှိတတ်သည်။ သို့ဖြစ်၍, ပကတိရှူနေကျသာ မှန်မှန်ရှူလျက် အခိုက်အတန့်ကျအောင် မှတ်ပါလေ။ ဖေါင်းတယ်ပိန်တယ်ဟု မပြတ်မှတ်နေစဉ်အကြားအကြား၌ စိတ်ကူးကြံစည်မှုများ ဖြစ်ပေါ်လာလိမ့်မည်။ ထိုစိတ်ကူးများကို ခေါ်နေကျအတိုင်းသာ မှတ်လေ။

ပုံကား ........ စိတ်ကူးလျှင်, စိတ်ကူးတယ် ဟု မှတ်။ ကြံလျှင်, ကြံတယ်ဟု မှတ်။ တွေးလျှင်, တွေးတယ်ဟု မှတ်။ စဉ်းစားလျှင်, စဉ်းစားတယ်ဟုမှတ်။ ဆင်ခြင်လျှင်, ဆင်ခြင်တယ်ဟု မှတ်။ စိတ်သွားလျှင်, သွားတယ်ဟု မှတ်။ တနေရာရာသို့ စိတ်ရောက်လျှင်, ရောက်တယ်ဟုမှတ်။ စိတ်ကူးထဲ၌ တစုံတယောက်နှင့်တွေ့လျှင်, တွေ့တယ်ဟု မှတ်။ စိတ်ထဲ၌ ပေါ်လာ၍ တစုံတရာကို မြင်လျှင်, 'မြင်တယ် မြင်တယ်'ဟု မှတ်။ ထိုအမြင် ပျောက်သွားအောင် အထပ်ထပ်မှတ်လေ။ စိတ်ကူးထဲ၌ တစုံတယောက်နှင့် စကားပြောနေလျှင်, ပြောတယ်ဟု မှတ်။ ဤသို့မှတ်ပြီးလျှင်, ဖေါင်းတယ် ပိန်တယ်ဟု မှတ်နေကျကိုသာ ပြန်၍ မပြတ်မှတ်လေ။ ဤသို့မှတ်နေစဉ် တံတွေးမျိုချင်လျှင်, မျိုချင်တယ်ဟု မှတ်။ မျိုလျှင်, မျိုတယ်ဟု မှတ်။ ထွေးချင်လျှင်, ထွေးချင်တယ်ဟု မှတ်။ ထွေးလျှင်, ထွေး တယ်ဟု မှတ်။ ပြီးလျှင်, 'ဖေါင်းတယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ ပြန်၍ မပြတ်မှတ်လေ။ ခေါင်းငုံ့လိုလျှင်, ငုံ့ချင်တယ်ဟု မှတ်။ ငုံ့ဆဲ၌ ရွေ့တိုင်းရွေ့တိုင်း 'ငုံ့တယ်ငုံ့တယ်'ဟု မှတ်၊ မမြန်စေနဲ့ ဖြေးဖြေးငုံ့လေ။ ခေါင်း မော့လိုလျှင်, မော့ချင်တယ်ဟု မှတ်, မော့ဆဲ၌ ရွေ့တိုင်း ရွေ့တိုင်း 'မော့တယ် မောတယ်'ဟု မှတ်၊ ဖြေးဖြေးမော့လေ။ ပြီးလျှင် 'ဖေါင်းတယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ ပြန်၍ မှတ်လေ။

တနေရာရာမှ ညောင်းမှု လွန်ကဲ ထင်ရှားလာလျှင် ထိုညောင်းမှုကိုသာ စူးစိုက်၍ 'ညောင်းတယ် ညောင်းတယ်'ဟု မနှေးမမြန်မှန်မှန် ပိုင်း၍ မပြတ်မှတ်လေ၊ ထို ညောင်းမှုသည် မှတ်နေစဉ်မှာပင် တဖြေးဖြေး သေးသိမ်ကာ ကွယ်ပျောက်၍လဲ သွားတတ်၏၊ မခံသာအောင် လွန်ကဲ၍လဲ လာတတ်၏။ မခံသာ၍ ပြုပြင်လိုလျှင်, ထို စိတ်ကို 'ပြင်ချင်တယ်'ဟု မှတ်၍, ပြင်သော ကိုယ်အမူအရာများကိုလဲ ခေါ်နေကျအတိုင်းပင် ဆက်၍မှတ်လေ။ ပုံကား ........ ခြေလက်တို့ကို ကွေးလိုလျှင်, ကွေးချင်တယ်ဟု မှတ်၊ ကွေးလျှင်, ရွေ့တိုင်း ရွေ့တိုင်း 'ကွေးတယ် ကွေးတယ်'ဟု မှတ်၊ ဆန့်လျှင်, 'ဆန့်တယ် ဆန့်တယ်'ဟု မှတ်၊ ကွေးလျှင်, 'ကွေးတယ် ကွေးတယ်'ဟု မှတ်၊ ချလျှင်, 'ချတယ် ချတယ်'ဟု မှတ်၊ မမြန်စေနဲ့၊ ဖြေးဖြေး ပြင်လေ။ တနေရာရာ၌ ထိလျှင်, ထိတယ်ဟု မှတ်။ ဤသို့ ပြုပြင်ပြီးသောအခါမှာ ဖြစ်စေ, မှတ်နေယင်း အလိုလိုအညောင်း ပျောက်သွားသောအခါမှာ ဖြစ်စေ, 'ဖေါင်းတယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ ပြန်၍ မပြတ်မှတ်လေ။ တနေရာရာမှ ပူမှုထင်ရှားလာလျှင်လဲ ထိုပူမှုကို သာစူးစိုက်၍ 'ပူတယ် ပူတယ်'ဟု မနှေးမမြန် မှန်မှန်ပိုင်း၍ပိုင်း၍ မပြတ် မှတ်လေ။ မှတ်နေယင်း ပူမှု ကွယ်ပျောက်သွားလျှင်, 'ဖေါင်းတယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ ပြန်၍ မှတ်။ ပူမှုလွန်ကဲလာ၍ ပြုပြင်လိုလျှင်, ပြင်ချင်တယ်ဟု မှတ်၍, ပြင်သော ကိုယ် အမူအရာများကိုလဲ 'ကွေးချင်တယ် ကွေးတယ် ကွေးတယ်'စသည်ဖြင့် ရှေးနည်းအတိုင်းပင် မလစ်လပ်ရအောင် မှတ်လျက် ဖြေးဖြေးပြင်လေ၊ ပြီးဆုံးသွားလျှင်, 'ဖေါင်းတယ် ပိန်တယ်'ဟု မှတ်နေကျကို သာပြန်၍ မပြတ် မှတ်လေ၊ အရပ် အဆိုင်း မရှိရ။

တနေရာရာ၌ ယားမှုဖြစ်ပေါ်လာလျှင်, ထို ယားမှုကိုသာ စူးစိုက်၍ 'ယားတယ် ယားတယ်'ဟု မနှေး မမြန် မှန်မှန် ပိုင်း၍ပိုင်း၍ မပြတ်မှတ်လေ၊ မှတ်နေယင်း အယားပျောက်သွားလျှင်, ဖေါင်းမှု ပိန်မှုကိုသာ ပြန်၍ မှတ်လေ။ မခံသာ၍ အယားဖျောက်လိုလျှင် ဖျောက်ချင်တယ်ဟု ဖြစ်စေ, ကုပ်ချင်တယ်ဟု ဖြစ်စေ မှတ်၊ လက်ကို ကြွလိုလျှင်, ကြွချင်တယ်ဟု မှတ်၊ ကြွလျှင်, 'ကြွတယ် ကြွတယ်'ဟု မှတ်၊ ဖြေးဖြေးကြွလေ။ ယားတဲ့ နေရာနှင့် ထိလျှင်, ထိတယ်ဟု မှတ်၊ အယားဖျောက်သောအခါ၊ ဆွဲတိုင်း တွန်းတိုင်း 'ဖျောက်တယ် ဖျောက်တယ်'ဟု ဖြစ်စေ, 'ကုပ်တယ် ကုပ်တယ်'ဟု ဖြစ်စေမှတ်၊ တော်ချင်လျှင်, တော်ချင်တယ်ဟု မှတ်၊ လက်ကိုပြန်ချလိုလျှင်, ချချင်တယ်ဟု မှတ်၊ ချသောအခါ 'ချတယ်ချတယ်'ဟု မှတ်၊ အောက်၌ ထိလျှင်, ထိတယ်ဟု မှတ်။ ပြီးလျှင် 'ဖေါင်းတယ် ပိန်တယ်' ဟု မှတ်နေကျ ကိုသာပြန်၍ မပြတ် မှတ်လေ။

ကိုယ်ထဲမှာ နာကျဉ်မှု စသော မခံသာတဲ့ ဝေဒနာ တမျိုးမျိုးထာရှား ပေါ်လာလျှင် ထိုမခံသာမှု ကိုသာ စူးစိုက်၍, နာတယ် နာတယ်၊ ကျဉ်းတယ် ကျဉ်တယ်၊ ကိုက်တယ် ကိုက်တယ်၊ အောင့်တယ် အောင့်တယ်၊ မောတယ် မောတယ်၊ မူးတယ် မူးတယ်စသည်ဖြင့် ခေါ်နေကျအတိုင်း မနှေးမမြန် မှန်မှန် ပိုင်း၍ပိုင်း၍ မှတ်လေ၊ ထိုဝေဒနာသည် မှတ်နေယင်း ပျောက်၍လဲ သွားတတ်၏၊ တိုး၍လဲလာတတ်၏။ မလျှော့ဘဲ အတင်းမှတ်နေလျှင်, ပျောက်တတ်သည်သာ များပါ၏။ သို့သော်, မမှတ်နိုင်လောက်အောင် မခံသာမှု လွန်ကဲလာလျှင်ကား ထိုဝေဒနာကို နှလုံး မသွင်းနှင့်တော့၊ မှတ်နေကျ ဖေါင်းမှု ပိန်မှုကိုသာ အထူးဂရုစိုက်၍ မပြတ် မှတ်ပါလေ၊ အချို့သော သူမှာ သမာဓိ အရှိန် တက်လျက် အမှတ် ကောင်းနေခိုက်၌ အလွန် မခံသာသော ဝေဒနာ ပေါ်လာတတ်၏၊ ရင်ဝ၌ လေလုံးကြီး ဆောင့်တက်သလိုလဲ ထင်ရတတ်၏၊ အသားထဲ၌ ထားချွန်နှင့် ထိုးလိုက်သလို လဲနာတတ်၏။ တကိုယ်လုံး ပူလောင် နေသလိုလဲ ထင်ရတတ်၏၊ အပ်ဖျားနှင့် ထိုးဆွ နေသလို မြှီးမြှီးမြက်မြက် လဲဖြစ်တတ်၏၊ ပိုးကောင်ကလေးများ အနှံ့အပြားတက်နေသလို ရှိးရှိးရွရွလဲ ဖြစ်နေတတ်၏။ အလွန် ယားခြင်း, ကိုက်ခြင်း ချမ်းအေးခြင်း များလဲ ဖြစ်တတ်၏။ ကြောက်သောကြောင့် မမှတ်ဘဲ ရပ်နားလိုက်လျှင်, ချက်ခြင်းပင် ထိုဝေဒနာပျောက်သွားတတ်၏။ တဖန် မှတ်၍ အရှိန်ကောင်းလာပြန်လျှင်၊ ထိုဝေဒနာ ပေါ်မြဲပင် ပေါ်လာပြန်၏။ ဤသို့ဝေဒနာမျိုးကိုတွေ့လျှင် မကြောက်နဲ့၊ရောဂါလဲ မဟုတ်ပါ၊ ကြီးကျယ်တဲ့ ဝေဒနာလဲ မဟုတ်ပါ။ ကိုယ်ထဲ၌ ရှေးကပင်ဖြစ်လျက် ရှိနေသော သာမန် ဝေဒနာမျှသာတည်း၊ မမှတ်ဘဲ နေစဉ်မှာ သူ့ထက် ထင်ရှားသော အာရုံတွေရှိနေတဲ့ အတွက်, သူက မထင်ပေါ်နိုင်ဘဲ မြုပ်ကွယ် နေပေသည်၊ အမှတ်ကောင်းစဉ်မှာ သမာဓိ တည်ကြည်မှုကြောင့်, မြုပ်ကွယ်နေခဲ့သော ထိုဝေဒနာသည် တရား သဘောအတိုင်း ထင်ရှား ပေါ်လာပေသည်၊ ထိုဝေဒနာကိုသာ စူးစိုက်၍ လွန်မြောက်အောင် မှတ်ပါလေ၊ မှတ်တဲ့အတွက် တစုံတရာ ဘာမျှနစ်နာခြင်း မဖြစ်နိုင်ပါ။ မမှတ်ဘဲ ရပ်နား ရပ်နားနေလျှင်ကား နောင်အခါ၌လဲ မှတ်တိုင်း မှတ်တိုင်း ထိုမျှလောက် သမာဓိ ကောင်းလာလျှင်, ထိုဝေဒနာမျိုးနှင့် တွေ့၍ တွေ့၍သာ နေတတ်၏။ မလျှော့သော လုံ့လဖြင့် အတင်း မှတ်နေလျှင်ကား မကြာမီ အတွင်းမှာ ယူပစ်လိုက်သလိုပင် ထို ဝေဒနာ ပျောက်ကင်း သွားသည်ကို တွေ့ရပါလိမ့်မည်၊ ထိုအခါမှ စ၍ ထို ဝေဒနာမျိုး တဖန် မဖြစ်ပေါ်ဘဲ ငြိမ်းသွားတတ်၏။

ကိုယ်ကို ယိမ်းလိုလျှင်, ယိမ်းချင်တယ် ဟု မှတ်၊ ယိမ်းဆဲ၌ 'ယိမ်းတယ် ယိမ်းတယ်'ဟု မှတ်။ အချို့မှာ မှတ်နေကျအတိုင်း မှတ်နေစဉ်မှာ အလိုလို ယိမ်းနေတတ်၏။ မကြောက်နဲ့၊ ယိမ်းအောင်လဲစိတ်ကို အားမပေးနဲ့၊ မှတ်လျှင် ပျောက်သွားမှာဘဲဟု ယုံကြည်စိတ်ချပြီးလျှင်, ထို ယိမ်းမှုကို အထူး စူးစိုက်၍, 'ယိမ်းတယ် ယိမ်းတယ်'ဟု မနှေး မမြန် မှန်မှန်ပိုင်း၍ ပိုင်း၍ မှတ်၊ အလွန် ယိမ်းလာလျှင်ကား တိုင်နံရံ စသည်ကိုမှီ၍ ဖြစ်စေ, အိပ်၍ဖြစ်စေ မှတ် လေ၊ မကြာမီပင် ထိုယိမ်းမှုသည် အရှင်းပျောက်သွားပါလိမ့်မည်။ တုန်မှုဖြစ်လာလျှင်လဲ နည်းတူပင် မှတ်ပါလေ။ အမှတ်ကောင်းနေစဉ်မှာ ဖျဉ်းကနဲ ဖျဉ်းကနဲ ကြက်သီးထတတ်၏။ ကျောထဲကဖြစ်စေ တကိုယ်လုံးဖြစ်စေ, စိမ့်ကနဲစိမ့်ကနဲ အေးမှုလဲဖြစ်တတ်၏။ မကြောက်နဲ့၊ တရားသဘောအတိုင်း ပီတိ ဖြစ်ပေါ် လာခြင်းပင်တည်း။ တစုံတရာ အသံ ကလေးများကို ကြားရသောကြောင့်လဲ ဖျတ်ကနဲ လန့်တတ်၏။ မကြောက်နဲ့, သမာဓိ အရှိန် ကောင်းလာတဲ့ အတွက်, ဖဿ ဒဏ်ပြင်းပျပုံကို ထင်ရှား သိလာခြင်းပင်တည်း။ လက်, ခြေ, ကိုယ်အင်္ဂါတို့ကို ပြုပြင်လိုတိုင်း ပြင်လိုတဲ့စိတ်ကို မှတ်၊ ပြင်တဲ့ ကိုယ်အမူအရာ ဟူသမျှကိုလဲ ခေါ်နေကျအတိုင်း ပိုင်း၍ ပိုင်း၍ မှတ်လေ။ မမြန်စေနဲ့ ဖြေးဖြေး ပြင်ပါ။

ရေသောက်ချင်လျှင်, သောက်ချင်တယ်ဟု မှတ်၊ ထရန် ကြံလျှင်, ထချင်တယ်ဟု မှတ်၊ ထရန် ပြုပြင်သော ခြေ, လက်, ကိုယ် အမူအရာများကို ခေါ်နေကျအတိုင်း မှတ်၊ တရွေ့ချင်း ပေါ့ပေါ့ပြီး ကြွတက်လာသော ကိုယ်ကို စူးစိုက်၍, 'ထတယ် ထတယ်'ဟု မှတ်လျက် ဖြေးဖြေးထပါ၊ စန့်စန့် ရပ်မိသော အခါ၌ 'ရပ်တယ် ရပ်တယ်'ဟု မှတ်၊ လှမ်းကြည့်လျှင်, 'ကြည့်တယ် မြင်တယ်'ဟု မှတ်၊ သွားလိုလျှင်, သွားချင်တယ်ဟု မှတ်၊ သွားဆဲ၌ ခြေ လှမ်း တိုင်း ခြေ လှမ်းတိုင်း, 'လှမ်းတယ် လှမ်းတယ်'ဟု ဖြစ်စေ, 'ညာလှမ်းတယ် ဘယ်လှမ်းတယ်'ဟု ဖြစ်စေ မှတ်၊ ခြေ ကြွသည်မှစ၍, ချသည်တိုင်အောင် ခြေလှမ်းရာမှာ သိလျက်ရှိပါစေ၊ ဖြေးဖြေးသွားတဲ့အခါ, စင်္ကြံသွားတဲ့အခါများ၌ ခြေတလှမ်းတလှမ်းမှာ 'ကြွတယ် လှမ်းတယ်' ဟု ဖြစ်စေ, 'ကြွတယ် ချတယ်'ဟု ဖြစ်စေ, 'လှမ်းတယ် ချတယ်'ဟု ဖြစ်စေ, နှစ်ချက် နှစ်ချက်စီ မှတ်သွားပါ။ ထိုနှစ်ချက်မှတ်ကို နိုင်နင်းသောအခါ၌ တလှမ်း တလှမ်းမှာ 'ကြွတယ် လှမ်းတယ် ချတယ်'ဟု သုံးချက် သုံးချက်စီ မှတ်ပါလေ။ ရေအိုးစသည်ကို ကြည့်လျှင် 'ကြည့်တယ် မြင်တယ်'ဟု မှတ်၊ ရပ်လျှင်, ရပ်တယ်ဟု မှတ်၊ ရေခွက်ဆီသို့ လက်လှမ်းလျှင်, 'လှမ်းတယ် လှမ်းတယ်'ဟု မှတ်၊ ခွက်နှင့်ထိလျှင်, ထိတယ်ဟု မှတ်၊ ကိုင်လျှင်, ကိုယ်တယ်ဟု မှတ်၊ ရေခပ်လျှင် ခပ်တယ်ဟု မှတ်၊ ယူလာဆဲ၌ 'ယူတယ် ယူတယ်'ဟု မှတ်၊ နှုတ်ခမ်း၌ ထိလျှင်, ထိတယ်ဟု မှတ်၊ အေးလျှင်, အေးတယ်ဟု မှတ်၊ သောက်

ဆဲ၍ 'သောက်တယ် မျိုတယ်၊ သောက်တယ် မျိုတယ်'ဟု မှတ်၊ လယ်ချောင်းထဲ ဝမ်းထဲ၌ အေး အေး သွားသည်ကို 'အေးတယ် အေးတယ်'ဟု မှတ်၊ ရေခွက်ကို ပြန်ထားဆဲ၌ 'ထားတယ် ထားတယ်'ဟု မှတ်၊ ရေခွက်ကို ပြန်ထားဆဲ၌ 'ထားတယ် ထားတယ်'ဟု မှတ်၊ လက်ကို အောက်သို့ချလျှင်, 'ချတယ် ချတယ်'ဟု မှတ်၊ ကိုယ်၌ထိလျှင်, ထိတယ်ဟု မှတ်၊ ပြန်၍ လှဲ့လိုလျှင် လှဲ့ချင်တယ်ဟု မှတ်၊ လှဲ့လျှင်, လှဲ့တယ်ဟု မှတ်၊ သွားပြန်လျှင် မှတ်မြဲပင် မှတ်၍ သွားလေ။ ရပ်လိုလျှင်, ရပ်ချင်တယ် ဟုမှတ်၊ ရပ်ဆဲ၌ 'ရပ်တယ် ရပ်တယ်'ဟု မှတ်၊ အတန် ကြာကြာ ရပ်နေလျှင်, 'ဖေါင်းတယ် ပိန်တယ် ရပ်တယ်'ဟု မှတ်၊ ထိုင်ရန် ကြံလျှင်, ထိုင်ချင်တယ်ဟု မှတ်၊ ထိုင်မည့်နေရာသို့ သွားလျှင်, မှတ်မြဲပင် မှတ်လေ၊ ရောက်လျှင်, ရောက်တယ် ဟု မှတ်၊ လှဲ့လျှင်, 'လှဲ့တယ် လှဲ့တယ်'ဟု မှတ်၊ ထိုင်မည်ဟု ကြံလျှင်, ထိုင်ချင်တယ်ဟုမှတ်၊ ထိုင်ဆဲ၌ တရွေ့ရွေ့ လေးလေးပြီး ကျသွားသော ကိုယ်ကို စူးစိုက်၍ 'ထိုင်တယ် ထိုင်တယ်'ဟု မှတ်လေ။ ဖြေးဖြေးထိုင်ပါ၊ ထိုင်ခါစ၌ ခြေ လက် ပြုပြင်မှုများ ရှိမည်၊ ၎င်းတို့ကို ခေါ်နေကျအတိုင်း မှတ်၊ အထူးမှတ်ရန် မရှိလျှင်, 'ဖေါင်းတယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ မပြတ် မှတ်ပါလေ။

လှဲအိပ်လိုလျှင်, လှဲချင်တယ်ဟု ဖြစ်စေ, အိပ်ချင်တယ်ဟု ဖြစ်စေမှတ်၊ လှဲရန် ပြုပြင်သော လက်ခြေ ကိုယ် အမူအရာ တို့ကို 'ကြွတယ်, ဆန့်တယ်, ထောက်တယ်' စသည်ဖြင့် မှတ်၊ လှဲ အိပ်လိုက်သောအခါ၌, တရွေ့ရွေ့ လဲကျသွားသော ကိုယ် ကို စူးစိုက်၍ 'လှဲတယ် လှဲတယ်'ဟု ဖြစ်စေ, 'အိပ်တယ် အိပ်တယ်'ဟု ဖြစ်စေ မှတ်၊ ခေါင်းအုံး အိပ်ရာတို့နှင့် ထိမှုကို'ထိတယ် ထိတယ်'ဟု မှတ်၊ လှဲခါစ၌ လက်ခြေ ကိုယ် ရွေ့ရှား ပြုပြင်မှုများကိုလဲ မှတ်လျက် ဖြေးဖြေး ပြုပြင်ပါ၊ မှတ်ရန် အထူးမရှိသော အခါ၌ ဖေါင်းမှု ပိန်မှုကိုသာ စူးစိုက်၍ 'ဖေါင်းတယ် ပိန်တယ်'ဟု မပြတ်မှတ်လေ။ ဤသို့ မှတ်နေစဉ်မှာ ညောင်းမှု ပူမှု နာကျဉ်မှု ယားမှုစသော ဝေဒနာ အထူးများ ဖြစ်ပေါ်လာလျှင်, ထိုဝေဒနာကို စူးစိုက်၍ ထိုင်စဉ်က နည်းအတိုင်းပင် မှတ်လေ။ တံထွေးမျိုမှု, ထွေးမှု, စိတ်ကူး ကြံစည်မှု, စဉ်းစားမှုတို့ ကိုလဲ နည်းတူပင် မှတ်လေ၊ ဘယ်ညာ တစောင်း ပြောင်းလိုသော အခါ, လက် ခြေကွေးဆန့်လိုသောအခါ စသည်၌လဲဖြစ်ပေါ်သော ထိုထိုစိတ်အကြံကိုမှတ်၍၊ ပြုပြင်မှုများကိုလဲ မလစ်လပ်ရ အောင် မှတ်လေ။ မှတ်ရန်အထူး မရှိသော အခါများ၌ 'ဖေါင်းတယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ မပြတ် မှတ်ရမည်။ အိပ်ချင်လာလျှင်, 'အိပ်ချင်တယ် အိပ်ချင် တယ်'ဟု မှတ်၊ မေးလာလျှင်, 'မေးတယ် မေးတယ်'ဟု မှတ်၊ ဘာဝနာ ရင့်သော အခါ၌ ဤသို့ မှတ်လိုက်လျှင်, အိပ် ချင်မှု ကင်းလျက် တဖန် ကြည်လင်လာတတ်၏၊ ထိုအခါ 'ကြည်တယ် ကြည်တယ်'ဟု မှတ်ပြီးလျှင်, 'ဖေါင်းတယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ ပြန်၍ မှတ်လေ။ အိမ်ချင်စိတ် မပြေသော်လဲ, အမှတ်ကို လွှတ်၍ ကား မအိပ်ရ၊ မအိပ် တော့ဘဲ တမှတ်ထဲ မှတ်နေမည်ဟု အောက်မေ့လျက်၊ ဖေါင်းမှု, ပိန်မှု စသော မှတ်နေကျကို မပြတ် မှတ်လျက်သာ နေရမည်။ ကိုယ်ပင်ပန်းလျှင်, ဤသို့ မှတ်နေဆဲမှာပင် တဖြေးဖြေး မေးလျက်အိပ်ပျော်သွားလိမ့်မည်။

အိပ်ပျော် ဟူသည်မှာ ဘဝင်စိတ် သက်သက်မျှ ကြာမြင့်စွာ ဖြစ်နေခြင်းပင်တည်း။ ဘဝင်စိတ် ဟူသည်မှာလဲ ဘဝ၌ အစစွာ ဖြစ်ပေါ်ခဲ့သော စိတ်, နောက်ဆုံး သေသော စုတိစိတ်တို့နှင့် အလားတူသော စိတ်ပေတည်း။ ထို့ကြောင့် အလွန် သိမ်မွေ့၏၊ ဘာကို အာရုံပြုနေသည်ဟူ၍ပင် မသိနိုင်ချေ။ နိုးနေစဉ်မှာလဲ မြင်မှုနှင့် စိတ်ကူးမှု, ကြားမှုနှင့် စိတ်ကူးမှု စသည် တို့၏အကြားအကြား၌ ထိုဘဝင်စိတ်ဖြစ်ပေါ်သေး၏။ သို့သော်လဲ ကြာမြင့်စွာ မဖြစ်ရသောကြောင့်, ၎င်းဘဝင်စိတ် ဖြစ်သည် ကို ထင်ရှားမသိရ၊ အိပ်ပျော်ဆဲ၌ကား ကြာမြင့်စွာဖြစ်ရသောကြောင့် ထင်ရှားသိရပေသည်။ သို့သော်လဲ "ဘာကိုအာရုံပြုသည်၊ ဘယ်လို ဖြစ်နေသည်"ဟူ၍ကား မသိရချေ။ ထို့ကြောင့် အိပ်ပျော်ခိုက်၌ မမှတ်ရပြီ၊ မှတ်ရန်လဲ မစွမ်းနိုင်ပြီ။

နိုးသောအခါ၌ကား ၎င်း နိုးသော စိတ်ကို 'နိုးတယ်'ဟု မှတ်အပ်၏။ သို့သော်လဲ, အားထုတ်စ၌ ရှေးဦးစွာ နိုးတဲ့ စိတ်ကို မှတ်သိနိုင်ခဲ၏။ နိုးစစိတ်ကို မမှတ်နိုင်သေးလျှင်, သတိရသောအခါမှစ၍ ပေါ်ရာပေါ်ရာကို မပြတ်မှတ်လေ။ စဉ်းစား နေလျှင်, စဉ်းစားတယ်ဟု မှတ်ပြီးနောက်, ဖေါင်းမှု, ပိန်မှုကိုဆက်၍ မှတ်၊ ကြားလျက် နိုးလာလျှင်, ကြားတယ်ဟု မှတ်ပြီး နောက်, ဖေါင်းမှုပိန်မှုကို ဆက်၍ မှတ်၊ ဘာမျှ အထူးမထင်ရှားလျှင်, 'ဖေါင်းတယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ မပြတ်မှတ် လေ။ စောင်းခြင်း လှဲ့ခြင်း ကွေးခြင်း ဆန့်ခြင်း ပြုပြင်ခြင်းများကိုလဲ ခေါ်နေကျအတိုင်း မှတ်လျက် ဖြေးဖြေး ပြုပြင်ပါ၊ ဘယ် အချိန်ရှိပြီလဲ စသည်ဖြင့် စဉ်းစားလျှင် စဉ်းစားတယ်ဟု မှတ်၊ ထလိုလျှင်, ထချင်တယ်ဟု မှတ်၊ ထရန် ပြုပြင်မှုများကိုလဲ မလစ်လပ်ရအောင် မှတ်ပါ၊ ထောင်ကြွ လာသော ကိုယ်အမူအရာကို စူးစိုက်၍ 'ထတယ် ထတယ်'ဟု မှတ်၊ ထိုင်မိလျှင်, 'ထိုင်တယ် ထိုင်တယ်'ဟု မှတ်၊ ထို့နောင် 'ဖေါင်း တယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ မပြတ် မှတ်လေ။

မျက်နှာ သစ်သော အခါ, ရေချိုးသော အခါများ၌၊ ကြည့်ခြင်း, မြင်ခြင်း, လက် လှမ်းခြင်း, ကိုင်ခြင်း, ခပ်ခြင်း, ယူခြင်း, လောင်းခြင်း, အေးခြင်း, ပွတ်တိုက်ခြင်း စသည်တို့ကို မလစ်လပ်ရအောင် အစဉ်အတိုင်း မှတ်လေ။ အဝတ်ကို ပြင်၍ ဝတ်မှု, အိပ်ရာကို ပြင်မှု, တံခါးကို ဖွင့်မှု, ပိတ်မှု, တစုံတခုကို ကိုင်မှု, ယူမှု စသည်တို့ကိုလဲ မလစ်လပ်ရအောင် မှတ်လေ။ ထမင်း စားသောအခါ၌ ကြည့်လျှင်, 'ကြည့်တယ် မြင်တယ်'ဟု မှတ်၊ ထမင်းလုပ် ပြင်ဆဲ၌ လက် ပြုပြင်မှုများကို 'ပြင်တယ် ပြင်တယ်'ဟု မှတ်၊ ထမင်းလုပ်ကို ယူလာလျှင်, 'ယူတယ် ယူတယ်'ဟု မှတ်၊ ခေါင်းငုံ့လျှင်, ငုံ့တယ် ဟု မှတ်၊ ပစပ်၌ ထိလျှင်, ထိတယ်ဟု မှတ်၊ ပစပ်ဖွင့်လျှင်, ဖွင့်တယ်ဟု မှတ်၊ ခွံ့လျှင်, ခွံ့တယ်ဟု မှတ်၊ ပစပ် ပြန်ပိတ်လျှင်, ပိတ်တယ်ဟု မှတ်၊ လက်ကို အောက်သို့ချလျှင်, 'ချတယ် ချတယ်'ဟု မှတ်၊ ပန်းကန်ပြားနှင့် ထိလျှင်, ထိတယ်ဟု မှတ်၊ ခေါင်း ပြန်မော့လျှင်, မော့တယ်ဟု မှတ်၊ ထို့နောင်မှ၊ ဝါးတိုင်း ဝါးတိုင်း 'ဝါးတယ် ဝါးတယ်'ဟု မှတ်လျက်စားလေ၊ အရသာကို သိလျှင်,

'သိတယ်သိတယ်'ဟု မှတ်၊ မျိုလျှင်, မျိုတယ်ဟု မှတ်၊ လည် ချောင်းထဲ အူထဲ၌ ထိလျက်ဆင်းသွားသည်ကို 'ထိတယ် ထိတယ်'ဟု မှတ်။ ဤနည်းဖြင့် ထမင်းလုပ်တိုင်း, ဟင်းရည်, သောက်တိုင်း, စေ့စေ့စပ်စပ် မှတ်လေ။ အားထုတ်ခါစ၌ အစဉ် ကျအောင် မမှတ်နိုင်ဘဲ လစ်လပ်သောအရာ များစွာပင် ရှိလိမ့်မည်၊ ပြုပြင်လိုသော စိတ်များကိုလဲ မမှတ်နိုင်ဘဲ မသိနိုင်ဘဲ ရှိတတ်သည်၊ စိတ်မပျက်လင့်၊ "စေ့စေ့စပ်စပ်မှတ်မည်"ဟု သဘောထား၍ ရိုရိုသေသေ စူးစိုက်မှတ်နေလျှင်, မှတ်သိနိုင်တာက များ၍များ၍ လာပါလိမ့်မည်၊ ဉာဏ်ရင့်သောအခါ၌ကား ဤ၌ပြထားသော အစဉ်ထက် ပိုမို၍ အလွန်များစွာပင် အလွယ်တကူ မှတ်သိနိုင်ပါလိမ့်မည်။

အမှတ်တိုးခြင်း ........ တညခန့် တရက်ခန့် စသည်ရှိသောအခါ၌ အသက်တကြိမ် တကြိမ် ရှူရှိုက်ရာတွင် 'ဖေါင်းတယ် ပိန်တယ်'ဟု ၂-ချက် ၂-ချက်မျှ မှတ်ရတာကို "လွယ်ကူချောင်ချိသည်၊ ပိန်တာ နှင့် ဖေါင်းတာ တို့၏ အကြား၌ ကျဲနေသည်"ဟု ထင်ရ၏။ ထိုအခါ၌ ထိုင်နေသော ကိုယ် အမူအရာကိုလဲ ထည့်၍, "ဖေါင်းတယ် ပိန်တယ် ထိုင်တယ်၊ ဖေါင်းတယ် ပိန်တယ် ထိုင်တယ်"ဟု ၃-ချက်-၃-ချက် မှတ်လေ၊ ဖေါင်းတာ ပိန်တာကို သိသကဲ့ သို့ ထိုင်တယ်-ဟု မှတ်ခိုက်၌ ကိုယ် ထိုင်နေတဲ့အတိုင်း သိစေရမည်။ အိပ်ဆဲ၌လဲ "ဖေါင်းတယ် ပိန်တယ် အိပ်တယ်" ဟု ၃-ချက် ၃ချက် မှတ်လေ။ ထို ၃-ချက် မှတ်ကိုလဲ ကျဲနေသည်ဟု ထင်ရပြန်လျှင်, "ဖေါင်းတယ်, ပိန်တယ်, ထိုင် တယ်, ထိတယ်"ဟု တနေ ရာရာက ထင်ရှား ထိမှုကိုလဲ ထည့်၍ ၄-ချက်-၄-ချက် မှတ်လေ။ ထိုအစဉ်ဖြင့် မှတ်၍ မကောင်းလျှင်, ထိုင်မှုကို ၂-ကြိမ် ထည့်၍ "ဖေါင်းတယ် ထိုင်တယ်၊ ပိန်တယ် ထိုင်တယ်"ဟု ဖြစ်စေ, "ဖေါင်းတယ် အိပ်တယ်၊ ပိန်တယ် အိပ်တယ်"ဟု ဖြစ်စေ, ၄-ချက်-၄-ချက် မှတ်လေ။

ဖေါင်းတယ် ပိန်တယ် စသည်ဖြင့် ကိုယ်တွင်း အမူအရာများကို ဂရုစိုက်၍ မှတ်နေဆဲမှာ၊ ရိုးရိုး မြင်မှု ကြားမှုများကို မှတ်ရန်မလိုပြီ။ ဖေါင်းမှု ပိန်မှု စသည်ကို စူးစူးစိုက်စိုက် မှတ်ခြင်း ဖြင့်ပင်၊ ထိုမြင်မှု ကြားမတို့ကိုလဲ မှတ်သိမှု ပြီးစီး၏၊ မြင်ရုံမျှ ကြားရုံမျှ၌သာတည်၏။ သို့သော် တမင်ကြည့်မိလျှင်ကား "ကြည့်တယ် မြင်တယ်"ဟု မှတ်၍၊ ဖေါင်းမှုစသော မှတ်နေကျကိုသာ ဆက်လက်၍ မှတ်သွားပါ။ တမင်မကြည့်သော်လဲ, မိန်းမ, ယောကျ်ား စသော အာရုံအထူးကို မြင်သော အခါ၌ "မြင်တယ် မြင်တယ်"ဟု နှစ်ချက် သုံးချက် မှတ်၍၊ မှတ်နေကျကိုသာ ဆက်မှတ်ပါလေ။ တမင် နားထောင်မိလျှင်, "နားထောင်တယ်ကြားတယ်"ဟု မှတ်၍၊ မှတ်နေကျကိုသာ ဆက်မှတ်ပါ။ စကားသံ, သီချင်းသံ, ပြင်းထန်သော အသံ, ခွေး, ငှက်, ကြက်သံစသည်ကို ထင်ရှားစွာကြားရသောအခါ၌ "ကြားတယ် ကြားတယ်"ဟု နှစ်ချက်သုံးချက်မှတ်၍၊ မှတ်နေကျကို သာ ဆက်မှတ်ပါလေ။ ဤအမြင်ထူး အကြားထူးတို့ကို မမှတ်မိလျှင်, မှတ်နေကျဖြစ်သော ဖေါင်းမှု ပိန်မှုစသည်ကို ထင်ရှား မသိနိုင်ဘဲ ရှိတတ်၏၊ စဉ်းစားလျက် ကိလေသာလဲ ဖြစ်တတ်၏။ ထိုသို့ ဖြစ်ခဲ့လျှင်, စဉ်းစားတယ်ဟူ၍လဲ မှတ်၍၊ မှတ်နေကျ ကိုသာ ဆက်လက်မှတ်ပါလေ။ ကိုယ်အမူအရာနှင့် ကြံစည်မှုတို့ကို မမှတ်မိဘဲ လွတ်သွားလျှင်, မေ့တယ်-ဟုမှတ်၍၊ မှတ်နေ ကျကိုသာ ဆက်လက် မှတ်ပါလေ။ ထွက်သက် ဝင်သက် သိမ်မွေ့၍, ဖေါင်းမှု ပိန်မှု မထင်ရှားလျှင်, ထိုင်မှု အိပ်မှုတို့နှင့် တွေ့ထိမှုများကို မှတ်ပါလေ။ ဤသို့မှတ်ရာ၌ ထိမှုကိုကား လေး-ငါး-ခြောက်နေရာ ရွှေ့၍ ရွှေ့၍ မှတ်ပါလေ။

ကြာမြင့်သော အခါ၌ငင်း, မတိုးဘူးဟု ထင်ရသောအခါ၌ငင်း, ပျင်းရိမှု ဖြစ်တတ်၏၊ ၎င်းကို "ပျင်းတယ်-ပျင်းတယ်"ဟုမှတ်။ သတိ, သမာဓိ, ဉာဏ် အထူးများ မဖြစ်သေးမီ၌, "မှတ်နေရတာ ဘာမျှမထူးဘူး"ဟု ထင်ရ၏၊ ထို့ကြောင့် "ဟုတ်မှ ဟုတ်ပါလေလား, ဖြစ်မှ ဖြစ်ပါတော့မလား"ဟု ယုံမှားမှု ဖြစ်တတ်၏၊ ၎င်းကို 'ယုံမှားတယ် ယုံမှားတယ်'ဟု မှတ်။ အမှတ်ကောင်းမည်, တရားထူး ဖြစ်ပေါ်မည်ကို မျှော်လင့်တတ်၏၊ ၎င်းကို 'မျှော်တယ် တောင့်တတယ် လိုချင်တယ်'ဟု မှတ်။ ယခင်က မှတ်ခဲ့သည်ကို ပြန်၍ဆင်ခြင်တတ်၏၊ ၎င်းကို 'ဆင်ခြင်တယ်'ဟု မှတ်။ မှတ်ရတဲ့ အာရုံကို ရုပ်လား, နာမ်လားစ သည်ဖြင့် ဆင်ခြင်မိတတ်၏၊ ၎င်းကို 'ဆင်ခြင်တယ်'ဟု မှတ်။ အမှတ်မကောင်းလျှင်, စိတ်ပျက်တတ်၏၊ ၎င်းကို 'စိတ်ပျက် တယ် စိတ်ပျက်တယ်'ဟု မှတ်။ ကောင်းလျှင်လဲ ဝမ်းသာတတ်၏ ၎င်းကို 'ဝမ်းသာတယ် ဝမ်းသာတယ်'ဟု မှတ်။ ဤနည်းဖြင့် စိတ်အမူအရာများကို ပေါ်တိုင်းပေါ်တိုင်း မှတ်ပြီးလျှင်, ဖေါင်းမှုပိန်မှု စသောမှတ်နေကျကိုသာ ဆက်၍ဆက်၍ မှတ်သွားပါ လေ။ မှတ်ရမည့် အချိန်ကား ........ အိပ်ရာက နိုးတဲ့စိတ်မှစ၍, မှတ်နေယင်း အလိုလို အိပ်ပျော်သွားသည်တိုင်အောင် နေ့ရော ညဥ့်ပါ မျက်စိတမှိတ်ခန့်မျှ မနားမရပ်ဘဲ တမှတ်ထဲ မှတ်နေရမည့် အချိန်ချည်းသာတည်း။ အားထုတ်ခါစ၌ "မအိပ်တော့ဘဲ တမှတ်ထဲ မှတ်နေမည်" ဟု နှလုံးသွင်း၍ မပြတ်မှတ်ပါလေ။ ဉာဏ်ရင့်သောအခါ၌ကား အလိုလိုပင် မအိပ်ချင်ဘဲ အမြဲကြည် လင်လျက် ရှိလိမ့်မည်။

မှတ်ပုံ အကျဉ်းချုပ် .... ကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ, စိတ်ကူး ကြံစည်တိုင်း စဉ်းစားဆင်ခြင်တိုင်း စိတ်အမူအရာကို မှတ်။ ငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ, ပြုပြင်လှုပ်ရှားတိုင်း ကိုယ်အမူအရာကို မှတ်။ ကိုယ်ထဲ, စိတ်ထဲ၌ ကောင်းသည် ခံသာသည် ဖြစ်စေ, ဆိုးသည် မခံသာသည် ဖြစ်စေ, ဝေဒနာဟူသမျှကို ဖြစ်ပေါ်လာတိုင်း မှတ်။ ကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ, စိတ်ထဲ၌ထင်ပေါ်လာသော အာရုံဟူသမျှကို မှတ်။ ဤသို့သော မှတ်ဖွယ်အထူးများ မရှိသောအခါ၌, ဖေါင်းမှု ပိန်မှု ထိုင်မှုစသော မှတ်နေကျကိုသာ မပြတ်မှတ်လေ။ သွားဆဲ၌လဲ ကြွမှု လှမ်းမှု ချမှုတို့ကိုသာ မပြတ်မှတ်လေ။ ဤနည်းဖြင့် အိပ်ပျော်ခိုက်ကို ချန်လှပ်၍ နေ့ရောညဉ့်ပါ မပြတ်မစဲ တမှတ်ထဲမှတ်နေလျှင် မကြာမီပင် ဖြစ်ပျက်တိုင်းသော ရုပ်,နာမ်–အလုံးစုံကို ပစ္စုပ္ပန်ကျအောင် မှတ်သိနိုင်၍ ဉဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်ထူးများ အစဉ်အတိုင်း ဖြစ်ပေါ်လာသည်ကို ကိုယ်တိုင် ဒိဋ္ဌ တွေ့ရပါလတ့်။

## အခြေခံရှုမှတ်ပုံ ဤတွင် ပြီး၏။

ပြခဲ့သည့်အတိုင်း မှတ်၍, သတိ, သမာဓိ, ဉာဏ် ထက်သန် အားပြည့်လျှင်, ဖေါင်းတဲ့ ရုပ်နှင့် ဖေါင်း တယ်ဟု မှတ်တဲ့စိတ်၊ ပိန်တဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ထိုင်တဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ကွေးရုပ်နှင့် မှတ်စိတ်၊ ဆန့်ရုပ်နှင့် မှတ်စိတ်၊ ကြွရုပ်နှင့် မှတ်စိတ်၊ လှမ်းရုပ်နှင့် မှတ်စိတ်၊ ချရုပ်နှင့် မှတ်စိတ်–ဤသို့စသော အာရုံနှင့်မှတ်မှုတို့သည် အတွဲလိုက်အတွဲလိုက် ကပ်နေသကဲ့သို့ အံကျလျက် ရှိသည်ကို တွေ့ရလတ့်။ အထူးကောင်းသော မှတ်ချက်များ၌ "ဖေါင်းတာက တခြား+မှတ်တာကတခြား၊ ပိန်တာက တခြား+မှတ်တာက တခြား" ဤသို့စသည်ဖြင့် ရုပ်နှင့်နာမ် တို့ကို ကွဲပြားစွာ သိလတ့်။ မှတ်သိမှုက ဖေါင်းမှု ပိန်မှု စသော အာရုံများဆီသို့ ပြေး၍ပြေး၍ ကပ်ကပ်သွားသလိုပင် ထင်ပေါ်လတ့်။ ဤသို့ ထင်ပေါ်ခြင်းသည် နာမ်တရား၏ နမနလက္ခဏာ=အာရုံဆီသို့ ညွတ်ခြင်းသဘော ထင်ပေါ် ခြင်းပင်တည်း။ ဤသို့ ရုပ်ကို မှတ်သိမှု သန့်ရှင်းလေလေ, နာမ်တရားတို့ အလိုလို ထင်ပေါ်လေလေ ဖြစ်တတ်ကြောင်း ကို ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူ၏။

> ယထာ ယထာ ဟိ.ဿ ရူပံ သုဝိက္ခာလိတံ ဟောတိ
> နိဇ္ဇဋံ သုပရိသုဒ္ဓံ၊ တထာ တထာ တဒါရမ္မဏာ
> အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ။ (၂–၂၂၅)

ဟိ၊ နာမ်ထင်ပေါ်စေရန် ရုပ်ကိုသာ အဖန်ဖန်ရှုအပ်သည်မှန်ပေ၏။ အဿ၊ ထိုယောဂီအား။ ဝါ ထိုယောဂီသည်။ ယထာ ယထာ၊ အကြင် အကြင် ရှုမှတ်သော အခြင်းအရာဖြင့်။ ရူပံ၊ရုပ်သည်။ သုဝိက္ခာလိတံ၊ ကောင်းစွာ ဆေးကြော သုတ်သင်အပ်ပြီးသည်။ ဟောတိ၊ဖြစ်၏။ နိဇ္ဇဋံ၊ အရှုပ်အထွေးမရှိ။ သုပရိသုဒ္ဓံ၊ ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်၏။ တထာ တထာ၊ ထိုထိုရုပ်ကို ရှုမှတ်မှု စင်ကြယ်တိုင်း စင်ကြယ်တိုင်း။ တဒါရမ္မဏာ၊ ထိုရုပ်ကို အာရုံပြုကုန်သော။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ သယမေဝ၊ အလိုလိုပင်လျှင်။ ပါကဋာ ဟောန္တိ၊ ထင်ရှားကုန်၏။

ရုပ်နာမ် ၂–ပါး တခြားစီ ကွဲပြားလျက် ထင်ရှားသော အခါ၌ သုတ နဲသု ဖြစ်လျှင် ဤသို့ သဘောကျ တတ်၏။ "ဖေါင်းတာနှင့် မှတ်တာ, ပိန်တာနှင့် မှတ်တာ, ထိုင်တာနှင့် မှတ်တာ, ကွေးတာနှင့် မှတ်တာ, ဤသို့စသည် ဖြင့် ၂–ခု–၂–ခု ရှိတာဘဲ။ သည်ဟာ ၂–ခုအပြင် ဘာမျှမရှိတော့ဘူး။ လူဆိုတာလဲ သည်ဟာ ၂–ခုဘဲ။ မိန်းမ ယောကျ်ားဆိုတာလဲ သည်ဟာ ၂–ခုဘဲ။ သည်ဟာ ၂–ခုမှတပါး ပုဂ္ဂိုလ်, သတ္တဝါကောင်ရယ်လို့ အသီးအခြား မရှိတော့ဘူး"ဟူ၍ မှတ်နေဆဲမှာပင် သဘောကျလျက် ဆင်ခြင်ဆုံးဖြတ်တတ်၏။ သုတရှိသူဖြစ်လျှင်ကား အာရုံရုပ် မှီရာ ရုပ်နှင့် မှတ်မှု နာမ်တို့ကိုသာ မှတ်တိုင်း တွေ့မြင်ရသောကြောင့် ဤသို့ သဘောကျလျက် ဆင်ခြင် ဆုံးဖြတ်တတ်၏။ "ရုပ်,နာမ် ၂–ပါးမျှသာ ရှိတာ ဟုတ်မှန် ပါပေသည်။ ဤ ရုပ်, နာမ် ၂–မျိုးမှတပါး မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တ ဝါကောင်ဟူ၍ အသီးအခြားမရှိပြီ၊ မှတ်ခိုက်မှာ မှတ်သိရတဲ့ ရုပ်နှင့် မှတ်သိမှု နာမ် ဤနှစ်မျိုးသာ ရှိသည်၊ မမှတ်ဘဲ နေခိုက်မှာလဲ အတူတူဘဲ၊ ဖြစ်ဆဲ မှီရာ ရုပ်နှင့် ကြံမှုစသော နာမ် ဤနှစ်မျိုးသာ ရှိသည်။ ဤ ရုပ်,နာမ် ၂–မျိုးကိုပင် ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ားဟု ခေါ်ဝေါ်နေကြရပေသည်၊ ခေါ်ဝေါ်ရုံမျှသာဘဲ၊ အမှန်မှာတော့ ပုဂ္ဂိုလ်, သတ္တဝါ မိန်းမ, ယောကျ်ား ဟူ၍ အသီးအခြားမရှိတော့ပြီ၊ ယခုမှတ်သိရတဲ့ ရုပ်, နာမ် သဘောမျိုးမျှသာရှိသည်"ဟု ဤသို့စသည်ဖြင့် သဘောကျလျက် ဆင်ခြင်ဆုံးဖြတ်တတ်၏။ ထိုသို့သော ဆင်ခြင်မှုများကိုလဲ ပေါ်တိုင်း ပေါ်တိုင်း "ဆင်ခြင်တယ် ဆင်ခြင်တယ်"ဟု မှတ်ပြီးလျှင်, ဖေါင်းမှု ပိန်မှု စသော မှတ်နေကျကိုသာ ဆက်၍ မပြတ်မှတ်ပါလေ။

ထိုထက် ဘာဝနာ ရင့်သန်သော အခါ၌၊ ကိုယ်အမူအရာ တစုံတခုကို ပြုလိုလျှင်, ပြုရန် ကြံသော ထိုစိတ်သည် အလိုလိုပင် ထင်ရှားပေါ်၏။ ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ထိုစိတ်ကို လွယ်ကူစွာပင် မှတ်သိနိုင်၏။ အားထုတ်ခါစကမူကား ကွေးမည် ကြံစဉ်မှာ 'ကွေးချင်တယ်'ဟု မှတ်ခဲ့သော်လဲ, ထိုကွေးချင်တဲ့ စိတ်ကို ရှင်းလင်းစွာ မသိနိုင်ခဲ့သေး။ ဘာဝနာ ရင့်သန်သော ထိုကာလ၌ကား ကွေးချင်တဲ့စိတ်ကို ဘယ်အရာနှင့်မျှ မရောဘဲ ရှင်းလင်း ထင်ရှားစွာ သိနိုင်၏။ ထို့ကြောင့်, ကိုယ်အမူအရာ ပြုပြင်လိုတိုင်း ပြုပြင်ရန် ကြံတဲ့စိတ်ကို ရှေးဦးစွာ မှတ်ရ၏၊ ထို့နောင်မှ ပြုပြင်တဲ့ ကိုယ်အမူအရာကို ဆက်၍ မှတ်ရ၏။ အားထုတ်ခါစမှာ မမှတ်မိဘဲ ပြုပြင်မိတာကသာ များသောကြောင့် "ကိုယ်ရုပ်က မြန်သည်၊ မှတ်စိတ်က နှေးသည်"

ဟု ထင်ရ၏။ ဘာဝနာဉာဏ်ရင့်သော ကာလ၌ကား မှတ်တဲ့စိတ်က ရှေ့မှဆီးကြိုနေနှင့် သကဲ့သို့ရှိ၏။ ကွေးမည် ဆန့်မည် ထိုင်မည် ထမည် သွားမည် စသည်ဖြင့် ကြံတဲ့ စိတ်ကိုလဲ မှတ်မိ၏၊ ကွေးတဲ့ အမူအရာ စသည်ကိုလဲ ပိုင်ပိုင်ကြီး မှတ်နိုင်၏။ ထို့ကြောင့်, "ကိုယ်ရုပ်က နှေးသည်၊ မှတ်စိတ်က မြန်သည်"ဟု အမှန်အတိုင်း သိရ၏။ ပြုပြင်လိုတဲ့စိတ်များ ဖြစ်ပေါ်ပြီးမှ ထိုစိတ်အားလျော်စွာ ကွေးမှုဆန့်မှု ထိုင်မှုစသော ကိုယ်အမူအရာရုပ်များ ဖြစ်ပေါ်နိုင်သည်ကိုလဲ မျက်မှောက်တွေ့ရ၏။ အပူ အအေးတို့နှင့်တွေ့ရ၍ "ပူတယ်, ပူတယ်၊ အေးတယ် အေးတယ်"ဟု မှတ်နေစဉ်မှာပင် အပူအအေးများ တိုးပွါးဖြစ်ပေါ် လာသည်ကိုလဲ မျက်မှောက်တွေ့ရ၏၊ စားစဉ်၌ မှတ်၍, အားအင်တိုးလာသည်ကိုလဲ မျက်မှောက်တွေ့ရ၏၊ အဖေါင်းအပိန်စသော မှတ်နေကျ အာရုံများတွင်လဲ၊ တခု တခုကို မှတ်ပြီးလျှင်, အခြား တခု တခုက အဆင်သင့် ပေါ်ပေါက်လာသဖြင့်, ပေါ်ရာ ပေါ်ရာအာရုံကို လိုက်၍ လိုက်၍ မပြတ် မှတ်နေရ၏၊ ထို့ပြင် ဘုရား, ရဟန္တာ သဏ္ဌာန်စသော အဆင်း အာရုံ အမျိုးမျိုးနှင့်, ကိုယ်ထဲက ယားမှု ပူမှု နာကျင် ကိုက်ခဲမှု စသော ဝေဒနာ အမျိုးမျိုး, တို့ကိုမှတ်နေရာ မှာလဲ တခုတခုကို မှတ်လို့မှ မပျောက် သေးမီ အခြားတမျိုးတမျိုးက ပေါ်ပေါက်လာသဖြင့် ပေါ်ရာ ပေါ်ရာကို ပြောင်း၍ ပြောင်း၍ မပြတ် မှတ်နေရတတ်၏။ ဤသို့ အာရုံပေါ်တိုင်း မှတ်နေရသောကြောင့်, အာရုံ ရှိ၍ မှတ်သိမှု ဖြစ်ရသည်ကိုလဲ မျက်မှောက် တွေ့၍ သိမြင်သဘောကျတတ်၏။ ထို့ပြင်, တရံတခါ၌ အဖေါင်း အပိန်က သိမ်မွေ့ကွယ်ပျောက် နေသောကြောင့် မှတ်စရာ မရှိတဲ့ အတွက် မမှတ်ဘဲ နေရတတ်၏၊ ထိုအခါမျာ "မှတ်စရာ အာရုံ မရှိလျှင်, မှတ်သိမှု မဖြစ်နိုင်" ဟူ၍ သဘောကျတတ်၏။ ဤသို့ အဖေါင်းအပိန် ပျောက်နေတဲ့အခါမှာ "ထိုင်တယ် ထိတယ်၊ အိပ်တယ် ထိတယ်"ဟု မှတ်လေ။ အထိကိုကား ပြောင်း၍ပြောင်း၍ မှတ်၊ ပုံကား .... ထိုင်တယ်ဟု မှတ်ပြီးလျှင်, ညာဘက်ခြေက ထိတာကို ထိတယ်ဟု မှတ်၊ တဖန် ထိုင်တယ်ဟု မှတ်ပြီးလျှင်, ဘယ်ဘက်ခြေက ထိတာကို ထိတယ်ဟု မှတ်၊ ဤ နည်းဖြင့် အထိများကို လေး–ငါး–ခြောက်နေရာ ရွှေ့၍ ရွှေ့၍ မှတ်လေ။ ထို့ပြင်, မြင်မှု ကြားမှု စသည်တို့ကို မှတ်ရာမှာလဲ၊ "မျက်စိနဲ့အဆင်း ရှိ၍ မြင်ရသည်၊ နားနဲ့ အသံ ရှိ၍ ကြားရသည်" ဤသို့စသည်ဖြင့် မှတ်ခိုက်မှာပင် ရှင်းလင်းစွာ သိမြင် သဘောကျ၏။

ထို့ကြောင့် "ကွေးမည်, ဆန့်မည် စသည်ဖြင့် ကြံတဲ့ စိတ်အမျိုးမျိုးရှိလို့, ကွေးမှု, ဆန့်မှု စသော ကိုယ် အမူအရာ ရုပ်, အမျိုးမျိုး ဖြစ်ပေါ်နေသည်"ဟူ၍လဲ မှတ်ဆဲမှာပင် သဘော ကျလျက် ဆင်ခြင်ဆုံးဖြတ်မိ၏။ ထို့ပြင်, "အအေးဓာတ် အပူဓာတ်ကြောင့်၊ အေးရုပ် ပူရုပ် အမျိုးမျိုး ဖြစ်ပေါ်နေသည် ဟူ၍၎င်း၊ စားသောက်တဲ့ အစာအဟာရရှိလို့၊ ဤ ကိုယ်ရုပ်များ တည်တံ့လျက်ဖြစ်နေသည် ဟူ၍၎င်း၊ ဖေါင်းမှု ပိန်မှုစသော မှတ်စရာတွေရှိလို့၊ မှတ်သိမှုများ ဖြစ်ပေါ်နေသည်ဟူ၍၎င်း၊ မြင်စရာ အဆင်း, ကြားစရာ အသံ စသော အာရုံတွေရှိလို့၊ မြင်မှု, ကြားမှု စသော စိတ်များ ဖြစ်ပေါ်နေသည်ဟူ၍၎င်း၊ မျက်စိ, နားစသော မှီရာရုပ်ရှိလို့၊ မြင်မှု, ကြားမှုစသော စိတ်များ ဖြစ်ပေါ်နေသည်ဟူ၍၎င်း၊ ရှေးရှေး နှလုံးသွင်းမှု, ဆင်ခြင်မှုရှိလို့၊ နောက်နောက် မှတ်သိမှု, ကြံစည်မှုများ ဖြစ်ပေါ်သည်ဟူ၍၎င်း၊ ရှေးကံကြောင့်, ဤလို ဝေဒနာတွေ ဖြစ်ရသည် ဟူ၍၎င်း၊ ရှေးကံ အကြောင်းရှိလို့၊ ဤရုပ်, ဤနာမ်တွေ ပဋိသန္ဓေမှစ၍ မပြတ်ဖြစ်နေ သည်ဟူ၍၎င်း၊ ဤရုပ်နာမ်တွေကို ဖြစ်ပေါ်အောင် ဖန်ဆင်းပြုလုပ်ပေးသူကား မရှိပြီ၊ သူတို့၏ ဆိုင်ရာအကြောင်းများကြောင့်သာ ဖြစ်ပေါ်နေသည်ဟူ၍၎င်း"–ဤသို့ စသည်ဖြင့် လဲ သဘောကျလျက် ဆင်ခြင်ဆုံးဖြတ်တတ်၏။ ဤသို့သော ဆုံးဖြတ်မှုမျာ၊ ရှုမှတ်မှုကို ရပ်ဆိုင်း၍ ကြာမြင့်စွာ စဉ်းစားလျက် ဖြစ်ရသည်ကားမဟုတ်ပေ၊ မှတ်ယင်း မှတ်ယင်းပင် ရှင်းလင်းစွာ အလိုလိုသိသိသွားသည်ဟု ထင်ရလောက်အောင် လျင်မြန်စွာ ဖြစ်ပေါ်လာသော သိမှုသာတည်း။ ဤ ဆင်ခြင်မှုများကိုလဲ "ဆင်ခြင်တယ်, သဘောကျတယ်, သိတယ်"ဟု မှတ် မှတ်ပြီးလျှင်, မှတ်နေကျကိုသာ ဆက်၍ မပြတ် မှတ်ပါလေ။

လောလောဆယ် မှတ်သိရသော ရုပ်, နာမ်တို့ကို၊ "အကြောင်းနာမ်ရုပ်များကြောင့် ဖြစ်ကြသည်"ဟု သဘောကျပြီး သောအခါ၌၊ "ရှေးဘဝ ရှေးကာလများကလဲ၊ သည်လိုအကြောင်းများကြောင့်၊ သည်လိုရုပ်နာမ်များသာ ဖြစ်ခဲ့သည်ဟူ၍၎င်း၊ နောက်ဘဝ နောက်ကာလများမှာလဲ၊ သည်လိုအကြောင်းများကြောင့်၊ သည်လို ရုပ်နာမ်များသာ ဖြစ်သွားမှာဘဲဟူ၍၎င်း၊ ပုဂ္ဂိုလ်, သတ္တဝါကောင်လဲမရှိ၊ ဖန်ဆင်းသူလဲမရှိ၊ အကြောင်းတရား, အကျိုးတရားမျှသာ ရှိသည်ဟူ၍၎င်း"ဤသို့လဲ ဆင်ခြင် ဆုံးဖြတ်မိတတ်၏။ ဤလို ဆင်ခြင်မှုများကိုလဲ မှတ်ပြီးလျှင်၊ မှတ်နေကျကိုသာ မပြတ်မှတ်သွားပါလေ။ ဤသို့သော ဆင်ခြင်မှုမှာ၊ ပင်ကိုယ်ဉာဏ်လဲ မထက်, သုတလဲ နဲသောသူ အား နဲနဲကျဉ်းကျဉ်းသာ ဖြစ်တတ်သည်။ ပင်ကိုယ်ဉာဏ် ထက်မြက်သူ, သုတများသော သူတို့မှာကား များပြား ကျယ်ဝန်းစွာ ဖြစ်တတ်၏။ သို့သော်လဲ, ဆင်ခြင်မှုကို အလေးမပြုဘဲ မှတ်မှုကိုသာ အလေးပြု၍ အတင်းမှတ်နေလျှင်ကား ထိုသူတို့မှာလဲ နဲနဲကျဉ်းကျဉ်းသာဖြစ်၍ ဉာဏ်အတက်မြန်တတ်၏။ "ဤအရာ၌ အနည်းငယ် ဆင်ခြင်ရုံမျှဖြင့် လဲ ကိစ္စပြီးသည်သာ"ဟူ၍ တထစ်ချ ယုံကြည်ထားပါလေ။

သမာဓိအား အထူးကောင်းလာလျှင်, များစွာသော ယောဂီတို့မှာ၊ ယားမှု, ပူမှု, နာကျင် ကိုက်ခဲမှု, လေးလံမှု, တင်းကြပ်မှု စသော မခံသာတဲ့ ဝေဒနာအမျိုးမျိုးကို ထင်ရှား တွေ့ရတတ်ကုန်၏။ မမှတ်ဘဲ ရပ်နားလိုက် လျှင်, ထိုဝေဒနာမှာ ချက်ခြင်းပင် ပျောက်သွား၏၊ မှတ်မြဲ မှတ်ပြန်လျှင်, တဖန် ပေါ်လာပြန်၏၊ ဤလို ဝေဒနာမှာ ရောဂါ မဟုတ်၊ တရားသဘော အတိုင်း ထင်ရှား ပေါ်လာတဲ့ ဝေဒနာသာ ဖြစ်သည်၊ မကြောက်နဲ့၊ ထိုဝေဒနာကိုသာ စူးစိုက်၍အတင်း မှတ်နေပါ၊ တဖြေးဖြေး သေးငယ်၍ ပျောက်ကင်းသွားပါလိမ့်မည်။

ထို့ပြင်, အမျိုးမျိုးသောအဆင်းသဏ္ဌာန် အာရုံများကိုလဲ ရှေ့နားတွင် မျက်စိနဲ့ မြင်ရသလိုပင် အထင်အရှား တွေ့မြင်ရတတ်၏။ ရောင်ခြည်တော်များနှင့်တကွ အလွန်သပ္ပါယ်သော ဘုရားသခင် ကြွလာသကဲ့သို့၎င်း၊ ကေင်းကင်မှ သံဃာတော်များ ကြွလာသကဲ့သို့၎င်း၊ ဆင်းတုတော်, စေတီတော်များ မျက်မှောက်မှာ ရှိနေသကဲ့သို့၎င်း၊ ကြည်ညို ခင်မင်သော ပုဂ္ဂိုလ်များ ရောက်လာသကဲ့သို့၎င်း၊ သစ်ပင်, တော, တောင်, ဥယျာဉ်, တိမ်တိုက်များကို တွေ့ နေရသကဲ့သို့၎င်း၊ ဖူးဖူး ယောင်သော သူသေကောင်, အရိုးစု ကောင်ကြီးများ အနီးမှာရှိနေသကဲ့သို့၎င်း၊ အိမ် တိုက် ကျောင်းဆောင် လူကောင်ကြီးများ ရှေ့နားတွင် ဖရိုဖရဲ ကြေမွ ပျက်စီးသွားသကဲ့သို့၎င်း၊ မိမိ၏ကိုယ်မှာ ဖေါင်းပွ လျက်, သွေးသံရဲရဲ ဖြစ်လျက်, နှစ်ပိုင်းသုံးပိုင်း ပြတ်လျက်, အရိုးစုမျှ ဖြစ်လျက်, တမျိုးတမည် ဖေါက်ပြန်သွားသကဲ့သို့၎င်း၊ ကိုယ်ထဲက အရိုး အသား အကြော အူ အသဲ ပိုးကောင်များကို တကယ်မြင်ရသကဲ့သို့၎င်း ငရဲဘုံ နတ်ဘုံများ ငရဲသူ ငရဲသားများ ပြိတ္တာများ နတ်သမီး နတ်သားများကို တကယ် တွေ့နေရသကဲ့သို့၎င်း၊ ဤသို့ စသည်ဖြင့် ဆန်းဆန်း ရိုးရိုး အမျိုးမျိုးသော အဆင်းသဏ္ဌာန်အာရုံများကို ထင်ရှား တွေ့ရတတ်၏။ သမာဓိအဟုန်ကြောင့် စိတ်ညွတ်မိတိုင်း ထင်ပေါ်လာသော ပညတ်အာရုံမျှချည်းသာတည်း။ ဝမ်းသာစရာပဲမဟုတ်ပါ၊ ကြောက်စရာလဲ မဟုတ်ပါ၊ အိပ်မက်အာရုံနှင့် အတူတူပင်ဟု ဆုံးဖြတ်ပါလေ။ သို့သော်လဲ, ထိုအာရုံများကို တွေ့မြင်သော မနောဝိညာဏ်ကား ထင်ရှားရှိသော ပရမတ် တရားပေတည်း။ ထို့ကြောင့် ရှုမှတ်ရမည်၊ ရှုမှတ်သော်, မထင်ရှားသောစိတ်ကို ပဓာနပြု၍ ရှုမှတ်ခြင်းငှါ မစွမ်းနိုင်ပေ၊ ထင်ရှားသော အာရုံကို ပဓာနပြု၍သာလျှင် ရှုမှတ်နိုင်ပေသည်၊ သို့ဖြစ်၍, ဘယ်လို အာရုံဘဲဖြစ်ဖြစ်, မြင်ရတဲ့ ထိုအာရုံကိုသာ စူးစိုက်၍, 'မြင်တယ် မြင်တယ်'ဟု မပျောက် မချင်း မှတ်ပါလေ။ ရွေ့ရွေ့ သွားပြီးလျှင် ဖြစ်စေ, သေးသိမ်၍ မှေးမှိန်၍ ဖြစ်စေ, ဖရိုဖရဲ ကျဲ၍ ဖြစ်စေ, ကွယ်ပျောက် ကွယ်ပျောက် သွားပါလိမ့်မည်၊ တွေ့ခါစမှာ လေး–ငါး–ဆယ်ချက်မှတ်မှလဲ ပျောက်သွားတတ်၏၊ ဉာဏ်အား ကောင်းလာလျှင်, တချက် နှစ်ချက်မျှဖြင့် ပျောက်သွားလိမ့်မည်။ မိမိက ထိုအာရုံမျိုးကို ကြည့်လို စုံစမ်းလိုတဲ့ စိတ်, ကြောက်တဲ့ စိတ်, ရှိနေလျှင်ကား ရက်တရက် မပျောက်ဘဲ ကြာနေတတ်၏၊ တမင် စိတ်ညွှတ်၍ ယူမိသော အာရုံဖြစ်လျှင်လဲ သာယာမှု ရှိပြီးဖြစ်သောကြောင့် မပျောက်နိုင်ဘဲ ကြာနေတတ်၏။ သို့ဖြစ်၍, သမာဓိအရှိန် ကောင်းနေစဉ်၌ အခြားတပါးကို စိတ်မကူးမိ မညွှတ်မိစေရန် အထူးသတိပြုပါလေ၊ စိတ်ကူးမိလျှင်လဲ ထိုစိတ်ကူးကို ချက်ခြင်းပင် မှတ်၍ ပယ်ဖျောက် ပါလေ။ အချို့ ပုဂ္ဂိုလ်မှာကား အာရုံ အထူး ဝေဒနာ အထူးများကို မတွေ့ရဘဲ မှတ်နေကျကိုသာ မှတ်နေရသောကြောင့် ပျင်းရိမှု ဖြစ်တတ်၏၊ ထို ပျင်းရိမှုကို 'ပျင်းတယ် ပျင်းတယ်'ဟု မပျောက်မချင်း မှတ်၍ ပယ်ဖျောက်ပါလေ။ ဤ ဉာဏ်အဆင့်၌၊ အာရုံ အထူး ဝေဒနာ အထူးများကို တွေ့ရသောသူမှာ ဖြစ်စေ, မတွေ့ရသောသူမှာ ဖြစ်စေ, မှတ်တိုင်း မှတ်တိုင်း မှတ်ရသော အာရုံ၏ အစ အလယ် အဆုံးတို့ကို ရှင်းလင်းစွာ သိ၏။ ရှေးကတော့, အာရုံတခုကို မှတ်နေစဉ်မှာ၊ ပေါ်လာသော တခြား တခြား အာရုံကို ပြောင်း၍ ပြောင်း၍ မှတ်သွားရ၏၊ မူလ အာရုံ ပျောက်ဆုံးသွားသည်ကိုကား ရှင်းလင်းစွာ မသိခဲ့ရချေ၊ ယခုမူကား မှတ်နေဆဲ အာရုံ တခု တခု ပျောက်ဆုံး သွားသည်ကို သိရပြီးမှသာလျှင်, အသစ် အသစ် ပေါ်လာသော တခြား အာရုံကို မှတ်ရ၏၊ ထို့ကြောင့်, မှတ်ရတဲ့အာရုံ၏ အစ အလယ် အဆုံးတို့ကို ရှင်းလင်းစွာ သိရ၏၊

ထိုအခါမှာ အထူးကောင်းသော မှတ်ချက်များ၌ မှတ်တိုင်း မှတ်တိုင်း ဖျတ်ကနဲ ဖျတ်ကနဲ ပေါ်လာ၍ ရိပ်ကနဲ ရိပ်ကနဲ ကုန်ပျောက်သွားသည်ကို ရှင်းလင်းစွာ သိရသောကြောင့် "အနိစ္စံ ခယဋ္ဌေန = ကုန်သွားသော အနက်သဘောကြောင့် မမြဲ၊ ဟုတွာ အဘာဝတော အနိစ္စာ = ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ကွယ်ပျောက် သွားခြင်းကြောင့် မမြဲကုန်"ဟု ပြဆိုသော ပါဠိအဋ္ဌကထာတို့နှင့်အညီ, "ကုန်ဆုံးသွားတာချည်းဘဲ၊ ကွယ်ပျောက်သွားတာချည်းဘဲ၊ မမြဲပါတကား၊ မမြဲတာ မှန်ပါပေသည်"ဟူ၍လဲ သုံးသပ်ဆင်ခြင်မိ၏။ "ယဒ နိစ္စံ တံ ဒုက္ခံ=မမြဲတဲ့တရားဟာ ဆင်းရဲပင်တည်း။ ဒုက္ခံ ဘယဋ္ဌေန ကြောက်စရာကောင်းသော အနက်သဘောကြောင့် ဆင်းရဲပင်တည်း။ ဥဒယဗ္ဗယ.ပ္ပဋိပီဠနတော ဒုက္ခာ = ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲတို့ပင် တည်း"ဟု ပြဆိုသော ပါဠိအဋ္ဌကထာတို့နှင့် အညီ, "မသိလို့သာ သာယာ ပျော်မွေ့နေနိုင်ကြတာဘဲ၊ ဘာမျှ သာယာဘွယ်မရှိပါတကား၊ ပေါ်ပြီးတော့ ပျောက်ပျက်သွားတာချည်းဘဲ၊ ဖြစ်ချည်ပျက်ချည်နဲ့ မပြတ်နှိပ်စက်နေတာချည်းဘဲ၊ ကြောက်စရာ တွေချည်းဘဲ၊ ဘယ်အချိန် မဆိုသေနိုင်အောင် ခဏမစဲ ပျောက်ပျက်ပြီး မမြဲတဲ့အတွက် ဆင်းရဲချည်းဘဲ၊ မကောင်းတာချည်းဘဲ" ဟူ၍လဲ သုံးသပ်ဆင်ခြင်မိ၏။ ဒုက္ခ မဒက္ခိသလ္လတော၊ ဒုက္ခဝတ္ထုတာယ စ ဒုက္ခတော၊ ရောဂ တော ဂဏ္ဍတော သလ္လတော–စသော ပါဠိအဋ္ဌကထာတို့နှင့်အညီ, မခံသာမှု ဒုက္ခဝေဒနာအမျိုးမျိုးကို ထင်ရှားတွေ့ရသောကြောင့်, "ဆင်းရဲချည်းဘဲ၊ မကောင်းတာချည်းဘဲ"ဟူ၍လဲ သုံးသပ် ဆင်ခြင်မိတတ်၏။ "ယံ ဒုက္ခံ တဒနတ္တာ=ဆင်းရဲတဲ့တရားဟာ အစိုးရတဲ့ အတ္တကောင်မဟုတ်၊ အနတ္တာ အ.သာရကဋ္ဌေန = အနှစ်မဲ့သော အနက် သဘောကြောင့် အတ္တကောင် ငါကောင် မဟုတ်၊ အ.ဝသဝတ္တနတော အနတ္တာ = အလိုအတိုင်း မဖြစ်ခြင်း ကြောင့် ငါကောင်မဟုတ်ကုန်"ဟု ပြဆိုသော ပါဠိအဋ္ဌကထာတို့နှင့်အညီ, "မဆင်းရဲအောင် မတတ်နိုင်တဲ့ ဆင်းရဲ အစုမျှသာ ဖြစ်၍ အစိုးမရတာချည်းဘဲ၊ ဖြစ်ပြီးလျှင် ချက်ခြင်းပျောက်သွားတာချည်းဘဲ, ဘာမျှ ခိုင်မာတဲ့ အနှစ်အသား မရှိဘူး, ဘာမျှအသုံးမကျ တာချည်းဘဲ၊ မဖြစ်အောင်လဲ မတတ်နိုင်, မပျက်အောင်လဲ မတတ်နိုင်၍ အစိုးပိုင်တဲ့ ငါကောင် မဟုတ်တာချည်းဘဲ၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားမျှချည်းဘဲ"ဟူ၍လဲ သုံးသပ် ဆင်ခြင်မိ၏။ ဤ ဆင်ခြင်မှုများကိုလဲ မှတ်ပြီးလျှင်, မှတ်နေကျကိုသာ မပြတ် မှတ်သွားပါလေ။

မျက်မှောက် မှတ်သိရတဲ့ အာရုံတို့ကို "မမြဲ ဆင်းရဲ ငါကောင်မဟုတ်"ဟု သဘောကျပြီးသော အခါ၌, မျက်မှောက် မသိရသောတရား အလုံးစုံကိုလဲ "ဤတရားများနှင့် အတူတူချည်းဘဲ၊ မမြဲဆင်းရဲ ငါကောင် မဟုတ်တဲ့ သဘောတရားချည်း ဘဲ"ဟု သုံးသပ်ဆင်ခြင်မိ၏။ ဤဆင်ခြင်မှုသည်ကား ပစ္စက္ခဉာဏ်မှ ဆက်၍ဖြစ်သော အနွမာနဉာဏ်ပေတည်း။ ဤသို့သော ဆင်ခြင်မှုသည်လည်း ပင်ကိုယ်ဉာဏ်နဲသူ, သုတနဲသူ, ဆင်ခြင်မှု၌အလေးမပြုဘဲ အတင်းမှတ်နေသူတို့မှာ နဲနဲသာဖြစ်တတ် သည်။ ဆင်ခြင်မှု၌ အလေးပြုသူမှာ များများဖြစ်တတ်သည်။ အချို့မှာ မှတ်ချက်တိုင်းလိုလိုပင် ဆင်ခြင်မှုက လိုက်ပါနေတတ် ၏။ ဆင်ခြင်မှုတွေ များများဖြစ်နေလျှင် ရှေ့သို့မတိုးတက်နိုင်ဘဲ အချိန်ကြာနေတတ်သည်၊ ဤဉာဏ်အရာမှာ ဆင်ခြင်မှုများစွာ မဖြစ်ခဲ့သော်လဲ, အထက်ဉာဏ်များသို့ ရောက်လျှင်, ပိုင်နိုင်ရှင်းလင်းစွာ သိရမည်သာတည်း၊ သို့ဖြစ်၍ ဆင်ခြင်မှုကို အလေး မပြုလင့်၊ မှတ်မှုကိုသာ အလေးပြု၍ ဆင်ခြင်မိသမျှကိုလဲ မလစ်လပ်ရအောင် မှတ်ပါလေ။

အနိစ္စ ဒုက္ခ အနတ္တ သဘောများကို ဆင်ခြင်၍ အားရသောအခါ၌ ပေါ်လာသမျှကို မဆင်ခြင်တော့ဘဲ၊ မှတ်ရုံသာ မပြတ်မှတ်နေ၏။ ထိုအခါ၌, "စိတ်ကြည်လင်မှု သဒ္ဓါ, အားထုတ်မှု ဝီရိယ, အမှတ်ရမှု သတိ, စူးစိုက် တည်ကြည်မှု သမာဓိ, သဘောမှန်ကို ရှင်းလင်းစွာ သိမှုပညာ"ဟူသော ဤ ဣန္ဒြေ ငါးပါးတို့ မယုတ်မလွန် ညီညွတ် ဆဲ ခဏမှာ၊ မှတ်တဲ့ စိတ်သည် ဆွဲမြှင့်၍ တင်ပေးလိုက်သလိုပင် အလွန်သွက်လက် လျင်မြန်စွာ ဖြစ်လာတတ်၏၊ မှတ်စရာ ရုပ် နာမ် အာရုံများကလဲ အလွန် လျင်မြန်စွာပင် ထင်ပေါ်ကုန်၏၊ တကြိမ် တကြိမ် ဝင်သက် ရှူခိုက်၌ ဖေါင်းကြွ ရွေ့ရှားမှုပေါင်း အဆင့်ဆင့် များစွာဖြစ်လျက် ထင်ရှား၏၊ တကြိမ် တကြိမ် ထွက်သက် ရှိုက်ခိုက်၌လဲ ပိန်မှုပေါင်း အဆင့်ဆင့် များစွာ ဖြစ်လျက် ထင်ရှား၏၊ ကွေးရာ ဆန့်ရာလှုပ်ရှားရာတို့၌လဲ ရွေ့ရှားမှုပေါင်း အဆင့် ဆင့် များစွာဖြစ်လျက် ထင်ရှား၏၊ ကိုယ်ထဲ၌ ရှိုးရှိုးရွရွ လှုပ်မှုကလေးများ, တွေ့ထိမှုကလေးများလဲ တခုပြီး တခု အလွန် လျင်မြန်စွာ အနှံ့ အပြားထင်ပေါ်ကုန်၏၊ အချို့ ပုဂ္ဂိုလ်မှာ တရံတခါ၌ အလွန် မကြီးကျယ်လှသော ယားမှုကလေးများ, မြိုးမြိုး မြက်မြက် နာကျဉ်မှုကလေးများလဲ တခုပြီးတခု လျင်မြန်ထင်ရှားစွာ တခဏ လောက် ပေါ်လာတတ်၏။ များသောအားဖြင့်ကား ထိုသို့သောကာလ၌ မခံသာမှုကို မတွေ့ရသည်ကသာ များပေ၏။ ဤသို့ အလွန်လျင်မြန်စွာ ထင်ပေါ်နေခိုက်၌ အာရုံအသီးအသီးကို အမည်တပ်၍ မှတ်နေလျှင် မမှီနိုင်တော့ပြီ၊ သတိဉာဏ်ဖြင့် သိရုံမျှ သိရုံမျှ လိုက်နေမှ သာလျှင် မှီနိုင်ပေသည်။ သို့ဖြစ်၍, ဤသို့ အလွန် မြန်စွာ အာရုံ ထင်ပေါ်နေခိုက်၌ အမည်မတပ်ဘဲ သိရုံမျှ သိရုံမျှသာ လိုက်မှတ်ရာ၏။ အမည်တပ်၍ မှတ်လျှင်လဲ အလုံးစုံစေ့ငှအောင်ကား ကြောင့်ကြမစိုက်လင့်၊ တကြိမ် တကြိမ် အမည်တပ်၍ မှတ်ရာ၌ လေး ငါး ဆယ် အာရုံကို ပိုင်းခြား၍သိ သိသွားသော်လဲ ကိစ္စ ပြီးသည်သာတည်း၊ အပြစ်မရှိပေ။ စေ့ငှအောင် အမည်တပ်၍ မှတ်ရန် ကြောင့်ကြ စိုက်နေလျှင်ကား မကြာမီပင် မောပန်း သွားတတ်သည်။ သို့ဖြစ်၍, အမည်ဖြင့် မှတ်လိုလျှင်လဲ ဖြန့်မှန်သာလိုက်၍ မှတ်ပါ၊ တကြိမ် တကြိမ် မှတ်ရာ၌ လေးငါး ဆယ်ခုကို သိချင်လဲ သိ သွားပါစေ၊ ပိုင်းပိုင်း ခြားခြား သိမှုကသာ လိုရင်းဖြစ်ပါသည်။ ဤသို့သောကာလ၌ မှတ်နေကျအစဉ်ကို လွှတ်ထားပြီးလျှင်, ဒွါရ ၆-ပါး၌ ပေါ်ရာ ပေါ်ရာကို အစဉ်အတိုင်း လိုက်၍ မှတ်ပါလေ၊ ထိုနည်းဖြင့် မှတ်၍ မကောင်းပြန်လျှင်ကား မှတ်နေကျ အစဉ်အတိုင်းသာပြန်၍ မှတ်ပါလေ။

ရုပ်နာမ်တို့သည် မျက်စိတမှိတ်ခန့်, လျှပ်တပြက်ခန့်ကာလထက် အဆများစွာ လျင်မြန်ကုန်၏၊ ထိုမျှလျင်မြန်သော ရုပ်နာမ်တို့ကို သိရုံမျှ သိရုံမျှဖြင့် လိုက်၍မှတ်နေလျှင်, ထိုမျှလောက် ဉာဏ်ရင့်သောကာလ၌၊ ဖြစ်စဉ်အတိုင်း အကြွင်းမရှိ သိနိုင်ပေ၏။ ထိုအခါ၌ အမှတ်ရမှုသတိသည် အလွန်ထက်သန်၏၊ ရုပ်နာမ်အာရုံ တခုခုဖြစ်ပေါ်လျှင်, သတိက ထိုအာရုံထဲသို့ ပြေးဝင်သွားသလိုပင် မှတ်မိလျက်ရှိ၏၊ ထိုအာရုံကလဲ သတိပေါ်မှာ လာ၍ကျသလိုပင် ထင်ပေါ်လျက်ရှိ၏၊ အသိဉာဏ်ကလဲ ပေါ်လာသမျှကို တခုစီ တခုစီ မယောယှက်ဘဲ ကွဲကွဲ ပြားပြား ပြတ်သား ရှင်းလင်းစွာ သိလျက်ရှိ၏။ ထို့ကြောင့်, ယောဂီ သည် ဤသို့ အောက်မေ့တတ်၏၊ "ဤရုပ်နာမ် တွေဟာ ရိပ်ရိပ် ရိပ်ရိပ်နဲ့ အလွန် လျင်မြန်စွာ ဖြစ်ပျက်နေကြတာဘဲ၊ တက်တက် တက်တက်နဲ့ စက်ခုတ်နေသလိုပင် အလွန်မြန်နေကြတာဘဲ၊ ဒါလောက် မြန်တာတွေကိုလဲ အစဉ်အတိုင်း အကုန် လုံးသိနိုင်တာဘဲ၊ ဒါထက် ပိုပြီးသိစရာတော့ ရှိမည်မထင်ပါဘူး၊ သိစရာတော့ဖြင့် ကုန်ပါပြီ"ဟု အောက်မေ့မိ ထင်မိတတ်၏။ အိပ်မက်တွင်မျှ မမြင်မက်ဘူး သော သတိ ဉာဏ် အထူးများကို မျက်မှောက်တွေ့ရ၍ ထင်မြင်ခြင်းပေတည်း။

ထို့ပြင်, ဝိပဿနာ အဟုန်ကြောင့်၊ နဲနဲဖြစ်စေ, များများ ဖြစ်စေ, အလင်းရောင်လဲ ထင်ရှားစွာ ဖြစ်ပေါ်တတ်၏။ မှတ်ရတဲ့ အာရုံနှင့် မှတ်မှု၌ အာရ နှစ်သိမ့်မှု = ပီတိလဲ လွန်ကဲစွာ ဖြစ်တတ်၏၊ ထိုပီတိ၏ အစွမ်းကြောင့် ကြက်သီး ထခြင်း, မျက်ရည်ယိုခြင်း, ကိုယ်တုန် လှုပ်ခြင်းများလဲ ဖြစ်တတ်၏၊ ကိုယ်ထဲ၌ ဖျိုးဖျိုး ဖျဉ်းဖျဉ်း စိမ့်စိမ့် စိမ့်စိမ့် သိမ့်သိမ့် သိမ့်သိမ့်လဲ ဖြစ်နေတတ်၏၊ လေပုခက်ထဲမှာ စီးနေရသလိုပင်၊ ကိုယ်ရော စိတ်ပါ ငြိမ့်ငြိမ့် ငြိမ့်ငြိမ့်လဲ ဖြစ်နေတတ်၏၊ တချို့က၊ တွေ့ခါစ ၌၊ ဤငြိမ့်မှုကိုပင် 'မူးသည် ယိမ်းသည်'ဟူ၍လဲ ထင်တတ်၏၊ ကြောင့်ကြ ပူပန်မှု ကင်းလျက် ကိုယ် စိတ်၏ ငြိမ်းအေးမှု = ပဿဒ္ဓိလဲ ထင်ရှားဖြစ်ပေါ်တတ်၏၊ ဤပဿဒ္ဓိ၏ အစွမ်းကြောင့်၊ ထိုင်နေစဉ်ဖြစ်စေ, အိပ်နေစဉ်ဖြစ်စေ, သွားနေစဉ် ရပ်နေစဉ် ဖြစ်စေ, နေရာတကာမှာ ငြိမ်းချမ်း သက်သာလျက် အလွန်နေထိုင်ကောင်းတတ်၏။ ထို့ပြင်, ထက်သန်စွာဖြစ်သော လဟုတာ စသည်တို့၏အစွမ်းကြောင့် ကိုယ်စိတ် နှစ်ပါးလုံး အလွန်လျင်မြန် ပေါ့ပါးလျက်ရှိ၏၊ အလွန်နူးညံ့ သိမ်မွေ့ ပြေ့ပျောင်း၏၊ ကြာရှည်စွာ ထိုင်လျက်, အိပ်လျက် မှတ်နေသော်လဲ အမှတ်မပျက်ဘဲ ကောင်းမြဲပင် ကောင်းနေ၏၊ ညောင်းခြင်း ပူခြင်း နာကျင်ခြင်း ကင်းနေတတ်၏၊ မှတ်စိတ်နှင့် အာရုံတဲ့လျက် အချိုးအစားကျ၏၊ စိတ်သဘောထားဖြောင့်မတ်၍ မကောင်းမှု ဟူသမျှမှ ကြဉ်ရှောင်လို၏။ ထက်သန်သော သဒ္ဓါ၏ အစွမ်းကြောင့် စိတ်သည် အထူးကြည်လင်နေ၏၊ တခါတရံ၌ မှတ်စရာ

အာရုံမရှိဘဲ အလွန်ကြည်သော စိတ်တခုတည်းသာကြာရှည်စွာလဲ ဖြစ်နေတတ်၏။ “မြတ်စွာဘုရား အလုံးစုံကို သိတော်မူတာ ဟုတ်ပါပေသည်၊ ရုပ်နာမ် ၂-ပါးမျှ, အနိစ္စ ဒုက္ခ အနတ္တ တရားမျှ ရှိတယ် ဆိုတာ မှန်ပါပေသည်”-ဤသို့ စသည်ဖြင့် ကြည်ညိုမှု ယုံကြည် ဆုံးဖြတ်မှုလဲ မြဲမြံစွာ ဖြစ်တတ်၏။ မှတ်နေစဉ်မှာ ဆင်ခြင်လျက်လဲ ရုပ်နာမ်, အဖြစ်အပျက်, အနိစ္စ ဒုက္ခ အနတ္တ သဘောတို့ကို ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ သဘော ကျကျ သွားတတ်၏၊ သူတပါးအား တရားဟောလို တိုက်တွန်းလိုသော စိတ်လဲ များစွာဖြစ်တတ်၏။ အလွန်လဲ ကြောင့်ကြမစိုက်ရဘဲ ပျင်းရိလျော့ပေါ့မှုကင်း၍ ညီမျှစွာ အားထုတ်သော ဝီရိယလဲထင်ရှား၏။ သူ့အလိုလိုပင် သိသိသွားသကဲ့သို့သော ဝိပဿနုပေက္ခာလဲ ထင်ရှား၏။ ဝမ်းသာမှုသည်လည်း ဘယ်တော့ကမျှ မဖြစ်ဘူးသော စံချိန်ဖြင့် လွန်ကဲစွာ ဖြစ်တတ်၏။ ထို့ကြောင့်, မိမိ၏ ဖြစ်ပုံကို သူတပါးအား အလွန်ပြောချင်တတ်၏။ အလင်းရောင်, သတိ, ဉာဏ်, ပီတိစသော အထူးများကို သာယာနှစ်သက် သဘောကျမှု= နိကန္တိလဲ ဖြစ်ပေါ်တတ်၏၊ ထို နိကန္တိကြောင့် “ရှုမှတ်မှု ဘာဝနာ အလုပ်၌ အထူး ပျော်မွေ့လာသည်”ဟု ထင်ရ၏။

အထူးဖြစ်ပေါ်လာသော ဤအလင်းရောင် စသည်တို့ကို စူးစားမနေလင့်။ ၎င်းတို့ကိုလဲ ပေါ်လာတိုင်း “လင်းတယ်၊ ကောင်းတယ်၊ သိတယ်၊ ဆင်ခြင်တယ်၊ ကြည်ညိုတယ်၊ ဝမ်းသာတယ်၊ နှစ်သက်တယ်၊ သဘောကျတယ်” စသည်ဖြင့် မှတ်ရုံသာ မှတ်သွားပါလေ။ လင်းသည်ဟု ထင်လျှင်, “လင်းတယ် လင်းတယ်”ဟု၊ မပျောက်မချင်းမှတ်၊ မြင်သည်ဟု ထင်လျှင်လဲ, “မြင်တယ် မြင်တယ်”ဟုမှတ်ပါ။ သို့သော်လဲ, အလင်းရောင်စသော အာရုံအထူးများကို တွေ့ခါစ၌၊ မမှတ်နိုင်ဘဲ ဝမ်းသာလျက်, သဘောကျလျက်သာ နေမိတတ်၏။ မှတ်ပါသော်လဲ, ဝမ်းသာ နှစ်သက်မှုနှင့် ရောနှော နေသောကြောင့်၊ ရုတ်တရက် မပျောက်ဘဲ ရှိနေတတ်၏။ ကြုံတွေ့ဘန်များမှသာလျှင် နိုင်နင်းစွာမှတ်နိုင်၍ ပျောက်လွယ်တတ်ပေသည်။ အလင်းအားကြီးသော ပုဂ္ဂိုလ်မှာ ကြာမြင့်စွာ မှတ်သော်လဲ မပျောက်ဘဲ ရှိနေတတ်၏။ သို့ဖြစ်လျှင်ကား အလင်းရောင်ကို နှလုံးမသွင်း ဂရုမစိုက်ဘဲ လစ်လျူပြု၍, ကိုယ်ထဲစိတ်ထဲက ထင်ရှားတဲ့အမူအရာများကိုသာလျှင် စူးစိုက်၍မှတ်သွားပါလေ၊ လင်းသေးသလားဟူ၍လဲ မစဉ်းစားနဲ့၊ စဉ်းစားလျှင်, လင်းမြဲပင် လင်း၍ နေတတ်သည်။ ထိုသို့သော စဉ်းစားဆင်ခြင်မှုကို မိမိရရ သိအောင် မှတ်လိုက်ပါ။ အလင်းရောင်မျှသာ မဟုတ်သေး၊ ထိုသို့ သမာဓိ အားကောင်း နေစဉ်၌ စိတ်ညွှတ်မိလျှင်, ထူးထူး ထွေထွေ အာရုံများလဲ ထင်ပေါ်လာတတ်၏။ ဤသို့သော စိတ်ညွှတ်မှုကိုကား မပြုအပ်၊ ညွှတ်မိလျှင်လဲ လျင်မြန်စွာ မှတ်၍ ပယ်ဖျောက်လိုက်ပါ။ အချို့ပုဂ္ဂိုလ်မှာ အထူးစိတ်မညွှတ်ပါဘဲ မပီမသလှသော အရိပ်အရောင် ပုံသဏ္ဌာန် အာရုံ အမျိုးမျိုးသည် ရထားတွဲများခုတ်သွားနေသလို တခုပြီး တခု ရိပ်ရိပ် ရိပ်ရိပ်နဲ့ ထင်ပေါ်နေတတ်၏။ “မြင်တယ် မြင်တယ်”ဟု မှတ်နေ လျှင်, တချက်မှတ် တချက်မှတ်ဖြင့် တအာရုံ တအာရုံ ပျောက်ပျောက်သွား၏။ ဉာဏ် အားလျော့လာလျှင်, ပီပီသသလဲ ထင်ပေါ်လာတတ်၏၊ “မြင်တယ် မြင်တယ်”ဟု မှတ်လျှင်, တချက် တချက်မှတ်ဖြင့် တအာရုံ တအာရုံသည် ပေါ်လာတဲ့ ထိုနေရာမှာပင် ပျောက်ပျောက်သွား၏၊ နောက်ဆုံး၌ မပေါ်လာတော့ဘဲ ကင်းငြိမ်းသွား၏။

အလင်းရောင် စသည်ကို နှလုံးသွင်းနေတာက လမ်းမှားဘဲ၊ သိရုံမျှ မပြတ် မှတ်နေတာကမှ ဝိပဿနာ လမ်းမှန်ဘဲဟု ဆုံးဖြတ်၍, ကိုယ်ထဲစိတ်ထဲ၌ တကယ် ဖြစ်ပေါ်နေသော ရုပ်နာမ်တို့ကို မပြတ်မှတ်နေလျှင် သိမှုသည် သာ၍ ရှင်းရှင်းလာ၏။ ရုပ်နာမ်တို့၏ ဖျတ်ကနဲ ဖျတ်ကနဲ ပေါ်မှု ပျောက်မှုများကို ရှင်းလင်းစွာ သိ၏၊ မှတ်တိုင်း မှတ်တိုင်း “ထိုနေရာမှာပင် ပေါ်လာ၍၊ ထိုနေရာမှာပင် ပျောက်သွားသည်”ဟု သိ၏။ “ရှေး ရှေး အမူအရာသည် နောက် နောက် အမူအရာနှင့် မရောဘဲ အပိုင်းအပိုင်း ပြတ်လျက် ကုန်ဆုံး သွားသည်”ဟု ရှင်းလင်းစွာ သိရ၏။ ထို့ကြောင့်, မှတ်ချက်တိုင်း၌ “မမြဲဟု ဖြစ်စေ, ဆင်းရဲ = မကောင်းဟု ဖြစ်စေ, ငါကောင် မဟုတ်ဟု ဖြစ်စေ” သိလျက်, သဘောကျလျက် ရှိလေ၏။ ထိုအခါမှာ အတန်ကြာအောင် အားထုတ်ပြီးလျှင်, “ဒါလောက် ကောင်းမှာပါဘဲ၊ မထူးတော့ပါဘူး”ဟု အားရကျေနပ်၍ ခဏခဏ ရပ်နားနေမိတတ်သည်။ နားချင်တိုင်း ခဏ ခဏ နားမနေနဲ့၊ အချိန် နာရီတိုး၍ တိုး၍ တဆက်တည်း ကြာကြာအားထုတ်ပါလေ။

ဘာဝနာဉာဏ် တဆင့်တက်၍ ရင့်သန်ပြန်လျှင် မှတ်ရသော အာရုံများ၏ အစဖြစ်ပေါ်မှုကို ထင်ရှား မတွေ့ရတော့ဘဲ, အဆုံးအဆုံးကိုသာတွေ့ရ၏၊ အကုန် အပျောက် မြန်မြန်နေသည်ဟု ထင်ရ၏၊ မှတ်တဲ့ စိတ်များကိုလဲ ကုန်ဆုံး ကုန်ဆုံး သွားသည်ဟုသိ၏။ ပုံကား … ဖေါင်းတယ်ဟု မှတ်ခိုက်၌ ဖေါင်းကြွ ရွေ့ရှားမှုကလေး ရိပ်ကနဲ ကုန်ဆုံးသွားသည်ဟု သိရ၏၊ ထိုသိတဲ့ စိတ်လဲ လျင်မြန်စွာ ကုန်ဆုံး သွားသည်ဟု သိပြန်၏၊ ဖေါင်းမှုနှင့် မှတ်သိမှု ဤနှစ်ခုတို့ကို “ရှေ့ဆင့် နောက်ဆင့် ကုန်ဆုံး သွားကြသည်”ဟု သိရ၏။ ပိန်တယ် ထိုင်တယ် ကွေးတယ် ဆန့်တယ် ညောင်းတယ်စသည်ဖြင့် မှတ်ခိုက်တို့၌လဲ ပဌမ အာရုံနှင့် ဒုတိယ မှတ်စိတ်တို့ကို “နည်းတူပင် ရှေ့ဆင့် နောက်ဆင့် ကုန်ဆုံး ကုန်ဆုံး သွားသည်”ဟု သိရ၏။ အချို့ပုဂ္ဂိုလ်သည်ကား ပဌမ အာရုံ, ဒုတိယ မှတ်စိတ်, တတိယ တဖန် သိတဲ့စိတ်, ဟူသော ဤ ၃-မျိုး ၃-မျိုးတို့ ရှေ့နောက်ဆင့်လျက် ကုန်ဆုံး သွားကြသည်ကိုလဲ ကွဲပြားစွာ သိသေး၏။ သို့သော်လဲ, အာရုံနှင့် မှတ်စိတ် ဟူသော ဤ ၂-မျိုး ၂-မျိုးကို ရှေ့နောက်ဆင့်လျက် အတွဲလိုက် ကုန်ဆုံးကုန်ဆုံးသွားသည်ကို ထင်ရှားသိလျှင်ပင် ပြည့်စုံ လုံလောက်တော့သည်သာတည်း။

အာရုံနှင့်မှတ်စိတ်တို့ အတွဲလိုက်အတွဲလိုက် ကုန်ပျက်နေသည်ကိုသာ မပြတ်သိနိုင်အောင် အမှတ်စင်ကြယ်သော အခါ၌၊ ကိုယ် ခေါင်း လက် ခြေစသော သဏ္ဌာနနိမိတ်=ဃနပညတ်=အထည်ဒြဗ် ပုံသဏ္ဌာန်မထင် ပေါ်ပြီ၊ ရိပ်ရိပ် ရိပ်ရိပ်နှင့် တပျက်ထဲ ပျက်ပျက်နေသော သဘောမျှ၌သာ၊ မှတ်သိမှုသည် တည်လေတော့၏။ ထို့ကြောင့် ဤဉာဏ် ဖြစ်ပေါ်ခါစ၌၊ အချို့ပုဂ္ဂိုလ်သည် မှတ်ရတာ ပေါ့ဟာဟာဖြစ်နေသည်ဟူ၍၎င်း, ကျဲတဲတဲ ဖြစ်နေ သည်ဟူ၍၎င်း, မကောင်းဘူးဟူ၍၎င်း ထင်တတ်

၏။ ထိုသို့ကား မထင်မှတ်အပ်ပေ၊ စိတ်သည် ကျက်စားနေကျဖြစ်သော သဏ္ဍာန်ရနိမိတ် ဃနပညတ် အထည်ဒြဗ်အာရုံ၌ ပျော်မွေ့၏၊ ထိုပညတ်အာရုံကို ရှေးကလို မရသည့်အတွက် အားမရဘဲရှိလေသည်၊ ဉာဏ်အားပြည့်လျက် တိုးတက်၍ ကောင်းလာခြင်းသာ ဖြစ်ပေသည်၊ ဘာဝနာ နစဉ်က၊ မြင်လျှင်, ကြားလျှင်, တွေ့ထိလျှင်, ပုံသဏ္ဍာန်စသော ပညတ်ကို ရှေးဦးစွာ ထင်ရှား သိ၏။ ဤမျှ ဉာဏ်ရင့်သော အခါ၌ကား ရိပ်ကနဲ ရိပ်ကနဲ ကုန်ပျက်သော အမူအရာ သဘောက ရှေးဦးစွာ ထင်ရှား၏၊ ကုန်သွားသည်, ပျောက်သွားသည်, ပျက်သွားသည်ဟု သိသောဉာဏ်က ရှေးဦးစွာဖြစ်ပေါ်၏၊ အဖန်ဖန် စဉ်းစားမှသာ ပုံသဏ္ဍာန်စသော ပညတ်ကို သိနိုင်သည်၊ မစဉ်းစားဘဲ မှတ်ရုံသာ မပြတ်မှတ်နေလျှင်ကား ပညတ်အာရုံသို့အလျင်း မရောက်တော့ဘဲ ကုန်ပျက်သော ပရမတ်သဘောမျှ၌သာ တည်လေတော့၏။ သို့ဖြစ်၍, "ပညတ်ပေါ်လျှင် ပရမတ် ငုပ်သည်၊ ပရမတ် ပေါ်လျှင် ပညတ် ငုပ်သည်"ဟု ဆိုသော ပညာရှိတို့၏ စကားမှန်ကန်ပုံကို ကိုယ်တိုင် တွေ့ရ၏။

မှတ်မှုအထူး စင်ကြယ်သော အခါ၌ ရှေးအမှတ်နှင့် နောက်အမှတ် ခပ်ကျဲကျဲခပ်ဝေးဝေးဖြစ်နေသည်ဟူ၍လဲ ထင်ရတတ်၏၊ အသိဉာဏ် လျင်မြန်သန့်ရှင်းသောကြောင့်၊ ရှေးနောက် ဝီထိတို့၏အကြား၌ဖြစ်သော ဘဝင်စိတ် အခိုက်အတန့်ကိုပါ သိခြင်းပေတည်း။ ကွေးမည်ဆန့်မည် ဟု ကြံတဲ့စိတ်ကို မှတ်သိလိုက်တဲ့အတွက် ထိုစိတ် အရှိန်ပျက်သွားသောကြောင့်၊ ရုတ်တရက် မကွေးနိုင် မဆန့်နိုင်ဘဲ ကြာမြင့်၍လဲ နေတတ်၏၊ အသိဉာဏ် ထက်သန် အားကောင်းခြင်းကြောင့်ပင်တည်း။ ဤသို့သောကာလ၌ မှတ်နေကျ အစဉ်အတိုင်းသာ မမှတ်မူ၍, ဒွါရ ၆–ပါး၌ ထင်ရှားဖြစ်ပေါ်သော ရုပ်နာမ် အမူအရာတို့ကိုလဲ ဖြန့်၍ မှတ်ပါလေ။

ဖြန့်၍ မှတ်ပုံ ....ဖေါင်းတယ်ပိန်တယ် ထိုင်တယ်စသည်ဖြင့် မှတ်နေကျအတိုင်းမှတ်လျက် အရှိန်ကောင်းလာလျှင်၊ တကိုယ်လုံး၌ ထင်ရှားသော ထိသိမှု များစွာတို့ကိုငှင်း, ကြားမှုမြင်မှု စသည်တို့ကိုငှင်း, ဖြစ်ပေါ်စဉ်အတိုင်း လိုက်၍ 'ထိတယ် မှတ်တယ်' စသည်ဖြင့် မပြတ်မှတ်သွားပါလေ၊ ဤသို့ မှတ်နေရာတွင်၊ အသိကျဲသွားလျှင် ဖြစ်စေ, ပျံ့လွင့်မှု များလာလျှင် ဖြစ်စေ, ပင်ပန်းလျှင် ဖြစ်စေ, ဖေါင်းမှု ပိန်မှု ထိုင်မှု စသော မှတ်နေကျကိုသာ ပြန်၍ မှတ်လေ၊ အတန်ကြာ၍အရှိန် ရလာပြန်လျှင် တဖန် ပေါ်ရာ ပေါ်ရာကို လိုက်၍ နည်းတူပင် ဖြန့်မှတ်ပါလေ၊ ဤနည်း ဖြင့် ရံခါ ရံခါ၌ ဖြန့်၍ မှတ်ရမည်။

မှတ်စဉ်မထားဘဲ ဖြန့်၍ဖြန့်၍ ကောင်းစွာ မှတ်နိုင်သောအခါ၌၊ အထူးကြောင့်ကြစိုက်၍ မမှတ်သော်လဲ, ကြားကြား သမျှကို "ရှေးနောက်မစပ်ဘဲ အပိုင်းအပိုင်းပြတ်လျက် ကုန်ကုန် သွားသည်"ဟု သိရ၏၊ မြင်မြင်သမျှကိုလဲ "ရိပ်ရိပ် ရိပ်ရိပ်နှင့် ပျက်နေသည်"ဟု သိရ၏၊ မှန်ကန်စွာ သိမှုတို့ပေတည်း။ အချို့မှာ စူးစူး စိုက်စိုက်ကြည့်လိုက် လျှင်, ပီပီသသ မမြင်ရဘဲ ရိပ်ရိပ် ရိပ်ရိပ် ဖြစ်နေသည်ကိုသာ တွေ့ရသောကြောင့်, "ကြည့်၍ မကောင်းဘူး၊ မျက်စိ မွဲနေသည်၊ မှုံနေသည်၊ မှုံးမှုံး မှိုက်မှိုက် ဖြစ်နေသည်"ဟု ထင်တတ်၏၊ မျက်စိမွဲခြင်း မှုံခြင်း မှုံးခြင်းကား မဟုတ်ပါ၊ တရားသဘောအတိုင်း ရှေးအမြင်နှင့် နောက်အမြင်တို့ကို ပိုင်းခြားသော အသိဉာဏ်က အလိုလို ပါနေသောကြောင့်၊ ပညတ် အာရုံ မပီသဘဲ ရှိခြင်းမျှသာတည်း။ ထိုသို့သော ကာလ၌, 'မမှတ်ဘဲ နေဦးမည်'ဟု ရုပ်နားနေသော်လဲ, ရုပ် နာမ် သင်္ခါရတို့က ထင်မြဲ ထင်ပေါ်လျက် ရှိတတ်ကုန်၏၊ မှတ်သိမှုကလဲ ထိုသင်္ခါရတို့ကို အလိုလိုပင် သိမြဲသိလျက် ရှိတတ်၏။ ထို့ကြောင့်, အိပ်ပါသော်လဲ အိပ်မပျော်ဘဲ နေ့ရော ညဉ့်ပါကြည်လင်လျက်သာ ရှိတတ်၏။ အိပ်မပျော် သည့်အတွက် မစိုးရိမ်လင့်, နေထိုင် မကောင်းခြင်း မကျန်းမာခြင်းကား မဖြစ်နိုင်ပါ၊ ကြိုးစား၍သာ မှတ်ပါလေ။ ဤဉာဏ်အားပြည့်သောအခါ၌၊ မှတ်စိတ်က အာရုံထဲသို့ စူးဝင်စူးဝင် သွားသလိုလဲ ထင်ရတတ်၏။

အာရုံနှင့် မှတ်စိတ်တို့ မပြတ် မစဲ တပျက်ထဲ ပျက်နေသည်ကို ကောင်းစွာ သိရသော အခါ၌ ဤသို့ ဆင်ခြင်မိတတ်၏၊ "မျက်စိတမှိတ်ခန့်, လျှပ်တပြက်ခန့်မျှတောင် မတည်တံ့၍ မမြဲတာချည်းပါတကား၊ မသိခဲ့လို့သာဘဲ၊ ရှေးကလဲ ယခုလိုပင် ကုန်ပျက်နေခဲ့မှာဘဲ၊ နောင်လဲ ယခုလိုပင် ကုန်ပျက်နေမှာဘဲ"ဟူ၍ ဆင်ခြင်မိတတ်၏၊ ထို ဆင်ခြင်မှု ကိုလဲ မှတ်လိုက်ပါ။ ထို့ပြင်, မှတ်မှုတို့၏ အကြားအကြား၌ ကြောက်စရာကောင်းပုံကိုလဲ ဆင်ခြင်မိတတ်၏။ ပုံကား ...., မသိလို့သာ ပျော်ရွှင်စွာ နေနိုင်ကြသည်၊ တပျက်ထဲပျက်နေတာကို အမှန်အတိုင်း သိရတော့ ကြောက်စရာချည်း ပါတကား၊ သူတို့ ပျက်တိုင်း ပျက်တိုင်း သေနိုင်တဲ့ အချိန်ချည်းပါတကား၊ ဤဘဝ၌စ၍ ဖြစ်ပေါ်ခဲ့တာလဲ ကြောက်စရာဘဲ။ မပြတ်မစဲ မကုန်မဆုံးနိုင်အောင် အထပ်ထပ် ဖြစ်ပေါ်နေတာလဲ ကြောက်စရာဘဲ၊ အကောင်အထည်ဒြဗ်မရှိပါဘဲနဲ့ အကောင် အထည်ဒြဗ် ရှိသလိုပင် ထင်ပေါ်နေတာလဲ ကြောက်စရာဘဲ၊ ချမ်းသာကောင်းစားအောင် (သည်လို တပျက်ထဲပျက်နေတဲ့တရားတွေ အရှည်တည်တံ့နေအောင်) အားထုတ် ပြုလုပ်နေတာလဲ ကြောက်စရာဘဲ။ ဘဝအသစ် ဖြစ်ရမှာလဲ (သည်လို တပျက်ထဲ ပျက်နေတဲ့ တရားတွေ ထပ် ဖြစ်ဦးမှာလဲ) ကြောက်စရာဘဲ။ အိုရ နာရ သေရ စိုးရိမ် ပူဆွေးရ ငိုကြွေးရ အပြင်းအထန် စိတ်ပူပန်ရတာတွေလဲ ကြောက်စရာတွေ ချည်းဘဲဟု ဆင်ခြင်မိ၏။ ဤဆင်ခြင်မှုကိုလဲ မလွတ်စေနဲ့၊ မှတ်လိုက်ပါ။ ထိုအခါ၌ ယောဂီ၏ စိတ်သည် အားကိုးရာမဲ့၍ အားငယ်ညှိုးနွမ်း နေသကဲ့သို့လဲ ရှိတတ်၏၊ လျင်စွာကုန်ပျက်နေသော ရုပ်နာမ်တွေကို ကြောက်ရွံ့နေသကဲ့သို့ လဲဖြစ်တတ်၏၊ ဝမ်းနည်းသလိုလိုလဲ ဖြစ်တတ်၏၊ ရွှင်ပျတက်ကြွခြင်းကား မရှိပြီ၊ စိတ်မပျက်နဲ့၊ တရားသဘောအတိုင်း ဉာဏ် တိုးတက်လာခြင်းပင်တည်း၊ ကြောက်စရာကောင်းသည်ကို သိရ၍ ဥပေက္ခာစိတ်ဖြင့် မရွှင် မညှိုးဖြစ်ရုံမျှသာ တည်း။ ဆင်ခြင်မှုကိုလဲ မှတ်၍၊ ပေါ်ရာပေါ်ရာကို မပြတ် မှတ်နေလျှင်, မကြာမီ လွန်မြောက်သွားပါလိမ့်မည်။ သို့သော်လဲ, မမှတ်မူ၍ ကြာမြင့်စွာ ဆင်ခြင်နေလျှင်ကား ဒေါမနဿဖြစ်လျက် မနေသာအောင် တကယ်ကြောက်မှုလဲ ဖြစ်တတ်သေး၏။ ဤ မနေသာ

အောင် ကြောက်ခြင်းသည်ကား ဝိပဿနာဉာဏ် မဟုတ်ပြီ၊ သို့ဖြစ်၍ ဒေါမနဿ အကြောက်မျိုးမဖြစ်စေရန် ဆင်ခြင်မှုများကို မလွတ်အောင် မှတ်ပါလေ။

ထို့ပြင်, မှတ်မှုတို့၏ အကြား၌၊ အပြစ်တင်လျက်လဲ ဆင်ခြင်မိတတ်၏၊ ပုံကား....သည် ရုပ်နာမ်တွေဟာ တပျက်ထဲ ပျက်နေ၍ မမြဲတဲ့အတွက်လဲ မကောင်းဘူး၊ ယခုဘဝ၌စ၍ ဖြစ်ခဲ့တာလဲမကောင်းဘူး၊ မကုန်မဆုံးနိုင်အောင် မပြတ်ဖြစ်နေတာလဲ မကောင်းဘူး၊ အကောင်အထည်ဒြဗ် မရှိပါဘဲနဲ့ အကောင်အထည်ဒြဗ်ရှိသလိုပင် ထင်ပေါ်နေတာလဲ မကောင်းဘူး၊ ချမ်းသာကောင်းစားအောင် အားထုတ်ပြုလုပ်နေတာလဲ မကောင်းဘူး၊ ဘဝအသစ် ဖြစ်ရမှာလဲ မကောင်းဘူး၊ အိုရ နာရ သေရ စိုးရိမ် ပူဆွေးရ ငိုကြွေးရ အပြင်းအထန် စိတ် ပူပန်ရတာတွေလဲ မကောင်းဘူး၊ ဆင်းရဲချည်းဘဲ မငြိမ်းအေးတာချည်းဘဲဟူ၍ ဆင်ခြင်မိတတ်၏၊ ဤဆင်ခြင်မှုများကိုလဲ မှတ်မိပါစေ။ ထိုအခါ၌, မှတ်ရတဲ့ ရုပ်နာမ်နှင့် မှတ်စိတ်ဟူသမျှကို အလွန်ရွံရှာ့ရင်း ကြမ်းတမ်းသည်ဟူ၍လဲ ထင်မြင်တတ်၏၊ အလွန်ယုတ်ညံ့ ဆိုးဝါးသည်ဟူ၍လဲ ထင်မြင်တတ်၏၊ ဘာမျှ အသုံးမကျအဘိုး မတန်ဘူးဟူ၍လဲ ထင်မြင်တတ်၏၊ ပေါ်လိုက်ပျောက်လိုက်နှင့် ရွံမုန်းစရာတွေကိုချည်း တွေ့နေရသည်ဟူ၍လဲ ထင်မြင်တတ်၏၊ ကိုယ်ကောင်ကြီးတခုလုံး ပုပ်ရိဆွေးမြည့်နေသလိုလဲ ထင်မြင်တတ်၏၊ အလွန် ပျက်လွယ် သကဲ့သို့လဲ ထင်မြင်တတ်၏။

ထိုအခါ၌ ရုပ်နာမ်တို့ကို ဖြစ်ပေါ်စဉ်အတိုင်း မှတ်သိလျက်ရှိသော်လဲ, ယောဂီ၏စိတ်သည် ထိုရုပ်နာမ်တို့၌ ပျော်မွေ့ ခြင်းမရှိပြီ၊ မှတ်ချက်တိုင်း၌ ရုပ်နာမ်တို့၏ ကုန်ပျက်မှုကို ပိုင်းပိုင်း ခြားခြားတွေ့လျက် မှတ်သိမှု ကောင်းငြားသော်လဲ၊ ရှေးကလို အားရတက်ကြွခြင်း မရှိပြီ၊ မပျော်မမွေ့ ငြီးငွေ့သော အခြင်းအရာနှင့်တကွသာလျှင် ဖြစ်၏။ ထို့ကြောင့်, မမှတ်ချင် သလိုလို, မှတ်ရမှာ ပျင်းသလိုလိုလဲ ဖြစ်တတ်၏။ သို့သော် မမှတ်ဘဲလဲ မနေနိုင်၊ မှတ်လျက် မှတ်လျက်သာရှိ၏။ ဥပမာ ....မစင် ရွံ့ညွန် လူးပေသော လမ်းပေါ်၌ မလွှဲသာ၍ သွားရလျှင်, နင်းတိုင်း နင်းတိုင်း ရွံရှာငြီးငွေ့ သကဲ့သို့ငှင်း၊ မသွားဘဲလဲ မနေနိုင်၊ သွားလဲ သွားရသကဲ့သို့ငှင်း ဖြစ်ပေ၏။ ထိုအခါ၌, လူ့ဘုံကို စဉ်းစားကြည့်မိလျှင်, တပျက်ထဲ ပျက်နေတဲ့ ရုပ်နာမ် တို့မှ မကင်းနိုင်ဟု သဘောကျသောကြောင့်, ဘယ်လို လူ့အဖြစ်မျိုး, ဘယ်လို ယောကျ်ားမိန်းမအဖြစ်မျိုး, ဘယ်လို မင်းအဖြစ် သူဌေးအဖြစ်မျိုးတွင်မျှ ပျော်မွေ့ဘွယ်ကို မမြင်ပြီ၊ ငြီးငွေ့ဘွယ်ဟူ၍သာ ထင်မြင်၏။ နတ်ဘုံ ဗြဟ္မာဘုံတို့ကို စဉ်းစား ကြည့်မိ လျှင်လဲ, နည်းတူပင် သဘောကျ သောကြောင့်, ငြီးငွေ့ဘွယ်ဟူ၍သာ ထင်မြင်၏။

ငြီးငွေ့သောကြောင့်, မှတ်တိုင်း မှတ်တိုင်းသော စိတ်သည် မှတ်သိရသော ရုပ်နာမ် သင်္ခါရတို့မှ အတင်းရုန်းကန် ဖွဲ့ထွက်နေသကဲ့သို့လဲ ထင်ရတတ်၏။ "မြင်မှု ကြားမှု ထိမှု, ကြံမှု ထိုင်မှု ထမှု ကွေးမှု ဆန့်မှု ရှုမှတ်မှု စသော သည်ဟာတွေ အလုံးစုံ မရှိတာကကောင်းတော့တာဘဲ၊ သည်ဟာတွေကို လွတ်ရာ တခြားသို့ စွန့်ပစ်လိုက်ရလျှင် ကောင်းမှာဘဲ၊ သူတို့ မရှိရာ သို့ ရောက်ချင်ပါဘိတော့တယ်"ဟု ဤသို့ စသည်ဖြင့်၊ သင်္ခါရတို့မှ လွတ်မြောက်ရန် လိုလားလျက် ကြံစည်မိတတ်၏။ ထို ကြံစည်မှုကိုလဲ မလွတ်စေနဲ့၊ မှတ်လိုက်ပါ။ "သည်ရုပ်နာမ်တွေကင်းအောင် ဘယ်လိုလုပ်ရပါမည်လဲ၊ မှတ်မြဲအတိုင်း မှတ်နေ လျှင်, မကောင်းတာတွေကို လှန်လှောပြီး ကြည့်နေသလို ဖြစ်နေတာဘဲ၊ မကောင်းတာတွေကိုချည်း တွေ့နေတော့တာဘဲ၊ သူတို့ကို နှလုံးမသွင်းဘဲ မမှတ်ဘဲနေရတာက ကောင်းမှာထင်ပါရဲ့" ဟူ၍လဲ စဉ်းစားမိတတ်၏။ ထိုစဉ်းစားမှုကိုလဲ မှတ်လိုက် ပါ။

တချို့မှာ ထိုသို့စဉ်းစားမိတဲ့အတိုင်းပင် မမှတ်တော့ဘဲ ရပ်နားနေမိတတ်၏၊ ရပ်နားနေသော်လဲ မြင်မှု ကြားမှု သိမှု ဖေါင်းမှု ပိန်မှု ထိုင်မှု ကွေးမှု ဆန့်မှု ကြံမှု စသော နာမ်ရုပ်များက မဖြစ်ဘဲလဲ မနေချေ၊ ဖြစ်မြဲပင် ဖြစ်ပေါ်လျက်သာရှိ၏၊ ရှုမှတ်ခဲ့သော ဝိပဿနာအဟုန်ကြောင့် မထင်ဘဲလဲမနေချေ၊ ထင်မြဲပင် ထင်ပေါ်လျက်သာရှိ၏၊ ထင်ရှားသော ထိုရုပ်နာမ်တို့ ကို သိမှုကလဲ အလိုလိုပင် မပြတ်သိလျက်ရှိ၏၊ ထို့ကြောင့်, ဤသို့ ဆင်ခြင်လျက် သဘောကျတတ်၏။ "မမှတ်ဘဲ နေသော် လဲ ရုပ်နာမ်တွေက ဖြစ်လဲဖြစ်ပေါ်နေတာဘဲ။ ထင်လဲ ထင်ပေါ်နေတာဘဲ၊ သိမှုက လဲသူတို့ကို မပြတ် သိနေတာဘဲ၊ သို့ဖြစ်၍, မမှတ်ဘဲ နေရုံမျှဖြင့် သည်ရုပ်နာမ်တွေမှ မလွတ်နိုင်သေးဘူး၊ သူတို့ကို မစွန့်နိုင်သေးဘူး၊ အစဉ်အတိုင်း မှတ်၍ အနိစ္စ ဒုက္ခ အနတ္တအဖြစ်ကို ကောင်းကောင်း သိမြင်ပြီးမှ, သူတို့ကို ဂရုမစိုက်ဘဲ လစ်လျူရှုနိုင်မည်၊ သူတို့ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုလဲ သိမြင်ရမည်၊ ထိုအခါ ကျမှ ကောင်းကောင်း ငြိမ်းအေး သွားမည်"ဟူ၍ သဘောကျပြီးလျှင်, မှတ်မြဲပင် တဖန် ပြန်၍ မှတ်၏။ ကိုယ်တိုင် မဆင်ခြင်တတ်သော သူသည်လည်း ဆရာက ဟောပြတဲ့အတိုင်း သဘောကျ၍ တဖန် မှတ်မြဲ မှတ်ပြန်၏။

ဤသို့မှတ်မြဲတိုင်း တဖန်မှတ်၍ အရှိန်ကောင်းလာသောအခါ၌၊ အချို့ပုဂ္ဂိုလ်မှာ မခံသာသော ဝေဒနာများကိုလဲ တွေ့ရတတ်သေး၏။ စိတ် မပျက်လင့်၊ ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓ တော စသည်တို့ နှင့်အညီ, ဆင်းရဲအစု ရောဂါအစုကဲ့သို့ ထင်ပေါ်စေလျက်၊ ဒုက္ခလက္ခဏာ အထူး ထင်ရှား ခြင်းပေတည်း၊ လွန်မြောက်သွား အောင် မှတ်ပါလေ။ ဤသို့ လွန်ကဲသော ဒုက္ခဝေဒနာကို မတွေ့ရသော်လဲ, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ (၄၀)တို့တွင် တပါးပါးသည် ထိုက်သည်အားလျော်စွာ မှတ်ချက်တိုင်း၌ထင်ရှား၏။ ဤသို့ထင်ရှား၍ ပျံ့လွင့်ခြင်းမရှိဘဲ အမှတ်ကောင်းနေ သော်လဲ၊ ယောဂီသည်ကား မှတ်သိမှုကို မကောင်းဘူးဟူ၍သာ ထင် တတ်၏၊ အာရုံနှင့် မှတ်စိတ်တို့ ကောင်းကောင်းမကပ်ဘဲ ဝေးနေသည်ဟူ၍လဲ ထင်တတ်၏၊ ရုပ်နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို ပိုင်ပိုင် နိုင်နိုင်ကြီး သိလိုတဲ့အတွက် အားမရနိုင်ခြင်းပင်တည်း၊ ဤသို့ အားမရသောကြောင့် အမျိုးမျိုး ပြောင်းလဲပြုပြင်မိတတ်၏၊ ထိုင်လျက် မှတ်နေရာမှ

မကောင်းဘူးဟု ထင်၍ စကြံသွားလိုတတ်၏၊ သွားလျက် မှတ်နေရာမှလဲ မကောင်းဘူးဟု ထင်ပြန်၍ ထိုင်လိုတတ်၏၊ တဖန် မကောင်းဘူးဟု ထင်ပြန်၍ လက်, ခြေတို့ကို ပြောင်းရွှေ့ ပြုပြင်လိုတတ်၏၊ တခြားနေရာသို့ ရွှေ့ပြောင်းလိုတတ်၏၊ လဲလျောင်းလိုတတ်၏။ ဤသို့ အမျိုးမျိုး ပြောင်းရွှေ့ ပြုပြင်၍ မှတ်သော်လဲ, ဘယ်နေရာ ဘယ်အနေမျိုးတွင်မျှ ကြာရှည်စွာ မတတ်နိုင်၊ ခဏ, ခဏ ပြောင်းလဲရတတ်သည်။ စိတ် မပျက်လင့်။ ရုပ်နာမ်, သင်္ခါရတို့ကို သဘာဘဝယ် မရှိသည့်အတိုင်း မှန်ကန်စွာ သိရခြင်းကြောင့်၎င်း၊ သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့ လစ်လျူ မရှုနိုင်သေးသောကြောင့်၎င်း၊ မှတ်သိမှုက ကောင်းနေပါလျက် မကောင်းဘူးဟု ထင်ခြင်း အားမရခြင်းမျှသာတည်း။ အပြောင်း အရွှေ့ မများစေဘဲ တခုထည်းသော ဣရိယာ ပုတ်ဖြင့် ကြာမြင့်စွာ မှတ်နိုင်အောင် ကြိုးစားပါ။ မကြာမီပင် အေးချမ်းစွာ အမှတ် ကောင်းသွားပါလိမ့်မည်။ မလျှော့သော လုံ့လ ဖြင့် မှတ်နေလျှင် စိတ်သည် တစတစနှင့် ကြည်၍ ကြည်၍ လာလိမ့်မည်။ နောက်ဆုံး၌ ထင်သမျှ သိသမျှနှင့် အားမရခြင်း, ပြုပြင်လိုခြင်းမှာ လုံးဝ ကင်းငြိမ်းသွားလိမ့်မည်။

သင်္ခါရတို့ကို ကြောင့်ကြမစိုက်ဘဲ လစ်လျူရှုနိုင်အောင် ဉာဏ်အားပြည့်စုံလာသောအခါ၌ မှတ်စိတ်သည် အလွန်ကြည်လင်၏၊ အလွန် နူးညံ့ သိမ်မွေ့၏၊ သူ့အရှိန်နဲ့သူ အလိုလိုပင် သိလျက်သိလျက် ဖြစ်နေသည်ဟု ထင်ရ၏၊ အလွန်သိမ်မွေ့သော ရုပ်, နာမ်, အမူအရာကလေးများကိုသော်လဲ အထူးကြောင့်ကြ မစိုက်ရဘဲ သိလျက်သိလျက်ရှိ၏၊ အနိစ္စ, ဒုက္ခ, အနတ္တအခြင်းအရာ တမျိုးမျိုးကိုလဲ အထူးမဆင်ခြင်ရဘဲ ထင်ရှားသိလျက်သိလျက် ရှိ၏၊ တကိုယ်လုံး၌ တွေ့ထိမှုကလေးများကို မှတ်နေလျှင်, ကိုယ်ကောင်ကြီး ပျောက်လျက်၊ တွေ့ထိမှုကလေးများကိုသာ တခုပြီးတခု ကွက်ကနဲ ကွက်ကနဲ သိလျက်ရှိနေတတ်၏၊ ဝါဂွမ်းနှင့် တို့ထိဘိသကဲ့သို့ သိမှုကလေးများသည် အလွန်သိမ်မွေ့စွာလဲ ဖြစ်တတ်၏။ တခါတရံ၌ ကိုယ်ထဲမှတွေ့ထိမှုများစွာထင်ပေါ်၍ ချာချာလည်နေအောင် မှတ်သိမှု လျင်မြန်စွာဖြစ်၏၊ ကိုယ်ရောစိတ်ပါ အထက်သို့ ရုန်းကြွနေသလိုလဲ ဖြစ်တတ်၏၊ တရံ တခါ၌ကား မှတ်နေကျ အာရုံ အနည်းငယ်သော ထင်ပေါ်လျက် အေးဆေး ငြိမ်သက်စွာ မှတ်သိရ၏၊ တရံတခါ ၌ ဖေါင်းမှု, ပိန်မှု, ထိမှု, ကြားမှုတို့နှင့် တကွ တကိုယ်လုံး ပျောက်၍၊ စိတ်ကလေး တခုထည်းသာ ဖြစ်ပျက်လျက်ရှိသည်ကို မှတ်သိရ၏၊ ကိုယ်ထဲ၌ သိမ်မွေ့သော ရေမှုံ ရေမွှားကလေးများဖြင့် ဆွတ်ဖျန်းပေးသကဲ့သို့၊ ပီတိ ဖြစ်သည်ကိုလဲ တွေ့ရတတ်၏၊ ငြိမ်းအေးမှု=ပဿဒ္ဓိ ဖြစ်သည်ကိုလဲ တွေ့ရတတ်၏၊ မိုးကောင်းကင်ကဲ့သို့ ကြည်လင်နေသော အလင်းကိုလဲ တွေ့ရတတ်၏၊ ဤ အတွေ့ထူး အသိထူးများကြောင့် ရှေးကလို အလွန်အကဲ ဝမ်းသာခြင်းကား မဖြစ်တတ်ပေ၊ သို့သော်လဲ, နှစ်သက် သာယာမှုကား ဖြစ်တတ်၏၊ ထိုနှစ်သက်မှုကိုလဲ မှတ်လိုက်ပါ၊ ပီတိ, ပဿဒ္ဓိ, အလင်းတို့ကိုလဲ မှတ်ပါ၊ မှတ်၍မှ မပျောက်လျှင်ကား၊ ၎င်းတို့ကို လစ်လျူရှု၍၊ ပေါ်ရာ ပေါ်ရာကိုသာ မှတ်သွားပါ လေ။

ဤဉာဏ်အရာ၌ အာရုံဟူသမျှနှင့် မှတ်သိမှုဟူသမျှကို “ငါကောင်လဲမဟုတ်၊ ငါကောင်၏ ဥစ္စာလဲမဟုတ်၊ သူတပါးကောင်လဲမဟုတ်၊ သူတပါး၏ ဥစ္စာလဲမဟုတ်၊ သင်္ခါရသဘောမျှသာဟုတ်သည်၊ သင်္ခါရသဘောများက သင်္ခါရသဘောများကို မှတ်သိနေသည်”ဟု ဤသို့သိမြင် သဘောကျမှုသည် ရှင်းလင်းစွာ ဖြစ်၏။ မှတ်ရတာ အလွန်အရသာရှိသလိုပင် ကောင်းနေသည်ဟူ၍သာ ထင်ရ၏၊ မည်မျှ ကြာစေကာမူ မှတ်၍အားမရနိုင်ဘဲ ရှိတတ်၏၊ ညောင်းခြင်း, ထုံကျဉ်ခြင်း, နာခြင်း, ယားခြင်း–စသော ဒုက္ခဝေဒနာမျိုးများ လုံးဝကင်းငြိမ်းလျက်ရှိ၏၊ ထို့ကြောင့်, ဣရိယာပုတ်များလဲ အထူးခိုင်ခံ့၏၊ ထိုင်လျက်ဖြစ်စေ, လျောင်းလျက် ဖြစ်စေ, ဣရိယာပုတ် တမျိုးထည်းဖြင့် မှတ်နေ လျှင်, ၂–နာရီ ၃–နာရီ ကြာသော်လဲ, ညောင်းညာပင်ပန်းခြင်း မရှိဘဲ, အချိန်ကုန်မှန်းမသိ ကုန်သွားတတ်၏၊ တခဏ လောက် မှတ်မည်ဟု ကြံ၍ မှတ်နေသော်လဲ, ၂–နာရီ ၃–နာရီခန့် ကြာသွားတတ်၏၊ ထိုအခါ၌လဲ၊ မူလက အတိုင်းပင် ကိုယ်, ခေါင်း, လက်, ခြေ တည်နေပုံမှာ အမူအရာမယွင်းမပျက်ဘဲ ရှိ၏။

တခါတရံ၌ ခပ်သွက်သွက်ဖြစ်လျက် မှတ်သိမှု အထူး ကောင်းလာတတ်၏၊ ထိုအခါ၌ ‘ဘယ်လိုများ ဖြစ်သွားမလဲ’ဟု စိုးရိမ်မှုလဲ ဖြစ်တတ်၏၊ စိုးရိမ်တယ်ဟု မှတ်လိုက်ပါ။ ‘တရားတက်လာသည်, ကောင်းလာသည်’ဟူ ၍လဲ ဆင်ခြင်မိတတ်၏၊ ဆင်ခြင်တယ်ဟု မှတ်လိုက်ပါ၊ ‘ဉာဏ်တက်တော့မည်’ဟူ၍လဲ မြှော်မိတတ်၏၊ မြှော်တယ်ဟု မှတ်လိုက်ပါ။ ပြီးလျှင်, မှတ်မြဲအတိုင်း မှန်မှန်သာမှတ်သွားပါလေ။ တိုး၍လဲ ကြောင့်ကြမစိုက်လင့်၊ လျှော့၍လဲ မပေး လင့်။ တချို့မှာ ဤသို့သော စိုးရိမ်မှု, ဝမ်းသာမှု, နှစ်သက်မှု, မြှော်လင့်မှုများကို မမှတ်နိုင်သောကြောင့်၊ မှတ်သိမှုသည် ခပ်ကျဲကျဲဖြစ်လျက် လျှောကျသွားလေ၏။ တချို့မှာလဲ ‘နေရာကျတော့မှာဘဲ’ဟု အားတက်လျက် တိုး၍ အားထုတ်မိ ၏၊ တိုး၍ အားထုတ်မှုပင်, ခပ်ကျဲကျဲဖြစ်လျက် လျှောကျသွားလေ၏။ စိုးရိမ်မှု, ဝမ်းသာမှု, နှစ်သက်မှု, မြှော်လင့်မှု, ကြောင့်ကြစိုက်မှုဟူသော ပျံ့လွင့်တဲ့စိတ်များက ဝိပဿနာကို ခြားနားဝေးကွာစေသောကြောင့် အားလျော့သွားခြင်းပေတည်း။ သို့ဖြစ်၍, မှတ်သိမှု သွက်လက်လျင်မြန်ကာ အထူးကောင်းလာလျှင်၊ မလျှော့မတိုးဘဲ, မှတ်မြဲအတိုင်း မှန်မှန်သာ မှတ်သွားပါလေ။ ဤသို့မှတ်သွားလျှင်၊ သင်္ခါရငြိမ်းသော နိဗ္ဗာန်သို့ရောက်အောင် တဟုန်ထည်းတက်သွားပါလိမ့်မည်၊ သို့သော်လဲ, အချို့ပုဂ္ဂိုလ်မှာ ဤဉာဏ် အဆင့်၌ တက်လိုက် ကျလိုက်နှင့် ဖြစ်ပုံကို အကြိမ်များစွာ တွေ့ရတတ်ပေသည်။ စိတ် မပျက်ဘဲ ဖွဲကောင်းပါစေ။ ဤဉာဏ် အင်အား ပြည့်စေရန် ‘ဒွါရ ၆–ပါး၌ ဖြစ်ပေါ်စဉ် အတိုင်းလိုက်၍ တကိုယ်လုံး၌ ဖြန့်၍ဖြန့်၍ မှတ်ခြင်းကိုလဲ” အလေးပြုပါလေ။ ဖြန့်၍ မှတ်ရမည်ဟု ဆိုသော်လဲ ငြိမ်သက် သိမ်မွေ့စွာ အမှတ်ကောင်းနေစဉ်၌ကား ဖြန့်၍ပင် မရနိုင်တော့ပြီ။ သို့ဖြစ်၍, ငြိမ်သက်သိမ်မွေ့သော သိမှတ်မှုသို့ မရောက်သေးမီ ရှေးအဖို့က မှတ်သိမှု အရှိန်ကောင်းလာသည်မှ စ၍ ဖြန့်၍ ဖြန့်၍ မှတ်ပါလေ။

တက်လိုက် ကျလိုက် ဖြစ်ပုံ....ဖေါင်းမှု, ပိန်မှု, ထိုင်မှု, တို့က စ၍ဖြစ်စေ, တပါးသော ကိုယ်, စိတ်အမူအရာများက စ၍ ဖြစ်စေ, ရှုမှတ်သွားလျှင်၊ မကြာမီပင် ရှုမှတ်မှုသည် အရှိန်ကောင်းသွား၏။ အထူး ကြောင့်ကြမစိုက်ရဘဲ သူ့အလိုလိုပင် ငြိမ်သက်သိမ်မွေ့စွာ မှတ်သိ မှတ်သိနေသကဲ့သို့ ဖြစ်၏။ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပျက်နေသော သင်္ခါရတို့ကို အေးအေးသာသာနှင့် စောင့်ပြီး ကြည့်နေရသလိုပင် အစဉ်အတိုင်း ရှင်းလင်းစွာ သိလျက် သိလျက်ရှိ၏။ ထိုသို့သောကာလ၌ စိတ်သည် ကိလေသာ ဖြစ်ဘွယ် အာရုံကို အလျင်းပင် နှလုံးမသွင်းမိတော့ပြီ၊ မည်မျှလောက် သာယာဘွယ်ကောင်းတဲ့ အာရုံနှင့်တွေ့ရသော်လဲ၊ သာယာဘွယ်ဟု နှလုံးမသွင်းမိပြီ၊ မည်မျှလောက် မုန်းဘွယ်ကောင်းတဲ့ အာရုံနှင့် တွေ့ရသော်လဲ၊ မုန်းဘွယ်ဟု နှလုံးမသွင်းမိပြီ၊ မြင်ရုံမျှ ကြားရုံမျှ နံရုံမျှ စားသိရုံမျှ ထိရုံမျှ ကြားသိရုံမျှ၌သာ တည်လေတော့၏။ အခဏ်း (၄)၌ ပြခဲ့သော ဆဋ္ဌင်္ဂုပေက္ခာသည် မှတ်ချက်တိုင်း၌ ထင်ရှားဖြစ်ပေါ်လျက်ရှိ၏။ ထို့ပြင်, အယုတ်ဆုံးအားဖြင့် “ယခု ငါထိုင်နေတာဘဲ၊ ထိုင်နေတာ ဘယ်လောက် ကြာသွားပြီ၊ ဘယ်အချိန် ရှိသွားပြီ”ဟု ဤသို့သော ဆင်ခြင်မှုသော်လဲ မဖြစ်ပေါ်ဘဲ ကင်းငြိမ်းလျက် ရှိ၏၊ ထိုထက် လွန်ကဲသော ဆင်ခြင်မှုများ မဖြစ်သည်မှာ ဆိုဘွယ်ပင် မရှိပြီ။ သို့သော်လဲ, မဂ်သို့ရောက်စေ နိုင်လောက်အောင် ဉာဏ်အား မပြည့်သေးလျှင်၊ ၁-နာရီ ၂-နာရီ ၃-နာရီ စသည် ကြာသောအခါ၌၊ စူးစိုက်မှု လျော့ပေါ့၍ စဉ်းစား ဆင်ခြင်မှု ဖြစ်ပေါ် လာတတ်၏၊ ထိုအခါ၌, ရှုမှတ်မှုသည် ခပ်ကျဲကျဲ ခပ်လျော့လျော့ ဖြစ်သွားတတ်၏။ သို့မဟုတ်, အမှတ် အထူး သွက်လက်၍ ကောင်းလာစဉ်မှာ ‘ဉာဏ်တက်တော့မည်’ဟု မြော်မိတတ်၏၊ ဝမ်းသာမိတတ်၏။ ထို့ကြောင့်လဲ, လျော့ကျ သွားတတ်၏။ ဤ ဆင်ခြင်မှု, မြော်မှု, ဝမ်းသာမှုတို့ကိုလဲ မလွတ်စေနဲ့၊ မှတ်လိုက်ပါ။ တဖန် ဂရုစိုက်၍ မှတ်ပြန်လျှင်, ရှေးနည်းတူပင် ကောင်းသွားပြန်၏၊ ဉာဏ်အား မပြည့်သေးလျှင်၊ ကြာမြင့်သောအခါ၌ တဖန် ခပ်ကျဲကျဲခပ်လျော့လျော့ ဖြစ်သွားပြန်၏။ ဤသို့သောနည်းဖြင့် အချို့ပုဂ္ဂိုလ်မှာ တက်လိုက်ကျလိုက်နဲ့ အကြိမ်များစွာလဲ ဖြစ်တတ်၏။ ဉာဏ်စဉ်ဖြစ်ပုံကို ကြားနာဘူး သိဘူးသူများမှာ ဤကဲ့သို့သာ၍ ဖြစ်တတ်သည်။ သို့ဖြစ်၍, ဆရာနှင့်တကွ အားထုတ်မည့်သူဖြစ်လျှင် ဉာဏ်စဉ်ဖြစ်ပုံကို စောစောက မှတ်သားမထားခြင်းသည်သာ၍ ကောင်းပေ၏။ ဤသို့ တက်လိုက်ကျလိုက်နဲ့ ဖြစ်ပုံကို အကြိမ်များစွာ တွေ့ရသော်လဲ စိတ်မပျက်လင့်၊ မဂ်, ဖိုလ်နှင့် အလွန် နီးကပ်နေပြီ။ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတို့အညီအမျှ ရင့်သန်သွားလျှင်၊ တခဏကလေး အတွင်းမှာပင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက် တွေ့ရတော့မည်။

## နိဗ္ဗာန်အာရုံသို့ ကူးသွားပုံ

ဤသို့ တက်လိုက် ကျလိုက်နဲ့ ဖြစ်နေသော ဝိပဿနာ ဉာဏ်သည် ပင်လယ်ကူး သင်္ဘောမှ လွှတ်လိုက်သော ငှက်နှင့်တူ၏။ တူပုံကား .... ရှေးခေတ် ကာလက ပင်လယ်ခရီးသည်တို့သည် ကမ်းစကျွန်း နီးရာအရပ်ကို မမှန်းဆနိုင်သော အခါ၌ အသင့်ယူဆောင်ခဲ့သော ကျီးငှက်ကို လွှတ်လိုက်၍ စူးစမ်းကြသတဲ့။ ထိုငှက်သည် သင်္ဘောမှပျံသွား၍ အရပ်လေးမျက်နှာ၌ ကမ်းစကို ရှာသတဲ့။ ကမ်းကို မတွေ့ရသေးလျှင် သင်္ဘောသို့သာ ပြန်၍ ပြန်၍ နားရသတဲ့။ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် မဂ်ဉာဏ် ဖြစ်နိုင်လောက်အောင် ဉာဏ်အား မပြည့်သေး၍ တဖန် ကျဲကျဲ သွားခြင်းသည် ကမ်းစကို မတွေ့ရသော ထိုငှက်၏ သင်္ဘောသို့ ပြန်ပြန် ကပ်နားခြင်းနှင့်တူ၏။ ကမ်းအရပ်ကို မြင်လျှင်ကား ထို ငှက်သည် သင်္ဘောဆီသို့ မပြန်လာတော့ဘဲ ထိုကမ်းဆီသို့သာလျှင် တဟုန်ထည်းပျံသွားသတဲ့။ ဤအတူပင်, ဤမှတ်သိမှု=ဝိပဿနာဉာဏ်သည်လည်း ဣန္ဒြေငါးပါးရင့်သန်သောခဏ၌ အမှတ် အထူးကောင်းနေစဉ်အတွင်းမှာပင် တကြိမ်ထက် တကြိမ်သာ၍ သွက်လက် ရှင်းလင်းစွာ အနည်းဆုံး သုံး–လေး ခါမျှ သိမြင်ပြီး လျှင်၊ ထိမှု, သိမှု, ကြားမှု, မြင်မှု, စားမှု, နံမှု, ဟူသော ဤ သင်္ခါရ ၆–မျိုးတို့တွင် (တွေ့ကြုံလွယ်ရာကို ရွေးထား၍ စဉ်သည်) ထိုခဏ၌ ထင်ရှား ဖြစ်ပျက်သော သင်္ခါရ တမျိုးမျိုးကို မှတ်သိပြီးသည်နှင့် တပြိုင်နက် “မှတ်ရတဲ့ အာရုံနှင့် မှတ်သိမှု ဟူသော သင်္ခါရ အလုံးစုံ ကင်းပြတ် ချုပ်ငြိမ်းသော နိဗ္ဗာန်ကို” မျက်မှောက် တွေ့မြင်လျက် မဂ် ဖိုလ် အဖြစ်သို့ သာလျှင် ဆိုက်ရောက်သွားလေတော့၏။

ဤသို့ ဆိုက်ရောက်သွားသောသူအား ဆိုက်ရောက်ခါနီးတွင် ရှေးအဖို့က တကြိမ်ထက်တကြိမ် သွက်လက် ကောင်းမွန်သော မှတ်ချက်များလဲ ကောင်းစွာ ထင်ရှားပေ၏၊ နောက်ဆုံး မှတ်ချက်၏ အခြားမဲ့၌ သင်္ခါရအာရုံ အလုံးစုံကို စွန့်လွှတ်ပြီးလျှင် သင်္ခါရ ကင်းပြတ်ချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံသို့ ကူးပြောင်းသွားပုံလဲ ကောင်းစွာထင်ရှား၏။ ထို့ကြောင့်ပင်လျှင်, ထိုသို့ရောက်ပြီးသောသူတို့သည် ဤသို့ပြောပြတတ်ကုန်၏။ အာရုံနဲ့ အမှတ်တွေ အကုန်လုံး တိကနဲ ပြတ်ပြီး ရပ်စဲသွားသည် ဟူ၍၎င်း၊ နွယ်တန်းကြီးကို ဓားနဲ့ ဖြတ်ချလိုက်သလိုပင် အာရုံနဲ့ အမှတ်တွေ တိကနဲ ပြတ်သွားသည် ဟူ၍၎င်း၊ လေးလံတဲ့ ဝန်ထုပ်ကြီးကို တွန်းချလိုက်ရသလိုပင် အာရုံနဲ့အမှတ်တွေအကုန်လုံး ပြုတ်ကျသွားသည်ဟူ၍၎င်း၊ ဆွဲကိုင်ထားရာမှ လွှတ်ကျ သွားသလိုပင် အာရုံနဲ့ အမှတ်တွေမှ လွတ်သွားသည်ဟူ၍၎င်း၊ အကျဉ်းအကြပ် အနှောင်အဖွဲ့ထဲမှ ရုတ်တရက် လွတ်သွား သလိုပင် အာရုံတွေ အမှတ်တွေမှ ကျွတ်လွတ်သွားသည်ဟူ၍၎င်း၊ အာရုံနဲ့ အမှတ်တွေ ချုပ်ပြတ်သွားပုံက မီးတောက်ကလေး ငြိမ်းသွားသလိုပင် သိပ်လျင်တာဘဲဟူ၍၎င်း၊ အမှောင်ထဲမှအလင်းထဲသို့ ရုတ်တရက်ရောက်သွားသလိုပင် အာရုံနဲ့အမှတ်တွေ မှ လွတ်သွားသည်ဟူ၍၎င်း၊ အရှုပ်ထဲမှ အရှင်းထဲသို့ ဖြုတ်ကနဲ ရောက်သွားသလိုပင် အာရုံနဲ့အမှတ်တွေမှ လွတ်ထွက်သွား သည်ဟူ၍၎င်း၊ ရေထဲမှာ မြုပ်သွားသလိုပင် အာရုံရော မှတ်စိတ်ရော မြုပ်သွားသည်ဟူ၍၎င်း၊ ပြေးလာသောသူကို ဆီး၍ တွန်းလိုက်သလိုပင် အာရုံနှင့်အမှတ် ရပ်တန့်သွားသည်ဟူ၍၎င်း၊ အာရုံရော မှတ်စိတ်ရော ပျောက်သွားသည်ဟူ၍၎င်း၊ ဤသို့ စသည်ဖြင့် ပြောပြတတ်ကြပေသည်။

သင်္ခါရချုပ်ငြိမ်းတဲ့သဘောကို မျက်မှောက်တွေ့ရသော ထိုအချိန် ကာလသည်ကား မကြာမြင့်လှချေ။ တကြိမ်ထည်းသော မှတ်သိမှု၏ကာလကဲ့သို့ တခဏကလေးမျှသာတည်း။ ထိုနောင် ထိုသို့ဖြစ်ပုံကို ပြန်၍ဆင်ခြင်မိ၏၊ အာရုံနဲ့ အမှတ်တွေ ချုပ်ကင်းလျက် ငြိမ်းသွားတာဟာ တရားထူးဘဲဟူ၍ ဖြစ်စေ, မဂ် ဖိုလ် နိဗ္ဗာန်ဘဲဟူ၍ ဖြစ်စေ, ဆင်ခြင်မိ၏။ အချို့သော သုတရှိသူသည်ကား "သင်္ခါရ ချုပ်ကင်းလျက် ငြိမ်းတဲ့သဘောက နိဗ္ဗာန်ဘဲ၊ ငြိမ်းရာ သို့ ဆိုက်ရောက်လျက် မျက်မှောက်သိတာက မဂ်ဖိုလ်ဘဲ၊ ငါသည် နိဗ္ဗာန်ကို မျက်မှောက်တွေ့ရပြီ၊ သောတာပတ္တိမဂ် ဖိုလ်ရပြီ"ဟု ဆင်ခြင်မိ၏။ ဤသို့သော ဆင်ခြင်မှုမှာ သင်္ခါရ ချုပ်ငြိမ်းမှုသို့ ဆိုက်ရောက်ပုံကို နာကြား မှတ်သားဘူး သော သူအား ကျန ပြည့်စုံစွာ ဖြစ်တတ်၏။ ထို့ပြင်, ပယ်ပြီးကင်းပြီးသော ကိလေသာ, မပယ်ရသေး မကင်းသေးသော ကိလေသာတို့ကိုလဲ၊ အချို့ပုဂ္ဂိုလ်သည် ဆင်ခြင်တတ်သေး၏။ ဆင်ခြင်ပြီးလျှင်၊ ဖြစ်ဆဲ ကိုယ်စိတ်အမူအရာများကို မှတ်မြဲပင်မှတ်ပြန်၏။ ထိုအခါ၌ ရုပ်နာမ် အဖြစ်အပျက်များသည် ခပ်ကြမ်းကြမ်းဖြစ်လျက် ထင်ပေါ်၏။ အစနှင့်အဆုံး=အဖြစ်နှင့်အပျက် နှစ်ပါးလုံးပင် ပီပီသသထင်ရှား၏။ ထို့ကြောင့်, 'အမှတ်ကျဲသွားသည်, လျှောကျသွားသည်'ဟု ထင်ရ၏။ အမှတ်အားဖြင့်လဲ ဥဒယဗ္ဗယဉာဏ်သို့ ပြန်ရောက်နေသည်ဖြစ်၍၊ လျှောကျသည် မှန်ပေ၏။ ထိုဉာဏ်သည် ဥဒယဗ္ဗယဉာဏ် ဖြစ်သောကြောင့်၊ အလင်းရောင်နှင့် ပုံသဏ္ဍာန် အာရုံများကိုလဲ တွေ့ရတတ်၏။ အချို့မှာ ရတ်တရက်ပြန်၍ မှတ်ခါစ၌၊ အာရုံနှင့် အမှတ်မတဲ့ဘဲ ချော်လွဲနေသည်ကိုလဲ တွေ့ရတတ်၏။ အချို့မှာ ဒုက္ခဝေဒနာကလေးများကိုလဲ တခဏမျှ တွေ့ရတတ်၏။ အများအားဖြင့်ကား အလွန် ကြည်လင်သော စိတ်များ အဆက်ဆက် ဖြစ်ပေါ်လျက် ရှိတတ်၏၊ ထိုအခါမှာ ဟင်းလင်းပြင်၌ စိတ် တကိုယ်တည်း တည်နေရသလိုပင် ဟာတာ ရှင်းတင်းကြီးဖြစ်လျက် အလွန် ချမ်းသာ၏၊ အလွန် နေကောင်း၏။ ထို စိတ်များကိုလဲ မမှတ်နိုင်၊ မှတ်သော်လဲ ပိုင်းပိုင်းခြားခြားကားမသိနိုင်၊ တခြားကိုလဲစိတ်မကူးလို၊ စိတ်ကူး၍လဲမဖြစ်နိုင်ဘဲ ကြည်လင်ချမ်းသာလျက်သာ ရှိတတ်၏။ကြည်လင်သော ထိုစိတ်များ အားနဲ့သွားသောအခါ၌ ဆက်၍မှတ်လျှင်၊ အဖြစ်အပျက်ကို ရှင်းလင်းစွာသိ၏။ အတန်ကြာလျှင်,အသိမ်မွေ့ဆုံး အကောင်းဆုံး မှတ်သိမှုသို့ တဖန်ပြန်၍ ရောက်တတ်၏။ ထိုအခါမှာ ဉာဏ် အားကောင်းလျှင် သင်္ခါရ ငြိမ်းတဲ့သဘောသို့ ရှေးကလိုပင် ဆိုက်ရောက်သွားတတ်၏။ သမာဓိဉာဏ် ထက်သန်လျှင် ဤနည်းဖြင့် ခဏ ခဏလဲ ဆိုက်ရောက်တတ်၏။ ယခုကာလ ပုဂ္ဂိုလ်များမှာ ပဌမ မဂ် ဖိုလ်ကို ရရန်သာ အဓိက ရည်ရွယ်ချက် ရှိသောကြောင့်၊ ရောက်ပြီးသော ပဌမ ဖိုလ်သို့သာလျှင် ထပ်ကာထပ်ကာ ရောက်ခြင်းပေတည်း။ ဤသည်ကား သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသည် တိုင်အောင် အားထုတ်ပုံမှတ်စဉ်နှင့် ဉာဏ်ဖြင့် တွေ့မြင်ပုံပေတည်း။

မဂ်ဖိုလ်သို့ ရောက်ပြီးသောသူ၏ စိတ်နေစိတ်ထားသည် ရှေးကနှင့်မတူဘဲထူးခြား၏၊ ဘဝအသစ် ပြောင်းလာသလိုလဲ ထင်ရတတ်၏၊ ယုံကြည်မှု ကြည်ညိုမှု ကြည်လင်မှု သဒ္ဓါသည် အလွန်ထက်သန်စွာ ဖြစ်တတ်၏။ ထိုသဒ္ဓါ၏ အဟုန်ကြောင့် ပီတိ ပဿဒ္ဓိတို့လဲ လွန်ကဲစွာ ဖြစ်တတ်ကုန်၏၊ ဝမ်းသာမှု သုခသည်လည်း အလိုလိုပင် ဖြစ်ပေါ်လာတတ်၏။ ဤသဒ္ဓါ ပီတိ ပဿဒ္ဓိ သုခတို့က လှိုက်လှိုက်လှဲလှဲ ပြင်းပြင်း ထန်ထန် ဖြစ်နေကြသောကြောင့်၊ မဂ်ဖိုလ်သို့ ရောက်ပြီးခါစ၌ ရှုမှတ်ပါသော်လဲ၊ ပိုင်းပိုင်း ခြားခြား မသိနိုင်သည်လည်း ရှိတတ်သေး၏။ သို့သော်လဲ, နာရီပိုင်း ဖြစ်စေ, ရက်ပိုင်း ဖြစ်စေ, ကြာလွန်သောအခါ၌ ထိုသဒ္ဓါစသည်တို့ အားနဲ့သွားလိမ့်မည်။ ထိုအခါ၌ ပိုင်းပိုင်းခြားခြားသိနိုင်၍ အမှတ် ကောင်းသွားပါလိမ့်မည်။ အချို့ပုဂ္ဂိုလ်မှာ မဂ်ဖိုလ်သို့ ရောက်ပြီးခါစ၌ ဝန်ပေါ့သွားသလို, မမှတ်ချင်သလို, အားရသွားသလို, စိတ်ဖြစ်တတ်၏။ မူလက ထို မဂ် ဖိုလ်လောက်ကိုသာ ရည်သန် ခဲ့သောကြောင့်၊ ထိုသို့သော ရောင့်ရဲမှု ဖြစ်သည်ဟု ယူဆရာ၏၊

ဖိုလ်ဝင်စားပုံ....ရပြီးသော ဖိုလ်စိတ်မျိုးကို တဖန်ဖြစ်စေလိုလျှင်, (ဖြစ်ဘူးသော ဖိုလ်စိတ်အစဉ်ဖြင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်တွေ့ထိလျက် ခံစားလိုလျှင်) ဖိုလ်သို့ရောက်ရန် ရည်သန်၍၊ ဖြစ်ဆဲ ကိုယ်စိတ် အမူအရာတို့ကိုမှတ်မြဲပင် မှတ်အပ်၏။ ဝိပဿနာ ရှုလျှင်၊ ပုထုဇဉ်မှာ နာမရူပ ပရိစ္ဆေဒဉာဏ်မှစ၍ ဖြစ်ပေါ်ခြင်း, အရိယာမှာ ဥဒယဗ္ဗယဉာဏ်မှစ၍ ဖြစ်ပေါ်ခြင်းသည် ဓမ္မတာပင်တည်း။ ထို့ကြောင့် မှတ်စ၌၊ အဖြစ်အပျက် နှစ်ပါးလုံးကိုသိလျက် ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ပြီးလျှင်၊ဉာဏ်စဉ်အတိုင်း တိုးတက်၍ မကြာမီပင် အသိမ်မွေ့ဆုံး အကောင်းဆုံး မှတ်သိမှု ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်သွားလိမ့်မည်၊ ထိုဉာဏ်အား ပြည့်သောအခါ၌ သင်္ခါရငြိမ်းသော နိဗ္ဗာန်အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် ဖိုလ်စိတ်အစဉ်ဖြစ်ပေါ်လိမ့်မည်။ ဤ ဖိုလ်စိတ်သည် "ရှေးအဖို့က အချိန်ကို မပိုင်းခြားဘဲ ဝင်စားသောသူအချို့မှာ" တရံတခါ၌ တခဏသာ ဖြစ်တတ်၏။ တရံ တခါ၌ ၅ မိနစ်ခန့်၊ ၁၀ မိနစ်ခန့်၊ ၁၅ မိနစ်ခန့်၊ နာရီဝက်ခန့်၊ တနာရီခန့်စသည်ဖြင့် ကြာမြင့်စွာလဲ ဖြစ်တတ်၏။ အဋ္ဌကထာတို့၌ "တနေ့လုံး တညလုံးသော်လဲ ဖြစ်တတ်သည်၊ ပိုင်းခြား မိဌာန်ထားသော ကာလပတ်လုံး ဖြစ်တတ်သည်"ဟု မိန့်ဆို၏။ ထိုနှင့်ညီစွာပင်၊ ယခုကာလ၌လဲ၊ သမာဓိ, ဝိပဿနာ ထက်သန်သောသူများမှာ ၁-နာရီ၊ ၂-နာရီ၊ ၃-နာရီ စသည်ဖြင့် ပိုင်းခြားထားသည့်အတိုင်း ကြာမြင့်စွာ ဖိုလ်၌ တည်တံ့နေသည်ကို တွေ့ကြရ၏၊ ဖျက်လိုမှဘဲ ပျက်ပါစေဟု ရှေးအဖို့က ပိုင်းခြားထားလျှင် အလိုမရှိသောအခါကျမှပင် ကောင်းစွာထ၏။ သို့သော်, တနာရီ၊ နှစ်နာရီစသည် ကြာလျှင်ကား အကြားအကြား၌ ဆင်ခြင်တဲ့ စိတ်များ ဖြစ်တတ်သေး၏။ ထိုစိတ်များကို ၄-ချက်, ၅-ချက်လောက် မှတ်လိုက်လျှင်၊ ဖိုလ်သို့ တဖန်ရောက်သွားပြန်၏။ ဤနည်းဖြင့် အားရသည်တိုင်အောင် နာရီပေါင်းများစွာ တည်တံ့နေသည်ကိုလဲ တွေ့ကြရ၏။ ဤဖိုလ်စိတ်များ ဖြစ်နေစဉ်၌ သင်္ခါရအလုံးစုံ ချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံမှာ သာလျှင် စိတ်သည် တည်တံ့လျက်ရှိ၏။ ထိုမှတပါး ဘယ်အာရုံကိုမျှ မသိ။ နိဗ္ဗာန်ဟူသည်မှာလဲ ဤလောက, တပါးသော လောကတို့နှင့် ဆိုင်သော ရုပ်နာမ် သင်္ခါရတရား, ပညတ်တရားတို့မှ အလွတ်သီးခြား သဘောတရားပေတည်း။ သို့ဖြစ်၍, ဖိုလ်ဝင်စားခိုက်၌ မိမိခန္ဓာကိုယ်

စသော ဤလောက, တပါးသော လောကတို့၏ အကြောင်းကို ဘာမျှသတိမရပြီ၊ မသိပြီ၊ ကြံစည်စဉ်းစားမှု အလုံးစုံကင်း၏။ မြင်စရာကြားစရာ တွေ့ထိစရာ နံစရာအာရုံများ ထင်ရှားရှိနေသော်လဲ ဘာကိုမျှမသိပြီ။ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ–ဟူသည်နှင့်အညီ, ဣရိယာပုထ်လဲ ခိုင်ခံ့၏။ ထိုင်လျက် ဝင်စားနေလျှင်၊ ထိုင်မှု ကိုယ်အမူအရာသည် မူလကအတိုင်းပင် တည်တံ့လျက်ရှိ၏၊ ယိမ်းယိုင်ခြင်း ညွတ်ကျခြင်း ယွင်းပျက်ခြင်းမရှိပြီ။ ဖိုလ်စိတ်အစဉ် ပြတ်သွားသောအခါ၌ သင်္ခါရငြိမ်းတဲ့သဘော, ထိုငြိမ်းရာသို့ ရောက်နေတဲ့သဘောများကို ဆင်ခြင်မှု ဖြစ်စေ, ပုံသဏ္ဍာန်စသော အာရုံ တမျိုးမျိုးကို တွေ့မြင်မှု ဖြစ်စေ, စဉ်းစားမှု ဖြစ်စေ, ရှေးဦးစွာ ထင်ရှား ဖြစ်တတ်၏။ ထို့နောင် မှတ်မြဲ မှတ်ခြင်း, ကြည်လင်ခြင်း, ဆင်ခြင်ခြင်း, စသော စိတ်တို့သည် ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏။ မှတ်မြဲ မှတ်သော်လဲ အစ၌ ပီသ ကြမ်းတန်းသော အဖြစ်အပျက်ကိုသိလျက် ခပ်ကျဲကျဲသာ ဖြစ်တတ်၏။ ဝိပဿနာ အထူးအားကောင်းလျှင်ကား ဖိုလ်မှ ထခါစ၌လဲ အမှတ်မကျဲဘဲ ကောင်းမြဲပင် သိမ်သိမ်မွေ့မွေ့ ကောင်းနေသည်လည်း ရှိသေး၏။ အထူးကား ........ ဖိုလ်သို့ မြန်မြန်ရောက်ရန်, ဖိုလ်၌ ကြာကြာတည်ရန်, ဆောက်တည်မှုကို၊ ရှေးအဖို့ကသာပြုအပ်၏၊ မှတ်နေစဉ်၌ကား ထိုဆောက်တည်မှုအတွက် ကြောင့်ကြမှု တောင့်တမှုကို မပြုအပ်။ ဝိပဿနာအား မပြည့်သေးလျှင်၊ အမှတ်အထူး ကောင်းနေစဉ်မှာ ကြက်သီးထခြင်း, သန်းခြင်း, တုန်လှုပ်ခြင်း, ရှိုက်ခြင်းများ ဖြစ်ပြီးလျှင် အမှတ်ကျဲသွားသည်လည်း ရှိသေး၏။ အထူးကောင်းလာစဉ်၌ 'ရောက်တော့မှာဘဲ'ဟု ဆင်ခြင်မိတဲ့အတွက် အမှတ်ကျဲသွားသည်လည်း ရှိသေး၏။ မဆင်ခြင်မိစေနဲ့။ ဆင်ခြင်မိလျှင်လဲ ထိုဆင်ခြင်မှုကို မိမိရရမှတ်ပါလေ။ ဤသို့ ကျဲကျဲသွားသည်ကို အကြိမ်များစွာတွေ့ရပြီးမှ ဖိုလ်သို့ ရောက်သူလဲရှိ၏။ သမာဓိ, ဉာဏ်အားနဲလျှင် ဖိုလ်သို့မြန်မြန် မရောက်တတ်၊ ရောက်လျှင်လဲ ကြာကြာ မတည်တတ်ပေ။ ဤသည်ကား ဖိုလ်, ဝင်စားပုံပေတည်း။

ဉာဏ်စဉ်ကို ရှင်းနည်း ....အချို့ပုဂ္ဂိုလ်မှာ ဘယ အာဒီနဝ နိဗ္ဗိဒါ မုဉ္စိတုကမျတာဉာဏ်တို့ကို ကြာမြင့်စွာ မတွေ့ခဲ့ရသောကြောင့်, ထိုဉာဏ်တို့၌ မရှင်းဘဲ ရှိတတ်၏။ သို့ဖြစ်၍ ရှင်းလင်းစွာ သိလိုလျှင်, ဉာဏ် အသီးအသီးကို အချိန်ဖြင့် ပိုင်းခြား၍ ရှုမှတ်ပါလေ။ ပုံကား .... "ဤ နာရီဝက်အတွင်း, တနာရီအတွင်း၌ အဖြစ်,အပျက် ၂–ပါးလုံးကို ရှုမည်၊ ဥဒယဗ္ဗယဉာဏ်ကိုသာ ဖြစ်စေမည်"ဟု ပိုင်းခြား၍မှတ်နေလျှင်, ထို အချိန်, နာရီအတွင်း၌ အထက်ဉာဏ်သို့မတက်ဘဲ၊ ဥဒယဗ္ဗယဉာဏ်သာလျှင် ဖြစ်၍ နေလတံ့၊ အချိန် စေ့သောအခါ၌ အပျက်ကိုသာ တွေ့မြင်လျက် သူ့အလိုလိုဘင်္ဂဉာဏ် ဖြစ်ပေါ်လာလတံ့၊ အကယ်၍ သူ့အလိုလို မဖြစ်သေးပါမူ "အပျက်ကိုသာ ရှုမည်၊ ဘင်္ဂဉာဏ်ကိုသာ ဖြစ်စေမည်"ဟု ပိုင်းခြား၍ မှတ်နေလျှင်, အပျက်ကိုသာသိလျက် ဘင်္ဂဉာဏ် ဖြစ်ပေါ်နေလတံ့။ အချိန်စေ့သောအခါ နောက်ဉာဏ်သို့ သူ့အလိုလိုတက်၏။ နောက်၌လည်းနည်းတူပင်တည်း။ သူ့အလိုလိုမတက်ပါမူ ထိုဉာဏ်၌ အားရသောအခါမှာ, "ကြောက်ဖွယ်ဘေးကိုမြင်လျက် ဘယဉာဏ်ဖြစ်ပါစေ"ဟု စိတ်ညွတ်လိုက်လျှင်, ကြောက်ဖွယ်ထင်လျက် ဘယဉာဏ်ဖြစ်ပေါ်လတံ့။ ထိုဉာဏ်၌ အားရပြန်လျှင် "အပြစ်ကိုမြင်လျက် အာဒီနဝဉာဏ် ဖြစ်ပါစေ"ဟု စိတ် ညွတ်လိုက်ပါ။ မှတ်တိုင်းမှတ်တိုင်း အပြစ်မြင်လျက် အာဒီနဝဉာဏ် ဖြစ်ပါလိမ့်မည်။ ထိုဉာဏ်၌ အားရပြန်လျှင်, "ငြီးငွေ့လျက် ရှုမြင်သော နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေမည်"ဟု စိတ်ညွတ် လိုက်ပါ၊ မှတ်တိုင်းမှတ်တိုင်း ပျင်းရိငြီးငွေ့လျက် နိဗ္ဗိဒါဉာဏ် ဖြစ်ပါလိမ့်မည်။ ထိုဉာဏ်၌ အားရပြန်လျှင်, သင်္ခါရတို့မှ လွတ်လိုသော မုဉ္စိတုကမျတာဉာဏ် ဖြစ်ပါစေ"ဟု စိတ်ညွတ်လိုက်ပါ၊ သင်္ခါရတို့မှ လွတ်မြောက်လိုလျက်, သင်္ခါရတို့ကို စွန့်လွှတ်လိုလျက်, မုဉ္စိတုကမျတာဉာဏ်သည် မှတ်ချက်တိုင်း၌ ဖြစ်ပေါ်ပါလိမ့်မည်။ အားရသောအခါမှာ အထက်ဉာဏ်သို့ တက်ရန် စိတ် ညွတ်လိုက်ပါ။ မခံသာသောဝေဒနာ ထင်ရှားခြင်း, ဣရိယာပုတ် ပြင်လိုခြင်း, အားမရနိုင်ခြင်းတို့နှင့်တကွ ပဋိသင်္ခါဉာဏ် ဖြစ်ပေါ်ပါလိမ့်မည်။ အားရပြန်လျှင်, အကောင်းဆုံး မှတ်သိမှု သင်္ခါ ရုပေက္ခာဉာဏ်သို့ တက်ရန် စိတ်ညွတ်လိုက်ပါ၊ သူ့ အရှိန်နှင့် သူ အလိုလိုပင် သိလျက် သိလျက် အလွန် သိမ်မွေ့စွာသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ပါလိမ့်မည်။ ဤနည်းဖြင့် ပိုင်းခြား၍ ပိုင်းခြား၍ မှတ်နေလျှင်, ပိုင်းခြားထားသော ထိုကာလအတွင်း၌၊ ဖြစ်စေလိုသော ဉာဏ်သာလျှင် ဖြစ်ပေါ်၍ နေသည်ကိုင်ငင်း၊ ထိုထိုဉာဏ်၌ အားရ၍၊ အထက်ဉာဏ်ကို ဖြစ်စေလိုတဲ့အခါ အချိန်စေ့သောအခါကျမှ မှတ်သိမှုသည် အထက်ဉာဏ်အဖြစ်သို့ 'ဒီကရီ အိမ်မြှောင်ကဲ့သို့' ကူးပြောင်း ကူးပြောင်း သွားသည်ကိုင်ငင်း၊ ရှင်းလင်းစွာ တွေ့ရပါလတံ့။ တကြိမ်မျှဖြင့် မရှင်းသေးလျှင် အကြိမ်ကြိမ် အားထုတ်ကြည့်ပါလေ။ ဤသို့ မပိုင်းခြားဘဲ ရှုမှတ်နေလျှင်ကား ထက်သန်သော ပုဂ္ဂိုလ်မှာ မကြာမီ တခဏအတွင်း, လေး, ငါး, ဆယ်မှတ် အတွင်းမှာသော်လဲ သင်္ခါရုပေက္ခာဉာဏ်သို့ သာလျှင် ရောက်သွားတတ်ပေသည်၊ ဖိုလ်သို့လဲ ခဏခဏ ရောက်ရောက် သွားတတ်ပေသည်၊ နိုင်နင်းသောသူမှာ သွားနေယင်း, စားသောက်နေယင်းသော်လဲ ဖိုလ်သို့ ရောက်သွားတတ်သေး၏။

အထက် မဂ်ဖိုလ်များအတွက် အားထုတ်နည်း ........ ရပြီး ဖိုလ်ကို အမြန်ရောက်ရန်, ကြာမြင့်စွာ တည်တံ့စေရန်, အကြိမ်များစွာ လေ့လာဝင်စား၍ အားရသောအခါ၌, အထက် မဂ်, ဖိုလ်တရားထူးကို သိမြင်ရန် ရည်သန် နှလုံးသွင်း၍ ရှုမှတ် အားထုတ်ရာ၏။ ပုံကား .... အားထုတ်လိုသလောက်ရက်ကို ကန့်သတ်ပိုင်းခြား၍ "ဤမျှသော ရက်အတွင်း၌ရပြီး ဖိုလ်တရားကို မဝင်စားလိုပါ၊ ရပြီး ဖိုလ်သို့ မရောက်ပါစေလင့်၊ မရသေးသော အထက် မဂ်, ဖိုလ်တရားထူးသာ ဖြစ်ပါစေ၊ အထက် မဂ်, ဖိုလ်တရားထူးကိုသာ သိမြင်ရပါစေ၊ ရောက်ပါစေ"ဟု နှလုံးသွင်း ဆောက်တည်ပြီးလျှင်, ဖြစ်ပေါ်ဆဲ ကိုယ်, စိတ်, အမူအရာများကို မှတ်မြဲအတိုင်းသာ မှတ်အပ်၏။ ရက် ကန့်သတ်ခြင်း၏ အကျိုးကား .... အထက် မဂ် ဖိုလ်သို့ မရောက်သေးလျှင်, ထိုရက်များ လွန်ပြီးသောအခါ၌၊ ရပြီးဖိုလ်ကို ဝင်စားလိုပါက, လွယ်ကူစွာ ဝင်စားနိုင်၏။ သို့မဟုတ်ဘဲ, ဤနေ့မှစ၍၊ အထက် မဂ်, ဖိုလ်အတွက်သာ အားထုတ်တော့မည်ဟု ပိုင်းဖြတ်၍ အားထုတ်လျှင်, ရပြီးဖိုလ်ကို ပြန်၍ မဝင်စားနိုင်ဘဲ

ရှိတတ်၏။ ထိုအခါမှာ အထက် မဂ်, ဖိုလ်သို့လဲ မရောက်နိုင်သူအား ရပြီးဖိုလ်သို့လဲ ပြန်မရောက်နိုင်သဖြင့် အားမရ မကြေနပ်ခြင်း ဖြစ်တတ်သည်။ 'ရပြီးဖိုလ်ကို မဝင်စားလိုပါ'ဟု ကောင်းစွာ အာလယ ဖြတ်ခြင်း၏ အကျိုးကား .... ထို ရက်ပိုင်းအတွင်း၌ရပြီး ဖိုလ်သို့ပြန်မရောက်ရခြင်း အကျိုးရှိ၏၊ ဉာဏ်အားပြည့်ပါမူ အထက်မဂ်ဖိုလ်သို့သာလျှင် ရောက်ရခြင်း အကျိုးလဲရှိ၏။ အာလယ ကောင်းကောင်း မပြတ်လျှင်, ရပြီး ဖိုလ်သို့ ပြန်ရောက်တတ်သည်။ ထို့ကြောင့်, လိုသလောက် ရက်ကိုကန့်သတ်လျက်၊ ထိုရက်များအတွင်းမှာ၊ ရပြီးဖိုလ်၌ ကောင်းကောင်း အာလယ ဖြတ်၍ ရှုမှတ်ရပေသည်။ မှတ်သော အခါမှာ ဥဒယဗ္ဗယဉာဏ်မှ စ၍ ဝိပဿနာဉာဏ်များသည် ရှေးကလိုပင် အစဉ်အတိုင်း ဖြစ်ပေါ်လိမ့်မည်။ ဉာဏ်ဖြစ်ပုံမှာ ဖိုလ် အတွက် ဝိပဿနာနှင့်မတူဘဲ မဂ်အတွက် အားထုတ်စဉ်က ဖြစ်ခဲ့သော ဝိပဿနာနှင့် တူစွာဖြစ်၏။ ဥဒယဗ္ဗယဉာဏ် နုစဉ်၌ အလင်းရောင်များအဆင်းသဏ္ဌာန်များကိုလဲ တွေ့ရတတ်၏၊ ဒုက္ခဝေဒနာများကိုလဲ တွေ့ရတတ်၏၊ ရုပ်နာမ်အဖြစ်အပျက်များ လဲ ကြမ်းတန်းပီသစွာထင်ပေါ်၏။ ဖိုလ်အတွက် ရှုမှတ်စဉ်က တခဏအတွင်းမှာ သင်္ခါရုပေက္ခာဉာဏ် ဖိုလ်ဉာဏ်များသို့ ရောက်နေကျဖြစ်ခဲ့သော်လဲ၊ ယခုမူကား, အားမပြည့်သေးလျှင်၊ အောက်ဉာဏ်များ၌သာ ကြာမြင့်စွာ တည်နေတတ်၏။သို့သော် လဲ အားထုတ်စကလို ကြာမြင့်ခြင်း ခက်ခဲခြင်းကားမရှိပေ။ တနေ့အတွင်းမှာသော်လဲ ဉာဏ်အဆင့်ဆင့် ရင့်ကျက်၍ သင်္ခါ ရုပေက္ခာဉာဏ်သို့ ရောက်နိုင်ပေ၏။ သိမှုသည်လည်း ရှေးကထက် ပို၍အထူးကောင်း၏၊ အသိ စိပ်၏၊ အမြင် ကျယ်၏၊ အသိအမြင် အထူးစင်ကြယ်၏၊ ရှင်းလင်း၏။ လောကီအာရုံ သံသရာဝဋ်ဆင်းရဲတို့မှ ကြောက်ခြင်း, အပြစ်မြင်ခြင်း, ငြီးငွေ့ ခြင်း, လွတ်လိုခြင်း, တွန့်ဆုတ်ခြင်းများသည် ရှေးကထက် လွန်ကဲစွာ ဖြစ်၏။ ယခင်က, တနာရီအတွင်းမှာ လေးငါးကြိမ် ဖိုလ်သို့ ရောက်နေကျဖြစ်သော်လဲ၊ ယခုမူကား, အထက်မဂ်အတွက် ဉာဏ်အားမပြည့်သေးလျှင်၊ သင်္ခါရုပေက္ခာဉာဏ်သာလျှင် ဖြစ်ပေါ်လျက် နေတတ်၏၊ ၁–ရက် ၂–ရက် ၃–ရက် စသည်ဖြင့် ရက် လ နှစ် များစွာလဲ ကြာတတ်၏။ ဉာဏ်အား ပြည့်သော အခါ၌ကား အထူး သွက်လက် ထင်ရှားသော မှတ်သိမှုများ ဖြစ်ပေါ်ပြီးလျှင်, သင်္ခါရ ချုပ်ငြိမ်းသော နိဗ္ဗာန် အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် ဒုတိယမဂ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လိမ့်မည်။ ထို့နောင်, မဂ် ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင်မှု, ကိလေသာကို ဆင်ခြင်မှုများသည် ထိုက်သည် အားလျော်စွာ ဖြစ်လိမ့်မည်။ ထို့နောင် မှတ်မြဲမှတ်လျက် အဖြစ်အပျက်ကို သိသော ဥဒယဗ္ဗယဉာဏ်နှင့် အလွန် ကြည်လင်သော စိတ်အစဉ် စသည်တို့သည် ထိုက်သည်အားလျော်စွာ ဖြစ်ကုန်လတ့်။ ဤသည်ကား သကဒါဂါမိ မဂ် ဖိုလ်သို့ရောက်ပြီးသည် တိုင်အောင် အားထုတ်ပုံ မှတ်စဉ်နှင့် ဉာဏ်ဖြင့် တွေ့မြင်ပုံပေတည်း။

တတိယ မဂ်ဖိုလ်ကို ရလိုပြန်လျှင်, ရက်ကန့်သတ်ပိုင်းခြားလျက် ရပြီးဖိုလ်ကို ဝင်စားမှု၌ အာလယဖြတ်၍ "မသိရ သေးသော အထက် မဂ် ဖိုလ် တရားထူးသာ ဖြစ်ပါစေ၊ အထက် မဂ် ဖိုလ် တရားထူးကိုသာ သိမြင်ရပါစေ၊ ရောက်ပါစေ"ဟု နှလုံးသွင်း ဆောက်တည်၍ ဖြစ်ပေါ်ဆဲ ကိုယ် စိတ် အမူအရာများကို မှတ်မြဲတိုင်းသာ မှတ်အပ်၏။ ဥဒယဗ္ဗယဉာဏ်မှစ၍ ဉာဏ်အဆင့်ဆင့် ရင့်လျက်တိုးတက်ပြီးလျှင် မကြာမီပင် သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်လတ့်။ အားမပြည့်သေးလျှင် ထိုဉာဏ် ၌သာ တန့်ရပ်၍နေလတ့်၊ ထိုဉာဏ်အားပြည့်သောအခါ၌ သင်္ခါရချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် တတိယ မဂ် ဖိုလ် ဉာဏ်များ ဖြစ်ပေါ်ကြလတ့်။ ဆင်ခြင်မှု မှတ်မှု ကြည်မှုတို့လဲ နည်းတူပင် ဖြစ်ကြလတ့်။ ဤသည်ကား အနာဂါမိ မဂ် ဖိုလ်သို့ ရောက်ပြီးသည် တိုင်အောင် အားထုတ်ပုံ မှတ်စဉ်နနှင့် ဉာဏ်ဖြင့် တွေ့မြင်ပုံပေတည်း။

စတုတ္ထ မဂ်ဖိုလ်ကို ရလိုပြန်လျှင်လဲ၊ နည်းတူပင် ရက်ကန့်သတ်ခြင်း, အာလယဖြတ်ခြင်း, နှလုံးသွင်း ဆောက်တည် ခြင်းများကိုပြု၍ ဖြစ်ပေါ်ဆဲ ကိုယ်စိတ် အမူအရာများကို မှတ်မြဲတိုင်းသာ မှတ်အပ်၏။ တမျိုးတမည် ပြုပြင်၍ အားထုတ်ဖွယ် မရှိပြီ။ ထို့ကြောင့်ပင် သတိပဋ္ဌာနသုတ်၌ ဤ ရှုမှတ်မှု သတိကို "ဧကာယနော=တခုထည်းသော ခရီး၊ တကြောင်းထည်းသော ခရီး"ဟု ဟောတော် မူပေသည်။ ဥဒယဗ္ဗယဉာဏ်မှစ၍ ဉာဏ်အဆင့်ဆင့် ရင့်ကျက်တိုးတက်ပြီးလျှင်၊ မကြာမီပင် သင်္ခါ ရုပေက္ခာဉာဏ်သို့ ရောက်လတ့်၊ အားမပြည့်သေးလျှင်၊ ထိုဉာဏ်၌သာ တန့်ရပ်၍ နေလတ့်၊ ထိုဉာဏ်အားပြည့်သောအခါ၌ သင်္ခါရ ချုပ်ငြိမ်းသော နိဗ္ဗာန် အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် စတုတ္ထ မဂ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်ကြလတ့်။

ဤ စကားရပ်တို့တွင် 'ထိုထို မဂ် ဖိုလ် ဉာဏ်များ ဖြစ်မည်'ဟု ဆိုသော စကားမှာ ဖြစ်ထိုက်အောင် ပါရမီရင့်သော ပုဂ္ဂိုလ်တို့ကို ရည်၍ ဆိုအပ်သော စကားပေတည်း။ ပါရမီဉာဏ် မရင့်သန်သေးသော ပုဂ္ဂိုလ်သည်ကား သင်္ခါရုပေက္ခာဉာဏ်၌ သာလျှင် တန့်ရပ်လျက် တည်၏။ အထူးအားဖြင့်ကား .... ပဌမ မဂ် ဖိုလ်ကို ရပြီးသော ပုဂ္ဂိုလ်သည် ဒုတိယမဂ် ဖိုလ်သို့ မကြာမီပင် လွယ်ကူစွာ ရောက်တတ်ငြားသော်လဲ၊ တတိယ မဂ် ဖိုလ်သို့ကား လျင်မြန်စွာ မရောက်နိုင်ဘဲ ကြာမြင့်၍လဲ နေတတ်၏။ ဤနေရာ၌ အကြောင်းကို ရှာလျှင်၊ ဤသို့ တွေ့ရ၏။ သောတာပန်, သကဒါဂါမ် ၂ ဦးလုံးပင် သီလေသု ပရိပူရကာရီ=သီလသိက္ခာ၌ အပြည့်အစုံ ပြုကျင့်သော ပုဂ္ဂိုလ်ချည်းသာဖြစ်၏၊ ထို့ကြောင့်, သီလသိက္ခာ ပြည့်စုံသော အဆင့်ခြင်းတူသော ဒုတိယမဂ်ဖိုလ်သို့ လျင်မြန်လွယ်ကူစွာ ရောက်နိုင်ပေသည်။ အနာဂါမ်သည်ကား၊ သမာဓိသ္မိံ ပရိပူရကာရီ =သမာဓိသိက္ခာ၌ အပြည့်အစုံ ပြုကျင့်သော ပုဂ္ဂိုလ်ပေတည်း။ ထို့ကြောင့်, သီလအဆင့် ဖြစ်သော ဒုတိယဖိုလ်မှ သမာဓိအဆင့် တတိယ မဂ် ဖိုလ်သို့ လျင်မြန်စွာ မရောက်နိုင်ဘဲ ရှိသည် ဖြစ်ရာ၏။ သို့သော်လဲ, မည်သည့် မဂ် ဖိုလ်သို့ ရောက်နိုင်အောင် ပါရမီ ရင့်, မရင့်ကို ပြည့်စုံစွာအားမထုတ်ဘဲ မသိနိုင်ချေ။ ထို့ပြင်, ရက် လ နှစ် များစွာ အားထုတ်ပါမှ မဂ်ဖိုလ်သို့ရောက် မည့် ပုဂ္ဂိုလ်လဲ ရှိသောကြောင့်၊ ရက် လ အနည်းငယ် အားထုတ်ရုံမျှဖြင့် မဂ် ဖိုလ်သို့ မရောက်သေးသော်လဲ၊ 'ပါရမီဉာဏ် မရင့်သန်'ဟု မဆုံးဖြတ်နိုင်သေး။ ထို့ပြင်, ယခု အားထုတ်မှုသည်လည်း မရင့်သေးသောပါရမီဉာဏ်ကို ရင့်သန်အားပြည့် စေနိုင်သည်သာတည်း၊ သို့ဖြစ်၍, ပါရမီ ရင့်, မရင့်ကိုကား မချင့်ချိန် မစဉ်းစားသင့်ပြီ–

> “အားမထုတ်ဘဲနေလျှင် ပါရမီမျှပင် မဖြစ်နိုင်၊ ပါရမီရင့်ပြီးဖြစ်သော်လဲ မဂ်, ဖိုလ်ကို ယခုဘဝ၌မရနိုင်။ အားထုတ်လျှင်ကား ပါရမီရင့်ပြီး ဖြစ်ပါက လိုအပ်သော မဂ်, ဖိုလ်သို့ လွယ်ကူလျင်မြန်စွာ ရောက်နိုင်၏။ ပါရမီဉာဏ် အတော်အတန် ရင့်ပြီးဖြစ်ပါက ယခုအားထုတ်မှုဖြင့် ရင့်သန်ပြည့်စုံ၍ လိုအပ်သော မဂ်, ဖိုလ်သို့ ယခုဘဝမှာပင် ရောက်နိုင်၏။ အယုတ်ဆုံးအားဖြင့် နောင်ဘဝတို့၌ မဂ်, ဖိုလ်ကို လွယ်ကူစွာ ရနိုင်ရန် ထက်သန်သော ပါရမီမျိုးစေ့ကား ဧကန်ပင် ဖြစ်ပေ၏ ”ဟူသော

ဤမချွတ်ယွင်းသော အချက်ကိုသာ လေးနက်စွာ နှလုံးသွင်း၍ ကြိုးစားမယုတ် အားထုတ်အပ်တော့ သည်သာတည်း။

အရဟတ္တဖိုလ် ဆုံးသွားလျှင်, သိမြင်ရပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ပြန်၍ ဆင်ခြင်မိ၏။ “ကိလေသာ အလုံးစုံ ကင်းငြိမ်းသွားပေပြီ၊ ဘယ်အခါမှာမျှ ကိလေသာ မဖြစ်ထိုက်တော့ပြီ၊ ကျင့်ဘွယ် ကိစ္စ ပြီးဆုံး သွားပေပြီ”ဟူ၍လဲ ဆင်ခြင်ဆုံးဖြတ်၏။ ဤသည်ကား၊ ရဟန္တာဖြစ်ပြီးသည် တိုင်အောင်၊ အားထုတ်ပုံ မှတ်စဉ်နှင့် ဉာဏ်ဖြင့် တွေ့မြင်ပုံပေတည်း။

## ဥယျောဇဉ်

ဘာဝေတဗ္ဗာ သတာ စေဝံ၊ သတိပဋ္ဌာန ဘာဝနာ။
ဝိပဿနာ ရသ.ဿာဒံ၊ ပတ္ထေန္တေနီဓ သာသနေ။ ။

စ၊ တိုက်တွန်း စကား ပြောကြားဦးအံ့၊ ဣဓ သာသနေ၊ ဂေါတမဟု, နာမ ထင်ရှား, မြတ်ဘုရား၏, ညွှန်ကြားပြသ, အဆုံးမတည်ရာ, ဤသာသနာ ခေတ်အတွင်း၌။ ဝိပဿနာ ရသ.ဿဒံ၊ ဝိပဿနာ, ဉာဏ်ပညာ၏, သာယာဘွယ်အစစ်, အမှန်ဖြစ်သော, ဆီနှစ် အရသာ, ချမ်းသာ သုံးတန်, မဂ် ဖိုလ် နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင့်တ လိုလား, ဆန္ဒများသော။ သတာ–သန္တေန၊ သူတော်ကောင်း ဖြစ်သော အမျိုးသား, အမျိုးသမီးသည်။ သတိပဋ္ဌာန ဘာဝနာ၊ သတိပဋ္ဌာန် ဘာဝနာကို။ ဝါ၊ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ, ဟူသော အာရုံတို့၌ ပြေးဝင်ပြေးဝင် သွားသကဲ့သို့ ထင်သော အမှတ်ရမှု ဖြစ်၍၊ သတိပဋ္ဌာန် မည်သော မုချ ပွါးစေထိုက်သော တရားကို၊ ဧဝံ၊ ဤအခဏ်း၌ ပြဆိုခဲ့သော ဤရှုမှတ်နည်းအစဉ်ဖြင့်။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်၏၊ ပွါးစေရမည်၊ ပွါးစေပါလော့။

## အထူးမှာထားချက်

ဤကျမ်း၌ ပြအပ်သော ဝိပဿနာ ရှုမှတ်နည်း အစဉ်သည် အသိဉာဏ် အသင့်အတင့် ရှိသူများအတွက် ကောင်းစွာ လုံလောက်၏။ ထိုသို့သော ပုဂ္ဂိုလ်များသည် ဤကျမ်းကို ကြည့်ကာမျှဖြင့် ထက်သန်သော သဒ္ဓါ ဆန္ဒ ဝီရိယတို့ကို မဆုတ်မနစ်စေဘဲ ကျကျ နန ရိရိသေသေ အားထုတ် သွားလျှင်, ပြခဲ့သည့်အတိုင်းပင် ဝိပဿနာ ဉာဏ် မဂ်, ဖိုလ်ဉာဏ်များသို့ ဧကန်ပင် ဆိုက်ရောက် နိုင်ရာ၏။ သို့သော်လဲ, အားထုတ်သူတို့အား ဖြစ်ပေါ်တတ်ပုံနှင့် ဉာဏ်ဖြင့် တွေ့မြင်ပုံအထူးများကို ဤကျမ်း၌ စုံလင်စွာ မဖေါ်ပြနိုင်ပေ၊ များစွာပင် ကြွင်းကျန်သေး၏။ ဤကျမ်း၌ပြထားသော တွေ့မြင်ပုံအလုံးစုံကို အားထုတ်သူတဦးထည်းက တွေ့ရမည်လဲမဟုတ်ပေ၊ အားထုတ်သူ၏ ပါရမီ အားလျော်စွာ အသိဉာဏ် အစိပ်, အကျဲနှင့်၊ ရှင်း, မရှင်းလဲ ထူးခြားသေး၏။ ထို့ပြင်, အားထုတ်သူ၏ သဒ္ဓါ ဆန္ဒ ဝီရိယသည်လည်း အခါခပ်သိမ်း ခိုင်မြဲထက်သန်နေသည်ချည်း မဟုတ်ချေ။ ဆရာမရှိဘဲ စာတွေ့မျှဖြင့် အားထုတ်လျှင်, “မသွားဘူးသော ခရီးကို တယောက်ထည်း သွားရသော သူကဲ့သို့” ယုံမှားမကင်းသောကြောင့်၊ ခပ်ဆဆဖြစ်၍လဲ နေတတ်၏။ သို့ဖြစ်၍, သာမန်ပုဂ္ဂိုလ်သည် ကူညီအားပေးမည့် ဆရာမရှိဘဲ အားထုတ်လျှင်၊ ဝိပဿနာဉာဏ်ထူး, မဂ် ဖိုလ်တရားထူးများသို့ ချောမောစွာရောက်ရန် မလွယ်ကူလှသေးပေ။ သို့ဖြစ်၍, မဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် သိရသည် တိုင်အောင် တကယ်တမ်း အားထုတ်လိုသော သူတော်ကောင်းတို့သည် “ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော=မှန်ကန်စွာသိရန် ဆရာကို ရှာရမည်”ဟူသော နိဒါနဝဂ္ဂ သံယုတ်ပါဠိနှင့်အညီ၊ “ကျကျ နန အားထုတ်ဘူး၍ ဝိပဿနာဉာဏ်စဉ်, မဂ် ဖိုလ် ပစ္စဝေက္ခဏာ ဉာဏ်တို့နှင့်တကွ ဖိုလ်ဝင်စားပုံအထိ ကျမ်းဂန်နှင့်ညီစွာ ညွှန်ပြနိုင်သော ကလျာဏမိတ္တ ဆရာသမားထံ၌ နည်းခံ၍ အားထုတ်ကြပါလေ။ “ငါဟာ ပုဂ္ဂိုလ်ထူးဘဲ သူတပါးထံမှာ နည်းခံဘို့ မလိုပါဘူး”ဟု တက်ကြွလျက်ရှိသော မာနတံခွန်ကြီးကိုလဲ အရှင်ပေါဋ္ဌိလ မထေရ်၏ ကျင့်ထုံးကို နှလုံးသွင်းကာ ချိုးနှိမ်နိုင်ပါစေကုန်သတည်း၊ အားထုတ်သော အခါမှာလဲ အောက်ပါ ဘုရားအဆုံးအမ မိန့်ခွန်းတော်ကို လေးနက်စွာ နှလုံးသွင်း၍ တင်းတင်း ရင်းရင်း ပြည့်ပြည့်ဝဝ အားထုတ် နိုင်ကြပါစေကုန်သတည်း။

န ယိဒံ သိထိလ မာရဗ္ဘ၊ န ယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဒုက္ခပ္ပမောစနံ။ ။

## (နိဒါဝဂ္ဂသံယုတ် ၄၆၆)

ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗဒုက္ခပ္ပမောစနံ၊ ဆင်းရဲ အလုံးစုံမှ ကျွတ်လွတ်ရာ ဖြစ်သော။ ဣဒံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်ကို။ သိထိလံ အာရဗ္ဘ၊ လျော့လျည်းစွာ အားထုတ်၍။ န အဓိဂန္တဗ္ဗံ၊ မသိနိုင်, မရောက်နိုင်ပေ။ ဣဒံ၊ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်ကို။ အပ္ပေန ထာမသာ၊ အနည်းငယ်သော အားစွမ်းဖြင့်။ န အဓိဂန္တဗ္ဗံ။ မသိနိုင်, မရောက်နိုင်ပေ။

(ကြီးကျယ်သော အားစွမ်းဖြင့်၊ တင်းတင်းကြီး အားထုတ်မှ သိနိုင်, ရောက်နိုင်သည်ဟု ဆိုလို၏)။

**အခန်း (၅) ပြီး၏။**

# အခဏ်း (၆)

## ဉာဏ်စဉ် အဆုံးအဖြတ်

### နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ

အခဏ်း (၁) ၌ သီလဝိသုဒ္ဓိကို ပြခဲ့ပြီ၊ အခဏ်း (၂) ၌ စိတ္တဝိသုဒ္ဓိကို ပြခဲ့ပြီ၊ အခဏ်း (၃-၄-၅)တို့၌ ဒိဋ္ဌိဝိသုဒ္ဓိမှ ဉာဏဒဿန ဝိသုဒ္ဓိတိုင်အောင် အားထုတ်ပုံ တွေ့မြင်ပုံကို အခြေအမြစ်နှင့်တကွ ပြခဲ့ပြီ။ ဤ အခဏ်း၌ကား ရှုမှတ်သော သူမှာ အစဉ်အတိုင်း ဖြစ်ပေါ်လာသော နာမရူပ ပရိစ္ဆေဒဉာဏ် စသည်တို့နှင့် ဒိဋ္ဌိဝိသုဒ္ဓိ စသော ပညာဝိသုဒ္ဓိ ငါးပါးတို့ကို ကျမ်းဂန်နှင့် နှီးနှော၍ ပြပေအံ့။

### နာမရူပါနံ ယာထာဝ-ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။ (ဝိသုဒ္ဓိမဂ် ၂-၂၂၂)

နာမရူပါနံ၊ အာရုံဆီသို့ ညွတ်တတ်, သွားတတ်သော နာမ်သဘောနှင့်၊ အာရုံဆီသို့ မညွတ်တတ်မှု၍၊ ဖောက်ပြန်ရုံ သာအထင်အရှား ဖောက်ပြန်တတ်သော ရုပ်သဘော,တို့ကို။ ယထာဝဒဿနံ၊ သဘောမှန်အတိုင်း မြင်သိခြင်းသည်။ ဒိဋ္ဌိ ဝိသုဒ္ဓိနာမ၊ စင်ကြယ်သော ဉာဏ်အမြင်မည်၏။

အခဏ်း (၅)၌ ပြခဲ့သည့်အတိုင်း ရှုမှတ်သူအား သမာဓိ ထက်သန်သောအခါ၌ ကြံစည်တွေးတောမှု နီဝရဏတို့သည် များသောအားဖြင့် မဖြစ်ပေါ်ကုန်ပြီ၊ မှတ်မှုချည်းသာလျှင် တစပ်ထည်း စင်ကြယ်စွာ ဖြစ်၏၊ ရံခါ၌ ကြံစည်မှု ဖြစ်လာသော်လဲ, ချက်ခြင်းပင် မှတ်သိနိုင်၍ ထိုကြံစည်မှု ငြိမ်းပြတ် သွား၏။ ထိုအခါ၌၊ ဖောင်းမှု ပိန်မှု ထိုင်မှု ရပ်မှု သွားမှု အိပ်မှု ကွေးမှု ဆန့်မှု လှုပ်ရှားမှု စသော ကိုယ်အမူအရာ ဝါယော ဖောဋ္ဌဗ္ဗဘူတရုပ်များ (ကြီးမားထင်ရှားသော ဖောက်ပြန်မှုများ)နှင့်၊ ထိုမှ တပါး, တွေ့ထိရသော အကြမ်း, အနု၊ အပူ, အအေး၊ အတင်း, အလျော့ဟူသော ဘူတရုပ်များ, ကို "အမျိုးမျိုးအထွေထွေ ဖောက်ပြန် ပြောင်းလဲတတ်သော သဘောမျှသာ"ဟူ၍၎င်း၊ "တုံးတိုင် ကျောက်ခဲ သဲများကဲ့သို့ပင် အာရုံကို မသိတတ်သော သဘောမျှသာ"ဟူ၍၎င်း၊ မှတ်ဆဲမှာပင် သိမြင် သဘောကျ၏။ ထို့ပြင် မြင်ရတဲ့ အဆင်း, မြင်နိုင်အောင် ကြည်လင်တဲ့ မျက်စိရုပ်၊ ကြားရတဲ့အသံ, ကြားနိုင်အောင် ကြည်လင်တဲ့ နားရုပ်၊ နံရတဲ့ အနံ့, နံနိုင်အောင် ကြည်လင်တဲ့ နှာခေါင်းရုပ်၊ စားသိရတဲ့ အရသာ, စားသိနိုင်အောင် ကြည်လင်တဲ့ လျှာရုပ်၊ ထိသိနိုင်အောင် ကြည်လင်တဲ့ ကိုယ်ရုပ်၊ ကြံသိမှု၏ မှီရာ နှလုံးရုပ်-ဤသို့ အစရှိသော ဥပါဒါရုပ် (အကြမ်းစား ရုပ်တို့ကို မှီသော အသေးစား ရုပ်)များကိုလဲ၊ မှတ်ဆဲမှာပင်နည်းတူ သိမြင်သဘောကျ၏။ ဤသို့ မတွေမဝေ သိမြင်သဘောကျခြင်းသည် "ရုပ္ပနလက္ခဏာ, အဗျာကတပစ္စုပဋ္ဌာန်တို့ အလိုအားဖြင့် ရုပ်တရားကို မှန်ကန်စွာသိမှု ဖြစ်သောကြောင့်" ရူပ ယာ ထာဝ ဒဿန=ရုပ်ကို သဘောမှန်အတိုင်းသိသော ဉာဏ်ပေတည်း။ အဗျာကတ ပစ္စုပဋ္ဌာန် အလိုအားဖြင့် သိသည် ဟူသော စကားမှာ

> "အစေတနော အဗျာကတောတိ ဧတ္ထ ဝိယ အနာရမ္မဏတာ ဝါ အဗျာကတတာ ဒဋ္ဌဗ္ဗာ"
> ဟူသော

မူလဋီကာ, (၂-၉၁) မဟာဋီကာ (၂-၂၅၄) တို့ကို မှီ၍ ဆိုအပ်သော စကားပေတည်း။

> ဋီကာ၏ အနက် ...ဝါ၊ တနည်းကား။ အ-စေတနော အဗျာကတော တိ ဧတ္ထ ဝိယ၊ အ-စေတနော အဗျာကတော ဟူရာ၌ကဲ့သို့။ အနာရမ္မဏတာ၊ အာရုံမပြုတတ်သည်၏ အဖြစ်ကို။ အဗျာကတတာ၊ အဗျာကတ၏ အဖြစ်=အဗျာကတမည်ကြောင်း အနက်ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

အဓိပ္ပါယ်ကား ........ ဣတိ ကေသာ နာမ ဣမသ္မိံ သရီရေပါဠိယေဝ ကောဋ္ဌာသော အ-စေတနော အဗျာကတော သုညော နိဿတ္တော ထဒ္ဓေါ ပထဝီဓာတု-ဤသို့စသော ဓာတုဝဝတ္ထာန် အဖွင့်အဋ္ဌကထာ၌ အဗျာကတော-အာရုံမပြုတတ် ဟူ သောအနက်ကို သိရသကဲ့သို့၊ အဗျာကတပစ္စု ပဋ္ဌာနံ ဟူရာ၌လဲ "အာရုံမပြုတတ်သောတရားဟု ဉာဏ်အား ရှေးရှု ထင်ပေါ် သည်" ဟူသောအနက်ကို သိရမည်ဟုဆိုလို၏။ ဤဋီကာအဖွင့်သည်" ယောဂီတို့၏ဉာဏ်မှာ ထင်ပုံနှင့် အထူးပင် သင့်လျော် ပါပေ၏။

ထို့ပြင်, မှတ်ဆဲမှာပင် "ဖေါင်းမှု ပိန်မှု စသော အာရုံများဆီသို့ မှတ်တဲ့စိတ်က ပြေး၍ ပြေး၍ ကပ် ကပ် သွားသလို လဲ"ထင်ရ၏၊ "မြင်မှု ကြားမှု နံမှု စားသိမှု ထိသိမှု ကွေးချင်မှု ဆန့်ချင်မှု ကြံသိမှုစသော စိတ်များကဆိုင်ရာ အာရုံများဆီသို့ ရောက်ရောက် သွားကြသလိုလဲ" ထင်ရ၏။ ဤသို့ ထင်မြင်ခြင်း သိခြင်းသည် "နမနလက္ခဏာအလိုအားဖြင့် နာမ်တရားကို မှန်ကန်စွာ သိမှု ဖြစ်သောကြောင့်" နာမ-ယာထာဝ-ဒဿန=နာမ်ကို သဘောမှန်အတိုင်း သိသော ဉာဏ်ပေတည်း။

ဤသို့ သဘောမှန်အတိုင်း သိမြင်သူအား ရုပ် နှင့် နာမ်တို့သည် အသီး အသီး ကွဲပြားလျက်သာ ထင်ပေါ်ကုန်၏။ မမှတ်မီကာလ, မှတ်ခါစ ကာလက ကဲ့သို့ တဆက်ထည်း တပေါင်းထည်း တခုထည်း တကောင်ထည်းအနေအားဖြင့် မထင် ပေါ်ကုန်ပြီ၊ အယုတ်ဆုံးအားဖြင့် ဖေါင်းခိုက်၌ ဖေါင်းတာက တခြား + မှတ်တာက တခြား ကွဲပြားလျက်သာ ထင်ပေါ်၏၊ ထို့အတူ, ပိန်ခိုက်၌ ပိန်တာက တခြား + မှတ်တာက တခြား၊ ထိုင်တယ်ဟု မှတ်ခိုက်၌ ထိုင်တာကတခြား + မှတ်တာက တခြား၊ ကွေးခိုက် ဆန့်ခိုက်၌ ကွေးချင်, ဆန့်ချင်တာက တခြား + ကွေးတာ, ဆန့်တာက တခြား + မှတ်တာက တခြား၊ မြင်ခိုက်၌ မြင်ရတာနှင့် မျက်စိက တခြား + မြင်တာနှင့် မှတ်တာက တခြား-ဤသို့စသည်ဖြင့် ကွဲပြားလျက်သာ ထင်ပေါ်၏။ ဤသို့ မှတ်ဆဲမှာပင် ရုပ် နှင့် နာမ် တခြားစီ ကွဲပြားလျက်သာ ထင်ရှားပုံကို ရည်၍ ဝိသုဒ္ဓိမဂ်၌ အောက်ပါ ပေါရာဏ ဂါထာတို့ကို ထုတ်ပြတော်မူလေပြီ။

န စက္ခုတော ဇာယရေ ဖဿ-ပဉ္စမာ၊
န ရူပတော နော စ ဥဘိန္နမန္တရာ။
ဟေတုံ ပဋိစ္စ ပ္ပဘဝန္တိ သင်္ခတာ၊
ယထာပိ သဒ္ဒေါ ပဟတာယ ဘေရိယာ။ (၂-၂၃၀)

ဖဿ-ပဉ္စမာ၊ ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ် ဟူသော ဖဿပဉ္စမက တရားတို့သည်။ ဝါ၊ မြင်တွေ့မှုလျှင် ငါးခုမြောက်ရှိသော မြင်မှုသဘောတို့သည်။ စက္ခုတော၊ မျက်စိထဲမှလဲ။ န ဇာယရေ၊ ထွက်၍ ဖြစ်ပေါ်လာသည် မဟုတ်ကုန်။ ရူပတော၊ အဆင်းထဲမှလဲ။ န ဇာယရေ၊ ထွက်၍ ဖြစ်ပေါ်လာသည် မဟုတ်ကုန်။ ဥဘိန္နံ အန္တရာစ၊ မျက်စိနှင့်အဆင်း ဤ နှစ်မျိုးတို့၏ အလယ်ကြားမှလဲ။ နော ဇာယရေ၊ ထွက်၍ ဖြစ်ပေါ်လာသည် မဟုတ်ကုန်။ သင်္ခတာ၊ ဆိုင်ရာ အကြောင်းတို့က ပေါင်း၍ ပြုအပ်သော မြင်မှု သဘောတို့သည်။ ဟေတုံ ပဋိစ္စ၊ မျက်စိ အဆင်း စသော အကြောင်းကို စွဲမှီကုန်၍။ ပဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏။ ယထာပိ၊ ဥပမာကား။ ပဟတာယ ဘေရိယာ၊ တီးခတ်အပ်သော စည်၏။ သဒ္ဒေါ၊ အသံသည်၊ ပဘဝတိ ယထာ၊ စည် လက်ခတ်စသော အကြောင်းကို စွဲမှီ၍ ဖြစ်ပေါ်သကဲ့သို့ပင်တည်း။

အဓိပ္ပါယ်ကား .........စည်သံသည် မတီးသေးမီက စည်ထဲမှာလဲ အောင်းလျက် ရှိခဲ့သည်မဟုတ် လက်ခတ်ထုထဲမှာလဲ အောင်းလျက်ရှိခဲ့သည် မဟုတ်၊ စည် နှင့် လက်ခတ်တို့၏ အလယ်ကြားမှာလဲအောင်းလျက် ရှိခဲ့သည်မဟုတ်။ ထို့ကြောင့်, တီးခိုက်၌မြည်သော ထိုစည်သံသည် စည်ထဲမှလဲ ထွက်ပေါ်လာသည်မဟုတ်၊ လက်ခတ်ထုထဲမှလဲ ထွက်ပေါ်လာသည် မဟုတ်။ (စည်ရုပ်, လက်ခတ်ရုပ်များကပင် အသံရုပ်ဖြစ်လာသည် မဟုတ်-ဟူလို)။ စည်နှင့်လက်ခတ်တို့၏ အလယ်ကြားမှ လဲ ထွက်ပေါ်လာသည်မဟုတ်။ အမှန်အားဖြင့်သော်ကား .... စည် လက်ခတ် တီးမှု ဟူသော အကြောင်းတို့ကို စွဲမှီ၍ တီးတိုင်း တီးတိုင်း အသစ် အသစ် ဖြစ်ပေါ်လာသော အသံမျှ သာဟုတ်ပေသည်။ သို့ဖြစ်၍၊ စည်နှင့် လက်ခတ်တို့က တခြား + စည်သံ ကတခြား ကွဲပြားသကဲ့သို့၊ ထို့အတူပင်, မြင်မှုသည် မမြင်သေးမီက မျက်စိထဲမှာလဲ အောင်လျက် ရှိခဲ့သည်မဟုတ်၊ အဆင်း ထဲမှာလဲ အောင်းလျက် ရှိခဲ့သည် မဟုတ်၊ မျက်စိနှင့် အဆင်းတို့၏ အလယ်ကြားမှာလဲ အောင်းလျက် ရှိခဲ့သည် မဟုတ်။ ထို့ကြောင့်, အဆင်းထင်ခိုက် ထင်ခိုက်၌ ဖြစ်ပေါ်သော ထိုမြင်မှုသည် မျက်စိထဲမှလဲ ထွက်၍ ဖြစ်ပေါ်သည် မဟုတ်၊ အဆင်းထဲမှလဲ ထွက်၍ ဖြစ်ပေါ်သည်မဟုတ်၊ (မျက်စိရုပ်, အဆင်းရုပ်များကပင် မြင်မှု ဖြစ်လာသည် မဟုတ်ဟူလို)။ မျက်စိ နှင့်အဆင်းတို့၏ အလယ်ကြားမှလဲ ထွက်၍ ဖြစ်ပေါ်သည်မဟုတ်၊ အမှန်အားဖြင့်သော်ကား .... မျက်စိ အဆင်း အလင်းရောင် နှလုံးသွင်းမှုဟူသော အကြောင်းတို့ကိုစွဲမှီ၍၊ အဆင်းထင်ခိုက်ထင်ခိုက်၌ အသစ်အသစ် ဖြစ်ပေါ်လာသော မြင်မှု သဘောမျှသာ ဟုတ်ပေသည်။ သို့ဖြစ်၍, မျက်စိနှင့် အဆင်းတို့က တခြား + မြင်မှုက တခြား ကွဲပြားလျက် ထင်ပေါ်သည် ဟုဆိုလို၏။ (ကြားမှု နံမှု စားသိမှု ထိမှု ဆိုင်ရာ ဂါထာတို့၌ ထူးသော ပါဋ္ဌိ အနက်ကိုသာ ဖေါ်ပြအံ့)။

န သောတတော ဇာယရေ ဖဿ-ပဉ္စမာ၊
န သဒ္ဒတော နော စ ဥဘိန္နမန္တရာ။ပေ။ ။
န ဃာနတော ဇာယရေ ဖဿ-ပဉ္စမာ၊
န ဂန္ဓတော နော စ ဥဘိန္နမန္တရာ။ပေ။ ။
န ဇိဝှတော ဇာယရေ ဖဿ-ပဉ္စမာ၊
န ရသတော နော စ ဥဘိန္နမန္တရာ။ပေ။ ။
န ကာယတော ဇာယရေ ဖဿ-ပဉ္စမာ၊
န ဖဿတော နော စ ဥဘိန္နမန္တရာ။ပေ။ (၂-၂၃၁)

ဖဿ–ပဥ္စမာ၊ ကြားတွေ့မှုလျှင် ငါးခုမြောက် ရှိသော ကြားမှု သဘောတို့သည်။ သောတတော၊ နားထဲမှလဲ။ န ဓာယရေ၊ ထွက်၍ ဖြစ်ပေါ်လာသည် မဟုတ်ကုန်။ သဒ္ဒတော၊ အသံထဲမှလဲ။ န ဓာယရေ၊ ထွက်၍ ဖြစ်ပေါ်လာသည် မဟုတ်ကုန်။ ဥဘိန္နံ့ အန္တရာ စ၊ နားနှင့် အသံ ဤနှစ်မျိုးတို့၏ အလယ်ကြားမှလဲ။ နော ဓာယရေ၊ ထွက်၍ ဖြစ်ပေါ်လာသည် မဟုတ်ကုန်။ သင်္ခတာ၊ ဆိုင်ရာ အကြောင်းတို့က ပေါင်း၍ ပြုအပ်သော ကြားမှုသဘောတို့သည်။ ဟေတုံ ပဋိစ္စ။ နား, အသံစသော အကြောင်းကို စွဲမှီကုန်၍။ ပဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏၊ ယထာပိ၊ ဥပမာကား။ပေ။

ဖဿ–ပဥ္စမာ၊ နံတွေ့မှုလျှင် ငါးခုမြောက် ရှိသော နံမှုသဘောတို့သည်။ ဃာနတော၊ နှာခေါင်းထဲမှလဲ။ န ဓာယရေ၊ ကုန်။ ဂန္ဓတော၊ အနံ့ထဲမှလဲ။ န ဓာယရေ၊ ကုန်။ ဥဘိန္နံ့ အန္တရာ စ၊ နှာခေါင်းနှင့် အနံ့ ဤနှစ်မျိုးတို့၏ အလယ်ကြားမှလဲ။ နော ဓာယရေ၊ ကုန်။ သင်္ခတာ၊ ဆိုင်ရာ အကြောင်းတို့က ပေါင်း၍ ပြုအပ်သော နံမှုသဘောတို့သည်။ ဟေတုံ ပဋိစ္စ၊ နှာခေါင်း, အနံ့ စသော အကြောင်းကို စွဲမှီကုန်၍။ ပဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏။ ယထာပိ၊ ဥပမာကား။ပေ။

ဖဿ–ပဥ္စမာ၊ စားတွေ့မှုလျှင် ငါးခုမြောက် ရှိသော စားသိမှု သဘောတို့သည်။ ဇိဝှတော၊ လျှာထဲမှလဲ။ န ဓာယရေ၊ ကုန်။ ရသတော၊ အရသာထဲမှလဲ။ န ဓာယရေ၊ ကုန်။ ဥဘိန္နံ့ အန္တရာစ၊ လျှာနှင့် အရသာ ဤနှစ်မျိုးတို့၏ အလယ်ကြားမှလဲ။ နော ဓာယရေ၊ ကုန်။ သင်္ခတာ၊ ဆိုင်ရာ အကြောင်းတို့က ပေါင်း၍ ပြုအပ်သော စားသိမှုသဘောတို့သည်။ ဟေတုံ ပဋိစ္စ၊ လျှာ, အရသာ စသော အကြောင်းကို စွဲမှီကုန်၍။ ပဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏။ ယထာပိ၊ ဥပမာကား။ပေ။

ဖဿ–ပဥ္စမာ၊ ထိတွေ့မှုလျှင် ငါးခုမြောက် ရှိသော ထိသိမှုသဘောတို့သည်။ ကာယတော၊ ကိုယ်ထဲမှလဲ။ န ဓာယရေ၊ ကုန်။ ဖဿတော၊ အတွေ့ အာရုံထဲမှလဲ။ န ဓာယရေ၊ ကုန်။ ဥဘိန္နံ့ အန္တရာစ၊ ကိုယ်နှင့်အတွေ့ရုပ် ဤနှစ်မျိုးတို့၏ အလယ်ကြားမှလဲ။ နော ဓာယရေ၊ ကုန်။ သင်္ခတာ၊ ဆိုင်ရာ အကြောင်းတို့က ပေါင်း၍ ပြုအပ်သော ထိသိမှုသဘော တို့သည်။ ဟေတုံ ပဋိစ္စ။ ကိုယ်, အတွေ့ရုပ် စသော အကြောင်းကို စွဲမှီကုန်၍။ ပဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏။ ယထာပိ၊ ဥပမာကား။ပေ။

န ဝတ္ထုရူပါပဘဝန္တိ သင်္ခတာ၊
န စာပိ ဓမ္မာယတနေဟိ နိဂ္ဂတာ။
ဟေတုံ ပဋိစ္စ ပ္ပဘဝန္တိ သင်္ခတာ၊
ယထာပိ သဒ္ဒေါ ပဟတာယ ဘေရိယာ။ (၂–၂၃၁)

သင်္ခတာ၊ ဆိုင်ရာအကြောင်းတို့က ပေါင်း၍ပြုအပ်သော ကြံသိမှု, ရှုမှတ်မှု=သဘောတို့သည်။ ဝတ္ထုရူပါ၊ မှီရာ နှလုံး ရုပ်ထဲမှလဲ န ပဘဝန္တိ၊ ထွက်၍ ဖြစ်ပေါ်လာသည် မဟုတ်ကုန်။ ဓမ္မာယတနေဟိ စာပိ၊ ကြံသိရ, ရှုမှတ်ရသော သဘောအာရုံ များထဲမှလဲ။ နနိဂ္ဂတာ၊ ထွက်ပေါ်လာကြသည် မဟုတ်ကုန်။ သင်္ခတာ၊ ကြံသိမှု, ရှုမှတ်မှု သဘောတို့သည်။ ဟေတုံ ပဋိစ္စ၊ နှလုံးရုပ်, သဘော အာရုံစသော အကြောင်းကို စွဲမှီကုန်၍။ ပဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏။ ယထာပိ၊ ဥပမာကား။ ပဟတာယ၊ တီးခတ်အပ်သော။ ဘေရိယာ၊ စည်၏။ သဒ္ဒေါ၊ အသံသည်။ ပဘဝတိ ယထာ၊ စည်, လက်ခတ် စသော အကြောင်းကို စွဲမှီ၍ ဖြစ်ပေါ်သကဲ့သို့ပင်တည်း။

ထိုသို့ နာမ် ရုပ် ၂ ပါးကို ကွဲပြားစွာ သိသောသူသည် ဤသို့လဲ ဆင်ခြင်ဆုံးဖြတ်တတ်၏။ ပုံကား .... ထိုင်ခြင်း ထခြင်း သွားခြင်း ကွေးခြင်း ဆန့်ခြင်း မြင်ခြင်း ကြားခြင်း စသော အမှုအရာ တစုံတခုကို နာမ် သက်သက်ဖြင့်လဲ မပြီးစေ နိုင်၊ ရုပ်သက်သက်ဖြင့်လဲ မပြီးစေနိုင်၊ နာမ် ရုပ် ၂ ပါးလုံး ပေါင်းစပ်၍သာလျှင် ပြီးစေနိုင်သည်။ ထိုသို့ပြီးစေသော နာမ်ရုပ် ၂–ပါးကိုပင် စွဲ၍၊ "ငါ ထိုင်သည်၊ ငါ ထသည်၊ ငါ သွားသည်၊ ငါ ကွေးသည်၊ ငါ ဆန့်သည်၊ ငါ မြင်သည်၊ ငါ ကြားသည်" ဤသို့စသည်ဖြင့် ခေါ်ဝေါ် ပြောဆိုနေကြလေသည်၊ အမှန်အားဖြင့်သော်ကား .... ထိုင်မှု, ထမှု, သွားမှု စသည်ကို ပြုလုပ်တတ် သော ငါကောင်=သတ္တဝါကောင် ဟူ၍ မရှိချေ၊ နာမ်ရုပ် ၂–ပါးမျှသာ ရှိပေသည်–ဟု ဤသို့လဲ ဆင်ခြင် ဆုံးဖြတ်တတ်၏။ အောက်ပါမှာ ဤသို့သော အနက်ကို အမြွက်မျှပြသော ဝိသုဒ္ဓိမဂ် စကားပေတည်း။

အထခေါ နာမံ နိဿာယ ရူပံ ပဝတ္တတိ၊ ရူပံ နိဿာယ နာမံ ပဝတ္တတိ၊ နာမဿ ခါဒိတု–ကာမတာယ, ပိဝိတု–ကာမတာယ, ဗျာဟရိတု–ကာမတာယ, ဣရိယာပထံ ကပ္ပေတု–ကာမတာယ သတိ, ရူပံ ခါဒတိ, ပိဝတိ, ဗျာဟရတိ, ဣရိယာပထံ ကပ္ပေတိ။

အထခေါ အမှန်အားဖြင့်သော်ကား။ နာမံ နိဿာယ၊ စားလိုမှုစသော နာမ်ကိုမှီ၍။ ရူပံ ပဝတ္တတိ၊ စားမှုစသော ရုပ် ဖြစ်ပေါ်၏။ ရူပံ နိဿာယ၊ မျက်စိ စသောရုပ်ကို မှီ၍။ နာမံ ပဝတ္တတိ၊ မြင်မှုစသော နာမ်, ဖြစ်ပေါ်၏၊ နာမဿ၊ နာမ်၏။ ခါဒိတု–ကာမတာယ၊ စားလိုခြင်း ဖြစ်လတ်သော်။ ပိဝိတု–ကာမတာယ၊ သောက်လိုခြင်း ဖြစ်လတ်သော်။ ဗျာဟရိတု–ကာမတာယ၊ ပြောလိုခြင်း ဖြစ်လတ်သော်။ ဣရိယာပထံ ကပ္ပေတု–ကာမတာယ၊ ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း, အိပ်ခြင်း–

ဟူသော ကြိယာပုဒ်ကို ပြုလိုခြင်းသည်။ သတိ၊ ဖြစ်လတ်သော်။ ရူပံ၊ ရုပ်သည်။ ခါဒတိ၊ စားဝါး၏။ ပိဝတိ၊ သောက်၏။ ဗျာဟရတိ၊ ပြောဆို၏။ ကြိယာပဒံ ကပ္ပေတိ၊ ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း, အိပ်ခြင်းကို ပြု၏။

ဤပါဠိဖြင့်၊ စားချင်တာက နာမ် + စားတာက ရုပ်–ဟူ၍ငင်း၊ သောက်ချင်တာက နာမ်+သောက်တာက ရုပ်၊ ပြောချင်တာကနာမ် + ပြောတာက ရုပ်၊ ထိုင်ချင်တာက နာမ်+ထိုင်တာက ရုပ်၊ ရပ်ချင်တာက နာမ် + ရပ်တာက ရုပ်၊ သွားချင်တာက နာမ် + သွားတာက ရုပ်၊ လှဲ အိပ်ချင်တာက နာမ်+လှဲ အိပ်တာက ရုပ်–ဟူ၍ငင်း” ဤသို့စသော အနက်ကိုလဲ တိုက်ရိုက်ထင်ရှားပြ၏။ ထို့ပြင်, အချို့သောယောဂီသည် ဥပမာတင်၍သော်လဲ ဆင်ခြင်ဆုံးဖြတ်တတ်သေး၏။ အောက်ပါမှာ ဝိသုဒ္ဓိမဂ်၏ ဘာသာပြန်ပေတည်း။ (၂–၂၂၈)

ဝင်ရိုး, ဘီး, ရထားအိမ်, ရထားသန် အစရှိသော အစိတ်အပိုင်း အဆောက်အဦးများသည် တခုထည်း အနေအားဖြင့် နေသားတကျပေါင်းစု တည်နေကြလျှင်၊ ရထားဟု ခေါ်ဝေါ်ရုံမျှသာ ရှိ၏။ တခုတခုသော အစိတ်အပိုင်းကိုသာ စူးစိုက်၍ ကြည့်ရှုလျှင်ကား ရထားမည်သော ဝတ္ထုသည် အမှန်အားဖြင့် မရှိသကဲ့သို့ငင်း၊ သစ်, ဝါးစသော အိမ်၏ အဆောက်အဦးများသည် ဟင်းလင်းပြင်အရပ်ကို ကာရံလျက် တခုထည်းအနေအားဖြင့် နေသားတကျ ပေါင်းစုတည်နေကြလျှင်၊ အိမ်ဟု ခေါ်ဝေါ်ရုံမျှသာရှိ၏၊ တခု တခုသော အစိတ်အပိုင်းကိုသာ စူးစိုက်၍ ကြည့်ရှုလျှင်ကား အိမ်မည်သော ဝတ္ထုသည် အမှန်အားဖြင့် မရှိသကဲ့သို့ငင်း။ (ပေ) ပင်လုံး, အကိုင်း, အခက်, အရွက်စသော သစ်ပင်၏ အစိတ်အပိုင်းများသည် တခုထည်း အနေအားဖြင့် နေသားတကျ တည်ရှိကြလျှင်၊ သစ်ပင်ဟု ခေါ်ဝေါ်ရုံမျှသာရှိ၏၊ တခုတခုသော အစိတ်အပိုင်းကိုသာ စူးစိုက်၍ ကြည့်ရှုလျှင်ကား သစ်ပင်မည်သော ဝတ္ထုသည် အမှန်အားဖြင့် မရှိသကဲ့သို့ငင်း၊ ဤဥပမာတို့နှင့်တူစွာပင် ဥပါဒါနက္ခန္ဓာ ငါးပါး=ရုပ် နာမ် နှစ်ပါးတို့သည် တပေါင်းထည်း တစဉ်ထည်း ဖြစ်၍ နေကြလျှင်၊ သတ္တဝါ=ပုဂ္ဂိုလ်ဟု ခေါ်ဝေါ်ရုံမျှသာ ရှိချေသည်၊ တခု တခုသော ရုပ်, နာမ်, ခန္ဓာသဘောတရားကို သာလျှင် စူးစိုက်၍ ရှုမှတ်လျှင်ကား၊ ငါဘဲ–ဟု မာနဖြင့် စွဲလမ်းမှု, ငါကောင်–ဟု ဒိဋ္ဌိဖြင့် စွဲလမ်းမှု, ဤ နှစ်မျိုးတို့၏ တည်ရာ ဖြစ်သော (အသက် လိပ်ပြာကောင်, ဝိညာဏ်ကောင် စသည်ဖြင့် ခေါ်ဝေါ် စွဲလမ်းအပ်သော) သတ္တဝါမည်သည် ပရမတ္ထအားဖြင့် (မျက်မှောက် သိအပ်သောသဘော=မူလရှိရင်းအတိုင်း မှန်သောသဘော အားဖြင့်) မရှိသည်သာတည်း။ မျက်မှောက်သိရ၍ မူလရှိရင်းအတိုင်း မှန်သောသဘောအားဖြင့်ကား အာရုံဆီသို့ ညွတ်တတ် သွားတတ်သော, အာရုံကို သိတတ်သော နာမ်သဘောနှင့်၊ အာရုံကို မသိတတ်ဘဲ ဖေါက်ပြန်ရုံသာ အမျိုးမျိုး ဖေါက်ပြန် ပြောင်းလဲတတ်သော ရုပ်သဘောမှုသာလျှင် ရှိပေသည်–ဟူ၍ ပိုင်းခြားဆုံးဖြတ်၏။ ဤသို့ သိမြင်သဘောကျသော သူ၏အသိ အမြင်သည်၊ ယထာဘူတ ဒဿန=မှန်ကန်စွာ သိမြင်သော ဉာဏ် မည်၏။ ဒိဋ္ဌိဝိသုဒ္ဓိပင်တည်း။ (ဘာသာပြန်)။

သို့သော်လဲ၊ ဥပမာ တင်ခြင်းသည်ကား လိုရင်းမဟုတ်ပေ။ မှတ်ခိုက် မှတ်ခိုက်၌ အထူး မစဉ်းစားရဘဲ မှတ်ရုံမျှ ဖြင့်ပင် နာမ်နှင့် ရုပ်တို့ကို ကွဲပြားစွာ သိမြင်၍ “ဤကိုယ်ထဲမှာ အာရုံကို သိတတ်တဲ့ နာမ်နှင့်၊ အာရုံကို မသိတတ်တဲ့ ရုပ်– ဟူသော ဤနှစ်မျိုးသာ ရှိသည်။ ဤနှစ်မျိုးမှ တပါး သတ္တဝါကောင်, ငါကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင်ကား မရှိပြီ” ဟူ၍၊ မတွေမဝေ ဆုံးဖြတ်နိုင်ခြင်းသည်သာလျှင် လိုရင်း ဖြစ်ပေသည်။ သို့ဖြစ်၍, မှတ်ခိုက် မှတ်ခိုက်မှာပင် မတွေးမဆရဘဲ အလိုလို သဘောကျ၍ ဤသို့ ဆုံးဖြတ်သော အသိဉာဏ်သည် ခေါင်ထိပ်သို့ ရောက်သော နာမရူပ ပရိစ္ဆေဒဉာဏ် မည်၏။ ဤဉာဏ်သည်ပင် ‘ငါကောင်, လိပ်ပြာကောင် ရှိသည်’ဟု ထင်မှားစွဲလမ်းသော အတ္တဒိဋ္ဌိ အညစ်အကြေးကို သုခ်သင် ပယ်ခွါ တတ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိလဲ မည်၏။ အောက်ပါမှာ မဟာဋီကာ အဖွင့်ပေတည်း။

နာမ ရူပါနံ ယာထာဝ ဒဿနန္တိ ဣဒံ နာမံ, ဧတ္တကံ နာမံ, န ဣတော ဘိယျော၊ ဣဒံ ရူပံ, ဧတ္တကံ ရူပံ, န ဣတော ဘိယျောတိ စ တေသံ လက္ခဏ သလ္လက္ခဏ မုခေန ဓမ္မမတ္တဘာဝဒဿနံ အတ္တဒိဋ္ဌိမလ ဝိသောဓနတော ဒိဋ္ဌိဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။ (၂–၃၆၇)

နာမ ရူပါနံ ယာထာဝ ဒဿနန္တိ၊ နာမ်နှင့် ရုပ်တို့ကို သဘောမှန်အတိုင်း မြင်ခြင်း–ဟူသည်ကား။ ဣဒံ၊ မှတ်သိရသော ဤသဘောသည်။ နာမံ၊ အာရုံဆီသို့ ညွတ်တတ် သွားတတ်သော, အာရုံကို သိတတ်သော နာမ် တရားတည်း။ ဧတ္တကံ၊ မှတ်သိ ခဲ့ရသော ဤမျှလောက်သည်။ နာမံ၊ အာရုံကို သိတတ်သော နာမ် တရားသာတည်း။ (မှတ်သိရသမျှ နာမ်ကိုရည်၍၊ “ဤမျှလောက်ဟာ နာမ်ချည်းဘဲ၊ ငါကောင် မဟုတ်”ဟု သိသည်ကို ဆိုလို၏။) ဣတော၊ မှတ်သိခဲ့ရသော ဤ နာမ်တရား ထက်။ ဘိယျော၊ အပိုအလွန်ဖြစ်သော ငါကောင်=သတ္တဝါကောင်သည်။ န၊ မရှိပြီ။ ဣတိ စ၊ ဤသို့ငင်း။ (ဓမ္မမတ္တဘာဝဒဿ နံ, အတ္တ ဒိဋ္ဌိမလဝိသောဓနတော–ဤပုဒ်တို့ကိုထောက်၍ အရာအားလျော်စွာ ပြန်အပ်သော အနက်မှန်ပင်တည်း။ ခန္ဓမ္မာ နုပဿနာအရာ၌ပြသော အဋ္ဌကထာနှင့် နှီးနှော၍ မယုံမှားလေလင့်။) ဣဒံ၊ မှတ်သိရသော ဤသဘောသည်။ ရူပံ၊ ဖေါက်ပြန် ရုံသာ အထင်အရှား ဖေါက်ပြန် ပြောင်းလဲ တတ်သော ရုပ် တရားတည်း။ ဧတ္တကံ၊ မှတ်သိခဲ့ရသော ဤမျှလောက်သည်။ ရူပံ၊ ရုပ်တရားသာတည်း။ ဣတော၊ မှတ်သိခဲ့ရသော ဤရုပ်တရားထက်။ ဘိယျော၊ အပိုအလွန်ဖြစ်သော ငါကောင်=သတ္တဝါ ကောင်သည်။ န၊မရှိပြီ။ ဣတိ စ၊ ဤသို့ငင်း။ တေသံ၊ ထို နာမ်, ရုပ်တို့၏။ လက္ခဏ သလ္လက္ခဏ မုခေန၊ သဘာဝလက္ခဏာ ကို မှတ်ခြင်းကို အရင်းခံပြုသဖြင့်။ ဓမ္မမတ္တဘာဝဒဿနံ၊ ငါကောင်=သတ္တဝါကောင် မဟုတ်သော သဘောတရားမျှ၏အဖြစ်

ကို မြင်, သိခြင်းသည်။ အတ္တ–ဒိဋ္ဌိမလဝိသောဓနတော၊ အတ္တဒိဋ္ဌိ–ဟူသော အညစ်အကြေးကို သုတ်သင် ပယ်ခွါတတ်သော ကြောင့်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။ ဣတိ ဝေဒိတဗ္ဗံ၊ ဤသို့ သိအပ်၏။

ရုပ္ပန, ကက္ခဠတ္တ အစရှိသော ရုပ်၏ သဘာဝလက္ခဏာနှင့်၊ နမန, ဖုသန, ဝေဒိယန, သဉ္ဇာနန, ဝိဇာနန, အစရှိသော နာမ်၏ သဘာဝလက္ခဏာတို့သည် ထိုထို ရုပ်နာမ်တို့၏ ဉပါဒ်, ဌီ, ဘင်– ဟူသော ဖြစ်ဆဲခဏ၌သာ ထင်ရှားရှိကုန်၏၊ ဖြစ်ပြီး ဖြစ်လတ္တံ့သော ခဏတို့၌ကား မထင်ရှားကုန်။ ထို့ကြောင့်, ရုပ်နာမ်တို့၏ သဘာဝလက္ခဏာကို ဖြစ်ဆဲဖြစ်ဆဲ၌ မှတ်ခြင်းဖြင့်သာလျှင် မှန်ကန်စွာ သိနိုင်သည်၊ ဤသို့ သဘာဝလက္ခဏာကို ဖြစ်ဆဲ၌ မှတ်ခြင်းကို အရင်းခံရှေ့သွားပြုသဖြင့် "ငါကောင်=သတ္တဝါကောင်ကား မရှိ၊ သဘောတရားမျှသာ ရှိသည်"ဟု သိမြင်သဘောကျခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။ အတ္တဒိဋ္ဌိ အညစ် အကြေးကို သုစ်သင် ပယ်ခွါတတ်သောအသိ အမြင်–ဟု ဆိုလို၏။

## နာမရူပ–ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

## ပစ္စယ ပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ

ဧတဿေဝ ပန နာမ ရူပဿ ပစ္စယ ပရိဂ္ဂဟဏေန တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံ ဉာဏံ ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ။

(ဝိသုဒ္ဓိမဂ်–၂–၂၃၃)။

ဧတဿေဝ နာမ ရူပဿ၊ ရှုမြင်အပ်ပြီးသော ဤနာမ်ရုပ်၏ပင်လျှင်။ ပစ္စယ–ပရိဂ္ဂဟဏေန၊ အကြောင်းကို သိမ်းဆည်းခြင်းဖြင့်။ တီသုအဒ္ဓါသု၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးတို့၌၊ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိတရိတွာ ဌိတံ၊ လွန်မြောက်ပယ်ခွါ၍ တည်သော။ ဉာဏံ၊ "အကြောင်း ရုပ်နာမ်ကြောင့် ဖြစ်သောအကျိုး ရုပ်နာမ်မျှသာရှိသည်"ဟု သိသော ဉာဏ်သည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ၊ ယုံမှားမှုကို လွန်မြောက်လျက် စင်ကြယ်သောဉာဏ် မည်၏။

ဖြစ်ဆဲဖြစ်ဆဲ၌ မှတ်လျက် ရုပ်နာမ်တို့၏ သဘောမှန်ကို သိပြီးသောသူသည် ထိုရုပ်နာမ်တို့၏ ဖြစ်ကြောင်းများကိုလဲ မှတ်ဆဲ မှာပင်ထိုက်သည့်အားလျော်စွာ တွေ့မြင်ရပြန်၏။ ထိုအခါ၌ "ဤလိုအကြောင်းများ ကြောင့်သာလျှင် ကာလသုံးပါး၌ ဤလို ရုပ်နာမ်မျှသာဖြစ်လျက် ရှိချေသည်"ဟု သိမြင်သဘောကျသော ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပေါ်၏။ ဤဉာဏ် ဖြစ်ပုံသည် ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ အဇ္ဈာသယနှင့် ပါရမီဉာဏ် အားလျော်စွာ အမျိုးမျိုး ကွဲပြား၏။ ထို့ကြောင့် ဤဉာဏ်ဖြစ်ပုံကို ဝိသုဒ္ဓိမဂ်၌ ငါးမျိုးခွဲခြား၍ ပြတော်မူပေသည်။

"ငါကောင်=သတ္တဝါကောင်ကား မရှိပြီ၊ နာမ်, ရုပ်, နှစ်ပါးမျှသာရှိသည်"ဟု သဘောကျပြီးသော ယောဂီသည် မှတ် ယင်းပင် ထိုနာမ်ရုပ်၏ အကြောင်းကို စူးစမ်း ဆင်ခြင်တတ်၏။ ဆင်ခြင်လျှင်, "အကြောင်းမဲ့ အလိုလိုဖြစ်သည်"ဟူ၍လဲ သဘောမကျနိုင်၊ အဘယ်ကြောင့်နည်းဟူမူ .... အချို့အကြောင်းများကို မျက်မှောက်တွေ့ရသောကြောင့်ပေတည်း။ တွေ့ပုံသည် နောက်၌ ထင်ရှားလတ္တံ့။ ထို့ပြင်, "ထာဝရဘုရား, ဗြဟ္မာ, သိကြား, နတ်တို့က ဖန်ဆင်းသည်"ဟူ၍လဲ သဘောမကျနိုင်၊ အကြောင်းမှုကား ........ အချို့ အကြောင်းများကြောင့် နာမ်ရုပ်ဖြစ်ပေါ်လာသည်ကို မျက်မှောက် တွေ့ရသည့်ပြင်၊ ဤသို့လဲ ကြံဆ၍ သိနိုင်ပေ၏။ သိနိုင်ပုံကား .... ဖန်ဆင်းသူဟု ထင်မှတ် စွဲလမ်းအပ်သော ထိုဘုရား, ဗြဟ္မာ, သိကြား, နတ်တို့လဲ၊ ငါကဲ့သို့ပင် နာမ်ရုပ်နှစ်ပါးမျှသာ အထည်ကိုယ်ရှိကြသည်၊ သူတို့၏ နာမ်ရုပ်လဲ၊ ငါ၏ နာမ်ရုပ်ကဲ့သို့ပင် ဘယ်သူကိုမျှဖြစ် အောင် မဖန်ဆင်းနိုင်တန်ရာဟူ၍၎င်း၊ အကယ်၍ ဖန်ဆင်းနိုင်ပါက, သူတို့ကိုတော့ ဘယ်သူက ဖန်ဆင်းသလဲ? အဲဒီသူကိုလဲ ဘယ်သူက ဖန်ဆင်းသလဲ? ဤနည်းဖြင့် ဖန်ဆင်းသူ အဆက်ဆက်ကို ရာကြံ၍ မဆုံးနိုင်ဘဲ ရှိရာသည် ဟူ၍၎င်း ဤသို့ ကြံဆ၍ သိနိုင်ပေသည်၊ ထို့ကြောင့်, 'တစုံတယောက်က ဖန်ဆင်းသည်' ဟူ၍လဲ သဘောမကျနိုင် ပေသည်။

တွေ့မြင်ရပုံ ပဌမနည်း .... သို့ဖြစ်၍၊ အချို့ယောဂီသည် အကြောင်းတရားတို့ကို ဤသို့တွေ့မြင်၏။ ရှေးဘဝကပြီးခဲ့ သော အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, ကံ–ဟူသော အကြောင်းလေးပါးကြောင့် ပဋိသန္ဓေမှစ၍ ဤရုပ်တရားတွေ မပြတ်ဖြစ်နေကြ သည်၊ ယခုဘဝ၌ စားသောက်အပ်သော အာဟာရကြောင့် ဤရုပ်ကိုယ်ကြီး အခြေမပျက်ဘဲ တည်မြဲတည်တံ့နေသည်၊ထိုင်ချင် မှု, ကွေးချင်မှု စသော စိတ်ကြောင့် ထိုင်ရုပ်, ကွေးရုပ်– စသည်တို့ ဖြစ်ပေါ်ကြသည်၊ အပူဓာတ်, အအေးဓာတ်ကြောင့် ပူရုပ်, အေးရုပ် ဖြစ်ပေါ်သည်–ဟူ၍ ရုပ်၏အကြောင်းတို့ကို တွေ့မြင်၏၊

ဤအကြောင်းတို့တွင် စိတ်, ဉတု, အာဟာရ–ဟူသော ပစ္စုပ္ပန်အကြောင်းများကို၊ ရှုမှတ်၍ မျက်မှောက်လဲ တွေ့မြင် နိုင်၏။ အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, ကံ–ဟူသော အတိတ် အကြောင်းများကိုကား မျက်မှောက် မတွေ့နိုင်ပေ။ သို့သော်လဲ ဒိဋ္ဌိ စ ဥဇုကာ ဟူသည်နှင့် အညီ, ဝိပဿနာ ရှုသူတိုင်းပင် "ကုသိုလ်ကံကြောင့် ကောင်းသောဘဝ, ကောင်းသောအကျိုး ဖြစ်ပေါ်

သည်၊ အကုသိုလ်ကံကြောင့်ဆိုးသောဘဝ, ဆိုးသောအကျိုးဖြစ်ပေါ်သည်”ဟူ၍ အားမထုတ်မိကပင် ကောင်းကောင်း ယုံကြည်သဘောကျပြီးချည်းသာတည်း။ ထို့ကြောင့်, ယခု လောလောဆယ် ဖြစ်ပေါ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတို့ကို ရှုမှတ်ဆင်ခြင်၍ မျက်မှောက် မြင်ပြီးသောအခါ၌, အတိတ်ဘဝက ပြီးခဲ့သော ထိုအကြောင်းများကိုလဲ အနုမာနဉာဏ်ဖြင့် မှန်းဆဆင်ခြင်လျက် တွေ့မြင်နိုင်ပေ၏။

ချဲ့၍ပြဦးအံ့၊ နာမ်, ရုပ်, ဘဝ–ဟူသမျှကို ဆင်းရဲချည်းဟူ၍၎င်း၊ ထိုနာမ်, ရုပ်,ဘဝများ၌ လိုချင်နှစ်သက်မှု=တဏှာကို ဆင်းရဲကြောင်းဟူ၍၎င်း၊ အမှန်အတိုင်း မသိခြင်း=မထင်ခြင်းသည် အပ္ပဋိပတ္တိ အဝိဇ္ဇာ မည်၏။ “ဒုက္ခသစ္စာ, သမုဒယသစ္စာတို့ကို အမှန်အတိုင်း မသိမှု”ဟု ဆိုလို၏။ ထို့ပြင် ၎င်းနာမ်ရုပ် ဘဝတွေကိုပင် ချမ်းသာတွေ အကောင်း အမြတ်တွေ ဟူ၍၎င်း၊ လိုချင်နှစ်သက်မှုကိုပင် ချမ်းသာကောင်းစားကြောင်းအမှု ဟူ၍၎င်း ထင်မှတ်ခြင်းသည် မိစ္ဆာပဋိပတ္တိ အဝိဇ္ဇာမည်၏။ ဒုက္ခသစ္စာ, သမုဒယသစ္စာတို့ကို ပြောင်းပြန်သိမှားမှု’ ဟု ဆိုလို၏။ ဤ အဝိဇ္ဇာ ၂–မျိုးသည် ပုထုဇဉ်တို့၏ သန္တာန်၌ မိုက်မဲ’ ပြင်းထန်စွာ ဖြစ်လျက်ရှိ၏၊ သုတမယဉာဏ်ဖြင့် ဆင်ခြင်၍ ဖြေဖျောက်ပါသော်လဲ၊ မပြေပျောက်နိုင်ဘဲ ရှိ၏။ ထို့ကြောင့်ပင်, နှစ်သက် ပျော်မွေ့မှု, လိုချင် တောင့်တမှုတွေကို များများ ဖြစ်စေရန် နေ့ညဥ့် မပြတ်အားပေး ချီးမြှောက်လျက် ရှိကြပေသည်၊ လက်ရှိ နာမ်, ရုပ်, ဘဝ ခိုင်မြဲစေရန်၊ နောင် အခါ၌ နာမ်, ရုပ်, ဘဝကောင်းနှင့် ပြည့်စုံစေရန် ရည်ရွယ်၍လဲ နေ့ညဥ့် မပြတ်အားထုတ်လျက် ရှိကြပေသည်။

ထို့ပြင်, အကြောင်းကိလေသာနှင့် ကံချုပ်ငြိမ်း၍, ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌၊ လူ နတ် မိန်းမ ယောကျ်ားဟူ၍ မဖြစ်ရတော့ဘဲ, နာမ်ရုပ်တို့၏အပြီးတိုင် ချုပ်ငြိမ်းခြင်း=တဖန် မဖြစ်ပေါ်ခြင်းသည် အနုပါဒိသေသ နိဗ္ဗာန် ဟုခေါ်သော နိရောဓသစ္စာ မည်၏။ ထိုနိဗ္ဗာန်ကို ‘ကောင်းသည်, ချမ်းသာသည်’ ဟူ၍၎င်း၊ ထိုနိဗ္ဗာန်သို့ ရောက်စေတတ်သော ဝိပဿနာနှင့် မဂ်အကျင့်ကို ‘ချမ်းသာကြောင်း အလုပ်’ ဟူ၍၎င်း၊ အမှန်အတိုင်း မသိခြင်း=မထင် ခြင်းသည်လည်း အပဋိပတ္တိအဝိဇ္ဇာပင် မည်၏။ “နိရောဓသစ္စာ, မဂ္ဂသစ္စာ တို့ကို အမှန်အတိုင်း မသိမှု” ဟု ဆိုလို၏။ ထို့ပြင်, နိဗ္ဗာန်ကို ‘မကောင်းဘူး’ ဟူ၍၎င်း၊ ဝိပဿနာနှင့် မဂ် အကျင့်ကို ‘ဆင်းရဲကြောင်း အလုပ်’ဟူ၍၎င်း၊ ထင်မှတ်ခြင်းသည်လည်း မိစ္ဆာပဋိပတ္တိအဝိဇ္ဇာပင် မည်၏။ “နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကို ပြောင်းပြန် သိမှားမှု”ဟု ဆိုလို၏။ ဤ အဝိဇ္ဇာ ၂–ပါး အားကြီးသော သူသည် နိဗ္ဗာန်ကို ‘မကောင်းဘူး’ ဟူ၍သာထင်မှတ်၏၊ “ပရိနိဗ္ဗာန်စံပြီးသောအခါ၌ ဘာမျှမဖြစ်ရတော့ဘူးတဲ့၊ ဘာကိုမျှ မသိရ မခံစားရတော့ဘူးတဲ့၊ ဘယ်သူနှင့်မျှ မတွေ့ရတော့ဘူးတဲ့” ဤသို့ စသည်ဖြင့် ဆင်ခြင်မိလျှင်, နိဗ္ဗာန်သို့ ရောက်သွားမည်ကိုပင် ကြောက်တတ်သေး၏၊ “အသေကြီး သေသွားတာဘဲ, ဘာမျှ မကောင်းဘူး” ဟူ၍လဲ ကဲ့ရဲ့တတ်သေး၏။ နိဗ္ဗာန်ရောက်ဘို့ အားထုတ်နေတဲ့ သူကိုလဲ “ကိုယ်စိတ်ဆင်းရဲအောင် လုပ်နေသည်၊ အသေကြီးသေဘို့ အားထုတ်နေသည်”ဟူ၍ ထင်တတ်, ကဲ့ရဲ့တတ်သေး၏။

သစ္စာ–လေးပါးကို မသိမှု, သိမှားမှုဟူသော ဤအဝိဇ္ဇာတို့သည် ပုထုဇဉ်တိုင်း၏ သန္တာန်၌ ဥပါဒ်အားဖြင့် ထိုက်သည် အားလျော်စွာ ဖြစ်ပေါ်ကုန်၏။ အာရမ္မဏာ နုသယ အလိုအားဖြင့်ကား မရှုမှတ်မိသော အာရုံတိုင်း၌ ဖြစ်ပေါ်ကုန်၏။ သို့ဖြစ်၍, ယောဂီသည် ဤအဝိဇ္ဇာကို ဖြစ်ခိုက် ဖြစ်ခိုက်၌ မှတ်၍လဲ မျက်မှောက် တွေ့မြင်၏၊ ရှေးက ဖြစ်ဘူးသည်ကို အမှတ်ရ၍လဲ မျက်မှောက် တွေ့မြင်၏။ ထို့ပြင်, နာမ်ရုပ်ဘဝတွေကို အကောင်းအမွန်တွေ ဟု ထင်မှားသောကြောင့် သာယာနှစ်သက်၏၊ တဏှာပင်တည်း။ သာယာနှစ်သက်သောကြောင့် “မည်သို့ပြုရလျှင်, ချမ်းသာ ကောင်းစားမည်”ဟု စိတ်ဝင်စား၏၊ စွဲလမ်း၏၊ ဥပါဒါန်ပင်တည်း။ ဝင်စား စွဲလမ်းသောကြောင့် အမှု တစုံတခုကို ပြုလုပ်၏၊ ကံပင်တည်း။ သို့ဖြစ်၍, ဤ တဏှာ ဥပါဒါန် ကံတို့ကိုလဲ ဖြစ်ခိုက် ဖြစ်ခိုက်၌ မှတ်၍၎င်း၊ ရှေးက ဖြစ်ဘူးသည်ကို အမှတ်ရ၍၎င်း၊ မျက်မှောက် တွေ့မြင်၏။ ဤသို့ “ကံဖြစ်ပေါ်လျှင် အဝိဇ္ဇာ တဏှာ ဥပါဒါန် မကင်းသည်ကို” မျက်မှောက် တွေ့မြင်သောကြောင့် “ရှေးဘဝက ကုသိုလ်ကံကြောင့် ယခုဘဝ၌ ပဋိသန္ဓေမှစ၍ ရုပ်တရားတွေ မပြတ် ဖြစ်နေကြသည်”ဟု သဘောကျလိုက်သည်နှင့် တပြိုင်နက်၊ “အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကြောင့်လဲ ဖြစ်နေကြသည်”ဟု ဆင်ခြင်မှန်းဆ၍ သဘောကျနိုင်ပေသည်။ ဤသည်ကား ရုပ်၏အကြောင်းတို့ကို ပစ္စက္ခ, အနုမာနဉာဏ်တို့ဖြင့် တွေ့မြင် သိမ်းဆည်းပုံပေတည်း။

နာမ်၏ အကြောင်းကို သိမ်းဆည်းပုံကား .... မြင်တယ်ဟု မှတ်ခိုက်၌ “မျက်စိနှင့် အဆင်း ရှိ၍ မြင်သည်”ဟူ၍၎င်း၊ “မျက်စိအဆင်းမြင်မှု ဤသုံးမျိုးဆုံမိ၍၊ အာရုံနှင့် စိတ်တွေ့သွားသည်”ဟူ၍၎င်း သိမြင်သဘောကျ၏။ ထို့အတူ, ကြားတယ်ဟု မှတ်ခိုက်၌ “နားနှင့် အသံရှိ၍, ကြားသည်၊ နား အသံ ကြားမှု ဤသုံးမျိုး ဆုံမိ၍, အာရုံနှင့် စိတ်တွေ့သွားသည်”ဟူ၍၎င်း၊ ထိတယ်ဟု မှတ်ခိုက်၌၊ “ကိုယ်နှင့် အတွေ့ရှိ၍၊ ထိသည်၊ ကိုယ်အတွေ့ထိမှု ဤသုံးမျိုးဆုံမိ၍, အာရုံနှင့် စိတ်တွေ့သွားသည်”ဟူ၍၎င်း၊ “ကြံတယ်, သိတယ်, မှတ်တယ်”ဟု မှတ်ခိုက်၌ “နှလုံးနှင့် သိစရာ ရှိ၍, ကြံသည်, သိသည်, မှတ်သည်၊ နှလုံးအာရုံသိမှု ဤသုံးမျိုး ဆုံမိ၍, အာရုံနှင့် စိတ် တွေ့သွားသည်”ဟူ၍၎င်း သိမြင်သဘောကျ၏။ ထို့ပြင်, “မြင်တယ် ကြားတယ် ထိတယ် ကြံတယ်” စသည်ဖြင့် မှတ်ခိုက်၌ “အာရုံနှင့် တွေ့ရ၍, ကိုယ်ထဲ စိတ်ထဲမှာ ကောင်းသွားသည်, မကောင်းသွားသည်” ဟူ၍၎င်း၊ “ကောင်းတဲ့ အတွက်၊ သာ၍ ကောင်းချင်, ချမ်းသာချင်သည်၊ မကောင်းတဲ့ မခံသာတဲ့ အတွက်၊ ထိုမခံသာမှု ကင်းချင်, ချမ်းသာချင်သည်”ဟူ၍၎င်း၊ “ချမ်းသာချင်တဲ့အတွက်၊ မည်သို့ပြုရလျှင် ကောင်းမှာဘဲ ဟု မြော်လင့် စွဲလမ်းသည်” ဟူ၍၎င်း၊ “စွဲလမ်းတဲ့အတွက် (ကောင်းမယ် ထင်လို့)၊ ကောင်းမှု မကောင်းမှုကို ပြုမိ ပြောမိ နှလုံးသွင်းမိသည်”ဟူ၍၎င်း–

ဤသို့စသည်ဖြင့် နာမ်၏အကြောင်းတို့ကို ထိုက်သည်အားလျော်စွာ မျက်မှောက်တွေ့မြင်၏။ ဤသည်ကား နာမ်၏အကြောင်းတို့ကို တွေ့မြင် သိမ်းဆည်းပုံပေတည်း။

အတိတ် အနာဂတ်၌ အနုမာနဉာဏ်ဖြစ်ပုံ .... ဤသို့ တွေ့မြင်ပြီးသော ယောဂီသည် "ယခုဘဝ နာမ်ရုပ်သည် အကြောင်း နာမ်ရုပ်ကြောင့် ဖြစ်သကဲ့သို့၊ ဤနည်းတူပင်, ရှေးရှေးဘဝတွေကလဲ ဤလို အကြောင်းများကြောင့်သာလျှင်၊ ဤလို နာမ်ရုပ် ၂-မျိုးမျှသာ ဖြစ်ခဲ့လေပြီ။ နောင် ဘဝတွေမှာလဲ ဤလို အကြောင်းများကြောင့် သာလျှင်၊ ဤလိုနာမ်ရုပ် ၂-မျိုးမျှသာ ဖြစ်သွားမည်"ဟု အနုမာန ဉာဏ်ဖြင့် မှန်းဆ ဆင်ခြင်၍ ဆုံးဖြတ်၏။

သော ဧဝံ ပစ္စယတော နာမရူပဿ ပဝတ္တိံ ဒိသွာ, ယထာ ဣဒံ ဧတရဟိ၊ ဧဝံ အတီတေပိ အဒ္ဓါနေ ပစ္စယတော ပဝတ္တိတ္ထ၊ အနာဂတေပိ ပစ္စယတော ပဝတ္တိဿတီ တိ သမနုပဿတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၃၄)

သော၊ ထို ယောဂီသည်။ ဧဝံ၊ ဤဆိုခဲ့သောနည်းဖြင့်။ ပစ္စယတောအကြောင်းကြောင့်။ နာမ ရူပဿ ပဝတ္တိံ ဒိသွာ၊ ယခုဘဝ၌ နာမ်ရုပ်၏ ဖြစ်ခြင်းကို မြင်ပြီး၍။ (ဧတရဟိ ပဝတ္တိံ ဒိသွာ-ဋီကာဘွင့်)။ ဣဒံ၊ ဤ နာမ်ရုပ်သည်။ ဧတရဟိ၊ ယခု အခါ၌။ ပဝတ္တတိ ယထာ၊ အကြောင်းကြောင့် ဖြစ်သကဲ့သို့။ ဧဝံ၊ ဤ နည်းတူပင်။ အတီတေပိ အဒ္ဓါနေ၊ အတိတ် ဘဝကာလ၌လဲ။ ပစ္စယတော ပဝတ္တိတ္ထ၊ အကြောင်းကြောင့် ဖြစ်လေပြီ။ အနာဂတေပိ၊ နောင်ဘဝကာလ၌လဲ။ ပစ္စယတော ပဝတ္တိဿတီ တိ၊ အကြောင်းကြောင့် ဖြစ်လတံ့ဟူ၍။ သမနုပဿတိ၊ ရှု ဆင်ခြင်၏။

ဤသို့ ဆုံးဖြတ်နိုင်သော ယောဂီသည် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၌ အကြောင်း နာမ်ရုပ်နှင့် အကျိုး နာမ်ရုပ်မျှသာ ရှိသည်ဟု သိမြင် သဘောကျသောကြောင့်၊ အတ္တကောင်=ငါကောင်နှင့် စပ်သော ယုံမှားမှု ၁၆-မျိုးကို ပယ်ခွါ လွန်မြောက်၏။

## ယုံမှားမှု ၁၆-မျိုး

(၁) ယခုဘဝ မတိုင်မီ ရှေးကာလက၊ ငါကောင် ရှိခဲ့လေသလားဟု ယုံမှားမှု တပါး။ ။ (၂) ယခု ဘဝ မတိုင်မီ ရှေးကာလက၊ ငါကောင် မရှိသေးဘူးလေလားဟု ယုံမှားမှု တပါး။ ။ (ဤ ၂-မျိုးတို့တွင် ပဌမမှာ၊ ဤဘဝ မတိုင်မီ ရှေးရှေးကပင် ငါကောင်သည် အမြဲတမ်း ရှိနေခဲ့လေသလားဟု ယုံမှားမှု ပေတည်း။ ဒုတိယမှာ၊ ငါကောင်သည် ရှေးက မရှိသေးဘဲ၊ ယခုဘဝတွင်မှအလိုလို ဖြစ်ပေါ်လာလေသလားဟု ယုံမှားမှုတည်း) ။ ။ (၃) ငါကောင်သည် ရှေးက ဘယ်လို အမျိုးအစား ဖြစ်ခဲ့သလဲဟု ယုံမှားမှုတပါး။ ။ (မင်း ဖြစ်ခဲ့လေသလား၊ ပုဏ္ဏား သူဌေး သူကြွယ် ဆင်းရဲသား လူ ရဟန်း မြန်မာ ကုလား ဗြဟ္မာ နတ် လူ တိရစ္ဆာန် စသည်တို့တွင် ဘယ် အမျိုးအစား ဖြစ်ခဲ့သလဲဟု ယုံမှားသည် ဟူလို)။ ။ (၄) ငါကောင်သည်၊ ရှေးက ဘယ်လိုပုံသဏ္ဌာန်ရှိခဲ့သလဲဟု ယုံမှားမှုတပါး။ ။ (ပုံသဏ္ဌာန် ရှည်လေသလား, မြင့်လေသလား၊ တိုလေသလား, ပုလေသလား၊ ဝလေသလား, ပိန်လေသလား၊ ဖြူလေသလား, မဲလေသလား၊ ဤသို့ စသည်ဖြင့် ယုံမှားသည် ဟူလို)။ ။ တနည်းကား .... ငါသည်၊ ရှေးက ဘယ်အကြောင်းကြောင့် ဖြစ်ခဲ့သလဲဟု ယုံမှားမှုတပါး။ ။ (ထာဝရ ဘုရားက ဖန်ဆင်း၍ ဖြစ်ခဲ့လေသလား၊ ဗြဟ္မာ သိကြား နတ်တို့က ဖန်ဆင်း၍ ဖြစ်ခဲ့လေသလား၊ အကြောင်းမရှိဘဲ အလိုလို ပင် ဖြစ်ခဲ့လေသလားဟု ယုံမှားသည်ဟူလို)၊ ။(၅) ငါကောင်သည်၊ ရှေးရှေးဘဝများက ဘယ်လိုအမျိုးအစားတွေ ဖြစ်ပြီးလျှင်, ဘယ်လို အမျိုးအစားတွေအဆက်ဆက် ဖြစ်လာခဲ့သလဲဟု ယုံမှားမှု တပါး။ ဤသည် တို့ကား အတိတ်ကာလကိုစွဲ၍ ဖြစ်သော ယုံမှားမှု ငါးမျိုးတို့ပေတည်း။

(၁) သေသည်မှ နောက်ကာလ၌၊ ငါကောင် ရှိဦးမည်လောဟု ယုံမှားမှု တပါး။ ။(၂) သေသည်မှ နောက်ကာလ၌ ငါကောင် မရှိတော့ဘူးလေသလားဟု ယုံမှားမှု တပါး။ ။(ဤ ၂ မျိုးတို့တွင်၊ ပဌမမှာ၊ ဘခုဘဝက သေပြီးသည်မှ နောက် ကာလ၌လဲ ငါကောင်ဟာ မပျက်စီးဘဲ မမြဲတမ်း ရှိနေမှာလေလားဟု ယုံမှားမှုတည်း၊ ဒုတိယမှာ၊ သေပြီးသည်မှ နောက်ကာလ၌၊ ငါကောင်ဟာမရှိတော့ဘဲ ပျောက်ကွယ်သွားမှာလေလားဟု ယုံမှားမှုတည်း။)။ ။(၃) ငါကောင်သည် နောင်ဘဝကာလ၌ ဘယ်လို အမျိုးအစား ဖြစ်ရပါမည်နည်းဟု ယုံမှားမှုတပါး။ (မင်း ဖြစ်ရမှာလေလား စသည်ဖြင့် ယုံမှားသည်)။ ။ (၄) ငါကောင်သည် နောင်ဘဝ ကာလ၌ ါဘယ်လို ပုံသဏ္ဌာန်ရှိလျက် ဖြစ်ရမလဲဟု ယုံမှားမှု တပါး။ တနည်းကား .... ငါသည်၊ နောင်ဘဝကာလ၌ ဘယ်အကြောင်းကြောင့် ဖြစ်ရပါမည်နည်းဟု ယုံမှားမှုတပါး။ (တစုံတယောက်က ဖန်ဆင်း၍ ဖြစ်ရမှာလေလား၊ အကြောင်းမရှိဘဲ အလိုလိုပင် ဖြစ်ရမှာလေလားဟု ယုံမှားသည်။ ။(၅) ငါကောင်သည် နောက် နောက်ဘဝများ၌ ဘယ်လို အမျိုးအစားတွေ ဖြစ်ပြီးလျှင်, ဘယ်လို အမျိုးအစားတွေ အဆက်ဆက် ဖြစ်သွားရပါမည်နည်းဟု ယုံမှားမှုတပါး။ ဤသည်တို့ကား အနာဂတ်ကာလကို စွဲ၍ ဖြစ်သော ယုံမှားမှု ငါးမျိုးတို့ပေတည်း။

(၁) ဤကိုယ်ထဲမှာ သတ္တဝါကောင်, အတ္တကောင်, ငါကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင် ရှိတာ ဟုတ်လေသလားဟု ယုံမှားမှုတပါး။ ။ (၂) ဤကိုယ်ထဲမှာ သတ္တဝါကောင်, အတ္တကောင်, ငါကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင် ရှိတာ မဟုတ်ဘူးလေလားဟု ယုံမှားမှုတပါး။ ။(၃) ငါကောင်ဟာ ဘယ်လို အမျိုးအစား ဖြစ်နေသလဲဟု ယုံမှားမှု တပါး။ (မင်း ဖြစ်နေသလား စသည်ဖြင့် ယုံမှားသည်)။ (၄) ငါကောင်ဟာ ဘယ်လို ပုံသဏ္ဌာန် ရှိနေသလဲဟု ယုံမှားမှု တပါး။ ။ (ကြီးလေသလား၊ ငယ်လေသလား၊ အလုံးလား၊ အပြားလား၊ လေးမြောင့်ပုံ ရှိလေသလား၊ ခြောက်မြောင့်ပုံ ရှိလေသလား စသည်ဖြင့် အတ္တကောင်၏ ပုံသဏ္ဌာန်၌ ယုံမှားသည်)။ ။တနည်းကား .... ငါသည် ဘယ်အကြောင်းကြောင့် ဖြစ်နေရသနည်းဟု ယုံမှားမှုတပါး။ ။ (တစုံတယောက်က ဖန်ဆင်း၍ ဖြစ်နေတာလား၊ အကြောင်းမရှိဘဲ အလိုလိုပင် ဖြစ်နေတာလားဟု ယုံမှားသည်)။ ။(၅) ဤငါကောင်ဟာ ဘယ်ဘဝဘယ်ဌာနက ပြောင်းရွှေ့လာခဲ့သလဲဟု ယုံမှားမှု တပါး။ ။(၆) ဤငါကောင်ဟာ သေတဲ့အခါမှာ ဘယ်ဘဝ ဘယ်ဌာနသို့ ပြောင်းရွှေ့ သွားမှာပါလိမ့်မလဲဟု ယုံမှားမှုတပါး။ ဤသည်တို့ကား ပစ္စုပ္ပန်ကာလကို စွဲ၍ ဖြစ်သော ယုံမှားမှု ခြောက်မျိုးတို့ပေတည်း။

## ယုံမှား ကင်းကွာပုံ။

အတ္တာဘိနိဝေသူပနိဿယာ ဟိ အဟောသိံ နု ခေါ အဟန္တိ အာဒိနယပ္ပဝတ္တာ သောဠသဝတ္ထုကာ ကင်္ခါ။ (မဟာဋီကာ ၂-၃၈၃)

အဟောသိံ နု ခေါ အဟန္တိ အာဒိနယပ္ပဝတ္တာ၊ ရှေးကာလက ငါကောင် ရှိခဲ့လေသလား ဤသို့စသောနည်းဖြင့် ဖြစ်သော။ သောဠသဝတ္ထုကာ၊ ယုံမှားမှု၏ တည်ရာ ဝတ္ထု ၁၆ ပါးရှိသော။ ကင်္ခါ၊ ယုံမှားခြင်းသည်။ အတ္တာဘိနိဝေသူပနိဿယာ၊ အတ္တကောင် ရှိသည်ဟု စိတ်ဝင်စားမှု=အတ္တဒိဋ္ဌိလျှင် မှီရာအကြောင်း ရှိ၏။

ဤဋီကာ နှင့် အညီ၊ ယုံမှားမှု ၁၆ မျိုးသည် "အတ္တကောင်, ငါကောင်ရှိသည်"ဟု ထင်မှတ် စွဲလမ်းသော သူအားသာလျှင် ဖြစ်ပေါ်နိုင်၏။ "အကြောင်း အကျိုး နာမ်ရုပ် အဆက်ဆက်မျှသာ ရှိသည်၊ အတ္တကောင်=ငါကောင်ကား မရှိပြီ" ဟူ၍ ကောင်းစွာသိမြင် သဘောကျသောသူအား ထိုယုံမှားမှုသည် မဖြစ်ပေါ်နိုင်ပြီ၊ ဝိက္ခမ္ဘနနိရောဓအေလိုအားဖြင့်ကွာလျက် ငြိမ်းလျက်သာ ရှိပေ၏။ ဥပမာ ........ ယုန်သတ္တဝါမှာ ဦးချို မရှိ ဟူ၍ မှန်ကန်စွာ မသိလျှင်, "ယုန်မှာ ချိုရှိလေသလား၊ ချို မရှိဘူးလေလား၊ ယုန်ချိုက ဘယ်လို နေပါလိမ့်မလဲ" ဤသို့စသည်ဖြင့် ယုံမှားမှု ဖြစ်နိုင်၏။ ယုန် သတ္တဝါမှာ ဦးချို မရှိဟု အမှန်အတိုင်း သိလျှင်ကား ထိုသို့သော ယုံမှားမှု မဖြစ်နိုင်သကဲ့သို့ပင်တည်း။ ဤသည်ကား နာမ်, ရုပ်၏ အကြောင်းကို တွေ့မြင်၍ ယုံမှားမှုကို လွန်မြောက်ပုံ ပဌမနည်းပေတည်း။

တွေ့မြင်ပုံ ဒုတိယနည်း .... အချို့ယောဂီသည်ကား အကြောင်းတရားတို့ကို ဤသို့တွေ့မြင်၏။ ပုံကား .... မျက်စိနှင့် အဆင်းရှိ၍, မြင်သည်၊ နားနှင့် အသံရှိ၍, ကြားသည်၊ နှာခေါင်းနှင့်အနံ့ရှိ၍, နံသည်၊ လျှာနှင့် အရသာရှိ၍, အချို, အချဉ် စသည်ကို သိသည်၊ ကိုယ်နှင့်အတွေ့ ရှိ၍၊ ထိသိသည်၊ နှလုံးနှင့် သဘောအာရုံအမျိုးမျိုး ရှိ၍၊ ကြံသည်၊ စဉ်းစားသည်၊ ရှုမှတ်သည်။ သင့်တော်စွာ နှလုံးသွင်းမိ၍, ကုသိုလ်ဖြစ်သည်၊ ရှုမှတ်သည်။ သင့်တော်တဲ့ အရပ်မှာ နေရ၍, သူတော်ကောင်း နှင့်ပေါင်းသင်းရ၍, သူတော်ကောင်းတရားကို နာကြားရ၍, ရှေးကံ ပါရမီရှိ၍, ကုသိုလ်ဖြစ်သည်၊ ရှုမှတ်မှု=ဝိပဿနာ ဖြစ်ပွါး သည်။ မသင့်မတင့် နှလုံးသွင်းမိ၍, မသင့်တင့်တဲ့အရပ်မှာ နေရ၍, လူမိုက်နှင့် ပေါင်းမိ၍, လူမိုက်စကားကို နာကြားမိ၍, ရှေးကံ ပါရမီ နဲပါး၍, အကုသိုလ် ဖြစ်သည်။ ကံကောင်း၍, (အဝိဇ္ဇာ, တဏှာ, ဥပါဒါန်နှင့် ကုသိုလ်ကံရှိ၍) ကောင်းသော အကျိုးဝိပါက် ဖြစ်ပေါ်သည်။ (ဘဝကောင်း၌ဖြစ်ရခြင်း, ကောင်းတာကို မြင်ရ, ကြားရ, နံရ, စားရ, ထိရ, သိရခြင်းများသည် ကောင်းသော အကျိုးဝိပါက်များပင်တည်း။) ကံမကောင်း၍, (အဝိဇ္ဇာ, တဏှာ, ဥပါဒါန်နှင့် အကုသိုလ်ကံရှိ၍) ဆိုးသော အကျိုးဝိပါက် ဖြစ်ပေါ်သည်။ (ဘဝဆိုး၌ ဖြစ်ရခြင်း, အာရုံဆိုးကို မြင်ရ, ကြားရ, နံရ, စားရ, ထိရ, သိရခြင်းများသည် ဆိုးသော အကျိုးဝိပါက်များပင်တည်း။) ရှေး ဘဝင်စိတ်ရှိ၍, ဆင်ခြင်မှု (အာဝဇ္ဇန်းစိတ်) ဖြစ်ပေါ်သည်။ ဤသို့စသည်ဖြင့် နာမ်၏ အကြောင်းတို့ကို ထိုက်သည် အားလျော်စွာ တွေ့မြင်၏။

ရုပ်၏အကြောင်းတို့ကို တွေ့မြင်ပုံကား .... ရှေးကံကြောင့် ယခုဘဝ၌ ပဋိသန္ဓေမှစ၍ နှလုံးရုပ်, မျက်စိရုပ်, နားရုပ်–စသော ရုပ်အပေါင်းမပြတ်မစဲ ဖြစ်ပေါ်နေသည်။ ထိုင်ချင်မှု, သွားချင်မှု, ကွေးချင်မှုစသော စိတ်ကြောင့်၊ ထိုင်မှု, သွားမှု, ကွေးမှု–စသော ရုပ်အပေါင်းဖြစ်ပေါ်သည်။ အပူ, အအေးဓာတ် ဥတုကြောင့်၊ ပူရုပ်, အေးရုပ်များဖြစ်ပေါ်သည်။ စားသောက်အပ်သော အာဟာရကြောင့် ဤကိုယ်ရုပ်အပေါင်း အင်အားမပျက်ဘဲ ဖြစ်ပေါ်နေသည်။ ဤသို့စသည်ဖြင့် ရုပ်၏ အကြောင်းတို့ကို ထိုက်သည်အားလျော်စွာ တွေ့မြင်၏။

ဤသို့တွေ့မြင်ပြီးသော ယောဂီသည်လည်း "ယခုဘဝ နာမ်ရုပ်ကဲ့သို့ပင်, ရှေးရှေးဘဝတွေကလဲ၊ ဤလိုအကြောင်းများကြောင့်သာလျှင်၊ ဤလို နာမ်ရုပ် ၂-မျိုးမျှသာ ဖြစ်ခဲ့လေပြီ။ နောင်ဘဝတွေမှာလဲ၊ ဤလို အကြောင်းများကြောင့်သာလျှင်၊ ဤလို နာမ်ရုပ် ၂-မျိုးမျှသာ ဖြစ်သွားမည်"ဟု အနုမာနဉာဏ်ဖြင့် ဆင်ခြင်ဆုံးဖြတ်၍ ဆိုခဲ့ပြီးသော ယုံမှားမှု ၁၆-မျိုးကို ပယ်ခွါလွှန်မြောက်၏။ ဒုတိယနည်း ပြီး၏။

တွေ့မြင်ပုံ တတိယနည်း .... အချို့ ယောဂီသည်ကား ပစ္စုပ္ပန်ကျသော မှတ်ချက်များ၌၊ သင်္ခါရတို့၏ ဖြစ်မှု, တည်မှု, ပျက်မှု-ဟူသော ဇာတိ, ဇရာ, မရဏတို့ကို မျက်မှောက်တွေ့မြင်၏။ ထို့ကြောင့်, "ဤဘဝ၌ ရှေးဦးစွာ ဖြစ်မှု=ပဋိသန္ဓေဟူသည်မှာ စိတ်တချက်တချက်၏ ဤဖြစ်မှုမျိုးပင်တည်း။ သေခြင်းဟူသည်မှာလဲ စိတ်တချက်တချက်၏ ဤပျက်မှုမျိုးပင်တည်း။ အိုရင့်ခြင်းဟူသည်မှာလဲ မှတ်အပ်သော နာမ်ရုပ်တို့၏တည်မှု အဆင့်ဆင့်ပင်တည်း"ဟူ၍ သဘောကျ၏။ ထို့ကြောင့်, နာမ်ရုပ်၏ အကြောင်းတို့ကို ဤသို့ ဆင်ခြင်လျက် တွေ့မြင်၏။ ပုံကား .... အိုခြင်း သေခြင်းသည် ရှေးဦးစွာ ဖြစ်ပေါ်မှုရှိ၍ ရှိရချေသည်။ ရှေးဦးစွာ ဖြစ်မှု သည်လည်း ကမ္မဘဝ=ဖြစ်ကြောင်း ကံရှိခဲ့၍ ရှိရချေသည်။ ထိုကံသည်လည်း ဤလို ပြုရလျှင် ကောင်းမှာဘဲ'ဟု ထင်မှတ်စွဲလမ်းမှုကြောင့် ဖြစ်ရချေသည်။ ထို စွဲလမ်းမှုသည်လည်း နာမ်, ရုပ်တို့ကို သာယာ လိုချင်မှုကြောင့် ဖြစ်ရချေသည်။ ထိုသာယာလိုချင်မှုသည်လည်း အကောင်းအဆိုးကို ခံစားရသောကြောင့် ဖြစ်ရချေသည်။ ထိုခံစားမှုသည်လည်း အာရုံနှင့်စိတ် တွေ့ရခြင်းကြောင့် ဖြစ်ရချေသည်။ ထိုတွေ့မှုသည်လည်း ကြည်လင်သော မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်-ဟူသော အကြောင်း=အာယတနရှိ၍ ဖြစ်ရချေသည်။ (မျက်စိနှင့် စိတ်ရှိ၍, အဆင်းကို မြင်လျက် တွေ့ရသည်-ဤသို့စသည်ဖြင့် ချဲ့၍ သိပါလေ။) ထို အာယတနသည်လည်းမှီရာ နာမ်, ရုပ်ရှိ၍ ဖြစ်ရချေသည်၊ (ကြည်လင်တဲ့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, ရုပ်တို့သည် မျက်လုံးသားစသော မှီရာဘူတရုပ် ရှိ၍, ဖြစ်ပေါ်ကြသည်။ စိတ်သည်ကား မှီရာ ဝတ္ထုရုပ်နှင့် ယှဉ်ဘက် နာမ်များရှိကြ၍, ဖြစ်ပေါ်သည်ဟု ဆိုလို၏။) ထို နာမ်ရုပ် သည်လည်း ပဋိသန္ဓေ ဘဝင် မြင်မှု, ကြားမှု စသော ဝိညာဏ်ရှိ၍ ဖြစ်ပေါ်ရချေသည်။ ထိုစိတ်ဝိညာဏ်သည်လည်း ရှေးဘဝက ကောင်းစားရန် အားထုတ်မှုများရှိခဲ့၍ ဖြစ်ရချေသည်။ ထို အားထုတ်မှု = သင်္ခါရတို့သည်လည်း အမှန်အတိုင်း မသိမှု, သိမှားမှု ဟူသော အဝိဇ္ဇာ ရှိ၍ ဖြစ်ကြရချေသည်ဟူ၍ ပဋိလောမ ပဋိစ္စသမုပ္ပါဒ် အလိုအားဖြင့် နာမ်ရုပ်၏ အကြောင်းတို့ကို တွေ့မြင်၏။ ဘုရားအလောင်းတော်စသော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တို့၏ အပြည့်အစုံတွေ့မြင်ပုံပေတည်း။ ဤသို့ တွေ့မြင်သော ယောဂီသည်လည်း ဆိုခဲ့သောနည်းဖြင့် ကာလသုံးပါး၌ ဆင်ခြင် ဆုံးဖြတ်၍, ယုံမှားမှု ၁၆-ပါးကို ပယ်ခွါ လွှန်မြောက်၏။ တတိယနည်း ပြီး၏။

တွေ့မြင်ပုံ စတုတ္ထနည်း .... အချို့ ယောဂီသည်ကား အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ပေါ်ကြသည်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပေါ်သည်။ ဤသို့စသည်ဖြင့်ပြအပ်သော အနုလောမ ပဋိစ္စသမုပ္ပါဒ် အလိုအားဖြင့် နာမ်ရုပ်၏ အကြောင်းတို့ကို တွေ့မြင်၏။ ပုဂ္ဂိုလ်မြတ်တို့၏ အပြည့်အစုံတွေ့မြင်ပုံပင်တည်း။ ဤသို့တွေ့မြင်သော ယောဂီသည်လည်း ဆိုခဲ့သောနည်းဖြင့် ကာလ သုံးပါး၌ ဆင်ခြင်ဆုံးဖြတ်၍, ယုံမှားမှု ၁၆-မျိုးကို ပယ်ခွါလွှန်မြောက်၏။ စတုတ္ထနည်းပြီး၏။

တွေ့မြင်ပုံ ပဉ္စမနည်း .... အချို့ ယောဂီသည်ကား ကမ္မဝဋ်, ဝိပါကဝဋ်အလိုအားဖြင့် နာမ်ရုပ်၏ အကြောင်းတို့ကို တွေ့မြင်၏။ ကံကြောင့်အကျိုး=ဝိပါက်ဖြစ်ပေါ်၏၊ ထိုအကျိုး=ဝိပါက်ကို မှီ၍ ကံအသစ် ဖြစ်ပြန်၏။ ထိုကံအသစ်ကြောင့် အကျိုး=ဝိပါက်အသစ် ဖြစ်ပြန်၏။ ဤနည်းဖြင့် ကံနှင့် ဝိပါက်တို့ တပြန်စီ လည်လျက် ဖြစ်နေသောကြောင့် ကံကို ကမ္မဝဋ်-ဟုခေါ်၏။ အကျိုးကို ဝိပါကဝဋ်ဟု ခေါ်၏။ ထိုတွင် ကမ္မဝဋ် ဟူသည်မှာ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝဟူသော ဤသရုပ်တရားကိုယ်ငါးပါးအပေါင်းပေတည်း။ ဝိပါကဝဋ် ဟူသည်မှာ ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာ ဟူသော ဤသရုပ်တရားကိုယ် ငါးပါး အပေါင်းပေတည်း။ အကျယ်အားဖြင့် ရှုဆင်ခြင်သောယောဂီသည် ဤကမ္မဝဋ်ငါးပါး, ဝိပါကဝဋ် ငါးပါးတို့ကို အသီးအသီးခွဲခြား၍ အပြည့်အစုံ တွေ့မြင်နိုင်၏။ အကျဉ်းအားဖြင့် ရှုဆင်ခြင်သော ယောဂီသည်ကား အသီးအသီး ခွဲခြား၍ မရှုပြီ၊ ကမ္မဝဋ်ကို အကြောင်းကံ အဖြစ်ဖြင့် တပါးတည်း ပြု၍လဲရှု၏။ ဝိပါကဝဋ်ကို အကျိုး အဖြစ်ဖြင့် တပါးထည်း ပြု၍လဲ ရှု၏။ ၎င်းတို့၏ သရုပ်ကို ပဋိသမ္ဘိဒါမဂ် ပါဠိဖြင့် ထုတ်ပြအံ့။

## အတိတ်အကြောင်း ကမ္မဝဋ် ငါးပါး

ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ, အာယူဟနာ သင်္ခါရာ, နိကန္တိ တဏှာ, ဥပဂမနံ ဥပါဒါနံ, စေတနာ ဘဝေါတိ ဣမေ ပဉ္စဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။ (၅၀)

ပုရိမကမ္မဘဝသ္မိံ၊ ရှေးဘဝ၌ ဖြစ်ကြောင်းကံကို။ ကရီယမာနေ၊ ပြုလုပ်အပ်သော်။ ဝါ၊ ပြုလုပ်စဉ်။ မောဟော၊ သစ္စာလေးတန်ကို အမှန်အတိုင်း မသိမှု, ပြောင်းပြန် သိမှားမှုသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာပေတည်း။ အာယူဟနာ၊ ကောင်းစားချမ်းသာရန် ရည်သန်၍ ဒါနမှု, ပါဏာတိပါတမှု စသည်ကို အားထုတ်မှုတို့သည်။ သင်္ခါရာ၊ သင်္ခါရတို့ပေတည်း၊ နိကန္တိ၊ ပြုအပ်သောအမှု၏ ယခုရမည့်အကျိုး, နောင်ရမည့်ဘဝအကျိုးတို့ကို လိုလားတောင့်တ ခြင်းသည်။ တဏှာ၊ တဏှာပေတည်း။ ဥပဂမနံ၊ ယခု ကောင်းစားမည်, နောင်ကောင်းစားမည်, ဘဝပြတ်ငြိမ်းမည် စသည်ဖြင့် ချဉ်းကပ် စွဲလမ်းခြင်းသည်။ ဥပါဒါနံ၊ ဥပါဒါန် ပေတည်း။ စေတနာ၊ စီရင်ချက် ချသကဲ့သို့ စေ့ဆော် တိုက်တွန်း ခြင်းသည်။ ဘဝေါ၊ တဖန် အသစ်ဖြစ်ပေါ်ကြောင်း ကမ္မဘဝ

ပေတည်း။ ဣတိ၊ ဤသို့။ ပုရိမကမ္မဘဝသ္မိံ၊ ရှေးဘဝတွင် ဖြစ်ကြောင်းကံကို ပြုစဉ်၌။ သိဒ္ဓါ၊ ပြီးခဲ့ကုန်သော။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ ဣဓ ပဋိသန္ဓိယာ၊ ဤဘဝ၌ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့ပေတည်း။

သင်္ခါရနှင့် ကမ္မဘဝတို့၏ ထူးခြားပုံကို အဋ္ဌကထာတို့၌ သုံးနည်းပြ၏။ ဤ၌ကား၊ သိလွယ်သော ပဌမနည်းကိုသာ ပြအံ့။ ပေးလှူခြင်း, သတ်ဖြတ်ခြင်း စသည်ကို ပြုရန် ကြံသည်မှစ၍, ရှေးအဖို့၌ ဖြစ်သော စေတနာတို့သည် သင်္ခါရ မည်ကုန်၏။ ၎င်းတို့သည် "မြန်မြန်ပြီးအောင်လုပ်လိုက်"ဟု တိုက်တွန်း နေကြသကဲ့သို့ ဖြစ်ပေါ်ကုန်၏။ အမှုကိစ္စကို ပြီးစေဆဲ ခဏ၌ ဖြစ်သော စေတနာသည်ကား ကမ္မဘဝမည်၏။ ၎င်းသည်၊ ဒါနမှုအရာ၌၊ အလှူခံပုဂ္ဂိုလ်အား လှူဘွယ်ဝတ္ထုကို ပေးကမ်းဆဲ ဖြစ်၍ "ငါ့ ဥစ္စာ အဖြစ်မှ ပြတ်စဲစေ၊ အလှူခံ ပုဂ္ဂိုလ်ပိုင်စေ၊ ယူစေ၊ ရစေ၊ သုံးဆောင်စေ"ဟု စီရင်ချက် ချလိုက်သကဲ့သို့ ကိစ္စကို အဆုံးသတ်သည့် အနေအားဖြင့် ဖြစ်ပေါ်၏။ ပါဏာတိပါတမှုအရာ၌ 'နင် သေစေ'ဟု စီရင်ချက် ချသကဲ့သို့ပင်ဖြစ်ပေါ်၏။ တပါးသော ကုသိုလ်မှု, အကုသိုလ်မှု အရာတို့၌လဲ နည်းမှီ၍ သိပါလေ။

ဤပါဠိ၌ ပြအပ်သော အစဉ်သည်ကား ဒေသနာအစဉ်မျှသာတည်း။ ဖြစ်စဉ်အားဖြင့်ကား၊ မသိမှု, သိမှားမှု=အဝိဇ္ဇာကြောင့် သာယာ တောင့်တမှု=တဏှာ ဖြစ်၏။ တဏှာကြောင့် "ဤအမှုကို ပြုရလျှင်, ကောင်းစား ချမ်းသာမည်"ဟု ထင်မှတ်စွဲလမ်းမှု=ဥပါဒါန် ဖြစ်၏။ ဥပါဒါန်ကြောင့် ကြံစည်အားထုတ်မှု=သင်္ခါရ ဖြစ်၏။ အားထုတ်ခြင်းကြောင့်, ကိစ္စကို ပြီးစေသော ခဏ၌ ကမ္မဘဝဖြစ်၏။ အမှုကိုပြုပြီးသော ကာလ၌လဲ ထိုအမှုကို ချမ်းသာကြောင်းဟူ၍၎င်း၊ ထိုအမှုဖြင့် ခံစားရမည့်အကျိုးကို ချမ်းသာဟူ၍၎င်း ထင်မှားသော အဝိဇ္ဇာဖြစ်ပြန်၏။ ထိုအမှုနှင့် ရမည့်အကျိုးတို့၌ သာယာတောင့်တမှု=တဏှာလဲ ဖြစ်ပြန်၏၊ ထိုအမှုဖြင့် ကောင်းစားရတော့မည်ဟု စွဲလမ်းသော ဥပါဒါန်လဲ ဖြစ်ပြန်၏။ ဤသို့ ရှေးအဖို့ နောက်အဖို့တို့၌ အဝိဇ္ဇာ တဏှာ ခြံရံအပ်သော ကံသည်သာလျှင်၊ ဘဝသစ် အကျိုးကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ဂတိကထာ၌........

> ကုသလကမ္မဿ ဇဝနက္ခဏေ, တယော ဟေတူ ကုသလာ၊ နိကန္တိက္ခဏေ (အတ္တနော ဝိပါကံ ဒါတုံ ပစ္စုပဋ္ဌိတ ကမ္မေ ဝါ, တထာ ပစ္စုပဋ္ဌိတကကမ္မေန ဥပဋ္ဌာပိတေ ကမ္မနိမိတ္တေ ဝါ, ဂတိနိမိတ္တေ ဝါ, ဥပ္ပဇ္ဇမာနနိကန္တိ က္ခဏေ-အဋ္ဌကထာဘွင့်) ဒွေ ဟေတူ အကုသလာ၊ ပဋိသန္ဓိက္ခဏေ တယော ဟေတူ အဗျာကတာ။ ဂတိသမ္ပတ္တိယာ ဉာဏသမ္ပယုတ္တေ (ဉာဏသမ္ပယုတ္တပဋိသန္ဓိက္ခဏေ အဋ္ဌကထာဘွင့်) ဣမေသံ အဋ္ဌန္နံ ဟေတူနံ ပစ္စယာ ဥပပတ္တိ ဟောတိ (၂၆၆)....စသည် ဖြင့်၊

နိကန္တိခဏဟိတ် ၂-ပါးကိုလဲ ထည့်သွင်း၍ ပြတော်မူပေသည်။

## ပစ္စုပ္ပန်အကျိုး ဝိပါကဝဋ်ငါးပါး

ဣဓ ပဋိသန္ဓိ ဝိညာဏံ, ဩက္ကန္တိ နာမရူပံ, ပသာဒေါ အာယတနံ, ဖုဋ္ဌော ဖဿော, ဝေဒယိတံ ဝေဒနာ, ဣတိ ဣမေ ပဉ္စ ဓမ္မာ ဣဓူပပတ္တိ ဘဝသ္မိံ ပုရေ ကတဿ ကမ္မဿ ပစ္စယာ။ (၅၀)

ဣဓ၊ ယခုဘဝ၌။ ပဋိသန္ဓိ၊ ရှေးဘဝနှင့် ဆက်စပ်လျက် ဖြစ်ပေါ်သော စိတ်သည်။ ဝိညာဏံ၊ ဝိညာဏ်ပေတည်း။ ဩက္ကန္တိ၊ တခြားမှလာ၍ သက်ဝင်သကဲ့သို့ ဖြစ်သော သဘောသည်။ နာမ ရူပံ၊ နာမ်ရုပ်ပေတည်း။ ပသာဒေါ၊ ကြည်လင်သော သဘောသည်။ ဝါ၊ မျက်စိကြည်မှု, နား နှာခေါင်း လျှာ ကိုယ် ကြည်မှုသည်။ အာယတနံ၊ အာယတနပေတည်း။ ဝါ၊ အာရုံနှင့် စိတ် တွေ့ဆုံရာ ဌာန, တွေ့ဆုံကြောင်း တရားပေတည်း။ ဖုဋ္ဌော၊ အာရုံနှင့် စိတ် တွေ့ခြင်းသည်။ ဖဿော၊ ဖဿပေတည်း။ ဝေဒယိတံ၊ ခံစားခြင်းသည်။ ဝေဒနာ၊ ဝေဒနာပေတည်း။ ဣတိ၊ ဤသို့။ ဣဓ ဥပပတ္တိဘဝသ္မိံ၊ ယခု ဖြစ်ဆဲ ဘဝ၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသော တရားတို့သည်။ ပုရေကတဿ ကမ္မဿ ပစ္စယာ၊ ရှေးဘဝ၌ ပြုခဲ့သော ကံဟူသော အကြောင်းကြောင့်၊ (ဥဒရဿ ကာရဏာ၌ ကဲ့သို့၊ တုလျာဓိကရဏ ဝိသေသန, ဝိသေသျတည်း)။ ပဝတ္တာဝိပါကမ္မော၊ ဖြစ်ပေါ်သော အကျိုးတရားတို့ပေတည်း။

ဖြစ်ခိုက် နာမ် ရုပ်ကို မပြတ် မှတ်သိလျက် ရှိသော ယောဂီအား မြင်မှု ကြားမှု စသော စိတ်တို့သည် 'ရှေးရှေး စိတ်၏အခြားမဲ့၌ စပ်၍စပ်၍ မပြတ်ဖြစ်သည့်အနေအားဖြင့်" ထင်ရှားကုန်၏။ ထို့ကြောင့် ထိုယောဂီသည် ယခုဘဝ၌ စ၍ဖြစ်ခဲ့သော ပဋိသန္ဓေစိတ်ကိုလဲ "ရှေးဘဝက နောက်ဆုံး စိတ်၏ အခြားမဲ့၌ ဆက်စပ်၍ ဖြစ်ခဲ့သည်"ဟု ဆ၍ သိနိုင်ပေ၏၊ ဤသို့ သိနိုင်ပုံကို ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်းပြ၏။

ယထေဝ စက္ခုဝိညာဏံ၊ မနောဓာတုအနန္တရံ။
န စေဝ အာဂတံ နာပိ၊ န နိဗ္ဗတ္တံ အနန္တရံ။ ။
တထေဝ ပဋိသန္ဓိမှိ၊ ဝတ္တတေ စိတ္တ သန္တတိ။
ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တတော၊ (၂-၂၃၉)

မနောဓာတုအနန္တရံ၊ ဆင်ခြင်သောစိတ်၏ အခြားမဲ့၌ဖြစ်လေ့ရှိသော။ စက္ခုဝိညာဏံ၊ မြင်သောစိတ်သည်။ တတော၊ ထိုဆင်ခြင်သော စိတ်မှ။ န စေဝ အာဂတံ၊ လာသည်လဲ မဟုတ်ပေ။ အနန္တရံ၊ ဆင်ခြင်သော စိတ်၏ အခြားမဲ့၌။ နာပိ န နိဗ္ဗတ္တံ ယထေဝ၊ မဖြစ်သည်လဲ မဟုတ်ပေ၊ ဧကန်ပင် ဖြစ်သကဲ့သို့။ တထေဝ၊ ထို့အတူပင်။ ပဋိသန္ဓိမှိ၊ ပဋိသန္ဓေခဏ၌။ စိတ္တသန္တတိ၊ ရှေးစိတ် နောက်စိတ်တို့၏ အစဉ်သည်။ ဝတ္တတေ၊ ဖြစ်၏။ ပုရိမံ စိတ္တံ၊ ရှေးဘဝက နောက်ဆုံးစိတ်သည်။ ဘိဇ္ဇတေ၊ ချုပ်ပျက်လေ၏။ တတော၊ ထိုစိတ် ချုပ်သည်မှ အခြားမဲ့၌။ ပစ္ဆိမံ စိတ္တံ၊ နောက်ဘဝ၌ အစဆုံးစိတ်သည်။ ဇာယတေ၊ ဖြစ်ပေါ်လေ၏။

မျက်စိ အကြည်ထဲ၌ အဆင်းရုပ် ထင်ပေါ် ကျရောက်လျှင်, ထိုအဆင်းကို ဘာလဲဟု ဆင်ခြင်သော စိတ်က ရှေးဦးစွာ ဖြစ်ပေါ်၏။ ထိုစိတ်၏ အခြားမဲ့၌ မြင်သောစိတ် ဖြစ်ပေါ်၏။ ဤသို့ဖြစ်ရာ၌, ဆင်ခြင်တဲ့စိတ်ကပင် မြင်တဲ့စိတ် ဖြစ်သွားသည်လဲ မဟုတ်ပေ၊ ဆင်ခြင်တဲ့စိတ်၏ အခြားမဲ့၌ မြင်တဲ့စိတ်က မဖြစ်ဘဲလဲမနေပေ၊ ဧကန်ပင် ဖြစ်ပေါ်သကဲ့သို့၊ ထို့အတူပင်, ရှေးဘဝက နောက်ဆုံး စုတိစိတ် ချုပ်ဆုံးသွားလျှင်, ဘဝသစ်၌ အစဆုံး ပဋိသန္ဓေစိတ် ဖြစ်ပေါ်၏။ ဤသို့ ဖြစ်ရာ၌၊ စုတိစိတ်ကပင် ပဋိသန္ဓေစိတ် ဖြစ်လာသည်လဲ မဟုတ်ပေ၊ ထိုစုတိ စိတ်သည်ကား အကြွင်းမဲ့ချုပ်ကွယ်၍သာ သွားပေသည်။ သို့သော်လဲ, ထိုစုတိစိတ် ချုပ်ကွယ်သည်နှင့် တပြိုင်နက် ဘဝသစ် ပဋိသန္ဓေစိတ်က မဖြစ်ဘဲလဲ မနေပေ၊ ဆက်လက်၍ ဧကန်ပင် အသစ် ဖြစ်ပေါ်ပေသည်။ ဤသို့ ဆက်စပ်၍ စိတ်ဖြစ်ပုံကို ယောဂီက ကိုယ်ပိုင်ဉာဏ်ဖြင့် သဘောကျသည်ဟု ဆိုလို၏။

ထို့ပြင်, ဖြစ်ခိုက် နာမ်ရုပ်ကို မပြတ်မှတ်လျက်ရှိသော ယောဂီအား မှတ်သိရသော ထိုနာမ်ရုပ်သည် စိတ်ထဲ ကိုယ်ထဲမှာ အသစ်အသစ် ကျရောက်သက်ဝင်လာသကဲ့သို့ ထင်ရား၏။ ထို့ကြောင့်, ပဋိသန္ဓေခဏက ဖြစ်ခဲ့သော နာမ်ရုပ်ကိုလဲ "ယခုမှတ်သိရတဲ့ နာမ်ရုပ်လိုပင် ကျရောက်သက်ဝင်လာသော သဘောဘဲ"ဟု ဆ၍ သိနိုင်ပေ၏။ အာယတန, ဖဿ, ဝေဒနာတို့ကို သိပုံမှာ ထင်ရှားပြီ။

ယခုဘဝ၌ ဖြစ်သော ဤအကျိုး ငါးပါးကိုပင် မှီ၍၊ အာယတန ရင့်သောအခါ၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ ဟူသော အကြောင်းတရား ငါးပါးတို့သည် ဖြစ်ပေါ်ပြန်ကုန်၏။

## ပစ္စုပ္ပန် အကြောင်း ကမ္မဝဋ် ငါးပါး

ဣဓ ပရိပက္ကတ္တာ အာယတနာနံ မောဟော အဝိဇ္ဇာ, အာယူဟနာ သင်္ခါရာ, နိကန္တိ တဏှာ, ဥပဂမနံ ဥပါဒါနံ, စေတနာ ဘဝေါ တိ, ဣမေ ပဉ္စ ဓမ္မာ ဣဓ ကမ္မဘဝသ္မိံ အာယတိံ ပဋိသန္ဓိယာ ပစ္စယာ။

ဣဓ၊ ယခုဘဝ၌။ အာယတနာနံ ပရိပက္ကတ္တာ၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်-ဟူသော အာယတနတို့၏ ရင့်ခြင်းကြောင့်။ ဝါ၊ အာယတနတို့ရင့်လတ်သော်။ (ဤအပိုဒ်ဖြင့်, ဘဝကိုဖြစ်စေနိုင်သော ကံ၏ ဖြစ်ရာကာလကိုပြ၏။ အာယတန မရင့်သေးသော သူငယ်တို့အား၊ ဘဝင်စိတ်သာ အဖြစ်များ၏၊ ဘဝကို ဖြစ်စေနိုင်သော ကံသည်ကား ဖြစ်နိုင်ခဲ၏၊ အာယတန ရင့်သောသူတို့အားသာလျှင်၊ ထိုကံမျိုးသည် များသောအားဖြင့် ဖြစ်နိုင်သည်-ဟူလို။) မောဟော၊ မသိမှု, သိမှားမှုသည်။ အဝိဇ္ဇာ၊ ပေတည်း။ အာယူဟနာ၊ အားထုတ်မှုတို့သည်။ သင်္ခါရာ၊ တို့ပေတည်း။ နိကန္တိ၊ လိုလားတောင့်တခြင်းသည်။ တဏှာ၊ ပေတည်း။ ဥပဂမနံ၊ စွဲလမ်းခြင်းသည်။ ဥပါဒါနံ၊ ပေတည်း။ စေတနာ၊ စေ့ဆော် တိုက်တွန်းခြင်းသည်။ ဘဝေါ၊ ကမ္မဘဝပေတည်း။ (အနက်အကျယ် အပြည့်အစုံကို ရှေး၌ ပြန်ကြည့်ပါ။) ဣတိ၊ ဤသို့။ ဣဓ ကမ္မဘဝသ္မိံ၊ ယခုဘဝ၌ ဖြစ်ကြောင်းကံကို ပြုအပ်စဉ်။ သိဒ္ဓါ၊ ပြီးကုန်သော။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ အာယတိံ ပဋိသန္ဓိယာ၊ နောင်ကာလ၌ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့ပေတည်း။

ဤပစ္စုပ္ပန်အကြောင်း ငါးပါးကြောင့် နောင်ဘဝ၌ ဝိညာဏ်, နာမ်ရုပ်, အာယတန, ဖဿ, ဝေဒနာ - ဟူသော အကျိုး ငါးပါး ဖြစ်ပေါ်ပြန်၏။

## အနာဂတ်အကျိုး ဝိပါကဝဋ် ငါးပါး

အာယတိံ ပဋိသန္ဓိ ဝိညာဏံ, ဩက္ကန္တိ နာမ ရူပံ, ပသာဒေါ အာယတနံ, ဖုဋ္ဌော ဖဿော, ဝေဒယိတံ ဝေဒနာ, ဣတိ ဣမေ ပဉ္စ ဓမ္မာ အာယတိံ ဥပပတ္တိဘဝသ္မိံ ဣဓ ကတဿ ကမ္မဿ ပစ္စယာ။ (၅၁)

အာယတိံ၊ နောင်ကာလ၌။ ပဋိသန္ဓိ၊ ဘဝဟောင်းနှင့် ဆက်စပ်၍ ဖြစ်သော စိတ်သည်။ ဝိညာဏံ၊ ဝိညာဏ်ပေတည်း။ ဩက္ကန္တိ၊ သက်ဝင်သကဲ့သို့ ဖြစ်သော သဘောသည်။ နာမရူပံ၊ နာမ်ရုပ် ပေတည်း။ ပသာဒေါ၊ ကြည်လင်မှုသည်။ အာယတနံ၊ အာယတန ပေတည်း။ ဖုဋ္ဌော၊ တွေ့ခြင်းသည်။ ဖဿော၊ ဖဿပေတည်း။ ဝေဒယိတံ၊ ခံစားခြင်းသည်။ ဝေဒနာ၊ ပေတည်း။ (အနက်အကျယ်ကို ပြန်ကြည့်ပါ)။ ဣတိ၊ ဤသို့။ ဣမေ ပဉ္စ ဓမ္မာ၊ ဤ ငါးပါးသောတရားတို့သည်။ ဣဓ ကတဿ ကမ္မဿ ပစ္စယာ၊ ယခုဘဝ၌ပြုအပ်သည့် ကံ, ဟူသောအကြောင်း ကြောင့်။ အာယတိံ ဥပပတ္တိ ဘဝသ္မိံ၊ နောင်အခါ၌ ဖြစ်လတံ့သော ဘဝ၌။ ဝိပါကဓမ္မာ၊ ဖြစ်မည့် အကျိုးတရား တို့ပေတည်း။

ဤအကြောင်း အကျိုးတို့တွင်၊ အတိတ်အကြောင်းငါးပါးသည် ပစ္စုပ္ပန်အကြောင်းငါးပါးနှင့် သဘောအားဖြင့် တူ၏၊ အနာဂတ် အကျိုးငါးပါးသည်လည်း ပစ္စုပ္ပန်အကျိုးငါးပါးနှင့် သဘောအားဖြင့် တူ၏။ ထို့ကြောင့်, ပစ္စုပ္ပန်အကြောင်း, အကျိုး တို့ကို မျက်မှောက်တွေ့မြင်သော ယောဂီသည် အတိတ်အကြောင်းနှင့်, အနာဂတ် အကျိုးတို့ကိုလဲ ဆ၍ သိမြင် သဘောကျနိုင် ပေသည်။

ထိုတွင် အကျိုးငါးပါး–ဟူသည်မှာ မှတ်သိအပ်သော စိတ်တချက် တချက်၌ အတွင်းဝင်သော သဘောများသာ တည်း။ ထို့ကြောင့်, အကျဉ်းနည်းဖြင့် ရှုသော ယောဂီသည် ထိုအကျိုးငါးပါးကို အကျိုးအဖြစ်ဖြင့် တခုထည်းသော ပိုင်းခြား၍ ရှုမြင်၏။ အာရုံ အကောင်းအဆိုးနှင့် တွေ့ရ၍, အထူး ကြောင့်ကြ မစိုက်ရဘဲ ဖြစ်ပေါ်သော မြင်ရုံမျှ ကြားရုံမျှ နံရုံမျှ စားသိရုံမျှ ထိရုံမျှ ကြံသိရုံမျှ သဘောများကို "ရှေးကံကြောင့်ဖြစ်သော အကျိုး"ဟူ၍သာပိုင်းခြား၏။ ဤကား ဝိညာဏ်, ဤကား နာမ်ရုပ်–စသည်ဖြင့် ခွဲခြား၍မရှုပြီ။ ထို့အတူပင် အကြောင်းငါးပါး ဟူသည်မှာလဲ စိတ်တချက်တချက်နှင့် ဆိုင်သောသဘော များသာတည်း။ ထို့ကြောင့် ထိုအကြောင်းများကိုလဲ အကြောင်းကံ၏ အဖြစ်ဖြင့် တခုထည်းသာ ပိုင်းခြား၍ ရှုမြင်၏။ ယခု ကောင်းစားရန် ဖြစ်စေ, နောင်ဘဝများ၌ ကောင်းစားရန် ဖြစ်စေ, အထူး ကြောင့်ကြစိုက်လျက် ကြံစည်မှု, ပြောဆိုမှု, ပြုလုပ်မှု ဟူသမျှကို "ဘဝသစ်အကျိုးကို ဖြစ်စေမည့် အကြောင်းက"ဟူ၍သာ ပိုင်းခြား၏။ ဤကား အဝိဇ္ဇာ, ဤကား သင်္ခါရ–စသည် ဖြင့် ခွဲခြား၍ မရှုပြီ။

ဤသို့ ရှုမြင်သောယောဂီသည် မှတ်ချက်တိုင်း၌ အကြောင်းကံနှင့် အကျိုးဝိပါက်မျှကိုသာ တွေ့ရသောကြောင့်, "ရှေးရှေးဘဝတွေကလဲ ဤလိုအကျိုးဝိပါက်နှင့် အကြောင်းကံမျှသာ ဖြစ်ခဲ့လေပြီ၊ နောင်ဘဝတွေမှာလဲ ဤလိုအကျိုးဝိပါက် နှင့် အကြောင်းကံမျှသာ ဖြစ်သွားမည်၊ ကံနှင့်အကျိုးမျှသာ ရှိသည်၊ ကံကို ပြုလုပ်တတ်သော သတ္တဝါကောင်=ငါကောင်လဲ မရှိပြီ၊ အကျိုးကို ခံစားတတ်သော သတ္တဝါကောင်=ငါကောင်လဲ မရှိပြီ"ဟု ဆင်ခြင် ဆုံးဖြတ်နိုင်၍ ပြခဲ့သော ယုံမှားမှု ၁၆–ပါးကို ပယ်ခွါလွှန်မြောက်၏။

သော ဧဝံ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဝသေန ပစ္စယတော နာမ ရူပဿ ပဝတ္တိံ ဒိသွာ ယထာ ဣဒံ ဧတရဟိ၊ ဧဝံ အတီတေပိ အဒ္ဓါနေ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဝသေန ပစ္စယတော ပဝတ္တိတ္ထ၊ အနာဂတေပိ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဝသေနေဝ ပစ္စယတော ပဝတ္တိဿတီတိ၊ ဣတိ ကမ္မဉ္စေဝ ကမ္မဝိပါကော စ, ကမ္မဝဋ္ဋဉ္စဝိပါကဝဋ္ဋဉ္စ, ကမ္မပဝတ္တဉ္စ ဝိပါက ပဝတ္တဉ္စ, ကမ္မသန္တတိ စ ဝိပါကသန္တတိ စ, ကြိယာ စ ကြိယာဖလဉ္စ,

> ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။
> ကမ္မာ ပုနဗ္ဘဝေါ ဟောတိ ဧဝံ လောကော ပဝတ္တတီတိ
> သမနုပဿတိ။ (ဝိသုဒ္ဓိမဂ်–၂–၂၃၇)

မြန်မာပြန်အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

မြန်မာပြန်အံ့ .... ထိုယောဂီသည် ဤဆိုခဲ့သော ကမ္မဝဋ်, ဝိပါကဝဋ်အလိုအားဖြင့် အကြောင်းကြောင့် ပစ္စုပ္ပန် နာမ်ရုပ်၏ ဖြစ်ခြင်းကို သိမြင် သဘောကျပြီးလျှင် "ယခုဘဝ၌ ဤနာမ်ရုပ်ကဲ့သို့၊ နည်းတူပင်, အတိတ်ကာလ၌လဲ ကမ္မဝဋ်, ဝိပါကဝဋ် အလိုအားဖြင့်သာလျှင် အကြောင်းကြောင့် နာမ်ရုပ်မျှသာ ဖြစ်လေပြီ၊ အနာဂတ် ကာလ၌လဲ ကမ္မဝဋ်, ဝိပါကဝဋ် အလိုအားဖြင့်သာလျှင် အကြောင်းကြောင့် နာမ်ရုပ်မျှသာဖြစ်သွားမည်"ဟူ၍ ရှုဆင်ခြင်၏။ ဤသို့ သိမြင်သဘောကျလျှင် ကံနှင့် ကံ၏အကျိုးမျှသာ ရှိသည်ဟူ၍၎င်း, ကမ္မဝဋ်နှင့် ဝိပါကဝဋ်မျှသာ ရှိသည်ဟူ၍၎င်း, ကံအယဉ်နှင့် ဝိပါက်အယဉ်မျှသာ ရှိသည်ဟူ၍၎င်း, (ရေစီးရေယဉ်ကဲ့သို့ တင်စား၍ဆိုသည်) ကံ အစဉ်အဆက်နှင့် ဝိပါက်အစဉ်အဆက်မျှသာ ရှိသည်ဟူ၍၎င်း, ပြုမှုနှင့် ပြုမှု၏အကျိုးမျှသာ ရှိသည်ဟူ၍၎င်း, ဆင်ခြင်ဆုံးဖြတ်၏။ (ကော်မာဖြင့် ပိုင်းခြားအပ်သော ငါးပိုဒ်တို့တွင်၊ တပိုဒ် တပိုဒ်ဖြင့် တဦးတဦး၏ ဆင်ခြင်ဆုံးဖြတ်မှု ပြီးစီး၏)

ကံကြောင့် အကျိုးများ ဖြစ်ပေါ်ကြသည်၊ အကျိုးကလဲ ကံ၏ ဖြစ်ကြောင်းပေတည်း၊ တနည်းကား .... အကျိုးကလဲ ကံကို ဖြစ်စေပြန်သည်။ (သမ္ပတ္တိဝတီ ဇတေနာတိ သမ္ဘဝေါ၊ ကမ္မဿ သမ္ဘဝေါ ကမ္မသမ္ဘဝေါဟု ဆဋ္ဌီသမာသ် ကြံ၍၊ သဒ္ဒတ္ထ အဓိပ္ပါယတ္ထ ၂-နည်းပြန်သည်၊ ဤပုဒ်ကို အညတ္ထသမာသ် ကြံလျှင်ကား၊ ဤဂါထာ၌ ၃-ပုဒ်လုံးပင် ဝိပါက်၏ အကြောင်းပြ ချည်းသာ ဖြစ်၍၊ ကံ၏ အကြောင်းပြမှု ကင်းလေရာ၏။) ကံကြောင့် တဖန် ဘဝသစ် ဖြစ်ပြန်သည်၊ ကံနှင့် ဝိပါက် တလှည့်စီ အကြောင်း အကျိုး ဖြစ်လျက်လည်သော ဤနည်းဖြင့် သတ္တလောက -ဟု ခေါ်သော နာမ်ရုပ် အစဉ်သည် မပြတ်ဖြစ်နေသည် ဟူ၍လဲ ဆင်ခြင်ဆုံးဖြတ်၏။ (မြန်မာပြန်)

> ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
> သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။ ။
> ဧဝံ ကမ္မေ ဝိပါကေ စ၊ ဝတ္တမာနေ သ-ဟေတုကေ။
> ဗီဇရုက္ခာဒိကာနံဝ၊ ပုဗ္ဗာ ကောဋိ န နာယတိ။
> အနာဂတေပိ သံသာရေ၊ အပ္ပဝတ္တိ န ဒိဿတိ။ ။(ဝိသုဒ္ဓိမဂ်)

ကမ္မဿ၊ ကုသိုလ်ကံ, အကုသိုလ်ကံကို။ ကာရကော၊ ပြုတတ်သော ပုဂ္ဂိုလ်, သတ္တဝါကောင်သည်။ နတ္ထိ၊ မရှိချေ။ ဝိပါကဿ၊ ကောင်းကျိုး, ဆိုးကျိုးကို။ ဝေဒကော စ၊ ခံစားတတ်သော ပုဂ္ဂိုလ်, သတ္တဝါကောင်သည်လည်း။ နတ္ထိ၊ မရှိချေ။ သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ်, သတ္တဝါကောင်နှင့် မရောမယှက် သက်သက်သော ကံနှင့် အကျိုးတရားတို့ချည်းသာလျှင်၊ ပဝတ္တန္တိ၊တပြန်စီ လည်ပတ်လျက် မပြတ်ဖြစ်ပေါ်ကုန်၏။ ဧဝံ၊ ဤသို့သော။ ဧတံ ဒဿနံ၊ ဤအမြင်သည်။ သမ္မဒဿနံ၊ မဖေါက်မပြန် မှန်ကန်သော အသိအမြင်ပေတည်း။

ဧဝံ၊ ဤဆိုခဲ့သောနည်းဖြင့်။ သဟေတုကေ ဝတ္တမာနေ၊ မိရာဝိပါက်-ဟူသော အကြောင်းနှင့်တကွ ဖြစ်ပေါ်သော။ ကမ္မေ စ၊ ကံကိုငင်း။ သဟေတုကေ ဝတ္တမာနေ၊ ကံ-ဟူသော အကြောင်းနှင့်တကွ ဖြစ်ပေါ်သော။ ဝိပါကေ စ၊ အကျိုးကိုငင်း။ ဒိဋ္ဌေ၊ တွေ့မြင်အပ်သည်ရှိသော်။ ဗီဇရုက္ခာဒိကာနံ၊ သစ်စေ့နှင့် သစ်ပင်-စသည်တို့၏။ ပုဗ္ဗာကောဋိ၊ ရှေးအစွန်းအစကို။ န နာယတိ ဣဝ၊ မသိအပ် မသိနိုင်သကဲ့သို့။ ပုဗ္ဗာ ကောဋိ၊ ကံနှင့် အကျိုးဟူသော နာမ်ရုပ် အစဉ်၏ ရှေးအစွန်းအစကို။ န နာယတိ၊ မသိအပ် မသိနိုင်ချေ။ အနာဂတေပိ၊ နောင်ကာလ၌လဲ။ သံသာရေ၊ နာမ်ရုပ်အစဉ်=သံသရာသည်။ သတိ၊ အကြောင်းကံကို မဂ်ဉာဏ်ဖြင့် မငြိမ်းစေနိုင်သေးသဖြင့် ရှိမြဲပင်ရှိလတ်သေးသော်။ အပ္ပဝတ္တိ၊ ကံနှင့်ဝိပါက်အစဉ်၏ မဖြစ်ခြင်း =ပြတ်စဲခြင်းကို။ န ဒိဿတိ၊ မမြင်အပ် မမြင်နိုင်ချေ။

အဓိပ္ပါယ်ကား .... ပေးလှူခိုက်၌၊ ပေးလှူလိုသော စိတ် စေတနာ ဖြစ်၏၊ သတ်ဖြတ်ခိုက်၌၊ သတ်လိုသော စိတ် စေတနာဖြစ်၏။ ထိုစေတနာတို့နှင့် လျော်သော ကိုယ်, နှုတ်, အမူအရာ=ရုပ်လဲ ဖြစ်၏။ ဤ စိတ် စေတနာနှင့် ကိုယ်, နှုတ်, အမူအရာ=ရုပ်သည်ပင်လျှင် ကောင်းမှုကံ, မကောင်းမှုကံ မည်၏။ ဤသို့ နာမ်ရုပ် ၂-ပါးလုံးပင် ကံ=အမှု=ကြိယာ မည်ငြား သော်လဲ "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ=ရဟန်းတို့၊ စေတနာကို ကံဟု ငါ ဟောပေသည်"ဟူသော ဒေသနာ၌ကား ကြီးကဲပြခာန်း၍ အကျိုးပေးတတ်သော စေတနာကိုသာလျှင် ကံဟု ဟောတော်မူပေသည်။ ပဓာန နည်းပေတည်း၊ အပ္ပဓာန အားဖြင့်ကား .... စေတနာနှင့် တကွ ဖြစ်သော နာမ်ရုပ် ၂-ပါးလုံးပင် ကံ=အမှု=ကြိယာ မည်သည်သာတည်း။ သို့ဖြစ်၍, ကံဖြစ်ခိုက်၌ ပြုလိုသော စိတ်စေတနာနှင့် ကိုယ်, နှုတ်, အမူအရာ-ဟူသော နာမ်ရုပ် ၂-ပါးမျှသာ ဖြစ်ပေါ်လျက် ရှိ၏၊ ထို နာမ်ရုပ်ကိုပင်စွဲမှီ၍ ပုဂ္ဂိုလ်ကလှူသည်, ပုဂ္ဂိုလ်ကသတ်သည်ဟု ခေါ်ဝေါ်ပြောဆိုရပေသည်၊ ပြောဆိုရုံမျှသာတည်း။ အမှု=ကြိယာ=ကံမည်သော ထိုနာမ်ရုပ်ကို ပြုတတ်, ပြီးစေတတ်, ဖြစ်စေတတ်သော ပုဂ္ဂိုလ်, သတ္တဝါကောင်ကား အသီးအခြား မရှိတော့သည် သာတည်း။ ထို့ပြင်, မြင်ခိုက်, ကြားခိုက်စသည့်၌၊ အာရုံ အကောင်း အဆိုးကို သိမှု, ခံစားမှု-ဟူသော အကျိုး မျှသာ ဖြစ်ပေါ်လျက်ရှိ၏၊ ထို အကျိုး=နာမ်ရုပ်ကိုပင် စွဲမှီ၍ 'ပုဂ္ဂိုလ်က ခံစားသည်'ဟု ခေါ်ဝေါ် ပြောဆို ရပေသည်၊ ပြောဆို ရုံမျှသာတည်း။ ထိုအကျိုး=နာမ်ရုပ်ကို ဖြစ်ပေါ်စေလျက် ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါကောင်ကား အသီးအခြား မရှိတော့ သည်သာတည်း။ သို့ဖြစ်၍, ရှေးဘဝက ကံကို ပြုစဉ်မှာ ကောင်းမှုကံ, မကောင်းမှုကံမျှသာ ဖြစ်ခဲ့၏။ ယခုဘဝ၌ ပဋိသန္ဓေ ဘဝင် မြင်ခိုက် ကြားခိုက် စသည်မှာ ထိုကံကြောင့်, ခံစားမှု အကျိုးမျှသာ ဖြစ်ပေါ်၏၊ ဤ အကျိုး ဝိပါက်ကိုပင် မှီ၍၊ ယခု ဘဝ၌ ကောင်းမှု မကောင်းမှု ကံမျှသာ ဖြစ်ပေါ်ပြန်၏။ ဤ ကံ အသစ်ကြောင့် နောင်ကာလ၌ ခံစားမှု အကျိုးမျှသာ ဖြစ်သွား ဦးမည်။ ဤနည်းဖြင့် ကံနှင့်အကျိုးမျှသာ တပြန်စီလည်လျက် ဖြစ်နေသည်။ ကာရက အတ္တ=ကံအမှုကို ပြုတတ်သော ငါကောင်ကားမရှိပြီ။ ဝေဒက အတ္တ=အကျိုးကို ခံစားတတ်သော ငါကောင်ကား မရှိပြီ ဟူ၍-ဤသို့ သိမြင် သဘောကျခြင်း သည် သမ္မာဒဿန ဟုခေါ်သော ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။

ဤသို့ သိမြင်သဘောကျလျှင်, "သစ်စေ့ရှိက, ထိုအစေ့၏ သီးခဲ့ရာ အပင်လဲ ရှိခဲ့၏၊ ထိုအပင်၏ ပေါက်ခဲ့ရာ သစ်စေ့လဲ ရှိခဲ့၏၊ ဤနည်းဖြင့် သစ်စေ့နှင့် သစ်ပင်တို့၏ အစကို ရှာ၍ မတွေ့နိုင်သကဲ့သို့ငင်း၊ ကြက်ဥ ရှိက, ၎င်း၏ အမိ ကြက်မလဲ ရှိခဲ့၏၊ ထို ကြက်မ၏ ပေါက်ခဲ့ရာ ဥလဲ ရှိခဲ့၏၊ ထိုဥ၏ အမိ ကြက်မလဲ ရှိခဲ့ပြန်၏။ ဤနည်းဖြင့် ကြက်ဥနှင့် ကြက်မတို့၏ အစကို ရှာ၍မတွေ့နိုင်သကဲ့သို့ငင်း" ထို့အတူပင်၊ ယခုဘဝ၌ အကျိုးဖြစ်ပေါ်လျက် ရှိခြင်းကြောင့်၊ ထို၏

အကြောင်းကံသည် ရှေးဘဝက ရှိခဲ့၏၊ ထိုကံ၏ မှီရာ အကျိုးတရားလဲ ထိုဘဝက ဖြစ်ပေါ်ခဲ့၏၊ ထိုအကျိုး၏ အကြောင်းကလဲ ထိုထက်ရှေးကျသော ဘဝကရှိခဲ့၏။ ဤနည်းဖြင့် နာမ် ရုပ် အစဉ်ဟူသော သံသရာ၏ ရှေး အစွန်းအစကို ရှာ၍မတွေ့နိုင်ပြီ။

ဤအရာ၌ "ဘုရားသခင်က ဖန်ဆင်းသောကြောင့် စ၍ ဖြစ်သည်"ဟု ဆိုငြားအံ့။ ထိုဘုရားသခင်ကိုတော့ ဘယ်သူက ဖန်ဆင်းသနည်း? သူသည် ဘယ်ကာလက၊ ဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာသနည်း? ဤသို့စသည်ဖြင့် အရင်းအမြစ်ကို အဆင့်ဆင့် လိုက်၍ ရှာအပ်၏။ ထိုအခါ၌၊ အစကို ရှာ၍ မတွေ့ဘဲသာ ရှိလတ့်။ ထို့ကြောင့်, "ဘုရားသခင်က စ၍ ဖန်ဆင်းသည်"ဟူ၍လဲ မယုံကြည်ထိုက်သည်သာတည်း။ သို့မဟုတ် .... "အဦးအစကာလက၊ အကြောင်းမရှိဘဲ အလိုလိုပင် ဖြစ်ခဲ့သည်"ဟု ဆိုငြားအံ့။ အစက အကြောင်းမရှိဘဲ အလိုလိုဖြစ်ပေါ်ခဲ့ပါလျှင်, ယခုလဲ အကြောင်းမရှိဘဲ အလိုလိုသာဖြစ်ပေါ်လေရာ၏။ သို့သော်လဲ, ရှုမှတ်မှု=ပစ္စက္ခဉာဏ်ဖြင့်၎င်း၊ ဆင်ခြင်မှု=အနုမာနဉာဏ်ဖြင့်၎င်း၊ အကြောင်းမရှိဘဲ အလိုလို ဖြစ်ပေါ်နိုင်သော နာမ်ရုပ်ကို မတွေ့ရချေ။ ထို့ကြောင့်, "အကြောင်းမရှိဘဲ အလိုလိုပင် စ၍ ဖြစ်ခဲ့သည်"ဟူ၍လဲ မယုံကြည်ထိုက်သည်သာတည်း။ ဤအရာ၌၊ ပြခဲ့သောသစ်စေ့နှင့် သစ်ပင်, ကြက်ဥနှင့် ကြက်မ ဥပမာတို့ကိုလဲ 'ဥပမေယျနှင့် အလုံးစုံတူညီသည်' ဟု မမှတ်အပ်ကုန်။ မြတ်စွာဘုရား၏ မျက်နှာတော်ကို 'ကြာပန်းကဲ့သို့ တင့်တယ်သည်'ဟု ချီးမွမ်းရာ၌ ကဲ့သို့ 'တစိတ်မျှသာ တူညီသည်'ဟု မှတ်အပ်ကုန်၏။ အဘယ့်ကြောင့်နည်း ဟူမူ .... သစ်စေ့နှင့် သစ်ပင်, ကြက်ဥနှင့် ကြက်မတို့ကို ကပ္ပါဦးကစ၍ ဖြစ်ခဲ့သည်ဟု သိအပ်သော်လဲ၊ ကံနှင့် ဝိပါက်ဟူသော နာမ်ရုပ်အစဉ်=သံသရာ၏ အစကိုကား မည်သည့်နည်းဖြင့်မျှ မသိအပ်သောကြောင့် ပေတည်း။

ထို့ပြင်, နောင်ကာလ၌လဲ "သစ်ပင်မှ အစေ့ ဖြစ်မည်၊ ထိုအစေ့မှ အပင် ဖြစ်ပြန်မည်၊ ထိုအပင်မှ အစေ့ ဖြစ်ပြန်မည်၊ ဤနည်းဖြင့်၊ အန္တရာယ်မရှိပါက, သစ်ပင်နှင့် သစ်စေ့တို့၏ ပြတ်စဲခြင်းကိုရှာ၍ မတွေ့နိုင်သကဲ့သို့၎င်း၊ ကြက်မမှ ဥ ဖြစ်မည်၊ ထိုဥမှ ကြက်မ ဖြစ်ပြန်မည်၊ ထိုကြက်မမှ ဥ ဖြစ်ပြန်မည်။ ဤနည်းဖြင့် အန္တရာယ် မရှိပါက, ကြက်မနှင့် ကြက်ဥတို့၏ ပြတ်စဲခြင်းကို ရှာ၍ မတွေ့နိုင် သကဲ့သို့၎င်း" ထို့အတူပင်၊ ယခုဘဝ၌ ပြုပြီးသောကံကြောင့်၊ နောင်ဘဝ၌ ပဋိသန္ဓေမှစ၍ အကျိုးတရား ဖြစ်ပေါ်မည်၊ ထိုအကျိုးကိုပင် မှီ၍၊ ထိုဘဝ၌လဲ ကောင်းမှုကံ, မကောင်းမှုကံ ဖြစ်ပေါ်ဦးမည်၊ ထိုကံကြောင့်လဲ တဖန် ဘဝသစ် ဖြစ်ပေါ်ဦးမည်။ ဤနည်းဖြင့် ကံနှင့် အကျိုးဟူသော နာမ်ရုပ်တို့၏ ပြတ်စဲခြင်းကို ရှာ၍ မတွေ့နိုင်ပြီ။ အကြောင်းကံကို မဂ်ဉာဏ်ဖြင့် မငြိမ်းစေနိုင်လျှင်, ဘယ်အခါမှာမျှ ပြတ်စဲတော့မည် မဟုတ်၊ တခုခုသော ဘဝမှ နောက်ဆုံး စုတိစိတ်ချုပ်လျှင်၊ ထိုစိတ်၏ အခြားမဲ့၌ပင် ဘဝသစ် ပဋိသန္ဓေဝိညာဏ် စသောအကျိုးတရားသည် ဖြစ်ပေါ်လျက် ဖြစ်ပေါ်လျက်သာလျှင် ရှိတော့မည်ဟူ၍ – ဤသို့လဲ သိမြင် သဘောကျနိုင်သည်–ဟူလို။

ကမ္မံ နတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊ န စ ကမ္မံ ဝိနာ ဖလံ။
ကမ္မဉ္စ ခေါဥပါဒါယ၊ တတော နိဗ္ဗတ္တတေ ဖလံ။ ။
န ဟေတ္ထ ဒေဝေါ ဗြဟ္မာ ဝါ၊ သံသာရဿ'တ္ထိ ကာရကော။
သုဒ္ဓ ဓမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရ ပစ္စယာ။ ။

(ဝိသုဒ္ဓိမဂ် ၂–၂၃၈)။

ကမ္မံ၊ အကြောင်း ကံသည်။ ဝိပါကမှိ၊ အကျိုးထဲ၌။ နတ္ထိ၊ ရှိတော့သည် မဟုတ်ပေ၊ (အကြောင်းဖြစ်သော ချည်မျှင်များသည် အကျိုးဖြစ်သော အဝတ်အထည်ထဲ၌ မပျက်စီးဘဲ တည်ရှိနေသလို၊ ကံသည်ကား အကျိုးဝိပါက်ထဲမှာ တည်ရှိနေတော့သည်မဟုတ်၊ ကံကပင် မပျက်စီးဘဲ အကျိုး ဖြစ်လာသည် မဟုတ်ဟု ဆိုလို၏)။ ။ပါကော၊ အကျိုးသည်။ ကမ္မေ၊ အကြောင်းကံထဲ၌။ န ဝိဇ္ဇတိ၊ ရှိနှင့်သည် မဟုတ်ပေ။ (စပါးနှံသည် အကြောင်းဖြစ်သော စပါးပင်ထဲ၌ အဖုံးအလုံး ဖြစ်လျက်တည်ရှိ နေနှင့်သလို၊ အကျိုး ဝိပါက်သည်ကား ကံဖြစ်စဉ်က, ထိုကံထဲ၌ ကိန်းအောင်းလျက် ရှိနှင့်သည် မဟုတ်၊ ယခုမှ အသစ် အသစ် ဖြစ်ပေါ်သည်ဟု ဆိုလို၏)။ ။ ဥဘော၊ ကံနှင့် အကျိုး ၂–မျိုးသော တရားတို့သည်။ အညမညံ သုညာ၊ အချင်းချင်းမှ ကင်းဆိတ်ကုန်၏။ စ၊ သို့သော်လဲ။ ကမ္မံ ဝိနာ၊ ကံနှင့် ကင်း၍။ ဖလံ၊ အကျိုးသည်။ န၊ မဖြစ်နိုင်ပေ။ ခေါ၊ အမှန်အားဖြင့်။ ကမ္မဉ္စ ဥပါဒါယ၊ ကံကို စွဲမှီ၍ သာလျှင်။ ဖလံ၊ အကျိုးသည်။ တတော၊ ထိုကံမှ။ ဝါ၊ ထိုကံကြောင့်။ နိဗ္ဗတ္တတေ၊ ဖြစ်ပေါ်ပေ၏။

ဧတ္ထ၊ ဤလောက=ဤသတ္တဝါအများထဲ၌။ သံသာရဿ၊ "တဘဝပြီးလျှင် တဘဝ, တမျိုးပြီးလျှင် တမျိုးအားဖြင့် ပြောင်းရွှေ့လျက် ဖြစ်ပေါ်သော" နာမ်ရုပ်အစဉ်=သံသရာကို။ ကာရကော၊ ပြုတတ် ဖန်ဆင်းတတ်သော။ ဒေဝေါ ဝါ၊ နတ်သည်၎င်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်၎င်း။ ဝါ၊ ထာဝရ ဘုရားသည်၎င်း။ န ဟိ အတ္ထိ၊ မရှိသည်သာတည်း။ ဟေတုသမ္ဘာရပစ္စယာ၊ အကြောင်းရင်း ကံနှင့် အထောက်အပံ့ ဝိပါက် ဟူသော အကြောင်း ၂ မျိုးကြောင့်။ (ဟေတုပစ္စယ နိမိတ္တံ ဝါ–ဤအဖွင့်ကို

မို၏)။ သုဒ္ဓ ဓမ္မာ၊ ကံနှင့် အကျိုး ဟူသော နာမ်ရုပ်တရား သက်သက်တို့သည် သာလျှင်။ ပဝတ္တန္တိ၊ တပြန်စီ လည်ပတ်လျက် မပြတ် ဖြစ်ပေါ်ကုန်၏။ (ဤသို့လဲ သိမြင် သဘောကျသည်ဟု ဆိုလို၏)။

ကံနှင့် အကျိုးအလိုအားဖြင့် နာမ်ရုပ်၏အကြောင်းကို တွေ့မြင်ပြီးသော ယောဂီသည် ဘဝဟောင်း စုတိနှင့် ဘဝသစ် ပဋိသန္ဓေတို့၏ ဖြစ်ပုံကိုလဲ ဤသို့သဘောကျ၏။ မျက်စိထဲ၌ အဆင်းရုပ် ထင်ပေါ်လျှင်, ထိုအဆင်းကို "ဘာလဲဟု ဆင်ခြင်သကဲ့သို့သော" နှလုံးသွင်းမှုဖြစ်၏။ ထိုနှလုံးသွင်းမှု၏ အခြားမဲ့၌ မြင်မှု ဖြစ်၏၊ သို့ဖြစ်ရာ၌, နှလုံးသွင်းမှုနှင့် မြင်မှုတို့သည် အခြားမရှိကုန်သကဲ့သို့၊ ထို့အတူပင် စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့သည်လည်း အခြားမရှိကုန်၊ ဘဝဟောင်းက နောက်ဆုံးစိတ် ချုပ်ဆုံးသွားလျှင်, ရှေးကံကြောင့် ဘဝသစ်၌ အစဆုံးစိတ် ဖြစ်ပေါ်လာသည်-ဟူ၍ သဘောကျတတ်၏။ သုတများသူတို့နှင့်ဆိုင်၏။ သုတနဲသောသူသည်ကား "မြင်မှု ကြားမှုစသည်၏ အခြားမဲ့၌ မှတ်သိမှု ဖြစ်သကဲ့သို့၎င်း၊ မှတ်သိမှု၏ အခြားမဲ့၌ မြင်မှုကြားမှု စသည်တဖန် ဖြစ်သကဲ့သို့၎င်း၊ 'သေတယ်' ဆိုတာလဲသည်လို စိတ်တချက် ကုန်ဆုံးသွားတာဘဲ၊ ဘဝသစ်မှာ ဖြစ်တယ်' ဆိုတာလဲ သည်လိုစိတ်တချက် ဖြစ်ပေါ်လာတာဘဲ။ ဘဝဟောင်းက နောက်ဆုံးစိတ် ပြတ်သွားသည်နှင့်တပြိုင်နက်၊ ရှေးကံကြောင့် ဘဝသစ်၌ာနမှာ အစဆုံး စိတ်တခု ဖြစ်ပေါ်လာရုံမျှဘဲ"ဟူ၍ သဘောကျတတ်၏။ စုတိ ပဋိသန္ဓေတို့၏ ချုပ်ပုံ, ဖြစ်ပုံကို ဤမျှလောက် သိမြင် သဘောကျလျှင်ပင်, "အတိတ် အနာဂတ် ပစ္စုပ္ပန်တရား အလုံးစုံကို အကြောင်းနှင့်တကွ သိမြင်ပြီ"ဟု ဆိုရ၏။ ထို့ကြောင့်ပင်၊ ဝိသုဒ္ဓိမဂ်၌ အောက်ပါတို့ကို မိန့်ဆိုတော်မူလေပြီ။

> သဗ္ဗေ အတီတာနာဂတပစ္စုပ္ပန္နာ ဓမ္မာ စုတိပဋိသန္ဓိဝသေန
> ဝိဒိတာ ဟောန္တိ။ (၂-၂၃၈)
> ဧဝံ စုတိပဋိသန္ဓိဝသေန ဝိဒိတ သဗ္ဗဓမ္မဿ သဗ္ဗာကာရေန နာမ
> ရူပဿ ပစ္စယပရိဂ္ဂဟဉာဏံ ထာမဂတံ ဟောတိ။ (၂-၂၃၉)

သဗ္ဗေ အတီတာနာဂတပစ္စုပ္ပန္နာ ဓမ္မာ၊ အလုံးစုံသော အတိတ်, အနာဂတ်, ပစ္စုပ္ပန်တရားတို့ကို။ စုတိပဋိသန္ဓိဝသေန၊ စုတိနှင့် ပဋိသန္ဓေတို့အလိုအားဖြင့်။ ဝိဒိတာ၊ ထင်ရှား သိအပ်ကုန် ပြီးသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဧဝံ၊ ဤဆိုခဲ့သောနည်းဖြင့်။ စုတိပဋိသန္ဓိဝသေန၊ စုတိနှင့် ပဋိသန္ဓေတို့အလိုအားဖြင့်။ ဝိဒိတသဗ္ဗဓမ္မဿ၊ ထင်ရှား သိအပ်ပြီးသော တရားအလုံးစုံရှိသော။ ဝါ၊ တရားအလုံးစုံကို ထင်ရှား သိပြီးသော သူ၏။ နာမရူပဿ ပစ္စယပရိဂ္ဂဟဉာဏံ၊ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းသော ဉာဏ်သည်။ သဗ္ဗာကာရေန ထာမဂတံ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အားစွမ်းနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်ပေ၏။

ရှင်းပြချက် .... အထက်ပါ အဋ္ဌကထာတွင် တရားအလုံးစုံကို ထင်ရှားသိသည် ဟူရာ၌၊ "သဗ္ဗညုတ ဉာဏ်ကဲ့သို့ တရားအလုံးစုံကို စေ့၄အောင် အကြောင်းအကျိုး စပ်လျက် သိသည်ဟူ၍ကား မဆိုလိုပေ၊ စုတိနှင့် ပဋိသန္ဓေတို့၏ ချုပ်ပုံ, ဖြစ်ပုံကို သိသောကြောင့်သာလျှင် တရားအလုံးစုံကို သိသည်-ဟု ဆိုလိုပေသည်" ဤ အနက်ကို စုတိပဋိသန္ဓိဝသေန-ဟူသော ဝိသေသနဖြင့် ဖေါ်ပြ၏။

စုတိ, ပဋိသန္ဓေတို့၏ ချုပ်ပုံ, ဖြစ်ပုံကို သဘောကျ ပြီးသော ဤယောဂီသည် "ဘဝဟောင်းက နာမ်ရုပ် တစုံတခုမျှ ဘဝသစ်သို့ ပြောင်းရွှေ့လာသည်မဟုတ်၊ ထိုဘဝဟောင်း၌သာ အကြွင်းမဲ့ ချုပ်ဆုံးသွားလေသည်။ ဘဝသစ်၌ ရှေးကံကြောင့်, နာမ်ရုပ်အသစ်များသာ ဖြစ်ပေါ်ကြသည်"ဟူ၍ သိမြင် သဘောကျသောကြောင့် "အတိတ်ဘဝက နာမ်ရုပ်တို့သည် ထိုအတိတ်ဘဝ၌သာလျှင် ချုပ်ဆုံးခဲ့ကြ၍, မမြဲကုန် ဟူ၍၎င်း၊ ယခုဘဝ နာမ်ရုပ်တို့လဲ ယခုဘဝ၌သာလျှင် ချုပ်ဆုံးကြ၍, မမြဲကုန် ဟူ၍၎င်း၊ နောင်ဘဝ၌ နာမ်ရုပ်တို့လဲ ထိုဘဝ၌ပင် ချုပ်ဆုံးကြမည်ဖြစ်၍, မမြဲကုန်-ဟူ၍၎င်း" ဤသို့လဲ ဆင်ခြင်မိတတ်၏။ ဤဆင်ခြင်မှုသည်ကား သမ္မသနဉာဏ်၏ အစပေတည်း။

သို့ဖြစ်၍, ဖြစ်ခိုက် နာမ်ရုပ်ကို ရှုမှတ်စဉ်မှာပင်၊ ပြခဲ့သော နည်း၄ါးပါးတို့တွင် တနည်းနည်းဖြင့် နာမ်ရုပ်၏ အကြောင်းတို့ကို ထိုက်သည်အားလျော်စွာ တွေ့မြင်၍ "ကာလ ၃-ပါး၌ အကြောင်းနာမ်ရုပ်ကြောင့် အကျိုးနာမ်ရုပ်မျှသာ ဖြစ်ပေါ်လျက် ရှိနေသည်"ဟု သဘောကျလျက် မြဲမြံစွာ ဆုံးဖြတ်နိုင်သော အသိဉာဏ်သည် ခေါင်ထိပ်သို့ ရောက်သော ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။ ဤဉာဏ်သည်ပင်လျှင် ပြခဲ့ပြီးသော ယုံမှားမှု (၁၆)ပါးတို့ကို၎င်း၊ ဘုရား, တရား, သံဃာ, သိက္ခာ သုံးပါး, အတိတ် နာမ်ရုပ်, အနာဂတ် နာမ်ရုပ်, ပစ္စုပ္ပန် နာမ်ရုပ်, အချင်းချင်းဆက်စပ်၍ ဖြစ်သော အကြောင်း အကျိုးတရား-ဟူသော ဤဌာနရှစ်ပါး၌ဖြစ်သော ယုံမှားမှု (၈) ပါးတို့ကို၎င်း၊ လွန်မြောက် ပယ်ခွါနိုင်သောကြောင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိလဲ မည်၏။

## စူဠသောတာပန်

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။ ။(ဝိသုဒ္ဓိမဂ် ၂-၂၄၀)။

ပန၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၏ အကျိုးကား။ ဣမိနာ ဉာဏေန၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်သော ဤဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ရှုသော သူသည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ အဆုံးအမ=သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်ပြီးသော သက်သာရာ ရှိသည်ဖြစ်၍။ ရအပ်ပြီးသော ထောက်တည်ရာ ရှိသည်ဖြစ်၍။ နိယတ ဂတိကော၊ ကိန်းသေမြဲသော သုဂတိရှိသော။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်=သောတာပန်ငယ် မည်သည်။ ဟောတိ၊ ဖြစ်၏။

အရိယာဖိုလ်သည် သာသနာတော်၌ သက်သာရာ အစစ်ပေတည်း၊ အရိယာမဂ်သည် ထောက်တည်ရာ အစစ်ပေတည်း။ ဤယောဂီသည်ကား ထိုအရိယာ မဂ်, ဖိုလ်တို့ကို မရသေးပေ။ သို့သော်လဲ, ထိုမဂ်ဖိုလ်ကို ဧကန်ရစေနိုင်သော ရှုမှတ်မှုအကျင့်၌ တည်သောကြောင့် "သက်သာရာ ထောက်တည်ရာတို့ကို ရသော သူ"ဟူ၍ ဆိုအပ်ပေသည်။ တနည်းကား- နာမရူပ ပရိစ္ဆေဒဉာဏ် ဖြင့် နာမ်ရုပ်တို့ကို အမှန်အတိုင်းသိရ၍, သာသနာ၌ တရားနှင့်ဆိုင်သော ပါမုဇ္ဇ=အနည်းငယ် နှစ်သိမ့်အားရမှုကို ရပေ၏။ ထို့ကြောင့်, 'သက်သာရာကို ရသည်'ဟု ဆိုပေသည်။ ပစ္စယပရိဂ္ဂဟဉာဏ် ဖြင့် "အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ်မျှသာ ရှိသည်"ဟု သိပြီးဖြစ်သောကြောင့်, ငါကောင်ရှိသည် ဟူ၍၎င်း၊ သတ္တဝါတွေကို ဘုရားသခင်က ဖန်ဆင်းသည်ဟူ၍၎င်း၊ အကြောင်းမဲ့ အလိုလိုပင် ငါကောင် ဖြစ်ပေါ်လာသည် ဟူ၍၎င်း" ဤသို့ စသည်ဖြင့် ထင်မှား ယူမှားသောဒိဋ္ဌိ မဖြစ်နိုင်ပြီ၊ ထိုဒိဋ္ဌိများကြောင့်, ယုံကြည်မှု=သဒ္ဓါတရား မပျက်နိုင်ပြီ။ သာသနာ၌ မပျက်နိုင် မလှုပ်နိုင်အောင် မြဲခိုင်တည်တံ့သော ဤသဒ္ဓါနှင့် ပြည့်စုံသောကြောင့် "ထောက်တည်ရာကို ရသည်"ဟု ဆိုပေသည်။ ဂတိမြဲပုံ, စူဠသောတာပန် မည်ပုံကို အောက်ပါ မဟာဋီကာဖြင့် သိအပ်၏။

အ-ပရိဟီန-ကင်္ခါဝိတရဏဝိသုဒ္ဓိကော ဝိပဿကော လောကိယာဟိ သီလသမာဓိပညာသမ္ပဒါဟိ သမန္နာဂတတ္တာ ဥတ္တရိ အပ္ပဋိ ဝိဇ္ဈန္တောပိ သုဂတိပရာယနော ဟောတီတိ ဝုတ္တံ "နိယတဂတိကော" တိ။ တတော ဧဝ စူဠသောတာပန္နော နာမ ဟောတိ။ (၂-၃၈၅)

အ-ပရိဟီန-ကင်္ခါဝိတရဏဝိသုဒ္ဓိကော၊ မဆုတ်ယုတ် မပျက်စီးသော ကင်္ခါဝိတရဏဝိသုဒ္ဓိ ရှိသော။ ဝိပဿကော၊ ဝိပဿနာယောဂီသည်။ လောကိယာဟိ သီလသမာဓိပညာသမ္ပဒါဟိ၊ ပြည့်စုံ=စင်ကြယ်သော လောကီ သီလ, သမာဓိ, ပညာ တို့နှင့်။ သမန္နာဂတတ္တာ၊ ပြည့်စုံခြင်းကြောင့်။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တောပိ၊ အထက် ဉာဏ်ထူးတရားထူးကို မသိငြားသော်လဲ။ သုဂတိပရာယနော၊ သုဂတိလျှင် လားရာရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ နိယတဂတိကောတိ၊ မြဲသောဂတိ ရှိသည်ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ တတောဧဝ၊ ထိုဂတိမြဲခြင်းကြောင့်ပင်လျှင်။ စူဠသောတာပန္နော နာမ၊ ဂတိမြဲပုံ အနည်းငယ်တူမျှ၍ စူဠသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်ပေ၏။

ဤဋီကာတွင် အ-ပရိဟီန-ကင်္ခါဝိတရဏဝိသုဒ္ဓိကော ဟူသောပုဒ်ဖြင့် ဤသို့သော အနက်ကိုပြ၏။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းမြဲပင် ကင်းကွာဆဲဖြစ်၍ ဤကင်္ခါဝိတရဏဝိသုဒ္ဓိ မဆုတ်ယုတ်မပျက်စီးသော သူအားသာလျှင် 'ဂတိမြဲသည်'ဟုတိုက်ရိုက် ပြ၏။ ထို့ပြင်, ဤဝိသုဒ္ဓိသည် လောကုတ္တရာ မဟုတ်သေး၊ လောကီမျှ သာတည်း။ ထို့ကြောင့်, ဆုတ်ယုတ်ပျက်စီးနိုင်သေး၏၊ မိမိအလိုလို မသင့်စွာ နှလုံးသွင်းမိခြင်းကြောင်း ဖြစ်စေ, မိစ္ဆာတရားကို နာကြား မိခြင်းကြောင့် ဖြစ်စေ, ယုံမှားမှု=ဝိစိကိစ္ဆာလဲ ဖြစ်နိုင်သေး၏၊ ထင်မှားမှု, ယူမှားမှု=ဒိဋ္ဌိလဲ ဖြစ်နိုင်သေး၏။ ထိုဒိဋ္ဌိဝိစိကိစ္ဆာတို့ မြဲမြံစွာ ဖြစ်သောအခါ၌ ဤဝိသုဒ္ဓိသည် ဆုတ်ယုတ် ပျက်စီးလေ၏။ ထိုအခါ၌ကား 'ဂတိမြဲသည်'ဟု မဆိုအပ်ကြောင်းကိုလဲ ဗျတိရေက=ပြောင်းပြန်နည်းဖြင့်ပြ၏။

သီလသမာဓိပညာသမ္ပဒါဟိ သမန္နာ ဂတတ္တာ ဟူသော အပိုဒ်ဖြင့်လဲ ဤသို့ ပြ၏။ အားထုတ်ဆဲ၌, စင်ကြယ်သော သီလ, သမာဓိ, ပညာ ဤသုံးပါးလုံးနှင့် ပြည့်စုံသောကြောင့် ဂတိမြဲသည်"ဟု တိုက်ရိုက်ပြ၏။ ထို့ပြင် "ဝိပဿနာအလုပ်ကို စွန့်လွှတ်လျက်၊ သီလ, သမာဓိ, ပညာတို့ ပျက်စီးနေခိုက်၌ကား ဂတိမြဲသည်"ဟု မဆိုအပ်ကြောင်းကိုလဲ ပြောင်းပြန်နည်းဖြင့် ပြ၏။ သို့ဖြစ်၍, ဤဝိသုဒ္ဓိနှင့် ပြည့်စုံသော သူသည် ဝိပဿနာ ရှုဆဲသော်လဲ ဖြစ်ရမည်၊ ဝိပဿနာရှုဆဲမဟုတ်ပါက, ဒိဋ္ဌိဝိစိကိစ္ဆာတို့ ကင်းမြဲပင် ကင်းကွာဆဲဖြစ်၍၊ အယုတ်ဆုံးအားဖြင့် သီလ စင်ကြယ်ဆဲသော်လဲ ဖြစ်ရမည်။ သို့ဖြစ်မှသာလျှင် 'ဂတိ မြဲသည်'ဟု ယုံကြည်စိတ်ချသင့်ပေသည်။ "ငါ စူဠသောတာပန်ဖြစ်ပြီ၊ ဂတိ မြဲပြီ"ဟု ထိုဉာဏ်မျှဖြင့် အားရကျေနပ်ပြီးလျှင်, ဝိပဿနာအလုပ်ကို စွန့်လွှတ်၍ သီလသိက္ခာမျှကိုပင် စင်ကြယ်စွာ မစောင့်ရှောက်ဘဲ ပေါ့လျော့စွာ နေခြင်းငှါကား မသင့်သည်သာတည်း။

## ဂတိမြဲရာ ဘဝ အပိုင်းအခြား

ဤစူဠသောတာပန်၏ဂတိသည် အစဉ်ထာဝရ ဘဝတိုင်း၌ မြဲသလော? သို့မဟုတ်....ဒုတိယ ဘဝ၌သာ မြဲသလော? ဟူငြားအံ့။ ဒုတိယဘဝ၌သာ "ဧကန်မြဲသည်"ဟု စိတ်ချရ၏။ တတိယဘဝစသည်၌ကား "ဧကန်မြဲသည်"ဟု စိတ်မချရသေးပေ။ အကြောင်းမူကား .... ပြခဲ့သော ဋီကာ၌ "ကင်္ခါဝိတရဏဝိသုဒ္ဓိ မဆုတ်ယုတ်ပါမှ ဂတိမြဲသည် ဟူ၍ငြင်း၊ လောကီ သီလ, သမာဓိ, ပညာတို့နှင့် ပြည့်စုံသောကြောင့် ဂတိမြဲသည် ဟူ၍ငြင်း" မိန့်ဆိုသော စကားတို့ဖြင့် "ယခု ဘဝ၌သော်လဲ သီလ, သမာဓိနှင့် ကင်္ခါဝိတရဏ ဉာဏ်ပညာတို့ပျက်စီး ချွတ်ယွင်းနိုင်သေးသည်ကိုငြင်း၊ ထိုအခါမှာ ဒုတိယဘဝ၌သော်လဲ ဂတိမြဲရန် အကြောင်းမရှိသည်ကိုငြင်း" ထင်ရှားဖေါ်ပြ၏။ ဒုတိယဘဝ စသည်၌ ထိုသီလ, သမာဓိ, ပညာတို့ ပျက်စီးနိုင်၍၊ တတိယဘဝ စသည်၌ ဧကန်ဂတိမြဲရန် အကြောင်းမရှိသည်မှာ ဆိုဘွယ်ပင်မရှိတော့ပြီ။ ဤမျှသာ မကသေး၊ ထောက်ထားဘွယ် အကြောင်း တပါးလဲ ရှိသေး၏။ ငါတို့၏ ဘုရားအလောင်းတော်သည် လွန်ခဲ့သော ကပ္ပါပေါင်း ၃–အသင်္ချေထက်က ပွင့်တော်မူသော ကောဏ္ဍည မြတ်စွာဘုရားမှ စ၍၊ ၉–ဆူသော ဘုရားရှင်တို့၏ထံတော်၌ ၉–ဘဝတိုင်တိုင် ရဟန်းပြုခဲ့ဘူးသည်–ဟု ဗုဒ္ဓဝင်ပါဠိ၌လာ၏။ မြတ်စွာဘုရားထံ၌ ရဟန်းပြုသော ဘုရားအလောင်းတော်ဟူသမျှသည် ဂတပစ္စာဂတ ဝတ်ကို ဖြည့်ကျင့်လျက် ဝိပဿနာကို ပွါးစေ၍ အနုလောမဉာဏ်တိုင်အောင် ဆိုက်ရောက်၍ တည်သည်ဟု မဇ္ဈိမပဏ္ဏာသ ဃဋီကာရသုတ်အဖွင့် အဋ္ဌကထာ စသည်တို့၌ မိန့်ဆို၏။ "သုမန မြတ်စွာဘုရား, ဝိပဿီ မြတ်စွာဘုရားတို့၏ လက်ထက်မှာ ငါတို့၏ ဘုရားအလောင်းတော်သည် နဂါးမင်းဖြစ်လျက် ဗျာဒိတ်ခံခဲ့သည်၊ ပဒုမ မြတ်စွာဘုရား၏ လက်ထက်မှာ ခြင်္သေ့မင်းဖြစ်လျက် ဗျာဒိတ်ခံခဲ့သည်"ဟု ဗုဒ္ဓဝင်ပါဠိ၌ လာ၏။ ဤကပ္ပါ၌ ဖြစ်သော ဇာတ်, နိပါတ်, ဝတ္ထု များစွာတို့၌ ဘုရား အလောင်းတော်သည် တိရစ္ဆာန်အဖြစ်သို့ ရောက်လျက်ရှိသည်ကို တွေ့ရ၏။ တေမိယဇာတ်တွင် ငရဲ၌ ဖြစ်ခဲ့သည်ကိုလဲ တွေ့ရ၏။ထို့ကြောင့်, ဤပါဠိအဋ္ဌကထာ စကားအလုံးစုံကို စပ်၍ကြည့်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိထက် လွန်ကဲမြင့်မြတ်လှစွာသော သင်္ခါရုပေက္ခာ ဉာဏ်သို့ ရောက်ပြီးသော ဘုရားအလောင်းတော်မြတ်သော်မှ သုဂတိ၌ ထာဝရမမြဲကြောင်း, အပါယဂတိမှ မလွတ်သေးကြောင်း, ကို ထင်ရှား သိရ၏။ ဘုရားအလောင်းတော်ကဲ့သို့ သဒ္ဓါ, ဝီရိယ စသည်လဲ မထက်သန် သင်္ခါရုပေက္ခာအောက်လဲ များစွာ အောက်တန်းကျလျက် ကင်္ခါဝိတရဏဉာဏ်မျှနှင့်သာ ပြည့်စုံသော သာမန်ပုဂ္ဂိုလ်အား အစဉ်ထာဝရ ဂတိမြဲခြင်းသည် အဘယ်မှာ ဖြစ်နိုင်ပါတော့အံ့နည်း?။ သို့ဖြစ်၍, အပါယ်ဘုံမှ အစဉ်ထာဝရ လွတ်ကင်း၍ ဂတိမြဲခြင်းကို လိုလားသော သူသည် သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ပယ်နိုင်ရန် ထက်သန်သောစိတ်ထားဖြင့် မနားမဆုတ် ဆက်လက်၍သာ အားထုတ်ရာ၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိမျှဖြင့် စိတ်ချလက်ချ အားရ၍ နေခြင်းငှါကား မသင့်သည်သာတည်း။

## သံယုတ် ပါဠိ ဩဝါဒ မိန့်ခွန်းတော်

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

သတ္တိယာ၊ လှံဖြင့်။ ဩမဋ္ဌော ဝိယ၊ ရင်ဝ လယ်နှိုက်, ထိုးစိုက် ခံရ, နာကျင်လှသော သူသည်၊ ထိုလှံကိုသာ, လျင်စွာ နှုတ်ရန်, ကြံဖန် မနေး, စိတ်မအေးဘဲ, အရေးတကြီး, သုတ်သီးသုတ်ပြာ, အားထုတ်ရာ သကဲ့သို့ငြင်း။ မတ္ထကေ၊ ဦးခေါင်း၌။ ဍယှမာနော ဣဝ၊ ရဲရဲ ပြောင်ပြောင်, မီးလောင်ခံရ, ပူလောင်လှသော သူသည်၊ ထိုမီးကိုသာ, လျင်စွာ ငြိမ်းရန်, ကြံဖန်မနေး, စိတ်မအေးဘဲ, အရေးတကြီး, သုတ်သီး သုတ်ပြာ, အားထုတ်ရာ သကဲ့သို့ငြင်း။ ဘိက္ခု၊ သံသရာဘေး, နောင်အရေးကို, ကြံတွေးမျှော်ထောက်, ရှုံ့ကြောက်လေ့ရှိသော သူသည်။ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ ထင်ရှားရှိသော နာမ်ရုပ်အပေါင်း အစဉ်မျှ၌ အတ္တအယောင်, ငါကောင် အနေအားဖြင့် ထင်မှားသော သက္ကာယဒိဋ္ဌိကို အရိယာမဂ်ဉာဏ်အလင်းဖြင့် အကြွင်းမဲ့ ပယ်ခြင်းငှါ။ သတော၊ အမှတ်ရမှု–မမေ့မှု–ဟူသောသတိနှင့် ပြည့်စုံသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ မရပ်မနား, လွတ်မြောက်အောင် ထွက်သွားရာ၏။ ဝါ၊ ခေါင်းက မီးလျှံ, ရင်ကလှံကို, ပယ်ရန်မအား, လျစ်လျူထား၍သော်လဲ, မနားမဆုတ်, အားပါးထုတ်၍, သုတ်သုတ် လျင်စွာ, ရှုမှတ်ရာတော့သတည်း။

**ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြီး၏၊**

## သမ္မသနဉာဏ်

အတီတာနာဂတပစ္စုပ္ပန္နာနံ ဓမ္မာနံ သံခိပိတွာ
ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။ (ပဋိသမ္ဘိဒါမဂ်–၁)

အတီတာနာဂတပစ္စုပ္ပန္နာနံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော။ ဓမ္မာနံ၊ နာမ်ရုပ်တရားတို့ကို။ သံခိပိတွာ၊ ချုံး၍။ ဝဝတ္ထာနေပညာ၊ ပိုင်းခြားဆုံးဖြတ်သော အသိပညာသည်။ သမ္မသနေ ဉာဏံ၊ သုံးသပ် ဆင်ခြင်သော ဉာဏ်မည်၏။

ပစ္စယပရိဂ္ဂဟဉာဏ် ခေါင်ထိပ်သို့ ရောက်လျှင် ပစ္စုပ္ပန်ကျသော မှတ်ချက်များ၌ မှတ်မိသော ရုပ်နာမ်၏ ဖြစ်မှုပျက်မှုတို့ကို ထင်ရှားတွေ့ရ၏၊ ဖြစ်ပေါ်ပြီးလျှင် တခဏ အတွင်းမှာပင် ကုန်ဆုံးသွားသည်ကို မျက်မှောက် တွေ့ရ၏။ ထို့ကြောင့်, မှတ်မိသော ရုပ်နာမ်တို့ကို "ဖြစ်ပေါ်ပြီးလျှင် ကုန်ကုန်သွားသောကြောင့်, မမြဲဟူ၍၎င်း၊ ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်သောကြောင့်, ဆင်းရဲဟူ၍၎င်း၊ အလိုအတိုင်း မဖြစ်သောကြောင့်, အတ္တကောင်=ငါကောင်မဟုတ် ဟူ၍၎င်း" သိမြင်သဘောကျ၏။ "မမြဲတာ မှန်ပါပေသည်၊ ဆင်းရဲတာ မကောင်းတာ မှန်ပါပေသည်၊ ငါကောင် မဟုတ်တာ, ငါကောင် မရှိတာ မှန်ပါပေသည်" ဟူ၍လဲ ဆင်ခြင်မိတတ်၏။ ဤသို့ တကြိမ်မျှ ဖြစ်စေ, အကြိမ်များစွာ ဖြစ်စေ, သဘောကျပြီးသော အခါ၌, မျက်မှောက် မြင်ပြီးသော ထိုနာမ်ရုပ်နှင့် နှိုင်းဆ၍၊ အလုံးစုံသော အတိတ် နာမ်ရုပ်, အနာဂတ်နာမ်ရုပ်, ပစ္စုပ္ပန်နာမ်ရုပ် တရားတို့ကိုလဲ "သည်လိုတရားမျိုးချည်းဘဲ၊ မမြဲတာချည်းဘဲ၊ ဆင်းရဲတာချည်းဘဲ, မကောင်းတာချည်းဘဲ၊ ငါကောင် မဟုတ်တဲ့ သဘောမျှ ချည်းဘဲ"ဟု တပေါင်းထည်း အကျဉ်းချုံး၍ ရှုဆင်ခြင်၏။ ဖြစ်ခိုက်နာမ်ရုပ်ကို အသီးအသီး သဘာဝလက္ခဏာအားဖြင့် အကျယ်ရှုမှတ်သလို မဟုတ်မူ၍ အတိတ်တရားအလုံးစုံ, အနာဂတ်တရားအလုံးစုံ, ပစ္စုပ္ပန်တရားအလုံးစုံတို့ကို တပေါင်းထည်း အကျဉ်းချုံးလျက် ဆင်ခြင် ဆုံးဖြတ်သော ဤဉာဏ်သည် သမ္မသနဉာဏ် မည်၏။ မှတ်သိမှု–ပစ္စက္ခဉာဏ်ကဲ့သို့ အသီး အသီး မရှုမူ၍၊ အပေါင်းလိုက်အားဖြင့် ရှုဆင်ခြင်သောကြောင့်၊ ဤဉာဏ်ကိုပင် ကလာပ သမ္မသနဉာဏ် ဟူ၍၎င်း, မျက်မှောက် မြင်ပြီးသော နာမ်ရုပ်မှ နည်းမှီး၍ ရှုဆင်ခြင်သောကြောင့် နယဝိပဿနာ ဟူ၍၎င်း, ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုလေသည်။ နယမနသိကာရ, နယ ဒဿန ဟူ၍လဲ ခေါ်အပ်သေး၏။ အောက်ပါ ကထာဝတ္ထုအဋ္ဌကထာဖြင့် သိပါလေ။

ဧကသင်္ခါရဿာပိ အနိစ္စဘာဝေ ဒိဋ္ဌေ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" တိ အဝသေသေသု နယတော မနသိကာရော ဟောတိ။

"သဗ္ဗေ သင်္ခါရာ အနိစ္စာ"တိ အာဒိဝစနံ နယတော ဒဿနံ သန္ဓာယဝုတ္တံ၊ န ဧကက္ခဏေ အာရမ္မဏတော။ (၂၅၁)

ဧကသင်္ခါရဿာပိ၊ တခုသောသင်္ခါရ၏သော်လဲ။အနိစ္စ တာယ၊ မမြဲသည်၏အဖြစ်=မမြဲခြင်းဟူသော အနိစ္စလက္ခဏာကို။ ဒိဋ္ဌေ၊ မှတ်သိမှု=ပစ္စက္ခဉာဏ်ဖြင့် မြင်အပ်ပြီးလတ်သော်။ "သဗ္ဗေ သင်္ခါရာ အနိစ္စာ"တိ၊ အလုံးစုံသောသင်္ခါရတို့ မမြဲကုန်ဟူ၍။ အဝသေသေသု၊ ကြွင်းသောသင်္ခါရတို့၌။ ဝါ၊ မျက်မှောက်မမြင်ရသော သင်္ခါရတို့၌။ နယတော မနသိကာရော၊ နည်းမှီးသောအားဖြင့် နှလုံးသွင်းခြင်းသည်။ ဟောတိ ဖြစ်၏။

"သဗ္ဗေ သင်္ခါရာ အနိစ္စာ"တိ အာဒိဝစနံ၊ "သဗ္ဗေ သင်္ခါ ရာအနိစ္စာ, ယဒါ ပညာယ ပဿတိ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ, ယဒါ ပညာယပဿတိ၊ သဗ္ဗေ ဓမ္မာ အနတ္တာ, ယဒါ ပညာယ ပဿတိ" ဤသို့ အစရှိသော စကားကို။ နယတော ဒဿနံ သန္ဓာယ၊ နည်းမှီးသောအားဖြင့် ရှုမြင်ခြင်းကိုရည်ရွယ်၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဧကက္ခဏေ၊ တကြိမ်ထည်းသော စိတ်ခဏ၌။ အာရမ္မဏတော ဒဿနံ သန္ဓာယ၊ မျက်မှောက် အာရုံပြုသဖြင့် ရှုမြင်ခြင်းကို ရည်ရွယ်၍။ န ဝုတ္တံ၊ ဟောအပ်သည်ကား မဟုတ်ပေ။

အထက်ပါ အဋ္ဌကထာဖြင့် ဤသို့သော အနက်ကို ထင်ရှားသိအပ်၏။ နယမနသိကာရ, နယဝိပဿနာ မည်သော သမ္မသနဉာဏ်သည် ကြောင့်ကြစိုက်၍ ရေးဦးစွာ ဖြစ်စေနိုင်ကောင်းသော ဉာဏ်မဟုတ်ပေ၊ ရှုမှတ်သော ပစ္စက္ခဉာဏ်ဖြင့် တကြိမ်မျှ ဖြစ်စေ, အကြိမ်များစွာဖြစ်စေ, အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့ကို ကောင်းစွာ သိမြင် သဘောကျပြီးမှ သာလျှင်၊ သဘောကျသည် အားလျော်စွာ ဆင်ခြင်ဆုံးဖြတ်လျက် အလိုလိုဖြစ်ပေါ်လာသော အသိဉာဏ်သာ ဖြစ်သည်ဟူသော ဤ အနက်ကို ထင်ရှားသိအပ်၏။

ဤသမ္မသနဉာဏ်သည် ပင်ကိုယ်ဉာဏ်ထက်သူနှင့် သုတများသူတို့မှာ ဆင်ခြင်မှုကိုအလေးပြုလျှင် ကျယ်ဝန်းစွာဖြစ်တတ်၏၊ ကျယ်ဝန်းစွာဖြစ်နေလျှင် ဆင်ခြင်မှုကသာများ၍၊ ရှုမှတ်မှုက နဲသောကြောင့်၊ အထက်ဉာဏ်များသို့ မတိုးတက်နိုင်ဘဲ ထိုဉာဏ်၌သာ အချိန်ကာလ ကြာမြင့်နေတတ်၏။ သတိပြုပါ။ ပုဂ္ဂိုလ်များစွာတို့၏ အလိုအားလျော်စွာ ဤဉာဏ်ဖြစ်ပုံကို ပဋိသမ္ဘိဒါ မဂ်၌ ကျယ်ဝန်းစွာ ဟောတော်မူ၏။ အချို့ အနည်းငယ်မျှကိုသာ ဤ၌ ထုတ်ပြပေအံ့။

ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ, အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ, ဩဠာရိကံ ဝါ သုခုမံ ဝါ, ဟီနံ ဝါ ပဏီတံ ဝါ, ယံ ဒူရေ သန္တိကေ ဝါ။ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ။ ဒုက္ခတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ။ အအနတ္တတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ။

(ပဋ္ဌမဝါရ ပါဠိ-၅၁)

အတီတာနာဂတပစ္စုပ္ပန္နံ၊ လွန်ပြီး အတိတ်ရုပ်ဖြစ်စေ, ဖြစ်လတ္တံ့ အနာဂတ်ရုပ်ဖြစ်စေ, ဖြစ်ဆဲ ပစ္စုပ္ပန်ရုပ်ဖြစ်စေ။ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ၊ ကိုယ်တွင်းရုပ်ဖြစ်စေ, ကိုယ်ပရုပ်ဖြစ်စေ။ ဩဠာရိကံ ဝါ သုခုမံ ဝါ၊ ကြီးကျယ် ကြမ်းတန်းသောရုပ်ဖြစ်စေ, သေးငယ် သိမ်မွေ့သောရုပ်ဖြစ်စေ။ ဟီနံ ဝါ ပဏီတံ ဝါ၊ ဆိုးဝါး ယုတ်ညံ့သောရုပ် ဖြစ်စေ, ကောင်းမွန်မြင့်မြတ်သော ရုပ်ဖြစ်စေ။ ယံ ဒူရေ သန္တိကေ ဝါ၊ ဝေးသောရုပ်ဖြစ်စေ, နီးသောရုပ်ဖြစ်စေ။ ယံ ကိဉ္စိ ရူပံ၊ အမှတ်မရှိ အလုံးစုံသော ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ ရူပံ၊ ထိုအလုံးစုံသော ရုပ်ကို။ အနိစ္စတော ဝဝတ္ထပေတိ၊ မမြဲဟု ပိုင်းခြားဆုံးဖြတ်၏။ ဧကံ သမ္မသနံ၊ သုံးသပ်ဆင်ခြင်မှု ဉာဏ်တခုပေတည်း။ တံ သဗ္ဗံ ရူပံ၊ ထိုအလုံးစုံသော ရုပ်ကို။ ဒုက္ခတော ဝဝတ္ထပေတိ၊ ဆင်းရဲ-ဟု ပိုင်းခြားဆုံးဖြတ်၏။ ဧကံ သမ္မသနံ၊ သုံးသပ်ဆင်ခြင်မှု ဉာဏ်တခုပေတည်း။ တံ သဗ္ဗံ ရူပံ၊ ထိုအလုံးစုံသောရုပ်ကို။ အနတ္တတော ဝဝတ္ထပေတိ၊ ငါကောင် မဟုတ်ဟု ပိုင်းခြားဆုံးဖြတ်၏။ ဧကံ သမ္မသနံ၊ သုံးသပ်ဆင်ခြင်မှု ဉာဏ်တခုပေတည်း။

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အ.သာရကဋ္ဌေနာ တိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ။ (ဒုတိယ ဝါရ-၅၁)

အတီတာနာဂတပစ္စုပ္ပန္နံ၊ လွန်ပြီးရုပ်, ဖြစ်လတ္တံ့ရုပ်, ဖြစ်ဆဲရုပ်သည်။ ခယဋ္ဌေန၊ ကုန်ဆုံးသွားသော အနက်သဘော ကြောင့်။ အနိစ္စန္တိ၊ မမြဲ-ဟူ၍ငှင်း။ ဘယဋ္ဌေန၊ ကြောက်ဖွယ်ကောင်းသော အနက်သဘောကြောင့်။ ဒုက္ခန္တိ၊ ဆင်းရဲ-ဟူ၍ငှင်း။ အ.သာရကဋ္ဌေန၊ ငါကောင်ဟု ဆိုဘွယ်ရာ အနှစ်မပါသော အနက်သဘောကြောင့်။ အနတ္တာ တိ၊ ငါကောင်မဟုတ်, ငါကောင် မရှိ-ဟူ၍ငှင်း။ သံခိပိတွာ ဝဝတ္ထာနေပညာ၊ အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သော အသိပညာသည်။ သမ္မသနေ ဉာဏံ၊ သမ္မသနဉာဏ် မည်၏။

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယ ဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မန္တိ သံခိပိတွာ ဝဝတ္ထာနေ ပညာသမ္မသနေ ဉာဏံ။ (တတိယ ဝါရ-၅၂)

အတီတာနာဂတပစ္စုပ္ပန္နံ၊ လွန်ပြီးရုပ်, ဖြစ်လတ္တံ့ ရုပ်, ဖြစ်ဆဲရုပ်သည်။ အနိစ္စံ၊မမြဲ။ သင်္ခတံ၊ ဆိုင်ရာ အကြောင်းတို့က ညီညွတ်၍ ပြုအပ်သော တရားတည်း။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းကို မှီ၍ ဖြစ်သော တရားတည်း။ ခယဓမ္မံ၊ ကုန်ဆုံးသွားခြင်း သဘောရှိ၏။ ဝယဓမ္မံ၊ ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မံ၊ ပျောက်ပြယ်ခြင်း သဘောရှိ၏။ နိရောဓဓမ္မံ၊ ချုပ်ကွယ်ခြင်း သဘောရှိ၏။ ဣတိ၊ ဤသို့။ သံခိပိတွာ၊ ဝဝတ္ထာနေ ပညာ၊ အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သော အသိပညာသည်။သမ္မသနေ ဉာဏံ၊ သမ္မသနဉာဏ် မည်၏။

နာမ်ခန္ဓာ ၄-ပါးနှင့်၊ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး-စသည်တို့၌လဲ နည်းတူပင် ၃-ဝါရစီ ဟောတော်မူ၏။ ကျယ်လွန်းမည်ကြောင့်၊ ထို ဝါရများကို ဤကျမ်း၌မပြပြီ၊ ဉာဏ်ဖြစ်ပုံကိုသာ ပြပေအံ့။

ပစ္စုပ္ပန်ကျအောင် မှတ်နိုင်သောအခါ၌ ဖေါင်းရုပ်ပိန်ရုပ် ထိုင်ရုပ်ကွေးရုပ် ဆန့်ရုပ်လှုပ်ရှားရုပ်စသည်တို့ကို "ဖျတ်ကနဲ ဖျတ်ကနဲပေါ်၍ ကုန်ဆုံးကုန်ဆုံး သွားကြသည်"ဟု ထင်ရှားသိရ၏။ ထို့ကြောင့်, မှတ်သိရတဲ့ ထိုရုပ်များကို 'မမြဲတာချည်းဘဲ' ဟု သဘောကျ၏၊ ထိုအခါ၌ "ရှေးဘဝက ရုပ်ဟူသမျှလဲ ယခု မှတ်သိရတဲ့ ရုပ်များနှင့် အတူတူဘဲ၊ ဤရုပ်များလိုပင် ကုန်ဆုံး သွားခဲ့တာချည်းဘဲ၊ ယခုဘဝသို့ တစုံတခုမျှ မရောက်လာနိုင်၊ ဖြစ်ပေါ်ရာဌာန ထိုရှေးဘဝ၌သာလျှင် ကုန်ဆုံးခဲ့သောကြောင့် မမြဲတာ ချည်းဘဲ"ဟု ပိုင်းခြားဆုံးဖြတ်၏၊ ဤသည်လည်း သမ္မသနဉာဏ် တခုပင်တည်း။ ထို့ပြင်, "ရှေးကာလက ရုပ် ဟူသမျှလဲ ယခု မှတ်သိရတဲ့ ရုပ်များလိုပင် ကုန်ဆုံး သွားခဲ့တာချည်းဘဲ၊ ယခု မှတ်ဆဲ ခဏတိုင်အောင် တစုံတခုသော ရုပ်မျှ မတည်တံ့နိုင်၊ သူတို့၏ ဖြစ်ပေါ်ရာ ခဏ၌သာလျှင် ကုန်ဆုံးသွားခဲ့သောကြောင့် မမြဲတာချည်းဘဲ"ဟု ပိုင်းခြား ဆုံးဖြတ်၏၊ သမ္မသနဉာဏ် တခုပင်တည်း။

ထို့ပြင်, "နောင်ဘဝ၌ ဖြစ်ပေါ်မည့် ရုပ် ဟူသမျှလဲ ယခု မှတ်သိရတဲ့ ရုပ်များနှင့် အတူတူဘဲ၊ ဤရုပ်များလိုပင် တခဏချင်း ကုန်ဆုံးသွားမှာ ချည်းဘဲ၊ တခြားဘဝသို့ တစုံတခုမျှ ရောက်နိုင်မည်မဟုတ်၊ ဖြစ်ပေါ်ရာဌာန ထိုဘဝမှာပင် ကုန်ဆုံးသွားမည် ဖြစ်သောကြောင့် မမြဲတာချည်းဘဲ"ဟု ပိုင်းခြား ဆုံးဖြတ်၏၊ သမ္မသနဉာဏ် တခုပင်တည်း။ ထို့ပြင်, "နောက်ကာလ၌ ဖြစ်မည့် ရုပ် ဟူသမျှလဲ ယခု မှတ်သိရတဲ့ ရုပ်များလိုပင် ကုန်ဆုံး သွားမှာချည်းဘဲ၊ တခြားတပါးသော ခဏ

တိုင်အောင် တစုံတခုသောရုပ်မျှ တည်တံ့နိုင်မည်မဟုတ်၊ သူတို့၏ဖြစ်ပေါ်ရာ ခဏ၌သာလျှင် ကုန်ဆုံးသွားကြမည် ဖြစ်သော ကြောင့် မမြဲတာ ချည်းဘဲ"ဟု ပိုင်းခြား ဆုံးဖြတ်၏၊ သမ္မသနဉာဏ်တခုပင်တည်း။

ထို့ပြင်, "ယခု ဘဝရှိ ရုပ် ဟူသမျှလဲ နောင်ဘဝသို့ တစုံတခုမျှ ရွှေ့ပြောင်း သွားရောက်နိုင်မည် မဟုတ်၊ ယခု မှတ်သိရတဲ့ ရုပ်များလိုပင် ယခု ဘဝတွင်သာ ကုန်ဆုံး သွားမည် ဖြစ်သောကြောင့် မမြဲတာချည်းဘဲ"ဟု ပိုင်းခြား ဆုံးဖြတ်၏၊ သမ္မသနဉာဏ် တခုပင်တည်း။

ထွက်သက် ရှူစဉ်, ဆေးလိပ် သောက်စဉ်, တံတွေး ထွေးစဉ်, ကျင်ကြီး ကျင်ငယ် စွန့်စဉ်, စသည်၌ ရှုမှတ်၍ "ထိုထို ခဏမှာပင် ကုန်ဆုံးသွားသည်"ဟု သဘောကျသောအခါ "အတွင်းက ရုပ်ဟူသမျှသည် အပြင်သို့ မရောက်မူ၍ အတွင်းမှာပင် ကုန်ဆုံး သွားသောကြောင့် မမြဲ"ဟု ပိုင်းခြား ဆုံးဖြတ်၏၊ ဉာဏ်တခုပင်တည်း။

ဝင်သက် ရှူစဉ်, ဆေးလိပ် သောက်စဉ်, စားသောက်စဉ်, တံတွေးမျိုစဉ်, စသည်၌ ရှုမှတ်၍ "ထိုထို ခဏမှာပင် ကုန်ဆုံးသွားသည်"ဟု သဘောကျသောအခါ "အပြင်က ရုပ်ဟူသမျှသည် အတွင်းသို့မရောက်မူ၍ အပြင်မှာပင် ကုန်ဆုံးသွား သောကြောင့် မမြဲ"ဟု ပိုင်းခြားဆုံးဖြတ်၏၊ ဉာဏ် တခုပင်တည်း။

ကြီးကျယ်ထင်ရှားသော အဆင်း အသံ အနံ့ အရသာ အတွေ့တို့က တဖြေးဖြေး သေးငယ် သိမ်မွေ့ သွားရာ၌ ရှုမှတ် ၍ "ထိုထိုခဏမှာပင် ကုန်ဆုံး ကုန်ဆုံးသွားသည်"ဟု သဘောကျသောအခါ "ကြီးကျယ် ကြမ်းတန်းတဲ့ ရုပ် ဟူသမျှသည် သေးငယ် သိမ်မွေ့တဲ့ရုပ်အဖြစ်သို့ မရောက်မူ၍ ဖြစ်ခိုက်ဖြစ်ခိုက်မှာပင် ကုန်ဆုံးသွားသောကြောင့်မမြဲ"ဟု ပိုင်းခြားဆုံးဖြတ် ၏၊ ဉာဏ် တခုပင်တည်း။

သေးငယ် သိမ်မွေ့သော အဆင်း အသံ အနံ့ အရသာ အတွေ့တို့က တဖြေးဖြေး ကြီးမား ထင်ရှားလာရာ၌ ရှုမှတ်၍ "ထိုထိုခဏမှာပင် ကုန်ဆုံးကုန်ဆုံး သွားသည်"ဟု သဘောကျသောအခါ "သေးငယ် သိမ်မွေ့တဲ့ ရုပ် ဟူသမျှသည် ကြီးကျယ် ကြမ်းတန်းတဲ့ရုပ်အဖြစ်သို့ မရောက်မူ၍ ဖြစ်ခိုက် ဖြစ်ခိုက်မှာပင် ကုန်ဆုံးသွားသောကြောင့်မမြဲ"ဟု ပိုင်းခြားဆုံးဖြတ်၏၊ဉာဏ် တခုပင်တည်း။

မကျန်းမမာ လေးလံထိုင်းမှိုင်းရာမှ ကျန်းမာပေါ့ပါး ကြည်လင်သွားသောအခါ စသည်၌ ရှုမှတ်မိ၍ "ထိုထို ခဏမှာ ပင် ကုန်ဆုံးသွားသည်"ဟု သဘောကျလျှင်၊ "ဆိုးဝါး ယုတ်ညံ့တဲ့ ရုပ် ဟူသမျှသည် ကောင်းမွန် မြင့်မြတ်တဲ့ ရုပ် အဖြစ်သို့ မရောက်မူ၍ ဆိုးဝါးယုတ်ညံ့ဆဲမှာပင် ကုန်ဆုံးသွားသောကြောင့် မမြဲ"ဟု ပိုင်းခြား ဆုံးဖြတ်၏၊ ဉာဏ် တခုပင်တည်း။

ကျန်းမာပေါ့ပါး ကြည်လင်နေရာမှ မကျန်းမာ မကြည်လင် လေးလံ ထိုင်းမှိုင်း သွားသောအခါ စသည်၌ ရှုမှတ်မိ၍ "ထိုထို ခဏမှာပင် ကုန်ဆုံးသွားသည်"ဟု သဘောကျလျှင်၊ "ရုပ်ကောင်း ရုပ်သန့် ဟူသမျှသည် ရုပ်ဆိုး ရုပ်ညံ့ အဖြစ်သို့ မရောက်မူ၍ ကောင်းမွန်ဆဲမှာပင် ကုန်ဆုံးသွားသောကြောင့် မမြဲ"ဟု ပိုင်းခြား ဆုံးဖြတ်၏၊ ဉာဏ် တခုပင်တည်း။

ဆန့်သော လက်ခြေတို့ကို ကွေးစဉ် စသည်၌ ရှုမှတ်မိ၍ "တရွေ့မှ တရွေ့သို့ မရောက်ဘဲ ကုန်ကုန် သွားသည်"ဟု သိရသောအခါ၌ "အဝေးက ရုပ်ဟူသမျှသည် အနီးသို့ မရောက်လာ မရွေ့လာဘဲ, အဝေးမှာပင် ကုန်ဆုံးသွားသောကြောင့် မမြဲ"ဟု ပိုင်းခြားဆုံးဖြတ်၏၊ ဉာဏ် တခုပင်တည်း။

ကွေးသော လက် ခြေတို့ကို ဆန့်စဉ် စသည်၌ ရှုမှတ်မိ၍ "တရွေ့မှ တရွေ့သို့ မရောက်ဘဲ ကုန် ကုန်သွားသည်"ဟု သိရသောအခါ၌ "အနီးက ရုပ်ဟူသမျှသည် အဝေးသို့မရောက်ဘဲ, ရွေ့မသွားဘဲ, အနီးမှာပင် ကုန်ဆုံး သွားသောကြောင့်မမြဲ" ဟု ပိုင်းခြားဆုံးဖြတ်၏၊ ဉာဏ် တခုပင်တည်း။ အနိစ္စ သမ္မသန ပြီး၏။

> (မှာထားချက်) ဤအရာ၌၊ ဩဠာရိက သုခုမ ရုပ် အစစ်တို့၌၎င်း, လက္ခဏာ အလိုအားဖြင့် ဒူရသန္တိက ရုပ်တို့၌၎င်း, သမ္မသနဉာဏ် ဖြစ်ပုံကို အသိခက်မည်ကြောင့် ခြွင်းချန်လိုက်ပေ သည်။

## ဒုက္ခ သမ္မသန

ပျို့ယွယ် ကျန်းမာစဉ်၌၊ ပျို့ယွယ် ကျန်းမာသော သူတို့နှင့်သာ တွေ့ဆုံလျက် ပျော်ရွှင်စွာ နေထိုင်ရသော သူသည် မိမိ၏ရုပ်နာမ်များကို 'ကြောက်စရာကောင်းသည်'ဟု ထင်မြင်နိုင်ခဲ၏။ သို့သော်လဲ၊ ကြီးရင့်အိုမင်းသော သူသည် ပလိပ်ရောဂါ ဝမ်းရောဂါ ကျောက်ရောဂါစသည်ကြောင့် လူအများ သေကြေပျက်စီးသည်ကို မကြာခဏတွေ့မြင်ရသည့်ပြင်၊ မိမိကိုယ်တိုင် လဲ နေမကောင်း ထိုင်မသာ ဖြစ်ပါမူကား၊ 'ငါလဲ သူများလိုပင် သေရတော့မည် ထင်ပါရဲ့'ဟု တွေးတောပြီးလျှင်၊ နာတတ် သေတတ်သော မိမိ၏ ရုပ်နာမ်များကို 'ကြောက်စရာကောင်းသည်'ဟု လွယ်ကူစွာပင် ထင်မြင်တတ်၏။ ဤဥပမာ အတူပင်၊ ရုပ်နာမ်တို့၏ မပြတ်ဖြစ်ပျက်ပုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် မတွေ့ရသေးလျှင်၊ ထိုရုပ်နာမ်တို့ကို 'ကြောက်စရာကောင်းသည်' ဟု ထင်မြင်နိုင်ခဲ၏။ သို့သော်လဲ ဖြစ်ပျက်ဆဲရုပ်နာမ်တို့ကို မပြတ်ရှုမှတ်၍၊ မျက်စိတမှိတ်ခန့်မျှပင် မတည်တံ့ဘဲ မပြတ်ဖြစ်ပျက် နေသည်ကို မျက်မှောက် တွေ့ရသောအခါ၌ကား ထိုရုပ်နာမ်များကို "ဖြစ်ချည် ပျက်ချည်နဲ့ မတည်မမြဲ တသေထဲ သေနေသော ကြောင့် ကြောက်စရာကောင်းသည်၊ ဖြစ်ချည် ပျက်ချည်နဲ့ မပြတ် နှိပ်စက်နေသောကြောင့်လဲ ကြောက်စရာကောင်းသည်၊ ရွံမုန်းစရာကောင်းသည်၊ မကောင်းတာချည်းဘဲ၊ ဆင်းရဲတွေချည်းဘဲ"ဟု လွယ်ကူစွာပင် သိမြင်သဘောကျနိုင်ပေ၏။ ရုပ်နာမ် ဟောင်းများ ကုန်ပျက်သွားတိုင်း ရုပ်နာမ်အသစ် မဖြစ်ပေါ်လာပါက၊ သေမည့် အချိန်ချည်းသာ ဖြစ်၍၊ မသေနိုင်သေးဘူး စိတ်ချရတဲ့ အချိန်ကာလ မရှိသောကြောင့်လဲ 'ကြောက်စရာ ကောင်းသည်' ဟု သိမြင် သဘောကျနိုင်ပေ၏။ မခံသာသော ဝေဒနာအမျိုးမျိုးကို ထင်ရှား တွေ့ရသဖြင့်လဲ ဆင်းရဲ အစုအဝေးမျှ ဟု သဘောကျနိုင်ပေ၏။

ထို့ကြောင့် ဖေါင်းရုပ် ပိန်ရုပ် ထိုင်ရုပ်ကွေးရုပ် ဆန့်ရုပ် လှုပ်ရုပ် စသည်တို့ကို "မှတ်ခိုက် မှတ်ခိုက်မှာပင် လျင်စွာ ကုန်ပျက် ကုန်ပျက်သွားသည်" ဟု မျက်မှောက်တွေ့ရသော ယောဂီသည် ထိုရုပ်များကို "ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်ခြင်း ကြောင့် ကြောက်စရာကောင်းသည်၊ တပျက်ထဲပျက်, တသေထဲသေနေသောကြောင့်လဲ ကြောက်စရာကောင်းသည်၊ မခံသာမှု တို့၏တည်ရာ ဖြစ်သောကြောင့်လဲ ကြောက်စရာကောင်းသည်၊ မကောင်းတာချည်းဘဲ၊ ဆင်းရဲတွေချည်းဘဲ" ဟူ၍ သိမြင် သဘောကျ၏။ ဤသို့ မျက်မှောက် သိမြင်ပြီးသော အခါ၌၊ အတိတ်ရုပ် အနာဂတ်ရုပ် စသည်တို့ကိုလဲ "ဤ ရုပ်လိုပင် မပြတ် နှိပ်စက်ခြင်း, တသေထဲ သေနေခြင်းကြောင့် ကြောက်စရာချည်းဘဲ၊ မကောင်းတာချည်းဘဲ၊ ဆင်းရဲတွေချည်းဘဲ" ဟူ၍ ပိုင်းခြား ဆုံးဖြတ်၏။ အကျယ်ကို အနိစ္စသမ္မသနမှာ ကဲ့သို့ သိပါလေ။ ဒုက္ခသမ္မသနပြီး၏။

## အနတ္တ သမ္မသန

အတ္တဟု စွဲလမ်းပုံ .......... ရုပ်နာမ်တို့၏သဘောမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မသိရသေးသော ဗာလပုထုဇဉ်တို့သည် ခန္ဓာကိုယ် ထဲ၌ "အတ္တကောင် တကယ်ပင် ရှိနေသည်" ဟု ထင်မှတ် စွဲလမ်းကုန်၏။ ထို့ကြောင့်, လောကီ ကျမ်းဆရာတို့က ထိုအတ္တ၏ သရုပ် သတ္တိကိုအမျိုးမျိုး ပြဆိုကုန်၏။ ထိုတွင် ဝိသေသိက ဒဿန, နျာယဒဿန ကျမ်းဆရာတို့က "အတ္တ ဟူသည်မှာ သာမိပင်" ဟူ၍ ဆိုကုန်၏။ နား အရေ မျက်စိ လျှာ နှာခေါင်း ဟူသော ဗုဒ္ဓိန္ဒြေ ငါးပါး, ခံတွင်း လက် ခြေ အင်္ဂါဇာတ် ဝစ္စမဂ် ဟူသော ကမ္မိန္ဒြေ ငါးပါး, စိတ်ဟူသော ဥဘယိန္ဒြေတပါး, ဤသို့ အစရှိသောကိုယ်၏ အစိတ်အပိုင်း ဟူသမျှကိုင်၊ ကိုယ် ကောင်ကြီး တခုလုံးကိုင်၊ အစိုးရသူ ခန္ဓာအိမ်၏ အရှင်သည် အတ္တကောင်ပင် ဟူ၍ ဆိုလို၏။ ဤသို့သော အတ္တစွဲ ကိုပင် ပယ်ဖျောက်ခြင်းငှါ၊ "ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ န ယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေဧဝံ မေ ရူပံ ဟောတု, ဧဝံမေ ရူပံ မာ အဟောသီတိ" ဤသို့အစရှိသော အနတ္တလက္ခဏာသုတ်ကို ဟောတော်မူ ပေသည်။

မီမံသာ ကျမ်းဆရာတို့က "အတ္တ ဟူသည်မှာ ကာရက ပင်" ဟူ၍ဆိုကုန်၏။ ဓား လွှ စသော ကရိဏ်းဖြင့် ဖြတ်ခြင်း ခွဲခြင်းစသော အမှု=ကြိယာကို ပုဂ္ဂိုလ် ကတ္တားက ပြီးစေသကဲ့သို့၊ မျက်စိ နားစသော ကရိဏ်း၊ ခြေ လက်စသော ကရိဏ်း တို့ဖြင့်, မြင်ခြင်း ကြားခြင်း စသော အမှု=ကြိယာ၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ကွေးခြင်း ဆန့်ခြင်း စသော အမှု= ကြိယာတို့ကို အတ္တကောင် ကတ္တားကပြီးစေသည်၊ ကိုယ် နှုတ် စိတ် အမှုအရာ ဟူသမျှကို ပြုတတ်ပြီး စေတတ်သောသူသည် အတ္တကောင်ပင်ဟူ၍ ဆိုလို၏။ ဤကာရကအတ္တကို ပယ်မြစ်ခြင်းငှါ၊ ဋီကာကျော်၌ "တထာနိဒဿနံ ပန ဓမ္မသဘာဝ ဝိနိမုတ္တဿ ကတ္တာဒိနော အဘာဝဒီပနတ္ထံ့ ဝေဒိတဗ္ဗံ" ဟုမိန့်ဆိုလေသည်။ သမ္ဗဇ္ဈပဗ္ဗအဖွင့် အဋ္ဌကထာတို့၌လဲ၊ "ယထာ အန္ဓဗာလ ပုထုဇ္ဇနာ အဘိက္ကမာဒီသု အတ္တာ အဘိက္ကမတိ, အတ္တနာ အဘိက္ကမော နိဗ္ဗတ္တိတောတိဝါ, အဟံ အဘိက္ကမာမိ, မယာ အဘိက္က မော နိဗ္ဗတ္တိတော တိ ဝါ, သမ္မုယှန္တိ တထာ အသမ္မုယှန္တော" ဟူ၍ငှင်း၊ "အဗ္ဘန္တရေ အတ္တာ နာမ အာလောကေတာ ဝါဝိလောကေ တာဝါ နတ္ထိ" ဟူ၍ငှင်း၊ "အဗ္ဘန္တရေ အတ္တာ နာမ ကောဝိ သမိဉ္ဇန္တော ဝါ ပသာရေန္တော ဝါ နတ္ထိ" ဟူ၍ငှင်း၊ မိန့်ဆိုလေ သည်။

မိမံသာ, သချ်ာ ကျမ်းဆရာတို့က "အတ္တ ဟူသည်မှာ ဝေဒက=အကောင်း အဆိုးကို ခံစားတတ်သူပင်" ဟူ၍ ဆိုကုန်၏။ ဝေဒနာကိုပင် အတ္တကောင်ဟု ဆိုရာရောက်၏။ ဤဝေဒက အတ္တကို ပယ်မြစ်ခြင်းငှါ၊ သတိပဋ္ဌာနသုတ် အဋ္ဌကထာတို့၌ "ကော ဝေဒယတိတိ၊ နကောစိ သတ္တော ဝါ ပုဂ္ဂလော ဝါဝေဒယတိ။ ပေ။ တသ္မာသေ ဧဝံပဇာနာတိ တံတံ သုခါဒီနံ ဝတ္ထုံ အာရမ္မဏံ ကတွာဝေဒနာဝ ဝေဒယတိ၊ တံပန ဝေဒနာပဝတ္တိံ ဥပါဒါယ အဟံ ဝေဒယာမီတိဝေါဟာရမတ္တံ ဟောတီတိ" ဟူ၍ မိန့်ဆိုလေသည်။ ၎င်း၏ ဋီကာ၌လဲ "ဓမ္မဝိနိမုတ္တဿ အညဿ ကတ္တု အဘာဝတော ဓမ္မဿေဝကတ္တုဘာဝံ ဒဿေန္တော ..... ဝေဒနာဝ ဝေဒယတီတိ အာဟ" ဟု မိန့်ဆိုလေသည်။ ဤဋီကာဖြင့် ကာရက အတ္တကိုလဲ ပယ်မြစ်၏။

ထိုလောကီကျမ်းဆရာ အားလုံးတို့က "အတ္တ ဟူသည်မှာ နိဝါသီ=ခန္ဓာအိမ် ပျက်စီးသွားသော်လဲ, သူက မပျက်ဘဲ အမြဲတမ်းတည်ရှိနေသူ ဟူ၍၎င်း၊ သယံဝသီ=မိမိက သူတပါး၏ အလိုသို့မလိုက်ဘဲ, ဣန္ဒြေစသော အစိတ်အပိုင်းတို့နှင့်တကွ တကိုယ်လုံးကို မိမိအလိုအတိုင်း ပြီးစေနိုင်သူဟူ၍၎င်း၊ အဓိဋ္ဌာယက=ခန္ဓာအိမ်၏အကြီးအကဲဖြစ်၍ အရာရာကို စီမံခန့်ခွဲတတ်သူ ဟူ၍၎င်း" ဆိုကုန်၏။ ဤ နိဝါသီ အတ္တစသည်ကိုလဲ ပယ်မြစ်ခြင်းငှါ ဆဆက္ကသုတ်, အနတ္တလက္ခဏာသုတ်, စသည်တို့ကို ဟောတော်မူပေသည်။

အတ္တကောင်ဟု ဤ စွဲလမ်းမှုများသည်၊ ရံခါမှာ ခန္ဓာ တပါးပါးအပေါ်၌ ကျရောက်၏။ ရံခါမှာ ခန္ဓာ ၂-ပါး၊ ၃-ပါး၊ ၄-ပါးအပေါ်၌ ကျရောက်၏။ ရံခါမှာ ခန္ဓာငါးပါးလုံးအပေါ်၌ ကျရောက်၏။ မြတ်စွာဘုရား၏လက်ထက်တော်က ထင်ပေါ်ကျော်စောသော သစ္စကပရိဗိုဇ် ကြီးသည်ကား ခန္ဓာငါးပါးလုံးကိုပင် အတ္တကောင်ဟု စွဲလမ်း၏။ ထို့ကြောင့်, သူသည် မြတ်စွာဘုရား၏ထံတော်၌ "အဟံ ဟိဘော ဂေါတမ ဧဝံ ဝဒါမိ,ရူပံ မေ အတ္တာ, ဝေဒနာ မေ အတ္တာ, သညာ မေအတ္တာ, သင်္ခါရာ မေ အတ္တာ, ဝိညာဏံမေအတ္တာ, တိ" ဟုဝန်ခံလေ၏။ ခန္ဓာ ငါးပါးမှ အလွတ် ဖြစ်သော ကသိဏ်းရုပ်စသော ပညတ်သက်သက်ကိုလဲ အတ္တ ဟုစွဲလမ်းမှုရှိသေး၏။ သို့သော်လဲ, ထိုစွဲလမ်းမှုကိုလဲ 'ခန္ဓာငါးပါးအပေါ်၌ပင် ကျရောက်သည်' ဟုမှတ်အပ်၏။ လောကီကျမ်းဆရာတို့ ပညတ်အပ်သော အတ္တကောင်၏ ပုံသဏ္ဍာန်ကိုလဲသိလိုလျှင်၊ အဘယာရာမဆရာတော်၏ အဘိဓာန်နိသျသစ်မှာ ကြည့်ရှုပါလေ။

မြန်မာတို့ကလဲ "ငါကောင်ကပင် မြင်သည်၊ ကြားသည်၊ ဤသို့ စသည်ဖြင့်၎င်း၊ ငါကောင်ကပင် သွားသည်၊ ရပ်သည်၊ ထိုင်သည်၊ အိပ်သည်၊ ကွေးသည်၊ ဆန့်သည်၊ ပြောဆိုသည်၊ ဤသို့ စသည်ဖြင့်၎င်း၊ ငါကောင်ကပင် ဆင်းရဲချမ်းသာကို ခံစားသည်၊ ဤသို့ စသည်ဖြင့်၎င်း၊ အလိုရှိတိုင်း မြင်နိုင်ခဲ့သည်၊ သွားနိုင်သည်၊ ဤသို့ စသည်ဖြင့်၎င်း" ထင်မှတ်စွဲလမ်းကြ၏။ မပျက် မစီးဘဲ အမြဲ တည်တံ့သော အသက်လိပ်ပြာကောင် ဝိညာဏ်ကောင် ငါကောင် တကယ်ပင် ရှိနေသည် ဟူ၍လဲ ထင်မှတ်ကြ၏။ ထို့ကြောင့်, မြန်မာတို့မှာလဲ လောကီကျမ်းဆရာတို့ ဆိုသည့်အတိုင်းပင် ထိုက်သည်အားလျော်စွာ အတ္တဟု စွဲလမ်းမှု ရှိသည်သာတည်း။ ထို့ကြောင့်ပင်, "မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ် အစဉ်မျှသာရှိသည်၊ အလိုအတိုင်း ပြီးစေနိုင်သော ထိုသို့သော ငါကောင်ကား မရှိဘူး" ဟူ၍ သုတမယဉာဏ်ဖြင့် အဖန်ဖန်ဆင်ခြင်ကာ ဖြေဖျောက်ပါသော်လဲ, ထိုသို့သော ထင်မှတ် စွဲလမ်းမှုကို လုံးဝ ကင်းပျောက်စေရန်ကား မစွမ်းနိုင်ဘဲ ရှိကြလေသည်။

အနတ္တ ထင်ပုံ ........ ပေါ်လာတိုင်းသော ရုပ်နာမ် အမူအရာတို့ကို ရှုမှတ်၍၊ ခဏမစဲ ဖြစ် ပျက်လျက် ရှိသော ရုပ်နာမ်မျှကိုသာ မျက်မှောက်တွေ့ရသော ယောဂီသည်ကား "ငါကောင် ဟုခေါ်စရာ အလိုအတိုင်းပြီးစေနိုင်တဲ့ အနှစ်အသားကို" မတွေ့ရသောကြောင့်, "ငါကောင်ကားမရှိ၊ မပြတ် ဖြစ်ပျက်နေသော ရုပ်နာမ် ၂ မျိုးမျှသာ ရှိသည်၊ ငါကောင်ကား မဟုတ်၊ မပြတ် ဖြစ်ပျက်နေသော ရုပ်နာမ် ၂ မျိုးမျှသာ ဟုတ်သည်"ဟု ကောင်းစွာ ဆုံးဖြတ်နိုင်ပေ၏။ ထို့ကြောင့်, အကြောင်းအားလျော်စွာ ဖျတ်ကနဲ ဖျတ်ကနဲ ဖြစ်ပေါ်၍ ကုန်ပျက် ကုန်ပျက် သွားသော ဖေါင်းရုပ် ပိန်ရုပ် ထိုင်ရုပ် ကွေးရုပ် ဆန့်ရုပ် လှုပ်ရှားရုပ် စသည်တို့ကို ထင်ရှားစွာ တွေ့ရသောအခါ၌ ဤသို့သဘောကျတတ်၏။ ပုံကား ..... ဤရုပ်များက၊ မဖြစ်စေလိုသော်လဲ မနေကြ၊ အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်လာတာချည်းဘဲ။ မပျက်စေလိုသော်လဲမရ၊ သူ့အချိန်ကျလျှင် ပျက်သွားတာချည်းဘဲ။ သည်လို ဖြစ်ပျက်နေတဲ့ ရုပ်တရားမှာ ငါကောင်ဟု ခေါ်စရာ အစိုးပိုင်တဲ့ အနှစ်အသားလဲမရှိ၊ အမြဲတည့်နေနိုင်တဲ့ အနှစ်အသားလဲမရှိ၊ အလိုအတိုင်း ပြီးစေနိုင်တဲ့ အနှစ်အသားလဲမရှိ။ ထိုရုပ်တရားကလဲ၊ ငါကောင်ဟုခေါ်စရာ အစိုးပိုင်တဲ့ အနှစ်အသားလဲမဟုတ်၊ အမြဲတည်နေနိုင်တဲ့ အနှစ်အသားလဲမဟုတ်၊ အလိုအတိုင်း ပြီးစေနိုင်တဲ့အနှစ်အသားလဲမဟုတ်။ ထို့ကြောင့်, "အစိုးမရဘူး၊ ငါကောင်မရှိဘူး၊ ငါကောင်မဟုတ်ဘူး၊ အနတ္တသဘော တရားမျှသာ ရှိသည်"ဟု ဆိုတာမှန်ပါသည်-ဟူ၍ သဘောကျတတ်၏။ ဤသို့ သဘောကျခြင်းမှာ မဖြစ်စေလိုတဲ့ ရုပ်အမူအရာ တစုံတခု ဖြစ်ပေါ်လာတာကို တွေ့ရတဲ့အခါမှာလဲ စ၍ဖြစ်တတ်၏။ အမြဲတည်တံ့နေစေလိုတဲ့ ရုပ်အမူအရာ တစုံတခု ပျက်သွားတာကို တွေ့ရတဲ့အခါမှလဲ စ၍ ဖြစ်တတ်၏။ မှတ်ဆဲမှာပင်၊ မှတ်သိရတဲ့ ရုပ်နာမ်၏အဖြစ်အပျက်ကို ထင်ရှားတွေ့ရ၍ "အစိုးပိုင်တဲ့ ငါကောင်မရှိ၊ အမြဲ တည်နေနိုင်တဲ့ ငါကောင်မရှိ၊ အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင်မရှိ၊ မပြတ် ဖြစ်ပျက်နေတဲ့ သဘောတရားမျှသာ ရှိသည်" ဟု သိမြင် သဘောကျခြင်းသည် အနတ္တလက္ခဏာအစစ်ကို မျက်မှောက်တွေ့မြင်သော အနတ္တာသမ္မသနဉာဏ် အစစ်ပေတည်း။ ထို့ကြောင့်ပင်, "အနတ္တာအသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ" ဟူသော ပါဠိ၏အဖွင့် ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း မိန့်ဆိုလေပြီ။

သဗ္ဗမ္ပိ တံ အနတ္တာ အသာရကဋ္ဌေန၊ အသာရကဋ္ဌေနာတိ အတ္တာသာမီ နိဝါသီ ကာရကော ဝေဒကော သယံဝသီ တိ ဧဝံ ပရိကပ္ပိတဿ အတ္တသာရဿ အဘာဝေန။ ယဉ္ဟိ အနိစ္စံ ဒုက္ခံ၊ တံ အတ္တနောပိ အနိစ္စတံဝါ ဥဒယဗ္ဗယပီဠနံ ဝါ ဝါရေတုံ န သက္ကောတိ၊ ကုတောတဿ ကာရကာဒိ ဘာဝေါ။ (၂-၂၄၅)

တံ သဗ္ဗမ္ပိ၊ မြေ ဆင်းရဲသော ထိုရုပ် အလုံးစုံသည်လည်း။ အ-သာရကဋ္ဌေန၊ အနှစ်မဲ့သော အနက် သဘောကြောင့်။ အနတ္တာ၊ အတ္တကောင်, ငါကောင်မဟုတ်။ အ.သာရကဋ္ဌေနာတိ၊ အ.သာရကဋ္ဌေန ဟူ သည်ကား။ အတ္တာ၊ အတ္တ ဟူသည်မှာ။ သာမီ၊ ခန္ဓာအိမ်၏ ပိုင်ရှင်တည်း။ နိဝါသီ၊ မပျက်စီးဘဲ အမြဲတည်နေသူတည်း။ ကာရကော၊ အမှုအရာ ဟူသမျှကို ပြုတ်သူ ပြီးစေတတ်သူတည်း။ ဝေဒကော၊ အကောင်းအဆိုးကို ခံစားတတ် သူတည်း။ သယံဝသီ၊ သူတပါးအလိုသို့မလိုက်ဘဲ ကိုယ်အလိုအတိုင်းပြီးစေတတ်သူတည်း။ ဣတိဧဝံ၊ ဤသို့။ ပရိကပ္ပိတဿ၊ ဗာလပုထုဇဉ်တို့ ကြံဆအပ်သော။ အတ္တသာရဿ၊ အတ္တကောင် ငါကောင် ဟူသော အနှစ်အသား၏။ အ-ဘာဝေန၊ မရှိခြင်းကြောင့်၊ ဣတိ။ ဤကား အ-သာရကဋ္ဌေန-ပုဒ်၏အနက်တည်း။ ဟိ၊ မှန်ပေ၏။ ယံ၊ အကြင် တရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲတည်း။ တံ၊ မမြဲ ဆင်းရဲသော ထိုတရားသည်။ အတ္တနောပိ၊ မိမိ၏ သော်လဲ။ အနိစ္စတံဝါ၊ မမြဲသည်၏ အဖြစ်ကိုငှင်း။ ဥဒယဗ္ဗယပီဠနံ ဝါ၊ ဖြစ်မှု ပျက်မှုက နှိပ်စက်ခြင်းကိုငှင်း။ ဝါရေတုံ၊ တားမြစ် ခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။ တဿ၊ မိမိ၏ မမြဲခြင်း, အနှိပ်စက်ခံရခြင်းကိုမှ မတားမြစ်နိုင်သော ထိုတရား၏။ ဝါ၊ မိမိကိုမျှ မြဲအောင်, ချမ်းသာအောင် မပြုလုပ်နုင်သောထိုတရား၏။ ကာရကာဒိ ဘာဝေါ၊ သူတပါးကို ပြုတတ်သူ စသည်၏ အဖြစ်သည်။ ကုတော၊ အဘယ်မှာရှိနိုင်တော့အံ့နည်း။ (ကုတော တဿ သာမိ နိဝေါသိ ကာရဒိဘာဝေါ ဟု ရှိလျှင်, သာ၍ ပြည့်စုံ၏)။

ထို့ပြင်, တောလေးဆယ် ပါဠိဋ္ဌဆိုင်ရာ၊ သုညတော, အနတ္တတော ပုဒ်တို့ကိုလဲ ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်းဖွင့်ပြ၏။

သာမိ နိဝါသိ ကာရက ဝေဒကာ ဓိဋ္ဌာယက ဝိရဟိတတာယ သုညတော။ သယဉ္စ အဿာမိ ဘာဝါဒိတာယ အနတ္တတော၊ (၂-၂၄၇)

သာမိ နိဝါသိ ကာရကဝေဒက ဓိဋ္ဌာယကာ ဝိရဟိတတာယ၊ ခန္ဓာအိမ်ကိုအစိုးရသူ ပိုင်ရှင်, မပျက်ဆီးဘဲ အမြဲတည်နေသူ, အမှုအရာ ဟူသမျှကို ပြုတတ် ပြီးစေတတ်သူ, အကောင်းအဆိုးကို ခံစားတတ်သူ, အရာရာကို စီမံခန့်ခွဲတတ်သူ, တို့မှကင်းသည်၏ အဖြစ်ကြောင့်။ သုညတော၊ အတ္တကောင်, ငါကောင်မှ ဆိတ်သည်ဟု ရှု၏။ သယံ စ၊ ခန္ဓာ ငါးပါးဟူသော မိမိ ကိုယ်တိုင်လဲ။ အဿာမိဘာဝါဒိတာယ၊ ပိုင်ရှင်မဟုတ်သည်၏အဖြစ် စသည်နှင့်သာ ဆိုင်သောကြောင့်၊ ဝါ၊ ပိုင်ရှင်အဖြစ် စသည် မရှိခြင်းကြောင့်။ အနတ္တတော၊ အတ္တကောင် မဟုတ်၊ ငါကောင်မဟုတ်ဟုရှု၏။

ဤအဋ္ဌကထာဘွင့်တို့ကို ထောက်မှီ၍ “ကိုယ် အကောင်အထည် ပုံသဏ္ဌာန်မရှိဟု နှလုံးသွင်းရုံမျှဖြင့် အနတ္တဉာဏ် အစစ်မဖြစ်သေး၊ သာမိနိဝါသီစသည်ဖြင့် ထင်မှတ်အပ်သော အတ္တကောင် ငါကောင် မရှိသည်ကို သိမြင် သဘောကျမှသာ လျှင် အနတ္တဉာဏ်အစစ်ဖြစ်သည်” ဟုမြဲမြံစွာ မှတ်သားအပ်၏။ အရူပဗြဟ္မာ တို့မှာ ကိုယ်ပုံသဏ္ဌာန် မထင်သော်လဲ အတ္တဒိဋ္ဌိ ဖြစ်နိုင်သည်ကိုလဲ အထူး သတိရှိပါစေ။

မျက်မှောက် မှတ်သိရတဲ့ ရုပ်ကို၊ ပြခဲ့သည့်အတိုင်း သဘောကျပြီးသောအခါ၌၊ အတိတ် ရုပ် စသည်တို့ကိုလဲ “ဤ ရုပ်လိုပင် အစိုးမပိုင်၊ အမြဲမတည်၊ အလိုအတိုင်း မပြီးစေနိုင်သောကြောင့်, ငါကောင် မရှိ၊ ငါကောင်မဟုတ်၊ သဘောတရားမျှ ချည်းသာ” ဟူ၍ ပိုင်းခြား ဆုံးဖြတ်၏။ အကျယ်ကို အနိစ္စသမ္မသန နည်းတူပင် သိပါလေ။

ဝေဒနာသညာ သင်္ခါရ ဝိညာဏ်တို့၌လဲ သမ္မသနဉာဏ် ဖြစ်ပုံကို ဤရုပ်၌ကဲ့သို့ပင် ချဲ့၍ သိပါလေ။ အသိခက်သော အဇ္ဈတ္တ ဗဟိဒ္ဓ စသည်၌ကား စိတ်ကို ပဓာနထား၍ အမြွက်မျှ ဖေါ်ပြဦးအံ့။

ကိုယ်တွင်း၌ အာရုံပြုလျက် မှတ်လျက်ဖြစ်သော စိတ်သည် အဇ္ဈတ္တစိတ် မည်၏။ ကိုယ်ပ၌ အာရုံပြုလျက် မှတ်လျက် ဖြစ်သော စိတ်သည် ဗဟိဒ္ဓစိတ် မည်၏။ မှတ်သိမှု စင်ကြယ်သော အခါ၌ ထို အဇ္ဈတ္တဗဟိဒ္ဓ စိတ်တို့ကို “ထို ထို ခဏမှာပင် ကုန်ဆုံးသွားသည်” ဟုသိ၏။ ထို့ကြောင့်, ကိုယ်တွင်း ကိုယ်ပ ပြောင်းလဲ၍ အာရုံပြုမိတိုင်း မှတ်မိတိုင်း “အတွင်းက စိတ်သည် အပြင်သို့ မရောက်၊ အတွင်းမှာပင် ကုန်ဆုံးသွားသောကြောင့် မမြဲ”ဟု သဘောကျ၏။ “အပြင်က စိတ်လဲ အတွင်းသို့မရောက်၊ အပြင်မှာပင် ကုန်ဆုံးသွားသောကြောင့် မမြဲ၏” ဟု သဘောကျ၏။

ဩဠာရိက သုခုမ၌ ရှုပုံ .... ကြမ်းတန်းတဲ့စိတ်, သိမ်မွေ့တဲ့စိတ် တို့ပြောင်းလဲသော အခါ၌ “ကြမ်းတဲ့ စိတ်ကပင် သိမ်မွေ့သွားသည်မဟုတ်၊ သိမ်မွေ့တဲ့စိတ်ကပင် ကြမ်းတန်းသွားသည်မဟုတ်၊ ထိုသို့ ခဏမှာပင် ကုန်ကုန်သွားသောကြောင့် မမြဲ” ဟု သဘောကျ၏။

ဟီန ပဏီတဠ္ဌ ရှုပုံ ..... အကုသိုလ်စိတ် စသည်တို့ ပြောင်းလဲ၍ ဖြစ်သောအခါ၌ "အကုသိုလ်စိတ်, မကောင်းတဲ့စိတ်, ဆင်းရဲတဲ့စိတ်, ညစ်နွမ်းတဲ့စိတ်များကပင် ကုသိုလ်စိတ်, ကောင်းတဲ့စိတ်, ချမ်းသာတဲ့စိတ်, ကြည်လင်တဲ့စိတ်များ ဖြစ်လာသည်မဟုတ်။ ကုသိုလ်စိတ်, ကောင်းတဲ့စိတ်, ချမ်းသာ ကြည်လင်တဲ့စိတ်များကပင် အကုသိုလ်စိတ်, မကောင်းတဲ့စိတ် ဆင်းရဲညစ်နွမ်းတဲ့စိတ်များ ဖြစ်သွားကြသည် မဟုတ်၊ ထိုထို ခဏမှာပင် ကုန်ကုန်သွားသောကြောင့် မမြဲ" ဟု သဘောကျ၏။

ဒူရ သန္တိကဠ္ဌ ရှုပုံ ..... အဝေး အနီးကို ပြောင်းလဲ၍ နှလုံးသွင်းမိမှတ်မိသော အခါ၌ "အဝေးသို့ သွားတဲ့ စိတ်ကပင် အနီးသို့ ရောက်လာသည်မဟုတ်၊ အနီးစိတ်ကပင် အဝေးသို့ရောက်သွားသည်မဟုတ်၊ ထိုသို့ခဏမှာပင် ကုန်ကုန်သွားသောကြောင့် မမြဲ" ဟု သဘောကျ၏။

ယံ ပန အနိစ္စံ၊ တံ ယသ္မာ နိယမတော သင်္ခတာဒိဘေဒံ ဟောတိ၊ တေနဿ ပရိယာယဒဿနတ္ထံ, နာနာကာရေဟိ ဝါ မနသိကာရပ္ပဝတ္တိဒဿနတ္ထံ, "ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓ ဓမ္မန္တိ" ပုန ပါဠိ ဝုတ္တာ–ဟူသော ဝိသုဒ္ဓိမဂ်နှင့် အညီ–

ရေး၌ထုတ်ပြခဲ့ပြီးသော ပါဠိသုံးဝါရတို့တွင်၊ တတိယဝါရကို ထပ်၍ ဟောတော်မူခြင်းမှာ၊ "အနိစ္စသဒ္ဒါ၏ အနက်အဓိပ္ပါယ်တူ ပါဠိကွဲပရိယာယ်တို့ကို ပြခြင်းငှါလည်း၊ အခြင်းအရာ အမျိုးမျိုးဖြင့် နှလုံးသွင်းမှုဖြစ် တတ်သည်ကို ပြခြင်းငှါလည်း" ဖြစ်ပေသည်။ သို့ဖြစ်၍, သင်္ခတ=အကြောင်းညီညွတ်၍ ဖြစ်သည်ဟူ၍လည်း၊ ပဋိစ္စသမုပ္ပန္န=အကြောင်းကိုမှီ၍ ဖြစ်သည်, အကြောင်းရှိမှ ဖြစ်သည် ဟူ၍လည်း၊ ခယဓမ္မ=ကုန်ဆုံးသွားသည် ဟူ၍လည်း၊ ဝယဓမ္မ=ပျက်သွားသည်, ပျောက်ကွယ်သွားသည် ဟူ၍လည်း၊ ဝိရာဂဓမ္မ=ပြယ်သွားသည် ဟူ၍လည်း၊ နိရောဓဓမ္မ=ချုပ်ငြိမ်းသွားသည် ဟူ၍လည်း–ဤသို့ သိခြင်းသဘောကျခြင်းများကိုလဲ၊ အနိစ္စသမ္မသနဉာဏ်ချည်းသာဟူ၍ သိအပ်၏။ ထို့ပြင်, အနိစ္စတော ဒုက္ခတော ရောဂတော အစရှိသော အခြင်းအရာ လေးဆယ်တို့ဖြင့် သိခြင်း သဘောကျခြင်းများလဲ၊ အနိစ္စ ဒုက္ခ အနတ္တာနုပဿနာတို့၌ ထိုက်သည်အားလျော်စွာ ဝင်ကြောင်းကို ပဋိသမ္ဘိဒါမဂ်, ဝိသုဒ္ဓိမဂ်တို့၌ ပြဆိုသေး၏။ ထိုအခြင်းအရာ လေးဆယ်တို့ကို ပဋိသင်္ခါဉာဏ်အရာ၌ အကျဉ်းအားဖြင့် ထုတ်ပြပါအံ့။

ဖြစ်ခိုက် ရုပ်နာမ်ကိုရှုမှတ်လျက်၊ ဖြစ်မှုတည်မှု ပျက်မှုတို့ကို ရှင်းလင်းစွာ သိရသောအခါ၌ "ဇာတိပစ္စယာ ဇရာမရဏံ၊ အသတိဇာတိယာ နတ္ထိ ဇရာမရဏန္တိ သံခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေဉာဏံ၊ ဤသို့အစရှိသော ပဋိသမ္ဘိဒါမဂ်စတုတ္ထဝါရ ပါဠိနှင့်အညီ" ဖြစ်မှုရှိ၍, တည်မှု ပျက်မှု ရှိရသည်၊ အိုမှု သေမှု ရှိရသည်၊ ဖြစ်မှု မရှိလျှင်ကား တည်မှု ပျက်မှု, အိုမှု သေမှု, မရှိနိုင် ဟူ၍လည်း၊ ရှေးဘဝတွေကလဲ ဖြစ်မှု ရှိ၍, အိုမှု သေမှု ရှိခဲ့ရသည်၊ သို့မဟုတ်လျှင်, မရှိနိုင်ဟူ၍လည်း၊ နောင်ဘဝတွေမှာလဲ ဖြစ်မှု ရှိ၍, အိုမှု သေမှု ရှိနိုင်မည်၊ သို့မဟုတ်လျှင်, မရှိနိုင်ဟူ၍လည်း–ဤသို့ စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၂–ရပ်ကို အကြောင်းအကျိုး စပ်လျက်စပ်လျက် ကာလသုံးပါး၌ ချုံး၍ ဆင်ခြင်ဆုံးဖြတ်သော ဉာဏ်လဲ ဖြစ်တတ်၏။ ဤဉာဏ်သည်ကား သမ္မသနဉာဏ်အစစ်မဟုတ်ပေ၊ ပစ္စယပရိဂ္ဂဟဉာဏ်သာဟူ၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ (၁–၂၃၄)

> ဇာတိပစ္စယာ ဇရာမရဏန္တိအာဒိ န ဝိပဿနာဝသေန ဝုတ္တံ၊ ကေဝလံ ပဋိစ္စသမုပ္ပါဒဿ ဧကေကအင်္ဂဝသေန သံခိပိတွာ ဝဝတ္ထာနတော သမ္မသနဉာဏံ နာမ ဟောတီတိပရိယာယေန ဝုတ္တံ၊ န ပနေတံ ကလာပသမ္မသနဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏမေဝေတံ ဟောတီတိ ........ ဟု မိန့်ဆိုတော်မူ၏။

ဤဆိုခဲ့ပြီးသော စကားလုံးအလုံးစုံသည်၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ တိုက်ရိုက် ပြအပ်သော သမ္မသနဉာဏ် ဖြစ်ပုံအလုံးစုံကို အကျဉ်းချုံး၍ ပြဆိုချက်ပေတည်း။

## ပါဠိမုတ္တက အဋ္ဌကထာနည်းများ

ဝိသုဒ္ဓိမဂ်၌ကား ပဋိသမ္ဘိဒါမဂ်မှ စ၍ ရုပ်နာမ် ဖြစ်ပုံကို ရှုနည်း, ရူပသတ္တက ရှုနည်း, နာမသတ္တက ရှုနည်းတို့ကိုလဲ ပြဆိုသေး၏။ ထိုနည်းတို့တွင် ပဌမနည်းမှာ ပြခဲ့ပြီးသော ပါဠိနည်းတို့၌ ထိုက်သည်အားလျော်စွာ အကျဉ်းအားဖြင့်ပါဝင်ပြီး ဖြစ်သောကြောင့်လည်း၊ သုတကိုမှီ၍ ဆင်ခြင်မှုမျှသာ များသောကြောင့်လည်း၊ အလွန် ကျယ်ဝန်းသောကြောင့်လည်း၊ ဤကျမ်း၌ ၎င်းနည်းကိုမပြမူ၍၊ ယောဂီတို့ သိသင့်သော ဣန္ဒြေထက်ကြောင်း ၉–ပါးနှင့်၊ ရူပသတ္တက, အရူပသတ္တက ရှုနည်းတို့ကို သာလျှင် အကျဉ်းအားဖြင့် ပြပါအံ့။

## ဣန္ဒြေထက်ကြောင်း ၉-ပါး

နဝဟာကာရေဟိ ဣန္ဒြိယာနိ တိက္ခာနိဘဝန္တိ။ ဥပ္ပန္နုပ္ပန္နာနံ သင်္ခါရာနံ ခယမေဝ ပဿတိ၊ တတ္ထ စ သက္ကစ္စ ကိရိယာယ သမ္ပါဒေတိ၊ သာတစ္စ ကိရိယာယ သမ္ပါဒေတိ၊ သပ္ပါယ ကိရိယာယ သမ္ပါဒေတိ၊ သမာဓိဿ စ နိမိတ္တဂ္ဂါဟေန၊ ဗောဇ္ဈင်္ဂါနဉ္စ အနုပဝတ္တနတာယ၊ ကာယေ စ ဇီဝိတေစအနပေက္ခတံ ဥပဋ္ဌာပေတိ၊ တတ္ထ စ အဘိဘုယျ နေက္ခမ္မေန၊ အန္တရာ စ အဗျောသာနေနာတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၄၈)။

နဝတိ အာကာရေဟိ၊ ၉-ပါးသော အကြောင်းတို့ကြောင့်။ ဣန္ဒြိယာနိ၊ ငါးပါးသော ဣန္ဒြေတို့သည်။ တိက္ခာနိ ဘဝန္တိ၊ ထက်ကုန်ကြ၏။ ဥပ္ပန္နုပ္ပန္နာနံ၊ ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော။ သင်္ခါရာနံ၊ ရုပ်နာမ် သင်္ခါရတို့၏။ ခယမေဝ၊ ကုန်ခြင်း ပျက်ခြင်းကိုသာလျှင်။ ပဿတိ ရှု၏။

(ကုန်ဆုံးသွားသည်, ပျက်သွားသည် ဟုဉာဏ်၌ မထင်သေးမီကလဲ၊ ဖြစ်တိုင်းသော သင်္ခါရတို့ကို ကုန်ပျက်နေသည် ချည်းသာ ဟု နှလုံးသွင်းထားရမည်၊ မကုန်မပျက်ဘဲ မြဲသည့်အနေအားဖြင့် မကြံဆရ၊ ရှုမှတ်မှု=ဉာဏ်ထဲ၌ "ကုန်သွားသည်, ပျက်သွား သည်" ဟုထင်သော အခါမှာလဲ ထို ထင်တဲ့အတိုင်းပင် "ကုန်သွားသည်, ပျက် သွားသည်" ဟူ၍သာ ဆုံးဖြတ်ရမည်၊ မကုန် မပျက်တဲ့ ဘက်ကနေ၍ အကြောင်း ယုတ္တိ ရှာကြံလျက် ခုခံ မနေရ။ ဤသို့ပြုခြင်း ကြောင့်လဲ ပညိန္ဒြေမှစ၍ ဣန္ဒြေငါးပါးလုံး ထက်သန် သွားတတ်သည် ဟု ဆိုလို၏)။

တတ္ထ၊ ထိုကုန်ခြင်း ပျက်ခြင်းကိုရှုရာ၌။ သက္ကစ္စ ကိရိယာယ စ၊ ရိုသေစွာ ပြုခြင်းဖြင့်လဲ။ သမ္ပါဒေတိ၊ ဝိပဿနာ ဉာဏ်ကို ပြီးစေ၏။

(ကုန်ခြင်း ပျက်ခြင်းကို တွေ့မြင်နိုင်အောင် ရိုသေလေးစားလျက် ရှုမှတ်ရမည်ဟု ဆိုလို၏)။

သာတစ္စ ကိရိယာယစ၊ မခြား မပြတ် တစပ်တည်း ရှုမှတ်ခြင်းဖြင့်လဲ။ သမ္ပါဒေတိ၊ ဝိပဿနာ ဉာဏ်ကို ပြီးစေ၏။ (မဆိုင်းမရပ်ဘဲ မပြတ်မှတ်ရမည်ဟု ဆိုလို၏)။

သပ္ပါယ ကိရိယာယ စ၊ သင့်လျော်သည်ကိုသာ ပြုခြင်းဖြင့်လဲ။ သမ္ပါဒေတိ၊ ဝိပဿနာဉာဏ်ကို ပြီးစေ၏။ (အာဝါသော, ဂေါစရော, ဘဿံ,၊ ပုဂ္ဂလော, အထ ဘောဇနံ,၊ ဥတု, ဣရိယာပထော စေဝ၊ သပ္ပါယော သေဝိတဗ္ဗကော- ဤဉပရိပဏ္ဏ အဋ္ဌကထာနှင့် အညီ, အကြင် ကျောင်း စသည်ကို မှီဝဲလျက်, မဖြစ်သေးသော ဝိပဿနာဉာဏ်ကို ဖြစ်စေနိုင်အံ့၊ ဖြစ်ပြီးကိုလဲ တိုးတက်စေနိုင်အံ့၊ ထိုသို့သော ကျောင်း, ကျက်စားသွားလာရာ စသော (၇)ပါးသည် သပ္ပါယ မည်၏။ ထိုသို့ သော ကျောင်း၌သာ နေရမည်၊ ထိုသို့သော အရပ်သို့သာ သွားလာရမည်၊ ထိုသို့သော ဇာတ်ကိုသာ ပြောရ နားကြားရမည်၊ ထိုသို့သော ပုဂ္ဂိုလ်နှင့်သာ ဆက်ဆံရမည်။ ထိုသို့သော အစာ, အအေးအပူ ဥတု, ဣရိယာပုတ်, တို့ကိုသာ မှီဝဲရမည် ဟု ဆိုလို၏)။

သမာဓိဿ၊ ဝိပဿနာ သမာဓိ၏။ နိမိတ္တဂ္ဂါဟေနစ၊ ဖြစ်ကြောင်းကို မှတ်သားခြင်းဖြင့်လဲ။ သမ္ပါဒေတိ၊ ပြီးစေ၏။ (မည်သို့ ရှုမှတ်နှလုံးသွင်းမိတဲ့အတွက် သမာဓိ ကောင်းလာသည် ဟု မှတ်သားပြီးလျှင် ထိုသို့သော မှတ်မှု, နှလုံးသွင်းမှုကို ဖြစ်စေရမည် ဟု ဆိုလို၏)။

ဗောဇ္ဈင်္ဂါနံ အနုပဝတ္တနတာယ စ၊ ဗောဇ္ဈင်တို့ကို လျော်စွာ ဖြစ်စေခြင်းဖြင့်လဲ။ သမ္ပါဒေတိ၊ ပြီးစေ၏။ (ဘာဝနာစိတ် လျော့လျှင်၊ ပီတိ, ဝီရိယ ဓမ္မဝိစယ ဗောဇ္ဈင်တို့ကိုပွါးစေရမည်၊ တက်ကြွပျံ့လွင့်လျှင်၊ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ, တို့ကို ပွါးစေရမည် ဟု ဆိုလို၏)။

ကာယေ စ၊ ကိုယ်၌၎င်း၊ ဇီဝိတေစ၊ အသက်၌၎င်း၊ အနပေက္ခတံ၊ မငဲ့ကွက် မတွယ်တာခြင်းကို။ ဥပဋ္ဌာပေတိ၊ ဖြစ်စေ ၏။ (ကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲ အပြင်း အားထုတ်ရမည် ဟု ဆိုလို၏)။

တတ္ထ၊ ထိုသို့ကိုယ်နှင့် အသက်ကို မငဲ့ဘဲ အားထုတ်ရာ၌။ ဥပ္ပန္နုပ္ပန္နံ ဒုက္ခံ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဆင်းရဲကို။ နေက္ခမ္မေန၊ ပျင်းရိမှုမှ ထွက်မြောက်သော ဝိပဿနာ ဝီရိယဖြင့်။ အဘိဘုယျစ၊ လွှမ်းမိုးပယ်ဖျောက်၍လဲ။ သမ္ပါဒေတိ၊ဘာဝနာ ကို ပြီးစေ၏။ (အားထုတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ပင်ပန်း ဆင်းရဲမှု ဟူသမျှကို မလျှော့သော လုံ့လဖြင့် စူးစူးစိုက်စိုက် မှတ်၍ ပယ်ဖျောက်ရမည် ဟု ဆိုလို၏)။

အန္တရာ၊ မဂ် ဖိုလ်သို့ မရောက်သေးမီ အတွင်း၌။ အဗျောသာနေနေစ၊ အဆုံး မသတ်ဘဲ မပြတ် အားထုတ်ခြင်းဖြင့်လဲ။ သမ္ပါဒေတိ၊ ဘာဝနာကို ပြီးစေ၏။ (လိုအပ်သော တရားထူးသို့ မရောက်သေးမချင်း ရှုမှတ်မှုကို မစွန့်ရ၊ မမ္မဋ္ဌာန်းမှ မထွက်ရ၊ မပြတ် အားထုတ်နေရမည် ဟု ဆိုလို၏)။

ဣတိ၊ ဤသည်တို့ကား ဣန္ဒြေထက်ကြောင်း ၉-ပါးတို့ပေတည်း။ (ဉာဏ် မတိုးတက်နိုင်သော အခါ၌ ဤအကြောင်း ၉-ပါးတွင် လိုရာရာကို အထူး ပြည့်စုံစေလျက် အားထုတ်အပ်၏)။

## ရူပသတ္တက=ရုပ်တို့၌ နှလုံးသွင်းပုံ (၇)ပါး

အာဒါန နိက္ခေပနရှုနည်း ..... ပဋိသန္ဓေသည် ဘဝသစ် ခန္ဓာဝန်ကို ယူမှုဖြစ်သောကြောင့်, အာဒါန မည်၏။ စုတိသည် ဘဝဟောင်းခန္ဓာဝန်ကို စွန့်မှု ဖြစ်သောကြောင့်, နိက္ခေပန မည်၏။ ထိုပဋိသန္ဓေ စုတိတို့ဖြင့် ပိုင်းခြား၍၊ ယခုဘဝရှိ ရုပ်တို့ကို "မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု ရှုမြင်ခြင်း သဘောကျခြင်းသည် အာဒါန နိက္ခေပနအားဖြင့် ရှုသည်မည်၏။ ထိုရုပ်တို့၌ လက္ခဏာရေးသုံးပါးတင်သည်မည်၏။ ပုံကား ... မှတ်သိရသော ရုပ်တို့၏ အဖြစ်အပျက်ကို မျက်မှောက် တွေ့ပြီးသောအခါ၌၊ ယခုဘဝတွင် ပဋိသန္ဓေမှ စ၍ သေသည်တိုင်အောင် ဤအတွင်း၌ ဖြစ် ဖြစ်သမျှ ရုပ်တို့သည်လည်း ယခုမှတ်သိရတဲ့ ရုပ်များလိုပင်, ဖြစ်ခြင်းပျက်ခြင်း ရှိသောကြောင့်လဲ မမြဲကုန်၊ မူလရှိရင်းအတိုင်း မတည်ဘဲ ပြောင်းလဲ ဖေါက်ပြန်သောကြောင့်လဲ မမြဲကုန်၊ မြဲတဲ့ သဘောမှ ပြောင်းပြန် ဆန့်ကျင်၍၊ မြဲသည့်အဖြစ်ကို ပယ်မြစ်သောကြောင့်လဲ မမြဲကုန်။ ဤအကြောင်း လေးပါးကြောင့် မမြဲကုန် ဟူ၍လဲရှုဆင်ခြင်၏။ (မြဲသည့်အဖြစ်ကို ပယ်မြစ်ပုံကား ..... မမြဲ ဟု သိမြင်ရသော တရားက၊ သိမြင်သူအား ဤသို့ဝန်ခံသည်နှင့်တူပေ၏၊ "သတ္တဝါအများက ကျွန်ုပ်ကိုမြဲသည် ဟု အထင်ကြီးနေသေးသည်လဲ ကျွန်ုပ်မှာတော့ အသင် သိမြင်တဲ့အတိုင်းပါဘဲ၊ မမြဲတာအမှန်ပါဘဲ" ဟု ဝန်ခံသည်နှင့်တူပေ၏၊ မြဲသည့်အဖြစ်ကို ပယ်မြစ်လျက် ဖြောင့်ချက်ပေးသည်နှင့်တူပေ၏။ ထို့ကြောင့်, "နိစ္စ ပဋိက္ခေပ=မြဲသည့်အဖြစ်ကို ပယ်မြစ်သည်" ဟု ဆိုပေသည်။ ချမ်းသာ၏ အဖြစ်ကို ပယ်မြစ်သည်, ငါကောင်၏ အဖြစ်ကို ပယ်မြစ်သည် ဟူရာတို့၌လည်း နည်းတူပင် သိပါလေ)။ ။ ထို့ပြင်, ဖြစ်ပြီးသော ရုပ်တို့သည် တည်ခြင်း=အိုရင့်ခြင်းသို့ ရောက်ရကုန်၏၊ အိုရင့်ပြီးသော ရုပ်တို့သည် ပျက်စီးရကုန်၏။ သို့ဖြစ်၍, မသေမီအတွင်းရှိ ယခုဘဝ ရုပ်ဟူသမျှတို့သည်လည်း 'ယခုမှတ်သိရတဲ့ ရုပ်များလိုပင်' ဖြစ်မှု ပျက်မှုက မပြတ်နှိပ်စက်အပ်သောကြောင့်လဲ ဆင်းရဲတို့သာတည်း၊ ဖြစ်ချည် ပျက်ချည်နှင့် မတည်တံ့၍, မခံသာသောကြောင့်လဲ ဆင်းရဲတို့သာတည်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏ တည်ရာ ဖြစ်ပွါးရာ ဖြစ်သောကြောင့်လဲ ဆင်းရဲတို့သာတည်း၊ ချမ်းသာမှ ပြောင်းပြန် ဆန့်ကျင်၍, ချမ်းသာ၏ အဖြစ်ကို ပယ်မြစ်သောကြောင့်လဲ ဆင်းရဲတို့သာတည်းဟု ဤသို့လဲ ရှုဆင်ခြင်၏။ ။ ထို့ပြင်, ဖြစ်ပေါ်မည့် ရုပ်ကို မဖြစ်ပါစေလင့်ဟု စီမံတောင့်တ၍မရ၊ ဖြစ်ပြီး ရုပ်ကိုလဲ မအိုမရင့်ပါစေလင့်ဟု စီမံတောင့်တ၍မရ၊ အိုရင့်ပြီး ရုပ်ကိုလဲ မပျက်စီးပါလေ့ဟု စီမံတောင့်တ၍မရ။ သို့ဖြစ်၍, မသေမီအတွင်းရှိ ယခုဘဝ ရုပ်ဟူသမျှတို့သည်လည်း ယခုမှတ်သိရတဲ့ ရုပ်များလိုပင် "ငါကောင်ဟာ အမြဲရှိနေတာဘဲ, အမူအရာ ဟူသမျှကိုလဲ ငါက ပြုလုပ်တတ်တယ်, အကောင်းအဆိုးကိုလဲ ခံစားတတ်တယ်, အရာရာကိုလဲ စီမံ ခန့်ခွဲနိုင်တယ်" ဟု ထင်မှတ်ထားတဲ့ ငါကောင်မှ ကင်းဆိတ်နေသောကြောင့်လဲ ငါကောင် မရှိကုန်၊ (လူမရှိသော ရွာပျက်ကဲ့သို့၊ ထိုရုပ်များထဲ၌ ငါကောင်မရှိ ဟုဆိုလို၏)။ ပိုင်ရှင် မရှိသောကြောင့်လဲ ငါကောင်မရှိကုန်။ (ထိုရုပ်များကို ပိုင်ဆိုင်သော ငါကောင် ဟူ၍၊ ငါကောင်၏ ပိုင်နက် ဥစ္စာများ မဟုတ်ကြဟု ဆိုလို၏)။ အလိုအတိုင်း မဖြစ်သောကြောင့်လဲ ငါကောင်မဟုတ်ကုန်၊ အလိုရှိတိုင်း ပြီးစေနိုင်သည် ဤသို့ စသည်ဖြင့် ထင်မှတ်ထားသော ငါကောင်မှ ပြောင်းပြန် ဆန့်ကျင်၍, ငါကောင်၏ အဖြစ်ကို ပယ်မြစ်သောကြောင့်လဲ ငါကောင် မဟုတ်ကုန် ဟု ဤသို့လဲ ရှုဆင်ခြင်၏။ (ဤအရာ၌၊ အနတ္တာ-ပုဒ်ကို၊ နတ္ထိ အတ္တာ ဧတေသန္တိ အနတ္တာ ဟူ၍၎င်း၊ န အတ္တာ အနတ္တာ ဟူ၍၎င်း ဝစနတ္ထိ နှစ်နည်း ပြုရာ၏)။ ပဌမရှုနည်း ပြီး၏။

## လက္ခဏာရေး တင်၍ရှုပုံ

ဤအရာ၌ အချို့က "ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှုကို မျက်မှောက်မသိရသေး ပါဘဲလျက်, သုတ စိန္တာမျှဖြင့် မှန်းဆ၍ 'အနိစ္စ ဒုက္ခ အနတ္တ'ဟု ရွတ်ဆို နှလုံးသွင်းရမည်၊ ထို့သို့ ရွတ်ဆို နှလုံးသွင်းမှ လက္ခဏာရေး တင်မှု ကိစ္စပြီးသည်" ဟု ထင်မှတ်လျက် ရှိကြ၏။ ထိုသို့ကား မထင်မှတ်အပ်ပေ၊ အမှန်အားဖြင့်သော်ကား .... ရှုမှတ်အပ်ဆဲ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မျက်မှောက် တွေ့ရသောအခါ၌ ထိုရုပ်နာမ်ကို "ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ကွယ်ပျောက်သွားခြင်းကြောင့် မမြဲဟူ၍ ၎င်း၊ ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်ခြင်းကြောင့် ဆင်းရဲဟူ၍၎င်း၊ အလိုအတိုင်း မဖြစ်ခြင်းကြောင့် အစိုးရတဲ့ ငါကောင်မဟုတ်ဟူ၍၎င်း" ဤသို့ သိမြင်သဘောကျခြင်းသည် ပစ္စက္ခညာဏ်ဖြင့် လက္ခဏာရေး တင်၍ ရှုခြင်းပေတည်း။ ထို့ပြင်, ပစ္စက္ခညာဏ်ဖြင့် သိမြင်သဘောကျပြီးသောအခါ၌ မျက်မှောက်မသိရသော ရုပ်နာမ်တို့ကိုလဲ "မျက်မှောက် သိရတဲ့ ရုပ်နာမ်နှင့်အတူတူချည်းဘဲ၊ ဖြစ်ပေါ်ပြီးလျှင်မရှိခြင်း ကွယ်ပျောက်သွားခြင်းကြောင့် မမြဲတာကြီးဘဲ၊ ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်ခြင်းကြောင့် ဆင်းရဲချည်းဘဲ၊ အလိုအတိုင်းမဖြစ်ခြင်းကြောင့် အစိုးရတဲ့ ငါကောင်မဟုတ်တာချည်းဘဲ၊ သဘောတရားမျှချည်းဘဲ" ဟူ၍သဘောကျလျက် ဆင်ခြင်ခြင်းသည်လည်း အနုမာနညာဏ်ဖြင့် လက္ခဏာရေးတင်၍ ရှုခြင်းပေတည်း။ တင်၍ ရှုသည် ဟုဆိုခြင်း၏ အကြောင်းကား ... ဟုတွာ အဘာဝ=ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ကွယ်ပျောက်သွားခြင်း ဟူသော အနိစ္စလက္ခဏာ။ ဥဒယဗ္ဗယပ္ပဋိပီဠန=ဖြစ်မှု ပျက်မှုက မပြတ်နှိပ်စက် ခြင်း ဟူသော ဒုက္ခလက္ခဏာ။ အဝသဝတ္တန =အလိုအတိုင်း မဖြစ်ခြင်း ဟူသော အနတ္တလက္ခ ဏာ,-ဤ သာမညလက္ခဏာ သုံးပါးတို့သည် နာမ် ရုပ် တရားတို့၌ အမြဲ တက်လျက်, အမြဲ ထင်လျက် ရှိကြကုန်၏။ သို့သော်လဲ, မရှုမှတ်မီ ကာလ ရှုမှတ်စကာလတို့၌၊ ထို လက္ခဏာ သုံးပါးကို မသိရသေးပေ၊ ဘာဝနာညာဏ် ရင့်သောအခါကျမှသာလျှင်၊ ထိုလက္ခဏာ သုံးပါးကို မျက်မှောက်တွေ့လျက် သိရပေသည်။ ထို့ကြောင့်, ယောဂီသည် ရှေးက မမှတ်ရ မသိရဘူးသေးသော ထို လက္ခဏာ သုံးပါးကို ထိုအခါမှာ ရုပ်နာမ်များအပေါ်သို့ ညာဏ်ဖြင့် တင်၍ ရှုရသကဲ့ သို့ ရှိလေ၏။ သို့ဖြစ်၍, "လက္ခဏာ သုံးပါးကိုတင်၍ရှုသည်" ဟု ကျမ်းဂန်တို့၌မိန့်ဆိုပေသည်။ အောက်ပါမှာ မဟာဋီကာ စကားပေတည်း။

ရူပဓမ္မေ နိရုဠှံ လက္ခဏတ္တယံ ပုဗ္ဗေ အတ္တနာ အသလ္လက္ခိတံသလ္လက္ခေတွာ သမ္မသန္တော တံ တတ္ထ အာရောပေတီတိ ဝုစ္စတိ။ (၂-၄၀၇)

ရူပဓမ္မေ၊ ရုပ်တရား၌။ (ရူပသမ္မသန အရာ ဖြစ်၍ ဤသို့ဆိုပေသည်၊ နာမ်တရား၌လဲ နည်းတူပင်တည်း)။ နိရုဠှံ၊ အမြဲတက်လျက်, အမြဲ ထင်လျက် ရှိသော။ ပုဗ္ဗေ အတ္တနာ အသလ္လက္ခိတံ၊ ရှေးက မိမိ မမှတ်ဘူး သေးသော။ လက္ခဏတ္တယံ၊ လက္ခဏာ သုံးပါးကို။ သလ္လက္ခေတွာ သမ္မသန္တော၊ မှတ်လျက် သုံးသပ် ဆင်ခြင်သောသူ ကို။ တံတတ္ထ အာရောပေတီတိ၊ ထိုလက္ခဏာသုံးပါးကို ထိုရုပ်၌ တင်သည်ဟူ၍။ ဝုစ္စတိ၊ အဋ္ဌကထာဆရာ ဆိုအပ်၏။ (မှချစကားမဟုတ်၊ သဒိသူပစာ ဟူလို)။

ထို့ပြင် ကက္ခဠတ္တ=ကြမ်းတန်းခက်မာခြင်း၊ ဝေဒိယန=ခံစားခြင်း၊ သဉ္ဇနန=မှတ်သားခြင်း၊ ဖုသန=အာရုံနှင့်စိတ်တွေ့ခြင်း၊ ဝိဇာနန=အာရုံကိုသိခြင်း-ဤသို့ အစရှိသော (ရုပ်နာမ်တို့၏ ပင်ကိုယ်ရင်းဘော) သဘာဝ လက္ခဏာတို့သည် ဥပါဒ်ဌီဘင် ဟူသော ခဏ သုံးပါးလုံး၌ရှိကြ၏၊ ၎င်းတို့ကို ခဏ သုံးပါးလုံး၌ မှတ်သိနိုင်၏၊ အသီး အသီးရှိသော ရုပ်နာမ်၏ သီးခြား ကိန်းသေသဘောအဖြစ်ဖြင့် ထင်ရှားသိအပ်ကုန်၏၊ အားထုတ်ခါစ၌သော်လဲ ထိုသဘာဝလက္ခဏာကို ထင်ရှားသိနိုင်၏။ တင်၍ ရှုရသကဲ့သို့ သိရသည်ကား မဟုတ်ပေ။ ထို့ကြောင့်, ထိုသဘာဝ လက္ခဏာကိုကား 'တင်၍ ရှုသည်' ဟု ကျမ်းဂန်တို့၌ မဆိုပေ။ အနိစ္စတာ စသော သာမညလက္ခဏာ ၃-ပါးတို့ကိုကား ခဏ သုံးပါးလုံး၌ မှတ်သိနိုင်သည်လဲမဟုတ်၊ အသီးအသီးသော ရုပ်နာမ်၏ သီးခြားကိန်းသေ သဘောအဖြစ်ဖြင့် ထင်ရှားသိအပ်သည်လည်းမဟုတ်၊ အားထုတ်ခါစ၌လဲ မသိနိုင်ချေ။ အမှန်အားဖြင့်သော်ကား .... ရုပ်တရားတိုင်း, နာမ်တရားတိုင်း အနိစ္စသဘောရှိ၏၊ ထို့အတူ ဒုက္ခသဘော,အနတ္တသဘောလဲရှိ၏၊ ညာဏ် ရင့်သောအခါ၌ "မှတ်သိရတဲ့ ရုပ်နာမ်၏ ပျက်သော အမူအရာ, အဖြစ်အပျက်က နှိပ်စက်နေသော အမူအရာ, အလိုအတိုင်း မဖြစ်သော အမူအရာတို့ကိုလဲ" သိရပြန်သဖြင့် ထိုရုပ်နာမ်ကို "မမြဲပါတကား၊ ဆင်းရဲပါတကား၊ အစိုးမရပါတကား" ဟု သိရ၏။ ဤသို့ သိရခြင်းသည် ရှေးကသိအပ်ပြီးသော သဘာဝ လက္ခဏာပေါ်၌ သာမညလက္ခဏာကို ဆင့်၍ တင်၍ သိရသကဲ့သို့ပင် ဖြစ်ပေ၏။ ထို့ကြောင့်လဲ "လက္ခဏာတင်၍ ရှုသည်" ဟု ကျမ်းဂန်တို့၌ မိန့်ဆိုပေသည်။ အောက်ပါ သာဓကလဲ မဟာဋီကာ စကားပင်တည်း။

ယထာ ပထဝိ ဖဿာဒီနံ ကက္ခဠ ဖုသနာဒိ လက္ခဏာနိ တီသုပိ ခဏေသု သလ္လက္ခိတဗ္ဗာနိ ပဋိနိယတ ရူပတာယ သဘာဝ သိဒ္ဓါရနေဝ ဟုတွာ ဂယှန္တိ၊ နဧဝံ အနိစ္စတာဒိလက္ခဏာနိ၊ တာနိ ပန ဘင်္ဂ ဒယ ဗ္ဗယ ပီဠာဝသသတ္တနာကာရမုခေန ဂဟေတဗ္ဗတော သမာရောပိတ ရူပါနိဝိယ ဂယှန္တီတိ ဝုတ္တံ သာမညလက္ခဏံ အာရောပေတွာတိ။ (၂-၃၈၇)

ပထဝီ ဖဿဒီနံ၊ ပထဝီ ဖဿအစရှိသော ရုပ်နာမ်တို့၏။ ကက္ခဠဖုသနာဒိ လက္ခဏာနိ၊ ကြမ်းတန်း ခက်မာခြင်း, တွေ့ထိခြင်း, စသော သဘာဝလက္ခဏာတို့ကို။ (ဂယှန္တိ-၌စပ်)။ တီသုပိ ခဏေသု၊ ဥပါဒ်ဌီ ဘင်ဟူသော ခဏ သုံးပါးလုံးတို့၌လဲ။ သလ္လက္ခိတဗ္ဗ နိ၊ မှတ်အပ် မှတ်နိုင်ကောင်းကုန်သောကြောင့်။ (ဟေတုမန္တ ဝိသေသနတည်း၊ ပိသဒ္ဒါဖြင့် ခဏ တပါး နှစ်ပါး၌လဲ မှတ်မိနိုင်သည်ဟု ပြ၏။ ပဋိနိယတ ရူပတာယ၊ ရုပ် နာမ် တရားတို့၏ အသီး အသီး ကိန်းသေမြဲသော အထည်

ကိုယ်၏အဖြစ်ဖြင့်။ သဘာဝ သိဒ္ဓါနိဇဝ ဟုတ္တာ၊ ပင်ကိုယ်သဘော အားဖြင့်ပြီးစီး ထင်ရှားကုန်သည်သာဖြစ်၍။ ဂယှန္တိယထာ၊ ယူအပ် သိအပ်ကုန်သကဲ့သို့။ အနိစ္စတာဒိ လက္ခဏာနိ၊ အနိစ္စတာ စသော သာမညလက္ခဏာတို့ကို။ ဧဝံ၊ ဤသဘာဝ လက္ခဏာနည်းတူ။ န ဂ ယှန္တိ၊ မယူအပ်, မသိအပ်ကုန်။ ဝါ၊ မသိနိုင်ကုန်။ ပန၊ အမှန်အားဖြင့်သော်ကား။ တာနိ၊ ထိုအနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို။ (ဂယှန္တိ၌စပ်)။ ဘင်္ဂ ဒယဗ္ဗယပီဠာဝသသတ္တနာကာရ မုခေန၊ ပျက်သော အမူအရာ, ဖြစ်မှု ပျက်မှုက နှိပ်စက်သော အမူအရာ, အလိုအတိုင်း မဖြစ်သော အမူအရာတို့ကို ခံတွင်း, မျက်နှာပြုသဖြင့်။ ဝါ၊ ပဓာန ရှေ့သွား အရင်းခံထားသဖြင့်။ ဂဟေတဗ္ဗတော၊ ယူအပ် သိအပ်သောကြောင့်။ သမာရောပိတ ရူပါနိ ဝိယ ဟုတ္တာ၊ သဘာဝလက္ခဏာ ပေါ်၌ တင်အပ်သော သဘောတို့ကဲ့သို့ ဖြစ်၍။ ဂယှန္တိ၊ ယူအပ် သိအပ်ကုန်၏။ ဣတိ၊ ဤသို့ သဘာဝလက္ခဏာပေါ်၌ တင်၍ သိသည်နှင့် တူသောကြောင့်။ သာမညလက္ခဏံ အာရောပေတ္တာ တိ၊ သာမညလက္ခဏ သုံးပါးကို တင်၍-ဟူ သော စကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုအပ်ပေ၏။

ဤဋီကာ၌ "ပျက်သော အမူအရာ, ဖြစ်မှု ပျက်မှုက နှိပ်စက်သော အမူအရာ, အလိုအတိုင်း မဖြစ်သော အမူအရာ, အလိုအတိုင်း မဖြစ်သော အမူအရာတို့ကို ရှေးဦးစွာ သိပြီးမှ၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ တို့ကို သိနိုင်ပေသည်၊ ထိုသို့ သိခြင်းသည် သဘာဝ လက္ခဏာပေါ်မှာ သာမညလက္ခဏာကို ဆင့်၍တင်၍ သိသည်နှင့် တူသည်။ ထို့ကြောင့်, 'သာမည လက္ခဏာကို တင်၍ ရှုသည်, ဟု အဋ္ဌကထာဆရာ ဆိုအပ်ပေသည်" ဟူသော ဤစကားတို့ကို လေးနက်စွာ သတိပြုပါလေ၊ သို့ဖြစ်၍, လက္ခဏာရေး တင်၍ ရှု- ဟူရာ၌ "အဖြစ်အပျက်ကို မတွေ့ရသေးမီက၊ မထင်သေးသော လက္ခဏာများ ထင်ရှား လာစေရန် မှန်းဆ၍ ရွတ်ဆိုခြင်း နှလုံးသွင်းခြင်းကို" ဆိုလိုသည် မဟုတ်ပေ၊ အမှန်အားဖြင့်သော်ကား ..... ရုပ်နာမ်တို့၏ ပင်ကိုယ်ရင်း သဘောကို ဖြစ်ပေါ်တဲ့အတိုင်း ရှုမှတ်စဉ်မှာပင် တကယ် ဖြစ်မှု ပျက်မှုတို့ကိုပါ သိရ၍၊ မှတ်သိအပ်ဆဲ ထို ရုပ်နာမ်ကိုငင်း, ထိုရုပ်နာမ်နှင့် နှိုင်းဆ၍ တပါးသော ရုပ်နာမ်တို့ကိုငင်း "မမြဲပါတကား၊ ဆင်းရဲပါတကား၊ အစိုးမရတဲ့ သဘောတရားပါတကား"ဟု ပစ္စက္ခ, အနုမာန ဉာဏ်တို့ဖြင့် သိမြင်ခြင်း, ဆင်ခြင်ခြင်း, သဘောကျခြင်းကိုသာ ဆိုလိုပေသည် ဟု ယုံမှားမရှိ မှတ်သားပါလေ။

ဝယောဝုဍ္ဍတ္ထင်္ဂမ ရှုနည်း ..... အယွယ်အားဖြင့် ကြီးရင်သော ရုပ်၏ ချုပ်ပျက်ခြင်းသည် ဝယောဝုဍ္ဍတ္ထင်္ဂမ မည်၏၊ ၎င်း၏ အလိုအားဖြင့် ရုပ်တို့ကို အပိုင်းကြီး, အပိုင်းငယ် အမျိုးမျိုး ပိုင်းခြား၍ 'အနိစ္စ ဒုက္ခ အနတ္တ' ဟု ရှုမြင် သဘောကျခြင်းသည်၊ ဝယောဝုဍ္ဍတ္ထင်္ဂမအားဖြင့် ရှုသည်မည်၏။ ပုံကား ..... မှတ်သိရသောရုပ်တို့၏ အဖြစ်အပျက်ကို မျက်မှောက် တွေ့မြင်ပြီးသော အခါ၌ ဤသို့ ရှုဆင်ခြင်မိတတ်၏။ ပဌမ အယွယ်က ရုပ်သည် ယခုမှတ်သိရတဲ့ ရုပ်လိုပင် ဒုတိယ အယွယ်သို့ မရောက်မူ၍၊ ထို ပဌမ အယွယ်မှာပင် ချုပ်ပျက် သွားသောကြောင့် "မမြဲ ဆင်းရဲ ငါကောင်မဟုတ်" ဟု ရှု ဆင်ခြင်၏။ ဒုတိယ အယွယ်က ရုပ်လဲ တတိယအယွယ်သို့ မရောက်၊ တတိယ အယွယ်က ရုပ်လဲ နောင်ဘဝသစ်သို့ မရောက်၊ ထို တတိယ အယွယ်မှာပင် ယခုမှတ်သိရတဲ့ ရုပ်လိုပင် ချုပ်ပျက်သွားသောကြောင့် "မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု ရှု ဆင်ခြင်၏။ ယခုကာလ၌ အနှစ်တရာတိုင်အောင် အသက်ရှည်သူကားရှား၏၊ သို့သော်လဲ, အဋ္ဌကထာ၌ ပြသည့်အတိုင်းပင် အသက်တမ်း တရာထား၍ ပြပါအံ့။ အသက်တမ်း အနှစ်တရာကို ၁၀-နှစ်စီ ၁၀-ပိုင်း ပိုင်းခြား၍ "ပဌမ ၁၀-နှစ် အတွင်းက ရုပ်သည် ဒုတိယ ၁၀-နှစ် အတွင်းသို့ မရောက်၊ ထို ပဌမ ၁၀-နှစ် အတွင်းမှာပင် ယခု မှတ်သိရတဲ့ ရုပ်လိုပင် ချုပ်ပျက်သွားသောကြောင့် မမြဲ၊ ဆင်းရဲ၊ ငါကောင်မဟုတ်" ဟု ရှု ဆင်ခြင်၏။ ဒုတိယ ၁၀-နှစ်ပိုင်း စသည်၌ ရှုပုံကို နည်းတူ သိပါလေ။ ထို့ပြင်, အနှစ် တရာကို ငါးနှစ်စီ အပိုင်း ၂၀၊ လေးနှစ်စီ ၂၅-ပိုင်း၊ ၂-နှစ်စီ အပိုင်း ၅၀-၊ တနှစ်စီ အပိုင်းတရာ ပိုင်းခြား၍လဲ ရှု ဆင်ခြင်၏။ တနှစ်ကိုလဲ၊ တဥတုစီ ၃-ပိုင်း၊ ၂-လစီ ၆-ပိုင်း ပိုင်းခြား၍လဲ ရှု ဆင်ခြင်၏။ တလကိုလဲ လဆန်း လဆုတ် ၂-ပိုင်း ပိုင်းခြား၍လဲ ရှု ဆင်ခြင်၏။ တရက်ကိုလဲ နေ့ ညဉ့် အားဖြင့် ၂-ပိုင်း၊ နံနက် နေ့လယ် ညနေ ညဉ့်ဦး သန်းခေါင် မိုးလင်းယာမ် အားဖြင့် ၆-ပိုင်း ပိုင်းခြား၍လဲ "တခုခုသော အပိုင်းမှ အခြား အပိုင်းသို့ မရောက်မီ ယခု မှတ်သိရတဲ့ ရုပ်လိုပင် ချုပ်ပျက် သွားသောကြောင့် မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု ရှု ဆင်ခြင်၏။ ဤဆိုခဲ့ သော ရှု ဆင်ခြင်ပုံ အလုံးစုံသည်၊ ပစ္စက္ခဉာဏ်မှ ဆက်လက်၍ဖြစ်သော အနုမာနဉာဏ် ဖြစ်ပုံချည်းသာတည်း။ ဆိုလတ့်သော ရှုပုံများသည်ကား ပစ္စက္ခဉာဏ်၏ အရာလဲ ဖြစ်သည်သာတည်း။

အဘိက္ကမေ ပဝတ္တရူပံ ပဋိက္ကမံ မပ္ပတ္တာ တတ္ထေဝ နိရုဇ္ဈတိ၊ ပဋိက္ကမေ ပဝတ္တရူပံ အာလောကနံ၊ အာလောကနေ ပဝတ္တရူပံ ဝိလောကနံ၊ ဝိလောကနေ ပဝတ္တရူပံ သမိဉ္ဇနံ၊ သမိဉ္ဇနေ ပဝတ္တရူပံ ပသာရဏံ အပ္ပတ္တာ တတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ အနိစ္စံ ဒုက္ခံ အနတ္တာတိ တိလက္ခဏံ အာရောပေတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၅၆)

ရှေ့သွားဆဲ၌ ဖြစ်သော ရုပ်သည် နောက်ပြန်ဆဲသို့ မရောက်မူ၍၊ ထို ရှေ့သွားဆဲမှာပင် ချုပ်၏။ နောက် ပြန်ဆဲ၌ ဖြစ်သော ရုပ်သည် တဲ့တဲ့ ကြည့်ဆဲသို့ မရောက်မူ၍ ချုပ်၏။ တဲ့တဲ့ ကြည့်ဆဲ၌ ဖြစ်သော ရုပ်သည် စောင်းငဲ့ ကြည့်ဆဲသို့ မရောက်မူ၍ ချုပ်၏။ စောင်းငဲ့ ကြည့်ဆဲ၌ ဖြစ်သောရုပ်သည် ကွေးဆဲသို့ မရောက်မူ၍ ချုပ်၏။ ကွေးဆဲ၌ ဖြစ်သောရုပ်သည် ဆန့်ဆဲသို့ မရောက်မူ၍၊ ထိုကွေးဆဲမှာပင် ချုပ်၏။ ထို့ကြောင့်, 'မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်' ဟု လက္ခဏာ သုံးပါးကို တင်လျက် ရှု၏။ (မြန်မာပြန်)

အထက်ပါ အဋ္ဌကထာ၌ ပြအပ်သောအစဉ်မှာ ဒေသနာအစဉ်မျှသာတည်း၊ ဤအစဉ်အတိုင်း ကျက်မှတ်၍ ဆင်ခြင်ရမည်ဟု ပြလိုရင်းကား မဟုတ်ပေ။ အကြောင်းမူကား .... နောက်သို့ ပြန်ဆုတ်ပြီးတိုင်း တဲ့တဲ့ ကြည့်မှုချည်းသာ ဖြစ်တတ်သည်မဟုတ်၊ ရှေ့သို့ သွားခြင်း, ယိမ်းခြင်း, စောင်းငဲ့ကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်းများလဲ ဖြစ်တတ်သည်သာတည်း။ တဲ့တဲ့ ကြည့်ပြီးတိုင်းလဲ စောင်းငဲ့ကြည့်မှုသာ ဖြစ်တတ်သည်မဟုတ်၊ ရှေ့သို့သွားခြင်း စသည်လဲ ဖြစ်တတ်သည်သာတည်း။ ထို့ပြင်, စောင်းငဲ့ ကြည့်ပြီးတိုင်းလဲ ကွေးမှုမဖြစ်၊ ကွေးပြီးတိုင်းလဲ ဆန့်မှုသာ ဖြစ်တတ်သည် မဟုတ်၊ ရှေ့သို့ ယိမ်းခြင်း စသည်လဲ ဖြစ်တတ်သေးသည် သာတည်း။ ဤသို့ အမူအရာ တခုခု၏ အခြားမဲ့၌ အမှတ်မရှိသော အမူအရာ တမျိုးမျိုး ဖြစ်တတ်ရာတွင် ဖြစ်စဉ်အတိုင်း ရှုပုံကို စုံလင်စွာ မပြမူ၍ သိ နားလည်ရုံမျှသာ ဖော်ပြသောကြောင့် အထက်ပါ အစဉ်ကို ဒေသနာ စအဉ်မျှသာဟု သိရပေသည်။

ဝိပဿနာ ယောဂီသည်ကား ထိုထို ရုပ် အမူအရာတို့ကို ဖြစ်ပေါ်စဉ်အတိုင်းသာလျှင် ရှုမှတ်အပ်၏၊ ထိုသို့ ရှုမှတ်၍, ထိုထိုအခိုက်အတန့်မှာပင် ထိုထို ရုပ်အမူအရာတို့၏ ကုန်ဆုံးသွားခြင်းကို မျက်မှောက်တွေ့ရသောအခါ၌ ထိုထို ရုပ်အမူအရာကို မမြဲဟူ၍ငင်း, ဆင်းရဲဟူ၍ငင်း, ငါကောင် မဟုတ်ဟူ၍ငင်း, ဤသို့သော အသိဉာဏ်သည် မတွေး မဆရဘဲ မှတ်ရုံမျှဖြင့်ပင် ရှင်းလင်းစွာ ဖြစ်ပေါ်၏။

သွားဆဲ၌, "ညာလှမ်းစဉ်က ရုပ်သည် ဘယ်လှမ်းသို့ မရောက်၊ ဘယ် လှမ်းစဉ်က ရုပ်လဲ ညာလှမ်းသို့ မရောက်မူ၍၊ တလှမ်းတလှမ်း အတွင်း၌ သာလျှင် အပိုင်းအပိုင်း ပြတ်လျက် ကုန်ဆုံး သွားသောကြောင့်, မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု မတွေးမဆ ရဘဲ မှတ်ရုံမျှဖြင့်ပင် ရှင်းလင်းစွာ သိ၏။ ထို့ပြင်, "ခြေတလှမ်း တလှမ်း အတွင်းမှာလဲ ကြွစဉ် ရုပ်သည် လှမ်းခိုက်သို့ မရောက်၊ လှမ်းစဉ်က ရုပ်လဲ ချခိုက်သို့ မရောက်၊ ချစဉ်က ရုပ်လဲ တဖက်ခြေ ကြွခိုက်သို့ မရောက်မူ၍၊ ထိုထို ကြွခိုက်, လှမ်းခိုက်, ချခိုက်၌သာလျှင် ကုန်ဆုံးသွားသောကြောင့်, မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု မတွေးမဆရဘဲ မှတ်ရုံမျှဖြင့်ပင် ရှင်းလင်းစွာ သိ၏။ သမ္မသနဉာဏ် ခေါင်ထိပ် သို့ ရောက်သောအခါ၌ကား ခြေတလှမ်း တလှမ်း၌ ၆-ပိုင်း ၆-ပိုင်းသော်လဲ ပြတ်လျက် ထင်တတ်၏။

၆-ပိုင်း ပြတ်ပုံကား ဤသို့တည်း။ ၁-ဥဒ္ဓရဏ=ကြွခိုက်၊ ၂-အတိဟရဏ=တဖက်ခြေဆီသို့ ရောက်အောင် ဆွဲဆောင်ခိုက်၊ ၃-ဗီတိဟရဏ=တဖက်ခြေကို လွန်၍ ရှေ့သို့ လှမ်းခိုက်၊ (မူလဋီကာ, မဟာဋီကာတို့ကို မှီ၍ ခွဲခြားသည်။ အဋ္ဌကထာ အလိုအားဖြင့်ကား ..... အတိဟရဏ=လှမ်းခိုက်၊ ဝီတိဟရဏ=ဆူးငြောင့် စသည်မှ ရှောင်ဖယ်ခိုက်-ဤသို့ ခွဲလေ)။ ၄-ဝေါသဇ္ဇန=လှမ်းသော အဟုန်ကို စွန့်လွှတ်ခိုက်၊ ၅-သန္နိက္ခေပန=မြေပြင်၌ ချထား ခိုက်၊ ၆-သန္နိရုမ္ဘန=ဖိ၍နင်းခိုက်။ ဤ ၆-ပိုင်းတို့တွင် ကြွခိုက်က ရုပ်သည် ဆွဲခိုက်သို့ မရောက်၊ ဆွဲခိုက်က ရုပ်လဲ လှမ်းခိုက်သို့ မရောက်၊ လှမ်းခိုက်က ရုပ်လဲ လွှတ်ခိုက်သို့ မရောက်၊ လွှတ်ခိုက်က ရုပ်လဲ ချခိုက်သို့ မရောက်၊ ချခိုက်က ရုပ်လဲ နင်းခိုက်သို့မရောက်၊ နင်းခိုက်က ရုပ်လဲ တဖက်ခြေ ကြွခိုက်သို့ မရောက်မူ၍၊ ထိုထို ခဏ၌သာလျှင် အဆစ်ဆစ် အပိုင်းအပိုင်း အကန့်အကန့် အပြတ် အပြတ် ဖြစ်လျက် ကုန်ဆုံး ချုပ်ပျက် သွားသောကြောင့်, မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်ဟု ခြေလှမ်းတိုင်း၌ မှတ်ရုံမျှဖြင့်ပင် မတွေး မဆရဘဲ ရှင်းလင်းစွာ သိမြင် သဘောကျ၏။ ဆိုင်ရာ ပဋ္ဌိနှင့် မြန်မာပြန်ကို အခဏ်း (၄) ကမ္မဋ္ဌာန်းနှင့် သတိပဋ္ဌာန်ဘာဝနာ အရတူပုံကို ပြရာ၌ ဖော်ပြခဲ့ပြီ၊ ဝိသုဒ္ဓိမဂ်၌ ရူပသမ္မသန အရာဖြစ်၍ ရုပ်သက်သက်ကို ပြဆိုခြင်းမျှသာလျှင် ထိုပါဠိမှ ထုးတော့သည်။ ဖြစ်ပေါ်တိုင်းသော အမူအရာကိုရှုမှတ်၍ ဤမျှလောက် ရှင်းလင်းစွား သိမြင်လျှင် သမ္မသနဉာဏ်ခေါင်ထိပ်သို့ ရောက်ပြီ၊ ဥဒယဗ္ဗယဉာဏ်၏အစသို့ ရောက်ပြီဟု မှတ်အပ်၏။ ထို့ကြောင့်, ဝိသုဒ္ဓိမဂ်၌ ဤသို့ မိန့်ဆို၏။

တဿေဝံ ပဗ္ဗ ပဗ္ဗ ဂတေ သင်္ခါရေ ဝိပဿတော ရူပသမ္မ သနံ သုခုမံ ဟောတိ။ (၂-၂၅၇)

ဧဝံ၊ ဤသို့သော နည်းဖြင့်။ ပဗ္ဗ ပဗ္ဗ ဂတေ၊ အပိုင်း အပိုင်း အကန့် အကန့် ဖြစ်ကုန်သော။ သင်္ခါရေ၊ သင်္ခါရ တို့ကို။ ဝိပဿတော၊ ရှုမြင်နိုင်လတ်သော်။ ဝါ၊ ရှုမြင်နိုင်သော။ တဿ၊ ထိုယောဂီ၏။ ရူပ သမ္မသနံ၊ ရုပ်ကိုသုံးသပ်သော ဉာဏ်သည်။ သုခုမံ၊ သိမ်မွေ့သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား ..... "ရှေ့သွားဆဲ၌ ဖြစ်သောရုပ်သည် နောက် ပြန်ဆဲသို့ မရောက်" ဟု ရှုမြင်ပုံမှစ၍၊ ခြေတလှမ်း တလှမ်း၌ ၆-ပိုင်း ၆-ပိုင်း ဖြတ်၍ သိမြင်ပုံ အထိ ပြခဲ့ပြီးသော နည်းအတိုင်း ရှင်းလင်းစွာ သိမြင် သဘောကျလျှင် ရူပသမ္မသနဉာဏ် သိမ်မွေ့ပြီးဆုံး၏။ ထို့ထက် မသိမ်မွေ့နိုင်ပြီ၊ သမ္မသနဉာဏ် ဆုံးပြီဟု ဆိုလို၏။ အာဟာရ သမ္မသနနည်း စသည်တို့ကို နောက်မှ ပြဆိုသောကြောင့် ထိုနည်းများအရသိခြင်းက သာ၍သိမ်မွေ့ရာသည် မဟုတ်လော? ဟူငြားအံ့။ ထိုသို့ကား မယူဆအပ်, မမှတ်အပ်ပေ။ အကြောင်းမူကား .... ကျမ်းဂန်အရာ၌ တပေါင်းထည်း ရောနှောပြရန် မဖြစ်နိုင်သောကြောင့် ထိုနည်းများကို နောက်မှ အသီးအသီး ခွဲခြား၍ ပြဆိုရပေသည်၊ အားထုတ်သောအခါ၌ တနည်းပြီးမှတနည်းအားဖြင့် အစဉ်အတိုင်း ရှုရန် ပြထားသည်ကား မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား .... ဤဆိုခဲ့သည့်အတိုင်း ရှင်းလင်းစွာ သိမြင်နိုင်လျှင် ထိုနည်းများ အရလဲ သိမြင်ပြီးသာလျှင် ဖြစ်လေတော့၏။ ထို့ကြောင့်ပင်, သုခုမံဟောတိ ဟု မိန့်ဆိုပေသည်။ ထိုတွင် "ရှေ့သွားဆဲ၌ ဖြစ်သောရုပ်သည် နောက်ပြန်ဆဲသို့မရောက်" ဤသို့စသည်ဖြင့် 'သဘောတူသော ရုပ်အစဉ်သန္တတိ၏ အစအဆုံးကို' ပိုင်းခြား

လျက် သိနိုင်လျှင် ဉာဏ်နုံသောသူမှာ သမ္မသနဉာဏ် ပြီးဆုံးပြီ ယူရာ၏။ ဉာဏ်ထက်သော သူမှာကား ခြေတလှမ်း တလှမ်း၌ ၆–ပိုင်း ၆–ပိုင်းသော်လဲဖြတ်လျက် သမ္မသနဉာဏ် ဖြစ်သည်ဟု ယူရာ၏။ ထို့ပြင်, အဋ္ဌကထာ၌ နာမသတ္တကကို နောက်မှ ပြဆိုခြင်းမှာလဲ ကျမ်းဂန် စကားဖြစ်၍ ရှင်းလင်းစေရန် အတွက်သာတည်း။ အားထုတ်သော ကာလ၌ကား ရုပ်နာမ် မရွေးဘဲ ဖြစ်စဉ်အတိုင်း ထင်ရှားရာကိုသာ ရှုမှတ်အပ်၏။ ထို့ကြောင့်, ယောဂီသည် ရုပ်ကို သန့်ရှင်းစွာ မှတ်သိနိုင်သလောက် နာမ်ကိုလဲ သန့်ရှင်းစွာမှတ်သိနိုင်ပေသည်။ ဤသို့ ရုပ်ကိုမှတ်ယင်းပင် ထင်ရှားသော နာမ်ကိုလဲ မှတ်အပ်သည်သာ ဖြစ်သောကြောင့် "နာမသတ္တက အရာ၌ ရုပ်ကို မှတ်သိတဲ့ စိတ်ကိုပင် ဆက်၍ ရှုမှတ်အပ်ကြောင်းကို" ပြဆိုလျက်ရှိပေသည်၊ သို့ဖြစ်၍, ဤအရာ၌ "ရူပသမ္မသနဉာဏ် ပြီးဆုံးသော်လဲ နာမသမ္မသနဉာဏ်ကား မပြည့်စုံသေး" ဟူ၍ ဤသို့လဲ မယူအပ်, မဆိုအပ်သည်သာတည်း။ အမှန်အားဖြင့်သော်ကား "ရူပသမ္မသနဉာဏ် သိမ်မွေ့သန့်ရှင်းသည်နှင့်အမျှပင်, နာမသမ္မသနဉာဏ်လဲ သိမ်မွေ့သန့်ရှင်းသည်။ ပြီးစီး ပြည့်စုံသည်" ဟူ၍သာ မြဲမြံစွာ မှတ်သားအပ်၏။ ဒုတိယ ရှုနည်း ပြီး၏။

အာဟာရမယ ရှုနည်း ........ အဟာရမယံ ရူပံ ဆာတ သုဟိတဝသေန ပါကဋံ ဟောတိ။ ဆာတကာလေ သမုဋ္ဌိတံ ရူပဥ္စိ ဈတ္တံ ဟောတိ ကိလန္တံ၊ ဈာမခါဏုကောဝိယ အင်္ဂါရ ပစ္ဆိယံနိလီန ကာကော ဝိယ စ ဒုဗ္ဗဏ္ဏံ ဒုဿဏ္ဌိတံ။ သုဟိတကာလေ သမုဋ္ဌိတံ ဓာတံ ပီဏိတံ မုဒု သိနိဒ္ဓံ ဖဿဝန္တံဟောတိ။ သော တံ ပရိဂ္ဂဟေတွာ ဆာတကာလေ ပဝတ္တရူပံ သုဟိတကာလံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ (၂–၂၅၈) ဤသို့ အစရှိသော ဝိသုဒ္ဓိမဂ်နှင့် အညီ, အာဟာရကြောင့်ပြီးသော ရုပ်သည် ဆာလောင်ခြင်း, အစာဝခြင်းတို့ အလိုအားဖြင့် ထင်ရှား၏။ ထင်ရှားပုံကား .... ဆာသော အခါ၌ ဖြစ်သော ရုပ်သည် ညှိုးနွမ်း ပင်ပန်း၏။ မီးလောင်ငုတ်ကဲ့သို့ငှင်း, မီးသွေးတောင်းထဲ၌ ဝပ်နေသော ကျီးကန်းကဲ့သို့ငှင်း, အဆင်းသဏ္ဌာန် မလှပ။ အစာဝသောအခါ၌ ဖြစ်သော ရုပ်သည်ကား ပြည့်ဝစိုပြေ၏၊ နူးညံ့ ညက်ညော၏၊ ကောင်းသော အတွေ့ရှိ၏။ ယောဂီသည် ဆာဆဲ, အစာဝဆဲ၌ ထူးခြား ထင်ရှားသော ထိုရုပ်ကို ရှုမှတ် သိမ်းဆည်း၍ "ဆာစဉ်က ရုပ်သည် အစာဝစဉ်သို့ မရောက်၊ ထို ဆာစဉ်မှာပင်ချုပ်၏၊ အစာဝစဉ်ကရုပ်လဲ တဖန်ဆာစဉ်သို့မရောက်၊ ထိုဝစဉ်မှာပင်ချုပ်၏၊ ထို့ကြောင့်, မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု အာဟာရကြောင့် ပြီးသော ရုပ်ကို ရှုမြင် သဘောကျ၏။ တတိယ ရှုနည်းပြီး၏။

ဥတုမယ ရှုနည်း ..... ဥတုမယံ ရူပံ သီတုဏှဝသေန ပါကဋံ ဟောတိ။ ဥဏှကာလေ သမုဋ္ဌိတံ ရူပဥ္စိ ဈတ္တံ ဟောတိ ကိလန္တံဒုဗ္ဗဏ္ဏံ။ သီတဥတုနာ သမုဋ္ဌိတံ ရူပံ ဓာတံ ပီဏိတံ သိနိဒ္ဓံဟောတိ။ သော တံ ပရိဂ္ဂဟေတွာ ဥဏှကာလေ ပဝတ္တရူပံ သီတကာလံအပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ (၂–၂၅၉) ဤသို့အစရှိသော ဝိသုဒ္ဓိမဂ်နှင့်အညီ, ဥတုကြောင့်လဲ ပြီးသော ရုပ်သည် အအေးဓာတ်, အပူဓာတ်တို့ အလိုအားဖြင့် ထင်ရှား၏။ ထင်းရှားပုံကား .... ပူသော ကာလ၌ဖြစ်သော ရုပ်သည် ညှိုးနွမ်း ပင်ပန်း၏၊ အဆင်း မလှ။ အေးသော ဥတုကြောင့် ဖြစ်သော ရုပ်သည် ပြည့်ဝ စိုပြေ၏၊ ညက်ညော၏၊ ယောဂီသည် ပူဆဲ, အေးဆဲ၌ ထူးခြား ထင်ရှားသော ထိုရုပ်ကို ရှုမှတ်သိမ်းဆည်း၍ "ပူစဉ်က ရုပ်သည် အေးခိုက်သို့မရောက်၊ ထို ပူစဉ်မှာပင် ချုပ်၏၊ အေးစဉ်က ရုပ်လဲ ပူခိုက်သို့မရောက်၊ ထိုအေးစဉ်မှာပင် ချုပ်၏။ ထို့ကြောင့်, မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု ဥတုကြောင့် ပြီးသော ရုပ်ကို ရှုမြင်သဘောကျ၏။ စတုတ္ထ ရှုနည်းပြီး၏။

ကမ္မဇရှုနည်း ..... ကမ္မဇံ အာယတနဒွါရဝသေန ပါကဋံ ဟောတိ။ စက္ခုဒွါရသ္မိဥ္စိ စက္ခု–ကာယ–ဘာဝ–ဒသက ဝသေနတိံသ ကမ္မဇရူပါနိ, ဥပထမ္ဘကာနိ ပန တေသံ ဥတု စိတ္တာဟာရ သမုဋ္ဌာနာနိ စတုဝီသတီတိ စတုပ္ပဏ္ဏာသ ဟောန္တိ။ တထာသောတ ဃာန ဇိဝှါ ဒွါရေသု။ ကာယဒွါရေ ကာယ–ဘာဝ–ဒသက ဝသေန စေဝ ဥတုသမုဋ္ဌာနာဒိ ဝသေန စ စတုစတ္တာလီသ။ မနောဒွါရေ ဟဒယဝတ္ထု–ကာယ–ဘာဝ–ဒသက ဝသေန စေဝ ဥတုသမုဋ္ဌာနာဒိ ဝသေန စ စတုပ္ပဏ္ဏာသ မေဝ (ဝိသုဒ္ဓိမဂ် ၂–၂၅၉)

မြန်မာပြန်နှင့် အဓိပ္ပါယ်..... ကံကြောင့် ဖြစ်သော ရုပ်သည် ဖဿဖြစ်ကြောင်း ဒွါရတို့ အလိုအားဖြင့် ထင်ရှား ၏။ ( "အာရုံနှင့် စိတ်တွေ့ကြောင်း ဖြစ်သော မျက်စိ ကြည်လင်မှု, နား နှာခေါင်း လျှာ ကိုယ် ကြည်လင်မှု, နှလုံးရုပ်, တို့ ထင်ရှားသဖြင့်၊ ၎င်းတို့နှင့် တပေါင်းတည်းဖြစ်သော ကမ္မဇရုပ်ဟူသမျှ ထင်ရှားရာရောက်သည်" ဟုဆိုလို၏။) ထင်ရှားပုံကား ... စက္ခုဒွါရ၌။ စက္ခုဒသက, ကာယဒသက, ဘာဝဒသကတို့ အလိုအားဖြင့် ကမ္မဇရုပ် (၃၀) + ထို့ပြင်, ၎င်းတို့ကို ထောက်ပံ့သော ဥတုဇ, စိတ္တဇ, အာဟာရဇ ရုပ် (၂၄)ပါးဟူသော ရုပ်ပေါင်း (၅၄)ပါး ထင်ရှားကုန်၏။

[မြင်နိုင်အောင် မျက်စိ ကြည့်ခိုက်=မြင်ခိုက်၌၊ ထို မျက်စိ ကြည်မှုရှိသည်ကို ထင်ရှားသိသဖြင့် "မျက်လုံးသားထဲမှာ ထို မျက်စိ ကြည်မှုနှင့်တကွ တပေါင်းထည်းဖြစ်ပေါ်သော" ရုပ် (၅၄)ပါးလုံး ထင်ရှားရာရောက်သည်ဟု ဆိုလို၏။ သို့သော်လဲ၊ အဘိဓမ္မာ သရုပ်ခွဲကြံစဉ်မှာကဲ့သို့၊ "မျက်လုံးထဲ၌ ကလာပ်ပေါင်း မည်မျှ, ရုပ်ပေါင်း မည်မျှ, မည်သည့် ကလာပ်များ, မည်သည့်ရုပ်များ ဖြစ်ပေါ်ကြသည်" ဟူ၍ကား ထင်ရှားသည် မဟုတ်ပေ၊ ထိုသို့ ထင်ရှားသည်ကိုလဲ ဆိုလိုသည် မဟုတ်ပေ။ ထို့ကြောင့်ပင်, အာယတနဒွါရဝသေန=အာယတနဒွါရ အလိုအားဖြင့် ထင်ရှားသည်ဟု ဝိသေသနနှင့် တကွ ဆိုပေသည်။ ဤအရာ၌ အချို့က "ကလာပ် ၆-စည်း, ရုပ် ၅၄–ပါးတို့ကို အမည် သင်္ချာနှင့်တကွ စုံလင်စွာ ရေတွက် ဆင်ခြင်၍ သိပါမှ အတိအကျ အမှန်သိ ဖြစ်သည်" ဟု မှတ်ထင်ရာ၏။ ထိုသို့ကား မထင်အပ်ပေ၊ အဘယ်ကြောင့်နည်းဟူမူ ...... ကလာပ် ၆–စည်း, ရုပ် ၅၄ ပါးတို့ကို အမည်သင်္ချာနှင့်တကွ စုံလင်စွာရေတွက်ဆင်ခြင်သော်လဲ အတိအကျ အမှန်သိ မဖြစ်သေးသော

ကြောင့်ပေတည်း။ ထင်ရှားစေဦးအံ့ ..... ကလာပ် ၆ စည်း ဟူသည်မှာ အမျိုးတူ ကလာပ်များစွာကို တပေါင်းတည်း ရေတွက်၍ပြအပ်သော အရေအတွက်ပေတည်း။ အသီးအသီး ရသင့်သမျှ ရေတွက်၍ ပြအပ်သော အရေတွက်ကား မဟုတ်သေး။ ထို့ကြောင့်, မြင်ခိုက်၌ မျက်လုံးထဲမှာ စက္ခုဒသက ကလာပ်ပေါင်း မည်မျှ ဖြစ်သည် ဟူ၍၎င်း၊ ကာယဒသက စသည်တို့တွင်လဲ အသီး အသီး ကလာပ်ပေါင်း မည်ရွေ့ မည်မျှစီဖြစ်ကြသည် ဟူ၍၎င်း၊ ဘုရားမှ တပါး, မည်သူမျှ၊ အတိအကျ မှန်ကန်စွာ မသိနိုင်ရာ၊ သဗ္ဗညုတဉာဏ်၏ အရာသာဖြစ်ထိုက်ပေသည်။ သို့ဖြစ်၍, ကလာပ် ၆–စည်း ရုပ် ၅၄–ပါးဟု ရေတွက် ဆင်ခြင်၍ သိသော်လဲ အတိအကျ အမှန်သိကား မဖြစ်သေးသည် သာတည်း။ ထို့ပြင်, တကြိမ် တကြိမ် မြင်ခိုက်၌ ထိုကလာပ်ပေါင်း ရုပ်ပေါင်းတို့ကို အမည် သချ်ာနှင့်တကွ စုံလင်စွာ ရေတွက် ဆင်ခြင်ရန်လဲ မစွမ်းနိုင်သည်သာတည်း။ စွမ်းနိုင်စေကာမူ, ဝိပဿနာဖြင့် အနုသယ ကိလေသာ၏ ဖြစ်ရာဘုံအဖြစ်ကို ဖျက်ဆီးရန်သာ လိုပေသည်၊ မြင်ခိုက်၌ ထင်ရှားသော မျက်စိကြည်မှု ရုပ်ကို 'အနိစ္စ ဒုက္ခ အနတ္တ' ဟု မှန်ကန်စွာ သိလျှင်, ၎င်းနှင့်အတူတကွ ဖြစ်သော မျက်လုံးသား ရုပ်ဟူသမျှ၌ 'နိစ္စ သုခ အတ္တ' ဟု စွဲလမ်းမှု မကျရောက်နိုင်သည်သာဖြစ်၍၊ ထို ကလာပ် ၆–စည်း, ရုပ် ၅၄–ပါး၏ အနုသယဘုံအဖြစ်ကို ဖျက်ဆီးမှုလဲ ပြီးစီးတော့သည်သာတည်း။ ထို့ကြောင့်ပင်, ဝိပဿနာဆိုင်ရာ သုတ်ပါဠိတော်တို့၌ ကလာပ်နှင့် ရုပ်တို့၏ အမည် သချ်ာကို သိရန် ညွှန်ပြမှု၍ စက္ခုံ့ ပဇာနာတိ၊ စက္ခုံ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ စသည်ဖြင့် ထိုရုပ် ၅၄–ပါးထဲက စက္ခုပသာဒ ရုပ်ကိုသာလျှင် သိရန် ညွှန်ပြတော်မူပေ သည်၊ ဝိသုဒ္ဓိမဂ်၌လဲ အာဟာရမယ, ဥတုမယ, စိတ္တဇ ရှုနည်းတို့အရာ၌ ကလာပ်ရုပ်တို့၏ အမည်သချ်ာကို သိရန်မညွှန်ပြမူ၍၊ သာမန်အားဖြင့်သာလျှင် သိရန်ညွှန်ပြတော်မူပေ သည်။ သို့ဖြစ်၍, ဤကမ္မဇရှုနည်းအရာမှာလဲ "မြင်တိုင်း မြင်တိုင်းသောခဏ၌ မျက်စိကြည်မှု=စက္ခုဒ္ဒါရရုပ်တခု၏ ထင်ရှားခြင်းကြောင့်၊ မျက်လုံးထဲ၌ တပေါင်းတည်း ဖြစ်ပေါ်ကြသော ကလာပ် ၆–စည်း, ရုပ် (၅၄)ပါးလုံး ထင်ရှားရာ ရောက်သည်ကိုသာ ပြလိုရင်းဖြစ်သည်" ဟူ ၍ မြဲမြံစွာ မှတ်သားအပ်၏။ နောက် စကားများ၌လဲ နည်းတူပင် သိပါလေ]

## (မြန်မာပြန်အဆက်)

သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ တို့၌ (ကြားခိုက်, နံခိုက်, စားသိခိုက် တို့၌) ထို့အတူပင် ရုပ်ပေါင်း ၅၄–ပါးစီ ထင်ရှားကုန်၏။ ကာယဒွါရ=တွေ့ထိခိုက်၌ ကာယဒသက, ဘာဝဒသက, ဥတုဇကလာပ် စသည်တို့ အလိုအားဖြင့် ရုပ်ပေါင်း ၄၄–ပါး ထင်ရှားကုန်၏။ မနောဒွါရ=ကြံသိခိုက်၌ဟဒယသတ္တုဒသက, ကာယဒသက, ဘာဝဒသက, ဥတုဇကလာပ် စသည်တို့ အလိုအားဖြင့် ရုပ်ပေါင်း ၅၄–ပါးပင် ထင်ရှားကုန်၏။

သော သဗ္ဗမ္ပိ တံ ရူပံ ပရိဂ္ဂဟေတွာ စက္ခုဒွါရေ ပဝတ္တရူပံ သောတဒွါရံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ၊ သောတဒွါရေ ပဝတ္တရူပံ ဇိဝှါဒွါရံ၊ ဇိဝှါဒွါရေ ပဝတ္တရူပံ ကာယဒွါရံ၊ ကာယဒွါရေ ပဝတ္တရူပံ မနောဒွါရံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ။ တသ္မာ တံအနိစ္စံ ဒုက္ခံ အနတ္တာတိ ဧဝံ တတ္ထ တိလက္ခဏံ အာရောပေတိ။ (ရှေးစကားလုံး၏ အဆက် ဝိသုဒ္ဓိမဂ်ပင်)

သော၊ ထိုယောဂီသည်။သဗ္ဗမ္ပိတံ ရူပံ၊ မြင်ခိုက် စသည်၌ ထင်ရှားသည့် မျက်စိကြည်မှု စသော ထိုရုပ် အလုံးစုံကိုလဲ။ (ပိ–သဒ္ဒါဖြင့် တစုံတခုသော ရုပ်ကို ဆည်း၏)။ ပရိဂ္ဂဟေတွာ၊ ရှုမှတ် သိမ်းဆည်း၍။ စက္ခုဒွါရေ ပဝတ္တရူပံ၊ စက္ခုဒွါရ= မြင်ခိုက်၌ ဖြစ်သောရုပ်သည်။ သောတဒွါရေ အပ္ပတွာ၊ သောတဒွါရ=ကြားခိုက်သို့ မရောက်မူ၍။ ဧတ္ထေဝ နိရုဇ္ဈတိ၊ ဤ မြင်ခိုက်မှာပင် ချုပ်၏။ သောတဒွါရေ ပဝတ္တရူပံ၊ ကြားခိုက်၌ဖြစ်သော ရုပ်သည်။ ဃာနဒွါရံ၊ နံခိုက်သို့ မရောက်ဘဲ ကြားခိုက်မှာပင် ချုပ်၏။ ဃာနဒွါရေ ပဝတ္တရူပံ၊ နံခိုက်၌ ဖြစ်သော ရုပ်သည်။ ဇိဝှါဒွါရံ၊ စားသိခိုက်သို့ မရောက်ဘဲ နံခိုက်မှာပင်ချုပ်၏။ ဇိဝှါဒွါရေ ဖတ္တရူပံ၊ စားသိခိုက်၌ ဖြစ်သော ရုပ်သည်။ ကာယဒွါရံ၊ ထိသိခိုက်သို့ မရောက်ဘဲ စားသိခိုက်မှာပင်ချုပ်၏။ ကာယဒွါရေ ပဝတ္တရူပံ၊ ထိသိခိုက်၌ ဖြစ်သော ရုပ်သည်။ မနောဒွါရံ အပ္ပတွာ၊ ကြံသိခိုက်, မှတ်သိခိုက်သို့ မရောက်မူ၍။ ဧတ္ထေဝ နိရုဇ္ဈတိ၊ ဤထိသိခိုက်မှာပင် ချုပ်၏။ တသ္မာ၊ ထိုသို့ မြင်ခိုက်, ကြားခိုက်, စသော ထိုထို ခဏမှာပင် ချုပ်ပျက်သောကြောင့်။ တံ၊ ထို မျက်စိကြည်မှု စသော ရုပ်သည်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ မမြဲ ဆင်းရဲ ငါကောင် မဟုတ် ဟူ၍။ ဧဝံ၊ ဤသို့။ တတ္ထ၊ ထိုကမ္မဇရုပ်၌။ တိလက္ခဏံ၊ လက္ခဏာ သုံးပါးကို။ အာရောပေတိ၊ တင်၏။

အထက်ပါ စကား၌ ပြထားသော အစဉ်သည်လည်း ဒေသနာ အစဉ်မျှသာတည်း။ ကျက်မှတ်၍ ဤ အစဉ်အတိုင်း ရှုရမည်ဟု ့ပြလိုသော ပဋိပတ္တိက္ကမ=ကျင့်စဉ်ကား မဟုတ်သေးပေ။ အကြောင်းမူကား .... မြင်မှု၏ အခြားမဲ့၌ ကြားမှုသာ ထင်ရှားတတ်သည်လဲမဟုတ်၊ ဗာလ ပုထုဇဉ်တို့ကလဲ "မြင်ခိုက်က ရုပ်သည် ကြားခိုက်သို့ ရောက်သွားသည်=ကြားခိုက် တိုင်အောင် တည်ရှိ နေသည်၊ မြင်နိုင်အောင် ကြည်တာနှင့် ကြားနိုင်အောင် ကြည်တာဟာ တကောင်ထည်းဘဲမြင်တာနှင့် ကြားတာဟာ တယောက်ထည်းဘဲ" ဟု ဤသို့ သာလျှင် ထင်မှတ် စွဲလမ်းကြသည် လဲ မဟုတ်ချေ။ အမှန်အားဖြင့်သော်ကား မြင်မှု၏ အခြားမဲ့၌ နံမှုလဲ ထင်ရှားတတ်၏၊ ထိုအခါ၌ ဗာလပုထုဇဉ် တို့ သည် "မြင်ခိုက်က ရုပ်ဟာ နံခိုက်သို့ ရောက်သွား သည်=နံခိုက်တိုင်အောင် တည်ရှိနေသည်၊ မြင်မှုကပင် နံမှု ဖြစ်သွားသည်၊ မြင်နိုင်အောင် ကြည်တာနှင့် နံနိုင်အောင် ကြည်တာဟာ တကောင်တည်းဘဲ၊ မြင်တာလဲငါပင် + နံတာလဲငါပင်၊ တယောက်ထည်းကဘဲ မြင်လဲ မြင်သည် + နံလဲနံ သည်" ဟု ဤသို့လဲ ထင်မှတ် စွဲလမ်းကြသေး၏။ ဤမျှသာ မကသေး၊ မြင်မှု၏ အခြားမဲ့၌ စားသိမှု, ထိသိမှု, ကြံသိမှုများလဲ

ထင်ရှားတတ်သေး၏။ ထိုအခါ၌၊ ဗာလပု ထုဇဉ်တို့သည် "မြင်မှုကပင် စားမှု ထိမှု ကြံမှု ဖြစ်သွားသည်၊ မြင်တာလဲ ငါပင် + စားတာ ထိတာ ကြံတာလဲ ငါပင်, တယောက်ထည်းဘဲ" ဟု ဤသို့လဲ ထင်မှတ် စွဲလမ်းကြသေး၏။ ကြားမှု စသည်တို့၏ အခြားမဲ့၌လဲ၊ ပြထားသည့်အစဉ်မှ တပါးသောအခြင်းအရာအားဖြင့် ထင်ရှားဖြစ်တတ်ပုံ, ထင်မှတ်စွဲလမ်းတတ်ပုံတို့ကို နည်းမှီး ၍သိပါလေ။ ဝိပဿနာ ဟူသည်မှာလဲ ရုပ်နာမ် တို့ကို ထင်ရှား ဖြစ်ပေါ်စဉ်အတိုင်း ရှုမြင်လျက် ဗာလပုထုဇဉ်တို့၏ စွဲလမ်းမှု, စွဲလမ်းရာ အနုသယဘုံ, တို့ကို ပယ်ဖျောက် ဖျက်ဆီးမြဲပေတည်း။ သို့ဖြစ်၍, တခုခုသော ဒွါရ ထင်ရှားသည်၏ အခြားမဲ့၌ ဖြစ်စဉ်အတိုင်း ထင်ရှားနိုင်သော ဒွါရ ဟူသမျှကို စုံလင်စွာ ဖေါ်ပြသင့်ပေ၏။ သို့ဖြစ်ပါလျက်, အစုံအလင် မပြမူ၍ ဒေသနာ စဉ် အတိုင်းသာလျှင် ဖေါ်ပြထားခြင်းကြောင့်၊ ထိုအစဉ်ကို ဒေသနာအစဉ်မျှသာ ဟူ၍ သိရပေ သည်။

ပဋိပတ္တိက္ကမ=ကျင့်စဉ်ကား ဤသို့တည်း။ မြင်မှု, ကြားမှု စသည်တို့ကို ဖြစ်ပေါ်စဉ်အတိုင်း မလစ် လပ်ရအောင် ရှုမှတ်လျက် ရှိသောယောဂီသည် မြင်ပြီးတဲ့နောက်၌ ကြားလျှင်, "မြင်စဉ်က ရုပ်သည်၊ ကြားခိုက်သို့ မရောက်၊ မြင်ခိုက်မှာပင် ကုန်ဆုံးသွားသည်" ဟု သိ၏။ ထို့အတူ, မြင်ပြီးတဲ့နောက်၌ နံလျှင်, စားသိလျှင်, ထိသိ လျှင်, ကြံသိလျှင်, "မြင်စဉ်ကရုပ် သည် နံခိုက်, စားခိုက်, ထိခိုက်, ကြံခိုက်သို့မရောက်၊ မြင်ခိုက်မှာပင် ကုန်ဆုံးသွား သည်" ဟု သိ၏။ ထို့အတူ, ကြားပြီးတဲ့ နောက်၌မြင်လျှင်, နံလျှင်, စားလျှင်, ထိလျှင်, ကြံလျှင်, "ကြားစဉ်က ရုပ် သည် မြင်ခိုက်, နံခိုက်, စားခိုက်, ထိခိုက်, ကြံခိုက် သို့မရောက်၊ ကြားခိုက်မှာပင် ကုန်ဆုံး သွားသည်ဟု" သိ၏။ နံပြီး နောက်၌ မြင်လျှင်, ကြားလျှင်, စားလျှင်, ထိလျှင်, ကြံလျှင်, "နံစဉ်က ရုပ်သည် မြင်ခိုက်, ကြားခိုက်, စားခိုက်, ထိခိုက်, ကြံခိုက်သို့ မရောက်၊ နံခိုက်မှာပင် ကုန်ဆုံး သွားသည်" ဟု သိ၏။ စားသိပြီးတဲ့နောက်၌ မြင်လျှင်, ကြားလျှင်, နံလျှင်, ထိလျှင်, ကြံလျှင်, "စားသိစဉ်က ရုပ်သည် မြင်ခိုက်, ကြားခိုက်, နံခိုက်, ထိခိုက်, ကြံခိုက် သို့ မရောက်၊ စားသိခိုက်မှာပင် ကုန်ဆုံးသွားသည်" ဟုသိ၏။ ထိသိပြီးတဲ့နောက်၌ မြင်လျှင်, ကြားလျှင်, နံလျှင်, စားလျှင်, ကြံလျှင်, "ထိစဉ်က ရုပ်သည် မြင်ခိုက်, ကြားခိုက်, နံခိုက်, ကြံခိုက်သို့ မရောက်၊ ထိသိခိုက်မှာပင် ကုန်ဆုံး သွားသည်" ဟုသိ၏။ ကြံသိ ရှုမှတ်ပြီးတဲ့ နောက်၌ မြင်လျှင်, ကြားလျှင်, နံလျှင်, ထိလျှင်, "ကြံစဉ် မှတ်စဉ်က ရုပ်သည် မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, ထိခိုက်, သို့ မရောက်၊ ကြံခိုက် မှတ်ခိုက်မှာပင် ကုန်ဆုံးသွား သည်" ဟုသိ၏။ အထပ်ထပ်မြင်ရာ, အထပ်ထပ် ကြားရာ စသည်၌လဲ ပဌမ မြင်စဉ်က ရုပ်သည် ဒုတိယ မြင်ခိုက်သို့ မရောက်၊ ဒုတိယ မြင်စဉ်က ရုပ်သည် တတိယ မြင်ခိုက်သို့ မရောက်၊ ပဌမ ကြားစဉ်က ရုပ်သည် ဒုတိယ ကြားခိုက် သို့မရောက်၊ ဒုတိယ ကြားစဉ်က ရုပ်သည် တတိယ ကြားခိုက်သို့ မရောက်၊ ထိုထို ခဏမှာပင် ကုန်ကုန်သွားသည် ဟု ဤသို့ စသည်ဖြင့် သိ၏။ ဤသို့ တခုခုသော အခိုက်အတန့်က ရုပ်သည် အခြားတပါး အခိုက်အတန့်သို့ မရောက်ဘဲ ထို ထို မိမိ၏ အခိုက်အတန့်မှာပင် ကုန် ကုန် သွားသည်ဟု မျက်မှောက် တွေ့ရသောကြောင့် ထင်ရှားသော ထိုရုပ် အပေါင်းကို 'မမြဲ၊ဆင်းရဲ၊ ငါကောင် မဟုတ်' ဟု မတွေးမဆရဘဲ မှတ်ရုံမျှဖြင့်ပင် ရှင်းလင်းစွာ သိမြင် သဘောကျ၏။ ပဥ္စမရှုနည်းပြီး၏။

စိတ္တဇ ရှုနည်း ...... စိတ္တသမုဋ္ဌာနံ သောမနဿိတ ဒေါမနဿိတ ဝသေန ပါကဋံ့ ဟောတိ (၂-၂၅၉) စသည်နှင့်အညီ, စိတ်ကြောင့်ဖြစ်သော ရုပ်သည် ဝမ်းမြောက်တဲ့ စိတ်, နှလုံးမသာတဲ့စိတ်တို့ အလိုအားဖြင့် ထင်ရှား၏။ အလွန် ထင်ရှားသော ဝေဒနာဖြင့် ပြလို၍သာ ဤသို့ ဆိုပေသည်။ မရွှင်မညှိုးသော စိတ်ဖြင့် ထိုင်လို ထလို ကွေးလို ဆန့်လိုသောအခါ စသည်တို့၌ မရွှင်မညှိုးသော စိတ်၏ အလိုအားဖြင့်လဲ ထင်ရှားသေးသည်သာတည်း။ သို့ဖြစ်၍ ယောဂီ သည် ဝမ်းသာမှု, နှလုံးမသာမှုတို့ ပြောင်းလဲ သွားသော အခါများ၌ ဝမ်းသာတဲ့စိတ်နှင့် ရွှင်လန်းတက်ကြွတဲ့ ရုပ်တို့ကို ၎င်း၊ နှလုံးမသာတဲ့စိတ်နှင့် ညှိုးနွမ်းတဲ့ ရုပ်တို့ကို၎င်း၊ ဖြစ်ခိုက် ဖြစ်ခိုက်၌ မှတ်မိ၍ ဤသို့သိ၏။ ဝမ်းသာစဉ်က ရုပ် သည် နှလုံးမသာခိုက်သို့ မရောက်၊ နှလုံး မသာစဉ်ကရုပ်သည် ဝမ်းသာခိုက်သို့မရောက်၊ ထိုသို့ ဝမ်းသာစဉ်, နှလုံး မသာစဉ်မှာပင် ကုန်ဆုံးသွားသည်ဟုသိ၏။ ထိုင်လို ထလို ကွေးလို ဆန့်လိုသော အခါ စသည်၌၊ ကြံစည်တဲ့ စိတ် များနှင့်၊ ထိုင်ရုပ် ထရုပ် ကွေးရုပ် စသည်တို့ကို ဖြစ်ခိုက် ဖြစ်ခိုက်၌ မှတ်မိ၍၊ ထိုထို အခိုက်အတန့်မှာပင် ကုန်ဆုံးသွားသည်ဟု သိ၏။ ထို့ကြောင့်, စိတ် အမူအရာအားလျော်စွာဖြစ် သော ကိုယ်အမူအရာ ရုပ်တို့ကို "မမြဲတာချည်းဘဲ၊ ဆင်းရဲချည်းဘဲ=မကောင်းတာချည်းဘဲ၊ အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင် မဟုတ်တာချည်းဘဲ" ဟု မတွေးမဆ ရဘဲ မှတ်ရုံမျှဖြင့်ပင် ရှင်းလင်းစွာ သိမြင် သဘောကျ၏။ ဆဋ္ဌရှုနည်း ပြီး၏။

ဤဆိုခဲ့သောနည်းဖြင့်၊ စိတ္တဇရုပ်တို့၌၊ လက္ခဏာ သုံးပါးကို ရှုမြင်သော သူအား ဆိုလတံသော ဂါထာတို့ဖြင့် ပြအပ် သော အနက်အတိုင်း သင်္ခါရတို့၏ အသက်တိုပုံ ထင်ရှားသည်ဟု ဝိသုဒ္ဓိမဂ်၌ မိန့်ဆို၏။ (ဝိသုဒ္ဓိ ၂-၂၆၀၊ မဟာနိဒ္ဒေသ ၃၂)

ဇီဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေ ဝ လာ။
ဧကစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။ ။

ဇီဝိတဉ္စ၊ အသက်သည်၎င်း။ အတ္တဘာဝေါစ၊ ကိုယ်ကောင် ဟု ထင်မှတ် ပြောဆိုရလောက်အောင် ပေါင်းစုလျက် ဖြစ်ပေါ်နေသော ရုပ် နာမ် အပေါင်းသည်၎င်း။ သုခဒုက္ခာ စ၊ ချမ်းသာမှု, ဆင်းရဲမှု တို့သည် ၎င်း။ ကေဝလာ၊ ငါကောင် အဖြစ်, မြဲသည့်အဖြစ်နှင့် မရောမယှက် သက်သက် သီးခြား သဘော တရားမျှတို့ သာ တည်း။ ဧကစိတ္တသမာ ယုတ္တာ၊ စိတ် တချက် တချက်နှင့်သာ ယှဉ်ပြိုင်လျက် ဖြစ်ပေါ်ကုန်၏။ ခဏော၊ အသက် ရှည် ခိုက် ခဏသည်။ လဟု သော၊ လျှင်မြန် တိုတောင်းစွာ။ ဝတ္တတေ၊ ဖြစ်၏။

အသက်, ချမ်းသာ, ဆင်းရဲ, ကိုယ်ကောင်ဟု ထင်ရတဲ့ တရားများ, ဤအလုံးစုံသည် ငါကောင်လဲ မဟုတ်၊ ငါကောင်နှင့်လဲမစပ်ဆိုင်၊ မြဲလဲမမြဲ၊ သူ့အကြောင်းအားလျော်စွာ ဖြစ်ပျက်နေသော သက်သက်သီးခြား သဘောတရားမျှ ချည်းသာတည်း။ စိတ်တချက် တချက်မျှ အတွင်း၌သာလျှင် တည်နိုင်အသက်ရှင်နိုင်သောကြောင့်, အသက်ရှင်ရာ ခဏသည် အလွန်ပင်လျှင်မြန် တိုတောင်းလှစွာ၏– ဟု ဆိုလို၏။

စုလ္လာသီတိ သဟဿနိ၊ ကပ္ပံ တိဋ္ဌန္တိ ယေ မရူ။
န တွေဝ တေပိ တိဋ္ဌန္တိ၊ ဒွီဟိ စိတ္တေဟိ သမောဟိတာ။ ။

ယေမရူ၊ အကြင် နေဝသညာ ဗြဟ္မာတို့သည်။ စုလ္လာသီတိ သဟဿနိ ကပ္ပံ၊ ကပ္ပါပေါင်း ရှစ်သောင်း လေးထောင်ပတ်လုံး။ တိဋ္ဌန္တိ၊ အသက်ရှင်လျက် တည်ကြကုန်၏။ တေပိ၊ ထို ဗြဟ္မာတို့သည်လည်း။ ဒွီဟိ စိတ္တေဟိ သမောဟိတာ၊ စိတ်နှစ်ခုတို့နှင့် တကွ ဖြစ်ကုန်၍။ ဝါ၊ စိတ် နှစ်ချက်ခန့် တည်တံ့ကုန်၍။ န တွေဝ တိဋ္ဌန္တိ၊ အသက် ရှင်ကာ မတည်နိုင်ကုန်သည်သာတည်း။ ။ (ထိုဗြဟ္မာများလဲ လူများလိုပင် စိတ် တချက် တချက် ခန့်မျှသာ အသက် ရှင်လျက် တည်နေကြသည် ဟု ဆိုလို၏။ နိဒ္ဒေသပါဠိတော် စာအုပ်တို့၌ကား န တွေဝ တေပိ ဇီဝန္တိ–ဟုရှိ၏။

ယေ နိရုဒ္ဓါ မရန္တဿ၊ တိဋ္ဌမာနဿ ဝါ ဣဓ။
သဗ္ဗေပိ သဒိသာ ခန္ဓာ၊ ဂတာ အပ္ပဋိသန္ဓိကာ။ ။

မရန္တဿ၊ သေဆဲ ဖြစ်သောသူ၏။ ယေ ခန္ဓာ၊ အကြင် နောက်ဆုံး ခန္ဓာတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျက်လေကုန်၏။ ဣဓ တိဋ္ဌမာနဿ ဝါ၊ ယခုဘဝ၌ အသက်ရှင်လျက် တည်ဆဲဖြစ်သော သူ၏လဲ။ ယေခန္ဓာ၊ မြင်မှု ကြားမှု ကွေးမှု ဆန့်မှု စသော အကြင် ခန္ဓာတို့သည်။ နိရုဒ္ဓါ၊ မှတ်ခိုက် မှတ်ခိုက်မှာပင် ချုပ်ပျက်လေကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလဲ ဖြစ်ကုန်သော။ တေ ခန္ဓာ၊ သေသူ, ရှင်သူနှစ်ဦးတို့၏ ချုပ်ပျက်သွားသော ထိုခန္ဓာနှစ်မျိုးတို့သည်။ သဒိသာ၊ ချုပ်ပျက်ပုံအားဖြင့် တူကုန်၏။ အပ္ပဋိသန္ဓိကာ၊ တဖန် ပြန်လာ၍ မစပ်ကုန်=မဖြစ်ကုန်ဘဲ။ ဂတာ၊ အပြီးတိုင် ကင်းပျောက် သွားကုန်သည်ချည်း သာတည်း။

မသေမီကာလ ရှုမှတ်ဆဲ ကာလ၌၊ မှတ်တိုင်းမှတ်တိုင်း 'ကုန်ဆုံးသွားသည်' ဟု သိရသည့် မြင်မှု, ကြားမှု, ကွေးမှု, ဆန့်မှုစသော နာမ်ရုပ်တို့သည် "သေသောအခါ၌ နောက်ဆုံး ချုပ်ပျက်သွားတဲ့ နာမ်ရုပ်တို့နှင့်" ချုပ်ပျက်ပုံ=ကွယ်ပျောက်ပုံအားဖြင့်တူကြ၏၊ မထူးကြပြီ၊ တဖန် ပြန်၍စပ်ခြင်း, တဖန် ပေါ်လာခြင်း မရှိတော့ဘဲ၊ အပြီးတိုင် ကွယ်ပျောက် သွားကြသည်ချည်းသာ–ဟု ဆိုလို၏။

အနန္တရာ စ ယေ ဘဂ္ဂါ၊ ယေ စ ဘဂ္ဂါ အနာဂတေ။
တဒန္တရာ နိရုဒ္ဓါနံ၊ ဝေသမံ နတ္ထိ လက္ခဏေ။

ယေ စ၊ အကြင် ခန္ဓာတို့သည်လည်း။ အနန္တရာ၊ ရှေးအခြားမဲ့၌။ ဘဂ္ဂါ၊ ချုပ်ပျက်လေကုန်ပြီ။ ယေ စ၊ အကြင် ခန္ဓာတို့သည်လည်း။ အနာဂတေ၊ အခြားမဲ့မှ စ၍ နောင် ကာလ၌။ ဘဂ္ဂါ၊ ချုပ်ပျက်ကုန်လတ့်။ တေသံ စ၊ ထို ပျက်လတ့် ခန္ဓာတို့၏၎င်း။ တဒန္တရာ နိရုဒ္ဓါနံ စ၊ ထိုအတိတ် အနာဂတ် ခန္ဓာတို့၏ အလယ်ကြားတွင် မှတ်ဆဲ ခဏ၌ ချုပ်ပျက်သော ခန္ဓာတို့၏၎င်း။ လက္ခဏေ ဝေသမံ၊ ပျက်ခြင်း လက္ခဏာကြောင့် မတူခြင်း=ထူးခြားခြင်းသည်။ ဝါ၊ ပျက်ပုံအားဖြင့် ထူးခြားခြင်းသည်။နတ္ထိ၊ မရှိချေ။

ပျက်လေပြီးတဲ့ ရုပ်နာမ်, ပျက်လတ့် ရုပ်နာမ်တို့၏ ပျက်ပုံနှင့်, မှတ်ဆဲ ရုပ်နာမ်တို့၏ ပျက်ပုံသည် ထူးခြားခြင်း မရှိ၊ အတူတူပင် ဟု ဆိုလို၏။ ထို့ကြောင့်ပင်, မှတ်ဆဲရုပ်နာမ်၏ ကုန်ပျက် သွားပုံကို မျက်မှောက် တွေ့ရ သော ယောဂီတို့သည် ပစ္စုပ္ပန် ရုပ်နာမ်နှင့် နှိုင်းဆ၍၊ "ရှေးကလဲ သည်လိုချည်း ပျက်နေခဲ့မှာဘဲ၊ နောက်လဲ သည်လိုချည်း ပျက်သွားမှာဘဲ" ဟူ၍ အတိတ်, အ နာဂတ် ဘဝ ရုပ်နာမ်တို့ကို သော်လဲ ဆုံးဖြတ်နိုင်ကြပေသည်။

အ–နိဗ္ဗတ္တေန န ဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါမတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။

အ–နိဗ္ဗတ္တေန၊ မဖြစ်သေးသောစိတ်ဖြင့်။ ဝါ၊ ဖြစ်မည့် စိတ်ဖြင့်။ နဇာတော၊ ဖြစ်နှင့်သည်, အသက် ရှင်နှင့်သည် မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲ စိတ်ဖြင့် သာလျှင်။ ဇီဝတိ၊ အသက်ရှင်၏။ စိတ္တဘင်္ဂါ၊ စိတ်၏ ပျက်ခြင်း ကြောင့်။ လောကော၊ သတ္တဝါသည်။ မတော၊ သေလေ၏။ ဇေဝမ္ပိ၊ ဤသို့ စိတ်၏ ချုပ်ပျက်တိုင်း ချုပ်ပျပ်တိုင်း သတ္တဝါ သေငြားသော်လဲ။ ပညတ္တိ၊ ငြိမ့ အသက် ရှင်နေသည် စသည်ဖြင့် ပြောဆိုအပ်သော သန္တာနပညတ် သည်။ ပရမတ္ထိယာ၊ ပြောဆိုခိုက်၌ ပစ္စုပ္ပန်စိတ်ဖြင့် အသက်ရှင်ဆဲ ဟုတ်မှန်သောကြောင့် ပရမတ်ကဲ့သို့ပင် ဖြစ်ပေ၏။

ဖြစ်မည့် စိတ် တခုခုသည်၊ မဖြစ်သေးမီက ရှိနေသည် မဟုတ်၊ ထို့ကြောင့်, သတ္တဝါသည် မဖြစ်သေး တဲ့စိတ်ဖြင့် အသက်ရှင်သည် မဟုတ်။ ဖြစ်ဆဲ တည်ဆဲ စိတ်သာလျှင် ထင်ရှားရှိ၏၊ ထိုကြောင့်, ဖြစ်ဆဲ ဖြစ်ဆဲ စိတ်ဖြင့်သာလျှင် အသက်ရှင်ရပေသည်။ ဖြစ်ပြီး စိတ်သည်လည်း ကွယ်ပျောက်သွားတဲ့အခါ၌ ဘယ်နေရာမှာမျှ ရှိတော့သည် မဟုတ်ချေ၊ သေသောသူ၏ စုတိစိတ်လိုပင် တဖန်ပြန်၍မပေါ်လာတော့ဘဲ အပြီးအငြိမ်း ကွယ်ပျောက်လေတော့သည်သာတည်း။ ထို့ကြောင့်, စိတ်တခုတခု ပျက်သွားတိုင်းပျက်သွားတိုင်း သတ္တဝါသည် သေသည်သာမည်၏။ သို့သော်လဲ "ငဖြူ အသက်ရှင်နေသည်၊ ငမဲအသက်ရှင်နေသည်" ဤသို့စသည်ဖြင့် ပြောဆိုအပ်သော သန္တာနပညတ်သည်ကား ပရမတ် သဘောမှန်ကဲ့သို့ပင် ဖြစ်ပေ၏။ အဘယ့်ကြောင့်နည်း ဟူမူ ... ထိုသို့ ပြောဆိုခိုက်မှာ အသစ်အသစ် ဖြစ်ဆဲစိတ်ဖြင့် ပြောဆိုတဲ့အတိုင်းပင် အသက်ရှင်နေဆဲ ဟုတ်မှန်သောကြောင့်ပေတည်း။ အကယ်၍, စိတ် တခုခု ပျက်သွားတဲ့နောက်၌ စိတ်အသစ် မဖြစ်ပေါ်လာပါ မူကား သတ္တဝါသည် တကယ်ပင် သေလေတော့၏။ ဤသို့ စိတ်တခု တခု ပျက်ဆီးသွားတိုင်း သေနိုင်ပုံကိုလဲ ယောဂီသည် သိမြင်သဘောကျ၏။ ထို့ကြောင့် "သေတယ်–ဆို တာလဲ၊ ယခုမှတ်သိရတဲ့ စိတ်တချက်တချက်၏ ပျက်မှုနှင့် အတူတူဘဲ၊ သည်လိုပျက်မှုမျိုးဘဲ" ဟူ၍ ဆုံးဖြတ်နိုင်ပေသည်။

အ–နိဓာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူ ပမာ။

ဘဂ္ဂါ၊ ပျက်ပြီးသော တရားတို့သည်။ အ–နိဓာန ဂတာ၊ ဘယ်နေရာမှာမျှ စုဝေး တည်နေကြသည် မဟုတ်ကုန်။ ဝါ၊ အလျှင်းပင် မရှိတော့ဘဲ ကွယ်ပျောက် သွားလေကုန်၏။ အနာဂတေ၊ မဖြစ်သေးမီ အနာဂတ် အခိုက်အတန့်၌။ ဌိတာနံ၊ တည်ကုန်သော တရားတို့၏။ပုဉ္ဇော၊ အစု အပုံသည်။ နတ္ထိ၊ မရှိချေ။ ယေပိ၊ အကြင် တရားတို့သည်လည်း။ နိဗ္ဗတ္တာ၊ ဖြစ်ပေါ်ဆဲတို့တည်း။ တေပိ၊ ထိုဖြစ်ပေါ်ဆဲ တရားတို့သည်လည်း။ အာရဂ္ဂေ သာသပူပမာ၊ အလွန် သိမ်မွေ့သော စူးဖျားအပ်ဖျား၌ တင်ထားလိုက်သော မုန်ညှင်းစေ့သဖွယ် ပျက်ကွယ်လုနီးဖြစ်ကုန်လျက်။ တိဋ္ဌန္တိ၊ တခဏမျှသာ တည်တံ့ကုန်၏။ (နိဒ္ဒေသ ပါဠိတော် စာအုပ်၌ နိဗ္ဗတ္တာ ယေဝ–ဟု ရှိ၏။ ။နိဗ္ဗတ္တာ ယေဝ၊ ဖြစ်ဆဲ တရားတို့သည် သာလျှင်။ အာရဂ္ဂေ သာသပူပမာ၊ ကုန်လျက်။ တိဋ္ဌန္တိ၊ ကုန်၏။ ။ ဤသို့ အနက် ပြန်လေ)။

ပျက်သွားသော တရားဟူသမျှသည် ဘယ်နေရာမှာမျှ အကြွင်းအကျန်မရှိတော့ဘဲ အရှင်း ကွယ်ပျောက်သွားသည် ချည်းသာတည်း။ ဖြစ်ပေါ်မည့် တရားများလဲ ဘယ်နေရာမှာမျှ စုဝေး ပုန်းအောင်းလျက် ရှိနေနှင့်သည် မဟုတ်၊ မဖြစ်မီကပင်, ဖြစ်ပေါ်ရန် အဆင်သင့် ရှိနှင့်သည် မဟုတ်၊ ဖြစ်ဆဲ ဖြစ်ဆဲ တရားများသာလျှင် ထင်ရှား တည်ရှိကြပေသည်၊ ထိုတရားများလဲ ကြာမြင့်စွာကားမတည်ကြ၊ "အလွန် ထက်မြက် သိမ့်မွေ့သော အပ်ဖျားပေါ်၌၊ မုန်ညှင်းစေ့ကို တင်လိုက်လျှင်၊ ထို မုန်ညှင်းစေ့သည် တခဏချင်းပင် လိမ့် ကျသွားသကဲ့သို့" ဖြစ်ပေါ်ပြီးလျှင်၊ တခဏချင်းပင် ကွယ်ပျောက် ပျက်စီးသွားသည် ဟု ဆိုလို၏။

နိဗ္ဗတ္တာနဉ္စ ဓမ္မာနံ၊ ဘင်္ဂေါ နေသံ ပုရက္ခတော။
ပလောကဓမ္မာ တိဋ္ဌန္တိ၊ ပုရာဏေတိ အ–မိဿိတာ။

စ၊ ထို့ပြင်လဲ။ နေသံနိဗ္ဗတ္တာနံ ဓမ္မာနံ၊ ထိုဖြစ်ဆဲ တရားတို့သည်။ ဘင်္ဂေါ၊ ပျက်ခြင်းကို။ ပုရက္ခတော၊ ရှေးရှု ပြုအပ်၏။ တေ၊ ထို ဖြစ်ဆဲ တရားတို့သည်။ ပုရာဏေတိ အ–မိဿိတာ၊ အဟောင်း အတိတ် တရားတို့နှင့်လဲ မရောနှောကုန်ဘဲ။ ပလောကဓမ္မာ၊ ပျက်ခြင်းသဘောရှိကုန်လျက်။ ဝါ၊ ပျက်လုနီးပါး ဖြစ်ကုန်လျက်။ တိဋ္ဌန္တိ၊ တခဏမျှသာ တည်ကုန်၏။

အ–ဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တ႑ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။

သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အ–ဒဿနတော၊ မမြင်ရသော အရပ်မှ။ ဝါ၊ မမြင်မတွေ့ရသော အဖို့မှ။ အာယန္တိ၊ လာကုန်၏။ ဝါ၊ ဖြစ်ပေါ်ကုန်၏။ ။ (မဖြစ်ပေါ်မီက ဘယ်နေရာမှာမျှ စုဝေး ပုန်းအောင်းလျက် ရှိနေခဲ့သည်မဟုတ်၊ ထို့ကြောင့်, ဖြစ်ပေါ်တဲ့ အခါမှာလဲ ဘယ်နေရာကမျှ ထွက်ပေါ် ပြောင်းရွှေ့လာရသည် မဟုတ်ပြီ၊ ထိုဖြစ်ရာ ဌာန၌သာလျှင် အကြောင်းအားလျော်စွာ ဘွားကနဲ ဖြစ်ပေါ်လာကြသည်။ သို့ဖြစ်၍, မမြင်ရတဲ့အရပ်မှ လာကြသည် ဟုဆိုပေသည်။ တနည်းကား ...... မဖြစ်မီက၊ ဘာမှ သဘောအထည်ကိုယ် မရှိသေး၍ မဖြစ်သေးသော သင်္ခါရတို့ကို မမြင်မတွေ့နိုင်။ ဖြစ်ပေါ်လာသောအခါကျမှသာ၊ သဘောအထည်ကိုယ်ရှိ၍ တွေ့မြင်နိုင်ပေသည်။ သို့ဖြစ်၍, မမြင်မတွေ့ရသောအဖို့မှ ဖြစ်ပေါ်လာကြသည်ဟု ဆိုပေသည်)။ ။ဘဂ္ဂါ၊ ပျက်ပြီးသော သင်္ခါရတို့သည်။ အ–ဒဿနံ၊ မမြင်ရသောအရပ်သို့။ ဝါ၊ မမြင်မတွေ့ရခြင်းသို့။ ဂစ္ဆန္တိ၊ ရောလေကုန်၏။ ။ (ပျက်ပြီး သော အခါမှာလဲ၊ ဘယ်နေရာမှာမျှ စုဝေးတည်ရှိ နေကြသည်မဟုတ်၊ ထိုပျက်တဲ့ နေရာမှာပင် ဘာမျှသဘော အထည်ကိုယ်မရှိတော့ဘဲ၊ လုံးလုံး ကွယ်ပျောက်သွားကြသည် ဟု ဆိုလို၏)။ ။ အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုပ္ပါ ဒေါဣဝ၊ လျှပ်စီး ပြတ်သကဲ့သို့။ ဥပ္ပဇ္ဇန္တိ စ၊ အစက ဘာမျှ မရှိပါဘဲလျက် အသစ်လဲ ဖြစ်ပေါ်ကုန်၏။ ဝယန္တိ စ၊ ဘာမျှ အကြွင်းအကျန် မရှိဘဲ ကွယ်လဲ ကွယ်ပျောက် လေကုန်၏။

ဤဂါထာတို့၌ ပြသည့်အတိုင်း သင်္ခါရတို့၏ အသက်တိုပုံ=လျင်စွာချုပ်ပျက်ပုံကို အများအားဖြင့် ဥဒယဗ္ဗယဉာဏ် သန်သန်ကြီး ဖြစ်သည်မှစ၍ သန့်ရှင်းစွာ သိမြင်တတ်ပေ၏။ ဉာဏ်နုံ့သော သူသည်ကား အထက် အထက် ဉာဏ်များသို့ ရောက်မှ သာ၍ သန့်ရှင်းစွာ သိမြင်တတ်ပေ၏။ သို့သော်လဲ၊ ဉာဏ်ထက်မြက်သော သူသည်ကား ဤသမ္မသနဉာဏ် ရင့်သန်သည်မှစ၍သော်လဲ သန့်ရှင်းစွာ သိမြင်တတ် သေး၏။ ထို့ကြောင့်ပင်, ဤအရာ၌၊ အဋ္ဌကထာဆရာ ထုတ်ပြတော်မူပေသည်။ ပုဂ္ဂိုလ်တိုင်းမှာ ဤဉာဏ်အရာမှ စ၍ သန့်ရှင်းစွာချည်း သိမြင်ခြင်း ဖြစ်လိမ့်မည်–ဟူ၍ကား မယူဆအပ်ပေ။

ဓမ္မတာရုပ်၌ရှုနည်း ..... အဝတ် ဖျာ အိုးခွက် မြေ ရေ လေ မီးတုံး တိုင် သစ်ပင် ကျောက်ခဲ ရွှေ ငွေ ဤသို့ အစ ရှိသော ကိုယ်ပ ဝတ္ထု တို့၌သာ တည်ရှိ၍၊ ဇီဝိတိန္ဒြေနှင့်မျှ မစပ်ယှက်သောကြောင့် အနိန္ဒြိယဗဒ္ဓ ဟူ၍လဲ ခေါ်အပ်သော ဗဟိဒ္ဓရုပ် ဟူသမျှသည် ဓမ္မတာရုပ် မည်၏။ ၎င်းရုပ်တို့ကို၊ မြင်ခိုက်, ကြားခိုက်, နံခိုက်, စားသိခိုက်, တွေ့ထိခိုက်၌ ရှုမှတ်၍၊ ရှေးနောက် မစပ်ဘဲ ဖြစ်ပျက်မှုဖြင့် ပြတ်လျက် ပြတ်လျက် ထင်သောကာလ၌ "မမြဲ၊ ဆင်းရဲ၊ သတ္တဝါကောင် မဟုတ်" ဟု ဆုံးဖြတ်ခြင်းလဲ ဓမ္မတာရုပ်၌ ရှုမှုပြီး၏။ ထို့ပြင်, မျက်မှောက် မှတ်သိရသော အဇ္ဈတ္တ ဗဟိဒ္ဓ ရုပ်တို့နှင့် နှိုင်းဆ၍၊ မျက်မှောက် မမြင်ရသော ဗဟိဒ္ဓရုပ် ဟူသမျှကို "ဤရုပ်များလိုပင် ဖြစ်ပျက်နေတာ ချည်းဘဲ၊ မမြဲတာချည်းဘဲ၊ ဆင်းရဲချည်းဘဲ၊ မကောင်းတာချည်းဘဲ၊ သာယာဘွယ် မဟုတ်တာ ချည်းဘဲ၊ သတ္တဝါကောင် မဟုတ်တဲ့ သဘောတရားတွေ ချည်းဘဲ" ဟူ၍ ပိုင်းခြားဆုံးဖြတ်ခြင်းဖြင့်လဲ ဓမ္မတာရုပ်တို့၌ ရှုမှု ကိစ္စ ပြီးစီး၏။ သတ္တမ ရှုနည်းပြီး၏။

## ရူပသတ္တက ပြီး၏။

## နာမသတ္တက=နာမ်တို့၌ နှလုံးသွင်းပုံ (၇) ပါး

ကလာပရှုနည်း ....... ရူပသတ္တက၌ ပြခဲ့သည့်အတိုင်း၊ ရုပ် တမျိုးမျိုးကို ရှုမှတ်၍ ရှုမှတ်၍ ပြီးသည်၏ အခြားမဲ့၌၊ ထိုမှတ်သိမှုကိုပင် 'ရှုတယ်'ဟု ဖြစ်စေ, 'မှတ်တယ်'ဟုဖြစ်စေ, 'သိတယ်' ဟုဖြစ်စေ, တဖန် မှတ်လျက် မှတ်လျက် "မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု သိမြင်သဘောကျခြင်း = ပိုင်းခြားဆုံးဖြတ်ခြင်းသည် ကလာပ=အပေါင်းလိုက်အားဖြင့် ရှုသည် မည်၏။

ယမက ရှုနည်း ...... ရုပ် တမျိုးမျိုးကို မှတ်၍ ပြီးတိုင်း ပြီးတိုင်း ထို မှတ်တဲ့ စိတ်ကိုပင် တဖန် မှတ်လျက် မှတ်လျက် "မမြဲ ဆင်းရဲ၊ ငါကောင်မဟုတ်"ဟု သိမြင် သဘောကျခြင်း=ပိုင်းခြား ဆုံးဖြတ်ခြင်းသည် ရုပ်မှတ် တကြိမ်, နာမ်မှတ် တကြိမ်အားဖြင့် အစုံအစုံ တွဲ၍ရှုမှု ဖြစ်သောကြောင့်၊ ယမကအားဖြင့် ရှုသည် မည်၏။ ဤကလာပ, ယမက ရှုနည်း ၂–မျိုးတို့၏ အထူးကား ...... ရုပ်ကို မှတ်လျက် ဖြစ်သော စိတ် သတိဉာဏ် သမာဓိ ဝီရိယ ဖဿ စေတနာ ဝေဒနာ စသည်တို့တွင် တခုခုကိုမျှ ရှင်းလင်းစွာ မသိရဘဲ ထိုမှတ်သိမှု နာမ်တရားတို့ကို သာမန် အပေါင်းလိုက်အားဖြင့်သာ ရှုခြင်းသည် ကလာပသမ္မသန မည်၏။ မှတ်ချက်၌ ပါဝင်သော နာမ်တရား တခုခုကို ရှင်းလင်းစွာ သိရ၍၊ အထူးထင်ရှားသော ထိုနာမ်တရားကိုပင် ပဓာန ပြုလျက် ရှုခြင်းသည် ယမက သမ္မသန မည်၏။ ဤ နာမသတ္တက အရာ၌ "စိတ်ကို ရှုမှတ်သည်"ဟု ဆိုသော စကားမှာ ပြဋ္ဌာန်းသော စိတ်ကို ခေါင်းတပ်၍ ဆိုအပ်သော စကားပေတည်း။ သို့ဖြစ်၍, စိတ်၏ ယှဉ်ဘက်ဖြစ်သော ဖဿ ဝေဒနာ စေတနာ သညာ သတိ ဉာဏ် သမာဓိ ဝီရိယ စသော စေတသိတ်တို့ကိုလဲ ရှုအပ်သေးသည် သာတည်း။ ထို့ကြောင့်ပင်, ဋီကာ၌၊ စိတ္တသီသေန ဟိ နိဒ္ဒေသော – ဟု မိန့်ဆိုလေပြီ။

ခဏိက ရှုနည်း ...... ရုပ် တမျိုးမျိုးကို မှတ်၍ ပြီးတိုင်း ပြီးတိုင်း၊ ထိုမှတ်တဲ့ စိတ်ကို ဒုတိယစိတ်ဖြင့် မှတ်၏။ ထို ဒုတိယစိတ်ကို တတိယစိတ်ဖြင့် မှတ်၏၊ ထိုတတိယစိတ်ကို စတုတ္ထစိတ်ဖြင့် မှတ်၏၊ ထို စတုတ္ထစိတ်ကို ပဉ္စမစိတ်ဖြင့် မှတ်၏၊ ဤသို့ ရုပ်ကို တကြိမ်တကြိမ် မှတ်ရာ၌၊ မှတ်တဲ့ စိတ် အဆင့်ဆင့်ကို လေးကြိမ် လေးကြိမ် တိုင်တိုင် ဆင့်ကာဆင့်ကာ မှတ်လျက် "မမြဲ၊ ဆင်းရဲ၊ ငါကောင်မဟုတ်"ဟု သိမြင် သဘောကျခြင်း=ပိုင်းခြား ဆုံးဖြတ်ခြင်းသည် ခဏိကအားဖြင့် ရှုသည် မည်၏။ မှတ်သိလျက် ဖြစ်သော ရှေးရှေးစိတ်ကို နောက်နောက် အခြားမဲ့မှာပင် ပြန်၍ ပြန်၍ လေးကြိမ်တိုင်တိုင် မှတ်သိခြင်းဖြင့် စိတ်တို့၏ အခိုက်အတန့်မျှသာ တည်ပုံကို ထင်ရှား သိမြင်ရ၏။ ထို့ကြောင့်, ဤသို့သော ရှုမှတ်ခြင်းကို ခဏိကသမ္မသန ဟု ဆိုပေသည်။

ပဋိပါဋိ ရှုနည်း ...... ရုပ် တမျိုးမျိုးကို မှတ်၍ ပြီးတိုင်း ပြီးတိုင်း၊ ထိုမှတ်တဲ့ စိတ်ကို ဒုတိယစိတ်ဖြင့် မှတ်၏၊ ထို ဒုတိယစိတ်ကို တတိယစိတ်ဖြင့် မှတ်၏၊ ထိုတတိယစိတ်ကို စတုတ္ထစိတ်ဖြင့် မှတ်၏၊ ထိုစတုတ္ထစိတ်ကို ပဉ္စမစိတ်ဖြင့် မှတ်၏၊ ထိုပဉ္စမစိတ်ကို ဆဋ္ဌစိတ်ဖြင့် မှတ်၏၊ ထိုဆဋ္ဌစိတ်ကို သတ္တမစိတ်ဖြင့် မှတ်၏၊ ထိုသတ္တမစိတ်ကို အဋ္ဌမစိတ်ဖြင့် မှတ်၏၊ ထိုအဋ္ဌမစိတ်ကို နဝမစိတ်ဖြင့် မှတ်၏၊ ထိုနဝမစိတ်ကို ဒသမစိတ်ဖြင့် မှတ်၏၊ ထိုဒသမစိတ်ကို ဧကာဒသမစိတ်ဖြင့် မှတ်၏၊ ဤသို့ ရုပ်ကို တကြိမ် တကြိမ် မှတ်ရာ၌၊ မှတ်တဲ့စိတ် အဆင့်ဆင့်ကို နောက်နောက် အခြားမဲ့မှာပင် ၁၀–ကြိမ် ၁၀–

ကြိမ်တိုင်တိုင် ဆင့်ကာ ဆင့်ကာ ရှုမှတ်လျက် "မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်"ဟု သိမြင် သဘောကျခြင်း=ပိုင်းခြားဆုံးဖြတ်ခြင်းသည် မှတ်မှု များစွာတို့၏ အစဉ် ဖြစ်သောကြောင့် ပဋိပါဋိ=အစဉ် အတန်းလိုက်အားဖြင့် ရှုသည်မည်၏။

ဧဝံ ဝိပဿနာ ပဋိပါဋိယာ သကလမ္ပိ ဒိဝသဘာဂံ သမ္မသိတုံ ဝဋ္ဋေယျ၊ ယာဝ ဒသမစိတ္တာ သမ္မသနာ ပန ရူပကမ္မဋ္ဌာနမ္ပိ အရူပကမ္မဋ္ဌာနမ္ပိ ပဂုဏံ ဟောတိ။ တသ္မာ ဒသမေ ဌပေတဗ္ဗန္တိဝုတ္တံ။ (ဝိသုဒ္ဓိမဂ် ၂-၂၆၂)

ဧဝံ၊ ဤဆိုခဲ့သော နည်းဖြင့်။ ဝိပဿနာ ပဋိပါဋိယာ၊ ဝိပဿနာ အစဉ်အားဖြင့်။ သကလမ္ပိ ဒိဝသဘာဂံ၊ တနေ့လုံး သော်လဲ။ သမ္မသိတုံ၊ သုံးသပ် ရှုမှတ်ခြင်းငှါ။ ဝါ၊ သုံးသပ် ရှုမှတ်ခြင်းသည်။ ဝဋ္ဋေယျ၊ ဖြစ်နိုင်ပေ၏၊ (သမ္မာဝေယျ-ဋီကာ ဘွင့်)။ ပန၊ ထိုသို့ပင် ဖြစ်နိုင်သော်လဲ။ ယာဝ ဒသမစိတ္တာသမ္မသနာ၊ ဆယ်ကြိမ်မြောက် ဝိပဿနာ စိတ်ကို သုံးသပ် ရှုမှတ်မှု တိုင်အောင်။ (အဘိဝိဓိ-အဝဓိ ပေတည်း)။ အာရဘိယမာနံ၊ အားထုတ်အပ်လျှင်။ (လက္ခဏာဝန္တ ဝိသေသန ထည့်သည့်)။ ရူပကမ္မဋ္ဌာနမ္ပိ၊ ရုပ်ကို မှတ်မှု ကမ္မဋ္ဌာန်းသည်၎င်း။ အရူပကမ္မဋ္ဌာနမ္ပိ၊ နာမ်ကို မှတ်မှု ကမ္မဋ္ဌာန်းသည်၎င်း။ ပဂုဏံ၊ လေ့လာကျေပွန်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဒသမေယေဝ၊ ဆယ်ကြိမ်မြောက် စိတ်၌သာလျှင်။ သမ္မသနံ၊ သုံးသပ် ရှုမှတ်မှုကို။ ဌပေတဗ္ဗန္တိ၊ ရပ်တန့် ထားရမည် ဟူ၍။ ဝုတ္တံ၊ အရိယာဝံသကထာ၌ မိန့်ဆိုအပ်၏။ ။(ဆယ်ကြိမ် မြောက် စိတ်ကို မှတ်ပြီးလျှင်, ထင်ရှားသော ရုပ်ကိုသာ ပြန်၍ရှုမှတ်ရမည်။ ထို ရုပ်မှတ် စိတ်မှ စ၍ ဆယ်ကြိမ်မြောက်စိတ်သို့ ရောက်ပြန်လျှင်, တဖန် ရုပ်ကိုပြန်၍ ရှုမှတ်ရမည်၊ ဤနည်းဖြင့် ရုပ်ကိုတကြိမ် တကြိမ်မှတ်ရာ၌၊ စိတ်အ ဆင့်ဆင့်ကို ၁၀-ကြိမ် ၁၀-ကြိမ်သာ မှတ်ရမည်၊ ၁၁-ကြိမ်မြောက် စိတ်ကို ရှုမှတ်ခြင်း စသည်ဖြင့် ထိုထက် အလွန် စိတ်ကို စိတ်ချင်း လိုက်၍ မရှုမှတ်ရဟု ဆိုလို၏။)

သြဝါဒစကား ...... ဤအရာ၌ မှာသင့် မှာထိုက်သော စကားကို၊ အဋ္ဌကထာဆရာများ ကဲ့သို့ပင် မှာထားဦးအံ့။ ဤအခဏ်း၌ ပြအပ်သော ရှုပုံ ရှုနည်း အလုံးစုံသည်, အတုယူ၍ အားထုတ်ရန် ညွှန်ပြအပ်သည် မဟုတ်ပေ။ အမှန်အား ဖြင့်သော်ကား ...... အခဏ်း (၅) ၌ ပြခဲ့သည့်အတိုင်း ရှုမှတ်သူမှာ ဖြစ်ပေါ်လာသော အသိဉာဏ်များနှင့်တိုက်ဆိုင် နှီးနှောကြည့်ရန် အလို့ငှါသာလျှင် ရည်ရွယ်၍ ညွှန်ပြအပ်ပေသည်။ သို့ဖြစ်၍, အားထုတ်ဆဲ ပုဂ္ဂိုလ်သည်၊ အခဏ်း (၅)၌ ပြထားသည့်အတိုင်း ပေါ်လွင်ထင်ရှားရာ ရုပ်နာမ်ကိုသာလျှင် ဖြစ်ပေါ်စဉ်အတိုင်း ထင်ရှားသိအောင် ရှုမှတ်၏။ ရူပသတ္တက, နာမသတ္တက နည်းများထဲမှ မည်သည့်နည်းအရ ဖြစ်အောင် ရှုမှတ်မည် ဟူ၍ကား ကြောင့်ကြမစိုက် အပ်သည်သာတည်း။ အပြစ်ကား ...... အားထုတ်စ ပုဂ္ဂိုလ်မှာ ထိုကဲ့သို့ ကြောင့်ကြစိုက်နေလျှင်, ကြောင့်ကြစိုက်တဲ့ စိတ်များနှင့်, နည်းလမ်း ကျ, မကျကို စဉ်းစားတဲ့ စိတ်များသည် ခဏ ခဏ များစွာပင် ဖြစ်ပေါ်တတ်၏၊ ထိုစိတ်များကိုလဲ မမှတ်နိုင်၊ မသိနိုင်သည်ကသာ များလျက် ရှိတတ်၏။ ဤမသိရတဲ့ စိတ်များကခြားလျက် ခြားလျက် ရှိခြင်းကြောင့် မှတ်သိမှု=ဝိပဿနာသည် တစပ်ထည်း ဆက်စပ်လျက် မဖြစ်ရတော့ချေ။ ထို့ကြောင့်, သတိ သမာဓိ ဝိပဿနာဉာဏ်များသည် အချိန်ကြာမြင့်သော်လဲ မရင့်သန် မတိုးတက်ဘဲ ရှိတတ်၏။ အထူးသဖြင့်ကား ...... အားထုတ်စ ပုဂ္ဂိုလ်မှာ ရှေးရှေး ဝိပဿနာစိတ်ကို နောက် နောက် စိတ်ဖြင့် အကြိမ်များစွာ အဆင့်ဆင့် ရှုမှတ်နေလျှင်၊ မှတ်ရတဲ့ ထိုစိတ်အာရုံသည် တဖြေးဖြေး မှေးမှိန်ကာ မထင်မရှားဖြစ်၍ ဖြစ်၍ သွားတတ်၏၊ ထိုအခါ၌ မှတ်စရာ အာရုံအသစ်ကို ရှာ၍ ရှာ၍ မှတ်ရပြန်၏။ ဤသို့ အသစ် ကိုရှာ၍ မှတ်ရတိုင်း ဘာဝနာကို အသစ်အသစ် တည်ထောင်ရသကဲ့သို့ ဖြစ်လေ၏၊ ထို့ကြောင့်, မရင့်သန် မတိုးတက် ရှိတတ်သည်။ ဤသို့ဘာဝနာ အသစ် အသစ် ဖြစ်၍ မတိုးတက်နိုင်သည်ကို တတော သတိ ကမ္မဋ္ဌာနံ နဝံ နဝမေဝ သိယာ-ဟူသော မဟာဋီကာဖြင့် မြဲမြံစွာ ယုံကြည်အပ်၏။ သို့ဖြစ်၍, အခဏ်း(၅)၌ ပြထားသည့်အတိုင်းသာ အားထုတ်ပါလေ။ အချိန်တန်သော အခါ၌, ရုပ်ကို တကြိမ် တကြိမ် မှတ်ရာတွင် မှတ်တဲ့စိတ် အဆင့်ဆင့်ကို တကြိမ် နှစ်ကြိမ်ဖြစ်စေ, ထိုထက်အလွန်ဖြစ်စေ, ဆင့်ကာ ဆင့်ကာ မှတ်သိခြင်းသည် အလိုလိုပင် သန့်ရှင်းစွာ ဖြစ်ပါလတ့်။ သို့သော်လဲ, ဘင်္ဂဉာဏ်ဖြင့်ပုံကို ပြဆိုရာ ပါဠိ၌, အဋ္ဌကထာတို့၌ ရုပ်မှတ် တကြိမ် တကြိမ်မှာ နာမ်မှတ် တကြိမ် တကြိမ် ဖြစ်ခြင်းကိုသာ ပြဆိုလျက် ရှိပေသည်။ ထို့ကြောင့် ရုပ်ကို တကြိမ် တကြိမ် မှတ်ရာ၌၊ ထိုမှတ်တဲ့ စိတ်ကို တကြိမ် တကြိမ်မျှ မှတ်သိနိုင်လျှင်ပင် မဂ်ဖိုလ်သို့ ရောက်စေနိုင်အောင် ဝိပဿနာဉာဏ် ပြည့်စုံပြီဟူ၍သာလျှင် ယုံမှားမရှိ မြဲမြံစွာ မှတ်သားအပ်၏။ မဂ်ဖိုလ်သို့ ရောက်ပြီး၍ ဖိုလ်ကို အလိုရှိတိုင်း ဝင်စားနိုင်အောင် ဝိပဿနာ၌ ကောင်းစွာနိုင်နင်းသော ပုဂ္ဂိုလ်တို့သည်ကား စမ်းသပ်ကြည့်လိုပါက စိတ်အဆင့်ဆင့်ကို အလိုရှိတိုင်း ရှုမှတ် ကြည့်နိုင်ပါ၏။ ထိုသို့သော ပုဂ္ဂိုလ်မှာ ဝိပဿနာစိတ် အဆင့်ဆင့်ကို အကြိမ်ရာထောင်မကလိုက်၍ ရှုမှတ်နေသော်လဲ ကောင်းမြဲပင် ကောင်းလျက်, ထင်ရှားမြဲပင် ထင်ရှားလျက် ရှိတတ်ပေ၏။ သို့ဖြစ်၍, ဤသို့ နိုင်နင်းပြီးသော သူများသာလျှင် စမ်းသပ်လိုပါက, စမ်းသပ် ရှုမှတ်နိုင်ပေသည်။ မဂ်ဖိုလ်သို့ မရောက်သေးသော အားထုတ်စ ပုဂ္ဂိုလ်သည်ကား စိတ်အဆင့်ဆင့်ကို ရှုမှတ်ခြင်း၌၊ အလျှင်းပင် ကြောင့်ကြမစိုက်အပ်သည် သာတည်း။

ဒိဋ္ဌိဥဂ္ဃါဋန ရှုမြင်ပုံ ..... ငါက ရှုမှတ်နေသည် ဟူ၍၎င်း၊ ရှုမှတ်မှုဟာ ငါ့ အမှုဘဲဟူ၍၎င်း၊ ဤသို့အားဖြင့် "မှတ်နေတဲ့ ပုဂ္ဂိုလ်ကောင် ရှိနေသလို" ထင်မြင် စွဲလမ်းမှု မကင်းသေးလျှင်၊ ထိုယောဂီ၏ ရှုမှတ်မှုသည် "ထိုသို့ ထင်မြင် စွဲလမ်းမှု ဒိဋ္ဌိကို မခွါနိုင်သောကြောင့်" ဒိဋ္ဌိဥဂ္ဃါဋန မမည်သေး။ အောက် ဝိသုဒ္ဓိ ၂-ပါးဖြင့် ဒိဋ္ဌိကို ပယ်ခွါခဲ့ပြီးသော်လဲ မဂ်ဖြင့် အကြွင်းမဲ့ မပယ်ရသေးသောကြောင့် ဤသို့သော ဒိဋ္ဌိ ဖြစ်နိုင်သေးသာတည်း။

## သိမ်မွေ့သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ မကင်းသေးကြောင်း

ကာမဉ္စာယံ ဒိဋ္ဌိဝိသုဒ္ဓိ–ကင်္ခါဝိတရဏဝိသုဒ္ဓိ–သမဓိဂမေန ဝိသုဒ္ဓ ဒိဋ္ဌိကော၊ မဂ္ဂေန ပန အသမုဂ္ဃါဋိတတ္တာ အနောဠာရိကာယ ဒိဋ္ဌိယာ ဝသေနေဝံ ဝုတ္တံ။ (မဟာဋီကာ ၂–၄၁၅)

အယံ၊ သမ္မသနညာဏ်နှင့် ပြည့်စုံသော ဤယောဂီသည်။ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ– သမဓိဂမေန၊ ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ တို့ကို ရခြင်းကြောင့်။ ကာမဉ္စ ဝိသုဒ္ဓဒိဋ္ဌိကော၊ စင်ကြယ်သော အမြင် အယူရှိသည်ကား မှန်ပါပေ၏။ ပန၊ သို့သော်လဲ။ မဂ္ဂေန အသမုဂ္ဃါဋိ တတ္တာ၊ မဂ်ဖြင့် အကြွင်းမဲ့မနုတ် မပယ်ရသေးသောကြောင့်။ အနောဠာရိကာယ ဒိဋ္ဌိယာ ဝသေန၊ သိမ်မွေ့သော ဒိဋ္ဌ၏ အလိုအားဖြင့်။ ဧဝံ၊ "အဟံ ဝိပဿနာ၊ မမ ဝိပဿနာတိ ဂဏှတော=ငါကရှုသည်၊ ငါ၏ ရှုမှုဟု ထင်မြင် စွဲလမ်းသည်" ဟူသော ဤစကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုအပ်၏။ ။(ဤဋီကာကိုပင် ထောက်မှီ၍ "သမ္မသနညာဏ် စသည်နှင့် ပြည့်စုံသော သူအား သော်လဲ သိမ်မွေ့သော ယုံမှားမှုလဲ ဖြစ်နိုင်သေးသည်"ဟု ယုံကြည်အပ်၏)။

ငါကောင် မဟုတ်တဲ့ သင်္ခါရ တရားတို့က သာလျှင် ငါကောင်မဟုတ်တဲ့ သင်္ခါရတရားတွေကို ရှုမှတ် သိ မြင်နေကြသည် ဟု၊ မှတ်ခိုက် မှတ်ခိုက်၌ ထင်မြင် သဘောကျလျှင်၊ ထိုယောဂီ၏ ရှုမှတ်မှုသည် "ဒိဋ္ဌိကို ပယ်နှုတ်နိုင် သောကြောင့်" ဒိဋ္ဌိဉ္ဃဋ္ဃါဋ္ဋနမည်၏။ အထူးထက်သန်စွာ ဖြစ်သော အနတ္တာနုပဿနာပင်တည်း။

ဧဝံ သင်္ခါရေ အနတ္တတော ပဿ ဒိဋ္ဌိသမုဂ္ဃါဋနံ နာမ ဟောတိ။ (ဝိသုဒ္ဓိမဂ် ၂–၂၆၄)

ဧဝံ၊ ဤသို့။ သင်္ခါရေ မှတ်တတ်, မှတ်အပ်, နှစ်ရပ်သော သင်္ခါရတို့ကို။ အနတ္တတော ပဿန္တဿ၊ ငါကောင် မဟုတ်၊ သဘောတရားမျှသာဟု ရှုမြင်သော ယောဂီ၏။ ဝိပဿနာ၊ ရှုမြင်မှုသည်။ ဒိဋ္ဌိသမုဂ္ဃါဋနံနာမ၊ ဒိဋ္ဌိသမုဂ္ဃါဋန မည်သည်။ ဟောတိ၊ ဖြစ်၏။

ယဒါ အနတ္တာနုပဿနာ တိက္ခာ သူရာဝိသဒါ ပဝတ္တတိ၊ ဣတရာဒွေပိ တဒနုဂတိကာ။ တဒါ.နေန ဒိဋ္ဌိဉ္ဃဋ္ဃါဋနံ ကတံ ဟောတိ။ (မဟာဋီကာ ၂–၄၁၆)

ယဒါ၊ အကြင်အခါ၌။ အနတ္တာနုပဿနာ၊ အနတ္တာနုပဿနာသည်။ ဝါ၊ အတ္တကောင်မဟုတ်, ငါကောင် မဟုတ်ဟု ရှုမြင်မှုသည်။ တိက္ခာသူရာ ဝိသဒါ၊ ထက်မြက် ရဲရင့်သန့်ရှင်းသည်ဖြစ်၍။ ပဝတ္တတိ၊ ဖြစ်၏။ ဣတရာ ဒွေပိ၊ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, ၂–ပါးတို့သည်လည်း။ တဒနုဂတိကာ၊ ထို အနတ္တာနုပဿနာသို့ လိုက်၍ ဖြစ်ကုန်၏။ (ရှေးဦးစွာ အနတ္တဟု သိမြင် သဘောကျသည်၊ နောက်မှ အနိစ္စ ဒုက္ခ ဟု ဆင်ခြင်သည်ဟု ဆိုလို၏)။ တဒါ၊ အနတ္တာနုပဿနာ အထူးသန်စွာ ဖြစ်သော ထိုအခါ၌။ အနေန၊ ဤယောဂီသည်။ ဒိဋ္ဌိဉ္ဃဋ္ဃါဋနံ၊ ဒိဋ္ဌိကို ပယ်နုတ်ခြင်းကို။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။

မာနသမုဂ္ဃါဋန ရှုမြင်ပုံ ..... ငါ မှတ်နိုင်တယ်၊ ငါ မှတ်တတ်တယ်ဟု ထင်မြင်စွဲလမ်းသေးလျှင်၊ ထိုယောဂီ၏ ရှုမှတ်မှုသည် "ထောင်လွှားတက်ကြွမှုမာနကို မနုတ်မခွါနိုင်သောကြောင့်" မာနသမုဂ္ဃါဋန မမည်သေး။ မမြဲတဲ့ သင်္ခါရ တရားတွေကသာလျှင် မမြဲတဲ့ သင်္ခါရ တရားတွေကိုရှုမှတ် သိမြင်နေကြသည်ဟု၊ မှတ်ခိုက် မှတ်ခိုက်၌ ထင်မြင် သဘောကျလျှင်၊ ထို ယောဂီ၏ ရှုမှတ်မှုသည် "မာနကို ပယ်နုတ်နိုင်သောကြောင့်" မာနသမုဂ္ဃါဋန မည်၏။ အထူးသန်စွာ ဖြစ်သော အနိစ္စာနုပဿနာ ပင်တည်း။

အနိစ္စတော ပဿန္တဿ မာနသမုဂ္ဃါဋနံနာမ ဟောတိ။ (ဝိသုဒ္ဓိမဂ်) ယဒါပန အနိစ္စာ နုပဿနာ တိက္ခာ သူရာ ဝိသဒါ ပဝတ္တတိ၊ ဣတရာ ဒွေပိ တဒနုဂတိကာ။ တဒါ.နေန မာနသမုဂ္ဃါဋနံ ကတံဟောတိ။ (ဋီကာ)

နိကန္တိ ပရိယာဒါန ရှုမြင်ပုံ ....... ကောင်းကောင်း သိမြင်တယ်၊ ရှုမှတ်မှု ကောင်းတယ်၊ အမှတ်ကောင်းတယ်ဟု သာယာ နှစ်သက်လျှင်၊ ထိုယောဂီ၏ ရှုမှတ်မှုသည် "ငြိကပ် တွယ်တာမှု နိကန္တိကို မပယ်နိုင်သောကြောင့်" နိကန္တိ ပရိယာဒါန မမည် သေး၊ မပြတ်ဖြစ်ပျက်နေတဲ့ သင်္ခါရတရားတွေကသာလျှင် မပြတ်ဖြစ်ပျက်နေတဲ့ သင်္ခါရတရားတွေကို ရှုမှတ် သိမြင်နေသည် ဟု၊ မှတ်ခိုက် မှတ်ခိုက်၌ ထင်မြင် သဘောကျလျှင်၊ ထိုယောဂီ၏ ရှုမှတ်မှုသည် "ငြိကပ် တွယ်တာမှု တဏှာကို ပယ်ဖျောက် ကုန်ခန်းစေနိုင်သောကြောင့်" နိကန္တိပရိယာဒါန မည်၏။ အထူးသန်စွာဖြစ်သော ဒုက္ခာနုပဿနာ ပင်တည်း။ အဋ္ဌကထာ၌ကား "သုဋ္ဌုဝိပဿာမိ။ မနာပံ ဝိပဿာမိ ဟုယူလျှင်၊ မာန ဖြစ်သည်၊ ဝိပဿိတုံ သက္ကောမိ ဟု သာယာလျှင်၊ နိကန္တိ ဖြစ်သည်" ဟူ၍ မိန့်ဆိုလျက် ရှိ၏။ ဋီကာ၌လဲ၊ ထိုနှင့်လျော်စွာပင် ဖွင့်ပြလျက်ရှိ၏။

ဒုက္ခတော ပဿန္တဿ နိကန္တိပရိယာဒါနံ နာမ ဟောတိ။ (ဝိသုဒ္ဓိမဂ်)

ယဒါ ပန ဒုက္ခာနုပဿနာ တိက္ခာ သူရာဝိသဒါ ပဝတ္တတိ၊ ဣတရာဒွေပိ တဒနုဂတိကာ။ တဒါ.နေန နိကန္တိ ပရိယာဒါနံ ကတံ ဟောတိ။ (ဋီကာ)

## နာမသတ္တက ပြီး၏။

## သမ္မသနဉာဏ် ပြီး၏။

## ဥဒယဗ္ဗယဉာဏ်

ယာ "ယဒတ္ထိ ယံ ဘူတံ၊ တံ ပဇဟတိ၊ ဥပေက္ခံ ပဋိလဘတီ တိ" ဧဝမာဂတာ ဝိစိနနေ မဇ္ဈတ္တဘူတာ ဥပေက္ခာ၊ အယံ ဝိပဿနုပေက္ခာ နာမ။ ပေ။ ပညာ ဧဝ ဟိ သာ၊ ကိစ္စဝသေန ဒွိဓာ ဘိန္နာ။ ယထာဟိပုသဿ သာယံ ဂေဟံ ပဝိဋ္ဌံ သပ္ပံ အဇပဒ.ဒဏ္ဍံ ဂဟေတွာ ပရိယေသမာနဿ တံ ထုသကောဋ္ဌာသေ နိပန္နံ ဒိသွာ သပ္ပေါ နု ခေါ, နော တိ အဝလောကေန္တဿ သောဝတ္တိကတ္တယံ ဒိသွာ နိဗ္ဗေမတိ ကဿသပ္ပေါ, န သပ္ပေါတိ ဝိစိနနေ မဇ္ဈတ္တတာ ဟောတိ၊ ဧဝမေဝယာ အာရဒ္ဓဝိပဿကဿ ဝိပဿနာဉာဏေန လက္ခဏတ္တယေ ဒိဋ္ဌေ သင်္ခါရာနံ အနိစ္စဘာဝါဒိ ဝိစိနနေ မဇ္ဈတ္တတာ ဥပ္ပဇ္ဇတိ၊ အယံ ဝိပဿနုပေက္ခာ။ (ဝိသုဒ္ဓိမဂ် ၁-၁၅၇-နှင့် အဋ္ဌသာလိနီ ၂၁၈)

## ဝိပဿနုပေက္ခာ၏ သရုပ်သတ္တိ

ယဒတ္ထိ-ပ-ပဋိကလတီတိ၊ ဟူ၍။ ဧဝံ အာဂတာ၊ ဤသို့ ဥပရိပဏ္ဏာသ, အင်္ဂုတ္တရ ပါဠိတို့၌လာသော။ ဝိစိနနေ၊ အနိစ္စ ဒုက္ခ အနတ္တလေလား ဟု စူးစမ်း ဆင်ခြင်မှု၌။ မဇ္ဈတ္တဘူတာ၊ အလယ် အလတ် ညီမျှသော သဘော ဖြစ်၍ ဖြစ်သော။ ဝါ၊ အလွန်ကြောင့်ကြမစိုက်သော သဘောဖြစ်၍ဖြစ်သော။ ယာ ဥပက္ခော၊ ဝိပဿနာဉာဏ်တည်းဟူသော အကြင်ဥပက္ခော သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ဥပေက္ခာသည်။ ဝိပဿနုပေက္ခာ နာမ၊ ဝိပဿနုပေက္ခာ မည်၏။

ယဒတ္ထိ စသော ပါဠိတော်၏ အနက်ကား ..... ယံ၊ အကြင် ခန္ဓာ ငါးပါးသည်။ အတ္ထိ၊ ပရမတ္တအားဖြင့် ရှိဆဲတည်း။ ယံ၊ အကြင် ခန္ဓာ ငါးပါးသည်။ ဘူတံ၊ အကြောင်းကြောင့် ဖြစ်ပေါ်ဆဲတည်း။ (ယံ အတ္ထိ၊ ယံ ဘူတံ ဧတရဟိ ခန္ဓပဉ္စကံ- ဥပရိပံ အဋ္ဌကထာ။ ။ ယဒတ္ထိ ယံ ဘူတံ ပစ္စုပ္ပန္နက္ခန္ဓပဉ္စကံ-အင်္ဂုတ္တရ အဋ္ဌကထာ။ ဥပရိပံ ဋီကာ၌၊ ယံ အတ္ထိ-ကို၊ ယံ ခန္ဓပဉ္စကံ ပရမတ္ထတော အတ္ထိ-ဟုဖွင့်၏။) ။တံ၊ ထို ပရမတ္ထအားဖြင့် ထင်ရှား ရှိဆဲ, ဖြစ်ဆဲ ပစ္စုပ္ပန် ခန္ဓာ ငါးပါးကို။ ပဇဟတိ၊ ပယ်၏။ ဥပေက္ခံ၊ အထူးကြောင့်ကြ မစိုက်ရဘဲ, "မမြဲ၊ ဆင်းရဲ၊ ငါကောင်မဟုတ်" ဟု ရှင်းလင်းစွာ သိမြင်သော ဝိပဿနုပေက္ခာကို။ ပဋိလဘတိ၊ ရ၏။

(ပါဠိတော် စာအုပ်တို့၌ကား .... တံပဇဟာမိ တိ ဥပေက္ခံ ပဋိလတတိ- ဟုရှိ၏။ ။တံ၊ ထို ရှိဆဲ, ဖြစ်ဆဲ ခန္ဓာ ငါးပါးကို။ ပဇတာမိ၊ ပယ်စွန့်၏။ ဣတိ၊ ဤသို့ ပယ်စွန့်သော အခြင်းအရာအားဖြင့်။ ဥပေက္ခံ၊ ဝိပဿနာပေက္ခကို။ ပဋိလဘတိ၊ ရ၏။ ဤသို့ အနက်ပြန်လေ။ ။တံ ပဇတာမိ တိ ဥပေက္ခံ ပဋိလဘတီတိ တတ္ထ ဆန္ဒရာဂပ္ပဟာနေန ပဇဟာမီတိ ဝိပဿနုပေက္ခံ ပဋိလဘတိ - သတ္တင်္ဂုတ္တရအဋ္ဌကထာ။ ။ အားထုတ်စ ဉာဏ်နုစဉ် ကာလ၌ ဖြစ်ခိုက် ရုပ်နာမ် ပစ္စုပ္ပန် ခန္ဓာတို့ကို "မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု ကောင်းစွာ မပိုင်းခြားနိုင်သေး။ ထို့ကြောင့်, ထိုခန္ဓာတို့၌ 'နိစ္စ သုခ အတ္တ' ဟု ထင်မှတ်လျက်, လိုချင် တပ်မက်မှု ဆန္ဒရာဂ ဖြစ်နိုင်သေး၏။ သမ္မသနဉာဏ် ပြည့်စုံအောင် ဉာဏ်ရင့်ပြီးသော ကာလ၌ကား အထူး ကြောင့်ကြ မစိုက်ရဘဲ၊ မှတ်ရုံမျှဖြင့်, ဖြစ်ခိုက် ရုပ်နာမ် ပစ္စုပ္ပန် ခန္ဓာတို့ကို "မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်" ဟု ရှင်းလင်းစွာ သိမြင်သဘောကျ၏။ ထို့ကြောင့်, ထိုခန္ဓာ တို့၌ 'နိစ္စ သုခ အတ္တ' ဟု ထင်မှတ်လျက်, လိုချင် တပ်မက်မှု ဆန္ဒရာဂသည် မဖြစ်နိုင်တော့ပြီ။ ဤသို့ ဆန္ဒရာဂ မဖြစ်နိုင်အောင် သိမြင်မှုဖြစ်သောကြောင့်, "ဖြစ်ခိုက် ဖြစ်ခိုက် ရုပ်နာမ်ကို အထူးကြောင့်ကြမစိုက်ရဘဲ၊ 'မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်' ဟု မှတ်သိခြင်းသည်" ထိုရုပ်နာမ်၌ ဖြစ်ထိုက်သော ဆန္ဒရာဂကိုလဲ ပယ်စွန့်သည် မည်၏၊ ထိုရုပ်နာမ် ခန္ဓာကိုလဲ ပယ်စွန့်သည် မည်၏။ ဝိပဿနုပေက္ခလဲ မည်၏- ဟု ဆိုလို၏။ သိခဲစွ။ မဟာဋီကာ၌၊ "ယဒတ္ထိ ယံ ဘူတန္တိ ခန္ဓပဉ္စတံ၊ တံ မုဥ္စိတုကမျတာဉာဏေန ပဇဟတိ" ဟူသော အဖွင့်ကို ကား၊ ဥက္ကဋ္ဌနည်း ဟု ယူအပ်၏။ ဤသို့ ယူမှသာလျှင် ဥဒယဗ္ဗယဉာဏ် အရာ၌၊ ဝိပဿနုပေက္ခကိုပြသော ဝိသုဒ္ဓိမဂ်နှင့် ညီမည်)။

သာ၊ ဝိပဿနုပေက္ခ, သင်္ခါရုပေက္ခာ ဟူသော ထို ဥပေက္ခာ ၂-မျိုးသည်။ ပညာ ဧဝ၊ တရားကိုယ်အားဖြင့် ပညာသာ တည်း။ ကိစ္စဝသေန၊ လက္ခဏာ ၃-ပါးကို စူးစမ်း ဆင်ခြင်မှု၌ အမျှရှုခြင်း ကိစ္စ, သင်္ခါရတို့၌ အမျှရှုခြင်းတို့၏ အလိုအားဖြင့်။ ဒွိဓာ၊ နှစ်မျိုး ဖြစ်၍။ဘိန္နာ၊ ကွဲပြား၏။ ဟိ၊ ချဲ့၍ ထင်စွာ ပြအံ့။ သာယံ၊ ညနေချမ်း မှောင်ရီချိန်၌။ ဂေတံ ပဝိဋ္ဌံ သပ္ပံ၊ အိမ်ထဲသို့ ဝင်လာသောမြွေကို။ အဇပဒ-ဒဏ္ဍံ ဂဟေတွာ ပရိယေသမာနဿ၊ ဆိတ်ခွါသဏ္ဍာန်ရှိသော တုတ်ကိုကိုင်၍ ရှာလတ်

သော်။ တံ၊ ထိုမြွေကို။ ထုသကောဋ္ဌာသေနိပန္နံ ဒိသွာ၊ ဖွဲပုံ၌အိပ်နေသည်ကို တွေ့မြင် ၍။ သပ္ပေါ နုခေါ, နော တိ အဝလောကေန္တဿ၊ မြွေ ဟုတ်လေသလား, မဟုတ်လေသလားဟု ကြည့်ရှု စူးစမ်းလတ်သော်။ သောဝတ္ထိကတ္တယံ ဒိသွာ၊ လည်ရေး သုံးတန့်ကို တွေ့မြင်၍။ နိဗ္ဗမတိကဿ၊ မြွေပင်တည်း ဟု ယုံမှားမရှိ ဆုံးဖြတ်နိုင်သော။ ပုရိသဿ၊ ယောကျ်ားအား။ သပ္ပေါ, န သပ္ပေါတိ ဝိစိနနေ၊ မြွေ လေလား, မြွေမဟုတ်ဘူးလေလား ဟု စူးစမ်း ဆင်ခြင်မှု၌။ မဇ္ဈတ္တတာ၊ အထူး ကြောင့်ကြ မစိုက်ဘဲ အညီအမျှလျစ်လျူရှုခြင်းသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ ဧဝ၊ ဤနည်းတူပင်လျှင် အာရဒ္ဓဝိပဿကဿ၊ သမ္မသနဉာဏ်ဖြင့် အားထုတ်စ ပြုခဲ့ပြီးသော ဝိပဿနာ ယောဂီအား။ ဝိပဿနာ ဉာဏေန၊ သမ္မသန ဝိပဿနာဉာဏ်ဖြင့်။ လက္ခဏတ္တယေ ဒိဋ္ဌေ၊ လက္ခဏာ ၃-ပါးကို တွေ့မြင်အပ်ပြီးလတ်သော်။ သင်္ခါရာနံ အနိစ္စတာဝါဒိဝိစိနနေ၊ သင်္ခါရတို့၏ မမြဲသည့်အဖြစ်စသည်ကို စူးစမ်းဆင်ခြင်မှု၌။ ယာမဇ္ဈတ္တတာ၊ အကြင် အထူးကြောင့်ကြမစိုက်မှု၍ အညီအမျှ လျစ်လျူရှုခြင်း သဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤ ကြောင့်ကြမစိုက်လွန်းသော သိမှုသဘောသည်။ ဝိပဿနုပေက္ခာ၊ ဝိပဿ နုပေက္ခာ မည်၏။

မျက်မှောက် မှတ်သိရတဲ့ ဖြစ်ဆဲရုပ်နာမ်တို့၌ငင်း၊ ထိုရုပ်နာမ်များနှင့် နှိုင်းဆ၍, မျက်ကွယ် ရုပ်နာမ်တို့၌ ငင်း၊ ဖြစ်မှု ပျက်မှု အနိစ္စဒုက္ခအနတ္တ လက္ခဏာတို့ကို သုံးသပ်ဆင်ခြင်၍၊ ယုံမှားမရှိ ဆုံးဖြတ်နိုင်သောသူအား။ ဆိုခဲ့သော အဋ္ဌကထာ တို့နှင့် အညီ မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်သည်၏ အဖြစ်ကို စူးစမ်းဆင်ခြင်ရန်၊ အထူးကြောင့်ကြမစိုက် တော့ဘဲ၊ ဖြစ်ခိုက် ဖြစ်ခိုက် ရုပ်နာမ်ကို မှတ်ရုံမျှသာ မှတ်လျက်၊ အစနှင့်အဆုံး ဟူသော အဖြစ်အပျက်ကို ရှင်းလင်းစွာ သိမြင်သော ဝိပဿ နုပေက္ခာသည် ဖြစ်ပေါ်၏။ ထိုအခါမှစ၍၊ ဖြစ်ခိုက် ပစ္စုပ္ပန် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုသိ မြင်သော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သည်ဟု သိအပ်၏။ ထို ဉာဏ်၏ ဖြစ်ပုံကို ပဋိသမ္ဘိဒါမဂ် ပါဠိတို့ဖြင့် ပြပေအံ့။

ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ။ (ကဋ္ဌိသံ-၁)။

ပစ္စုပ္ပန္နာနံ၊ အကြောင်းကို စွဲ၍ ဖြစ်ပေါ်ဆဲ ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရုပ်နာမ် တရားတို့၏။ ဝိပရိဏာမာနုပဿနေ ပညာ၊ ဖြစ်စ=ဖြစ်ခိုက်ကနှင့် မတူဘဲ ပြောင်းလဲ ပျက်စီးသည်ကို ရှုမြင်သော ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ၊ အဖြစ်အပျက်ကို ရှုမြင်သော ဉာဏ်မည်၏။

မှတ်တိုင်း မှတ်တိုင်း "ဘွားကနဲ ဘွားကနဲ ပေါ်လာသကဲ့သို့ငင်း၊ ခေါင်းပြူ၍ ခေါင်းပြူ၍ ဝင်လာသကဲ့သို့ငင်း" မှတ်အပ်တဲ့ ရုပ်နာမ်၏အစ=ဖြစ်ပေါ်မှုသည် မှတ်သိတဲ့ စိတ်ထဲ ဉာဏ်ထဲမှာ ထင်ရှား၏၊ "ရိပ်ကနဲ ရိပ်ကနဲ လွင့်ပျောက်သွား သကဲ့သို့ငင်း၊ ဖယောင်းတိုင်မီးတောက်ကလေးများ ဟုတ်ကနဲ ဟုတ်ကနဲ ငြိမ်းပျောက်သွားသကဲ့သို့ ငင်း" မှတ်အပ်တဲ့ ရုပ်နာမ်၏ အဆုံး=ပျက်မှုသည်လည်း မှတ်သိတဲ့ စိတ်ထဲ ဉာဏ်ထဲမှာ ထင်ရှား၏။ ဤသို့ထင် ရှားသော အခါ၌ မှတ်တိုင်း မှတ်တိုင်း မှတ်အပ်သော ရုပ်နာမ်၏ ထိုအစ=ဖြစ်မှုနှင့်, အဆုံး=ပျက်မှုတို့ကို သိမြင် ခြင်းသည် ဥဒယဗ္ဗယဉာဏ် မည်၏။

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမ လက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ (ပဋိသံ ၅၂)

ဇာတံ ရူပံ၊ ဖြစ်ဆဲ (ဥပါဒ် ဌီ ဘင်သို့ ရောက်ဆဲ) ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန် ရုပ်မည်၏။ တဿ၊ ထို ဖြစ်ဆဲရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ အစ=ဖြစ်ပေါ်ခြင်း လက္ခဏာသည်။ ဥဒယော၊ ဖြစ်ခြင်းမည်၏။ ဝိပရိဏာမ လက္ခဏံ၊ ဖြစ်စကနှင့်မတူဘဲ ပြောင်းလဲပျောက်ကွယ်ခြင်း လက္ခဏာသည်။ ဝယော၊ ပျက်ခြင်းမည်၏။ အနုပဿနာ၊ ထို ဖြစ်မှုပျက်မှုတို့ကို သိမြင်ခြင်း သည်။ ဉာဏံ၊ ဥဒယဗ္ဗယဉာဏ် မည်၏။

သန္တတိ ပစ္စုပ္ပန္နေ ခဏပစ္စုပ္ပန္နေ ဝါ ဓမ္မေ ဥဒယဗ္ဗယဒဿနာဘိ နိဝေသော ကာတဗ္ဗော၊ န အတီတာနာဂတေ တိဝုတ္တံ "ပစ္စုပ္ပန္နာနံ ဓမ္မာန" န္တိ။

ဇာတန္တိ နိဗ္ဗတ္တံ ပဋိလဒ္ဓတ္တဘာဝံ ။ပ။ ပစ္စုပ္ပန္နရူပံ နာမ ဇာတံ ခဏတ္တယပရိယာပန္နန္တိ အတ္ထော။ တံ ပန အာဒိတော ဒုပ္ပရိဂ္ဂဟန္တိ သန္တတိ ပစ္စုပ္ပန္နဝသေန ဝိပဿနာဘိ နိဝေသော ကာတဗ္ဗော။ (မဟာဋီကာ ၂-၄၁၉)

သန္တတိပစ္စုပ္ပန္နေ ဝါဓမ္မေ၊ သန္တတိပစ္စုပ္ပန် တရား၌ဖြစ်စေ။ ခဏ ပစ္စုပ္ပန္နေ ဝါ ဓမ္မေ၊ ခဏပစ္စုပ္ပန် တရား၌ဖြစ်စေ၊ ဥဒယဗ္ဗယဒဿနာ ဘိနိဝေသော၊ အဖြစ်အပျက်ကို ရှုမှတ် နှလုံးသွင်းခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ န အတီတာနာဂတေ၊ အတိတ် အနာဂတ် တရား၌ စ၍ နှလုံးမသွင်းအပ်။ ဣတိ၊ ထိုကြောင့်။ ပစ္စုပ္ပန္နာနံ ဓမ္မာနန္တိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဇာတန္တိ၊ ဇာတံ ဟူသည်ကား။ နိဗ္ဗတ္တံ၊ ဖြစ်ပေါ်သော။ ပဋိလဒ္ဓတ္တဘာဝံ၊ ရအပ်သော အထည်ကိုယ် သဘောရှိသော တရားတည်း။ ပ။ ပစ္စုပ္ပန္နရူပံ နာမ၊ ပစ္စုပ္ပန် ရုပ် မည်သည်ကား။ ဇာတံ၊ ဖြစ်ပေါ်ဆဲ ရုပ်တည်း။ ခဏတ္တယပရိယာပန္နံ၊ ဥပါဒ် ဌီဘင် ဟူသော ခဏသုံးပါး အပေါင်း၌ အတွင်းဝင်သော ရုပ်တည်း။ ဣတိ အတ္ထော၊ ဤကား 'ဇာတံ ရူပံ ပစ္စုပ္ပန္နံ' ဟူသော

အပိုဒ်၏ အနက်တည်း။ ပန၊ သို့သော်လဲ။ တံ၊ ထို ခဏပစ္စုပ္ပန် ရုပ်ကို။ အာဒိတော၊ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်စဉ်၌။ ဒုပ္ပရိဂ္ဂဟံ၊ သိမ်းဆည်း ရှုမှတ်နိုင်ခဲ၏။ ဣတိ၊ ထို့ကြောင့်။ သန္တ တိ ပစ္စုပ္ပန္နဝသေန၊ သန္တတိပစ္စုပ္ပန်၏ အလိုအားဖြင့်။ ဝိပဿနာ ဘိနိဝေသော၊ ဝိပဿနာကို စ၍ နှလုံးသွင်းခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။

ဤဋီကာနှင့်အညီ၊ ဇာတံရူပံ ပစ္စုပ္ပန္နံ စသော ပါဠိတော်ဖြင့် ပြအပ်သော ပစ္စုပ္ပန်တရား ဟူသည်မှာ ဥပါဒ်ဋီဘင်သို့ ရောက်ဆဲ ခဏပစ္စုပ္ပန် တရားသာတည်း။ အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်တရား မဟုတ်ဟူ၍ သိအပ်၏။ ထို့ပြင်, ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ခါစ၌ သန္တတိပစ္စုပ္ပန်တရား၏ အဖြစ်အပျက်ကိုသာ သိနိုင်သည်၊ ထိုကာလမှစ၍ နုသော ဥဒယဗ္ဗဉာဏ် ဖြစ်ပေါ်သည်။ ဥဒယဗ္ဗဉာဏ်ရင့်သော အခါ၌ကား ခဏပစ္စုပ္ပန် တရား၏ အဖြစ်အပျက်ကို သိမြင်လျက် ဖြစ်သည်ဟူ၍လဲ သိအပ်၏။

## သန္တတိနှင့် ခဏပစ္စုပ္ပန်

ဇာတံ ရူပံ ပစ္စုပ္ပန္နံ စသည်၌ အဓိပ္ပါယ်ကား .... ဖေါင်းရုပ် ပိန်ရုပ် ထိုင်ရုပ် ထရုပ် လှမ်းရုပ် ကွေးရုပ် ဆန့်ရုပ် စသောကိုယ်အမူအရာရုပ် ဟူသမျှသည် ဖြစ်ဆဲ ပြုဆဲ ရှိဆဲ ခဏ၌ ပစ္စုပ္ပန်ရုပ်ချည်းသာတည်း။ ထိုရုပ်တို့၏ အစ ဟူသော ဖြစ်ပေါ်မှုသည် ဥဒယ=ဖြစ်မှုပေတည်း။ အဆုံးဟူသော ကွယ်ပျောက်မှုသည် ဝယ=ပျက်မှုပေတည်း။ တကြိမ် တကြိမ်သော ဖေါင်းမှု ပိန်မှု ထိုင်မှု ထမှု လှမ်းမှု ကွေးမှု ဆန့်မှု လှုပ်မှု ရွေ့မှု ပြုပြင်မှုတို့ကို အစ=ဖြစ်မှု တကြိမ်စီ, အဆုံး=ပျက်မှု တကြိမ်စီ ဖြင့်သာ ပိုင်းခြား၍ သိမြင်ခြင်းသည် သန္တတိပစ္စုပ္ပန်ရုပ်၏ အဖြစ်အပျက်ကို သိမြင်သော ဖြစ်ခါစ ဥဒယဗ္ဗယဉာဏ်ပေတည်း။ ဤမျှလောက် သိလျှင်ပင်, ဖေါင်းမှုကတခြား + ပိန်မှုကတခြား + ထိုင်မှုက တခြား၊ ကွေးမှုက တခြား + ဆန့်မှုက တခြား၊ ဘယ်လှမ်းက တခြား + ညာလှမ်းကတခြား–ဤသို့ စသည်ဖြင့် အပိုင်းအပိုင်း ပြတ်လျက်သာ ထင်ပေါ်သောကြောင့်, "တခုတခုသော ကိုယ် အမူအရာသည် တခြား တပါးသော ကိုယ် အမူအရာနှင့် မရောနှောဘဲ ထိုထို အခိုက်အတန့်၌သာလျှင် ပေါ်၍ ပေါ်၍ ကုန်ဆုံး ကုန်ဆုံး သွားကြသည်" ဟု၊ မှတ်ရုံမျှဖြင့်ပင် မတွေး မဆရာဘဲ ရှင်းလင်းစွာ သိမြင် သဘောကျ၏။

ဥဒယဗ္ဗဉာဏ် ထက်သန်သော အခါ၌ကား တကြိမ် တကြိမ် အသက်ရှုရာ၌၊ ဖေါင်းကြွ လှုပ်ရှားမှု ကလေးပေါင်း အဆင့်ဆင့် များစွာဖြစ်လျက် ထင်ရှား၏။ ထိုလှုပ်ရှားမှုကလေးများသည် "ရေပြင်ပေါ်မှာ မိုးပေါက်ကလေးများ ကျတိုင်း ကျတိုင်း ဖြစ်ပေါ်ပြီးလျှင်, တခဏချင်း ပျက်ပျက်သွားတဲ့ ရေပွက်ကလေးများလိုပင်" တလှုပ်မှ တလှုပ်သို့, တဆင့်မှ တဆင့်သို့ မရောက်ဘဲ၊ ထိုထို ခဏမှာပင် ရိပ်ကနဲ ရိပ်ကနဲ ပေါ်လာ၍၊ ပျောက် ပျက် သွားကြ သည်ဟု ထင်ရှား၏။ တကြိမ်တကြိမ်သော ပိန်မှု ထိုင်မှု ခြေလှမ်းမှု ကွေးမှု ဆန့်မှု လှုပ်မှု ပြုပြင်မှု တို့၌လဲ နည်းတူပင် အဆင့်ဆင့် အစိတ်အပိုင်းများစွာ အပိုင်း အပိုင်းပြတ်လျက်သာ ထင်ရှားကုန်၏။ ထိုအခါ၌ ပေါ်ချည် ပျောက်ချည်နှင့် မပြတ် ဖြစ်ပျက်လျက် ရှိသော ကိုယ်အမူအရာ များ၏ အစဖြစ်မှု, အဆုံး ပျက်မှုတို့ကို မတွေးမဆရာဘဲ မှတ်ရုံမျှ မှတ်ရုံမျှဖြင့်ပင် ရှင်းလင်းစွာ သိမြင်ခြင်းသည် ပါဠိတော် နှင့်အညီ, ခဏပစ္စုပ္ပန်ရုပ်၏ဥဒယ, ဝယတို့ကို သိမြင်သော ဗလဝ ဥဒယဗ္ဗယဉာဏ်ပေတည်း။ မြင်ခိုက် ကြားခိုက် စသည်၌ လဲ၊ မြင်ရတဲ့ အဆင်းရုပ်၊ ကြားရတဲ့ အသံရုပ် စသည်တို့ကိုင်း, ကြည်လင်တဲ့ မျက်စိရုပ် နားရုပ် စသည်တို့ကိုင်း ထိုထို ခဏမှာပင် ဖျတ်ကနဲ ဖျတ်ကနဲ ပေါ်လာ၍ ကုန်ပျောက် ကုန်ပျောက် သွားကြသည် ဟု သိရ၏။ ဤခဏပစ္စုပ္ပန်ကို ပိုင်းခြားနိုင်အောင် အသိ လျင်မြန်သော ကာလ၌ အမည် တပ်၍ မှတ်နေလျှင်၊ ဖြစ်တိုင်း ပျက်တိုင်းသော ရုပ်ကို မမှီနိုင်ဘဲ ရှိတတ်၏။ သိရုံမျှ သိရုံမျှသာ အစဉ်လိုက်နေမှ အလုံးစုံကို စေ့ငှအောင် သက်သက် သာသာနှင့် မှတ်သိနိုင်ပေတော့သည်။

ဇာတာ ဝေဒနာ ပစ္စုပ္ပန္နာ၊ ဇာတာ သဉ္ဉာ ပစ္စုပ္ပန္နာ၊ ဇာတံ ဝိညာဏံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ (၎င်း ၅၂)

ဇာတာ ဝေဒနာ၊ ဖြစ်ဆဲ ခံစားမှုသည်။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန် မည်၏။ ဇာတာ သညာ၊ ဖြစ်ဆဲ မှတ်သားမှုသည်။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန် မည်၏။ ဇာတာ သင်္ခါရာ၊ ဖြစ်ဆဲ အားထုတ်မှုတို့သည်။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန် မည်ကုန်၏။ ဇာတံ ဝိညာဏံ၊ ဖြစ်ဆဲ စိတ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။ တဿ၊ ထို ပစ္စုပ္ပန် စိတ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ အစ=ဖြစ်ပေါ်ခြင်း လက္ခဏာသည်။ ဥဒယော၊ ဖြစ်ခြင်းမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဖြစ်စကနှင့် မတူဘဲ၊ ပြောင်းလဲ ကွယ်ပျောက်ခြင်း လက္ခဏာသည်။ ဝယော၊ ပျက်ခြင်း မည်၏။ အနုပဿနာ၊ ထို ဖြစ်မှု, ပျက်မှုတို့ကို သိမြင်ခြင်းသည်။ ဉာဏံ၊ ဥဒယဗ္ဗယဉာဏ် မည်၏။

မြင်ဆဲ ကြားဆဲ နံဆဲ စားသိဆဲ ထိဆဲ ကြံဆဲ ရှုမှတ်ဆဲ၌ ပါဝင်သော ခံစားမှုသည် ပစ္စုပန် ဝေဒနာပင်တည်း၊ မှတ်သားမှုသည် ပစ္စုပ္ပန် သညာပင်တည်း၊ အာရုံကို သိကာမျှ အာရုံပြုကာမျှ ဖြစ်သော စိတ်သည် ပစ္စုပ္ပန် ဝိညာဏ်ပင်တည်း၊ ကြွင်းသော နာမ်တရားတို့သည် ပစ္စုပ္ပန် သင်္ခါရတို့ပင်တည်း၊ မြင်ခြင်း ကြားခြင်း စသော အမူအရာ ကြိယာကို ပြီးစီးအောင် ပြုလုပ်ဆဲ အားထုတ်ဆဲ တရားများဟု ဆိုလို၏။ ၎င်းသင်္ခါရတို့မှာ .... "အာရုံဆီသို့ စိတ်က ရောက်သွားသကဲ့သို့၎င်း၊ စိတ်ဆီသို့ အာရုံကရောက်လာသကဲ့သို့၎င်း" အာရုံနှင့် စိတ်၏တွေ့ထိမှု–ဟူသော ဖဿ၊ "အာရုံဆီသို့ တဟုန်ထည်းပြေးသွားသကဲ့သို့၎င်း၊ မြင်စေ ကြားစေ ကွေးစေ စသည်ဖြင့် စီရင်တိုက်တွန်း သကဲ့သို့၎င်း" အာရုံနှင့် စိတ်ကို ဆက်စပ် စေ့ဆော်မှု ဟူသော စေတနာ၊ ကြံစည်မှု=ဝိတက်၊ စဉ်းစား ဆင်ခြင်မှု=ဝိစာရ၊ နှစ်သိမ့် အားရမှု=ပီတိ၊ ငြိမ်းအေးမှု=ပဿဒ္ဓိ၊ ယုံကြည်မှု

ကြည်ညိုမှု ကြည်လင်မှု=သဒ္ဓါ၊ အမှတ်ရမှု=သတိ၊ အားထုတ်မှု ကြောင့်ကြစိုက်မှု=ဝီရိယ၊ စူးစိုက် တည်ကြည်မှု=သမာဓိ၊ ရှင်းလင်းစွာသိမှု=ပညာ၊ လိုချင်နှစ်သက်မှု=လောဘ၊ စိတ်ဆိုးမှု စိတ်ပျက်မှု=ဒေါသ၊ ရုပ်နာမ်တို့ကိုပင်၊ အကောင်းအမွန် တွေဟု ထင်မှားမှု=မောဟ၊ ထောင်လွှား နှိုင်းပြိုင်မှု=မာန၊ ပျံ့လွင့်မှု=ဥဒ္ဓစ္စ၊ ရုပ်နာမ်တို့ကို၊ သတ္တဝါကောင်ဟု ထင်မှားမှု=ဒိဋ္ဌိ၊ ယုံမှားမှု=ဝိစိကိစ္ဆာ၊ .... ဤသို့စသော တရားတို့ပင်တည်း။ အသီးအသီးသော ဤနာမ်ခန္ဓာတို့၏ အစ=ဖြစ်ပေါ်မှုသည် ဥဒယပေတည်း။ အဆုံး=ပျက်မှုသည် ဝယပေတည်း။ မြင်ခိုက်စသည်၌ ရှုမှတ်၍ ဤနာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို သန္တတိအားဖြင့် ဖြစ်စေ, ခဏအားဖြင့် ဖြစ်စေ, ပိုင်းခြား၍ သိမြင်ခြင်းသည် ဥဒယဗ္ဗယဉာဏ် မည်၏။

သန္တတိအားဖြင့် ပိုင်းခြားပုံကား....ညောင်းမှု ဖြစ်ရာမှ အညောင်းပြေ၍ နေထိုင် ကောင်း၏။ နေထိုင် ကောင်းရာမှ တဖန် ညောင်းမှု ဖြစ်စေ, ပူမှု ဖြစ်စေ, နာကျင်မှု ဖြစ်စေ, ယားမှုဖြစ်စေ, ဖြစ်ပေါ်ပြန်၏။ ဤသို့ဖြစ်ပေါ်ရာ၌၊ ညောင်းစမှ အညောင်း ပြေသည်အထိ၊ ညောင်းမှုပေါင်းများစွာပင် ဖြစ်ငြားသော်လဲ ဥဒယဗ္ဗယ ဉာဏ် နုစဉ်၌ ထိုညောင်းမှုများကို အသီးအသီး ပိုင်းခြား၍ မသိနိုင်သေး၊ သဘောတူသောကြောင့်၊ 'တညောင်းထည်း' ဟူ၍သာ ထင်မှတ်လျက် ရှိ၏၊ ဤသို့ တခုထည်းအနေအားဖြင့် ထင်မှတ်ရသော သဘောတူ ညောင်းမှုအစဉ်သည် သန္တတိပစ္စုပ္ပန် ဝေဒနာမည်၏။ ထို့အတူပင်၊ အစမှအဆုံးတိုင်အောင်၊ တခုထည်း ဟု ထင်မှတ်ရသော သဘောတူ နေထိုင်ကောင်းမှု ပူမှု နာကျင်မှု ယားမှုတို့၏ အစဉ်သည်လည်း သန္တတိပစ္စုပ္ပန်ဝေဒနာပင် မည်၏။ သို့ဖြစ်၍ ဥဒယဗ္ဗယဉာဏ်နုစဉ်၌ "ညောင်းတာက တခြား + အညောင်းပြေ၍ နေထိုင် ကောင်းတာက တခြား + တဖန် ညောင်းတာ ပူတာ နာကျင်တာ ယားတာက တခြား" ဤသို့စသည်ဖြင့် ဒုက္ခ သုခ ဝေဒနာတို့ကို အကန့်အကန့် အပိုင်းအပိုင်းဖြတ်လျက် သိမြင်သဘောကျ၏။ ထို့ပြင်, တမျိုးထည်းသော အဆင်း အသံ စသည်ကို မှတ်သားမှု အစဉ်သည် သန္တတိပစ္စုပ္ပန် သညာ မည်၏။ တမျိုးထည်းသော အဆင်း အသံ စသော အာရုံကို သိမှု အစဉ်သည် သန္တတိပစ္စုပ္ပန် ဝိညာဏ်မည်၏။ တမျိုးထည်းသော အမှုအရာကို ပြုလုပ်မှု အားထုတ်မှု အစဉ်သည် သန္တတိပစ္စုပ္ပန်သင်္ခါရ မည်၏။ ဤ သညာ ဝိညာဏ် သင်္ခါရတို့ကိုလဲ သဘော မတူသော သညာ ဝိညာဏ် သင်္ခါရတို့ ပြောင်းလဲတိုင်း "ရှေးရှေး သဘောက တခြား + နောက်နောက် သဘောက တခြား + နောက်နောက် သဘောက တခြား"ဟု ပိုင်းခြားလျက် သိမြင် သဘောကျ၏။

ခဏအားဖြင့် ပိုင်းခြားပုံကား .... တစဉ်ထည်းဆက်၍ ဖြစ်သောညောင်းမှု တမျိုးထည်းမှာပင် ပဌမတကြိမ် ညောင်းတာကတခြား + ဒုတိယတကြိမ် ညောင်းတာကတခြား တတိယတကြိမ် ညောင်းတာကတခြား ဤသို့စသည်ဖြင့် တနင့်ကနဲ နင့်ကနဲ ပေါ်၍ ကွယ်ပျောက် သွားသော ညောင်းမှုပေါင်းများစွာ တို့ကို ပေါ်တိုင်း ပျောက်တိုင်း အသီး အသီး ပိုင်းခြား၍ သိမြင် သဘောကျ၏။ အညောင်း ပြေ၍ နေထိုင် ကောင်းမှု စသည်တို့၌လဲ နည်းတူပင်တည်း။ ထို့ပြင်, အဆင်း တမျိုးထည်းကို မှတ်သားရာ၌လဲ ပဌမမှတ်သားတာက တခြား + ဒုတိယ မှတ်သားတာက တခြား–ဤသို့စသည်ဖြင့် အသီး အသီး ပိုင်းခြား၍ သိ၏။ အဆင်း တမျိုးထည်းကို မြင်ရာ၌လဲ ပဌမ မြင်တာက တခြား + ဒုတိယ မြင်တာက တခြား–ဤသို့ စသည်ဖြင့် အသီးအသီး ပိုင်းခြား၍ သိ၏။ အမှုအရာ တမျိုးထည်းကို ကြံစည် အားထုတ်ရာ၌လဲ ပဌမ ကြံစည် အားထုတ်တာကတခြား + ဒုတိယ ကြံစည် အားထုတ်တာက တခြား – ဤသို့ စသည်ဖြင့် အသီးအသီး ပိုင်းခြား၍ သိ၏။ ဤသို့ ပါဠိတော်နှင့်အညီ, နာမ်တရားတို့ကို ခဏအားဖြင့် ပိုင်းခြားနိုင်အောင် အသိ လျင်မြန်သော အခါ၌လဲ အမည်တပ်၍ မှတ်လျှင် ပေါ်တိုင်း ပျောက်တိုင်းသော နာမ်ကို မမှီနိုင်ဘဲ ရှိတတ်၏။ တက်တက် တက်တက်နဲ့ စက်သွားနေသလိုပင် အလွန် လျင်မြန်စွာဖြစ်ပျက်နေသော နာမ်တရားတို့ကို သိရုံ သိရုံမျှသာ အစဉ်လိုက်နေပါမှ စေ့ငှအောင် လွယ်ကူစွာ မှတ်သိနိုင်တတ်ပေသည်။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး စသည်တို့ကိုလဲ "ဇာတံ စက္ခုပစ္စုပ္ပန္နံ၊ ဇာတံ သောတံ ပစ္စုပ္ပန္နံ" စသည်ဖြင့် အသီးအသီး ဝေဘန်၍ ကျယ်ဝန်းစွာ ဟောတော်မူသေး၏။ ဤ၌ကား ကျယ်လွန်းမည်ကြောင့် ၎င်းတို့ကို မထုတ်ပြတော့ပြီ။

ပြခဲ့ပြီးသော နည်းဖြင့်၊ ခဏပစ္စုပ္ပန် ဖြစ်ခိုက် ရုပ်နာမ်ကို ပေါ်တိုင်း ပျောက်တိုင်း မှီအောင် လိုက်၍ သိသောသူသည် ဤသို့လဲ ဆုံးဖြတ်သဘောကျနိုင်ပေ၏။ ပုံကား....ယခု မှတ်သိရတဲ့ ဖြစ် ပျက်ခိုက် ရုပ်နာမ်သည် မပေါ်လာမီက, ဘယ်နေရာမှာမျှ စုဝေးတည်ရှိခဲ့သည်မဟုတ်၊ ပေါ်လာသောအခါ၌လဲ, ဘယ်နေရာကမျှ ရွှေ့ပြောင်းထွက်ပေါ်လာသည်မဟုတ်၊ ကွယ်ပျောက်သွားသောအခါ၌လဲ ဘယ်နေရာသို့မျှ ရွှေ့ပြောင်းသွားသည် မဟုတ်၊ ကွယ်ပျောက်ပြီးသော အခါ၌လဲ, ဘယ်နေရာမှာမျှ မြုပ်ကွယ်လျက် စုဝေး တည်ရှိ နေတော့သည်မဟုတ်၊ အမှန်အားဖြင့်သော်ကား သူ့အကြောင်းအားလျော်စွာ သည်နေရာမှာပင် ပေါ်လာ၍ သည်နေရာမှာပင် လုံးလုံး ကွယ်ပျောက်သွားသည်–ဟု ဤသို့လဲ ဆုံးဖြတ် သဘောကျနိုင်ပေ၏၊ ပြောင်းပြန် ဥပမာကား... ထိုဉာဏ် အဆင့်သို့ မရောက်သေးမီက "ကွေးမည့် လက်သည် မကွေးမီကပင် ရှိနေသည်ဟူ၍၎င်း၊ ကွေးဆဲ၌လဲ, ထို ရှိပြီးသားလက်ကပင် ရွှေ့လာသည် ဟူ၍၎င်း၊ ကွေးမှု ပြီးဆုံးသွားတဲ့ အခါ၌လဲ, ထိုကွေးတဲ့ လက်ကပင် ချထားရာသို့ရောက်သွားသည်, ချထားရာမှာ ရှိမြဲပင် ရှိနေသည် ဟူ၍၎င်း" ဖြစ်ခြင်း ပျက်ခြင်း မရှိဘဲ မြဲတဲ့အနေအားဖြင့် ထင်မှတ်လျက် ရှိခဲ့၏။ ယခုမူကား ထိုကဲ့သို့ ထင်မှတ်မှားခြင်း မရှိတော့ပြီဟု ဆိုလို၏။ ဖေါင်းမှု ပိန်မှု ထိုင်မှု ခြေကြွမှု လှမ်းမှု ချမှု ကြားမှု မြင်မှု စသည်တို့၌လဲနည်းတူပင်, ပြောင်းပြန်ဥပမာဖြင့် နှိုင်းယှဉ်၍သိပါလေ။ ဤသိပုံသည် ဥဒယဗ္ဗယဉာဏ်အရာ၌ အရေးအကြီးဆုံး ပေတည်း။

ဖော်ပြခဲ့ပြီးသော ပါဠိ အနက် အဓိပ္ပါယ်တို့သည်သာလျှင် ဥဒယဗ္ဗယဉာဏ် ဖြစ်ပုံကို ဆုံးဖြတ်ရန် လိုရင်း အချုပ်တို့ ပေတည်း။ ပြလတ္တံ့သော ပါဠိအနက် အဓိပ္ပါယ်တို့သည်ကား ၎င်းဉာဏ် ဖြစ်ပုံကို ဆုံးဖြတ်ရန် ပြသည် မဟုတ်။ ၎င်းဉာဏ်၏ အစွမ်း သတ္တိကိုသာ ပြလိုသော စကားတို့ပေတည်း။

## ဥဒယဗ္ဗယဉာဏ်၏ သတ္တိပြစကား

ပဉ္စန္နံ ခန္ဓာနံ ဥဒယံ ပဿန္တော ပဉ္စဝီသတိ လက္ခဏာနိ ပဿတိ၊ ဝယံ ပဿန္တော ပဉ္စဝီသတိ လက္ခဏာနိ ပဿတိ၊ ဥဒယဝယံ ပဿန္တော ပဏ္ဏာသ လက္ခဏာနိ ပဿတိ။ ( ပဋိသမ္ဘိဒါမဂ် ၅၃ )

ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ ဥဒယံ ပဿန္တော၊ ဖြစ်မှုကို မြင်သော သူသည်။ ဝါ၊ ဖြစ်မှုကို မြင်လတ်သော်။ ပဉ္စဝီသတိ လက္ခန္တော၊ ပျက်မှုကိုမြင်သောသူသည်။ ဝါ၊ပျက်မှုကို မြင်လတ်သော်။ ပဉ္စဝီသတိ လက္ခဏာနိ ပဿတိ၊ ၂၅–ပါးသော လက္ခဏာတို့ကိုမြင်၏။ ဥဒယဝယံ ပဿန္တော၊ ဖြစ်မှုပျက်မှုကို မြင်သောသူသည်။ ဝါ၊ ဖြစ်မှု ပျက်မှုကို မြင်လတ်သော်။ ပဏ္ဏာသ လက္ခဏာနိ ပဿတိ၊ ၅၀–သော လက္ခဏာတို့ကို မြင်၏။

အဝိဇ္ဇာ သမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿဥဒယံ ပဿတိ၊ တဏှာသမုဒယာ၊ ကမ္မ သမုဒယာ၊ အာဟာရသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံပဿတိ၊ နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဥဒယံ ပဿတိ၊ ရူပက္ခန္ဓဿ ဥဒယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။ (ပဋိသမ္ဘိဒါမဂ် ၅၃)

အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာရှိခြင်းကြောင့်။ (အဝိဇ္ဇာယဥပ္ပါဒါ၊ အတ္ထိဘာဝါ တိ အတ္ထော–မဟာဋီကာဘွင့်)။ ရူပသမုဒ ယောတိ၊ ရုပ်၏ ဖြစ်မှုရှိသည် ဟူ၍။ ဝါ၊ ရုပ်ဖြစ်ပေါ်ရသည် ဟူ၍။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း ရှိခြင်းကြောင့်။ (ပစ္စယဿ ဥပ္ပန္နဘာဝေန၊ အတ္ထိဘာဝ တောတိ အတ္ထော–မဟာဋီကာဘွင့်)။ ရူပက္ခန္ဓဿ ဥဒယံ၊ ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို။ ပဿတိ၊ သိမြင်သဘောကျ၏။ တဏှာသမုဒယာ၊ တဏှာ ရှိခြင်းကြောင့်။ ကမ္မသမုဒယာ၊ ကံ ရှိခြင်းကြောင့်။ အာဟာရ သမုဒယာ၊ စားအပ်သော အာဟာရ ရှိခြင်းကြောင့်။ ရူပသမုဒယောတိ၊ ရုပ်၏ ဖြစ်မှု ရှိသည်=ရုပ်ဖြစ်ပေါ်သည်ဟူ၍။ ပစ္စယ သမုဒယဋ္ဌေန၊ အကြောင်း ရှိခြင်းကြောင့်။ ရူပက္ခန္ဓဿ ဥဒယံ၊ ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို။ ပဿတိ၊ သိမြင် သဘောကျ၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ပေါ်ခြင်း လက္ခဏာကို။ ပဿန္တောပိ၊ ဖြစ်ဆဲ၌ မြင်သည်ဖြစ်၍လဲ။ ရူပက္ခန္ဓဿ ဥဒယံ၊ ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို။ ပဿတိ၊ သိမြင်၏။ ရူပက္ခန္ဓဿ ဥဒယံ၊ ရူပက္ခန္ဓာ၏ ဖြစ်မှုကို။ ပဿန္တော၊ မြင်သော သူသည်။ ဣမာနိ ပဉ္စလက္ခဏာနိ၊ ဤ ငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။

လက္ခဏာ ငါးပါးဟူသည်ကား....ရှေးဘဝ၌ ကံကို ပြုစဉ်က ပြီးခဲ့သော အဝိဇ္ဇာ ရှိခြင်း ၁–ပါး၊ တဏှာ ရှိခြင်း ၁–ပါး၊ ကံ ရှိခြင်း ၁–ပါး၊ ယခုဘဝ၌ စားအပ်သော အာဟာရရှိခြင်း ၁–ပါး၊ မှတ်သိအပ်ဆဲ ပစ္စုပ္ပန်ရုပ်၏ဖြစ်ပေါ်ခြင်း ၁–ပါး၊ ဤ ငါးပါးတို့ ပေတည်း။

အဝိဇ္ဇာနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။ တဏှာနိရောဓာ၊ ကမ္မနိရောဓာ၊ အာဟာရနိရောဓာ၊ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ၊ ဝိပရိဏာမ လက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဝယံ ပဿတိ။ ရူပက္ခန္ဓဿ ဝယံပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။ ( ပဋိသမ္ဘိဒါမဂ် ၅၃)

အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာ၏ ချုပ်ခြင်း=မဖြစ်ခြင်း=ကင်းခြင်းကြောင့်။ ရူပနိရောဓောတိ၊ ရုပ်၏ ချုပ်ခြင်း=မဖြစ်ခြင်း= ကင်းငြိမ်းခြင်း ဖြစ်သည် ဟူ၍။ ဝါ၊ ရုပ်မဖြစ်လတ္တံ့ဟူ၍။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ ချုပ်ခြင်း=မရှိခြင်း ကင်းခြင်း ကြောင့်။ ရူပက္ခန္ဓဿဝယံ၊ ရူပက္ခန္ဓာ၏ ပျက်ခြင်း=မရှိခြင်း=ကင်းခြင်းကို။ ပဿတိ၊ သိမြင် သဘောကျ၏။ ။ (အဂ္ဂမဂ္ဂဉာ ဏေန အဝိဇ္ဇာယ အနုပ္ပါဒနိရောဓတော အနာဂတဿ ရူပဿ အနုပ္ပါဒနိရောဓော ဟောတိ– ဤမဟာဋီကာနှင့်အညီ, နိရောဓ =ချုပ်ခြင်း၊ အနုပ္ပါဒ=မဖြစ်ခြင်း၊ ဝယ=ပျက်ခြင်း၊ အဘာဝ=မရှိခြင်း– ဟူသော ဤစကား အလုံးစုံသည် ဤအရာ၌ အနက် အဓိပ္ပါယ်အားဖြင့် အတူတူပင်။ မဖြစ်ပေါ်၍ မရှိခြင်းကိုသာ ပြ၏။ ဖြစ်ပေါ်ပြီးမှ ပျက်ခြင်း ကွယ်ပျောက်သွားခြင်းကိုကားဆို လိုသည် မဟုတ်ပေ)။ ။ တဏှာနိရောဓာ၊ တဏှာ ကင်းခြင်းကြောင့်။ ကမ္မနိရောဓာ၊ ကံ ကင်းခြင်းကြောင့်။ အာဟာရ နိရောဓာ၊ အာဟာရ မရှိခြင်းကြောင့်။ ဝါ၊ အာဟာရ မရှိလတ်သော်။ (ပဝတ္တိ ပစ္စယဿ ကဗဠီကာရာ ဟာရဿ အဘာဝေ– ဋီကာဘွင့်)။ ရူပနိရောဓောတိ၊ ရုပ် မဖြစ်လတ္တံ့ ဟူ၍။ ပစ္စယနိရောဓဋ္ဌေန၊ အကြောင်း၏ မရှိခြင်းကြောင့်။ ရူပက္ခန္ဓဿဝယံ၊ ရူပက္ခန္ဓာ၏ ပျက်ခြင်း=မရှိခြင်း=ကင်းခြင်းကို။ ပဿတိ၊ သိမြင် သဘောကျ၏။ ဝိပရိဏာမလက္ခဏံ၊ ဖြစ်စကနှင့် မတူဘဲ ပြောင်းလဲ ကွယ်ပျောက်ခြင်း လက္ခဏာကို။ ပဿန္တောပိ၊ ပျက်ဆဲ၌ မြင်သည်ဖြစ်၍လဲ။ ရူပက္ခန္ဓဿ ဝယံ၊ ရူပက္ခန္ဓာ၏ ပျက်ခြင်း=ကွယ်ပျောက်ခြင်းကို။ ပဿတိ၊ သိမြင်၏။ (ဤနောက်ဆုံးဝယလက္ခဏာသည်ကား၊ ဖြစ်ပေါ်ပြီးသော တရား၏ ပျက်ခြင်း=ကွယ်ပျောက် သွားခြင်း ဟူသော ဘင်လက္ခဏာပေတည်း)။ ရူပက္ခန္ဓဿ ဝယံ၊ ရူပက္ခန္ဓာ၏ ပျက်ခြင်း=မရှိခြင်းကို။ ပဿန္တော၊ မြင်သောသူသည်။ ဣမာနိ ပဉ္စ လက္ခဏာနိ၊ ဤ ငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်၏။

လက္ခဏာ ငါးပါး ဟူသည်ကား....အရဟတ္တမဂ်ဖြင့်ပယ်ပြီးဖြစ်သောကြောင့် အဝိဇ္ဇာကင်းခြင်း ၁–ပါး၊ တဏှာကင်းခြင်း ၁–ပါး၊ ကံကင်းခြင်း ၁–ပါး၊ စားအပ်သော အစာမရှိခြင်း ၁–ပါး၊ မှတ်သိအပ်ဆဲ ပစ္စုပ္ပန်ရုပ်၏ ပျက်ခြင်း ၁–ပါး၊ ဤငါးပါးတို့ပေတည်း။

နာမ်ခန္ဓာ လေးပါးတို့၌လဲ ဤရုပ်ခန္ဓာ၌ ကဲ့သို့ပင် ဥဒယလက္ခဏာ ၅–ပါးစီ, ဝယလက္ခဏာ ၅–ပါးစီ ဟောတော်မူ၏၊ အထူးကား....ဝေဒနာ သညာ သင်္ခါရက္ခန္ဓာတို့၌ စတုတ္ထလက္ခဏာကို ဖဿသမုဒယာ, ဖဿနိရောဓာ–ဟူ၍ငင်း။ ဝိညာဏက္ခန္ဓာ၌ စတုတ္ထလက္ခဏာကို နာမရူပသမုဒယာ, နာမရူပနိရောဓာ – ဟူ၍ငင်း ဟောတော်မူခြင်းမျှသာ ထူးသည်။

ဤသို့ ခန္ဓာ တပါး တပါး၌ ဥဒယလက္ခဏာ ငါးပါးစီ၊ ဝယလက္ခဏာ ငါးပါးစီ ဖြစ်၍၊ နှစ်ရပ် ပေါင်းလျှင်လက္ခဏာ ၁၀–ပါးစီ ဖြစ်၏။ ခန္ဓာ ငါးပါးလုံး၌ ဥဒယလက္ခဏာ ၂၅–ပါး၊ ဝယလက္ခဏာ ၂၅–ပါးဖြစ်၍၊ နှစ်ရပ် ပေါင်းလျှင် လက္ခဏာ ၅၀–ဖြစ်၏။ ထို ၅၀–တို့တွင်၊ နိဗ္ဗတ္တိလက္ခဏာငါးပါးသည် ဖြစ်ဆဲ ခန္ဓာငါးပါးတို့၏ ဖြစ်ပေါ်မှုဥပါဒ်ပေတည်း။ ဝိပရိဏာမလက္ခဏာ ငါးပါးသည် ပျက်ဆဲခန္ဓာငါးပါးတို့၏ ပျက်မှုဘင်ပေတည်း။ သို့ဖြစ်၍, ထိုနိဗ္ဗတ္တိလက္ခဏာ, ဝိပရိဏာမလက္ခဏာတို့ကို ရှုမှတ်လျက်သာလျှင် မျက်မှောက် သိ၏။ ကြွင်းသောအကြောင်း လက္ခဏာတို့ကိုကား ရှေးအဖို့က ဖြစ်စေ, မှတ်မှုတို့၏ အကြား အကြား၌ ဖြစ်စေ, သဘောကျသည်အားလျော်စွာ ဆင်ခြင်လျက်သာလျှင် သိ၏။ ထို သိပုံများကို အခဏ်း (၄) ခန္ဓာကို သိပုံအရာ၌ ပြခဲ့ပြီ။ သို့သော်လဲ, ဆင်ခြင်လျက် သိခိုက်မှာ ဖြစ် ပျက်ဆဲ ရုပ်နာမ် ခန္ဓာတို့၏ တကယ် ဖြစ်မှု ပျက်မှုကို သိသည်ကား မဟုတ်ပေ။ အဝိဇ္ဇာ စသည် မကင်းသေးသောကြောင့် ရုပ် ဝေဒနာ စသည်တို့၏ ဖြစ်ပေါ်နိုင်ခြင်းကိုငင်း၊ အဝိဇ္ဇာ စသည်ကင်းလျှင် ရုပ် ဝေဒနာစသည်တို့၏ မဖြစ်ပေါ်နိုင်ခြင်းကိုငင်း၊ ဆင်ခြင်လျက် သဘောကျရုံမျှသာတည်း။ ထို့ကြောင့် မဟာဋီကာ၌၊ ဤသို့ မိန့်ဆိုတော်မူ၏။

ဧတ္ထ စ ကေစိ တာဝ အာဟု "အရူပက္ခန္ဓာနံ ဥဒယဗ္ဗယဒဿနံ အဒ္ဓါ–သန္တတိဝသေနေဝ၊ န ခဏဝသေနာ"တိ၊ တေသံ မတေန ခဏတော ဥဒယဗ္ဗယဒဿနမေဝ န သိယာ။ အပရေ ပနာဟု "ပစ္စယတော ဥဒယဗ္ဗယဒဿနေ အတီတာဒိဝိဘာဂံ အနာမသိတွာ သဗ္ဗသာဓာရဏတော အဝိဇ္ဇာဒိပစ္စယာ ဝေဒနာဒီနံ သမ္ဘဝံ လဗ္ဘမာနတံပဿတိ၊ န ဥပ္ပါဒံ။ အဝိဇ္ဇာဒိအဘာဝေ စ သေသံ အသမ္ဘဝံ အလဗ္ဘမာနတံ ပဿတိ၊ န ဘင်္ဂံ။ ခဏတော ဥဒယဗ္ဗယဒဿနေ ပစ္စုပ္ပန္နာနံ ဥပ္ပါဒံ ဘင်္ဂဉ္စ ပဿတီ"တိ။ တံ ယုတ္တံ၊ သန္တတိဝသေန ဟိ ရူပါရူပဓမ္မေ ဥဒယတော ဝယတော စ မနသိကရောန္တဿ အနုက္ကမေန ဘာဝနာယ ဗလပ္ပတ္တကာလေ ဉာဏဿ တိက္ခဝိသဒ ဘာဝပ္ပတ္တိယာ ခဏတော ဥဒယဗ္ဗယာ ဥပဋ္ဌဟန္တီ တိ။ (၂–၄၂၂)

စ၊ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ တာဝ၊ ရှေးဦးစွာ။ ကေစိ၊ အချို့ဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။ (ဆိုပုံကား)။ အရူပက္ခန္ဓာနံ ဥဒယဗ္ဗယဒဿနံ၊ နာမ်ခန္ဓာတို့၏ အဖြစ် အပျက်ကို ရှုမြင်ခြင်းသည်။ အဒ္ဓါ–သန္တတိဝသေနေဝ၊ အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်တို့၏ အလိုအားဖြင့်သာလျှင် ဖြစ်နိုင်၏။ န ခဏဝသေန၊ ခဏပစ္စုပ္ပန် အလိုအားဖြင့်ကား မဖြစ်နိုင်။ ဣတိ၊ ဤသို့ ဆိုကုန်ပြီ၊ (ဤကေစိဝါဒကို ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ သကဝါဒ အဖြစ်ဖြင့် ပြထား၏။) တေသံ၊ ထို အချို့ဆရာတို့၏။ မတေန၊ အလိုအားဖြင့်။ ခဏတော ဥဒယဗ္ဗယဒဿန မေဝ၊ ဖြစ်ခိုက် ပျက်ခိုက် ခဏအားဖြင့် အဖြစ်အပျက်ကို ရှုမြင်ခြင်းသည်ပင်လျှင်၊ န သိယာ၊ မဖြစ်နိုင်ရာ။

ခဏပစ္စုပ္ပန် နာမ်ခန္ဓာတို့ ဟူသည်မှာ ရှုဆဲ ဝိပဿနာ စိတ္တုပ္ပါဒ်ပင်တည်း။ သို့ဖြစ်၍, ရှုဆဲ စိတ္တုပ္ပါဒ်၏ အဖြစ်အပျက်ကို ထို စိတ္တုပ္ပါဒ်ဖြင့်ပင် ရှုမြင်နိုင်ပါမှသာလျှင်၊ "ခဏပစ္စုပ္ပန် နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို မြင်နိုင် သည်"ဟု ဆိုသင့်ပေသည်၊ ထိုသို့ ရှုမြင်နိုင်ခြင်းသည်လည်း "လက်ညှိုး၏အဖျားကို ထိုလက်ညှိုး၏အဖျားဖြင့်ပင် ထိရန်မဖြစ်နိုင်သကဲ့သို့" မဖြစ်နိုင်ကောင်းသည်သာတည်း။ ထို့ကြောင့်၊ ကေစိဆရာတို့က "ခဏပစ္စုပ္ပန် အလိုအားဖြင့် နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို မမြင်နိုင်"ဟု ဆိုကြပေသည်။ ဤကေစိဝါဒကို လုံးဝမသင့်ဟု ဆို၍ ပယ်ရန်ကား မစွမ်းနိုင်ပေ။ သို့သော်လဲ "နိဗ္ဗတ္တိလက္ခဏံပဿန္တောပိ၊ ဝိပရိဏာမလက္ခဏံ ပဿန္တောပိ"–ဟူသော ပဋိသမ္ဘိဒါမဂ်, "တျဿ ဓမ္မာ ဝိဒိတာ ဥပ္ပဇ္ဇန္တိ၊ ဝိဒိတာ ဥပဋ္ဌဟန္တိ၊ ဝိဒိတာ အဗ္ဘတ္ထံ ဂစ္ဆန္တိ"– ဟူသော အနုပဒသုတ်,–ဤသို့သော ပါဠိတော်တို့သည် ခဏပစ္စုပ္ပန်အလိုအားဖြင့် ထင်ပုံသိပုံကို ပြဆိုလျက် ရှိကြ၏၊ အဋ္ဌကထာတို့၌လဲ "မီးရာနှင့် အာရုံကို သိမ်းဆည်းပြီး ဖြစ်သောကြောင့်၊ ရှေးအခြားမဲ့တွင် ဖြစ် ပျက်သွားသော နာမ်တရားတို့၏ ဥပါဒ် ဌီ ဘင်သည် လောလောဆယ် ဖြစ်ဆဲ တည်ဆဲ ပျက်ဆဲ ကဲ့သို့ ယောဂီအား ထင်ရား၏၊ ထို့ကြောင့်, ဝိဒိတာ ဥပ္ပဇ္ဇန္တိ– စသည်ကို ဟောတော်မူသည်"ဟု ဖွင့်ပြတော်မူ၏။ ယောဂီတို့၏ မှတ်သိမှု=ဉာဏ်၌လဲ ရှေးအခြားမဲ့တွင် ဖြစ်ပျက်သွားသော နာမ်တရားများသည် လောလောဆယ် ဖြစ်နေဆဲ ပျက်နေဆဲ ကဲ့သို့သာလျှင် ပေါ်လွင်ထင်ရား၏။ သို့ဖြစ်၍, "ကေစိဝါဒသည် ယောဂီတို့၏ ဉာဏ်ဖြစ်ပုံနှင့်လဲမကိုက်၊ ပါဠိ အဋ္ဌကထာတို့၏ ရည်ရွယ်ချက်နှင့်လဲ မညီ"ဟု အပြစ်ကို ဖေါ်ပြ၍ ပယ်တော်မူလိုသောကြောင့် "တေသံ မတေန ခဏတော ဥဒယဗ္ဗယဒဿနမေဝ န သိယာ"ဟု ဋီကာဆရာ မိန့်ဆိုတော်မူပေသည်။ အဓိပ္ပါယ်ကား .... ထိုကေစိဆရာတို့၏ အလိုအားဖြင့် ဆိုလျှင်, ခဏပစ္စုပ္ပန် နာမ်တရားတို့၏ အဖြစ်အပျက်ကို သိမြင်ခြင်းမျှပင် မဖြစ်နိုင်တော့ပြီ၊ ထိုသို့သော ရှုမြင်ပုံကို ပါဠိ အဋ္ဌကထာတို့၌ ပြဆိုဘွယ်ကား အဘယ်မှာ ရှိနိုင်တော့အံ့နည်း။ သို့သော်လဲ၊ ပါဠိအဋ္ဌကထာတို့၌ ထိုသို့သော ပြဆိုချက်လဲရှိပေ၏၊ ပြဆိုသည့် အတိုင်းပင် ယောဂီတို့၏ ထင်ခြင်း, သိခြင်းလဲ ရှိပေ၏။ သို့ဖြစ်၍၊ ထိုကေစိဝါဒ မသင့်ပါဟု ဆိုလို၏။

အပရေ ပန၊ ကေစိတို့မှ တပါးသော ဆရာတို့သည်ကား။ ပစ္စယတော ဥဒယဗ္ဗယဒဿနေ၊ အကြောင်း အလိုအားဖြင့် အဖြစ်အပျက်ကို ရှုဆင်ခြင်ရာ၌။ အတီတာဒိဝိဘာဂံ အနာမသိတွာ၊ အတိတ်တရားစသည်ဖြင့် ခွဲခြင်းကို မသုံးသပ်မူ၍။ ဝါ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်မခွဲမူ၍။ သဗ္ဗသာဓာရဏတော၊ အတိတ် အနာဂတ် ပစ္စုပ္ပန် အလုံးစုံတို့ နှင့် သက်ဆိုင်သောအားဖြင့်။ အဝိဇ္ဇာဒိပစ္စယာ၊ အဝိဇ္ဇာ စသောအကြောင်းကြောင့်။ ဝေဒနာဒီနံ သမ္ဘဝံ လဗ္ဘမာနတံ၊ ဝေဒနာစသည်တို့၏ ဖြစ်သင့်ခြင်း ဖြစ်နိုင်ခြင်း, ရသင့်ခြင်း ရနိုင်ခြင်းကို။ ပဿတိ၊ တွေ့မြင်၏၊ သဘောကျ၏။ ဥပ္ပါဒံ၊ ဖြစ်ဆဲ နာမ်တို့၏ တကယ်ဖြစ်ပေါ်ခြင်းကိုကား။ န ပဿတိ၊ တွေ့မြင်သည် မဟုတ်။ အဝိဇ္ဇာဒိ အဘာဝေ စ၊ အဝိဇ္ဇာ စသည်တို့ မရှိလျှင်လဲ။ တေသံ အသမ္ဘဝံ အလဗ္ဘမာနတံ၊ ထိုဝေဒနာစသော နာမ်ခန္ဓာတို့၏ မဖြစ်နိုင်ခြင်း မရနိုင်ခြင်းကို။ ပဿတိ၊ တွေ့မြင်၏၊ သဘောကျ၏။ ဘင်္ဂံ၊ ပျက်ဆဲနာမ်တို့၏ တကယ်ပျက်ခြင်းကိုကား။ န ပဿတိ၊ တွေ့မြင်သည် မဟုတ်။ ခဏတော ဥဒယဗ္ဗယဒဿနေ၊ ဖြစ်ခိုက် ပျက်ခိုက် ခဏ အလိုအားဖြင့်၊ အဖြစ် အပျက်ကို မြင်ရာ၌ကား၊ ပစ္စုပ္ပန္နာနံ၊ ဖြစ် ပျက်ဆဲ ပစ္စုပ္ပန် နာမ်တရားတို့၏။ ဥပ္ပါဒဉ္စ၊ တကယ်ဖြစ်ပေါ်ခြင်းကိုငင်း။ ဘင်္ဂဉ္စ၊ တကယ်ပျက်ခြင်းကို ငင်း။ ပဿတိ၊ မျက်မှောက် တွေ့မြင်၏။ ဣတိ အာဟု၊ ဤသို့ ဆိုကုန်ပြီ။ တံ၊ ထို အပရေဆရာတို့၏ စကားသည်။ ယုတ္တံ၊ သင့်မြတ်ပါပေ၏။ (အဘိဓမ္မာဝတာရ ဋီကာသစ်၌၊ အယုတ္တံ-ဟု ရှိသည်မှာကား၊ အဆက်ဆက် ရေးကူး ပုံနှိပ်ရာ၌ ချွတ်ယွင်းခဲ့သော ပမာဒလေခ သာတည်း။ ယုတ္တံ-ဟု ရှိမှသာ လျှင်၊ ထောက်ခံသည့် နောက်ဆက် စကားနှင့်လဲ ညီညွတ်သည်၊ သင့်သည့်ဝါဒကို ဝန်ခံရာ ရောက်သောကြောင့် သင့်လဲ သင့်လျော်ပေသည်)။ ဟိ၊ အပရေဝါဒ သင့်ပုံကား။ သန္တတိဝသေန၊ သန္တတိပစ္စုပ္ပန် အလိုအားဖြင့်။ ရူပါရူပဓမ္မေ၊ ရုပ် နာမ် တရားတို့ကို။ ဥဒယတော စ၊ ဖြစ်မှုအားဖြင့်ငင်း။ ဝယတော စ၊ ပျက်မှုအားဖြင့်ငင်း။ မနသိကရောန္တဿ၊ နှလုံးသွင်းသော ယောဂီအား။ အနုက္ကမေန၊ အစဉ်အတိုင်း။ ဘာဝနာယ ဗလပ္ပတ္တကာလေ၊ ဘာဝနာ၏ အားရှိခြင်းသို့ ရောက်သော ကာလ၌။ ဉာဏဿ၊ မှတ်သိမှု ဉာဏ်၏။ တိက္ခ ဝိသဒ ဘာဝပ္ပတ္တိယာ၊ ထက်မြက်စင်ကြယ်ခြင်းသို့ ရောက်ခြင်းကြောင့်။ ဥဒယဗ္ဗယာ၊ ဖြစ်မှုပျက်မှုတို့သည်။ ခဏတော၊ ခဏပစ္စုပ္ပန်အလိုအားဖြင့်။ ဝါ၊ ဖြစ်ခိုက်ပျက်ခိုက်အလိုအားဖြင့်။ ဥပဋ္ဌဟန္တိ၊ ထင်ပေါ်ကုန်၏။ ဣတိ၊ ဤကား အပရေဝါဒ သင့်ပုံကို ထောက်ခံချက်ပေတည်း။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ကား ဤအပရေဝါဒကို ကေစိဝါဒအဖြစ်ဖြင့် ဖော်ပြထား၏။ ဤအပရေဝါဒ၌ အဓိပ္ပါယ်ကား-အဝိဇ္ဇာမကင်းသေး၍, ခံစားမှု ဖြစ်ပေါ်သည်၊ အဝိဇ္ဇာ ကင်းလျှင်ကား, ခံစားမှု မဖြစ်ပေါ်နိုင်ပြီ-ဤသို့ စသည်ဖြင့် နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို အကြောင်း အလိုအားဖြင့် ရှု ဆင်ခြင်ရာ၌ ဖြစ်ဆဲ ပျက်ဆဲ နာမ်တို့၏ တကယ် ဖြစ်မှု ပျက်မှုကို ရှုမိဆင်ခြင်မိသည်ကား မဟုတ်ပေ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် မခွဲခြားမူ၍ သာမညအားဖြင့် "အဝိဇ္ဇာ စသည် ရှိခြင်းကြောင့်, ဝေဒနာ စသည်တို့ ဖြစ်ပေါ်နိုင်ခြင်းမျှကိုငင်း၊ အဝိဇ္ဇာ စသည်မရှိလျှင်, ဝေဒနာစသည်တို့ မဖြစ်ပေါ်နိုင်ခြင်းမျှကိုငင်း" ရှုဆင်ခြင်မိရုံမျှသာ ဖြစ်ပေသည်။ ပစ္စုပ္ပန် နာမ်ခန္ဓာတို့၏ ဖြစ်မှုပျက်မှုကို ဖြစ်ခိုက် ပျက်ခိုက် ခဏအလိုအားဖြင့် မှတ်သိရာ၌ကား တကယ်ဖြစ်ပေါ်မှု ဥပါဒ်, တကယ်ပျက်မှု ဘင်, တို့ကို မျက်မှောက် သိမြင်ပေသည်-ဟု ဆိုလို၏။ ဤအရာ၌ ကေစိ, အပရေ, ၂-မျိုးတို့တွင်၊ ကေစိမှ ကွဲြင်းသောဆရာတို့သည် အပရေအရ၌ ပါဝင်ကုန်၏။ မဟာဋီကာ ဆရာသည်လည်း ကေစိဝါဒ၌ အပြစ်ပြ၍ အပရေဝါဒကို သင့်ပေသည်-ဟု ဝန်ခံသောကြောင့် အပရေ အရ၌ ပါဝင်လေ၏။ သို့ဖြစ်၍, ဤ အပရေဝါဒသည် ကေစိမှ ကွဲြင်းသော ဆရာအားလုံးတို့ သဘောတူ လက်ခံအပ်သော သမာနဝါဒပေတည်း။ ။(ဥဒယဗ္ဗယဉာဏ်၏ သတ္တိပြစကားပြီး၏ ။)

## အနုမာနဉာဏ် ဖြစ်ပုံ

ဖြစ်ပျက်ဆဲ ပစ္စုပ္ပန် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ကောင်းစွာ မျက်မှောက် တွေ့မြင်ပြီးသော သူသည် "ရှေးကာလ ရှေးဘဝတွေကလဲသည်လိုပင် ဖြစ် ပျက်နေခဲ့မှာဘဲ၊ နောက်ကာလ နောက်ဘဝတွေမှာလဲ၊ သည်လိုပင် ဖြစ်ပျက် သွားမှာဘဲ" ဟူ၍ အတိတ်အနာဂတ် ရုပ်နာမ်တို့ကိုလဲ မျက်မှောက် တွေ့မြင်ရတဲ့ ပစ္စုပ္ပန် ရုပ်နာမ်များနှင့် နှိုင်းဆ၍ ဆင်ခြင်ဆုံးဖြတ်၏ ။

## ပစ္စုပ္ပန်ကို စ၍ ရှုအပ်ကြောင်း

ပဌမဥ္စ ပစ္စုပ္ပန္နဓမ္မာနံ ဥဒယဗ္ဗယံ ဒိသွာ အထ အတီတာနာဂတေနယံ နေတိ။ (မဟာဋီကာ ၂-၄၂၃)

ပစ္စုပ္ပန္နဓမ္မာနံ၊ ဖြစ်ဆဲ ပစ္စုပ္ပန် တရားတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဌမံ ဒိသွာ၊ ရှေးဦးစွာ မြင်ပြီး၍။ အထ၊ ထိုမှနောက်၌။ အတီတာနာဂတေ၊ အတိတ်တရား အနာဂတ်တရား၌။ နယံ၊ နည်းမှီးနှိုင်းဆ၍ ဆင်ခြင် ဆုံးဖြတ်ခြင်းကို။ နေတိ၊ ဆောင်၏။ ဝါ၊ ဖြစ်စေ၏။ (ဤပါဠိသည်လည်း ပစ္စုပ္ပန်၌ ရှေးဦးစွာ ဝိပဿနာရှုအပ်ကြောင်းကို တိုက်ရိုက်ပြသော သာဓက တခုပင်တည်း)။

ခဏပစ္စုပ္ပန် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ဖြစ်စဉ်အတိုင်း မှီအောင်လိုက်၍ လျင်မြန်စွာ မှတ်သိနိုင်သော အခါ၌ "မဖြစ်ဘူးသေးတဲ့ တရားများ သာလျှင် ဖြစ်ပေါ်လာကြသည်၊ ဖြစ်ပြီးတဲ့တရား ဟူသမျှလဲ ဘာမျှ မကျန်ရစ်ဘဲ လုံးဝ ချုပ်ပျက်

ကွယ်ပျောက် သွားကြသည်”ဟု သိမြင် သဘောကျသောကြောင့်၊ ရုပ်နာမ် သင်္ခါရတို့သည် မှတ်သိမှု ဉာဏ်၌ အသစ် အသစ် ချည်းသာ ဖြစ်လျက် ထင်ပေါ်ကုန်၏။ ရေပြင်ပေါ်၌ မိုးပေါက်ကျ၍ဖြစ်ပေါ်သော ရေပွက်ကလေးများ, ရေပြင်၌ တုတ်ဖြင့် ရေးဆွဲအပ်သော အရေးအကြောင်း, တိမ်တိုက်မှ ထွက်ပေါ်သော လျှပ်စီးရောင်, ဒုတ်ဒုတ် ဒုတ်ဒုတ်နဲ့ မြည်သော အင်ဂျင်စက်သံ, ဤသို့စသော အရာဝတ္ထုတို့သည် ကာလအနည်းငယ်မျှသာတည်၍ လျင်စွာ ပျက်စီး ကွယ်ပျောက် သွားကြသကဲ့သို့၊ သင်္ခါရတရားတို့သည် အလွန် တိုတောင်းသော ခဏမျှသာ တည်၍ လျင်စွာ ကုန်ဆုံး ပျောက်ပျက် သွားကြသည် ဟူ၍လဲ မှတ်သိမှုဉာဏ်၌ ထင်ရှားကုန်၏။ ရွှေ ငွေ ကျောက် ပန်းပွင့်စသည် ထင်မှတ်ရအောင် မန္တန် ဆေးဝါးတို့ဖြင့် ဖန်ဆင်းလှည့်စား၍ ပြအပ်သော မျက်လှည့်ဝတ္ထု, အဟုတ် တကယ်ပင် ထင်ရလောက်အောင် မြင်ရသော အိပ်မက်, ညဉ့်မှောင်ထဲ၌ ဝိုင်း၍ ပြအပ်သော မီးစ စက်ဝိုင်း, ဟင်းလင်းပြင် အရပ်၌ ဂန္ဓဗ္ဗနတ် ကြွတ်သူရဲတို့ ဖန်ဆင်း၍ ပြအပ်သော မြို့ရွာ၊ ရေမြှုပ်ဆိုင်, ငှက်ပျောတုံး, ဤသို့ စသော အရာဝတ္ထုတို့သည် ယူငင်၍ အသုံးချလောက်တဲ့ အနှစ်အသားမှ ကင်းကြသကဲ့သို့၊ သင်္ခါရတရားတို့သည် ခိုင်မာတဲ့ အနှစ် အသား, အသုံးကျလောက်တဲ့ အနှစ်အသားမှ ကင်းကြသည်–ဟူ၍လဲ မှတ်သိမှု ဉာဏ်၌ ထင်ရှားကုန်၏။ မှတ်သိမှုဉာဏ်၌ ဤမျှလောက် ထင်ရှား၍ သိမြင်သော သူသည် ဥဒယဗ္ဗယာနုပဿနာ မည်သော အစပဌမ ဖြစ်သော တရုဏဝိပဿနာဉာဏ်ကို ရ၏။ ရှုမှတ်မှု=ဝိပဿနာကို အားထုတ်စ ပြုခဲ့ပြီး ဖြစ်သောကြောင့်၎င်း, ဝိပဿနာ ရှုမှတ်သူ ဖြစ်သောကြောင့်၎င်း, အာရဒ္ဓ ဝိပဿကပုဂ္ဂိုလ်လဲ မည်ပေ၏။ (အာရတီတိ အာရဒ္ဓေါ၊ ဝိပဿတီတိ ဝိပဿကော၊ အာရဒ္ဓေါ စ သော ဝိပဿကော စာတိ အာရဒ္ဓဝိပဿကော–ဟု ဝ စနတ္ထပြု)။

ဧတ္တာဝတာ နေန “ဝယဓမ္မမေဝ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နဥ္စ ဝယံ ဥပေတီ”တိ ဣမိနာ အာကာရေန သမပညာသ လက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဌိတံ ဥဒယဗ္ဗယာနုပဿနာ နာမ ပဌမံ တရုဏဝိပဿနာဉာဏံ အဓိဂတံ ဟောတိ၊ ယဿာဓိဂမာ အာရဒ္ဓဝိပဿကောတိ သင်္ခံ ဂစ္ဆတိ။

(ဝိသုဒ္ဓိမဂ် ၂ –၂၆၉)

ဧတ္တာဝတာ၊ “ဇာတံ ရူပံ ပစ္စုပ္ပန္နံ”–စသော ပါဠိနည်းနှင့် လျော်ညီစွာ သိမြင်သော ဤမျှလောက်ဖြင့်။ ဝယဓမ္မမေဝ ဥပ္ပဇ္ဇတိ၊ ပျက်တတ်သော တရား=ပျက်မည့် တရားသာလျှင် ဖြစ်ပေါ်လာသည်။ ဥပ္ပန္နဥ္စဝယံ ဥပေတီတိ၊ ဖြစ်ပြီး တရားလဲ ပျက်ခြင်း ကွယ်ပျောက်ခြင်းသို့ ရောက်သွားသည် ဟူ၍။ ဣမိနာ အာကာရေန၊ မျက်မှောက် သိသော ဤ အခြင်းအရာအားဖြင့်။ သမပညာသ လက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဌိတံ၊ ငါးဆယ် တိတိသော လက္ခဏာတို့ကို သိလျက် တည်သော။ ။ (ဣမိနာ အာကာရေနာ တိ ဣမိနာယ ထာဝုတ္တေန ပစ္စက္ခကရဏာကာရေန–လိုရင်းဋီကာဘွင့်။ ဖြစ်မှုပျက်မှုကို မျက်မှောက် သိခြင်းဖြင့်ပင် လက္ခဏာ ၅၀–ကို သိမှုပြီးစီးသည်ဟု ဆိုလို၏)။ ။ ဥဒယဗ္ဗယာနုပဿနာ နာမ၊ ဥဒယဗ္ဗယာနုပဿနာ မည်သော။ ပဌမံ၊ ဝိပဿနာဉာဏ်အစစ်တို့တွင် အစဆုံးဖြစ်သော။ တရုဏဝိပဿနာဉာဏံ၊ နုသော ဝိပဿနာဉာဏ်ကို။ အနေန၊ ဤယောဂီသည်။ အဓိဂတံ၊ ရအပ်ပြီးသည်။ ဟောတိ၊ ဖြစ်ပေ၏။ ယဿ အဓိဂမာ၊ ယင်းဉာဏ်ကို (၎င်းဉာဏ်ကို) ရခြင်းကြောင့်။ အာရဒ္ဓဝိပဿကော တိ သင်္ခံ၊ အာရဒ္ဓဝိပဿကပုဂ္ဂိုလ် ဟု ခေါ်ဆိုအပ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ကလာပသမ္မသနာဒိဝသေန ပဝတ္တံ သမ္မသနံ န နိပ္ပရိယာယေန ဝိပဿနာသမညံ လဘတိ၊ ဥဒယဗ္ဗယာနုပဿနာဒိဝသေန ပဝတ္တမေဝ လဘတိ။ (မဟာဋီကာ ၂ – ၄၂၆ ၇)

ကလာပသမ္မသန စသည်တို့ အလိုအားဖြင့် ဖြစ်သော သုံးသပ်မှု=ဉာဏ်သည် မုချအားဖြင့် ဝိပဿနာ အမည်ကို မရသေး၊ ဥဒယဗ္ဗယာနုပဿနာ စသည်တို့ အလိုအားဖြင့်ဖြစ်သော သုံးသပ်မှု=ဉာဏ်သည်သာလျှင် မုချအားဖြင့် ဝိပဿနာ အမည်ကို ရသည်။ (မြန်မာပြန်)

## ဝိပဿနူပက္ကိလေသ=ဝိပဿနာညစ်ညူးကြောင်း

ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်စ ကာလ၌ ယောဂီ ပုဂ္ဂိုလ်အား ၁၀–ပါးသော ဝိပဿနာ ညစ်ညူးကြောင်း တရားတို့သည် ဖြစ်ပေါ်ကုန်၏။ မည်သည့် ပုဂ္ဂိုလ်အား ဖြစ်တတ်သည်, မဖြစ်တတ်သည်ကို အောက်ပါ ဝိသုဒ္ဓိမဂ်ဖြင့် သိအပ်၏။

ဝိပဿနုပက္ကိလေသာ ဟိ ပဋိဝေဓပ္ပတ္တဿ အရိယသာဝကဿစေဝ ဝိပ္ပဋိပန္နကဿ စ နိက္ခိတ္တကမ္မဋ္ဌာနဿ ကုသီတပုဂ္ဂလဿ နုပ္ပဇ္ဇန္တိ။ သမ္မာပဋိပန္နကဿ ပန ယုတ္တပ္ပယုတ္တဿ အာရဒ္ဓဝိပဿကဿ ကုလပုတ္တဿ ဥပ္ပဇ္ဇန္တိ ယေဝ။ (၂ – ၂၆၉)

ဝိပဿနုပက္ကိလေသာ၊ ဝိပဿနာ၏ ညစ်ညူးကြောင်း တရားတို့သည်။ ပဋိဝေဓပ္ပတ္တဿ၊ မဂ် ဖိုလ်သို့ ရောက်ပြီးသော။ အရိယသာဝကဿ စေဝ၊ အရိယာ သာဝကအား၎င်း။ ဝိပ္ပဋိပန္နကဿ စ၊ မှားယွင်းစွာ ကျင့်သူအား၎င်း။ နိက္ခိတ္တကမ္မဋ္ဌာနဿ စ၊ ကမ္မဋ္ဌာန်းကို ချထားလျက် ရပ်နားနေသူအား၎င်း။ ကုသီတပုဂ္ဂလဿ စ၊ ပျင်းပျင်းရိရိနှင့် ခပ်ပေ့ါပေ့ါ အားထုတ်နေသော ပုဂ္ဂိုလ်အား၎င်း။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ပေါ်ကုန်။ ပန၊ ဖြစ်ပေါ်တတ်သည်ကို ပြအံ့။ သမ္မာပဋိပန္နကဿ၊

နည်းလမ်းမှန်စွာ အားထုတ်လျက်။ ယုတ္တပ္ပ ယုတ္တဿ၊ မပြတ် မစဲအားထုတ်လျက်။ အာရဒ္ဓဝိပဿကဿ၊ ဥဒယဗ္ဗယဉာဏ်သို့ ရောက်၍ အာရဒ္ဓဝိပဿက မည်သော။ ကုလပုတ္တဿ၊ အမျိုးသား အမျိုးသမီး ယောဂီအား။ ဥပ္ပဇ္ဇန္တိ ဧဝ၊ ဖြစ်ပေါ်ကုန်သည် သာတည်း။ (မဖြစ်ပေါ်ဘဲမနေကြ–ဟူလို။ ဗလဝ ဝိပဿကအားလဲ ဤဥပက္ကိလေသတို့မဖြစ်တတ်သောကြောင့်, အရိယ သာဝကဿ–ဟူသော စကားကို ဥက္ကဋ္ဌ နိဒ္ဒေသအားဖြင့် ဆိုသည်ဟု မဟာဋီကာ၌ မိန့်၏။ ထို့ကြောင့် နိဗ္ဗိဒါဉာဏ်စသည်နှင့် ပြည့်စုံသူအားလဲ ဥပက္ကိလေသအစစ်တို့ မဖြစ်တတ်ဟု မှတ်အပ်၏)။

ဩဘာသေ စေဝ ဉာဏေ စ၊ ပီတိယာစ ဝိကမ္ပတိ။
ပဿဒ္ဓိယာ သုခေ စေဝ၊ ယေဟိ စိတ္တံ ပဝေဓတိ။
အဓိမောက္ခေ စ ပဂ္ဂဟေ၊ ဥပဋ္ဌာနေ စ ကမ္ပတိ။
ဥပေက္ခာဝဇ္ဇနာယ စ၊ ဥပေက္ခာယ နိကန္တိယာ။ (ပဋိသံ ၂၉၂)

ဩဘာသေ စေဝ၊ ဖြစ်ပေါ်သော အလင်းရောင်ကြောင့်ငှင်း။ ဉာဏေ စ၊ အလွန် ထက်မြက်လျင်မြန်သော အသိဉာဏ် ကြောင့်ငှင်း။ ပီတိယာ စ၊ နှစ်သိမ့် အားရမှု=ပီတိကြောင့်ငှင်း။ စိတ္တံ၊ မှတ်သိမှု=ဘာဝနာစိတ်သည်။ ဝိကမ္ပတိ၊ လှုပ်ရှား ပျက်စီးတတ်၏။ ပဿဒ္ဓိယာ စ၊ ကိုယ် စိတ် ငြိမ်းအေးမှုကြောင့်ငှင်း။ သုခေ စေဝ၊ စိတ်ချမ်းသာမှု ဝမ်းသာမှုကြောင့်ငှင်း။ ယေဟိ၊ ယင်း အကြောင်း ၂–ပါးတို့ကြောင့်လဲ။ စိတ္တံ၊ မှတ်သိမှု=ဘာဝနာ စိတ်သည်။ ပဝေဓတိ၊ လှုပ်ရှား ပျက်စီးတတ်၏။ အဓိမောက္ခေ စ၊ အလွန် ကြည်လင်သော သဒ္ဓါကြောင့်ငှင်း။ ပဂ္ဂဟေ စ၊ အထူး ကြောင့်ကြ မစိုက်ဘဲ ညီမျှစွာ အားထုတ်မှု= ဝီရိယကြောင့်ငှင်း။ ဥပဋ္ဌာနေ စ၊ အာရုံ၌ ပြေးဝင်၍ ပြေးဝင်၍ သွားသကဲ့သို့ ထင်သော သတိကြောင့်ငှင်း။ ဥပေက္ခာ ဝဇ္ဇနာယ၊ အာရုံကို မရှာကြံရဘဲ အညီအမျှ ဆင်ခြင်နိုင်သော အာဝဇ္ဇန်း ဥပေက္ခာနှင့် တကွဖြစ်သော။ ဥပေက္ခာယစ၊ ဝိပဿနုပေက္ခာ ကြောင့်ငှင်း။ (ဥပေက္ခာ ဟူသော ဥပက္ကိလေသ သရုပ် တမျိုးထည်း ရစေရန် ဥပေက္ခာဝဇ္ဇနာယ–ပုဒ်ကို ဝိသေသနပြု၍ အဓိပ္ပါယတ္ထ အနက်ပြန်သည်)။ နိကန္တိယာ စ၊ ဝိပဿနာ၌ သာယာ ငြိကပ်မှု=တဏှာကြောင့်ငှင်း။ စိတ္တံ၊ မှတ်သိမှု=ဘာဝနာ စိတ်သည်။ ကမ္ပတိ၊ လှုပ်ရှား ပျက်စီးတတ်၏။

(၁) ဩဘာသ....အလင်းရောင်သည် သမာဓိသက်သက်ကြောင့်လဲ ဖြစ်ပေါ်တတ်၏၊ ဝိပဿနာ ဉာဏ်ကြောင့်လဲ ဖြစ်ပေါ်တတ် ၏။ ထိုတွင်၊ ဗုဒ္ဓါနုဿတိ စသော သမထဘာဝနာကို အားထုတ်ဆဲ ပုဂ္ဂိုလ်အားငှင်း၊ ဖြစ်ပျက်တိုင်းသော ရုပ်နာမ်တို့ကို အစဉ်အတိုင်းမှီအောင် လျင်မြန်စွာ မမှတ်သိနိုင် မပိုင်းခြားနိုင်သေးသော ဝိပဿနာယောဂီပုဂ္ဂိုလ်အားငှင်း၊ ဖြစ်ပေါ်လာသော အရောင် အလင်းအမျိုးမျိုးသည် သမာဓိ သက်သက်ကြောင့် ဖြစ်သော အရောင်များပေတည်း။ ဤစကားကို အနာထပိဏ် သူဌေးကြီး၏ ဝတ္ထုဖြင့် ယုံကြည်စွာ မှတ်သားအပ်၏။

အနာထပိဏ် သူဌေးကြီးသည် ရာဇဂြိုဟ် သူဌေးအိမ်၌ ရောက်နေခိုက်တွင် ဘုရားပွင့်တော်မူကြောင်းကို ကြားသိရ၍ ချက်ခြင်းပင် ဘုရားဖူးသွားရန် ကြံစည်လေ၏၊ သို့သော် ညဥ့်အချိန် ဖြစ်နေ၍ သွားခွင့် မရသောကြောင့် "နံနက်လင်းမှဘဲ စောစောထ သွားရတော့မည်"ဟု ကြံကြီးလျှင်၊ ဘုရားဘုရား ဟု အာရုံပြုလျက် အိပ်စက်ရလေ၏၊ အိပ်ပျော်ရာမှ သုံးကြိမ် တိုင်တိုင် နိုးလေရာ, နိုးတိုင်းပင် ဗုဒ္ဓါနုဿတိဘာဝနာ အဟုန်ကြောင့် အလင်းရောင် ဖြစ်ပေါ်လျက်ရှိလေ၏။ ထို့ကြောင့်, ထိန်ထိန်ကြီး လင်းသွားပြီဟု ထင်မှတ်၍ အိပ်ရာမှ ထပြီးစုံစမ်းလေရာ မလင်းသေးကြောင်းကို သိရ၍၊ ပဌမ ဒုတိယ အကြိမ် များမှာ ပြန်၍အိပ်ရ၏။ တတိယအကြိမ်၌ကား တကယ်ပင်နံနက်လင်းပြီဟု ထင်မှတ်သောကြောင့်၊ ဘုရားထံသို့ တယောက် ထည်းပင် ထသွားလေ၏။ မြို့ပြင်သုသာန်သို့ရောက်လျှင်, သူသေကောင်နှင့် တိုက်မိ၍၊ ကြောက်ရွံ့လျက် စိတ်ပျံ့လွင့်၏။ ထိုအခါ၌၊ ဗုဒ္ဓါနုဿတိက အားနည်းသွားသောကြောင့်၊ အလင်းရောင် ကွယ်ပျောက်သွားလေ၏၊ မှောင်အတိ ကျလျက် ရှိလေ၏။ ထို့ကြောင့်, သူဌေးကြီးသည် အိမ်သို့ပြန်ရန် ကြံစည်မိလေ၏။ ထိုအခါ၌ သုသာန်စောင့် နတ်က....

သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီရထာ။
သတံ ကညာ သဟဿာနိ၊ အာမုတ္တ မဏိ ကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။

သတံ ဟတ္ထီ သဟဿာနိ၊ ဆင်တသိန်းတို့သည်ငှင်း။ သတံအဿာ သဟဿာနိ၊ မြင်း တသိန်း တို့သည်ငှင်း။ သတံ အဿတရီရထာ သဟဿာနိ၊ အဿတိုရ်မြင်း (လားမြင်း) ရထား တသိန်း တို့သည်ငှင်း။ အာမုတ္တ မဏိ ကုဏ္ဍလာ၊ ပတ္တမြား နားကပ်, စိန်နားကပ်စသော ဝတ်စား တန်းဆာ စုံလင်စွာ ဆင်ယင် အပ်ကုန်သော။ သတံ ကညာ သဟဿာနိ၊ သမီးကညာ တသိန်းတို့သည်ငှင်း။ ဧကဿ ပဒ ဝီတိဟာရဿ၊ ဘုရားဖူးရန် သွားသော ခြေတလှမ်းတလှမ်း၏။ သောဠသိံကလံ၊ တဆဲ့ခြောက်ပုံ တပုံကိုမျှ။ န အဂ္ဃန္တိ၊ မထိုက်တန်ပါကုန်။

သွားသာ သွားပါ သူဌေးကြီး၊ မပြန်ပါလင့်၊ သွားတာက ကောင်းပါသည်၊ ပြန်တာက မကောင်းပါဟု ဤသို့ အားပေး၏။ ထိုအခါ၊ သူဌေးကြီးသည်၊ "ငါ တယောက်ထည်းဘဲလို့ ထင်နေတယ်၊ မဟုတ်ဘူး၊ ငါနှင့် အတူ အဖေါ်တွေလဲ ပါလာကြသားဘဲ"ဟု အောက်မေ့ပြီးလျှင်၊ ရဲရင့် အားတက်လာပြန်၍၊ ဘုရားဂုဏ်ကို အောက်မေ့မြဲပင် အောက်မေ့ပြန်လေ၏။ အားကောင်းသော ဗုဒ္ဓါနုဿတိအဟုန်ကြောင့်၊ အလင်းရောင်လဲ ပေါ်မြဲပင် ပေါ်လာပြန်၏။ ဤနည်းဖြင့် သုံးကြိမ်တိုင်တိုင် အလင်းရောင် ကွယ်ပျောက်၏။ နတ်၏ အားပေးစကားကြောင့် ရဲရင့် ဘဲတက်ကာ ဘုရားဂုဏ်ကို နှလုံးသွင်းနိုင်တဲ့အတွက်၊ သုံးကြိမ်တိုင်တိုင် အလင်းရောင် ပြန်၍ဖြစ်ပေါ်၏။ နောက်ဆုံး၌ ဘုရားထံသို့ ချောမောစွာ ရောက်သွားလေ၏။ ဤသို့ သံယုတ်ပါဠိ အဋ္ဌကထာစသည်တို့၌ လာ၏။ ဤဝတ္ထုဖြင့် သမာဓိ သက်သက်ကြောင့်လဲ အလင်းရောင် ဖြစ်ပေါ်တတ်သည်ကို ယုံကြည်စွာ မှတ်သားအပ်၏။

သို့ဖြစ်၍၊ ဝိပဿနာ ယောဂီအား နာမရူပ ပရိစ္ဆေဒဉာဏ် အတော်အတန် အားပြည့်သော ကာလမှ စ၍၊ အချို့မှာ တွေ့ရတတ်သော ပြိုးပြိုး ပြက်ပြက် ဝင်းလက်လက် အရောင်ကလေး များကိုငင်း၊ ပစ္စယပရိဂ္ဂဟဉာဏ် အရာမှ စ၍၊ အချို့မှာ တွေ့ရတတ်သော အစိမ်း အနီ အပြာ အဝါ စသော ရောင်စုံအဆင်းများနှင့်၊ မီးပန်းကဲ့သို့ ဝင်းလက်သော အရောင်ကလေးများ ကိုငင်း၊ ဤသို့သောအရောင်များကို သမာဓိအရောင်ဟု ဆုံးဖြတ်အပ်၏။ အရောင်မျှသာ မဟုတ်သေး၊ ထိုထိုသမာဓိအားလျော်စွာ ဘုရားရဟန္တာသင်္ဃာန်စသော အမျိုးမျိုးသော အဆင်း သင်္ဃာန်တို့ကိုလဲ နာမရူပ ပရိစ္ဆေဒဉာဏ် အတော်အတန်ရင့်သည်မှ စ၍ တွေ့ရသည်မှာ သမာဓိ၏ အစွမ်းကြောင့်ပင် ဟု ဆုံးဖြတ်အပ်၏၊ သမ္မသနဉာဏ်အရာ၌ ၎င်းတို့ကို များစွာ တွေ့ရတတ်၏။ ဥဒယဗ္ဗယဉာဏ် နုစဉ်၌လဲ အနည်းငယ် တွေ့ရတတ်၏။ အထူးကား....နာမရူပ ပရိစ္ဆေဒ အရာ၌ ထိုသင်္ဃာန်တို့၏ ပေါ်စ, ပျောက်ဆုံး, တို့ကို ရှင်းလင်းစွာ မသိနိုင်သေး၊ ပစ္စယပရိဂ္ဂဟအရာ၌ ပေါ်စကို သိနိုင်သော်လဲ အဆုံး ပျောက်မှုကိုကား ရှင်းလင်းစွာ မသိနိုင်သေး၊ အသစ်အသစ် ပေါ်ရာသို့ လိုက်၍ လိုက်၍ မှတ်ရသဖြင့် သာလျှင် မူလအာရုံ ပျောက် ပျောက် သွားတတ်ပေသည်။ သမ္မသန အရာ၌ အစ, အလယ်, အဆုံး, သုံးပါးလုံး ထင်ရှား၏။ ပေါ်လာပြီးလျှင်၊ ထင်ရှားပီသစွာ တည်နေပြီးမှ၊ နေရာ ရွေ့၍, သေးငယ်၍, မှေးမှိန်၍, ပျောက်ပျောက် သွားတတ်ပေသည်။ ဥဒယဗ္ဗယ အရာ၌ကား တချက် တချက်မှတ်ဖြင့် တအာရုံ တအာရုံ ပျောက် ပျောက် သွား၏။ မမှတ်လိုက်ရဘဲ သိရုံမျှဖြင့် ချက်ခြင်း ပျောက်ပျောက်သွား သည်လဲရှိ၏။ နေရာ ရွေ့ခြင်းလဲ မရှိ၊ တဖြေးဖြေး သေးငယ် မှေးမှိန် နေရသည်လဲ မရှိ၊ ဖျတ်ကနဲ ပေါ်လာပြီးလျှင်, ထိုနေရာ မှာပင် ချက်ခြင်း ပျောက်ပျောက်သွားတတ်၏။ ပီသစွာ ထင်ပေါ်လျက် တည်တံ့နေသော အလယ်ပိုင်းဟူ၍ မတွေ့ရပြီ။ ဤသို့ ထူးခြားပေ၏။ ထို့ပြင်၊ နာမရူပ ပရိစ္ဆေဒ, ပစ္စယ ပရိဂ္ဂဟ, သမ္မသန, ဉာဏ်တို့၏ အရာ၌၊ ပီတိ ပဿဒ္ဓိ သုခ သဒ္ဓါတို့လဲ သမာဓိ သက်သက်ကြောင့် ထူးခြားစွာ ဖြစ်တတ်သေးသည် ဟု မှတ်သားပါကုန်။

အလွန်လျင်မြန်စွာ ဖြစ်ပျက်လျက် ထင်ပေါ်သော ရုပ်နာမ်တို့ကို ဖြစ်ပျက်တိုင်းမှီအောင်လိုက်၍ လုစ်လုစ် လုစ်လုစ် နှင့် အလွန်လျင်မြန်စွာပင် မှတ်သိနိုင်သောကာလ၌ ဖြစ်ပေါ်သော ဝင်းဝင်းပြောင်ပြောင် အလင်းရောင်သည်ကား ဝိပဿနာ ဉာဏ်ကြောင့်ဖြစ်သော ဩဘာသပေတည်း။ ထိုအလင်းရောင်သည် အချို့ယောဂီမှာ အနည်းငယ်မျှသာဖြစ်တတ်၏။ တခဏမျှ သာ တည်တတ်၏၊ လက်နှိပ်ဓာတ်မီးနှင့် ထိုးထားသလိုလဲ တွေ့ရတတ်၏။ သပိတ်လုံးကြီးလိုလဲ ဝင်းဝင်းလုံးကြီးကို တွေ့ရတတ်၏။ လင်ပန်းကြီးလို ချာချာလည်နေသော ဝိုင်းဝိုင်း အလင်းရောင်ကြီးကိုလဲ တွေ့ရတတ်၏။ အချို့ယောဂီမှာ ကျောင်းခန်းတခုလုံးဖြစ်စေ, ထိုထက် ကျယ်ပြန့်စွာ ဖြစ်စေ, အကြီးအကျယ် လင်းလျက် ရှိတတ်၏။ ကြာမြင့်စွာလဲ တည်နေ တတ်၏။ မှတ်သော်လဲ မပျောက်နိုင်ဘဲ ရှိတတ်၏။ စဉ်းစား ဆင်ခြင် နေဆဲမှာလဲ၊ လင်းမြဲပင် လင်းလျက် ရှိတတ်၏။ ကားမီးနှင့် ထိုးထားသလို, လက်ဆွဲ ဓာတ်မီးကြီး ထွန်းထားသလို, လဝန်း နေဝန်းကြီး လင်း နေသလို, စသည်ဖြင့် အမျိုးမျိုး ပင် တွေ့ရတတ်၏။ ထိုအလင်းရောင်သည် ကိုယ်ထဲက ထွက်လာသည် ဟူ၍၎င်း, ရှေ့နား ဘေးနားတွင် ပေါ်လာသည် ဟူ၍ ၎င်း, အထက်က, အောက်က ပေါ်လာသည် ဟူ၍၎င်း, အမျိုးမျိုးပင် ထင်ရတတ်၏။ အလင်းရောင် ပျံ့နှံ့ရာ အရပ်အတွင်း၌ ရှိသော အရာ ဝတ္ထုများကိုလဲ၊ ညဥ့်အခါပင် ဖြစ်သော်လဲ နေ့အခါမှာလိုပင် ထင်ရှားတွေ့မြင်ရ၏။ နေ့အခါမှာပင် ဖြစ်သော်လဲ ဤအလင်းရောင်ကို ထူးခြား ထင်ရှားစွာ သိရ၏။ ပကတိမျက်စိဖြင့် မမြင်နိုင်အောင် ကွယ်ခြား ဝေးကွာလျက် ရှိသော်လဲ၊ ဟင်းလင်းအပြင် မျက်မှောက်မှာလိုပင် မြင်ရတတ်၏။

ဤအရာ၌ ပကတိမျက်စိဖြင့် မြင်သလော? သို့မဟုတ်...မနောဝိညာဏ်ဟု ခေါ်သော စိတ်ကူးမျှဖြင့် မြင်သလော?- ဟူမူ...ဒိဗ္ဗစက္ခု အဘိညာဖြင့် မြင်ခြင်းကဲ့သို့၊ စိတ်ကူး မနောဝိညာဏ်ဖြင့် မြင်သည်ဟု ယူသင့်သကဲ့သို့ ရှိကြောင်းကို မဟာဋီကာ၌ မိန့်ဆို၏။ ပကတိမျက်စိဖြင့် မြင်ကောင်းရာ အရပ်၌ကား၊ ပကတိမျက်စိဖြင့်လဲ မြင်နိုင်ရာသည်ဟု ထင်မိပေ၏၊ ကိုယ်တိုင်အားထုတ်၍အလင်းရောင် ဖြစ်ပေါ်လာသော အခါ၌ စူးစမ်း ဆင်ခြင်၍ ကိုယ်တိုင်ပင် ဆုံးဖြတ်ကြပါလေ။

ဤအလင်းရောင် ဖြစ်ပေါ်သောအခါ၌၊ ယောဂီသည် "မဂ် ဖိုလ် နိဗ္ဗာန် တရားထူးကို ရသောကြောင့် အလင်းရောင် ဖြစ်ပေါ်သည်"ဟူ၍လဲ ထင်မှတ်တတ်၏။ ထိုအလင်းရောင်ကိုပင် နိဗ္ဗာန် တရားထူး ဟူ၍လဲ ထင်မှတ်တတ်၏။ တရားထူးဟု မထင်သော်လဲ၊ ထိုအလင်းရောင်ကို သာယာ နှစ်သက် သဘောကျလျက်သာ နေမိတတ်၏။ ဤသို့ ထင်မှတ်သာယာ နေသူမှာ ရှုမှတ်မှုပျက်၏၊ ရှုမှတ်ပါသော်လဲ မှတ်အပ်သော အာရုံ သင်္ခါရတို့သည် ရှေးကလို သန့်ရှင်းစွာ မထင်ရှားကုန်ပြီ။ ထို့ကြောင့်, အလင်းရောင်ကိုပင် ဝိပဿနာ၏ ညစ်ညူးကြောင်း တရားတခုဟု ဆိုပေသည်။ မုချအားဖြင့်မူကား အလင်းရောင်နှင့် စပ်၍

ဖြစ်သော သာယာမှု=တဏှာ, နှိုင်းပြိုင် ထောင်လွှားမှု=မာန, ထင်မှားမှု=ဒိဋ္ဌိ, ဟူသော ဤကိလေသာ တရားဆိုးများ သာလျှင် ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန် အစစ်ပေတည်း။

(၂) ဉာဏ….ဒွါရ ၆–ပါး၌ အလွန်မြန်စွာဖြစ်ပျက်လျက် ထင်ပေါ်သော ရုပ်နာမ်တို့ကို အစဉ်အတိုင်း မှီအောင်လိုက်၍ လုစ် လုစ် လုစ်လုစ်နှင့် မှတ်လျက် မှတ်လျက် ရှင်းလင်း ပြတ်သား ထင်ရှားစွာ သိမှုသည် ဉာဏ် မည်၏။ ထက်စွာသော ဓားဖြင့် ဖူးသီး ခရမ်းသီးများကို လှီးဖြတ်ရာ၌ တိကနဲ တိကနဲ သန့်ရှင်းစွာပြတ်ပြတ် သွားသကဲ့သို့၊ ပေါ်လာသမျှ ရုပ်နာမ်ကို မှတ်တိုင်း မှတ်တိုင်း ဤဉာဏ်ကြောင့် တိကနဲ တိကနဲ ရှင်းလင်း ပြတ်သားစွာ ပိုင်းခြားလျက် သိ သိ သွား၏၊ ထို့အပြင်, မှတ်ယင်း မှတ်ယင်း ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောများကို ဆင်ခြင်လျက်လဲ ရှင်းလင်းစွာပင် သိ သိသွား၏။ ဤသို့ သိရာမှာလဲ၊ ဆင်ခြင်မိသည် ဟူ၍ပင် မထင်နိုင်ပေ၊ မှတ်ယင်း မှတ်ယင်းပင် အလိုလို သိ သိ သွားသည်ဟူ၍သာ ထင်ရ၏။ ဤအသိဉာဏ်ကိုလဲ တရားထူး ဟူ၍၎င်း, တရားထူးကို ရတဲ့အတွက် ဤသို့ လျင်မြန် ထက်မြက် ရှင်းလင်းစွာ သိနိုင်သည် ဟူ၍၎င်း, ထင်မှတ်သာယာတတ်၏။ ဤသို့ ထင်မှတ် သာယာလျှင် အမှတ် ပျက်၏။ ထို့ကြောင့်, ဤအသိဉာဏ်ကိုလဲ ဝိပဿနုပက္ကိလေသဟု ဆိုပေသည်။ မုချအားဖြင့်မူကား ထိုအသိဉာဏ်နှင့် စပ်၍ ဖြစ်သော တဏှာ မာန ဒိဋ္ဌိတို့သာလျှင် ဥပက္ကိလေသ အစစ်ပေတည်း။ ဝိတိမှ စ၍ဥပေက္ခာတိုင်အောင် ကြွင်းသော ဥပက္ကိလေသ (၇)ပါးတို့၌လဲ ဥပက္ကိလေသ မည်ခြင်း၏ အကြောင်းကို နည်းတူပင် သိပါလေ။

(၃) ပီတိ….ခုဒ္ဒိကာပီတိ, ခဏိကာပီတိ ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိ, ဟူသော ဤပီတိ ငါးမျိုးသည်လည်း မှတ်ချက်များ၌ ပါဝင်လျက်ဖြစ်ကုန်၏။ ဥဒယဗ္ဗယဉာဏ်ဖြစ်သည်မှစ၍ အစဉ်အတိုင်း တိုးတက်ပြီးလျှင်, ဥဒယဗ္ဗယဉာဏ်ထက် သန်သော အခါ၌ ဖရဏာပီတိသာ ဖြစ်တတ်ကြောင်းကို မဟာဋီကာ၌ မိန့်ဆို၏။ ဤ ပီတိ ငါးမျိုးတို့တွင်, ကိုယ်ထဲ၌ ဖျဉ်းကနဲ ကြက်သီးထခြင်း, အသား အရေ ဆိုးဆိုး ဆတ်ဆတ် လှုပ်ခြင်း, မျက်ရည်ယိုထွက်ခြင်း, ရင်ထဲ နှလုံးထဲ၌ ဖိုကနဲ လှိုက်ကနဲ တက်ကြွခြင်း ကိုယ်ထဲ၌ စိမ့်ကနဲ ညိမ့်ကနဲ ကောင်းသွားခြင်း, တို့ကို ဖြစ်စေလျက်၊ တကြိမ်မျှနှင့် ပျောက်ငြိမ်း သွားသော နှစ်သိမ့် အားရမှုသည် ခုဒ္ဒိကာ ပီတိ မည်၏။ သေးငယ်သော နှစ်သိမ့်အားရမှုဟု ဆိုလို၏။ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းနှင့် ကြက်သီးထခြင်း စသည်တို့ကို ဆင့်ကာ ဆင့်ကာ အကြိမ်များစွာ ဖြစ်စေလျက်၊ လျှပ်ပျက်သလိုပင်ခဏ ခဏ အထပ်ထပ် ဖြစ်ပေါ်သော နှစ်သိမ့် အားရမှုသည် ခဏိကာ ပီတိ မည်၏။

ယာ ပနေသာ ဓမ္မံ ကထေန္တဿ ဝါ သုဏန္တဿဝါ ဝါစေန္တဿ ဝါ အန္တော ဥပ္ပဇ္ဇမာနာ ပီတိ ဥဒဂ္ဂဘာဝံ ဇနေတိ။ အဿုနိပဝတ္တေတိ၊ လောမဟံသံ ဇနေတိ၊ သာယံ သံသာရ ဝဋ္ဋဿ အန္တံကတွာ အရဟတ္တ ပရိယောသာနာ ဟောတိ၊ တသ္မာ သဗ္ဗရတီနံ ဧဝရူပါဓမ္မရတိ ယေဝ သေဋ္ဌာ။ (ဓမ္မပဒအဋ္ဌကထာ ၂–၃၅၃)

ဘန္တေ နာဂသေန ယော စ မာတရိ မတာယ ရောဒတိ၊ ယော စ ဓမ္မပေမေန ရောဒတိ၊ ဉဘိန္နံ တေသံ ရောဒန္တာနံ ကဿ အဿု ဘေသဇ္ဇံ၊ ကဿ အဿု န ဘေသဇ္ဇန္တိ။ ဧကဿ ခေါ မဟာရာဇအဿု ရာဂဒေါသေဟိ သမလံ ဉဏှံ၊ ဧကဿ (ဓမ္မပေမဖြင့် ငိုသောသူ တယောက်၏မျက်ရည်သည်) ပီတိသောမနဿေန (ပီတိသောမနဿဖြင့်) ဝိမလံ သီတလံ (အညစ်အကြေးကင်း၏၊ အေးချမ်း၏) ယံ ခေါ မဟာရာဇ သီတလံ၊ တံ ဘေသဇ္ဇံ (ထို အေးသော မျက်ရည်သည် ရောဂါကိလေသာ ကင်းကြောင်းဆေး ဖြစ်ပေ၏)၊ ယံ ဉဏှံ၊ တံ န ဘေသဇ္ဇန္တိ။ (မိလိန္ဒပဉှာ ၈၁)

ဤပါဠိအဋ္ဌကထာတို့ကိုထောက်၍၊ ပီတိကြောင့် မျက်ရည်ယိုခြင်း, ငိုခြင်းများလဲ ဖြစ်တတ်သည်ကို မှတ်သားအပ်၏။

တကိုယ်လုံးကို လွှမ်းခြုံ သွားတော့မည့် အနေအားဖြင့် ကိုယ်ထဲ၌ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်း, စိမ့်စိမ့် စိမ့်စိမ့်, ငြိမ့်ငြိမ့် ငြိမ့်ငြိမ့်နှင့် လှိုက်လှိုက်လှဲလှဲ ပြည့်တက် ပျံ့နှံ့ လာပြီးလျှင် ပျောက်ပြယ် သွားသော နှစ်သိမ့်အားရမှုသည် ဩကန္တိကာပီတိ မည်၏။ ကမ်းကို ဖုံးလွှမ်းတော့မည့်အနေဖြင့် အတင်း ပြေးလာသော ပင်လယ် လှိုင်းလုံးကြီးများသည် ကမ်းစသို့ ရောက်လျှင် ပျောက်ပြယ်သွားသလိုပင်၊ ကိုယ်ထဲ၌ လှိုက်လှဲပြင်းထန်စွာ သက်ဝင်လာပြီးလျှင် ပျက်ပြယ်သွားသော အားရနှစ်သိမ့်မှုဟုဆိုလို၏၊ မိမိ ကိုယ်ကိုယ်ပင် ဘယ်လိုနေသည်ဟု မသိနိုင်လောက်အောင် ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်း, စိမ့်စိမ့် စိမ့်စိမ့်နှင့်အားကောင်းစွာ ဖြစ်ပေါ်လာပြီးလျှင် တကိုယ်လုံးကို ဖြစ်စေ, ကိုယ်အင်္ဂါ တစိတ်တပိုင်းကို ဖြစ်စေ, တက်ကြွလှုပ်ရှား လွင့်စင် သွားစေနိုင်သော နှစ်သိမ့်အားရမှုသည် ဥဗ္ဗေဂါပီတိ မည်၏။ သီဟိုဠ်ကျွန်း၌ စေတီတော်ကို အာရုံပြုလျက် ကြည်ညိုနေသော မထေရ်တပါးသည်၎င်း၊ အမျိုးသမီး တဦးသည်၎င်း၊ အာရုံပြုမိသော ထိုစေတီယင်ပြင်သို့၊ ကောင်းကင်ခရီးဖြင့် လွင့်စင်၍၊ ဤ ဥဗ္ဗေဂါပီတိကြောင့် တခဏချင်း ရောက်သွားဘူးကြောင်းများကို အဋ္ဌကထာတို့၌ ထုတ်ပြ၏။ ယခုကာလ၌လဲ၊ ဤသတိပဋ္ဌာန် ရှုမှတ်နည်း အရရှုမှတ်သော သူတို့တွင် အချို့မှာ ကိုယ်အင်္ဂါ တစိတ်တပိုင်း မြောက် တက်သွားသည်ကို တွေ့ကြရ၏၊ အချို့မှာ ကိုယ် တစိတ်တပိုင်း ကြွ တက်နေသည်ကို တွေ့ကြရ၏၊ လက် ခြေ ခေါင်းများ ဆတ်ကနဲ ဖျပ်ကနဲ အလိုလို လှုပ်ရှားသွားသည်ကိုလဲ တွေ့ကြရ၏၊ တဦးမှာမူကား ထိုင်ခြင်း ဣရိယာပုထ် မပျက်ပါဘဲ တတောင်ခန့် မြင့်အောင် အကြိမ်များစွာ ခုန်လျက် ခုန်လျက် ဖြစ်နေဘူး၏။ ဥဗ္ဗေဂါပီတိ၏ အစွမ်းပင် ဟု ယုံကြည်အပ်၏။ တကိုယ်လုံး၌ စိမ့်လျက် အေးလျက် အလွန်ခံ့သာ, အလွန်ကောင်းသော အတွေ့အထိ ပီတိဇ ရုပ်တို့ကို ပျံ့နှံ့စေလျက်၊ အလွန် အားကြီးစွာ ဖြစ်ပေါ်သော နှစ်သိမ့်

အားရမှုသည် ဖရဏာပီတိ မည်၏။ ဤပီတိဖြစ်ခိုက်၌ လေအပြည့်သွင်းထားသော ဘော့လုံးကဲ့သို့၊ ကိုယ်ထဲ၌ အတွေ့ကောင်းများဖြင့် အပြန့် အနှံ့ ပြည့်ကြပ်နေသည်ဟု ထင်ရ၏။ ထိုအခိုက်၌ တစုံတခုသော ကိုယ် နှုတ် အမူအရာကိုမျှ မပြုနိုင်ဘဲ ငြိမ်သက်လျက်သာ ရှိတတ်၏။ မျက်တောင်မျှ မခတ်ချင်လောက်အောင်, မျက်စိမျှ မဖွင့်ချင်လောက်အောင် ငြိမ်သက် သိမ်မွေ့စွာ ပီတိ အရသာကိုသာ ခံစားနေမိတတ်၏။

ဤ ပီတိငါးမျိုးတို့အလွန် ထက်သန် အားကောင်းစွာ ဖြစ်သောသူမှာ လစ်ကနဲ တခဏမျှ မေ့သလိုဖြစ်ဖြစ် သွားတတ်၏။ ဘုရားပွင့်တော်မူကြောင်းကို ကြားရသော သုမေဓာရှင်ရသေ့, အနာထပိဏ်သူဌေးကြီး, မဟာကပ္ပိနမင်းကြီးတို့၏ ပီတိမျိုးပင် ဟု ယုံကြည် ဆုံးဖြတ်အပ်၏။ ဤအရာ၌သာ ဤသို့ ဖြစ်တတ်သည် မဟုတ်သေး၊ ဘင်ဂ်ဉာဏ် စသော အထက်ဉာဏ်တို့၏ အရာ၌လဲ၊ မှတ်၍ ကောင်းနေဆဲမှာပင် လစ်ကနဲ မိုက်ကနဲ တမှတ် နှစ်မှတ်စာခန့်မျှ ဖြစ်ဖြစ်သွားတတ်သေး၏။ ထို့နောင်လဲ အမှတ်မှာ ကောင်းမြဲ ဖြစ်စေ, အထူး ဖြစ်စေ, ကောင်းသွားတတ်၏။ ထိုထို ဉာဏ်အားပြည့်၍ ထက်သန်စွာ ပီတိ ဖြစ်သည်ဟု ယူဆအပ်၏။ ထို့ပြင်, ပဿဒ္ဓိအားကြီးသော သူမှာ သက်သက်သာသာနှင့်မှတ်၍ ကောင်းနေရာမှ ဘာမျှမမှတ်ရ, နှလုံးမသွင်း မကြံစည်ရဘဲ ငေးနေသလိုလို အတန်ကြာအောင် လစ်လစ်နေတတ်၏၊ သတိရ၍ မှတ်ပြန်လျှင်၊ ကောင်းမြဲပင် ကောင်းသွားပြန်၏။ အချို့ပုဂ္ဂိုလ်မှာ ကြောင့်ကြမစိုက်ရတော့ဘဲ သက်သက်သာသာနှင့် မှတ်ကောင်းနေရာမှ ဖျပ်ကနဲလစ်သလိုလို ဖြစ်ဖြစ် သွားတတ်၏။ ပြီးလျှင်, အမှတ်မှာ ကောင်းမြဲပင် ဆက်၍ ကောင်းသွား၏။ တတြမဇ္ဈတ္တတာ ဥပေက္ခာ၏ အစွမ်းကြောင့်ဟု ယူဆအပ်၏။ အချို့ပုဂ္ဂိုလ်မှာ သက်သက်သာသာနှင့် မှတ် ကောင်းနေရာတွင် အာရုံနှင့် မှတ်သိမှုသည် တဖြေးဖြေး မှေးမှေး သွားပြီးလျှင် မိုက်ကနဲ လစ်၍ သွားတတ်၏။ တခါတရံမှာ အတော်ကြာအောင်လဲ အိပ်ပျော် သွားတတ်၏၊ သတိရ၍ ကောက်ပြီးမှတ်ပြန်လျှင်၊ ကောင်းမြဲပင် ကောင်းသွား၏၊ ထိုင်းမှိုင်းခြင်း တွေဝေခြင်းကားမရှိ။ ဤသို့ ဖြစ်ခြင်းမှာ အာရုံများစွာကို ကြောင့်ကြစိုက်၍ မှတ်ခြင်း, စူးစူးစိုက်စိုက် မှတ်ခြင်းတည်းဟူသော ဝီရိယက အားနည်းလျက်၊ သမာဓိ လွန်သွားခြင်းကြောင့် ဖြစ်ပေါ်သော ထိနမိဒ္ဓ ဟူ၍ ဆုံးဖြတ်အပ်၏။ ဤအရာ၌ မှတ်ချက် များများထား၍ ဖြစ်စေ, အထူး စူးစိုက်၍ ဖြစ်စေ, မှတ်လျှင်၊ ပဿဒ္ဓိ, ဥပေက္ခာ, ထိနမိဒ္ဓတို့ကြောင့် ဖြစ်သော ဤလစ်ခြင်းများကို လွန်မြောက်နိုင်၏။

(၄) ပဿဒ္ဓိ....ကြောင့်ကြစိုက်လျက် ပျံ့လွင့်ခြင်း, ပူပန်ခြင်းတို့မှကင်းသည် ဖြစ်၍၊ ကိုယ်ထဲ စိတ်ထဲ၌ ငြိမ်းအေးခြင်းသဘောသည် ပဿဒ္ဓိ မည်၏၊ ဤပဿဒ္ဓိသည်လည်း ပူအိုက်ရာမှ အအေးထဲသို့ ရုပ်တရက် ရောက်သွားသကဲ့သို့၄င်း၊မောပန်းနေရာမှ ရုတ်တရက် အမောအပန်း ပြေသွားသကဲ့သို့၄င်း၊ ထင်ရှားဖြစ်ပေါ်၏။ ဤပဿဒ္ဓိကြောင့်, အထူးဖြစ်တတ်ပုံကို ရေးနားတွင်ပြခဲ့ပြီ။ ပဿဒ္ဓိ ဖြစ်လျှင်၊ သူ၏ တွဲဘက်များဖြစ်သော လဟုတာ, မုဒုတာ ကမ္မညတာ, ပါဂုညတာ, ဥဇုကတာတို့လဲ ထင်ရှားဖြစ်ပေါ်ကုန်သည်သာတည်း။ ထို့ကြောင့်, ယောဂီပုဂ္ဂိုလ်၏ ကိုယ် စိတ် နှစ်ပါးလုံးပင် ထိုသို့သော ကာလ၌ လေးလံခြင်း မရှိ၊ အလွန်ပင် ပေ့ါပါး၏၊ မှတ်သိမှုကလေးများသည် အလွန် ပေ့ါပါး လျင်မြန်စွာ ဖြစ်၏၊ စိတ်ကူးမိလျှင်လဲ အလွန် သွက်လက် လျင်မြန်၏။ သွားရာမှာ ခြေများက မရှိသလိုပင် ပေ့ါပါးနေတတ်၏။ ထိုင်ရာ အိပ်ရာ ကွေးရာ စသည်တို့မှာလဲ ကိုယ် လက် ခြေများက မရှိသလိုပင် ပေ့ါပါး နေတတ်၏။ သွားလိုက်ရလျှင်၊ ဝေးသော ခရီးကိုသော်လဲ ခဏကလေးနှင့် ရောက်သွားမည်ဟု ထင်တတ်၏၊ လျင်မြန်စွာ ပြေးသွားလိုသော စိတ်လဲ ဖြစ်တတ်၏။ စိတ်အလိုအတိုင်း မပြုမိစေရန် သတိပြုပါ။ ကိုယ်ရော စိတ်ပါ ကြမ်းတန်း ခက်ထန်ခြင်း မရှိမူ၍၊ အလွန်နူးညံ့ ပြေ့ပျောင်း၏။ ရှိသေ ကိုင်းညွတ်ရန် ဝန်မလေး၊ လိုရာ လိုရာ၌ စိတ်ကို ထားနိုင်၏၊ ရှုမှတ်လိုရာကို တဲ့တဲ့မတ်မတ် နှလုံးသွင်း ရှုမှတ်နိုင်၏၊ ကြမ်းတန်းသော အာရုံများ, လူများနှင့် မတွေ့လိုဘဲ၊ အေးအေးသာသာနှင့် ရှုမှတ်၍သာ နေလိုတတ်၏။ နှလုံးသွင်း ရှုမှတ်ရန် ကိုယ်ရော စိတ်ပါအထူးပင်ခန့်ကျန်းလျောက်ပတ်၏၊ တနာရီ နှစ်နာရီ ကြာအောင် တထိုင်ထည်းဖြင့် ရှုမှတ်နေသော်လဲ၊ ကိုယ်ထဲ၌ ညောင်းခြင်း ပူခြင်း နာကျင်ခြင်း မောပန်းခြင်း မရှိမူ၍၊ ပကတိအတိုင်းပင် နေသာလျက် ရှိတတ်၏၊ အမှတ်ပျက်ခြင်း, စိတ်ပျံ့လွင့်ခြင်း မရှိမူ၍၊ အမှတ်မှာလဲ ကောင်းမြဲပင် ကြာမြင့်စွာ ကောင်းနေတတ်၏။ ကိုယ် စိတ် နှစ်ပါးလုံး အလွန် သန့်စွမ်း၏၊ ကိုယ်မှာ အားအင် မပျက်မူ၍၊ မှတ်စိတ်မှာလဲ "ကျေပြွန်နေသော ဩကာသ ဘုရားရှိခိုး၊ နမောတဿ စသော စာပိုဒ်များကို ရွတ်ဆိုရာ၌ အထစ် အရစ် အမှား အယွင်း မရှိဘဲ ချောမောသကဲ့သို့" မှတ်သင့်သော အာရုံများပေါ်၌ အစဉ်အတိုင်း ကျရောက်လျက် အချိုးကျ၏။ တွန့်ခြင်း ရပ်ခြင်း ပျက်ခြင်း မရှိမူ၍၊ မှတ်မှုသည် တချိုးထည်း အရှိန် ကောင်းနေ၏။ မကောင်းမှုတို့၌ စိတ်ဝင်စားခြင်း, မိမိ အပြစ်ကို ဖုံးကွယ်လိုခြင်း, မရှိသော ဂုဏ်ကို ဖေါ်ပြ ဟန်ဆောင်လိုခြင်း, တည်းဟူသော ကောက်ကျစ်လိုခြင်းများမှ လုံးဝကင်း၏။ စိတ်နှလုံးမှာ အလွန်ဖြောင့်စင်းနေ၏။ ထိုအနေအတိုင်း တသက်ပတ်လုံး စင်ကြယ်စွာ နေထိုင်သွားလိုတတ်၏။ ဤ ပဿဒ္ဓိ စသော တရား ၆-မျိုးတို့၏၊ ထက်သန်စွာ ဖြစ်ခြင်းကြောင့် ထိုင် နေရာမှာ ဖြစ်စေ, ရပ်နေရာ သွားနေရာ အိပ်နေရာမှာ ဖြစ်စေ, ကွေးရာ ဆန့်ရာမှာ ဖြစ်စေ, ရှုမှတ်ရာမှာ ဖြစ်စေ, မကောင်းသည်ကို မတွေ့ရဘဲ၊ အမြဲတမ်း ကောင်းနေသည်ဟူ၍သာ ထင်ရတတ်၏။ ကိုယ်ရော စိတ်ပါ ငြိမ်းချမ်း သက်သာ၍၊ အလွန် နေထိုင်ကောင်းသည်, အလွန် ချမ်းသာသည် ဟူ၍ ထင်ရတတ်၏။

(တတ္ထ ကာယဂ္ဂဟဏေန ရူပကာယဿာပိ ဂဟဏံဝေဒိတဗ္ဗံ၊ နဝေဒနာဒိက္ခန္ဓတ္တ ယဿေဝ ကာယပဿဒ္ဓိအာဒယော ဟိ ရူပကာယဿာပိ ဒရထာဒိ–နိမ္မဒ္ဒိကာတိ–ဤမဟာဋီကာနှင့်အညီ၊ ရုပ်ကိုယ်၏ ငြိမ်းအေးခြင်း စသည်ကိုလဲ၊ ပဿဒ္ဓိ စသည်တို့၏ အစွမ်းကြောင့် ဖြစ်သည်ဟု မှတ်သားအပ်ပေ၏)။

(၅) သုခ....ရှုမှတ်သောစိတ်နှင့် ယှဉ်တွဲလျက် ရွှင်လန်းချမ်းသာမှုသည်လည်း အလွန်ထက်သန်စွာ ဖြစ်ပေါ်၏၊ ဤ စိတ်ချမ်းသာမှုကြောင့်၊ ကိုယ်ချမ်းသာမှုလဲ များစွာ ဖြစ်တတ်၏။ ထို့ကြောင့်, အတော်အတန် ရောဂါများသည် ထိုအခိုက်၌ ပျောက်ကင်းလျက် ရှိတတ်၏။ ထို့ပြင် စဉ်းစား ဆင်ခြင်လျက် ဝမ်းသာမှုလဲ အလွန်အကဲ ဖြစ်တတ်၏။ ထို့ကြောင့်, မိမိ၏ ဖြစ်ပုံကို သဘောတူပုဂ္ဂိုလ်များအား မပြောဘဲပင် မနေနိုင်တော့ပြီ။ ဤ သုခ, ပီတိ, ပဿဒ္ဓိစသည်နှင့် ပြည့်စုံသော ယောဂီသည် ထိုအခိုက် ကာလ၌ သာမန် လူ နတ်တို့၏ ပျော်မွေ့ခြင်းထက် လွန်ကဲ ထူးမြတ်သော ပျော်မွေ့မှုကို ခံစားရလေ၏။ ဤသို့သော ပျော်မွေ့မှုကို ရည်၍ အောက်ပါဂါထာတို့ကို ဟောတော်မူသည်ဟု အဋ္ဌကထာတို့၌ မိန့်ဆို၏။

> သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
> အ.မာနုသီ ရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။
> ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
> လဘတေ ပီတိပါမုဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။
>
> (ဓမ္မပဒ ပါဠိတော် ၆၇)

သုညာဂါရံ၊ ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းသို့။ ပဝိဋ္ဌဿ၊ ဝင်လျက်။ သန္တစိတ္တဿ၊ ပဿဒ္ဓိ၏အစွမ်းကြောင့် ငြိမ်းအေးသော စိတ်ရှိသည် ဖြစ်၍။ ဓမ္မံ၊ ရုပ် နာမ် တရားကို။ သမ္မာ ဝိပဿတော၊ မှန်ကန်စွာ တွေ့မြင်သော။ ဘိက္ခုနော၊ ရဟန်းအား။ ဝါ၊ သံသရာ ဘေးကို ရှုသော ယောဂီအား။ အ.မာနုသီ၊ သာမန် လူ နတ်တို့၏ပျော်မွေ့ခြင်းကို လွန်သော။ဝါ၊ သာမန် လူ နတ်တို့ မတွေ့နိုင် မရောက်နိုင်သော။ ရတိ၊ ပဿဒ္ဓိစသည်တို့က ထောက်ပံ့အပ်သော ဝိပဿနာ, ပီတိ, သုခ တည်းဟူသော ပျော်မွေ့ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ယတော ယတော၊ အကြင် အကြင် ရုပ်အဖို့ နာမ်အဖို့မှ။ ခန္ဓာနံ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးတို့၏ အဖြစ် အပျက်ကို။ သမ္မသတိ၊ သုံးသပ်၏။ တတော တတော၊ ထိုထို သုံးသပ် တိုင်းသော ရုပ်အဖို့ နာမ်အဖို့မှ။ ပီတိ.ပါမုဇ္ဇံ၊ များစွာ နှစ်သိမ့်အားရမှု ဟူသော ပီတိနှင့်, အနည်းငယ် နှစ်သိမ့် အားရမှု ဟူသော ပါမုဇ္ဇကို။ လဘတေ၊ ရလေ၏။ (အစ္စိတပ္ပသရံ ပုဗ္ဗံ–ဟူသော သဒ္ဒါနည်းအရ ပူဇော်အပ်သော အနက်ရှိခြင်း, သရနည်းခြင်းတို့ကြောင့်၊ ပီတိ–ပုဒ်ကို ရှေးထား၍ ဒွန်တွဲသည်၊ ဖြစ်စဉ်မဟုတ်။ ဖြစ်စဉ်အားဖြင့်ကား ပါမုဇ္ဇက ရှေးဦး ဖြစ်တတ်၏)။ တံ၊ ထို ပီတိ, ပါမုဇ္ဇသည်။ ဝိဇာနတံ၊ အဖြစ် အပျက်ကို သိသော ဝိပဿနာ ယောဂီတို့၏။ အမတံ၊ သေခြင်းကင်းသော နိဗ္ဗာန်သို့ ဧကန် ရောက်ကြောင်း ဖြစ်၍ အမြိုက်နိဗ္ဗာန်ကြီး ပါပေတည်း။ (ဤဂါထာတို့ကို ဥပရိပဏ္ဏာသ အဋ္ဌကထာ၌ နိရာမိသသုခ အရာတွင် ဖော်ပြ၏။ ထိုနှင့်လဲ ညီစေရန် ဤ၌ သုခ၏ အခြားမဲ့တွင် ထုတ်ပြအပ်ပေသည်)။

(၆) အဓိမောက္ခ....ရှုမှတ်သော စိတ်နှင့် ယှဉ်တွဲလျက် အလွန်ကြည်လင်သော သဒ္ဓါ=အဓိမောက္ခ သည်လည်း ထင်ရှားစွာ ဖြစ်ပေါ်၏။ ထက်သန်စွာဖြစ်သော ဤသဒ္ဓါကြောင့် မှတ်တိုင်းမှတ်တိုင်း စိတ်သည် ညစ်ညူးခြင်းမရှိဘဲ အလွန် ကြည်လင်၏။ မမှတ်ဘဲ ရုပ်နားနေခိုက်၌လဲ ကြည်လင်လျက်သာ ရှိ၏။ ဩဘာသ, ဉာဏ် စသည်တို့ကြောင့်ရင်း၊ ဤ ဝိပဿနာ သဒ္ဓါ၏ အစွမ်းကြောင့်ရင်း၊ ကံ, ကံ၏အကျိုး, ရတနာ ၃–ပါး၏ ဂုဏ်တို့၌ ယုံကြည်မှု သဒ္ဓါသည်လည်း ထိုအခါ၌ ထက်သန်စွာ ဖြစ်တတ်သေး၏။ ထို့ကြောင့်, မိမိကိုယ်တိုင် ဆက်လက် အားထုတ်ရန်လဲ အားတက်သရော ကြံစည်မိတတ်၏၊ သူတပါးကိုလဲ အားထုတ်စေရန်, တိုက်တွန်း ဟောပြောရန် ကြံစည်မိတတ်၏၊ တရား အားထုတ် သူများနှင့်, ဆရာတို့ကိုလဲ အထူး ကြည်ညိုတတ်၏။

(၇) ပဂ္ဂဟာဘ....မှတ်သင့်သော ဖြစ်ခိုက် ဖြစ်ခိုက် ရုပ်နာမ်ကို မှတ်မိစေရန် အထူးလဲ ကြောင့်ကြမစိုက်, လုံးဝလဲ ကြောင့်ကြစိုက်မှု မကင်းမူ၍၊ အလယ်အလတ် ညီမျှစွာ မှန်မှန် အားထုတ်သော ဝီရိယသည် ပဂ္ဂဟ မည်၏။ မလျော့ မတင်း ညီမျှသော ဤ အားထုတ်မှုသည်လည်း ထင်ရှားစွာ ဖြစ်၏။ ထို့ကြောင့်, ယောဂီသည် ထိုသို့သော ကာလ၌ အထူး ကြောင့်ကြမစိုက်ရဘဲ မှတ်သင့်သမျှကို သူ့အလိုလိုပင် မှတ်သိလျက် မှတ်သိလျက် ရှိနေသည်ဟု ထင်ရလေသည်။

(၈) ဥပဋ္ဌာန....ဖြစ်ခိုက် ဖြစ်ခိုက် ရုပ်နာမ်များက မှတ်တဲ့ စိတ်ထဲသို့ အလိုလိုပင် ဝင်ရောက် ဝင်ရောက် လာသကဲ့သို့ရင်း၊ မှတ်တဲ့စိတ်ကလဲ ထိုရုပ်နာမ်များထဲသို့ အလိုလိုပင် ဝင်ရောက် ဝင်ရောက် သွားသကဲ့သို့ရင်း၊ ထင်ပေါ်သောသတိသည် ဥပဋ္ဌာနမည်၏။ အာရုံကို ပေါ်လွင် ထင်လင်းစေတတ်သော ဤသတိ၏ ထက်သန် ထင်ရှားစွာ ဖြစ်ပေါ်ခြင်းကြောင့်၊ အလွန်သိမ်မွေ့တဲ့ ရုပ်နာမ် အမူအရာကလေးများသော်လဲ မြုပ်ကွယ်ခြင်းမရှိဘဲ အလွန် ထင်ရှားလျက်ရှိ၏။ ရှေးအမှတ် ဆုံးသည်နှင့် တပြိုင်နက်၊ မှတ်သိသင့်သော နောက်အာရုံသည် အသင့်ပင် ထင်ပေါ်လျက်ရှိ၏။ (ရှေးက တွေ့ကြုံဘူးသည်ကို စဉ်းစားမိလျှင်, ထိုအာရုံသည် မျက်မှောက် တွေ့ရသလိုပင် အလွန် ထင်ရှား ပီသစွာ ထင်ပေါ်လျက် ရှိတတ်၏။ ဤသို့သော စဉ်းစားမှုကိုကား မပြုအပ်ပေ။)

(၉) ဥပေက္ခာ....ရှေး၌ ပြခဲ့ပြီးသော ဝိပဿနုပေက္ခာနှင့်, ထို၏ရှေ့သွားဖြစ်သော အာဝဇ္ဇန်းသည် ဥပေက္ခာမည်၏။ ထင်ရှားစေဦးအံ့။ မြင်မှုကြားမှု စသည်ဖြစ်စေ, ရှုမှတ်မှုဖြစ်စေ, စိတ်တစုံတခု ဖြစ်လိုလတ်သော်၊ အာရုံကိုစ၍ ဆင်ခြင်မှု=အာဝဇ္ဇန်းစိတ်က ရှေးဦးစွာ ဖြစ်ပေါ်လာ၏။ ထိုစိတ်က ကောင်းတဲ့အခြင်းအရာဖြင့် ဆင်ခြင်လျှင်၊ နောက်စိတ်များလဲ ကောင်းတဲ့ အခြင်းအရာဖြင့်သာ ဖြစ်ကုန်၏။ ထိုစိတ်က မကောင်းတဲ့ အခြင်းအရာဖြင့် ဆင်ခြင်လျှင်ကား နောက်စိတ်များလဲ မကောင်းတဲ့ အခြင်းအရာဖြင့်သာ ဖြစ်ကုန်၏။ ယောဂီပုဂ္ဂိုလ်မှာမူကား "ဖြစ်ပျက်တိုင်းသော ရုပ်နာမ်များကို ရှုမှတ်မည်"ဟု ရှေးအဖို့ကပင် စိတ်ကို ကန့်သတ်ထားပြီးလဲဖြစ်၏၊ အကြိမ်များစွာ ရှုမှတ်လျက် လေ့ကျင့်သားရပြီးလဲဖြစ်၏၊ ဤအကြောင်း ၂-ပါးကြောင့်၊ ဖြစ်ပျက်ခိုက် ရုပ်နာမ်များကို "ဖြစ်သည်,ပျက်သည်"ဟု အမှန်အတိုင်းသာ ဆင်ခြင်လျက် ဆင်ခြင်လျက် အာဝဇ္ဇန်းစိတ်က ရှေးဦးစွာ ဖြစ် ပေါ်၏။ မှတ်သိမှု=ဝိပဿနာဇောသည်လည်း ထိုသို့ဆင်ခြင်မိတဲ့ အတိုင်းပင် "ဖြစ်သည်, ပျက်သည်"ဟု သိလျက် သိလျက်၊ နောက်က လိုက်၍ ဖြစ်ပေါ်၏။ ဤသို့ပင် ဖြစ်တတ်ငြားသော်လဲ အားထုတ်စ ဘာဝနာ နုစဉ်၌ကား၊ ရှုမှတ်သင့်တဲ့ ဖြစ်ခိုက်အာရုံကို တဲ့တဲ့မတ်မတ် ဆင်ခြင်မိ, ရှုမှတ်မိစေရန် အမြဲကြောင့်ကြစိုက်ရ၏။ အမြဲ ရာကြံနေရသကဲ့သို့ ရှိ၏၊ တခြားတပါးကို ဆင်ခြင်မိသည်လည်း များစွာပင်ရှိ၏။ စိတ်သည် မှတ်ရမည့် အာရုံဆီသို့သွားရန် တွန့်ဆုတ်ဆုတ် ဖြစ်နေသကဲ့သို့ ၄င်း, ဖြေးနှေး လေးကန် နေသကဲ့သို့၄င်း, ရှိ၏။ ဥဒယဗ္ဗယဉာဏ် ကောင်းစွာဖြစ်သော ထိုကာလ၌ကား အထူး ကြောင့်ကြစိုက်ရခြင်း, ရာကြံရခြင်း မရှိဘဲ ရှေးရှေး မှတ်ချက်၏ အခြားမဲ့မှာပင်၊ ဖြစ် ပျက်ခိုက် ရုပ်နာမ်ကို တဲ့တဲ့မတ်မတ် ဆင်ခြင်လဲ ဆင်ခြင်မိ၏။ ထိုအာရုံဆီသို့ တဟုန်ထည်း ပြေးသွားသကဲ့သို့ သိလဲ သိ၏။ ဤသို့ ဖြောင့်မတ်စွာ ဆင်ခြင်လျက် ဖြစ်သော အာဝဇ္ဇန်းသည် အာဝဇ္ဇနုပေက္ခာ မည်၏။ ထိုအာဝဇ္ဇန်းအားလျော်စွာ အထူးကြောင့်ကြမစိုက်ရဘဲ ဖြစ်ပျက်ခိုက် ထိုရုပ်နာမ်ကိုပင် မှတ်သိလျက်မှတ်သိလျက် ဖြစ်သော ဝိပဿနာဉာဏ်သည် ဝိပဿ နုပေက္ခာ မည်၏။ အထူး ကြောင့်ကြ မစိုက်ရဘဲ သူ့အလိုလိုပင် ဆင်ခြင်လျက်, သူ့ အလိုလိုပင် မှတ်သိလျက်, နေသကဲ့သို့ ဖြစ်သော ဤ ဥပေက္ခာ နှစ်မျိုးလုံးကိုပင် မှတ်ချက်တကြိမ် တကြိမ်၌ ပါဝင်လျက် ဖြစ်၏။ ဤ ဥပေက္ခာနှစ်မျိုးကိုပင် ဤအရာ၌ ဝိပဿနာ၏ ညစ်ညူးကြောင်း ဥပေက္ခာဟု ဆိုသည်။ မဟာဋီကာ၌ကား "ဝိပဿနုပေက္ခာ ဟူသည်မှာ၊ တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာပင်"ဟူ၍ ဖွင့်ပြ၏၊ ဉာဏဥပက္ကိလေသနှင့် တရားကိုယ် ကွဲပြားစေရန် ဖွင့်ပြခြင်းပေတည်း။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ကား၊ ထိုအဖွင့်မျိုးကို အာစရိယဝါဒအဖြစ်ဖြင့် ထုတ်ပြပြီးလျှင်၊ မိမိ၏ သဘောကျ သကဝါဒအားဖြင့်၊ ညီမျှစွာဖြစ်သော သမာဓိကို အရကောက်၍ ပြလေ၏။ ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်၌ကား၊ "ဝိသုဒ္ဓိမဂ်၌ ဖွင့်ပြသည့်အတိုင်း ဝိပဿနုပေက္ခာ၏ အရဉာဏ်ပင် ဖြစ်ငြားသော်လဲ၊ သင်္ခါရတို့ကို စူးစမ်း ဆင်ခြင်ခြင်း၌ ညီမျှခြင်း ကိစ္စအားဖြင့် ဉာဏဥပက္ကိလေသမှ ထူးခြားသောကြောင့်၊ တစုံတရာမျှ မဆန့်ကျင်" ဟူ၍ မိန့်ဆိုလေ၏။ ငါတို့လဲ၊ ဤဂဏ္ဌိပုဒ် စကားကို နှစ်သက်၏။ ထို့ကြောင့်, ဉာဏ်ကိုပင် ဝိပဿနုပေက္ခာ၏ အရပြု၍ ပြခဲ့ပေသည်။

(၁၀) နိကန္တိ....အလင်းရောင် စသည်တို့နှင့် တကွ ဖြစ်လျက်ထူးခြားစွာ မှတ်သိနိုင်သည့် ဝိပဿနာ၌ သာယာ နှစ်သက်သဘောကျသော တဏှာသည် နိကန္တိ မည်၏၊ ဤသာယာမှုသည် အလွန်သိမ်မွေ့၏။ ၄င်းကို ကိလေသာဟု မထင်နိုင်ဘဲ၊ ဘာဝနာ၌ ပျော်မွေ့မှု=ဘာဝနာရတိဟူ၍ ထင်မှတ်တတ်၏။ ထို့ကြောင့်, ထိုသာယာမှုကိုပင်၊ တရားထူးဟူ၍၄င်း၊ တရားထူးကို ရတဲ့အတွက် ဘာဝနာ၌ ဤသို့သော ပျော်မွေ့မှုဖြစ်သည်ဟူ၍၄င်း၊ ထင်မှားတတ်ကြပေသည်။ ဤနိကန္တိသည်ကား ဥပက္ကိလေသ အစစ်ပင်တည်း။ ထို့ကြောင့်, နိကန္တိ ဖြစ်ရုံမျှဖြင့်လဲ၊ ဝိပဿနာ ပျက်စီးတတ်၏။ ထိုနိကန္တိကို တဏှာ, မာန, ဒိဋ္ဌိ, ဖြင့် ထင်မှား စွဲလမ်းခြင်းကြောင့် ဝိပဿနာပျက်စီးတတ်သည် ကိုကား ဆိုဘွယ်ပင်မရှိတော့ပြီ။

ဤဥပက္ကိလေသတို့သည် မှတ်သိမှု စိတ် တချက် တချက်၌ အမှတ်မရှိ တခုချင်းလဲ ဖြစ်တတ်ကုန်၏။ ၂-ခု၊ ၃-ခု၊ ၄-ခု၊ ၅-ခု-စသည်အားဖြင့် အများလဲဖြစ်တတ်ကုန်၏။ နိကန္တိမှကြွင်းသော ဥပက္ကိလေသ ၉-ပါးလုံးလဲ တပြိုင်နက် ဖြစ်ပေါ်နိုင်ကုန်၏။ ဆင်ခြင်မှုစွဲလမ်းမှုသည်ကား အသီးအသီး တခုချင်း၌သာ ဖြစ်၏။ ထို့ကြောင့်, ပြခဲ့သောအစဉ်ကို "ဖြစ်စဉ် မဟုတ်၊ ဒေသနာ အစဉ်မျှသာ"ဟု သိအပ်၏။

နဝါပိ ဟိ ဥပက္ကိလေသာ ဧကက္ခဏေပိ ဥပ္ပဇ္ဇန္တိ၊ ပစ္စဝေက္ခဏာပန ဝိသုံ ဝိသုံ ဟောတိ။ (မဟာဋီကာ ၂-၄၃၂)

နဝအပိ၊ ၉-ပါးလဲ ဖြစ်ကုန်သော။ ဥပက္ကိလေသာ၊ နိကန္တိမှ ကြွင်းသော ဥပက္ကိလေသတို့သည်။ ဧကက္ခဏေ ပိ၊ တခုထည်းသော ခဏ၌သော်လဲ။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တတ်ကုန်၏။ ပစ္စဝေက္ခဏာ ပန၊ ဆင်ခြင်မှုသည်ကား။ ဝိသုံ ဝိသုံ ဟောတိ၊ အသီးအသီးဖြစ်၏။ (ဤ၌ နဝါပိ-မှ အပိသဒ္ဒါဖြင့်၊ ဥပက္ကိလေသရှစ်ပါး, ခုနစ်ပါး, ခြောက်ပါး, စသည်လဲ ဖြစ်တတ်သေးသည်ကို ပေါင်းဆည်း၍ပြ၏၊ ဧကက္ခဏေပိ-မှ အပိသဒ္ဒါဖြင့်၊ တပြိုင်နက် မဖြစ်မူ၍၊ အထူးထူးသော ခဏ၌လဲ ဖြစ်တတ်သေးသည်ကို ပေါင်းဆည်း၍ ပြ၏။)

ရှေးက မဖြစ်ဘူး၍ ထူးဆန်းသော အလင်းရောင် ဉာဏ် ပီတိစသည်တို့ကိုပင်၊ တရားထူးဟူ၍၄င်း၊ တရားထူးကို ရ၍သာ ဤသို့ထူးခြားစွာ ဖြစ်သည်ဟူ၍၄င်း၊ ထင်မြင်ယူဆသောသူအား၊ ရှုမှတ်မှုဟူသော ဝိပဿနာလမ်းသည် ချော်လွဲသွားလေ၏။ အထက်ဉာဏ်ထူး တရားထူးများကိုရအောင် ကြိုးကြိုးစားစား မရှုမှတ်တော့ဘဲဖြစ်စေ, လုံးလုံး မရှုမှတ်တော့ဘဲဖြစ်စေ, ဖြစ်ပေါ်သော အလင်းရောင်စသည်တို့ကိုသာလျှင် သာယာစွဲလမ်းလျက် အဖန်ဖန်စဉ်းစားလျက်နေလေတော့၏။ ထိုအလင်း

ရောင်စသည်တို့တွင် တပါးပါး၌ သာယာနှစ်သက်လျှင်, တဏှာစွဲဖြစ်၏၊ "ငါ့မှာသာ ဤသို့ထူးခြားစွာဖြစ်သည်၊ ငါဟာ သူများထက် ထူးသည်"ဟု အထင်ကြီးလျှင်, မာနစွဲဖြစ်၏။ "ငါကလင်းသည်၊ လင်းတာဟာငါဘဲ ငါ၏အရောင်ဘဲ၊ ငါ၏ အစိတ်အပိုင်းဘဲ" ဤသို့စသည်ဖြင့် ယူဆ စွဲလမ်းလျှင်, ဒိဋ္ဌိစွဲ ဖြစ်၏။ ဤသို့ ဥပက္ကိလေသဝတ္ထု တပါး တပါး၌ ဂါဟ=အစွဲ သုံးပါးစီ သုံးပါးစီဖြစ်၏။ ပေါင်းလျှင်, ဥပက္ကိလေသဝတ္ထု(၁၀)ပါး၌၊ ဂါဟ (၃၀) ဖြစ်ကုန်၏။ ဝတ္ထု အသီး အသီး၌ဖြစ်သော ဂါဟ ၃–ပါး၊ ၃–ပါးကို၊ တမျိုးထည်း တမျိုးထည်း ပြု၍ ယူလျှင်၊ ဥပက္ကိလေသ (၁၀)ပါးမျှသာ ဖြစ်၏။

ဇတ္တေ စ ဩဘာသာဒယော ဥပက္ကိလေသဝတ္ထုတာယ ဥပက္ကိလေသာ တိ ဝုတ္တာ၊ န အကုသလတ္တာ။ နိကန္တိ ပန ဥပက္ကိလေသော စေဝဥပက္ကိလေသဝတ္ထု စ။ ဝတ္ထုဝသေနေဝ စေတေ ဒသ၊ ဂါဟဝသေန ပန သမတ္တိံသ ဟောန္တိ။ (ဝိသုဒ္ဓိမဂ် ၂–၂၇၃)

ဇတ္တေ စ၊ ဤဥပက္ကိလေသ (၁၀)ပါးတို့တွင်လဲ။ ဩဘာသာဒယော၊ ဩဘာသအစ, ဥပေက္ခာအဆုံးရှိသော ဥပက္ကိလေသ (၉) ပါးတို့ကို။ ဥပက္ကိလေသ ဝတ္ထုတာယ၊ တဏှာ, မာန, ဒိဋ္ဌိ, ဟူသော ညစ်ညူးကြောင်းတို့၏တည်ရာ အကြောင်းဖြစ်သောကြောင့်သာလျှင်။ ဥပက္ကိလေသာတိ ဝုတ္တာ၊ ဥပက္ကိလေသ ဟု ဟောအပ်ကုန်၏။ န အကုသလတ္တာ၊ အကုသိုလ် ဖြစ်သောကြောင့် ဟောအပ်သည်ကား မဟုတ်ပေ။ နိကန္တိ ပန၊ နိကန္တိသည်ကား။ ဥပက္ကိလေသော စေဝ၊ ဥပက္ကိလေသအစစ်လဲ ဟုတ်၏။ ဥပက္ကိလေသဝတ္ထုစ၊ ဥပက္ကိလေသတို့၏ တည်ရာအကြောင်းလဲဟုတ်၏။ စ၊ ဆက်ဦးအံ့။ ဧတေ၊ဤဥပက္ကိလေသတို့သည်။ ဝတ္ထုဝသေနေဝ၊ ဩဘာသ စသော တည်ရာ ဝတ္ထုတို့ အလိုအားဖြင့် သာလျှင်။ ဒသ၊ ဆယ်ပါး ဖြစ်ကုန်၏။ ဂါဟဝသေန ပန၊ စွဲလမ်းတတ်သော တဏှာ, မာန, ဒိဋ္ဌိ, တို့ အလိုအားဖြင့် သော်ကား။ သမတ္တိံသ ဟောန္တိ၊ သုံးဆယ် တိတိ ဖြစ်ကုန်၏။

ဤအဋ္ဌကထာကိုပင်မှီ၍ ဤသို့သော အနက်ကိုလဲ မှတ်သားအပ်၏။ ဩဘာသအစ, ဥပေက္ခာအဆုံးရှိသော ဤ ဥပက္ကိလေသဝတ္ထု (၉)ပါးသည် တဏှာ, မာန, ဒိဋ္ဌိ,ဖြင့် စွဲလမ်းအပ်သော်သာလျှင် ဥပက္ကိလေသမည်၏၊ မစွဲလမ်းအပ်လျှင်ကား ဥပက္ကိလေသမမည်။ ထို့ကြောင့်, ဘင်္ဂဉာဏ် သင်္ခါရုပေက္ခာဉာဏ်အရာတို့၌ ထင်ရှားစွာဖြစ်သော သတိစသော ဗောဇ္ဈင် တရားတို့ကိုငှင်း၊ ထိုဗောဇ္ဈင် တို့နှင့်လျော်စွာ ဖြစ်သော သုခ, သဒ္ဓါ, တို့ကိုငှင်း၊ ဥပက္ကိလေသဟု မဆိုအပ်ကုန်။ ထို့ပြင်, အရိယာတို့အား အားထုတ်စကာလ ဥဒယဗ္ဗယဉာဏ်အခိုက်၌ တွေ့ရသောအလင်းရောင်ကိုလဲ ဥပက္ကိလေသ ဟုမဆိုအပ်ဟူသော ဤ အနက်ကိုလဲ မှတ်သားအပ်၏။

ဆရာ့ထံမှနည်းကို ကောင်းစွာ ရသော ယောဂီသည်ကား ထိုအလင်းရောင် ဉာဏ် ပီတိ စသည်တို့ ဖြစ်ပေါ်လာလျှင်၊ "ဆရာ ပြောထားတဲ့ ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်တွေဖြစ်ပေါ်လာကြပြီ၊ ဒါတွေဟာ တရားထူးလဲ မဟုတ်ကုန်၊ တရားထူးကို ရတဲ့အတွက် ဖြစ်ပေါ်လာကြတာလဲ မဟုတ်ကုန်၊ ဒါတွေကို စဉ်းစားဆင်ခြင်တာကလဲ ဝိပဿနာလမ်းမှန်မဟုတ်၊ ဤ အလင်းရောင် စသည်တို့ဟာ ရေးကမရှိဘဲ ယခုမှ အသစ်ဖြစ်လာကြတဲ့အတွက် မမြဲ၊ ဆင်းရဲ၊ ငါကောင် မဟုတ်တာတွေ ချည်းဘဲ၊ ရှုမှတ်ရမည့် တရားတွေချည်းဘဲ၊ ပေါ်တိုင်းပေါ်တိုင်းကို ရှိခိုက်ရှိခိုက်၌ မှတ်သိခြင်းသည်သာလျှင် အထက်ဉာဏ်ထူး တရားထူးများကို ရကြောင်း ဖြစ်သော ဝိပဿနာလမ်းမှန်ဘဲ"ဟူ၍ ဆင်ခြင် ဆုံးဖြတ်ပြီးလျှင်၊ ပေါ်လာတိုင်းသော ရုပ် နာမ် အမှုအရာဟူသမျှကို မှတ်သိရုံသာမှတ်သိလျက်နေ၏။ အလင်းရောင်ဉာဏ်ပီတိစသည်တို့ကို အလေးအမြတ်ပြုလျက် မစဉ်းစား မဆင်ခြင်ပြီ။ ဤသို့ မှတ်သိမှုကိုသာ အလေးဂရု ပြု၍ မပြတ် မှတ်သိလျက် နေသောသူအား နာမ်ရုပ်တို့၏ ဖြစ်မှု ပျက်မှုသည် အထူး သန့်ရှင်း စင်ကြယ်စွာ ထင်ပေါ်၏။ ဖြစ်ပေါ်ပြီးလျှင် ကွယ်ပျောက်သွားခြင်းဟူသော အနိစ္စလက္ခဏာ၊ ဖြစ်မှု ပျက်မှုက မပြတ်နှိပ်စက်ခြင်းဟူသော ဒုက္ခလက္ခဏာ၊ အလိုအတိုင်း မပြီးစေနိုင်ခြင်း ဟူသော အနတ္တလက္ခဏာ၊ ဤလက္ခဏာ သုံးပါးတို့သည်လည်း အထူး သန့်ရှင်း စင်ကြယ်စွာ ထင်ပေါ်ကုန်၏။ ထိုအခါ၊ မှတ်တိုင်း မှတ်တိုင်း ဖြစ်မှု ပျက်မှုတို့ကို ရှင်းလင်းစွာ သိမြင်ခြင်းသည် ညစ်ညူးကြောင်း ဥပက္ကိလေသတို့မှ လွတ်မြောက်ပြီးသော ဥဒယဗ္ဗယဉာဏ် မည်၏။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ဤသို့ရှုရာ၌၊ "အလင်းရောင် စသည်တို့ကလဲ အရိယာမဂ်မဟုတ်၊ ထိုအလင်းရောင်စသည်ကို စဉ်းစား ဆင်ခြင်မှုကလဲ ဝိပဿနာလမ်းမှန် မဟုတ်။ ၎င်းတို့ကို အလေးအမြတ် မပြုဘဲ ပေါ်လာတိုင်းသော ရုပ်နာမ်ကို မပြတ် ရှုမှတ်ခြင်းသည်သာလျှင် ဝိပဿနာလမ်းမှန် ဖြစ်သည်"ဟူ၍ ဆင်ခြင် ဆုံးဖြတ်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

## ဥဒယဗ္ဗယဉာဏ်နှင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

## ဘင်္ဂဉာဏ် စသည်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဖြစ်ပျက်တိုင်းသော ရုပ်နာမ်ကို မှတ်ရုံမျှသာ မှတ်သိလျက် အစဉ်လိုက်နေသော အသိဉာဏ်သည် အလင်းရောင် စသည်ကို အလေးမပြု မစွဲလမ်းခြင်းကြောင့်ဥပက္ကိလေသတို့မှလဲ လွတ်မြောက်၏၊ သိသင့်သော ဖြစ်မှုပျက်မှုတို့ကို သိလျက်ရှိသောကြောင့် လမ်းမှန်ကျသော ဥဒယဗ္ဗယဉာဏ်လဲမည်၏။ ဤဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉-ပါးသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။ "အရိယာမဂ်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော စင်ကြယ်သော အသိအမြင်" ဟု ဆိုလို၏။ ဤဝိသုဒ္ဓိသည် မှတ်အပ်သော ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှင်းလင်းစွာ သိရသဖြင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ကောင်းစွာသိမြင်သော ကာလမှစ၍ ဖြစ်ပေါ်၏။ အဖြစ်အပျက်ကိုသိရုံမျှဖြင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့၏ ထင်ရှားပုံကို အခဏ်း (၇)၌ ပြလတ့်သော သာဓက တို့ဖြင့်၎င်း၊ အောက်ပါမဟာဋီကာဖြင့်၎င်း ယုံကြည်အပ်၏။

## အဖြစ်အပျက် ထင်လျှင် လက္ခဏာ ၃-ပါး ထင်ကြောင်း

ဥဒယဝယေ ပန ပဋိဝိဒ္ဓေ အနိစ္စလက္ခဏံ ပါကဋံ ဟုတွာ ဥပဋ္ဌာတိ၊ တတော ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာတိ ဣတရလက္ခဏမ္ပိ။ အထဝါ ဥဒယဗ္ဗယဂ္ဂဟဏေန ဟုတွာ အတာဝါကာရော, အဘိဏှသမ္ပဋိပီဠနာကာရော, အဝသဝတ္တနာကာရော စ, ဝိဘူတတရောဟောတိ။ (၂-၄၃၆)

ဥဒယဝယေ ပဋိဝိဒ္ဓေ၊ အဖြစ်အပျက်ကို မျက်မှောက် သိအပ်ပြီးလတ်သော်။ အနိစ္စလက္ခဏံ၊ မမြဲဟုမှတ်ကြောင်း လက္ခဏာသည်။ ပါကဋံ ဟုတွာ၊ ထင်ရှားသည် ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်ပေါ်၏။ တတော၊ ထိုမှ နောက်၌။ ယံ အနိစ္စံ၊ အကြင်တရားသည် မမြဲ။ တံ ဒုက္ခံ၊ ထိုတရားသည် ဆင်းရဲပင်တည်း။ ယံ ဒုက္ခံ၊ အကြင်တရားသည် ဆင်းရဲတည်း။ တံ အနတ္တာ၊ ထိုတရားသည် အစိုးရတဲ့ ငါကောင်မဟုတ်။ ဣတိ၊ ဤသို့။ ဣတရလက္ခဏမ္ပိ၊ ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာသည်လည်း။ ပါကဋံ ဟုတွာ ဥပဋ္ဌာတိ၊ ထင်ရှားစွာ ဖြစ်လျက် ထင်ပေါ်၏။ အထဝါ၊ တနည်း ထင်ရှားပုံကား။ ဥဒယဗ္ဗယဂ္ဂဟဏေန၊ အဖြစ်အပျက်ကို မှတ်သိခြင်းကြောင့်။ ဟုတွာ အဘာဝါကာရော၊ ဖြစ်ပေါ်ပြီးလျှင်မရှိခြင်း, ကွယ်ပျောက်သွားခြင်းဟူသော အနိစ္စလက္ခဏာ အခြင်းအရာသည်၎င်း။ အဘိဏှသမ္ပဋိပီဠနာကာရော၊ ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်ခြင်းဟူသော ဒုက္ခလက္ခဏာ အခြင်းအရာသည်၎င်း။ အ ဝသဝတ္တနာကာရော စ၊ မဖြစ်စေလိုသော်လဲမရ၊ မပျက်စေလိုသော်လဲ မနေသဖြင့် အလိုအတိုင်း မဖြစ်ခြင်း ဟူသော အနတ္တလက္ခဏာ အခြင်းအရာသည်၎င်း။ ဝိဘူတတရော၊ အထူးသဖြင့် ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

## ဘင်္ဂဉာဏ်

ဖြစ်ပျက်တိုင်းသော ရုပ်နာမ်ကိုမှတ်သိ၍ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ ကောင်းစွာထင်ရှားပြီးသောသူအား ဥဒယဗ္ဗယဉာဏ်အပြည့်အစုံ ရင့်သန်လတ်သော် မှတ်သိမှုသည် လျင်မြန်ထက်သန်စွာဖြစ်၏။ သူ့အလိုလိုပင်သိလျက် သိလျက် ဆောင်သွားသကဲ့သို့ ဖြစ်၏။ အသိလျင်မြန်သောကြောင့်, မှတ်သိသင့်တဲ့ ဖြစ်ခိုက် အာရုံသင်္ခါရတို့သည် လျင်မြန်စွာ ထင်ပေါ်ကုန်၏။ ထိုအခါ၌၊ ဖြစ်စေ=ဥပါဒ်နှင့်, အလယ်ပိုင်း တည်မှု=ဌီတို့ကိုလဲ နှလုံးမသွင်းမိပြီ၊ မပြတ် စီးနေသောရေယာဉ်ကဲ့သို့ တစပ်ထည်း ဆက်စပ်လျက်ဖြစ်နေသော ရုပ်နာမ်အစဉ်အတန်းကိုလဲ နှလုံးမသွင်းမိပြီ၊ (ရှေးရှေးရုပ်နှင့် နောက်နောက် ရုပ်တို့သည်၎င်း, ရှေးရှေးစိတ်နှင့် နောက်နောက် စိတ်တို့သည်၎င်း, မပြတ် မခြားဘဲ တသားထည်း ကဲ့သို့ဉာဏ်၌ မထင်ကြပြီ ဟု ဆိုလို၏)။ ။ အကောင်အထည် ပုံသဏ္ဍာန်ဒြဗ်ရှိသလိုပင် ထင်ပေါ်သော သင်္ခါရနိမိတ်ကိုလဲ နှလုံးမသွင်းမိပြီ၊ (ဥပမာ... ကွေးစဉ် ဆန့်စဉ်၌ ရှေးကာလက လက်ခြေပုံသဏ္ဍာန်ထင်ပေါ်သကဲ့သို့ ယခုမူကား မထင်ပေါ်တော့ပြီဟု ဆိုလို၏)။ ။ မှတ်ခိုက် မှတ်ခိုက်မှာပင်၊ ကုန်ပျက် ကုန်ပျက် သွားသည်ဟု သိမှု=ဉာဏ်သည်သာလျှင် ဖြစ်ပေါ်၏။ ထိုအခါ၌ ဘင်္ဂဉာဏ် ပေါ်၏။

## ဘင်္ဂဉာဏ်သို့ ကူးပုံ အထူး မှတ်ဖွယ်

တယိဒံ သဗ္ဗမ္ပိ အယံ ယောဂါဝစရော ဥပက္ကိလေသ ဝိနိမုတ္တေန ဝီထိပဋိပန္နဝိပဿနာသင်္ခါတေန ဥဒယဗ္ဗယာနုပဿနာဉာဏေန ယာထာဝ သရသတော သလ္လက္ခေတိ။ တဿေဝံ သလ္လက္ခေတွာ ပုနပ္ပုနံ အနိစ္စံ ဒုက္ခံ အနတ္တာ တိ ရူပါရူပဓမ္မေ တုလယတော တီရယတော တံဉာဏံ တိက္ခံ ဟုတွာ ဝဟတိ၊ သင်္ခါရာ လဟုံ ဥပဋ္ဌဟန္တိ။ ဉာဏေတိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န သမ္ပါပုဏာတိ၊ ခယ–ဝယ–ဘေဒ–နိရောဓေယေဝ သတိ သန္တိဋ္ဌတိ။ တဿေဝံ ဥပ္ပန္နံဝိ ဇာဝံ ဥဝမ ဥဝါ ဝ ဥဒါထိပ ရာရယ ပဿ... 

တံ ဣဒံ သဗ္ဗမ္ပိ၊ ခန္ဓာ ငါးပါးနှင့်, လက္ခဏာသုံးပါး ဟူသော ထိုအလုံးစုံကိုလဲ။ အယံ ယောဂါဝစရော၊ ဤယောဂီသည်။ ဥပက္ကိလေသ ဝိနိမုတ္တေန၊ ညစ်ညူးကြောင်းတို့မှ လွတ်မြောက်ပြီးသော။ ဝီထိပဋိပန္န ဝိပဿနာသင်္ခါတေန၊ လမ်းမှန်ကျသော ဝိပဿနာဟုဆိုအပ်သော။ ဥဒယဗ္ဗယာနုပဿနာဉာဏေန၊ အဖြစ်အပျက်ကို ရှုမြင်သောဉာဏ်ဖြင့်။ ယာထာဝ–သရသတော၊ မှန်သော သဘောအားဖြင့်။ ဝါ၊ သဘောမှန်အတိုင်း။ သလ္လက္ခေတိ၊ ကောင်းစွာမှတ်၏။ ဧဝံ သလ္လက္ခေတွာ၊ ဤသို့ ကောင်းစွာမှတ်၍။ ရူပါရူပဓမ္မေ၊ ရုပ်နာမ် တရားတို့ကို။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ မမြဲ, ဆင်းရဲ, ငါကောင် မဟုတ်, ဟူ၍။ ပုနပ္ပုနံ၊ အဖန်ဖန်။ တုလယတော တီရယတော၊ နှိုင်းချိန် ဆုံးဖြတ်သော။ တဿ၊ ထိုယောဂီ၏။ တံ ဉာဏံ၊ ထိုမှတ်သိမှု ဉာဏ်သည်။ တိက္ခံ ဟုတွာ၊ ထက်မြက်သည် ဖြစ်၍။ ဝဟတိ။ ဆောင်သွား၏။ ဝါ၊ ဆောင် သွားသလိုပင် ဖြစ်၏။ သင်္ခါရာ၊ ရှုထိုက်သော ရုပ်နာမ် သင်္ခါရတို့သည်။ လဟုံ ဥပဋ္ဌဟန္တိ၊ လျင်မြန်စွာ ထင်ပေါ်ကုန်၏။ ဉာဏေတိက္ခေ ဝဟန္တေ၊ ဉာဏ်က ထက်မြက်၍ အလိုလို ဆောင်သွားသလိုပင် ဖြစ်လတ်သော်။ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု၊ သင်္ခါရတို့က လျင်မြန်စွာ ထင်ပေါ်ကုန်လတ်သော်။ ဥပ္ပါဒံဝါ၊ မှတ်အပ်သောရုပ်နာမ်၏ အစဖြစ်မှု=ဥပါဒ်သို့၎င်း။ ဌိတိံ ဝါ၊ အလယ်ပိုင်း တည်မှု=ဌီသို့၎င်း။ ပဝတ္တံဝါ၊ မပြတ်ဖြစ်သော ရုပ်နာမ် အယဉ်သို့၎င်း။ နိမိတ္တံ ဝါ၊ အကောင်အထည် ပုံသဏ္ဌာန် ဒြဗ်ရှိသလိုပင် ထင်ပေါ်သော သင်္ခါရနိမိတ်သို့၎င်း။ န သမ္ပါပုဏာတိ၊ မရောက်။ (နှလုံးမသွင်းမိ မဆင်ခြင်မိပြီဟု ဆိုလို၏)။ သတိ၊ အမှတ်ရမှု သတိသည်။ ဝါ၊ မှတ်သိမှုဉာဏ်သည်။ ခယ–ဝယ–ဘေဒ–နိရောဓေယေဝ၊ ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်းဟူသော ချုပ်ခြင်း၌သာလျှင်။ သန္တိဋ္ဌတိ၊ ကောင်းစွာ တည်၏။ ။ (အနုပ္ပါဒနိရောဓ မဟုတ်ဟု သိစေရန် ခယ, ဝယ, ဘေဒ, ပုဒ်တို့ဖြင့် နိရောဓ–ပုဒ်ကိုအထူးပြုသည်။ သတိသီသေန ဉာဏ မာဟ–မဟာဋီကာ)။ ။ တဿ၊ ထိုယောဂီအား။ သင်္ခါရဂတံ၊ သင်္ခါရတရားသည်။ ဧဝံ ဥပ္ပဇ္ဇိတွာ၊ ဤသို့ ဖြစ်ပေါ်၍။ ဧဝံ နာမ နိရုဇ္ဈတီ တိ၊ ဤသို့ ချုပ်ပျက် သွားသည် ဟူ၍။ ပဿတော၊ ရှုမြင်စဉ်။ ဧတသ္မိံ ဌာနေ၊ ဤအရာ၌။ ဘင်္ဂါနုပဿနာ နာမ၊ ဘင်္ဂါနုပဿနယ မည်သော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ (ဤပါဠိနှင့်အညီ၊ ဥဒယဗ္ဗယဉာဏ် အဆင့်မှ ဘင်္ဂဉာဏ်အဆင့်သို့ ပြောင်းကူးသွားပုံကို အထူးအလေးပြုအပ်၏)။

ဤဘင်္ဂဉာဏ်ဖြစ်ပုံကို ပဋိသမ္ဘိဒါမဂ်၌ ကျယ်ဝန်းစွာ ဟောတော်မူ၏။ ဤ၌ကား သိသာရုံ အချို့ အနည်းငယ်မျှကိုသာ ထုတ်ဆောင်၍ ပြပါအံ့။

အာရမ္မဏပ္ပဋိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ။ (ပဋိသံ–ပါဠိ ၁)

အာရမ္မဏပ္ပဋိသင်္ခါတိ ယံ ကိဉ္စိ အာရမ္မဏံ ပဋိသင်္ခါယ ဇာနိတွာ၊ ခယတော ဝယတော ဒိသွာတိ အတ္ထော။ ဘင်္ဂါနုပဿနေ ပညာတိတဿ “အာရမ္မဏံ ခယတော ဝယတော ပဋိသင်္ခါယ ဥပ္ပန္နဿ”ဉာဏဿ ဘင်္ဂံ အနုပဿနေ ယာ ပညာ၊ ဣဒံ ဝိပဿနေ ဉာဏံ။ (ဝိသုဒ္ဓိမဂ် ၂–၂၇၈)

ပါဠိတော်၏ အနက်....အာရမ္မဏပ္ပဋိသင်္ခါ၊ တခုခုသောအာရုံကို ကုန်သွားသည် ပျက်သွားသည်ဟု သိမြင်ပြီး၍။ ဘင်္ဂါနုပဿနေ ပညာ၊ သိမြင်သော ထိုဉာဏ်၏ ကုန်ခြင်း ပျက်ခြင်းကို တဖန်သိမြင်ရာ၌ ပညာသည်။ ဝိပဿနေ ဉာဏံ၊ ဘင်္ဂဉာဏ်ဟု ခေါ်သော ဝိပဿနာဉာဏ်မည်၏။

ဝိသုဒ္ဓိမဂ်၏ အနက်....အာရမ္မဏပ္ပဋိသင်္ခါတိ၊ ဟူသည်ကား။ ယံ ကိဉ္စိ အာရမ္မဏံ၊ အမှတ်မရှိ တခုခုသော ရုပ်အာရုံ နာမ်အာရုံကို။ ပဋိသင်္ခါယ ဇာနိတွာ၊ သိပြီး၍။ ခယတော၊ ကုန်သွားသည်ဟု။ ဝယတော၊ ပျက် သွားသည်ဟု။ ဒိသွာ၊ မြင်ပြီး၍။ ဣတိ အတ္ထော၊ ဤကား ပဋိသင်္ခါပုဒ်၏ အနက်တည်း။ ။ ဘင်္ဂါနုပဿနေ ပညာတိ၊ ဟူသည်ကား။ အာရမ္မဏံ ခယတော ဝယတော ပဋိသင်္ခါယ ဥပ္ပန္နဿ၊ အာရုံ တခုခုကို ကုန်သွားသည်, ပျက်သွားသည်ဟု သိမြင်လျက် ဖြစ်ပေါ်ပြီးသော။ တဿ ဉာဏဿ၊ ထိုပဌမ ဉာဏ်၏။ ဘင်္ဂံ၊ ကုန်ခြင်း ပျက်ခြင်းကို။ အနုပဿနေ၊ တဖန်သိမြင်ရာ၌။ ယာ ပညာ၊ အကြင် သိမြင်မှုပညာသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤ အသိအမြင်သည်။ ဝိပဿနေ ဉာဏံ၊ ဝိပဿနာဉာဏ် မည်၏။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌လဲ နည်းတူပင် ဖွင့်၏)။

ရှင်းလင်းချက် .... ဤ ဝိသုဒ္ဓိမဂ်၌ ပဋိသင်္ခါယ ဇာနိတွာ–ဟူသော အဖွင့်ဖြင့်၊ "ပဋိသင်္ခါ–ပုဒ်၌ သိပြီး၍–ဟူသော အနက်ကိုသာ ယူလေ၊ ဆင်ခြင်၍–ဟူသော အနက်ကိုကား မယူလေလင့်"ဟု ဖေါ်ပြ၏။ ခယတော ဝယတော ဒိသွာ တိ အတ္တော–ဟူသော ဒုတိယအဖွင့်ဖြင့် "သိပြီး၍–ဟူရာမှာလဲ ဘင်္ဂဉာဏ်၏ အရာဖြစ်သောကြောင့်၊ သာမန်သိမှုကို မယူရ၊ မှတ်သိမှုဖြင့် 'ကုန်သွားသည်, ပျက်သွားသည်'ဟု မြင်ခြင်းကိုသာ ယူလေ"ဟု ထင်ရှားဖေါ်ပြ၏။

ဤ ပါဠိအဋ္ဌကထာတို့၌ အဓိပ္ပါယ်ကား ... ဘင်္ဂဉာဏ်သို့ ရောက်သော ယောဂီသည် ဖေါင်းမှု ပိန်မှု ထိုင်မှု ရပ်မှု သွားမှု ကွေးမှု ဆန့်မှု မြင်မှု ကြားမှု ကြံမှုစသော ဖြစ်ခိုက် ရုပ် နာမ် အာရုံတခုခုကို "မှတ်ခိုက် မှတ်ခိုက်မှာပင်၊ကုန်သွားသည်, ပျောက် ပျက်သွားသည်"ဟု သိမြင်၏။ ဤသိမြင်မှုကိုလဲ "ကုန်သွားသည်, ပျောက်ပျက်သွားသည်"ဟု တဖန် ဆင့်၍ သိမြင်ပြန်၏။ ဤသို့ အာရုံတခုခု ထင်ပေါ်လာတိုင်း ထိုအာရုံနှင့်, မှတ်သိမှုတို့ကို "ရှေးနောက် ဆင့်လျက် ကုန်ပျက် သွားကြသည်"ဟု သိမြင်သော ဤဉာဏ် ၂–ပါးသည် ဘင်္ဂါနုပဿနာဟု ခေါ်သော ဝိပဿနာဉာဏ် မည်၏ဟု ဆိုလိုသည်။

ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါတဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။ ဝေဒနာရမ္မဏတာ၊ သညာရမ္မဏတာ၊ သင်္ခါရာရမ္မဏတာ၊ ဝိညာဏာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ၊ (ပဋိသံ ပါဠိ ၅၅)

ရူပါရမ္မဏတာ စိတ္တံ၊ ရုပ်ကို အာရုံပြုသော စိတ်သည်။ (ရူပါရမ္မဏံ စိတ္တံ အဖွင့်)။ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ ဖြစ်ပြီး၍ ပျက်၏။ တံ အာရမ္မဏံ၊ ထိုရုပ်အာရုံကို။ ပဋိသင်္ခါ၊ ကုန်သွားသည်, ပျက်သွားသည် ဟု သိမြင်ပြီး၍။ တဿ စိတ္တဿ၊ ကုန်သွားသည်, ပျက်သွားသည်ဟု သိမြင်သော ထိုဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ကုန်ခြင်းပျက်ခြင်းကို။ အနုပဿတိ၊ တဖန် ရှုမြင်ပြန်၏။

(တံ ရူပါရမ္မဏံ ပဋိသင်္ခါယ ဇာနိတွာ၊ ခယတော ဝယတော ဒိသွာ တိ အတ္တော=ထို ရုပ် အာရုံကို သိပြီး၍၊ ကုန်သွားသည်, ပျက်သွားသည် ဟု မြင်ပြီး၍၊ ဤသည်ကား၊ တံ အာရမ္မဏံ ပဋိသင်္ခါ–ဟူသော အပိုဒ်၏ လိုရင်းအနက်ပေတည်း။ ။ ယေန စိတ္တေန တံ ရူပါရမ္မဏံ ခယတော ဝယတော ဒိဋ္ဌံ၊ တဿ စိတ္တဿ အပရေန စိတ္တေန ဘင်္ဂံ အနုပဿတီ တိ အတ္တော= ထိုရုပ်အာရုံကို ကုန်သွားသည်, ပျက်သွားသည် ဟု အကြင် ဝိပဿနာစိတ်ဖြင့် မြင်အပ်ပြီ၊ ထိုဝိပဿနာစိတ်၏ ကုန်ခြင်း ပျက်ခြင်းကို တပါးသော နောက်စိတ်ဖြင့် တဆင့် ရှုမြင်ပြန်၏။ ဤသည်ကား တဿစိတ္တဿဘင်္ဂံအနုပဿတိ–ဟူသော အပိုဒ်၏ လိုရင်းအနက်ပေတည်း။ ။ ဝိသုဒ္ဓိမဂ် အဖွင့်များပင်တည်း။ (၂–၂၇၈)

ဝေဒနာရမ္မဏတာ စိတ္တံ၊ ဝေဒနာကို အာရုံပြုသော စိတ်သည်။ သညာရမ္မဏတာ စိတ္တံ၊ သညာကို အာရုံပြုသောစိတ်သည်။ သင်္ခါရာရမ္မဏတာ စိတ္တံ၊ သင်္ခါရတို့ကို အာရုံပြုသော စိတ်သည်။ ဝိညာဏာရမ္မဏတာ စိတ္တံ၊ ဝိညာဏ်ကို အာရုံပြုသော စိတ်သည်။ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ ဖြစ်ပြီး၍ပျက်၏။ တံ အာရမ္မဏံ ပဋိသင်္ခါ၊ ထို ဝိညာဏ်အာရုံကို ကုန်သွားသည် ပျက်သွားသည်ဟု သိမြင်ပြီး၍။ တဿ စိတ္တဿ၊ သိမြင်သော ထိုဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ကုန်ခြင်း ပျက်ခြင်းကို။ အနုပဿတိ၊ တဖန် ရှုမြင်ပြန်၏။

အဓိပ္ပါယ်ကား ... ဖေါင်းရုပ် ပိန်ရုပ် ထိုင်ရုပ် ကွေးရုပ် ဆန့်ရုပ် မျက်စိ အကြည်ရုပ် အဆင်းရုပ် စသည်တို့ကို ဖြစ်ခိုက်၌ ရှုမှတ်လျက် "ကုန်ဆုံးသွားသည်, ကွယ်ပျောက် ပျက်စီးသွားသည်"ဟု သိမြင်၏၊ ဤသိမြင်မှုသည် ဉာတ မည်သော အာရုံ၏ အပျက်ကို သိသော ပဌမဘင်္ဂဉာဏ် မည်၏။ ဤ သိမြင်မှုကိုလဲ "ကုန်ဆုံးသွားသည်, ကွယ်ပျောက် ပျက်စီး သွားသည်"ဟု အခြားမဲ့၌ပင် တဖန် သိမြင်ပြန်၏။ ဤ တဖန်သိမြင်မှုသည် ဉာဏ မည်သော ပဌမဘင်္ဂဉာဏ်၏ အပျက်ကို တဖန်သိသော ဒုတိယဘင်္ဂဉာဏ် မည်၏။ ဝိပဿနာကိုပင်ထပ်ဆင့်၍ ရှုမြင်မှု ဖြစ်သောကြောင့်၊ ၎င်းဉာဏ်ကို ပဋိဝိပဿနာ ဟူ၍လဲ ခေါ်၏။ ရုပ်အာရုံ ထင်ရှားတိုင်း ဤနည်းချည်းသာတည်း။ ရုပ်၏ အပျက်ကို သိမြင်သော ပဌမဘင်္ဂဉာဏ်ဉ ထိုသိမြင်မှု၏ အပျက်ကို တဖန် သိမြင်သော ဒုတိယဘင်္ဂဉာဏ်, အားဖြင့် ဘင်္ဂဉာဏ် ၂–ဆင့် ၂–ဆင့်ချည်းဖြစ်၏။

နာကျင်မှုစသော ဝေဒနာ ထင်ရှားခိုက်၌၊ နာတယ် စသည်ဖြင့် မှတ်လျက် ထို ဝေဒနာကို "ကုန် ပျက် သွားသည်"ဟု သိမြင်၏၊ ဉာတ=အာရုံ၏ အပျက်ကို သိသော ပဌမဘင်္ဂဉာဏ်ပေတည်း။ ထိုသိမြင်မှုကိုလဲ "ကုန် ပျက် သွားသည်"ဟု အခြားမဲ့မှာပင် တဖန်သိမြင်ပြန်၏၊ ဉာဏ=ပဌမဘင်္ဂဉာဏ်၏ အပျက်ကိုသိသော ဒုတိယဘင်္ဂဉာဏ်, ပဋိဝိပဿနာပေတည်း။ ဤသို့ ဝေဒနာ ထင်ရှားခိုက်၌၊ ဘင်္ဂဉာဏ် ၂–ဆင့်၊ ၂–ဆင့်ဖြစ်၏။ တပါးသော နာမ်တရားတို့ ထင်ရှားခိုက်၌လဲ နည်းတူပင် ဘင်္ဂဉာဏ် ၂–ဆင့်၊ ၂–ဆင့်ချည်း ဖြစ်၏။ ထိုအခါ၌ အာရုံ တခုခု ပေါ်လာတိုင်း ပေါ်လာတိုင်း၊ မှတ်သိရတဲ့ ထိုအာရုံနှင့်, ထို မှတ်သိမှုဟူသော ဤနှစ်မျိုးလုံးပင် ရှေးနောက်ဆင့်လျက် အလွန်လျင်မြန်စွာ ကုန်ဆုံးကွယ်ပျောက်သွားသည်ကို မပြတ်သိမြင်လျက် ရှိလေ၏။ ဤသို့ အာရုံတခုခု၏ အပျက်နှင့်, မှတ်သိမှု ဝိပဿနာစိတ်၏ အပျက်တို့ကို အစဉ်မပြတ် သိမြင်နိုင်လျှင် ဘင်္ဂဉာဏ် ဖြစ်ပြီဟု ယုံကြည်ဆုံးဖြတ်အပ်၏။ ဤအရာ၌ အပျက်–ဟူသည်မှာ ဖွာကျဲလျက် ကစဉ့်ကရဲ ဖြစ်သွားခြင်းကို ဆိုလိုသည်မဟုတ်၊ အမှန်အားဖြင့်သော်ကား ကုန်ဆုံးသွားခြင်း, ကွယ်ပျောက်သွားခြင်းကိုသာ ဆိုလိုသည်ဟု မြဲမြံစွာ မှတ်

သွားပါလေ။ ထို့ကြောင့်ပင် အဋ္ဌကထာ၌ ခယ–ဝယ–ဘေဒ–နိရောဓေယေဝ–ဟူ၍၎င်း၊ ခယတော ဝယတော ဒိသွာ–ဟူ၍၎င်း၊ မိန့်ဆိုတော်မူပေသည်။ လေးနက်စွာ သတိပြုပါ။

ပါဠိတော်၌ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါးစသည်တို့ကိုလဲ စက္ခာရမ္မဏတာ စိတ္တံစသည်ဖြင့် အသီး အသီးထုတ်၍ ကျယ်ဝန်းစွာ ဝေဘန်ဖွင့်ပြ၏၊ အနုပဿတိ–ပုဒ်ကိုလဲ အနုပဿနာ (၇)ပါးတို့ဖြင့် ဖွင့်ပြသေး၏။ ထို အနုပဿနာ (၇)ပါးတို့ကိုကား အခဏ်း(၇)၌ ထင်ရှား ပြပါအံ့။

ဝတ္ထုသင်္ကမနာ စေဝ၊ ပညာယ စ ဝိဝဋ္ဋနာ။
အာဝဇ္ဇနာ ဗလဉ္စေဝ၊ ပဋိသင်္ခါ ဝိပဿနာ။ (ပဋိသံ ၅၆)

ဝတ္ထုသင်္ကမနာ စေဝ၊ မှတ်သိရသောအာရုံ၏ အပျက်မှ၊ မှတ်သိသော ဝိပဿနာစိတ်၏ အပျက်သို့ ပြောင်းရွှေ့လျက် သိမြင်နိုင်ခြင်း၎င်း။ ပညာယ ဝိဝဋ္ဋနာစ၊ မှတ်သိမှု ပညာ၏၊ အဖြစ်မှ ဆုတ်နစ်၍၊ အပျက်၌သာ တည်ခြင်း၎င်း။ အာဝဇ္ဇနာ ဗလဉ္စေဝ၊ အာရုံ တခုခု၏ အပျက်ကို မှတ်သိပြီးသည်၏ အခြားမဲ့၌ပင်လျှင်၊ ထို မှတ်သိမှု စိတ်၏ အပျက်ကို သိမြင်နိုင်ရန်၊ ဖြောင့်မှန်စွာဆင်ခြင်နိုင်သောအာဝဇ္ဇန်းအားစွမ်း၎င်း။ ဧသာ၊ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသော ဉာဏ်သည်။ ပဋိသင်္ခါဝိပဿနာ၊ အာရုံ၏ အပျက်ကို သိမြင်ပြီးလျှင် ဝိပဿနာ၏ အပျက်ကို တဖန် သိမြင်သော ဘင်္ဂဉာဏ် မည်၏။

အာရုံတခုခု၏ အပျက်ကို သိမြင်ပြီးသည်၏ အခြားမဲ့မှာပင်၊ သိမြင်တဲ့ထိုစိတ်၏ အပျက်ကို ပြောင်းရွှေ့၍ သိမြင်ပြန်ခြင်း, အင်္ဂါတပါး။ ဥဒယဗ္ဗယဉာဏ် ဖြစ်စဉ်ကလို ဖြစ်မှုကိုပါ မရှုတော့ဘဲ၊ အပျက် သက်သက်ကိုသာ ရှုမြင်နိုင်ခြင်း, အင်္ဂါ တပါး။ အာရုံတခုခု၏ အပျက်ကိုသိမြင်ပြီးလျှင်၊ သိမြင်တဲ့ ထိုစိတ်၏အပျက်ကို တဖန်သိမြင်နိုင်ရန် အခြားမဲ့မှာပင် တဲ့တဲ့ မတ်မတ် ဆင်ခြင်နိုင်သော (ယောနိသောမနသိကာရ ဟု ခေါ်သော) အာဝဇ္ဇန်း ဖြစ်ပေါ်လာခြင်း, အင်္ဂါတပါး။ ဤအင်္ဂါ သုံးပါးညီလျှင် ဘင်္ဂဉာဏ်ဖြစ်ပြီဟု ဆုံးဖြတ်အပ်၏။ ဤ အင်္ဂါ ၃–ပါးတို့တွင် တတိယ အင်္ဂါနှင့်, ပဌမအင်္ဂါတို့မှာ မှတ်သိမှု တကြိမ်ထည်း၌ ပါဝင်သော ရှေးသွားနှင့် နောက်လိုက်တို့ပေတည်း။ အာဝဇ္ဇန်းက အခြားမဲ့၌ တဲ့တဲ့မတ်မတ် ဆင်ခြင်မိလျှင်၊ သိမှု=ဉာဏ်ကလဲ တဲ့တဲ့မတ်မတ် ပြောင်းရွှေ့၍ သိမြင်တော့သည် သာတည်း။

ဝတ္ထုသင်္ကမနာတိ ရူပါဒီသု ဧကေကဿ ဘင်္ဂံဒိသွာ, ပုန ယေန စိတ္တေန ဘင်္ဂေါဒိဋ္ဌော၊ တဿာပိ ဘင်္ဂဒဿနဝသေန ပုရိမဝတ္ထုတော အညဝတ္ထုသင်္ကမနာ။ ပညာယ စ ဝိဝဋ္ဋနာတိ ဥဒယံ ပဟာယ ဝယေ သဏ္ဌာနာ။ အာဝဇ္ဇနာဗလဉ္စေဝါတိ ရူပါဒီသု ဧကေကဿ ဘင်္ဂံဒိသွာ, ပုန ဘင်္ဂါရမ္မဏဿ စိတ္တဿ ဘင်္ဂဒဿနတ္ထံ အနန္တရမေဝ အာဝဇ္ဇနသမတ္ထတာ။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ၁–၂၄၀)

ဝတ္ထုသင်္ကမနာ တိ၊ ဟူသည်ကား။ ရူပါဒီသု ဧကေကဿ၊ ရုပ်စသည်တို့တွင် တခုခုသောအာရုံ၏။ (ဝိသုဒ္ဓိမဂ်၌ကား ရူပဿ–ဟု ရှိ၏။ ဥပလက္ခဏ, နိဒဿန နည်းတို့ဖြင့် ဆိုသည်ဟု ယူလေ)။ ဘင်္ဂံ ဒိသွာ၊ အပျက်ကို မြင်ပြီး၍။ ယေန စိတ္တေန ဘင်္ဂေါ ဒိဋ္ဌော၊ အကြင် မှတ်မှု စိတ်ဖြင့် အပျက်ကို မြင်အပ်ပြီ။ တဿာပိ၊ ထို မှတ်မှု စိတ်၏လဲ။ ပုန ဘင်္ဂဒဿနဝသေန၊ အပျက်ကို တဖန်မြင်သည့် အလိုအားဖြင့်။ ပုရိမဝတ္ထုတော၊ အာရုံ၏အပျက်ဟူသော ရှေးဝတ္ထုမှ။ အညဝတ္ထုသင်္ကမနာ၊ မှတ်တဲ့စိတ်၏ အပျက်ဟူသော နောက်ဝတ္ထုသို့ ပြောင်းရွှေ့ခြင်းတည်း။ ။ ပညာယ စ ဝိဝဋ္ဋနာတိ၊ ဟူသည်ကား။ ဥဒယံ ပဟာယ၊ ဖြစ်မှုကို ပယ်စွန့်၍။ ဝယေ သဏ္ဌာနာ၊ ပျက်မှု၌သာ တည်ခြင်းတည်း။ (ဖြစ်မှုကို နှလုံးမသွင်းဘဲ ပျက်မှုကိုသာ နှလုံး သွင်း သိမြင်သည်ဟု ဆိုလို၏)။ ။ အာဝဇ္ဇနာဗလဉ္စေဝါတိ၊ ဟူသည်ကား၊ ရူပါဒီသု ဧကေကဿ၊ ရုပ်စသည်တို့တွင် တခုခု သောအာရုံ၏။ (ဝိသုဒ္ဓိမဂ်၌ ရူပဿဟု ရှိသည်မှာ ဥပလက္ခဏ, နိဒဿန, ပင်တည်း)။ ဘင်္ဂံ ဒိသွာ၊ အပျက်ကို မြင်ပြီး၍။ ဘင်္ဂါရမ္မဏဿ စိတ္တဿ၊ အပျက်ကို အာရုံပြုသော မှတ်မှု စိတ်၏။ ပုန ဘင်္ဂဒဿနတ္ထံ၊ အပျက်ကို တဖန် မြင်ခြင်းငှါ။ အနန္တရ မေဝ၊ အာရုံ၏ အပျက်ကို မှတ်သိပြီးသည်၏ အခြားမဲ့၌ ပင်လျှင်။ အာဝဇ္ဇနသမတ္ထတာ၊ ဆင်ခြင်စွမ်းနိုင်ခြင်းပင် တည်း။

အထူး မှတ်ဘွယ် .... အခြားမဲ့၌ပင် ဆင်ခြင်နိုင်သည်ဟူရာ၌ ဘဝင်မခြားဘဲ အာဝဇ္ဇန်းမဖြစ်နိုင်သောကြောင့်, တခြားကို အာရုံ ပြုတဲ့ဝီထိဖြင့် မခြားသည်ကိုသာယူအပ်၏။ ထို့ပြင်, ဝတ္ထုသင်္ကမနာ ဟူသော ပါဠိနှင့်၊ အနန္တရမေဝ ဟူသော အဋ္ဌကထာတို့ကို မှီ၍ "တခုထည်းသော အာရုံကို အကြိမ်များစွာ ထပ်ဆင့်၍ ဝိပဿနာ ရှုရန်မလို၊ အာရုံ တခု တခုကို တကြိမ် တကြိမ်သာ ရှုရန် လိုသည်"ဟူ၍လဲ မြဲမြံစွာ မှတ်သားအပ်၏။ ထို့ပြင်, ဤဘင်္ဂဉာဏ်ဆိုင်ရာ ပါဠိ အဋ္ဌကထာတို့ကို ထောက်၍၊ "တကြိမ် တကြိမ်သော ရုပ်နာမ် အမှုအရာ၌ ပါဝင်သော တရား ဟူသမျှကို အသီးအသီး စေ့ငှအောင် ခွဲခြမ်း ရေတွက်၍ ရှုရန်ကား မလို၊ ထင်ရှားသော တရားတခုခုကိုသာလျှင် ပဓာနပြု၍ ရှုရန်လိုသည်"ဟူ၍၎င်း၊ "တဝီထိအတွင်း၌ ပါဝင်သော ရှေးစိတ် နောက် စိတ်များကိုလဲ အသီးအသီးခွဲခြမ်း၍ ရှုရန်ကားမလို၊ တဝီထိလုံးကိုသာ သိမ်းကျုံး၍ရှုရန် လိုသည်"ဟူ၍၎င်း၊ "အတိတ် အနာဂတ်နှင့် မထင်ရှားသော တရားတို့ကို ရှာကြံမှန်းဆ၍ ရှုအပ်သည်ကားမဟုတ်၊ အထင်အရှား ဆောလောဆယ် ဖြစ်ပျက် သွားသော ရုပ်နာမ်ကို သာလျှင် မျက်မှောက်ရှုအပ်ပေသည်"ဟူ၍၎င်း–ဤ အချက်များကို လေးနက်စွာ မှတ်သားအပ်၏။

အာရမ္မဏ အန္ဝယေန၊ ဥဘော ဧက ဝဝတ္ထနာ။
နိရောဓေ အဓိမုတ္တတာ၊ ဝယလက္ခဏာ ဝိပဿနာ။ ။(ပါဠိ)

အာရမ္မဏ အန္ဝယေန၊ ရှုမှတ်လျက် မျက်မှောက် မြင်အပ်ပြီးသော ပစ္စုပ္ပန်အာရုံသို့ အစဉ်လျောက်၍ နှိုင်းဆသော အနုမာနဉာဏ်ဖြင့်။ ဥဘော၊ မျက်မှောက်မြင်အပ်သော ပစ္စုပ္ပန်အာရုံနှင့်၊ မျက်မှောက် မမြင်အပ်သော အတိတ်အနာဂတ် အာရုံ ဟူသော ၂–မျိုးသောအာရုံတို့ကို။ (ဥဘောတိ ဒိဋ္ဌဒိဋ္ဌဘာဝေန ဒွေပိ အာရမ္မဏာနိ–မဟာဋီကာ)။ ဧကေပဝတ္ထနာ၊ ပျက်ခြင်း ဟူသော တူသော သဘောဖြင့်သာလျှင် ပိုင်းခြားနိုင်ခြင်းငှါ။ ဝါ၊ တခဏချင်း ပျက်တတ်သည်၏ အဖြစ်ဖြင့် သဘောတူကြ ၏ဟု ပိုင်းခြားနိုင်ခြင်းငှါ။ (ခဏဘင်္ဂုရတာယ သမာနာတိ ဝဝတ္ထာပနာ–မဟာဋီကာ)။ နိရောဓေ၊ ချုပ်ခြင်းပျက်ခြင်း၌။ အဓိမုတ္တတာ၊ လေးလေးစားစား နှလုံးသွင်းညွတ်ကိုင်းခြင်းငှါ။ ဧသာ၊ ဤအင်္ဂါ ၂–ပါးနှင့် ပြည့်စုံသောဉာဏ်သည်။ ဝယ လက္ခဏာ ဝိပဿနာ၊ အပျက်လက္ခဏာကို ရှုမြင်သော ဘင်္ဂဝိပဿနာဉာဏ် မည်၏။

အာရမ္မဏ အန္ဝယေန ဥဘော ဧက ဝဝတ္ထနာတိ ပစ္စက္ခတော ဒိဋ္ဌဿ အာရမ္မဏဿ အန္ဝယေန အနုဂမနေန “ယထာ ဣဒံ၊ တထာအတီတေပိ သင်္ခါရဂတံ ဘိဇ္ဇိတ္ထ၊ အနာဂတေပိ ဘိဇ္ဇိဿတီတိ” ဇဝံဥဘိန္နံ ဧကသဘာဝေနေဝ ဝဝတ္ထာပနန္တိ အတ္ထော။ ဝုတ္တမ္ပိ စေတံပေါရာဏေဟိ....

သံဝိဇ္ဇမာနမှိ ဝိသုဒ္ဓ ဒဿနော၊
တဒန္ဝယံ နေတိ အတီတ‌နာဂတေ။
သဗ္ဗေပိ သင်္ခါရဂတာ ပလောကိနော၊
ဥဿာဝဗိန္ဒူ သုရိယေဝ ဥဂ္ဂတေတိ။ (ဝိသုဒ္ဓိမဂ် ၂–၂၈၀)

အာရမ္မဏ –ပေ– ဝဝတ္ထနာဟိ၊ ဟူသည်ကား။ ပစ္စက္ခတော၊ မျက်မှောက်အားဖြင့်။ ဒိဋ္ဌဿ၊ ရှုမှတ် သိမြင်အပ်ပြီး သော။ အာရမ္မဏဿ၊ ပစ္စုပ္ပန်အာရုံသို့။ အန္ဝယေန အနုဂမနေန၊ အစဉ်လိုက်၍ နှိုင်းဆသော အနုမာနဉာဏ်ဖြင့်။ ဣဒံ ယထာ၊ ဤ ပျက်ဆဲ သင်္ခါရကဲ့သို့၊ တထာ၊ ထိုအတူ။ အတီတေပိ၊ အတိတ် ကာလ၌လဲ။ သင်္ခါရဂတံ၊ သင်္ခါရ တရားအပေါင်းသည်။ ဘိဇ္ဇိတ္ထ၊ ပျက်ခဲ့လေပြီ။ အနာဂတေပိ၊ အနာဂတ်ကာလ၌လဲ။ သင်္ခါရဂတံ၊ သင်္ခါရ တရားအပေါင်းသည်။ ဘိဇ္ဇိဿတီ တိ၊ ပျက်လတ့်ံဟူ၍။ ဇဝံ၊ ဤသို့။ ဥဘိန္နံ၊ မျက်မှောက်မြင်အပ်, မျက်မှောက်မမြင်အပ်,သော သင်္ခါရ ၂–မျိုးတို့ကို။ ဧက သဘာဝေနေဝ၊ ပျက်ခြင်းဟူသော တူသောသဘောဖြင့်သာလျှင်။ ဝဝတ္ထာပနံ၊ ပိုင်းခြားခြင်းတည်း။ ဣတိအတ္ထော၊ ဤကားလိုရင်းအနက် တည်း။ စ–သစ္စံ၊ မှန်ပေ၏။ ပေါရာဏေဟိ ပိ၊ ရှေးဆရာတို့သည်လည်း။ သံဝိဇ္ဇမာနမှိ၊ –ပေ– ဥဂ္ဂတေတိ၊ ဥဂ္ဂတေ ဟူသော။ ဇတံ၊ ဤဂါထာကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပေ၏။

ပေါရာဏဂါထာ၏ အနက်ကား ... သံဝိဇ္ဇမာနမှိ၊ ရှိဆဲ ဖြစ်သော ပစ္စုပ္ပန် သင်္ခါရ၌။ ဝါ၊ မျက်မှောက် ရအပ် သိအပ် သော ပစ္စုပ္ပန် သင်္ခါရ၌။ ဝိသုဒ္ဓ ဒဿနော၊ အထူး စင်ကြယ်သော ဘင်္ဂဉာဏ် အမြင်ရှိသော၊ (ပစ္စက္ခတော ဥပလဗ္ဘမာနေ ပစ္စုပ္ပန္နေ။ သုဝိသုဒ္ဓ ဘင်္ဂဒဿနော–ဋီကာဖွင့်များ)။ ယောဂါဝစရော၊ ယောဂီပုဂ္ဂိုလ်သည်။ တဒန္ဝယံ၊ ပစ္စုပ္ပန် သင်္ခါရ၏ အပျက်ကိုမြင်သော ထိုပစ္စက္ခဉာဏ်သို့ အစဉ်လိုက်၍ဖြစ်သော အနုမာနဉာဏ်ကို။ အတီတ‌နာဂတေ၊ အတိတ်သင်္ခါရ,အနာဂတ် သင်္ခါရ တရားအပေါင်း၌။ နေတိ၊ ဆောင်၏၊ ဖြစ်စေ၏။ ။(တဿ ပစ္စုပ္ပန္နသင်္ခါရ ဘင်္ဂဒဿိနော ဉာဏဿ အန္ဝယံ အနုဂတဘူတံဉာဏံပဝတ္တေတိ–ဋီကာဖွင့်) ကထံ၊ အဘယ်သို့ ဖြစ်စေသနည်း?ဟူမူ။ သူရိယေ ဥဂ္ဂတေ၊ နေထွက်လတ်သော်။ ဥဿာဝဗိန္ဒူ၊ နှင်းပေါက်တို့သည်။ ပလောကိနော ဣဝ၊ သွေ့ခြောက် ပျောက်ပျက် ကုန်သကဲ့သို့။ သဗ္ဗေပိ၊ အတိတ် အနာဂတ်ပစ္စုပ္ပန်အားဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော။ သင်္ခါရဂတာ၊ သင်္ခါရတရားတို့သည်။ ပလောကိနော၊ ပျောက်ကွယ် ပျက်စီးခြင်း သဘောရှိကုန်၏။ ဣတိ၊ ဤသို့ အနုမာနဉာဏ်ကို ဖြစ်စေ၏။

အထူး မှတ်ဘွယ် ... ဤ ပါဠိ အဋ္ဌကထာ ဋီကာတို့ကိုထောက်၍၊ “ဝိပဿနာယောဂီသည် အတိတ်အနာဂတ်တရားတို့ကို အစ ပြု၍မရှုအပ်၊ လောလောဆယ် ဖြစ်ပျက်ဆဲ ပစ္စုပ္ပန်တရားကိုသာလျှင် အစပြု၍ရှုအပ်၏၊ ပစ္စုပ္ပန်တရားကို သန့်ရှင်းစင်ကြယ်စွာ မျက်မှောက် သိမြင်ပြီးသောအခါ၌၊ ဉာဏ်သက်ဝင်သဘောကျသည် အားလျော်စွာ အတိတ် အနာဂတ် တရားတို့ကို ဆင်ခြင် ဆုံးဖြတ်သော အနုမာနဉာဏ်သည် တရားသဘော အတိုင်းအလိုလိုပင် ဖြစ်ပေါ်၏၊ ဤသို့ အလိုလိုဖြစ်ပေါ်လာသော အနုမာန ဉာဏ်သာလျှင် အတိတ် အနာဂတ် တရားအရာ၌ လိုသည်။ ထိုအတိတ် အနာဂတ် တရားတို့ကို တမင်ရာကြံ၍ဖြစ်စေ, တမင် ကြောင့်ကြစိုက်၍ ဖြစ်စေ, ရှု ဆင်ခြင် နေရန်ကား မလိုပြီ”ဟူသော ဤအနက်ကိုလဲ မြဲမြံစွာ မှတ်သားအပ်၏။

ဘင်္ဂဉာဏ် ထက်သန်စွာ ဖြစ်လျက်ရှိသော ပုဂ္ဂိုလ်သည်၊ “အိုးကင်းထဲ၌ ထည့်၍ လှော်အပ်သော နှမ်းစေ့တို့၏ ဖျက်ဖျက် ဖျက်ဖျက်မြည်လျက် ပေါက်ကွဲခြင်းကဲ့သို့” မှတ်အပ်သော အာရုံသင်္ခါရနှင့် မှတ်သိမှု ဝိပဿနာ သင်္ခါရတို့၏ ရှေ့ဆင့် နောက်ဆင့်လိုက်၍ တကုန်ထဲ ကုန်နေခြင်း, တပျက်ထဲ ပျက်နေခြင်းကို သာလျှင် စောင့်ပြီး ကြည့်နေရသလိုပင် မပြတ်တွေ့မြင်လျက် ရှိလေ၏။ သည်းထန်စွာရွာသော မိုးရေပေါက်များကြောင့် ရေပြင်ပေါ်၌ ဖြစ်ပေါ်ကြသော ရေပွက်ကလေး

များသည် လျင်မြန်စွာ ပျက်၍ ပျက်၍ သွားကြသလိုပင် အာရုံသင်္ခါရနှင့်, မှတ်သိမှု သင်္ခါရတို့ကိုလဲ ရှေးနောက်ဆင့်လျက် လျင်မြန်စွာ ပျက်၍ ပျက်၍ သွားကြသည်ကိုသာ မပြတ် တွေ့မြင်လျက် ရှိလေ၏။ ရိပ်ရိပ် ရိပ်ရိပ်နဲ့ လျင်မြန်စွာ လှုပ်ရှား ပျက်စီးသော တံလျှပ်ကဲ့သို့ ရိပ်ကနဲ ရိပ်ကနဲ လျင်မြန်စွာ ပျောက်ကွယ် သွားကြသည်ကိုသာ မပြတ် တွေ့မြင်လျက် ရှိလေ၏။ ဤသို့ မြင်သော ယောဂီကို ရည်၍ အောက်ပါ ဓမ္မပဒ ဂါထာကို ဟောတော်မူသည်ဟု ဝိသုဒ္ဓိမဂ်၌ မိန့်ဆို၏။

> ယထာ ပုပ္ဖုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
> ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ပုပ္ဖုဠကံ၊ ရေပွက်ကို။ ပဿေ ယထာ၊ လျင်စွာ ပျက်၍ ပျက်၍ သွားသည်ဟု တွေ့မြင်ရသကဲ့သို့ငှင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ လျင်စွာ ပျက်၍ ပျက်၍ သွားသည်ဟု တွေ့မြင်ရသကဲ့သို့ငှင်း။ ဧဝံ၊ ဤအတူ။ လောကံ၊ ခန္ဓာငါးပါးဟူသော လောကကို။ အဝေက္ခန္တံ၊ လျင်စွာ ပျက်၍ ပျက်၍ သွားသည်ဟု သိမြင်သော သူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မတွေ့ မမြင်နိုင်။

ပျက်သွားသည်ဟု ဘင်္ဂဉာဏ်ဖြင့်သိမြင်အပ်ပြီးသော အာရုံတိုင်း အာရုံတိုင်းနှင့်စပ်လျဉ်း၍၊ အဝိဇ္ဇာ, တဏှာ,ဥပါဒါန်, ကံ, ဘဝသစ် ခန္ဓာ, တို့ မဖြစ်ထိုက်ကုန်ပြီ။ ထို့ကြောင့်, မဖြစ်ထိုက်သော ထိုဘဝသစ် ခန္ဓာတို့အတွက် အသေ ငြိမ်းသည်ကို ငှင်း။ အပျက်ကို မြင်သော ဘင်္ဂဉာဏ် စသည်ဖြင့် အစဉ်အတိုင်း ရှုမြင်၍ အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ ဘဝသစ်နှင့် ဆိုင်သော သေမှု လုံးဝကင်းငြိမ်းသည်ကိုငှင်း ရည်ရွယ်၍ "သေမင်းက မမြင်နိုင်"ဟု ဟောတော်မူပေသည်။

## ဘင်္ဂဉာဏ် ပြီး၏။

## ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ်

ဘင်္ဂဉာဏ်ခေါင်ထိပ်သို့ ရောက်၍ "ရှေးက ရုပ်နာမ်များလဲ ချုပ်ပျက် သွားကြလေပြီ၊ ယခုလဲ ချုပ်ကြဆဲပင်၊ နောင်လဲ သည်လိုပင် ချုပ်ပျက် နေကြမှာဘဲ"ဟု ကောင်းကောင်း သဘောကျသောအခါ၌၊ ရုပ်နာမ် သင်္ခါရတို့ကို 'ကြောက်စရာကောင်း သည်, ဟု သိမြင်လျက် ဘယဉာဏ် ဖြစ်ပေါ်၏။

တဿ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တနက သင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိဿန္တီတိ ပဿတော ဧတသ္မိံဌာနေ ဘယတုပဋ္ဌာနဉာဏံ နာမ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိမဂ်) ၂–၂၈၂

တဿ၊ ဘင်္ဂဉာဏ် ခေါင်ထိပ်သို့ ရောက်သော ထိုယောဂီအား။ အတီတာ သင်္ခါရာ၊ အတိတ် သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျက်လေကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ပျက်ကုန်ဆဲ။ အနာဂတေ နိဗ္ဗတ္တနကသင်္ခါရာပိ၊ နောင်အခါ၌ ဖြစ်မည့်သင်္ခါရတို့သည်လည်း။ ဧဝမေဝ၊ ဤနည်းတူပင်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ပျက်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ပဿတော၊ မြင်လတ်သော်။ ဧတသ္မိံ ဌာနေ၊ ဤအရာ၌။ ဘယတုပဋ္ဌာနဉာဏံ နာမ၊ ကြောက်စရာဟု ထင်မြင်သော ဘယဉာဏ်မည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။

ထိုအခါ၌၊ မှတ်တိုင်း မှတ်တိုင်းလဲ ပျက်၍ ပျက်၍ သွားသော သင်္ခါရတို့၌ ကြောက်သော အခြင်းအရာနှင့်တကွ အသိဉာဏ်ဖြစ်၏၊ ဆင်ခြင်မိသော အာရုံတို့၌လဲ ကြောက်စရာကောင်းသည်ဟု ထင်မြင်လျက် အသိဉာဏ်ဖြစ်၏။ ထို့ကြောင့်, မှတ်တဲ့စိတ်သည် ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ် ဖြစ်စဉ်ကကဲ့သို့၊ ကြည်သာ ရွှင်ပျ တက်ကြွခြင်းမရှိမူ၍ အားငယ်သလိုပင် ဖြစ်တတ်၏။ သို့သော်လဲ, ရန်သူများ တစ္ဆေသူရဲများကို ကြောက်သလို စိတ်နှလုံးမသာ ဖြစ်လျက် ကြောက်ခြင်းမျိုးကား မဟုတ်ပေ၊ ကြောက်စရာကောင်းသည်ကို အမှန်အတိုင်း သိရ၍ မရွှင်မပျ ဖြစ်ရုံမျှသာတည်း။

ဘယတုပဋ္ဌာနဉာဏံ ပန ဘာယတိ န ဘာယတီတိ၊ န ဘာယတိ၊ တဥှိ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတာ နိရုဇ္ဈိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။ (ဝိသုဒ္ဓိမဂ် ၂–၂၈၃)

ဘယတုပဋ္ဌာနဉာဏံ၊ ဘယဉာဏ်သည်။ ဘာယတိ န ဘာယတီတိ၊ ကြောက်တတ်သလား, မကြောက်တတ်ဘူးလား ဟူမူ။ န ဘာယတိ၊ တကယ် ကြောက်တတ်သည်ကား မဟုတ်ဟု ဖြေအပ်၏။ ဟိ၊ မှန်ပေ၏။ တံ၊ ထို ဘယဉာဏ်သည်။ အတီတာ–ပေ–နိရုဇ္ဈိဿန္တီတိ၊ အတိတ်သင်္ခါရတို့ ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့ ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့ ချုပ်ကုန် လတ္တံ့ဟူ၍။ တီရဏမတ္တမေဝ၊ ဆင်ခြင် ဆုံးဖြတ်ရုံမျှ သာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။

ဤဘယညာဏ် ရင့်သန်လျှင်၊ အာဒီနဝညာဏ် ဖြစ်ပေါ်၏။ ထိုအခါမှာ မှတ်မိတဲ့သင်္ခါရတို့၌၎င်း၊ ဆင်ခြင်မိတဲ့ သင်္ခါရဘုံ ဘဝတို့၌၎င်း၊ သာယာဘွယ် အကောင်းအမွန် အနှစ်အရသာ ရှိသည် ဟု မထင်မြင်ပြီ၊ မှတ်မိတိုင်း ဆင်ခြင်မိတိုင်း ရွံမုန်းဘွယ်တို့ကိုသာ တွေ့နေရသည်ဟု ထင်မြင်၏။ မကောင်းတာတွေ ရုန့်ရင်း ကြမ်းတန်းတာတွေကိုသာ တွေ့နေရသည်ဟု ထင်မြင်၏။ အောက်ပါမှာ ဘယ, အာဒီနဝညာဏ် ဖြစ်ပုံကို ပြသော ပဋိသမ္ဘိဒါမဂ်ပေတည်း။ (၅၆)

ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ ဘယန္တိ၊ နိမိတ္တံ ဘယန္တိ၊ အာယူဟနာ ဘယန္တိ၊ ပဋိသန္ဓိဘယန္တိ၊ ဂတိ၊ နိဗ္ဗတ္တိ၊ ဥပပတ္တိ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏံ၊ သောကော၊ ပရိဒေဝေါ၊ ဥပါယာသော ဘယန္တိ ဘယတုပဋ္ဌာနေ ပညာအာဒီနဝေ ဉာဏံ။ (ပဌမဝါရ)။

ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ–ပေ–ဥပါယာသော ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။ (ဒုတိယ ဝါရ)။

ဥပ္ပါဒေါ သာမိသန္တိ –ပေ– ဥပါယာသော သာမိသန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ (တတိယ ဝါရ)။

ဥပ္ပါဒေါ သင်္ခါရာတိ –ပေ– ဥပါယာသော သင်္ခါရာတိ ဘယတု ပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။ (စတုတ္ထ ဝါရ)။

ဥပ္ပါဒေါ၊ ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည်။ ဘယန္တိ၊ ကြောက်စရာကောင်းသည်ဟု။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေး ဟုထင်သော သိမှု=ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝညာဏ်မည်၏။ (ပဝတ္တံ–စသော နောက်ပုဒ်တို့၌လဲ ပါဠိအနက် အပြည့်အစုံကိုနည်းတူပင်ချဲ့၍ သိပါလေ)။ ။ ပဝတ္တံ၊ မကုန်ဆုံးနိုင်အောင် မပြတ် ဖြစ်နေခြင်းသည်။ ဘယန္တိ၊ ကြောက်စရာကောင်းသည်ဟု။ (အဟောင်း အဟောင်း ချုပ်ပျောက် သွားသော်လဲ အသစ် အသစ် ဖြစ်ပေါ်လျက်ရှိသောကြောင့် မှတ်တိုင်းမှတ်တိုင်း မပြတ်ထင်ပေါ်လျက်ရှိသော ရုပ်နာမ်အစဉ်ကို ကြောက်စရာဟု ထင်မြင်သည်)။ ။ နိမိတ္တံ၊ အကောင်အထည် ဒြဗ် မရှိပါဘဲလျက်၊ အကောင်အထည် ဒြဗ် ရှိသလိုပင် ထင်ပေါ်လျက်ရှိသော၊ ဖေါင်းမှု ပိန်မှု ထိုင်မှု ကွေးမှု ဆန့်မှု မြင်မှု ကြားမှု စသော သင်္ခါရနိမိတ်သည်။ (နိမိတ္တန္တိသဗ္ဗမ္ပိ သင်္ခါရနိမိတ္တံ–အဋ္ဌကထာ။ ။ သင်္ခါရနိမိတ္တန္တိ သင်္ခါရာနံ သမူဟာဒိဃန ဝသေန သကိစ္စပရိစ္ဆေဒတာယ စ သ–ဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ–ဋီကာ)။ ။ အာယူဟနာ၊ ချမ်းသာ ကောင်းစားရန် ရည်သန်၍ အားထုတ်မှု ဟူသော ကုသိုလ်ကံ, အကုသိုလ်ကံသည်။ ပဋိသန္ဓိ၊ နောင်တဖန် ဖြစ်ရခြင်းသည်။ ဂတိ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်, အဖြစ်ဟူသော လားရာဂတိသည်။ နိဗ္ဗတ္တိ၊ ရှေးဦးစွာ ဖြစ်ပေါ်ခြင်းသည်။ ဥပပတ္တိ၊ ကပ်ရောက်အပ်သောဘဝသည်။ ဇာတိ၊ ဖြစ်ခြင်းသည်။ ဇရာ၊ အိုခြင်းသည်၊ ဗျာဓိ၊ မကျန်းမမာ နာဖျားခြင်းသည်။ မရဏံ၊ သေခြင်းသည်။ သောကော၊ စိုးရိမ် ပူဆွေးခြင်းသည်။ ပရိဒေဝေါ၊ ငိုကြွေးခြင်းသည်။ ဥပါယာသော၊ ပြင်းစွာ ပူပန်ခြင်းသည်။ ဘယန္တိ၊ ကြောက်စရာကောင်းသည်ဟု။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေးဟုထင်သော သိမှု=ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝညာဏ်မည်၏။ (ပဌမ ဝါရ၌ အနက် ပြီး၏)။

ဥပ္ပါဒေါ၊ ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည်။ ဒုက္ခန္တိ၊ ဆင်းရဲပင်တည်း ဟူ၍။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေး ဟု ထင်သော သိမှု=ပညာသည်။ အာဒီနဝေဉာဏံ၊ အာဒီနဝညာဏ် မည်၏။ (ကြွင်းသော ပါဠိ အနက်ကို ပဌမ ဝါရ၌ကဲ့သို့ ချဲ့လေ။ ဒုတိယ ဝါရပြီး၏)။

ဥပ္ပါဒေါ၊ ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည်။ သာမိသန္တိ၊ ဝဋ်ဆင်းရဲ, ကာမဂုဏ်, ကိလေသာ, ဟူသော အစာနှင့် ရောနှောနေသည်ဟူ၍။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေး ဟု ထင်သော သိမှု=ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝညာဏ် မည်၏။

(နွေဥတု၌၊ မီးလောင်စာများနှင့် ရောယှက်နေသောအိမ်ကို မီးလောင်မည်မှ စိုးရိမ်ရသကဲ့သို့၊ ကိလေသာမီး၏ အစာဖြစ်သော ဝဋ်ဆင်းရဲ ကာမဂုဏ်တို့နှင့် တကွဖြစ်သောကြောင့် စိုးရိမ် ကြောက်ရွံ့ဘွယ်ကောင်းသည် ဟူ၍၎င်း၊ ထမင်း ဟင်း အစာလူးလဲသော လက်ကဲ့သို့၊ လူလဲ ညစ်ပေစေတတ်သော ကိလေသာအစာနှင့်တကွ ဖြစ်သောကြောင့် စက်ဆုပ်ဖွယ် ရွံ့ဘွယ်ကောင်းသည်ဟူ၍၎င်း၊ ထင်မြင်သည်ဟူလို။ ကြွင်းသော ပါဠိအနက်ကို ပဌမ ဝါရနည်းတူပင် သိလေ။ တတိယ ဝါရ ပြီး၏)။

ဥပ္ပါဒေါ၊ ယခုဘဝ၌ စ၍ ဖြစ်ခဲ့ခြင်းသည်။ သင်္ခါရာတိ၊ မငြိမ်းအေးတဲ့ သင်္ခါရတို့ဟူ၍။ ဘယတုပဋ္ဌာနေ ပညာ၊ ကြောက်ဖွယ်ဘေးဟု ထင်သော သိမှု=ပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝညာဏ်မည်၏။ (ကြွင်းသော ပါဠိ အနက်ကို ပဌမ ဝါရ နည်းတူပင် သိလေ။ စတုတ္ထဝါရ ပြီး၏)။

အဓိပ္ပါယ်ကား ... မှတ်သိရတဲ့ ရုပ်နာမ်နှင့်, မှတ်သိမှု ဝိပဿနာတို့၏ တပျက်ထဲ ပျက်နေခြင်းကိုသာ မျက်မှောက်တွေ့မြင်ရ၍ 'ကြောက်စရာတွေချည်းဘဲ'ဟု သဘောကျပြီးသော သူသည် "ထိုရုပ်နာမ်တို့၏အစ ဖြစ်ပေါ်ခဲ့ရင်းဖြစ်သော ယခုဘဝ ပဋိသန္ဓေ

ကို ဆင်ခြင်မိလျှင်” ထိုအစဖြစ်ပေါ်မှုကိုလဲ ‘ကြောက်စရာကောင်းသည်’ဟူ၍သာ ထင်မြင်၏။ ဤသို့ထင်မြင်သော အသိဉာဏ်သည် ဘယဉာဏ်, အာဒီနဝဉာဏ်မည်၏။ ဤသို့သောနည်းဖြင့် ဉာဏ်ဖြစ်ပုံကို သိအပ်၏။ အထူးကား ပဝတ္တ နိမိတ္တတို့၌ သီးခြား မဆင်ခြင်ရဘဲ၊ မှတ်ရုံမျှဖြင့်သော်လဲ ကြောက်စရာကောင်းသည်ဟု ထင်မြင်နိုင်သေး၏။

ဥပ္ပါဒ အစ, ဥပါယာသ အဆုံး, ရှိသော ၁၅–ပုဒ်တို့တွင် ဥပ္ပါဒ၊ ပဝတ္တ၊ နိမိတ္တ၊ အာယူဟနာ၊ ပဋိသန္ဓိ ဟူသော ဤငါးပုဒ်သည် သာလျှင်၊ ဘယ, အာဒီနဝဉာဏ်တို့၏ဖြစ်ရာ လိုရင်းအာရုံပြစကားတည်း။ ဂတိစသော ၁၀–ပုဒ်တို့ကိုကား ပါဠိဝေါဟာရမျှဖြင့် ထူးသောကြောင့်၎င်း၊ ဉာဏ်ကျယ်သောသူအား ထိုဝေါဟာရ အထူးတို့ဖြင့်လဲ ဆင်ခြင်လျက် ဖြစ်တတ်သောကြောင့်၎င်း၊ အပိုထပ်မံ၍ ပြတော်မူပေသည်။ ထို ၁၀–ပုဒ်တို့တွင် နိဗ္ဗတ္တိ, ဇာတိ, ဤ ၂–ပုဒ်တို့သည် ဥပ္ပါဒ, ပဋိသန္ဓိ, ဤ ၂–ပုဒ်လုံးနှင့် အရ တူကုန်၏။ ဂတိ, ဥပပတ္တိ, ဤ ၂–ပုဒ်တို့သည် ပဝတ္တ–ပုဒ်နှင့် အရ တူကုန်၏။ ဇရာစသော ၆–ပုဒ်တို့သည် နိမိတ္တ၌ အတွင်းဝင်ကုန်၏။ ထို့ကြောင့် ဥပ္ပါဒ စသောငါးပုဒ် အရ ထင်မြင်လျှင်ပင် ပြည့်စုံပြီဟု မှတ်အပ်၏။

တတ္ထ ဘယာကာရေန ပဝတ္တံ ဉာဏံ ဘယတုပဋ္ဌာနဉာဏံ၊ ဣတရာကာရဝသေန ပဝတ္တံ အာဒီနဝဉာဏန္တိ ဒဋ္ဌဗ္ဗံ။ (မဟာဋီ ၂–၄၅၁)

တတ္ထ၊ ထိုဘယာကာရ စသည်တို့တွင်။ ဘယာကာရေန၊ ကြောက်ဖွယ်ဟု ထင်မြင်သော အခြင်းအရာအားဖြင့်။ပဝတ္တံ ဉာဏံ၊ ဖြစ်သော ဉာဏ်သည်။ ဘယတုပဋ္ဌာနဉာဏံ၊ ဘယဉာဏ် မည်၏။ ဣတရာကာရ ရဝသေန၊ ဤမှ တပါးသော ဒုက္ခ, သာမိသ, သင်္ခါရ, ဟု ထင်မြင်သော အခြင်းအရာတို့၏ အလိုအားဖြင့်။ ပဝတ္တံ ဉာဏံ၊ ဖြစ်သောဉာဏ်သည်။ အာဒီနဝဉာဏံ၊ အာဒီနဝဉာဏ် မည်၏။ ဣတိ ဒဋ္ဌဗ္ဗံ၊ ဤသို့ မှတ်အပ်၏။

ဤဋီကာနှင့်အညီ ပါဠိလေးဝါရတို့တွင် ဘယန္တိဟူသော ပုဒ်နှင့်တကွသော ပဌမဝါရဖြင့် ဘယဉာဏ်ဖြစ်ပုံကိုပြသည်။ ကျန်သုံးဝါရဖြင့် အာဒီနဝဉာဏ် ဖြစ်ပုံကို ပြသည်ဟု ခွဲခြား၍ ယူအပ်၏။

ဥပ္ပါဒ စသည်တို့ကို ဘယ, ဒုက္ခ, သာမိသ, သင်္ခါရ, ဟု ထင်မြင်သော ယောဂီအား “ရှေးဦးစွာ ဖြစ်ပေါ်မှု ကင်းခြင်း, မပြတ် ဖြစ်မှု ကင်းခြင်း, သင်္ခါရနိမိတ် ကင်းခြင်း, အားထုတ်မှု=ကံမရှိခြင်း, တဖန် မဖြစ်ရခြင်း, တို့က ဘေးကင်းပေသည်၊ ချမ်းသာကောင်းမွန်ပေသည်၊ ဝဋ်ဆင်းရဲ, ကာမဂုဏ်, ကိလေသာ, ဟူသောအစာမှ ကင်းလွတ်ပေသည်။ ငြိမ်းအေးပေသည်”ဟု နိဗ္ဗာန်ကို မှန်းဆလျက် ပြောင်းပြန်အားဖြင့် ဆင်ခြင်သော အသိဉာဏ်လဲ ဖြစ်ပေါ်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်၌....

အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ–စသည်ဖြင့်၎င်း၊<br>
အနုပ္ပါဒေါ သုခန္တိ သန္တိပဒေ ဉာဏံ–စသည်ဖြင့်၎င်း၊<br>
အနုပ္ပါဒေါ နိရာမိသန္တိ သန္တိပဒေ ဉာဏံ–စသည်ဖြင့်၎င်း၊<br>
အနုပ္ပါဒေါ နိဗ္ဗာနန္တိ သန္တိပဒေ ဉာဏံ စသည်ဖြင့်၎င်း၊

သန္တိပဒဉာဏ် လေးဝါရတို့ကိုလဲ ဆက်၍ ဟောတော်မူပေသည်။ ဤလေးဝါရတို့ဖြင့် ပြအပ်သော သန္တိပဒဉာဏ်သည်ကား ဘယ, အာဒီနပဉာဏ် မဟုတ်ပေ၊ ၎င်းဉာဏ်တို့မှ ဆက်လက်၍ တရားသဘောအတိုင်း ဖြစ်ပေါ်သော အာနိသံသဉာဏ်မျှသာတည်း။

အာဒီနဝဉာဏ် ရင့်သန်လျှင်၊ နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်၏။ ထိုအခါ၌ အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်ပြီးသည်အားလျော်စွာ မှတ်တိုင်း မှတ်တိုင်းလဲ ပျင်းရိ ငြီးငွေ့ဘွယ်ဟူ၍သာ ထင်မြင်၏။ စဉ်းစားဆင်ခြင်ကြည့်လျှင်လဲ၊ ပျင်းရိငြီးငွေ့ဘွယ် ဟူ၍သာထင်မြင်၏။ အယုတ်ဆုံးအားဖြင့် ကြံစည် စိတ်ကူးနေရသည်ကိုပင် ပျင်းရိ ငြီးငွေ့ဘွယ်ဟု ထင်မြင်တတ်၏။ ဤဉာဏ်ဖြစ်ပုံကို ဓမ္မပဒ၌ ဤသို့ ဟောတော်မူ၏။

သဗ္ဗေ သင်္ခါရာ အနိစ္စာ တိ၊ ယဒါ ပညာယ ပဿတိ။<br>
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ တိ၊ ယဒါ ပညာယ ပဿတိ။<br>
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ ဓမ္မာ အနတ္တာ တိ၊ ယဒါ ပညာယ ပဿတိ။<br>
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ၊ အလုံးစုံသော ရုပ် နာမ် သင်္ခါရတို့သည်။ အနိစ္စာတိ၊ မမြဲကုန်ဟူ၍။ ယဒါ၊ ဘင်္ဂဉာဏ် ခေါင်ထိပ်သို့ ရောက်သော အကြင်အခါ၌။ ပညာယ၊ ပစ္စက္ခဉာဏ်မှ အစဉ်လျှောက်၍ ဖြစ်သော အန္ဝယဝိပဿနာ ဉာဏ် ပညာဖြင့်။ ပဿတိ၊ မြင်၏။ အထ၊ ထိုသို့မြင်သော အခါ၌။ ။(မဟာဋီကာ အလိုအားဖြင့်ကား … ယဒါ၊ အကြင်အခါ၌၊ ပညာယ၊ သမ္မသန ဉာဏ်ပညာဖြင့်။ ပဿတိ–သမ္မသတိ၊ ရှုမြင် သုံးသပ်၏၊ အထ–ပစ္ဆာ၊ သုံးသပ်ပြီး၍ ဥဒယဗ္ဗယဉာဏ်စသည်တို့ ဖြစ်သည်မှ နောက်ကာလ၌။ ဤသို့ အနက်ပြန်လေ)။ ။ဒုက္ခေ၊ ဘယဉာဏ် အာဒီနဝဉာဏ်တို့ဖြင့်၊ ဘေးဟု ထင်မြင်အပ်ပြီး, အပြစ်မြင်အပ်ပြီးသော ရုပ်နာမ် ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ မပျော်မမွေ့ ငြီးငွေ့လေ၏။ ဧသ၊ ဤငြီးငွေ့သော ဉာဏ်သည်။ဝိသုဒ္ဓိယာ၊ ကိလေသာ အညစ်အကြေးမှ စင်ကြယ်ခြင်း၏။ (ဝိသုဒ္ဓတ္ထာယ ဝေါဒါနတ္ထာယ–အဋ္ဌကထာဘွင့်)။ မဂ္ဂေါ၊ အကြောင်းပေတည်း။

သဗ္ဗေ သင်္ခါရာ၊ အလုံးစုံသော ရုပ်နာမ် သင်္ခါရတို့သည်။ ဒုက္ခာတိ၊ ဆင်းရဲတို့တည်း, မကောင်းကုန် ဟူ၍။ (အကြွင်း ပဌမဂါထာနှင့် တူပြီ)။

သဗ္ဗေ ဓမ္မာ၊ အလုံးစုံသော ရုပ်နာမ် သဘောတရားတို့သည်။ အနတ္တာ တိ၊ အစိုးပိုင်သော ငါကောင် မဟုတ်ကုန်, ငါကောင်မရှိကုန် ဟူ၍။ (အကြွင်း ပဌမဂါထာနှင့် တူပြီ)။

ဘယ, အာဒီနဝ, နိဗ္ဗိဒါ, ဟူသော ဤဉာဏ် သုံးမျိုးသည် အနု, အလတ်, အရင့်စား, အားဖြင့်သာလျှင် ၃–ပါး ကွဲပြားသည်၊ သင်္ခါရတို့၏ အပြစ်ကို ထင်ရှားသိမြင်သော သဘောလက္ခဏာအားဖြင့်ကား တမျိုးတည်းသော ဉာဏ်သာ တည်း။ ထို့ကြောင့်ပင် အချို့သောသူအား ဘယဉာဏ်ဖြစ်ပေါ်လျှင် မကြာမီ တခဏအတွင်းမှာသော်လဲ အာဒီနဝ, နိဗ္ဗိဒါဉာဏ် များ ဆက်လက်၍ ဖြစ်ပေါ်တတ်ပေသည်။ ထို့ပြင်, အထက်ဉာဏ်သို့ လျင်မြန်စွာ တက်သွားသော အချို့ပုဂ္ဂိုလ်အား ဘယ အာဒီနဝ နိဗ္ဗိန္ဒ အခြင်းအရာတို့တွင် တပါး နှစ်ပါးမျှသာ ထင်ရှားသည်လဲ ရှိပေသည်။

တေနာဟု ပေါရာဏာ ဘယတုပဋ္ဌာနံ ဧကမေဝ တီဏိ နာမာနိ လဘိ၊ သဗ္ဗသင်္ခါရေ ဘယတော အဒ္ဒသာတိ ဘယတုပဋ္ဌာနံ နာမဇာတံ။ တေသု ယေဝ သင်္ခါရေသု အာဒီနဝံ ဥပ္ပါဒေသီတိ အာဒီနဝါ နုပဿနာ နာမ ဇာတံ၊ တေသု ယေဝ သင်္ခါရေသု နိဗ္ဗိန္ဒမာနံ ဥပ္ပန္နတ္တိ နိဗ္ဗိဒါနုပဿနာ နာမ ဇာတန္တိ။ ပါဠိယမ္ပိ ဝုတ္တံ၊ ယာ စ ဘယတုပဋ္ဌာနေ ပညာ, ယဉ္စ အာဒီနဝေ ဉာဏံ, ယာ စ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနန္တိ။ (ဝိသုဒ္ဓိမဂ် ၂–၂၈၈)

တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။ ဘယတုပဋ္ဌာနံ ဧကမေဝ၊ ဘယဉာဏ် တခုထည်းကပင်လျှင်။ တီဏိ နာမာနိ၊ အမည် သုံးမျိုးတို့ကို။ လဘိ၊ ရလေပြီ။ သဗ္ဗသင်္ခါရေ။ အလုံးစုံသော သင်္ခါရတို့ကို။ ဘယတော အဒ္ဒသ၊ ကြောက်ဖွယ်ဟုမြင်ပြီ။ ဣတိ၊ ဤအကြောင်းကြောင့်။ ဘယတုပဋ္ဌာနံ နာမ ဇာတံ၊ ဘယဉာဏ် မည်သည် ဖြစ်လေ၏။ တေသု ယေဝ သင်္ခါရေသု၊ ကြောက်ဖွယ်ဟု မြင်အပ်ပြီးသော ထိုသင်္ခါရတို့၌ပင်လျှင်။ အာဒီနဝံ၊ အပြစ်ကို။ ဥပ္ပါဒေသိ၊ ထင်ရှားစေပြီ။ (ပါတွာကာသိ ဝိဘာဝေသိ–ဋီကာအဖွင့်)။ ဣတိ၊ ဤအကြောင်းကြောင့်။ အာဒီနဝါနုပဿနာ နာမ ဇာတံ၊ အာဒီနဝဉာဏ် မည်သည် ဖြစ်လေ၏။ တေသု ယေဝ သင်္ခါရေသု၊ အပြစ်မြင်အပ်ပြီးသော ထိုသင်္ခါရတို့၌ ပင်လျှင်။ နိဗ္ဗိန္ဒမာနံ ဥပ္ပန္နံ၊ ငြီးငွေ့လျက်ဖြစ်လေပြီ။ ဣတိ၊ ဤအကြောင်းကြောင့်။ နိဗ္ဗိဒါနုပဿနာ နာမဇာတံ၊ နိဗ္ဗိဒါဉာဏ် မည်သည် ဖြစ်လေ၏။ ဣတိ၊ ဤသို့ ရှေးဆရာတို့က ဆိုကုန်ပြီ။ ပါဠိယမ္ပိ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လဲ။ ယာ စ ဘယတုပဋ္ဌာနေ ပညာ၊ အကြင် ဘယဉာဏ်သည်၎င်း။ ယဉ္စ အာဒီနဝေဉာဏံ၊ အကြင် အာဒီနဝဉာဏ်သည်၎င်း။ ယာ စ နိဗ္ဗိဒါ၊ အကြင်နိဗ္ဗိဒါ ဉာဏ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ ဤဉာဏ်တို့သည်။ ဧကတ္ထာ၊ တူသော သဘောတရားကိုယ် ရှိကုန်၏။ ဗျဉ္ဇနမေဝ၊ အမည်သဒ္ဒါမျှသည် သာလျှင်။ နာနံ၊ ထူးခြား၏။ ဣတိ ဝုတ္တံ၊ ဤသို့ ဟောတော်မူအပ်၏။

**ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ် ပြီး၏။**

## မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာဉာဏ်

ဣမိနာ ပန နိဗ္ဗိဒါဉာဏေန ဣမဿ ကုလပုတ္တဿ နိဗ္ဗိန္ဒန္တဿ ဥက္ကဏ္ဍန္တဿ အနဘိရမန္တဿ သဗ္ဗဘဝ ယောနိဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ ဂတေသု သ.ဘေဒကေသု သင်္ခါရေသု ဧကသင်္ခါရေပိ စိတ္တံ န သဇ္ဇတိ န လဂ္ဂတိ န ဗဇ္ဈတိ၊ သဗ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုကာမံ နိဿရိတုကာမံ ဟောတိ။ အထ.ဿ ဧဝံ သဗ္ဗသင်္ခါရေသု ဝိဂတာလယဿ သဗ္ဗသင်္ခါရဂတာ မုစ္စိတုကာမဿ ဥပ္ပဇ္ဇတိ မုဉ္စိတုကမျတာဉာဏံ။ (ဝိသုဒ္ဓိမဂ် ၂–၂၈၈)

ဣမိနာ ပန နိဗ္ဗိဒါဉာဏေန၊ ဤ နိဗ္ဗိဒါ ဉာဏ်ဖြင့်။ နိဗ္ဗိန္ဒန္တဿဥက္ကဏ္ဍန္တဿ အနဘိရမန္တဿ၊ ငြီးငွေ့ ပျင်းရိ မပျော်မွေ့သော။ ဣမဿ ကုလပုတ္တဿ၊ ဤ အမျိုးသား, အမျိုးသမီးအား။ သဗ္ဗ ဘဝ –ပေ– သင်္ခါရေသု၊ အလုံးစုံသော ဘဝ ၃–ပါး, ယောနိ ၄–ပါး, ဂတိ ၅–ပါး, ဝိညာဏဋ္ဌိတိ ၇–ပါး, သတ္တာဝါသ ၉–ပါး၌တည်ကုန်သော ပျက်စီးခြင်းရှိသည့် သင်္ခါရများစွာတို့တွင်။ ဧကသင်္ခါရေပိ၊ တခုသော သင်္ခါရ၌ သော်လဲ။ စိတ္တံ၊ စိတ်သည်။ န သဇ္ဇတိ န လဂ္ဂတိ နဗဇ္ဈတိ၊ မကပ် မငြိ မတွယ်။ သဗ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုကာမံ၊ သင်္ခါရ အလုံးစုံမှ လွတ်လို၏။ နိဿရိတုကာမံ ဟောတိ၊ ရှောင်ခွါထွက်သွားလို၏။ အထ၊ ထိုအခါ၌။ သဗ္ဗသင်္ခါရေသု ဧဝံ ဝိဂတာလယဿ၊ သင်္ခါရ အလုံးစုံတို့၌ ဤဆိုခဲ့သောနည်းဖြင့် တွယ်တာမှုကင်းလျက်။ သဗ္ဗသ္မာ သင်္ခါရဂတာ ဧဝံ မုစ္စိတုကာမဿ၊ သင်္ခါရ အလုံးစုံမှ ဤဆိုခဲ့သော နည်းဖြင့် လွတ်လိုသော။ အဿ၊ ဤအမျိုးသား, အမျိုးသမီးအား။ မုဉ္စိတုကမျတာဉာဏံ ဥပ္ပဇ္ဇတိ၊ မုဉ္စိတုကမျတာဉာဏ် ဖြစ်ပေါ်၏။

ဘဝ သုံးပါး ဟူသည်ကား ကာမဘဝ, ရူပဘဝ, အရူပဘဝ, တို့ပေတည်း။ ယောနိလေးပါး ဟူသည်ကား အဏ္ဍဇ–ဥမှပေါက်ဖွားသော သတ္တဝါမျိုး၊ ဇလာဗုဇ–သူငယ်အိမ်မှ ပေါက်ဖွားသော သတ္တဝါမျိုး၊ သံသေဒဇ–အညှိ၌ ဖြစ်ပွါးသော သတ္တဝါမျိုး၊ ဩပပါတိက–အနီး၌ ရုတ်တရက် ကျလာသကဲ့သို့၊ ကိုယ်ထင်ရှား အပြည့်အစုံ ဘွားကနဲဖြစ်ပေါ်သော သတ္တဝါမျိုး၊ ဤလေးမျိုးတို့ပေတည်း။ ဂတိငါးပါး ဟူသည်ကား ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်, ဤ ငါးပါးတို့ပေတည်း။ ဝိညာဏဋ္ဌိတိ(၇)ပါး ဟူသည်ကား လူနှင့် ကာမာဝစရ နတ်တို့သည် အချင်းချင်း ကိုယ် ကာယအားဖြင့်လဲ ထူးခြားကုန်၏။ ပဋိသန္ဓေ သညာအားဖြင့်လဲ ထူးခြားကုန်၏၊ လူအချင်းချင်း နတ်အချင်းချင်း မတူကြကုန်။ ထို့ကြောင့်, နာနတ္တကာယ–နာနတ္တသညီ မည်ကုန်၏။ (၁)။ ။ပဌမစျာန်ဗြဟ္မာ တို့သည်ငင်း, အပါယ်သတ္တဝါ တို့သည်ငင်း, အချင်းချင်းကိုယ် ထူးခြား၍ သညာ တူသောကြောင့် နာနတ္တကာယ ဧကတ္တသညီ မည်ကုန်၏ (၂)။ ။ဒုတိယစျာန်ဗြဟ္မာတို့သည် အချင်းချင်းကိုယ်တူ၍ သညာ ထူးခြားသောကြောင့် ဧကတ္တကာယ–နာနတ္တသညီ မည်ကုန်၏ (၃)။ ။တတိယစျာန်ဗြဟ္မာတို့သည်ငင်း, ဝေဟပ္ဖိုလ်ဗြဟ္မာတို့သည်ငင်း, အချင်းချင်း ကိုယ်, သညာ, နှစ်မျိုးလုံး တူသောကြောင့် ဧကတ္တကာယ–ဧကတ္တသညီ မည်ကုန်၏ (၄)။ ။သုဒ္ဓါဝါသဗြဟ္မာတို့လဲ ဤစတုတ္ထဝိညာဏဋ္ဌိတိ၌ ဝင်သင့်ကုန်၏။ ။အာကာသာနဉ္စာယတနဗြဟ္မာတို့သည် အာကာသာနဉ္စာယတနသညီ မည်ကုန်၏။ (၅)။ ။ဝိညာဏဉ္စာယတနဗြဟ္မာတို့သည် ဝိညာဏဉ္စာယတနသညီ မည်ကုန်၏ (၆)။ ။အာကိဉ္စညာယတနဗြဟ္မာတို့သည် အာကိဉ္စညာယတနသညီ မည်ကုန်၏ (၇)။ ဤ (၇)ပါးတို့ပေတည်း။ ၎င်း(၇)ပါးတို့၌၊ အသညသတ်နှင့် နေဝသညာတို့ကို ထည့်လျှင် သတ္တဝါတို့၏နေရာ သတ္တာဝါသ ၉–ပါး ဖြစ်ကုန်၏။ ယောဂီပုဂ္ဂိုလ်၏ အသိဉာဏ်သည်ကား လေ့လာ မှတ်သား နာကြားဘူးသမျှ၌သာ ဆင်ခြင်လျက် ကျက်စားနိုင်ပေသည်၊ မမှတ်သားဘူးသော အမည်ဖြင့်ကား ကိလေသာလဲ မဖြစ်နိုင်၊ ဉာဏ်လဲ မဖြစ်နိုင်သည် သာတည်း။ သို့သော်လဲ, အယုတ်ဆုံးအားဖြင့်ဘဝသုံးမျိုး၌ ငြီးငွေ့မှုဉာဏ်ဖြစ်လျှင်ပင် ဝိပဿနာပြည့်စုံတော့သည်သာတည်း။ အဘယ့်ကြောင့်နည်းဟူမူ … ယောနိဂတိစသော အမည်တို့မှာ ထိုဘဝသုံးမျိုး၏ ပရိယာယ်ဝေါဟာရ အမည်ထူးမျှသာ ဖြစ်သောကြောင့် ပေတည်း။

တနေရာရာ၌ အပြစ်မြင်၍ မပျော်မမွေ့ ငြီးငွေ့ ပျင်းရိသောသူအား ထိုနေရာမှ ထွက်ခွါသွားလိုခြင်း, ထိုနေရာကို စွန့်လွှတ်လိုခြင်းသည် ဖြစ်မြဲဓမ္မတာပေတည်း။ ထို့ကြောင့်, မှတ်ရတဲ့အာရုံ သင်္ခါရနှင့်, မှတ်မှု ဝိပဿနာ သင်္ခါရတို့၌ ကြောက်ဖွယ်ထင်လျက် အပြစ်မြင်ပြီး၍ ငြီးငွေ့မှု=နိဗ္ဗိဒါဉာဏ် ထက်သန်စွာ ဖြစ်လျက် ရှိသော ယောဂီအား မှတ်ရတဲ့ အာရုံသင်္ခါရ, မှတ်မှု ဝိပဿနာသင်္ခါရ, တို့မှငင်း၊ ဆင်ခြင်မိသော ဘဝ ယောနိ ဂတိစသော သင်္ခါရတို့မှငင်း၊ လွတ်မြောက်လိုခြင်း=ထိုသင်္ခါရတို့ကို စွန့်လွှတ်လိုခြင်း သဘောသည် မကြာမီပင် ဖြစ်ပေါ်၏။ ဤ လွတ်မြောက်လို, စွန့်လွှတ်လိုသောသဘောသည် မုဉ္စိတုကမျတာဉာဏ်ပေတည်း။ ထိုအခါ၌ ယောဂီသည် သွားမှုထိုင်မှု အိပ်မှုကွေးမှု ဆန့်မှုစသော ကိုယ် အမူအရာဟူသမျှကို ၎င်း၊ မြင်မှု ကြားမှု ထိမှု ကြံစည်မှု ရှုမှတ်မှု စသော စိတ်အမူအရာ ဟူသမျှကို၎င်း၊ လူ့ အဖြစ်, နတ် အဖြစ်, ယောကျ်ားမိန်းမ အဖြစ်, ဗြဟ္မာ အဖြစ်, စသော ဘဝဟူသမျှကို၎င်း၊ လွတ်ရာတခြားသို့ စွန့်သာ စွန့်ပစ်လိုတော့၏၊ ၎င်းတို့မှ လွတ်ကင်းရာသို့သာ ရောက်လိုတော့၏။ ထို့ကြောင့်ပင်, အချို့ပုဂ္ဂိုလ်သည် "နှလုံးမသွင်းဘဲမမှတ်ဘဲ နေရတာက ကောင်းမှာလေလား" ဟု ဆင်ခြင်မိတတ်ပေသည်၊ ထိုသို့ ဆင်ခြင်မိတဲ့ အတိုင်းလဲ မမှတ်တော့ဘဲ ရပ်နား နေမိတတ်ပေသည်။

ပဋိသင်္ခါဉာဏ် … သော ဧဝံ သဗ္ဗ ဘဝ ယောနိ ဂတိ ဋ္ဌိတိ နိဝါသ ဂတေဟိသ ဘေဒကေဟိ သင်္ခါရေဟိ မုစ္စိတုကာမော သဗ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုံ ပုန တေ ဧဝ သင်္ခါရေ ပဋိသင်္ခါနုပဿနာဉာဏေန တိလက္ခဏံ အာရောပေတွာ ပရိဂ္ဂဏှာတိ။ (ဝိသုဒ္ဓိမဂ် ၂–၂၈၉)

သဗ္ဗ ဘဝ–ပေ–သင်္ခါရေဟိ၊ အလုံးစုံသော ဘဝ ယောနိ ဂတိဌိတိ သတ္တာဝါသတို့၌ တည်ကုန်သော ပျက်စီးခြင်းရှိသည့်သင်္ခါရတို့မှ။ ဇဝံ မုစ္စိတုကာမော၊ ဤသို့ ဆိုခဲ့သည့်အတိုင်းပင် လွတ်မြောက်လိုသော။ သော၊ ထို အမျိုးသား အမျိုးသမီး ယောဂီသည်။ သဗ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုံ၊ သင်္ခါရ အလုံးစုံမှ လွတ်မြောက်ရန်။ တေ ဇဝ သင်္ခါရေ၊ မှတ်သိအပ်ပြီးသော ထို သင်္ခါရမျိုးတို့ကိုပင်လျှင်။ ပဋိသင်္ခါနုပဿနာဉာဏေန၊ တဖန် ရှုမှု=ပဋိသင်္ခါဉာဏ်ဖြင့်။ တိလက္ခဏံ အာရောပေတွာ၊ လက္ခဏာ ၃–ပါးကို တင်၍။ ပုန ပရိဂ္ဂဏှာတိ၊ တဖန် သိမ်းဆည်း ရှုမှတ်၏။

သင်္ခါရ တရားတို့၌ နိစ္စ သုခ အတ္တ ဟု စွဲလမ်းမှု လုံးဝ ကင်းလျှင် သင်္ခါရ ငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ဆိုက်ရောက်၏။ ထိုသို့သောပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန် မပြုရသေးမီ၌လဲ ထိုသင်္ခါရတို့နှင့်စပ်၍ စိုးရိမ်ကြောင့်ကြခြင်း, စိတ်ဆင်းရဲခြင်း မရှိပြီဖြစ်၍၊ ထိုသင်္ခါရတို့မှ လွတ်လဲလွတ်မြောက်၏၊ ပရိနိဗ္ဗာန် စံပြီးသောအခါ၌ ထိုသင်္ခါရတို့မှ လွတ်မြောက်သည်မှာကား ဆိုဘွယ်ပင်မရှိပြီ။ ထို့ကြောင့်, သင်္ခါရတို့မှ လွတ်လိုလျှင်၊ တခြားတပါးကို ပြုရန်မလို၊ ထိုသင်္ခါရတို့ကိုပင် အနိစ္စ ဒုက္ခ အနတ္တဟု နိုင်နင်းစွာသိမြင်၍ လျစ်လျူရှုနိုင်အောင်မှတ်မြဲပင် မပြတ်မှတ်ဘို့သာလိုပေသည်။ သို့ဖြစ်၍, မုဥ္စိတုကမျတာဉာဏ်၏အစွမ်းကြောင့် သင်္ခါရတို့မှ လွတ်လိုသောယောဂီသည် ဖြစ်ပျက်တိုင်းသော ထိုသင်္ခါရတို့ကိုပင် တဖန်ဆက်၍ မှတ်မြဲမှတ်ရပေသည်။ ဤသို့ တဖန်မှတ်သောအခါ၌ အနိစ္စအခြင်းအရာ (၁၀)ပါး၊ ဒုက္ခ အခြင်းအရာ (၂၅)ပါး၊ အနတ္တအခြင်းအရာ (၅)ပါး၊ ဤအခြင်းအရာ (၄၀)တို့တွင် တပါးပါးကို မှတ်ချက်တိုင်း၌ ထိုက်သည်အားလျော်စွာ ထင်ရှားသိလျက်ရှိ၏။ အကျဉ်းအားဖြင့်ကား အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ, ဟူသော ဤလက္ခဏာ ၃–ပါးတို့တွင် ထိုက်သည်အားလျော်စွာ တပါးပါးကို မှတ်ချက်တိုင်း၌ ထင်ရှားသိလျက်ရှိ၏။ ဤ အသိအမြင်သည် တဖန်ရှုမှု=တဖန် သိမြင်မှုဖြစ်သောကြောင့် ပဋိသင်္ခါဉာဏ် မည်၏။

အနိစ္စ အခြင်းအရာများ ... ယောဂီသည် တရံတခါ မှတ်ချက်၌၊ ရုပ်နာမ် သင်္ခါရတို့ကို အနိစ္စန္တိက=အဆုံးကို မလွန်နိုင်ဘူး=ဆုံးသွားတာချည်းဘဲ=ကုန်သွားတာချည်းဘဲဟူ၍ သိမြင် သဘောကျ၏ (က)။ တရံတခါ၌၊ တာဝကာလိက=အခိုက်အတန့်မျှတည်တာဘဲ=တခဏကလေး တည်တာဘဲ ဟူ၍ သိမြင် သဘောကျ၏ (ခ)။ တရံတခါ၌၊ ဥဒယဝယပရိစ္ဆိန္န=ဖြစ်မှု ပျက်မှုဖြင့် ပိုင်းခြားအပ်သည်=အစနှင့်အဆုံး ဤ ၂–ခုတို့၏ အကြားမှာဘဲ ရှိသည်=ပေါ်ပြီးတော့ ပျောက်သွားသည်=မဖြစ်မီကလဲ မရှိသေး, ပျက်သွားတဲ့ နောက်မှာလဲ မရှိတော့ဘူး, သူတို့နှစ်ခု၏ အလယ်မှာသာ ရှိသည်ဟူ၍ သိမြင်သဘောကျ၏ (ဂ)။ ရံခါ၌ အနိစ္စ=မမြဲဟုသိ၏ (၁)။ ။ရံခါ၌၊ ပလောက=အိုရ နာရ သေရနှင့် အကြီးအကျယ် ပျက်စီးတတ်သည်ဟု သိ၏။ သဲကမ်းပါးများ ပြို၍ ပြို၍ သွားသကဲ့သို့ငှင်း, စက္ကူကို ဆုတ်ပစ်သောအခါ၌ ထင်ရှားစွာ စုတ်ပြတ်၍ စုတ်ပြတ်၍ သွားသကဲ့သို့ငှင်း, မီးကို ရေဖြင့် ငြိမ်းသတ်သောအခါ၌ ဟုန်းကနဲ ဟုန်းကနဲ ငြိမ်းငြိမ်း သွားသကဲ့သို့ငှင်း, မီးခိုးကို လေတိုက်သောအခါ၌ လွင့်၍ လွင့်၍ ပျောက်ပျက် သွားသကဲ့သို့ငှင်း, မှတ်ခိုက် မှတ်ခိုက်မှာပင်၊ မှတ်ရတဲ့ အာရုံ၏ အကြီးအကျယ် ပျက်စီးခြင်းကို သိမြင်ခြင်းသည်လည်း ဤပလောကာနုပဿနာ၌ ဝင်သင့်၏(၂)။ ။ ရံခါ၌၊ စလ=အိုလိုက် နာလိုက် သေလိုက်နဲ့ မတည်တံ့ဘဲ တလှုပ်ထဲ လှုပ်ရှားနေသည်ဟုသိ၏။ ပေါ်လိုက် ပျောက်လိုက်နဲ့ တပျက်ထဲ ပျက်နေသည်ကိုသာ မှတ်ချက်တိုင်းနဲ့ တွေ့ရ၍ “ဘာမျှ မခိုင်ခံ့ မတည်တံ့ပါတကား၊ တလှုပ်ထဲ လှုပ်ရှား နေတာချည်း ပါတကား”ဟု သိမြင်ခြင်းကိုလဲ စလာနုပဿနာပင် ဟူ၍ဆိုသင့်၏ (၃)။ ။ရံခါ၌၊ ပဘင်္ဂု=အလွန် ပျက်လွယ်သည် = မမှတ်မီကပင် ပျောက်ပျောက်သွားနှင့်သည်ဟု သိ၏ (၄)။ ။ရံခါ၌၊ အဒ္ဓုဝ=ဘယ်အချိန်မဆို ပျက်တက်၍ မခိုင်မြဲဘူးဟု သိ၏ (၅)။ ။ရံခါ၌၊ ဝိပရိဏာမဓမ္မ=ပကတိ ပင်ကိုရင်း အတိုင်း မတည်ဘဲ အိုလျက်သေလျက် ပြောင်းလဲဖေါက်ပြန်တတ်သည်=ဖြစ်စကနှင့်မတူဘဲ ရင့်ရော်ပျက်စီးလျက် ပြောင်းလဲဖေါက်ပြန် သွားသည်ဟု သိ၏ (၆)။ ။ရံခါ၌၊ အသာရက=ခိုင်မာတဲ့ အနှစ်မရှိ ဟု သိ၏ (၇)။ ။ရံခါ၌၊ ဝိဘဝ = စည်ပင်ကြီးပွါးခြင်း မရှိဟုသိ၏။ (အဓိပ္ပါယ်ကား ... သန္တတိဃန မကွဲမီက “သစ်စေ့မှအပင်၊ ၎င်းအပင်မှ အညွန့် အရွက် အခက်များ ဖြစ်လျက် တခုထည်းအနေဖြင့် စည်ပင်ကြီးပွါးသလိုပင် ဤကိုယ်နှင့် ဤစိတ်သည် ငယ်ငယ်ကလေးဘဝကထဲက ရှိခဲ့သည်၊ တဖြေးဖြေး စည်ပင် ကြီးပွါးလျက် ယခုထက်တိုင် တည်မြဲ တည်ရှိ နေသည်”ဟု ထင်ခဲ့၏၊ သန္တတိဃန ကွဲပြီးသော ယခုမူကား ထိုကဲ့သို့ မထင်တော့ပြီ၊ ရှေးရှေး ကိုယ် စိတ် အမူအရာက တခြား+နောက်နောက် အမူအရာက တခြား၊ ရှေးရှေး အမူအရာသည် နောက်နောက် အမူအရာအဖြစ်သို့ မရောက်ဘဲ ကုန်ပျက် ကုန်ပျက် သွားသည်၊ နောက်နောက်အမူအရာလဲ ရှေးရှေး အမူအရာထဲမှ ထွက်ပေါ်လာသည် မဟုတ်၊ တခုခုသော ရုပ် နာမ်ကပင် တခြား တပါးသော ရုပ် နာမ် ဖြစ်လျက်စည်ပင် ကြီးပွါးခြင်း မရှိဟု သိမြင်၏။ ဤသို့ သိပုံကိုသာ ဆိုလိုပေသည်။ အကြောင်း ရုပ်နာမ်ကြောင့် အကျိုး ရုပ်နာမ် မဖြစ်ပွါးဟူ၍ကား မဆိုလိုပေ) (၈)။ ။ရံခါ၌၊ သင်္ခတ=ကံ စိတ် ဥတု အာဟာရစသော ဆိုင်ရာအကြောင်းများက ညီညွတ်၍ ပြုအပ်သည်=အကြောင်း ညီညွတ်၍ ဖြစ်ပေါ်သည်ဟုသိ၏ (၉)။ ။တရံတခါ မှတ်ချက်၌ မရဏဓမ္မ=သေတတ် ပျက်တတ်သည်ဟု သိမြင် သဘောကျ၏(၁၀)။ ဤသည်တို့ကား ထိုက်သည်အားလျော်စွာ သိမြင်အပ်သော အနိစ္စ အခြင်းအရာ တို့ပေတည်း။

ထိုတွင် အနိစ္စ စသော ၁၀–ပုဒ်တို့သည် သာလျှင် ပဋိသမ္ဘိဒါမဂ်၌၊ အနိစ္စ အခြင်းအရာ အဖြစ်ဖြင့် အစဉ်အတိုင်း ဟောအပ်သော ပုဒ်တို့ပေတည်း။ (က–ခ–ဂ) အမှတ်တို့ဖြင့်ပြထားသော အစ သုံးပုဒ်သည်ကား အဋ္ဌကထာ၌ ပြအပ်သော ပုဒ်များပေတည်း။ ထိုသုံးပုဒ်ကို အနိစ္စပုဒ်၌ ထည့်သွင်း၍ အနိစ္စ အခြင်းအရာ (၁၀) ပါးကို ရေတွက် မှတ်သားအပ်၏။ ဒုက္ခ အနတ္တ အခြင်းအရာတို့၌လဲ အစ အစ သုံးပုဒ်ကို နည်းတူပင် သိပါလေ။

ဒုက္ခ အခြင်းအရာများ ... ယောဂီသည် တရံတခါ မှတ်ချက်၌၊ ရုပ်နာမ်သင်္ခါရတို့ကို အဘိဏှသမ္ပဋိပီဠန=ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်နေသည်=ဖြစ်လိုက်ပျက်လိုက်နဲ့ မပြတ်နှိပ်စက်နေသည်ဟု သိမြင်သဘောကျ၏(က)။ ရံခါ၌ ဒုက္ခမ=မခံသာဘူးဟုသိ၏(ခ)။ ရံခါ၌၊ ဒုက္ခဝတ္ထု=ဆင်းရဲ အမျိုးမျိုး၏ တည်ရာ ဖြစ်ပေါ်ရာဘဲဟု သိ၏ (ဂ)။ ရံခါ၌၊ ဒုက္ခ=ဆင်းရဲဟုသိ၏၊ မကောင်းဘူး ဟု သိ၏(၁)။ ။ရံခါ၌၊ ရောဂ=အမြစ်ပြတ် မပျောက်နိုင်ဘဲ တရောင်ရောင် ဖြစ်နေတဲ့ ရောဂါနှင့် တူသည်၊ မူလရင်းရောဂါနှင့် တူသည်ဟုသိ၏ (၂)။ ။ရံခါ၌၊ ဂဏ္ဍ=အဖူးအလုံး ပေါက်လာသော အနာစိမ်းနှင့် တူသည်ဟုသိ၏။ (မခံသာခြင်း မမြဲခြင်း ဖေါက်ပြန်ခြင်းဟူသော နာကျင်ကိုက်ခဲမှုနှင့် ယှဉ်တွဲနေသောကြောင့်လဲ, အနာစိမ်းနှင့်တူသည်၊ မှတ်သိရတဲ့ ရုပ်နာမ်သည် ဖြစ်ပေါ်ပြီးလျှင် ခဏမျှသာတည်၍ ပျက်သွားသောကြောင့်လဲ, အဖူးအလုံးပေါ်ပြီးလျှင် မှဲ့ရင့်၍ ပြည်ပေါက်သွားတဲ့ အနာနှင့် တူသည်၊ သန်ရည် ပြည်ပုပ်နှင့် တူသော ကိလေသာတို့ကို ယိုထွက် ဖြစ်ပွါးစေတတ်သောကြောင့်လဲ အနာနှင့်တူသည်-ဟူလို။) (၃)။ ။ရံခါ၌၊ သလ္လ=စူးဝင်နေတဲ့ မြှားငြောင့်နှင့် တူသည်ဟုသိ၏။ (မခံသာအောင်နှိပ်စက်တတ်သောကြောင့်ငြင်း၊ ကိုယ်ထဲ စိတ်ထဲမှာ အတွင်းဝင်လျက် ထိုးဆွ နှိပ်စက်တတ်သောကြောင့်ငြင်း၊ ပယ်နုတ် ပစ်ရန် ခဲယဉ်းသောကြောင့်ငြင်း၊ စူးဝင်နေတဲ့ မြှားငြောင့်နှင့်တူသည်-ဟူလို) (၄)။ ။ရံခါ၌၊ အဃ=မကောင်းမှုလိုပင် မကောင်းတဲ့တရားဟု သိ၏။ (အရိယာတို့ ကဲ့ရဲ့အပ်သောကြောင့်လဲ မကောင်းမှုနှင့် တူသည်၊ အကျိုးစီးပွါးမဲ့ကို ဖြစ်စေတတ်သောကြောင့်လဲ မကောင်းမှုနှင့်တူသည်၊ မကောင်းမှုအမျိုးမျိုး၏ ဖြစ်ရာတည်ရာ ဖြစ်သောကြောင့်လဲ မကောင်းမှုနှင့် တူသည်-ဟူလို။) (၅)။ ။ရံခါ၌၊ အဃမူလ=မကောင်းမှု အမျိုးမျိုး၏ အကြောင်းရင်းဘဲဟု သိ၏ (၆)။ ။ရံခါ၌၊ အာဗာဓ=အနာရောဂါနှင့် တူသည်၊ အနာရောဂါ အစုအဝေးကြီးဘဲဟုသိ၏ (ကိုယ့်အလိုအတိုင်း လွတ်လပ်ခွင့်မရအောင် နှိပ်စက်တတ်သောကြောင့်ငြင်း၊ နာဖျား မကျန်းမာမှု အမျိုးမျိုးကို ဖြစ်စေတတ်တဲ့ အနီးဆုံး အကြောင်းဖြစ်သောကြောင့်ငြင်း၊ အနာရောဂါနှင့် တူသည်-ဟူလို။) (၇)။ ။ရံခါ၌၊ ဤတိ=ဤတိဗျသန စသော ပျက်စီးခြင်း များစွာတို့ကို ဖြစ်စေတတ်သောကြောင့် ဆိုက်ရောက်လာတဲ့ ဘေးရန်နှင့် တူသည်ဟု သိ၏(၈)။ ။ရံခါ၌၊ ဥပဒ္ဒဝ=ကြီးမားစွာသော အကျိုးမဲ့တို့ကို အသိမပေးဘဲ ဖြစ်စေတတ်သောကြောင့် ရုတ်တရက် ကပ်ရောက်၍ နှိပ်စက်မှု ဥပဒ္ဒပေါ်နှင့်တူသည်၊ မင်းဒဏ်စသည်တို့၏ တည်ရာဖြစ်သောကြောင့် မင်းစသော လူနိုင်တို့၏ ညှဉ်းဆဲမှု ဥပဒ္ဒဝေါနှင့် တူသည်ဟု သိ၏(၉)။ ။ရံခါ၌၊ ဘယ=ကြောက်စရာကောင်းသည်ဟု သိ၏ (ကြောက်ဖွယ် ဘေးအမျိုးမျိုးတို့၏ ဖြစ်ပွါးရာ ဘေးတွင်းနှင့်တူသောကြောင့်ငြင်း၊ ဆင်းရဲငြိမ်းရာ ဖြစ်၍ သက်သာရာ အစစ် ဖြစ်သောနိဗ္ဗာန်မှ ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ငြင်း၊ ကြောက်စရာကောင်းသည်-ဟူလို။) (၁၀)။ ။ရံခါ၌၊ ဥပသဂ္ဂ=ဆွေမျိုးတို့၏ ပျက်စီးခြင်း စသော ပြင်ပက အကျိုးမဲ့, ရောဂါဆိုး စသော အတွင်းက အကျိုးမဲ့တို့နှင့် ပူးတွဲနေသည်, စပ်ဆိုင်နေသည်၊ ရာဂ စသောအပြစ်တို့နှင့် ပူးတွဲနေသည်၊ ရက္ခိုသ်ဘီလူးမ ဥစ္စာစောင့်မ စသော နတ်ဆိုးများ၏ ဖြားယောင်းမှုကြောင့် ဖြစ်သော အကျိုးမဲ့လိုပင် လက်ခံချင်ဘွယ်မကောင်းတဲ့အတွက် အမှောင့်ပယောဂ ပူးကပ်နှိပ်စက်မှုနှင့် တူသည်ဟုသိ၏(၁၁)။ ။ရံခါ၌၊ အ.တာဏ=ဆင်းရဲ ဘေးရန်မရောက်အောင် မစောင့်ရှောက် မကာကွယ်တတ်ဟု သိ၏ (၁၂)။ ။ရံခါ၌၊ အ.လေဏ=ဆင်းရဲ ဘေးရန်မှ ပုန်းအောင်းရာ မဟုတ်ဟုသိ၏ (၁၃)။ ။ ရံခါ၌၊ အ.သရဏ=ဆင်းရဲ ဘေးရန်ကို မပယ်မသတ်တတ်သောကြောင့် အားထား ကိုးကွယ်ရာမဟုတ်ဟုသိ၏။ (၁၄)။ (ဘယ်လောက်မွန်မြတ်တဲ့ ရုပ်နာမ်ဖြစ်စေကာမူ ဆင်းရဲဘေးရန်တို့ကို မငြိမ်းစေနိုင်။ ထို့ကြောင့်, ရုပ်နာမ် သင်္ခါရ ဟူသမျှသည်တာဏ, လေဏ, သရဏ, မဟုတ်၊ ဆင်းရဲဘေးရန် ကင်းလိုသောသူကို စောင့်လဲ မစောင့်ရှောက်တတ်၊ ဆင်းရဲဘေးရန် ကင်းလိုသောသူ၏ လုံခြုံသောပုန်းအောင်းရာလဲမဟုတ်၊ အားကိုးရာလဲ မဟုတ်ဟု ဆိုလို၏။) ရံခါ၌၊ အာဒီနဝ=မပြတ်ဖြစ်ပေါ်နေတဲ့ ဆင်းရဲမျှသာ ဖြစ်သောကြောင့် အပြစ်အစုမျှသာ၊ မမြဲဆင်းရဲ ဖေါက်ပြန်တတ်သောကြောင့် အပြစ်ရှိသည်၊ အလွန် နုံချာနုတ်စုတ်သည်ဟု သိ၏(၁၅)။ ။ရံခါ၌၊ ဝဓက=သူတို့ပျက်တိုင်း သေနိုင်သောကြောင့် သူသတ်သမားတွေဘဲဟုသိ၏။ (၁၆)။ ။ရံခါ၌။ သာသဝ=အာသဝေါတို့၏ အာရုံအထောက်အပံ့ဘဲ ဟုသိ၏(၁၇)။ ။ ရံခါ၌၊ မာရာမိသ=သေခြင်းတရား၏ သတ်စရာဘဲ, ကိလေသာ၏ အစာဘဲ ဟု သိ၏(၁၈)။ ။ရံခါ၌၊ ဇာတိဓမ္မ=ဖြစ်ခြင်းသဘောရှိသည်, ဖြစ်တတ်သည် ဟု သိ၏(၁၉)။ ။ရံခါ၌၊ ဇရာဓမ္မ=အိုခြင်း ဆွေးမြည့်တတ်သည် ဟု သိ၏(၂၀)။ ။ရံခါ၌၊ ဗျာဓိဓမ္မ=နာဖျားတတ်သည်ဟု သိ၏။ (၂၁)။ ။ရံခါ၌၊ သောကဓမ္မ=စိုးရိမ်ပူဆွေးခြင်းကို ဖြစ်စေတတ်သည်, စိုးရိမ်ပူဆွေးစရာဘဲဟု သိ၏(၂၂)။ ။ရံခါ၌၊ ပရိဒေဝဓမ္မ=ငိုကြွေးခြင်းကို ဖြစ်စေတတ်သည်, ငိုကြွေးစရာဘဲဟု သိ၏(၂၃)။ ။ရံခါ၌၊ ဥပါယာသဓမ္မ=ပြင်းစွာပူပန်ခြင်းကို ဖြစ်စေတတ်သည်, ပြင်းစွာပူပန်စရာဘဲဟု သိ၏(၂၄)။ ။ရံခါ၌၊ သံကိလေသိကဓမ္မ=ပူပန်စေတတ်တဲ့ ကိလေသာတို့၏စွဲမှီရာ အာရုံဘဲ, စိတ် အညစ်အကြေးတို့၏ လူးလဲရာဘဲဟု သိမြင်သဘောကျ၏(၂၅)။ ဤသည်တို့ကား ထိုက်သည်အားလျော်စွာ သိမြင်အပ်သော ဒုက္ခ အခြင်းအရာ၂၅ ပါးတို့ပေတည်း။

အထူး မှတ်ဘွယ်ကား ... အောက် သမ္မသနဉာဏ် ဖြစ်ခိုက်၌ငြင်း, ဤပဋိသင်္ခါဉာဏ် နစဉ်၌ငြင်း, ကြီးမားထင်ရှားစွာ ဖြစ်ပေါ်လာသော မခံသာမှု အမျိုးမျိုးကို မျက်မှောက်တွေ့ရ၍ "ဒုက္ခမတော ဒုက္ခဝတ္ထုတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော"စသည်တို့နှင့်အညီ ယောဂီသည် ဒုက္ခအခြင်းအရာများစွာတို့ကို သိမြင်သဘောကျတတ်ပေ၏။ ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ်၌၊ သမ္မသနဉာဏ်, ပဋိသင်္ခါဉာဏ်, ဟူသော ဤနှစ်ဌာနမှာ ဤအခြင်းအရာတို့ကို အကျယ်ပြဆိုသည်ဟု ယူသင့်၏။ အထူးကား သမ္မသနအရာ၌ တမျိုးတည်းသော ဒုက္ခဝေဒနာများကို အပိုင်းအပိုင်းဖြတ်၍ မသိနိုင်၊ ဤဉာဏ်၌ မှတ်တိုင်း မှတ်တိုင်း အပိုင်းအပိုင်း ဖြတ်၍ သိ၏၊ ဤကား အထူးတည်း။

အနတ္တ အခြင်းအရာများ ... ယောဂီသည် တရံတခါ မှတ်ချက်၌၊ ရုပ်နာမ်သင်္ခါရတို့ကို အသာမိက=ပိုင်ရှင်မရှိတဲ့ သဘောတရားမျှဘဲ ဟု သိမြင်သဘောကျ၏(က)။ ။ရံခါ၌၊ အနိဿရ=အစိုးရသူ မဟုတ်တဲ့ သဘောတရားမျှဘဲ, အစိုးမရဘူးဟု သိ၏(ခ)။ ။ရံခါ၌၊ အ.ဝသဝတ္တိ=အလိုအတိုင်း မဖြစ်တဲ့ သဘောတရားမျှဘဲ, အလိုအတိုင်း မဖြစ်စေနိုင်တဲ့ သဘောတရားမျှဘဲဟု သိ၏(ဂ)။ ။ရံခါ၌၊ အနတ္တ=အစိုးပိုင်တဲ့ ငါကောင်မဟုတ်, အမြဲ တည်နေနိုင်တဲ့ ငါကောင်မဟုတ်, သွားခြင်း မြင်ခြင်းစသည်ကို ပြုလုပ်နိုင်တဲ့ ငါကောင် မဟုတ်, ခံစားတတ်တဲ့ ငါကောင် မဟုတ်, မည်သို့ ဖြစ်စေဟု စီမံ ခန့်ခွဲနိုင်တဲ့ ငါကောင်မဟုတ်, အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင်မဟုတ်, သဘောတရားမျှသာဟု သိ၏(၁)။ ။ရံခါ၌၊ ပရ=ကိုယ့်အလိုအတိုင်းလဲ မဖြစ်, မအို မသေပါစေလင့်ဟု စီမံခန့်ခွဲ၍လဲ မရသောကြောင့် သူစိမ်း ပြင်ပတရားဘဲဟု သိ၏(၂)။ ။ရံခါ၌၊ ရိတ္တ=ခိုင်မြဲခြင်းလဲမရှိ, ချမ်းသာခြင်းလဲမရှိ, တင့်တယ်ခြင်းလဲ မရှိ, ငါကောင်၏ အဖြစ်လဲ မရှိသောကြောင့် အချည်းနှီး သဘောတရားမျှဘဲဟု သိ၏(၃)။ ။ရံခါ၌၊ တုစ္ဆ=ဘာအကောင်အထည် ဒြဗ်မျှမဟုတ် သေးနုတ်သော သဘောမျှသာဖြစ်၍, အသုံးမကျတဲ့ အလကား တရားဘဲဟု သိ၏(၄)။ ။ရံခါ၌၊ သုည=ငါကောင်မှ ကင်းဆိတ်သည်ဟု သိ၏(၅)။ (“အတ္တ–ဟူသည်မှာ ခန္ဓာအိမ်၏ ပိုင်ရှင်ဘဲ၊ ခန္ဓာအိမ်ထဲမှာ အမြဲ တည်ရှိနေသူဘဲ၊ သွားမှုမြင်မှုစသည်ကို ပြုတတ်ပြီးစေတတ်သူဘဲ၊ အကောင်းအဆိုးကို ခံစားတတ်သူဘဲ၊ မည်သို့ ဖြစ်စေဟု စီမံခန့်ခွဲတတ်သူဘဲ၊ ကိုယ့်အလိုအတိုင်း ပြီးစေနိုင်သူဘဲ”ဟူ၍ ကြံဆအပ် ထင်မှတ်အပ် စွဲလမ်းအပ်သော အသက်ကောင်, သတ္တဝါကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင်, ငါကောင်မှ ကင်းဆိတ်နေတဲ့ သဘောတရားမျှသာဟု သိမြင်သဘောကျသည်–ဟူလို။) ဤသည်တို့ကား ထိုက်သည်အားလျော်စွာ သိမြင်အပ်သော အနတ္တ အခြင်းအရာ ငါးပါးတို့ပေတည်း။

ဤ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ (၄၀) တို့ကို အနိစ္စတော ဒုက္ခတောစသည်ဖြင့် ဟောတော်မူသောကြောင့် တောလေးဆယ်ဟု ခေါ်ကြ၏။ ထိုအခြင်းအရာတို့ဖြင့် သိသောဉာဏ် (၄၀)ကိုလဲ ဝိပဿနာလေးဆယ်ဟု ခေါ်ကြ၏။ ဤအခြင်းအရာတို့သည် ပင်ကိုယ်ဉာဏ်, သုတမယဉာဏ် နဲသော သူတို့အား နဲနဲသာ ထင်ပေါ်တတ်ကုန်၏။ ပင်ကိုဉာဏ်ထက်သောသူ, သုတမယဉာဏ် များသောသူတို့အား များစွာထင်ပေါ်တတ်ကုန်၏။ အထက်မဂ်တို့၏ ဝိပဿနာအရာ၌ သာ၍များစွာ, သန့်ရှင်းစွာ ထင်ပေါ်တတ်ကုန်၏။ သို့သော်လဲ, “ပဉ္စက္ခန္ဓေအနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓောနိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ” ဤသို့စသော ပဋိသမ္ဘိဒါမဂ်နှင့်အညီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် အခြင်းအရာ တခုခုကိုသာလျှင် ကောင်းစွာ မြင်ပြီးသည်၏ အခြားမဲ့၌ မဂ်ဉာဏ် ဖြစ်ပေါ်မြဲ ဖြစ်သောကြောင့်၊ “အခြင်းအရာ တခုခုကိုကောင်းစွာ သိမြင်သဘောကျလျှင်ပင် မဂ်ဉာဏ်သို့ ရောက်နိုင်အောင် ဝိပဿနာဉာဏ် ပြည့်စုံပြီ”ဟု ယုံကြည် စိတ်ချအပ်တော့သည် သာတည်း။

ဤပဋိသင်္ခါဉာဏ်သည် အချို့ပုဂ္ဂိုလ်မှာ တခဏ အတွင်း၌ပင် ရင့်သန်တတ်၏။ အချို့မှာကား တနေ့ခန့် ဖြစ်စေ, တညဉ့်ခန့် ဖြစ်စေ, တရက်ခန့် ဖြစ်စေ, ၂–ရက် ၃–ရက်ခန့် ဖြစ်စေ, ကြာမြင့်မှ ရင့်သန်တတ်လေသည်။ ဤဉာဏ် ဖြစ်ပေါ်စမရင့်သေးမီ၌ အဘိဏှသမ္ပဋိပီဠနတော ဒုက္ခမတော စသည်တို့နှင့်အညီ သင်္ခါရတို့၏ သာယာဘွယ်မရှိသည့်, မခံသာသည့် သဘောတို့ကို အထူးထင်ရှားစွာ တွေ့ရခြင်းကြောင့်၎င်း၊ သင်္ခါရပေက္ခာကဲ့သို့ ညီမျှစွာ မရှုနိုင်သေးသောကြောင့်၎င်း၊ မှတ်သိမှုက ကောင်းနေပါလျက်၊ ‘မကောင်းဘူး’ ဟူ၍သာ ထင်တတ်၏၊ အားမရနိုင်ဘဲ ရှိတတ်၏။ ဤဉာဏ် ရင့်သောအခါ၌ကား မှတ်သိမှု အထူးကောင်းလာသည်ဟု ထင်ရ၏။ ဥဒယဗ္ဗယဉာဏ်၌ ဥပက္ကိလေသနှင့် ရောသောဉာဏ်, ဥပက္ကိလေသမှ လွတ်သော ဉာဏ်အားဖြင့် ၂–ပိုင်း ကွဲသကဲ့သို့၊ ဤပဋိသင်္ခါဉာဏ်၌လဲ မခံသာမှုတို့နှင့် ရောပွမ်း၍ အားရလောက်အောင် မှတ်သိမှု မကောင်းသေးသော ဉာဏ်, မခံသာမှု ကင်း၍ အားရလောက်အောင် သွက်လက်စွာ မှတ်သိမှု ကောင်းသော ဉာဏ်, အားဖြင့် ၂–ပိုင်း ကွဲပြား၏။ ထို့အတူပင် ဘင်္ဂဉာဏ်၌လဲ ဖွာကျဲကျဲဖြစ်၍ အားရလောက်အောင် မကောင်းသေးသော ဉာဏ်, စီးစီးပိုင်ပိုင် မှတ်၍ ကောင်းသော ဉာဏ်, အားဖြင့် ၂–ပိုင်းပင် ကွဲပြား၏။

သင်္ခါရုပေက္ခာဉာဏ် ... ပဋိသင်္ခါဉာဏ် အပြည့်အစုံ ရင့်သန်သောအခါ၌ကား ဖြစ်ပျက်ဆဲ သင်္ခါရအာရုံကို မှတ်မိစေရန်လဲ အထူးကြောင့်ကြမစိုက်ရပြီ၊ မှတ်မိတိုင်းသော သင်္ခါရအာရုံ၏ အပျက်လက္ခဏာနှင့်, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတပါးပါးကို ထင်ရှားသိရန်လဲ အထူးကြောင့်ကြမစိုက်ရတော့ပြီ။ သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ–ဟူသည်နှင့်အညီ၊ သူ့အလိုလိုပင် မှတ်သိလျက် မှတ်သိလျက် နေသကဲ့သို့၊ မှတ်သိမှုသည် အရှိန်ကောင်းလျက် ကြာမြင့်စွာ ဖြစ်၏။ မှတ်ချက်တိုင်း၌ အပျက်လက္ခဏာ, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတပါးပါးကို ရှင်းလင်းထင်ရှားစွာ သိလျက် သိလျက်ရှိ၏။ ဝိသုဒ္ဓိမဂ်၌ သင်္ခါရုပေက္ခာဉာဏ် အရာတွင်ပြအပ်သော ဒွိကောဋိက ရုပ်ပုံ စသည်တို့နှင့်ညီစွာလဲ အသိဉာဏ်ဖြစ်ပေါ်၏။ ရှေးဉာဏ်များ ဖြစ်ခိုက်ကကဲ့သို့၊ သင်္ခါရတို့၌ အပြစ် မြင်ခြင်း, ငြီးငွေ့ခြင်း, လွတ်လို၍ ဆင်ခြင်ခြင်း, အမှတ် မကောင်းဘူးထင်၍ အားမရခြင်းများ လုံးဝ မရှိတော့ပြီ၊ သင်္ခါရဝတ္ထု ပစ္စည်း တစုံတခုပျက်စီးမည်ကြောင့် စိုးရိမ်ကြောင့်ကြမှုလဲ မရှိပြီ၊ ဘယဉာဏ်အလိုအားဖြင့် ကြောက်ရွံ့မှုလဲ မရှိပြီ။ စိတ်သည် အလွန်ပင် သန့်ရှင်းကြည်လင်၏၊ ဘယ်တော့ကမှ မတွေ့ကြုံဘူးသော ချမ်းသာကို တွေ့ရသည်ဟုထင်ရ၏။ သို့သော်, ထိုမျှလောက် ထူးကဲသော စိတ်, ကြည်လင်ချမ်းသာသောစိတ်ကိုလဲ ဥဒယဗ္ဗယဉာဏ် ဖြစ်ခါစကလို အလွန်အကဲသာယာခြင်းကား မရှိပေ၊ ထိုအခါကလို အလွန်အကဲ ဝမ်းသာခြင်းလဲမဖြစ်ပေ။ ငြိမ်သက်သိမ်မွေ့သော မှတ်သိမှုသည်သာလျှင် အစဉ်မပြတ် တသမတ်ထည်း ကြာမြင့်စွာဖြစ်လျက် ရှိပေ၏။ ထိုအခါ၌ အထူး ကြောင့်ကြမစိုက်ရ

တော့ဘဲ သူ့အလိုလိုပင် အစဉ်မပြတ် သိလျက် သိလျက် သိမ်မွေ့စွာဖြစ်နေသော အသိဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် ပေတည်း။

ဇဝမေဝါယံ သဗ္ဗသင်္ခါရေတိ မုစ္စိတုကာမော ဟုတွာ ပဋိသင်္ခါနုပဿနာယ သင်္ခါရေ ပရိဂ္ဂဏှန္တော "အဟံ မမာ" တိ ဂဟေတဗ္ဗံအဒိသွာ ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သဗ္ဗသင်္ခါရေသု ဥဒါသိနော ဟောတိမဇ္ဈတ္တော၊ တဿ ဧဝံ ဇာနတော ဧဝံ ပဿတော တီသု ဘဝေသု စတူသု ယောနီသု ပဉ္စသု ဂတီသု သတ္တသု ဝိညာဏဋ္ဌိတီသု နဝသု သတ္တာဝါသေသု စိတ္တံ ပဋိလီယတိ ပဋိကုဋ္ဋတိ ပဋိဝတ္တတိ နသမ္ပသာရိယတိ၊ ဥပေက္ခာ ဝါ ပါဋိကူလျတာ ဝါ သဏ္ဌာတိ။ ဣစ္စဿ သင်္ခါရုပေက္ခာဉာဏံ နာမ ဥပ္ပန္နံ ဟောတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၉၄)

ဇဝမေဝ၊ ကြီးမားသော အပြစ်ကို တွေ့ရ ခြင်းကြောင့်၊ အလွန် ချစ်ခင် မြတ်နိုးအပ်သော မယားကို အာလယပြတ် စွန့်ကွာပြီးသည်မှ နောက်ကာလ၌ တစုံတယောက်သော ယောကျာ်းနှင့် တစုံတရာ ပြုလုပ်နေသည်ကို တွေ့မြင်ရသော်လဲ စိတ်ဆိုးခြင်း, မခံနိုင်ခြင်း နှလုံးမသာခြင်း, မရှိမူ၍၊ အမှတ်မပြု လျစ်လျူရှုသော ယောကျာ်း၏ဖြစ်ပုံနှင့် အတူပင်လျှင်။ (ဥဒါသိနော မဇ္ဈတ္တော-၌ စပ်လေ)။ အယံ၊ ဤယောဂီသည်။ သဗ္ဗသင်္ခါရေဟိ မုစ္စိတုကာမော ဟုတွာ၊ သင်္ခါရအလုံးစုံတို့မှ လွတ်လိုသည်ဖြစ်၍။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ပဋိသင်္ခါနုပဿနာယပရိဂ္ဂဏှန္တော၊ တဖန် ရှုမှုပဋိသင်္ခါဉာဏ်ဖြင့် သိမ်းဆည်းရှုမှတ်လတ်သော်။ အဟံ မမာတိ ဂဟေတဗ္ဗံ အဒိသွာ၊ ငါဘဲ, ငါ့ဥစ္စာဘဲ, ဟု ယူဆ ထင်မှတ်ဖွယ်ကို မတွေ့ရသောကြောင့်။ ဘယဉ္စ၊ လျစ်လျူမရှုနိုင်ပါက, သင်္ခါရဝတ္ထုတို့၏ ပျက်စီးမှုနှင့်စပ်၍ ဖြစ်ပေါ်တတ်သော ကြောက်ရွံ့စိုးရိမ်ခြင်း, ဘယဉာဏ် အလိုအားဖြင့်ဖြစ်ပေါ်သော ကြောက်ခြင်း,ကိုငင်း။ နန္ဒိဉ္စ၊ လျစ်လျူ မရှုနိုင်ပါက, ပြည့်စုံကောင်းစားမှုနှင့်စပ်၍ ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်း, ရှုမှတ်၍ ကောင်းခြင်းကြောင့် ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်းကိုငင်း။ ဝိပ္ပဟာယ၊ ပယ်၍။ (အထူးကြောင့်ကြစိုက်၍ ပယ်ရသည်ကားမဟုတ်ပေ၊ မဖြစ်ပေါ်လာဘဲအလိုလို ကင်းနေသည်ကိုသာ ဆိုလိုပေသည်)။ သဗ္ဗသင်္ခါရေသု၊ ရှုမှတ်မိ, ဆင်ခြင်မိသော သင်္ခါရ အလုံးစုံတို့၌။ ဥဒါသိနော၊ ချစ် ကြောက်ကင်းပ အမျှ သိမှု လျစ်လျူရှုသည်။ မဇ္ဈတ္တော၊ ကြောက် ချစ် ကင်းကွယ် အလယ်အလတ် သဘော ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ ဇာနတော ဧဝံ ပဿတော တဿ၊ ဤသို့ သိမြင်သော ထိုယောဂီအား။ တီသု ဘဝေသု-ပေ-နဝသု သတ္တာဝါသေသု၊ ဘဝ ၃-ပါး, ယောနိ ၄-ပါး, ဂတိ ၅-ပါး ဝိညာဏဋ္ဌိတိ ၇-ပါး, သတ္တာဝါသ ၉-ပါးတို့၌။ စိတ္တံ၊ စိတ်သည်။ ပဋိလီယတိ၊ ရှောင်ကွယ်သကဲ့သို့ တွန့်၏။ ပဋိကုဋ္ဋတိ၊ ကြုံ့၏။ ပဋိဝတ္တတိ၊ ပြန်ဆုတ်၏။ န သမ္ပသာရိယတိ၊ မပြန့်မသွား။ ။ (န သမ္ပသာရိယတိ-ကား ကမ္မကတ္တား-ပုဒ်တည်း။ ထိုသို့သောကာလ၌ အာရုံများစွာကို ဖြန့်၍မှတ်လိုသော်လဲ, ဖြန့်၍မရတော့ပြီ၊ သူ့အလိုလိုသာလျှင် အရှိန်ကောင်း၍, မှတ်သိမြဲသာ မှတ်သိလျက် မှတ်သိလျက်ရှိ၏။ ရပ်ဆိုင်း၍, ဘဝ စသည်ကို ဆင်ခြင်ကြည့်လျှင်လဲ, ဘယ်လို ချမ်းသာကောင်းစားတဲ့ အာရုံပင် ဖြစ်စေကာမူ, စိတ်သည် တွန့်ဆုတ်လေးဖင့်လျက်ရှိ၏၊ မြိန်မြိန် ရှက်ရှက် စိတ်ဝင်စားခြင်း မရှိပြီ။ ကြာမြင့်စွာလဲ မဆင်ခြင် မစဉ်းစားနိုင်၊ မှတ်သိမှုသို့သာလျှင် ပြန်၍ ပြန်၍ ရောက်၏၊ ဤသို့သော စိတ် ဖြစ်ပုံကို ဆိုလို၏)။ ။ဥပေက္ခာ ဝါ၊ အမျှသိမှု လျစ်လျူရှုခြင်းသည်သော်ငင်း။ ပါဋိကူလျတာ ဝါ၊ စက်ဆုတ်ဖွယ် မနှစ်သက်ဖွယ်၏ အဖြစ်သည်သော်ငင်း။ သဏ္ဌာတိ၊ မှတ်သောစိတ်, ဆင်ခြင်သောစိတ်၌ ကောင်းစွာတည်၏။ ဣတိ၊ ဤသို့ဖြစ်လတ်သော်။ အဿ၊ ဤယောဂီအား။ သင်္ခါရုပေက္ခာဉာဏံ နာမ၊ သင်္ခါရုပေက္ခာ မည်သော ဉာဏ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်၏။

(ဤအရာ၌ ဒွိကောဋိက ရှုမြင်ပုံ စသည်ကိုလဲ ဗဟုသုတ အလို့ငှါ ထုတ်ပြဦးအံ့။)

ဒွိကောဋိက ရှုမြင်ပုံ ... ပုန စ ပရံ ဘိက္ခုဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါတိ-ဥပရိပံ အာနေဉ္စသပ္ပါယသုတ် စသည်နှင့်အညီ နှစ်ဖို့နှစ်စွန်းအားဖြင့် ဆိတ်သည်ဟု ရှုမြင်ပုံကို ဝိသုဒ္ဓိမဂ်၌ ထုတ်ပြ၏။

ထိုပါဠိ၏ အနက်ကား ... ဘိက္ခုဝေ၊ ရဟန်းတို့။ ပုန စ ပရံ၊ တဖန် ရှုမြင်ပုံ တမျိုးကား။ အရိယသာဝကော၊ အရိယာဖြစ်သောတပည့်သည်။ ဝါ၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ယောဂီသည်။ ဣတိပဋိသဉ္စိက္ခတိ၊ ဤသို့ ရှုမြင်၏။ ဣဒံ၊ ဤနာမ်ရုပ်သည်။ အတ္တေန ဝါ သုညံ၊ အတ္တကောင်၏အဖြစ်=ငါကောင်၏အဖြစ်မှလဲ ကင်းဆိတ်၏။ အတ္တနိယေန ဝါ သုညံ၊ ငါကောင်၏ ဥစ္စာ အဖြစ်မှလဲ ကင်းဆိတ်၏။ ဣတိ၊ ဤသို့ရှုမြင်၏။ ။(စက္ခု ခေါ အာနန္ဒ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါတိ ဧဝမာဒီသု အတ္တဘာဝေန ဝါ အတ္တနိယဘာဝေန ဝါတိ အတ္ထော။ ဣတရထာ ဟိစက္ခု အတ္တာ ဝါအတ္တနိယံ ဝါ တိ အပ္ပဋိသိဒ္ဓမေဝ သိယာ-ဟူသောရတနသုတ်အဖွင့် ခုဒ္ဒကပါဌ အဋ္ဌကထာကိုမှီ၍ ဘာဝတ္ထနှင့်တကွ အနက် သမ္ဗန်လိုက်သည်)။

ယောဂီသည် မှတ်ခိုက် ဆင်ခြင်ခိုက်၌ မှတ်မိ ဆင်ခြင်မိတဲ့ ရုပ်နာမ်ကို "အလိုအတိုင်း ပြီးစေနိုင်ခြင်း, အလိုအတိုင်း ဖြစ်ခြင်း,ဟူသော ငါကောင်၏အဖြစ်မှလဲ ကင်းဆိတ်သည်=ငါကောင်လဲ မဟုတ်ဟူ၍ငင်း၊ ငါကောင်၏ဥစ္စာ အဖြစ်မှလဲ ကင်းဆိတ်သည်=ငါကောင်နှင့်လဲ မဆိုင်သော သဘောတရားမျှသာဟူ၍ငင်း" ထင်မြင်သဘောကျ၏၊ ဤသို့ထင်မြင်လျှင် ဒွိကောဋိက ရှုမြင်ပုံနှင့် ညီညွတ်ပြီဟု သိအပ်၏။ ဤနှစ်ဖို့တို့တွင် ငါကောင်ရှိသည်ဟု ထင်မှသာလျှင်, ငါကောင်နှင့်ဆိုင်သော ဥစ္စာရှိသည်ဟူ၍လဲ ထင်နိုင်သည်။ ငါကောင်မျှပင်မရှိဟု ထင်မြင်နေလျှင်ကား၊ ငါ၏ဥစ္စာဟု မထင်နိုင်တော့ပြီ။ သို့ဖြစ်၍, ငါကောင်

မဟုတ်၊ ငါကောင်မရှိဟု ကောင်းစွာသိမြင်လျှင်, ငါ၏ဥစ္စာမဟုတ်၊ ငါ၏ဥစ္စာမရှိဟု ဒုတိယအဖို့အားဖြင့် ရှုမြင်ခြင်းလဲ ပြီးစီးတော့သည် သာတည်း။

စတုက္ကောဋိက ရှုမြင်ပုံ … ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဥ္စိက္ခတိ နာဟံ ကွစနိ, ကဿစိ ကိဉ္စနတသ္မိံ၊ န စ မမ ကွစနိ, ကိသ္မိဥ္စိ ကိဉ္စနတတ္ထိတိ–ဤ အာနေဉ္စသပ္ပါယသုတ် စသည်နှင့်အညီ စတုက္ကောဋိက ရှုမြင်ပုံကိုလဲဝိသုဒ္ဓိမဂ်၌ ထုတ်ပြ၏။

ထိုပါဠိ၏ အနက်ကား … ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ ပရံ၊ တဖန် ရှုမြင်ပုံတမျိုးကား။ အရိယသာဝကော၊ အရိယာသာဝကသည်။ ဝါ၊ မြတ်စွာဘုရား၏ တပည့် ဖြစ်သော ယောဂီသည်။ ဣတိ ပဋိသဥ္စိက္ခတိ၊ ဤသို့ ရှုမြင်၏။ အဟံ၊ ငါကောင်သည်။ ကွစနိ န အသ္မိ၊ ဘယ်အရပ်မှာမျှ မရှိ၊ ဘယ်ကာလမှာမျှ မရှိ၊ ဘယ်တရားထဲမှာမျှ မရှိ။ အဟံ၊ ငါသည်။ ကဿစိ၊ တစုံတယောက်၏။ ကိဉ္စနတာ–ကိဉ္စနတာယ၊ ကြောင့်ကြဘွယ်၏ အဖြစ်၌။ န အသ္မိ၊ ဖြစ်နေသည် မဟုတ်။ ။

(အဓိပ္ပါယတ္ထ ဖွင့်ပြသော ဆိုင်ရာ အဋ္ဌကထာ ဋီကာတို့ကိုင်း၊ ကိဉ္စနံ ဝုစ္စတိပလိဗောဓော၊ သော န ဟောမိ–ဟူသော တိကင်္ဂုတ္တရ အဋ္ဌကထာကိုင်း၊ မှီ၍ သဒ္ဒတ္ထကျနစွာ ပြန်အပ်သော အနက်ပေတည်း။ ။ ကိဉ္စနာတိ ကောစိ အပ္ပမတ္တကော–ဟူသော ပဥ္စင်္ဂုတ္တရ အဋ္ဌကထာနှင့်အညီ ကိဉ္စန–ပုဒ်ကို အ.သာကလျာတ္တနိပါတ်ပုဒ်–ဟူ၍ငင်း၊ တသ္မိ–၌ တ–ကို အာဂုံ–ဟူ၍ ငင်း၊ ယူ၍ … "အဟံ၊ ငါသည်။ ကဿစိ၊ တစုံတယောက်၏။ ကိဉ္စန န အသ္မိ၊ တစုံတခုမျှ မဖြစ်။ ဘာမျှ မဟုတ်၊ ဘာမျှ မဆိုင်" … ဟူသော ဤအနက်ကိုလဲ ယူသင့်သေး၏။)

ပရော စ၊ သူတပါးသည်လည်း။ ကွစနိ န အတ္ထိ၊ ဘယ်အရပ်မှာမျှမရှိ၊ ဘယ်ကာလမှာမျှ မရှိ၊ ဘယ်တရားထဲမှာမျှ မရှိ။ သော၊ ထိုသူတပါးသည်။ ကိသ္မိဥ္စိ၊ တစုံတခုသော အရာ၌။ မမ ကိဉ္စနတာ–ကိဉ္စနတာယ၊ ငါ၏ ကြောင့်ကြဘွယ်အဖြစ်၌။ န အတ္ထိ၊ ရှိသည် မဟုတ်ဖြစ်နေသည် မဟုတ်။ ။

(ပရဿအတ္တာကိုထည့်၍ငင်း၊ မမ–ပုဒ်ကို နောက်အပိုဒ်၌သာယှဉ်၍ငင်း အဓိပ္ပါယတ္ထအားဖြင့်ဖွင့်ပြသော အဋ္ဌကထာနှင့်အညီ သဒ္ဒတ္ထကျနစွာ ယောဇနာအပ်သော အနက်ပေတည်း။ ။ဤအရာ၌လဲ ကိဉ္စန–ပုဒ်, တ – အာဂုံ, ယူ၍… "သော၊ ထိုသူတပါးသည်။ ကိသ္မိဥ္စိ၊ တစုံတခုသော အကြောင်းကြောင့်မျှ။ မမ ကိဉ္စန၊ ငါ၏ ဥစ္စာ တစုံတရာမျှ=ငါနှင့် တစုံတရာမျှ စပ်ဆိုင်သူသည်။ န အတ္ထိ၊ မဖြစ်။ ငါနှင့် ဘာမျှ စပ်ဆိုင်သူ မဟုတ်" … ဟူသော ဤအနက်ကိုလဲ ယူသင့်သေး၏)။

အဓိပ္ပါယ်ကား … ထိုအခါ၌၊ ယောဂီသည် မှတ်တိုင်း မှတ်တိုင်း ပျက်သွားတဲ့ သဘောမျှကိုသာ တွေ့ရ၏။ အလိုအတိုင်း ပြီးစေနိုင်သော အတ္တကောင်=ငါကောင်ကိုကား မတွေ့ရချေ။ ထို့ကြောင့် 'အတ္တကောင်=ငါကောင်သည် ကိုယ်တွင်းမှာလဲမရှိ၊ ကိုယ်ပမှာလဲမရှိ၊ ဘယ်အရပ်မှာမျှမရှိ။ ရှေးကလဲမရှိ၊ ယခုလဲမရှိ၊ နောင်လဲမရှိ၊ ဘယ်ကာလမှာမျှမရှိ။ ရုပ်ထဲမှာလဲမရှိ၊ နာမ်ထဲမှာလဲမရှိ၊ သွားမှုရပ်မှု ထိုင်မှုအိပ်မှု ကွေးမှုဆန့်မှုစသော ကိုယ်အမူအရာထဲမှာလဲမရှိ၊ မြင်မှုကြားမှု ထိသိမှုကြံမှုစသော စိတ်အမူအရာထဲမှာလဲမရှိ၊ အကောင်းအဆိုး ခံစားမှုအမျိုးမျိုးထဲမှာလဲမရှိ၊ မှတ်သားမှု အမျိုးမျိုးထဲမှာလဲမရှိ၊ အားထုတ် ပြုပြင်မှု အမျိုးမျိုးထဲမှာလဲမရှိ၊ ဘယ်တရားထဲမှာမျှ ငါကောင်မရှိ"ဟု ပိုင်ပိုင်နိုင်နိုင် သိမြင်သဘောကျ၏။ ဤသို့ သိမြင်ခြင်းသည်လည်း၊ တခုသော အဖို့အားဖြင့်၊ အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ ပဌမ အဖို့အားဖြင့် ရှုမြင်ပုံ ပြီး၏။

ထို့ပြင် မှတ်ခိုက်မှာ ဖြစ်စေ, မှတ်သိမှုသို့ အစဉ်လိုက်၍ ဆင်ခြင်ခိုက်မှာ ဖြစ်စေ, "သည်လို ပျက်နေတဲ့ သဘောမျှသာရှိသည်၊ ငါကောင် သတ္တဝါကောင်ကား မရှိဟူ၍ မသိကြတဲ့အတွက် 'ငါ့အဘဘဲ, ငါ့သားဘဲ, ငါ့အစ်ကိုဘဲ, ငါ့ညီဘဲ, ငါ့တူဘဲ' စသည်ဖြင့် သူများက ငါ့အပေါ်မှာစွဲလမ်းလျက် ကြောင့်ကြစိုက်နေကြပေသည်၊ အမှန်အားဖြင့်မူကား ထိုကဲ့သို့ သူတပါးက ကြောင့်ကြစိုက်ဖွယ်ဖြစ်သော ငါကောင်ကားမရှိပေ"ဟူ၍လဲ သိမြင်သဘောကျ၏။ ဤသို့ သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။

(ကိဉ္စန–ပုဒ်ယူ၍ အနက်ပြန်ရာ၌ "တစုံတယောက်သော သူတပါး၏ အဘ' သား, အစ်ကို, ညီ, တူ, စသည်ဖြစ်သော ငါကောင်ဟူသည်မှာ တစုံတခုမျှ မရှိပါတကား၊ ဘာမျှ မရှိပါတကား၊ သူတပါးနှင့် ငါဟာ ဘာမျှ မစပ်မဆိုင်ပါတကား"ဟု သိမြင်သည်–ဟူ၍ အဓိပ္ပါယ်ယူလေ)။ ဒုတိယ အဖို့အားဖြင့် ရှုမြင်ပုံ ပြီး၏။

ထို့ပြင် သူတပါး၏အဆင်းကို မြင်ခိုက်, အသံကို ကြားခိုက် စသည်၌ မှတ်၍ ဖြစ်စေ, မှတ်သိမှုသို့ အစဉ်လိုက်ကား ဆင်ခြင်၍ဖြစ်စေ, ဤသို့သိမြင်၏။ ပုံကား…"သူတပါးဟု ခေါ်အပ်သော အတ္တကောင်=သတ္တဝါကောင်သည် ကိုယ်တွင်းမှာလဲမရှိ၊ ကိုယ်ပမှာလဲမရှိ၊ ဘယ်အရပ်မှာမျှမရှိ။ ရှေးကလဲမရှိ၊ ယခုလဲမရှိ၊ နောင်လဲမရှိ၊ ဘယ်ကာလမှာမျှမရှိ။ ရုပ်ထဲမှာလဲမရှိ၊ နာမ်ထဲမှာလဲမရှိ၊ မြင်ရတဲ့အဆင်းထဲမှာလဲမရှိ၊ ကြားရတဲ့အသံ စသည်ထဲမှာလဲမရှိ၊ ဘယ်တရားထဲမှာမျှ သူတပါး အကောင်

မည်သည်မရှိ”ဟု ပိုင်ပိုင်နိုင်နိုင် သိမြင်သဘောကျ၏။ ဤသို့သိမြင်ခြင်းသည်လည်း တခုသောအဖို့အားဖြင့် အတ္တမှကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ တတိယအဖို့အားဖြင့် ရှုမြင်ပုံ ပြီး၏။

ထို့ပြင် “သည်လို ပျက်နေတဲ့ သဘောမျှသာ ရှိသည်၊ အတ္တကောင် သတ္တဝါကောင်ကား မရှိ”ဟူ၍ ရှေးက မသိခဲ့တဲ့ အတွက် “ငါ၏ကြောင့်ကြ စိုက်ဖွယ် ဖြစ်သော အမိ, အဘ, အစ်ကို, ညီ သား, သမီး, စသော သူတပါး အကောင်အထည်သည် တကယ်ပင် ရှိနေသည်”ဟု ထင်မှတ်ခဲ့မိပေသည်၊ “အမှန်အားဖြင့်မူကား ယခုလိုပျက်နေတဲ့ သဘောမျှသာ ရှိပါတကား၊ ငါ၏ ကြောင့်ကြစိုက်ဖွယ်ဖြစ်သော သူတပါးအကောင်အထည်မည်သည်၊ ဘာမျှမရှိပါတကား”ဟူ၍လဲ သိမြင်သဘောကျ၏။ ဤသို့ သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။

(ကိဉ္စန-ပုဒ် ဟုယူ၍ အနက်ပြန်ရာ၌၊ “ငါနှင့်စပ်ဆိုင်သော သူတပါး အကောင်အထည်မည်သည်မှာ၊ဘယ်အကြောင်း ကြောင့်မျှမရှိ၊ တစုံတရာ အနည်းငယ်မျှမရှိ”ဟု သိမြင်သည်ကိုယူလေ)။ စတုတ္ထ အဖို့အားဖြင့် ရှုမြင်ပုံ ပြီး၏။

အကျဉ်းအားဖြင့်ကား ... “အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင်လဲ မရှိ၊ သူတပါးကောင်လဲ မရှိ၊ ငါနှင့် ဆိုင်တဲ့ သူတပါးလဲ မရှိ၊ သူတပါးနှင့်ဆိုင်တဲ့ ငါလဲမရှိ”ဟူ၍ သိမြင်သဘောကျခြင်းသည် လေးပါးသော အဖို့အစွန်းအားဖြင့်၊ အတ္တကောင်မှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ ဤ အဖို့လေးပါးတို့တွင်လဲ၊ ‘ငါကောင်မရှိ’ဟု ပိုင်နိုင်စွာ သိမြင်သဘောကျခြင်းသည်သာ လျှင် လိုရင်းပဓာနပေတည်း။ အဘယ်ကြောင့်နည်း ဟူမူ ... မျက်မှောက်သိအားဖြင့် ‘ငါကောင် မရှိ’ဟု ပိုင်နိုင်စွာ သိမြင်လျှင်၊ “ငါကောင်မရှိသလိုပင်, သူတပါးကောင်လဲမရှိ၊ ငါနဲ့ဆိုင်တဲ့ သူတပါးလဲမရှိ၊ သူတပါးနှင့်ဆိုင်တဲ့ ငါလဲမရှိ”ဟူ၍၊ လွယ်ကူစွာ ပင် ပိုင်းခြား ဆုံးဖြတ်နိုင်သောကြောင့် ပေတည်း။

ဆအာကာရ ရှုမြင်ပုံ ... ဆအာကာရ ရှုမြင်ပုံ စသည်တို့ကို၊ နိဒ္ဒေသ ပါဠိတော်မှ ထုတ်ဆောင်၍၊ ဝိသုဒ္ဓိမဂ်၌ ပြ၏။ ၎င်းတို့ ကို၊ ဤကျမ်း၌၊ ပါဠိအနက် တွဲလျက်ပြအံ့။

စက္ခု၊ မျက်စိသည်။ အတ္တေန ဝါ သုညံ၊ ငါကောင်၏ အဖြစ်မှလဲ ဆိတ်၏။ အတ္တနိယေန ဝါ သုညံ၊ ငါ့ဥစ္စာ, ငါပိုင် အဖြစ်မှလဲ ဆိတ်၏။ နိစ္စေန ဝါ သုညံ၊ မြဲသည့် အဖြစ်မှလဲ ဆိတ်၏။ ဓုဝေန ဝါ၊ ခိုင်သည့်အဖြစ်မှလဲ ဆိတ်၏။ သဿတေန ဝါ၊ ထာဝရ ရှိနေသည့် အဖြစ်မှလဲ ဆိတ်၏။ အဝိပရိဏာမဓမ္မေန ဝါ သုညံ၊ မပြောင်းမလဲ ပင်ကိုအတိုင်းတည်မြဲ တည်သည့် အဖြစ်မှလဲ ဆိတ်၏။ ဣတိ။ ဤသို့ ရှုမြင်၏။

(ဤကား စက္ခုဒွါရ၌ ရှုမြင်ပုံပေတည်း၊ ကြွင်းသော ဒွါရ အာရုံဝိညာဏ် ဖဿဝေဒနာ စသည်တို့၌လဲ၊ ရှုမြင်ပုံမှာ နည်းတူပင်တည်း)။

အဓိပ္ပါယ်ကား ... မြင်ခိုက် မြင်ခိုက်၌ မှတ်လျက်၊ “မြင်မှု၏ မှီရာဖြစ်သော၊ ကြည်လင်တဲ့ မျက်စိရုပ်သည်၊ အလိုအတိုင်း ဖြစ်ခြင်း ဟူသော ငါကောင်၏ အဖြစ်မှလဲ ဆိတ်၏၊ ငါကောင်လဲ မဟုတ်။ ငါကောင်၏ အစိတ်အပိုင်း အဖြစ်မှလဲ ဆိတ်၏၊ ငါ့ဥစ္စာလဲမဟုတ်။ မြဲခြင်းမှလဲ ဆိတ်၏၊ မြဲလဲ မမြဲ။ ခိုင်လဲမခိုင်။ ထာဝရလဲရှိနေသည် မဟုတ်။ ပင်ကိုအတိုင်းလဲ မတည်”ဟု သိမြင် သဘောကျ၏။ ကြားခိုက် စသည်မှာ မှတ်လျက်၊ နားရုပ် စသည်၌ သိမြင်ပုံကိုလဲ၊ နည်းမှီး၍ ချဲ့ပါလေ။ ဤရှုမြင်ပုံ၌၊ နိစ္စ ဓုဝ သဿတ အ ဝိပရိဏာမဓမ္မ ဟူသော ဤလေးပုဒ်တို့သည်၊ ဝေါဟာရ သဒ္ဒါမျှသာ ထူးကုန်၏။ လိုရင်း အနက် အားဖြင့်ကား တူကုန်သည် သာတည်း။ အခြင်းအရာ ၆-မျိုးဖြင့် အတ္တမှ ဆိတ်သည်ကို ရှုမြင်ပုံ ပြီး၏။

အဋ္ဌအာကာရ ရှုမြင်ပုံ ... ရူပံ၊ ရုပ်သည်။ နိစ္စသာရ သာရေန ဝါ၊ မြဲတဲ့အနှစ် ဟူသော အနှစ်အားဖြင့်လဲ။ အ သာရံ နိဿာရံ သာရာပဂတံ၊ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။ ဓုဝသာရ သာရေန ဝါ၊ ခိုင်တဲ့အနှစ်ဟူသော အနှစ်အားဖြင့်လဲ၊ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။ သုခသာရ သာရေန ဝါ၊ ချမ်းသာတဲ့အနှစ်ဟူသော အနှစ်အားဖြင့်လဲ၊ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။ အတ္တသာရ သာရေန ဝါ၊ ငါကောင်အနှစ်ဟူသော အနှစ်အားဖြင့်လဲ၊ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။ နိစ္စေနဝါ၊ မြဲခြင်းအနှစ်အားဖြင့်လဲ၊ အနှစ်မဟုတ်, အနှစ်မရှိ၊ အနှစ်မှကင်း၏။ ဓုဝေန ဝါ၊ ခိုင်ခြင်း အနှစ် အားဖြင့်လဲ၊ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။ သဿတေန ဝါ၊ ထာဝရရှိခြင်း အနှစ်အားဖြင့်လဲ၊ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။ အဝိပရိဏာမဓမ္မေန ဝါ၊ ပင်ကိုအတိုင်း တည်တံ့ခြင်း အနှစ်အားဖြင့်လဲ၊ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။ ဣတိ၊ ဤသို့ ရှုမြင်၏။

(ဤသည်ကား၊ ရုပ်ခန္ဓာ၌ အခြင်းအရာ ရှစ်ပါးတို့ဖြင့် ဆိတ်သုဉ်းသည်ကို ရှုမြင်ပုံပေတည်း။ နာမ်ခန္ဓာ ၄-ပါးနှင့် ဒွါရအာရုံ ဝိညာဏ်ဖဿ ဝေဒနာစသည်တို့၌လဲရှုမြင်ပုံမှာ နည်းတူပင်တည်း။ ဤရှုပုံ၌၊ နိစ္စသာရ ဓုဝသာရ နိစ္စ ဓုဝ သဿတ အဝိပရိဏာမ ဓမ္မ ဟူသော ဤ ၆-ပုဒ်သည် ဝေါဟာရမျှသာ ထူး၏)။

ဒသအာကာရ ရှုမြင်ပုံ ...ရူပံ၊ ရုပ်ကို။ ရိတ္တတော ပဿတိ၊ မြဲခြင်း, ကောင်းစားချမ်းသာခြင်း, တင့်တယ်ခြင်း, အစိုးပိုင်ခြင်း, တို့မှ ကင်းဆိတ်သည်ဟုမြင်၏။ တုစ္ဆတော၊ မြဲခြင်း, ကောင်းစား ချမ်းသာခြင်း, တင့်တယ်ခြင်း, အစိုးပိုင်ခြင်း, ဟူသော အနှစ်အသားမရှိသောကြောင့် အချည်းနှီးအသုံးမကျဟုမြင်၏။ ဝါ၊ ဘာအကောင်အထည် ဒြဗ်မျှမဟုတ် သေးနုတ်ယုတ်ညံ့သောကြောင့် အလကားသဘောတရားဟုမြင်၏။ သုညတော၊ အလိုအတိုင်းပြီးစေနိုင်တဲ့ ငါကောင်အနှစ်မှ ဆိတ်သုဉ်းသည် ဟု မြင်၏။ အနတ္တတော၊ အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင် မဟုတ်ဟု မြင်၏။ အနိဿရိယတော၊ အစိုးမရ ဟု မြင်၏။ အကာမကာရိယတော၊ အလိုအတိုင်း မပြီးစေနိုင်, အလိုမျှဖြင့် ပြီးစေနိုင်သော အမှုအရာမရှိ, ဟုမြင်၏။ ။(ရေမြုပ်စိုင်ဖြင့် ခွက်စသည် လုပ်လိုသောသူအား ထိုခွက် စသည်မပြီးစီးနိုင်သကဲ့သို့၊ ရုပ်တရားကို မြဲအောင် ကောင်းစား ချမ်းသာအောင် တင့်တယ်အောင် ငါကောင် ဖြစ်အောင် ပြုလိုသော သူအား ထို မြဲမှု ကောင်းစားချမ်းသာမှု တင့်တယ်မှု ငါကောင် ဖြစ်မှုသည် မပြီးစီးနိုင်ချေ။ ထို့ကြောင့်, ရုပ်သည် အကာမကာရိယ=အလိုရှိတိုင်း မပြုနိုင် မပြီးစေနိုင်ကောင်းသော တရားမည်၏။ တနည်းကား...ဆိုင်ရာ အကြောင်းများ ညီညွတ်မှသာ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ကွေးခြင်း ဆန့်ခြင်း ပူခြင်း အေးခြင်း မျက်စိ ကြည်ခြင်း စသော ရုပ်အမှုအရာတစုံတခု ဖြစ်ပေါ်နိုင်ပေသည်။ မိမိအလိုမျှဖြင့်ကား ထိုသို့သော ရုပ်အမှုအရာ တစုံတခုကိုမျှ မဖြစ်ပေါ်စေနိုင်ချေ။ ထို့ကြောင့်လဲ၊ ရုပ်သည် အကာမ ကာရိယ=အလိုမျှဖြင့် ပြီးစေနိုင်တဲ့ အမှုအရာ မရှိသော တရားမည်၏။ ဋီကာအဖွင့် အဓိပ္ပါယ်ချည်းပင်)။ ။အလဗ္ဘနီယတော၊ သည်လိုသာ ဖြစ်ပါစေ, ဟိုလိုတော့ မဖြစ်ပါစေနဲ့ဟု တောင့်တ၍ မရအပ် မရနိုင်ဟု မြင်၏။ အဝသဝတ္တနတော၊ အလိုအတိုင်းလဲမဖြစ်, အလိုအတိုင်းလဲ မဖြစ်စေနိုင်, ဟုမြင်၏။ ပရတော၊ စီမံခန့်ခွဲ၍ မရသောကြောင့် သူစိမ်းပြင်ပတရားဘဲ ဟုမြင်၏။ ဝိဝိတ္တတော ပဿတိ၊ အကြောင်းထဲမှာလဲ အကျိုးမရှိ, အကျိုးထဲမှာလဲ အကြောင်းမရှိ,သောကြောင့် အကြောင်းနှင့်အကျိုး အချင်းချင်းမှ ကင်းဆိတ်နေသည် ဟုမြင်၏။ ။(ကမ္မာဒိ ဝိယ, ကာရဏေဟိ ဖလေန စ ဝိဝိတ္တတော၊ န ဟိ ကာရဏေန ဖလံ, ဖလေန ဝါ ကာရဏံ သ ဂ ဗ္ဘံ တိဋ္ဌတိ=ကံနှင့်ဝိပါက်သည် "ကမ္မံနတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။ အညမညံ ဥဘောသုညာ၊ န စ ကမ္မံ ဝိနာ ဖလံ"ဟု ပြဆိုခဲ့သည့် အတိုင်းပင်၊ အချင်းချင်းမှ ကင်းဆိတ်နေသကဲ့သို့၊ အကြောင်းတို့မှရင်း၊ အကျိုးမှရင်း၊ အချင်းချင်း ကင်းဆိတ်နေသည် ဟုမြင်၏။ ဤကား အနက်၊ မှန်ပေ၏။ အကျိုးတရားသည် အကြောင်းတရားနှင့်တကွ ကိုယ်ဝန်ဆောင်လျက်, မြုံအောင်းလျက် တည်သည်လဲမဟုတ်ပေ။ ဋီကာဖွင့်ပေတည်း။ အဓိပ္ပါယ် ရှင်းလင်းစေရန် ပစ္စယပရိဂ္ဂဟဉာဏ် အရာ၌ ဂါထာ၏ အနက်ကို ပြန်ကြည့်ပါလေ။ ဝေဒနာ သညာ စသည်တို့၌လဲ ရှုမြင်ပုံမှာ နည်းတူပင်တည်း)။

နိဒ္ဒေသ ပါဠိတော်၌ကား ... အပိစ ဒသဟာကာရေဟိ သုညတော လောကံ အဝေက္ခတိ၊ ရူပံ ရိတ္တတော တုစ္ဆတော သုညတော အနတ္တတော အ.သာရကတော ဝဓကတော ဝိဘဝတော အဃမူလတော သာသဝတော သင်္ခတတော–ဤသို့ ဒသအာကာရ ရှုမြင်ပုံကို ပြလျက်ရှိ၏။ အဋ္ဌကထာ၌ပြအပ်သော အာကာရ ၁၀–ပါးတို့တွင်၊ အစ ၄–ပါးသာလျှင် ဤပါဠိတော်နှင့် ထပ်တူကျသည်၊ နောက် ၆–ပါးသည်ကား သဒ္ဒါအနက် ၂–မျိုးလုံးပင် ကွဲပြား ထူးခြားလျက် ရှိ၏။

အထူး မှတ်ဘွယ် ... ဤပါဠိတော်ကို ပင်မှီ၍ ဒသအာကာရရှုပုံကို ထုတ်ပြသော အဋ္ဌကထာ၌၊ ပါဠိတော်နှင့် ထပ်တူမဟုတ်ဘဲ၊ ထူးကွဲသော အာကာရတို့ကိုပြရာတွင်၊ ဤသို့သောအနက်ထူးကို မှတ်သားအပ်၏။ "ပါဠိ အဋ္ဌကထာတို့၌ ပြအပ်သော ရှုမြင်ပုံ အခြင်းအရာ ဟူသမျှကို၊ ပြသည့်အတိုင်း ကျက်မှတ်၍၊ အတိအကျရှုနိုင်မှ၊ ကိစ္စပြီးသည်လဲ မဟုတ်ပေ။ ထိုသို့ ကျက်မှတ်၍ အတိအကျရှုရန် ပြသည်လဲ မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့၌ အတွင်းဝင်သော ထို ပြအပ်သည့် အခြင်းအရာတို့တွင်၊ အခြင်းအရာ တပါးပါးဖြင့်ဖြစ်စေ, အခြင်းအရာများစွာတို့ဖြင့် ဖြစ်စေ, ကောင်းစွာထင်မြင် သဘောကျလျှင် ကိစ္စပြီးသည်ချည်းသာတည်း။ ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ ပါရမီဉာဏ်နှင့် အဇ္ဈာသယ စသည် အားလျော်စွာ ထင်မြင်ပုံ သိပုံများကို ပြဆိုခြင်းသာလျှင် ဖြစ်ပေသည်"ဟူသော ဤအနက်ထူးကို မြဲမြံစွာ မှတ်သားအပ်၏။

အတိအကျ ကျက်မှတ်၍ ရှုရန်ပြသည်ဟု ယူငြားအံ့၊ သို့ဖြစ်လျှင်, ဤအရာ၌၊ အဋ္ဌကထာနည်းအရ ရှုသောသူအား၊ ပါဠိတော်နည်းအရ အာကာရ ၁၀–ပါးလုံး မစုံလင်သောကြောင့်၊ ကိစ္စမပြီးဘဲ ရှိလေရာ၏။ ထိုသို့ ကိစ္စမပြီးနိုင်ပါက၊ပါဠိတော်နည်းမှ ထူးခြားသော အာကာရတို့ကို အဋ္ဌကထာ၌ မပြတန်လေရာ။ ယခုမှာ, ပြလဲ ပြလျက် ရှိပေ၏။ ထို့ကြောင့်, အတိအကျ ကျက်မှတ်၍ ရှုဆင်ခြင်ရန် ပြသောစကားများ မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား၊ ရှုမှတ်သော ယောဂီ၏ဉာဏ်မှာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်တတ်သော ထင်ပုံသိမြင်ပုံတို့ကိုသာ ပြသောစကားများ ဖြစ်ပေသည်ဟူ၍ ခိုင်မြဲစွာ မှတ်သားအပ်၏။

ဒွါဒသ အာကာရ ရှုမြင်ပုံ ... ရူပံ၊ ရုပ်သည်။ န သတ္တော၊ အတ္တ, အသက်, လိပ်ပြာ, ဝိညာဏ်ကောင်စသည်ဖြင့် ထင်မှတ်စွဲလမ်းအပ်သော သတ္တဝါ မဟုတ်။ န ဇီဝေါ၊ အသက်, လိပ်ပြာကောင် မဟုတ်။ န နရော၊ လူကောင် မဟုတ်။ န မာဏဝေါ၊ လုလင်ကောင် မဟုတ်။ န ဣတ္ထီ၊ မိန်းမကောင် မဟုတ်။ န ပုရိသော၊ ယောက်ျားကောင် မဟုတ်။ န အတ္တာ၊ အစိုးပိုင်သော ငါကောင် မဟုတ်။ န အဟံ၊ ငါမဟုတ်။ န အတ္တနိယံ၊ ငါကောင်၏ အစိတ်အပိုင်း ဥစ္စာ မဟုတ်၊ ငါကောင်နှင့် ဘာမျှ မဆိုင်။ န မမ၊ ငါ၏ အစိတ်အပိုင်း ဥစ္စာ မဟုတ်၊ ငါနှင့် ဘာမျှ မဆိုင်။ န အညဿ၊ သူတပါး၏ အစိတ်အပိုင်း ဥစ္စာမဟုတ်၊ သူတပါးနှင့် ဘာမျှမဆိုင်။ (နိဒ္ဒေသပါဠိတော်၌ကား၊ ဤအရာတွင်၊ "န ကောစိ–တစုံတယောက်မျှ မဟုတ်"ဟု ရှိ၏) န

ကဿစိ၊ တစုံတယောက်၏ အစိတ်အပိုင်း ဥစ္စာ မဟုတ်၊ တစုံတယောက်နှင့် ဘာမျှ မဆိုင်။ ဣတိ၊ ဤသို့ ရှုမြင်၏။ ။ (ဤသည်ကားရုပ်၌ ရှုမြင်ပုံတည်း။ ဝေဒနာ သညာ စသည်တို့၌လဲ ရှုမြင်ပုံမှာ နည်းတူပင်တည်း)။

ဤရှုမြင်ပုံ၌၊ န အဟံ–တိုင်အောင် ရေး (၈)ပုဒ်တို့သည်၊ "ဖြစ်ခြင်း ပျက်ခြင်း မရှိဘဲ ခန္ဓာအိမ်ထဲ၌ အမြဲ တည်ရှိနေသည်ဟူ၍၎င်း၊ သွားခြင်း ထိုင်ခြင်း ကွေးခြင်း ဆန့်ခြင်း မြင်ခြင်း စသည်ကို အလိုအတိုင်း ပြီးစေနိုင်သည်ဟူ၍၎င်း၊ ဤသို့ စသည်ဖြင့် ထင်မှတ်စွဲလမ်းအပ်သော" အတ္တ, အသက်, လိပ်ပြာ, ဝိညာဏ်ကောင်, သတ္တဝါကောင်ကိုသာ ပယ်မြစ်လို၍ ပြအပ်သောပုဒ်တို့ပေတည်း၊ လောက၌ ပြောဆိုရိုးမျှ ဖြစ်သော သတ္တဝါ စသည်ကိုကား ပယ်မြစ်လို၍ ပြအပ်သည် မဟုတ်ပေ။ န အတ္တနိယံ–စသော နောက်လေးပုဒ်တို့ဖြင့်လဲ ထိုအတ္တကောင်၏ အစိတ်အပိုင်းမဟုတ်၊ ထိုအတ္တကောင်နှင့် ဘာမျှမဆိုင်သည်ကိုသာ ပြလိုပေသည်။ လောက၌ ပြောဆိုရိုးမျှ ဖြစ်သော သူ့ ဥစ္စာ, ငါ့ ဥစ္စာ, သူ့ လက် ခြေ, ငါ့ လက် ခြေ, သူ့ သား သမီး, ငါ့ သား သမီး, ဤသို့စသော ဝေါဟာရကိုကား ပယ်မြစ်လိုသည်မဟုတ်ပေ။

အချို့က ဤသို့သော အဋ္ဌကထာစကားများကိုတွေ့ရ၍ ဤသို့ပြောဆိုကြ၏။ ဘုရားဟော ပါဠိတို့၌၊ သာမီ နိဝါသီ စသည်ဖြင့် စွဲလမ်းအပ်သော အတ္တကိုသာပယ်သည်၊ အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာ၌ကား၊ လူတို့၏ ပြောဆိုရိုးမျှဖြစ်သော မိန်းမယောကျ်ား သတ္တဝါစသည်တို့ကိုလဲ ပယ်မြစ်သည်၊ ထို့ကြောင့်, အဋ္ဌကထာသည် ပါဠိတော်နှင့် မညီဟူ၍ အပြစ်တင်လျက် ပြောဆိုကြကုန်၏။ အဋ္ဌကထာ၏မှီရာဖြစ်သော နိဒ္ဒေသ ပါဠိတော်၏ ရည်ရွယ်ချက်ကို မသိခြင်း, အဋ္ဌကထာဆရာ၏ အလိုကို မသိခြင်း, များကြောင့် အပြစ်တင်မှားခြင်း, ပြောဆို မှားခြင်းမျှသာတည်း၊ အမှန်အားဖြင့်သော်ကား အဋ္ဌကထာတို့၌၊ အနတ္တအရာတွင်ပြဆိုသော စကားဟူသမျှသည်၊ သာမီနိဝါသီစသည်ဖြင့် စွဲလမ်းအပ်သော ထိုအတ္တကိုသာ ပယ်မြစ်သည့် စကားချည်းသာတည်း။ ထို့ကြောင့်ပင်, ဝိသုဒ္ဓိမဂ် သမ္မသနဉာဏ်အရာ၌...အသာရကဋ္ဌေနာတိသာမိ နိဝါသီ ကာရကော ဝေဒကော သယံဝသီ တိ ဧဝံ ပရိကပ္ပိတဿ အတ္တသာရဿ အ.ဘာဝေန။ ။သာမိ နိဝါသိ ကာရကဝေဒကာ ဓိဋ္ဌာယက ဝိရဟိတတာယ သုညတော၊ သယဋ္ဌ အ.ဿာမိဘာဝါဒိတာယ အနတ္တတော...ဟု သေချာစွာပင် ဖွင့်ပြတော်မူလေပြီ။ ဤအရာ၌လဲ ပါဠိအဋ္ဌကထာတို့၏ ရည်ရွယ်ချက်အလိုကိုသိသော မဟာဋီကာဆရာသည် အောက်ပါအတိုင်း ဖွင့်ပြတော်မူလေပြီ။

'ရူပံ န သတ္တော'တိ အာဒီသု ယော လောကဝေါဟာရေန သတ္တော၊ ရူပံ သော န ဟောတိ တိ အယမတ္ထော ဣဓ နာဓိပ္ပေတော၊ တဿာ.ဝုတ္တ သိဒ္ဓတ္တာ။ န ဟိ လောကော ရူပမတ္တံ 'သတ္တော'တိ ဝေါဟရတိ။ ဗာဟိရကပရိကပ္ပိတော ပန အတ္တာ 'သတ္တော'တိ အဓိပ္ပေတော။ သော ဟိ တေဟိ ရူပါဒီသု သတ္တ ဝိသတ္တတာယ, ပရေ စ သဥ္ဇာပနဋ္ဌေန 'သတ္တော'တိ ဝုစ္စတိ။ ရူပံ သော န ဟောတီတိ အတ္ထော။ သုညတာ ပရိဂ္ဂဏှန ဧဝတန္တိ။ ဧသ နယော 'န ဇီဝေါ'တိ အာဒီသုပိ။ (၂–၄၅၇)

ရူပံ န သတ္တောတိ အာဒီသု၊ ရုပ်သည် သတ္တဝါ မဟုတ်၊ ဤသို့ စသော ရှုမြင်ပုံတို့၌။ လောကဝေါဟာရေန ယော သတ္တော၊ လူတို့၏ပြောဆိုရိုးအားဖြင့် အကြင်သတ္တဝါသည်ရှိ၏။ ရူပံ သော န ဟောတီတိ၊ ရုပ်သည် ထိုပြောဆိုရိုး သတ္တဝါ မဟုတ်ဟူသော။ အယံအတ္ထော၊ ဤအနက်ကို။ ဣဓနေ အဓိပ္ပေတော၊ အတ္တမှဆိတ်သည်ကို ရှုမြင်သော ဤအရာ၌ မဆိုလိုအပ်ပေ။ ကသ္မာ၊ အဘယ်ကြောင့် မဆိုလိုသနည်းဟူမူ။ တဿ အဝုတ္တသိဒ္ဓတ္တာ၊ ရုပ်သည် ပြောဆိုရိုး သတ္တဝါမဟုတ် ဟူသော ထိုအနက်က၊ မဆိုဘဲပင် အလိုလို ပြီးစီး ထင်ရှားခြင်းကြောင့်ပေတည်း။ ဟိ၊ ထင်ရှားသည် မှန်ပေ၏။ ရူပမတ္တံ၊ ရုပ်မျှကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ လောကော န ဝေါဟရတိ၊ လူအပေါင်းကခေါ်ဝေါ် ပြောဆိုသည် မဟုတ်ပေ။ ပန၊ အမှန်အားဖြင့်သော်ကား။ ဗာဟိရကပရိကပ္ပိတော၊ ဘုရားသာသနာတော်မှ အပြင်ပ၌ဖြစ်သောလူတို့က ကြံဆစွဲလမ်းအပ်သော။ အတ္တာ၊ အသက်, လိပ်ပြာကောင်, ဝိညာဏ်ကောင် ဟူသော အတ္တကောင်ကို။ သတ္တောတိ အဓိပ္ပေတော၊ သတ္တဝါဟု ဆိုလိုပေသည်။ ဟိ၊ မှန်ပေ၏။ ရူပါဒီသု၊ ရုပ်စသည်တို့၌။ သတ္တ ဝိသတ္တတာယ စ၊ ကိုယ်တိုင် ကပ်ငြိ တွယ်တာတတ်သောကြောင့်၎င်း။ ပရေ သဥ္ဇာပနဋ္ဌေန စ၊ သူတပါးတို့ကို မိမိ၌ ကပ်ငြိတွယ်တာစေတတ်သောကြောင့်၎င်း။ သော၊ အသက်, လိပ်ပြာကောင်, ဝိညာဏ်ကောင်ဟု ဆိုအပ်သော ထိုအတ္တကောင်ကို။ သတ္တောတိ၊ သတ္တဝါကောင်ဟူ၍။ တေဟိ ဝုစ္စတိ၊ ထိုသာသနာပ လူတို့က ခေါ်ဆိုအပ်၏။ ရူပံ၊ မှတ်ခိုက်မှာပင် ပျက်သွားသည်ဟု သိမြင်အပ်သောရုပ်သည်။ သော န ဟောတိ၊ ထိုအတ္တကောင်, သတ္တဝါကောင်မဟုတ်။ ဣတိ အတ္ထော၊ ဤကား ဆိုလိုရင်း အနက်ပေတည်း။ ဟိ၊ ထိုစကားမှန်ပေ၏။ ဧတံ၊ "ရူပံ န သတ္တော=ရုပ်သည် သတ္တဝါမဟုတ်ဟူ၍" ဤရှုမြင်ခြင်းသည်။ သုညတာပရိဂ္ဂဏှနံ၊ အတ္တကောင်, ငါကောင်မှ ဆိတ်သုဉ်းသည်ကို သိမ်းဆည်းသိမြင်သော ဉာဏ်ပေတည်း။ ဣတိ၊ ဤသို့ သိအပ်၏။ န ဇီဝေါတိ အာဒီသုပိ၊ အသက် မဟုတ်–ဤသို့စသော ရှုမြင်ပုံတို့၌လဲ။ ဧသ နယော၊ န သတ္တော–၌ ပြပြီးသော ဤနည်းပင်တည်း။ ။ဒွါဒသ အာကာရ ရှုမြင်ပုံ ပြီး၏။

ကတံ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ သင်္ခါရုပေက္ခာ သု ဉာဏံ။ ဥပ္ပါဒံ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ သင်္ခါရုပေက္ခာသု ဉာဏံ၊ ပဝတ္တံ၊ နိမိတ္တံ၊ အာယူဟနံ၊ ပဋိသန္ဓိံ။ ပေ။ ဥပါယာသံ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ သင်္ခါရုပေက္ခာသု ဉာဏံ။

ဥပ္ပါဒေ ဒုက္ခန္တိ။ပ။ ဘယန္တိ။ပ။ သာမိသန္တိ။ပ။ ဥပ္ပါဒေါသင်္ခါရာတိ။ ပ။ ဥပါယာသော သင်္ခါရာတိ မုဉ္စိတုကမျတာ ပဋိသင်္ခါသန္တိဋ္ဌနာ ပညာ သင်္ခါရုပေက္ခာသု ဉာဏံ။ (ဉာဏ် ၃–မျိုးဖြစ်ပုံကို ပြသော ပဋိသမ္ဘိဒါမဂ် ၅၈)

မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ၊ အစ၌ စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန် ရှုမှတ်၍, အဆုံး၌ အထူးကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာတည်တံ့သော သိမှုပညာသည်။ သင်္ခါရုပေက္ခာသု ဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ် မည်၏။ တံ၊ ထိုဉာဏ်သည်။ ကထံ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူ။ ဥပ္ပါဒံ၊ ရှေးဦးစွာ ဖြစ်ပေါ်ခြင်းကို။ ဝါ၊ ရှေးဦးစွာ ဖြစ်ပေါ်ခြင်းရှိသော သင်္ခါရ အပေါင်းကို။ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ၊ အစ၌ စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန် ရှု၍, အဆုံး၌ အထူး ကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူ ရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာ တည်တံ့သော သိမှုသည်။ သင်္ခါရုပေက္ခာသု ဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ် မည်၏။ ပဝတ္တံ၊ မကုန်မဆုံးနိုင်အောင် မပြတ်ဖြစ်နေသော သင်္ခါရပေါင်းကို။ နိမိတ္တံ၊ အကောင်အထည် ဒြပ်ရှိသလိုပင် ထင်ပေါ်လျက်ရှိသော သင်္ခါရအပေါင်းကို။ အာယူဟနံ၊ ချမ်းသာကောင်းစားရန် ရည်သန်၍ အားထုတ်မှု သင်္ခါရအပေါင်းကို။ ပဋိသန္ဓိံ၊ ဆက်စပ်၍ဖြစ်ပေါ်ခြင်းရှိသော ဘဝသစ်သင်္ခါရအပေါင်းကို။ပေ။ ဥပါယာသံ၊ ပြင်းစွာပူပန်မှုသင်္ခါရကို။မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ၊ အစ၌ စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန်ရှု၍, အဆုံး၌ အထူးကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာတည်တံ့သော သိမှုသည်။ သင်္ခါရုပေက္ခာသု ဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဥပ္ပါဒေ၊ ဘဝ၌စ၍ ဖြစ်ပေါ်ခြင်းသည်။ ဝါ၊ စ၍ဖြစ်ခြင်းရှိသော ယခုဘဝ သင်္ခါရအပေါင်းသည်။ ဒုက္ခံ၊ဆင်းရဲတည်း။ ဣတိ၊ ဤသို့သိမြင်၍။ပ။ ဘယန္တိ၊ ကြောက်ဖွယ်ဟုသိမြင်၍။ပ။ သာမိသန္တိ၊ ဝဋ်ဆင်းရဲ, ကာမဂုဏ်, ကိလေသာဟူသော အစာနှင့် ရောနှောနေသည်ဟု သိမြင်၍။ပ။ သင်္ခါရာတိ၊ မငြိမ်းအေးသော သင်္ခါရတို့ဟုသိမြင်၍။ မုဉ္စိတုကမျတာ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ၊ အစ၌ စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန် ရှုမှတ်၍, အဆုံး၌ အထူး ကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာတည်တံ့သော သိမှုပညာသည်။ သင်္ခါရုပေက္ခာသု ဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ် မည်၏။

တတ္ထ မုဉ္စိတုကမျတာ စ သာ ပဋိသင်္ခါ စ သန္တိဋ္ဌနာ စာတိ မုဉ္စိတုကမျတာ–ပဋိသင်္ခါ–သန္တိဋ္ဌနာ။ ဣတိ ပုဗ္ဗဘာဂေ နိဗ္ဗိဒါဉာဏေန နိဗ္ဗိန္နဿ ဥပ္ပါဒါဒီနိ ပရိစ္စဇိတုကာမတာ မုဉ္စိတုကမျတာ၊ မုဉ္စနဿ ဥပါယကရဏတ္ထံ မဇ္ဈေ ပဋိသင်္ခါနံ ပဋိသင်္ခါ၊ မုဉ္စိတွာ အဝသာနေ အဇ္ဈုပေက္ခဏာ သန္တိဋ္ဌနာ။ (ဝိသုဒ္ဓိမဂ် ၂–၂၉၉)

တတ္ထ၊ ထို ပဋိသမ္ဘိဒါမဂ်ပါဠိ၌။ မုဉ္စိတုကမျတာ စ၊ လွှတ်လိုသော ပညာလဲဟုတ်၏။ သာ၊ ထိုပညာသည်။ ပဋိသင်္ခါ စ၊ တဖန် ရှုမှတ်သော ပညာလဲ ဟုတ်၏။ သန္တိဋ္ဌနာ စ၊ ကောင်းစွာ တည်တံ့သော ပညာလဲ ဟုတ်၏။ ဣတိ၊ ဤသုံးပါးသော သတ္တိကြောင့်။ မုဉ္စိတုကမျတာ ပဋိသင်္ခါ–သန္တိဋ္ဌနာ၊ မည်၏။ ဣတိ၊ သို့ဖြစ်၍။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ နိဗ္ဗိဒါဉာဏေန နိဗ္ဗိန္နဿ၊ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့သောသူ၏။ ဥပ္ပါဒါဒီနိ၊ ဥပ္ပါဒ စသည်ဖြင့် ပြအပ်သော သင်္ခါရတို့ကို။ ဝါ၊ ဥပ္ပါဒစသည်နှင့် စပ်ဆိုင်သော သင်္ခါရတို့ကို။ ပရိစ္စဇိတုကာမတာ၊ စွန့်လွှတ်လိုသည်၏ အဖြစ်သည်။ မုဉ္စိတုကမျတာ၊ မည်၏။ ။(ဥပ္ပါဒ ပဝတ္တာဒိအပဒေသေန ဝုတ္တေ သင်္ခါရေ၊ တပ္ပဋိဗဒ္ဓဆန္ဒရာဂပ္ပဟာနေန ဝိသဇ္ဇိတုကာမတာ=ဥပ္ပါဒ စသည်ကို စွန့်လို–ဟူရာ၌ ဥပ္ပါဒမျှ ပဝတ္တမျှ စသည်ကိုသာ စွန့်လိုသည်ဟု မယူအပ်၊ ဥပ္ပါဒ ပဝတ္တစသည်တို့နှင့် စပ်ဆိုင်သော သင်္ခါရတို့ကို စွန့်လိုသည် ဟူ၍သာ ယူအပ်၏။ စွန့်လို–ဟူသည်မှာလဲ ထိုသင်္ခါရတို့နှင့်စပ်သော နှစ်သက်လိုလားမှု ကြောင့်ကြစိုက်လိုမှုကို စွန့်လိုခြင်း ပင်တည်း–ဋီကာဖွင့်အဓိပ္ပါယ်။ ။ ဤအဋ္ဌကထာ ဋီကာဖွင့်များကိုရင်း၊ ဥပ္ပါဒံစသော ကံပုဒ်နှင့်တကွ ဟောသော ပါဠိတော်ကို ၎င်း၊ ထောက်၍၊ သ.ကမ္မက ဓာတ်ဖြင့်ပြီးသော မုဉ္စိတုကမျတာ ပုဒ်ကိုသာ ပုဒ်ရင်းဟုသိအပ်၏)။ ။မုဉ္စနဿ ဥပါယကရဏတ္ထံ၊ စွန့်လွှတ်နိုင်ခြင်း၏ အကြောင်းကို ပြုခြင်း ပြီးစေခြင်းငှါ။ မဇ္ဈေ ပဋိသင်္ခါနံ၊ အလယ်၌ တဖန် ရှုမှတ်ခြင်းသည်။ ပဋိသင်္ခါ၊ ဉာဏ်မည်၏။ မုဉ္စိတွာ၊ စွန့်လွှတ်ပြီး၍။ ။ (နိရာလယဘာဝပ္ပတ္တိယာ အပေက္ခာဝိသဇ္ဇနဝသေန ဝိသဇ္ဇိတွာ–ဋီကာဖွင့်။ ပဋိသင်္ခါ ဉာဏ် ရင့်သန်လျှင်၊ သင်္ခါရတို့၌ ရှေးကလိုငဲ့ကွက် တွယ်တာမှု, ကြောင့်ကြစိုက်လိုမှုသည် မရှိတော့ပြီ၊ ကင်းပျောက်လေ၏၊ ဤသို့ ငဲ့ကွက်မှုကင်းခြင်းသည်ပင်၊ ငဲ့ကွက်မှုကိုရင်း, ငဲ့ကွက်မှု၏ မှီရာသင်္ခါရတို့ကိုရင်း, ပယ်စွန့်ခြင်းမည်၏)။ ။အဝသာနေ၊ အဆုံး၌။ အဇ္ဈုပေက္ခဏာ၊ ကြောင့်ကြမစိုက်မူ၍၊ အစဉ်အတန်းအားဖြင့် သိရုံမျှ သိရုံမျှ ဖြစ်လျက်လျစ်လျူရှုခြင်းသည်။ သန္တိဋ္ဌနာ၊ ကောင်းစွာတည်တံ့သော ပညာမည်၏။ ။ (ယာဝ နိဗ္ဗာနသမ္ပက္ခန္ဒနာ န ဣဇ္ဈတိ၊ တာဝ ဝိစိနနေပိ ဥဒါသိနတာယ ဉာဏဿ သန္တာနဝသေန ပဝတ္တိံ သန္ဓာယ ဟ=ပဋိသင်္ခါဉာဏ် လုံးဝရင့်သန်သည်မှစ၍၊ နိဗ္ဗာန်သို့ ပြေးဝင်သည့် ဂေါတြဘူ မဖြစ်သေးမီအတွင်း၌၊ သင်္ခါရတို့ကို စူးစမ်းဆင်ခြင်မှု၌သော်လဲ အထူးကြောင့်ကြ မစိုက်တော့ဘဲ၊ သိရုံ သိရုံမျှ လျစ်လျူရှု လျက်၊ အစဉ်အတန်းလိုက်အားဖြင့် တသမတ်ထည်း ကြာမြင့်စွာ အသိဉာဏ် ဖြစ်ပေါ်နေခြင်းကိုရည်၍ "အဇ္ဈုပေက္ခဏာ သန္တိဋ္ဌနာ"ဟု အဋ္ဌကထာ၌ မိန့်ဆိုသည်–ဟူလို)။

ဤဉာဏ် ၃–ပါးသည်၊ အစ, အလယ်, အဆုံး, အနု, အလတ်, အရင့်အားဖြင့်သာလျှင် ကွဲပြား၏၊ အာရုံနှင့်မှတ်သိမှုတို့ကို၊ သင်္ခါရသဘောမျှဟု သိမြင်သဘောကျခြင်း လက္ခဏာအားဖြင့်ကား တမျိုးထည်းသော ဉာဏ်သာတည်း။ ထို့ကြောင့်, ပဋိသမ္ဘိဒါမဂ်မှာပင် အောက်ပါကိုလဲ ဟောတော်မူပေသည်။

ယာ စ မုဉ္စိတုကမျတာ၊ ယာ စ ပဋိသင်္ခါနုပဿနာ၊ ယာ စ သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။ (၂၅၉)

ယာ စ မုဉ္စိတုကမျတာ၊ အကြင် မုဉ္စိတုကမျတာ ဉာဏ်သည်၎င်း။ ယာ စ ပဋိသင်္ခါနုပဿနာ၊ အကြင် ပဋိသင်္ခါ ဉာဏ်သည်၎င်း။ ယာ စ သင်္ခါရုပေက္ခာ၊ အကြင် သင်္ခါရုပေက္ခာဉာဏ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ ဤဉာဏ်တို့သည်။ ဧကတ္ထာ၊ တူသော သဘောတရားကိုယ် ရှိကုန်၏။ ဗျဉ္ဇနမေဝ၊ အမည် သဒ္ဒါမျှသည် သာလျှင်။ နာနံ၊ ထူးခြား၏။

သဘောအားဖြင့် ဉာဏ်တမျိုးထည်း ဖြစ်သောကြောင့်ပင်လျှင်၊ အချို့ပုဂ္ဂိုလ်မှာ၊ မုဉ္စိတုကမျတာ, ပဋိသင်္ခါဉာဏ်များ ဖြစ်ပေါ်ပြီးလျှင်၊ မကြာမီ တခဏအတွင်းမှာ သော်လဲ သင်္ခါရုပေက္ခာ ဉာဏ် ဖြစ်ပေါ်တတ်ပေသည်။ ဤသင်္ခါရုပေက္ခာဉာဏ်သို့ ရောက်သောအခါ၌ကား၊ အချို့ပုဂ္ဂိုလ်မှာသာလျှင်၊ အနုလောမ, ဂေါတြဘူ, မဂ်, ဖိုလ်ဉာဏ်များ လျင်မြန်စွာ ဖြစ်ပေါ်တတ်ပေသည်။ အချို့ပုဂ္ဂိုလ်မှာကား၊ သင်္ခါရုပေက္ခာဉာဏ်သည်သာလျှင်၊ အထူးကောင်းချည် တလှဲ့, မှန်မှန်ကောင်းချည် တလှဲ့အားဖြင့်၊ ကြာမြင့်စွာလဲ ဖြစ်နေတတ်သေး၏။ ထို့ကြောင့်, ဝိသုဒ္ဓိမဂ်၌၊ အောက်ပါအတိုင်း မိန့်ဆိုတော်မူ၏။

ဇဝမေဝ သစေ သင်္ခါရုပေက္ခာဉာဏံ သန္တိပဒံ နိဗ္ဗာနံ သန္တတော ပဿတိ၊ သဗ္ဗံ သင်္ခါရပ္ပဝတ္တံ ဝိသဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ၊ နော စေ ပဿတိ၊ ပုနပ္ပုနံ သင်္ခါရာရမ္မဏမေဝ ဟုတွာ ပဝတ္တတိ။ တဒိဒံ သုပ္ပဂ္ဂေ ပိဋ္ဌံ ဝဋ္ဋေယမာနံ ဝိယ, နိပ္ပဋ္ဌိတကပ္ပါသံ ဝိဟဋ္ဋေယမာနံ ဝိယ, နာနာပ္ပကာရတော သင်္ခါရေ ပရိဂ္ဂဟေတွာ ဘယဉ္စ နန္ဒိဉ္စပဟာယ သင်္ခါရဝိစိနနေ မဇ္ဈတ္တံ ဟုတွာ တိဝိဓာနုပဿနာဝသေန တိဋ္ဌတိ။ (၂–၂၉၅)

ဇဝမေဝ၊ ရှေးခေတ်ကာလက ပင်လယ်ခရီးသွား သင်္ဘောသားတို့သည် နီးသောပင်လယ်ကမ်းကို မမှန်းဆနိုင်သော အခါ၌၊ နီးသောကျွန်း ကမ်းကိုစုံစမ်းရန် ကျီးငှက်ကို သင်္ဘောမှလွှတ်လိုက်လျှင်၊ ထိုကျီးသည် ကမ်းကိုတွေ့မြင်ပါက၊ ထိုကမ်းဆီသို့သာလျှင် ပျံသွားလေသည်၊ ကမ်းကို မမြင်ပါက၊ ထိုသင်္ဘောသို့သာလျှင် ပြန် ပြန် ကပ်သည်–ဟူသော ဤဥပမာ အတူပင်လျှင်။ သင်္ခါရုပေက္ခာဉာဏံ၊ သင်္ခါရုပေက္ခာ ဉာဏ်သည်။ သန္တိပဒံ၊ ရုပ်နာမ် သင်္ခါရတို့ ငြိမ်းသည့်ပြင်၊ မဂ်ဖိုလ်ဉာဏ်ဖြင့် ရောက်လဲ ရောက်အပ်သော။ ဝါ၊ သင်္ခါရလဲ ငြိမ်း, ရောက်လဲ ရောက်ထိုက်,သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သန္တတော၊ သင်္ခါရငြိမ်းပြတ်သောအခြင်းအရာဖြင့်။ သစေ ပဿတိ၊ အကယ်၍ မြင်နိုင်ငြားအံ့။ ဧဝံ သတိ၊ ဤသို့မြင်နိုင်လျှင်။ သဗ္ဗံ၊ အလုံးစုံသော။ သင်္ခါရပ္ပဝတ္တံ၊ မပြတ်မစဲ တဖြစ်ထဲဖြစ်နေသော သင်္ခါရအယဉ်ဟူသော အာရုံကို။ ဝိသဇ္ဇေတွာ၊ စွန့်လွှတ်၍။ နိဗ္ဗာနမေဝ၊သင်္ခါရငြိမ်းသော နိဗ္ဗာန်အာရုံသို့သာလျှင်။ ပက္ခန္ဒတိ၊ ပြေးဝင်သွားလေ၏။ (နိဗ္ဗာန် အာရုံထဲသို့၊ ဝါ၊ သင်္ခါရငြိမ်းခြင်း–သင်္ခါရကင်းပြတ်သွားခြင်း သဘောထဲသို့ ပြေးဝင်သွားသလိုပင်၊ စိတ် ဖြစ်သွားသည်–ဟူလို)။ ။ နော စေ ပဿတိ၊ သင်္ခါရငြိမ်းသောနိဗ္ဗာန်ကို၊ သင်္ခါရငြိမ်းသည့်အနေအားဖြင့် မမြင်နိုင်သေးငြားအံ့။ ဧဝံ သတိ၊ ဤသို့ မမြင်နိုင်သေးလျှင်။ သင်္ခါရာရမ္မဏမေဝ ဟုတွာ၊ ဖြစ်ပျက်သော သင်္ခါရကိုသာ အာရုံပြုလျက်=မှတ်သိလျက် ဖြစ်၍။ ပုနပ္ပုနံ ပဝတ္တတိ၊ အဖန်ဖန် ဖြစ်ပေါ်၏။ တဒိဒံ၊ ထို သင်္ခါရုပေက္ခာ ဉာဏ်သည်။ ဝဋ္ဋေယမာနံ ပိဋ္ဌံ ဝိယ၊ ဝိုင်းအပ်, ဆင့်အပ်သော မုံ့မှုန့်သည်၊ ဝိုင်းလေ, ဆင့်လေ သာ၍ သာ၍ သိမ်မွေ့နူးညံ့လေသကဲ့သို့၎င်း။ ဝိဟဋ္ဋေယမာနံ နိပ္ပဋ္ဌိတကပ္ပါသံ ဝိယ၊ ဖတ်အပ်သော (အစေ့ထုတ်ပြီး ဝါ) ဂွမ်းသည် ဖတ်လေဖတ်လေ သာ၍သာ၍ သိမ်မွေ့နူးညံ့လေသကဲ့သို့၎င်း။ ဟုတွာ၊ ဖြစ်၍။ ။(ဤ ဥပမာ နှစ်ခုဖြင့်၊ ရှုမှတ်ဖန် များလေလေ၊ ဉာဏ်သည် သာ၍သာ၍ ထက်မြက်သိမ်မွေ့ သွားလေလေ ဖြစ်သည်ကို ပြ၏)။ ။ သင်္ခါရေ၊ မှတ်ခိုက် မှတ်ခိုက်မှာပင်၊ ပျက် ပျက် သွားသော သင်္ခါရတို့ကို။ နာနာပ္ပကာရတော ပရိဂ္ဂဟေတွာ၊ အမျိုးမျိုးသော အပြားအားဖြင့် သိမ်းဆည်းမှတ်သိ၍။ ဘယဉ္စ၊ ကာမအာရုံ ဝတ္ထု၏ ပျက်စီးမှုနှင့် စပ်၍ ကြောက်ရွံ့ စိုးရိမ်ခြင်း, ဘယဉာဏ် အလိုအားဖြင့် ကြောက်ခြင်း,ကို၎င်း။ နန္ဒိဉ္စ၊ ကာမအာရုံ ဝတ္ထု၏ ပြည့်စုံမှုနှင့်စပ်၍ အားရနှစ်သက်ခြင်း, မှတ်သိမှု ကောင်းခြင်းကြောင့် ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်း, ကို၎င်း။ ပဟာယ၊ ပယ်စွန့် လွန်မြောက်၍။ သင်္ခါရဝိစိနနေ–သင်္ခါရဝိစိနနေပိ၊ သင်္ခါရတို့ကို စူးစမ်း မှတ်သိမှု၌လဲ။ မဇ္ဈတ္တံ ဟုတွာ၊ အထူးလဲကြောင့်ကြမစိုက်, လုံ့ဝလဲကြောင့်ကြစိုက်မှု မကင်းသဖြင့် အလယ်အလတ် ညီမျှသောသဘော ရှိသည်ဖြစ်၍။ ။(ပဝိစယဿ သိခါပတ္တတာယ သင်္ခါရေသု ဝိယ တေသံဝိစိနနေပိ ဥဒါသိနံ ဟုတွာ–သင်္ခါရုပေက္ခာဉာဏ် ထက်သန်အားပြည့်နေသောအခါ၌၊ စူးစမ်းရှုမှတ်မှုက ခေါင်ထိပ်သို့ ရောက်နေပြီဖြစ်သောကြောင့်၊ အထူးကြောင့်ကြမစိုက်ရတော့ဘဲ၊ မှတ်သိစရာ သင်္ခါရအာရုံများကလဲ အလိုလိုပင် ထင်ပေါ်လျက် ထင်ပေါ်လျက်ရှိ၏၊ ၎င်းတို့ကို စူးစမ်း မှတ်သိမှုကလဲ အလိုလိုပင် ဖြစ်လျက် ဖြစ်လျက် ရှိ၏၊ သိစရာ အာရုံများလဲ အလိုလို ထင်ပေါ်၍၊ သိမှုကလဲ သူ့အရှိန်နဲ့ သူအလိုလိုပင် ဖြစ်နေသည်ဟု ထင်ရ၏၊ ထို့ကြောင့်, "သင်္ခါရတို့၌ အထူးကြောင့်ကြမစိုက်ရဘဲ၊ ကြောက်ချစ်ကင်းပလျက် ညီမျှစွာရှုနိုင်သကဲ့သို့" ထိုသင်္ခါရတို့၏ ပျက်မှု မပြဲမှု စသည်ကို သိရန်လဲ အထူးကြောင့်ကြ မစိုက်ရတော့ဘဲ၊ ညီမျှစွာရှုနိုင်သည်ဟု ဆိုလို၏–ဋီကာ)။ ။ တိဝိဓာနုပဿနာဝသေန၊ အနိစ္စ ဒုက္ခ အနတ္တာ နုပဿနာဟူသော အနုပဿနာ ၃–ပါးတို့၏ အလိုအားဖြင့်။ တိဋ္ဌတိ၊ တည်လေ၏။

ဤအဋ္ဌကထာ၌၊ သင်္ခါရုပေက္ခာဉာဏ်က နိဗ္ဗာန်ကို မြင်နိုင်သည်ဟုဆိုသည်မှာ၊ အနုလောမဉာဏ် ဖြစ်ပေါ်နိုင်လောက်အောင်၊ ဝုဋ္ဌာနဂါမိနီ အဖြစ်ဖြင့် ထက်သန်စွာ ဖြစ်သည်ကို ရည်၍ ဆိုပေသည်။ ၎င်းဉာဏ်ကပင် နိဗ္ဗာန်သို့ ပြေးဝင်သွားသည်ဟု ဆိုပြန်သည်မှာလဲ၊ အနုလောမ, ဂေါတြဘူဉာဏ်များနှင့် တကွ၊ တပေါင်းထည်း တဉာဏ်ထည်းပြု၍၊ ဧကတ္တနည်းဖြင့် ဆိုပေသည်။ အဖြောင့်အားဖြင့်ကား သင်္ခါရုပေက္ခာ ဉာဏ်သည်၊ အကြိမ်များစွာ ဖြစ်ပြီး၍၊ အထူး ထက်မြက်သန့်ရှင်း ရဲရင့်စွာ ဖြစ်လျက်၊ ခေါင်ထိပ်သို့ ရောက်လျှင်၊ အနုလောမဉာဏ်ကို ဖြစ်စေ၏။ ထိုအနုလောမဉာဏ်၏ အဟုန်ကြောင့်၊ ဂေါတြဘူဉာဏ်ဖြစ်ပေါ်လျက်၊ နိဗ္ဗာန်ကိုမြင်သည်၊ ထိုနိဗ္ဗာန်အာရုံထဲသို့လဲ ပြေးဝင်သွားသည်ဟု ဆိုလိုပေ၏၊ အောက်ပါမှာ မဟာဋီကာ ပေတည်း။

တိက္ခ–ဝိသဒ–သူရဘာဝေန သင်္ခါရေသု အဇ္ဈုပေက္ခဏေ သိဇ္ဈမာနေ တံ သင်္ခါရုပေက္ခာဉာဏံ အနေကဝါရံ ပဝတ္တမာနံ ပရိပါက ဂမနေန အနုလောမဉာဏဿ ပစ္စယဘာဝံ ဂစ္ဆန္တံ "နိဗ္ဗာနံ သန္တတော ပဿတိ နာမ"။ တထာဘူတဉ္စ "သင်္ခါရပ္ပဝတ္တံ ဝိသဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ နာမ"။ တယိဒံ ဉာဏံ အနုလောမ–ဂေါတြဘူဉာဏေဟိ သဒ္ဓိံ ဧကတ္တံ နေတွာ ဝုတ္တံ ဧကတ္တနယဝသေန။ (၂–၄၅၉)

တိက္ခ–ဝိသဒ–သူရဘာဝေန၊ ထက်မြက် သန့်ရှင်း ရဲရင့်သည်၏ အဖြစ်ဖြင့်။ သင်္ခါရေသု အဇ္ဈုပေက္ခဏေ သိဇ္ဈမာနေ၊ အာရုံသင်္ခါရ, ဝိပဿနာသင်္ခါရ,တို့၌၊ အထူးကြောင့်ကြ မစိုက်ရဘဲ၊ ကြောက်ချစ်ကင်းပ ညီမျှစွာ ရှုမှု ပြီးစီး ပြည့်စုံလတ်သော်။ တံ သင်္ခါရုပေက္ခာဉာဏံ၊ ထိုသင်္ခါရုပေက္ခာ ဉာဏ်သည်။ အနေကဝါရံ ပဝတ္တမာနံ၊ အကြိမ်များစွာ ဖြစ်ပေါ်လျက်။ ပရိပါက ဂမနေန၊ လုံးဝရင့်ကျက်ခြင်းသို့ရောက်သဖြင့်။ အနုလောမဉာဏဿ ပစ္စယဘာဝံ ဂစ္ဆန္တံ၊ အနုလောမဉာဏ်အား ကျေးဇူးပြုတတ်သော အကြောင်းအဖြစ်သို့ ရောက်လတ်သော်။ နိဗ္ဗာနံ သန္တတော ပဿတိ နာမ၊ နိဗ္ဗာန်ကို သင်္ခါရငြိမ်းသော အခြင်းအရာဖြင့် မြင်သည် မည်၏။ စ၊ သည်မျှသာ မကသေး။ တထာဘူတံ၊ ထိုသို့သော ဉာဏ်သည်။ သင်္ခါရပ္ပဝတ္တံ ဝိသဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ နာမ၊ မပြတ်ဖြစ်နေသော သင်္ခါရအယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင် သွားသည်လဲ မည်၏။ တယိဒံ ဉာဏံ၊ ထိုသင်္ခါရုပေက္ခာဉာဏ်ကို။ ဣဓ၊ ဤအရာ၌။ အနုလောမ–ဂေါတြဘုဉာဏေဟိ သဒ္ဓိံ ဧကတ္တံ နေတွာ၊ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်တို့နှင့်တကွ တဉာဏ်ထည်း အဖြစ်သို့ဆောင်၍။ ဧကတ္တနယဝသေန ဝုတ္တံ၊ ဧကတ္တနည်း အလိုအားဖြင့် ဆိုအပ်ပေ၏။

## မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ ဉာဏ်ပြီး၏။

## အနုလောမ, ဂေါတြဘူ, မဂ်, ဖိုလ်ဉာဏ်

ပြဆိုခဲ့သည့်အတိုင်း၊ အနုလောမဉာဏ်ကို ဖြစ်ပေါ်စေနိုင်လောက်အောင်၊ သင်္ခါရုပေက္ခာဉာဏ် အပြည့်အစုံ ရင့်ကျက်သောအခါ၌၊ အဓိမောက္ခ သဒ္ဓါသည် အထူးအားကောင်း၏၊ ဤသဒ္ဓါ၏ အစွမ်းကြောင့်, မှတ်သိသောစိတ်သည် အလွန်ကြည်လင်၏။ ထို့ပြင်, မယုတ်မလွန် ညီမျှသော အားထုတ်မှု ဝီရိယသည်လည်း မြဲမြံစွာဖြစ်၏။ အမှတ်ရမှု သတိသည်လည်း ကောင်းစွာထင်၏။ စိတ်သည်လည်း မှတ်အပ်သောအာရုံ၌ ကောင်းစွာ စူးစိုက်တည်ကြည်၏။ သိမှု သင်္ခါရုပေက္ခာဉာဏ်သည်လည်း အထူးထက်မြက် သန့်ရှင်းစွာဖြစ်၏။ ထို့ကြောင့်, မှတ်သိမှုသည် အထူးပင် သွက်လက်ထင်ရှားလျက် ကောင်းလာသည်၊ တိုးတက်လာသည်"ဟု ထင်ရှား သိရ၏။

ထိုအခါ၌, ဖြစ်ပျက်ဆဲ ရုပ်နာမ်သင်္ခါရ တခုခုကို၊ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ ၃–မျိုးတို့တွင်၊ တမျိုးထည်းသော အခြင်းအရာအားဖြင့်သာလျှင် ရှုမြင်လျက် အနည်းဆုံးအားဖြင့်၊ သဒ္ဒိသာနုပဿနာ ဝီထိ ၂–ကြိမ် ၃–ကြိမ် ဖြစ်ပေါ်၏။ ဖြစ်ပုံကား...ထိုနှစ်ကြိမ် သုံးကြိမ်တို့တွင် ပဌမအကြိမ်၌ အနိစ္စ ဟု ရှုမြင်လျက်ဖြစ်လျှင်၊ ဒုတိယ တတိယအကြိမ်တို့၌လဲ အနိစ္စဟူ၍သာ ရှုမြင်လျက်ဖြစ်၏။ သို့မဟုတ်, ပဌမအကြိမ်၌ ဒုက္ခဟုရှုမြင်လျက်ဖြစ်လျှင်၊ ဒုတိယ တတိယ အကြိမ်တို့၌လဲ၊ ဒုက္ခဟူ၍သာ ရှုမြင်လျက်ဖြစ်၏။ သို့မဟုတ်, ပဌမအကြိမ်၌ အနတ္တဟု ရှုမြင်လျက်ဖြစ်လျှင်၊ ဒုတိယ တတိယ အကြိမ်တို့၌လဲ အနတ္တဟူ၍သာ ရှုမြင်လျက်ဖြစ်၏။ ဤသို့ တမျိုးထည်းသော အခြင်းအရာ အားဖြင့်သာ သိမြင်လျက်၊ ရှုမှတ်မှု ၂–ကြိမ်၊ ၃–ကြိမ်ဖြစ်သည်ဟုဆိုလို၏။ အနိစ္စအခြင်းအရာဟူရာ၌ ပြခဲ့ပြီးသော အနိစ္စအခြင်းအရာ (၁၀)ပါးတို့တွင် တပါးပါးကို ယူအပ်၏၊ ဒုက္ခ, အနတ္တ အခြင်းအရာ ဟူရာတို့၌လဲ ပြခဲ့ပြီးသော ဒုက္ခ အခြင်းအရာ (၂၅)ပါး၊ အနတ္တ အခြင်းအရာ(၅)ပါးတို့တွင် တပါးပါးကို ယူအပ်၏။

## ဝုဋ္ဌာနဂါမိနီဝိပဿနာ

နောက်ဆုံး ဖြစ်သော ဤ သဒိသာနုပဿနာဝီထိ ၂-ကြိမ်၊ ၃-ကြိမ်တို့၌ ပါဝင်သော သင်္ခါရုပေက္ခာသည် ခေါင်ထိပ်သို့ ရောက်သောကြောင့် သိခါပတ္တသင်္ခါရုပေက္ခာလဲမည်၏။ မဂ်နှင့်ဆက်စပ်လျက် မဂ်သို့ ရောက်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာလဲ မည်၏။ မဂ်သည် ဝိပဿနာ၏အာရုံဖြစ်သော သင်္ခါရနိမိတ်ကိုအာရုံမပြု၊ ထို့ကြောင့်, နိမိတ္တမှလဲ ထမြောက်၏။ ဖြစ်ထိုက်သော ဆိုင်ရာဆိုင်ရာ ကိလေသာ ကံဝိပါက်ဟူသော ပဝတ္တကိုလဲ တဖန်မဖြစ်စေဘဲ ငြိမ်းစေတတ်၏။ ထို့ကြောင့်, ပဝတ္တမှလဲ ထမြောက်၏။ ဤနိမိတ္တ ပဝတ္တနှစ်မျိုးလုံးမှ ထမြောက်သောကြောင့် မဂ်သည် ဝုဋ္ဌာန မည်၏။ ခေါင်ထိပ် သင်္ခါရုပေက္ခာ, အနုလောမ, ဂေါတြဘူ, ဟူသော ဤဉာဏ် ၃-ပါးသည်၊ ဝုဋ္ဌာန မည်သော မဂ် နှင့်တဆက်ထည်း တစပ်ထည်းဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ=မဂ်သို့ ဆိုက်ရောက်သော ဝိပဿနာမည်၏၊ ထို့ကြောင့်, အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ဤသို့ မိန့်ဆို၏။

> ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။

> ယဒိ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အနတ္တတော ဝိပဿတိ၊ သုညတော ဝိမောက္ခော နာမ ဟောတိ မဂ္ဂေါ။ ယဒိ အနိစ္စတော ဝိပဿတိ၊ အနိမိတ္တော ဝိမောက္ခော နာမ။ ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမောက္ခော နာမ။

အနက်ကား သိလွယ်၏၊ လိုရင်းကို နုတ်၍ပြအံ့။ အနုလောမဉာဏ်နှင့်, ခေါင်ထိပ် သင်္ခါရုပေက္ခာကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟု ပဋ္ဌမစကားဖြင့်ပြ၏။ ထို ဝုဋ္ဌာနဂါမိနီဝိပဿနာက အနတ္တဟု ရှုငြားအံ့-ဟူသော စကားဖြင့်၊ သဒိသာနုပဿနာ ဖြစ်သည်ကို ပြ၏။ သင်္ခါရုပေက္ခာကလဲ အနတ္တဟု ရှုသည်၊ အနုလောမဉာဏ်ကလဲ အနတ္တဟု ရှုသည် ဟူ၍ ဆိုလိုပေသည်။ အနိစ္စဟုရှုငြားအံ့, ဒုက္ခဟု ရှုငြားအံ့, ဟူသော စကားတို့ဖြင့်လဲ နည်းတူပင်ပြ၏။ လေးလေး နက်နက် စဉ်းစား ကြည့်ပါလေ။

သိခါပတ္တဝိပဿနာတိ ဝါ ဝုဋ္ဌာနဂါမိနီတိ ဝါ သင်္ခါရုပေက္ခာဒိဉာဏတ္တယဿေဝ ဧတံ နာမံ။ သာ ဟိ သိခံ ဥတ္တမဘာဝံ ပတ္တတ္တာ သိခါပတ္တာ၊ ဝုဋ္ဌာနံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနံ ဝုစ္စတိ ဗဟိဒ္ဓါနိမိတ္တ ဘူတတော အဘိနိဝိဋ္ဌဝတ္ထုတော စေဝ, အဇ္ဈတ္တပဝတ္တတော စ, ဝုဋ္ဌဟနတော မဂ္ဂေါ, တံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီ၊ မဂ္ဂေန သဒ္ဓိံ ဃဋ္ဋိယတီတိ အတ္ထော။ (ဝိသုဒ္ဓိမဂ်၂-၂၉၉)

သိခါပတ္တဝိပဿနာတိ ဝါ၊ သိခါပတ္တဝိပဿနာ ဟူ၍၎င်း။ ဝုဋ္ဌာနဂါမိနီတိ ဝါ၊ ဝုဋ္ဌာနဂါမိနီ ဟူ၍၎င်း။ ဧတံ နာမံ၊ဤ အမည် ၂-ခုသည်။ သင်္ခါရုပေက္ခာဒိဉာဏတ္တယဿေဝ၊ သင်္ခါရုပေက္ခာ, အနုလောမ, ဂေါတြဘူ, ဟူသော ဉာဏ် ၃-ပါး၏သာ လျှင် အမည်ပေတည်း။ ။ (သင်္ခါရုပေက္ခာ အနုလောမ ဂေါတြဘုသညိတဿ ဉာဏတ္တယဿ-ဋီကာဖွင့်)။ ။ဟိ၊ မှန်ပေ၏။ သာ၊ ထို သုံးပါးသော ဝိပဿနာသည်။ ဥတ္တမဘာဝံ၊ မြင့်မြတ်သည်၏ အဖြစ်ဟူသော။ သိခံ၊ အထွဋ် အထိပ်သို့။ ပတ္တတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့်။ သိခါပတ္တာ၊ သိခါပတ္တမည်၏။ ဝုဋ္ဌာနံ ဂစ္ဆတီတိ၊ ဝုဋ္ဌာနသို့ သွားတတ်=ဆိုက်ရောက်တတ်သောကြောင့်။ ဝုဋ္ဌာနဂါမိနီ၊ မည်၏။ ဗဟိဒ္ဓါနိမိတ္တဘူတတော၊ ရှုအပ်သည်ဖြစ်၍ ဗဟိဒ္ဓအရာ၌ တည်သော၊ ဝိပဿနာ၏ အာရုံ နိမိတ်လဲဖြစ်၍ ဖြစ်သော။ အဘိနိဝိဋ္ဌဝတ္ထုတော စေဝ၊ နှလုံးသွင်းအပ် ရှုမှတ်အပ်သော ကိုယ်တွင်း, ကိုယ်ပ သင်္ခါရဝတ္ထုမှ၎င်း။ ။ (ဤ၌ ဗဟိဒ္ဓကား၊ သူတပါးသန္တာန်, အနိန္ဒြိယဗဒ္ဓ, တို့ကိုသာ ဆိုလိုသည် မဟုတ်ပေ၊ ဝိပဿနာဉာဏ်ဖြင့်၊ ပရ=သူစိမ်း ပြင်ပ တရား ဟူ၍သာ ရှုမြင်အပ်သောကြောင့်၊ မိမိ၏ ကိုယ်တွင်းက တရားများလဲ ဝိပဿနာ၏ အာရုံဖြစ်လျှင်၊ ဗဟိဒ္ဓချည်း သာတည်း။ ဋီကာဖွင့်ကို ကြည့်ပါလေဦး)။ ။ အဇ္ဈတ္တပဝတ္တတော စ၊ မိမိ သန္တာန်၌ ဖြစ်ထိုက်သော ကိလေသာ အယဉ်, ဝိပါက်ခန္ဓာအယဉ်, မှ၎င်း။ ဝုဋ္ဌဟနတော၊ အာရုံမပြုခြင်း တဖန်မဖြစ်စေခြင်း တို့အလိုအားဖြင့် ထမြောက်တတ်သောကြောင့်။ ။ (ဝုဋ္ဌဟနဋ္ဌ နေသံ အာရမ္မဏာကရဏံ အာယတိံ အနုပ္ပတ္တိဓမ္မတာပါဒနဥ္စ=ထမြောက် ဟူသည်မှာ သင်္ခါရတို့ကို အာရုံ မပြုခြင်း, ကိလေသာ ဝိပါက်ခန္ဓာတို့ကို နောင်ကာလ၌ မဖြစ်ခြင်းသဘောရှိသည့် အဖြစ်သို့ရောက်စေခြင်း, ပင်တည်း-ဋီကာဖွင့်။ အနာ ပျောက်ကင်းသော သူကို အနာမှ ထမြောက်သည် ဟု ခေါ်ဆိုသကဲ့သို့။ သင်္ခါရအာရုံ, ကိလေသာ, ဝိပါက်, တို့မှကင်း ငြိမ်းသွားသည်ကိုပင်၊ ၎င်းတို့မှ ထမြောက်သည်ဟု ဆိုပေသည်၊ ပါဠိ၌ ဝေါဟာရ အထူးပေတည်း)။ ။ မဂ္ဂေါ၊ မဂ်ကို။ ဝုဋ္ဌာနံ၊ ဝုဋ္ဌာနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ ဂစ္ဆတီတိ၊ ထိုဝုဋ္ဌာနမည်သော မဂ်သို့ သွားတတ်=ဆိုက်ရောက်တတ်သောကြောင့်။ ဝုဋ္ဌာနဂါမိနီ၊ မည်၏။ မဂ္ဂေန သဒ္ဓိံဃဋ္ဋိယတိ၊ မဂ်နှင့် တကွဆက်စပ်၏။ ဣတိ အတ္ထော၊ ဤကား ဝုဋ္ဌာနံ ဂစ္ဆတိ-၏ အနက်တည်း။ (ဤဝိသုဒ္ဓိမဂ်၌၊ ဂေါတြဘူကိုလဲ ဝုဋ္ဌာနဂါမိနီဟု ဆို၏။ သဒိယာနုပဿနာ အရာ၌ကား၊ ၎င်းကို ဝုဋ္ဌာနဂါမိနီ၌ သွင်း၍ မယူအပ်)။

ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ အပါအဝင်ဖြစ်သော ဤသိခါပတ္တသင်္ခါရုပေက္ခာ=သဒိသာနုပဿနာကို ဝီထိစိတ် အစဉ်အားဖြင့် ဤသို့ ပိုင်းခြားမှတ်သားရာ၏။ စလနဘဝင် ၂-ကြိမ်၊ မနောဒွါရာဝဇ္ဇန်း ၁-ကြိမ်၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော

(၇)ကြိမ်၊ ထို့နောင် ဘဝင်စိတ်များ။ ဤအစဉ်ဖြင့် ၂–ကြိမ်၊ ၃–ကြိမ် ဆက်၍ ဖြစ်သည်ဟု မှတ်သားအပ်၏။ ဤအရာ၌ "တိလက္ခဏာရမ္မဏိက (ဗလဝ)ဝိပဿနာယ တဒါရမ္မဏံ န လဗ္ဘတိ၊ ဝုဋ္ဌာနဂါမိနိယာ ဗလဝဝိပဿနာယ တဒါရမ္မဏံ န လဗ္ဘတိ"ဟူသော ဝိဘင်းအဋ္ဌကထာနှင့် အညီ ဗလဝဝိပဿနာ ဇော နောင် တဒါရုံ မဖြစ်ဟု မှတ်အပ်၏။

ဤသဒ္ဒိသာနုပဿနာဝီထိ ၂–ကြိမ်၊ ၃–ကြိမ်တို့တွင်၊ နောက်ဆုံးအကြိမ်၌၊ သတ္တမဇော နောင်ဘဝင်စိတ်များ ဖြစ်သင့်သမျှ ဖြစ်ပေါ်ပြီးလျှင်၊ ထိုအခိုက်၌ ဖြစ် ပျက်ဆဲ နာမ် တရား တခုခုကို ဖြစ်စေ, ရုပ်တရား တခုခုကို ဖြစ်စေ, ရှေးအခြားမဲ့ ၂–ဝီထိ၊ ၃–ဝီထိ အတွင်းကအာရုံပြုခဲ့သည့် နည်းတူပင်၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့တွင် တပါးပါး၏ အလိုအားဖြင့် ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပေါ်၏။ ထိုစိတ်၏ အခြားမဲ့၌၊ ၎င်းနာမ်ရုပ် တခုခုကိုပင်လျှင်၊ "ရှေး အခြားမဲ့ ၂–ဝီထိ၊ ၃–ဝီထိ အတွင်းက ရှုမြင်ပုံနှင့် တူစွာပင်" ရှုမြင်လျက်၊ ဝိပဿနာဇောစိတ် ၃–ကြိမ် ဖြစ်ပေါ်၏။ ထို ၃–ကြိမ်သော ဇောတို့တွင်၊ ပဌမ ဇောသည် ပရိကံ မည်၏၊ ဒုတိယ ဇောသည် ဥပစာမည်၏၊ တတိယ ဇောသည် အနုလုံ မည်၏။ ပရိကံ=ပရိကမ္မ=အဆင်သင့် ဖြစ်စေရန် ကြိုတင်၍ ပြုလင့်သော ဇော၊ ဥပစာ=ဥပစာရ=မဂ်အပ္ပနာ၏ အနီး (ရောက်လုနီး)၌ ကပ်၍ဖြစ်သော ဇော၊ အနုလုံ=အနုလောမ=ဥဒယဗ္ဗယဉာဏ်စသော ရှေးအဖို့ ဉာဏ်များနှင့်၎င်း, မဂ်စိတ္တုပ္ပါဒ်၌ ပါဝင်သော နောက်အဖို့ ဗောဓိပက္ခိယ တရားများနှင့်၎င်း, လျော်စွာဖြစ်သောဇောဟု ဆိုလို၏။ ဤသည်တို့ကား၊ ထိုဇော ၃–ခုတို့၏ သီးခြားအမည်တို့ပေတည်း။ သီးခြားမခွဲဘဲ ခေါ်လိုလျှင်ကား၊ ထိုဇော ၃–ခုလုံးကို အာသေဝနဇော ဟူ၍လဲ ခေါ်အပ်၏၊ ပရိကံဇော ဟူ၍လဲ ခေါ်အပ်၏၊ ဥပစာဇော ဟူ၍လဲ ခေါ်အပ်၏။ အနုလုံဇော ဟူ၍လဲ ခေါ်အပ်၏။ ဤ အနုလုံဇော ၃–ခု၌ ပါဝင်သော အသိအမြင်သည်၊ အနုလောမဉာဏ်မည်၏။ အာဝဇ္ဇန်းနှင့်တကွ ဤအနုလုံဇော ၃–ခုသည်၊ ယောဂီပုဂ္ဂိုလ်အားမှတ်သိမှု တကြိမ်ထည်းကဲ့သို့သာ ဖြစ်လျက် ထင်ရှားပေသည်၊ အသီး အသီး ၄–ကြိမ် ကွဲပြားလျက်ကား မထင်ရှားပေ။ ဥပမာ... ရှေးအဖို့က၊ 'မြင်တယ် ကြားတယ်'စသည်ဖြင့် မှတ်သိရာ၌၊ တကြိမ် တကြိမ်တွင်၊ အာဝဇ္ဇန်းနှင့် ဇော(၇)ကြိမ်တို့သည် အသီး အသီး မကွဲပြားမူ၍ မှတ်သိမှု တချက်ထည်းသာ ဖြစ်လျက် ထင်ရှားကုန် သကဲ့သို့ ပင်တည်း။ ဝိပဿနာဇော (၇) ကြိမ်, သဒ္ဒိသာနုပဿနာဝီထိ ၂–ကြိမ်၊ ၃–ကြိမ် ဟု ဆိုရာ၌၊ မှီရာ သာဓကတို့မှာ အောက်ပါ အဋ္ဌကထာဋီကာတို့ပေတည်း။

တဿ ဒါနိ မဂ္ဂေါ ဥပ္ပဇ္ဇိဿတီတိ သင်္ခါရုပေက္ခာ သင်္ခါရေ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သမ္မသိတွာ ဘဝင်္ဂံ ဩတရတိ၊ ဘဝင်္ဂါနန္တရံ သင်္ခါရုပေက္ခာယ ကတနယေနေဝ သင်္ခါရေအနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ အာရမ္မဏံ ကုရုမာနံ ဥပ္ပဇ္ဇတိ မနောဒွါရာဝဇ္ဇနံ၊ တတော ဘဝင်္ဂံ အာဝဋ္ဋေတွာ ဥပ္ပန္နဿတဿ ကြိယစိတ္တဿာ နန္တရံ အဝီစိကံ သန္တတိ မနုပ္ပဗန္ဓမာနံ တထေဝ သင်္ခါရေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ ပဌမဇဝနစိတ္တံ၊ ယံ ပရိကမ္မန္တိ ဝုစ္စတိ။ (ဝိသုဒ္ဓိမဂ် ၂–၃၀၈)

တဿ၊ ထိုယောဂီအား။ ဣဒါနိ မဂ္ဂေါ ဥပ္ပဇ္ဇိဿတီ တိ၊ ယခုပင် မဂ် ဖြစ်တော့မည် ရှိသောအခါ၌။ သင်္ခါရုပေက္ခာ၊ သည်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အနိစ္စာ တိ ဝါ၊ မမြဲကုန် ဟူ၍ ဖြစ်စေ။ ဒုက္ခာ တိ ဝါ၊ ဆင်းရဲတို့ ဟူ၍ဖြစ်စေ။ အနတ္တာတိ ဝါ၊ အတ္တ မဟုတ်ကုန် ဟူ၍ ဖြစ်စေ။ သမ္မသိတွာ၊ သုံးသပ်၍။ ဘဝင်္ဂံ ဩတရတိ၊ ဘဝင်သို့သက်၏။ ဘဝင်္ဂါနန္တရံ၊ ဘဝင်၏ အခြားမဲ့၌။ သင်္ခါရုပေက္ခာယကတနယေနေဝ သင်္ခါရေ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ အာရမ္မဏံ ကုရုမာနံ၊ သင်္ခါရုပေက္ခာက ပြုအပ်ပြီးသော နည်းဖြင့်သာလျှင် သင်္ခါရတို့ကို မမြဲကုန်ဟု ဖြစ်စေ, ဆင်းရဲတို့ဟု ဖြစ်စေ, အတ္တ မဟုတ်ကုန်ဟု ဖြစ်စေ, အာရုံပြုလျက်။ မနောဒွါရာဝဇ္ဇနံ ဥပ္ပဇ္ဇတိ၊ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်၏။ တတော၊ ထိုအာဝဇ္ဇန်းမှ နောက်၌။ ဘဝင်္ဂံ အာဝဋ္ဋေတွာ ဥပ္ပန္နဿ၊ ဘဝင်ကို နစ်စေလျက် ဖြစ်ပေါ်သော။ တဿ ကြိယစိတ္တဿ၊ ထို အာဝဇ္ဇန်း ကြိယာစိတ်၏။ အနန္တရံ၊ အခြားမဲ့၌။ သန္တတိံ၊ စိတ် အစဉ်ကို။ အဝီစိကံ အနုပ္ပဗန္ဓ မာနံ၊ အခြား အပြတ် မရှိအောင် ဆက်စပ်လျက်။ တထေဝ၊ ရှေး ၂–ဝီထိ၊ ၃–ဝီထိ အတွင်းက သင်္ခါရုပေက္ခာ၏ ထိုရှုမြင်ပုံ အတူသာလျှင်။ သင်္ခါရေ အာရမ္မဏံ ကတွာ၊ သင်္ခါရတို့ကို အာရုံပြု ရှုမြင်လျက်။ ပဌမဇဝနစိတ္တံ ဥပ္ပဇ္ဇတိ၊ ပဌမ ဇောစိတ် ဖြစ်ပေါ်၏။ ယံ၊ ယင်း ပဌမဇော စိတ်ကို။ ပရိကမ္မန္တိ၊ ပရိကံ ဟူ၍။ ဝုစ္စတိ၊ ခေါ်အပ်၏။

အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သမ္မသိတွာ ဘဝင်္ဂံ ဩတရတီတိ အနိစ္စာဒီသု ဧကေနာကာရေန သမ္မသန္တိ သတ္တက္ခတ္တုံ ပဝတ္တိတွာ ဘိဇ္ဇန္တိ ဘင်္ဂံ ဩတိဏ္ဏာ နာမ ဟောတိ၊ တတော ပရံ ဘဝင်္ဂဿ ဝါရောတိ ကတွာ။

တထေဝါ တိ ယထာ အတီတာသု ဒွတ္တိ ဇဝနဝီထိသု သင်္ခါရုပေက္ခာ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သင်္ခါရေ အာရမ္မဏ.မကာသိ၊ တထေဝ။ (မဟာဋီကာ ၂–၄၇၉)

အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သမ္မသိတွာ ဘဝင်္ဂံ ဩတရတီတိ၊ ဟူသည်ကား။ အနိစ္စာဒီသု၊ အနိစ္စ အခြင်းအရာ စသည်တို့တွင်။ ဧကေန အာကာရေန၊ တမျိုးထည်းသော အခြင်းအရာအားဖြင့်။ သမ္မသန္တိ၊ သုံးသပ်လျက်။ ။ (ဤအဖွင့်ဖြင့် အနိစ္စာတိ ဝါ စသည်၌၊ ဝါ–သဒ္ဒါကို၊ သမုစ္စယတ္ထဇောတက မဟုတ်၊ ဝိကပ္ပနတ္ထဇောတကဟု သိစေ၏)။ ။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ပဝတ္တိတွာ၊ ဖြစ်ပေါ်ပြီး၍။ ဘိဇ္ဇန္တိ၊ ပျက်လတ်သော်။ ဝါ၊ ပျက်သော သင်္ခါရုပေက္ခာသည်။ ဘင်္ဂံ ဩတိဏ္ဏာ နာမ ဟောတိ၊ ဘဝင်သို့သက်သည် မည်၏။ ။(သင်္ခါရုပေက္ခာ ပျက်ပြီးသည်မှနောက်၌၊ ဘဝင်ဖြစ်သည်ကိုပင်၊

သင်္ခါရုပေက္ခာက ဘဝင်ဖြစ်သွားသကဲ့သို့၊ ဧကတ္တနည်းအရဖြင့် အဘေဒပြု၍ဆိုသည်၊ မုချစကားမဟုတ်ဟူလို။အဘယ့်ကြောင့် ဇောနောင် တဒါရုံကို မဆိုဘဲ၊ ဘဝင်ကိုသာဆိုပါသနည်းဟူသော ဤအမေးကို တတောပရံ စသည်ဖြင့် ဖြေ၏)။ ။တတော၊ ဝုဋ္ဌနဂါမိနီဗလဝ ဝိပဿနာဖြစ်သော ထိုသင်္ခါရုပေက္ခာ ဇောမှ။ ပရံ၊ နောက်၌။ ဘဝင်္ဂဿ ဝါရော၊ ဘဝင်၏ အလှည့်ပေ တည်း။ ဣတိ ကတွာ၊ ဤသို့ နှလုံးသွင်းမှုကိုပြု၍၊ ဆိုတော်မူပေသည်။ ။တထေဝါတိ၊ တထေဝ–ဟူသည်ကား၊ အတီတာသု၊ လွန်ကုန်ပြီးသော။ ဒွတ္တိ ဇဝနဝီထီသု၊ ၂–ခု ၃–ခုသော ဇောဝီထိ=ဇောအစဉ်တို့၌။ (ပရိယာပန္နာ၊ အတွင်းဝင်သော)။ သင်္ခါရုပေက္ခာ၊ သင်္ခါရုပေက္ခာသည်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အနိစ္စာတိ ဝါ၊ မမြဲကုန် ဟူ၍ ဖြစ်စေ။ ဒုက္ခာတိ ဝါ၊ ဆင်းရဲတို့ ဟူ၍ဖြစ်စေ။ အနတ္တာတိ ဝါ၊ အတ္တ မဟုတ်ကုန် ဟူ၍ ဖြစ်စေ။ အာရမ္မဏံ အကာသိ ယထာ၊ အာရုံပြု မှတ်ရှုဘိသကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။

ဒွတ္တိံသကို ပြင်ဆင်ချက် ... ယခုကာလ စာအုပ်တို့၌ ဒွတ္တိ၏ အရာတွင် ဒွတ္တိံသ–ဟု နိဂ္ဂဟိတ်, သ–အက္ခရာ, အပိုတို့နှင့် တကွ ချွတ်ယွင်း ပျက်စီးလျက်ရှိ၏။ ထိုပါဌ်ပျက်ကိုပင် အမှန်ဟု ယူဆပြီးလျှင်၊ "သမာပတ် ရစ်ပါးကို ပဋိပဒါ, အဘိညာ, တို့ဖြင့် မြှောက်ပွါးခြင်း စသည်ဖြင့် ရအပ်သော သင်္ခါရုပေက္ခာ ၃၂–မျိုးသည်ပင် ထိုဒွတ္တိံသ–၏ အရ ဖြစ်သည်" ဟူ၍လဲ ကြံဆလျက် ဆို ဆုံးဖြတ်ကုန်၏။ သို့သော်လဲ ဇဝနဝီထီသု–ဟူသော ဝိသေသျသဒ္ဒါယျ ပုဒ်နှင့်သာ ဆိုင်သော ထိုသင်္ချာဝိသေသနပုဒ်သည် ဇောဝီထိတို့၏ အရေအတွက် သင်္ချာကိုသာ ပြနိုင်ပေသည်၊ သင်္ခါရုပေက္ခာတို့၏ အမျိုး အစား အရေ အတွက်ကိုကား မပြနိုင်ပေ။ ထို့ကြောင့်, ထိုသို့ကြံဆအပ်သော သင်္ခါရုပေက္ခာ ၃၂–မျိုးသည်၊ ဇဝနဝီထီသု–ဟူသော ဋီကာ၏အရ အဓိပ္ပေတတ္ထ =လိုအပ်သော သဒ္ဒါယျ အနက် မဟုတ်သည် သာတည်း။ ထို့ပြင်, သဒိသာနုပဿနာဝီထိ ၃၂–ခု ဟူ၍လဲ ဆိုကြ၏။ ထိုစကားသည်လည်း၊ အလုံးစုံသော အဋ္ဌကထာ ဋီကာတို့၌ သဒိသာနုပဿနာဝီထိ ၃၂–ကြိမ် တိတိ ဖြစ်ကြောင်းကို ပြသော ထောက်ထားဘွယ် သာဓကလုံးဝမရှိသည့်ပြင် စတုတ္ထစျာန်အဖွင့်၌ပြထားသော အောက်ပါမဟာဋီကာ နှင့်ပင် မညီသောကြောင့်၊ မသင့်သေးသည်သာတည်း။

တာဒိသာယ အာသေဝနာယ ဣစ္ဆိတဗ္ဗတ္တာ, "ယထာ မဂ္ဂဝီထိတော ပုဗ္ဗေ ဒွေ တယော ဇဝနဝါရာ သဒိသာနုပဿနာဝ ပဝတ္တန္တိ" ဧဝမိဓာပိ အပ္ပနာဝါရတော ပုဗ္ဗေ ဒွေ တယော ဇဝနဝါရာ ဥပေက္ခာ သဟဂတာဝ ပဝတ္တန္တီတိ ဝဒန္တိ။ (မဟာဋီ ၁–၁၉၁၊ သာရတ္ထ ဋီ ၁–၃၇၁)

တာဒိသာယ၊ ထိုသို့ သဘော ရှိသော။ အာသေဝနာယ၊ အဖန်ဖန်မှီဝဲစေခြင်း ထုံစေခြင်း၏။ ဝါ၊ ထုံစေခြင်းကို။ ဣစ္ဆိတဗ္ဗတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်။ မဂ္ဂဝီထိတော၊ မဂ်ဝီထိမှ။ ပုဗ္ဗေ၊ ရှေး၌။ သဒိသာနုပဿနာ ဧဝ၊ တူသော အခြင်းအရာအားဖြင့် ရှုသောကြောင့်။ သဒိသာနုပဿနာချည်းသာ ဖြစ်ကုန်သော။ ဒွေ တယော ဇဝနဝါရာ၊ နှစ်ခု သုံးခု ကုန်သော ဇော အလှည့် ဝီထိဝါရတို့သည်။ ပဝတ္တန္တိ ယထာ၊ တစပ်ထည်း ဖြစ်ကုန်သကဲ့သို့။ ဧဝံ။ ဤအတူ။ ဣဓာပိ၊ ဤ မဟဂ္ဂုတ် ဥပေက္ခာစျာန် အရာ၌လဲ။ အပ္ပနာဝါရတော၊ ဥပေက္ခာသဟဂုတ် အပ္ပနာစျာန် အလှည့် ဝီထိဝါရမှ။ ပုဗ္ဗေ၊ ရှေး၌။ ဥပေက္ခာသဟဂတာ ဧဝ၊ ဥပေက္ခာသဟဂုတ်ချည်းသာ ဖြစ်ကုန်သော။ ဒွေ တယော ဇဝနဝါရာ၊ နှစ်ခု သုံးခုကုန်သော ဥပစာရ စျာန် ဇောအလှည့် ဝီထိဝါရတို့သည်။ ပဝတ္တန္တိ၊ တစပ်ထည်း ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆရာတို့ ဆိုကြကုန်၏။

ရှင်းလင်းဆုံးဖြတ်ချက် ... အထက်ပါဋီကာတွင်၊ ဧဝမိဓာပိ–ပေ–ပဝတ္တန္တိ–ဟူသော ဥပမေယျသာဓျ စကားသည်သာလျှင် အာစရိယ ဝါဒပေတည်း။ ၎င်းဝါဒကို၊ တာဒိသာယ အာသေဝနာယ ဣစ္ဆိတဗ္ဗတ္တာ–ဟူသောစကားဖြင့် အကြောင်းပြ၍၊ "ယထာ မဂ္ဂဝီထိတော ပုဗ္ဗေ ဒွေ တယော ဇဝနဝါရာ သဒိသာနုပဿနာဝ ပဝတ္တန္တိ" ဟူသော ဥပမာနသာဓကစကားဖြင့် နှိုင်းဆ၍ ယုံကြည်စေ၏၊ ခိုင်မြဲစေ၏။ သို့ဖြစ်၍, ဤ ဥပမာန သာဓက စကားသည်ကား အာစရိယဝါဒ မဟုတ်။ ဋီကာဆရာနှင့်တကွ အလုံးစုံသော ဆရာတို့ သဘောတူ ဝန်ခံအပ်သော သမာန ဝါဒသာတည်း။ ဤသမာနဝါဒ ပက္ခ၌၊ ဒွေ တယော=နှစ်ဝါရ သုံးဝါရ ဟူ၍သာ ရှိပေသည်။ ဒွတ္တိံသ ၃၂–ဝါရ ဟူ၍ကား မရှိပေ။ ထို့ပြင်, ဒွေတယော ဟူသောပါဌ်ကို စာ ရေးကူးရာ၌ မှားယွင်းခဲ့သည် ဟူ၍လဲဆိုဘွယ်မရှိပေ။ အဘယ့်ကြောင့်နည်းဟူမူ...ဒွတ္တိံသပုဒ်နှင့် ဒွေတယောပါဌ်တို့မှာ ဆင်တူရိုးမှား မဟုတ်သည့်ပြင်, ၂–ဝီထိ၊ ၃–ဝီထိဆိုလျှင်၊ အာသေဝနဖြစ်ရန် လုံလောက်နေခြင်းကြောင့်ပင်တည်း။ သို့ဖြစ်၍, ဤသမာနဝါဒ ဥပမာနပက္ခနှင့် နှီးနှော တိုက်ဆိုင် ကြည့်လျှင်၊ ဤအရာ၌၊ ဒွတ္တိံသ–ဟူသော ပါဌ်မှာ အဆက်ဆက် ရေးကူးရာ၌၊ နိဂ္ဂဟိတ်နှင့် သ–အက္ခရာ ပိုလွန်လျက် ရေးမှားထားသော ပမာဒလေခသာ ဖြစ်ထိုက်ကြောင်းလဲ ထင်ရှား၏၊ ဒွတ္တိ–ဟူသော ပါဌ်သာလျှင် ဋီကာဆရာ ရေးခဲ့ရင်း မူလပါဌ်မှန်ဖြစ်ကြောင်းလဲ ထင်ရှားလှပေ၏။ ထို့ကြောင့်, ဒွတ္တိ ဇဝနဝီထိသု၊ ၂–ခု ၃–ခုသော ဇောဝီထိ ဇောအစဉ်တို့၌ ဟူ၍ ပြခဲ့သော ပါဌ် အနက်ကိုသာ၊ ပါဌ်မှန် အနက်မှန်ဟု ယုံမှားမရှိ မှတ်ပါလေကုန်။

## ဂေါတြဘုဉာဏ်

အနုလောမဉာဏ်၏ အခြားမဲ့၌၊ မုတ်သိအပ်ဆဲ သင်္ခါရ အာရုံကို စွန့်လွှတ်၍၊ သင်္ခါရ ချုပ်ငြိမ်းသော နိဗ္ဗာန်ကို အာရုံပြုလျက်၊ ဂေါတြဘု ဇောစိတ် ဖြစ်ပေါ်၏၊ ဤဇောစိတ်နှင့် ယှဉ်သော သိမှုသည် ဂေါတြဘုဉာဏ်မည်၏။ ဤအရာ၌၊ အာရုံပြုသည်ဟု ဆိုသော်လဲ၊ ရှေးအဖို့က စိတ်များလို၊ အာရုံ၏ အပြင်မှနေ၍ သိခြင်းမျိုး မဟုတ်ပေ။ သင်္ခါရအာရုံမှ လွတ်ကျ၍၊ သင်္ခါရ ကင်းဆိတ်ချုပ်ငြိမ်းသော သဘောထဲသို့ ပြေးဝင်သွားသလိုပင် သိခြင်းပေတည်း။ ထို့ကြောင့်၊ ပဋ္ဌိသမ္ဘိဒါ မဂ်၌…ဥပ္ပါဒံ အဘိဘုယျိတွာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု၊ ဗဟိဒ္ဓါသင်္ခါရနိမိတ္တံ အဘိဘုယျိတွာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု –စသည်ဖြင့် ဟောတော်မူ၏။

ဥပ္ပါဒံ အဘိဘုယျိတွာ၊ ဖြစ်ခြင်းရှိသော သင်္ခါရအာရုံကို လွှမ်းမိုးလွန်မြောက်၍။ အနုပ္ပါဒံ ပက္ခန္ဒတီတိ၊ ဖြစ်ခြင်းကင်းသော သဘောထဲသို့ ပြေးဝင်သွားတတ်သောကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။ ဗဟိဒ္ဓါသင်္ခါရနိမိတ္တံ အဘိဘုယျိတွာ၊ သူစိမ်းပြင်ပ တရားအနေဖြင့် ရှုမြင်အပ်သောကြောင့် ဗဟိဒ္ဓအရာ၌ တည်သော သင်္ခါရ အာရုံကို လွှမ်းမိုး လွန်မြောက်၍။ နိရောဓံ၊ သင်္ခါရ ချုပ်ခြင်းသဘော ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန် အာရုံထဲသို့။ ပက္ခန္ဒတီတိ၊ ပြေးဝင် သွားတတ်သောကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။

## မဂ်ဉာဏ် ဖိုလ်ဉာဏ်

ဂေါတြဘုစိတ်၏ အခြားမဲ့၌လဲ၊ နိဗ္ဗာန်ကိုပင် မျက်မှောက် သိမြင်အာရုံ ပြုလျက်၊ မဂ်ဇောစိတ် တကြိမ် ဖြစ်ပေါ်၏။ ဤ မဂ်စိတ်နှင့်ယှဉ်သော သိမှုသည် မဂ်ဉာဏ်ပေတည်း၊ ဉာဏဒဿန ဝိသုဒ္ဓိလဲမည်၏။ မဂ်၏အခြားမဲ့၌လဲ၊ နိဗ္ဗာန်ကိုပင် အာရုံပြုလျက်၊ ဖိုလ်စိတ် ၂–ကြိမ် ဖြစ်ပေါ်၏။ တိက္ခပညာ ပုဂ္ဂိုလ်ဖြစ်လျှင်ကား၊ ရှေး အဖို့ကအနုလုံဇော ၂–ကြိမ်သာ ဖြစ်ခဲ့၍၊ မဂ်၏ အခြားမဲ့၌ ဤ ဖိုလ်စိတ်သည် ၃–ကြိမ် ဖြစ်ပေါ်၏။ ဖလသမာပတ် ဝင်စားသောအခါ၌ကား၊ ဤဖိုလ်ဇောစိတ်သည် အပိုင်းအခြားမရှိ အကြိမ်များစွာလဲ ဖြစ်နိုင်၏။ ဤဖိုလ်စိတ်များနှင့်ယှဉ်သော သိမှုသည် ဖိုလ်ဉာဏ် မည်၏။ ဤ မဂ်ဖိုလ်တို့၏ အာရုံပြုပုံသည်လည်း အပြင်မှနေ၍ အာရုံပြုသကဲ့သို့ မဟုတ်ပေ၊ သင်္ခါရ ကင်းဆိတ်ချုပ်ငြိမ်းသော သဘောထဲ၌ ဝင်ရောက်နေရသလိုပင် သိခြင်းပေတည်း။ ထို့ကြောင့်၊ မဂ်ဖိုလ်တရားတို့ကို "အပ္ပနာ=နိဗ္ဗာန်သို့ ရောက်သောတရား, နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေသလိုပင် ဖြစ်သောတရား"ဟု ခေါ်ဆိုပေသည်။ ဖိုလ်စိတ် ၂–ကြိမ်၊ ၃–ကြိမ်မှ နောက်၌၊ ဘဝင်စိတ်များ၊ ဖြစ်သင့်သမျှ ဖြစ်ပေါ်လေ၏။ ထို့နောင်, ဆင်ခြင် စဉ်းစားမှု = ပစ္စဝေက္ခဏာစိတ်များ ဖြစ်ပေါ်ကုန်၏။

မဂ်ဝီထိ၌၊ နိဗ္ဗာန်ကိုချည်း အာရုံပြုလျက် ဖြစ်ပေါ်ကြသော ဤဂေါတြဘု မဂ်ဖိုလ်တို့၏ ဖြစ်ရာကာလသည် တခဏကလေးမျှသာတည်း။ ထို့ကြောင့်, ထိုစိတ် ၃–မျိုးသည် ယောဂီပုဂ္ဂိုလ်အားအပိုင်းအပိုင်း အကန့် အကန့် ပြတ်ခြားလျက်ကား မထင်ရှားတတ်ပေ၊ ဖြစ်ပေါ်ပုံအားဖြင့်သာလျှင် ထင်ရှားတတ်ပေသည်။ ထင်ရှားပုံကား…မှတ်သိအပ်ဆဲ သင်္ခါရအာရုံနှင့်, မှတ်သိမှု သင်္ခါရတို့မှလွတ်၍၊ သင်္ခါရ ချုပ်ငြိမ်းသော သဘောသို့၊ ရှေးဦးစွာ ကျရောက်သွားပုံလဲ ထင်ရှားပေ၏။ ထိုသင်္ခါရ ချုပ်ငြိမ်းသော သဘောထဲ၌ ဝင်ရောက် နေရသကဲ့သို့၊ တခဏမျှ တည်နေပုံလဲ ထင်ရှားပေ၏။ ထို သင်္ခါရ ချုပ်ငြိမ်းသော သဘော၌ ရောက်နေရာမှ ဆင်ခြင်မှု ပစ္စဝေက္ခဏာ ဖြစ်လာပုံလဲ "အိပ်ပျော်ရာမှ နိုး လာသကဲ့သို့၎င်း၊ ရေထဲမှ ဘွားကနဲ ပေါ်လာသကဲ့သို့၎င်း" ထင်ရှားပေ၏။ ထို့ကြောင့်, သုတရှိသူဖြစ်လျှင်၊ "သင်္ခါရ ချုပ်ငြိမ်းရာသို့ ရှေးဦးစွာကျရောက်သွားသော သဘောကို ဂေါတြဘု ဟူ၍၎င်း၊ သင်္ခါရအာရုံချုပ်ငြိမ်း ကင်းဆိတ်လျက် တခဏမျှ တည်တံ့သော အလယ်ပိုင်း သဘောကို မဂ်ဟူ၍၎င်း၊ ဆင်ခြင်မှုမဖြစ်မီက သင်္ခါရအာရုံ ချုပ်ငြိမ်းနေသော နောက်ဆုံးပိုင်းသဘောကို ဖိုလ်ဟူ၍၎င်း" ပိုင်းခြားဆုံးဖြတ်နိုင်ရာ၏။ ဤသို့သော ဖြစ်ပုံကို နားလည်စေရန် ဝိသုဒ္ဓိမဂ်၌၊ ဥပမာနှင့်တကွ အောက်ပါအတိုင်း ပြတော်မူ၏။

ယထာ ဟိ မဟာမာတိကံ လင်္ဃိတွာ ပရတီရေ ပတိဋ္ဌာတုကာမော ပုရိသော ဝေဂေန ဓာဝိတွာ, မာတိကာယ ဩရိမတီရေ ရုက္ခသာခါယ ဗန္ဓိတွာ ဩလမ္ဗိတံ ရဇ္ဇုံ ဝါ ယဋ္ဌိံ ဝါ ဂဟေတွာ ဥလ္လင်္ဃိတွာ, ပရတီရ–နိန္န–ပေါဏ– ပဗ္ဘာရကာယော ဟုတွာ ပရတီရဿ ဥပရိဘာဂံ ပတ္တော တံ မုဉ္စိတွာ, ဝေဓမာနော ပရတီရေ ပတိတွာ သဏိကံ ပတိဋ္ဌာတိ၊ ဧဝမေဝါယံ ယောဂါဝစရောပိ ဘဝယောနိ–ဂတိ ဋ္ဌိတိနိဝါသာနံ ပရတီရဘူတေ နိဗ္ဗာနေ ပတိဋ္ဌာတုကာမော ဥဒယဗ္ဗယာနုပဿနာဒိနာ ဝေဂေန ဓာဝိတွာ, အတ္တဘာဝရုက္ခသာခါယ ဗန္ဓိတွာ ဩလမ္ဗိတံ ရူပရဇ္ဇုံ ဝါ ဝေဒနာဒီသု အညတရဒဏ္ဍံ ဝါ အနိစ္စန္တိ ဝါ ဒုက္ခန္တိ ဝါ အနတ္တာတိ ဝါ အနုလောမာဝဇ္ဇနေန ဂဟေတွာ, တံ အမုဉ္စမာနောဝ ပဌမေန အနုလောမစိတ္တေန ဥလ္လင်္ဃိတွာ, ဒုတိယေန "ပရတီရ–နိန္န–ပေါဏ–ပဗ္ဘာရကာယောဝိယ" နိဗ္ဗာန–နိန္န–ပေါဏ–ပဗ္ဘာရမာနသော ဟုတွာ, တတိယေန "ပရတီရဿ ဥပရိဘာဂံ ပတ္တော ဝိယ" ဣဒါနိ ပတ္တဗ္ဗဿ နိဗ္ဗာနဿ အာသန္နော ဟုတွာ, တဿ စိတ္တဿ နိရောဓေန တံ သင်္ခါရာရမ္မဏံ မုဉ္စိတွာ, ဂေါတြဘုစိတ္တေန ဝိသင်္ခါရေ ပရတီရဘူတေ နိဗ္ဗာနေပတတိ။ ဧကာရမ္မဏေ ပန အလဒ္ဓါသေဝနတာယ "ဝေဓမာနော သော ပုရိသော ဝိယ" န တာဝ သုပ္ပတိဋ္ဌိတော ဟောတိ။ တတော မဂ္ဂဉာဏေန ပတိဋ္ဌာတိ။ (၂–၃၁၃)

မြန်မာပြန် ... အတော်အတန် ကြီးသော ရေမြောင်းငယ်ကို ခုန်ကျော်၍ ဟိုဘက်ကမ်း၌ တည်လိုသော ယောကျ်ားသည် လျင်သောအဟုန်ဖြင့် (ရှစ်လုမ်းခန့်) ပြေးသွားပြီးလျှင်၊ ရေမြောင်း၏ သည်ဘက်ကမ်းမှာရှိသော သစ်ပင်၏ကိုင်း၌ ဖွဲ့ချည်၍ တွဲလဲချထားသော ကြိုးကိုဖြစ်စေ, ဒုတ်ကိုဖြစ်စေ, ဆွဲကိုင်ပြီးလျှင်၊ ခုန်လွှား၍၊ ဟိုဘက်ကမ်းဆီသို့ ညွတ်ကိုင်း ရှိုင်းသောကိုယ် ရှိလျက်၊ ဟိုဘက်ကမ်းပေါ်သို့ရောက်လျှင်၊ ဆွဲကိုင်ထားသည် ထိုကြိုးဒုတ်ကို လက်လွှတ်လိုက်၍၊ ဟိုဘက်ကမ်း၌ တုန်တုန်ရီရီ ဖြစ်လျက် ကျသွားပြီးလျှင်၊ တဖြေးဖြေး (အားယူကာ) တည်တံ့သွားသကဲ့သို့...ဤအတူပင်၊ ဘဝ ယောနိ ဂတိ ဌိတိ နိဝါသ တို့၏ ဟိုဘက်ကမ်းသဖွယ် ဖြစ်သော နိဗ္ဗာန်၌ တည်လိုသော ဤယောဂီသည်လည်း ဥဒယဗ္ဗယဉာဏ် စသော ဉာဏ်ရှစ်ပါး အဟုန်ဖြင့် ပြေးသွားပြီးလျှင်၊ မိမိကိုယ်တည်းဟူသော သစ်ပင်၏ကိုင်း၌ ဖွဲ့ချည်၍ တွဲလဲချထားသည်နှင့်တူသော ရုပ်တည်းဟူသော ကြိုးကိုဖြစ်စေ, ဝေဒနာစသည်တို့တွင် တပါးပါးသော နာမ်တည်းဟူသော ဒုတ်ချောင်းကိုဖြစ်စေ, အနုလောမဉာဏ်၏ ရှေးသွား အာဝဇ္ဇန်းစိတ်ဖြင့် "အနိစ္စ ဟူ၍ သော်၎င်း၊ ဒုက္ခ ဟူ၍ သော်၎င်း၊ အနတ္တ ဟူ၍ သော်၎င်း" ဆင်ခြင် ဆွဲကိုင်ပြီးလျှင်၊ ၎င်းအာရုံကို မလွှတ်ဘဲ သာလျှင်၊ ပဌမ အနုလုံစိတ်ဖြင့် ခုန်လွှား၍၊ (ပရိကံဇော ဖြစ်သည် ဟု ဆိုလို၏) "ဟိုဘက်ကမ်းဆီသို့ ညွတ် ကိုင်းရှိုင်းသော ကိုယ်ရှိသည်နှင့် တူစွာပင်" ဒုတိယ အနုလုံ စိတ်ဖြင့် နိဗ္ဗာန်ဆီသို့ ညွတ်ကိုင်းရှိုင်းသော စိတ်ရှိလျက်၊ (ဉပစာဇောဖြင့် သင်္ခါရတို့၌ကပ်ငြိမှု၊ သာ၍ကင်းသွားသောကြောင့်၎င်း၊ နိဗ္ဗာန်သို့ရောက်ရန် သာ၍နီးကပ် သွားသောကြောင့် ၎င်း၊ ဤသို့ဆိုပေသည်၊ ထိုအခိုက်၌ကား နိဗ္ဗာန်ကိုအာရုံမပြုသေး) "ဟိုဘက်ကမ်းပေါ်သို့ ရောက်သည်နှင့် တူစွာပင်" တတိယ အနုလုံစိတ်ဖြင့်၊ ယခုပင် ရောက်ရတော့မည် ဖြစ်သော နိဗ္ဗာန်နှင့် နီးကပ်သည်ဖြစ်၍၊ ထိုစိတ်ချုပ်သည်နှင့်တပြိုင်နက် (ထိုစိတ် ချုပ်သည့်အလိုအားဖြင့်) သိအပ်ဆဲပင်ဖြစ်သော ထိုသင်္ခါရအာရုံကို စွန့်လွှတ်လိုက်ပြီးလျှင်၊ သင်္ခါရကင်း၍၊ ဟိုဘက်ကမ်း သဖွယ်ဖြစ်သော နိဗ္ဗာန်၌ဂေါတြဘူစိတ်ဖြင့် ကျသွားလေ၏။ သို့သော်လဲ၊ တမျိုးထည်းသော နိဗ္ဗာန်အာရုံ၌ မှီဝဲစေခြင်း ထုံစေ ခြင်းကို မရသေးသောကြောင့် "တုန်တုန် ရီရီ ဖြစ်နေသော ထိုယောကျ်ားလိုပင်" ကောင်းစွာကား မတည်တံ့သေးပေ။ ထို့နောင် မဂ်ဉာဏ်ဖြင့် မတုန်မလှုပ် ကောင်းစွာ တည်တံ့လေ၏။ (မြန်မာပြန်)

ဤအဋ္ဌကထာ၌ ပြအပ်သော ဥပမာ ဥပမေယျသည် ယောဂီတို့အား ဖြစ်ပေါ်ပုံနှင့်အလွန်ပင် ဆီဆိုင်ပါပေ၏။ ဥပမာ နှင့် ဥပမေယျကို စပ်ဟပ်၍ အထပ်ထပ် စဉ်းစား ကြည့်ရှုပါလေ။ မဇ္ဈိမပဏ္ဏာသ ပါဠိတော် မဟာမာလုကျပုတ္တသုတ် (၉၉)၊ နဝင်္ဂုတ္တရ ပါဠိတော်, မဟာဝဂ်, ပဌမသုတ် (၂၂၀) စသည်တို့၌ မဂ်ဉာဏ် ဖြစ်ပုံကို၊ အောက်ပါအတိုင်း ဟောတော်မူ၏။

ဣဓာနန္ဒ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သ.ဝိတက္ကံ သ.ဝိစာရံ ဝိဝေကဇံ ပီတိ သုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သော "ယဒေဝ တတ္ထ ဟောတိ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ"၊ တေ ဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနုပဿတိ။ သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတိ၊ သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတွာ အမတာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ "ဧတံ သန္တံ ဧတံ ပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိ–နိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။

အာနန္ဒ၊ အာနန္ဒာ။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝိစ္စေဝ ကာမေဟိ၊ ကာမတို့မှ ကင်းဆိတ်၍သာ လျှင်။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်။ သ.ဝိတက္ကံ၊ ကြံမှုလဲရှိသော။ သ.ဝိစာရံ၊ ဆင်ခြင်မှုလဲရှိသော။ ဝိဝေကဇံ ပီတိသုခံ၊ နီဝရဏ ကင်းဆိတ်မှုကြောင့် ဖြစ်ပေါ်သည့် အားရနှစ်သိမ့်မှု, စိတ်ချမ်းသာမှုလဲ ရှိသော။ ပဌမံ ဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ရောက်လျက် ဝင်စားလျက်နေ၏။ တတ္ထ၊ ထိုပဌမဈာန်ဖြစ်ဆဲ ခဏ၌။ ယဒေဝ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ အကြင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် သည်သာလျှင်။ ဟောတိ၊ ဖြစ်ပေါ်၏။ ဝါ၊ ရှိ၏။ တေ ဓမ္မေ၊ ထို ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို။ သော၊ ထို ရဟန်းသည်။ အနိစ္စတော သမနုပဿတိ၊ မမြဲဟုရှုမြင်၏။ ဒုက္ခတော၊ ဆင်းရဲဟုရှုမြင်၏။ ရောဂတော၊ အမြစ်ပြတ် မပျောက် နိုင်သည့် ယာပျရောဂါနှင့် တူသည်ဟုရှုမြင်၏။ ဝါ၊ မူလရင်းရောဂါနှင့် တူသည်ဟုရှုမြင်၏။ ဂဏ္ဍတော၊ အိုင်းအမာ အနာစိမ်း နှင့်တူသည်ဟု ရှုမြင်၏။ သလ္လတော၊ စူးဝင်နေသော မြားငြောင့်နှင့်တူသည်ဟု ရှုမြင်၏။ အဃတော၊ အကျိုးမဲ့ကို ဖြစ်စေ တတ်သော မကောင်းမှုလိုပင် မကောင်းသောတရားဟု ရှုမြင်၏။ အာဗာဓတော၊ နာဖျားမှုလိုပင် နှိပ်စက်တတ်သည်ဟု ရှုမြင် ၏။ ပရတော၊ သူစိမ်းပြင်ပတရားဟု ရှုမြင်၏။ ပလောကတော၊ ဖရိဖရဲ ပြိုကွဲ ယွင်းဖေါက် လွင့်ပျောက် ပျက်စီးသွားသည်ဟု ရှုမြင်၏။ သုညတော၊ ပိုင်ရှင် ငါကောင်မှ ကင်းဆိတ်နေသည်ဟု ရှုမြင်၏။ အနတ္တတော သမနုပဿတိ၊ အစိုးပိုင်သူငါကောင် မဟုတ်ဟု ရှုမြင်၏။ သော၊ ထိုသို့ ရှုမြင်သော ရဟန်းသည်။ စိတ္တံ၊ စိတ်ကို။ တေဟိ ဓမ္မေဟိ၊ ရှုမြင်အပ်သော ထိုခန္ဓာ ရုပ်နာမ် တရားတို့မှ။ ပဋိဝါပေတိ၊ ဆုတ်နစ်စေ၏။

(နိပ္ပန္နဝသေန နိဝတ္တေတိ=ကိစ္စပြီးစီးသည့် အလိုအားဖြင့် ဆုတ်နစ်စေ၏–အင်္ဂုတ္တရ အဋ္ဌကထာဖွင့်၊ အနုလောမဉာဏ် တိုင်အောင် ဝိပဿနာရှုမှုကိစ္စ ပြီးသည်ဖြစ်၍၊ ဂေါတြဘူစိတ် ဖြစ်ပေါ်လျက်၊ ထိုသင်္ခါရအာရုံမှ ဆုတ်နစ်ဖဲခွါသွားသည်ကိုပင် "ယောဂီရဟန်းက ဆုတ်နစ်စေသည်"ဟု ဆိုလိုပေသည်။ ။ပဋိသံဟရတိ မောစေတိ အပနေတိ–ပြန်၍ရုပ်သိမ်း၏၊လွတ်စေ၏၊ ဖဲခွါစေ၏။ ပဏ္ဏာသ အဋ္ဌကထာဖွင့်။ ။ပဋိသံဟရတီတိ တပ္ပဋိဗဒ္ဓဆန္ဒရာဂါဒိ ဥပ္ပတ္တိလေသ ဝိက္ခမ္ဘနေန ဝိပဿနာစိတ္တံ ပဋိ သံဟရတိ–၎င်း၏ဋီကာ။ မရှုမိသောသင်္ခါရတို့၌ ဆန္ဒရာဂ စသည်တို့ ဖြစ်နိုင်ကုန်၏၊ ရှုမိသောသင်္ခါရတို့၌ကား မဖြစ်နိုင်ကုန်။

သို့ဖြစ်၍, ရှုတိုင်းရှုတိုင်း၊ အနုလုံတိုင်အောင်သော ဝိပဿနာစိတ်ကို၊ ဆန္ဒရာဂစသည်မှငင်း၊ သူတို့၏အာရုံဖြစ်သော သင်္ခါရတို့မှငင်း၊ ယောဂီရဟန်းက ရုပ်သိမ်းနေသည်မည်၏၊ လွတ်စေသည်မည်၏၊ ဖဲခွါစေသည်မည်၏–ဟူလို၊ အဋ္ဌကထာဖွင့်အတိုင်း အနက်အဓိပ္ပါယ်က သာ၍ ရှင်းလင်းဖြောင့်မတ်သည်ဟု ထင်မိပေ၏။)

သော၊ ထိုရဟန်းသည်။ စိတ္တံ၊ စိတ်ကို။ တေတိ ဓမ္မေဟိ ပဋိဝါပေတွာ၊ ရှုမြင်အပ်သော ထိုခန္ဓာ ရုပ်နာမ်တရားတို့မှ ဆုတ်နစ်စေ၍။ အမတာယ ဓာတုယာ၊ သေခြင်းပျက်ခြင်း ကင်းသောနိဗ္ဗာန်ဓာတ်၌။ ဝါ၊ နိဗ္ဗာန်ဓာတ်သို့။ စိတ္တံ၊ စိတ်ကို။ ဥပသံ ဟရတိ၊ ဆောင်ပို့သွင်းထား၏။ ကထံ၊ အဘယ်သို့ ဆောင်ပို့သွင်းထားသနည်းဟူမူကား။ သဗ္ဗသင်္ခါရသမထော၊သင်္ခါရ အလုံးစုံ၏ ငြိမ်းရာလဲ ဖြစ်သော။ သဗ္ဗူပဓိနိဿဂ္ဂေါ၊ ဥပဓိ အလုံးစုံကို စွန့်လွှတ်ရာလဲ ဖြစ်သော။ တဏှာက္ခယော၊ တဏှာ ကုန်ရာလဲ ဖြစ်သော။ ဝိရာဂေါ၊ တပ်မက်မှုပြယ်ရာလဲ ဖြစ်သော။ နိရောဓော၊ သင်္ခါရတို့၏ ချုပ်ကွယ်ရာလဲ ဖြစ်သော။ ယဒိဒံ နိဗ္ဗာနံ၊ သင်္ခါရငြိမ်းမှုဟူသော အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ သင်္ခါရ ငြိမ်းမှု နိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်၏။ ဧတံ၊ ဤသင်္ခါရ ငြိမ်းမှုနိဗ္ဗာန်သည်။ ပဏီတံ၊ မရောင့်ရဲနိုင်အောင် ကောင်း၍ မွန်မြတ်၏။ ဣတိ၊ ဤသို့ ဆောင်ပို့သွင်းထား၏။

မဂ်စိတ် ဖြစ်ခိုက်၌၊ "ဧတံ သန္တံ ဧတံ ပဏီတံ"ဟု အထူး ဆင်ခြင် ရွတ်ဆိုနေသည်ကား မဟုတ်ပေ။ သင်္ခါရ ချုပ်ငြိမ်းကင်းပြတ်သော သဘောကို "ဝင်ရောက်လျက် တွေ့သိရသလိုပင်" ငြိမ်သက်ကောင်းမြတ်သည့် အနေအားဖြင့် မျက်မှောက်တွေ့သိလျက် ဖြစ်ရုံမျှသာတည်း။ "သင်္ခါရ ချုပ်ငြိမ်းကင်းပြတ်သော သဘောက ငြိမ်သက်ပေသည်၊ မွန်မြတ်ပေသည်၊ ကောင်းပါပေသည်"ဟု ဤသို့သော အသိမျိုးသည်ကား ပြန်၍ဆင်ခြင်မှု ပစ္စဝေက္ခဏာ ကာလ၌သာလျှင် ထင်ရှားဖြစ်ပေါ်ပေသည်။ အောက်ပါမှာ ပဏ္ဏာသ အဋ္ဌကထာပေတည်း။

မဂ္ဂစိတ္တံ နိဗ္ဗာနံ အာရမ္မဏကရဏဝသေနေဝ။ ဧတံ သန္တံ ဧတံ ပဏီတန္တိ န ဧဝံ ဝဒတိ၊ ဣမိနာ ပန အာကာရေန တံ ပဋိဝိဇ္ဈန္တောတတ္ထ စိတ္တံ ဥပသံဟရတိ။ (မဋ္ဌ ၃–၁၀၃)

နိဗ္ဗာနံ အာရမ္မဏကရဏဝသေနေဝ၊ နိဗ္ဗာန်ကို အာရုံ ပြုသည့်အလိုအားဖြင့်သာလျှင်။ မဂ္ဂစိတ္တံ ဥပသံဟရတိ၊ မဂ်စိတ်ကိုဆောင်ပို့သွင်းထားသည် မည်၏။ (နိဗ္ဗာန်ကိုအာရုံပြုလျက် မဂ်စိတ် ဖြစ်ပေါ်သည်ကိုပင် "နိဗ္ဗာန်သို့ စိတ်ကိုဆောင်ပို့သည်"ဟု ဆိုသည်–ဟူလို)။ ။ ဧတံ သန္တံ ဧတံ ပဏီတန္တိ၊ ဤနိဗ္ဗာန်က ငြိမ်သက်ပေသည်၊ ဤနိဗ္ဗာန်က ကောင်းမွန်ပေသည်ဟူ၍။ ဧဝံ၊ ဤသို့ကား။ န ဝဒတိ၊ မဂ်စိတ် ဖြစ်ခိုက်၌ ရွတ်ဆိုနေသည် မဟုတ်ပေ။ ပန၊ ထိုသို့ပင် မဆိုငြားသော်လဲ။ ဣမိနာအာကာရေန၊ ငြိမ်သက် ကောင်းမွန်သော ဤ အခြင်းအရာအားဖြင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ ပဋိဝိဇ္ဈန္တော၊ တဲ့တဲ့ မျက်မှောက် ထွင်းဖေါက် သိမြင်သော သူသည်။ တတ္ထ စိတ္တံ ဥပသံဟရတိ၊ ထိုနိဗ္ဗာန်သို့ စိတ်ကို ဆောင်ပို့သည် မည်၏။

ပဋိသမ္ဘိဒါမဂ်၌ အနိစ္စအာကာရ ၁၀–ပါး၊ ဒုက္ခအာကာရ ၂၅–ပါး၊ အနတ္တအာကာရ ၅–ပါးဟူသော ဤအခြင်းအရာ (၄၀) တို့တွင်၊ တပါးပါး၏ အလိုအားဖြင့် ရှုမြင်လျက်၊ အနုလောမဉာဏ် ဖြစ်ပေါ်ပြီးလျှင်၊ ထိုအခြင်းအရာ၏ပြောင်းပြန် ဆန့်ကျင်ဘက်အားဖြင့် နိဗ္ဗာန်ကိုသိမြင်လျက်၊ မဂ်ဉာဏ် ဖြစ်ပုံကို၊ အပိုဒ် (၄၀) တို့ဖြင့် ဝေဘန်၍ ဟောတော်မူ၏။ ထို အပိုဒ် ၄၀–တို့မှ ၆–ပိုဒ်မျှကိုသာလျှင် ထုတ်ဆောင်၍ ဤ၌ ပြပါအံ့။

ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၁)

ပဉ္စက္ခန္ဓေ၊ ၅–ပါးသော ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ပဿန္တော၊ မြင်ဆဲသော သူသည်။ ဝါ၊ မြင်လျက်, မြင်စဉ်။ အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ အနိစ္စံ နိဗ္ဗာနန္တိ၊ မြဲသောနိဗ္ဗာန်တည်း ဟု။ ပဿန္တော၊ မြင်ဆဲသော သူသည်။ ဝါ၊ မြင်လျက်, မြင်စဉ်။ သမ္မတ္တနိယာမံ ဩက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

ဤပါဠိ၌ 'ပဉ္စက္ခန္ဓေ'ဟု သာမညအားဖြင့်၊ တပေါင်းတည်း ဟောအပ်သော စကားသည်၊ သဗ္ဗသင်္ဂါဟိက=ပုဂ္ဂိုလ်အမျိုးမျိုးတို့ ရှုမြင်အပ်သော ခန္ဓာ အလုံးစုံတို့ကို ပေါင်းရုံး၍ ပြသော စကားမျှ သာတည်း။ ခန္ဓာ ငါးပါးလုံးကို တပေါင်းတည်း တပြိုင်နက် ရှုမြင်သည်ဟူ၍ကား မဆိုလိုပေ။ အမှန်အားဖြင့်သော်ကား၊ ခန္ဓာငါးပါးထဲက၊ တပါးပါးသောခန္ဓာ, တပါးပါးသော ရုပ်တရား, တပါးပါးသော နာမ်တရား, ကိုသာလျှင် မျက်မှောက်ရှုမြင်လျက်၊ အနုလောမဉာဏ် ဖြစ်သည်ဟူ၍သာ ပြဆိုလိုပေသည်။ ထို့ကြောင့်ပင်, ထုတ်ပြခဲ့သော ဝိသုဒ္ဓိမဂ်၌ ရူပရူ့ ဝါ ဝေဒနာဒီသု အညတရဒတ္တံ့ဝါ–ဟူသောပါဠိဖြင့်၊ "ရုပ်ကိုသာ ဖြစ်စေ, ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့တွင် တပါးပါးသောနာမ်ကိုသာဖြစ်စေ, ရှုမြင်လျက်၊ အနုလောမဉာဏ်ဖြစ်ကြောင်းကို" ပြဆိုလေပြီ။ ထို့ပြင်, များစွာသော အဋ္ဌကထာတို့၌လဲ၊ ရူပါဝုဋ္ဌာတိ, အရူပါ ဝုဋ္ဌာတိ,–ဟူသော ပါဠိတို့ဖြင့် ရုပ်ကို ရှုသော အနုလောမဉာဏ်, နာမ်ကိုရှုသော အနုလောမဉာဏ်တို့၏ နောက်အခြားမဲ့၌၊ ဂေါတြဘူ, မဂ်ဉာဏ်တို့ ဖြစ်ပေါ်ကြောင်းကို

သာပြဆိုလေသည်၊ ရုပ်နာမ်အလုံးစုံကို တပေါင်းထည်း ရှုသောဉာဏ်၏အခြားမဲ့၌၊ ဂေါတြဘူ, မဂ်ဉာဏ် ဖြစ်ကြောင်းကိုကား၊ မုချအားဖြင့် မပြဆိုချေ။ ဧကပ္ပဟာရေန ပဉ္စဟိ ခန္ဓေဟိ ဝုဋ္ဌာတိ–ဟူသော စကားသည်လည်း၊ နိပ္ပရိယာယ မုချစကား မဟုတ်ပေ။ ဉာဏ်ထူးကဲသောပုဂ္ဂိုလ်အား တထိုင်အတွင်း, တခဏအတွင်း၌ လျင်မြန်စွာ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြစ်သည်ကိုသာ ရည်၍ ဆိုအပ်သော သန္ဓာယ ဘာသိတ=ပရိယာယ်စကားမျှ သာတည်း။ ဤအနက်ကို မဟာဋီကာ၌၊ "အညထာ ဧကေနေဝ လောကိယစိတ္တေန ပဉ္စန္နံ ခန္ဓာနံ ပရိဂ္ဂဟ ပရိဇာနနာဒီနံ အသမ္ဘဝတော၊ န ဟိ သ–နိဒဿန–သပ္ပဋိဃာဒိ ဧကဇ္ဈံ အာရမ္မဏံ ကာတုံ သက္ကာ"ဟု ဖျတ်ရေက အကြောင်းနှင့် တကွ ဖွင့်ပြတော် မူလေပြီ။

သို့ဖြစ်၍၊ ဤပဋိသမ္ဘိဒါမဂ် ပါဠိ၌၊ ဆိုလိုရင်း အဓိပ္ပါယ်ကို ဤသို့သိအပ်၏။ ဖြစ်ပျက်ဆဲ ရုပ်နာမ် ခန္ဓာ တပါးပါးကို မမြဲဟုရှုမြင်လျက် အနုလောမဉာဏ် ဖြစ်ပေါ်သည်။ ထိုဉာဏ်၏အခြားမဲ့၌ ထိုမမြဲသောရုပ်နာမ်ဟူသမျှ၏ ချုပ်ငြိမ်းကင်းဆိတ်သောသဘောကို မြဲသည့်အနေအားဖြင့် မျက်မှောက်သိမြင်လျက် ဂေါတြဘူနှင့်တကွ မဂ်ဉာဏ်ဖြစ်ပေါ်သည်–ဟူသော ဤအဓိပ္ပါယ်ကို သိအပ်၏။ ဝိပဿနာဉာဏ်ဖြစ်ခိုက်၌ မှတ်သိရတဲ့ ရုပ်နာမ်၏ အစ, အဆုံး=အဖြစ်, အပျက်ကို မျက်မှောက်တွေ့ရ၍ မမြဲဟု သိသာထင်ရှား၏။ နိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူ, မဂ်, ဖိုလ်, အခိုက်၌ကား အဖြစ် အပျက်ကို မတွေ့ရပြီ၊ သင်္ခါရ ချုပ်ငြိမ်းကင်းဆိတ်သော သဘောမျှသာ ထင်ရှားတော့၏။ ထို့ကြောင့်, နိဗ္ဗာန်သဘောကို ဖြစ်ခြင်း, ပျက်ခြင်းမရှိဘဲ မြဲသည့်အနေအားဖြင့် သိမြင်နိုင်ပေသည်။ နောက် အပိုဒ်တို့၌လဲ အနုလောမဉာဏ်, မဂ်ဉာဏ် ဖြစ်ပေါ်ပုံကို နည်းတူပင် သိပါလေ။

ပဉ္စက္ခန္ဓေ ပလောကတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အပလောကဓမ္မော နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၂)

ပဉ္စက္ခန္ဓေ၊ငါးပါးသောခန္ဓာတို့ကို။ ပလောကတော၊ အထင်အရှားပျက်သည်=အကြီးအကျယ် ပျက်သည်ဟု။ပဿန္တော၊ မြင်လျက်။ အနုလောမိကံ ခန္တိံ ပဋိလဘတိ။ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန္နံခန္ဓာနံ နိရောဓော၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ အပလောကဓမ္မော နိဗ္ဗာနန္တိ၊ ပျက်ခြင်း သဘောမရှိသော နိဗ္ဗာန်=ပျက်ခြင်းကင်းသော နိဗ္ဗာန်တည်းဟု။ ပဿန္တော၊ မြင်လျက်။ သမ္မတ္တနိယာမံ ဩက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

ပဉ္စက္ခန္ဓေ ဒုက္ခတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၁)

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓတို့ကို။ ဒုက္ခတော ပဿန္တော၊ ဆင်းရဲဟု မြင်လျက်။ အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ သုခံ နိဗ္ဗာနန္တိ၊ ချမ်းသာသော နိဗ္ဗာန်တည်းဟု။ ပဿန္တော၊ မြင်လျက်။ သမ္မတ္တနိယာမံ ဩက္ကမတိ။ အရိယာမဂ်သို့ သက်ရောက်၏။

ပဉ္စက္ခန္ဓေ ဘယတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဘယံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၂)

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို။ ဘယတော ပဿန္တော၊ ကြောက်ဖွယ်ဘေးဟု မြင်လျက်။ အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ အဘယံ နိဗ္ဗာနန္တိ၊ ဘေးကင်းသော နိဗ္ဗာန် ဟု။ ပဿန္တော၊ မြင်လျက်။ သမ္မတ္တနိယာမံ ဩက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

ပဉ္စက္ခန္ဓေ အနတ္တကော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော ပရမတ္ထံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၃)

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ အနတ္တတော၊ အစိုးပိုင်သူ ငါကောင်မဟုတ်တဲ့ သဘောတရားမျှ ဟု။ ပဿန္တော၊ မြင်လျက်။ အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ အနုလောမဉာဏ်ကို ရ၏။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ ပရမတ္ထံ နိဗ္ဗာနန္တိ၊ အလွန်မြင့်မြတ်သော သဘော နိဗ္ဗာန်တည်း ဟု။ ပဿန္တော၊ မြင်လျက်။ သမ္မတ္တနိယာမံ ဩက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

(ပြောင်းပြန် သိမြင်လျက်မဂ်ဉာဏ် ဖြစ်သည်ဟု၊ ရှေး၌ ဆိုခဲ့သည်မှာယေဘုယျသာတည်း။ ဤ အနတ္တတောအပိုဒ်၌ ပရမတ္ထံ နိဗ္ဗာနံဟု ပြောင်းပြန် မဟုတ်ဘဲဟောသကဲ့သို့၊ ပရတောအပိုဒ်၌ အပရပစ္စယံ နိဗ္ဗာနံ=တပါးသော အကြောင်းမရှိသော နိဗ္ဗာန် ဟူ၍၎င်း။ သုညတော အပိုဒ်၌ ပရမသုညံ နိဗ္ဗာနံ=သင်္ခါရတို့မှ အလွန် ဆိတ်သုဉ်းသော နိဗ္ဗာန်ဟူ၍၎င်း ပြောင်းပြန် မဟုတ်ဘဲ ဟောသေး၏)။

ပဉ္စက္ခန္ဓေ တုစ္ဆတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အတုစ္ဆံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (၄၁၃)

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ တုစ္ဆတော၊ အချည်းနှီး အသုံးမကျ အဘိုးမတန်သော သဘောမျှဟု။ ပဿန္တော၊ မြင်ဆဲသောသူသည်။ ဝါ၊ မြင်လျက်, မြင်စဉ်။ အနုလောမိကံ ခန္တိံ ပဋိဘလတိ၊ အနုလောမဉာဏ်ကိုရ၏။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော၊ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည်။ အ.တုစ္ဆံ နိဗ္ဗာနန္တိ၊ အချည်းနှီးနှင့် ဆန့်ကျင်, အသုံးဝင် အဘိုးတန်, မြင့်မြတ်သော နိဗ္ဗာန်ဟု။ ပဿန္တော၊ မြင်ဆဲသော သူသည်။ ဝါ၊ မြင်လျက်, မြင်စဉ်။ သမ္မတ္တနိယာမံ ဩက္ကမတိ၊ အရိယာမဂ်သို့ သက်ရောက်၏။

ဤ ပါဠိ ၆–ပိုဒ်တို့တွင် ပဌမ ၂–ပိုဒ်သည် အနုလောမဉာဏ်ဖြင့် အနိစ္စလက္ခဏာကို မြင်၍ အနိမိတ္တမဂ် ဖြစ်ပုံကို ပြ၏။ ဒုတိယ ၂–ပိုဒ်သည် ဒုက္ခလက္ခဏာကိုမြင်၍ အပ္ပဏိဟိတမဂ်ဖြစ်ပုံကိုပြ၏။ တတိယ ၂–ပိုဒ်သည် အနတ္တလက္ခဏာကို မြင်၍ သုညတမဂ်ဖြစ်ပုံကို ပြ၏။ ကြွင်းသောပါဠိ ၃၄–ပိုဒ်တို့ကို ပဋိသမ္ဘိဒါမဂ် ဝိပဿနာကထာ၌ ကြည့်ရှု၍ မှတ်သားပါလေ။ အကျဉ်းအားဖြင့်သိလိုလျှင်ကား ပဋိသင်္ခါဉာဏ်အရာ၌ပြခဲ့သော အခြင်းအရာလေးဆယ်ကို ကြည့်ရှုပါလေ။ထိုလေးဆယ်သည် အနုလောမဉာဏ်ဖြင့် သိမြင်အပ်သော အခြင်းအရာများပင်တည်း။

မိလိန္ဒပဥှာ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် မဂ် ဖိုလ် ဖြစ်ပုံကို အောက်ပါအတိုင်း ဟောကြားတော်မူ၏။

တဿ တံ စိတ္တံ အပရာပရံ မနသိကရောတော ပဝတ္တံ သမတိက္ကမိတွာ အ.ပ္ပဝတ္တံ ဩက္ကမတိ၊ အ.ပ္ပဝတ္တ မနုပ္ပတ္တော မဟာရာဇ သမ္မာပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတီတိ ဝုစ္စတိ။ (၃၁၁)

အပရာပရံ၊ အဆင့်ဆင့်။ မနသိကရောတော၊ နှလုံးသွင်း ရှုမှတ်စဉ်။ ဝါ၊ နှလုံးသွင်း ရှုမှတ်သော။ တဿ၊ ထိုယောဂီ၏။ တံ စိတ္တံ၊ ထိုနှလုံးသွင်းသော စိတ်သည်။ ပဝတ္တံ၊ မကုန်မဆုံးနိုင်အောင် မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်ကို။ သမတိက္ကမိတွာ၊ လွန်မြောက်၍။ အ.ပ္ပဝတ္တံ၊ မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်မှ ပြောင်းပြန်ဆန့်ကျင်သော သဘောသို့။ ဝါ၊ ဖြစ်ပေါ်မှု ကင်းသောသဘောသို့။ ဩက္ကမတိ၊ သက်ရောက်၏။ မဟာရာဇ၊ မြတ်သောမိလိန္ဒမင်းကြီး။ သမ္မာပဋိပန္နော၊ နည်းလမ်းမှန်စွာ ကျင့်သည်ဖြစ်၍။ အ.ပ္ပဝတ္တံ အနုပ္ပတ္တော၊ ဖြစ်မှု ကင်းသည့် သဘောသို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်ကို။ နိဗ္ဗာနံသစ္ဆိကရောတီတိ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုသည် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

တသွင်သွင် မပြတ်စီးနေသော မြစ်ရေအယဉ်ကို ကြည့်ရှုနေရသကဲ့သို့၊ ဝိပဿနာဉာဏ်ဖြစ်ဆဲ၌ တခုပြီးတခု မကုန်ဆုံးနိုင်အောင် ဖြစ်ပျက်လျက် ထင်ရှားနေသော ရုပ်နာမ်အယဉ်ကို အဆင့်ဆင့် နှလုံးသွင်း ရှုကြည့် မှတ်သိလျက်ရှိ၏၊ ထိုသို့ မှတ်သိနေဆဲမှာပင်, အထူး သွက်လက်ထင်ရှားစွာသော ဝုဋ္ဌာနဂါမိနီအသိများ ဖြစ်ပေါ်ပြီးလျှင်၊ ယောဂီ၏စိတ်သည် မှတ်သိနေကျဖြစ်သော ရုပ်နာမ်အယဉ်ကို နှလုံးမသွင်းမိတော့ဘဲ ထိုမပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အယဉ်မှ ပြောင်းပြန်ဆန့်ကျင်သော သဘောထဲသို့ ဝင်သွားသလိုပင် ကျရောက်သွား၏။ မပြတ်ဖြစ်နေတဲ့ရုပ်နာမ်အယဉ်မှ ပြောင်းပြန်ဆန့်ကျင်သော သဘောဟူသည်မှာ မပြတ်ဖြစ်နေသော ရုပ်နာမ်အာရုံနှင့်, မှတ်သိမှုတို့၏ ချုပ်ငြိမ်းခြင်း ကင်းဆိတ်ခြင်းပင်တည်း။ ကျရောက်သွားသော စိတ်ဟူသည်မှာလဲ ဂေါတြဘူစိတ်, မဂ်စိတ်, ဖိုလ်စိတ်, ပင်တည်း။ ဤသို့ကျရောက်သွားလျှင် ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မျက်မှောက် ပြုရသည်မည်၏–ဟူလို။

များစွာသော သုတ်ပါဠိတော်တို့၌ မဂ်ဉာဏ်ဖြစ်ပုံကို "ဓမ္မစက္ခုံဥဒပါဒိ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မန္တိ"ဟု ဟောတော်မူ၏။ (ဒီ ၁–၁၀၂–စသည်)

သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘော ရှိသော။ ဝါ၊ ဖြစ်ပေါ်တတ်သော ယံကိဉ္စိ၊ အကြင် အမှတ်မရှိ တစုံတခုသော တရားသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုဖြစ်ပေါ်သမျှ တရားအလုံးစုံသည်။ နိရောဓဓမ္မံ၊ ချုပ်ကွယ်ခြင်းသဘောရှိ၏။ ဝါ၊ ချုပ်ကွယ်သည်ချည်းပင်တည်း။ ဣတိ၊ ဤသို့သိမြင်သော အခြင်းအရာဖြင့်။ ဓမ္မစက္ခုံ၊ မဂ်အသိအမြင်တည်းဟူသော ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ဖြစ်ပေါ်လေ၏။

မဂ်ဖြစ်ဆဲခဏ၌ "ဖြစ်ခြင်း သဘော ရှိသော တရား အလုံးစုံသည် ချုပ်ကွယ်ခြင်း သဘောရှိသည်"ဟူ၍ နှလုံးသွင်း ဆင်ခြင်မိသည်ကား မဟုတ်ပေ၊ အမှန်အားဖြင့်သော်ကား ဖြစ်ခြင်းသဘောရှိသော သင်္ခါရအလုံးစုံတို့၏ ချုပ်ငြိမ်း ကင်းဆိတ်သော နိဗ္ဗာန်ကို မျက်မှောက် သိရုံမျှသာ ဖြစ်ပေသည်။ သို့သော်, မဂ်ခဏ၌၊ ထိုသို့သိလျက် ဖြစ်ခြင်းကြောင့် ပစ္စဝေက္ခဏာခဏဆင်ခြင်ခိုက်၌ "အာရုံနှင့်, မှတ်သိမှုဝိပဿနာ,တည်းဟူသော ဖြစ်ပေါ်တတ်တဲ့ သင်္ခါရအလုံးစုံတို့၏ ချုပ်ငြိမ်း ကင်းဆိတ်ရာသို့ ရောက်သွားသည်"ဟူ၍လဲ သိနိုင်၏။ "အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ရောက်သော အခါ၌ ဖြစ်ပေါ်တတ်တဲ့ သင်္ခါရ အလုံးစုံ ချုပ်ငြိမ်း ကင်းဆိတ်သည်" ဟူ၍လဲ သိမြင်သဘောကျနိုင်၏၊ ထို့ပြင်, "ဖြစ်ပေါ်သမျှ သင်္ခါရ အလုံးစုံသည် ချုပ်ပျက်

ကွယ်ပျောက်သည်ချည်းပင်”ဟူ၍လဲ သိမြင်နိုင်ပေ၏။ ထို့ကြောင့်ပင်, မဂ်ဖိုလ်သို့ရောက်ပြီးသော ပုဂ္ဂိုလ်သည် ဆင်ခြင်ပြီး သည့်နောက်၌ မှတ်မြဲဆက်၍မှတ်လျှင် အဖြစ်အပျက်ကိုသိမြင်သော ဥဒယဗ္ဗယဉာဏ်၌ တည်ပေသည်။ အောက်ပါမှာ၊ ထိုပါဠိ ၏ အဖွင့် အဋ္ဌကထာ ပေတည်း။

ဓမ္မစက္ခုန္တိ ဧတ္ထ သောတာပတ္တိမဂ္ဂေါ အဓိပ္ပေတော။ တဿ ဥပ္ပတ္တိ အာကာရဒဿနတ္ထံ “ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မ”န္တိအာဟ၊ တဉှိ နိရောဓံ အာရမ္မဏံ ကတွာ ကိစ္စဝသေန ဧဝံ သဗ္ဗသင်္ခတံ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ။ (ဒီ ဋ္ဌ ၁-၂၄၈-စသည်)

ဓမ္မစက္ခုန္တိ၊ ဓမ္မစက္ခုံ-ဟူသော ပုဒ်ဖြင့်။ ဧတ္ထ၊ ဤအမွှဋ္ဌသုတ်၌၊ သောတာပတ္တိမဂ္ဂေါ၊ သောတာပတ္တိမဂ်ကို။ အဓိပ္ပေတော၊ ဆိုလိုအပ်၏။ ။(ဗြဟ္မာယုသုတ်၌ အောက်မဂ် သုံးပါးကို, ရာဟုလောဝါဒသုတ်၌ မဂ်လေးပါးလုံးကို ဓမ္မစက္ခုဟု ဟောသေး၏)။ ။ တဿ၊ ထိုမဂ်၏။ ဥပ္ပတ္တိအာကာရဒဿနတ္ထံ၊ ဖြစ်ပုံ အခြင်းအရာကို ပြခြင်းငှါ။ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မန္တိ၊ ဟူ၍။ အာဟ၊ ဟောတော်မူ၏။ ။ (မဂ်သည် အသင်္ခတတရားကိုသာ အာရုံပြု၏၊ သင်္ခတကိုကား အာရုံ မပြု၊ သို့ဖြစ်ပါလျက် “ယံကိဉ္စိသမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓဓမ္မံ” ဟု သိမြင်လျက်၊ မဂ်ဖြစ်ကြောင်းကို အဘယ့်ကြောင့်ဆိုပါ သနည်းဟူသော ဤအမေးကို တဉှိ- စသောဝါကျဖြင့်ဖြေ၏)။ ။ ဟိ၊ ဥပ္ပတ္တိ အာကာရဒဿနတ္ထံ-ဟု ဆိုရခြင်း၏ အကြောင်း ကား။ တံ၊ ထိုမဂ်ဉာဏ်သည်။ နိရောဓံ၊ သင်္ခါရ အလုံးစုံ၏ ချုပ်ငြိမ်း ကင်းဆိတ်ရာ ဖြစ်သော နိဗ္ဗာန်ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ကိစ္စဝသေန၊ မတွေမဝေ သိခြင်းကိစ္စ ပြီးသည့် အလိုအားဖြင့်။ သဗ္ဗသင်္ခတံ၊ အလုံးစုံသော သင်္ခါရ တရားကို။ ဧဝံ၊ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မံ-ဟု သိသော ဤအခြင်းအရာဖြင့်။ ပဋိဝိဇ္ဈန္တံ၊ တဲ့တဲ့ ထွင်းပေါက် သိမှု ပြီးမြောက် လျက်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေ၏။

အထူး သတိပြုဘွယ် ... မဂ္ဂဝီထိ ကျပုံကို ပြဆိုခြင်းမှာ၊ အဋ္ဌကထာတို့၌၎င်း, ဤကျမ်း၌၎င်း, ဗဟုဿုတအလို့ငှါသာတည်း၊ တဝီထိအတွင်း၌၊ အာရုံတူသော စိတ်အကြိမ်များကို၊ မည်ရွေ့မည်မျှဖြစ်သည်ဟု အသီးအသီး ပိုင်းခြားရေတွက်၍ ပစ္စက္ခ အားဖြင့် သိရန်ကား မဖြစ်နိုင်ပေ။ ထို့ကြောင့်, မဂ္ဂဝီထိ ဖြစ်စဉ်၌ မည်သည့် ဇောစိတ်က မည်မျှဖြစ်သနည်း စသည်ဖြင့် မစီစစ်အပ်ပြီ။ ရှေးအဖို့က အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်များ အစဉ်အတိုင်း ဖြစ်ပေါ်လာခဲ့ပုံကို၎င်း, ထူးခြား သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ ဖြစ်ပုံကို၎င်း, အနုလုံ ဟုခေါ်သော နောက်ဆုံးမှတ်သိမှု၏ အခြားမဲ့၌ နိဗ္ဗာန်အာရုံသို့ အလိုလို ကူးပြောင်း ကျရောက်သွားပုံကို၎င်း, ထို့နောင် ဆင်ခြင်မှု ပစ္စဝေက္ခဏာ ဖြစ်ပေါ်လာပုံကို၎င်း, ထို့နောင် မှတ်မြဲ မှတ်လျက် ဥဒယဗ္ဗယဉာဏ် အဆင့်၌ တည်ပုံကို၎င်း, ဤအချက်များကိုသာလျှင် အထူး အလေးပြု၍၊ ပါဠိ အဋ္ဌကထာတို့နှင့် ညီသည်, မညီသည်ကို စဉ်းစား နှိုင်းချိန် အပ်ပေသည်။

## အနုလောမ, ဂေါတြဘူ, မဂ်, ဖိုလ်ဉာဏ် ပြီး၏။

## ပစ္စဝေက္ခဏာဉာဏ်

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်ပြီးသောပုဂ္ဂိုလ်သည် မိမိ ရောက်ပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန် တို့ကို ရှေးဦးစွာပြန်၍ ဆင်ခြင်မိ၏။ သုတ ရှိသူ ဖြစ်လျှင်ကား ပယ်ပြီး ကင်းပြီးသော ကိလေသာ, မပယ်ရသေး မကင်းသေး သော ကိလေသာ တို့ကိုလဲ ဆက်လက်၍ စဉ်းစား ဆင်ခြင်မိတတ်သေး၏။ ဤဆင်ခြင်မှုတို့၌ ပါဝင်သော အသိဉာဏ်သည် ပစ္စဝေက္ခဏာဉာဏ် မည်၏။ အောက်ပါမှာ အကျဉ်းချုပ် မှတ်သားရန် အဘိဓမ္မတ္ထ သင်္ဂဟကျမ်း လာ ဂါထာပေတည်း။

> မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
> ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ န ဝါ။

ပဏ္ဍိတော၊ နိဗ္ဗာန်ကို မျက်မှောက် သိပြီးသော ပညာရှိသည်။ မဂ္ဂဉ္စ၊ ရှေးအဖို့က မှတ်သိခဲ့သော ဝိပဿနာမဂ်နှင့် တကွ, သင်္ခါရချုပ်ငြိမ်း ကင်းဆိတ်ရာသို့ ဆိုက်ရောက်သွားသော အရိယာမဂ်တရားကို၎င်း။ ဖလဉ္စ၊ မဂ်၏အခြားမဲ့၌ အလား တူ ဆက်၍ဖြစ်ပေါ်သော ဖိုလ်တရားကို၎င်း။ နိဗ္ဗာနဉ္စ၊ သင်္ခါရအားလုံး ဆိတ်သုဉ်းချုပ်ငြိမ်းရာ ငြိမ်သက်စွာသော နိဗ္ဗာန်တရား ကို၎င်း။ ပစ္စဝေက္ခတိ၊ ပြန်၍ ဆင်ခြင်၏။ ဟီနေ-ပဟီနေ၊ ပယ်အပ်ကုန်ပြီး ကင်းကုန်ပြီးသော။ ကိလေသေ စ၊ ကိလေသာတို့ ကို၎င်း။ သေသေ စ၊ ကြွင်းကျန်သေးသော ကိလေသာတို့ကို၎င်း။ ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်မိသည်လဲ ရှိ၏။ န ပစ္စဝေက္ခတိ ဝါ၊ မဆင်ခြင်မိသည်လဲ ရှိ၏။

မဂ်ကို ဆင်ခြင်မှု, ဖိုလ်ကို ဆင်ခြင်မှု, နိဗ္ဗာန်ကို ဆင်ခြင်မှု, ဟူသော ဤ ပစ္စဝေက္ခဏာ ၃-မျိုးသည် ဧကန်ပင် ဖြစ်ပေါ်မြဲတည်း။ ပယ်ပြီး ကိလေသာကို ဆင်ခြင်မှု, မပယ်ရသေးသော ကိလေသာကို ဆင်ခြင်မှု, ဟူသော ဤ ပစ္စဝေက္ခဏာ ၂-မျိုးသည်ကား ဖြစ်ပေါ်သည်လဲရှိ၏။ မဖြစ်ပေါ်သည်လဲရှိ၏၊ ဧကန် ဖြစ်မြဲကား မဟုတ်၊ အနေကန်သာတည်း။ မည်သည့်

မဂ်က မည်သည့် ကိလေသာတို့ကို ပယ်သတ်သည် ဟု မှတ်သားဘူးသော သူမှာသာ ဖြစ်တတ်သည်၊ မမှတ်သားဘူးသော သူမှာကား မဖြစ်တတ်ဘဲလဲ ရှိတတ်သည် ဟူ၍ဆိုလို၏။ များစွာသော အဋ္ဌကထာကြီးတို့၌လဲ ဤအတိုင်းသာ ပြဆိုကုန်၏။ အချို့သော ပစ္စဝေက္ခဏာများမဖြစ်ဘဲ ရှိတတ်သည်ကို အောက်ပါ မူလပဏ္ဏာသစူဠဒုက္ခက္ခန္ဓသုတ် ပါဠိအဋ္ဌကထာတို့ဖြင့် သိအပ်၏။

တဿ မယှံ ဘန္တေ ဧဝံ ဟောတိ၊ ကောသု နာမ မေ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီနော၊ ယေန မေ ဧကဒါ လောဘဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ ဒေါသဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တိ၊ မောဟဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တီတိ။ သော ဧဝ ခေါ တေ မဟာနာမ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီနော။ (ပါဠိ ၁၂၆)

ဘန္တေ၊ မြတ်စွာဘုရား။ တဿ မယှံ၊ လောဘ ဒေါသ မောဟတို့က စိတ်ကို လွှမ်းမိုးလျက်ရှိသော ထိုအကျွန်ုပ်အား။ ဧဝံ၊ ဤသို့ ယုံမှား တွေးတောခြင်းသည်။ ဟောတိ၊ ဖြစ်ပါသည် အရှင်ဘုရား။ ကိန္တိ၊ အဘယ်သို့ ဖြစ်ပါသနည်းဟူမူ။ ယေန၊ မပယ်ရသေးသော အကြင် ကိလေသာ တရားကြောင့်။ ဧကဒါ၊ တရံတခါ၌။ လောဘဓမ္မာပိ၊ လောဘ တရားတို့သည်လည်း။ မေ၊ ငါ၏။ စိတ္တံ၊ ကြည်လင်သော စိတ်ကို။ ပရိယာဒါယ၊ ကုန် ပျောက်စေလျက်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဒေါသဓမ္မာပိ–ပေ– တိဋ္ဌန္တိ၊ ဒေါသတရားတို့ကလဲ ကြည်လင်သောစိတ်ကို ကုန်ပျောက်စေလျက် တည်ကုန်၏။ မောဟဓမ္မာပိ–ပေ–တိဋ္ဌန္တိ၊ မောဟ တရားတို့ကလဲ ကြည်လင်သောစိတ်ကို ကုန်ပျောက်စေလျက် တည်ကုန်၏။ မေ အဇ္ဈတ္တံ၊ ငါ၏ ကိုယ်တွင်းသန္တာန်၌။ အပ္ပဟီနော၊ မပယ်ရသေးသော။ သောဓမ္မော၊ ထိုကိလေသာ တရားသည်။ ကော နာမ၊ အဘယ် တရားပေနည်း။ ဧဝံ ဟောတိ၊ ဤသို့ ယုံမှားတွေးတောခြင်း ဖြစ်ပါသည်အရှင်ဘုရား။ ဣတိ၊ ဤသို့ မေးမြန်းလျှောက်ထား၏။ မဟာနာမ၊ မဟာနာမ်မင်း။ တေ အဇ္ဈတ္တံ၊ သင်၏ ကိုယ်တွင်း သန္တာန်၌။ အပ္ပဟီနော၊ မပယ်ရသေးသော တရားသည်။ သော ဧဝ ခေါ ဓမ္မော၊ ကြည်လင်သော စိတ်ကို ကုန်ပျောက်စေသော ထိုလောဘ ဒေါသ မောဟ တရားပင်တည်း။ ဤသို့စသည်ဖြင့် မြတ်စွာဘုရားက ဖြေကြား ဟောပြတော်မူ၏။

## ပစ္စဝေက္ခဏာ ၁–ပါးထည်းလဲ ဖြစ်ကြောင်း

အယံ ကိရ ရာဇာ သကဒါဂါမိမဂ္ဂေန လောဘဒေါသမောဟာ နိရဝသေသာ ပဟီယန္တိ တိ သညီ အဟောသိ၊ အယံ အပ္ပဟီနံ မေအတ္ထီတိပိ ဇာနာတိ၊ အပ္ပဟီနကံ ဥပါဒါယ ပဟီနကံ ပုန ပစ္ဆတော ဝါဝတ္တတီတိ သညီ ဟောတိ။ အရိယသာဝက ဿ ဧဝံ သန္ဒေဟော ဥပ္ပဇ္ဇတီတိ၊ အာမ ဥပ္ပဇ္ဇတိ၊ ကသ္မာ … ပဏ္ဏတ္တိယာ အ‌ကောဝိဒတ္တာ။ အယံ ကိလေသော အသုကမဂ္ဂ ဝဇ္ဈောတိ ဣမိဿာ ပဏ္ဏတ္တိ ယာ အ‌ကောဝိဒဿ ဟိ အရိယသာဝကဿာပိ ဧဝံ ဟောတိ။ ကိံတဿ ပစ္စဝေက္ခဏာ နတ္ထီတိ၊ အတ္ထိ၊ သာ ပန န သဗ္ဗေသံ ပရိပုဏ္ဏာဟောတိ၊ ဧကော ဟိ ပဟီနကိလေသမေဝ ပစ္စဝေက္ခတိ၊ ဧကော အဝသိဋ္ဌကိလေသမေဝ၊ ဧကော မဂ္ဂမေဝ၊ ဧကော ဖလမေဝ၊ ဧကော နိဗ္ဗာနမေဝ။ ဣမာသု ပဉ္စသု ပစ္စဝေက္ခဏာသု ဧကော ဝါ ဒွေ ဝါ နော လဒ္ဓုံ န ဝဋ္ဋန္တိ။ (အဋ္ဌကထာ ၁–၃၆၆)

အယံ ရာဇာ၊ သကဒါဂါမ်ဖြစ်သော ဤမဟာနာမ်မင်းသည်။ သကဒါဂါမိမဂ္ဂေန၊ လောဘဒေါသမောဟာ နိရဝသေ သာ ပဟီယန္တီတိ သညီ၊ လောဘ ဒေါသ မောဟတို့ကို သကဒါဂါမိမဂ်က အကြွင်းမဲ့ ပယ်အပ်ကုန်၏ဟု အမှတ်ရှိသည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ အယံ၊ ဤမင်းသည်။ အပ္ပဟီနံ မေ အတ္ထီတိပိ၊ ငါ့မှာ မပယ်ရသေးသော ကိလေသာ ရှိသေးသည်ဟူ၍လဲ။ ဇာနာတိ၊ သိ၏။ အပ္ပဟီနကံ ဥပါဒါယ၊ မပယ်ရသေးသည်ကို စွဲမှီ၍။ ပဟီနကံ၊ ပယ်အပ်ပြီးသော ကိလေသာ သည်။ ပုန ပစ္ဆတော ဝါဝတ္တတီတိ သညီ၊ တဖန် နောက်ကာလ၌ လည်၍ဖြစ်သည်=ပြန်ဖြစ်သည်ဟု အမှတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ အရိယသာဝကဿ၊ အရိယာသာဝကအား။ ဧဝံသန္ဒေဟော၊ ဤသို့သော ယုံမှားခြင်းသည်။ ဥပ္ပဇ္ဇတီတိ၊ ဖြစ်တတ်ပါ သေးသလောဟူမူ။ အာမ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်သည် မှန်ပေ၏။ ကသ္မာ၊ အဘယ့်ကြောင့် ဖြစ်ပါသနည်းဟူမူ။ ပဏ္ဏတ္တိယာ အ‌ကောဝိဒတ္တာ၊ ဒေသနာ ပညတ်၌ မကျွမ်းကျင် နားမလည်ခြင်းကြောင့်ပေတည်း။ဟိ၊ ချဲ့၍ ပြဦးအံ့။ အယံ ကိလေသော အသုကမဂ္ဂဝဇ္ဈောတိ ဣမိဿာပဏ္ဏတ္တိယာ အ‌ကောဝိဒဿ၊ ဤကိလေသာကို ဤမည်သော မဂ်ကသတ်အပ်သည်ဟူသော ဤဒေသနာပညတ်၌ နားမလည်သော။ အရိယသာဝကဿာပိ၊ အရိယာ သာဝကအားသော်လဲ။ ဧဝံ၊ ဤသို့သော ယုံမှားသည်။ ဟောတိ၊ ဖြစ်တတ်၏။ တဿ၊ ထိုအရိယာသာဝကအား။ ပစ္စဝေက္ခဏာ၊ ဆင်ခြင်မှု ပစ္စဝေက္ခဏာသည်။ နတ္ထိ ကိန္တိ၊ မရှိ သလောဟူမူ။ အတ္ထိ၊ ရှိပေ၏။ ပန၊ သို့သော်လဲ။ သာ၊ ထိုပစ္စဝေက္ခဏာသည်။ သဗ္ဗေသံ၊ အလုံးစုံသော အရိယာတို့အား။ ပရိပုဏ္ဏာ န ဟောတိ၊ ပြည့်စုံသည်ချည်း မဟုတ်ပေ။ ဟိ၊ မပြည့်စုံပုံကို ပြအံ့။ ဧကော၊ တဦးသော အရိယာသည်။ ပဟီန ကိလေသမေဝ၊ ပယ်အပ်ပြီး ကိလေသာကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ။ (ဤ၌ ဧဝ–သဒ္ဒါဖြင့် ကြွင်းသော လေးဌာန ကို မဆင်ခြင်ဟုပြ၏။ နောက်အပိုဒ်တို့၌လဲ နည်းတူပင်တည်း)။ ။ ဧကော၊ တဦးသော အရိယာသည်။ အဝသိဋ္ဌကိလေသ မေဝ၊ ကြွင်းသောကိလေသာကိုသာလျှင် ဆင်ခြင်၏။ ဧကော၊ တဦးသောအရိယာသည်။ မဂ္ဂမေဝ၊ မဂ်ကိုသာလျှင် ဆင်ခြင်၏။ ဧကော၊ တဦးသော အရိယာသည်။ ဖလမေဝ၊ ဖိုလ်ကိုသာလျှင် ဆင်ခြင်၏။ ဧကော၊ တဦးသော အရိယာသည်။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင် ဆင်ခြင်၏။ ဣမာသု ပဉ္စသု ပစ္စဝေက္ခဏာသု၊ ဤငါးပါးသော ပစ္စဝေက္ခဏာတို့တွင်။ ဧကော ဝါ၊ တပါး

ဖြစ်စေ။ ဒွေ ဝါ၊ နှစ်ပါးတို့ ဖြစ်စေ။ (ဝဋ္ဋန္တိ–၏ကတ္တားတို့ပေတည်း)။ နော လဒ္ဓုံ န ဝဋ္ဋန္တိ၊ မရခြင်းငှါ မဖြစ်ကုန်၊ ရခြင်းငှါ သာလျှင် ဖြစ်ကုန်၏။ ။ (ပစ္စဝေက္ခဏာ တပါး ဖြစ်စေ, နှစ်ပါး ဖြစ်စေ, ဧကန် မုချ ဖြစ်ရမည်ဟု ဆိုလို၏)။

တပါးသော အဋ္ဌကထာတို့၌ "မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ဧကန်ဆင်ခြင်သည်။ ပယ်ပြီးမပယ်သေးသော ကိလေသာတို့ကိုကား အနေကန်သာဆင်ခြင်သည်"ဟူ၍ တညီထည်းသာလျှင်မိန့်ဆိုကုန်၏။ ဤပဏ္ဏာသအဋ္ဌကထာ၌ကား ပစ္စဝေက္ခဏာ တပါးထည်းသာ ဖြစ်ခြင်းကိုလဲ ပြဆို၏။ ထို့ကြောင့်, တပါးသော အဋ္ဌကထာတို့မှ ထူးခြား၏။ သို့သော်လဲ, ပစ္စဝေက္ခဏာ တပါးထည်းသာ ဖြစ်သော အရိယာရှိသည်, မရှိသည်ကို မှန်ကန်စွာ ဆုံးဖြတ်ခြင်းသည် သာမန် ပုဂ္ဂိုလ်၏အရာ မဟုတ်ပေ။ တသာသနာလုံးရှိ အရိယာ ဟူသမျှ၏ စိတ် ဖြစ်ပုံကို အကုန်အစင် သိမြင်နိုင်သော ပုဂ္ဂိုလ်မြတ်တို့၏ အရာသာလျှင် ဖြစ်ပေသည်။ သို့ဖြစ်၍, ဤပဏ္ဏာသအဋ္ဌကထာ စကားကိုလဲ ရိုသေစွာ မှတ်သားအပ်သည် သာတည်း။

## ပယ်အပ်သော ကိလေသာ

ဤအရာ၌၊ ပဏ္ဏတ္တိကောဝိဒဖြစ်ခြင်းအကျိုးငှါ မဂ်လေးပါးတို့က ထိုက်သည်အားလျော်စွာ ပယ်အပ် ငြိမ်းစေအပ်သော ကိလေသာတို့ကို သိသာရုံမျှ အကျဉ်းအားဖြင့် ပိုင်းခြား၍ ပြဦးအံ့။

သံယောဇနေသု တာဝ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော အပါယဂမနီယာ စ ကာမရာဂပဋိဃာတိ ဧတေ ပဉ္စ ဓမ္မာပဌမဉာဏဝဇ္ဈာ၊ သေသာ ကာမရာဂပဋိဃာ ဩဠာရိကာ ဒုတိယဉာဏဝဇ္ဈာ၊ သုခုမာ တတိယဉာဏဝဇ္ဈာ၊ ရူပရာဂါဒယော ပဉ္စပိ စတုတ္ထဉာဏဝဇ္ဈာ ဧဝ။ (ဝိသုဒ္ဓိမဂ် ၂–၃၂၅)

သံယောဇဉ် ၁၀–ပါးထဲက သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ, အပါယ်သို့ လားစေနိုင်သော ကာမရာဂနှင့် ပဋိဃဟူသော ဤသံယောဇဉ်ငါးပါးကို ပဌမမဂ်ကပယ်၏။ အပါယ်သို့ မလားစေနိုင်သော ကာမရာဂနှင့်, ပဋိဃတို့တွင်ကား ရုန့်ရင်း ကြမ်းတန်းသော ကာမရာဂနှင့် ပဋိဃတို့ကို ဒုတိယမဂ်က ပယ်၏။ သိမ်မွေ့သော ကာမရာဂနှင့်, ပဋိဃတို့ကို တတိယမဂ်က ပယ်၏။ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ ဟူသော ဤ သံယောဇဉ် ငါးပါးတို့ကို အရဟတ္တမဂ်က သာလျှင် ပယ်၏။

မှာထားချက် … ပါဠိ၌ ဧဝ–သဒ္ဒါ, မြန်မာ၌ သာလျှင် သဒ္ဒါတို့ဖြင့် မကန့်သတ်မူ၍ အထက်မဂ်က ပယ်သည်ဟုဆိုရာ၌ "ထိုကိလေသာ၏ အပါယဂမနီယအဖို့ကို ပဌမမဂ်ကပယ်သည်၊ အပါယဂမနီယ မဟုတ်သည့် ကြမ်းတန်းသောအဖို့ကို ဒုတိယမဂ်က ပယ်သည်၊ သိမ်မွေ့သော အဖို့ကို တတိယမဂ်က ပယ်သည်။ ဤသို့ပယ်သင့်သော အဖို့ကို အောက်အောက် မဂ်များကလဲ ပယ်ပြီးသာ ဖြစ်သည်"ဟု သိပါလေ။

ကိလေသေသု ဒိဋ္ဌိဝိစိကိစ္ဆာ ပဌမဉာဏဝဇ္ဈာ၊ ဒေါသော တတိယဉာဏဝဇ္ဈော၊ လောဘ မောဟ မာနထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပါနိ စတုတ္ထဉာဏဝဇ္ဈာနိ။ (ဝိသုဒ္ဓိမဂ် ၂–၃၂၅)

ကိလေသာ ၁၀–ပါးထဲက ဒိဋ္ဌိနှင့်, ဝိစိကိစ္ဆာကို ပဌမမဂ်က ပယ်၏။ ဒေါသကို တတိယမဂ်က ပယ်၏။ လောဘ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့ကို အရဟတ္တမဂ်က ပယ်၏။

(ဤ၌ ဧဝ–သဒ္ဒါ, သာလျှင်, သဒ္ဒါတို့ဖြင့် မကန့်သတ်သောကြောင့်, ဒေါသ၏ အပါယဂမနီယအဖို့ ရုန့်ရင်းသောအဖို့တို့ကို၊ ပဌမ, ဒုတိယ မဂ်တို့က ပယ်သည်၊ လောဘ, မောဟ စသော ကိလေသာ ခုနစ်ပါးတို့၏ အပါယဂမနီယအဖို့၊ ရုန့်ရင်းသောအဖို့၊ ကာမနှင့် ဆိုင်သော သိမ်မွေ့သောအဖို့တို့ကို အောက်မဂ် ၃–ပါးတို့က ပယ်သည် ဟု သိအပ်၏။ နောက်အပိုဒ်တို့၌လဲ နည်းတူပင် သိပါလေ)။

မိစ္ဆတ္တေသု မိစ္ဆာဒိဋ္ဌိ မုသာဝါဒေါ မိစ္ဆာကမ္မန္တော မိစ္ဆာအာဇီဝေါတိ ဣမေ ပဌမဉာဏဝဇ္ဈာ။ မိစ္ဆာသင်္ကပ္ပေါ ပိသုဏာဝါစာ ဖရုသဝါစာတိ ဣမေ တတိယဉာဏဝဇ္ဈာ။ စေတနာယေဝ စေတ္ထ ဝါစာတိ ဝေဒိတဗ္ဗာ။ သမ္ဖပ္ပလာပ မိစ္ဆာဝါယာမ သတိ သမာဓိ ဝိမုတ္တိ ဉာဏာနိ စတုတ္ထဉာဏဝဇ္ဈာနိ။ (ဝိသုဒ္ဓိမဂ် ၂–၃၂၅)

မိစ္ဆတ္တေသု၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဉာဏ်, မိစ္ဆာဝိမုတ္တိ, ဟူသော မိစ္ဆတ္တတရား ၁၀–ပါးတို့တွင်။ မိစ္ဆာဒိဋ္ဌိ မုသာဝါဒေါ မိစ္ဆာကမ္မန္တော မိစ္ဆာအာဇီဝေါ–တိ ဣမေ၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဝါစာထဲက မုသာဝါဒ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, ဟူသော ဤတရားတို့ကို။ ပဌမဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်က သတ်အပ်ကုန်၏။ မိစ္ဆာသင်္ကပ္ပေါ ပိသုဏာဝါစာ ဖရုသဝါစာ–တိ ဣမေ၊ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာထဲက ပိသုဏာဝါစာ, ဖရုသဝါစာ, ဟူသောဤတရားတို့ကို။ တတိယဉာဏပဇ္ဈာ၊ တတိယမဂ်ဉာဏ်က သတ်အပ်ကုန်၏။ စ၊ ရှေးစကား၌ ထင်မှားဘွယ်ကို

ပယ်လိုက်ဦးအံ့။ ဧတ္ထ၊ ဤမိစ္ဆာဝါစာ, ပိသုဏဝါစာ, ဖရုသဝါစာ, ဟူရာ၌။ စေတနာယေဝ၊ အကျိုးမဲ့ ဖြစ်အောင် ပြောလိုသော စေတနာကိုသာလျှင်။ ဝါစာတိ၊ စကား ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

(ပြောဆိုသော စကားသံသည် ပင်လျှင် မုချအားဖြင့် ဝါစာ မည်၏၊ သို့သော်လဲ, ထိုစကားသံ ရုပ် ဝါစာသည်ကား မဂ်က ပယ်အပ်သော ပဟာတဗ္ဗ တရားမဟုတ်ပေ၊ ထိုစကားသံကို ဖြစ်စေသော အကုသိုလ် စေတနာသည်သာလျှင် ပဟာတဗ္ဗ တရား ဟုတ်ပေသည်။ သို့ဖြစ်၍, ဤအရာ၌ ဤ အကုသိုလ် စေတနာကို သာလျှင် မိစ္ဆာဝါစာ, ပိသုဏဝါစာ, ဖရုသဝါစာ, ဟု ဆိုသည်၊ ဤစေတနာကိုသာလျှင် မဂ်ကပယ်သည်၊ သက်သက်သော စကားသံကိုကား၊ မိစ္ဆာဝါစာ, ပိသုဏဝါသစာ, ဖရုသ ဝါစာ, ဟုမဆိုလို၊ ၎င်းစကားသံ သက်သက်ကို မဂ်ကလဲ ပယ်သည် မဟုတ်ဟု ဆိုလို၏။ သို့သော်လဲ, စေတနာမရှိလျှင် ထို စေတနာနှင့်ဆိုင်သော ပြောဆိုမှုလဲ အများအားဖြင့် ကင်းငြိမ်းတတ်ပေ၏။ အရှင်ပိလိန္ဒဝစ္ဆမထေရ်ကဲ့သို့သော အချို့ပုဂ္ဂိုလ် အနည်းငယ်မှာသာလျှင် အကုသိုလ် စိတ် စေတနာ မပါဘဲ ဝါသနာ အလျောက် ပြောဆိုမှု ဖြစ်တတ်ပေသည်)။

သမ္ဖပလာပ မိစ္ဆာဝါယာမ သတိ သမာဓိ ဝိမုတ္တိ ဉာဏာနိ၊ မိစ္ဆာဝါစာထဲက သပ္ဖပလာပ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ်တို့ကို။ စတုတ္ထဉာဏဝဇ္ဈာနိ၊ အရဟတ္တမဂ်ဉာဏ်က သတ်အပ်ကုန်၏။

ဤ မိစ္ဆတ္တ (၁၀)ပါးတို့တွင်၊ ဝစီဒုစ္စရိုက် ၄–ပါး အကုသိုလ် စေတနာသည် မိစ္ဆာဝါစာမည်၏။ ကာယဒုစ္စရိုက် ၃–ပါး အကုသိုလ်စေတနာသည် မိစ္ဆာကမ္မန္တ မည်၏။ အသက်မွေးမှုနှင့် ဆိုင်သော ကာယ, ဝစီ, ဒုစ္စရိုက် (၇) ပါး အကုသိုလ် စေတနာသည် မိစ္ဆာအာဇီဝမည်၏။ သားမယားကို သတိရခြင်း, ပျော်ပါး ခံစားခဲ့ဘူးသည်ကို သတိရခြင်း, ရန်ဖြစ်ခဲ့ဘူးသည် ကိုသတိရခြင်း, စသည်ဖြင့် လောကီ အာရုံ ဝတ္ထု အမှု ကိစ္စများကို တဖန်သတိရ အောက်မေ့သော အခြင်းအရာအားဖြင့် ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်သည် မိစ္ဆာသတိမည်၏။ မကောင်းမှုအရာတို့၌ ပြီးစီးကြောင်း နည်းလမ်းကို ကြံသည်၏အစွမ်းဖြင့် မကောင်းမှုကို ပြုလုပ်ပြီးလျှင် ထိုပြုပုံကိုပင် ကောင်းပေစွဟု ပြန်လည်ဆင်ခြင်လျက် ဖြစ်သောမောဟသည် မိစ္ဆာဉာဏ်မည်၏။ ကိလေသာမှ မလွတ်သေးပါဘဲလျက်၊ လွတ်ပြီ ဟု ထင်ခြင်းသည်၎င်း, ကိလေသာမှ မလွတ်သော တရားကိုပင်၊ လွတ်သော တရားထူးဟု ထင်ခြင်းသည်၎င်း, မိစ္ဆာဝိမုတ္တိမည်၏။ တရားကိုယ်အားဖြင့် လောဘမူ စိတ္တုပ္ပါဒ်ပင်တည်း။ အပါယဂမနီယ ဖြစ်သော ဤမိစ္ဆာဝိမုတ္တိကို ပဌမမဂ်ကပယ်၏။ အပါယဂမနီယ မဟုတ်သော ဩဠာရိက, သုခုမ, ကာမရာဂ ဆိုင်ရာ မိစ္ဆာဝိ မုတ္တိတို့ကို၊ ဒုတိယ, တတိယ, မဂ်တို့က ပယ်ကုန်၏။ ဘဝရာဂ ဆိုင်ရာ မိစ္ဆာဝိမုတ္တိကို အရဟတ္တမဂ်က ပယ်၏။ ကြွင်းသော မိစ္ဆတ္တတို့၏ တရားကိုယ်များမှာ ထင်ရှားကုန်၏။

လောကဓမ္မေသု ပဋိဃော တတိယဉာဏဝဇ္ဈော။ အနုနယော စတုတ္ထဉာဏဝဇ္ဈော၊ ယသေ စ ပသံသာယ စ အနုနယော တတိယဉာဏဝဇ္ဈောတိ ဧကေ။ (ဝိသုဒ္ဓိမဂ် ၂–၃၂၅)

လောကဓံ ရှစ်ပါးထဲက၊ လာဘ်မရခြင်း, အခြွေအရံ နဲပါး ပျက်စီးခြင်း, ဆင်းရဲခြင်း, အကဲ့ရဲ့ ခံရခြင်း, တို့ကြောင့် ဖြစ်တတ်သော ဒေါသကို အနာဂါမိမဂ်ကပယ်၏။ လာဘ်ရခြင်း, အခြွေအရံများခြင်း, ကိုယ်စိတ်ချမ်းသာခြင်း, ချီးမွမ်းခံရခြင်း, တို့ကြောင့် ဖြစ်တတ်သော သာယာမှုလောဘကို အရဟတ္တမဂ်ကပယ်၏။ ဧကေဝါဒ အရအားဖြင့်၊ အခြွေအရံများခြင်း, ချီးမွမ်း ခံရခြင်း, တို့၌ သာယာမှု လောဘကို တတိယမဂ်က ပယ်သည်ဟု မှတ်ရာ၏။ စာအုပ်တို့၌ကား ဤ ဧကေဝါဒအရာမှာလဲ စတုတ္ထဉာဏဝဇ္ဈော ဟူ၍ပင် ရှိ၏။ ထိုပါဠိ အရအားဖြင့် သမာနဝါဒမှ ထူးခြားသောအနက်ကို မရနိုင်။ ထို့ကြောင့်, ဤအရာ၌ တတိယဉာဏဝဇ္ဈော–ကို သာလျှင် မူလရင်း ပါဠိမှန်ဟု မှတ်ရာ၏။

ကျောင်းတိုက် ပရဝုဏ် ကျောင်းဆောင် ကျောင်းခန်း စသော မိမိ နေထိုင်ရာအရပ်၌ တပါးသောပုဂ္ဂိုလ် လာရောက် နေထိုင်မည်ကို သည်းမခံနိုင်ခြင်း, မလိုလားခြင်း, လာရောက် နေထိုင်ဆဲ ပုဂ္ဂိုလ်ကိုလဲ တခြားသို့ သွားစေလိုခြင်း, များသည် အာဝါသ မစ္ဆရိယမည်၏။ သို့သော်, ရန်ဖြစ်တတ်သူအစရှိသော ဆိုးသွမ်းသောပုဂ္ဂိုလ်၏ လာရောက်နေထိုင်ခြင်းကို မလိုလား ခြင်းသည်ကား မစ္ဆရိယ မဟုတ်ပေ။

(ဘဏ္ဍနကာရကာဒီနံ ပန တတ္ထ ဝါသံ အနိစ္ဆတော အာဝါသမစ္ဆရိယံ နာမ န ဟောတိ–အဋ္ဌသာလိနီ။)

အလုပ်အကျွေး ဒါယကာ, ဒါယိကာမ, ဆွေမျိုးစသော ခင်မင်ရင်းနှီးသော ပုဂ္ဂိုလ်များထံသို့ တပါးသောပုဂ္ဂိုလ် ချဉ်းကပ်ဝင်ရောက်သည်ကို သည်းမခံနိုင်ခြင်း, မလိုလားခြင်းသည် ကုလမစ္ဆရိယမည်၏။ သို့သော်, ယုတ်မာဆိုးသွမ်းသော ပုဂ္ဂိုလ်၏ ချဉ်းကပ် ဝင်ရောက်ခြင်းကို မလိုလားခြင်းသည်ကား မစ္ဆရိယ မဟုတ်ပေ။ (ပါပပုဂ္ဂလဿ ပန ဥပသင်္ကမနံ အနိစ္ဆန္တောပိမစ္ဆရီနာမ န ဟောတိ–၎င်းပင်)။ ။ ပစ္စည်းများကို မိမိသာ ရလို၍ သူတပါးအား မရစေလိုခြင်းသည် လာဘ မစ္ဆရိယ မည်၏။ သို့သော်, သဒ္ဓါဒေယျ ဝိနိပါတန စသည်ဖြင့် ပစ္စည်းတို့ကို အကျိုးမဲ့ ပျက်စီးစေသော ပုဂ္ဂိုလ်အား၎င်း, ပစ္စည်းပေါများ ပြည့်စုံလျှင်၊ သူတပါးကို လွှမ်းမိုး နှိပ်စက်ခြင်း စသည်ဖြင့် မတော်မသင့်ပြုမည့် ပုဂ္ဂိုလ်အား၎င်း, မရစေလိုခြင်း သည်ကား မစ္ဆရိယမဟုတ်ပေ။ ထို့ပြင်, မိမိမှာ အသင့်ရရှိပြီးသော ပစ္စည်းကို ပေးလှူသင့်သော သီလဝန္တ သီတင်းသုံးဘော်တို့

အား မပေး မလှူနိုင်ခြင်းသည်လည်း ဤလာဘမစ္ဆရိယပင်တည်း။ သို့သော်, အလွန် ခင်မင် မြတ်နိုးအပ်သော ဝတ္ထုကို မပေး မလှူနိုင်ခြင်းမှာ မစ္ဆရိယကြောင့် မဟုတ်ဘဲ, လောဘကြောင့်လဲ ဖြစ်နိုင်သေး၏။ "မိမိပစ္စည်းကို သူတပါး ပိုင်ဆိုင် သုံးစွဲမည်၌ သည်းမခံနိုင်ခြင်းသည် မစ္ဆရိယ၏လက္ခဏာပေတည်း။ မိမိပစ္စည်းကို မစွန့်လွှတ်နိုင်အောင် ခင်မင် တွယ်တာခြင်းသည်ကား လောဘ၏ လက္ခဏာပေတည်း"။ ဤအထူးကိုလဲ သိအပ်၏။ ထို့ပြင်, မလွဲမရှောင်သာအောင် တကယ်အသုံးကျနေသော ဝတ္ထု ဖြစ်၍ မစွန့်နိုင်ခြင်းမှာ ပဋိသင်္ခါဉာဏ်ကြောင့်လဲ ဖြစ်နိုင်သေး၏၊ အခဏ်း (၄) သံယောဇဉ်ကို သိပုံအရာ၌ ပြန်၍ ကြည့်ပါ လေဦး။ ။သူတပါး၏ အဆင်းလှပခြင်း, အကျင့်ကောင်းခြင်း, စသောဂုဏ်ကို မပြောစေလိုခြင်း, မကြားမနာလိုခြင်းသည်၎င်း, မိမိမှာ ရှိသော ဂုဏ်များနှင့် သူတပါးအား မပြည့်စုံစေလိုခြင်းသည်၎င်း, ဝဏ္ဏမစ္ဆရိယ မည်၏။ သို့သော်, မဟုတ်မမှန်သော ဂုဏ်ဖြင့် ချီးမွမ်းစကားကို မပြောစေလိုခြင်း, မကြား မနာလိုခြင်းသည်ကား မစ္ဆရိယ မဟုတ်ပေ။ ။မိမိတတ်သိသော တရား ကျမ်းဂန်ကို သူတပါးအား မတတ် မသိစေလိုခြင်းသည် ဓမ္မမစ္ဆရိယ မည်၏။ သို့သော်, စိတ်သဘောထား မဖြောင့်မတ်သော သူအား မတတ် မသိစေလိုခြင်းသည်ကား မစ္ဆရိယ မဟုတ်ပေ။ ဤ ငါးပါးသော မစ္ဆရိယတို့ကို သောတာပတ္တိမဂ်က ပယ်၏။ မစ္ဆရိယာနိ ပဌမဉာဏဇ္ဈာနိ–(ဝိသုဒ္ဓိမဂ် ၂–၃၂၅)

ဝိပလ္လာသေသု အနိစ္စေ နိစ္စန္တိ အနတ္တနိ အတ္တာတိ စ သညာ စိတ္တဒိဋ္ဌိ ဝိပလ္လာသာ, ဒုက္ခေ သုခန္တိ အသုဘေ သုဘန္တိ ဒိဋ္ဌိ ဝိပလ္လာသော စာ, တိ ဣမေ ပဌမဉာဏဝဇ္ဈာ။ အသုဘေ သုဘန္တိ သညာစိတ္တဝိပလ္လာ သာ တတိယ ဉာဏဝဇ္ဈာ။ ဒုက္ခေသုခန္တိ သညာ စိတ္တဝိပလ္လာသာ စတုတ္ထဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိမဂ် ၂–၃၂၆)

ဝိပလ္လာသ ၁၂–ပါးထဲက မမြဲတဲ့ ရုပ်နာမ်၌၊ မြဲသည် ဟု အမှတ်မှား, အသိမှား, အယူမှား ၃–ပါး, ငါကောင် မဟုတ် တဲ့ ရုပ်နာမ်၌၊ ငါကောင် ဟု အမှတ်မှား, အသိမှား, အယူမှား ၃–ပါး၊ ဆင်းရဲတဲ့ ရုပ်နာမ်၌၊ ချမ်းသာ ဟု အယူမှားမှု ၁–ပါး၊ မတင့်တယ်တဲ့ ရုပ်တရား၌၊ တင့်တယ်သည် ဟု အယူမှားမှု ၁–ပါး၊ ဤဝိပလ္လာသရှစ်ပါးကို ပဌမမဂ်က ပယ်၏။ မတင့်တယ် တဲ့ ရုပ်တရား၌၊ တင့်တယ်သည်ဟု အမှတ်မှား, အသိမှား, ဟူသော ဤဝိပလ္လာသ နှစ်ပါးကို တတိယမဂ်ကပယ်၏။ ဆင်းရဲ တဲ့ ရုပ်နာမ်၌၊ ချမ်းသာဟု အမှတ်မှား, အသိမှား, ဟူသော ဤ ဝိပလ္လာသ နှစ်ပါးကို အရဟတ္တမဂ်က ပယ်၏။

သောတာပန် သကဒါဂါမ်တို့မှာ မိမိ၏ကိုယ်ခန္ဓာ, သူတပါး၏ ကိုယ်ခန္ဓာတို့၌ "တင့်တယ်သည်၊ ချမ်းသာ ကောင်း စားသည်"ဟု ထင်မှတ်မှားမှု သညာဝိပလ္လာသနှင့်, သိမှားမှု စိတ္တဝိပလ္လာသတို့ မကင်းကြသေး၊ ထို့ကြောင့်, ကာမဂုဏ် အာရုံ ဝတ္ထုများနှင့် ခံစားမွေ့လျော် ရွှင်ပျော်နိုင်ကြလေသည်။ သို့သော်လဲ,"တကယ်ပင် တင့်တယ်သည်၊ တကယ်ပင် ချမ်းသာသည်" ဟူ၍ မြဲမြံစွာ စွဲလမ်းယူဆမှားသော ဒိဋ္ဌိဝိပလ္လာသ တရားသည်ကား မရှိတော့ပြီ၊ ထို့ကြောင့်, စဉ်းစား ဆင်ခြင်ကြည့်သော အခါ၌၊ "တင့်တယ် ချမ်းသာသည်"ဟု ခေါ်လောက်သော အရာကို မတွေ့မြင်ရဘဲ ရှိပေသည်။ အနာဂါမ်မှာလဲ "ချမ်းသာ ကောင်းစားသည်"ဟု ထင်မှတ်မှားမှု သညာ ဝိပလ္လာသ, သိမှားမှု စိတ္တဝိပလ္လာသ, တို့ မကင်းကြသေး၊ ထို့ကြောင့်, မိမိ၏ ကိုယ်ခန္ဓာ၌ ခင်မင် တွယ်တာလျက် ရူပဘဝ, အရူပဘဝတို့၌ ပျော်မွေ့နိုင်ကြလေသည်။

တရား စီရင် ဆုံးဖြတ်ခြင်း, ပစ္စည်း ဝေဘန်ခြင်း, ချီးမွမ်း ကဲ့ရဲ့ခြင်း ဆုံးမခြင်း, ချီးမြှောက်ခြင်း, စသည်တို့ကိုပြုသော အခါ၌ ချစ်သူ့ဘက်သို့ လိုက်၍ မတရား ပြုခြင်းသည် ဆန္ဒာဂတိ မည်၏။ မုန်းသူ့ ဘက်ကို နှိပ်၍ မတရား ပြုခြင်းသည် ဒေါသာဂတိ မည်၏။ မသိနားမလည်သဖြင့် မှားယွင်း၍ မတရား ပြုခြင်းသည် မောဟာဂတိ မည်၏။ ကြောက်သူ့ ဘက်သို့ လိုက်၍ မတရားပြုခြင်းသည် ဘယာဂတိမည်၏။ ဤအဂတိ ၄–ပါးကို သောတာပတ္တိမဂ်ကပယ်၏။ (အဂတိ ပဌမဉာဏ ဝဇ္ဈာဝ–ဝိသုဒ္ဓိမဂ်)။

ကာမသဝနှင့် ဘဝါသဝတို့ကို သုတ္တန်နည်းအရအားဖြင့် ဤသို့ပိုင်းခြား မှတ်သားရာ၏။ ငါးပါးသော ကာမဂုဏ် အာရုံဝတ္ထုတို့၌ လိုချင်တပ်မက် နှစ်သက်သာယာမှု လောဘသည် ကာမာသဝမည်၏။ ရူပဘဝ, အရူပဘဝ, ရူပဈာန်, အရူပ ဈာန်တို့၌ နှစ်သက် သာယာမှု လောဘသည်၎င်း, သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော လောဘသည်၎င်း, လူ နတ် နဂါး ဂဠုန် အဖြစ်၊ မိန်းမ ယောကျ်ား အဖြစ်စသော ကာမဘဝ၌ တောင့်တ သာယာမှု လောဘသည်၎င်း, ဘဝါသဝ မည်၏။ ဤကား သုတ္တန်နည်း အရအားဖြင့် ပိုင်းခြားပုံတည်း။ အဘိဓမ္မာနည်းအရအားဖြင့်မူကား "ဘဝါသဝေါ စတူသု ဒိဋ္ဌိဂတဝိပ္ပယုတ္တ လောဘသဟဂတစိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇတိ"ဟူသော ဓမ္မသင်္ဂဏီ ပါဠိ, "ရူပါ ရူပသင်္ခါတေ ကမ္မတော ဥပပတ္တိတော စ ဒုဝိဓေ ဘဝေ အာသဝေါ ဘဝါသဝေါ" ဟူသော အဋ္ဌသာလိနီတို့နှင့် အညီ ရူပဘဝ, အရူပဘဝ, ရူပဈာန်, အရူပဈာန်တို့၌ နှစ်သက် သာယာလျက်ဖြစ်သော ဒိဋ္ဌိဝိပ္ပယုတ်လောဘသည်သာလျှင် ဘဝါသဝမည်၏။ အနာဂါမ်၏ သန္တာန်၌သော်လဲရှိ၍၊ အရဟတ္တ မဂ်ဖြင့် ပယ်အပ်သော ဘဝရာဂပင်တည်း။

"ကာမာသဝေါ အဋ္ဌသု လောဘသဟဂတစိတ္တုပ္ပါဒေသုဥပ္ပဇ္ဇတိ"ဟူသော ဓမ္မသင်္ဂဏီပါဠိ, "ပဉ္စကာမဂုဏိကရာဂေါတိ ဥက္ကဋ္ဌဝသေန ဝုတ္တံ ဘဝါသဝံ ထပေတွာ သဗ္ဗော လောဘော ကာမာသဝေါတိ ယုတ္တံ သိယာ"ဟူသော မူလဋီကာ, "တတ္ထ ကာမဘဝပတ္ထနာယ တာဝ ကာမာသဝဘာဝေါ ဟောတု၊ ရူပါရူပဘဝေသု သဿတာဘိ နိဝေသ သဟဂတရာဂဿ ကထန္တိ? သောပိ ယထာ ဝုတ္တဝိသယေ ကာမနဝသေန ပဝတ္တိတော ကာမာသဝေါယေဝ နာမ၊ သဗ္ဗောပိ ဟိတေဘူမကာ ဓမ္မာ ကမနီယဋ္ဌေ

န ကာမာတိ။ န စေတ္ထ အနိဋ္ဌပွဿင်ေါ၊ ဒိဋ္ဌိဝိပ္ပယုတ္တလောဘဿ ဘဝါသဝဘာဝေန ဝိသုံ ဥဒ္ဓဋတ္တာ။ အဝဿဥ္စေတမေဝံ ဝိညာတဗ္ဗံ၊ ဣတရထာ ရူပါ-ရူပဘဝေသု ဥစ္ဆေဒ ဒိဋ္ဌိသဟဂတဿာပိ လောဘဿ ဘဝါသဝဘာဝေါ အာပဇ္ဇေယျာတိ" ဟူသော အနုဋီကာတို့နှင့်အညီ,

ထိုဘဝါသဝမှ ကြွင်းသော လောဘဟူသမျှသည် ကာမာသဝချည်းသာတည်း။ ဒိဋ္ဌိသည် ဒိဋ္ဌာသဝမည်၏။ မောဟ သည် အဝိဇ္ဇာသဝမည်၏။ ဤ အာသဝေါတရားလေးပါးတို့တွင် ဒိဋ္ဌာသဝကို ပဌမမဂ်က ပယ်၏၊ ကာမာသဝကို တတိယမဂ် ကပယ်၏၊ ဘဝါသဝ, အဝိဇ္ဇာသဝတို့ကို အရဟတ္တမဂ်က ပယ်၏။

အာသဝေသု ဒိဋ္ဌာသဝေါ ပဌမဉာဏဝဇ္ဈော၊ ကာမာသဝေါ တတိယဉာဏဝဇ္ဈော၊ ဣတရေ ဒွေ စတုတ္ထဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိမဂ် ၂-၃၂၆)

နီဝရဏ ငါးပါးထဲက ဝိစိကိစ္ဆာကို ပဌမမဂ်က ပယ်၏၊ သုတ္တန်နည်းအရ ဖြစ်သော ဥက္ကဋ္ဌ ကာမစ္ဆန္ဒနှင့်, ဗျာပါဒ, ကုက္ကုစ္စတို့ကို တတိယမဂ်က ပယ်၏၊ ထိန, မိဒ္ဓ, ဥဒ္ဓစ္စတို့ကို အရဟတ္တမဂ်က ပယ်၏။ အဘိဓမ္မာ၌ကား ရူပရာဂ, အရူပရာဂ တို့ကိုလဲ ကာမစ္ဆန္ဒဟု ဟောတော်မူ၏။ အဘိဓမ္မာနည်းအရ ထိုကာမစ္ဆန္ဒကိုကား အရဟတ္တမဂ်က အကြွင်းမဲ့ပယ်၏။

နီဝရဏေသု ဝိစိကိစ္ဆာနီဝရဏံ ပဌမဉာဏဝဇ္ဈံ၊ ကာမစ္ဆန္ဒော ဗျာပါဒေါ ကုက္ကုစ္စန္တိ တီဏိ တတိယဉာဏဝဇ္ဈာနိ၊ ထိန-မိဒ္ဓ-ဥဒ္ဓစ္စာနိ စတုတ္ထဉာဏဝဇ္ဈာနိ။ (ဝိသုဒ္ဓိမဂ်)

ကာမစ္ဆန္ဒဿ အနာဂါမိမဂ္ဂေန ပဟာနံ ဥက္ကဋ္ဌနီဝရဏဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ၊ပေ၊ တသ္မာ သဗ္ဗော လောဘော ကာမစ္ဆန္ဒနီဝရဏန္တိ အရဟတ္တမဂ္ဂေနဿ ပဟာနဝစနံ ယုတ္တံ။ (မူလဋီကာ)-

ဥပါဒါနေသု သဗ္ဗေသမ္ပိ လောကိယဓမ္မာနံ ဝတ္ထုကာမဝသေန ကာမာတိ အာဂတတ္တာ ရူပါရူပရာဂေါပိ ကာမုပါဒါနေ ပတတိ၊ တသ္မာ တံ စတုတ္ထဉာဏဝဇ္ဈံ။ သေသာနိ ပဌမဉာဏဝဇ္ဈာနိ။ (ဝိသုဒ္ဓိမဂ် ၂-၃၂၆)

ဝတ္ထုကာမ မည်သော လောကီတရား ဟူသမျှ၌ တပ်မက် သာယာသော လောဘသည် ကာမုပါဒါန် မည်၏၊ ၎င်းကို အရဟတ္တမဂ်က ယ်၏။ နွား, ခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်ခြင်းဖြင့် သံသရာမှ လွတ်မြောက် စင်ကြယ်၍ အစဉ် ထာဝရ ကောင်းစားချမ်းသာသည်ဟု ယူဆသော ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန် မည်၏။ အရိယာမဂ္ဂင် ရှစ်ပါးနှင့် ကင်း၍ လောကီသီလ, အကျင့်မျှဖြင့် သံသရာမှ လွတ်မြောက် စင်ကြယ်သည်ဟု ယူခြင်းသည်လည်း ဤသီလဗ္ဗတုပါဒါန်၌ ဝင်၏။ သက္ကာယဒိဋ္ဌိ (၂၀)ဟူသော အတ္တဒိဋ္ဌိသည် အတ္တဝါဒုပါဒါန်မည်၏။ ကြွင်းသော မိစ္ဆာဒိဋ္ဌိ ဟူသမျှသည် ဒိဋ္ဌုပါဒါန် မည်၏။ ဤ ဒိဋ္ဌိဥပါဒါန် ၃-မျိုးကို ပဌမမဂ်က ပယ်၏။

အနုသယေသု ဒိဋ္ဌိဝိစိကိစ္ဆာနုသယာ ပဌမဉာဏဝဇ္ဈာဝ၊ ကာမရာဂပဋိဃာနုသယာ တတိယဉာဏဝဇ္ဈာ၊ မာနဘဝရာဂါ ဝိဇ္ဇာနုသယာ စတုတ္ထဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိမဂ် ၂-၃၂၆)

အနုသယ ခုနစ်ပါးထဲက ဒိဋ္ဌိအနုသယ, ဝိစိကိစ္ဆာအနုသယ, တို့ကို ပဌမမဂ်က ပယ်၏။ ကာမရာဂအနုသယ, ပဋိဃ အနုသယ, တို့ကို တတိယမဂ်ကပယ်၏။ မာနအနုသယ, ဘဝရာဂအနုသယ, အဝိဇ္ဇာအနုသယ, တို့ကို အရဟတ္တမဂ်က ပယ် ၏။ ဤအနုသယတို့ ငြိမ်းသည်, မငြိမ်းသည်ကိုကား ပရိယုဋ္ဌာန် မဖြစ်ပေါ်ခြင်း, ဖြစ်ပေါ်ခြင်းတို့ဖြင့် သိအပ်၏။

အကုသလကမ္မပထေသု ပါဏာတိပါတော အဒိန္နာဒါနံ မိစ္ဆာစာရော မုသာဝါဒေါ မိစ္ဆာဒိဋ္ဌီတိ ဣမေ ပဌမဉာဏဝဇ္ဈာ။ ပိသုဏဝါစာ ဖရုသဝါစာ ဗျာပါဒေါတိ တယော တတိယဉာဏဝဇ္ဈာ။ သမ္ဖပ္ပလာပါ-ဘိဇ္ဈာ စတုတ္ထဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိမဂ် ၂-၃၂၆)

အကုသလကမ္မပထေသု၊ အကုသလကမ္မပထ ၁၀-ပါးတို့တွင်။ ပါဏာတိပါတော၊ သတ္တဝါကို သတ်ခြင်း။ အ-ဒိန္နာ ဒါနံ၊ အရှင်က မပေးအပ်သော ဥစ္စာကို ခိုးယူခြင်း။ မိစ္ဆာစာရော၊ မပိုင်မဆိုင်သော မေထုန်ကာမတို့၌ မှားယွင်း ကျူးလွန်ခြင်း။ မုသာဝါဒေါ၊ လိမ်လည်၍ ပြောဆိုခြင်း (သူတပါး၏ အကျိုးပျက်မှ ကမ္မပထ မြောက်သည်ဟူ၏)။ မိစ္ဆာဒိဋ္ဌိ၊ ကံနှင့် ကံ၏ အကျိုး မရှိဟု မှားယွင်းစွာ ယူဆခြင်း။ ဣတိ၊ ဟူကုန်သော။ ဣမေ၊ ဤ ကမ္မပထ ငါးပါးတို့သည်။ ပဌမဉာဏဝဇ္ဈာ၊ သောတာပတ္တိမဂ်ဉာဏ်က သတ်အပ်သော တရားတို့ပေတည်း။ ပိသုဏဝါစာ၊ ချစ်ကြည်နေသူ ၂-ဦးကို ကွဲပြားအောင် ဂုံးတိုက် ပြောဆိုခြင်း (ထိုသူ ၂-ဦးတို့ ကွဲပြားမှ ကမ္မပထမြောက်သည် ဟူ၏)။ ဖရုသဝါစာ၊ နားမခံသာသော ဆဲရေး ကျိန်ဆို စကားတို့ကိုဆိုခြင်း။ ဗျာပါဒေါ၊ သူတပါးကို သေပျက်စေလိုခြင်း။ ဣတိ၊ ဟူကုန်သော။ တယော၊ သုံးပါးသော ကမ္မပထတို့ သည်။ တတိယဉာဏဝဇ္ဈာ၊ အနာဂါမိမဂ်က သတ်အပ်သော တရားတို့ပေတည်း။ သမ္ဖပ္ပလာပါ-ဘိဇ္ဈာ၊ ထိုးဇာတ် ဝတ္ထုစသော

အနှစ်မဲ့စကားကို ပြောခြင်းဟူသော သမ္ဖပ္ပလာပနှင့်, သူ့ဥစ္စာကို ရလိုသမှု ကိုယ်ပိုင်ပြု၍ ရှေးရှုကြံစည်ခြင်း ဟူသော အဘိဇ္ဈာတို့သည်။ စတုတ္ထဉာဏဝဇ္ဈာ၊ အရဟတ္တမဂ်ဉာဏ်က သတ်အပ်သော တရားတို့ပေတည်း။ (သမ္ဖပ္ပလာပမှာ သူတပါးက ယုံမှသာလျှင် ကမ္မပထ မြောက်သည် ဟူ၏။)

ဤအရာ၌ တတိယ, စတုတ္ထ, ဉာဏဝဇ္ဈ, ကမ္မပထတို့ကို၊ ဇေသဒ္ဒါဖြင့် မကန့်သတ်သောကြောင့် အပါယဂမနီယ ဖြစ်သော ပိသုဏဝါစာ, ဖရုသဝါစာ, ဗျာပါဒ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, တို့ကို ပဌမမဂ်က ပယ်သည်။ အပါယဂမနီယ မဟုတ်သော ၎င်း ၅–ပါးတို့ကို သြဠာရိက ကာမရာဂ, ဗျာပါဒ, တို့၏ ဆိုင်ရာ၌ ဒုတိယမဂ်က ပယ်သည်။ သုခုမ ကာမရာဂ, ဗျာပါဒ, တို့၏ ဆိုင်ရာ၌ တတိယမဂ်က ပယ်သည်။ ဘဝရာဂဆိုင်ရာ သမ္ဖပ္ပလာပ, အဘိဇ္ဈာ, တို့ကို အရဟတ္တမဂ်က ပယ်သည်ဟူ၍ ပိုင်းခြား မှတ်သားရာ၏။

အကုသလစိတ္တုပ္ပါဒေသု စတ္တာရော ဒိဋ္ဌိသမ္ပယုတ္တာ, ဝိစိကိစ္ဆာသမ္ပယုတ္တောစာတိ ပဉ္စ ပဌမဉာဏဝဇ္ဈာဝ၊ ဒွေ ပဋိဃသမ္ပယုတ္တာ တတိယဉာဏဝဇ္ဈာ၊ သေသာ စတုတ္ထဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိမဂ် ၂–၃၂၆)

အကုသလစိတ္တုပ္ပါဒေသု၊ အကုသိုလ် စိတ္တုပ္ပါဒ် ၁၂–ခုတို့တွင်။ စတ္တာရော ဒိဋ္ဌိသမ္ပယုတ္တာ၊ ဒိဋ္ဌိသမ္ပယုတ် စိတ္တုပ္ပါဒ် လေးခုတို့၎င်း။ ဝိစိကိစ္ဆာသမ္ပယုတ္တော စ၊ ဝိစိကိစ္ဆာသမ္ပယုတ် စိတ္တုပ္ပါဒ် တခု၎င်း။ ဣတိ၊ ဤသို့အားဖြင့်။ ပဉ္စ၊ ငါးခုသော အကုသိုလ် စိတ္တုပ္ပါဒ်တို့သည်။ ပဌမဉာဏဝဇ္ဈာ ဧဝ၊ ပဌမမဂ်ဉာဏ်က သတ်အပ်သော တရားတို့သာတည်း။ ဒွေ ပဋိဃသမ္ပယုတ္တာ၊ ပဋိဃသမ္ပယုတ် စိတ္တုပ္ပါဒ် နှစ်ခုတို့သည်။ တတိယဉာဏဝဇ္ဈာ၊ တတိယမဂ်ဉာဏ်က သတ်အပ်သော တရားတို့ပေတည်း။ သေသာ၊ ကြွင်းကုန်သော ဒိဋ္ဌိဝိပ္ပယုတ် စိတ္တုပ္ပါဒ်လေးခုနှင့် ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်တို့သည်။ စတုတ္ထဉာဏဝဇ္ဈာ၊ စတုတ္ထမဂ်ဉာဏ်က သတ်အပ်သော တရားတို့ပေတည်း။

ဤ၌လဲ တတိယ, စတုတ္ထ, ဉာဏဝဇ္ဈ စိတ္တုပ္ပါဒ်တို့ကို ဇေသဒ္ဒါဖြင့် မကန့်သတ်သောကြောင့် "အပါယဂမနီယဖြစ်သော ဒိဋ္ဌိဝိပ္ပယုတ် ၄–ခု, ဒေါသမူ ၂–ခု, အားဖြင့် ဤ ၆–ပါးသော အကုသိုလ် စိတ္တုပ္ပါဒ်တို့ကို ပဌမမဂ်က ပယ်သည်။ အပါယဂမနီယ မဟုတ်ရာ၌ သြဠာရိက ကာမရာဂ, ပဋိဃ, တို့နှင့်ယှဉ်သော ထိုစိတ္တုပ္ပါဒ် ၆–ပါးကို၎င်း၊ ထိုသြဠာရိက ကာမရာဂ, ပဋိဃတို့နှင့် ပဟာနေကဋ္ဌ ဖြစ်သော ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကို၎င်း၊ ဒုတိယမဂ်ကပယ်သည်။ သုခုမ ကာမရာဂပဋိဃ, တို့နှင့်ယှဉ်သော ထိုစိတ္တုပ္ပါဒ် ၆–ပါးကို၎င်း၊ ထိုကာမရာဂ, ပဋိဃ, တို့နှင့် ပဟာနေကဋ္ဌ ဖြစ်သော ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကို၎င်း, တတိယမဂ်ကပယ်သည်။ ဘဝရာဂနှင့်ယှဉ်သော ဒိဋ္ဌိဝိပ္ပယုတ် စိတ္တုပ္ပါဒ်လေးခုကို၎င်း, ကြွင်းသော ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကို၎င်း အရဟတ္တမဂ်က ပယ်သည်"ဟူ၍ ပိုင်းခြား မှတ်သားရာ၏။ ပဟာနေကဋ္ဌ–ဟူသည်မှာ ပုဂ္ဂိုလ်တဦးထည်း၏ သန္တာန်၌ မဂ်၏အစွမ်းကြောင့် တခုသော ကိလေသာ ငြိမ်းလျှင်၊ ထိုကိလေသာနှင့် အဆင့်အတန်းတူသော ကိလေသာတို့သည် တပါထည်း ငြိမ်းလေကုန်၏၊ ယှဉ်ဘော်ယှဉ်ဘက် မဟုတ်ပါဘဲ ဤသို့ ပြိုင်တူ ငြိမ်းသော အဆင့်အတန်းတူ ကိလေသာတို့ကို ပဟာနေကဋ္ဌဟု ဆိုသည်။ "တဦးထည်း၏ သန္တာန်၌ ပြိုင်တူငြိမ်းသော တရား"ဟု ဆိုလို၏။

စတ္တာရော ဒိဋ္ဌိဂတဝိပ္ပယုတ္တ လောဘသဟဂတစိတ္တုပ္ပါဒါ, ဒွေ ဒေါမနဿ သဟဂတစိတ္တုပ္ပါဒါ၊ ဣမေ ဓမ္မာ သိယာ ဒဿနေန ပဟာတဗ္ဗာ–ဟူသော ဓမ္မသင်္ဂဏီ ပါဠိနှင့် အညီ အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဝိပ္ပယုတ်နှင့်, ဒေါသမူစိတ္တုပ္ပါဒ်တို့ကို လဲ သောတာပတ္တိမဂ်က ပယ်သည်ဟု ပြအပ်၏။ ကတမေ ဓမ္မာ နဒဿနေန ပဟာတဗ္ဗာ၊ ဥဒ္ဓစ္စသဟဂတော စိတ္တုပ္ပါဒေါ။ ။ကတမေ ဓမ္မာ ဘာဝနာယ ပဟာတဗ္ဗာ၊ ဥဒ္ဓစ္စသဟဂတော စိတ္တုပ္ပါဒေါ–ဟူသော ဓမ္မသင်္ဂဏီ ပါဠိနှင့် အညီ, ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကိုကား ဘာဝနာမည်သော အထက်မဂ် ၃–ပါးက သာလျှင် ပယ်သည်။ ဤပါဠိဖြင့် "အရဟတ္တမဂ်ကသာ ပယ်သည်" ဟူ၍ကား မယူသင့်ပေ။ ယုတ္တိအားဖြင့်လဲ သကဒါဂါမ် အနာဂါမ်တို့၏ သန္တာန်၌ ရှိသော ဥဒ္ဓစ္စသဟဂုတ် စိတ်သည်၊ ပုထုဇဉ်သောတာပန်တို့မှာကဲ့သို့ မကြမ်းတန်း မထကြွသန်လေရာ။ သို့ဖြစ်၍, ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကို ဘာဝနာမည်သော အထက်မဂ် သုံးပါးတို့က အသီးအသီး ပယ်သည်ဟု ဤ၌ ပြခဲ့ပေသည်။

ဝိသုဒ္ဓိမဂ်၌၎င်း, ဤကျမ်း၌၎င်း, တိုက်ရိုက် မပြအပ်သော ပဟာတဗ္ဗ အကုသိုလ်တရားတို့သည် များစွာပင် ရှိကုန်သေး၏။ ထိုအကုသိုလ်တို့တွင် တရားကိုယ် သီးခြားရှိသော အကုသိုလ်တရားတို့ကို ပြခဲ့ပြီးသော သံယောဇဉ် စသည်တို့နှင့် အတူပင် ပယ်ပုံအားဖြင့် သိအပ်၏။ တရားကိုယ်သီးခြား မရှိသော အကုသိုလ် တရားတို့ကိုကား ဆိုင်ရာ ဆိုင်ရာ အကုသိုလ် စိတ္တုပ္ပါဒ်၌ ထည့်သွင်း၍ မဂ်လေးပါးက ပယ်ပုံကို ထိုက်သည့်အားလျော်စွာ ယူအပ်၏။ ထို့ကြောင့်, မဟာဋီကာ၌ အောက်ပါအတိုင်း မိန့်မှာတော်မူပေ၏။

စိတ္တုပ္ပါဒဂ္ဂဟဏေန စေတ္ထ မက္ခ ပဠာသ မာယာ သာဌေယျ ပမာဒ ထမ္ဘ သာရမ္ဘာဒီနံ သင်္ဂဟော ကတောတိ ဒဋ္ဌဗ္ဗံ။ (၂–၄၉၈)

စ၊ တရားကိုယ် သီးခြားမရှိသော အကုသိုလ်တရားတို့၌ ပယ်ပုံကို အဘယ်သို့ သိအပ်ပါသနည်းဟူသော ဤ မေးဘွယ်အတွက် ဆက်၍ရှင်းလိုက်ဦးအံ့။ ဇ္ဇတ္ထ၊ ဝိသုဒ္ဓိမဂ်၌ ပြအပ်သော ဤသံယောဇဉ်စသည်တို့တွင်။ ဝါ၊ ပဟာတဗ္ဗကို ပြသော ဤ ဝိသုဒ္ဓိမဂ်စကားရပ်၌။ စိတ္တုပ္ပါဒဂ္ဂဟဏေန၊ စိတ္တုပ္ပါဒသဒ္ဒါဖြင့်။ ဝါ၊ အကုသိုလ် စိတ္တုပ္ပါဒ်ကိုယူခြင်း ဆိုခြင်းဖြင့်။ မက္ခ ပဠာသ မာယာ သာဌေယျ ပမာဒ ထမ္ဘသာရမ္ဘာဒီနံ၊ မက္ခ, ပဠာသ, မာယာ, သာဌေယျ, ပမာဒ, ထမ္ဘ, သာရမ္ဘ,အစရှိသော ပဟာတဗ္ဗ အကုသိုလ် တရားတို့ကို။ သင်္ဂဟော၊ ပေါင်းယူ ထည့်သွင်းခြင်းကို။ ကတောတိ၊ အဋ္ဌကထာ ဆရာ ပြုအပ်ပေသည် ဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

မူလပဏ္ဏာသ ဝတ္ထသုတ် စသည်တို့၌၊ အဘိဇ္ဈာဝိသမလောဘ, ဗျာပါဒ, ကောဓ, ဥပနာဟ, မက္ခ, ပဠာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒ, ပမာဒ, ဟူသော ၁၆–ပါးသော ပဟာတဗ္ဗ ဥပက္ကိလေသ တို့ကို ဟောတော်မူ၏။ ထို့ပြင်, တပါးသော သုတ်တို့၌၎င်း, အဘိဓမ္မာ ခုဒ္ဒကဝတ္ထု ဝိဘင်း၌၎င်း, တထောင်မက များလှစွာ သော ပဟာတဗ္ဗ အကုသိုလ်တရားတို့ကို ဟောတော်မူ၏။ ထိုအကုသိုလ်တို့တွင် တရားကိုယ် သီးခြားမရှိသော မက္ခ, ပဠာသ စသည်တို့၌ ဆိုင်ရာဆိုင်ရာ အကုသိုလ်စိတ္တုပ္ပါဒ်ကိုပင် အရကောက်ယူ၍၊ ထိုစိတ္တုပ္ပါဒ်ကို ပယ်သတ်နိုင်သော မဂ်တရားတို့က ပယ်သည်ဟု သိရမည်–ဟူလို။

ထိုတွင် မက္ခ–ဟူသည်မှာ ကျေးဇူးပြုဘူးသော သူအား ကျေးဇူးကန်းလျက် ပြောဆိုသောအခါ၌ သူပြုဘူးသော ကျေးဇူးကို ဖျောက်ဖျက်သော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါမနဿ သဟဂုတ် စိတ္တုပ္ပါဒ်ပေတည်း။ (အတ္ထတော ပန ပရေသံ ဂုဏေ မက္ခနာကာရေန ပဝတ္တော ဒေါမနဿသဟဂတစိတ္တုပ္ပါဒေါတိ ဒဋ္ဌဗ္ဗံ–ဣတိဝုတ် အဋ္ဌကထာ)။ ပဠာသ–ဟူ သည်မှာ သဒ္ဓါ သီလ စသော ဂုဏ်ဖြင့် မိမိထက် ထူးမြတ်သော သူကို ထူးမြတ်မှန်း သိပါလျက်၊ ထိုသူ၏ ဂုဏ်ကို သိမ်ဖျင်း သေးနုတ်သွားအောင် မိမိနှင့်တန်းတူထား၍ ဖက်ပြိုင်ပြောဆိုလိုသော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ပေ တည်း။ မာယာ–ဟူသည်မှာ မိမိ၏ အပြစ်ကို ဖုံးလွှမ်းလိုသော အခြင်းအရာအားဖြင့် ဖြစ်သော လောဘမူစိတ္တုပ္ပါဒ်ပေတည်း။ သာဌေယျ–ဟူသည်မှာ မိမိ၌ထင်ရှားမရှိသော ဂုဏ်ကိုဖေါ်ပြ ဝါကြွားပလွှားလိုသော အခြင်းအရာအားဖြင့်ဖြစ်သော လောဘမူ စိတ္တုပ္ပါဒ် ပေတည်း။ ထမ္ဘ– ဟူသည်မှာ ရိုသေထိုက်သော သူတို့ကို မရိုသေ မညွတ်ကိုင်းနိုင်အောင် ရှိင်းစိုင်းခက်ထန်သော အခြင်းအရာအားဖြင့် ဖြစ်သော မာနသမ္ပယုတ် စိတ္တုပ္ပါဒ်ပေတည်း။ (စိတ္တဿ ထဒ္ဓတာ တထာပဝတ္တစိတ္တမေဝါတိ ဝဒန္တိ၊ မာနဝိသေသော ဝါ ဒဋ္ဌဗ္ဗော–ဤမူလဋီကာနှင့်အညီ, မာနအထူး ဟူ၍လဲ ဆိုသင့်၏)။ သာရမ္ဘ–ဟူသည်မှာ သူများထက် ကျော အောင်သာအောင် ပြုလျက်၊ အနိုင်အသာ ရယူ လွှမ်းမိုး ချုပ်ချယ်လိုသော အခြင်းအရာအားဖြင့် ဖြစ်သော မာန ပြဓာန်းသော ဒိဋ္ဌိဝိပ္ပယုတ် စိတ္တုပ္ပါဒ်ပေတည်း။ ပမာဒ–ဟူသည်မှာ ကာမဂုဏ် ငါးပါး ဒုစ္စရိုက်တရား, တို့၌ စိတ်ဝင်စားလျက်၊ ကုသိုလ် တရားတို့၌ မေ့လျော့သော အခြင်းအရာအားဖြင့် ဖြစ်သော လောဘမူ ဒေါသမူ စိတ္တုပ္ပါဒ်ပေတည်း။

သောတာပတ္တိမဂ္ဂေန မက္ခော ပဠာသော ဣဿာ မစ္ဆရိယံ မာယာ သာဌေယျန္တိ ဣမေ ဆ ပဟီယန္တိ၊ အနာဂါမိမဂ္ဂေန ဗျာပါဒေါ ကောဓော ဥပနာဟော ပမာဒေါတိ ဣမေ စတ္တာရော။ အရဟတ္တမဂ္ဂေန အဘိဇ္ဈာ ဝိသမလောဘော ထမ္ဘော သာရမ္ဘော မာနော အတိမာနော မဒေါတိ ဣမေ ဆ ပဟီယန္တိ။ (မ ဋ္ဌ ၁–၁၇၅)

ဤ မူလပဏ္ဏာသ အဋ္ဌကထာနှင့် အညီ မက္ခ, ပဠာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ, ဟူသော ဤ ဥပက္ကိလေသ ၆–ပါးကို သောတာပတ္တိမဂ်က ပယ်သည်။ ဗျာပါဒ, ကောဓ, ဥပနာဟ, ပမာဒ, ဟူသော ဤ ဥပက္ကိလေသ ၄– ပါးကို အနာဂါမိမဂ်က ပယ်သည်။ အဘိဇ္ဈာဝိသမလောဘ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒ, ဟူသော ဤ ၆–ပါးကို အရဟတ္တမဂ်က ပယ်သည်ဟု မှတ်ရာ၏။ ဤအရာ၌ အနာဂါမိမဂ်, အရဟတ္တမဂ်တို့က ပယ်သည် ဟု ဆိုခြင်းမှာ အကြွင်းမဲ့ ပယ်ခြင်းကိုသာ ရည်၍ ဆိုပေသည်။ သို့ဖြစ်၍ အနာဂါမိမဂ်, အရဟတ္တမဂ်တို့က ပယ်အပ်သော ထိုဥပက္ကိလေသ ၁၀– ပါးတို့၏ အပါယဂမနီယ အဖို့ စသည်တို့ကို အောက်မဂ်များက ပယ်သည် ဟူ၍လဲ မှတ်ရာ၏။

## သောတာပန် စစ်တမ်း
## (ဓမ္မာဒါသသုတ်)

တသ္မာ တိဟာ.နန္ဒ ဓမ္မာဒါသံ နာမ ဓမ္မပရိယာယံ ဒေသေဿာမိ၊ ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝအတ္တာနံ ဗျာကရေယျ "ခီဏနိရယောမှိ ခီဏတိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော ခီဏာပါယဒုဂ္ဂတိဝိနိပါတော၊ သောတာပန္နော ဟ.မသ္မိ အ.ဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနောတိ"။ ကတမော စ သော အာနန္ဒ ဓမ္မာဒါသော ဓမ္မပရိယာယော၊ ဣဓာ.နန္ဒ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စ ပသာဒေန သမန္နာဂတောဟောတိ "ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ"။ ဓမ္မေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ "သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အ.ကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ"။ သံဃေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ "သု.ပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇု.ပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဉာယ.ပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိ.ပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ"။ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ အခဏ္ဍေဟိ အစ္ဆိဒ္ဒေဟိ အ.သဗလေဟိ အ.ကမ္မာသေဟိ ဘုဇိဿေဟိ ဝိညု.ပသတ္ထေဟိ အ.ပရာမဋ္ဌေဟိ သမာဓိသံဝတ္တနိကေဟိ။ အယံ ခေါသော အာနန္ဒ ဓမ္မာဒါသော ဓမ္မပရိယာယော၊ ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ "ခီဏနိရယောမှိ။ပေ။ သမ္ဗောဓိပရာယနောတိ။

## (ဒီ ၂-၇၉၊ သံ ၃-၃၁၁)

အာနန္ဒ၊ အာနန္ဒာ။ တသ္မာ၊ သေဆုံးသွားသောလူ၏ ဂတိ ဉာဏ်ကို မေးလျှောက်နေလျှင်, ငါဘုရားကို ပင်ပန်းစေရာ ရောက်ခြင်းဟူသော ထိုအကြောင်းကြောင့်။ ဓမ္မာဒါသံ နာမ၊ တရားမှန်ပြင် မည်သော။ ဓမ္မပရိယာယံ၊ တရားဒေသနာကို။ ဒေသေဿာမိ၊ ဟောပေအံ့။ ယေန၊ ကြေးမုံ–မှန်ပြင်နှင့်တူသော အကြင်တရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ သာဝကသည်။ အာကင်္ခမာနော၊ အလိုရှိပါမူ။ အတ္တနာ ဧဝ၊ မိမိ ကိုယ်တိုင်ပင်လျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗျာကရေယျ၊ ပြောကြားရာ၏။ ဝါ၊ ပြောကြားနိုင်ပေ၏။ (ကိန္တိ၊ အဘယ်သို့ ပြောကြားနိုင်သနည်း ဟူမူကား)။ အဟံ၊ငါသည်။ ခီဏ–နိရယော အမှိ၊ ကုန်ပြီးသော ငရဲရှိ၏။ ဝါ၊ ငရဲသို့ကျရောက်မှု ကုန်ပြီ။ ခီဏ–တိရစ္ဆာန–ယောနိ၊ တိရစ္ဆာန် ဖြစ်မှုကုန်ပြီ။ ခီဏ–ပေတ္တိ–ဝိသယော၊ ပြိတ္တာ ဖြစ်မှု ကုန်ပြီ။ ခီဏာပါယ–ဒုဂ္ဂတိဝိနိပါတော၊ အပါယ် ဒုဂ္ဂတိသို့ ပျက်စီး၍ ကျစေတတ်သည့် သဘောကုန်ပြီ။ အဟံ၊ ငါသည်။ သောတာပန္နော၊ သောတာပန်သည်။ အသ္မိ၊ ဖြစ်၏။ အ–ဝိနိပါတ–ဓမ္မော၊ အပါယ်သို့ကျစေနိုင်သည့် သဘောမရှိပြီ။ နိယတော၊ အရိယာမဂ်ဖြင့် ဂတိဉာဏ် မြဲ၏။ သမ္ဗောဓိ–ပရာယနော၊ အထက် မဂ်ဉာဏ်များလျှင် အဆုံးသတ် ကိန်းသေ လားရာရှိ၏။ ဣတိ၊ ဤသို့ ပြောကြားနိုင်ပေ၏။ ။အာနန္ဒ၊ အာနန္ဒာ။ ဓမ္မာဒါသော၊ တရားမှန်ပြင် မည်သော။ သော ဓမ္မပရိယာယော၊ ထို တရား ဒေသနာသည်။ ကတမော စ၊ အဘယ်ပါနည်း ဟူမူ။ အာနန္ဒ၊ အာနန္ဒာ။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယာသာဝကသည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ အဝေစ္စ–ပသာဒေန၊ မှန်စွာ သိ၍ ဖြစ်သော ယုံကြည်မှုနှင့်။ ဝါ၊ မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ဟောတိ၊ ဖြစ်၏။ (ကိန္တိ၊ အဘယ်သို့ သက်ဝင်၍ ယုံကြည်သနည်း ဟူမူကား)။ သော ဘဂဝါ၊ ငါတို့၏ ဆရာ ဖြစ်တော်မူသော ထို ဘုရား သခင်သည်။ ဣတိပိ၊ ဤသို့သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန ဂုဏ် အထူးအမြတ်တို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လဲ။ အရဟံ၊ လူမင်း နတ်မင်း ဗြဟ္မာမင်း စသော တလောကလုံး၏ ပူဇော် အထူးကို ခံတော်မူထိုက်ပါပေ၏။ အရဟံ၊ ဝါသနာနှင့်တကွ လောဘဒေါသမောဟအစရှိသော ကိလေသာအညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူပါပေ၏။ သမ္မာသမ္ဗုဒ္ဓေါ၊ ခပ်သိမ်းသော တရားတို့ကို ကိုယ်ပိုင် ဉာဏ်ဖြင့်မှန်ကန်စွာ သိတော်မူပါပေ၏။ ဝိဇ္ဇာ–စရဏ–သမ္ပန္နော၊ မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ရန် အခြေခံ စရဏ သီလ စသော အကျင့်အမျိုးမျိုး, ဝိပဿနာ စသော ဉာဏ်မျက်စိအမျိုးမျိုး, တို့နှင့် လုံးဝကုံလုံ ပြည့်စုံတော်မူပါပေ၏။ သုဂတော၊ မှန်ကန်၍ အကျိုးများသည့် စကားကောင်းကို သာ ပြောဆိုတော် မူတတ်ပါပေ၏။ သုဂတော၊ ကောင်းမွန် တင့်တယ် ကြည်ညိုဘွယ် ဖြစ်သော ကိုယ် နှုတ် စိတ် အမူအရာနှင့် ပြည့်စုံတော်မူပါပေ၏။ လောကဝိဒူ၊ လောက၏ အကြောင်းအရာ အလုံးစုံကို အကုန်အစင် သိမြင်တော်မူပါပေ၏။ အနုတ္တရော၊ အမြင့်အမြတ်ဆုံး ပုဂ္ဂိုလ်ပါပေတည်း။ ပုရိသဒမ္မသာရထိ၊ ဆုံးမထိုက်သော ပုဂ္ဂိုလ်များအား အကျိုးစီးပွါးသို့ ရောက်ရန် အမြန်မောင်းနှင် ပဲ့ပြင်ဆုံးမတော်မူတတ်ပါပေ၏။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ ဆုံးမထိုက်သော ပုဂ္ဂိုလ်များအား အကျိုးစီးပွါးသို့ရောက်အောင် ပို့ဆောင် မောင်းနှင်မှု၌ အတုမရှိ အမြင့်အမြတ်ဆုံးဆရာပါပေတည်း။ ဒေဝမနုဿာနံ သတ္ထာ၊ နတ်လူအများတို့၏ တပါးထည်းသော ဆရာအစစ်ပါပေတည်း။ ဗုဒ္ဓေါ၊ ရှိရှိသမျှ တရားအလုံးစုံကို အကုန် သိတော်မူပါပေ၏။ ဗုဒ္ဓေါ၊ သစ္စာလေးတန် တရားမှန်ကို ကိုယ်တော်တိုင် သိပြီး၍၊ ဝေနေယျ သတ္တဝါတို့အားလဲ ဟောကြားထုတ်ဖော် သိစေတော်မူတတ်ပါပေ၏။ ဘဂဝါ၊ မနှိုင်းယှဉ်မရေတွက်နိုင်သော ဘုန်းတော်ကံတော် ပါရမီတော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။ ဘဂဝါ၊ လူ နတ် ဗြဟ္မာ သတ္တဝါအများ၏ ညွတ်တွားဆည်းကပ် ရှိသေအပ်သည့် ပုဂ္ဂိုလ်မြတ်ကြီးပါပေတည်း။ ဣတိ၊ ဤသို့။ အဝေစ္စ

ပသာဒေန၊ မှန်စွာ သိ၍ ဖြစ်သော ယုံကြည်မှုနှင့်။ ဝါ၊ မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သောသဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ။(ဤဘုရား ဂုဏ်၌ ယုံကြည်မှု ကြည်ညိုမှုလဲ တရားမှန်ပြင်၏ အင်္ဂါတခုပေတည်း)။

ဓမ္မေ၊ တရားတော်မြတ်၌။ အဝေစ္စပသာဒေန၊ မှန်စွာ သိ၍ဖြစ်သော ယုံကြည်မှုနှင့်။ ဝါ၊ မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ (ကိန္တိ၊ အဘယ်သို့ သက်ဝင်၍ ယုံကြည်သနည်း ဟူမူကား)။ ဘဂဝတာ၊ မြတ်စွာဘုရား သခင်သည်။ အက္ခာတော၊ ဟောကြားအပ်သော။ ဓမ္မော၊ မဂ်, ဖိုလ်, နိဗ္ဗာန်, ဒေသနာ, တရားတော်မြတ်သည်။ သွာက္ခာတော၊ ကောင်းမွန် မှန်ကန်စွာ ဟောကြားအပ်သော တရားတော်မြတ်ပါပေတည်း။ သန္ဒိဋ္ဌိကော၊ ကျင့်မှတ် အားထုတ်လျှင် အဟုတ် ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတည်း။ အ.ကာလိကော၊ အချိန် အခွင်, မဆိုင်းလင့်ဘဲ, အသင့် လက်ငင်း, ချက်ခြင်းအကျိုးပေးတတ်သော တရားတော်မြတ်ပါပေတည်း။ ဧဟိပဿိ ကော၊ လာပါ, ကျင့်ကြည့်စမ်းပါ,ဟု တိုက်တွန်းထိုက်သည့် တရားတော်မြတ်ပါပေတည်း။ ဩပနေယျိကော၊ ကိုယ်ထဲ စိတ်ထဲ၌ စွဲမြဲ ဝင်ရောက်အောင် ကျင့်ဆောင်ထိုက်သည့် တရားတော်မြတ်ပါပေတည်း။ ဝိညူဟိ၊ တရားမြင်သိ, အရိယာ ပညာရှိတို့သည်။ ပစ္စတ္တံ၊ အသီး အသီးသော မိမိသန္တာန်၌။ ဝေဒိတဗ္ဗော၊ သိမြင် ခံစားအပ်သော တရားမြတ်ပါပေတည်း။ ဣတိ၊ ဤသို့။ အဝေစ္စပသာဒေန၊ မှန်စွာသိ၍ဖြစ်သော ယုံကြည်မှုနှင့်။ ဝါ၊ မတုန်မလှုပ်သက်ဝင်၍ ယုံကြည်သော သဒ္ဓါ တရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ။(ဤတရား ဂုဏ်၌ ယုံကြည်မှု ကြည်ညိုမှုလဲ တရားမှန်ပြင်၏ အင်္ဂါ တခုပေတည်း)။

သံဃေ၊ သံဃာတော်၌၊ အဝေစ္စပသာဒေန၊ မှန်စွာ သိ၍ ဖြစ်သော ယုံကြည်မှုနှင့်။ ဝါ၊ မတုန်မလှုပ်သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်၊ ဟောတိ၊ ဖြစ်၏။ (ကိန္တိ၊ အဘယ်သို့ သက်ဝင်၍ ယုံကြည် သနည်းဟူမူကား)။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားအစစ်ဖြစ်သော သံဃာတော်သည်။ သု.ပ္ပဋိ ပန္နော၊ လောဘ ဒေါသ မောဟ ကင်းကြောင်းကောင်းမွန်စွာ ကျင့်တော်မူပါပေ၏။ (အင်္ဂုတ္တရ ပါဠိတော်နှင့်အညီ ပြန်ဆိုသော အနက်ပေတည်း)။ ဥဇုပ္ပဋိပန္နော၊ ကိုယ် နှုတ် စိတ်ထား, အကောက်သုံးပါး ကင်းအောင် ဖြောင့်စင်းစွာ ကျင့်တော် မူပါပေ၏။ ဉာယပ္ပဋိပန္နော၊ သိထိုက်လှစွာ နိဗ္ဗာန်အလို့ငှါသာလျှင် ကျင့်တော်မူပါပေ၏။ ဉာယ.ပ္ပဋိပန္နော၊ ဆင်းရဲငြိမ်းရန်, လျော်ကန် သင့်တင့်, မဂ္ဂင်အကျင့်ကို ဖြည့်ကျင့်တော်မူပါပေ၏။ သာမိစိ.ပ္ပဋိပန္နော၊ သူများက ပြု၊ ရှိသေမှုနှင့် ထိုက်သင့်လျော်စွာ, ကျင့် တော်မူပါပေ၏။ သာမိစိ.ပ္ပဋိပန္နော၊ လောကုတ်ကိုးရပ်, တရားမြတ်နှင့်, လျောက်ပတ်သင့်တင့်, မဂ္ဂင်အကျင့်ကို ဖြည့်ကျင့် တော်မူပါပေ၏။ ယဒိဒံ-ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ မဂ္ဂဋ္ဌာန်နှင့် ဖလဋ္ဌာန် အစုံအစုံ တွဲသောအားဖြင့် အကြင် လေးပါးသော ပုဂ္ဂိုလ်အစုံတို့သည်။ အဋ္ဌ ပုရိသပုဂ္ဂလာ၊ အသီးအသီးအားဖြင့် ရှစ်ပါးသော အရိယာ ပုဂ္ဂိုလ်မြတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားအစစ် အရိယာ သံဃာတော် ဖြစ်သော။ ဧသ၊ အစုံအားဖြင့် လေစုံ, အသီးအသီးအားဖြင့် ရှစ်ပါး, အရေအတွက် ရှိသော ဤသံဃာတော်သည်။ အာဟုနေယျော၊ အရပ် ဝေးမှဆောင်ယူ၍ ပေးလှူသည်ကိုသော်လဲ ခံယူတော်မူထိုက်ပါပေ၏။ အာဟုနေယျော၊ ပင့်ဖိတ်၍သော်လဲ ပူဇော်လှူဒါန်းထိုက် ပါပေ၏။ (အာမန္တေတွာ ဟဝနံ ဒါဟနံ အာဟုနံ-မဟာဋီကာ)။ ။ပါဟုနေယျော၊ ချစ်ခင်လေးစား, ဧည့်သည်များဘို့,သီးခြား ရည်ရွယ်, စားသုံးဘွယ်ကိုသော်လဲ ပူဇော် လှူထိုက်ခံယူတော်မူထိုက်ပါပေ၏။ ပါဟုနေယျော၊ လက်ဦးဆောင်ကာ, ရှိသေစွာ ဖြင့်, သဒ္ဓါကြည်ဖြူ, ပေးလှူ ပူဇော်ထိုက်ပါပေ၏။ ဒက္ခိဏေယျော၊ ချမ်းသာ တိုးပွါး, အကျိုးများရန်, ရည်သန် ဆက်ကပ် သည့် မြင့်မြတ်သော အလှူကို ခံယူတော်မူထိုက်ပါပေ၏။ အဉ္ဇလိကရဏီယော၊ ကောင်းကျိုးမျှော်ကာ, လက်နှစ်ဖြာကို, ထိပ်မှာ ချီမိုး၍, ရှိခိုးကန်တော့ထိုက်ပါပေ၏။ လောကဿ၊ ကောင်းကျိုး လိုလားသော သတ္တဝါအများ၏။ အနုတ္တရံ ပုညက္ခေတ္တံ၊ ကောင်းမှုမျိုးတို့၏ စိုက်ပျိုးကြီးပွါး, အသီးများရာ, လယ်ယာမြေ အကောင်းဆုံးပါပေတည်း။ ဣတိ၊ ဤသို့။အဝေစ္စပသာဒေန၊ မှန်စွာသိ၍ဖြစ်သော ယုံကြည်မှုနှင့်။ ဝါ၊ မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံ သည်။ ဟောတိ၊ ဖြစ်၏။ (ဤ သံဃာ့ဂုဏ်၌ ယုံကြည်မှု ကြည်ညိုမှုလဲ တရားမှန်ပြင်၏ အင်္ဂါတခုပေတည်း)။

အရိယ ကန္တေ ဟိ၊ အရိယာတို့သည် ဘဝတပါး၌သော်လဲ မလွန်ကျူးရက်အောင် နှစ်သက် မြတ်နိုးအပ်ကုန်သော။ သီလေဟိ၊ ငါးပါးသော သီလတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ (ကီဒိသေဟိ၊ အဘယ်သို့သော သီလတို့နှင့် ပြည့်စုံသနည်း ဟူမူကား)။ အခဏ္ဍေဟိ၊ အစ, အဆုံး, သိက္ခာပုဒ်တို့ မပျက်သဖြင့် မကျိုးကုန်သော။ အစ္ဆိဒ္ဒေဟိ၊ အလယ်က သိက္ခာပုဒ် တခုခုမျှမပျက်သဖြင့် မပေါက်ကုန်သော။ အ.သဗလေဟိ၊ သိက္ခာပုဒ် နှစ်ခုသုံးခု တစပ်ထည်းမပျက် သဖြင့် မကြောင် မကျားကုန်သော။ အကမ္မာသေဟိ၊ သိက္ခာပုဒ် တခုခြား မပျက်သဖြင့် အပြောက် အကွက် အစွန်း အစက် မရှိကုန်သော။ ဘုဇိဿေဟိ၊ တဏှာ၏ ကျွန်အဖြစ်မှ လွတ်သဖြင့် တော်လှန်လွတ်လပ်ကုန်သော။ (လောကီချမ်းသာ အတွက် တောင့်တ၍ စောင့်ရှောက်သော သီလမဟုတ်ဟု ဆိုလို၏။) ဝိညုပသတ္ထေဟိ၊ ဘုရား အစရှိသော ပညာရှိတို့ ချီးမွမ်းထိုက် ကုန်သော။ အပရာမဋ္ဌေဟိ၊ ဒိဋ္ဌိဟူသော ပရာမာသတရားက ငါကောင်, ငါ့သီလ, ဟု မှားယွင်းစွာမသုံးသပ် မစွဲလမ်းအပ်ကုန် သော။ သမာဓိသံဝတ္တနိကေဟိ၊ ဥပစာသမာဓိ, အပ္ပနာ သမာဓိ, ခဏိက ဝိပဿနာ သမာဓိ, မဂ် သမာဓိ, ဖိုလ် သမာဓိ, ကို ဖြစ်စေနိုင်ကုန်သော။ သီလေဟိ၊ ထက်ဝန်းကျင် စင်ကြယ်သော ငါးပါးသီလတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်၊ ဟောတိ၊ ဖြစ်၏။ ။(ဤသီလလဲ တရားမှန်ပြင်၏ အင်္ဂါ တခုပေတည်း)။

အာနန္ဒ၊ အာနန္ဒာ။ ဓမ္မာဒါသော၊ တရား မှန်ပြင် မည်သော။ သောဓမ္မပရိယာယော၊ ဟောကြားရန် ဝန်ခံခဲ့သော ထိုတရားဒေသနာသည်။ အယံ ခေါ၊ ဤ သဒ္ဓါ သုံးပါးနှင့် သီလ တရားပင်တည်း။ ။(ဋီကာ၌ အရိယာမဂ်ဉာဏ်, မဂ်တရား, တို့ကို ဓမ္မာဒါသဟု အရကောက်ပြ၏၊ အကြောင်းရင်းကို ဖွင့်ပြခြင်းမျှသာဟု ယူရာ၏။ အရိယာသည်ကား၊ ထိုအကြောင်းရင်း ဓမ္မာဒါသ အဓိဂမသဒ္ဓါ, သီလ, တို့၏အစွမ်းကြောင့်ဖြစ်သော အကျိုး သဒ္ဓါ, သီလ,တို့၏ ခိုင်မြဲပုံ စင်ကြယ်ပုံကို သာလျှင် ဆင်ခြင်၍ ထင်ရှားသိနိုင် ဆုံးဖြတ်နိုင်ပေသည်။ ထို့ကြောင့် အကျိုးသဒ္ဓါ, သီလ, တို့ကိုသာယူ၍ ဤ၌ အနက် ပြန်ပေသည်)။ ။ ယေန၊ အကြင် ခိုင်မြဲသော သဒ္ဓါ, စင်ကြယ်သောသီလ, နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာသာဝကသည်။ အာကင်္ခမာနော၊ အလိုရှိပါမူ။ အတ္တနာ ဧဝ၊ မိမိကိုယ်တိုင်ပင်လျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗျာကရေယျ၊ ပြောကြားနိုင်ပေ၏။ (ကိန္တိ၊ အဘယ်သို့ပြောကြားနိုင်သနည်း ဟူမူကား)။ အဟံ၊ ငါသည်။ ခီဏနိရယော အမှီ၊ ကုန်ပြီးသော ငရဲ ရှိ၏။ ဝါ၊ ငရဲသို့ ကျရောက်မှု ကုန်ပြီ။ပေ။ သမ္ဗောဓိပရာယနော၊ အထက် မဂ်ဉာဏ်များလျှင် အဆုံးသတ် ကိန်းသေလားရာ ရှိ၏။ ဣတိ၊ ဤသို့။ ဗျာကရေယျ၊ ပြောကြားနိုင်ပေ၏။

ဤ ဓမ္မာဒါသသုတ်နှင့် အညီ, အကြောင်း ဓမ္မာဒါသ အဓိဂမ၏ အစွမ်းကြောင့် ခိုင်မြဲ စင်ကြယ်စွာ ဖြစ်သော အကျိုး ဓမ္မာဒါသ တရားလေးပါးလုံး မိမိ၌ ပြည့်စုံသည်ကို အဖန်ဖန် စူးစမ်း ကြည့်ရှု ပြီးလျှင်, လူဝတ်ကြောင် ဖြစ်သော သောတာပန် ပုဂ္ဂိုလ်သည် သဘာဂ ပုဂ္ဂိုလ်များအား ပြောကြားလိုပါက၊ မိမိကိုယ်တိုင်ပင် သောတာပန် အဖြစ်ကို ဆုံးဖြတ် ပြောကြားရာ၏။ သူတပါး အထံ၌ အဆုံးအဖြတ် ခံနေရန်လဲ မလိုပြီ။ ဘုရားမှ တပါးသော ပုဂ္ဂိုလ် တစုံတယောက်ကလဲ ဆုံးဖြတ်ပြောကြားရန် အခွင့်မရှိပြီ။ သို့ရာတွင် ဆရာဖြစ်သူတို့မှာမူကား၊ ဝိပဿနာဉာဏ်များနှင့် မဂ်, ဖိုလ်, ပစ္စဝေက္ခဏာ, ဉာဏ်တို့၏ ဖြစ်ပုံများကို၎င်း၊ ဤ ဓမ္မာဒါသသုတ် စသော ဆိုင်ရာသုတ် ဒေသနာများကို၎င်း၊ တပည့် ယောဂီအား ဟောပြရန် တာဝန် ရှိပေသေး၏။ အဘယ်ကြောင့် ဟောပြရသနည်းဟူမူ...သာမန် သာဝကမျှဖြစ်သော အရိယာပုဂ္ဂိုလ်သည်၊ မိမိ၌ ဖြစ်ပေါ်သော ဉာဏ်တို့၏ အမည်ပညတ်များကို၎င်း၊ ပြည့်စုံသည့် ဂုဏ်ထူး အရေအတွက်များကို၎င်း၊ ကင်းငြိမ်းပြီး, မကင်းငြိမ်းသေးသော ကိလေသာတို့၏ အပိုင်းအခြားကို၎င်း၊ မနာမကြားရဘဲ ကိုယ်ပိုင်ဉာဏ်သက်သက်ဖြင့် ပြည့်စုံစွာ မသိနိုင်ရာသောကြောင့် ဟောပြရပေသည်။ ထိုတွင်၊ ဉာဏ်တို့၏ အမည် ပညတ်ကို မသိနိုင်ရာ၌ "မသွားဘူးသေးသော ခရီးကို သွားသော သူသည်၊ တွေ့ရသော ရွာများ၏ အခြေအနေကို သေချာစွာ သိရသော်လဲ, ထိုရွာများ၏ အမည်ကိုကား၊ မကြားရဘဲ အလိုလို မသိနိုင်သကဲ့သို့ပင်" မှတ်အပ်၏။ ပြည့်စုံသောဂုဏ်ထူးများကို စုံလင်စွာမသိရာ၌၊ အနာထပိဏ်သူဌေးကြီးစသော အရိယာတို့အား ဂုဏ်ထူးများကို စုံလင်စွာ သိစေရန်၊ သောတာပတ္တိယင်္ဂ စသော တရားများကို ဟောကြားတော်မူပေသည်။ နာကြားပြီးသော အခါ၌၊ ထိုဂုဏ်ထူးများနှင့် မိမိမှာ ပြည့်စုံနေကြောင်းကိုလဲ၊ ထိုအရိယာတို့က ဝန်ခံပြောဆိုကြ၏။ ထိုအခါမှာ အရှင်သာရိပုတြာ စသော မထေရ်များက "ဒါယကာ သင်သည် သောတာပတ္တိဖိုလ်ကို ပြောကြားအပ်ပေ၏" စသည်ဖြင့်ချီးမွမ်းတော်မူကြ၏။ သောတာပန်,သကဒါဂါမ်, အနာဂါမ်, တို့၊ အပါယ် ၄-ပါးမှ လွတ်ကြောင်းကို ဘုရားရှင်က ဟောတော်မူမှ သိကြရ၏၊ နောက်၌ သာဓကကို ပြအံ့။ ဤသို့ ဟောပြရသည်ကို ထောက်၍၊ သာမန် သာဝကသည် အရိယာ၏ ဂုဏ်ထူးများကို မိမိအလိုလို စုံလင်စွာ မသိနိုင်ဟု မှတ်သားအပ်၏။ ကင်းငြိမ်းပြီး, မကင်းငြိမ်းသေး, သောကိလေသာတို့၏ အပိုင်းအခြားကို မသိနိုင်သည်မှာကား ပြခဲ့ပြီးသော ပါဠိ အဋ္ဌကထာတို့ဖြင့် ထင်ရှားလေပြီ။ သို့ဖြစ်၍, ဉာဏ်စဉ် အမည်စသည်တို့ကို ဆရာတို့က အားထုတ်ပြီးသော တပည့် ယောဂီအား ဟောပြကုန်ရာ၏။ ရဟန်းတော် ဖြစ်သော အရိယာသည်ကား ဘူတာရောစန သိက္ခာပုဒ်နှင့် မဆန့်ကျင်ရာ၌ သာလျှင် မိမိ၏ အရိယာ အဖြစ်ကို ပြောကြားနိုင်ပေသည်။

အရိယာ၏ သဒ္ဓါ ခိုင်မြဲပုံ ... အရိယာတို့၏ ယုံကြည်မှု ကြည်ညိုမှုသဒ္ဓါသည် ဖြားယောင်း၍ ဖျက်သော်လဲ မပျက်၊ ခြိမ်းခြောက်၍ ဖျက်သော်လဲ မပျက်၊ လိမ်လှည့်၍ ဖျက်သော်လဲ မပျက်။ ထိုတွင် ဖြားယောင်း၍ မဖျက်နိုင်သည်ကို သုပ္ပဗုဒ္ဓ၏ ဝတ္ထုဖြင့် သိအပ်၏။

## သုပ္ပဗုဒ္ဓဝတ္ထု

သုပ္ပဗုဒ္ဓသည် တကိုယ်လုံး၌ နူနာ နှိပ်စက်သောကြောင့် မပြတ် အော်ဟစ် ညည်းတွား နေရ၏၊ ခိုကိုးရာ မရှိပေ၊ သူငယ်ဘဝမှ စ၍ ခွက် လက်စွဲကာ၊ တကိုယ်ထည်း တောင်းရမ်း စားသောက် နေရ၏၊ အလွန် ဆင်းရဲသော သူပေတည်း။ သူသည် တနေ့သ၌ မြတ်စွာဘုရားတရား ဟောနေစဉ်မှာ၊ ပရိသတ်အစွန်၌နေ၍တရားနာ၏၊ တရားနာစဉ် သောတာပန်ဖြစ်၍ မိမိရသောတရားထူးကို ဘုရားအားလျှောက်ထားရန်ကြံ၏။ ပရိသတ်များရှိစဉ်မှာ မလျှောက်ဝံ့၍၊ ပရိသတ်များနှင့် အတူရောနှောကာ အတန်ငယ် ပြန်လိုက်သွားပြီးမှ ဘုရားထံသို့ ပြန်လာခဲ့၏။ ထိုအခိုက်၌ သိကြားမင်းသည် စုံစမ်းလို၍ ကောင်းကင်မှာ ရပ်တည်လျက် ဤသို့ပြော၏၊ အို သုပ္ပဗုဒ္ဓ! သင်ဟာ အလွန် ဆင်းရဲနွမ်းပါးတဲ့လူ ဖြစ်တယ်၊ ခိုကိုးရာ မဲ့တဲ့ လူ ဖြစ်တယ်၊ အလွန်ယုတ်ညံ့တဲ့ လူ ဖြစ်တယ်၊ သင်အား မနိုင်းယှဉ်နိုင်အောင် များစွာသော စည်းစိမ်ဥစ္စာကို ငါ ပေးကမ်းမစမည်၊ "ဘုရားသည် ဘုရားစစ်မဟုတ်၊ တရားသည် တရားစစ်မဟုတ်၊ သံဃာသည် သံဃာစစ် မဟုတ်၊ ငါသည် ဘုရား တရား သံဃာကို အလိုမရှိ"ဟု ဤစကားကို ဆိုပါလောဟု သိကြားမင်းကပြော၏။ သင်ဘယ်သူလဲဟု သုပ္ပဗုဒ္ဓကမေး၏။ ငါ သိကြားမင်းပါဟု ဖြေဆို၏။ အို မိုက်ကန်း၍ အရှက်မဲ့တဲ့ သိကြားမင်း မပြောသင့်တဲ့ စကားကို သင်ပြောရက်ပေတယ်၊ သင်ဟာ ငါနှင့်စကားပြောရန်ပင် မထိုက်တန်ပါ၊ ပြီးတော့လဲ ငါ့ကို လူဆင်းရဲ လူမွဲခိုကိုးရာမဲ့သူ ဟု သင် အဘယ်ကြောင့်ဆိုပါသနည်း၊ ငါသည် မြတ်စွာဘုရား၏ သားတော်စစ် ဖြစ်သည် မဟုတ်ပါလော! သူဆင်းရဲ လူမွဲ ခိုကိုးရာမဲ့သူ မဟုတ်ပါ၊ အမှန်အားဖြင့် ဆိုလျှင် ငါသည် အကောင်းအမြတ်ဆုံး ချမ်းသာဖြင့် ကောင်းစား ချမ်းသာ သူ, ကြွယ်ဝပေါများသူ ဖြစ်ပါသည် ဟု ဆို၍ အောက်ပါ ဂါထာတို့ကို ရွတ်ဆိုသတဲ့။

> သဒ္ဓါဓနံ သီလဓနံ၊ ဟိရီ ဩတ္တပ္ပိယံ ဓနံ။
> သုတဓနဉ္စ စာဂေါ စ၊ ပညာ ဝေ သတ္တမံ ဓနံ။
> ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
> အ.ဒလိဒ္ဒေါတိ တံ အာဟု၊ အ.မောဃံ တဿ ဇီဝိတံ။

သဒ္ဓါဓနံ၊ သဒ္ဓါ တည်းဟူသော ဥစ္စာရှင်း။ သီလဓနံ၊ သီလတည်းဟူသော ဥစ္စာရှင်း။ ဟိရီဓနံ၊ ဟိရီ တည်းဟူသော ဥစ္စာရှင်း။ ဩတ္တပ္ပိ ယံ ဓနံ၊ ဩတ္တပ္ပ တည်းဟူသော ဥစ္စာရှင်း။ သုတဓနဉ္စ၊ သုတ တည်းဟူသော ဥစ္စာရှင်း။ စာဂေါစ၊ စွန့်ကြဲခြင်းဟူသော ဥစ္စာရှင်း။ (ပဌမမဂ်ဖြင့်၊ သူ၏ ဆိုင်ရာ ကိလေသာ အဘိသင်္ခါရတို့ကို ပယ်စွန့်ခြင်းသည် စာဂ မည်၏။ ဤစာဂကြောင့်၊ အရိယာတို့မှာ၊ လှူဘွယ်တို့ကို ပေးလှူသောအခါ၌မုတ္တစာဂ ဖြစ်နိုင်ပေသည်၊ မဂ်ဖြင့်ပြီးသော ဤ အဓိဂ မစာဂသည် အရိယာတိုင်း၌ ပြည့်စုံ၏။ သုပ္ပဗုဒ္ဓမှာလဲ ပြည့်စုံပေ၏။ အဋ္ဌကထာအဖွင့်ပင်တည်း)။ ဝေ၊စင်စစ်။ ပညာ၊ ပညာ တည်းဟူသော။ သတ္တမံ ဓနံ၊ ခုနစ်ခုမြောက် ဥစ္စာရှင်း။ ဧတေ ဓနာ၊ ဤခုနစ်ပါးသော ဥစ္စာတို့သည်။ ယဿာ ဣတ္ထိယာဝါ၊ အကြင် မိန်းမ၏ သန္တာန်၌ရှင်း။ ယဿ ပုရိသဿ ဝါ၊ အကြင် ယောကျ်ား၏ သန္တာန်၌ရှင်း။ အတ္ထိ၊ ရှိကုန်၏။ တံ၊ ထိုမိန်းမ ထိုယောကျ်ားကို။ အ.ဒလိဒ္ဒေါတိ၊ လူဆင်းရဲ မဟုတ်, လူချမ်းသာ ဟူ၍။ အာဟု၊ ဘုရား စသော သူတော်ကောင်းတို့က မိန့်ဆိုကုန်၏။ တဿ၊ ထိုသို့သော ပုဂ္ဂိုလ်၏ ဇီဝိတံ၊ အသက်ရှင်ခြင်းကို။ အ.မောဃံ၊ အချည်းနှီး မဟုတ်, အကျိုးများသော အသက်ရှင်းခြင်းဟူ၍။ အာဟု၊ မိန့်ဆိုကုန်၏။

ထိုအခါ, သိကြားမင်းသည် ဘုရားထံသို့ ရှေးဦးစွာ သွား၍ ထိုအကြောင်းကို လျှောက်၏။ "ဘုရား တရား သံဃာ မဟုတ်ဟုပြောဆိုစေရန် သုဗ္ဗဗုဒ္ဓကို သင်သို့သောသူ တရာ, တထောင်သော်လဲ မဖြားယောင်းနိုင်"ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။ သုပ္ပဗုဒ္ဓသည်လည်းဘုရားထံသို့သွား၍ ထိုအကြောင်းအလုံးစုံကို လျှောက်ထားပြီး၍ ပြန်လာသောအခါမှာ ရန်ငြိုးရှိသော ဘီလူးမက နွားမယောင် ဖန်ဆင်း၍ ဝှေ့သတ်သောကြောင့် သေရှာလေလျှင်၊ တရားနာစဉ်မှာ စ၍ဖြစ်ပွါးခဲ့သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့၏ အစွမ်းကြောင့် တာဝတိံသာ၌ တန်ခိုးကြီးမားသော နတ်သားကြီး ဖြစ်လေ၏။ လူ့ပြည်တုန်းက အလွန် အောက်တန်းကျသူ ဖြစ်ခဲ့သော်လဲ အရိယာမဂ်၏အစွမ်းကြောင့် အချို့ နတ်များထက် တန်ခိုးကြီးလျက် ရှိလေ၏၊ ထိုကြောင့် အချို့နတ်များက မနာလို၍ စောင်းမြောင်းငြူစူကြ၏၊ ထိုစကားကိုကြားရ၍၊ သိကြားမင်းက... "အချင်းနတ်များတို့ ! ဤ သုပ္ပဗုဒ္ဓ နတ်သားကို မနာလိုဝန်တိုခြင်း မရှိကြကုန်လင့်၊ သူသည် လူ့ဘဝက မြတ်စွာဘုရား၏ သာသနာတော်မှာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့ကို ဆောက်တည် ဆည်းပူးခဲ့သည့်အတွက် ယခုလို တန်ခိုးကြီးမားပေသည်" ဤသို့ စသည်ဖြင့် ဆုံးမပြောဟောလေ၏။ အရိယာမဂ်၏ တန်ခိုးသည် အလွန်ပင် အားကောင်းပါပေစွ !။ ဤဝတ္ထုသည် ဥဒါန်း ပါဠိ အဋ္ဌကထာ, ဓမ္မပဒ အဋ္ဌကထာနှင့် သက္ကသံယုတ် ပါဠိတို့၌ လာ၏။ ဤဝတ္ထု၌ ပြဆိုထားသည်နှင့်အညီ, ဘုရား တရား သံဃာအစစ်တို့ကို "မဟုတ်ဟူ၍၎င်း, မရှိဟူ၍၎င်း" ပြောဆိုစေရန်, စွန့်လွှတ်စေရန်, လောကီ ဂုဏ်သိရ် စည်းစိမ် ဥစ္စာတို့ဖြင့် ဘယ်လိုပင် ဖြားယောင်းသော်လဲ အရိယာအစစ် ဖြစ်သော သူသည် ထိုသို့သော စကားကို မပြောဆိုနိုင် သည်သာ ဖြစ်ရာ၏၊ ဘုရား တရား သံဃာအစစ်တို့ကို မစွန့်နိုင်သည်သာ ဖြစ်ရာ၏။ မိမိ အလိုလို စဉ်းစား ဆင်ခြင်ကြည့်လျှင်လဲ ဘယ်လို စည်းစိမ် ဂုဏ်သိရ်နှင့်မျှ မလဲနိုင်ဘဲ ရတနာသုံးပါး အပေါ်၌ ယုံကြည်မှု ကြည်ညိုမှု ခိုင်မြဲနေသည်ကိုသာ တွေ့လေရာ၏။

# ဓနဉ္စာနီဝတ္ထု

ခြိမ်းချောက်၍ မဖျက်နိုင်သည်ကို ဓနဉ္စာနီ မည်သော ပုံဏ္ဏေးမ၏ဝတ္ထုဖြင့် သိအပ်၏။ တနေ့သ၌ ခင်ပွန်းသည် ဖြစ်သော ဘာရဒွါဇပုံဏ္ဏားက ဓနဉ္စာနီအား ဤသို့ပြော၏၊ ရှင်မရေ! နက်ဖြန်ခါ ငါတို့အိမ်မှာ ပုံဏ္ဏားငါးရာကို ထမင်းကျွေးဘို့ ဖိတ်ထားတယ်၊ မင်းကလဲရပ်ရင်း ဖြစ်စေ, ထိုင်ရင်း ဖြစ်စေ, ချေ၍ ဖြစ်စေ, ချောင်းဆိုး၍ ဖြစ်စေ, နေရာတကာမှာ 'နမော ဗုဒ္ဓဿ'ဟု ဆိုဆိုပြီး ဦးပြည့်ရဟန်းကို ရှိခိုး ရှိခိုး နေတာဘဲ၊ နက်ဖြန် တရက်တော့ တောင်းပန်ပါရစေကွယ်၊ ဧည့်သည်တော် ပုံဏ္ဏား ဆရာများ စားပွဲထိုင် နေတုန်းမှာ အဲသည်လိုဆိုပြီး ရှိမခိုးမိအောင် စောင့်စည်းစေချင်ပါတယ်။ ရှိခိုးတာကို သူတို့က မြင်ကြားသွားလျှင်၊ ငါ့ အပေါ်မှာ အထင်လွဲပြီး သဘောကွဲကုန်ပါလိမ့်မယ် ဟု ပြော၏။ အို!ရှင်ဟာ ပုံဏ္ဏားတွေနဲ့ ကွဲပြားလဲ ကျမမတတ်နိုင်ဘူး၊ နတ်တွေနဲ့ ကွဲပြားလဲ မတတ်နိုင်ဘူး။ ဘုရားကို သတိရလျှင်တော့၊ ကျမက ရှိမခိုးဘဲတော့ မနေနိုင်ဘူးဟု ဓနဉ္စာနီက ငြင်းပယ် ပြော၏။ ရှင်မရေ! စဉ်းစားပါဦးကွယ်၊ ရွာတံခါးကိုတောင်မှ ပိတ်ထားလို့ ဖြစ်သေးတာဘဲ၊ ပုံဏ္ဏားတွေ စားပွဲထိုင် နေတုန်းတခဏကလေး အတွင်းမှာ လက်နှစ်သစ်လောက်ရှိတဲ့ ပစပ်ပေါက်ကလေးကို ပိတ်ထားဘို့ မခက်ပါဘူး ကွယ်၊ ဖြစ်နိုင်ပါတယ် ဟု ဤသို့သော နည်းဖြင့် အဖန်ဖန် ပြောဆို တားမြစ်သော်လဲ၊ မတားမြင်နိုင်ဘဲရှိလေ၏။ ထိုအခါ, ဘာရဒွါဇသည် သံလျက် ထားလွယ်ကြီးကို ကိုင်၍ "ဟေ့ရှင်မ! သည်မှာ ကြည့်စမ်း၊ နက်ဖြန်ခါ ပုံဏ္ဏားတွေ စားပွဲထိုင် နေစဉ်မှာ ဦးပြည်း ရဟန်းကို ရှိခိုးလျှင်၊ နင့် ကိုယ်ကို ဤထားဖြင့် ခြေဖျားမှ စ၍ ဆံဖျားတိုင်အောင်၊ မှျစ်လိုပင် အပိုင်း အပိုင်း ဖြစ်အောင် ခုတ်ဖြတ် ပစ်မည်"ဟု ခြိမ်းချောက် ပြောဆို၏။ ထိုအခါ, ဓနဉ္စာနီက–

> သစေ မေ အင်္ဂမင်္ဂါနိ၊ ကာမံ ဆေဇ္ဇသိ ဗြာဟ္မဏ။
> နေဝါဟံ ဝိရမိဿာမိ၊ ဗုဒ္ဓသေဋ္ဌဿ သာသနာ။

ဗြာဟ္မဏ၊ အို ပုံဏ္ဏား။ တွံ၊ သင်သည်။ မေ၊ ငါ၏။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။ ကာမံ၊ အလိုရှိတိုင်း။ သစေ ဆေဇ္ဇသိ၊ အကယ်၍ ခုတ်ဖြတ်စေကာမူ။ အဟံ၊ ငါသည်။ ဗုဒ္ဓသေဋ္ဌဿ၊ ဘုရားမြတ်၏။ သာသနာ၊ အဆုံးအမ သာသနာ တော်မှ။ နေဝ ဝိရမိဿာမိ၊ ရှောင်ကြဉ်မည် မဟုတ်သည် သာတည်း။

ဤသို့စသော ဂါထာငါးရာတို့ကို ဆိုလျက် ကန့်ကွက် ငြင်းပယ်နေသတဲ့။ ထိုအခါမှာ ဘာရဒွါဇက "ကဲ ဒါဖြင့် မင်း သဘောအတိုင်းဘဲ"ဆို၍ အလျှော့ပေးလိုက်ရသတဲ့။ နောက်နေ့၌ ဧည့်သည်ပုံဏ္ဏားတို့အား စားပွဲခင်းကျင်း၍ ကျွေးမွေးနေစဉ် မှာ ဓနဉ္စာနီသည် ခလုတ်တိုက်မိ၍ ချော်လဲသွားရှာလေ၏၊ တိုက်ခိုက်မိသော ဒဏ်ရာကြောင့် နာကျင်မှု ဒုက္ခဝေဒနာ ဖြစ်ပေါ် လာသော အခါ၌ ဓနဉ္စာနီသည် မြတ်စွာဘုရားကို သတိရ၍ ဦးခေါင်းထက်၌ လက်အုပ်ချီကာ ဘုရား ရှိတော်မူရာ ဝေဠုဝန် ကျောင်းတော်ဆီသို့ ညွတ်တွားလျက်၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿဟုသုံးကြိမ်တိုင်တိုင် ဥဒါန်း ကျူးဆိုလျက် ကန်တော့မိလေ၏။ ထိုအခါမှာ ဧည့်သည်ပုံဏ္ဏားတို့သည်၊ "အယူဇာတ်ကွဲပြားသော သူ၏ထမင်းကိုငါတို့ မစား လို"ဟု ပြောဆိုစိတ်ဆိုးလျက် ထ၍သွားလေကုန်၏။ ဘာရဒွါဇ ပုံဏ္ဏားလဲ အမျက်ဒေါသ ချောင်းချောင်း ထလျက် ပုံဏ္ဏေးမကို အမျိုးမျိုး ဆဲဆိုပြီးလျှင်၊ မကျေနပ်သေးသောကြောင့် "သူ့ ဆရာဘုရားကို မေးခွန်း မေးမြန်း၍ ဝါဒ တင်မည်"ဟု ကြံစည်ကာ ဘုရားထံသို့ သွား၍ မေးလေ၏။ မြတ်စွာဘုရားက ဖြေဆို ဟောကြားသော အခါ၌ ထိုပုံဏ္ဏားသည် အကျွတ်တရား ရ၍ သာသနာတော်တွင် ရဟန်းပြုလေလျှင် မကြာမီပင် ရဟန္တာ ဖြစ်လေသည်ဟု ဗြာဟ္မဏသံယုတ် ပါဠိတော်၌ လာ၏။ သို့ဖြစ်၍, "ဘုရား တရား သံဃာ ဗုဒ္ဓဘာသာကို စွန့်ရမည်၊ မစွန့်လျှင် သတ်ပစ်မည်"ဟု သတ်နိုင်သူက ခြိမ်းချောက် ပြောဆိုသော်လဲ အရိယာ အစစ် ဖြစ်သော သူသည် ဤဓနဉ္စာနီ ပုံဏ္ဏေးမကဲ့သို့ပင် မစွန့်လွှတ်နိုင်ဘဲ ခိုင်မြဲသော သဒ္ဓါနှင့် ပြည့်စုံနေသည်သာ ဖြစ်ရာ၏။

## သူရမ္ဗဋ္ဌ ဝတ္ထု

လိမ်လှည့်၍ ဖျက်သော်လဲ သဒ္ဓါမပျက်သည်ကို သူရမ္ဗဋ္ဌ၏ ဝတ္ထုဖြင့် သိအပ်၏။ (သူရ–အမ္ဗဋ္ဌ ဟူ၍၎င်း၊ သုရဗန္ဓ ဟူ၍၎င်း အချို့စာ၌ရှိ၏) ကပ္ပါတသိန်းထက် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်က အဝေစ္စပသန္န တေဒဂ်ဆုကို ပန်ခဲ့သော သူရမ္ဗဋ္ဌသည် ဤဘုရား လက်ထက်၌ သာဝတ္ထိပြည်မှာ သူဌေးသား ဖြစ်လာ၏။ သူသည် မြတ်စွာဘုရားကို ပင့်၍ ဆွမ်းကပ်လှူ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ၌ မြတ်စွာဘုရားက တရားဟော၏၊ ဒေသနာ၏ အဆုံး၌ သူရမ္ဗဋ္ဌသည် သောတာပန် ဖြစ်လေ၏၊ မြတ်စွာဘုရား ပြန်ကြွသွားပြီးသော အခါ၌ မာရ်နတ်မင်းသည် သူရမ္ဗဋ္ဌကို စုံစမ်းလိုသောကြောင့် ဘုရားယောင် ဟန်ဆောင် ဖန်ဆင်း၍ သူရမ္ဗဋ္ဌ၏ အိမ်တံခါးဝ၌ ရပ်တည်လာ၏။ ထိုအခါ သူရမ္ဗဋ္ဌသည် “မကြာမီပင် မြတ်စွာဘုရား ပြန်ကြွလာသည်မှာ အကြောင်းထူးရှိ၍ ဖြစ်ပေလိမ့်မည်”ဟု ဆင်ခြင်ပြီးလျှင် လျင်မြန်စွာသွား၍ ဘုရားဟူသော အမှတ်ဖြင့်ရှိခိုးလျက် အကြောင်းကို မေးလျှောက်၏။ ထိုအခါ ဘုရားယောင်ဆောင်နေသော မာရ်နတ်က…“အို သူရမ္ဗဋ္ဌ! ငါသည် သင့်အား တရားဟောစဉ်က တခုကို မဆင်ခြင်မိဘဲ ဟောခဲ့မိ၏။ ဘာလဲ ဆိုလျှင်, ခန္ဓာငါးပါးလုံးပင် အနိစ္စ ဒုက္ခ အနတ္တ ဟု ငါ ဟောခဲ့မိ၏။ သို့သော်လဲ ဤခန္ဓာငါးပါးတို့သည် အကုန်လုံးပင် အနိစ္စ ဒုက္ခ အနတ္တချည်း မဟုတ်ကြပေ။ အမှန်မှာတော့ အချို့ ခန္ဓာများက နိစ္စ ဓုဝ သဿတ ဖြစ်ကြပေသည်”ဟုဆို၏။ ထိုအခါ၌ သူရမ္ဗဋ္ဌ၏ ဆင်ခြင်ပုံမှာ…ဤစကားဟာ အလွန်ဝန်လေးတဲ့စကားဘဲ။ ဘုရားတို့၏ စကားမည်သည်မှာ နှစ်သွယ် နှစ်ခွ ဖြစ်ရိုးမရှိပေ၊ “မာရ်နတ်သည် ဘုရား၏ ဆန့်ကျင်ဘက်”ဟု ငါ ကြားဘူး၏၊ ဤသူဟာ ဧကန်ပင် မာရ်နတ် ဖြစ်ပေလိမ့်မည် ဟု စဉ်းစားပြီးလျှင် “အသင် မာရ်နတ် မဟုတ်လော”ဟု မေး၏။ ဟုတ်ပါတယ်ဟု မာရ်နတ်ကဝန်ခံရ၏။ “သင်လိုမာရ်နတ်တွေ တရာတထောင်သော်လဲ ငါ၏သဒ္ဓါကို မလှုပ်ရှား မဖျက်ဆီးနိုင်ဘူးလို့ မှတ်ထားပါ၊ မဟာဂေါတမ မြတ်စွာဘုရားသည် ငါ့အား တရားဟောစဉ်က သင်္ခါရ အလုံးစုံပင်၊ အနိစ္စချည်းဟု သိစေလျက် ဟောသွားလေပြီ၊ အသင် ငါ၏ အိမ်တံခါး၌ ရပ်တည်မနေပါလင့်”ဟု လက်ဖျောက်တီး၍ သူရမ္ဗဋ္ဌက မာရ်နတ်ကို နှင်ထုတ်လိုက်လေ၏။ ဤအကြောင်းကိုပင် အတ္ထုပ္ပတ္တိပြုတော်မူ၍ ဤသာသနာတော်၌ ရတနာသုံးပါး၏ ဂုဏ်ကို အမှန်အတိုင်း သိ၍ မတုန်မလှုပ် သက်ဝင်ယုံကြည်သော ဥပါသကာတို့တွင် သူရမ္ဗဋ္ဌကို အထူးအမြတ်ဆုံး ပုဂ္ဂိုလ်ဟု တေဒဂ်အရာ၌ မြတ်စွာဘုရားက တင်ထားတော်မူပေ၏။ ဤဝတ္ထုသည် အင်္ဂုတ္တရအဋ္ဌကထာ၌လာ၏။ သို့ဖြစ်၍ အရိယာအစစ်ဖြစ်သောသူသည် သူရမ္ဗဋ္ဌကဲ့သို့ တေဒဂ်ရလောက်အောင် ယုံကြည်မှု မလွန်ကဲသော်လဲ ဘုရား တရား သံဃာ ဗုဒ္ဓသာသနာကို မစွန့်လွှတ်နိုင်အောင် ခိုင်မြဲသော သဒ္ဓါနှင့်မူကား ပြည့်စုံသည်သာ ဖြစ်ရာ၏။ မည်မျှလောက် အလိမ်ကောင်းသော သူက လိမ်လှည့် ပြောဟောစေကာမူ၊ ရတနာ သုံးပါးအပေါ်၌ ယုံကြည်မှုကား မပျက်သည်သာ ဖြစ်ရာ၏၊ အချို့ သင်္ခါရများကို နိစ္စ သုခ အတ္တ ဟု ဘုရားဟောကြောင်းကို တစုံတယောက်က ပြောခဲ့လျှင် ထိုစကားကို ဘုရား၏ စကားမဟုတ်ဟု ဆုံးဖြတ်နိုင်ရာ၏။ ထိုပြင်, “လောက၌ တရားအလုံးစုံကို သိနိုင်သော ဘုရားမည်သည်မရှိဟူ၍၎င်း၊ မြတ်စွာ ဘုရားသည် အချို့ တရားများကို မသိနိုင်ဟူ၍၎င်း၊ မဂ် ဖိုလ်နိဗ္ဗာန်မည်သည် မရှိဟူ၍၎င်း၊ ကျင့်ကြံအားထုတ်သော်လဲ ကိလေသာ ကင်းငြိမ်းခြင်း, လျော့ခြင်း မည်သည် မရှိဟူ၍၎င်း၊ အထူးစိတ်တည်ကြည်ခြင်း, ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် အထူးသိခြင်း, မည်သည် မရှိ ဟူ၍၎င်း ကိလေသာ ကင်းငြိမ်းအောင် ကျင့်ဆဲ, ကျင့်ပြီး ဖြစ်သော အရိယာပုဂ္ဂိုလ်မည်သည် မရှိဟူ၍၎င်း၊” ဤသို့သောစကားကို တစုံတယောက်က ပြောဆိုခဲ့လျှင်၊ ထိုစကားကိုလဲ ပြောင်းပြန် မှားယွင်းသော စကားဟု ဆုံးဖြတ်နိုင်ရာ၏။

အရိယာ၏ သီလ ခိုင်မြဲ စင်ကြယ်ပုံ … အရိယ ကန္တေဟီတိ အရိယာနံကန္တေဟိ ပိယေဟိ မနာပေဟိ၊ ပဉ္စ သီလာနိ ဟိ အရိယသာဝကာနံ ကန္တာနိ ဟောန္တိ ဘဝန္တရေပိ အ.ဝိဇဟိတဗ္ဗတော၊ တာနိ သန္ဓာယေတံ ဝုတ္တံ။ (ဓမ္မာဒါသသုတ် အဖွင့် အဋ္ဌကထာ ဒီဃ ၂–၁၃၄)

အရိယကန္တေဟီတိ၊ ဟူသည်ကား။ အရိယာနံ၊ အရိယာတို့သည်။ ကန္တေဟိ ပိယေဟိ မနာပေဟိ၊ နှစ်သက် ခင်မင် မြတ်နိုးအပ်ကုန်သော (သီလတို့နှင့် ပြည့်စုံ၏)။ ဟိ၊ မှန်ပေ၏။ ပဉ္စသီလာနိ၊ ငါးပါးသီလတို့သည်။ ဘဝန္တရေပိ အ.ဝိဇဟိတဗ္ဗတော၊ ဘဝတပါး၌ သော်လဲ အရိယာတို့ မစွန့်အပ်သောကြောင့်။ အရိယာနံ ကန္တာနိ၊ အရိယာတို့ နှစ်သက်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ သန္ဓာယ၊ ထိုငါးပါးသီလတို့ကို ရည်၍။ ဧတံ၊ အရိယကန္တသီလတို့နှင့် ပြည့်စုံသည် ဟူသော ဤစကားကို။ ဝုတ္တံ၊ ဤဓမ္မာဒါသသုတ်၌ ဟောအပ်ပေ၏။

သစေပိ ဘဝန္တရဂတံ အရိယသာဝကံ အတ္တနော အရိယဘာဝံ အ.ဇာနန္တမ္ပိ ကောစိ ဧဝံ ဝဒေယျ “ဣမံ ကုန္ထကိပိလ္လိကံ ဇီဝိတာ ဝေါရောပေတွာ သကလစက္ကဝါဠဂဗ္ဘေ စက္ကဝတ္တိရဇ္ဇံ ပဋိပဇ္ဇာဟီတိ။ နေဝ သော တံ ဇီဝိတာ ဝေါရောပေယျ။ အထာပိ နံ ဧဝံ ဝဒေယျုံ “သစေ ဣမံ န ဃာတေဿတိ သီသံ တေ ဆိန္ဒိဿာမာ”တိ။ သီသမေဝ.ဿ ဆိန္ဒေယျုံ၊ နေဝ သော တံ ဃာတေယျ။

**(သမ္မောဟဝိနောဒနီ ၄၀၆၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ ၇၅)**

ဘဝတပါး၌ တည်သည်ဖြစ်၍ မိမိ၏အရိယာအဖြစ်ကို မသိသည်သော်လဲဖြစ်သော အရိယာသာဝကကို တစုံတယောက်က "ဤပိုးရွ ပရွက်ဆိတ်ကို အသက်မှချ၍ (သတ်ဖြတ်၍) စကြဝဠာ တတိုက်လုံး၌ စကြဝတေးမင်း အဖြစ်ကို ပြုပါ"ဟု ဤသို့ အကယ်၍ပြောဆိုစေကာမူ ထိုအရိယာသာဝကသည် ၎င်းပိုးရွပရွက်ဆိတ်ကို အသက်မှမချနိုင်ရာ (မသတ်နိုင်ရာ)။ သို့မဟုတ် တနည်းအားဖြင့်လဲ "ဤပိုးရွပရွက်ဆိတ်ကို အကယ်၍ သင်မသတ်ငြားအံ့၊ သို့ဖြစ်လျှင် သင်၏ ဦးခေါင်းကို ငါတို့ ဖြတ်ကုန်အံ့"ဟု ဤသို့ ထိုအရိယာသာဝကကို အကယ်၍ဆိုကြစေကာမူ ထိုသို့ဆိုသောသူတို့သည် ထိုအရိယာသာဝက၏ ဦးခေါင်းကို သာလျှင် ဖြတ်ရလေကုန်ရာ၏၊ ထိုအရိယာသာဝကသည်ကား ၎င်းပိုးရွပရွက်ဆိတ်ကို မသတ်နိုင်လေရာသည်သာလျှင်တည်း။ (အဋ္ဌကထာ၏ မြန်မာပြန်)

သူတပါး ဥစ္စာကို ခိုးယူမှု, မဆိုင်သော မေထုန်ကာမတို့၌ ကျူးလွန်မှု, သူတပါး၏ အကျိုးမဲ့ ဖြစ်အောင် လိမ်လည်မှု, သေအရက်ကို သောက်စားမှုတို့ကိုလဲ၊ ပါဏာတိပါတ နည်းတူပင် အရိယာသည် မပြုလုပ်နိုင်သည်သာ ဖြစ်ရာ၏။ သူဌေး စည်းစိမ်, မင်းစည်းစိမ်, ကိုယ်ခန္ဓာ, အသက်, တို့ထက် သော်လဲ ငါးပါးသီလကို ခင်မင်မြတ်နိုးသည်သာလျှင် ဖြစ်ရာ၏။

သို့ဖြစ်၍ သောတာပန် အရိယာပုဂ္ဂိုလ်သည် မိမိအလိုလို ဆင်ခြင်ကြည့်သော အခါ၌၎င်း, ကိလေသာ ဖြစ်ကြောင်းများနှင့် တွေ့ကြုံရသောအခါ၌၎င်း ပြခဲ့ပြီးသော ဓမ္မာဒါသသုတ်နှင့်အညီ သဒ္ဓါနှင့်သီလခိုင်မြဲ စင်ကြယ်နေသည်ကိုသာ တွေ့ရပေလတံ့။ ထို့ပြင်, ပဌမမဂ်ဖြင့် ပယ်ထိုက်သော ကိလေသာများသည် အာရုံ အကြောင်းများရှိသော်လဲ မဖြစ်ပေါ်လာဘဲ အလိုလိုပင် ကင်းငြိမ်း နေသည်ကိုလဲမျက်မှောက် ထင်ထင် တွေ့မြင်ရပေလတံ့။

## အရိယာ၏ ယုံမှား

အရိယာဟူသမျှသည် သဉပါဒိသေသပုဂ္ဂိုလ်ပင်ဖြစ်သော်လဲ အပါယ်လေးပါးမှ လုံးဝလွတ်မြောက်သည် ချည်းသာတည်း၊ သဉပါဒိသေသ အရိယာတို့တွင် သောတာပန်, သကဒါဂါမ်တို့သည် ကာမသုဂတိနှင့်, ရူပ အရူပ ဘုံတို့၌သာလျှင် ဖြစ်ကုန်၏၊ ကာမသုဂတိ၌လဲ ယုတ်ညံ့သေးသိမ်သော အမျိုးတို့၌ကားမဖြစ်ကုန်၊ မြင့်မြတ်ကြီးကျယ်သော အမျိုးတို့၌သာလျှင် ဖြစ်ကုန်၏။ အနာဂါမ်တို့သည်ကား ရူပ အရူပဘုံတို့၌သာလျှင် ဖြစ်ကုန်၏။ ဤအရာ၌ ထိုအရိယာတို့သည် မိမိတို့ အပါယ ပရိမုတ္တာ=အပါယ်မှ လုံးဝလွတ်သူ ဖြစ်ကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် အလိုလိုပင် သိနိုင် ဆုံးဖြတ်နိုင်ကြပါသလော ဟူမူ၊ အင်္ဂုတ္တရပါဠိတော်, နဝနိပါတ်, သီဟနာဒဝဂ်, ဒုတိယသုတ်သည် ဤမေးခွန်းကို ဖြေရှင်း ထားလေပြီ။ လိုရင်း စကားအချို့ကို အကျဉ်းအားဖြင့် ဆောင်ပြပါအံ့။

တေန ခေါ ပန သမယေန တေသံ အညတိတ္ထိယာနံ ပရိဗ္ဗာဇကာနံ သန္နိသိန္နာနံ သန္နိပတိတာနံ အယမန္တရကထာ ဉဒပါဒိ "ယော ဟိကောစိ အာဝုသော သဉပါဒိသေသော ကာလံ ကရောတိ၊ သဗ္ဗောသော အပရိမုတ္တော နိရယာ၊ အ.ပရိမုတ္တော တိရစ္ဆာနယောနိယာ၊ အ.ပရိမုတ္တော ပေတ္တိဝိသယာ၊ အ.ပရိမုတ္တော အပါယဒုဂ္ဂတိဝိနိပါတာတိ"။ အထ ခေါ အဟံ ဘန္တေ တေသံ အညတိတ္ထိယာနံ ပရိဗ္ဗာဇကာနံ ဘာသိတံ နေဝ အဘိနန္ဒိံ နပ္ပဋိက္ကောသိံ၊ အနဘိနန္ဒိတွာ အပ္ပဋိက္ကောသိတွာ ဉဋ္ဌာယာသနာ ပက္ကမိံ "ဘဂဝတော သန္တိကေ ဧတဿ ဘာသိတဿ အတ္ထံ အာဇာနိဿာမီ"တိ။ (အံ ၃-၁၈၅)

မြန်မာပြန်အံ့ ... မြတ်စွာဘုရား! (ပရဗိုဇ်တို့၏ အာရာမ်၌ အကျွန်ုပ်ထိုင်နေစဉ်) ထိုအခါမှာ စုဝေး ထိုင်နေလျက် စည်းဝေးနေကုန်သော ထိုအညတိတ္ထိယ ပရဗိုဇ်တို့၏ ဤသို့သော ကြားဖြတ်စကား ဖြစ်ပေါ်ပါသည်၊ "ငါ့ရှင်တို့!တစုံ တယောက်သော ပုဂ္ဂိုလ်သည် ဉပါဒါန် အကြွင်းရှိလျက် သေငြားအံ့၊ ထိုသို့သောပုဂ္ဂိုလ်အလုံးစုံသည် ငရဲမှ လုံးဝ မလွတ်သေး၊ တိရိစ္ဆာန် အဖြစ်မှ လုံးဝမလွတ်သေး၊ ပြိတ္တာ အဖြစ်မှ လုံးဝ မလွတ်သေး၊ အပါယ် ဒုဂ္ဂတိသို့ကျရောက်ခြင်းမှ လုံးဝ မလွတ်သေး"ဟု ဤ ကြားဖြတ် စကား ဖြစ်ပေါ်ပါသည်၊ ထိုအခါမှာ မြတ်စွာဘုရား!ထိုအညတိတ္ထိယ ပရဗိုဇ်တို့၏ စကားကို အကျွန်ုပ်သည် မနှစ်သက် လက်မခံခဲ့ပါ၊ တားလဲ မတားမြစ်ခဲ့ပါ၊ မြတ်စွာဘုရား၏ အထံမှာ ဤ ကြားဖြတ်စကား၏ အနက်ကို အမှန် သိရမှာဘဲဟု အောက်မေ့၍ ထိုစကားကို မနှစ်သက် လက်မခံခဲ့ဘဲ မတားမြစ်ခဲ့ဘဲ နေရာမှ ထ၍ ဖဲခွါခဲ့ပါသည်ဟု အရှင်သာရိပုတြာက လျှောက်၏။

ကေ စ သာရိပုတ္တ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဗာလာ အဗျတ္တာ၊ ကေ စ သ.ဉပါဒိသေသံ ဝါ သ.ဉပါဒိသေသောတိ ဇာနိဿန္တိ၊ အနုပါဒိသေသံ ဝါ အနုပါဒိသေသောတိ ဇာနိဿန္တိ၊ နဝ ယိမေ သာရိပုတ္တ ပုဂ္ဂလာ သ.ဉပါဒိသေသာ ကာလံ ကုရုမာနာ ပရိမုတ္တာ နိရယာ၊ ပရိမုတ္တာ တိရစ္ဆာနယောနိယာ၊ ပရိမုတ္တာ ပေတ္တိဝိသယာ၊ ပရိမုတ္တာ အပါယဒုဂ္ဂတိဝိနိပါတာ။ (အံ ၃-၁၈၅)

သာရိပုတ္တ၊ သာရိပုတြာ။ အညတိတ္ထိယာ၊ သာသနာတော်မှ တခြားတပါး အယူရှိကုန်သော။ ဗာလာ၊ မသိတတ် မလိမ္မာကုန်သော။ အဗျတ္တာ၊ မကျွမ်းကျင်ကုန်သော။ ပရိဗ္ဗာဇကာ၊ ပရဗိုဇ်တို့သည်။ ကေ စ၊ သဥပါဒိသေသပုဂ္ဂိုလ်, အနုပါဒိသေသပုဂ္ဂိုလ်နှင့်, အပါယဂတိပရိမုတ္တ အဖြစ်, ကိုသိသောဉာဏ်အရာ၌ အဘယ်သို့သော ပုဂ္ဂိုလ်တို့ပေနည်း။ (ထိုအသိဉာဏ်နှင့် ပရဗိုဇ်တို့ ဘာမျှ မဆိုင်၊ သူတို့၏ အရာပင်မဟုတ်ဟု ဆိုလို၏။ ကေစ၌ ကိံ သဒ္ဒါသည် ဂရဟာ အနက်၌ ဖြစ်၏)။ ကေ စ၊ အဘယ်သို့သော ပုဂ္ဂိုလ်များဖြစ်ကြ၍။ သဥပါဒိသေသံ ဝါ၊ ဥပါဒါန်အကြွင်းရှိသော ပုဂ္ဂိုလ်ကိုမူလည်း။ သဥပါဒိသေသောတိ၊ သဥပါဒိသေသ ပုဂ္ဂိုလ်ဟူ၍။ ဇာနိဿန္တိ၊ သိနိုင်ကုန်လတ့်နည်း။ အနုပါဒိသေသံ ဝါ၊ ဥပါဒါန် အကြွင်းမရှိသောပုဂ္ဂိုလ်ကိုမူလည်း။ အနုပါဒိသေသောတိ၊ အနုပါဒိသေသပုဂ္ဂိုလ်ဟူ၍။ ဇာနိဿန္တိ၊ သိနိုင်ကုန်လတ့်နည်း။ (ပရဗိုဇ်တို့သည် သမ္မာသမ္ဗုဒ္ဓဘုရား, ပစ္စေကဗုဒ္ဓါ, ဆဠဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာတို့ ဖြစ်ကြ၍ သိနိုင်ကြမည်လော၊ သူတို့ ဘာမျှ မသိနိုင်ကြဟု ဆိုလို၏။ ဤဝါကျ ၂-ခုသည်၊ မူလပဏ္ဏာသ စူဠဟတ္ထိပဒေါပမသုတ်၌ လာသော "ကောစာဟံ ဘော၊ ကောစ သမဏဿ ဂေါတမဿ ပညာဝေယျတ္တိယံ ဇာနိဿာမိ"ဟူသော ဝါကျတို့ကဲ့သို့၊ နှိမ်ချ၍ ဆိုသော စကားပေတည်း။ ထို့ကြောင့် ပဌမဝါကျ၌ တေစ-ဟူ၍ငင်း, ဒုတိယဝါကျ၌ ကေစိ-ဟူ၍ငင်း, ရှိသော ပါဠ်မှာ ချွတ်ယွင်းနေသော ပါဌ်သာတည်း။) ။ သာရိပုတ္တ၊ သာရိပုတြာ!။ သဥပါဒိသေသာ၊ ဥပါဒါန် အကြွင်းအကျန် ရှိကုန်လျက်။ ကာလံ ကုရုမာနာ၊ သေခြင်းကို ပြုကုန်သော။ ဣမေ နဝ ပုဂ္ဂလာ၊ ဤ ဆိုလတ့်သော အရိယာပုဂ္ဂိုလ် ၉-ယောက်တို့သည်။ နိရယာ၊ ငရဲမှ၊ ဝါ၊ ငရဲ၌ ဖြစ်ခြင်းမှ။ ပရိမုတ္တာ၊ လုံးဝ လွတ်မြောက်ကုန်၏။ တိရစ္ဆာနယောနိယာ၊ တိရစ္ဆာန်မျိုး၌ ဖြစ်ခြင်းမှ။ ပရိမုတ္တာ၊ လုံးဝလွတ်မြောက်ကုန်၏။ ပေတ္တိဝိသယာ၊ ပြိတ္တာဘုံ၌ဖြစ်ခြင်းမှ ပရိမုတ္တာ၊ လုံးဝ လွတ်မြောက်ကုန်၏။ အပါယဒုဂ္ဂတိဝိနိပါတာ၊ အပါယ်ဒုဂ္ဂတိသို့ ကျရောက်ခြင်းမှ။ ပရိမုတ္တာ၊ လုံးဝ လွတ်မြောက်ကုန်၏။

ဤသို့ မိန့်တော်မူပြီးလျှင် ထိုအရိယာ ၉ ယောက်ကို အကျယ် ဝေဘန် ဟောကြားတော်မူ၏။ ထို ၉ ယောက်မှာ ... ၁-အန္တရာပရိနိဗ္ဗာယီ၊ ၂-ဥပဟစ္စပရိနိဗ္ဗာယီ၊ ၃-အသင်္ခါရပရိနိဗ္ဗာယီ၊ ၄-သသင်္ခါရ ပရိနိဗ္ဗာယီ၊ ၅-ဥဒ္ဓံသောတအကနိဋ္ဌဂါမီ၊ ဤကား အနာဂါမ် ပုဂ္ဂိုလ်ချည်းတည်း။ အန္တရာပရိနိဗ္ဗာယီ စသည်ဖြစ်မည့် အနာဂါမ်တို့ကို ယူလေ။ ၆-သကဒါဂါမ်၊ ၇-ဧကဗီဇီသောတာပန်၊ ၈-ကောလံကောလသောတာပန်၊ ၉-သတ္တက္ခတ္တုပရမ သောတာပန်။ ဤ ၉-ယောက်ပေတည်း။ထိုနောင် ဆက်လက်၍ အောက်ပါစကားကိုလဲ မိန့်တော်မူပြန်၏။ ၎င်းသည်သာလျှင် ဤအရာ၌ မှတ်သားရန် လိုရင်းစကားပေတည်း။

န တာဝါယံ သာရိပုတ္တ ဓမ္မပရိယာယော ပဋိဘာသိ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ။ တံ ကိဿဟေတု? မာယိမံ ဓမ္မပရိယာယံ သုတွာ ပမာဒံ အာဟရိံသူတိ။ အပိစာယံ မယာ သာရိပုတ္တ ဓမ္မပရိယာယော ပဉှာဓိပ္ပါယေန ဘာသိတောတိ။ (အံ ၃-၁၈၇)

သာရိပုတ္တ၊ သာရိပုတြာ!။ ဘိက္ခူနံ၊ ရဟန်းတို့အားငင်း။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့အားငင်း။ ဥပါသကာနံ၊ ဥပါသကာတို့အားငင်း။ ဥပါသိကာနံ၊ ဥပါသိကာမတို့အားငင်း။ တာဝ၊ ဤမေးခွန်း မပေါ်လာမီ ရှေးဦးစွာ။ အယံ ဓမ္မပရိယာယော၊ သဥပါဒိသေသ အရိယာတို့၏ အပါယ်မှ လုံးဝလွတ်မြောက်ကြောင်းကို ဖေါ်ပြသော ဤတရားဒေသနာသည်။ န ပဋိဘာသိ၊ မထင်ပေါ်ခဲ့သေး။ (မဟောကြားဘူးသေးဟု ဆိုလို၏။ န တာဝါယံ သာရိပုတ္တ ဓမ္မပရိယာယော ပဋိဘာသီတိ အပ္ပဋိဘာနံနာမ ဘဂဝတော နတ္ထိ၊ နတာဝါဟံ ဣမံ ဓမ္မပရိယာယံ ကထေသိန္တိ အယံ ပနေတ္ထ အတ္ထော။ ။ န တာဝါယံ သာရိပုတ္တ ဓမ္မပရိယာယော ပဋိဘာသီတိ၊ ဟူရာ၌။ ဘဂဝတော၊ မြတ်စွာဘုရားအား။ အပ္ပဋိဘာနံ နာမ၊ မထင်ပေါ်ခြင်း မည်သည်။ နတ္ထိ၊ မရှိချေ။ ပန၊ အမှန်အားဖြင့် သော်ကား။ အဟံ၊ ငါဘုရားသည်။ ဣမံ ဓမ္မပရိယာယံ၊ ဤတရားဒေသနာကို။ တာဝ၊ မေးခွန်း မပေါ်မီ ရှေးဦးစွာ။ န ကထေသိ၊ မဟောကြားခဲ့သေး။ ဣတိအယံ၊ ဤသည်လျှင်။ ဧတ္ထ၊ ဤစကားရပ်၌။ အတ္ထော၊ ဆိုလိုရင်းအနက်ပေတည်း။ အဋ္ဌကထာ)။ တံ၊ ထိုသို့ မထင်ခဲ့ခြင်း မဟောခဲ့ခြင်းသည်။ ကိဿ ဟေတု၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဣမံ ဓမ္မပရိယာယံ သုတွာ၊ ဤတရားဒေသနာကို နာကြားကုန်၍။ ဝါ၊ နာကြားရသောကြောင့်။ တေ၊ ထို သဥပါဒိသေသ အရိယာ ပုဂ္ဂိုလ်တို့သည်။ ပမာဒံ မာ အာဟရိံသု၊ မေ့လျော့ခြင်းကို မဆောင်ယူ ပါစေကုန်လင့်။ ဝါ၊ မေ့လျော့ခြင်းသို့ မရောက်ပါစေကုန်လင့်။ ဣတိ၊ ဤသို့သော ရည်ရွယ်ချက်ကြောင့်ပေတည်း။ (မာ ဣမံ ဓမ္မပရိယာယံသုတွာ ပမာဒံ အာဟရိံ သူတိ မယံ ကိရ စတူဟိ အပါယေဟိ မုတ္တာတိဥပရိ အရဟတ္တတ္ထာယ ဝီရိယံ အကရောန္တာ မာ ပမာဒံ အာပဇ္ဇိံသု။ ။ မာ ဣမံ ဓမ္မပရိယာယံ သုတွာ ပမာဒံအာဟရိံ သူတိ၊ ဟူသည်ကား။ မယံ၊ ငါတို့သည်။ စတူဟိ အပါယေဟိ၊ အပါယ်လေးပါးတို့မှ။ မုတ္တာ ကိရ၊ လွတ်မြောက်ကုန်ပြီတဲ့။ ဣတိ၊ ဤသို့ နှလုံးသွင်းကုန်၍။ ဥပရိအရဟတ္တတ္ထာယ၊ အထက်အရဟတ္တဖိုလ်အကျိုးငှါ။ ဝီရိယံ အကရောန္တာ၊ လုံ့လကို မပြုကုန်သည် ဖြစ်၍။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ မာ အာပဇ္ဇိံသု၊ မရောက်ပါ စေကုန်လင့်။ အဋ္ဌကထာ)။ ။သာရိပုတ္တ၊ သာရိပုတြာ!။ အပိစ၊ မေ့လျော့ခြင်းသို့ မရောက်ကြစေရန် မဟောဘဲ ထားသင့်သော်လဲ။ အယံ ဓမ္မပရိယာယော၊ ဤ တရား ဒေသနာတော်ကို။ ပဉှာဓိပ္ပါယေန၊ "အမေး ရှိက အဖြေ ရှိမြဲ"ဟူသော မေးခွန်း၏ သဘောကြောင့်။ မယာ၊ ငါဘုရားသည်။ ဘာသိတော၊ ဟောအပ်ပေသတည်း။ (ပဉှာဓိပ္ပါယေန ဘာသိတောတိ တယာပုစ္ဆိတပဉှဿ သဘာဝေန ကထိတောတိ ဒဿေတိ။ ။ပဉှာဓိပ္ပါယေန ဘာသိတောတိ၊ ဟူသော စကားဖြင့်။ တယာ ပုစ္ဆိတပဉှဿ၊ သင်မေးအပ်သော ပြဿနာ၏။ သဘာဝေန၊ ဖြေသင့်သောသဘောကြောင့်။ ဝါ၊ အဖြေသဘောအားဖြင့်။ ကထိတော၊ ဟောအပ်ပေ၏။ ဣတိ၊ ဤသို့။ ဒဿေတိ၊ ပြတော်မူ၏။ အဋ္ဌကထာ)။

ဤသုတ်၌ သဥပါဒိသေသ အရိယာဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည် မိမိတို့အပါယ်မှ လုံးဝ လွတ်မြောက်ပြီဖြစ်ကြောင်းကို နာကြား၍ သိရလျှင်၊ အရဟတ္တဖိုလ်သို့ ရောက်ရန် အားမထုတ်ဘဲ မေ့လျော့နေကြမည်ကို မြင်တော်မူ၍ မေးခွန်းပေါ်လာသည့်၊ ကာလတိုင်အောင် ထိုတရားဒေသနာကို မဟောခဲ့သေးဘဲ ဆိုင်းလင့် နေတော်မူခဲ့ကြောင်းကို မိန့်တော်မူသောကြောင့်၊ သာမန် သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည်၊ မိမိတို့၏ ဂတိမြဲကြောင်းကို မြတ်စွာဘုရား၏ဒေသနာတော်ဖြင့်သာလျှင် သိနိုင်ဆုံးဖြတ်နိုင်ကြပေသည်။ ကိုယ်ပိုင်ဉာဏ်သက်သက်ဖြင့်ကား မသိနိုင် မဆုံးဖြတ်နိုင်ကြဟူသော အနက်သည် ထင်ရှား၏။ ဤသို့ ကိုယ်ပိုင်ဉာဏ် သက်သက်ဖြင့် မသိနိုင် မဆုံးဖြတ်နိုင်ကြသောကြောင့်ပင်လျှင်၊ သကဒါဂါမ်ဖြစ်သော မဟာနာမ်မင်းမှာ လားရမည့်ဂတိနှင့်စပ်၍ ယုံမှားတွေးတောမှု ဖြစ်ဘူးကြောင်းကို မဟာဝဂ္ဂသံယုတ်ပါဠိတော်, သရဏာနိဝဂ်, ပဌမ ဒုတိယ သုတ်တို့၌ တွေ့ရပေ၏။ အောက်ပါအတိုင်း ပင်တည်း။

တဿ မယှံ ဘန္တေ တသ္မိံ သမယေ မုဿတေဝ ဘဂဝန္တံ အာရဗ္ဘ သတိ။ မုဿတိ ဓမ္မံအာရဗ္ဘ သတိ၊ မုဿတိ သံဃံ အာရဗ္ဘသတိ။ တဿ မယှံ ဘန္တေ ဧဝံ ဟောတိ "ဣမမှိ စာဟံ သမယေ ကာလံ ကရေယျံ၊ ကာ မယှံ ဂတိ၊ ကော အဘိသမ္ပရာယောတိ"။ မာ ဘာယိ မဟာနာမ မာ ဘာယိ မဟာနာမ။ အ.ပါပကံ တေ မရဏံ ဘဝိဿတိ၊ အ.ပါပိကာ ကာလံ ကိရိယာ။ ယဿ ကဿစိ မဟာနာမ ဒီဃရတ္တံ သဒ္ဓါပရိဘာဝိတံ စိတ္တံ၊ သီလ, သုတ, စာဂ, ပညာပရိဘာဝိတံ စိတ္တံ၊ တဿ ယော ဟိ ခွါယံ ကာယော ရူပီ။ပေ။ တံ ဣဓေဝ ကာကာ ဝါ ခါဒန္တိ၊ ဂိဇ္ဈာ ဝါ ကုလလာ ဝါ သုနခါ ဝါ သိင်္ဂါလာ ဝါ ဝိဝိဓာ ဝါ ပါဏကဇာတာ ခါဒန္တိ။ ယဉ္စ ခွ.ဿ စိတ္တံ ဒီဃရတ္တံ သဒ္ဓါပရိဘာဝိတံ၊ သီလ, သုတ, စာဂ, ပညာပရိဘာဝိတံ၊ တံ ဥဒ္ဓံဂါမိ ဟောတိ ဝိသေသဂါမိ။ (ပဌမသုတ် သံ ၃–၃၂၂)

စတူဟိ ခေါမဟာနာမ ဓမ္မေဟိ သမန္နာဂတော အရိယသာဝကော နိဗ္ဗာနနိန္နောဟောတိ နိဗ္ဗာနပေါဏော နိဗ္ဗာနပဗ္ဘာရော။ (ဒုတိယသုတ်၌ ဟောပုံအထူး။ သံ ၃–၃၂၃)

မြန်မာပြန် ... (မြတ်စွာဘုရားကို ဖြစ်စေ, ရဟန်းတော်များကို ဖြစ်စေ, ဆည်းကပ် ဖူးမြော်ပြီးလျှင်၊ ညနေချမ်းအချိန်၌ ကပိလ ဝတ်မြို့တော်သို့ပြန် ဝင်သွားစဉ်မှာ၊ ချာချာလည်သော ဆင်ကြမ်း မြင်းကြမ်း ရထားကြမ်း လှည်းကြမ်း ဆိုးသွမ်းသော လူကြမ်းတို့နှင့် ရင်ဆိုင်တွေ့ဆုံရသော) ထိုအခါမှာ မြတ်စွာဘုရား! ထိုအကျွန်ုပ်မှာ၊ ဘုရားကို အာရုံပြု၍ ဖြစ်သော သတိလဲ မေ့ပျောက်သွားတော့သည်သာ၊ တရားကို အာရုံပြု၍ ဖြစ်သော သတိလဲ မေ့ပျောက် သွားတော့သည်သာ၊ သံဃာတော်ကို အာရုံပြု၍ ဖြစ်သော သတိလဲ မေ့ပျောက် သွားတော့သည်သာ၊ ထိုအကျွန်ုပ်မှာ မြတ်စွာဘုရား! ဤလို ယုံမှား တွေးတောမှု ဖြစ်ပါသည်။ ဖြစ်ပုံမှာ..."သည်လိုအခါထဲမှာ ငါသေသွားခဲ့လျှင်၊ ငါ၏လားရာ ဂတိဟာဘယ်လိုများနေမည်လဲ၊ နောင်တမလွန် ဘဝဟာ ဘယ်လိုများနေမည်လဲ"ဟု ယုံမှား တွေးတောမှု ဖြစ်ပါသည် အရှင်ဘုရား ဟူ၍ မဟာနာမ်မင်းက လျှောက်ထား၏။ မကြောက်ပါလင့် မဟာနာမ်မင်း! မကြောက်ပါလင့် မဟာနာမ်မင်း! သင့်မှာ မယုတ်မညံ့ မြင့်မြတ်သော သေခြင်းသာ ဖြစ်ပါလိမ့်မည်၊ မြင့်မြတ်သော အဆုံးသတ်ရာ ကာလကို ပြုရခြင်းသာ ဖြစ်ပါလိမ့်မည်၊ အို မဟာနာမ်မင်း! အကြင်သူ တစုံတယောက်မှာ ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါဖြင့် ထုံစေအပ်ပြီးသော စိတ်ရှိ၏၊ သီလ သုတ စာဂ ပညာဖြင့် ထုံစေအပ်ပြီးသော စိတ်ရှိ၏၊ ထိုသူ၏ အကြင် ရုပ် ကိုယ်ကောင်သည် ရှိ၏၊ ထို ရုပ် ကိုယ်ကောင်ကို ဤ မျက်မှောက် လောကမှာပင် ကျီး လင်းတစွန် ခွေး မြေခွေး ပိုးအမျိုးမျိုးတို့ ခဲစားလေကုန်၏။ သို့သော်လဲ ထိုသူ၏ သဒ္ဓါ သီလ သုတ စာဂ ပညာဖြင့် ရှည်မြင့်စွာ ထုံစေအပ်ပြီးသောအကြင် စိတ်သည်ရှိ၏။ ထိုစိတ်သည်ကား အထက်သို့သာလျှင် တက်သွား၏။ မဂ် ဖိုလ် တရားထူးသို့သာလျှင် သွားရောက်၏။ (ပဌမသုတ်)။

အို မဟာနာမ်မင်း! ဘုရား၌ မတုန်မလှုပ်သက်ဝင်၍ ယုံကြည်ခြင်း၊ တရား၌ မတုန်မလှုပ် သက်ဝင်၍ယုံကြည်ခြင်း၊ သံဃာ၌ အတုန်မလှုပ်သက်ဝင်၍ ယုံကြည်ခြင်း၊ ငါးပါးသီလ ဖြူစင် ပြည့်စုံခြင်း ဟူသော တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် နိဗ္ဗာန်ဆီသို့သာလျှင်ညွတ်၏၊ နိဗ္ဗာန်ဆီသို့သာလျှင် ကိုင်း၏၊ နိဗ္ဗာန်ဆီသို့သာလျှင်ရှိုင်း၏။ (ဒုတိယ သုတ်၌ အထူး)။ ။ဤသို့စသည်ဖြင့် မြတ်စွာဘုရားက ဟောကြားတော်မူ၏။

ထို့ပြင်, "ထောပတ်အိုး ဆီအိုးများကို ရေထဲမှာ နှစ်မြှုပ်၍ ခွဲလိုက်လျှင်၊ အိုးကွဲများသာ နှစ်မြှုပ်၍ ထောပတ်များ ဆီများက ရေပေါ်မှာတက် လာသကဲ့သို့၊ ရုပ်ကိုယ်ကောင် ပျက်စီးသွားသော်လဲ၊ သဒ္ဓါ စသည်ဖြင့် ထုံအပ်ပြီးသော စိတ်ဓာတ် က တဆင့်ထက်တဆင့်မြင့်တက် သွားကြောင်းကိုင်း။ အရှေ့ဘက်သို့ ကိုင်းနေသော သစ်ပင်ကိုအရင်းမှ ဖြတ်လှဲလိုက်လျှင်၊ မူလက ကိုင်းရင်းရှိသော ထိုအရှေ့အရပ်သို့သာ လဲကျသွားသကဲ့သို့၊ မူလက ညွတ်ကိုင်းရင်းရှိသော နိဗ္ဗာန်ဆီသို့သာ၊ စိတ် ဓာတ်က ညွတ်ကိုင်းကြောင်းကိုင်း" ထိုသုတ်တို့၌ ဟောတော်မူသေး၏။

ဤသုတ်တို့၌၊ ကာ မယှံ ဂတိ, ကော အဘိသမ္ပရာယော–ဟူ၍၎င်း၊ ရှေး၌ ထုတ်ပြခဲ့သော စူဠဒုက္ခက္ခန္ဓသုတ်၌ ကောသု နာမ မေ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီနော–ဟူ၍၎င်း၊ မဟာနာမ်မင်း၏ လျှောက်ထားပုံကို တွေ့ရသောကြောင့် လားရမည့် ဂတိ၌ ယုံမှားခြင်း, ပယ်ပြီး မပယ်ရသေးသော ကိလေသာ၌ ယုံမှားခြင်း, တို့သည်၊ အချို့ သောတာပန် သကဒါဂါမ်တို့အား ဖြစ်တတ်ကြသေးသည်ဟု သိအပ်၏။ သို့သော်လဲ ထိုသို့သော ယုံမှားများ ရှိသည့်အတွက်ကြောင့် ဝိစိကိစ္ဆာ မကင်းသေး

ဟူ၍ကား မဆိုအပ်ပေ၊ အကြောင်းမူကား ... ဤသို့သော ယုံမှားတွေးတောမှုသည် မဂ်ဖြင့် ပယ်အပ်ပယ်ထိုက်သော ဝိစိကိစ္ဆာကိလေသာ မဟုတ်ပေ။ ကင်္ခါဝိတရဏဝိသုဒ္ဓိ အရာ၌ ဖော်ပြခဲ့သော, အတ္တဒိဋ္ဌိ ဥပနိဿယ ရှိသော ယုံမှား ရှစ်မျိုး, တဆဲ့ခြောက်မျိုးသည် သာလျှင်၊ ပဟာတဗ္ဗ ဝိစိကိစ္ဆာ ကိလေသာ ဖြစ်ပေသည်။

## မဟာပစ္စဝေက္ခဏာ (၇)ပါး

ယခုအခါ၌ မူလပဏ္ဏာသ ကောသမ္ဗိယသုတ်၌ လာသော သောတာပန်ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာ (၇)ပါးကို ထုတ်ပြဦးအံ့။

ကထဉ္စ ဘိက္ခဝေ ယာယံ ဒိဋ္ဌိ အရိယာ နိယျာနိကာ နိယျာတိ တက္ကရဿ သမ္မာဒုက္ခက္ခယာယ=ရဟန်းတို့!အပြစ်ကင်းသော ထွက်သွားတတ်သော (သူ့ကိစ္စကို ကျေကုန်အောင် ဆောင်ရွက်တတ်သော) အကြင် သောတာပတ္တိမဂ် အသိအမြင်သည် ရှိ၏၊ ထိုအသိအမြင်သည် ထိုမဂ်အကျင့်ကို ကျင့်သောသူ၏ အမှန်အတိုင်း ဆင်းရဲကုန်ဘို့ရန် အဘယ်သို့ ထွက်သွားပါသနည်း=ကိလေသာကို ကင်းငြိမ်းစေလျက် သူ့ကိစ္စကို ကျေကုန်အောင် အဘယ်သို့ ဆောင်ရွက်ပါသနည်းဟူမူ။ (ပါဠိနှင့်မြန်မာပြန်)

(၁) ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ ဣတိ ပဋိသဉ္စိက္ခတိ၊ အတ္ထိနုခေါ မေ တံ ပရိယုဋ္ဌာနံ အဇ္ဈတ္တံ အပ္ပဟီနံ၊ ယေနာဟံ ပရိယုဋ္ဌာနေန ပရိယုဋ္ဌိတစိတ္တော ယထာဘူတံ နပ္ပဇာနေယျံ န ပဿေယျန္တိ။ “သစေ ဘိက္ခဝေ ဘိက္ခု ကာမရာဂပရိယုဋ္ဌိတော ဟောတိ၊ ပရိယုဋ္ဌိတစိတ္တောဝ ဟောတိ။ သစေ ဘိက္ခဝေ ဘိက္ခု ဗျာပါဒပရိယုဋ္ဌိတော၊ ထိနမိဒ္ဓပရိယုဋ္ဌိတော၊ ဥဒ္ဓစ္စကုက္ကုစ္စပရိယုဋ္ဌိတော၊ ဝိစိကိစ္ဆာပရိယုဋ္ဌိတော ဣဓ လောကစိန္တာယ ပသုတော၊ ပရလောကစိန္တာယ ပသုတော ဟောတိ၊ ပရိယုဋ္ဌိတစိတ္တောဝ ဟောတိ။ သစေ ဘိက္ခဝေ ဘိက္ခု ဘဏ္ဍနဇာတော ကလဟဇာတော ဝိပါဒါပန္နော အညမည မုခသတ္တီဟိ ဝိတုဒန္တော ဝိဟရတိ၊ ပရိယုဋ္ဌိတစိတ္တောဝ ဟောတိ”။ သော ဧဝံ ပဇာနာတိ၊ နတ္ထိ ခေါ မေတံ ပရိယုဋ္ဌာနံ အဇ္ဈတ္တံအပ္ပဟီနံ၊ ယေနာဟံ ပရိယုဋ္ဌာနေန ပရိယုဋ္ဌိတစိတ္တော ယထာဘူတံ နပ္ပဇာနေယျံ၊ န ပဿေယျံ၊ သုပ္ပဏိဟိတံ မေ မာနသံ သစ္စာနံ ဗောဓာယာတိ။ ဣဒမဿ ပဌမံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ (ပါဠိ)

ရဟန်းတို့ ဤသာသနာ၌ ရဟန်းသည် (အရိယာပုဂ္ဂိုလ်သည်)တောအရပ်, သစ်ပင်အောက်, ဆိတ်ငြိမ်ရာ,သို့ကပ်လျက် ဤသို့ဆင်ခြင်၏။ အကြင် ပရိယုဋ္ဌာန်ကိလေသာက စိတ်ကိုထကြွပိတ်ပင်သောကြောင့် ငါသည် ဟုတ်တိုင်းမှန်စွာ မသိနိုင် မမြင်နိုင်ရာ၊ ထိုသို့ မသိမမြင်နိုင်အောင် ပိတ်ပင်တတ်သော ပရိယုဋ္ဌာန် ကိလေသာသည် ငါ၏ကိုယ်တွင်း သန္တာန်၌ မပယ်ရသေးဘဲ မကင်းသေးဘဲများ ရှိသေးသလောဟု ဆင်ခြင်၏။ (ဤမှ နောက်၌ကား ပုထုဇဉ် သေက္ခတို့၏ သန္တာန်၌ ဖြစ်ပေါ်တတ်သော ပရိယုဋ္ဌာန်များကို သရုပ်အားဖြင့် ဖော်ပြ၏၊ အရိယာ၏ သန္တာန်၌ ထို ပရိယုဋ္ဌာန် အလုံးစုံ ဖြစ်သည်ဟု ဆိုလိုသည်ကားမဟုတ်)။ ။ရဟန်းတို့! ရဟန်းသည် ကာမရာဂ ထကြွလွှမ်းမိုးအပ်လျှင်, ထကြွလွှမ်းမိုးအပ်သော စိတ်ရှိသေးသည်သာတည်း။ ရဟန်းတို့ ! ရဟန်းသည် ဗျာပါဒ ထကြွလွှမ်းမိုးခံရလျှင်, ထိနမိဒ္ဓ ထကြွလွှမ်းမိုးခံရလျှင်, ဥဒ္ဓစ္စ ကုက္ကုစ္စ ထကြွလွှမ်းမိုးခံရလျှင်, ဝိစိကိစ္ဆာ ထကြွလွှမ်းမိုးခံရလျှင်, မျက်မှောက် လောကကို ကြံဆမှု၌ ဝင်စားမိလျှင်, တပါးသော လောကကို ကြံဆမှု၌ ဝင်စားမိလျှင်, ရန်စလျက် ရန်ဖြစ်လျက် ငြင်းခုံလျက် အချင်းချင်း နှုတ်လှံထိုးလျက် နေမိလျှင်, ထကြွလွှမ်းမိုးအပ်သော စိတ်ရှိသေးသည် သာတည်း။ (ဤတိုင်အောင် ပရိယုဋ္ဌာန်၏ သရုပ်ကို ပြသည်)။ ။ထိုရဟန်းသည် ဤသို့ သိလေ၏။ အကြင် ပရိယုဋ္ဌာန်ကိလေသာက စိတ်ကိုလွှမ်းမိုးပိတ်ပင်သောကြောင့် ငါသည် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ၊ ထိုသို့မသိမမြင်နိုင်အောင် ပိတ်ပင်တတ်သော ပရိယုဋ္ဌာန် ကိလေသာသည် ငါ၏ကိုယ်တွင်း၌ မပယ်ရသေးဘဲ ကြွင်းကျန်လျက် မရှိတော့ပြီ၊ သစ္စာလေးပါး အမှန်တရားတို့ကို သိမြင်ရန် ငါသည် စိတ်ကိုကောင်းစွာထားအပ်ပေပြီဟု သိလေ၏။ သောတာပန် အရိယာဖြစ်သော ဤရဟန်းသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့နှင့်သာဆိုင်သော၊ လောကုတ္တရာကိုမှီ၍ဖြစ်သော ဤ ပဌမ ပစ္စဝေက္ခဏာဉာဏ်ကို ရအပ်ပေ၏။ (မြန်မာပြန်။ စကားထပ်သော ပါဠိအချို့ကိုချန်ထားသည်၊ အပြည့်အစုံ အလိုရှိလျှင် ကျမ်းရင်းကို ကြည့်ပါလေ)။

အရိယာပုဂ္ဂိုလ်အား၊ ဝိပဿနာ ရှုမှတ်ဆဲ၌၊ ဖြစ်ထိုက်သော အချို့ပရိယုဋ္ဌာန်များသည် တရံတခါ၌ ဖြစ်ပေါ်လာငြားသော်လဲ ရုပ်–နာမ်တို့၏ အဖြစ်အပျက်ကို မှန်ကန်စွာ မသိနိုင်အောင်ကားမပိတ်ပင်နိုင်ကုန်ပြီ၊ ဖြစ်ပေါ်လာသော ထိုပရိယုဋ္ဌာန်များကိုလဲ ချက်ခြင်းပင် မှတ်လျက် မှတ်လျက် ပယ်ဖျောက်နိုင်၏။ ထို့ကြောင့် မှတ်လျက် မှတ်လျက် မှန်ကန်စွာ သိမြင်ပင် သိမြင်နိုင်ပေ၏။ အမှတ်အသိ ကောင်းမြဲပင် ကောင်းလျက်ရှိပေ၏။ မမှတ်နိုင်ဘဲ ကြာမြင့်စွာ စိတ်လွင့်ပါးမှုမရှိ၊ ဝိပဿနာ အရှိန် အထူးကောင်းနေဆဲ၌ကား ပရိယုဋ္ဌာန်ပင် လုံးဝမဖြစ်ပေါ်လာပြီ။ သို့ဖြစ်၍, ဝိပဿနာ ရှုမှတ်လျက် စူးစမ်းဆင်ခြင်သော အရိယာသည် ရုပ်နာမ် အဖြစ်အပျက်တို့ကို မှန်ကန်စွာမသိနိုင်အောင် ပိတ်ပင်သော ပရိယုဋ္ဌာန် ကိလေသာကို မတွေ့ရသောကြောင့်၊ ဤသို့ သိမြင်ဆုံးဖြတ်နိုင်ပေသည်)။

(၂) ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ဣမံန ခေါ အဟံ ဒိဋ္ဌိံ အာသေဝန္တော ဘာဝေန္တော ဗဟုလီကရောန္တော လဘာမိ ပစ္စတ္တံ သမထံ၊ လဘာမိ ပစ္စတ္တံ နိဗ္ဗုတိန္တိ။ သော ဧဝံ ပဇာနာတိ၊ ဣမံ ခေါ အဟံ ဒိဋ္ဌိံ အာသေဝန္တော ဘာဝေန္တော ဗဟုလီကရောန္တော လဘာမိ ပစ္စတ္တံ သမထံ၊ လဘာမိ ပစ္စတ္တံ နိဗ္ဗုတိန္တိ။ ဣဒမဿ ဒုတိယံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ၊ (ပါဠိ)

ရဟန်းတို့! တဖန် ဆင်ခြင်ပုံ တမျိုးကား၊ အရိယာ သာဝကသည် ဤသို့ ဆင်ခြင်၏။ ဤ အသိအမြင်ကို မှီဝဲလျက်, ဖြစ်ပွါးစေလျက်, အကြိမ်များစွာ လေ့လာနေသော ငါသည် မိမိ စိတ်၌ ငြိမ်သက်တည်ကြည်ခြင်းကို ရပါ၏လော့? (ပုံ့လွင့်ပြေးသွားမှု နီဝရဏပရိယုဋ္ဌာန်တို့၏ ငြိမ်းခြင်းကို ရပါ၏လောဟု ဆိုလို၏) မိမိစိတ်၌ ကိလေသာ ငြိမ်းခြင်းကို ရပါ၏လော့? (ရှုမှတ်မိတဲ့ အာရုံ၌ ကိလေသာ မဖြစ်နိုင်ခြင်းကို ရပါ၏လောဟု ဆိုလို၏)ဟု ဆင်ခြင်၏။ ထို အရိယာ သာဝကသည် ဤသို့ သိလေ၏၊ ဤ အသိအမြင်ကို မှီဝဲလျက်, ဖြစ်ပွါးစေလျက်, အကြိမ်များစွာ လေ့လာနေသော ငါသည် မိမိစိတ်၌ ငြိမ်သက်တည်ကြည်ခြင်း=နီဝရဏငြိမ်းခြင်းကို အမှန်ပင်ရပါပေ၏။ မိမိစိတ်၌ အနုသယကိလေသာ ငြိမ်းခြင်းကို အမှန်ပင်ရပါပေ၏ဟု သိလေ၏။ ဤသောတာပန် အရိယာသာဝကသည် ပုထုဇဉ်တို့နှင့်လုံးဝမဆိုင်, အရိယာတို့နှင့်သာဆိုင်သော လောကုတ္တရာကို မှီ၍ ဖြစ်သော ဤ ဒုတိယ ပစ္စဝေက္ခဏာဉာဏ်ကိုလဲ ရအပ်ပေ၏။ (မြန်မာပြန်)

(မဂ်အသိအမြင်ကို ရပြီးသောအရိယာသည် ဝိပဿနာအသိအမြင်ကို အဖန်ဖန်ဖြစ်စေလျက်၊ ထိုမဂ် အသိအမြင်ကို မှီဝဲ၏၊ ပွါးစေ၏၊ အကြိမ် များစွာ ပြု၏။ ဤသို့ ပြုခြင်းကြောင့် ပရိယုဋ္ဌာန် နီဝရဏ ကိလေသာ ငြိမ်းသည်ကိုလဲ ကိုယ်တိုင်တွေ့ရ၏။ မှတ်သိပြီးသော အာရုံတိုင်း အာရုံတိုင်းနှင့် စပ်၍ ကိလေသာ မဖြစ်နိုင်သည်ကိုလဲ ကိုယ်တိုင်တွေ့ရ၏။ထို့ကြောင့်, ဆင်ခြင်သော ကာလ၌ ဤ ဒုတိယ အသိဉာဏ် ဖြစ်ပေါ်ပေသည်။)

(၃) ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယာဟံ ဒိဋ္ဌိယာ သမန္နာဂတော၊ အတ္ထိ နု ခေါ ဣတော ဗဟိဒ္ဓါ အညော သမဏော ဝါ ဗြာဟ္မဏော ဝါ တထာရူပါယ ဒိဋ္ဌိယာ သမန္နာဂတောတိ။ သော ဧဝံ ပဇာနာတိ၊ ယထာရူပါယာဟံ ဒိဋ္ဌိယာ သမန္နာဂတော၊ နတ္ထိ ဣတော ဗဟိဒ္ဓါ အညော သမဏော ဝါ ဗြာဟ္မဏော ဝါ တထာရူပါယ ဒိဋ္ဌိယာ သမန္နာဂတောတိ။ ဣဒမဿ တတိယံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ (ပါဠိ)

ရဟန်းတို့! တဖန် ဆင်ခြင်ပုံ တမျိုးကား, ... အရိယာ သာဝကသည် ဤသို့ ဆင်ခြင်၏။ ငါသည် အကြင်သို့သော မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ (ဒွါရ ၆-ပါး၌ ဖြစ် ပျက်တိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ပေါ်စဉ်အတိုင်း မှန်ကန်စွာ သိအောင် အားထုတ်ရသည့်) ဤသာသနာမှ အပြင်ပ၌ တခြားတပါးသော ရဟန်းဖြစ်စေ, သူမြတ် ဖြစ်စေ, ထိုသို့သော မဂ်ဉာဏ် အမြင်နှင့်ပြည့်စုံသူ ရှိလေသလောဟု ဆင်ခြင်၏။ ထို အရိယာသာဝကသည် ဤသို့ သိလေ၏။ (ဒွါရ ၆-ပါး၌ ဖြစ်ပျက်တိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ပေါ်စဉ်အတိုင်း မှန်ကန်စွာသိအောင် အားထုတ်ရသည့်) ဤသာသနာမှ အပြင်ပ၌ တခြားတပါးသော ရဟန်းဖြစ်စေ, သူမြတ်ဖြစ်စေ, ငါ့မှာဖြစ်ပေါ်သော မဂ်ဉာဏ်အမြင်မျိုးနှင့် ပြည့်စုံသူမရှိတော့ပြီဟု သိလေ၏။ ဤသောတာပန် အရိယာသာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့နှင့်သာဆိုင်သော လောကုတ္တရာကို မှီ၍ဖြစ်သော ဤ တတိယ ပစ္စဝေက္ခဏာဉာဏ်ကိုလဲ ရအပ်ပေ၏။ (အနည်းငယ် ချုံး၍ ပြန်ဆိုသည်။)

## အရိယာမှာ သင့်နိုင်သော အာပတ်

(၄) ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ ဓမ္မတာယ သမန္နာဂတောတိ။ ကထံရူပါယ စ ဘိက္ခဝေ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ ဓမ္မတာ ဧသာ ဘိက္ခဝေ ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ ကိဉ္စာပိ တထာရူပိံ အာပတ္တိံ အာပဇ္ဇတိ၊ ယထာရူပါယ အာပတ္တိယာ ဝုဋ္ဌာနံ ပညာယတိ၊ အထခေါ နံ ခိပ္ပမေဝ သတ္ထရိ ဝါ ဝိညူသု ဝါ သဗြဟ္မစာရီသု ဒေသေတိ ဝိဝရတိ ဥတ္တာနီကရောတိ၊ ဒေသေတွာ ဝိဝရိတွာ ဥတ္တာနီကတွာ အာယတိံ သံဝရံ အာပဇ္ဇတိ။ သေယျထာပိ ဘိက္ခဝေ ဒဟရော ကုမာရော မန္ဒော ဥတ္တာနသေယျကော ဟတ္ထေန ဝါ ပါဒေန ဝါ အင်္ဂါရံ အက္ကမိတွာ ခိပ္ပမေဝ ပဋိသံဟရတိ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဓမ္မတာ ဧသာဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ၊ ကိဉ္စာပိ–ပေ–သံဝရံ အာပဇ္ဇတိ။ သော ဧဝံ ပဇာနာတိ၊ ယထာရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ ဓမ္မတာယ သမန္နာဂတောတိ၊ ဣဒမဿ စတုတ္ထံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ (ပါဠိ)

ရဟန်းတို့! တဖန် ဆင်ခြင်ပုံ တမျိုးကား, ... ရဟန်းဖြစ်သော အရိယာ သာဝကသည် ဤသို့ ဆင်ခြင်၏။ မဂ် အသိအမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အကြင်သို့သော ပင်ကိုသဘောနှင့်ပြည့်စုံ၏၊ ထိုသို့သောပင်ကိုသဘောနှင့် ငါလဲပြည့်စုံပါ၏လောဟု ဆင်ခြင်၏။ ရဟန်းတို့ ! မဂ်အသိအမြင်နှင့် ပြည့်စုံသော ရဟန်း ပုဂ္ဂိုလ်သည် အဘယ်သို့သော ပင်ကိုသဘောနှင့် ပြည့်စုံပါသနည်း ဟူမူ၊ ရဟန်းတို့ ! မဂ် အသိ အမြင်နှင့် ပြည့်စုံသော ရဟန်းပုဂ္ဂိုလ်သည် ကုစားနိုင်ကောင်းသော အာပတ်

အပြစ်သို့ တရံတခါ ရောက်ငြားသော်လဲ၊ ထိုအာပတ်အပြစ်ကို ဘုရားထံမှာဖြစ်စေ, ပညာရှိ သတင်းသုံးဘော်များထံမှာဖြစ်စေ, လျင်စွာသာလျှင် ပြောကြားဖေါ်ပြ၏၊ ပြောကြား ဖေါ်ပြပြီးလျှင် နောက်ကာလ၌ စောင့်ရှောက်၏၊ လျင်စွာ ပြောကြား၍ စောင့်ရှောက်ရာ၌ ဥပမာကား … ပက်လက် အိပ်တတ်ကာမျှနုနယ်လှသော ကလေးသူငယ်သည် မီးကျီးခဲကို လက်ခြေဖြင့် ဖိမိလျှင်၊ ထိုလက်ခြေကို လျင်စွာသာလျှင် ပြန်၍ ရုပ်သိမ်းလိုက်သကဲ့သို့၊ ထို့အတူပင်၊ သင့်မိသော အာပတ်အပြစ်ကို လျင်စွာပြောကြား၍ နောင်ကာလ၌ စောင့်ရှောက်၏။

(အရိယ သာဝကော ဟိ အာပတ္တိံ အာပဇ္ဇန္တော ဂရုကာပတ္တိသု ကုဋိကာရ သဒိသံ, လဟုကာပတ္တိသု သဟသေယျာဒိ သဒိသံ, အစိတ္တကာပတ္တိံယေဝ အာပဇ္ဇတိ၊ တမ္ပိ အသဉ္စိစ္စ၊ နော သဉ္စိစ္စ၊ အာပန္နံ န ပဋိစ္ဆာဒေတိ– အရိယာသာဝက ဖြစ်သော ရဟန်းသည် အာပတ်သို့ရောက်ခဲ့ပါလျှင်, ဂရုကအာပတ်ထဲက ကုဋိကာရအာပတ်မျိုးလဟုက အာပတ်ထဲက သဟသေယျ စသော အာပတ်မျိုး, တည်းဟူသော အစိတ္တကပဏ္ဏတ္တိဝဇ္ဇ အာပတ်သို့သာလျှင် ရောက်၏။ ထို အာပတ်သို့လဲ လွန်ကျူးလို သောစေတနာဖြင့် မစေ့ဆော်မူ၍သာလျှင်ရောက်၏။ စေ့ဆော်အားထုတ်၍ကားမရောက်၊ ရောက်မိသောအာပတ်ကို မဖုံးလွှမ်း တတ်။ ။ အာပတ္တိ ပဋိဂ္ဂါဟကေ သဘာဂပုဂ္ဂလေ သတိ ဧကံ ဒိဝသံ ဝါရတ္တိံ ဝါ အနဓိဝါသေတွာ ရတ္တိစတုရင်္ဂေပိ တမေ သဘာဂဘိက္ခုနော ဝသနဋ္ဌာနံ ဂန္တွာ ဒေသေတိ ယေဝ=အာပတ်ကို ခံမည့် သဘာဂ ရဟန်းရှိလျှင်၊ တနေ့တညဥ့်မျှ မအောင့် မဆိုင်းမူ၍၊ အင်္ဂါလေးပါးရှိသော ညဥ့်အမှောင်ထဲ၌သော်လဲ၊ သဘာဂရဟန်း၏ နေရာသို့သွား၍၊ အာပတ်ကိုပြောကြားသည် သာတည်း။ အဋ္ဌကထာဖွင့်များပေတည်း။ ။ လူဝတ်ကြောင် အရိယာသည်လည်း မိမိအပြစ်ကို မဖုံးကွယ်လိုဘဲ ရှိရာ၏၊ သဘာဂ ပုဂ္ဂိုလ်က မေးလျှင်၊ မှန်ကန်သော မိမိ၏အပြစ်ကို ဝန်ခံနိုင်ရာ၏)။

ဤသို့ မိမိ၏အာပတ်အပြစ်ကို လျင်စွာပြောကြားဖေါ်ပြ၍၊ နောင်ကာလ၌ စောင့်ရှောက်ခြင်းသည် မဂ်အသိအမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ပင်ကိုရင်း သဘောပေတည်း။ ။ (အကြောင်း တစုံတခုကို ငဲ့၍ မဟုတ်ဘဲ အလိုလိုပင် ပြီးစီးမြဲ သဘောဟု ဆိုလို၏)။ ။ ဆင်ခြင်သော ထိုအရိယာသာဝက ရဟန်းသည် ဤသို့ သိလေ၏။ မဂ် အသိအမြင်နှင့် ပြည့်စုံသော သူအား ပြည့်စုံမြဲဖြစ်သော "အပြစ်ကို မဖုံးကွယ်လိုခြင်း, စောင့်ရှောက်ခြင်း ဟူသော" ထိုပင်ကိုသဘောနှင့် ငါလဲ ပြည့်စုံပါပေ သည်ဟု သိလေ၏။ ဤ သောတာပန် အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝ မဆိုင်, အရိယာတို့နှင့်သာ ဆိုင်သော၊ လောကုတ္တရာကို မှီ၍ဖြစ်သော ဤ စတုတ္ထ ပစ္စဝေက္ခဏာ ဉာဏ်ကိုလဲ ရအပ်ပေ၏။ (အချို့ကို ချုံး၍ ပြန်ဆိုသည်)

(၅) ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာ ရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ ဓမ္မတာယ သမန္နာဂတောတိ။ ကထံရူပါယ စ ဘိက္ခဝေ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ ဓမ္မတာ ဧသာ ဘိက္ခဝေ ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ၊ ကိဉ္စာပိ ယာနိ တာနိ သဗြဟ္မစာရီနံ ဥစ္စာဝစာနိ ကိံကရဏီယာနိ၊ တတ္ထ ဥဿုက္ကမာပန္နော ဟောတိ၊ အထ ခွဿ တိဗ္ဗာပေက္ခာ ဟောတိ အဓိသီလသိက္ခာယ အဓိစိတ္တသိက္ခာယ အဓိပညာသိက္ခာယ။ သေယျထာပိ ဘိက္ခဝေ ဂါဝီတရုဏဝစ္ဆာ ထမ္ဘဉ္စ အာလုမ္ပတိ၊ ဝစ္ဆကံ စ အပစိနတိ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဓမ္မတာ ဧသာ ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ၊ ကိဉ္စာပိ–ပေ–အဓိပညာသိက္ခာယ။ သော ဧဝံ ပဇာနာတိ၊ ယထာရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ ဓမ္မတာယ သမန္နာဂတောတိ။ ဣဒမဿ ပဉ္စမံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ (ပါဠိ)

ရဟန်းတို့ ! တဖန် ဆင်ခြင်ပုံ တမျိုးကား, … အရိယာ သာဝကသည် ဤသို့ ဆင်ခြင်၏။ မဂ်အသိ အမြင်ရှိသော ပုဂ္ဂိုလ်မှာ ပြည့်စုံမြဲ ဖြစ်သော ပင်ကိုသဘောနှင့် ငါလဲ ပြည့်စုံပါ၏လောဟု ဆင်ခြင်၏။ ထိုပင်ကိုသဘောက အဘယ်နည်း ဟူမူ၊ ရဟန်းတို့။ သီတင်းသုံးဘော်တို့နှင့် ဆိုင်ကုန်သော "သင်္ဃန်း ချုပ်ခြင်း, ဆိုးခြင်း, စေတီ၌ အင်္ကတေသုတ်ခြင်း စသော မြတ်သောအမှု၊ မထေရ်ကြီးများ၏ ခြေကို ရေ ဆေးပေးခြင်း, ဆီ လိမ်းပေးခြင်း စသော ယုတ်သော အမှုတည်းဟူသော" ဘာ လုပ်ရမလဲ ဟု မေး၍ ပြုထိုက်သော ကိစ္စတို့၌ အရိယာရဟန်းသည် မလွှဲသာ၍ ကြောင့်ကြ စိုက်ထုတ် ပြုလုပ်ရသော်လဲ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ ဟူသော သိက္ခာ ၃–ပါးကိုကျင့်မှု၌ အားကြီးသော ငဲ့ကွက်ခြင်း လိုလားခြင်း ရှိ၏။ ဥပမာ … မွေးခါစသားငယ်ရှိသော နွားမသည် မလွှဲသာ၍ မြက် အစာကို စားရသော်လဲ နွားငယ် သားကလေးကို ဆင်ခြင် ကြည့်ရှု သကဲ့သို့ပင်တည်း။ မလွှဲသာ၍ ကိစ္စကြီးငယ်ကို ပြုရသော်လဲ သီလ, သမာဓိ, ပညာ အကျင့်ကို ကျင့်ရန် ထက်သန်စွာသော ဤ ငဲ့ကွက်ခြင်း လိုလားခြင်းသည် မဂ်အသိ အမြင်ရှိသော ပုဂ္ဂိုလ်၏ ပြည့်စုံမြဲ ပင်ကိုသဘောပေတည်း။ ဆင်ခြင်သော ထို အရိယာ သာဝက ရဟန်းသည် ဤသို့ သိလေ၏။ မဂ်အသိ အမြင်ရှိသော ပုဂ္ဂိုလ်၏ ပြည့်စုံမြဲဖြစ်သော "သိက္ခာ ၃–ပါးကို ကျင့်ရန် ထက်သန်စွာ လိုလားခြင်းဟူသော" ထို ပင်ကိုသဘောနှင့် ငါလဲ ပြည့်စုံပါပေသည် ဟု သိလေ၏။ ဤ သောတာပန် အရိယာသာဝကသည်၊ ပုထုဇဉ်တို့နှင့် လုံးဝ မဆိုင်, အရိယာတို့နှင့်သာ ဆိုင်သော လောကုတ္တရာကို မှီ၍ဖြစ်သော ဤ ပဉ္စမ ပစ္စဝေက္ခဏာ ဉာဏ်ကိုလဲ ရအပ်ပေ၏။ (သိလွယ်အောင် ချုံး၍ ပြန်ထားသည်)

(၆) ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယ ဓလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါ ဓလတာယ သမန္နာဂတောတိ။ ကထံရူပါယ စ ဘိက္ခဝေ ဓလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ ဓလတာ ဧသာ ဘိက္ခဝေ ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ၊ ယံ တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ ဒေသိယမာနေ အဋ္ဌိကတွာ မနသိကတွာ သဗ္ဗစေတသာ သမန္နာဟရိတွာ ဩဟိတသောတော ဓမ္မံ သုဏာတိ။ သော ဧဝံ ပဇာနာတိ၊ ယထာရူပါယ ဓလတာယ–ပေ–သမန္နာဂတောတိ။ ဣဒမဿဆဋ္ဌံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။(ပါဠိ)

ရဟန်းတို့ ! တဖန်ဆင်ခြင်ပုံ တမျိုးကား…အရိယာသာဝကသည် ဤသို့ဆင်ခြင်၏။ အရိယာမှာ ပြည့်စုံမြဲ ဖြစ်သော ခွန်အားနှင့် ငါလဲ ပြည့်စုံပါ၏လော ဟု ဆင်ခြင်၏။ ထိုခွန်အားက အဘယ်နည်းဟူမူ၊ ရဟန်းတို့ ! ဘုရားဟော အစစ်ဖြစ်သော တရားဝိနည်းကို ဟောပြောနေလျှင် အရိယာ ပုဂ္ဂိုလ်သည် စီးပွါး ဥစ္စာ သဖွယ် လိုလားလျက် နှလုံးသွင်းလျက် ထိုအခိုက်၌ ဖြစ်သော စိတ်အားလုံးဖြင့် အဖန်ဖန် ဆင်ခြင်လျက် နားစွင့်သည်ဖြစ်၍ တရားကို နာကြား၏၊ ဤသို့ တရားကို ရိုရိုသေသေ လိုလိုချင်ချင် စူးစူးစိုက်စိုက်နာခြင်းသည် အရိယာ၏ ပြည့်စုံမြဲ ဖြစ်သော ခွန်အားပေတည်း။ ဆင်ခြင်သော ထို အရိယာသာဝကသည် ဤသို့သိလေ၏။ အရိယာမှာ ပြည့်စုံမြဲဖြစ်သော "တရားကို ရိုသေစွာနာခြင်းတည်းဟူသော" ထိုခွန်အားနှင့်ငါလဲပြည့်စုံပါပေသည်ဟု သိလေ၏။ ဤသောတာပန်အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့်လုံးဝမဆိုင်, အရိယာတို့နှင့်သာ ဆိုင်သော လောကုတ္တရာကို မှီ၍ ဖြစ်သော ဤ ဆဋ္ဌမ ပစ္စဝေက္ခဏာဉာဏ်ကို လဲရအပ်ပေ၏။ သိရုံမျှ ချုံး၍ ပြန်ဆိုသည်)

(၇) ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယ ဓလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ ဓလတာယ သမန္နာဂတောတိ။ ကထံရူပါယ စ ဘိက္ခဝေ ဓလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော။ ဓလတာ ဧသာ ဘိက္ခဝေ ဒိဋ္ဌိသမ္ပန္နဿ ပုဂ္ဂလဿ၊ ယံ တထာဂတ ပ္ပဝေဒိတေ ဓမ္မဝိနယေ ဒေသိယမာနေ လဘတိ အတ္ထဝေဒံ။ လဘတိ ဓမ္မဝေဒံ၊ လဘတိ ဓမ္မူပသံဟိတံ ပါမုဇ္ဇံ။ သော ဧဝံ ပဇာနာတိ၊ ယထာရူပါယ ဓလတာယ–ပေ–သမန္နာဂတောတိ၊ ဣဒ မဿ သတ္တမံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ (ပါဠိ)

ရဟန်းတို့ ! တဖန် ဆင်ခြင်ပုံ တမျိုးကား … အရိယာ သာဝကသည် ဤသို့ ဆင်ခြင်၏။ အရိယာမှာ ပြည့်စုံမြဲဖြစ်သောခွန်အားနှင့် ငါ့လဲပြည့်စုံပါ၏လောဟု ဆင်ခြင်၏။ ထိုခွန်အားက အဘယ်နည်းဟူမူ ရဟန်းတို့ ! ဘုရားဟော အစစ်ဖြစ်သော တရားဝိနည်းကို ဟောပြောနေလျှင် နာကြားသောအရိယာသည် အနက်အဓိပ္ပါယ်ကိုလဲ နှစ်နှစ်ခြိုက်ခြိုက် သဘောကျ၏။ ဒေသနာအစဉ်ကိုလဲ နှစ်နှစ်ခြိုက်ခြိုက် သဘောကျ၏။ တရားနှင့်စပ်ဆိုင်သော နှစ်သိမ့်အားရခြင်းကိုလဲရ၏။ ။ (တရံတခါ၌ ကြက်သီး ထစေလျက် နှစ်သိမ့်အားရခြင်း ဖြစ်တတ်၏။ ရင်ထဲနှလုံးထဲ၌ ဖိုဖိုလှိုက်လှိုက် ဖြစ်စေလျက်လဲ နှစ်သိမ့်အားရခြင်း ဖြစ်တတ်၏)။ ။ တရားနာစဉ်၌ ဤသို့ နားလည်သဘောကျခြင်း, ရွှင်လန်းခြင်း, နှစ်သိမ့်အားရခြင်းသည် အရိယာ၏ပြည့်စုံမြဲခွန်အားပေတည်း။ (နားလည်လောက်သော တရားကို နားလည်လောက်အောင် ဟောပြောသည် ကိုသာယူရာ၏)။ ။ ဆင်ခြင်သော ထိုအရိယာသာဝကသည် ဤသို့ သိလေ၏၊ တရားနာစဉ်၌ အနက် အဓိပ္ပါယ် ဒေသနာ အစဉ်ကို သဘောကျ၍ ရွှင်လန်းခြင်း နှစ်သိမ့်အားရခြင်းဟူသော အရိယာ၏ ခွန်အားနှင့် ငါ့လဲ ပြည့်စုံပါပေသည်ဟု သိလေ၏။ ဤ သောတာပန် အရိယာသာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့နှင့်သာ ဆိုင်သော လောကုတ္တရာကို မှီ၍ဖြစ်သော ဤသတ္တမ ပစ္စဝေက္ခဏာဉာဏ်ကိုလဲ ရအပ်ပေ၏။ (ချုံး၍ ပြန်ဆိုသည်)

ဧဝံ သတ္တင်္ဂသမန္နာဂတဿ ခေါ ဘိက္ခဝေ အရိယသာဝကဿ ဓမ္မတာ သုသမန္နိဋ္ဌာ ဟောတိ သောတာပတ္တိဖလသစ္ဆိကိရိယာယ၊ ဧဝံ သတ္တင်္ဂသမန္နာဂတော ခေါ ဘိက္ခဝေ အရိယသာဝကော သောတာပတ္တိဖလသမန္နာဂတော ဟောတိ။ (ပါဠိ၊ နိဂုံးစကား)

ရဟန်းတို့ ! ဤ ဟောခဲ့သည့် အတိုင်း မဟာ ပစ္စဝေက္ခဏာဉာဏ် (၇) ပါးတည်းဟူသော အင်္ဂါ (၇)ပါးနှင့် ပြည့်စုံသော အရိယာသာဝကသည်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသောဉာဏ်ဖြင့် အရိယာ၏ ဖြစ်မြဲရိုးရာ ဓမ္မတာသဘောကို ကောင်းစွာ အပြည့်အစုံအစဉ်လိုက်၍ ရှာမှီးအပ်ပြီး ဖြစ်လေ၏။ ရဟန်းတို့ ! ဤ ဟောခဲ့သည့်အတိုင်း မဟာပစ္စဝေက္ခဏာ ဉာဏ် (၇) ပါးတည်းဟူသော အင်္ဂါ (၇)ပါးနှင့်ပြည့်စုံသော အရိယာသာဝကသည် သောတာပတ္တိဖိုလ်နှင့်ပြည့်စုံသော သောတာပန် ပုဂ္ဂိုလ်ပေတည်း။ ။(ဤသည်ကား ဒေသနာ၏မြန်မာပြန်နိဂုံးစကားတည်း။ ဤမဟာပစ္စဝေက္ခဏာဆိုင်ရာ ပါဠိ အနက်တို့ကို အတိအကျအလိုရှိလျှင် တတ်သိနားလည်သော ပုဂ္ဂိုလ်ထံမှ ယူကြပါလေ)။

**ပစ္စဝေက္ခဏာဉာဏ် ပြီး၏။**

## ဖလသမာပတ် ဝင်စားပုံ

ကာ ဖလသမာပတ္တီတိ?ယာ အရိယဖလဿ နိရောဓေ အပ္ပနာဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ရုပ်နာမ် သင်္ခါရအလုံးစုံ ချုပ်ငြိမ်းကင်းဆိတ်သော နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေဘိသကဲ့သို့ အရိယာဖိုလ်စိတ်၏ဖြစ်ခြင်းသည် ဖလသမာပတ်မည်၏။

ဤဖလသမာပတ်ကို ပုထုဇဉ်တို့သည် မရဘူးသေးသောကြောင့် မဝင်စားနိုင်ကုန်၊ အလုံးစုံသောအရိယာတို့သည် ရပြီးဖြစ်သောကြောင့် ဝင်စားနိုင်ကုန်၏။ သို့သော်လဲ မိမိတို့ရဆဲဖြစ်သော ဖိုလ်တပါးကိုသာလျှင် ဝင်စားနိုင်ကုန်၏။ ရဘူးသော အောက်ဖိုလ်နှင့်, မရသေးသော အထက်ဖိုလ်တို့ကိုကား မဝင်စားနိုင်ကုန်။ ဤ အရာတွင်, "သမာဓိသိက္ခာ၌ အပြည့်အစုံ ပြုကျင့်ပြီးသော အနာဂါမ်ရဟန္တာတို့သာလျှင် ဖိုလ်ကိုဝင်စားနိုင်ကုန်၏၊ သောတာပန် သကဒါဂါမ်တို့သည်ကား၊သမာဓိသိက္ခာ၌ အပြည့်အစုံ မပြုကျင့်ရသေးသောကြောင့် မဝင်စားနိုင်ကုန်"ဟူ၍ ဆိုသော ကေစိဝါဒကို ထုတ်ပြပြီးလျှင် ဝိသုဒ္ဓိမဂ်၌ ဤသို့ ရှင်းလင်း ဆုံးဖြတ်လေ၏။ ပုထုဇဉ်ပင် ဖြစ်သော်လဲ မိမိရပြီးသော လောကီသမာပတ်ကို ဝင်စားနိုင်သေး၏၊ အရိယာမှာ မိမိရပြီးဖိုလ်ကို မဝင်စားနိုင်ရန် အကြောင်းမရှိချေ၊ ထို့ပြင်, သောတာပတ္တိ ဖလသမာပတ္တတ္ထာယ, သကဒါဂါမိ ဖလသမာပတ္တတ္ထာယ ဥပ္ပါဒံ အဘိဘုယျတီတိ ဂေါတြဘု- ဤသို့ စသော ပဋိသမ္ဘိဒါ မဂ် ပါဠိတော်ဖြင့် သောတာပတ္တိဖလသမာပတ်, သကဒါဂါမိဖလသမာပတ်တို့လဲ ဖြစ်နိုင်ကြောင်းကို တိုက်ရိုက် ဖေါ်ပြ၏။ သို့ဖြစ်၍၊ အရိယာမှန်လျှင် မိမိ၏ ဖိုလ်ကို ဝင်စားနိုင်သည်ချည်းသာ ဟု ယုံမှားမရှိ ဆုံးဖြတ်အပ်ကြောင်းကို ဝိသုဒ္ဓိမဂ်၌ မိန့်ဆို၏။ ထို့ကြောင့်, အရိယာဖြစ်ပါလျက် ဖိုလ်ကို မဝင်စားနိုင်သေးလျှင်၊ သမာဓိနှင့် တကွ ကြွင်းသော ဣန္ဒြေတို့ အပြည့်အစုံ မထက်သန်သေးသောကြောင့်ဟူ၍သာ ယူဆရန် ရှိတော့၏။ ထိုသမာဓိန္ဒြေ စသည်တို့ အပြည့်အစုံ ထက်သန်အောင် ဝိပဿနာကိုသာလျှင် အဖန်ဖန် အထပ်ထပ် လေ့လာ ပွါးများစေအပ်၏။ ထက်သန် ပြည့်စုံသောအခါ၌ ဖလသမာပတ်သို့ ရောက်ပါလတ့်။ ဖလသမာပတ်ကို အကြိမ်ကြိမ် ဝင်စားနိုင်ပါမှလဲ စိတ်ချသင့်ပေသည်။

ဝိပဿနာ ပနေသာ တိဝိဓာ ဟောတိ သင်္ခါရပရိဂ္ဂဏှနကဝိပဿနာ ဖလသမာပတ္တိဝိပဿနာ နိရောဓသမာပတ္တိ ဝိပဿနာတိ၊ တတ္ထသင်္ခါရပရိဂ္ဂဏှနကဝိပဿနာ မန္ဒာ ဝါ ဟောတု တိက္ခာ ဝါ၊ မဂ္ဂဿ ပဒဋ္ဌာနံ ဟောတိ ယေဝ။ ဖလသမာပတ္တိ ဝိပဿနာတိက္ခာဝ ဝဋ္ဋတိ မဂ္ဂဘာဝနာသဒိသာ။ နိရောဓသမာပတ္တိဝိပဿနာ ပန နာတိမန္ဒ-နာတိတိက္ခာ ဝဋ္ဋတိ။ (ဝိသုဒ္ဓိမဂ် ၂-၃၄၇၊ ပဋိသံ႒ ၁-၂၈၇)

ဤဝိပဿနာသည် မဂ် အလို့ငှါ သင်္ခါရတို့ကို သိမ်းဆည်းသော ဝိပဿနာ, ဖိုလ် ဝင်စားခြင်းငှါ ရှုသော ဝိပဿနာ, နိရောဓသမာပတ်အလို့ငှါ ရှုသောဝိပဿနာဟူ၍ ၃-ပါးအပြားရှိ၏။ ထိုတွင် သင်္ခါရတို့ကို သိမ်းဆည်းသော ဝိပဿနာသည် နုံ့သည်ဖြစ်စေ, ထက်သည်ဖြစ်စေ, မဂ်၏ နီးသော အကြောင်း ဖြစ်သည်ချည်းသာတည်း။ (ဝိပဿနာနုံ့လျှင် ဒန္ဓာဘိညာမဂ်ကို ပြီးစေ၏၊ ထက်လျှင် ခိပ္ပါဘိညာမဂ်ကို ပြီးစေ၏၊ ဤသည်ကား နုံ့ခြင်းထက်ခြင်း၌ အထူးတည်း၊ ဝုဋ္ဌာနဂါမိနီ၏လက္ခဏာနှင့် ပြည့်စုံလျှင် ဝိပဿနာသည် မဂ်၏အကြောင်း ဖြစ်သည်ချည်း သာတည်း-ဋီကာဖွင့်)။ ။ ဖလသမာပတ္တိ ဝိပဿနာ၊ဖလသမာပတ်အတွက် ဝိပဿနာသည်။ "သင်္ခါရာရမ္မဏောပိ သတိ၊ သင်္ခါရတို့ကို အာရုံပြုငြားသော်လဲ။ သဗ္ဗသင်္ခါရေဟိ ဝိနိဝတ္တနာကာရေနေဝ ပဝတ္တနတော စ၊ သင်္ခါရ အလုံးစုံတို့မှ ဆုတ်နစ်သော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်ခြင်းကြောင့်ငှင်း။ မဂ္ဂေါဝိယ၊ မဂ္ဂဝီထိ၌ ဖိုလ်အား ကျေးဇူးပြုသော မဂ်ကဲ့သို့။ ဝိသင်္ခါရဂတဿ ဖလဿ ပစ္စယဘာဝတော စ၊ သင်္ခါရ ကင်းသော နိဗ္ဗာန်၌ အာရုံပြုလျက် တည်သောဖိုလ်အား ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်ငှင်း"။ (ဋီကာအကြောင်းပြပုဒ်များတည်း)။ မဂ္ဂဘာဝနာသဒိသာ၊ မဂ်ဘာဝနာနှင့် တူသည်ဖြစ်၍။ တိက္ခာဧဝ၊ ထက်သန်သော်သာလျှင်။ ဝဋ္ဋတိ၊ သင့်လျော်၏။ ။ နိရောဓသမာပတ်အတွက် ဝိပဿနာသည်ကား မနုံ့လွန်းမထက်လွန်း အလတ်စားဖြစ်လျှင် သင့်လျော်၏။ (မြန်မာပြန်တဝက်၊နိဿယပြန်တဝက်)

ဤအဋ္ဌကထာတို့၌ "ဖလသမာပတ် အတွက် ဝိပဿနာသည် ထက်သန်မှ သင့်သည်"ဟု ဆိုသော စကားမှာ ဖိုလ်ဝင်စားရန် အားထုတ်စပုဂ္ဂိုလ်၏ ဝိပဿနာကိုရည်၍ ဆိုအပ်သောစကားဖြစ်ရာ၏။ အဘယ့်ကြောင့်နည်းဟူမူ...ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတွင် သင်္ခါရ ပေက္ခာဉာဏ် အဖွင့်၌ အောက်ပါ စကားကိုလဲ တွေ့ရသောကြောင့်ပေတည်း။

သင်္ခါရုပေက္ခာယ တိက္ခဘာဝေ သတိ ကိလေသပ္ပဟာနေ သမတ္ထာယ မဂ္ဂဿ သမ္ဘဝတော တဿာ တိက္ခဘာဝဒဿနတ္ထံ ဝေဝစနပဒေဟိ သဟ ဒဋ္ဌံ ကတွာ မူလပဒါနိ ဝုတ္တာနိ။ ဖလဿ ပန နိ ရုဿာဟဘာဝေန သန္တသဘာဝတ္တာ မဂ္ဂါယတ္တတ္တာ စ မန္ဒဘူတာပိ သင်္ခါရုပေက္ခာ ဖလဿ ပစ္စယော ဟောတီတိ ဒဿနတ္ထံ မူလပဒါနေဝ ဝုတ္တာနီတိ ဝေဒိတဗ္ဗာနိ။ (ပဋိသံ႒ ၁-၂၅၂)

သင်္ခါရုပေက္ခာယ တိက္ခဘာဝေ သတိ၊ သင်္ခါရုပေက္ခာ၏ ထက်သည့်အဖြစ် ရှိလတ်သော်။ ဝါ၊ သင်္ခါရုပေက္ခာ ထက်သန်လျှင်။ ကိလေသပ္ပဟာနေ သမတ္ထဿ မဂ္ဂဿ သမ္ဘဝတော၊ ကိလေသာကို ပယ်စွမ်းနိုင်သော မဂ်၏ ဖြစ်ပေါ်နိုင်ခြင်းကြောင့်။ တဿာ တိက္ခဘာဝဒဿနတ္ထံ၊ မဂ်၏ အကြောင်းဖြစ်သော ထိုသင်္ခါရုပေက္ခာ၏ ထက်သည့်အဖြစ်ကိုပြခြင်းငှါ။ ဝေဝစနပဒေဟိသဟ၊ ဂတိစသော ပရိယာယ်ဝေဝုစ် (၁၀)ပုဒ်တို့နှင့်တကွ။ ဒဋ္ဌံ ကတွာ၊ မြဲမြံစွာ ပြု၍။ မူလပဒါနိ၊ ဥပ္ပါဒ် စသော အရင်းခံ ငါးပုဒ်တို့ကို။ ဝုတ္တာနိ၊ မင်္ဂဝါရ၌ ဟောအပ်ကုန်၏။ ဖလဿ ပန၊ ဖိုလ်သည်ကား။ နိရုဿာဟဘာဝေန သန္တသဘာဝတ္တာ စ၊ အားထုတ်ခြင်း ကင်းသည့်အဖြစ်အားဖြင့် ငြိမ်သက်သော သဘောရှိခြင်းကြောင့်၎င်း။ မဂ္ဂါယတ္တတ္တာစ၊ ရပြီးသော မဂ်နှင့် စပ်၍ ဖြစ်ပေါ်ရခြင်းကြောင့်၎င်း။ (အသစ် ဖြစ်ပေါ်စေရတဲ့ တရားအထူးအဆန်းမဟုတ်၊ ရပြီး မဂ်ကိုပင် မှီ၍ ထိုနှင့် အလား တူစွာသာလျှင် နောက်ထပ် ဖြစ်ပေါ်လာရသော တရားဟောင်း ဖြစ်သောကြောင့်ဟု ဆိုလို၏)။ ။မန္ဒဘူတာပိ၊ နုံ့စွာပင် ဖြစ်ငြားသော်လဲ။ (အပိသဒ္ဒါ ဂရဟာဇောတကတည်း၊ နုံ့သော်လဲ ဖိုလ်ကို ဖြစ်စေနိုင်ပါ၏၊ ထက်လျှင်ကား ဆိုဖွယ် မရှိပြီဟု ဆိုလို၏)။ သင်္ခါရုပေက္ခာ၊ သည်။ ဖလဿ ပစ္စယော ဟောတိ၊ ဖိုလ်အား ကျေးဇူးပြုတတ်ပေ၏။ ဣတိ ဒဿနတ္ထံ၊ ဤသို့ ပြခြင်းငှါ။ မူလပဒါနိ ဧဝ၊ ဥပ္ပါဒ် စသော အရင်းခံ ငါးပုဒ်တို့ကို သာလျှင်။ ဝုတ္တာနိ၊ ဖလသမာပတ် ဝါရ၌ ဟောအပ်ကုန်၏။ ဣတိ ဝေဒိတဗ္ဗာနိ၊ ဤသို့သိအပ်ကုန်၏။

ဖလသမာပတ်ကို ထပ်ကာထပ်ကာ အကြိမ်များစွာ ဝင်စားနိုင်သောအခါ၌၊ ဤ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာစကားနှင့် ညီစွာပင် သင်္ခါရုပေက္ခာဉာဏ် အလွန်မထက်သန်သော်လဲ၊ ဖိုလ်သို့ရောက်သွားသည်ကို မျက်မှောက်တွေ့ရ၍ ဆုံးဖြတ်နိုင်ရာ၏။

ဖိုလ်ဝင်စားခြင်း၏အကျိုးကား ... လောက၌ မင်းများနတ်များသည် မိမိတို့၏ကိုယ်ပိုင်ဖြစ်သော မင်းစည်းစိမ်ချမ်းသာ, နတ် စည်းစိမ် ချမ်းသာ,တို့ကို ခံစားကုန်သကဲ့သို့၊ အရိယာတို့သည်လည်း မိမိတို့၏ကိုယ်ပိုင်ဖြစ်သော ဖိုလ်ချမ်းသာ နိဗ္ဗာန် ချမ်းသာ ဟူသော လောကုတ္တရာ ချမ်းသာကို မျက်မှောက်၌ပင် ခံစားခြင်း အကျိုးငှါ၊ "ဤမျှသော ကာလအတွင်း၌ ဖိုလ်စိတ်ကိုသာ ဖြစ်စေလျက် နေမည်"ဟု ရှေးအဖို့ကပင် ပိုင်းခြား ဓိဋ္ဌာန်၍ အလိုရှိတိုင်းသော ခဏ၌ ဖလသမာပတ်ကို ဝင်စားကုန်၏။ ဖိုလ်ဝင်စားခိုက်၌ ဖြစ်ချည် ပျက်ချည်နှင့် မတည့်တံ့သော သင်္ခါရဒုက္ခဟူသမျှမှ ကင်းဆိတ်ရာသို့ရောက်လျက် ငြိမ်းချမ်းစွာ နေရခြင်းအကျိုးရှိ၏။ ထို့ပြင်, မဂ်ဖိုလ်သို့ ရောက်ပြီးခါစ ပုဂ္ဂိုလ်မှာ ဖိုလ်သို့ အကြိမ်ကြိမ်ရောက်ခြင်း, ဖိုလ်၌ ကြာမြင့်စွာ တည်ခြင်း, တို့ဖြင့် ဆရာသမားနှင့်, သီတင်းသုံးဘော်တို့အား စိတ်ချစေရခြင်း အကျိုးလဲ ရှိပေ၏။

ဖလသမာပတ်သို့ ရောက်ပုံ ... ဒွေ ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတောဝိမုတ္တိယာ သမာပတ္တိယာ သဗ္ဗနိမိတ္တာနဥ္စ အမနသိကာရော, အနိမိတ္တာယ စ ဓာတုယာ မနသိကာရော-ဟူသော မဟာဝေဒလ္လသုတ် ပါဠိနှင့်အညီ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဟူသော သင်္ခါရနိမိတ် အာရုံတို့ကို ရှုမှတ်နေစဉ်မှာပင် ထို သင်္ခါရနိမိတ် အာရုံ အားလုံးကို စွန့်လွှတ်ပြီးလျှင် သင်္ခါရနိမိတ် ကင်းဆိတ်လျက် ငြိမ်သက် ငြိမ်းအေးသော နိဗ္ဗာန်ဓာတ်သို့ စိတ် ရောက်သွားသော အခါ၌ ဖလသမာပတ်သို့ ရောက်၏။ ဝင်စားပုံ အစဉ်ကို အောက်ပါ ဝိသုဒ္ဓိမဂ်ဖြင့် သိအပ်၏။

ဖလသမာပတ္တတ္ထိကေန ဟိ အရိယသာဝကေန ရဟောဂတေန ပဋိသလ္လီနေန ဥဒယဗ္ဗယာဒိဝသေန သင်္ခါရာ ပဿိတဗ္ဗာ။ တဿပဝတ္တာနုပုဗ္ဗဝိပဿနဿ သင်္ခါရာရမ္မဏ ဂေါတြဘုဉာဏာနန္တရာ ဖလသမာပတ္တိဝသေန နိရောဓေ စိတ္တံ အပ္ပေတိ။ ဖလသမာပတ္တိနိန္နတာ ယ စေတ္ထ သေက္ခဿာပိ ဖလမေဝ ဥပ္ပဇ္ဇတိ၊ န မဂ္ဂေါ။ (၂-၃၄၂)

## အရိယာ၏ ဝိပဿနာသည် ဥဒယဗ္ဗယဉာဏ်မှ စသည်

ဖလသမာပတ္တတ္ထိကေန အရိယသာဝကေန၊ ဖိုလ် ဝင်စားလိုသော အရိယာသာဝကသည်။ ပဋိသလ္လီနေန ရဟောဂတေန၊ အပေါင်း အဖော်မှ ဖဲခွါ၍ တကိုယ်ထည်း ကိန်းအောင်းလျက် ဆိတ်ငြိမ်ရာ၌ တည်သည် ဖြစ်၍။ သင်္ခါရာ၊ ဖြစ် ပျက်ဆဲ ရုပ်နာမ် သင်္ခါရတို့ကို။ ဥဒယဗ္ဗယာဒိဝသေန ပဿိတဗ္ဗာ၊ ဥဒယဗ္ဗယဉာဏ် စသည်တို့ အလိုအားဖြင့် ရှုမှတ်အပ်ကုန်၏။ (အရိယာပုဂ္ဂိုလ် ဝိပဿနာရှုလျှင် ဥဒယဗ္ဗယဉာဏ်ကစ၍ ဖြစ်ပေါ်မြဲတည်း၊ ထို့ကြောင့် ဤသို့ဆိုပေသည်)။ ပဝတ္တာနုပုဗ္ဗ ဝိပဿနဿ၊ သင်္ခါရုပေက္ခာတိုင်အောင် ဖြစ်ပေါ်ပြီးသော ဝိပဿနာဉာဏ် အစဉ်ရှိသော။ ဝါ၊ ဝိပဿနာဉာဏ် အစဉ်အတိုင်း ဖြစ်ပေါ်ပြီးသော။ တဿ ထိုအရိယာအား။ သင်္ခါရာရမ္မဏဂေါတြဘုဉာဏာနန္တရာ၊ သင်္ခါရကို အာရုံပြုသော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌။ ။(ပဋိသမ္ဘိဒါမဂ်ကို မှီ၍ ဤ၌ ဂေါတြဘူ ဟု ဆိုပေသည်။ ပဋ္ဌာန်းပါဠိတော်၌ကား သင်္ခါရကို အာရုံပြုသော ဤဉာဏ်ကို၊ အနုလောမဉာဏ်ဟူ၍သာ ဟောတော်မူ၏။ ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ် နောက်ပိုင်း၌ "ဂေါတြဘူတိ စေတ္ထအနုလောမံ ဝေဒိတဗ္ဗံ။ ဝုတ္တံ ဟေတံ ပဋ္ဌာနေ အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော၊ သေက္ခာနံ အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယောတိ"ဟု ဆက်၍ မိန့်ဆိုပြန်ပေသည်)။ ။ ဖလသမာပတ္တိဝသေန၊ ဖိုလ်သို့ရောက်သည့် အလိုအားဖြင့်။ စိတ္တံ၊ စိတ်သည်။ နိရောဓေ အပ္ပေတိ၊ သင်္ခါရချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံ၌ ဝင်ရောက်၏။ စ၊ ဆက်ဦးအံ့၊ ဧတ္ထ၊ ဤအရာ၌။ ဖလသမာပတ္တိနိန္နတာယ၊ ဖလသမာပတ်သို့ ညွတ်သည်၏ အဖြစ်ကြောင့်။ သေက္ခဿာပိ၊

သေက္ခ ပုဂ္ဂိုလ်အား သော်လဲ။ (အပိသဒ္ဒါ ဂရဟာဇောတက၊ အသေက္ခ ရဟန္တာမှာ ဆိုဘွယ် မရှိ ဟူလို)။ ဖလမေဝ ဥပ္ပဇ္ဇတိ၊ ဖိုလ်သာလျှင် ဖြစ်ပေါ်၏။ န မဂ္ဂေါ၊ အထက်မဂ်ကား မဖြစ်ပေါ်ပေ။

အရိယာပုဂ္ဂိုလ် ဝိပဿနာရှုလျှင် အဖြစ်အပျက်မှစ၍ ထင်ပေါ်၏။ အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အစဉ်အတိုင်း ဝိပဿနာဉာဏ်များ ဖြစ်ပေါ်ပြီးလျှင် မကြာမီပင် သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်တတ်၏။ သို့ဖြစ်၍, ဖိုလ်ဝင်စားရန် ဝိပဿနာ ရှုသော အရိယာအား ဥဒယဗ္ဗယဉာဏ်မှ စ၍ သင်္ခါရုပေက္ခာတိုင်အောင် ဝိပဿနာဉာဏ်များ အစဉ်အတိုင်း ဖြစ်ပေါ်ကုန်၏။ သင်္ခါရုပေက္ခာ အားပြည့်သောအခါ၌ အနုလောမဉာဏ် ဖြစ်ပေါ်ပြီးလျှင် မှတ်သိအပ်ဆဲ သင်္ခါရအာရုံကို စွန့်လွှတ်၍ သင်္ခါရ ချုပ်ငြိမ်း ကင်းဆိတ်သော နိဗ္ဗာန် အာရုံထဲသို့စိတ်သည် ပြေးဝင် သွားသကဲ့သို့ဖြစ်၏။ ထိုစိတ်၏ ဖြစ်ပုံသည် ရှေးမဂ်ဖြစ်စဉ်အခါက စိတ်၏ဖြစ်ပုံနှင့် အလားတူ၏၊ ရှေးက ဖြစ်ဘူးသော မဂ်၏အကျိုး ဖြစ်သောကြောင့်၊ ၎င်းစိတ်ကို ဖိုလ်စိတ် ဟုခေါ်သည်။ ရှေးကဖြစ်ဘူးသော ဖိုလ်စိတ်မျိုးကို မျှော်လင့်၍ ဝိပဿနာရှုသောကြောင့် ဖြစ်ဘူးသော ဖိုလ်စိတ်မျိုးသာ ဖြစ်ပေါ်ပေသည်၊ မမျှော်အပ်သော အထက် မဂ်စိတ်သည်ကား ထိုအခါ၌ မဖြစ်ပေါ်လာပေ။ အကယ်၍ အထက် မဂ်ကို ရရန်သာ ရည်သန် မျှော်လင့်လျက် ဝိပဿနာ ရှုငြားအံ့၊ ထိုအခါ၌၊ ဝိပဿနာဉာဏ်သည် သမ္မပ္ပဓာန်ကိစ္စလေးချက်ကို ပြီးစေလျက် ဖြစ်သောကြောင့် ဖိုလ်အတွက်ရှုသော ဝိပဿနာမှ ထူးခြားစွာလဲဖြစ်၏။ အထက်အထက် ဝိပဿနာဉာဏ်များသို့ ရှေးကလို လွယ်ကူစွာမရောက်ဘဲလဲ ရှိတတ်၏။ ထို့ကြောင့်, မဟာဋီကာ၌ "အညောယေဝ ဝိပဿနာစာရော အရိယမဂ္ဂါဝဟော၊ အညော ဖလသမာပတ္တိအာဝဟော=အရိယာမဂ်ကို ဖြစ်စေတတ်သော ဝိပဿနာ၏ ဖြစ်ပုံက တပါးတခြား သာတည်း၊ ဖလသမာပတ်ကို ဖြစ်စေတတ်သော ဝိပဿနာ၏ ဖြစ်ပုံက တပါးတခြားသာတည်း"ဟု မိန့်ဆိုပေသည်။ ထို မဂ်အတွက် ဝိပဿနာဉာဏ် အဆင့်ဆင့်တက်၍ သင်္ခါရုပေက္ခာဉာဏ် ရင့်သန် ပြည့်စုံလျှင်ကား ရည်မျှော်အပ်သော အထက်မဂ်သာလျှင် ဖြစ်ပေါ်၏၊ မရည်အပ်သော ဖိုလ်စိတ်မျိုးကား မဖြစ်ပေါ်တတ်ပေ။ သို့သော်လဲ အထက်မဂ်ကို ဖြစ်စေနိုင်လောက်အောင် ဉာဏ်မရင့်သေးပါမူကား သင်္ခါရုပေက္ခာသာလျှင် ထပ်ကာ ထပ်ကာ ဖြစ်ပေါ်လျက် ရှိ၏။ ထိုသို့သော ကာလ၌ ရပြီးဖိုလ်၌ကောင်းစွာ အာလယ မပြတ်သော အချို့ပုဂ္ဂိုလ်သည် ရဘူးသောဖိုလ်တရား၌ စိတ်ညွတ်မိတတ်၏၊ စိတ်ညွတ်မိခြင်းကြောင့်၊ ရဘူးဖြစ်ဘူးသော ဖိုလ်စိတ်မျိုးသည်လည်း ဖြစ်ပေါ်လာတတ်သေး၏။ ထို့ကြောင့်, အထက် မဂ်ဖိုလ်အတွက် အားထုတ်လိုသော သူသည် အားထုတ်မည့်ရက် အပိုင်းအခြား အတွင်း၌ "ရပြီးသော ဖိုလ်တရားကို မဝင်စားတော့ဘူး"ဟု ကောင်းကောင်း အာလယ ဖြတ်ထားရာ၏၊ အားထုတ်စဉ်၌ ရပြီး ဖိုလ်သို့ စိတ်မညွတ်မိစေရန်လဲ အထူး သတိပြုရာ၏။

သမာပတ်၏တည်တံ့ပုံ ... တယော ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတော ဝိမုတ္တိယာ ဌိတိယာ၊ သဗ္ဗနိမိတ္တာနဉ္စ အမနသိကာရော, အနိမိတ္တာယ စ ဓာတုယာ မနသိကာရော, ပုဗ္ဗေ စ အဘိသင်္ခါရော – ဟူသော မဟာဝေဒလ္လသုတ်နှင့်အညီ ငါးမိနစ်ခန့် ဆယ်မိနစ်ခန့် ဖြစ်စေ, ဆဲ့ငါးမိနစ်ခန့် နာရီဝက်ခန့်ဖြစ်စေ, တနာရီခန့် နှစ်နာရီခန့် ဖြစ်စေ, ထိုထက် အလွန်အယုတ်ဖြစ်စေ, ဖလသမာပတ်၌ တည်လိုသောအရိယာသည် ရှေးအဖို့က "ဤမျှကာလပတ်လုံး ဖလသမာပတ်တည်တံ့ပါစေ"ဟု ပိုင်းခြားဓိဋ္ဌာန်၍၊ ဝိပဿနာ ရှုမှတ်အပ်၏။ ရှုမှတ်ဆဲ၌ကား ထိုဖလသမာပတ်တည်တံ့ရန် ကြောင့်ကြမစိုက်အပ်၊ မမျှော်လင့် မတောင့်တအပ်၊ ရှုမှတ်ရုံသာ ရှုမှတ်အပ်၏။ ထိုသို့ ရှုမှတ်နေလျှင်၊ သင်္ခါရုပေက္ခာဉာဏ် အားပြည့်သောအခါ၌ ရှေးက ပိုင်းခြား ဓိဋ္ဌာန်ထားသည့် ကာလပတ်လုံး၊ သင်္ခါရနိမိတ်အလုံးစုံကို အာရုံမပြုဘဲ သင်္ခါရ ချုပ်ငြိမ်း ကင်းဆိတ်သော နိဗ္ဗာန်ဓာတ်၌သာလျှင် စိတ်သည် သက်ဝင်လျက် တည်နေ၏၊ ထိုသို့ပိုင်းခြားထားသမျှ ကာလပတ်လုံး ဤဖလသမာပတ်သည် တည်တံ့လျက် ရှိ၏။ သို့သော်လဲ ဤသို့ ပိုင်းခြားထားသမျှ ကာလပတ်လုံး တည်တံ့ခြင်းသည် ဝိပဿနာဉာဏ် ထက်သန်၍ နိုင်နင်းသော ပုဂ္ဂိုလ်တို့မှာသာ ပြည့်စုံတတ်ပေသည်၊ မထက်သန် မနိုင်နင်းသော ပုဂ္ဂိုလ်တို့မှာ ပိုင်းခြားတိုင်း မပြည့်စုံသည်လည်း ရှိတတ်ပေ၏။ ရှေးအဖို့က ပိုင်းခြားဓိဋ္ဌာန်မှုကို မပြုဘဲ ဝင်စားလျှင်ကား ကြာမြင့်စွာ မတည်သည်ကသာ များတတ်၏။ ဝင်စားခိုက်၌ ဖိုလ်စိတ်၏တည်ကြည်ပုံ သမာဓိဖြစ်ပုံကို ဒသ,ဧကာဒသ အင်္ဂုတ္တရပါဠိတို့၌ အောက်ပါအတိုင်း ဟောတော်မူ၏။

## ဖိုလ်ဝင်စားခိုက်၌ နိဗ္ဗာန်မှတပါး ဘာကိုမျှ မသိ

ဣဓာ နန္ဒ ဘိက္ခု ဧဝံသညီ ဟောတိ "ဧတံ သန္တံ ဧတံ ပဏီတံ၊ ယဒိဒံသဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိ–နိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ"၊ ဧဝံ ခေါ အာနန္ဒ သိယာ ဘိက္ခုနော တထာရူပေါ သမာဓိပဋိလာဘော၊ ယထာ နေဝ ပထဝိယံ ပထဝိသညီ အဿ၊ န အာပသ္မိံ အာပေါသညီ အဿ၊ န တေဇသ္မိံ တေဇောသညီ အဿ၊ န ဝါယသ္မိံ ဝါယောသညီ အဿ၊ န အာကာသာနဉ္စာယတနေ အာကာသာနဉ္စာယတနသညီ အဿ၊ န ဝိညာဏဉ္စာယတနေ ဝိညာဏဉ္စာယတနသညီ အဿ၊ န အာကိဉ္စညာယတနေ အာကိဉ္စညာယတနသညီ အဿ၊ န နေဝသညာနာသညာယတနေ နေဝသညာနာသညာယတနသညီ အဿ၊ န ဣဓလောကေ ဣဓလောကသညီ အဿ၊ န ပရလောကေ ပရလောကသညီ အဿ၊ ယံပိဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပတ္တံ ပရိယေသိတံ အနုဝိစရိတံ မနသာ၊ တတြာပိ န သညီ အဿ၊ သညီစ ပန အဿာတိ။ (အံ ၃–၂၆၃–၅၂၃)

အာနန္ဒာ ! ဤ သာသနာတော်မှာ ရဟန်းသည် ဤသို့သော အမှတ်သညာရှိ၏။ သညာဖြစ်ပုံကား..."အကြင် နိဗ္ဗာန်သည် သင်္ခါရအားလုံး ငြိမ်းရာလဲ ဟုတ်၏၊ ဥပဓိ ခန္ဓာ အလုံးစုံကို စွန့်လွှတ်ရာလဲဟုတ်၏၊ တဏှာ ကုန်ရာလဲဟုတ်၏၊ တပ်မက်မှု ပြယ်ရာလဲ ဟုတ်၏၊ သင်္ခါရ ချုပ်ငြိမ်း ကွယ်ပျောက်ရာလဲ ဟုတ်၏၊ ဤ ချုပ်ငြိမ်းမှု နိဗ္ဗာန်သည် ငြိမ်သက်ပေ၏ ကောင်းမွန်ပေ၏"ဟု ဤသို့သော အမှတ်သညာရှိ၏။ (ဤမျှဖြင့် ဖိုလ်ဝင်စားခိုက်၌ အာရုံပြုပုံကို ပြ၏)။ ။ အာနန္ဒာ! သမာပတ်ဝင်စားသော ရဟန်း၏ ထိုသို့သောတည်ကြည်မှုကို ရခြင်းသည် ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းလျက် ဖြစ်နိုင်ပေ၏။ ယင်းသို့သော တည်ကြည်မှုဖြစ်စဉ်မှာ ပထဝီကသိုဏ်း၌ ပထဝီဟု မှတ်မှုလဲမရှိ၊ အာပေါကသိုဏ်း၌ အာပေါဟု မှတ်မှုလဲ မရှိ၊ တေဇောကသိုဏ်း၌ တေဇောဟု မှတ်မှုလဲမရှိ၊ ဝါယောကသိုဏ်း၌ ဝါယောဟု မှတ်မှုလဲမရှိ၊ (ဤလေးပိုဒ်ဖြင့် ရူပဈာန်နှင့်ပြည့်စုံသူ ဖြစ်သော်လဲ ဖိုလ်ဝင်စားခိုက်၌ ရူပဈာန်တို့၏ အာရုံများသို့ စိတ် မရောက်သည်ကို ပြ၏)။ ။ အပိုင်း အခြားမရှိသော ကောင်းကင်ပညတ်၌ အပိုင်းအခြားမရှိသော ကောင်းကင်ဟု မှတ်မှုလဲမရှိ၊ အပိုင်းအခြားမရှိသော ဝိညာဏ်၌ အပိုင်းအခြားမရှိသော ဝိညာဏ်ဟု မှတ်မှုလဲမရှိ၊ စိုးစဉ်းမျှ မရှိသည်၌ စိုးစဉ်းမျှမရှိဟု မှတ်မှုလဲမရှိ၊ ကုန်ပြတ်လုမတတ် သိမ်မွေ့သောသညာ၏ အာရုံဖြစ်သော ဝိညာဏ်၌ 'သန္တံ ပဏီတံ'ဟု မှတ်မှုလဲမရှိ၊ (ဤ လေးပိုဒ်ဖြင့် အရူပဈာန်နှင့် ပြည့်စုံသူဖြစ်သော်လဲ ဖိုလ်ဝင်စားခိုက်၌ အရူပဈာန်တို့၏ အာရုံများသို့ စိတ်မရောက်သည်ကိုပြ၏)။ ။ မျက်မှောက်လောက၌ မျက်မှောက်လောက ဟု မှတ်မှုလဲ မရှိ၊ မျက်ကွယ်လောက၌ မျက်ကွယ် လောကဟု မှတ်မှုလဲ မရှိ၊ (ဤနှစ်ပိုဒ်ဖြင့် အဘိညာစိတ် သာမန်စိတ်တို့ဖြင့် မျက်မှောက်, မျက်ကွယ်, လောကနှင့်စပ်၍ အမှတ်ရမှု ကြံသိမှု မဖြစ်သည်ကိုပြ၏၊ ထို့ကြောင့်, ဖိုလ်ဝင်စားခိုက်၌ မိမိ၏ ကိုယ်စိတ်မှစ၍ မျက်မှောက်လောက၏ အကြောင်းကိုလဲ အမှတ်မရပြီ၊ မသိပြီ၊ နတ်ပြည် စသော မျက်ကွယ်လောက၏ အကြောင်းကိုလဲ မစဉ်းစားမိပြီ)။ ။ အကြင်အာရုံကို မြင်ဘူး၏၊ ကြားဘူး၏၊ နံစားတွေ့ထိလျက် ရောက်ဘူး၏၊ ကြံသိဘူး၏၊ စိတ်နှလုံးဖြင့် ရောက်ဘူး၏၊ ရှာမှီးဘူး၏၊ ကျက်စားဘူး၏၊ ထိုအာရုံမျိုး၌လဲ မှတ်သားမှုမရှိ၊ (ဤအပိုဒ်ဖြင့် မဂ်ဖိုလ်ဖြစ်ခိုက်မှ တပါးသော ကာလမှာကဲ့သို့ တွေ့ဘူး သိဘူးသော ပရမတ် ပညတ်အာရုံမျိုး၌ မကြံစည်မိ နှလုံးမသွင်းမိသည်ကို ပြ၏)။ ။ သို့သော်လဲ သညာကင်းသည်ကား မဟုတ်၊ မှတ်မှု သညာလဲ ရှိ၏၊ (ဤအပိုဒ်ဖြင့် သင်္ခါရချုပ်ငြိမ်းသော နိဗ္ဗာန်ကို မှတ်သိလျက် ရှိသည်ဟုပြ၏)။ ။ တခြားတပါးသော အာရုံဟူသမျှ၌ မှတ်သားမှု ကြံသိမှုကင်းလျက်, နိဗ္ဗာန် အာရုံ၌သာလျှင် မှတ်မှု ကြံသိမှု ရှိသော ထို တည်ကြည်မှု သမာဓိကို ရခြင်းသည် ဤ ဆိုခဲ့သည့်အတိုင်း နှလုံးသွင်းလျက် ဖြစ်နိုင်ပေသည်–ဟူ၍ ဟောတော်မူ၏။ (ဤကား ပါဠိ၏ မြန်မာပြန်တည်း)

ဧတံ သန္တံ ဧတံ ပဏီတန္တိသန္တ သန္တန္တိ အပ္ပေတွာ နိသိန္နဿ ဒိဝသံပိ စိတ္တုပ္ပါဒေါသန္တံ သန္တံတေဝ ပဝတ္တတိ။ ပဏီတံ ပဏီတန္တိ အပ္ပေတွာ နိသိန္နဿ ဒိဝသံပိ စိတ္တုပ္ပါဒေါ ပဏီတံ ပဏီတံတေဝပဝတ္တတိ။ (သဗ္ဗသင်္ခါရသမထောတိ အာဒီနိမိ တဿေဝ ဝေဝစနာနိ။ သဗ္ဗသင်္ခါရသမထောတိ အပ္ပေတွာ နိသိန္နဿ ဟိ ဒိဝသံပိ စိတ္တုပ္ပါဒေါ သဗ္ဗသင်္ခါရသမထောတေဝ ပဝတ္တတိ။ ပေ။) နိဗ္ဗာနံ နိဗ္ဗာနန္တိ အပ္ပေတွာ နိသိန္နဿ ဒိဝသံပိ စိတ္တုပ္ပါဒေါ နိဗ္ဗာနံ နိဗ္ဗာနံ တေဝ ပဝတ္တတီတိ သဗ္ဗံပေတံ ဖလသမာပတ္တိသမာဓိံ သန္ဓာယဝုတ္တံ။ (၎င်း၏အဖွင့် အဋ္ဌကထာ ၃–၂၈၈။ ကွင်းအတွင်းက စကားများမှာ အံ၌ ၂–၁၀၁–တိကင်္ဂုတ္တရ အဋ္ဌကထာမှ ယူ၍ ဖြည့်စွက် ပြင်ဆင်ချက်များပေတည်း။)

ဧတံ သန္တံ ဧတံ ပဏီတန္တိ၊ ဧတံ သန္တံ ဧတံ ပဏီတံ ဟူရာ၌ အဓိပ္ပါယ်ကား။ သန္တံ သန္တန္တိ အပ္ပေတွာ နိသိန္နဿ၊ ငြိမ်သက်သည် ငြိမ်သက်သည်ဟု ဝင်ရောက်လျက် နေသော အရိယာ၏။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ္တုပ္ပါဒ်သည်။ သန္တံ သန္တံတေဝ၊ ငြိမ်သက်သည် ငြိမ်သက်သည် ဟူ၍ သာလျှင်။ ဒိဝသံပိ ပဝတ္တတိ၊ တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ (ဖိုလ်ဝင်စားခိုက်၌ ငြိမ်သက်သည် ဟု ကြံခြင်း ရွတ်ဆိုခြင်းကားရှိသည် မဟုတ်ပေ၊ သို့သော်လဲ ငြိမ်သက်သည့် အနေအားဖြင့် အာရုံပြုလျက် ဖိုလ်စိတ်၏ဖြစ်ပုံကို သိစေလိုသောကြောင့် ဤသို့ပြဆိုပေသည်။ ဤအဓိပ္ပါယ်ကိုဖွင့်ပြသော အဋ္ဌကထာကို ရှေးမဂ်ဖြစ်ပုံအရာ၌ ထုတ်ပြခဲ့ပြီ၊ နောက်အပိုဒ်များ၌လဲ နည်းတူပင် သိပါလေ)။ ။ပဏီတံ ပဏီတန္တိ၊ မရောင့်ရဲနိုင်အောင် ကောင်းမွန်သည် ကောင်းမွန်သည်ဟု။ အပ္ပေတွာ နိသိန္နဿ၊ ဝင်ရောက်လျက်နေသော အရိယာ၏။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ္တုပ္ပါဒ်သည်။ ပဏီတံ ပဏီတံ တေဝ၊ ကောင်းမွန်သည် ကောင်းမွန်သည် ဟူ၍ သာလျှင်။ ဒိဝသံ ပိ ပဝတ္တတိ၊ တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ သဗ္ဗသင်္ခါရသမထောတိ အာဒီနိပိ၊ သဗ္ဗသင်္ခါရသမထော အစရှိသော ပုဒ်တို့သည်လည်း။ တဿေဝ၊ သန္တ ပဏီတ မည်သော ထိုနိဗ္ဗာန်၏သာလျှင်။ ဝေဝစနာနိ၊ အနက်တူ အသံကွဲ ဖြစ်သော စကားလှယ်တို့ပေတည်း။ ဟိ၊ ဖိုလ်စိတ်ဖြစ်ပုံကို ဆက်၍ ပြဦးအံ့။ သဗ္ဗသင်္ခါရသမထောတိ အပ္ပေတွာ နိသိန္နဿ၊ သင်္ခါရ အားလုံး ငြိမ်းသည်ဟု ဝင်ရောက်လျက် နေသော အရိယာ၏။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ္တုပ္ပါဒ်သည်။ သဗ္ဗသင်္ခါရ သမထောတေဝ၊ သင်္ခါရ အားလုံးငြိမ်းသည် ဟူ၍သာလျှင်။ ဒိဝသံပိ ပဝတ္တတိ၊ တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ (ပေယျာလကို အနက် ဖော်ဦးအံ့)။ ။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါတိ အပ္ပေတွာနိသိန္နဿ စိတ္တုပ္ပါဒေါ၊ ဥပဓိ ခန္ဓာ အလုံးစုံကို စွန့်လွှတ်သည်ဟု ဝင်ရောက်လျက် နေသောအရိယာ၏ ဖိုလ်စိတ္တုပ္ပါဒ်သည်။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါတေဝ၊ ဥပဓိခန္ဓာအလုံးစုံကို စွန့်လွှတ်သည် ဟူ၍သာလျှင်။ ဒိဝသံပိ ပဝတ္တတိ၊ တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ တဏှက္ခယောတိ အပ္ပေတွာ နိသိန္နဿ စိတ္တုပ္ပါဒေါ၊ ဆာလောင်မှု တဏှာ ကုန်ရာ ဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ် စိတ္တုပ္ပါဒ်သည်။ တဏှက္ခယောတေဝ၊ တဏှာ ကုန်ရာ ဟူ၍ သာလျှင်။ ဒိဝသံပိ ပဝတ္တတိ၊ တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ ဝိရာဂေါတိ အပ္ပေတွာ နိသိန္နဿ စိတ္တုပ္ပါဒေါ၊ တပ်မက်မှုပြယ်ရာဟု ဝင်ရောက်လျက်နေသော အရိယာ၏ဖိုလ်စိတ္တုပ္ပါဒ်သည်။ ဝိရာဂေါ တေဝ၊ တပ်မက်မှုပြယ်ရာဟူ၍သာလျှင်။ ဒိဝသံပိ ပဝတ္တတိ၊ တနေ့လုံးသော်လဲဖြစ်ပေါ်၏။ နိရောဓော နိရောဓောတိ အပ္ပေတွာ

နိသိန္နဿ စိတ္တုပ္ပါဒေါ၊ သင်္ခါရချုပ်ကွယ်သည် ချုပ်ကွယ်သည်ဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ်စိတ္တုပ္ပါဒ်သည်။ နိရောဓော နိရောဓောတေဝ၊ သင်္ခါရ ချုပ်ကွယ်သည် ချုပ်ကွယ်သည် ဟူ၍ သာလျှင်။ ဒိဝသံပိ ပဝတ္တတိ၊ တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ (ဤတွင် ပေယျာလ ဆုံးသည်)နိဗ္ဗာနံ နိဗ္ဗာနန္တိ အပ္ပေတွာ နိသိန္နဿ စိတ္တုပ္ပါဒေါ၊ သင်္ခါရ ဆင်းရဲ ငြိမ်းသည် ငြိမ်းသည်ဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ်စိတ္တုပ္ပါဒ်သည်။ နိဗ္ဗာနံ နိဗ္ဗာနံ တေဝ၊ သင်္ခါရ ဆင်းရဲငြိမ်းသည် ငြိမ်းသည်ဟူ၍သာလျှင်။ ဒိဝသံပိ ပဝတ္တတိ၊ တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ ဣတိ၊ ဤသို့။ ဧတံ သဗ္ဗံပိ၊ ဤအလုံးစုံကိုလဲ။ ဖလသမာပတ္တိသမာဓိံ သန္ဓာယ၊ ဖလသမာပတ် သမာဓိကို ရည်၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

သမာပတ်မှ ထပုံ ... ဒွေ ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတောဝိမုတ္တိယာ ဝုဋ္ဌာနာယ၊ သဗ္ဗနိမိတ္တာနဉ္စ မနသိကာရော, အနိမိတ္တာယ စ ဓာတုယာ အမနသိကာရော–ဟူသော မဟာဝေဒလ္လသုတ်နှင့် အညီ သင်္ခါရ ချုပ်ငြိမ်းကင်းဆိတ်သော နိဗ္ဗာန် အာရုံကို စွန့်လွှတ်၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ ဝိညာဏ် ဟူသော သင်္ခါရနိမိတ် ငါးပါးတို့တွင် တပါးပါးကို အာရုံပြုမိသော အခါ၌ ဖလသမာပတ်မှ ထ၏။ အောက်ပါမှာ ဤပါဠိ၏ အဖွင့်ဝိသုဒ္ဓိမဂ်ပေတည်း။ (၂–၃၄၃)

## သဗ္ဗသင်္ခါရဟိကစကား

သဗ္ဗနိမိတ္တာနန္တိ ရူပနိမိတ္တဝေဒနာ သညာသင်္ခါရဝိညာဏနိမိတ္တာနံ။ ကာမဉ္စ န သဗ္ဗာနေဝေတာနိ ဧကတော မနသိကရောတိ၊ သဗ္ဗသင်္ဂါဟိကဝသေန ပနေတံ ဝုတ္တံ။ တသ္မာ ယံ ဘဝင်္ဂဿ အာရမ္မဏံ ဟောတိ၊ တံ မနသိကရောတော ဖလသမာပတ္တိဝုဋ္ဌာနံ ဟောတိ။

သဗ္ဗနိမိတ္တာနန္တိ၊ အလုံးစုံသော နိမိတ်တို့ကို ဟူရာ၌။ ရူပနိမိတ္တ ဝေဒနာသညာ သင်္ခါရ ဝိညာဏ နိမိတ္တာနံ၊ ရုပ် အာရုံ နိမိတ်, ဝေဒနာအာရုံနိမိတ်, သညာ အာရုံနိမိတ်, သင်္ခါရ အာရုံနိမိတ်, ဝိညာဏ်အာရုံ နိမိတ်, တို့ကို။ ဤကား အနက်။ စ၊ ဆက်၍ရှင်းလင်းအံ့။ သဗ္ဗာနိ ဧဝ ဧတာနိ၊ ဤသင်္ခါရနိမိတ် အလုံးစုံတို့ကိုသာလျှင်။ ဧကတော၊ တပြိုင်နက် တပေါင်းထည်း။ ကာမံ န မနသိကရောတိ၊ အကယ်၍ နှလုံးမသွင်းနိုင်သည်ကား မှန်ပေ၏။ ပန၊ သို့သော်လဲ။ သဗ္ဗသင်္ဂါဟိကဝသေန၊ သမာပတ်မှ ထသော စိတ်၏ အာရုံ ဖြစ်ထိုက်သော နိမိတ်အားလုံးကို သိမ်းကျုံး၍ ဆိုသော စကား၏ အလိုအားဖြင့်။ ဧတံ၊ သဗ္ဗနိမိတ္တာနံ–ဟူသော ဤပုဒ်ကို။ ဝုတ္တံ၊ ဟောအပ်ပေ၏။ ။(နောက်ဆုံး ဖိုလ်ဇော၏ အခြားမဲ့၌ ဖြစ်သော ဘဝင်စိတ်တခုခုသည် သင်္ခါရနိမိတ် တပါးပါးကိုသာ အာရုံပြုပေသည်၊ သင်္ခါရနိမိတ် ငါးပါးလုံးကိုကား တပေါင်းထည်း အာရုံမပြုပေ။ သို့သော်လဲ ဖိုလ်ဝင်စားသော အရိယာခပ်သိမ်းတို့၏ သန္တာန်၌ဖြစ်သော ဘဝင် အမျိုးမျိုး၏ နိမိတ်အာရုံ အလုံးစုံကို အကြွင်းမဲ့ စုံလင်စေရန် ရည်ရွယ်၍၊ သဗ္ဗနိမိတ္တာနံ–ဟု ဟောတော်မူပေသည်။ ပစ္စက္ခဝိပဿနာ၏ အရာမှာလဲ ရုပ် နာမ် ခန္ဓာတပါးပါးကို သာလျှင် အာရုံပြုနိုင်သည်, ရှုနိုင်သည် မှန်ပါလျက် တေဘူမက သင်္ခါရအလုံးစုံကို ရှုသည် ဟူ၍၎င်း၊ ခန္ဓာငါးပါးကို ရှုသည် ဟူ၍၎င်း ဤသို့စသည်ဖြင့် မိန့်ဆိုအပ်သော ပါဠိ အဋ္ဌကထာ စကားတို့ကိုလဲ နည်းတူပင် သဗ္ဗသင်္ဂါဟိက စကား ဟူ၍သာ မှတ်ရာ၏)။ ။ တသ္မာ၊ သင်္ခါရနိမိတ် တပါးပါးကိုသာ အာရုံပြုနိုင်ခြင်း ဟူသော ထိုအကြောင်းကြောင့်။ ယံ၊ အကြင် နိမိတ်သည်။ ဘဝင်္ဂဿ အာရမ္မဏံ ဟောတိ၊ ဘဝင်၏ အာရုံဖြစ်၏။ တံ၊ ထို နိမိတ်ကို။ မနသိကရောတော၊ ဘဝင်စိတ် ဖြစ်လျက် နှလုံးသွင်းမိသော သူအား၊ ဖလသမာပတ္တိဝုဋ္ဌာနံ၊ ဖလသမာပတ်မှ ထခြင်း=နိုးခြင်းသည်။ ဟောတိ၊ ဖြစ်ပေ၏။

ဘဝင်စိတ် ဖြစ်ပေါ်လျှင် ဖလသမာပတ်မှ ထသည် မည်၏။ သို့သော်လဲ သာမန် အရိယာသည် ထိုဘဝင်စိတ်ကို ထင်ရှားသိရန် ခဲယဉ်း၏။ ဘဝင်၏ အခြားမဲ့၌ ဖိုလ် နိဗ္ဗာန်တို့ကို ဆင်ခြင်မှု ဖြစ်စေ, တခြားတပါးကို နှလုံးသွင်းမှု ဖြစ်စေ, ရှုမှတ်မှု ဖြစ်စေ, ဆက်၍ ဖြစ်ပေါ်၏၊ ဆင်ခြင်, နှလုံးသွင်း, ရှုမှတ်သော ထိုစိတ်များကို သာလျှင် ထင်ရှား သိလွယ်ပေသည်။ သို့ဖြစ်၍ ထိုသို့သော စိတ်များ ဖြစ်ပေါ်သော အခါ၌ ဖလသမာပတ်မှ ထပြီဟု မှတ်ရာ၏။

အချို့ ပုဂ္ဂိုလ်သည် ဖိုလ် ဝင်စားရန် ရှုမှတ်လျှင် ဖိုလ်သို့လဲ လျင်မြန်စွာ ရောက်တတ်၏။ ဖိုလ်မှလဲ လျင်မြန်စွာ ထတတ်၏၊ ဖိုလ်ဖြစ်ချည်တလှဲ့၊ ရှုမှတ်, ဆင်ခြင်ချည် တလှဲ့အားဖြင့် အကြိမ်များစွာ ဖြစ်တတ်၏။ ထိုအခါမှာ ဝင်စားဦး၌လဲ မနိုင်နင်း, သုတလဲ မရှိသူ, ဖြစ်လျှင်၊ ဖိုလ်ဝင်စားဆဲမှာပင် ထိုထို အာရုံကိုလဲ ကြံသိ, ရှုမှတ်နိုင်သည် ဟု ထင်မှတ်တတ်၏။ အရှင် မဟာမောဂ္ဂလာန် မထေရ်မြတ်၏ ထင်မှတ်ပုံမျိုးပင် ဟု ယူသင့်၏။

အရှင် မဟာမောဂ္ဂလာန် မထေရ်မြတ်က ရဟန်းတို့အား ဤသို့ပြောကြား၏။ ငါ့ရှင်တို့ ! ငါသည် သိပ္ပိနိကာ မြစ်ကမ်း၌ အာနေဉ္ဇသမာဓိကို ဝင်စားနေစဉ်မှာ မြစ်ထဲသို့ ဆင်းသက်ပြီးလျှင်, ပြန်တက်ကုန်သော ဆင်တို့၏ သာယာစွာ မြည်သော ဆင်သံကို ကြားရသည်ဟူ၍ ပြောကြား၏။ အာနေဉ္ဇသမာဓိ ဟူသည်မှာ ရူပ အရူပ စတုတ္ထဈာန် ငါးပါးသည်၎င်း, ထိုငါးပါးတွင် တပါးပါးကို အခြေပါဒက ပြု၍ ဝင်စားအပ်သော အရဟတ္တဖိုလ် သမာဓိသည်၎င်း, အာနေဉ္ဇသမာဓိမည်သည်ဟု ဥဒါန်း အဋ္ဌကထာ၌ ဖွင့်ပြ၏။ ဤ အာနေဉ္ဇသမာဓိကို ဝင်စားခိုက်၌ကား မိုးကြိုးထစ်သံကို သော်လဲ မကြားနိုင်ကောင်းချေ၊ တစုံတခုကြောင့် လှုပ်ရှား ပျက်ပြယ်ခြင်း မရှိသော သမာဓိပေတည်း။ သို့ဖြစ်၍၊ ထို ရဟန်းတို့က မယုံသောကြောင့်၊ မြတ်စွာဘုရားအား လျှောက်ထားလေကုန်၏။ ထိုအခါ၌၊ မြတ်စွာဘုရားက အောက်ပါ အတိုင်း ဆုံးဖြတ်ချက် ချတော်မူပေ၏။

## မစင်ကြယ်သော ဖိုလ်သမာဓိလဲ ရှိကြောင်း

အတွေ့သော ဘိက္ခဝေ သမာဓိ၊ သော စ ခေါ အ.ပရိသုဒ္ဓေါ=ရဟန်းတို့! မောဂ္ဂလာန်ဝင်စားအပ်သော ထို အာနေဉ္ဇသမာဓိသည်ကား ဟုတ်ပေ၏။ သို့သော်လဲ၊ ထိုသမာဓိသည်ကား အပြည့်အစုံ ကောင်းစွာ မစင်ကြယ်ပေ။ (အာနေဉ္ဇသမာဓိက တလှဲ့၊ သာမာန်စိတ်က တလှဲ့အားဖြင့် ရောနှောလျက် ရှိသောကြောင့် ဆင်သံကို ကြားရပေသည်ဟု ဆိုလိုပေ၏)။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ရဟန်းပြု၍ ခုနစ်ရက်မြောက်၌ ရဟန္တာ ဖြစ်တော်မူ၏၊ ရဟန္တာ ဖြစ်ပြီးစ ထိုကာလ၌ သမာပတ်တို့ကို ဝသီ ငါးပါးဖြင့် မနိုင်နင်းသေးမီ စတုတ္ထဈာန်ကို ဝင်စား၍ ထိုဈာန်မှ ထခိုက်၌ ဆင်သံကို ကြားရ၏။ ဤသို့ ဈာန်မှထခိုက်၌ ကြားသည်ကိုပင် သမာပတ်ဝင်စားဆဲ၌ ကြားသည်ဟု ထင်မှတ်တော်မူကြောင်းကို ဝိနည်းအဋ္ဌကထာ၌ ဖွင့်ပြတော်မူ၏။ ဤ၌ စတုတ္ထဈာန်ဟု သာမာန်ဆိုသော်လဲ ရဟန္တာဖြစ်ပြီးစ၌ ဝင်စားအပ်သောဈာန် ဖြစ်သောကြောင့်၊ အရဟတ္တဖိုလ် စတုတ္ထ ဈာန်ကိုသာ ယူသင့်၏။

အထူး ကောက်နုတ်ချက် ... ပြခဲ့သော ပါဠိအဋ္ဌကထာ ဆိုင်ရာစကားထဲမှ၊ "ဈာန်မှထခိုက်၌ ဆင်သံကိုကြားသည်၊ ဤသို့ကြားသည်ကိုပင် သမာပတ်ဝင်စားဆဲ၌ ကြားသည်ဟု ထင်မှတ်သည်"ဟူသော စကားတို့ဖြင့်၊ သမာပတ်မှထသော အခါ၌ ရှေးဦးစွာ ပစ္စဝေက္ခဏာ မဖြစ်မူ၍ တပါးသော သိမှု နှလုံးသွင်းမှုများလဲ ဖြစ်တတ်သေးသည် ဟု သိအပ်၏။

အရိယာပုဂ္ဂိုလ်ချင်း အဆင့်အတန်းချင်း တူသော်လဲ အလိုရှိတိုင်းသော ခဏ၌ ဖိုလ်ဝင်စားနိုင်ခြင်း, မဝင်စားနိုင်ခြင်း အားဖြင့် ထူးခြားသေးသည်ကို အောက်ပါ ဥပရိပဏ္ဏာသ အဋ္ဌကထာဖြင့် သိအပ်၏။

## သတတဝိဟာရီ နှင့် နောသတတဝိဟာရီ

ဒွေ ဟိ ခီဏာသဝါ သတတဝိဟာရီ, နောသတတဝိဟာရီ, စ။ တတ္ထ သတတဝိဟာရီ ယံ ကိဉ္စိ ကမ္မံ ကတွာပိ ဖလသမာပတ္တိံ သမာပဇ္ဇိတုံ သက္ကောတိ။ နောသတတဝိဟာရီ ပန အပ္ပမတ္တကေပိ ကိစ္စေ ကိစ္စပ္ပသုတော ဟုတွာ ဖလသမာပတ္တိံ အပ္ပေတုံ န သက္ကောတိ။ (မဋ္ဌ ၄-၄၆)

ခီဏာသဝါ၊ ရဟန္တာတို့သည်။ သတတဝိဟာရီ၊ မပြတ်မစဲ သမထ ဝိပဿနာဖြင့် နေလေ့ရှိသော သတတဝိဟာရီ ပုဂ္ဂိုလ်၎င်း။ နောသတတဝိဟာရီ စ၊ မပြတ်မစဲ သမထ ဝိပဿနာဖြင့် နေလေ့မရှိသော နောသတတဝိဟာရီ ပုဂ္ဂိုလ်၎င်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်မျိုးတို့တည်း။ တတ္ထ၊ ထို နှစ်မျိုးတို့တွင်။ သတတဝိဟာရီ၊ ဘာဝနာဖြင့် မပြတ် နေလေ့ရှိသော ရဟန္တာသည်။ ယံ ကိဉ္စိ ကမ္မံ ကတွာပိ၊ တစုံတခုသောအမှုကို ပြုပြီး၍ သော်လဲ။ ဖလသမာပတ္တိံ သမာပဇ္ဇိတုံ သက္ကောတိ၊ ဖလသမာပတ်ကို ဝင်စားခြင်းငှါ စွမ်းနိုင်ပေ၏။ (ကတွာပိ၌ အပိသဒ္ဒါသည် သမ္ဘာဝနာဇောတကတည်း၊ အမှုကြီးငယ် တစုံတခုကိုကြောင့်ကြစိုက်ထုတ် ပြုလုပ်ပြီးမှသော်လဲ ဖိုလ်ကို ဝင်စားနိုင်သေး၏၊ ဘာကိုမျှ မလုပ်ရဘဲ အေးအေးသာသာ နေစဉ်၌ ဝင်စားနိုင်သည်မှာ ဆိုဘွယ်မရှိပြီဟု ဆိုလို၏)။ ။ နောသတတဝိဟာရီ ပန၊ ဘာဝနာဖြင့် မပြတ်နေလေ့မရှိသော ရဟန္တာသည်ကား။ အပ္ပမတ္တကေပိ ကိစ္စေ၊ ကိစ္စ အသေးအငယ်မျှ၌သော်လဲ။ ကိစ္စပ္ပသုတော ဟုတွာ၊ ပြုလုပ် အားထုတ်ပြီးသည် ဖြစ်၍၊ ပြုလုပ် အားထုတ်ပြီးလတ်သော်။ ဖလသမာပတ္တိံ အပ္ပေတုံ၊ ဖလသမာပတ်သို့ ဝင်ရောက်ခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်တော့ချေ။ ။(ဤ၌ အပိသဒ္ဒါသည် ဂရဟာဇောတကတည်း။ မပြောပလောက်တဲ့ ကိစ္စကလေးကို သော်လဲ ပြုလုပ်ရလျှင်၊ ဖိုလ်သို့ ရောက်အောင် မဝင်စားနိုင်တော့ပြီ၊ ကိစ္စ အကြီးအကျယ်ကို ပြုလုပ်ရ၍ မဝင်စားနိုင်သည်မှာ ဆိုဘွယ် မရှိပြီ ဟု ဆိုလို၏။)။

ထိုအဋ္ဌကထာ၌ပင် သာဓကဝတ္ထုကိုလဲ ဤသို့ ထုတ်ပြ၏။ တပည့်သာမဏေ တပါးနှင့်, ဆရာမထေရ်ကြီးတပါး တောကျောင်း၌ နေကြရာတွင် မထေရ်ကြီးမှာသာ နေရာရ၍ သာမဏေမှာ နေရာမရဘဲ ဖြစ်နေသတဲ့။ မထေရ်ကြီးမှာ တပည့်သာမဏေ၏ နေရာမရခြင်းကို ကြံစည်လျက် ရှိသောကြောင့်၊ ထိုဝါတွင်းမှာ တနေ့မျှ ဖိုလ်မဝင်စားနိုင်ဘူးတဲ့။ တပည့်သာမဏေမှာမူကား ဝါတွင်း သုံးလပတ်လုံး ဖိုလ်ဝင်စားခြင်းဟူသော ပျော်မွေ့ခြင်းဖြင့် အချိန်ကုန်စေသတဲ့။ ဝါကျွတ်သော အခါမှာ သာမဏေက "အရှင်ဘုရား ! တောကျောင်းမှာနေရတာ သင့်လျော်ပါရဲ့လား"ဟု မေးလျှင်၊ မထေရ်ကြီးက "ငါ့မှာတော့ မသင့်လျော်ပါဘူးကွယ်" ဟု ဖြေဆိုသတဲ့။ ဤဝတ္ထု၌ သာမဏေသည် သတတဝိဟာရီ ရဟန္တာပေတည်း၊ ထို့ကြောင့်, နေရာ မရငြားသော်လဲ ဖိုလ်ကိုအလိုရှိတိုင်း ဝင်စားနိုင်ပေသည်။ ဆရာ မထေရ်ကြီးသည်ကား၊ နောသတတဝိဟာရီ ရဟန္တာပေတည်း၊ ထို့ကြောင့်, တပည့်၏နေရာအတွက် ကြံစည်ကြောင့်ကြ ဗျာပါရဖြစ်ရုံမျှဖြင့် သမာပတ်ကို မဝင်စားနိုင်ဘဲရှိလေသည်။ သို့ဖြစ်၍ဖလသမာပတ်ကို အလိုရှိတိုင်းသောခဏ၌ ဝင်စားလိုသောအရိယာသည် သတတဝိဟာရီပုဂ္ဂိုလ် ဖြစ်စေရန် ဝိပဿနာအလုပ်ကိုမပြတ် အားထုတ်လျက် နေထိုင်ရာ၏။

**ဖလသမာပတ် ဝင်စားပုံ ပြီး၏။**

## နိဗ္ဗာန ကထာ

ယခုအခါ၌ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောနိဗ္ဗာန်ကို အကျဉ်းအားဖြင့်ဖေါ်ပြပါအံ့။ နိဗ္ဗာန် ဟူသည်မှာ ဘုံနန်းပြာသာဒ်ကြီးလဲမဟုတ်၊ မြို့ကြီး ပြည်ကြီးလဲ မဟုတ်၊ အလင်းရောင် အဝင်းရောင်လဲ မဟုတ်၊ အကြည်ဓာတ် အအေးဓာတ်လဲမဟုတ်။ အဘယ့်ကြောင့်နည်းဟူမူ...ထို ဘုံနန်း ပြာသာဒ် မြို့ ပြည် အလင်းရောင် အဝင်းရောင် အကြည်ဓာတ် အအေးဓာတ်များသည် အ သင်္ခတ ပရမတ် တရားမဟုတ်၊ ထိုက်သည်အားလျော်စွာ ပညတ်တရား, သင်္ခတ ပရမတ်တရားများသာ ဖြစ်သောကြောင့်ပေတည်း။အမှန်အားဖြင့်သော်ကား...အသင်္ခတ ပရမတ်တရားဖြစ်သော နိဗ္ဗာန်သည် သန္တိလက္ခဏာ–ဟုခေါ်သော,“ကိလေသာ, ဝဋ်ဆင်းရဲတို့၏ ငြိမ်းခြင်း=ကင်းဆိတ်ခြင်း” သဘောမျှသာတည်း၊ ဝိသင်္ခါရ– ဟူသည်နှင့်အညီ, မပြတ် ဖြစ်ပျက်လေ့ရှိသော ရုပ်နာမ် သင်္ခါရတို့၏ လုံးဝကင်းခြင်း မရှိခြင်းသဘောမျှသာတည်း။ သင်္ခါရကင်း၍ သင်္ခါရတို့မှ ပြောင်းပြန်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ထိုနိဗ္ဗာန်ကို သင်္ခါရ၏ အမည်တို့မှ ပြောင်းပြန်ပြု၍လဲ ဟောပြအပ်ပေသည်။ အောက်ပါမှာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ပေတည်း။

ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ။
ပဝတ္တံ သင်္ခါရာ၊ အပ္ပဝတ္တံ နိဗ္ဗာနံ။
နိမိတ္တံ သင်္ခါရာ၊ အနိမိတ္တံ နိဗ္ဗာနံ။
အာယူဟနာ သင်္ခါရာ၊ အနာယူဟနာ နိဗ္ဗာနံ။
ပဋိသန္ဓိ သင်္ခါရာ၊ အပ္ပဋိသန္ဓိ နိဗ္ဗာနံ။ ။(ပဋိသံ–၅၈)

ဥပ္ပါဒေါ၊ ဖြစ်ခြင်းရှိသော တရားသည်။ သင်္ခါရာ၊ သင်္ခါရတရားတို့ပေတည်း။ အနုပ္ပါဒေါ၊ ဖြစ်ခြင်းကင်းသော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ပဝတ္တံ၊ မပြတ်ဖြစ်သော ရုပ်နာမ် အစဉ်သည်။ သင်္ခါရာ၊ သင်္ခါရတို့ပေတည်း။ အပ္ပဝတ္တံ၊ မပြတ်ဖြစ်သော ရုပ်နာမ်အစဉ် ကင်းသော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ နိမိတ္တံ၊ ပုံသဏ္ဌာန် အထည်ကိုယ် ရှိသလို ပင် ထင်ပေါ်သော တရားသည်။ သင်္ခါရာ၊ သင်္ခါရတို့ပေတည်း။ အနိမိတ္တံ၊ ပုံသဏ္ဌာန် အထည်ကိုယ်ရှိသလို မထင်ပေါ်သော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ အာယူဟနာ၊ ချမ်းသာ ကောင်းစားရန်ရည်သန်၍ အားထုတ်ခြင်းသည်။ သင်္ခါရာ၊ သင်္ခါရတို့ပေတည်း။ အနာယူဟနာ၊ အားထုတ်ခြင်း ကင်းသောတရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။ ပဋိသန္ဓိ၊ ရှေးဘဝ ရှေးစိတ်နှင့် စပ်၍ဖြစ်ခြင်းသည်။ သင်္ခါရာ၊ သင်္ခါရတို့ပေတည်း။ အပ္ပဋိသန္ဓိ၊ စပ်၍ ဖြစ်ခြင်းကင်းသော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပေတည်း။

ဤပါဠိတို့ဖြင့် “ရှေးဦးစွာ ဖြစ်ခြင်း, မပြတ် ဖြစ်ခြင်း, ပုံသဏ္ဌာန်အထည်ကိုယ် ရှိသလိုပင်ထင်ပေါ်ခြင်း, အားထုတ်ခြင်း, ရှေးစိတ်နှင့် ဆက်စပ်၍ ဖြစ်ခြင်း, ရှိသော” ရုပ် နာမ် သင်္ခါရတို့၏ လုံးဝကင်းငြိမ်းသော သဘောကို နိဗ္ဗာန်ဟုပြ၏။ သို့ဖြစ်၍, “နိဗ္ဗန္တိ ဓီရာ၊ နိဗ္ဗာပေန္တိ ရာဂဂ္ဂိံ၊ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာတု သုဂတော၊ ပရိနိဗ္ဗာယေယျ၊ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာယိဿတိ၊ အန္တရာပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗုတော၊ ခန္ဓပရိနိဗ္ဗာနံ” ဤသို့ စသည်ဖြင့် ပါဠိ အဋ္ဌကထာတို့၌ ထင်ရှားသော ဓာတုသိဒ္ဓ ပုဒ်တို့ကိုလဲ ထောက်၍ နိဗ္ဗာနပုဒ်၏ ဝစနတ္ထကို အောက်ပါအတိုင်းလဲ ပြုသင့်ပေ၏။

နိဗ္ဗာတိ ဝဋ္ဋဒုက္ခံ ဧတ္ထာတိ နိဗ္ဗာနံ၊ နိဗ္ဗာတိ ဝဋ္ဋ ဒုက္ခံ ဧတသ္မိံ
အဓိဂတေ တိ ဝါ နိဗ္ဗာနံ၊ နိဗ္ဗာယတေ ဝါ နိဗ္ဗာနံ။

ဧတ္ထ၊ ဤအသင်္ခတ ဓာတ် သဘော၌။ ဝဋ္ဋဒုက္ခံ၊ ဝဋ်သုံးပါး တည်းဟူသော ဆင်းရဲသည်။ နိဗ္ဗာတိ၊ ငြိမ်း၏။ ဣတိ၊ ဤသို့ဝဋ်ဆင်းရဲငြိမ်းရာဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုအသင်္ခတ ဓာတ်သဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဝဋ်ဆင်းရဲငြိမ်းရာဟုဆိုလို၏။ ။ ဝါ၊ တနည်းကား၊ ဧတသ္မိံ၊ ဤအသင်္ခတ ဓာတ်သဘောကို။ အဓိဂတေ၊ မဂ်ဉာဏ်ဖြင့် သိအပ်သည်ရှိသော်။ ဝဋ္ဋဒုက္ခံ၊ ဝဋ်ဆင်းရဲသည်။ နိဗ္ဗာတိ၊ ငြိမ်း၏။ ဣတိ၊ ဤသို့ ဝဋ်ဆင်းရဲ ငြိမ်းကြောင်း ဖြစ်သောသတ္တိကြောင့်။ တံ၊ ထို အသင်္ခတ ဓာတ် သဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။ ဝဋ်ဆင်းရဲ ငြိမ်းကြောင်း တရား ဟု ဆိုလို၏။ ။ ဝါ၊ တနည်းကား။ နိဗ္ဗာယတေ၊ ငြိမ်းခြင်း။ နိဗ္ဗာနံ၊ ငြိမ်းခြင်းသဘော။ ရုပ် နာမ် သင်္ခါရဟူသော ဝဋ်ဆင်းရဲတို့၏ ဧကန်စင်စစ် မဖြစ်ပေါ်လာတော့ဘဲ၊ ငြိမ်းခြင်း သဘော, မရှိခြင်း သဘော, ဟု ဆိုလို၏။

ရုပ်နာမ် သင်္ခါရ ဝဋ်ဆင်းရဲ ဟူသမျှ၏ ငြိမ်းရာ, ငြိမ်းကြောင်း, ငြိမ်းခြင်း သဘောဟု ဆိုအပ်သော ထို နိဗ္ဗာန်သည် အ–တက္ကာဝစရော–ဟူသည်နှင့်အညီ ကြံစည်စဉ်းစားရုံမျှဖြင့် သိနိုင်သောအဘာဝပညတ်ကား မဟုတ်ပေ။ ဂမ္ဘီရော ဒုဒ္ဒသော–ဟူသည်နှင့် အညီနက်လဲ အလွန်နက်နဲ၏။ ပကတိဉာဏ်ဖြင့် သိလဲ မသိနိုင်ပေ။ ပဏ္ဍိတ ဝေဒနီယောတိ သမ္မာပဋိပဒံ ပဋိပန္နေဟိ ပဏ္ဍိတေဟိ ဝေဒိတဗ္ဗော=ဝိပဿနာ အကျင့်မှန်ကို ကျင့်ကုန်၍၊ မဂ်, ဖိုလ်ဉာဏ်နှင့် ပြည့်စုံသောပညာရှိတို့သည် သာလျှင် မျက်မှောက် သိမြင်အပ်သော အသင်္ခတ ပရမတ် တရားပေတည်း။ တဏှာ၏ အာရုံကား မဟုတ်။ ထို့ကြောင့်, ထိုနိဗ္ဗာန်သည် ဝါန မည်သော တဏှာမှလဲ ထွက်မြောက်၏၊ တဏှာမရှိရာ, တဏှာ ကင်းရာလဲ ဖြစ်၏။ ထိုနိဗ္ဗာန်ကို

မဂ်ဉာဏ်ဖြင့် သိလျှင်၊ သိသူ၏ သန္တာန်၌ တဏှာသည် ကင်းငြိမ်း၏။ ထို့ကြောင့်, "ဝါနံ ဝုစ္စတိ တဏှာ၊ ယော ရာဂေါ–ပေ– လောဘော အကုသလမူလံ၊ ဝါနပ္ပဟာနံ ဝါနဝူပသမံ ဝါနပဋိနိဿဂ္ဂံ ဝါနပ္ပဋိပဿဒ္ဓံ အမတံ နိဗ္ဗာနံ"ဟူသော စူဠနိဒ္ဒေသပါဠိ, "တဏှာယ ဝိပ္ပဟာနေန၊ နိဗ္ဗာနံ ဣတိ ဝုစ္စတိ" ဟူသော သုတ္တနိပါတ်ပါဠိ, စသည်တို့ကိုလဲ မှီ၍၊ နိဗ္ဗာနပုဒ်၏ ဝစနတ္ထကို အဋ္ဌကထာတို့၌ အောက်ပါအတိုင်းလဲ ပြဆိုတော်မူကုန်၏။

ဝါနတော နိက္ခန္တံ နိဗ္ဗာနံ၊ နတ္ထိ ဝါနံ ဧတ္ထာတိ ဝါ နိဗ္ဗာနံ၊
နတ္ထိ ဝါနံ ဧတသ္မိံ အဓိဂတေတိ ဝါ နိဗ္ဗာနံ။

ဝါနတော၊ ထိုထိုဘဝနှင့် ဘဝတပါး, အကျိုးနှင့် ကံ, ကို တွဲစပ်တတ်သော တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်သည်တည်း။ နိဗ္ဗာနံ၊ တဏှာမှထွက်မြောက်သော တရား။ ။ဝါ၊ တနည်းကား။ ဧတ္ထ၊ ဤအသင်္ခတ ဓာတ် သဘော၌။ ဝါနံ၊ တဏှာသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။ တဏှာ မရှိရာ, တဏှာ ကုန်ကင်းရာ တရားဟု ဆိုလို၏။ ။ဝါ၊ တနည်းကား။ ဧတသ္မိံ၊ ဤအသင်္ခတဓာတ် သဘောကို။ အဓိဂတေ၊ မဂ်ဉာဏ်ဖြင့် သိအပ်သည် ရှိသော်။ ဝါနံ၊ တဏှာသည်။ နတ္ထိ။ မရှိ။ ဝါ၊ မဖြစ်။ ဣတိ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။ တဏှာ မရှိကြောင်း, တဏှာကင်းငြိမ်းကြောင်းတရားဟု ဆိုလို၏။ တရားကိုယ်အားဖြင့်ကား ရုပ်နာမ် သင်္ခါရ ဝဋ်ဆင်းရဲ ဟူသမျှတို့၏ ငြိမ်းခြင်း ကင်းဆိတ်ခြင်း သဘောကိုသာ ရ၏။

ရုပ်နာမ်သင်္ခါရ ဝဋ်ဆင်းရဲဟူသမျှတို့၏ ကင်းငြိမ်းခြင်းသဘောမျှသာဖြစ်သော ထိုနိဗ္ဗာန်သည်၊ အနိမိတ္တပစ္စုပဋ္ဌာနံ– ဟူသည်နှင့်အညီ နိမိတ် ပုံသဏ္ဌာန် အထည်ဒြပ် ကင်းသည့် အနေအားဖြင့် သာလျှင် အရိယာ၏ဉာဏ်၌ ရေးရှု ထင်ပေါ်၏။ ထို့ကြောင့်, နိဗ္ဗာန်ကို သိပြီးသောသူပင် ဖြစ်သော်လဲ ထိုနိဗ္ဗာန်ကို၊ "မည်သို့သော အဆင်းအရောင် ပုံသဏ္ဌာန် ရှိသည်" ဟူ၍ ၎င်း၊ "မည်သည့် အရာဝတ္ထုနှင့်တူသည်" ဟူ၍၎င်း၊ မပြောပြနိုင်ပေ။ မပြတ်ဖြစ်ပျက်လေ့ရှိသော ရုပ်နာမ် သင်္ခါရတို့၏ လုံးဝ မပေါ်လာဘဲ ချုပ်ငြိမ်း ကင်းဆိတ်သည့် အနေအားဖြင့် သာလျှင် သိလဲ သိရ၏။ ပြောလဲ ပြောပြနိုင်ပေ၏။ ထို့ကြောင့်, မိလိန္ဒပဉှာ၌ ဤသို့ မိန့်ဆိုတော်မူ၏။

အပ္ပဋိဘာဂံ မဟာရာဇ နိဗ္ဗာနံ၊ န သက္ကာ နိဗ္ဗာနဿ ရူပံ ဝါ သဏ္ဌာနံ ဝါ ဝယံ ဝါ ပမာဏံ ဝါ, ဩပမ္မေန ဝါ ကာရဏေန ဝါ ဟေတုနာ ဝါ နယေန ဝါ ဥပဒဿယိတုံ။ (မိလိန္ဒ ၃၀၃)

မဟာရာဇ၊ မြတ်သော မိလိန္ဒ မင်းကြီး။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အပ္ပဋိဘာဂံ၊ တူသော အဖို့ ဥပမာ မရှိပေ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ရူပံ ဝါ၊ အဆင်းအရောင်ကို၎င်း။ သဏ္ဌာနံ ဝါ၊ ပုံပန်း သဏ္ဌာန်ကို၎င်း။ ဝယံ ဝါ၊ အရွယ် အစားကို၎င်း။ ပမာဏံ ဝါ၊ အတိုင်းအရှည်ကို၎င်း။ ဩပမ္မေန ဝါ၊ ဥပမာဖြင့် သော်၎င်း။ ကာရဏေန ဝါ၊ ဥပတ္ထမ္ဘက အကြောင်းဖြင့် သော်၎င်း။ ဟေတုနာ ဝါ၊ ဇနက အကြောင်းဖြင့် သော်၎င်း။ နယေန ဝါ၊ သိကြောင်း နည်းဖြင့်သော်၎င်း။ ဥပဒဿယိတုံ၊ ဆောင်ကပ်၍ ဖေါ်ပြခြင်းငှါ။ န သက္ကာ၊ မစွမ်းနိုင်ပေ။

## နိဗ္ဗာန်နှင့် အဘာဝပညတ် မတူကြောင်း

သင်္ခါရတို့၏ ငြိမ်းခြင်းကင်းဆိတ်ခြင်း မဖြစ်ပေါ်ခြင်းမရှိခြင်းသဘောကို နိဗ္ဗာန်ဟူ၍၎င်း၊ ထိုနိဗ္ဗာန်မှာ အဆင်း အရောင် ပုံသဏ္ဌာန် အရွယ်ပမာဏမရှိဟူ၍၎င်း၊ ထိုနိဗ္ဗာန်ကို အကြောင်းဥပမာတို့ဖြင့် ပေါ်လွင်အောင် မပြနိုင်ဟူ၍၎င်း ဆို သောကြောင့်၊ "နိဗ္ဗာန် ဟူသည်မှာ 'ဘာမျှမရှိ'ဟု ဆိုအပ်သော အဘာဝပညတ်နှင့် အတူတူပင်"ဟု ထင်မှတ်ဖွယ်ရှိ၏။ သို့သော်လဲ နိဗ္ဗာန်သည်ကား 'ဘာမျှမရှိ'ဟု ဆိုအပ်သော အဘာဝပညတ်ကဲ့သို့ လုံးဝ မရှိသည်ကား မဟုတ်ပေ။ သင်္ခါရတို့၏ ငြိမ်းခြင်းကင်းဆိတ်ခြင်း မဖြစ်ပေါ်ခြင်းမရှိခြင်း သဘောအားဖြင့် ထင်ရှားရှိသည်သာတည်း။ ထင်ရှား ရှိသောကြောင့်ပင်လျှင် ထို သင်္ခါရ ငြိမ်းခြင်းသဘောကို မျက်မှောက် တွေ့သိလျက် မဂ်တရား, ဖိုလ်တရား ဖြစ်ပေါ်နိုင်ပေသည်။ ရဟန္တာ၏ ရုပ်နာမ် အစဉ်သည်လည်း ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ လုံးဝ ဖြစ်ပေါ်ခြင်း မရှိဘဲ ပြတ်စဲ ချုပ်ငြိမ်းနိုင်ပေသည်။ အောက်ပါမှာ ပရမတ္ထ=မျက်မှောက်သိအားဖြင့် နိဗ္ဗာန် ထင်ရှားရှိပုံကို စီစစ် ဖေါ်ပြသော ဥဒါန်း, ဣတိဝုတ် ပါဠိတော်ပေတည်း။

အတ္ထိ ဘိက္ခဝေ အဇာတံအဘူတံ အကတံ အသင်္ခတံ၊ နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။ ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ။ (၁၇၈၊ ၂၂၀)။

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ မဖြစ်သော နိဗ္ဗာန်သည်။ ဝါ၊ ဖြစ်ခြင်း ကင်းသော နိဗ္ဗာန်သည်။ အဘူတံ၊ ထင်ရှား မဖြစ်ပေါ်သော နိဗ္ဗာန်သည်။ အကတံ၊ အကြောင်းတစုံတခုက မပြုအပ်သော နိဗ္ဗာန်သည်။ အသင်္ခတံ၊ အကြောင်းများစွာ ညီညွတ်၍ မပြုအပ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိပေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ မဖြစ်သော။ အဘူတံ၊ ထင်ရှားမဖြစ်

သော။ အကတံ၊ အကြောင်း တစုံတခုက မပြုအပ်သော။ အသင်္ခတံ၊ အကြောင်းများစွာ ညီညွတ်၍ ပြုအပ်သည် မဟုတ်သော။ ဇတံ၊ ဤနိဗ္ဗာန် တရားသည်။ နော စေ အဘဝိဿ၊ အကယ်၍ မရှိငြားအံ့။ ဇဝံ သတိ၊ ဤသို့ မရှိပါလျှင်။ ဣဓ၊ ဤလောက၌။ ဇာတဿ၊ ဖြစ်သော။ ဘူတဿ၊ ထင်ရှားဖြစ်သော။ ကတဿ၊ အကြောင်းတရားက ပြုအပ် ဖြစ်စေအပ်သော။ သင်္ခတဿ၊ အကြောင်းများစွာညီညွတ်၍ ပြုအပ်သောခန္ဓာငါးပါး, ရုပ်နာမ်တရား, ၏။ နိဿရဏံ၊ မဖြစ်ခြင်း ကင်းပြတ်ခြင်း တည်းဟူသော ထွက်သွားခြင်းသည်။ န ပညာ ယေထ၊ မထင်ရှားနိုင်လေရာ။ ဝါ၊ မသိအပ်နိုင်လေရာ။ (အပွဝတ္တိအပဂမော နိဿရဏံ–အဋ္ဌကထာ)။ ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ မဖြစ်သော။ အဘူတံ၊ ထင်ရှား မဖြစ်ပေါ်သော။ အကတံ၊ အကြောင်းတရားက ပြုအပ်သည်လည်း မဟုတ်သော။ အသင်္ခတံ၊ အကြောင်းများစွာ ညီညွတ်၍ပြုအပ် သည်လည်း မဟုတ်သော နိဗ္ဗာန်=အငြိမ်းဓာတ် တရားသည်။ ခေါ၊ စင်စစ်။ ယသ္မာ၊ အကြင့်ကြောင့်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိပေ၏။ တသ္မာ၊ ထိုသို့ နိဗ္ဗာန်=အငြိမ်းဓာတ် တရား ပရမတ္ထအားဖြင့် ထင်ရှား ရှိခြင်းကြောင့်။ ဇာတဿ၊ ဖြစ်သော။ ဘူတဿ၊ ထင်ရှားဖြစ်ပေါ်သော။ ကတဿ၊ အကြောင်းတရားက ပြုအပ်သော။ သင်္ခတဿ၊ အကြောင်းများစွာ ညီညွတ်၍ ပြုအပ်သော ခန္ဓာငါးပါးရုပ်နာမ် တရား၏။ နိဿရဏံ၊ မဖြစ်ပေါ်ခြင်း ကင်းပြတ်ခြင်းတည်းဟူသော ထွက်သွားခြင်း ကုန်ငြိမ်းခြင်းသည်။ ဝါ၊ ကို။ ပညာယတိ၊ ထင်ရှားပေ၏။ ဝါ၊ သိအပ်ပေ၏။

အဓိပ္ပါယ်ကား ... ရုပ်နာမ်သင်္ခါရတို့၏ မဖြစ်ပေါ်လာဘဲ ငြိမ်းခြင်းတည်းဟူသော နိဗ္ဗာန်ဓာတ်သည် ရုပ်နာမ်တရားတို့ကဲ့သို့ ဖြစ်ပေါ်ခြင်း မရှိသောကြောင့် အဇာတ, အဘူတ, မည်၏။ အကြောင်းတရားက မပြုအပ်သောကြောင့် အကတ မည်၏။ အကြောင်းများစွာ ညီညွတ်၍ ပြုအပ်သည့် တရား မဟုတ်သောကြောင့် အသင်္ခတ မည်၏။ ထို နိဗ္ဗာန်=အငြိမ်းဓာတ် တရား မရှိပါမူ မပြတ် ဖြစ်ပျက်နေသော ရုပ်နာမ် ခန္ဓာ အစဉ်၏ ပြတ်စဲခြင်း မည်သည် မရှိနိုင်တော့ပြီ။ သို့သော်, ထို အငြိမ်းဓာတ် တရားသည်အဘာဝ ပညတ်ကဲ့သို့ မရှိသည်ကား မဟုတ်ပေ။ မဂ်ဖိုလ်၏ မျက်မှောက်အာရုံဖြစ်လျက် ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။ ထင်ရှားရှိသောကြောင့်ပင်လျှင် မှန်ကန်စွာ ကျင့်သူ၏ သန္တာန်၌ မပြတ် ဖြစ်နေသော ရုပ်နာမ် ခန္ဓာ အစဉ်သည် ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ တဖန် မဖြစ်ပေါ်လာတော့ဘဲ အမြဲတမ်း ငြိမ်း သွားနိုင်ပေသည်၊ ထိုသို့သော ငြိမ်းခြင်း ထင်ရှားရှိနိုင်ပေသည် ဟု ဆိုလို၏။ ဉာဏ် သက်ဝင်နိုင်ပါစေ။

အတ္ထိ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထ နေဝ ပထဝီ န အာပေါ န တေဇော န ဝါယော န အာကာသာနဉ္စာယတနံ န ဝိညာဏဉ္စာယတနံ န အာကိဉ္စညာယတနံ န နေဝသညာနာသညာယတနံ နာယံ လောကော န ပရလောကော န ဥဘော စန္ဒိမသူရိယာ၊ တတြာပါဟံ ဘိက္ခဝေ နေဝ အာဂတိံ ဝဒါမိ န ဂတိံ န ဌိတိံ န စုတိံ န ဥပပတ္တိံ အပ္ပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏမေဝေတံ။ ဧသေဝန္တော ဒုက္ခဿ။ (ဥဒါန်းပါဠိပင် ၁၇၇)

ဘိက္ခဝေ၊ ရဟန်းတို့။ တံ အာယတနံ၊ ထို နိဗ္ဗာန် တည်းဟူသော အာရုံ အကြောင်းသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။ ယတ္ထ၊ အကြင် နိဗ္ဗာန် တည်းဟူသော အာရုံ အကြောင်း၌။ နေဝ ပထဝီ၊ ပထဝီဓာတ်လဲ မရှိ။ န အာပေါ၊ အာပေါဓာတ်လဲ မရှိ။ န တေဇော၊ တေဇောဓာတ်လဲ မရှိ။ န ဝါယော၊ ဝါယောဓာတ်လဲ မရှိ။ (ဓာတ်လေးပါး မရှိသည်ကို ပြခြင်းဖြင့်၊ ဓာတ်လေးပါးကို မှီသော ဥပါဒါရုပ် မရှိသည်ကိုငှင်း၊ ရုပ်ကို မှီ၍ ဖြစ်သော ကာမ, ရူပဘဝ ဆိုင်ရာ နာမ်တရား မရှိသည်ကိုငှင်း ပြ၏)။ န အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန တရားလဲ မရှိ။ န ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတန တရားလဲမရှိ။ န အာကိဉ္စညာ ယတနံ၊ အာကိဉ္စညာယတန တရားလဲ မရှိ။ န နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတန တရားလဲ မရှိ။ အရူပဘဝ ဆိုင်ရာ အာရုံ အာရမ္မဏိတ အလုံးစုံပင် မရှိ ဟု ဆိုလို၏)။ န အယံ လောကော၊ ဤမျက်မှောက်လောကလဲ မရှိ။ န ပရလောကော၊ တပါးသော လောကလဲ မရှိ။ (ဤ လောက, တပါးသော လောကနှင့်ဆိုင်သောတရား အလုံးစုံပင်မရှိဟုဆိုလို၏။ ထို့ကြောင့်ပင်, နိဗ္ဗာန်ကို အာရုံပြုသော မဂ်ဖိုလ်ဖြစ်ခိုက်၌၊ဤလောက, တပါးသော လောကနှင့် ဆိုင်သော အာရုံ ဟူသမျှကို မသိဘဲ ရှိပေသည်)။ န ဥဘော စန္ဒိမ သူရိယာ၊ နှစ်ပါးသော လနှင့် နေတို့လဲမရှိကြ။ (ရုပ်မရှိသောကြောင့် အမှောင်လဲမရှိ၊ ထို့ကြောင့်, အမှောင်ကို ပယ်ဖျောက်ရန် အလင်းလဲမလို၊ ထို့ကြောင့်, လနှင့်နေစသော ဂြိုဟ် တာရာ နက္ခတ်တို့လဲ မရှိ ဟု ပြ၏။ တပါးသော သုတ်၌ကား "တမောတတ္ထ န ဝိဇ္ဇတိ"ဟု အမှောင်လဲ မရှိသည်ကို တိုက်ရိုက်ပင်ဟောတော်မူ၏)။ ။ ဘိက္ခဝေ။ ရဟန်းဒတို့။ တတြာပိ၊ ထို နိဗ္ဗာန်ဟူသော အာရုံအကြောင်း၌လဲ။ အာဂတိံ၊ လာရောက်ခြင်းကို။ အဟံ၊ ငါသည်။ နေဝ ဝဒါမိ၊ မဟောပေ။ ဂတိံ၊ တခြားသို့ ပြောင်းသွားခြင်းကိုလဲ။ န ဝဒါမိ၊ မဟောပေ။ ဌိတိံ၊ တည်တံ့နေခြင်းကိုလဲ။ န ဝဒါမိ၊ မဟောပေ။ စုတိံ၊ စုတေ ရွေ့လျောခြင်းကိုလဲ။ န ဝဒါမိ၊ မဟောပေ။ ဥပပတ္တိံ၊ ကပ်ရောက်၍ ဖြစ်ခြင်းကိုလဲ။ န ဝဒါမိ၊ မဟောပေ။ ။ (လူ့ဘုံ နတ်ဘုံ၌ တခြားဘုံမှ လာရောက်ခြင်း, တခြားဘုံသို့ ပြောင်းသွားခြင်း ရှိသကဲ့သို့၊ နိဗ္ဗာန်၌ကား လာရောက်ခြင်းမရှိ၊ ထိုနိဗ္ဗာန်မှ တခြားသို့ ပြောင်းသွားခြင်းလဲ မရှိ၊ လူ့ဘုံ နတ်ဘုံမှာကဲ့သို့ ထိုနိဗ္ဗာန်၌ ပုဂ္ဂိုလ်သတ္တဝါတို့၏ တည်နေခြင်းလဲမရှိ၊ စုတေခြင်း သေခြင်းလဲမရှိ၊ အသစ်ဖြစ်ပေါ်ခြင်းလဲ မရှိ၊ မဂ်ဖိုလ်ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိခြင်းအာရုံပြုခြင်းမျှသာ ရှိသည်ဟုဆိုလို၏)။ ဇတံ၊ထိုနိဗ္ဗာန်ဟူသော အာရုံအကြောင်းသည်။ အပ္ပတိဋ္ဌံ ဇဝ၊ တည်ရာမရှိသည်သာတည်း။ (ရုပ်တရား မဟုတ်သောကြောင့် ဘယ်နေရာမှာမျှ တည်နေသည်မဟုတ်၊ ဘယ်တရားပေါ်မှာမျှ မှီကပ်နေသည်မဟုတ်၊ နာမ်တရားပင် ဖြစ်သော်လဲ, အကျိုးပစ္စယုပ္ပန် တရားမဟုတ်သောကြောင့်, ဘယ်အကြောင်းတရားကိုမျှ မစွဲမှီဟု ဆိုလို၏)။ ။အပ္ပဝတ္တံ ဇဝ၊ မပြတ် ဖြစ်ခြင်းလဲ မရှိသည် သာတည်း။ ဝါ၊ မပြတ် ဖြစ်သော ရုပ်နာမ်အစဉ်နှင့် ပြောင်းပြန်ဆန့်ကျင်သော သဘောသာတည်း။ အနာရမ္မဏမေဝ၊ နာမ်တရားပင်ဖြစ်သော်လဲ စိတ်စေတသိက်

တို့ကဲ့သို့ အာရုံမပြုတတ်သည့်သဘော တရားသာတည်း။ ဧသော ဧဝ၊ မဂ်ဖိုလ်တို့၏ အာရုံအကြောင်းဖြစ်သော ဤနိဗ္ဗာန်= အငြိမ်းဓာတ်သည်ပင်လျှင်။ တဒဓိဂမေသတိ, သဗ္ဗဒုက္ခာ ဘာဝတော၊ ထိုနိဗ္ဗာန်ကို သိလျှင်, အလုံးစုံသော ဆင်းရဲမရှိခြင်း ကြောင့်။ (အဋ္ဌကထာ အကြောင်းပြပုဒ်) ဒုက္ခဿ၊ ရုပ်နာမ်သင်္ခါရ ဟူသော ဝဋ်ဆင်းရဲ၏။ အန္တော၊ အဆုံးပေတည်း။

## သင်္ခါရနှင့် နိဗ္ဗာန် ပြောင်းပြန် ဖြစ်သည်

ယသ္မာ နိဗ္ဗာနံ သဗ္ဗသင်္ခါရဝိဓုရသဘာဝံ၊ တသ္မာ ယထာ သင်္ခတ ဓမ္မေသု ကတ္ထစိ နတ္ထိ၊ တထာ တတ္ထပိ သဗ္ဗေ သင်္ခတဓမ္မာ၊ န ဟိ သင်္ခတာသင်္ခတဓမ္မာနံ သမောဓာနံ သမ္ဘဝတိ။ (ဥဒါနဋ္ဌ ၃၅၃)

နိဗ္ဗာနံ၊ သင်္ခါရ ငြိမ်းမှု နိဗ္ဗာန်သည်။ ယသ္မာ၊ အကြင်ကြောင့်။ သဗ္ဗသင်္ခါရဝိဓုရသဘာဝံ၊ မီး နှင့် ရေ, အပူနှင့် အအေး, အမှောင်နှင့်အလင်း, တို့ကဲ့သို့ အလုံးစုံသောသင်္ခါရတို့မှ ပြောင်းပြန်ဆန့်ကျင်သောသဘောရှိ၏။ တသ္မာ၊ ထို့ကြောင့်။ သင်္ခတဓမ္မေသု၊ သင်္ခါရတရားတို့တွင်။ ကတ္ထစိ၊ တစုံတခုသော သင်္ခါရ၌ သော်လဲ။ နိဗ္ဗာနံ၊ သင်္ခါရ ငြိမ်းမှု နိဗ္ဗာန်သည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ တတ္ထပိ၊ ထို သင်္ခါရငြိမ်းမှု နိဗ္ဗာန်၌လဲ။ သဗ္ဗေ သင်္ခတဓမ္မာ၊ အလုံးစုံသော သင်္ခါရတရားတို့သည်။ တထာ၊ ထို့အတူပင် မရှိကုန်။ ဟိ၊ မှန်ပေ၏။ သင်္ခတာ သင်္ခတဓမ္မာနံ သမောဓာနံ၊ သင်္ခတတရားနှင့် အသင်္ခတတရားတို့၏ ပေါင်းဆုံမိခြင်းသည်။ န သမ္ဘဝတိ၊ မဖြစ်နိုင်ပေ။

ဤဥဒါန်း အဋ္ဌကထာနှင့်အညီ၊ မပြတ် ဖြစ်ပျက်နေသော သင်္ခါရတရား ရှိနေသေးလျှင်၊ သင်္ခါရငြိမ်းသော နိဗ္ဗာန်သို့ မဆိုက်ရောက်သေး နိဗ္ဗာန်ကိုသိဆဲ၌ သင်္ခါရတရားတစုံတခုမျှမထင်ပေါ်။ ပရိနိဗ္ဗာန်ဝင်စံသော အခါ၌ကား သင်္ခါရတရား တစုံ တခုမျှ မဖြစ်တော့ပြီ မရှိတော့ပြီဟု သိအပ်၏။

သင်္ခါရ အလုံးစုံကင်းဆိတ်၍ သင်္ခါရငြိမ်းခြင်း သဘောမျှဖြစ်သော ထိုနိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့်သိလျှင် သိသူ၏သန္တာန်၌ အပါယဂမနီယ တဏှာ, ဩဠာရိက ကာမတဏှာ, သုခုမ ကာမတဏှာ, ရူပ အရူပ တဏှာ, တို့သည် မဖြစ်နိုင်ကုန်ပြီ၊အကြွင်း မဲ့ ပျက်ပြယ်ချုပ်ငြိမ်းလေကုန်၏၊ ထိုတဏှာတို့ကို စွန့်ပြီး ဖြစ်လေ၏၊ တဖန် မဖြစ်နိုင်အောင် ဝေးစွာ စွန့်ပြီးလဲ ဖြစ်လေ၏၊ ထိုတဏှာ ဟူသော အနှောင်အဖွဲ့ကို ဖြေပြီးလဲ ဖြစ်လေ၏၊ ထိုတဏှာ ဟူသော ငြိကပ် တွယ်တာမှု ကင်းလေ၏။ ထို့ကြောင့် မဂ်လေးပါး၏ အာရုံဖြစ်သော ထို သင်္ခါရငြိမ်းမှု=နိဗ္ဗာန်သည် တဏှာ၏ ပျက်ပြယ်ရာ, ချုပ်ရာလဲ ဖြစ်၏၊ တဏှာကို စွန့်ရာလဲ ဖြစ်၏၊ ဝေးစွာ စွန့်ရာလဲ ဖြစ်၏၊ ထိုတဏှာအနှောင်အဖွဲ့ကို ဖြေရာလဲ ဖြစ်၏၊ ထိုတဏှာ တွယ်တာမှု ကင်းရာလဲဖြစ်၏။ သို့ဖြစ်၍၊ ထိုနိဗ္ဗာန်ကို အောက်ပါအတိုင်းလဲ ဟောတော်မူ၏။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခနိရောဓော၊ ဆင်းရဲ ငြိမ်းရာ ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့ သိအပ်သော အမှန်တရား သည်။ ကတမဉ္စ၊ အဘယ်နည်း? ဟူမူကား။ တဿာ ယေဝ တဏှာယ၊ ပိယရုပ် သာတရုပ်၌ ဖြစ်ထိုက်သော ထိုတဏှာ၏ သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်းမဲ့ ပျက်ပြယ်ရာ, ချုပ်ရာဖြစ်သော အကြင်သဘောသည်။ ယောစာဂေါ၊ အကြင်စွန့်ရာသဘောသည်။ ယောပဋိနိဿဂ္ဂေါ၊ အကြင် ဝေးစွာစွန့်ရာသဘောသည်။ ယာ မုတ္တိ၊ အကြင် ဖြေလွှတ်ရာသဘော သည်။ ယော အနာလယော၊ အကြင် တွယ်တာမှု ကင်းရာသဘောသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ တဏှာ၏ အကြွင်းမဲ့ ပျက်ပြယ်ရာ, ချုပ်ရာ, တဏှာကို စွန့်ရာ, ဝေးစွာ စွန့်ရာ, ဖြေလွှတ်ရာ, တွယ်တာမှု ကင်းရာ ဖြစ်သော ဤသဘော ကို။ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဒုက္ခနိရောဓ အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (သတိပိ ဒွိန္နံ ပဒါနံ သမာနာဓိ ကရဏဘာဝေ လိင်္ဂဘေဒေါ ဂဟိတော၊ ယထာ ဒုက္ခသမုဒယော အရိယသစ္စန္တိ–အာဒီနဝဥာဏ်အဖွင့် ဤမဟာဋီကာနှင့်အညီ, နိယတပုလ္လိန်ရှိသော နိရောဓသဒ္ဒါသည်၊ သစ္စံပုဒ်သို့လိုက်၍ နပုလ္လိန်နှင့်မရှိသင့်။ ပဋိသံဋ္ဌ၁၅၈–၌ကား လိင်္ဂဝိပလ္လာသ ဟု ဆို၏။ သို့သော် ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ–ဟူသော ပါဠိ၌ လိင်္ဂဝိပလ္လာသ မဖြစ်သောကြောင့် မဟာဋီကာ မိန့်ဆို ချက်က ယုတ္တာတရ ဖြစ်ပေသည်။

ထို့ပြင်, မဂ်ဉာဏ် လေးပါးဖြင့် နိဗ္ဗာန်ကိုသိလျှင်၊ ထိုသိဆဲ၌လဲ သင်္ခါရ အလုံးစုံ မထင်ပေါ်ဘဲ ချုပ်ငြိမ်း၏။ နိဗ္ဗာန်ကို မသိပါက ဖြစ်ထိုက်ကုန်သော ကိလေသာ, ခန္ဓာ, တို့သည်လည်း ထို သိသော ကာလမှစ၍ မဖြစ်ထိုက်ကုန်ပြီ၊ ချုပ်ငြိမ်းလေ ကုန်၏။ ထို့ကြောင့်, နိဗ္ဗာန်သည် သင်္ခါရအလုံးစုံ၏ ငြိမ်းရာလဲဖြစ်၏၊ ခန္ဓာ, ကိလေသာ, အဘိသင်္ခါရ, ကာမဂုဏ်, ဟူသော ဥပဓိတို့ကို စွန့်လွှတ်ရာလဲ ဖြစ်၏၊ တဏှာ၏ ကုန်ခန်းရာလဲ ဖြစ်၏၊ ကိလေသာ ဟူသော တပ်စွဲမှုတို့၏ ပျက်ပြယ်ရာလဲ ဖြစ်၏၊ ဆင်းရဲအလုံးစုံ ချုပ်ရာလဲ ဖြစ်၏။ သို့ဖြစ်၍၊ ထိုနိဗ္ဗာန်ကို အောက်ပါအတိုင်းလဲ ဟောတော်မူ၏။

ဣဒမ္ပိ ခေါ ဌာနံ ဒုဒ္ဒသံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။ (ဒီ ၁–၃၁–စသည်)

သဗ္ဗသင်္ခါရသမထော၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာ ဖြစ်သော။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အလုံးစုံသော ဥပဓိတို့ကို စွန့်လွှတ်ရာဖြစ်သော။ တဏှာက္ခယော၊ တဏှာ၏ ကုန်ရာဖြစ်သော။ ဝိရာဂေါ၊ ကိလေသာဟူသော တပ်စွဲမှုတို့၏ ပျက်ပြယ်ရာဖြစ်သော။ နိရောဓော၊ အလုံးစုံသော ဆင်းရဲတို့၏ ချုပ်ရာဖြစ်သော။ ယဒိဒံ နိဗ္ဗာနံ၊ ဝါနမည်သော တဏှာမှ ထွက်မြောက်သော အကြင် သဘောသည်။ ဝါ၊ ဆင်းရဲ ငြိမ်းသော အကြင် သဘောသည်။ အတ္ထိ၊ ရှိ၏။ ဣဒမ္ပိ ခေါ ဌာနံ၊ ဤ နိဗ္ဗာန်ဟူသော အရာဌာနကိုလဲ။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲစွ။

## သဉပါဒိသေသ နှင့် အနုပါဒိသေသနိဗ္ဗာန်

မဂ် ဖိုလ်တို့၏ အာရုံဖြစ်သော ထိုနိဗ္ဗာန်သည် ရုပ်နာမ် သင်္ခါရ ဝဋ် ဆင်းရဲ ဟူသမျှတို့၏ ကင်းပ ချုပ်ငြိမ်းခြင်း ဟူသော သန္တိလက္ခဏာ သဘောအားဖြင့် တပါးထည်းသာ ဖြစ်သော်လဲ ခန္ဓာ အကြွင်းရှိခြင်း, မရှိခြင်း, ဟူသော ကွဲပြားကြောင်း ပရိယာယ် အားဖြင့်ကား သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်, ဟူ၍ နှစ်မျိုး ပြား၏။ ထိုတွင် ပရိနိဗ္ဗာန် မပြုမီ၊ ရဟန္တာ၏ သန္တာန်၌ ကိလေသာတို့၏ လုံးဝ မဖြစ်ပေါ်နိုင်သောအားဖြင့် ငြိမ်းခြင်းသည် သဉပါဒိသေသနိဗ္ဗာန် မည်၏။ သ–တကွ ဖြစ်သည်, ရှိသည်+ဉပါဒိ–တဏှာ စသည်တို့က အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော ခန္ဓာ=တဏှာ ဥပါဒါန် ကံတို့၏အကျိုး ဖြစ်သော ခန္ဓာ+သေသ–ကိလေသာတို့မှ ကြွင်းကျန်သည်+နိဗ္ဗာန– ငြိမ်ခြင်း=သဉပါဒိသေသနိဗ္ဗန– အကျိုး ခန္ဓာ အကြွင်းနှင့် တကွဖြစ်သော ကိလေသာ ငြိမ်းခြင်း သဘော,=အကျိုး ခန္ဓာအကြွင်းရှိပါလျက် ကိလေသာငြိမ်းခြင်း သဘော,ဟုဆိုလို၏။ (တဏှာဒီဟိ ဖလဘာဝေန ဥပါဒီယတီတိ ဥပါဒိ၊ ခန္ဓပဉ္စကံ။ ဥပါဒိ ယေဝ သေသောတိ ဥပါဒိသေသော၊ သဟ ဥပါဒိသေသေနာတိ သဉပါဒိသေသာ။ ဣတိဝုတ္တက အဋ္ဌကထာ ၁၅၇)။

ရဟန္တာအား၊ ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ ရုပ်နာမ် သင်္ခါရတို့၏ မဖြစ်ပေါ်လာတော့ဘဲ လုံးဝ ငြိမ်းခြင်းသည် အနုပါဒိသေသနိဗ္ဗာန်မည်၏။ အန–မရှိ+ဉပါဒိ–အကျိုးဖြစ်သော ခန္ဓာ+သေသ–ကြွင်းကျန်သည်+နိဗ္ဗာန– ငြိမ်းခြင်း=အနုပါဒိသေသနိဗ္ဗာန– ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌၊ ကိလေသာတို့မှ ကြွင်းသော အကျိုးခန္ဓာမျှ မရှိတော့ဘဲ၊ သင်္ခါရတို့၏ လုံးဝ ငြိမ်းခြင်း သဘောဟု ဆိုလို၏။

ကတမာ စ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု၊ ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီ ယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏ ဘဝသညောဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ၊ ယေသံအဝိဃာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒေတိ၊ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။ ကတမာ စ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု၊ ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ– ပေ– သမ္မဒညာဝိမုတ္တော၊ တဿ ဣဓေဝ ဘိက္ခဝေ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိ ဘဝိဿန္တိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။

ဒွေ ဣမာ စက္ခုမတာ ပကာသိတာ၊
နိဗ္ဗာနဓာတူ အနိဿိတေန တာဒိနာ။
ဧကာ ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊
သဉပါဒိသေသာ ဘဝနေတ္တိသင်္ခယာ။
အနုပါဒိသေသာ ပန သမ္ပရာယိကာ၊
ယမှိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။
ယေ ဧတဒညာယ ပဒံ အသင်္ခတံ၊
ဝိမုတ္တစိတ္တာ ဘဝနေတ္တိသင်္ခယာ။
တေ ဓမ္မသာရာဓိဂမာ ခယေ ရတာ၊
ပဟံသု တေ သဗ္ဗဘဝါနိ တာဒိနော။

## (ဣတိဝုတ်ပါဠိတော် ၂၂၁)

ဘိက္ခဝေ၊ ရဟန်းတို့။ သဉပါဒိသေသာ၊ တဏှာ စသည်တို့ကအကျိုး၏ အဖြစ်ဖြင့် ယူအပ်သော ခန္ဓာအကြွင်းနှင့် တကွဖြစ်သော။ ဝါ၊ တဏှာ ဥပါဒါန် ကံတို့၏ အကျိုး ဖြစ်သော ခန္ဓာ အကြွင်းရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာန်ဓာတ်သည်။ ကတမာ စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရဟံ၊

ကိလေသာတို့မှ ဝေးကွာ စင်ကြယ်သည်။ ဝါ၊ သတ္တဝါများ၏ ညွတ်တွား ပူဇော်ခြင်းကို ခံတော်မူထိုက်သည်။ ခီဏာသဝေါ၊ အာသဝေါကုန်ပြီးသည်။ ဝုသိတဝါ၊ ကျင့်သုံးပြီးသည်။ ကတကရဏီယော၊ ပြုဘွယ်ကိစ္စကို မဂ်လေးပါးဖြင့် ပြုပြီးသည်။ ဩဟိတဘာရော၊ ကိလေသာ, ခန္ဓာ, အဘိသင်္ခါရ, ဟူသော ဝန်ထုပ်ကြီးသုံးပါးကို ချထားပြီးသည်။ (ကိလေသာ,အဘိသင်္ခါရ, တို့ကဲ့သို့၊ ဖြစ်ထိုက်သော ဘဝသစ် ခန္ဓာတို့သည်လည်း၊ အရဟတ္တမဂ်ဖြင့်ပင် ငြိမ်းကုန်၏၊ ထို့ကြောင့်, ခန္ဓာဝန်ကိုလဲ ချထားပြီးဟုဆိုသည်)၊ အနုပ္ပတ္တသဒတ္ထော၊ အရဟတ္တဖိုလ်ဟူသော မိမိ၏အကျိုးစီးပွါးကို ရပြီးရောက်ပြီးသည်။ ပရိက္ခီဏဘဝ သညောဇနော၊ ဘဝတို့၌ယှဉ်ဖွဲ့စေတတ်သော သံယောဇဉ်အလုံးစုံကုန်ပြီးသည်။ သမ္မဒညာ ဝိမုတ္တော၊ မှန်စွာသိပြီး၍ ကိလေသာတို့မှ လွတ်မြောက်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထို ရဟန္တာပုဂ္ဂိုလ်၏။ ပဉ္စ ဣန္ဒြိယာနိ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟူသော ငါးပါးသော ဣန္ဒြေတို့သည်။ တိဋ္ဌန္တိ ဧဝ၊ နောက်ဆုံး လက်ရှိ ဘဝကို ဖြစ်စေသော ကံစွမ်းအဟုန် မကုန်သေးသမျှ ကာလပတ်လုံး အဆက်ဆက် ဖြစ်ပေါ်လျက် တည်မြဲပင် တည်ရှိကုန်သည် သာတည်း။ ယေသံ၊ အကြင် ငါးပါးသောဣန္ဒြေတို့၏။ အဝိဃာတတ္တာ၊ တဖန်မပေါ်လာဘဲ ချုပ်ပျက်သည့်အလိုအားဖြင့် မချုပ်မပျက်ကြသေးသောကြောင့်။ သော၊ ထိုရဟန္တာ ပုဂ္ဂိုလ်သည်။ မနာပါ မနာပံ၊ နှစ်သက်ဖွယ်, မနှစ်သက်ဖွယ်, အာရုံကို။ ပစ္စနုဘောတိ၊ ခံစားရ၏။ သုခ ဒုက္ခံ၊ ရေးကံဟောင်း၏ အကျိုးဖြစ်သော ချမ်းသာဆင်းရဲကို။ ပဋိသံဝေဒေတိ၊ ခံစားရ၏။ ။(တဿတိဋ္ဌန္တေဝ–မှစ၍ ဤတိုင် အောင်၊ ခန္ဓာအကြွင်းရှိပုံကိုပြ၏။ တဿ ယော–ရာဂက္ခယောစသည်ဖြင့်ကား သဉပါဒိသေသ နိဗ္ဗာန်ကိုပြ၏)။ တဿ၊တဏှာ, ဉပါဒါန်, ကံတို့၏အကျိုးဖြစ်သည့် ခန္ဓာကြွင်းရှိသေးသော ထိုရဟန္တာ၏သန္တာန်၌။ ယောရာဂက္ခယော၊ အကြင် ရာဂ၏ ကုန်ခြင်း မရှိခြင်း စင်စစ် မဖြစ်ပေါ်ခြင်းသည်။ (ရာဂဿ ခယော ခီဏာကာရော အဘာဝေါအစ္စန္တမနုပ္ပါဒေါ–အဋ္ဌကထာဖွင့်)။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ခြင်း မရှိခြင်း စင်စစ်မဖြစ်ပေါ်ခြင်းသည်။ ယော မောဟက္ခယော၊ အကြင် မောဟ ၏ ကုန်ခြင်း, မရှိခြင်း, စင်စစ် မဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ရာဂစသည်တို့၏ စင်စစ် မဖြစ်ပေါ်ခြင်း တည်းဟူသော ဤကိလေသာ ကုန်ခြင်း ငြိမ်းခြင်းကို။ သဉပါဒိသေသာ နိဗ္ဗာနဓာတု၊ သဉပါဒိသေသ နိဗ္ဗာန ဓာတ်–ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ (ရာဂါဒိက္ခယော သဉပါဒိသေသာ နိဗ္ဗာနဓာတူတိ ဒဿိတော–အဋ္ဌကထာဖွင့်။ကိလေသ ပရိနိဗ္ဗာန်ပင်တည်း)။

ဘိက္ခဝေ၊ ရဟန်းတို့။ အနုပါဒိသေသာ၊ ခန္ဓာ အကြွင်း အကျန်မရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာန်ဓာတ်သည်။ ကတမာစ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရဟံ၊ ကိလေသာတို့မှ ဝေးကွာ စင်ကြယ်သည်။ ဝါ၊ သတ္တဝါများ၏ ညွတ်တွား ပူဇော်ခြင်းကို ခံတော်မူထိုက်သည်။ ပေ။ သမ္မဒညာ ဝိမုတ္တော၊ မှန်စွာ သိပြီး၍ ကိလေသာတို့မှ လွတ်မြောက်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထို ရဟန္တာပုဂ္ဂိုလ်၏။ သဗ္ဗဝေဒယိတာနိ၊ အလုံးစုံသော ခံစားမှုအဖျာကတ ဝေဒနာတို့သည်။ အနဘိနန္ဒိတာနိ၊ တဏှာ, မာန, ဒိဋ္ဌိဖြင့် မနှစ်သက်အပ် လက်မခံအပ်ကုန် သည်ဖြစ်၍။ ဣဓ ဧဝ၊ ဤ မျက်မှောက်ဘဝ၌ သာလျှင်။ သီတီ ဘဝိဿန္တိ၊ အေးချမ်းစွာ ဖြစ်ကုန်လတ္တံ့။ ဝါ၊ တဖန်ဆက်စပ်၍ ဖြစ်ခြင်းမရှိသည့် ချုပ်ငြိမ်းခြင်း အားဖြင့် ချုပ်ငြိမ်းကုန်လတ္တံ့။

(အစ္စန္တဝူပသမေန သင်္ခါရဒရထပ္ပဋိပဿဒ္ဓိယာ သီတလီ ဘဝိဿန္တိ၊ အပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈိဿန္တီတိ အတ္ထော။ န ကေဝလံ ဝေဒယိတာနိယေဝ၊ သဗ္ဗေပိ ပန ခီဏာသဝသန္တာနေ ပဉ္စက္ခန္ဓာ နိရုဇ္ဈိဿန္တိ၊ ဝေဒယိတသီသေန ဒေသနာကတာ။ အဋ္ဌကထာဖွင့်။ ။ သီတိ.ကား အမျှုတတဖ္ဘော၌ စီပစ္စယန္တ အဗျယပုဒ်တည်း။ ။ ဝေဒနာကို ခေါင်းတပ်၍ ဟောတော်မူသော ကြောင့် ဤသို့သောအဓိပ္ပါယ်ကို သိအပ်၏–ရဟန္တာ၏ သန္တာန်၌ ရှိကြသော ဝေဒနာ စသောခန္ဓာငါးပါးတို့သည် တဏှာ, မာန, ဒိဋ္ဌိဖြင့် မစွဲလမ်းအပ်ကုန်သည် ဖြစ်၍ ကိလေသာ, ကံ, ဘဝသစ် ခန္ဓာ, တစုံတခုကိုမျှ မဖြစ်ပွါးစေနိုင်ကုန်။ ထို့ကြောင့်, "လောင်စာ အသစ်ကို မရသော မီးသည် မီး အသစ်ကို မပွါးစေနိုင်ဘဲ၊ တောက်လောင်ပြီးလျှင် ငြိမ်းရုံသာ ငြိမ်း၍ သွားလေ သကဲ့သို့" ထို့အတူပင် ရှေးကံကြောင့် ဖြစ်ပေါ်လျက်ရှိသော ရဟန္တာ၏ ခန္ဓာတို့သည်လည်း ဘဝသစ်ခန္ဓာ တစုံတခုကိုမျှ မဖြစ် ပေါ်စေဘဲ၊ မိမိတို့ဖြစ်ပေါ်ပြီးလျှင်, ချုပ်ငြိမ်းရုံသာချုပ်ငြိမ်း၍ ချုပ်ငြိမ်း၍သွားကုန်၏။ ပရိနိဗ္ဗာန် စုတိ ခန္ဓာတို့ချုပ်ငြိမ်းပြီးသော အခါ၌ကားတစုံတခုသော ခန္ဓာမျှမဖြစ်ပေါ်လာတော့ပြီ၊ သို့ဖြစ်၍, ရဟန္တာ၏ သန္တာန်၌ ရှေးကံ အဟုန်ကြောင့် ဖြစ်မြဲ ဖြစ်ပေါ်လျက်ရှိကြသော ခန္ဓာတို့သည် ခန္ဓာအသစ်ကို ဆက်စပ်၍ မဖြစ်စေကြဘဲ၊ ဤဘဝတွင်သာလျှင် ချုပ်ငြိမ်းသွားကြမည် ဟု ဆိုလိုပေသည်)။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဘဝသစ်ခန္ဓာကိုမဖြစ်စေဘဲမျက်မှောက်ဘဝ၌သာလျှင် ရဟန္တာ၏ ခန္ဓာတို့ ငြိမ်းအေး ခြင်းကို။ ဝါ၊ ပရိနိဗ္ဗာန်စုတိခန္ဓာတို့ ချုပ်ငြိမ်းသည်မှ နောက်ကာလ၌ ခန္ဓာအသစ်ဆက်စပ်၍ မဖြစ်တော့ဘဲ အမြဲတမ်းငြိမ်း ခြင်းကို။ အနုပါဒိသေသာနိဗ္ဗာနဓာတု၊ အနုပါဒိသေသနိဗ္ဗာနဓာတ်–ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

ဤအနုပါဒိသေသ နိဗ္ဗာန်သည် ခန္ဓ ပရိနိဗ္ဗာန်ပင်တည်း။ မဂ္ဂဘာဝနာကို မပွါးစေလျှင် ဖြစ်ထိုက်သော ဘဝသစ် ခန္ဓာ တို့သည် မဂ္ဂဘာဝနာကို ပွါးစေအပ်ပြီးဖြစ်သောကြောင့် ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ မဖြစ်ပေါ်ကုန်ဘဲ ချုပ်ငြိမ်းကုန်၏။ သို့ဖြစ်၍ ဤ ခန္ဓပရိနိဗ္ဗာန်သည်လည်း အရဟတ္တမဂ် ခဏကပင် ပြီးစီးခဲ့၏။ သို့သော်လဲ ငြိမ်းခြင်းသည် ဖြစ်ပေါ်တတ်သော သဘောမဟုတ်သောကြောင့် "မည်သည့် ကာလ၌ ဖြစ်ပေါ်သည်" ဟူ၍ကား မဆိုအပ်ပေ။ ထင်ရှားစေဦးအံ့၊ မဂ္ဂဘာဝနာကို မပွါးစေလျှင်, ကိလေသာနှင့် ဘဝသစ် ခန္ဓာတို့သည် အကြောင်းညီညွတ်သော ခဏတိုင်းကာလတိုင်းဖြစ်ထိုက်ကုန်၏ ဖြစ်စွမ်း

နိုင်ကုန်၏။ ထို ဖြစ်ထိုက်သော ကိလေသာ ခန္ဓာတို့သည် ဖြစ်ပြီးမဟုတ်သောကြောင့် အတိတ်လဲ မဟုတ်ကုန်။ ဖြစ်ဆဲ မဟုတ်သောကြောင့် ပစ္စုပ္ပန်လဲ မဟုတ်ကုန်။ ဧကန်ဖြစ်လတ္တံ့ မဟုတ်သောကြောင့် အနာဂတ်လဲ မဟုတ်ကုန်။ ကာလသုံးပါးမှ လွတ်သော ကာလဝိမုတ် တရားတို့ သာတည်း။ ကာလဝိမုတ် ဖြစ်သော ထို ကိလေသာ ခန္ဓာတို့၏ ငြိမ်းခြင်း မရှိခြင်း စင်စစ် မဖြစ်ပေါ်ခြင်းသည်လည်း အတိတ်လဲမဟုတ်၊ အနာဂတ်လဲ မဟုတ်၊ ပစ္စုပ္ပန်လဲ မဟုတ်၊ ကာလဝိမုတ်တရား သာတည်း။ ဤသို့ သဉပါဒိသေသ=ကိလေသ ပရိနိဗ္ဗာန်, အနုပါဒိသေသ=ခန္ဓပရိနိဗ္ဗာန်, ဤနှစ်မျိုးလုံးပင် ကာလဝိမုတ် တရားချည်းဖြစ်သောကြောင့်, "မည်သည့် ကာလ၌ ဖြစ်ပေါ်သည်" ဟူ၍မဆိုအပ်၊ ထို့ပြင်, ကာလဝိမုတ် ဖြစ်သော ကိလေသာ, ခန္ဓာတို့၏ ငြိမ်းခြင်း မဖြစ်ခြင်း သဘောမျှ ဖြစ်သောကြောင့်လဲ "မည်သည့် ကာလ၌ ဖြစ်ပေါ်သည်" ဟူ၍ မဆိုအပ်ပေသတည်း။ ထို့ပြင်, ဖြစ်ထိုက်သော ကိလေသာ, ခန္ဓာ, တို့၏ ငြိမ်းခြင်း မရှိခြင်း စင်စစ် မဖြစ်ပေါ်ခြင်းဟူသော နိဗ္ဗာန်သည် ကာလ ၃–ပါးမှ လွတ်သော ကာလဝိမုတ်တရား ဖြစ်သောကြောင့် "ဂေါတြဘူခဏ၌ အနာဂတ်နိဗ္ဗာန်ကို အာရုံပြုသလော၊ မဂ်ခဏ၌ ပစ္စုပ္ပန် ကိလေသနိဗ္ဗာန်ကို အာရုံပြုသလော အနာဂတ်ခန္ဓနိဗ္ဗာန်ကို အာရုံပြုသလော"ဟု ဤသို့သော မေးခွန်းစောဒနာပုဒ်များကို မထုတ်သင့်သည်သာတည်း။ လေးနက်စွာ ဆင်ခြင်မိပါစေ။

ဒိဋ္ဌဓမ္မိကာ၊ မျက်မှောက် အတ္တဘော၌ ပြီးသော။ ဘာနေတ္တိသင်္ခယာ၊ ဘဝတဏှာ ကုန်ခြင်းဟု ဆိုအပ်သော။ သဉပါဒိသေသာ၊ ခန္ဓာအကြွင်းနှင့် တကွ ဖြစ်သော။ ဧကာ ဓာတု၊ တခုသော နိဗ္ဗာန်ဓာတ်သည်။ ဣဓ၊ ယခု မျက်မှောက်ဘဝ၌။ သိဒ္ဓါ ပြီးစီး ထင်ရှား၏။ ယမ္ဟိ၊ အကြင် အနုပါဒိသေသနိဗ္ဗာန်၌။ ဘဝါနိ၊ ကာမ, ရူပ, အရူပ, ဘဝတို့သည်။ (လိင်္ဂဝိပလ္လာသတည်း)။ သဗ္ဗသော၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံအားဖြင့်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဝါ၊ မဖြစ်ပေါ်ကုန်။ (ချုပ်ငြိမ်းခြင်းကိုပင် ချုပ်ငြိမ်းရာ ပြု၍ ဆိုထားသည်ကို သတိပြုပါ)။ အနုပါဒိသေသာ၊ ခန္ဓာ အကြွင်းမရှိသော။ သာ ပန နိဗ္ဗာနဓာတု၊ ထို နိဗ္ဗာန်ဓာတ်သည်ကား။ သမ္ပရာယိကာ၊ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ပြီးစီးထင်ရှား၏။ ဣတိ၊ ဤသို့၊ ဒုဝေ၊ နှစ်ပါးကုန်သော။ ဣမာ နိဗ္ဗာနဓာတူ၊ ဤ နိဗ္ဗာန် ဓာတ်တို့ကို။ စက္ခုမတာ၊ ငါးပါးသော ဉာဏ် မျက်စိရှိတော်မူသော။ အနိဿိတေန၊ တစုံတခုသောတရားကိုမျှ တဏှာဒိဋ္ဌိဖြင့် မမှီမတွယ်တော်မူသော။ တာဒိနာ၊ အကောင်းအဆိုး, အာရုံနှစ်မျိုးကို ရှွင်ညှိုးကင်းပ, အညီအမျှရှုတော်မူနိုင်သော မြတ်စွာဘုရားသည်။ ပကာသိတာ၊ ထုတ်ဖေါ် ပညတ်ပြတော်မူအပ်ကုန်၏။ (အနိဿိတေန–၌ အသိတေန၊ ဧကာဟိ ဓာတု–၌ ဧကာ ဟိ ဓာတူ၊ သဉပါဒိ–၌ သောပါဒိ၊ အနုပါဒိ–၌ နောပါဒိ၊ ယမ္ဟိ–၌ ယသ္မိံ ဟု ဤသို့ ရှိလျှင် ဣန္ဒဝံသာ ဆန်းလက္ခဏာနှင့် ညီမည်)။

ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ အ.သင်္ခတံ၊ ကံ စိတ် ဥတု အာဟာရစသော အကြောင်းတို့က စုပေါင်း ညီညွတ်၍ မပြုပြင်အပ်သော။ ဝါ၊ ပြုပြင်အပ်သည့် သင်္ခါရမှ ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်သော။ ပဒံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဖြင့်, ဆိုက်ရောက်အပ်သော။ ဧတံ နိဗ္ဗာနဓာတုံ၊ သဉပါဒိသေသ, အနုပါဒိသေသ, အားဖြင့် ခွဲခြား၍ ဟောပြအပ်သော ဤ နိဗ္ဗာန်ဓာတ်ကို။ အညာယ၊ မဂ်ဉာဏ်လေးပါးဖြင့် ထင်ရှားစွာ သိကုန်၍။ ဘဝနေတ္တိ သင်္ခယာ၊ ဘဝတဏှာ ကုန်ငြိမ်းခြင်းကြောင့်။ ဝိမုတ္တ စိတ္တာ၊ ကိလေသာမှ လွတ်မြောက်သောစိတ် ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ကိလေသာမှ လွတ်မြောက်သည့် စိတ်ရှိကုန်သော ထို ပုဂ္ဂိုလ်တို့သည်။ ဓမ္မသာရာဓိဂမာ၊ တရားတို့၌ အနှစ်ဖြစ်သော အရဟတ္တဖိုလ်ကို ရခြင်းကြောင့်။ ခယေ၊ ရာဂစသည်တို့၏ ကုန်ငြိမ်းရာ, ကုန်ငြိမ်းခြင်းသဘောဖြစ်သော နိဗ္ဗာန်၌။ တနည်းကား ဓမ္မသာရာဓိဂမာ၊ တရားတို့၌ အနှစ်ဖြစ်သော နိဗ္ဗာန်ကို သိခြင်း ရခြင်းကြောင့်။ ခယေ၊ သင်္ခါရ အလုံးစုံ၏ ကုန်ငြိမ်းရာ, ကုန်ငြိမ်းခြင်း, သဘော ဖြစ်သော အနုပါဒိသေသနိဗ္ဗာန်၌။ ရတာ၊ မွေ့လျော် နှစ်ခြိုက်ပျော်ပိုက်တော် မူကြလေကုန်၏။ (တေ၊ နိဗ္ဗာန်သို့ ရောက်ကုန်ပြီးသော ထိုပုဂ္ဂိုလ်တို့သည်။ တေတိ နိဗ္ဗာနပတ္တာ–ဟူသော သံဝဏ္ဏနာ မှုကွဲအလိုအားဖြင့် ပြန်သည်။ တေတိ နိပါတမတ္တံ–ဟူသော ဆဋ္ဌသံဂါယနာမူ အလိုအားဖြင့်၊ တေ–သဒ္ဒါကိုအနက် မပြန်ရပြီ)။ တာဒိနော၊ အာရုံကောင်းဆိုး, ထိုနှစ်မျိုးကို, ရှွင်ညှိုး ကင်းပ, အညီအမျှရှုနိုင်ကုန်သည်ဖြစ်၍။ သဗ္ဗဘဝါနိ၊ အလုံးစုံသော ဘဝတို့ကို။ ပဟံသု၊ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ လုံးဝ ပယ်စွန့်တော်မူလေကုန်ပြီ။

## ကိလေသ, ခန္ဓနိဗ္ဗာန်တို့လဲ ပရမတ်ပင်

ဤဂါထာ၌ ယေ စေတဒညာယ ပဒံ အသင်္ခတံ–ဟူသော အပိုဒ်ကို အထူး သတိပြု၍ ကြည့်ရှု ကြံစည်ကြပါလေကုန်။ သဥပါဒိသေသ, အနုပါဒိသေသ, အားဖြင့် ခွဲခြား၍ ဟောပြအပ်သော၊ ကိလေသာ, ခန္ဓာ, တို့၏ ငြိမ်းခြင်း သဘောသည် အကြောင်းတရားတို့က ပြုအပ် ဖြစ်စေအပ်သည့် တရားမဟုတ်သောကြောင့် အသင်္ခတ မည်၏။ မီးနှင့် ရေ, အပူနှင့် အအေး, အမှောင်နှင့်အလင်း, တောရှုပ်နှင့်ကွင်းပြင်, တို့ကဲ့သို့၊ မပြတ်ဖြစ်ပျက်လေ့ရှိသော သင်္ခါရတို့နှင့် ပြောင်းပြန် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လဲ အသင်္ခတမည်၏။ မဂ်, ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်သိလျက် ဆိုက်ရောက်အပ်သောကြောင့် ပဒလဲ မည်၏။ သဥပါဒိသေသ, အနုပါဒိသေသဟု ခွဲခြား၍ ပြအပ်သော၊ 'အသင်္ခတ, ပဒ' မည်သော၊ "ကိလေသာ ခန္ဓာတို့၏ ငြိမ်းခြင်း" တည်းဟူသော ဤနိဗ္ဗာန်ကိုပင် အရိယာတို့သည် မဂ်, ဖိုလ်ဉာဏ်ဖြင့် သိကြသည်ဟူ၍ ထိုအပိုဒ်ဖြင့် တိုက်ရိုက် ဖေါ်ပြ၏။ ထို့ကြောင့်, "မဂ် ဖိုလ်တို့၏ အာရုံဖြစ်သော, သန္တိလက္ခဏာ ရှိသော ပရမတ္ထနိဗ္ဗာန်=အကြောင်းနိဗ္ဗာန်က တခြား၊ သဥပါဒိသေသ မည်သော ကိလေသပရိနိဗ္ဗာန, အနုပါဒိသေသ မည်သော ခန္ဓပရိနိဗ္ဗာန် တည်းဟူသော အကျိုးနိဗ္ဗာန်တို့က တခြား" ဟူ၍ ဤသို့ ခွဲခြားခြင်းကို မပြုသင့်ပြီ။ ခွဲခြား၍ ယူလျှင်၊ ဤပါဠိတော်နှင့်လဲ ဆန့်ကျင်ရာ၏၊ အောက်ပါ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာနှင့်လဲ ဆန့်ကျင်ရာ၏။

တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဥပါဒိသေသ နိဗ္ဗာနဓာတု, အနုပါဒိသေသ နိဗ္ဗာနဓာတု စေတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာ ယေန။

တံ ဧတံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ထိုနိဗ္ဗာန်သည်။ (ဧကဝိဓမ္ပိ, ဒုဝိဓံ ဟောတိ, တို့၌ စပ်လေ)။ သဘာဝတော၊ သန္တိလက္ခဏာ ဟူသော မိမိ၏သဘောအားဖြင့်။ ဧကဝိဓမ္ပိ၊ တပါးသော အဖို့ ရှိသော်လဲ။ ဝါ၊ တပါးထည်း ဖြစ်သော်လဲ။ သဥပါဒိသေသ နိဗ္ဗာနဓာတု၊ သဥပါဒိသေသ နိဗ္ဗာန်ဓာတ်ဌင်း။ အနုပါဒိသေသ နိဗ္ဗာနဓာတုစ၊ အနုပါဒိသေသ နိဗ္ဗာန်ဓာတ်ဌင်း။ ဣတိ၊ ဤသို့။ ကာရဏပရိယာယေန၊ ကွဲပြားခြင်း၏အကြောင်း အမြွက်အားဖြင့်။ ဒုဝိဓံ၊ နှစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ထိုနိဗ္ဗာန်သည် သန္တိလက္ခဏာအားဖြင့် တပါးထည်းသာဖြစ်သည်။ သန္တိလက္ခဏာ ရှိသော နိဗ္ဗာန်, သန္တိလက္ခဏာမရှိသော နိဗ္ဗာန်ဟု မခွဲခြားအပ်ပြီ။ နိဗ္ဗာန်ဆိုလျှင် သန္တိလက္ခဏာ ရှိသည်သာတည်း။သို့သော်လဲ ဥပါဒိသေသ ရှိခြင်း, မရှိခြင်းဟူသော ကွဲပြားကြောင်း, ခွဲခြားနိုင်ကြောင်း အမြွက်အားဖြင့်မူကား မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ထိုနိဗ္ဗာန်သည်ပင် သဥပါဒိသေသနိဗ္ဗာန်ဓာတ်, အနုပါဒိသေသ နိဗ္ဗာန်ဓာတ်ဟု နှစ်မျိုး ပြားသည်ဟူ၍ ဆိုလို၏။ ဤသို့ ဆိုရာ၌ တဒေတံ ဒုဝိဓံ ဟောတိ–ဟူသော စကားဖြင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကိုပင် နှစ်မျိုး ခွဲပြကြောင်း ထင်ရှား၏။ ထို့ကြောင့်၊ သဥပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန်တို့ကို၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်မှခွဲထုတ်လျှင်၊အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့်လဲ ဆန့်ကျင်၏။

## နိဗ္ဗာန်သည် အဘာဝပညတ် မဟုတ်

ဤမျှသာ မကသေး၊ ထိုသို့ ခွဲထုတ်လျှင်, "မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည် သန္တိလက္ခဏာ ရှိသော ပရမတ္ထ တရားဖြစ်သောကြောင့်၊ ၎င်းမှကွဲပြားသော သဥပါဒိသေသ, အနုပါဒိသေသနိဗ္ဗာန်တို့ကို၊ သန္တိလက္ခဏာမရှိဟူ၍၎င်း။ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသော ပညတ်တရားဟူ၍၎င်း" ဆိုရပေလိမ့်မည်။ အချို့က သဥပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန်တို့ကို အဘာဝ ပညတ်တရားဟူ၍ပင် ဆိုကြသေး၏။ သို့ဖြစ်လျှင် ပညတ်တရားဟူသည်မှာ စိတ်ကူး=မနောဝိညာဏ်၏ အာရုံ ဖြစ်ကာမျှသာတည်း၊ ပရမတ္ထအားဖြင့်ကား ထင်ရှားမရှိချေ။ ထို့ကြောင့်, သဥပါဒိသေသနိဗ္ဗာန်ဟုခေါ်သော ကိလေသာ ငြိမ်းခြင်း, အနုပါဒိသေသ နိဗ္ဗာန်ဟုခေါ်သော ခန္ဓာငြိမ်းခြင်း, တို့သည်လည်း "အတ္တဒိဋ္ဌိ၏ စွဲလမ်းရာ အတ္တကောင်ကဲ့သို့" စိတ်ကူး=မနောဝိညာဏ်၏ အာရုံ ဖြစ်ကာမျှ, ခေါ်ဝေါ်ပြောဆိုရကာမျှသာ ဖြစ်လေကုန်ရာ၏။ ဖြစ်ထိုက်သော ကိလေသာ, ခန္ဓာတို့၏ တကယ်ငြိမ်းခြင်း, မဖြစ်ပေါ်ခြင်းကား မရှိသည်သာ ဖြစ်လေရာ၏။ ထိုသို့မရှိပါမူ ရဟန္တာ၏ သန္တာန်၌ ကိလေသာ တို့သည် ဖြစ်မြဲပင် ဖြစ်နေလေကုန်ရာ၏။ ပရိနိဗ္ဗာန် စုတိမှ နောက်ကာလ၌ ခန္ဓာတို့သည် ဖြစ်မြဲပင် ဖြစ်နေလေကုန်ရာ၏။ တစုံတယောက်မျှ ဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်ဘဲ ရှိလေရာ၏။ ဤသည်ကား သဥပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန်တို့ကို မဂ်ဖိုလ်၏ အာရုံ နိဗ္ဗာန်မှ ခွဲထုတ်၍၊ အဘာဝပညတ် ဟု ဆိုရာ၌ ရောက်သော အပြစ်များပေတည်း။ ထိုနိဗ္ဗာန် ၂–ပါးမှာ သန္တိလက္ခဏာမရှိဟုဆိုလျှင်လဲ၊ ပညတ်တရားဟု ဆိုရာရောက်သောကြောင့်၊ ပြခဲ့သည့်အပြစ်များ ရောက်သည့်ပြင်၊ သန္တိလက္ခဏာ ရှိသော နိဗ္ဗာန်နှင့်တကွ နိဗ္ဗာန် ၃–မျိုး ခွဲပြထိုက်ခြင်းအပြစ်လဲ ရောက်၏။ ထို့ကြောင့် အောက်ပါအတိုင်းသာလျှင် ပိုင်းခြား ဆုံးဖြတ်ရာ၏။

## မဂ်ဖိုလ်၏ အာရုံ နိဗ္ဗာန်

မဂ် ဖိုလ်၏ အာရုံဖြစ်သော နိဗ္ဗာန်သည် သာမည နိဗ္ဗာန်တည်း။ သဉပါဒိသေသ, အနုပါဒိသေသ, နိဗ္ဗာဏ်တို့သည် ထိုသာမညနိဗ္ဗာန်၌ အတွင်းဝင်သော ဝိသေသနိဗ္ဗာန်တို့ပေတည်း။ ထို့ကြောင့်, မဂ်ဖိုလ်ဖြစ်ဆဲ၌ သဉပါဒိသေသ, အနုပါဒိသေသအားဖြင့်လဲ ခွဲခြား၍ အာရုံပြုသည်မဟုတ်။ ရာဂ၏ ငြိမ်းခြင်း, ဒေါသ၏ ငြိမ်းခြင်း, မောဟ၏ ငြိမ်းခြင်း, ရုပ်၏ ငြိမ်းခြင်း, ဝေဒနာ၏ငြိမ်းခြင်း, ဤသို့စသည်ဖြင့်လဲ အစိတ်အစိတ်ခွဲခြား၍ အာရုံပြုသည်မဟုတ်။ ယခုငြိမ်းခြင်း, နောင်ကာလ၌ငြိမ်းခြင်း, အားဖြင့်လဲ ခွဲခြား၍အာရုံပြုသည်မဟုတ်။ နိဗ္ဗာန်, ချုပ်ငြိမ်းသည်, ကင်းဆိတ်သည်, ကိလေသာမရှိ, ခန္ဓာမရှိ, သင်္ခါရမရှိ, ဟူသော အမည်ပညတ်တို့နှင့် တကွလဲ အာရုံပြုသည် မဟုတ်။ အမှန်အားဖြင့်သော်ကား ... မှတ်သိအပ်သော ရုပ်နာမ်သင်္ခါရ, မှတ်သိမှုသင်္ခါရ, တို့၏ မပေါ်လာဘဲ ချုပ်ငြိမ်းခြင်း=ကင်းဆိတ်ခြင်း=ပြတ်စဲခြင်း သဘောကို အာရုံပြုမိရုံမျှ သိရုံမျှသာတည်း။ ဤသို့ သိအပ်သော အာရုံ သဘော၌ ရုပ်နာမ် အလုံးစုံပင် ချုပ်ငြိမ်း ကင်းဆိတ်သောကြောင့် ကိလေသာ ငြိမ်းခြင်းဟူသော သဉပါဒိသေသ နိဗ္ဗာန်လဲပါဝင်၏။ ခန္ဓာ ငြိမ်းခြင်းဟူသော အနုပါဒိသေသနိဗ္ဗာန်လဲ ပါဝင်၏။ ဤ၌ ပြအပ်သော ကိလေသာ, ခန္ဓာတို့၏ ငြိမ်းခြင်း=မရှိခြင်း=စင်စစ်မဖြစ်ခြင်းမှာ အဘာဝပညတ်မျှသာ ဟူ၍၎င်း၊ မနက်နဲဘူးဟူ၍၎င်း၊ ဤသို့သော ထင်မြင်စွဲလမ်းမှု ရှိပါသေးလျှင်၊ "နက်နဲသောကြောင့်ပင် မှန်ကန်စွာ ငါမသိနိုင်ချေသည်" ဟူ၍၎င်း၊ "မှန်ကန်စွာ မသိသေးသောကြောင့်ပင် အဘာဝပညတ်ဟု ငါထင်မှတ်နေချေသည်" ဟူ၍၎င်း၊ ဤသို့သော အောက်မေ့ပါလေ၊ ဤမျှဖြင့် မကျေနပ်သေးလျှင်, မိမိသန္တာန်၌ ကိလေသာတို့ မဖြစ်ပေါ်လာဘဲ တကယ် ငြိမ်းသွားစေရန် ကြံစည်အားထုတ် ကြည့်ပါ၊ စုတိ၏ အခြားမဲ့၌ ဘဝသစ်ခန္ဓာတို့မဖြစ်ပေါ်လာဘဲ အမြဲ ငြိမ်းသွားစေရန်လဲ ကြံစည် အားထုတ်ကြည့်ပါ။ ထိုအခါ၌, "ဖြစ်ထိုက်သော ကိလေသာ, ဘဝသစ်ခန္ဓာတို့၏ ငြိမ်းခြင်း=မရှိခြင်း=စင်စစ် မဖြစ်ပေါ်ခြင်း သဘောသည် စိတ်ကူးကြံစည်ရုံမျှဖြင့် သိအပ်သော အဘာဝ ပညတ် မဟုတ်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အသင်္ခတ သဘောတရား ပါတကား ဟူ၍၎င်း၊ ဂမ္ဘီရော ဝတ နက်နဲသော သဘောတရား ပါတကားဟူ၍၎င်း ဒုဒ္ဒသောဝတ–မိမိ၏သန္တာန်၌ ပြီးစီးပြည့်စုံစေလျက် မြင်နိုင်ခဲသော တရားပါတကားဟူ၍၎င်း၊ အတက္ကာ ဝစရော ဝတ–ကြံစည်ရုံမျှဖြင့် မရောက်နိုင်၍ ကြံစည်မှု၏ ကျက်စားရာမဟုတ်သော သဘောတရားပါတကားဟူ၍၎င်း" သဘောကျနိုင်ပါလိမ့်မည်။

တသ္မာ တိဟ ဘိက္ခဝေ သေ အာယတနေ ဝေဒိတဗ္ဗေ။ ယတ္ထ စက္ခု စ နိရုဇ္ဈတိ။ ရူပသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒိတဗ္ဗေ။ ယတ္ထ သောတဉ္စ နိရုဇ္ဈတိ၊ သဒ္ဒသညာ စ နိရုဇ္ဈတိ၊ သေ အာယတ နေ ဝေဒိတဗ္ဗေ။ ယတ္ထ ဃာနဉ္စ နိရုဇ္ဈတိ၊ ဂန္ဓသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒိတဗ္ဗေ။ ယတ္ထ ဇိဝှါ စ နိရုဇ္ဈတိ၊ ရသသညာ စ နိရုဇ္ဈတိ သေ အာယတနေ ဝေဒိတဗ္ဗေ။ ယတ္ထ ကာယော စ နိရုဇ္ဈတိ၊ ဖောဋ္ဌဗ္ဗသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒိတဗ္ဗေ။ ယတ္ထ မနော စ နိရုဇ္ဈတိ၊ ဓမ္မသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒိတဗ္ဗေ။

## (သဠာယတန သံယုတ်ပါဠိတော် ၃၁၇)

ဘိက္ခဝေ၊ ရဟန်းတို့။ တသ္မာ၊ နိဗ္ဗာန်ကို မဂ်လေးပါးဖြင့် မသိသေးလျှင် ကိလေသာတို့၏ အာရုံများသို့ မသွားစေရန် စိတ်၏ အစောင့်အထိန်းဖြစ်သော အပ္ပမာဒတရား, သတိတရား, တို့ကိုဖြစ်စေရခြင်း၊ သိပြီးသောအခါ၌ကား ဆိုင်ရာဆိုင်ရာ ကိလေသာတို့၏ အာရုံများသို့မသွားစေရန် အပ္ပမာဒ, သတိ, တရားတို့ကို ဖြစ်စေဘို့မလိုခြင်း ဟူသော ထိုအကြောင်းကြောင့်။ သေ အာယတနေ–တံ အာယတနံ၊ နိဗ္ဗာန်ဟူသော ထိုအာရုံအကြောင်းတရားကို။ ဝေဒိတဗ္ဗေ–ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝါ၊ မဂ်လေးဖြင့် သိအောင် အားထုတ်အပ်၏။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ စက္ခု စ၊ မျက်စိအကြည်ရုပ်သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ ရူပသညာစ၊ အဆင်းကို မှတ်သားမှု သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ သေ အာယတနေ၊ စက္ခုနှင့် ရူပသညာတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထို အာရုံ အကြောင်းတရားကို။ ဝေဒိတဗ္ဗေ၊ သိအပ်၏။

(စက္ခုနှင့် ရူပသညာတို့၏ ချုပ်ခြင်းသဘောကိုပင် "ယမှိ နိရုဇ္ဈတိ ဘဝါနိ"ဟု ဟောသကဲ့သို့၊ ချုပ်ရာ ဟု ဟောသည် ဟူ၍ ယူရာ၏။ မြင်မှု ဆိုင်ရာ သင်္ခါရတို့ကို မှတ်သိပြီးသည့် အခြားမဲ့၌ နိဗ္ဗာန်ကို သိသော သူအား စက္ခုနှင့် ရူပသညာတို့၏ ချုပ်ငြိမ်း ကင်းဆိတ်ခြင်း သဘောသည် အထူးအားဖြင့် ထင်ရှား၏။ ထို့ကြောင့်, ထိုသို့သော ပုဂ္ဂိုလ် သိအပ်သည့် နိဗ္ဗာန်ကို စက္ခုနှင့် ရူပသညာ ဟူသော အာယတန နှစ်ပါး၏ ချုပ်ခြင်းဖြင့် အထူးပြု၍၊ ဖော်ပြသည်ဟု ယူအပ်၏။ ယတ္ထ စက္ခု စ နိရုဇ္ဈတိ၊ ရူပသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒိတဗ္ဗေတိ ဧတ္ထ ဒွိန္နံ အာယတနာနံ ပဋိက္ခေပေန နိဗ္ဗာနံ ဒဿိတံ– ဟူသော ပဉ္စတ္တယသုတ်အဖွင့် ဥပရိပံအဋ္ဌကထာနှင့် အညီပင်တည်း။ ထိုတွင်လဲ စက္ခု၏ ချုပ်မှု ထင်ရှားခြင်းကြောင့် စက္ခုနှင့် တပေါင်းထည်းဖြစ်သော ရုပ်တို့၏ချုပ်မှုလဲထင်ရှား၏၊ ရူပသညာ၏ ချုပ်မှုထင်ရှားခြင်းကြောင့်, ထိုသညာ၏ ယှဉ်ဘက်စိတ်စေတသိက်တို့၏ ချုပ်မှုလဲထင်ရှား၏၊ ထိုသညာ၏ အာရုံဖြစ်သော အဆင်းရုပ်၏ ချုပ်မှုလဲထင်ရှား၏၊ စက္ခုနှင့် ရူပသညာတို့၏ချုပ်မှု ထင်ရှားခြင်းကြောင့်, မြင်မှုဆိုင်ရာ သင်္ခါရတို့ကို မှတ်သိသော ဝိပဿနာ၏ ချုပ်မှုလဲ ထင်ရှား၏၊ ဤအလုံးစုံလဲ အထူး ထင်ရှားသေးသည်ဟု မှတ်အပ်၏။ သာမညအားဖြင့်သော်ကား...မဂ်ဖြင့် သိအပ်သော ထိုနိဗ္ဗာန်၌၊ သင်္ခါရအလုံးစုံ၏

ချုပ်မှုလဲ ထင်ရှားသည် သာတည်း။ ထို့ကြောင့်ပင်, မဂ်ဖိုလ်တို့ ဖြစ်ဆဲခဏ၌ ရုပ်နာမ် ခန္ဓာ သင်္ခါရဟူသမျှကို လုံးဝ မသိဘဲ ရှိပေသည်။ နောက်အပိုဒ်တို့၌လဲ နည်းတူပင် သိပါလေ)။

ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ သောတဉ္စ၊ နား အကြည် ရုပ်သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ သဒ္ဒသညာ စ၊ အသံကို မှတ်သားမှုသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ သေ အာယတနေ၊ သောတနှင့် သဒ္ဒသညာတို့၏ ချုပ်ရာ နိဗ္ဗာန်ဟူသော ထို အာရုံ အကြောင်း တရားကို။ ဝေဒိတဗ္ဗေ၊ သိအပ်၏။ ။ ယတ္ထ၊ အကြင် နိဗ္ဗာန်၌။ ဃာနဉ္စ၊ နှာခေါင်းအကြည်ရုပ်သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ ဂန္ဓသညာ စ၊ အနံ့ကိုမှတ်သားမှုသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ သေ အာယတနေ၊ ဃာနနှင့် ဂန္ဓသညာတို့၏ချုပ်ရာ နိဗ္ဗာန်ဟူသော ထိုအာရုံ အကြောင်းတရားကို။ ဝေဒိတဗ္ဗေ၊ သိအပ်၏။ ။ယတ္ထ၊ အကြင် နိဗ္ဗာန်၌။ ဇိဝှါ စ၊ လျှာ အကြည် ရုပ်သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ ရသသညာစ၊ အရသာကို မှတ်သားမှုသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ သေ အာယတနေ၊ ဇိဝှါနှင့် ရသသညာတို့၏ ချုပ်ရာ နိဗ္ဗာန် ဟူသော ထိုအာရုံအကြောင်းတရားကို။ ဝေဒိတဗ္ဗေ၊ သိအပ်၏။ ။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ ကာယော စ၊ ကိုယ်အကြည်ရုပ်သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ ဖောဋ္ဌဗ္ဗသညာ စ၊ အတွေ့ကို မှတ်သားမှုသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ သေ အာယတနေ၊ ကာယနှင့် ဖောဋ္ဌဗ္ဗသညာတို့၏ ချုပ်ရာနိဗ္ဗာန် ဟူသော ထို အာရုံ အကြောင်းတရားကို။ ဝေဒိတဗ္ဗေ၊ သိအပ်၏။ ။ ယတ္ထ၊ အကြင် နိဗ္ဗာန်၌။ မနော စ၊ နှလုံးသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ ဓမ္မသညာ စ၊ သဘောကို မှတ်သားမှုသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ သေ အာယတနေ။ မနနှင့် ဓမ္မသညာတို့၏ ချုပ်ရာနိဗ္ဗာန် ဟူသော ထို အာရုံ အကြောင်းတရားကို။ ဝေဒိတဗ္ဗေ၊ သိအပ်၏။

ဤသုတ်၌ ၆-ပိုဒ်တို့တွင် တပိုဒ်တပိုဒ်ဖြင့် အထူးထင်ရှားသော အာယတနနှစ်ပါး နှစ်ပါး၏ချုပ်ငြိမ်းရာ, ချုပ်ငြိမ်းခြင်းသဘောကို နိဗ္ဗာန်ဟု ဖေါ်ပြ၏။ တသုတ်လုံးဖြင့်ကား အာယတန အလုံးစုံ၏ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းခြင်း သဘောကို၊ နိဗ္ဗာန်ဟု ဖေါ်ပြ၏။ ထို့ကြောင့်, ဤသုတ်ကို ဝေဘန်တော်မူသော အရှင်အာနန္ဒာမထေရ်မြတ်က အောက်ပါအတိုင်း မိန့်ဆိုတော်မူလေပြီ။

သဠာယတန နိရောဓံ နော ဧတံ အာဝုသော ဘဂဝတာ
သန္ဓာယ ဘာသိတံ။ (သံ ၂-၃၁၉)

အာဝုသော၊ ငါ့ရှင်တို့။ သဠာယတန နိရောဓံ၊ ၆-ပါးသော အဇ္ဈတ္တိကာယတန, ၆-ပါးသော ဗာဟိရာယတနတို့၏ ချုပ်ငြိမ်းရာ, ချုပ်ငြိမ်းခြင်းသဘောဟူသော နိဗ္ဗာန်ကို။ သန္ဓာယ၊ ရည်တော်မူ၍။ ဧတံ၊ "တသ္မာ တိဟ ဘိက္ခဝေ သေ အာယတနေ ဝေဒိတဗ္ဗေ" အစရှိသော ဤသုတ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နော၊ ငါတို့အား။ ဘာသိတံ၊ ဟောတော်မူအပ်ပေ၏။ (သဠာယတန နိရောဓော ဝုစ္စတိ နိဗ္ဗာနံ၊ တံသန္ဓာယ ဘာသိတန္တိ အတ္ထော။ အဋ္ဌကထာဘွင့်)။

တတော တွံ ဗာဟိယ နေဝိဓ၊န ဟုရံ၊ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿ – ဟူသော ဤ ပါဠိ၏ အဖွင့် ဥဒါန်းအဋ္ဌကထာ၌၊ "အာယတန အလုံးစုံချုပ်ငြိမ်းခြင်းဟူသော ဤနိဗ္ဗာန်ကိုပင်ရည်ရွယ်၍" အချေဆရာတို့ ဖွင့်ဆိုပုံကို အောက်ပါအတိုင်း ထုတ်ပြ၏။

အညေ ဣဓာတိ အဇ္ဈတ္တိကာယတနာနိ၊ ဟုရန္တိ ဗာဟိရာယတနာနိ၊ ဥဘယ မန္တရေနာတိ စိတ္တစေတသိကာတိ။ (ဥဒါန-ဋ္ဌ ၈၄)

ဣဓာတိ၊ ဣဓ ဟူသောပုဒ်ဖြင့်။ အဇ္ဈတ္တိကာယတနာနိ၊ ၆-ပါးသော အဇ္ဈတ္တိက အာယတနတို့ကို။ ဝုတ္တာနိ၊ ဟောအပ်ကုန်၏။ ဟုရန္တိ၊ ဟုရံဟူသော ပုဒ်ဖြင့်။ ဗာဟိရာယတနာနိ၊ ၆-ပါး သောဗာဟိရ အာယတနတို့ကို။ ဝုတ္တာနိ၊ ဟောအပ်ကုန်၏။ ဥဘယ မန္တရေနာတိ၊ ဥဘယမန္တရေန ဟူသော ပါဌ်ဖြင့်။ စိတ္တ စေတသိကာ၊ စိတ် စေတသိက်တို့ကို။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ဣတိ၊ ဤသို့။ အညေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ဖွင့်ဆိုကုန်၏။

ထိုအဖွင့်နှင့် အညီ, ပါဠိတော်၏ အနက်ကား ... ဗာဟိယ၊ အိုဗာဟိယ။ တတော၊ မြင်ရသော အဆင်း, ကြားရသော အသံ, နံလျက် စားလျက် ထိလျက် ရောက်ရသော အနံ့, အရသာ, အတွေ့, ကြံသိရသော သဘော အာရုံ, တို့၌ ကိလေသာ အလိုအားဖြင့် မတည်သော ထိုအခါ၌။ တွံ၊ သင်သည်။ နေဝ ဣဓ၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, ဟူသော ဤ အတွင်းဘက် အာယတနတို့၌လဲ မရှိပြီ။ နဟုရံ၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘော, ဟူသော ထို အပြင်ဘက် အာယတနတို့၌လဲ မရှိပြီ။ ဥဘယံ အန္တရေန၊ အတွင်းဘက်, အပြင်ဘက် အာယတန ၂-မျိုးလုံးကို ကြဲ၍ ယူအပ်သော ဝိညာဏ် ၆-ပါး စိတ် စေတသိက် တရားတို့၌လဲ။ န၊ မရှိပြီ။ ဧသော ဧဝ၊ ဤ ဒွါရ, အာရုံ, စိတ် စေတသိက်, တို့၌ သင် မရှိခြင်း=ဒွါရ, အာရုံ, စိတ် စေတသိက်, တို့၏ မထင်ပေါ်ခြင်းသည်ပင်လျှင်။ ဒုက္ခဿ၊ ကိလေသာ, ဆင်းရဲ, ဝဋ္ဋ ဆင်းရဲ၏။ အန္တော၊ အဆုံး အပိုင်းအခြား နိဗ္ဗာန်ပေတည်း။

ယောဂီသည်၊ ဝိပဿနာ ရှုဆဲ၌၊ ဒွါရ ၆-ပါး, အာရုံ ၆-ပါး, စိတ်စေတသိက် တရား, တို့တွင် ထင်ရှားသော တရား တခုခုကို၊ မပြတ်မှတ်သိလျက် ရှိ၏။ မင်္ဂ ဖိုလ် ဖြစ်ဆဲ၌ ထိုဒွါရ, အာရုံ, စိတ် စေတသိက် တရား, တို့တွင် တစုံတခုမျှ မထင် ပေါ်သည်ဖြစ်၍၊ ထိုတရားအလုံးစုံ၏ ချုပ်ငြိမ်းခြင်းသဘောကိုသာ သိရ၏။ ဤသို့ သိရသော ချုပ်ငြိမ်းခြင်း သဘောသည်ပင် ဆင်းရဲခပ်သိမ်း၏ အပြီးတိုင် ငြိမ်းရာဖြစ်သော နိဗ္ဗာန်မည်၏ ဟု ဆိုလိုသည်။ အထူးပင် မှတ်သားဘွယ် ကောင်းပါပေ၏။

အာယတန အလုံးစုံ ချုပ်ငြိမ်းလျှင်, သင်္ခါရ အလုံးစုံပင် ချုပ်ငြိမ်း၏။ ထို့ကြောင့်, အောက်ပါ သုတ်တို့၌ သင်္ခါရ အလုံးစုံကို ပယ်မြစ်လျက်၊ သင်္ခါရ အလုံးစုံ၏ ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်သော သဘောကို နိဗ္ဗာန် ဟု ဟောတော်မူ၏။

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော နဂါဓတိ။
တတော သရာ နိဝတ္တန္တိ၊ ဧတ္ထ ဝဋ္ဋံ န ဝတ္တတိ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။

## (ဒေဝတာသံယုတ် ၁၅)

ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ အာပေါစ၊ ယိုစီးမှု, ဖွဲ့စေးမှု, အာပေါဓာတ်သည်၎င်း။ ပထဝီ၊ ခက်မာ ကြမ်းတန်းမှု, နူးညံ့ ချောညက်မှု, ပထဝီဓာတ်သည်၎င်း။ တေဇော၊ ပူ, အေး, မှု တေဇောဓာတ်သည်၎င်း။ ဝါယော၊ ထောက်ကန်, ရွေ့ရှား, မှုဝါယောဓာတ်သည်၎င်း။ န ဂါဓတိ၊ မတည်၊ မရှိ။ အတော၊ ဓာတ်လေးပါးတို့ မရှိရာ ဖြစ်သော ဤနိဗ္ဗာန်မှ။ သရာ၊ ခန္ဓာ အစဉ် သံသရာတည်းဟူသော မြစ်ချောင်း အင်းအိုင်ရေယဉ်တို့သည်။ နိဝတ္တန္တိ၊ ဆုတ်နစ်ကုန်၏။ ဝါ၊ မပြတ်ဖြစ်ပေါ်ခြင်းမရှိဘဲ ရပ်စဲကုန်၏၊ (အဘိဓာတ်၌ တဖက်ဆည်းကန်ဟော သရသဒ္ဒါသာ လာရှိသော်လဲ၊ ဤ၌ကား "သမုဒ္ဒပရမာ သရာ၊ ဝုဋ္ဌိ ဝေ ပရမာ သရာ"တို့၌ကဲ့သို့၊ ရေစီး ရေယဉ်ဟော ဟုသာ ယူသင့်၏)။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဝဋ္ဋံ၊ ကိလေသာ, ကံ, ဝိပါက်, ဟူသော ဝဋ် သုံးပါးသည်။ န ဝတ္တတိ၊ လည်လျက်မဖြစ်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ နာမဉ္စ၊ အာရုံဆီသို့ ညွှတ်တတ်, သွားတတ်၊ သော နာမ်တရားသည်၎င်း။ ရူပဉ္စ၊ ဖေါက်ပြန် ပြောင်းလဲတတ်သော ရုပ်တရားသည်၎င်း။ အသေသံ၊ အကြွင်းမဲ့။ ဥပရုဇ္ဈတိ၊ ချုပ်၏။ ။(ဧတ္ထ ပန သင်္ခါရပဋိပက္ခေပေန နိဗ္ဗာနံ ဒဿိတံ) ဥပရိပံ၊ ပဉ္စတ္တာယသုတ် အဖွင့်အဋ္ဌကထာ-၁၇)။

ဝိညာဏံ အ-နိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ။
ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေ တံ ဥပရုဇ္ဈတိ။

## (သီလက္ခန် ကေဝဋ္ဋသုတ်- ၂၁၃)

ဝိညာဏံ၊ ထူးမြတ်သော အရိယာမဂ်ဉာဏ်ဖြင့် မျက်မှောက် သိသော။ ယံ နိဗ္ဗာနံ၊ အကြင် နိဗ္ဗာန်သည်။ (ဝိညာတဗ္ဗန္တိ ဝိညာဏံ၊ နိဗ္ဗာနဿေတံ နာမံ-အဋ္ဌကထာ။ ဝိညာတဗ္ဗန္တိ ဝိသိဋ္ဌေန ဉာတဗ္ဗံ၊ ဉာဏုတ္တမေန အရိယ မဂ္ဂဉာဏေန ပစ္စက္ခတော ဇာနိတဗ္ဗန္တိ အတ္ထော-ဋီကာ၊ နောက်၌ နိယတ် ရှိသောကြောင့် အနိယတ် ထည့်၍ သမ္ဗန်သည်)။ အ-နိဒဿနံ၊ မြင်အပ်သော အဆင်းအရောင်, မြင်နိုင်ကောင်းသော အဆင်းအရောင်လဲ မရှိပေ။ ဝါ၊ နှိုင်းယှဉ်၍ ပြစရာ ပုံတူ ဥပမာလဲ မရှိပေ။ အနန္တံ၊ ဖြစ်ခြင်းတည်ခြင်း ပျက်ခြင်းဟူသော အပိုင်းအခြားလဲမရှိပေ။ သဗ္ဗတောပဘံ၊ သုံးဆဲ့ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် တပါးပါး သော ကမ္မဋ္ဌာန်းဟူသော ဝင်ပေါက်ဖြင့် နိဗ္ဗာန်သို့ သက်ဝင်နိုင်သောကြောင့်၊ ခပ်သိမ်းသော ကမ္မဋ္ဌာန်တို့မှ သက်ဝင်ရန် ဆိပ်ကမ်းလဲရှိပေ၏။ ဝါ၊ နည်းလမ်းမှန်စွာ အားထုတ်လျှင် မည်သည့်အရပ်၌မဆို၊ နိဗ္ဗာန်ကိုသိနိုင်သောကြောင့် ခပ်သိမ်းသော အရပ်မျက်နှာတို့၌လဲ ထင်ရှားရှိပေ၏။ ဝါ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်လဲ တောက်ပပေ၏။

## နိဗ္ဗာန်သည် လင်းလင်း ဝင်းဝင်းကြီး မဟုတ်

(ဤသဗ္ဗ တောပဘံ–ပုဒ်၌ ၃–နက်တို့တွင် ဒုတိယ, တတိယ, အနက်များမှာ မူလပံ ဗြဟ္မနိမန္တန သုတ် အဖွင့်အဋ္ဌကထာ၌သာလာသည်။ သီလက္ခန်အဋ္ဌကထာ၌ကား ထိုအနက်များ မရှိပေ။ ထိုတွင် နိဗ္ဗာန်ကို 'တောက်ပသည်ဟု' ဟုဆိုရာ၌ တစုံတခုသော ညစ်ညူးကြောင်းနှင့်မျှ မစပ်ယှက်သောကြောင့်သာ ဆိုသည်ဟု ယူလေ။ ပညာအာလောကော ပညာသြဘာသော ပညာပဇ္ဇောတော ဟူရာ၌ ပညာကို အလင်း, အရောင်, တောက်ပသည်,ဟု ဆိုသကဲ့သို့ငှင်း၊ ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံဟူရာ၌ ဥပက္ကိလေသနှင့် မစပ်ယှက်သော စိတ်ကို တောက်ပသည်ဟု ဆိုသကဲ့သို့ငှင်း မှတ်လေ။ ဝိသုဒ္ဓဋ္ဌေန ဝါ သဗ္ဗတောပဘံ၊ ကေနစိ အနုပက္ကိလိဋ္ဌတာယ သမန္တတော ပဘဿရန္တိအတ္ထော–သီလက္ခန် ဋီကာ။ ။ ဝါ၊ တနည်း အနက်ကား။ ဝိသုဒ္ဓဋ္ဌေန၊ အထူး စင်ကြယ်သော အနက်ကြောင့်။ သဗ္ဗတော ပဘံ၊ အချင်းခပ်သိမ်း တောက်ပ၏။ ကေနစိ၊ တစုံတခုသော ညစ်ညူးကြောင်း တရားက။ အနုပက္ကိလိဋ္ဌတာယ၊ မနှိပ်စက်အပ်, မညစ်ညူးစေအပ်, သည်၏ အဖြစ်ကြောင့်။ သမန္တတော ပဘဿရံ၊ ထက်ဝန်းကျင် တောက်ပ၏။ ဣတိ အတ္ထော၊ ဤကား အနက်။ ။ အဓိပ္ပါယ်ကား…တောက်ပတဲ့ ပင်ကိုသဘောရှိကြသော စိတ်တရား, ပညာတရား, တို့သည်"ညစ်ညူးကြောင်း တရားတို့က ယှဉ်တွဲလျက် ဖြစ်စေ, ရှေးနောက် ခြံရံလျက် ဖြစ်စေ, နှိပ်စက်အပ် ညစ်ညူးစေအပ် ကုန်သည် ရှိသော်" မတောက်ပသည်လည်း ဖြစ်နိုင်ကုန်သေး၏၊ နိဗ္ဗာန်သည်ကား ကိလေသာ, သင်္ခါရတို့၏ ငြိမ်းခြင်း သဘောဖြစ်သောကြောင့်၊ ညစ်ညူးကြောင်းတရားတို့နှင့် မည်သို့မျှမစပ်ယှဉ်နိုင်ပေ၊ မတွေ့ဆုံနိုင်ပေ။ ထို့ကြောင့်, နိဗ္ဗာန်ကို ထိုတရားတို့က မည်သည့် နည်းနှင့်မျှ မနှိပ်စက်နိုင်၊ မညစ်ညူးစေနိုင်။ ဟင်းလင်းပြင်ကို အိုးမဲသုတ်ရန် မဖြစ်နိုင်သကဲ့သို့ပင်တည်း။ သို့ဖြစ်၍, နိဗ္ဗာန်ကို "ထက်ဝန်းကျင် အပြည့်အစုံတောက်ပသည်"ဟု ဆိုပေသည်။ အဖြောင့်အားဖြင့်သော်ကား ညစ်ညူးကြောင်းတရားတို့နှင့် လုံးဝမစပ်ယှဉ်။ အညစ်အကြေးတို့မှ လုံးဝသန့်ရှင်း စင်ကြယ်သည်ဟု ဤအဓိပ္ပါယ်ကိုသာ အဋ္ဌကထာ ဋီကာတို့၌ ဆိုလိုပေသည်။ "နေရောင် လရောင် ကြယ်ရောင် ဓာတ်မီးရောင် တို့ကဲ့သို့ ဝင်းပြောင်တောက်ပသည်၊ ထိုသို့ တောက်ပသည်ကို မင်္ဂ, ဖိုလ်ဉာဏ်ဖြင့် သိမြင်သည်"ဟူ၍ကား မယူလေလင့်။ ထိုသို့ ယူလျှင်, အနိဒဿနံ ဟူသော ရှေ့နားက ပုဒ်နှင့်ပင် ဆန့်ကျင်လေရာ၏၊ အနိမိတ္တပစ္စုပဋ္ဌာနံ ဟူသည်နှင့်လဲ ဆန့်ကျင်ရာ၏ ပြခဲ့ပြီးသော မိလိန္ဒပဥှာနှင့်လဲ ဆန့်ကျင်ရာ၏၊ နိဗ္ဗာန်၌ ရုပ်တရားမရှိ ဟုဆိုသော ပါဠိ အဋ္ဌကထာ အလုံးစုံတို့နှင့်လဲ ဆန့်ကျင်ရာ၏။ ထို့ပြင်, ဖြစ်ထိုက်သော ကိလေသာ, ခန္ဓာ, တို့၏ စင်စစ်မဖြစ်ပေါ်ဘဲ ငြိမ်းခြင်းသဘောသည် လင်းလင်း ဝင်းဝင်းကြီးမဟုတ်တန်လေရာ။ ဟုတ်ခဲ့ပါက၊ "နိဗ္ဗာန်ဟူသည်မှာ လင်းလင်း ဝင်းဝင်း ကြီးပင်"ဟူ၍ လွယ်ကူစွာပင် ပါဠိအဋ္ဌကထာတို့၌ ပြဆိုလေရာ၏။ ရာဂက္ခယော စသည်ဖြင့်ငှင်း, သဗ္ဗသင်္ခါရသမထော စသည်ဖြင့်ငှင်း, အနုပ္ပါဒေါ စသည်ဖြစ်ငှင်း, ကိလေသာ သင်္ခါရတို့မှ ပြောင်းပြန် ဆန့်ကျင်ဘက် ပြုလျက်၊ အသိခက်သော အမည်တို့ကို မပြဆိုတန်လေရာ။ နက်နက် နဲနဲဆင်ခြင်ပါလေ)။

ဧတ္ထ၊ ဤ နိဗ္ဗာန်၌။ အာပေါ စ၊ ကြွန္ဒြိယဗဒ္ဓ ဖြစ်သော အာပေါဓာတ်သည်ငှင်း။ ပထဝီ စ၊ ကြွန္ဒြိယဗဒ္ဓ ဖြစ်သော ပထဝီဓာတ်သည်ငှင်း။ တေဇော စ၊ ကြွန္ဒြိယဗဒ္ဓ ဖြစ်သော တေဇောဓာတ်သည်ငှင်း။ ဝါယော စ၊ ကြွန္ဒြိယဗဒ္ဓ ဖြစ်သော ဝါယော ဓာတ်သည်ငှင်း။ န ဂါမတိ၊ မထောက်တည်နိုင်။ ဝါ၊ အကြောင်း ကင်းသည် ဖြစ်၍ ထောက်တည်ရာ မရဘဲ ချုပ်ငြိမ်း၏။ ဧတ္ထ၊ ဤ နိဗ္ဗာန်၌။ ဒီဃဉ္စ၊ ရှည်သော ပုံသဏ္ဍာန်ဟု ခေါ်အပ်သော ဥပါဒါ ရုပ်သည်ငှင်း။ ရဿဉ္စ၊ တိုသော ပုံသဏ္ဍာန်ဟု ခေါ်အပ်သော ဥပါဒါ ရုပ်သည်ငှင်း။ အဏုံ စ၊ အသေးအငယ်ဟု ခေါ်အပ်သော အဆင်း အရောင် ရုပ်သည်ငှင်း။ ထူလဉ္စ၊ အကြီးဟုခေါ်အပ်သော အဆင်းအရောင် ရုပ်သည်ငှင်း။ သုဘံ စ၊ တင့်တယ်လှပသည်ဟုထင်အပ်သော ဣဋ္ဌာရုံရုပ်သည်ငှင်း။ အသုဘံ စ၊ မတင့်တယ် မလှပဟု ထင်အပ်သော အနိဋ္ဌာရုံရုပ်သည်ငှင်း။ ဥပရုဇ္ဈတိ၊ ချုပ်၏။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ နာမဉ္စ၊ ညွတ်မှုသိမှု နာမ်တရားသည်ငှင်း။ ရူပဉ္စ၊ ဖေါက်ပြန် ပြောင်းလဲမှု ရုပ်တရားသည်ငှင်း။ အသေသံ၊ အကြွင်းမဲ့။ ဥပရုဇ္ဈတိ၊ ဖြစ်ခြင်း မရှိသောအားဖြင့် ချုပ်၏။ (ဥပါဒိန္နကဓမ္မဇာတံ နိရုဇ္ဈတိ အပ္ပဝတ္တံ ဟောတိ–အဋ္ဌကထာ။ ချုပ် ဟူသည်မှာ ဤအရာ၌ မဖြစ်ပေါ်လာဘဲ ကင်းခြင်းပင်တည်း။ ဤတိုင်အောင်၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ပြ၏၊ နောက်ဝါကျဖြင့်ကား။ ချုပ်ငြိမ်းကြောင်းကိုပြ၏)။ ဝိညာဏဿ၊ ပရိနိဗ္ဗာန် စုတိစိတ်, အဘိသင်္ခါရ ဝိညာဏ်, ဟူသော ဝိညာဏ် ၂–ပါး၏။ နိရောဓေန၊ ကုန်ဆုံး ပျက်စီးလျက်ချုပ်ကွယ်ခြင်း, မဖြစ်ပေါ်လာဘဲ ချုပ်ကွယ်ခြင်း, ကြောင့်။ ဧတံ သဗ္ဗံ၊ ဤ ဆိုခဲ့ပြီးသော ဥပါဒိန္နက ရုပ်နာမ် တရားအလုံးစုံသည်။ ဧတ္ထ၊ ဤ နိဗ္ဗာန်=အငြိမ်းဓာတ်၌။ ဥပရုဇ္ဈတိ၊ တဖန်အသစ် မဖြစ်ပေါ်လာတော့ဘဲ ချုပ်ကွယ်လေ၏။ ။ (ပရိနိဗ္ဗာန် စုတိစိတ် ချုပ်ပျက်သောကြောင့်, လက်ရှိ ရုပ်နာမ်အလုံးစုံချုပ်ကွယ် ပြတ်စဲ၏။ အကျိုးပေးနိုင်သော အဘိသင်္ခါရ ဝိညာဏ် မရှိသောကြောင့်, ရုပ်နာမ် အသစ် မဖြစ်လာတော့ဘဲ ချုပ်ကွယ် ပြတ်စဲ၏၊ ထို့ကြောင့်, မီးစာကုန် ဆီခန်းသော မီးတောက်၏ ကွယ်ပျောက်ခြင်းကဲ့သို့ ရုပ်နာမ် အလုံးစုံပင် နိဗ္ဗာန်=အငြိမ်းဓာတ် ထင်ရှားရှိသည့်အတွက်၊ ထို အငြိမ်းဓာတ်ကို မှီ၍၊ ချုပ်ငြိမ်းကွယ်ပျောက်ပြတ်စဲသွားသည် ဟု ဆိုလို၏။ ဧတ္ထာပိ သင်္ခါရပဋိက္ခေပေနေဝ နိဗ္ဗာနံ ဒဿိတံပဋ္ဌတ္တာယသုတ်အဖွင့် ပင် မဋ္ဌ ၄–၁၈)

## အကျဉ်းချုပ် မှတ်ဘွယ်

နိဿေသ သင်္ခါရ ဝိဝေက လက္ခဏံ၊
သကလ သင်္ခတ ဝိဓုရ သဘာဝံ။
နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ၊
ဇာနေယျ သင်္ခါရ နိရောဓ မတ္တကံ။

နိဿေသ သင်္ခါရ ဝိဝေက လက္ခဏံ၊ ကြွင်းမဲ့ ဥဿုံ, အလုံးစုံသော သင်္ခါရတို့၏ ကင်းဆိတ်ခြင်း သဘောဟု မှတ်သားအပ်သည် ဖြစ်၍။ သကလ သင်္ခတ ဝိဓုရသဘာဝံ၊ အလုံးစုံသော သင်္ခါရတို့နှင့် အနည်းငယ်သော်မှ သဘောမတူဘဲ ပြောင်းပြန် ကွဲလွဲလျက် လုံးဝဆန့်ကျင်ဘက် သဘောရှိသော။ သုဂတေန ဒေသိတံ၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော။ ဧတံ နိဗ္ဗာနံ၊ သန္တိလက္ခဏာ ရှိသော ဤနိဗ္ဗာန် တရားကို။ ပညဝါ၊ ပညာရှိသည်။ သင်္ခါရ နိရောဓ မတ္တကံ၊ အကြောင်း အကျိုး နှစ်ရပ်, အချင်းချင်း စပ်လျက်, မပြတ်ဖြစ်နေသော ရုပ်နာမ် ခန္ဓာ သင်္ခါရတို့၏ လုံးဝ ပြတ်ကင်း, ချုပ်ငြိမ်းခြင်း သဘောမျှသာ ဟူ၍။ ဇာနေယျ၊ သံသယရှင်း, ယုံမှားကင်းလျက်, ဖြောင့်စင်းမြဲစွာ, သိမှတ်ရာတော့သတည်း။ ။ (ဣန္ဒဝံသာ, ဒုတပဒ, ၂–မျိုးစပ် ဥပဇာတိ ဂါထာ)

**နိဗ္ဗာနကထာ ပြီး၏။**
**အခန်း (၆) ပြီး၏။**

# အခန်း–၇

## မဟာဝိပဿနာ (၁၈) ပါး

အဋ္ဌာရသ မဟာဝိပဿနာ နာမ အနိစ္စာနုပဿနာဒိကာ ပညာ။ ယာသု (၁) နိစ္စာနုပဿနံ ဘာဝေန္တော နိစ္စသညံ ပဇဟတိ၊ (၂) ဒုက္ခာနုပဿနံ ဘာဝေန္တော သုခသညံပဇဟတိ၊ (၃) အနတ္တာနုပဿနံ ဘာဝေန္တော အတ္တသညံ ပဇဟတိ၊ (၄) နိဗ္ဗိဒါနုပဿနံ ဘာဝေန္တောနန္ဒိံ ပဇဟတိ၊ (၅) ဝိရာဂါနုပဿနံ ဘာဝေန္တော ရာဂံ ပဇဟတိ။ (၆) နိရောဓာနုပဿနံ ဘာဝေန္တော သမုဒယံ ပဇဟတိ၊ (၇) ပဋိနိဿဂ္ဂါနုပဿနံ ဘာဝေန္တော အာဒါနံ ပဇဟတိ၊ (၈) ခယာနုပဿနံ ဘာဝေန္တော ဃနသညံ ပဇဟတိ၊ (၉) ဝယာနုပဿနံ ဘာဝေန္တော အာယူဟနံ ပဇဟတိ၊ (၁၀) ဝိပရိဏာမာနုပဿနံ ဘာဝေန္တော ဓုဝသညံ ပဇာဟတိ၊ (၁၁) အနိမိတ္တာနုပဿနံ ဘာဝေန္တော နိမိတ္တံ ပဇဟတိ၊ (၁၂) အပ္ပဏိဟိတာနုပဿနံ ဘာဝေန္တော ပဏိဓိံ ပဇဟတိ၊ (၁၃) သုညတာနုပဿနံ ဘာဝေန္တော အဘိနိဝေသံ ပဇဟတိ၊ (၁၄) အဓိပညာဓမ္မဝိပဿနံ ဘာဝေန္တော သာရာဒါနာဘိနိဝေသံ ပဇဟတိ၊ (၁၅) ယထာဘူတ ဉာဏဒဿနံ ဘာဝေန္တောသမ္မောဟာဘိနိဝေသံ ပဇဟတိ၊ (၁၆) အာဒီနဝါနုပဿနံ ဘာဝေန္တော အာလယာဘိနိဝေ သံ ပဇဟတိ၊ (၁၇) ပဋိသင်္ခါနုပဿနံ ဘာဝေန္တော အပ္ပဋိသင်္ခံ ပဇဟတိ၊ (၁၈) ဝိဝဋ္ဋနုပဿနံ ဘာဝေန္တော သံယောဂါဘိနိဝေသံ ပဇဟတိ။ (ဝိသုဒ္ဓိမဂ် ၂–၂၆၄)

အဋ္ဌာရသ မဟာဝိပဿနာ နမ၊ တဆဲ့ရှစ်ပါးသော မဟာဝိပဿနာတို့ မည်သည်ကား။ အနိစ္စာနုပဿနာဒိကာ ပညာ၊ အနိစ္စာနုပဿနာ အစရှိသော ပညာတို့ပေတည်း။ ယာသု၊ အကြင် တဆဲ့ရှစ်ပါးသော မဟာဝိပဿနာတို့တွင်။

(၁) အနိစ္စာနုပဿနံ၊ မမြဲဟု ရှုမြင်သောဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသော သူသည်။ နိစ္စသညံ၊ မြဲသည်ဟု ထင်မှတ်ခြင်းကို။ ပဇဟတိ၊ ပယ်၏၊ ပျောက်စေ၏၊ ဖြစ်ခွင့် မပေး။

(၂) ဒုက္ခနုပဿနံ၊ ဆင်းရဲ ဟု ရှုမြင်သော ဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသော သူသည်။ သုခသညံ၊ ချမ်းသာ ဟု ထင်မှတ်ခြင်းကို။ ပဇဟတိ၊ ပယ်၏၊ ပျောက်စေ၏၊ ဖြစ်ခွင့် မပေး။

(၃) အနတ္တာနုပဿနံ၊ အစိုးပိုင်သော အကောင် မဟုတ် ဟု ရှုမြင်သောဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသော သူသည်။ အတ္တသညံ၊ အစိုးပိုင်သော အကောင်ဟု ထင်မှတ်ခြင်းကို။ ပဇဟတိ၊ ပယ်၏၊ ပျောက်စေ၏၊ ဖြစ်ခွင့် မပေး။

(၄) နိဗ္ဗိဒါနုပဿနံ၊ ငြီးငွေ့လျက် ရှုမြင်သောဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသောသူသည်။ နန္ဒိံ၊ ပျော်မွေ့သော တဏှာကို။ ပဇဟတိ၊ ပယ်၏၊ ပျောက်စေ၏၊ ဖြစ်ခွင့် မပေး။

(၅) ဝိရာဂါနုပဿနံ၊ တပ်မက် ပြယ်စေလျက် ရှုမြင်သော ဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသော သူသည်။ ရာဂံ၊ တပ်မက်သော တဏှာကို။ ပဇဟတိ၊ ပယ်၏၊ ပျောက်စေ၏၊ ဖြစ်ခွင့် မပေး။

(၆) နိရောဓာနုပဿနံ၊ ချုပ်ကွယ်သည် ဟု ရှုမြင်သော ဉာဏ်ကို။ ဝါ၊ နောင် ဘဝ အသစ် မဖြစ်သည့် အလိုအားဖြင့် သင်္ခါရ ချုပ်ကွယ်အောင် ရှုမြင်သော ဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသောသူသည်။ သမုဒယံ၊ ဖြစ်ခြင်းကို။ ပဇဟတိ၊ ပယ်၏၊ ပျောက်စေ၏၊ ဖြစ်ခွင့် မပေး။

(၇) ပဋိနိဿဂ္ဂါနုပဿနံ၊ နိစ္စ သုခ အတ္တ ဟု ထင်မှတ် စွဲလမ်းသော ကိလေသာတို့ကို စွန့်လွှတ်လျက်, နိဗ္ဗာန်သို့လဲ ကိုင်းညွှတ်စေလွှတ်လျက်, ရှုမြင်သောဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသောသူသည်။ အာဒါနံ၊ ဖြစ်ခွင့်ပေးသောအားဖြင့် ကိလေသာတို့ကို ယူခြင်း လက်ခံခြင်း, သင်္ခါရအာရုံကို အပြစ်မမြင်ဘဲ ယူခြင်း လက်ခံခြင်း,ကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့် မပေး။

(၈) ခယာနုပဿနံ၊ ကုန်ဆုံးသည်ဟု ရှုမြင်သော ဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသော သူသည်။ ဃနသညံ၊ တခဲနက်တခုထည်း တကောင်ထည်း ဟု ထင်မှတ်ခြင်းကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့် မပေး။

(၉) ဝယာနုပဿနံ၊ မျက်မှောက်မြင်ရသော ပစ္စုပ္ပန်သင်္ခါရ၏ ပျက်မှုနှင့် အတူထား၍ မျက်ကွယ်ဖြစ်သော အတိတ်, အနာဂတ် သင်္ခါရတို့၏ ပျက်မှုကို ပိုင်းခြား ရှုမြင်သော ဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသော သူသည်။ အာယူဟနံ၊ ချမ်းသာ ကောင်းစားကြီးပွါးရန် အားထုတ်မှုကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့်မပေး။

(၁၀) ဝိပရိဏာမာနုပဿနံ၊ ပင်ကိုရင်းအတိုင်းမတည်ဘဲ ပြောင်းလဲဖေါက်ပြန်သည်ဟု ရှုမြင်သောဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသော သူသည်။ ဓုဝသညံ၊ မဖေါက်ပြန် မပြောင်းလဲ ပင်ကိုအတိုင်း ခိုင်မြဲနေသည် ဟု ထင်မှတ်ခြင်းကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့် မပေး။

(၁၁) အနိမိတ္တာနုပဿနံ၊ မြဲသည့်ပုံဟန် ကိုယ်သဏ္ဌာန် မရှိဟု ရှုမြင်သော ဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသောသူသည်။ နိမိတ္တံ၊ မြဲသည့်ပုံဟန် ကိုယ်သဏ္ဌာန် ရှိသကဲ့သို့ ထင်ပေါ်သော သင်္ခါရ ဃနနိမိတ်, နိစ္စနိမိတ်ကို။ ပဇဟတိ၊ ပယ်၏၊ ပျောက်ကင်းစေ၏၊ ထင်ပေါ်ခွင့် မပေး။

(၁၂) အပ္ပဏိဟိတာနုပဿနံ၊ တောင့်တသာယာမှုနှင့် ဆန့်ကျင်လျက် ရှုမြင်သောဉာဏ်ကို။ ဝါ၊ တောင့်တ သာယာဘွယ် ကင်းသည်ဟု ရှုမြင်သောဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသောသူသည်။ ပဏိဓိံ၊ ချမ်းသာကို တောင့်တသော တဏှာကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့် မပေး။

(၁၃) သုညတာနုပဿနံ၊ အစိုးပိုင်သည့် အကောင်အထည်အဖြစ်မှ ကင်းဆိတ်သည်ဟု ရှုမြင်သောဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသော သူသည်။ အဘိနိဝေသံ၊ အစိုးပိုင်သည့် အကောင်အထည်ဟု ထင်မှတ် စွဲလမ်းခြင်းကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့် မပေး။

(၁၄) အဓိပညာဓမ္မဝိပဿနံ၊ အာရုံနှင့် အာရမ္မဏိတ သင်္ခါရနှစ်မျိုးလုံး၏ အပျက်ကို၊ အဆက်ဆက် တွေ့မြင်ရ၍၊ သင်္ခါရတို့သာပျက်သည်ဟု သဘောတရားတို့၌ ရှုမြင်လျက်ဖြစ်သော လွန်ကဲသောပညာကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသောသူသည်။ သာရာဒါနာဘိနိဝေသံ၊ မြဲသည့် အနှစ်, အစိုးပိုင်သည့် အနှစ်ရှိသည်ဟု ထင်မှတ် စွဲလမ်းခြင်းကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့် မပေး။

(၁၅) ယထာဘူတဉာဏဒဿနံ၊ အကြောင်းနှင့်တကွသော နာမ်ရုပ်တို့ကို အမှန်အတိုင်း သိမြင်သောဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသောသူသည်။ သမ္မောဟာဘိနိဝေသံ၊ ရှေးကပင် ငါကောင်ရှိခဲ့လေသလားစသည်ဖြင့် ယုံမှားခြင်း, သတ္တဝါတို့ကို ဘုရားသခင်ကဖန်ဆင်းသည် စသည်ဖြင့် ယုံကြည် ဆုံးဖြတ် မှားခြင်း ဟူသော ပြင်းစွာ စွဲလမ်းခြင်းကို။ ပဇတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့် မပေး။

(၁၆) အာဒီနဝါနုပဿနံ၊ ကြောက်ဖွယ်ဘေးဟု ထင်သောကြောင့်သင်္ခါရ ဘဝအလုံးစုံ၌ အပြစ်မြင်သောဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသောသူသည်။ အာလယာဘိနိဝေသံ၊ သင်္ခါရတို့ကိုပင် မှီခိုအားကိုးရာဟု ထင်မှတ် စွဲလမ်းခြင်းကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့် မပေး။

(၁၇) ပဋိသင်္ခါနုပဿနံ၊ သင်္ခါရတို့ကို စွန့်လွှတ်နိုင်ရန် တဖန် ရှုသော ဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသောသူသည်။ အပ္ပဋိသင်္ခံ၊ မမြဲ ဆင်းရဲ အစိုးမပိုင်သော သင်္ခါရတို့၌ တဖန် မရှုခြင်း မသိခြင်း ဟူသော မောဟကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့် မပေး။

(၁၈) ဝိဝဋ္ဋာနုပဿနံ၊ သင်္ခါရ ဟူသမျှမှ တွန့်ဆုတ်လျက် ရှုမြင်သော သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်ကို။ ဘာဝေန္တော၊ ဖြစ်စေ, ပွါးစေသော သူသည်။ သံယောဂါဘိနိဝေသံ၊ သင်္ခါရတို့၌ ယှဉ်တွဲ ဝင်စားသော ကိလေသာကို။ ပဇဟတိ၊ ပယ်၏၊ ကင်းစေ၏၊ ဖြစ်ခွင့်မပေး။

## (၁) အနိစ္စာနုပဿနာ

ရုပ်နာမ်သင်္ခါရတို့ကို သဘာဝလက္ခဏာအားဖြင့် မှတ်သိစဉ်မှာပင်, အဖြစ်အပျက်ကိုလဲ တွေ့ရ၍၊ မမြဲဟု ရှုမြင်သော ဉာဏ်သည် အနိစ္စာနုပဿနာ မည်၏။ ဤအရာ၌ အနိစ္စ=မမြဲသော တရား၊ အနိစ္စလက္ခဏာ=မမြဲဟု မှတ်ကြောင်းလက္ခဏာ၊ အနိစ္စာနုပဿနာ=မမြဲဟု ရှုမြင်မှု၊ ဤသုံးပါးတို့ကို ခွဲခြား၍ သိအပ်ကုန်၏။

ထိုတွင် ဒွါရ ၆-ပါး၌ ဖြစ်ပျက်လျက် ရှိသော ခန္ဓာ ငါးပါး ရုပ်နာမ် တရားသည် ဖြစ်မှု ရင့်မှု ပျက်မှု ရှိသောကြောင့် အနိစ္စတရား မည်၏။ တနည်းကား … ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း=ပျောက်ကွယ်ပျက်စီးခြင်းကြောင့် အနိစ္စ=မမြဲသော တရား မည်၏။ ဖြစ်မှုရင့်မှုပျက်မှုသည် အနိစ္စလက္ခဏာ=မမြဲဟု မှတ်သိရကြောင်း လက္ခဏာမည်၏။ တနည်းကား…ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ပျောက်ကွယ်ပျက်စီးသွားခြင်းသည် အနိစ္စလက္ခဏာ မည်၏။ မှတ်သိစဉ်မှာပင်, ထိုအနိစ္စ လက္ခဏာကိုတွေ့ရ၍၊ မမြဲဟုရှုမြင်သော ဉာဏ်သည် အနိစ္စာနုပဿနာ မည်၏။

အနိစ္စန္တိ ခန္ဓပဉ္စကံ၊ ကသ္မာ? ဥပ္ပါဒဝယညထတ္တဘာဝါ ဟုတွာ အဘာဝတော ဝါ။ ဥပ္ပါဒဝယညထတ္တံ အနိစ္စလက္ခဏံ ဟုတွာ အဘာဝ သင်္ခါတော ဝါ အာကာရဝိကာရော။ (ဝိသုဒ္ဓိမဂ် ၂-၂၇၆)။

အနိစ္စတာတိ တေသံယေဝ ဥပ္ပါဒဝယညတ္တတ္တံ၊ ဟုတွာ အဘာဝေါဝါ၊ နိဗ္ဗတ္တာနံ ဧတေနေဝါ ကာရေန အဋ္ဌတွာ ခဏဘင်္ဂေန ဘေဒေါတိ အတ္ထော။ အနိစ္စာနုပဿနာတိ တဿာ အနိစ္စတာယ ဝသေန ရူပါဒီသု အနိစ္စန္တိ အနုပဿနာ။ (ဝိသုဒ္ဓိမဂ် ၁-၂၈၁)

အနိစ္စန္တိ၊ မမြဲသော တရား ဟူသည်မှာ။ ခန္ဓပဉ္စကံ၊ ခန္ဓာ ငါးပါးအပေါင်းပင်တည်း။ ကသ္မာ၊ အဘယ်ကြောင့် အနိစ္စ မည်သနည်းဟူမူ။ ဥပ္ပါဒဝယ ညထတ္တဘာဝါ၊ ဖြစ်ခြင်းပျက်ခြင်း ရင့်ခြင်းရှိသည်၏ အဖြစ်ကြောင့်ပေတည်း။ ။ (အညထတ္တံ၊ ဖြစ်ခြင်း ပျက်ခြင်းတို့မှ တပါး တခြားသော အမူအရာ သဘောကား။ ဇရာ၊ အိုရင့်ခြင်းပင်တည်း။ မဟာဋီကာဖွင့်)။ ဝါ၊ တနည်းအကြောင်းကား။ ဟုတွာ အဘာဝတော၊ ဖြစ်ပေါ်ပြီးလျှင် ချက်ခြင်းပင် မရှိတော့ခြင်း=ပျောက်ကွယ် ပျက်စီးသွားခြင်းကြောင့်ပေတည်း။ ။ (ဥပ္ပဇ္ဇိတွာ ဝိနဿနတော၊ ဖြစ်ပေါ်ပြီးလျှင် ပျက်ခြင်းကြောင့်-မဟာဋီကာဖွင့်)။ ဥပ္ပါဒဝယညထတ္တံ၊ ဖြစ်ခြင်း ပျက်ခြင်း ရင့်ခြင်းသည်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာ မည်၏။ ဝါ၊ တနည်းကား။ ဟုတွာ အ.ဘာဝသင်္ခါတော၊ ဖြစ်ပေါ်ပြီးလျှင် မရှိခြင်းဟု ဆိုအပ်သော။ အာကာရဝိကာရော၊ ပျောက်ကွယ်သွားခြင်း အမူအရာ အထူးသည်။ အနိစ္စလက္ခဏံ၊ မမြဲ ဟု မှတ်သိရကြောင်း အနိစ္စလက္ခဏာ မည်၏။

အနိစ္စတာတိ၊ မမြဲသည့်အဖြစ် အနိစ္စလက္ခဏာ ဟူသည်ကား။ တေသံယေဝ၊ ထိုမမြဲသော ခန္ဓာငါးပါးတို့၏သာလျှင်။ ဥပ္ပါဒဝယညထတ္တံ၊ ဖြစ်ခြင်း ပျက်ခြင်း ရင့်ခြင်းပင်တည်း။ ဝါ၊ တနည်းကား။ ဟုတွာ အဘာဝေါ၊ ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ကွယ်ပျောက်သွားခြင်းပင်တည်း။ နိဗ္ဗတ္တာနံ၊ ဖြစ်ပြီးသော ခန္ဓာ ရုပ်နာမ်တို့၏။ ဧတေနေဝ အာကာရေန၊ ဤဖြစ်ပြီးသော ရင့်ဆဲ အမူအရာအားဖြင့်သာလျှင်။ အဋ္ဌတွာ၊ မတည်ကုန်မူ၍။ ခဏဘင်္ဂေန၊ ပျက်ခိုက်ခဏ ဘင်အလိုအားဖြင့်။ ဘေဒေါ၊ ပျက်ခြင်းပင်တည်း။ ဣတိ အတ္ထော၊ ဤကား "ဟုတွာ အဘာဝ" ၏ လိုရင်းအနက်တည်း။ အနိစ္စာနုပဿနာတိ၊ အနိစ္စာနုပဿနာ ဟူသည်မှာ။ တဿာ အနိစ္စတာယ ဝသေန၊ ထိုအနိစ္စ မည်ကြောင်း = အနိစ္စလက္ခဏာ၏ အလိုအားဖြင့်။ ရူပါဒီသု အနိစ္စန္တိ အနုပဿနာ၊ ရုပ် စသည်တို့၌ မမြဲ ဟု ရှုမြင်ခြင်းပင်တည်း။

ပြခဲ့သော အနိစ္စလက္ခဏာ ၂-မျိုးတို့တွင် ဟုတွာ အ.ဘာဝ=ဖြစ်ပေါ်ပြီးလျှင် မရှိတော့ခြင်း=ပျောက်ကွယ် ပျက်စီးသွားခြင်းဟူသော ဒုတိယလက္ခဏာသည် အထက် ဘင်္ဂဉာဏ် စသည်တို့ အရာ၌ အထူးထင်ရှားသောကြောင့် သာ၍မြင့်မြတ် ပြခာန်းသော လက္ခဏာပေတည်း။ ထိုလက္ခဏာကို ကောင်းစွာသိမြင်လျှင် အနိစ္စာနုပဿနာဉာဏ် ထက်သန်စွာဖြစ်၏။ ထို့ကြောင့် ဋီကာတို့၌ ဤသို့ မိန့်ဆိုကုန်၏။

ဟုတွာ အဘာဝဋ္ဌေနာတိ ဣဒံ ဣတရေသံ စတုန္နံ အာကာရာနံ သင်္ဂဟကတ္တာ ဝိသုံ ဝုတ္တံ။ (ဝိဘင်းမူလဋီကာ ၃၇)

ဣတရေသံ၊ ဟုတွာ အဘာဝမှ တပါးကုန်သော။ စတုန္နံ အာကာရာနံ၊ ဆိုလတံ့သော အခြင်းအရာ လေးမျိုးတို့ကို။ သင်္ဂဟကတ္တာ၊ အတွင်းသွင်း၍ ပေါင်းယူနိုင်သည်၏ အဖြစ်ကြောင့်။ ဟုတွာ အဘာဝဋ္ဌေနာတိ ဣဒံ၊ ဟုတွာ အဘာဝဋ္ဌေန ဟူသော ဤစကားကို။ ဝိသုံဝုတ္တံ၊ အဋ္ဌကထာဆရာ အသီးအခြား မိန့်ဆိုအပ်ပေ၏။

အဓိပ္ပါယ်ကား ... သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ "ဖြစ်ပေါ်ပြီးလျှင် မရှိခြင်းကြောင့် မမြဲ"ဟု ပြဆိုပြီးလျှင်၊ "တပါးသော အကြောင်းလေးမျိုးကြောင့်လဲ မမြဲ"ဟု ပြပြန်၏။ ဤသို့ပြဆိုရာ၌အကြောင်းငါးပါးလုံးကို ပေါင်း၍မပြဘဲဟုတွာ အဘာဝဋ္ဌေနဟု သီးခြားဆိုသော အဋ္ဌကထာဆရာ၏ ရည်ရွယ်ချက်မှာ ဤသို့တည်း။ ဝိပဿနာယောဂီသည် ဟုတွာ အဘာဝ =ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း=ပျောက်ကွယ် ပျက်စီးသွားခြင်းကို သိမြင်ရလျှင်, ထိုရှုအပ်သော ရုပ်နာမ်၏ ဥပ္ပါဒ ဝယဝန္တတာ= ဖြစ်မှုပျက်မှုရှိခြင်းကိုငှင်း, ဝိပရိဏာမ=ပင်ကိုရင်းအတိုင်းမတည်ဘဲ ပြောင်းလဲဖေါက်ပြန်ခြင်းကိုငှင်း, တာဝကာလိက=အခိုက်အတန့် တခဏကလေးမျှသာ တည်ခြင်းကိုငှင်း, နိစ္စပဋိက္ခေပ=မမြဲပါဟု ဖေါ်ပြ ဝန်ခံနေသကဲ့သို့ မြဲသည့်အဖြစ်ကို ပယ်ခြင်းကိုငှင်း, ဤအခြင်းအရာလေးပါးကိုလဲ သိမြင်နိုင်တော့သည်သာတည်း။ သို့ဖြစ်၍ ဟုတွာ အဘာဝ=ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ဟူသော ဤအနိစ္စလက္ခဏာသည် ဖြစ်မှုပျက်မှုရှိခြင်းစသော အနိစ္စအခြင်းအရာလေးပါးကို အတွင်းသွင်း၍ ပေါင်းယူနိုင်၏၊ ထို့ကြောင့် ၎င်းကို တခြားအကြောင်းတို့နှင့် မရောဘဲ အဋ္ဌကထာဆရာ သီးသန့်ဆိုပေသည်-ဟူလို။

ကိဉ္စာပိ ဥပ္ပါဒါဒိ တိဝိဓမ္ပိ သင်္ခတလက္ခဏတာယ အနိစ္စလက္ခဏံ၊ တထာပိ ဇာတိဇရာဒီသု န တထာ အနိစ္စလက္ခဏံ၊ ပါကဋံ ဟုတွာ ဥပဋ္ဌာတိ ယထာ ဝယက္ခဏောတိ အာဟ "ဘင်္ဂေါ နာမ အနိစ္စတာယ ပရမာကောဋိတိ"။ (မဟာဋီကာ ၂-၄၄၀)

ဥပ္ပါဒါဒိ၊ ဥပါဒ်အစရှိသော။ ဝါ၊ ဥပါဒ်, ဌီ, ဘင်ဟူသော။ တိဝိဓမ္ပိ၊ သုံးမျိုးလုံးသည်လည်း။ သင်္ခတလက္ခဏတာယ၊ သင်္ခတတရား၏ လက္ခဏာ ဖြစ်သောကြောင့်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာ ချည်းသာလျှင်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍

ကား ဟုတ်ပေ၏။ တထာပိ၊ ထိုသို့ ဥပါဒ်, ဌီ, ဘင် သုံးမျိုးလုံးပင် အနိစ္စလက္ခဏာဟုတ်ငြားသော်လဲ။ ယထာ ဝယက္ခဏေ၊ ပျက်ဆဲခဏ၌ အနိစ္စလက္ခဏာ ပေါ်လွင်ထင်ရှားသကဲ့သို့။ ဇာတိဇရာဒီသု၊ ဖြစ်ဆဲ အိုရင့်ဆဲ ခဏတို့၌။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ တထာ ပါကဋံ ဟုတွာ န ဥပဋ္ဌာတိ၊ ထို့အတူ ပေါ်လွင်စွာဖြစ်လျက် မထင်ရှားချေ။ ဣတိ၊ ထို့ကြောင့်။ ဘင်္ဂေါ နာမ အနိစ္စတာယ ပရမာကောဋီတိ၊ ပျက်ခြင်း မည်သည်ကား အနိစ္စတာ=အနိစ္စလက္ခဏာ၏ လွန်ကဲသော အဖို့ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာ ဆိုပေ၏။

အဓိပ္ပါယ်ကား ... အကြောင်းများစွာတို့က ပေါင်းစုညီညွတ်၍ ပြုအပ်သော သဘောသည် သင်္ခါရတရား, သင်္ခတ တရား မည်၏။ ထိုသင်္ခတတရား ဟူသမျှသည် ဥပါဒ်, ဌီ, ဘင်ရှိသည်ချည်းသာတည်း။ သို့ဖြစ်၍, ဇာတိ ဇရာ မရဏဟူ၍လဲ ခေါ်အပ်သော ထို ဥပါဒ်, ဌီ, ဘင် သုံးပါးလုံးသည် သင်္ခတတရားဟု မှတ်ကြောင်းဖြစ်သောကြောင့် သင်္ခတလက္ခဏာ မည်၏။ အနိစ္စ=မမြဲသောတရား ဟူသည်မှာလဲ ထိုသင်္ခတတရားပင်တည်း။ သို့ဖြစ်၍ ဥပါဒ်, ဌီ, ဘင်=ဖြစ်မှု, တည်ရင့်မှု, ပျက်မှု ဟူသော ဤသင်္ခတလက္ခဏာ သုံးပါးလုံးပင် မမြဲသောတရားဟု မှတ်ကြောင်းဖြစ်သောကြောင့် အနိစ္စလက္ခဏာလဲ မည်သည် ချည်းသာတည်း။ သို့သော်လဲ သင်္ခါရတို့၏ ဖြစ်မှု, တည်မှုကို သိရုံမျှဖြင့် ထိုသင်္ခါရတို့၏ မမြဲသည်၏ အဖြစ်ကို ထင်ရှား မသိနိုင်သေး။ ဖြစ်မှုတည်မှုရှိလျှင်, ပျက်မှုလဲရှိမြဲ ဖြစ်သောကြောင့်၊ မမြဲသောတရားပင်တည်းဟု ဆ၍သာသိနိုင်၏။ ထို့ကြောင့်, ဖြစ်ဆဲတည်ရင့်ဆဲခဏ၌၊ မမြဲသည့်အဖြစ်သည် ကောင်းစွာမထင်ရှားချေ။ သင်္ခါရတို့၏ ပျက်မှု=ကုန်ဆုံး ပျောက်ကွယ်မှုကို သိရလျှင်ကား မမြဲသည့်အဖြစ်ကို ထင်ရှားစွာသိနိုင်၏။ ထို့ကြောင့်, ပျက်ဆဲဘင်ခဏ၌ မမြဲသည့်အဖြစ် သည် ကောင်းစွာ ပေါ်လွင်ထင်ရှားပေ၏။ ဤသို့ ဥပါဒ်, ဌီ, ဘင်, ခဏသုံးပါးတို့တွင် ပျက်ဆဲ ဘင်ခဏ၌ မမြဲသည်၏ အဖြစ်ဟူသော အနိစ္စလက္ခဏာ အထူး ထင်ရှားသောကြောင့်၊ ထို ပျက်ဆဲဘင်ကို အနိစ္စလက္ခဏာ၏ လွန်ကဲသော အဖို့ ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆိုပေသည်–ဟူလို။

ဤဆိုခဲ့သည့်အတိုင်း အနိစ္စတရားနှင့် အနိစ္စလက္ခဏာသည် သီးသန့် ကွဲပြားခြားနားလျက်ရှိသော်လဲ အနိစ္စမည်သော ရုပ်နာမ် ခန္ဓာတို့ကို သဘာဝလက္ခဏာ=ဖြစ်ပေါ်ရင်းသဘော အတိုင်းအားဖြင့်မှတ်သိခြင်း မရှိပါဘဲ အနိစ္စလက္ခဏာမျှကိုသာ နှလုံးသွင်း ရှုဆင်ခြင်လျှင်၊ ပညတ်မျှကိုသာ နှလုံးသွင်းမိသောကြောင့်၊ အနိစ္စာနုပဿနာဉာဏ် အစစ်မဖြစ်သေး။ အမှန်အား ဖြင့်သော်ကား ရုပ်နာမ် ခန္ဓာတို့၏ သဘာဝလက္ခဏာ=ဖြစ်ပေါ်ရင်း သဘောကို မှတ်သိလျက်၊ ပြခဲ့သော အနိစ္စလက္ခဏာ တပါးပါးကို သိမြင်မှသာလျှင်၊ အနိစ္စာနုပဿနာ အစစ်ဖြစ်ပေသည်။ ထို့ကြောင့်, အဋ္ဌသာလိနီ အဋ္ဌကထာ၌ အောက်ပါ အတိုင်း မိန့်ဆိုလေပြီ။

ဝုဋ္ဌာနဂါမိနီ ပန ဝိပဿနာ ကိမာရမ္မဏာတိ? လက္ခဏာရမ္မဏာတိ။ လက္ခဏံ နာမ ပညတ္တိဂတိကံ န ပတ္တဗ္ဗဓမ္မ ဘူတံ၊ ယော ပန အနိစ္စံ ဒုက္ခံ အနတ္တာတိ တီဏိ လက္ခဏာနိ သလ္လက္ခေတိ၊ တဿ ပဉ္စက္ခန္ဓာ ကဏ္ဌေ ဗဒ္ဓကုဏပံ ဝိယ ဟောန္တိ၊ သင်္ခါရာရမ္မဏမေဝ ဉာဏံ သင်္ခါရ တော ဝုဋ္ဌာတိ။ ယထာ ဟိ ဧကော ဘိက္ခု ပတ္တံ ကိဏိတုကာမော ပတ္တဝါဏိဇေန ပတ္တံ အာဘတံ ဒိသွာ ဟဋ္ဌပဟဋ္ဌော ဂဏှိဿာမီတိ စိန္တေတွာ ဝီမံသမာနော တီဏိ ဆိဒ္ဒါနိ ပဿေယျ၊ သော န ဆိဒ္ဒေသု နိရာလယော ဟောတိ၊ ပတ္တေ ပန နိရာလယော ဟောတိ။ ဧဝမေဝ တီဏိ လက္ခဏာနိ သလ္လက္ခေတွာ သင်္ခါရေသု နိရာလယော ဟောတိ၊ သင်္ခါရာရမ္မဏေနေဝ ဉာဏေန သင်္ခါရတော ဝုဋ္ဌာတီတိ ဝေဒိတဗ္ဗံ၊ ဒုဿော ပမေပိ ဧသေဝ နယော။ (အဘိဋ္ဌ ၁–၂၆၉)

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၊ သည်။ ကိံ အာရမ္မဏာ၊ အဘယ်ကို အာရုံပြုပါသနည်း။ ဣတိ၊ ဤကား အမေးတည်း။ ။ (သင်္ခါရကို အာရုံပြုသလော၊ သို့မဟုတ်...လက္ခဏာကို အာရုံပြုသလော၊ သင်္ခါရကိုအာရုံပြုလျှင်, အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ကို မသိနိုင်လေရာ၊ လက္ခဏာကို အာရုံပြုလျှင်လဲ, ဂေါတြဘု မဂ်တို့သည် သင်္ခါရ အာရုံမှ ထမြောက်သည် မမည်ကုန်ရာ ဟု ယုံမှားရန်ရှိ၍ ဤမေးခွန်းကို ထုတ်ပြပေသည်)။ ။ လက္ခဏာရမ္မဏာ၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို အာရုံပြုပေ၏။ဣတိ၊ ဤကား အဖြေတည်း။ လက္ခဏံ နာမ၊ လက္ခဏာ မည်သည်မှာ။ ပညတ္တိဂတိကံ၊ ပညတ်သဘောရှိ၏။ န ပတ္တဗ္ဗဓမ္မဘူတံ၊ ကာမတရား မဟဂ္ဂုတ်တရားစသည်ဖြင့် မခေါ်အပ်မခေါ်ထိုက်သော တရားဖြစ်ပေ၏။ ပန၊ သို့သော်လဲ။ ယော၊ အကြင်သူ သည်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ မမြဲ, ဆင်းရဲ, အတ္တ မဟုတ် ဟူ၍။ တီဏိ လက္ခဏာနိ၊ သုံးပါးသော လက္ခဏာတို့ကို။ သလ္လက္ခေတိ၊ မှတ်၏။ တဿ၊ ထိုမှတ်သောသူအား။ ပဉ္စက္ခန္ဓာ၊ မှတ်အပ်သော ခန္ဓာငါးပါးတို့သည်။ ကဏ္ဌေ ဗဒ္ဓကုဏပံ ဝိယ၊ လည်ဘင်း၌ ချည် ဆွဲထားသော မြွေကောင်ပုပ် ခွေးကောင်ပုပ် ကဲ့သို့။ ဟောန္တိ၊ စွန့်ပစ်ဖွယ်ဖြစ်လျက် ထင်ကုန်၏။ တသ္မာ၊ ထိုသို့ လက္ခဏာနှင့် သင်္ခါရတို့ကို တပေါင်းထည်း သိမြင်သောကြောင့်။ သင်္ခါရာရမ္မဏမေဝ၊ သင်္ခါရကို အာရုံပြုသည်သာလျှင် ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ သင်္ခါရတော၊ သင်္ခါရ အာရုံမှ။ ဝုဋ္ဌာတိ၊ ထမြောက်၏။ ဟိ၊ ဥပမာဖြင့် ထင်စွာ ပြဦးအံ့။ ပတ္တံ ကိဏိတုကာမော၊ သပိတ်ကို ဝယ်လိုသော။ ဧကောဘိက္ခု၊ ရဟန်းတပါးသည်။ ပတ္တဝါဏိဇေန အာဘတံ ပတ္တံ၊ သပိတ်သည် က ထုတ်ဆောင်ပြအပ်သော သပိတ်ကို။ ဒိသွာ၊ မြင်၍=ကြည့်ပြီး၍။ ဟဋ္ဌပဟဋ္ဌော၊ အလွန် ရွှင်လန်းဝမ်းသာလျက်။ ဂဏှိဿာ မီတိ စိန္တေတွာ၊ ယူတော့မည်ဟု ကြံပြီး၍။ ဝီမံသမာနော၊ စူးစမ်း ဆင်ခြင်လျှင်။ တီဏိ ဆိဒ္ဒါနိ ပဿေယျ၊ သုံးခုသော အပေါက်တို့ကို တွေ့မြင်လေရာ၏။ ဝါ၊ သုံးခုသော အပေါက်တို့ကိုမြင်၍ မလိုချင်ဘဲရှိလေရာ၏။ ဧတ္ထ၊ ဤသို့ မလိုချင်ရာ၌။ သော၊ ထိုရဟန်းသည်။ ဆိဒ္ဒေသု၊ အပေါက်တို့၌။ နိရာလယော၊ တွယ်တာမှု ကင်းသည်။ န ဟောတိ၊ မဟုတ်ပေ။ ပန၊

အမှန်အားဖြင့်သော်ကား။ ပတ္တော နိရာလယော၊ သပိတ်၌ တွယ်တာမှု ကင်းသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ တီဏိ လက္ခဏာနိ၊ သုံးပါးသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို။ သလ္လက္ခေတွာ၊ မှတ်သိ၍။ သင်္ခါရေသု၊ လက္ခဏာသုံးပါးနှင့်ဆိုင်သော သင်္ခါရတို့၌။ နိရာလယော၊ တွယ်တာမှုကင်းသည်။ ဟောတိ၊ ဖြစ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ သင်္ခါရာရမ္မဏေနေဝ၊ သင်္ခါရကို အာရုံပြုသည်သာလျှင် ဖြစ်သော။ ဉာဏေန၊ ဉာဏ်ဖြင့်။ သင်္ခါရတော၊ သင်္ခါရအာရုံမှ။ ဝုဋ္ဌာတိ၊ ထမြောက်ပေ၏။ က္လတိ ဝေဒိတဗ္ဗံ၊ ဤသို့ သိအပ်၏။ ဒုဿောပမေပိ၊ အပေါက်သုံးခု ရှိသော ပုဆိုးကို ဝယ်လိုသော ဥပမာ၌လဲ။ ဧသေဝ နယော၊ ဤ သပိတ်ဥပမာ၌ နည်းမျိုးကိုပင် သိပါလေ။

အဓိပ္ပါယ်ကား ... ခေါင်ထိပ် သင်္ခါရပေက္ခာနှင့် အနုလောမဉာဏ်ဟူသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် (ကက္ခဠတ္တ = ခက်မာမှု၊ ဖုသန=အာရုံနှင့်စိတ် တွေ့ဆုံမှု၊ ဝိဇာနန=အာရုံကိုသိမှု ဤသို့အစရှိသော) သဘာဝလက္ခဏာ အလိုအားဖြင့် သင်္ခါရတို့ကိုမှတ်လျက်၊ ထိုသင်္ခါရတို့၏ ပျက်မှုကိုလဲမြင်သဖြင့် အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့တွင် တပါးပါးသော လက္ခဏာကိုလဲ ရှုမြင်၏။ ဤသို့ရှုမြင်သောသူအား ထိုရှုမြင်အပ်သော လက္ခဏာနှင့်စပ်ဆိုင်သော သင်္ခါရတို့သည် ရွံမုန်းဘွယ် စွန့်ပစ်ဖွယ်သာ ဖြစ်လျက်ထင်ကုန်၏။ ဥပမာ...လည်ပင်၌ မြွေကောင်ပုပ် ခွေးကောင်ပုပ်ကို ချည်ဆွဲထားလျှင်၊ ထိုအကောင်ပုပ်သည် ထိုသူအား ရွံမုန်းဘွယ် စွန့်ပစ်ဖွယ်ဖြစ်လျက် ထင်သကဲ့သို့ငှင်း၊ ထိုသူသည် ထို အကောင်ပုပ်ကို လျင်မြန်စွာ စွန့်ပစ်လိုသကဲ့သို့ငှင်း၊ ထို့အတူပင်, သင်္ခါရတို့သည် ယောဂီ၏ဉာဏ်၌ စွန့်ပစ်ဖွယ်ဖြစ်လျက် ထင်ပေါ်ကုန်၏။ ဤသို့ လက္ခဏာ သက်သက်ကိုသာလျှင် ရှုဆင်ခြင်ခြင်း မဟုတ်မူ၍၊ သင်္ခါရတို့ကိုပါ တပေါင်းထည်း ရှုမြင်သောကြောင့်၊ သင်္ခါရတို့ကို အနိစ္စစသည်ဖြင့် ရှုမြင်လျက်ဖြစ်သော အနုလောမဉာဏ်၏ အခြားမဲ့၌၊ ဂေါတြဘူမဂ်တို့သည် ထိုသင်္ခါရတို့မှ ထမြောက်သည် မည်ကုန်၏။ထမြောက် ဟူသည်မှာ ထိုသင်္ခါရတို့ကို အာရုံမပြုတော့ဘဲ၊ သင်္ခါရကင်းသော နိဗ္ဗာန်အာရုံသို့ ရောက်သွားခြင်းပင်တည်း။ လက္ခဏာကို တွေ့ရ၍၊ လက္ခဏာနှင့်ဆိုင်သော သင်္ခါရကိုစွန့်လိုရာ၌ ဥပမာကား...သပိတ် ဝယ်လိုသော သူသည်၊ ဆိုင်ရှင်က ထုတ်ပြသော သပိတ်ကိုမြင်လျှင်၊ သဘောကျ၍ ဝယ်မည်ဟုကြံပြီးမှ၊ တဖန် စူးစမ်းကြည့်ရှုပြန်ရာ အပေါက် ၃-ခုကိုတွေ့ရ၍၊ အပေါက်ရှိသော ထိုသပိတ်၌ လိုချင်မှု ကင်းလေရာ၏။ ဤသို့ ဖြစ်ရာ၌၊ ဝယ်လိုသူသည် အပေါက်ကို မမြင်မီက သပိတ်ကို လိုချင်ခဲ့၏။ ထို့ကြောင့်, အပေါက်ကို တွေ့ရသောအခါ၌ မလိုချင်ခြင်းသည်လည်း ထိုသပိတ်နှင့်သာဆိုင်၏၊ အပေါက်သက်သက်၌ လိုချင်မှုကင်းသည်ကားမဟုတ်ပေ၊ အဘယ့်ကြောင့်နည်းဟူမူ...အပေါက်သက်သက်၌ ရှေးအဖို့ကပင် လိုချင်မှု မဖြစ်ခဲ့သော ကြောင့်ပေတည်း။ ဤအတူပင်, ယောဂီသည်လည်း လက္ခဏာသုံးပါးကို မမြင်မီ ရှေးအဖို့က သင်္ခါရတို့ကို တပ်မက် တွယ်တာခဲ့၏၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့၌ကားမည်သည့် ကာလ၌မျှ နှစ်သက် တွယ်တာမှု မဖြစ်ခဲ့ချေ။ ထို့ကြောင့်, လက္ခဏာသုံးပါးကိုမြင်ရ၍ တွယ်တာမှုကင်းခြင်း စွန့်လိုခြင်းသည် ထိုလက္ခဏာနှင့် ပူးတွဲလျက်ရှိသော သင်္ခါရတို့နှင့်သာ သက်ဆိုင်၏၊ ထို သင်္ခါရတို့ကိုသာ စွန့်လိုခြင်းပေတည်း၊ လက္ခဏာ သက်သက်၌ တွယ်တာမှု ကင်းခြင်းစွန့်လိုခြင်းကား မဟုတ်ပေ။ ဤသို့ လက္ခဏာနှင့် တကွ သင်္ခါရတို့ကို စွန့်ပစ်ဖွယ်အနေအားဖြင့် ရှုမြင်လျက် ဝိပဿနာ ဖြစ်ပေါ်သောကြောင့်၊ ထို၏ အခြားမဲ့၌ နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော ဂေါတြဘူမဂ်ဉာဏ်တို့သည် သင်္ခါရမှသာ ထမြောက်သည်=မည်ကုန်၏၊ လက္ခဏာသက်သက် ဖြစ်သော ပညတ်မှသာ ထမြောက်ကြသည်ကား မဟုတ်ကုန်ဟူ၍ ဆိုလို၏။ ဤအဋ္ဌကထာ၌ဆိုလိုသော အဓိပ္ပါယ်သည် အောက်ပါမူလဋီကာ အဖွင့်ဖြင့် ထင်ရှား၏။

အနိစ္စန္တိ အာဒိနာ သင်္ခါရေသု ပဝတ္တမာနေန ဉာဏေန လက္ခဏာနိပိ ပဋိဝိဒ္ဓါနိ ဟောန္တိ၊ တဒါကာရသင်္ခါရဂ္ဂဟဏ တောတိ အာဟလက္ခဏာရမ္မဏာတိ။ သင်္ခါရာရမ္မဏာ ဧဝ ယထာဝုတ္တာဓိပ္ပါယေန လက္ခဏာရမ္မဏာတိ ဝုတ္တာတိ ဒဿေန္တော လက္ခဏံ နာမာတိအာဒိမာဟ။ အနိစ္စတာ ဒုက္ခတာ အနတ္တတာတိ ဟိ ဝိသုံ ဂယှမာနံ လက္ခဏံ ပညတ္တိဂတိကံ ပရမတ္ထတော အဝိဇ္ဇမာနံ၊ အဝိဇ္ဇမာနတ္တာ ဧဝ ပရိတ္တာ ဒိဝသေန နဝတ္တဗ္ဗမ္မဘူတံ။ တသ္မာ ဝိသုံ ဂဟေတဗ္ဗဿ လက္ခဏဿပရမတ္ထတော အဘာဝါ, အနိစ္စံ ဒုက္ခံ အနတ္တာတိ သင်္ခါရေ သဘာဝတော သလ္လက္ခေန္တော လက္ခဏာနိ သလ္လက္ခေတိ နာမတိ အာဟယော ပန အနိစ္စံ ဒုက္ခံ အနတ္တာတိ တီဏိ လက္ခဏာနိ သလ္လက္ခေတီတိ။ ယသ္မာ စ အနိစ္စန္တိ အာဒိနာ သင်္ခါရာဝ ဒိဿမာနာ။ တသ္မာ တေ ကဏ္ဍေ ဗဒ္ဓကုဏပံ ဝိယ ပဋိနိဿဇ္ဇနီယာ ဟောန္တိ။ (၁-၁၁၅)

အနိစ္စံ၊ မမြဲ။ က္လတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ သင်္ခါရေသု၊ သင်္ခါရတို့၌။ ပဝတ္တမာနေန ဉာဏေန၊ ဖြစ်သော ဉာဏ်ဖြင့်။ လက္ခဏာ နိပိ၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကိုလဲ။ ပဋိဝိဒ္ဓါနိ၊ သိအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့် ဤသို့သိပါသနည်း ဟူမူ။ တဒါကာရဂ္ဂဟဏတော၊ ထိုမမြဲ, ဆင်းရဲ, အတ္တမဟုတ်သည့် အခြင်းအရာရှိသော သင်္ခါရတို့ကိုယူခြင်း မှတ်သိခြင်းကြောင့်ပေတည်း။ က္လတိ၊ ဤသို့သင်္ခါရတို့ကို မမြဲ, ဆင်းရဲ, အတ္တမဟုတ်, ဟု သိမှု ဉာဏ်ဖြင့် လက္ခဏာတို့ကိုလဲ သိသောကြောင့်။ လက္ခဏာရမ္မဏာတိ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် လက္ခဏာကို အာရုံပြုသည် ဟူ၍။ အာဟ၊ အဋ္ဌကထာ၌ ဆိုပေ၏။ သင်္ခါရာရမ္မဏာ ဧဝ၊ သင်္ခါရကို အာရုံပြုသည်သာလျှင် ဖြစ်သော ဝိပဿနာကို။ ယထာဝုတ္တာဓိပ္ပါယေန၊ သင်္ခါရတို့ကို မမြဲ, ဆင်းရဲ, အတ္တ မဟုတ်, ဟု သိသောဉာဏ်က လက္ခဏာတို့ကိုလဲ သိသည်ဟု ဖွင့်ပြခဲ့တိုင်းသောအလို အဓိပ္ပါယ်အားဖြင့်။ လက္ခဏာရမ္မဏာတိ ဝုတ္တာတိ၊ လက္ခဏာရမ္မဏာဟု ငါ ဆိုခဲ့ပေသည် ဟူ၍။ ဒဿေန္တော၊ ပြပြန်လိုသောကြောင့်။ လက္ခဏံနာမာတိ အာဒိံ၊ လက္ခဏံ နာမ အစရှိသောစကားကို။ အာဟ၊ ဆက်၍ဆိုပေ၏။ ။(သင်္ခါရတို့ကို သဘောရင်းအတိုင်းမှတ်လျက် အနိစ္စ ဒုက္ခ အနတ္တ ဟု သိသောဉာဏ်က အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကိုလဲ သိသောကြောင့်သာလျှင် လက္ခဏာရမ္မဏာဟု ဆိုခဲ့ပေသည်။ သင်္ခါရတို့၏ ပင်ကိုရင်းသဘောကို မှတ်သိခြင်းမရှိဘဲ အနိစ္စ ဒုက္ခ

အနတ္တလက္ခဏာ သက်သက်ကိုသာ အာရုံပြုသောကြောင့် ထိုသို့ဆိုသည်ကား မဟုတ်ဟုဆိုလို၏)။ ။ ဟိ၊ ထင်စွာပြအံ့။ အနိစ္စတာ၊ မမြဲဟု ဆိုရကြောင်း သိရကြောင်း ဖြစ်သော အနိစ္စလက္ခဏာ။ ဒုက္ခတာ၊ ဆင်းရဲဟု ဆိုရကြောင်း သိရကြောင်း ဖြစ်သော ဒုက္ခလက္ခဏာ။ အနတ္တဟာ၊ အတ္တမဟုတ်ဟု ဆိုရကြောင်း သိရကြောင်း ဖြစ်သော အနတ္တလက္ခဏာ။ ဣတိ၊ ဤသို့။ ဝိသုံ၊ သင်္ခါရတို့ကို မှတ်သိခြင်းမရှိဘဲ အသီးအခြား။ ဂယှမာနံ၊ ယူအပ်ဆင်ခြင်အပ်သော။ လက္ခဏံ၊ သုံးပါးသော လက္ခဏာ သည်။ ပညတ္တိဂတိကံ၊ ပညတ်သဘောရှိ၏။ ပရမတ္ထတော၊ မျက်မှောက်သိအပ်သော မြတ်သောသဘောအားဖြင့်။ အဝိဇ္ဇမာနံ၊ ထင်ရှားမရှိချေ။ အဝိဇ္ဇမာနတ္တာ ဧဝ၊ ထင်ရှားမရှိသောကြောင့်ပင်လျှင်။ ပရိတ္တာဒိဝသေန၊ ကာမာဝစရတရားစသည်တို့၏ အလိုအားဖြင့်။ န ဝတ္တဗ္ဗမ္ဘူတံ၊ မဆိုအပ် မဆိုထိုက်သော တရားဖြစ်ချေ၏။ တသ္မာ ဝိသုံ ဂဟေတဗ္ဗဿ လက္ခဏဿ ပရမတ္ထတော အဘာဝါ၊ အသီးအခြား ဆင်ခြင်၍ ယူအပ်သော လက္ခဏာ၏ အရမတ္ထအားဖြင့် မရှိခြင်းဟူသော ထိုအကြောင်း ကြောင့်။ သင်္ခါရေ၊ ရုပ်နာမ်သင်္ခါရတို့ကို။ သဘာဝတော၊ ပင်ကိုရင်းသဘောဟူသော သဘာဝလက္ခဏာအားဖြင့်။သလ္လက္ခေန္တော ဧဝ၊ မှတ်လျက်သာလျှင်။ ဝါ၊ မှတ်ဆဲသော သူသည်ပင်လျှင်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ မမြဲ, ဆင်းရဲ အတ္တမဟုတ်ဟူ၍။ လက္ခဏာနိ၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို။ သလ္လက္ခေတိ နာမ၊ မှတ်သည် မည်၏။ ဣတိ၊ ဤသို့ ဖြစ်သောကြောင့်။ ယော ပန အနိစ္စံ ဒုက္ခံ အနတ္တာတိ တီဏိ လက္ခဏာနိ သလ္လက္ခေတီတိ၊ သလ္လက္ခေတိ–ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာ မိန့်ဆို ပေ၏။ စ၊ ထိုမှတပါး။ အနိစ္စံ၊ မမြဲ။ ဣတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ သင်္ခါရာဝ၊ သင်္ခါရတို့ကို သာလျှင်။ ယသ္မာ၊ အကြင့် ကြောင့်။ ဒိဿမာနာ၊ ရှုမြင်အပ်ကုန်၏။ တသ္မာ၊ ထိုသို့ သင်္ခါရတို့ကိုသာလျှင် အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်အပ်သော ကြောင့်။ တေ၊ ရှုမြင်အပ်သော ထိုသင်္ခါရတို့သည်။ ကဉ္စော ဗဒ္ဓကုဏပံ ဝိယ၊ လည်ဘင်း၌ ချည်ဆွဲအပ်သော အကောင်ပုပ်ကဲ့ သို့။ ပဋိနိဿဇ္ဇနီယာ၊ ဝေးစွာ စွန့်အပ် စွန့်ထိုက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤအဋ္ဌကထာ ဋီကာတို့နှင့်အညီ ဖြစ်ပေါ်သော ရုပ် နာမ် သင်္ခါရတို့ကို သဘာဝလက္ခဏာ=ဖြစ်ပေါ်ရင်း သဘောအား ဖြင့် မှတ်လျက် ပြခဲ့ပြီးသော အနိစ္စလက္ခဏာ တပါးပါးကိုလဲ ထင်ရှား တွေ့ရ၍၊ မမြဲဟု သိမြင်သော ဉာဏ်သည် အနိစ္စာ နုပဿနာမည်၏။ ဤအနုပဿနာဉာဏ်သည် သဘာဝလက္ခဏာကိုမှတ်သိလျက် ဖြစ်ငြားသော်လဲ နာမရူပပရိစ္ဆေဒ, ပစ္စယ ပရိဂ္ဂဟဟူသော ဉာတပရိညာ အခိုက်၌ မှတ်သိမှုသည်ကား ပင်ကိုရင်း သဘောမျှကိုသာ သိသောကြောင့် အနိစ္စာနုပဿနာ စသည်မမည်သေး။ သမ္မသနစသော အထက်ဉာဏ်တို့၏ အခိုက်၌သာလျှင် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကိုလဲ သိမြင် သောကြောင့်၊ အနိစ္စာနုပဿနာ စသည်မည်ပေသည်။ ထိုအခါ၌လဲ မမြဲသောအခြင်းအရာအားဖြင့် သိမြင်လျှင်၊ အနိစ္စာ နုပဿနာသာမည်၏။ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာတို့ကားမမည်။ ထို့အတူ, ဆင်းရဲသောအခြင်းအရာအားဖြင့် သိမြင် လျှင်၊ ဒုက္ခာနုပဿနာသာမည်၏။ အစိုးမပိုင်သော အခြင်းအရာအားဖြင့် သိမြင်လျှင်၊ အနတ္တာနုပဿနာသာ မည်၏။ တပါး သော အနိစ္စာနုပဿနာစသည်ကား မမည်။ အောက်ပါမှာ ဝိဘင်း မူလဋီကာပေတည်း။

အနိစ္စာဒီဟိ အနိစ္စာလက္ခဏာဒီနံ အညတ္တာဝစနံ ရုပ္ပနာဒိဝသေန ပဝတ္တရူပါဒိဂ္ဂဟဏတော ဝိသိဋ္ဌဿ အနိစ္စာဒိဂ္ဂဟဏ ဿ သဗ္ဘာဝါ။ န ဟိ နာမရူပပရိစ္ဆေဒမတ္တေန ကိစ္စသိဒ္ဓိ ဟောတိ။ အနိစ္စာဒယော စ ရူပါဒီနံ အာကာရာ ဒဋ္ဌဗ္ဗာ။ ။ အနိစ္စန္တိ စ ဂဏှန္တော ဒုက္ခံ အနတ္တာတိ နဂဏှတိ၊ တထာ ဒုက္ခာဒိဂ္ဂဟဏေ ဣတရဿာဂ္ဂဟဏံ။ (၃၉)

အနိစ္စာဒီဟိ၊ အနိစ္စ ဒုက္ခ အနတ္တ မည်သော ခန္ဓာတို့မှ။ အနိစ္စလက္ခဏာဒီနံ၊ အနိစ္စ ဒုက္ခံ အနတ္တ လက္ခဏာ တို့၏။ အညတ္တာဝစနံ၊ တခြားတပါး အဖြစ်ကို ပြဆိုခြင်းသည်။ ရုပ္ပနာဒိဝသေန ပဝတ္တရူပါဒိဂ္ဂဟဏတော၊ ဖေါက်ပြန်မှု စသည်တို့၏ အလိုအားဖြင့် ဖြစ်သောရုပ် စသည်တို့ကို ယူခြင်း=မှတ်သိခြင်းမှ။ဝိသိဋ္ဌဿ၊ ထူးခြားသော။ အနိစ္စာဒိဂ္ဂဟဏဿ၊ အနိစ္စ လက္ခဏာ စသည်ကို ယူခြင်း=သိခြင်း၏။ သဗ္ဘာ ဝါ၊ ရှိခြင်းကြောင့်ပေတည်း။ ဟိ၊ ထင်စွာ ပြအံ့။ နာမရူပပရိစ္ဆေဒမတ္တေန၊ နာမ်ရုပ်ကို ပိုင်းခြားရုံမျှဖြင့်။ ကိစ္စသိဒ္ဓိ၊ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ ကိစ္စ၏ပြီးစီးခြင်းသည်။ န ဟောတိ၊ မဖြစ်သေး။ ရူပါဒီနံ၊ ရုပ် စသော ခန္ဓာတို့၏။ အနိစ္စာဒယော အာကာရာ စ၊ အနိစ္စ စသော အခြင်းအရာတို့ကိုလဲ။ ဒဋ္ဌဗ္ဗာ၊ ရှုမှတ်အပ်ကုန်သေး၏။

ခန္ဓာငါးပါးတို့၏ ပင်ကိုရင်းသဘောမျှကိုသာ သိသောဉာဏ်ကတခြား၊ ၎င်းခန္ဓာတို့၏ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ တို့ကိုပါသိသောဉာဏ်က တခြား၊ ဤသို့ အသိဉာဏ် ကွဲပြားသောကြောင့်၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို၊ အနိစ္စ ဒုက္ခ အနတ္တမည်သော ခန္ဓာတို့မှခွဲခြား၍ အဋ္ဌကထာဆရာပြဆိုသည်။ အကယ်၍ မကွဲပြားဘဲ တမျိုးထည်း ဖြစ်ငြားအံ့။ သို့ဖြစ်လျှင်, နာမ်ရုပ်ကို ပိုင်းခြား၍ သိမှုဖြင့်ပင် 'အနိစ္စ ဒုက္ခ အနတ္တ'ဟု သိမြင်မှု ပြီးစီးလေရာ၏။ ထိုသို့ကား မပြီးစီးခဲ့။ မပြီးသောကြောင့် ပင်လျှင်, ထိုခန္ဓာတို့၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ကို၊ တီရဏပရိညာ ဖြစ်သော သမ္မသနဉာဏ် စသည်ဖြင့် ရှုမှတ်ရ ပေသည်ဟု ဆိုလို၏။ ထို့ကြောင့်, အနုဋီကာ၌ ... တမေဝဘေဒံ ဉာတ–တီရဏပရိညာဝိသယတာယ ပါကဋံ့ ကာတုံ န ဟီတိ အာဒိမာဟ–ဟု ဖွင့်ပြလေ၏။ အနိစ္စ ဒုက္ခ အနတ္တ မည်သော ခန္ဓာတို့က ဉာတပရိညာ၏ အရာတည်း၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့က တီရဏပရိညာ၏ အရာတည်း၊ ဤသို့ ကွဲပြားသည် ဟူလို။

စ၊ ထိုမှတပါး။ အနိစ္စန္တိ ဂဏှန္တော၊ မမြဲဟု မှတ်သိသောသူသည်။ ဝါ၊ မမြဲဟု မှတ်သိစဉ်။ ဒုက္ခံ အနတ္တာတိ၊ ဆင်းရဲ အတ္တမဟုတ်ဟူ၍။ န ဂဏှာတိ၊ မှတ်သိသည် မမည်။ တထာ၊ ထိုအတူ။ ဒုက္ခာဒိဂ္ဂဟဏေ၊ ဒုက္ခလက္ခဏာ စသည်ကို

မှတ်သိရာ၌။ ဣတရဿ၊ တပါးသော အနိစ္စလက္ခဏာ စသည်ကို။ အဂ္ဂဟဏံ၊ မှတ်သိသည် မမည်ခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## အနိစ္စာနုပဿနာ၏ ဖြစ်ရာ ကာလ

ဤ အနိစ္စာနုပဿနာသည်၊ ဖြစ်ဆဲရုပ်နာမ်ကို၊ ပင်ကိုရင်းသဘောအတိုင်း မှတ်လျက်ရှိသော ယောဂီအား သန္တတိဃန ကွဲအောင် အသိဉာဏ် စင်ကြယ်သော ကာလမှစ၍ ဖြစ်ပေါ်၏။ ချဲ့၍ ပြဦးအံ့။ ဖြစ်ပေါ်သော ရုပ်နာမ် အမူအရာတို့ကို ဖြစ်ခိုက် ဖြစ်ခိုက်၌ ရှုမှတ်ခြင်း မရှိလျှင်၊ ထို ရုပ်နာမ်တို့၏ ပင်ကိုရင်း သဘောမှန်ကိုပင် မသိနိုင်ပြီ။ ထိုရုပ်နာမ်တို့၏ အဖြစ် အပျက်ကို မသိနိုင်သည်မှာ ဆိုဘွယ် မရှိတော့ပြီ။ ဤသို့ရှုမှတ်မှု မရှိသောကြောင့် ရုပ်နာမ်တို့၏ တကယ် ဖြစ်မှု ပျက်မှုတို့ကို မသိနိုင်သော သာမန် ပုဂ္ဂိုလ်တို့သည် တသန္တာန်ထည်း၌ ရှိသော အဆင်းရုပ်ကို အကြိမ်ကြိမ် မြင်ရာ၌ ရှေးရှေး မြင်ရသောအဆင်းနှင့် နောက်နောက်မြင်ရသော အဆင်းတို့ကို တခုထည်းဟူ၍သာ ထင်မှတ်ကုန်၏။ အကြိမ်ကြိမ်ကြားရသော အသံ စသည်တို့ကိုလဲ တခုထည်း ဟူ၍သာ ထင်မှတ်ကုန်၏။ ရှေးရှေး မြင်မှုနှင့် နောက်နောက်မြင်မှုတို့ကိုလဲ တခုထည်း ဟူ၍သာ ထင်ကုန်၏။ ကြားမှု စသည်တို့ကိုလဲ နည်းတူပင် တခုထည်း ဟူ၍သာ ထင်ကုန်၏။ တသန္တာန်ထည်း၌ ဖြစ်သော မြင်မှုကြားမှုစသော သိမှုအလုံးစုံကိုလဲ တခုထည်းဟူ၍သာ ထင်မှတ်ကုန်၏။ ဤသို့ တခုထည်း ဟု ထင်မှတ်ရလောက်အောင် မပြတ်မစဲ ဆက်စပ်လျက် ဖြစ်ပေါ်နေသော ရုပ်နာမ်အစဉ်သည် သန္တတိဃန မည်၏။ ဤသန္တတိဃနက ဖုံးကွယ်လျက်ရှိသောကြောင့်, သာမန်ပုဂ္ဂိုလ်တို့အား "ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်သွားခြင်း"ဟူသော အနိစ္စလက္ခဏာသည် မထင်ရှားဘဲရှိလေသည်။ သန္တတိဃနက ဖုံးကွယ် ဟူသည်မှာ မပြတ်စဲသော ရုပ်နာမ် အစဉ် ထင်ပေါ်နေခြင်းပင်တည်း၊ အမြဲ တည်ရှိ နေသည် ဟု ထင်မှတ်ရခြင်းပင်တည်း။ ဤ သန္တတိဃနသည် မပြတ် ဖြစ် ပျက်နေသော ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှုကို သတိမပြု မရှု မမှတ်ခြင်းကြောင့်သာ ဖုံးကွယ်နိုင်လေသည်။ ရုပ်နာမ်တို့၏ အစဖြစ်ပေါ်မှု, အဆုံး ပျက်မှုတို့ကို မပြတ်မှတ်ရှု သတိပြုနေသော သူမှာကား တခုထည်းသော ရုပ်, တခုထည်းသော နာမ်၌သော်လဲ ဖြစ်ခိုက်က တခြား, ပျက်ခိုက်က တခြား, ကွဲပြားလျက် ထင်ပေါ်၏၊ ရှေးရှေး ရုပ်ကတခြား, နောက်နောက် ရုပ်ကတခြား၊ ရှေးရှေးနာမ်က တခြား, နောက်နောက် နာမ်ကတခြား၊ ဤသို့အသီးအသီး ကွဲပြားလျက်သာ ထင်ပေါ်၏၊ အပိုင်းအပိုင်း အပြတ်အပြတ် ဖြစ်လျက်သာ ထင်ပေါ်၏၊ အမြဲတည်ရှိသော တခုထည်းအနေအားဖြင့်ကား မထင်ပြီ။ ထိုသို့သော ပုဂ္ဂိုလ်အား ရှုမှတ်အပ်သော ရုပ်နာမ်တို့သည် ရှေ့နောက် မစပ်ဘဲ အပြတ်အပြတ်ချည်းသာဖြစ်လျက် ထင်ပေါ်ကြသောကြောင့်၊ တခုထည်းဟု ထင်မြင်အပ်သော သန္တတိဃနသည် ကွဲပျက်လေ၏။ ထိုအခါ၌ သန္တတိဃနက မဖုံးကွယ်နိုင်သောကြောင့်၊ မှတ်အပ်သော ရုပ်နာမ်၏ ဖြစ်မှု ရင့်မှု ပျက်မှုဟူသော အနိစ္စလက္ခဏာနှင့်၊ ဖြစ်ပေါ်ပြီးလျှင် မရှိတော့ခြင်း=ပျောက်ကွယ်သွားခြင်း ဟူသော အနိစ္စလက္ခဏာတို့သည် အလိုလိုပင် ထင်ပေါ်လျက် ရှိလေကုန်၏။ ဤသို့ သန္တတိဃန ကွဲပျက်၍ အလိုလို ထင်ပေါ်သော အနိစ္စလက္ခဏာ အစစ်ကို သိမြင်သော ကာလမှစ၍ အနိစ္စာနုပဿနာဉာဏ် အစစ် ဖြစ်ပေါ်ပေသည်။

အပိုမှာထားချက် ... ဤသို့ အနိစ္စလက္ခဏာအစစ်ကို ထင်ရှားသိမြင်သောအခါ၌ ဖြစ်ပျက်တိုင်းသော ရုပ်နာမ် အမူအရာတို့ကို 'အနိစ္စ အနိစ္စ,=မမြဲမမြဲ'ဟု အထူးပြင်၍ မှတ်လိုလျှင်လဲမှတ်နိုင်၏။ ထို့အတူ, ဒုက္ခ အနတ္တ လက္ခဏာ အစစ်တို့ကို ထင်ရှား သိမြင်သော အခါတို့၌လဲ "ဒုက္ခဒုက္ခ=ဆင်းရဲ ဆင်းရဲ။ အနတ္တ အနတ္တ=ငါကောင် မဟုတ် ငါကောင် မဟုတ်"ဟု အထူးပြင်၍ မှတ်လိုလျှင် မှတ်နိုင်၏။ သို့သော်လဲ 'အနိစ္စ ဒုက္ခ အနတ္တ'ဟု ရွတ်ဆိုခြင်း, နှလုံးသွင်းက လိုရင်းမဟုတ်ပေ။ မှတ်ခိုက် မှတ်ခိုက်၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ အစစ်တို့ကို ထင်ရှား သိမြင် သဘောကျခြင်းသည်သာ လိုရင်းပေတည်း၊ အနိစ္စ ဒုက္ခ အနတ္တဟု မရွတ်ဆိုသော်လဲ မှတ်ခိုက် မှတ်ခိုက်မှာပင်၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ အစစ်တို့ကို ထင်ရှား သိမြင်လျှင်၊ အနိစ္စာနုပဿနာ စသည် ဖြစ်တော့သည်သာတည်း၊ ထို့ပြင်, အနိစ္စ ဒုက္ခ အနတ္တ ဟု အထူး ကြောင့်ကြစိုက်၍ ရွတ်ဆို နှလုံးသွင်းနေလျှင်၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ မထင်ရှားသော အခါ၌လဲ စိတ်ညွတ်လျက် သညာသိများ ဖြစ်ပေါ်တတ်၏။ ထိုသညာသိကိုပင် ဉာဏ်သိဟု ထင်မှားတတ်၏။ ထို့ကြောင့်, ရှုမှတ်ပုံကို ပြသော အခဏ်း (၅)၌ 'အနိစ္စ ဒုက္ခ အနတ္တ'ဟူ အထူးပြုပြင်၍ နှလုံးသွင်းပုံကို မပြတော့ဘဲ၊ ဖြစ် ပျက်တိုင်းသော ရုပ်နာမ်အမူအရာတို့ကို သဘောမှန်အတိုင်း သိအောင် အစဉ်လိုက်၍၊ ရှုမှတ်ပုံများကိုသာ ပြခဲ့ပေသည်။ ဤသည်ကား အပို မှာထားချက် ပေတည်း၊

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၇၆)

တာဝ၊ ရှေးဦးစွာ။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ဥဒယဗ္ဗယာနံ အမနသိကာရာ၊ ဖြစ်ခြင်း, ပျက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့်။ သန္တတိယာ ပဋိစ္ဆန္နတ္တာ၊ တခုထည်းဟု ထင်မှတ်ရလောက်အောင် မပြတ်စပ်လျက်ဖြစ်သော ရှေးနောက် ရုပ်နာမ်တို့၏အစဉ်က ဖုံးကွယ်အပ်သည်၏ အဖြစ်ကြောင့်။ န ဥပဋ္ဌာတိ၊ မထင်ပေါ်။ ပန၊ ထင်ပေါ်ပုံကား။ ဥဒယဗ္ဗယံ ပရိဂ္ဂဟေတွာ၊ ဖြစ်ခြင်း ပျက်ခြင်းကို သိမ်းဆည်း ရှုမှတ်၍။ သန္တတိယာ ဝိကောပိတာယ၊ ရှေးနောက် ရုပ်နာမ်တို့၏ အစဉ်ကို

ဖျက်အပ်ပြီးလတ်သော်။ အနိစ္စလက္ခဏံ၊ မမြဲဟု မှတ်သိရကြောင်း ဖြစ်သော အနိစ္စလက္ခဏာသည်။ ယာထာဝ သရသတော၊ မှန်ကန်သော မိမိ သဘောအတိုင်း။ ဥပဋ္ဌာတိ၊ ထင်ပေါ်၏။

သန္တတိယာ ဟိဿ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ န ဥပဋ္ဌာတိ၊ သာ စ သန္တတိ ဥဒယဗ္ဗယာမနသိကာရေန ဓာတာ။

ဥဒယဗ္ဗယံ ပဿတော န ဥဒယာဝတ္တာ ဝယာဝတ္ထံ ပါပုဏာတိ၊ ဝယာဝတ္တာ ဝါ ဥဒယာဝတ္ထံ၊ အညော၀ ဥဒယက္ခဏော၊ အညော၀ဝယက္ခဏောတိ ဧကောပိ ဓမ္မော ခဏဝသေန ဘေဒတော ဥပဋ္ဌာတိ၊ ပဂေဝ အတီတာဒိကောတိ အာဟ ဥဒယဗ္ဗယံ ပန။ပေ။ ဥပဋ္ဌာတီတိ။ တတ္ထ သန္တတိယာ ဝိကောပိတာယာတိ ပုဗ္ဗာပရိယေန ပဝတ္တမာနာနံ ဓမ္မာနံ အညောည ဘာဝလက္ခဏေန သန္တတိယာ ဥဂ္ဃါဋိတာယ။ န ဟိသမ္မဒေ၀ ဥဒဗ္ဗယံ သလ္လက္ခေန္တဿ ဓမ္မာ သမ္ဗန္ဓဘာဝေန ဥပဋ္ဌဟန္တိ၊ အထခေါ အယောသလာကာ ဝိယ အသမ္ဗန္ဓဘာဝေနာတိ သုဋ္ဌုတရံ အနိစ္စလက္ခဏံ ပါကဋံ ဟောတိ။ (မဟာဋီကာ ၂-၄၃၆-၇)

သန္တတိယာ၊ အစဉ်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံကွယ်အပ်သည်၏ အဖြစ်ကြောင့်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ အဿ၊ ထိုမရှုသော သူအား။ န ဥပဋ္ဌာတိ၊ မထင်ပေါ်။ သာ စ သန္တတိ၊ ထိုအစဉ်သည်လည်း။ ဥဒယဗ္ဗယာ မနသိကာရေန။ အဖြစ် အပျက်ကို နှလုံးမသွင်းခြင်းကြောင့်။ ပဋိစ္ဆာဒိကာ၊ ဖုံးကွယ်တတ်သည်။ ဓာတာ၊ ဖြစ်ပေ၏။ ။(အဖြစ် အပျက်ကို မရှုဖြင်းကြောင့်, သန္တတိက ဖုံးကွယ်နိုင်သည်၊ သန္တတိကဖုံးကွယ်လျက် ရှိသောကြောင့်, အနိစ္စလက္ခဏာ မထင်ပေါ်ဘဲ ရှိလေသည် ဟု ဆိုလို၏။)

ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဿတော၊ ရှုမြင်သောသူအား။ ဥဒယာဝတ္တာ၊ ဖြစ်ခိုက်သည်။ ဝယာဝတ္ထံ န ပါပုဏာတိ၊ ပျက်ခိုက်သို့ မရောက်။ ဝယာဝတ္တာ ဝါ ဥဒယာဝတ္ထံ န ပါပုဏာတိ၊ ပျက်ခိုက်ကလဲ တဖန် ဖြစ်ခိုက်သို့ မရောက်။ ဥဒယက္ခဏော၊ ဖြစ်ဆဲ ခဏသည်။ အညော ဧဝ၊ ပျက်ခိုက်မှ တပါး တခြားသာတည်း။ ဝယက္ခဏော၊ ပျက်ဆဲခဏသည်။ အညော ဧဝ၊ ဖြစ်ခိုက်မှတပါး တခြားသာတည်း။ ဣတိ၊ ဤသို့။ ဧကောပိ ဓမ္မော၊ တခုထည်းသော ရုပ်တရား, တခုထည်းသော နာမ်တရားသော်လဲ။ ခဏဝသေန၊ ဖြစ်ဆဲ ခဏ, ပျက်ဆဲ ခဏ, အလိုအားဖြင့်။ ဘေဒတော၊ ကွဲပြားလျက်။ ဥပဋ္ဌာတိ၊ ထင်ပေါ်သေး၏။ အတီတာဒိကော၊ အတိတ်စသော တရားသည်။ ပဂေဝ၊ ကွဲပြားလျက် ထင်သည်ဟု ပြဆိုနေဘွယ် အဘယ်မှာ ရှိတော့အံ့နည်း။ ။ (အတိတ်နှင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဟူသော ဤကာလ ကွဲသည့် ရုပ်နာမ်တို့ကား သာ၍ပင် ကွဲပြားလျက် ထင်ပေါ်ကြသည် ဟူလို)။ ဣတိ၊ ဤသို့ ကွဲပြားလျက် ထင်သောကြောင့်။ ဥဒယဗ္ဗယံ ပန။ ပေ။ ဥပဋ္ဌာတီတိ၊ ဥပဋ္ဌာတိ ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာ မိန့်ဆိုပေသည်။ တတ္ထ၊ ထိုစကားထဲ၌။ သန္တတိယာ ဝိကောပိတာယာတိ၊ ဟူသည်ကား။ ပုဗ္ဗာပရိယေန၊ ရှေးနောက်၏ အဖြစ်အားဖြင့်။ ဝါ၊ ရှေးဆင့် နောက်ဆင့်အားဖြင့်။ ပဝတ္တမာနာနံ ဓမ္မာနံ၊ ဖြစ်ကုန်သော ရုပ်နာမ် တရားတို့၏။ အညောညဘာဝ လက္ခဏေန၊ တပါး တခြား၏ အဖြစ်ကို မှတ်သဖြင့်။ ဝါ၊ တပါးစီ တခြားစီ အသီးအသီး ဖြစ်ပုံကို မှတ်သဖြင့်။ သန္တတိယာ၊ ရုပ်နာမ်တို့၏ မပြတ် စပ်လျက် ဖြစ်သော အစဉ်ကို။ ဥဂ္ဃါဋိတာယ၊ ခွါအပ် ဖွင့်လှန်အပ်ပြီးလတ်သော်။ ။(ဤစကားဖြင့် "သန္တတိကို ဖျက် ဟူသည်မှာ တခုထည်း တဆက်ထည်းဟု ထင်ရသော ရုပ်နာမ် အစဉ်ကို ခွါခြင်း ဖွင့်ခြင်းပင်"ဟူ၍၎င်း၊ ထိုခွါခြင်း ဖွင့်ခြင်းမှာလဲ, 'ရှေးရှေးရုပ်နာမ်တို့၏နောက် နောက် ရုပ်နာမ်တို့မှ တပါးတခြား ဖြစ်ခြင်းကို၎င်း၊ နောက်နောက် ရုပ်နာမ်တို့၏ ရှေးရှေး ရုပ်နာမ်တို့မှ တပါးတခြား ဖြစ်ခြင်းကို၎င်း မှတ်သိခြင်းပင်"ဟူ၍၎င်းပြ၏၊ န ဟိသမ္မဒေ၀ စသော နောက်စကားဖြင့် "အဖြစ်အပျက်ကို မှတ်မှုမှ တပါး သန္တတိကို ဖွင့်လှန်မှု အထူး မရှိတော့ပြီ"ဟု ပြလျက်၊ ရှေးစကားကို ခိုင်မြဲစေ၏။ ။ဟိ၊ မှန်ပေ၏။ ဥဒယဗ္ဗယံ၊ အဖြစ် အပျက်ကို။ သမ္မဒေဝ၊ ကောင်းမွန် မှန်ကန်စွာသာလျှင်။ သလ္လက္ခေန္တဿ၊ မှတ်သောသူအား။ ဓမ္မာ၊ ရုပ်တရား နာမ်တရားတို့သည်။ သမ္ဗန္ဓဘာဝေန၊ ဆက်စပ်သည်၏အဖြစ်အားဖြင့်။ န ဥပဋ္ဌဟန္တိ၊ မထင်ပေါ်ကုန်။ အထခေါ၊ အမှန်အားဖြင့်သော်ကား။ အယောသလာကာ ဝိယ၊ စီ၍ထားသော သံချောင်းတို့သည် အချင်းချင်းမစပ်ဘဲ ပြတ်လျက် တခြားစီ ထင်ပေါ်ကုန်သကဲ့သို့။ အသမ္ဗန္ဓဘာဝေန၊ မဆက်မစပ်ဘဲ ပြတ်ခြားသည့် အနေအားဖြင့်သာလျှင်။ ဥပဋ္ဌဟန္တိ၊ ထင်ပေါ်ကုန်၏။ ဣတိ၊ ဤသို့ ထင်ပေါ်သောကြောင့်၊ အနိစ္စလက္ခဏံ၊ မမြဲဟု မှတ်သိရကြောင်းဖြစ်သော အနိစ္စလက္ခဏာသည်။ သုဋ္ဌုတရံ၊ သာ၍ ကောင်းစွာ။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

ဤအဋ္ဌကထာ ဋီကာတို့နှင့်အညီ၊ ဖြစ်တိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ခိုက် ဖြစ်ခိုက်၌ မပြတ် ရှုမှတ်သော ယောဂီအား တခုထည်းသော ရုပ်တရား, တခုထည်းသော နာမ်တရား၌သော်လဲ၊ အစဖြစ်ပေါ်မှု၊ အဆုံးကွယ်ပျောက်မှုအားဖြင့် ကွဲပြားလျက် ထင်ပေါ်သည် ဖြစ်၍, ရှေးရှေး ရုပ်နာမ်နှင့် နောက်နောက် ရုပ်နာမ်တို့သည်တခြားစီ တခြားစီ အပိုင်း အပိုင်း ပြတ်လျက်သာ ထင်ပေါ်ကုန်၏။ တဆက်ထည်း တခုထည်း အနေအားဖြင့်ကား မထင်ပေါ်ကုန်ပြီ၊ ဤသို့တခြားစီ ပြတ်လျက်ထင်ပေါ်အောင်၊ ဖြစ်မှု ပျက်မှုကို ရှုမှတ်ခြင်းသည် ပင်လျှင် 'တဆက်ထည်း တခုထည်း'ဟု ရှေးက ထင်ခဲ့သော သန္တတိ ပညတ်ကို ခွါလှစ် ဖျက်ဆီးသည် မည်၏။ ဤ သန္တတိပညတ်ကို ခွါလှစ် ဖျက်ဆီးပြီးသော သူအား ဖြစ်မှု ရင့်မှု ပျက်မှု ဟူသော အနိစ္စလက္ခဏာ, ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ပျောက်ကွယ်သွားခြင်း ဟူသော အနိစ္စလက္ခဏာအားဖြင့် ဤ ၂-ပါးတို့တွင် တပါးပါးသော အနိစ္စလက္ခဏာသည် သဘောမှန်အတိုင်း အလိုလိုပင် ပေါ်လွင် ထင်ရှား၏။ ထိုထင်ရှားသော အနိစ္စလက္ခဏာ အစစ်အမှန်ကို တွေ့ရ၍ ထင်ပေါ်တိုင်းသော ရုပ်နာမ်တို့ကိုမမြဲဟု သိမြင်သောဉာဏ်သည် အနိစ္စာနုပဿနာအစစ် မည်၏ဟူ၍ မှတ်သားအပ်

၏။ ဤ အနိစ္စာနုပဿနာ ဉာဏ် အစစ် ဖြစ်တိုင်း ဖြစ်တိုင်း ရုပ်နာမ်တို့ကို မြဲသည်ဟု ထင်မှတ်သော နိစ္စ သညာကိုငှင်း၊ ထို သညာမှ ဆက်လက်၍ ဖြစ်ပွါးလတံ့သော ကိလေသာ, ကံ, ဝိပါက် ခန္ဓာ ဟူသော ဝဋ်ဆင်းရဲတို့ကိုငှင်း ပယ်၏။

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ။ (ပဋိသံ၊၅၅)

အနိစ္စတော၊ မမြဲ ဟု။ အနုပဿန္တော၊ ရှုသောသူသည်။ နိစ္စသညံ၊ မြဲသည် ဟု ထင်မှတ်မှုကို။ ပဇဟတိ၊ ပယ်၏၊ ကင်းပျောက်စေ၏။

ဤပါဠိ၌ သညာကိုပယ်သည် ဟူသောစကားမှာ ပဓာနစကားမျှသာတည်း။ သို့ဖြစ်၍, ဘုရင်မင်းမြတ် ထွက်တော်မူသည်ဟု ဆိုလျှင်၊ သူ၏ အခြွေအရံများပါ ထွက်တော်မူသည် ဟု သိရသကဲ့သို့၊ သညာ၏ နောက်လိုက် ဖြစ်သော ယူမှားမှု ဒိဋ္ဌိဝိပလ္လာသ၊ သိမှားမှု စိတ္တဝိပလ္လာသ စသောအကုသိုလ် အလုံးစုံကိုလဲ ပယ်သည်ဟူ၍သာ ယူအပ်၏။ ထို့ကြောင့်, မဟာဋီကာ၌ အောက်ပါအတိုင်း ဖွင့်ပြ၏။

နိစ္စသညန္တိ နိစ္စဂါဟံ။ သညာသီသေန နိဒ္ဒေသော။ သုခသညံ အတ္တသညန္တိ ဧတ္ထာပိ ဧသေဝ နယော။ (၂-၄၄၂)

နိစ္စသညာယာတိ သင်္ခတဓမ္မေ နိစ္စာ သဿတာတိ ဧဝံ ပဝတ္တာယ မိစ္ဆာသညာယ။ သညာဂ္ဂဟဏေနေဝ ဒိဋ္ဌိ စိတ္တာနမ္ပိ ဂဟဏံ ဒဋ္ဌဗ္ဗံ။ ဧသ နယော ဣတော ပရာသု။ (၁-၇၉)

နိစ္စသညန္တိ၊ ဟူသည်ကား။ နိစ္စဂါဟံ၊ မြဲသည်ဟု ယူမှတ် စွဲလမ်းသော ကိလေသာကို။ ဧသော၊ နိစ္စသညံ ဟူသော ဤပါဠိသည်။ သညာသီသေန၊ သညာကို ဦးခေါင်းပြုသဖြင့်။ ဝါ၊ သညာကို ပဓာနပြုသဖြင့်။ နိဒ္ဒေသော၊ ညွှန်ပြအပ်သော ပါဠိပေတည်း။ သုခသညံ အတ္တသညန္တိ ဧတ္ထာပိ၊ သုခသညံ အတ္တသညံဟူသော ဤပုဒ်တို့၌လဲ။ ဧသေဝ နယော၊ ဤနည်းပင်တည်း။

နိစ္စသညာယာတိ၊ ဟူသည်ကား။ သင်္ခတဓမ္မေ၊ သင်္ခတ တရားတို့သည်။ နိစ္စာတိ၊ မြဲကုန်၏ ဟူ၍။ သဿတာတိ၊ အမြဲတမ်း တည်ရှိနေကြသည် ဟူ၍။ ဧဝံ ပဝတ္တာယ၊ ဤသို့ ဖြစ်ပေါ်သော။ မိစ္ဆာသညာယ၊ အမှတ် မှားမှု မိစ္ဆာသညာကို။ သညာဂ္ဂဟဏေနေဝ၊ သညာကို ယူခြင်းဖြင့်ပင်လျှင်။ ဒိဋ္ဌိစိတ္တာနမ္ပိ၊ ဒိဋ္ဌိနှင့် စိတ်တို့ကိုလဲ။ ဂဟဏံ၊ ယူခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဣတော၊ ဤ အနိစ္စာနုပဿနာမှ။ ပရာသု၊ နောက် အနုပဿနာတို့၌လဲ။ ဧသ နယော၊ ဤနည်းပင်တည်း။

အနိစ္စာနုပဿနာက ပယ်အပ်သော နိစ္စသညာ ဟူသည်မှာ မြင်မှု ကြားမှုစသော သင်္ခါရတို့ကို မြဲသည်, အမြဲပင် တည်ရှိနေသည်ဟု ထင်မှားသော မိစ္ဆာသညာပင်တည်း။ ဤ သညာဝိပလ္လာသကို ပယ်လျှင် ဒိဋ္ဌိဝိပလ္လာသ, စိတ္တဝိပလ္လာသ တို့ကိုလဲ ပယ်သည် ဟူ၍သာ ယူရမည်၊ ဒုက္ခ, အနတ္တာနုပဿနာတို့က သုခ, အတ္တ သညာတို့ကို ပယ်သည်ဟု ဆိုရာ၌လဲ နည်းတူပင် ယူရမည် ဟု ဆိုလို၏။

## ပယ်အပ်သော ကိလေသာ

ဤအရာ၌ အနိစ္စာနုပဿနာက ပယ်အပ်သော နိစ္စသညာ စသည်တို့မှာ အတိတ်လော? အနာဂတ်လော? ပစ္စုပ္ပန်လော?ဟူမူ...အတိတ် ကိလေသာတို့ ဟူသည်မှာ ဖြစ်ပေါ်ခဲ့ပြီး ချုပ်ပျောက်ခဲ့ပြီးတို့ပေတည်း၊ ချုပ်ပျောက်ပြီးဖြစ်၍ မရှိတော့ပြီဖြစ်သော ထို အတိတ် ကိလေသာတို့ကို ထပ်မံ၍ ပယ်ဖျောက်ရန် မလိုပြီ။ ထို့ကြောင့်, အတိတ် ကိလေသာတို့ကိုလဲ ပယ်သည်မဟုတ်ပေ၊ အနာဂတ်ကိလေသာတို့ ဟူသည်မှာလဲ ဝိပဿနာ ရှုဆဲ၌ မရှိကြသေး၊ နောင်အခါ၌ ဧကန်ဖြစ်ပေါ်မည့် ကိလေသာတို့ပေတည်း။ ထို့ကြောင့်, ထိုအနာဂတ် ကိလေသာတို့ကိုလဲ ပယ်သည် မဟုတ်ပေ။ မမြဲဟု ရှုဆဲ ပစ္စုပ္ပန်ခဏ၌လဲ ဝိပဿနာကုသိုလ်သာလျှင် ဖြစ်ပေါ်လျက်ရှိ၏။ ပယ်ထိုက်သောကိလေသာတို့ကား မရှိကုန်။ ထို့ကြောင့်, ပစ္စုပ္ပန် ကိလေသာတို့ကိုလဲ ပယ်သည်မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား...ဒွါရ ၆-ပါး၌ ဖြစ်ပေါ်ကုန်, ထင်ပေါ်ကုန်သော ရုပ်နာမ် သင်္ခါရတို့ကို မမြဲဟု မှန်ကန်စွာ မရှုမိ မသိမြင်ပါလျှင်၊ အကြောင်းညီညွတ်သော အခါ၌ ထို သင်္ခါရတို့ကိုပင် မြဲသည်ဟု ထင်မှတ်လျက် အကြင် ကိလေသာတို့သည် ဖြစ်ပေါ်နိုင်ကုန်၏၊ အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်နိုင်သော ဤ ကိလေသာတို့ကို ပယ်သည်ဟု သိအပ်၏။

## အာရမ္မဏာ နုသယ

အကြောင်းညီလျှင် ဖြစ်ပေါ်နိုင်သော ဤကိလေသာသည် ဖြစ်ပြီးမဟုတ်သောကြောင့် အတိတ်လဲမဟုတ်၊ ဧကန်ဖြစ်လတ္တံ့ မဟုတ်သောကြောင့် အနာဂတ်လဲ မဟုတ်၊ ဖြစ်ဆဲ မဟုတ်သောကြောင့် ပစ္စုပ္ပန်လဲ မဟုတ်၊ ကာလသုံးပါးမှ လွတ်သော အနုသယကိလေသာ ပေတည်း။ ဤ အနုသယသည်လည်း သန္တာန်၌ ကိန်းခြင်း, အာရုံ၌ ကိန်းခြင်းအားဖြင့် ၂-မျိုး ပြား၏။ ထို ၂-မျိုးတို့တွင် မဂ်ဖြင့် မပယ်ရသေးသောကြောင့် ပုထုဇဉ် သေက္ခတို့၏ သန္တာန်၌ ဘယ်အချိန် မဆိုအကြောင်းညီညွတ်က ဖြစ်ပေါ်နိုင်သော ကိလေသာ အပေါင်းသည် သန္တာန်၌ ကိန်းသော သန္တာနာနုသယ မည်၏။ ထို ပုထုဇဉ်သေက္ခတို့မှာပင် ဝိပဿနာ မရှုမိ၍ 'အနိစ္စ ဒုက္ခ အနတ္တ'ဟု မှန်စွာ မသိအပ်သော အာရုံတိုင်း၌ ဘယ်အချိန်မဆို အကြောင်းညီညွတ်က 'နိစ္စ သုခ အတ္တ'ဟု ပြန်လည် စဉ်းစားလျက် ဖြစ်ပေါ်နိုင်သော ကိလေသာ အပေါင်းသည် မရှုမိသည့်အာရုံ၌ ကိန်းသော အာရမ္မဏာနုသယ မည်၏။ ၎င်းကိုပင် အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န ဟူ၍လဲ ခေါ်၏။ ဝိပဿနာက ဤအာရမ္မဏာနုသယ ကိလေသာကိုသာ ပယ်သည် ဟု သိအပ်၏။ မြဲမြံစွာ မှတ်သားနိုင်ရန် သာဓက ပါဠိတို့ကိုလဲ ပြဦးအံ့။

သတ္တာနုသယာ ကာမရာဂါနုသယော ပဋိဃာနုသယော မာနာနုသယော ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယော ဘဝရာဂါနုသယော အဝိဇ္ဇာနုသယော။ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထ သတ္တာနံ ရာဂါနုသယော အနုသေတိ။ ယံ လောကေ အပ္ပိယရူပံ အသာတရူပံ၊ ဧတ္ထ သတ္တာနံ ပဋိဃာနုသယော အနုသေတိ၊ ဣတိ ဣမေသု ဒွီသု ဓမ္မေသု အဝိဇ္ဇာ အနုပတိတာ၊ တဒေကဋ္ဌော မာနော စ ဒိဋ္ဌိ စ ဝိစိကိစ္ဆာ စ ဒဋ္ဌဗ္ဗာ။ (အဘိဓမ္မာဝိဘင်္ဂပါဠိ ၃၅၃)

အနုသယာ၊ အကြောင်းညီလျှင် ဖြစ်ပေါ်နိုင်သော အနုသယကိလေသာတို့သည်။ ကာမရာဂါနုသယော၊ ကာမအာရုံကို တပ်မက်သော အနုသယငင်း။ ပဋိဃာနုသယော၊ အာရုံကို ပျက်စေလိုသောအားဖြင့် ထိပါးတိုက်ခိုက်သော အနုသယငင်း။ မာနာနုသယော၊ နှိုင်းပြိုင် ထောင်လွှားတတ်သော အနုသယငင်း။ ဒိဋ္ဌာနုသယော၊ အမြင်မှား အယူမှားသော အနုသယငင်း။ဝိစိကိစ္ဆာနုသယော၊ ယုံမှားတတ်သော အနုသယငင်း။ဘဝရာဂါနုသယော၊ ဘဝကိုတပ်မက်သော အနုသယငင်း။အဝိဇ္ဇာနုသယော၊ အမှန်ကိုကား မသိတတ်, အမှားကိုသာ သိတတ်သော အနုသယငင်း။ ဣတိ၊ ဤသို့။ သတ္တ၊ ခုနစ်ပါးတို့တည်း။ လောကေ၊ သင်္ခါရတရား တည်းဟူသော လောကထဲ၌၊ ယံ ပိယရူပံ၊ အကြင် ချစ်အပ်သော သဘောသည်။ ယံ သာတရူပံ၊ အကြင် သာယာအပ်သော သဘောသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ချစ်ဖွယ်, သာယာဘွယ်ကောင်းသော ဤသဘော၌၊ သတ္တာနံ၊ သတ္တဝါတို့၏။ ရာဂါနုသယော၊ ကာမရာဂ, ဘဝရာဂ ဟုခေါ်သော ရာဂအနုသယသည်။ အနုသေတိ၊ ကိန်း၏။ လောကေ၊ လောကထဲ၌။ ယံ အပ္ပိယရူပံ၊ အကြင် မုန်းအပ်သော သဘောသည်။ ယံ အသာတရူပံ၊ အကြင် မသာယာအပ်သော သဘောသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ မုန်းဘွယ်ကောင်း၍, သာယာဘွယ်ကင်းသော ဤသဘော၌။ သတ္တာနံ၊ သတ္တဝါတို့၏။ ပဋိဃာနုသယော၊ ဒေါသ ဟူသော ပဋိဃအနုသယသည်။ အနုသေတိ၊ ကိန်း၏။ ဣတိ၊ ဤသို့ ကိန်းလတ်သော်။ ဣမေသု ဒွီသု ဓမ္မေသု၊ အကောင်း, အဆိုး၊ ဤတရား နှစ်မျိုးတို့၌။ အဝိဇ္ဇာ၊ အဝိဇ္ဇာနုသယသည်။ အနုပတိတာ၊ ကျရောက် ကိန်းဝပ်၏။ မာနော စ၊ မာနအနုသယကိုလဲ။ တဒေကဋ္ဌော၊ ထိုအဝိဇ္ဇာနှင့် ယှဉ်လျက် တခုထည်းသော စိတ်၌ တည်သည် ဟု။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဒိဋ္ဌိ စ၊ ဒိဋ္ဌိအနုသယကိုငင်း။ ဝိစိကိစ္ဆာ စ၊ ဝိစိကိစ္ဆာအနုသယ ကိုငင်း။ တဒေကဋ္ဌာ၊ ထိုအဝိဇ္ဇာနှင့် ယှဉ်လျက် တခုထည်းသော စိတ်၌ တည်သည် ဟု။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ကောင်းသောအာရုံ အစစ်အမှန်သည် သဘာဝဣဋ္ဌာရုံ မည်၏။ သူ့ပင်ကို သဘောရင်းအတိုင်းပင် လိုလားထိုက်သော အာရုံဟု ဆိုလို၏။ တကယ် လှပသော အဆင်း, တကယ်သာသော အသံ စသည်ကို ယူလေ။ မစင် ခွေးကောင်ပုပ် စသော အာရုံသည် သူ့ပင်ကို သဘောရင်းအားဖြင့် မကောင်းငြားသောလဲ ခွေး ဝက် လင်းတစသော သတ္တဝါတို့အား ကောင်းသည့် အနေဖြင့် ကြံဆ ထင်မြင်ခြင်းကြောင့် ကောင်းသောအာရုံ=လိုလားအပ်သော အာရုံ ဖြစ်လေ၏။ ဤသို့ မကောင်းသော အာရုံ မှန်ပါလျက် ကောင်းသည့် အနေအားဖြင့် ကြံဆ ထင်မြင်အပ်သော အာရုံသည်ကား ပရိကပ္ပဣဋ္ဌာရုံ မည်၏။ ကြံဆပြီး ယူမှ အကောင်းဖြစ်လာသော, လိုလားထိုက်သော အာရုံဟုဆိုလို၏။ ဣဋ္ဌာရုံအစစ်, အတုဖြစ်သော ဤသဘာဝဣဋ္ဌာရုံ,ပရိကပ္ပဣဋ္ဌာရုံ နှစ်မျိုးလုံးပင် ပိယရုပ် သာတရုပ် မည်၏။ ဤ ဣဋ္ဌာရုံဖြစ်သော လောကီတရား၌ ကာမရာဂအနုသယ, ဘဝရာဂအနုသယ တို့ကိန်းကုန်၏၊ ထို့အတူပင်, မကောင်းသော အာရုံ အစစ်အမှန်သည် သဘာဝအနိဋ္ဌာရုံမည်၏။ သူ့ပင်ကိုရင်း သဘော အတိုင်းပင် မလိုလားထိုက်သော, မုန်းဘွယ်ကောင်းသော အာရုံဟုဆိုလို၏။ အာရုံကကောင်းနေပါလျက် မကောင်းသည့် အနေအားဖြင့် ကြံဆ ထင်မြင်သောသူတို့အား အဆိုး ဖြစ်နေသော အာရုံသည် ပရိကပ္ပအနိဋ္ဌာရုံ မည်၏။ ကြံဆခြင်းကြောင့် အဆိုးဖြစ်လျက် မလိုလားထိုက်သော အာရုံဟုဆိုလို၏။ အနိဋ္ဌာရုံ အစစ်, အတုဖြစ်သော ဤသဘာဝအနိဋ္ဌာရုံ, ပရိကပ္ပ အနိဋ္ဌာရုံ နှစ်မျိုးလုံးပင် အပ္ပိယရုပ် အသာတရုပ် မည်၏။ ဤအနိဋ္ဌာရုံဖြစ်သော လောကီတရား၌ ပဋိဃအနုသယ ကိန်း၏။ ဤ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ ရာဂ, ဒေါသတို့ ကိန်းတိုင်း ကိန်းတိုင်း အဝိဇ္ဇာအနုသယလဲ ကိန်း၏။ အဝိဇ္ဇာ ကိန်းလျှင်, စိတ်တခုထည်း၌ အဝိဇ္ဇာနှင့် ပူးတွဲ၍ ဖြစ်လေ့ရှိသော မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့လဲ ကိန်းကုန်၏-ဟူ၍ဆိုလိုသည်။ ကိန်း-ဟူသည်မှာလဲ တနေရာ၌ ပုန်းအောင်းနေသည်ကိုကား ဆိုလိုသည်မဟုတ်။ အမှန်အားဖြင့်သော်ကား ဝိပဿနာဉာဏ် မဂ်ဉာဏ်

တို့ဖြင့် မပယ်အပ်သေးသောကြောင့် အကြောင်းညီညွတ်သောအခါ၌ ထိုကိန်းဘူးသောအာရုံနှင့်စပ်၍ ဖြစ်ပေါ်ထိုက်သည်ကိုပင် ကိန်းသည်ဟု ဆိုလိုပေသည်။

ဧတ္ထ သတ္တာနံ ရာဂါနုသယော အနုသေတီတိ ဧတသ္မိံ ကာမဒ္ဓာရမ္မဏေ သတ္တာနံ အပ္ပဟီနဋ္ဌေန ရာဂါနုသယော အနုသေတိ။ (ဝိဘင်းအဋ္ဌကထာ ၄၄၁)

ဧတ္ထ သတ္တာနံ ရာဂါနုသယော အနုသေတီတိ၊ ဟူသည်ကာ။ ဧတသ္မိံ ကာမဒ္ဓာရမ္မဏေ၊ ဤ ကာမဒ္ဓာရုံ၌။ သတ္တာနံ၊ သတ္တဝါတို့၏။ ရာဂါနုသယော၊ ရာဂအနုသယသည်။ အပ္ပဟီနဋ္ဌေန၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့က မပယ်အပ်သော သဘောအားဖြင့်။ အနုသေတိ၊ ကိန်း၏။ (ကိန်း– ဟူသည်မှာ မပယ်အပ်ခြင်းပင်–ဟူလို၏)။

အာရမ္မဏ–သန္တာနာနုသယနေသု၊ ကာမဒ္ဓာရမ္မဏေ အာရမ္မဏာနုသယနေန အနုသေတိ။ (ၒင်း၏အဖွင့် မူလဋီကာ ၂၁၃)

အာရမ္မဏ–သန္တာနာနုသယနေသု၊ အာရုံ၌ကိန်းခြင်း, သန္တာန်၌ကိန်းခြင်းတို့တွင်။ ကာမဒ္ဓာရမ္မဏေ၊ ကာမဒ္ဓာရုံ၌။ အာရမ္မဏာနုသယနေန၊ အာရုံ၌ ကိန်းသည့် အလိုအားဖြင့်။ အနုသေတိ၊ ကိန်း၏။

အာရမ္မဏ–သန္တာနာနုသယနေသူတိ အာရမ္မဏာနုသယနံ သန္တာနာနုသယနန္တိ ဒွီသု အနုသယနေသု။ ယထာ ဟိ မဂ္ဂေန အသမုစ္ဆိန္နော ရာဂေါ ကာရဏလာဘေ ဥပ္ပဇ္ဇနာရဟော ထာမဂတဋ္ဌေန သန္တာနေ အနုသေတီတိ ဝုစ္စတိ၊ ဧဝံ ကာမဒ္ဓာရမ္မဏေ ပီတိ တဿ အာရမ္မဏာနုသယနံ ဒဋ္ဌဗ္ဗံ။ (ၒင်း၏ အဖွင့် အနုဋီကာ ၂၁၂)

အာရမ္မဏ–သန္တာနာနုသယနေသူတိ၊ ဟူသည်ကား။ အာရမ္မဏာနုသယနံ၊ အာရုံ၌ ကိန်းခြင်း။ သန္တာနာနုသယနံ၊ သန္တာန်၌ကိန်းခြင်း။ ဣတိ ဒွီသု အနုသယနေသု၊ ဤ နှစ်မျိုးသော ကိန်းခြင်းတို့တွင်။ ဟိ၊ ကိန်းပုံကို ထင်စွာပြအံ့။ မဂ္ဂေန အသမုစ္ဆိန္နော၊ မဂ်က အကြွင်းမဲ့ မဖြတ်မပယ်အပ်သေးသောကြောင့်။ ကာရဏလာဘေ ဥပ္ပဇ္ဇနာရဟော၊ အကြောင်းကို ရလျှင် ဖြစ်ထိုက်သော။ ရာဂေါ၊ ရာဂသည်။ ထာမဂတဋ္ဌေန၊ ဖြစ်နိုင်သော အားစွမ်းရှိသည့် သဘော သတ္တိအားဖြင့်။ သန္တာနေအနုသေတီတိ၊ သန္တာန်၌ ကိန်းသည်ဟူ၍။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ဝိပဿနာ–မဂ္ဂေဟိ အသမုစ္ဆိန္နော၊ ဝိပဿနာနှင့်မဂ်တို့က အကြွင်းမဲ့ မဖြတ်မပယ်အပ်သေးသောကြောင့်။ ကာရဏလာဘေ ဥပ္ပဇ္ဇနာရဟော၊ အကြောင်းကိုရလျှင် ဖြစ်ထိုက်သော။ ရာဂေါ၊ ရာဂသည်။ ထာမဂတဋ္ဌေန၊ ဖြစ်နိုင်သည့် အားစွမ်း ရှိသော သဘော သတ္တိအားဖြင့်။ ကာမဒ္ဓာရမ္မဏေပိ အနုသေတီတိ၊ ကာမဒ္ဓာရုံ၌လဲ ကိန်းသည် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဣတိ၊ ဤသို့ ဆိုအပ် ဆိုထိုက်သောကြောင့်။ တဿ၊ ကာမဒ္ဓာရုံ၌ ကိန်းသော ထို ရာဂ၏။ အာရမ္မဏာနုသယနံ၊ အာရုံ၌ ကိန်းခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် မှန်ကန်စွာ မသိရသေးသော အာရုံတိုင်း၌ ကိလေသာ ဖြစ်နိုင်ခြင်း=ကိလေသာ ဖြစ်မှုမပြတ်စဲသေးခြင်းကိုပင် "ထိုအာရုံတို့၌ ကိလေသာ ကိန်းသည်"ဟု ဆိုလိုကြောင်း၊ အထက်ပါ အဋ္ဌကထာ ဋီကာတို့ဖြင့် ထင်ရှား၏။ အာရုံ၌ ကိန်းသော ဤ အနုသယကို အာရမ္မဏာနုသယ ဟု ခေါ်အပ်၏။ ထိုကြောင့် ...

"သုခါယ ဘိက္ခဝေ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော၊ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော ပဟာတဗ္ဗော၊ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော ပဟာတဗ္ဗော=ရဟန်းတို့!ချမ်းသာသော ခံစားမှု၌ ရာဂ အနုသယကို ပယ်ရမည်။ ဆင်းရဲသော ခံစားမှု၌ ပဋိဃ အနုသယကို ပယ်ရမည်။ မဆင်းရဲ မချမ်းသာသော ခံစားမှု၌ အဝိဇ္ဇာ အနုသယကို ပယ်ရမည်" ဤသို့စသော ဝေဒနာသံယုတ် သဂါထာဝဂ် တတိယသုတ်၏ အဖွင့် အဋ္ဌကထာ၌...

"ဣမသ္မိံ သုတ္တေ အာရမ္မဏာနုသယော ကထိတော=ဤတတိယသုတ်၌ အာရမ္မဏာနုသယကို ဟောတော်မူအပ်သည်" ဟူ၍ မိန့်ဆိုလေပြီ။ ထိုဝဂ်မှာပင် ဆဋ္ဌသုတ်၏ အဖွင့်၌လဲ အာရမ္မဏာနုသယကို ဟောကြောင်း ထိုအတူပင် မိန့်ဆိုလေပြီ။ ဤ အာရမ္မဏာနုသယကိုပင် ဥပန္နလေးပါးခွဲခြားရာ အဋ္ဌကထာတို့၌ အာရမ္မဏာ ဓိဂ္ဂဟိတုပ္ပန္န=ဟူ၍ မိန့်ဆိုကုန်၏။ အောက်ပါ အတိုင်းပင်တည်း။

စက္ခာဒီနံ ပန အာပါတဂတေ အာရမ္မဏေ, ပုဗ္ဗဘာဂေ အနုပ္ပဇ္ဇမာနမ္ပိ ကိလေသဇာတံ, အာရမ္မဏဿ အဓိဂ္ဂဟိတတ္တာ ဧဝ အပရဘာဂေ ဧကန္တေန ဥပ္ပတ္တိတော, အာရမ္မဏာဓိဂဟိတုပ္ပန္နန္တိ ဝုစ္စတိ။ (ဝိသုဒ္ဓိမဂ် ၂–၃၃၀–စသည်)

စက္ခာဒီနံ၊ စက္ခုဒွါရ စသည်တို့အား။ အာပါတဂတေ အာရမ္မဏေ၊ အဆင်းစသောအာရုံ ထင်ပေါ်လတ်သော်။ ပုဗ္ဗဘာဂေ၊ အာရုံကို ရစဖြစ်သော ရှေးအဖို့၌။ အနုပ္ပဇ္ဇမာနမ္ပိ ကိလေသဇာတံ၊ မဖြစ်သေးသော ကိလေသာအပေါင်းကိုသော်လဲ။ (ထိုကာလကပင် ဖြစ်ပေါ်လျှင်ကား ဆိုဘွယ်မရှိပြီ–ဟု ဆိုလို၏)။ အာရမ္မဏဿ အဓိဂ္ဂဟိတတ္တာ ဧဝ၊ အာရုံကို ထင်ရှား မြဲမြံစွာ ယူခဲ့ပြီး ဖြစ်သောကြောင့် သာလျှင်။ အပရဘာဂေ၊ ပြန်၍ စဉ်းစားခြင်း စသည်ဖြင့် အကြောင်းညီသောနောက်အဖို့၌။

ဧကေန္တေန ဥပ္ပတ္တိတော၊ ဧကန် စင်စစ် ဖြစ်ပေါ်တတ်သောကြောင့်။ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္နန္တိ၊ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န–ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

အဓိပ္ပါယ်ကား ... ဣဋ္ဌ, အနိဋ္ဌ ဖြစ်သော အဆင်း အသံ အနံ့ အရသာ အတွေ့ သဘော ဟူသော အာရုံ ၆–ပါးကို ထင်ထင်ရှားရှား မြင်ရ ကြားရ နံရ စားရ ထိရသိရလျှင်၊ ထို ခဏမှာပင် လောဘ ဒေါသ စသော ကိလေသာ ဖြစ်ပေါ်သည်လဲ ရှိ၏၊ မဖြစ်ပေါ်သည်လဲ ရှိ၏။ ထို ခဏကပင် ကိလေသာ ဖြစ်ခဲ့လျှင်ကား နောင် ဆက်လက်၍ ဖြစ်နိုင်သည်မှာ ထင်ရှား၏။ ယောနိသောမနသိကာရ စသည်ကြောင့်၊ ထိုခဏက ကိလေသာ မဖြစ်ပေါ်သေးသော်လဲ အာရုံကို ထင်ရှားပြီးသစွာ မှတ်စွဲထားသောသူအား နောင်အခါ၌ ပြန်၍ စဉ်းစားမိခြင်း, ဆင်တူရိုးမှား အာရုံနှင့် တွေ့ရခြင်း, ဆန့်ကျင်ဘက် အာရုံနှင့် တွေ့ရခြင်း, သူတပါးကသတိဖေါ်ပေးခြင်း, ဤသို့စသောအကြောင်းတို့ ညီညွတ်သောအခါ၌ စွဲမှတ်ဘူးသော ထိုအာရုံနှင့်စပ်၍ ကိလေသာတို့သည် ဧကန်ဖြစ်ပေါ်တတ်ကုန်၏။ အဘယ့်ကြောင့် ဤသို့ဖြစ်ပေါ်ကြသနည်း? ဟူမူ...အာရုံကို မြဲမြံထင်ရှားစွာ စွဲမှတ်ဘူးသောကြောင့်ပင်တည်း။ သို့ဖြစ်၍, အာရုံကို မြဲမြံထင်ရှားစွာ စွဲမှတ်ဘူးခြင်းကြောင့် ဖြစ်ပေါ်ရန်အသင့်ရှိသော ဤ ကိလေသာမျိုးကို အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န–ဟု ခေါ်သည်။ ဤအရာ၌ အာရမ္မဏာသ အဓိဂ္ဂဟိတတ္တာ ဧဝ ဟူသော အကြောင်းပြစကားကို အထူးသတိ ပြုရာ၏။ အာရုံကို မြဲမြံ ထင်ရှားစွာ စွဲမှတ်ဘူးခြင်းကြောင့် သာလျှင် ထိုအာရုံနှင့် စပ်၍ နောင်အခါ၌ ကိလေသာ ဖြစ်ပေါ်သည်၊ သို့မဟုတ်လျှင်ကား ကိလေသာ မဖြစ်ပေါ်နိုင်ဟူသော ဤအနက်ကိုလဲ သိအပ်၏။

မဂ်ဖြင့် အကြွင်းမဲ့ပယ်ပြီးသော အရိယာအား အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န မည်သော ဤအာရမ္မဏာနုသယ ကိလေသာ ကင်းသည်မှာ ယုံမှားဘွယ်မရှိပေ၊ ဝိပဿနာဖြင့်ကား အဘယ်သို့ ပယ်ပါသနည်း?ဟူမူ...ဒွါရ ၆–ပါး၌ ထင်ပေါ်, ဖြစ်ပေါ်ဆဲ, အဆင်း, မြင်မှု၊ အသံ, ကြားမှုစသော အာရုံကို မမြဲဟု ဖြစ်စေ, ဆင်းရဲဟု ဖြစ်စေ, အစိုးမပိုင်သော သဘောမျှဟု ဖြစ်စေ, ရှုမှတ်လျက် သိမြင်ပြီးသောသူအား၊ ထိုမှတ်သိဆဲ ခဏ၌၎င်း၊ ပြန်၍ စဉ်းစားသော နောင်ကာလ၌၎င်း၊ ထိုမှတ်သိပြီးသော အာရုံကို "မြဲသည်, ချမ်းသာသည်, အစိုးပိုင်သူ ဟုတ်သည်"ဟူ၍ ထင်မှတ် စွဲလမ်းမှု ကိလေသာတို့သည် မဖြစ်ထိုက်ကုန်ပြီ၊ မဖြစ်နိုင်ကုန်ပြီ၊ ဖြစ်ခွင့်မရကုန်ပြီ။ ဤသို့ ကိလေသာ ဖြစ်ခွင့်မရခြင်းကြောင့် "မှတ်သိတိုင်းသောအာရုံ၌ ကိလေသာ မကိန်း" ဟူ၍၎င်း၊ "အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န မည်သော အာရမ္မဏာနုသယ ကင်းငြိမ်းသည်"ဟူ၍၎င်း ဆိုပေသည်။ အာရမ္မဏာနုသယ ကင်းငြိမ်းလျှင်၊ ထို အနုသယရှိမှ ဖြစ်ပေါ်နိုင်ကြသော ပရိယုဋ္ဌာန်, ဝီတိက္ကမ ကိလေသာတို့နှင့် တကွ ကုသိုလ်အကုသိုလ် ကံ, ဝိပါက် ခန္ဓာတို့လဲ တပေါင်းထည်းပင် ကင်းငြိမ်းလေကုန်၏။ အမှန်အတိုင်းသိမြင်သော ဝိပဿနာကြောင့်၊ အမှားအားဖြင့် သိမြင် ထင်မှတ်လျက် ကိလေသာ, ကံ, ဝိပါက်တို့ မဖြစ်ပေါ်နိုင်ခြင်း, ကင်းငြိမ်းခြင်းသည် ဝိပဿနာဖြင့် ပယ်ခြင်းကြောင့်ပင်တည်း။ အောက်ပါမှာ မဟာဋီကာပေတည်း။

အနိစ္စာနုပဿနာ တာဝ တဒင်္ဂပ္ပဟာနဝသေန နိစ္စသညံ ပရိစ္စဇတိ၊ ပရိစ္စဇန္တီ စ တထာ အပ္ပဝတ္တိယံ ယေ နိစ္စန္တိ ဂဟဏဝသေန ကိလေသာ, တမ္မူလကာ အဘိသင်္ခါရာ, တဒုဘယမူလကာ စ ဝိပါကာခန္ဓာ, အနာဂတေ ဥပ္ပဇ္ဇေယျုံ၊ တေ သဗ္ဗေပိ အပ္ပဝတ္တိကရဏဝသေန ပရိစ္စဇတိ။ တထာ ဒုက္ခာနုပဿနာဒယော။ တေနာဟ "ဝိပဿနာတဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသေ ပရိစ္စဇတီ"တိ။ (မဟာဋီ ၁–၃၄၅)

တာဝ၊ ရှေးဦးစွာသော။ အနိစ္စာနုပဿနာ၊ သည်။ နိစ္စသညံ၊ မြဲသည်ဟု ထင်မှတ်မှုကို။ တဒင်္ဂပ္ပဟာနဝသေန၊ တဒင်္ဂပဟာန်အလိုအားဖြင့်။ ပရိစ္စဇတိ၊ ပယ်၏။ စ၊ ဆက်၍ ပြဦးအံ့။ သာ၊ ထို အနိစ္စာနုပဿနာသည်။ ပရိစ္စဇန္တီ၊ နိစ္စသညာကို ပယ်စွန့်လတ်သော်။ (ပရိစ္စဇတိ၌စပ်)။ တထာ အပ္ပဝတ္တိယံ၊ မမြဲဟု ရှုမြင်သော ထိုအခြင်းအရာအားဖြင့် အနိစ္စာနုပဿနာ မဖြစ်ခဲ့ပါလျှင်။ (ဥပ္ပဇ္ဇေယျုံ၌ စပ်)။ နိစ္စန္တိ ဂဟဏဝသေန၊ မြဲသည်ဟု ထင်မှတ် စွဲယူသည့် အလိုအားဖြင့်။ ယေ ကိလေသာ စ၊ အကြင် ကိလေသာတို့သည်၎င်း။ တမ္မူလကာ၊ ထို ကိလေသာလျှင် အကြောင်းရင်း ရှိကုန်သော။ ယေ အဘိသင်္ခါရာ စ၊ ကုသိုလ် အကုသိုလ်ကံဟူသော အကြင် အဘိသင်္ခါရတို့သည်၎င်း။ တဒုဘယမူလကာ၊ ထို နှစ်ပါးစုံသော ကိလေသာ, ကံလျှင် အကြောင်းရင်းရှိကုန်သော။ ယေ ဝိပါကာ ခန္ဓာ စ၊ အကြင် ဘဝသစ် ဝိပါက် ခန္ဓာတို့သည်၎င်း။ အနာဂတေ၊ နောင်အခါ၌။ ဥပ္ပဇ္ဇေယျုံ။ ဖြစ်ထိုက်ကုန်၏၊ ဖြစ်နိုင်ကုန်၏။ တေ သဗ္ဗေပိ၊ ထို ဖြစ်ထိုက်သည့် ကိလေသာ, ကံ, ဝိပါက်ခန္ဓာ, အလုံးစုံတို့ကို လဲ။ အပ္ပဝတ္တိကရဏဝသေန၊ မဖြစ်ခြင်းကို ပြုသည့် အလိုအားဖြင့်။ ဝါ၊ မဖြစ်နိုင်အောင် ပြုသည့် အလိုအားဖြင့်။ ပရိစ္စဇတိ၊ ပယ်စွန့်၏။ ဒုက္ခာနုပဿနာဒယော၊ ဒုက္ခာနုပဿနာ စသည်တို့သည်။ တထာ၊ ထိုအနိစ္စာနုပဿနာ အတူပင် ပယ်စွန့်ကုန်၏။ တေန၊ ထို့ကြောင့်။ ဝိပဿနာ တဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသေ ပရိစ္စဇတီတိ၊ ဝိပဿနာက ဝိပါက်ခန္ဓာ, အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို၊ တဒင်္ဂပဟာန်အလိုအားဖြင့် ပယ်စွန့်သည်ဟူ၍။ အာဟ၊ အဋ္ဌကထာ၌ ဆိုပေသည်။

အဓိပ္ပါယ်ကား ... ဒွါရ ၆–ပါး၌ ထင်ပေါ်သော အာရုံကို မမြဲဟု သိမြင်မှု မဖြစ်ပေါ်ခဲ့ပါလျှင် ထိုအာရုံကို မြဲသည် ဟု ထင်မှတ်စွဲလမ်းမှု ကိလေသာတို့သည် ဖြစ်ပေါ်ရန် အခွင့်ရလေကုန်၏။ ဤသို့ ဖြစ်ပေါ်ခွင့် ရသောကြောင့်၊ မမြဲဟု မသိမြင်အပ်သော ထိုအာရုံ၌၊ ကိလေသာ ကိန်းနေသည်မည်၏။ ဤသို့ကိန်းနေသောကြောင့်၊ နောင်ကာလ၌ အကြောင်းညီညွတ်တိုင်း ထိုအာရုံကို မြဲသည့်အနေအားဖြင့် စဉ်းစား ဆင်ခြင်မိ၏။ ဤစဉ်းစား ဆင်ခြင်မှုသည် ပရိယုဋ္ဌာန် ကိလေသာပင်တည်း။ တဖန် အကြောင်းညီညွတ်ပြန်ပါမူ၊ မြဲသည့်အနေဖြင့် ဆင်ခြင်အပ်ပြီးသော ထိုအာရုံကို ရရန်ဖြစ်စေ, ကောင်းစားစေရန် ဖြစ်စေ, ဖျက်

ဆီးရန် ဖြစ်စေ, အားထုတ်ပြုလုပ်မိပြန်၏။ ဤ အားထုတ်မှုသည် "မြဲသည်ဟု ထင်မှတ်သော ကိလေသာတို့မှ ဆက်၍ ဖြစ်သောကြောင့်" ထို ကိလေသာလျှင် အကြောင်းရင်းရှိသော အဘိသင်္ခါရပေတည်း။ ကုသိုလ်ကံ, အကုသိုလ်ကံ ဟူသော ဤအဘိသင်္ခါရကြောင့်၊ အကြောင်းညီညွတ်သော ကာလ၌ ပဋိသန္ဓေဝိညာဏ်စသော ဘဝသစ် ဝိပါက်ခန္ဓာတို့ ဖြစ်ပေါ်လေကုန်၏။

ဤသို့ ဖြစ်ရာ၌ ဘဝသစ် ဝိပါက် ခန္ဓာသည် အဘိသင်္ခါရမည်သော ကံအကြောင်းရှိမှသာလျှင် ဖြစ်ပေါ်နိုင်၏၊ ကံမရှိလျှင်ကား မဖြစ်ပေါ်နိုင်။ ကံသည်လည်း၊ မြဲသည်ဟု ထင်မှတ်မှု ကိလေသာမရှိက မဖြစ်ပေါ်နိုင်။ ကိလေသာသည်လည်း၊ မြဲသည်ဟု ထင်မှတ်စွဲလမ်းခွင့်မရပါက မဖြစ်ပေါ်နိုင်။ ဒွါရ ၆-ပါးတွင် ထင်ပေါ်ဆဲ ခဏ၌ ထိုအာရုံကို၊ မမြဲဟု အမှန်အတိုင်း သိမြင်ခဲ့ပါက၊ မြဲသည်ဟု ထင်မှတ်စွဲလမ်းခွင့်ကိုလဲ မရတော့သည်သာတည်း။ သို့ဖြစ်၍, ဒွါရ ၆-ပါး၌ ထင်ပေါ်ဆဲ အာရုံကို၊ မမြဲဟု အမှန်အတိုင်း သိမှု=အနိစ္စာနုပဿနာ ဖြစ်ပေါ်ခဲ့လျှင်၊ ထိုအာရုံ၌ မြဲသည်ဟု ထင်မှတ်စွဲလမ်းခွင့် ဟူသော အနုသယလဲ ကင်းငြိမ်း၏။ မြဲသည်ဟု ဆင်ခြင်မည့် ပရိယုဋ္ဌာန်လဲ ကင်းငြိမ်း၏။ ထိုအာရုံနှင့်စပ်၍ လွန်ကျူးမှု=ဝီတိက္ကမ, အားထုတ်မှု=အဘိသင်္ခါရတို့လဲ ကင်းငြိမ်းကုန်၏။ အဘိသင်္ခါရမျှပင် မရှိသောကြောင့်၊ ကံ၏ အကျိုးဖြစ်သော ဘဝသစ်ခန္ဓာတို့လဲ၊ မဖြစ်ပေါ်ရဘဲ ကင်းငြိမ်းကုန်၏။ ဤသို့ အနုသယမှစ၍ ဘဝသစ်ခန္ဓာတိုင်အောင် မဖြစ်ပေါ်ရဘဲ ကင်းငြိမ်း သွားစေနိုင်သောကြောင့် "အနိစ္စာနုပဿနာက ထိုကိလေသာ, ကံ, ဝိပါက်ခန္ဓာတို့ကို ပယ်စွန့်သည်"ဟု ဆိုပေသည်။ ပယ်စွန့် ဟူသည်မှာ ကင်းပျောက်စေခြင်း, မဖြစ်ပေါ်စေခြင်း, ဖြစ်ခွင့်မပေးခြင်းပင်တည်း၊ ဒုက္ခ, အနတ္တာနုပဿနာတို့ကလဲ သုခ, အတ္တဟု ထင်မှတ်လျက် ဖြစ်ပေါ်မည့် ကိလေသာ စသည်တို့ကို နည်းတူပင် ပယ်စွန့်ကုန်၏။ ထို့ကြောင့် အဋ္ဌကထာ၌ "ဝိပဿနာက ဝိပါက်ခန္ဓာ, အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို တဒင်္ဂပဟာန် အလိုအားဖြင့် ပယ်စွန့်သည်"ဟု မိန့်ဆိုပေသည်-ဟူလို။

သန္တာနာနုသယ ... ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့၏ သန္တာန်၌ မဂ်ဖြင့်မပယ်ရသေးသောကြောင့်၊ အကြောင်းညီညွတ်လျှင်, ဘယ်အချိန်မဆိုဖြစ်ပေါ်နိုင်သော ကိလေသာ အပေါင်းသည် သန္တာနာနုသယ မည်၏။ ထိုပုဂ္ဂိုလ်တို့၏၊ သန္တာန်၌ ဖြစ်ပေါ်ရန် အသင့်ရှိနေသော ကိလေသာ=ကိန်းနေသော ကိလေသာဟု ဆိုလို၏။ ဥပမာ ... အဖျားရောဂါလုံးဝ မပြတ်စဲသေးသော သူသည် "ကျန်းမာပါရဲ့လား"ဟု အမေးခံရလျှင်၊ ထိုမေးဆဲ၌ အဖျားတက်လျက် မရှိသော်လဲ၊ ရှေးကလဲ ဖျားခဲ့ပြီ၊ နောင်လဲ ဖျားဦးမည်ပင်ဖြစ်၍၊ "ဖျားနေပါသည်"ဟူ၍သာ ဖြေဆိုရသကဲ့သို့ငှါး၊ သား ငါးကို မရှောင်ဘဲ စားလေ့ရှိသောသူသည် "သားငါးကို စားသလား"ဟု အမေးခံရလျှင်၊ ထိုမေးဆဲ၌ သားငါးကို စားလျက် မရှိသော်လဲ၊ ရှေးကလဲ စားခဲ့ပြီ၊ နောင်လဲ စားဦးမည်ပင်ဖြစ်၍၊ 'သားငါးကို စားပါသည်"ဟူ၍သာ ဖြေဆိုရ သကဲ့သို့ငှါး၊ ထိုအတူပင်, ပုထုဇဉ်တို့၏ သန္တာန်၌ အနုသယ (၇) ပါး သောတာပန်, သကဒါဂါမ်တို့၏ သန္တာန်၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာမှ ကြွင်းသော အနုသယ (၅)ပါး၊ အနာဂါမ်တို့၏သန္တာန်၌ ဘဝရာဂ, မာန, အဝိဇ္ဇာ ဟူသော အနုသယ (၃)ပါး၊ ဤ ကိလေသာတို့သည် ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပေါ်ဆဲ မဟုတ်ငြားသော်လဲ၊ ရှေးကလဲဖြစ်ဘူးပြီ၊ နောင်လဲအကြောင်းညီညွတ်တိုင်း ဖြစ်ပေါ်ဦးမည်ပင်ဖြစ်၍၊ ဖြစ်ပေါ်မှု မပြတ်စဲသေးသောကြောင့်၊ အသီး အသီးသော ထို ပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်ပေါ်ရန် အသင့် ရှိနေသည်, ကိန်းနေသည်သာ မည်ကုန်၏။ အောက်ပါမှာ ယမိုက် ပါဠိတော် ပေတည်း။

အနာဂါမိဿ အဝိဇ္ဇာနုသယော စ မာနာနုသယော စ ဘဝရာဂါနုသယော စ အနုသေန္တိ။ပ။ ဒွိန္နံ ပုဂ္ဂလာနံ အဝိဇ္ဇာနုသယော စ ကာမရာဂါနုသယော စ ပဋိဃာနုသယော စ မာနာနုသယော စ ဘဝရာဂါနုသယော စ အနုသေန္တိ၊ နော စ တေသံ ဒိဋ္ဌာနုသယော စ ဝိစိကိစ္ဆာနုသယော စ အနုသေန္တိ။ ပုထုဇ္ဇနဿ အဝိဇ္ဇာနုသယော စ အနုသေတိ၊ ကာမရာဂါနုသယော စ ပဋိဃာနုသယော စ မာနာနုသယော စ ဒိဋ္ဌာနုသယော စ ဝိစိကိစ္ဆာ နုသယော စ ဘဝရာဂါနုသယော စ အနုသေန္တိ။

အနာဂါမိဿ၊ အနာဂါမ်၏သန္တာန်၌။ အဝိဇ္ဇာနုသယော စ၊ အဝိဇ္ဇာနုသယသည်ငှါး။ မာနာနုသယော စ၊မာနာနုသယသည်ငှါး၊ ဘဝရာဂါနုသယော စ၊ ဘဝရာဂါနုသယသည်ငှါး။ အနုသေန္တိ၊ ကိန်းကုန်၏။ ပ။ဒွိန္နံ ပုဂ္ဂလာနံ၊ သောတာပန်, သကဒါဂါမ်ဟူသော ၂-ပါးသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌။ အဝိဇ္ဇာနုသယော စ၊ အဝိဇ္ဇာနုသယသည်ငှါး။ ကာမရာဂါနုသယော စ၊ ကာမရာဂါနုသယသည်ငှါး။ ပဋိဃာနုသယော စ၊ ပဋိဃာနုသယသည်ငှါး။ မာနာနုသယောစ၊ မာနာနုသယသည်ငှါး။ ဘဝရာဂါနုသယော စ၊ ဘဝရာဂါနုသယသည်ငှါး။ အနုသေန္တိ၊ ကိန်းကုန်၏။ စ၊ သို့သော်လဲ။ တေသံ၊ ထိုသောတာပန်, သကဒါဂါမ်တို့၏ သန္တာန်၌။ ဒိဋ္ဌာနုသယော စ၊ ဒိဋ္ဌိအနုသယသည်ငှါး။ ဝိစိကိစ္ဆာနုသယော စ၊ ဝိစိကိစ္ဆာအနုသယသည်ငှါး။ နော အနုသေန္တိ၊ မကိန်းကုန်။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်၏ သန္တာန်၌။ အဝိဇ္ဇာနုသယော စ၊ အဝိဇ္ဇာနုသယသည်လည်း။အနုသေတိ၊ ကိန်း၏။ ကာမရာဂါနုသယော စ၊ ကာမရာဂါနုသယသည်ငှါး။ ပဋိဃာနုသယော စ၊ ပဋိဃာနုသယသည်ငှါး။မာနာနုသယော စ၊ မာနာနုသယသည်ငှါး။ ဒိဋ္ဌာနုသယော စ၊ ဒိဋ္ဌိ အနုသယသည်ငှါး။ ဝိစိကိစ္ဆာနုသယော စ၊ ဝိစိကိစ္ဆာ အနုသယသည်ငှါး။ ဘဝရာဂါနုသယောစ၊ ဘဝရာဂါနုသယသည်ငှါး။ အနုသေန္တိ၊ ကိန်းကုန်၏။

ဤပါဠိ၌ပြအပ်သော ကိလေသာ ၇-မျိုးတို့တွင် ကာမရာဂနှင့် ဘဝရာဂသည်ငှါး။ ရာဂနှင့် ပဋိဃ,ဝိစိကိစ္ဆာတို့သည်ငှါး။ ပဋိဃနှင့် မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ရာဂတို့သည်ငှါး၊ မာနနှင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ပဋိဃတို့သည်ငှါး၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ, ဘဝရာဂ, မာနတို့သည်ငှါး၊ ဥပါဒ်အားဖြင့် တပေါင်းတည်း မဖြစ်နိုင်ကုန်။ ဤသို့ တပေါင်းတည်း မဖြစ်နိုင်သော ကိလေသာတို့

ကိုလဲ၊ "အနုသယအလိုအားဖြင့် တပေါင်းထည်းကိန်းနေကြသည်, ဖြစ်နေကြသည်"ဟု ဟောတော်မူ၏။ ထိုကြောင့် အနုသယ ဟူသည်မှာ ပရိယုဋ္ဌာန်, ဝီတိက္ကမတို့ကဲ့သို့ ဥပါဒ် ဌီ ဘင်သို့ရောက်လျက် ဖြစ်သည်ကို ဆိုလိုသည် မဟုတ်။ အမှန်အားဖြင့် သော်ကား မဂ်ဖြင့်မပယ်ရသေးသောကြောင့်၊ ထိုထိုပုဂ္ဂိုလ်တို့၏သန္တာန်၌၊ အကြောင်းညီလျှင် ဖြစ်စွမ်းနိုင်ခြင်းဟူသော =ထာမ ဂတဘာဝကို စွဲ၍၊ ကိန်းနေသည်"ဟု ခေါ်ဆိုရသော ဖြစ်ပေါ်နိုင်သည့် ကိလေသာမျှသာဟူ၍ မှတ်သားအပ်၏။ အောက်ပါမှာ ကာမရာဂနှင့် ပဋိဃတို့တပေါင်းတည်း ကိန်းနေပုံ, ဖြစ်နေပုံကိုပြသော ယမိုက်ပါဠိပေတည်း။

ယဿ ကာမရာဂါနုသယော အနုသေတိ၊ တဿ ပဋိဃာနုသယော အနုသေတီတိ၊ အာမန္တာ။ ။ ယဿ ကာမရာဂါ နုသယော ဥပ္ပဇ္ဇတိ၊ တဿ ပဋိဃာနုသယော ဥပ္ပဇ္ဇတီတိ၊ အာမန္တာ။

ယဿ၊ အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌။ ကာမရာဂါနုသယော၊ ကာမရာဂါနုသယသည်။ အနုသေတိ၊ ကိန်း၏။ ဝါ၊ သင့်လျော်သော အကြောင်းကိုရလျှင် ဖြစ်နိုင်သေး၏။ တဿ၊ ထိုပုဂ္ဂိုလ်၏သန္တာန်၌။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်။ အနုသေတိ၊ ကိန်းသလော။ ဝါ၊ သင့်လျော်သောအကြောင်းကိုရလျှင် ဖြစ်နိုင်သေးသလော။ ဣတိ၊ ဤသို့မေးလျှင်။ အာမန္တာ၊ ဟုတ်ပေ၏ ဟု ဖြေအပ်၏။ ။ယဿ၊ အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌။ ကာမရာဂါနုသယော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်နေဆဲ။ တဿ၊ ထို ပုဂ္ဂိုလ်၏ သန္တာန်၌။ ပဋိဃာနုသယော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်နေဆဲပေလော။ ဣတိ၊ ဤသို့မေးလျှင်။ အာမန္တာ၊ ဟုတ်ပေ၏ ဟု ဖြေအပ်၏။

ယမှိ သန္တာနေ အနုသယာ အပ္ပဟီနာ၊ ယမှိ ဝါ ပန နေသံ သန္တာနေ ဥပ္ပတ္တိပစ္စယေ သတိ ဥပ္ပတ္တိ အနိဝါရိတာ။ တတ္ထ အနုပ္ပဇ္ဇနက္ခဏေပိ ဥပ္ပန္နပုဗ္ဗာဥပ္ပန္နေ ကာလတ္တ ရေ ဥပ္ပဇ္ဇမာနကဥ္စ ဥပါဒါယ "ယဿ ကာမ ရာဂါနုသယော ဥပ္ပဇ္ဇတိ"၊ တဿ ပဋိဃာနုသယော ဥပ္ပဇ္ဇတိ ယေဝ နာမ။ (၎င်း၏ အဖွင့် အဋ္ဌကထာ)

ယမှိ သန္တာနေ၊ အကြင် သန္တာန်၌။ အနုသယာ၊ အနုသယတို့ကို။ အပ္ပဟီနာ၊ မဂ်ဖြင့် မပယ်အပ်ကုန်သေး။ ပန၊ မဂ်ဖြင့်မပယ်ရသေးသော ကိလေသာတိုင်းပင် ကိန်းသည် မည်သလော ဟု မေးမည့် အချက်ကို ဆက်၍ ရှင်းဦးအံ့။ ယမှိ သန္တာနေ၊ အကြင်သန္တာန်၌။ နေသံ၊ ထိုအနုသယတို့၏။ ဥပ္ပတ္တိပစ္စယေ သတိ၊ ဖြစ်ရန်အကြောင်း ရှိလျှင်။ ဥပ္ပတ္တိ ဝါ၊ ၎င်း အနုသယတို့၏ ဖြစ်ခြင်းကိုလဲ။ အနိဝါရိတာ၊ မတားမြစ်အပ်သေး၊ မတားမြစ်နိုင်သေး။ ။ (ဤနောက်ဝါကျဖြင့် "ဖြစ်ရန် အကြောင်းညီညွတ်သောအခါ၌၊ ထိုကိလေသာများ မဖြစ်ရအောင် မတားမြစ်နိုင်သေးသည့် သန္တာန်မှာ ထိုကိလေသာများသည် ဖြစ်စွမ်းနိုင်၍ ထာမဂတဖြစ်ကြ၏၊ ဤ ထာမဂတကိလေသာ (၇)ပါးတို့သာလျှင် ကိန်းနေသည် မည်ကုန်၏၊ အနုသယ မည် ကုန်၏"ဟု ပြဆိုလိုပေ၏။ ထာမဂတ အဖြစ်သည်ကား အနုသယ (၇) ပါးနှင့်သာ ဆိုင်သည်၊ တပါးသော ကိလေသာတို့နှင့် မဆိုင်ဟု မူလဋီကာ၌မိန့်ဆို၏။ ထို့ကြောင့် "မဂ်ဖြင့် မပယ်ရသေးသော်လဲ ထာမဂတ မဟုတ်သည့် တပါးသော ကိလေသာ များမှာ အနုသယ မမည်"ဟု ဤစကားဖြင့် သိစေသည် ဟူ၍ ယူရာ၏။ တနည်းကား)။ ။ ပန၊ မဂ်ဖြင့် မပယ်ရသေးသော ကိလေသာသည်သာလျှင် ကိန်းသည်မည်ပါသလော ဟု မေးမည့်အချက်ကို ဆက်၍ရှင်းဦးအံ့။ ယမှိသန္တာနေ၊ ၌။ နေသံ၊ ထို အနုသယတို့၏။ ဥပ္ပတ္တိပစ္စယေ သတိ၊ ဖြစ်ရန် အကြောင်း ရှိလျှင်။ ဥပ္ပတ္တိ၊ ၎င်း အနုသယတို့၏ ဖြစ်ခြင်းကို။ အနိဝါရိတာ ဝါ၊ သမထ, ဝိပဿနာတို့ဖြင့် ပယ်ခွါလျက် မတားမြစ်အပ်သေးသည်လည်း။ ဟောတိ၊ ဖြစ်၏။ ။(ဤ အနက်သည်၊ "သမထ ဝိပဿနာနံ အညတရဝသေန အဝိက္ခမ္ဘိတံ ကိလေသဇာတံ စိတ္တသန္တတိံ အနာရုဠ္ဟမ္ပိ ဥပ္ပတ္တိ နိဝါရကဿ ဟေတုနော အဘာဝါ အဝိက္ခမ္ဘိတုပ္ပန္နံနာမ"ဟူသော ဝိသုဒ္ဓိမဂ်ကို မှီ၏။ ဤအလိုအားဖြင့် "မဂ်ဖြင့် မပယ်ရသေးသော အသမူဟတုပ္ပန္နသာလျှင် အနုသယမည်သည် မဟုတ်သေး၊ သမထ, ဝိပဿနာတို့ဖြင့် မတားမြစ်အပ်သေးသော အဝိက္ခမ္ဘိတုပ္ပန္န ကိလေသာလဲ အနုသယ မည်သေးသည်"ဟု ပြဆိုလိုပေ၏။ ယမှိသန္တာနေ အနုသယာ အပ္ပဟီနာ ဟူသော ပဌမဝါကျဖြင့်ကား–"သမထဝိပဿနာ ဝသေန ပန ဝိက္ခမ္ဘိတမ္ပိ အရိယမဂ္ဂေန အသမူဟတတ္တာ ဥပ္ပတ္တိဓမ္မတံ အနတီတတာယ အသမူဟတုပ္ပန္နန္တိ ဝုစ္စတိ"ဟူသော ဝိသုဒ္ဓိမဂ်၌ကဲ့သို့၊ အသမူဟတုပ္ပန္နကိုသာ ပြသည်ဟု ယူရာ၏)။ ။တတ္ထ၊ အနုသယတို့ကို မပယ်ရသေး, မတားမြစ်ရသေး သော ထိုသန္တာန်၌။ ဥပ္ပန္နပုဗ္ဗာဥပ္ပန္နေ၊ ရှေးက ဖြစ်ဘူးသည်ကိုငှ်း။ ကာလတ္တရေဥပ္ပဇ္ဇမာနကဥ္စ၊ နောင်အခါတပါး၌ ဖြစ်ဦးမည်ကို ငှ်း။ ဥပါဒါယ၊ စွဲမှီ၍။ အနုပ္ပဇ္ဇနက္ခဏေပိ၊ ဥပါဒ်, ဌီ, ဘင်သို့ ရောက်လျက် ကိလေသာ ဖြစ်ဆဲမဟုတ်သော ခဏ၌သော်လဲ။ ယဿ ကာမရာဂါနုသယော ဥပ္ပဇ္ဇတိ၊ အကြင်သူ၏ သန္တာန်၌ ကာမရာဂါနုသယ ဖြစ်နေဆဲတည်း။" တဿ ထိုသူ၏ သန္တာန်၌။ ပဋိဃာနုသယော၊ ပဋိဃာနုသယသည်။ ဥပ္ပဇ္ဇတိ ယေဝ နာမ၊ ဖြစ်နေဆဲ သာလျှင် မည်ပေ၏။

ဤ ယမိုက် ပါဠိ, အဋ္ဌကထာတို့နှင့် အညီ၊ ပြခဲ့ပြီးသော အနုသယ ၇–ပါး၊ ၅–ပါး၊ ၃–ပါးတို့သည် ပုထုဇဉ်, သေက္ခ တို့၏ သန္တာန်၌၊ ဘယ်အချိန် မဆို ကိန်းနေသည်သာ မည်ကုန်၏၊ ကုသိုလ်, ဝိပါက်, ပဋိသန္ဓေ, ဘဝင်စုတိတို့၏ ဖြစ်ဆဲ၌လဲ ကိန်းနေသည်သာ မည်ကုန်၏။ အသညသတ် ပုဂ္ဂိုလ်၏ သန္တာန်၌လဲ ကိန်းနေသည်သာ မည်ကုန်၏၊ အကုသိုလ်ဖြစ်ဆဲ၌ကား ဆိုဘွယ်ပင်မရှိတော့ပြီ။ ဤသို့ ဖြစ်မှု မပြတ်စဲသေးခြင်း, အကြောင်းညီလျှင် ဖြစ်နိုင်ခြင်း ဟူသော အကြောင်းကြောင့်၊ "ပုထုဇဉ်, သေက္ခတို့၏ သန္တာန်၌ ကိန်းနေသည်, ဖြစ်နေသည်"ဟု ဆိုအပ်သော ဤ ကိလေသာ ၇–ပါး၊ ၅–ပါး၊ ၃–ပါးသည် သန္တာနာနုသယ မည်၏။ ဤသန္တာနာနုသယကို မဂ်ဉာဏ်ကသာလျှင် အကြွင်းမဲ့ ပယ်နိုင်ပေသည်။ ဝိပဿနာသည်ကား

အကြွင်းမဲ့ မပယ်နိုင်ပေ၊ သမထ ဝိပဿနာဝသေန ပန ဝိက္ခမ္ဘိတမ္ပိ–ဟူသောဝိသုဒ္ဓိမဂ်နှင့် အညီ ဝိက္ခမ္ဘန အလိုအားဖြင့် ဝေးကွာရုံမျှသာ ဝေးကွာစေနိုင်ပေသည်။

သို့ဖြစ်၍, အနိစ္စာနုပဿနာက နိစ္စသညာကို ပယ်သည်–ဟူရာ၌ ပြခဲ့ပြီးသောနည်းဖြင့် အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္နမည်သော အာရမ္မဏာနုသယနှင့်၊ ၎င်း၏ ဆိုင်ရာ ပရိယုဋ္ဌာန်, ဝီတိက္ကမ, ကံ, ဝိပါက်ခန္ဓာ, ဟူသော ဤတရားတို့ကိုသာလျှင် တဒင်္ဂပဟာန် အလိုအားဖြင့် ပယ်သည်=ကင်းငြိမ်းစေသည် ဟု မှတ်ရာ၏။ ဤကိုပင်ရည်၍ ဝိသုဒ္ဓိမဂ်၌ အနိစ္စာနုပဿနံ ဘာဝေန္တော နိစ္စသညံ ပဇဟတိ–ဟု မိန့်ဆိုပေသည်။

## အနိစ္စကို သိလျှင် ဒုက္ခ အနတ္တကိုလဲသိ၏။

ဤအရာ၌၊ "မမြဲဟု သိအပ်ပြီးသောအာရုံ၌ မြဲသည်ဟု ထင်မှတ်စွဲလမ်းမှု မဖြစ်နိုင်သည်မှာ ထင်ရှားပါပြီ။သို့သော်လဲ, မမြဲဟု သိအပ်ပြီးသော ထို အာရုံ၌ ချမ်းသာဟူ၍၎င်း, ငါကောင်ဟူ၍၎င်း, ဤသို့သော ထင်မှတ်စွဲလမ်းမှု ကိလေသာများကား ဖြစ်နိုင်ပါသေးသလော"ဟူမူ...မဖြစ်နိုင်ဟူ၍သာ ဆုံးဖြတ်အပ်၏။ အကြောင်းမူကား...ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက် ပျက်စီးသွားခြင်းဟူသော အနိစ္စလက္ခဏာအစစ်ကို ထင်ရှားတွေ့လျက်၊ မမြဲဟု ရှုမြင်ပြီးသော ယောဂီသည် ထိုမမြဲတဲ့အာရုံကိုပင်၊ ချမ်းသာဟူ၍၎င်း, အစိုးပိုင်သော ငါကောင် သတ္တဝါကောင် ဟူ၍၎င်း, မထင်မြင်နိုင်တော့ပေ။ အမှန်အားဖြင့်သော်ကား၊ "ဖြစ်ပေါ်ပြီးနောက် ချက်ခြင်းပင် ကွယ်ပျောက်သွားသည်"ဟု သိအပ်ပြီးသော တရားဟူသမျှကို၊ ပြန်၍ စဉ်းစား ဆင်ခြင်မိလျှင်၊ မမြဲဟု သိမြင်ပြီးသော ဉာဏ်အားလျော်စွာ "ဖြစ်မှု ပျက်မှု မကင်းသောကြောင့်, ဆင်းရဲသော တရား၊ မခံသာသော တရား၊ လက်မခံထိုက်သောတရား၊ လိုချင်နှစ်သက်ဖွယ်မကောင်းသော တရား"ဟူ၍၎င်း၊ "အလိုအတိုင်း မဖြစ်သောကြောင့်, အစိုးမပိုင်သောတရား၊ ပိုင်ရှင်မရှိသောတရား၊ သူ့ သဘောအတိုင်း ဖြစ်ပျက်သွားသော တရား"ဟူ၍၎င်း၊ ဤသို့သာလျှင် ထင်မြင်ဆုံးဖြတ်နိုင်ပေသည်။ အောက်ပါ အင်္ဂုတ္တိုရ် ပါဠိတော်သည် ဤအရာ၌ ခိုင်လုံသော သာဓကပေတည်း။

အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃါတာယ၊ အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာန သမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။ (အံ ၃–၁၆၂)

အသ္မိမာန သမုဂ္ဃါတာယ၊ ငါဘဲ ဟု တက်ကြွသော မာနကို အကြွင်းမဲ့ နှုတ်ပယ်ခြင်းငှါ။ အနိစ္စသညာ၊ မမြဲဟု ထင်သောအမှတ်ကို။ ဘာဝေတဗ္ဗာ၊ ပွါးစေအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အနိစ္စသညိနော၊ မမြဲဟု အမှတ်ရှိသောသူအား။ အနတ္တသညာ၊ ငါကောင်မဟုတ်ဟု ထင်သောအမှတ်သည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ ဝါ၊ အလိုလိုဖြစ်ပေါ်၏။ အနတ္တသညီ၊ ငါကောင်မဟုတ်ဟု အမှတ်ရှိသောသူသည်။ အသ္မိမာနသမုဂ္ဃါတံ၊ ငါဘဲဟု တက်ကြွသောမာနကို အကြွင်းမဲ့နှုတ်ပယ်ခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက် အတ္တဘော မျက်မှောက်ဘဝ၌ပင်လျှင်။ နိဗ္ဗာနံ၊ ကိလေသာငြိမ်းခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။

ဤပါဠိတော်မှအနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာသဏ္ဌာတိဟူသော ဤအပိုဒ်သည်သာလျှင် ဤအရာ၌ ထုတ်ပြလိုရင်းပေတည်း။ ကြွင်းသော အပိုဒ်များကိုကား စပ်လျဉ်းသောကြောင့်သာ ထုတ်ပြအပ်ပေသည်။ ထိုစကားထဲ၌ ပါဝင်သော အသ္မိမာန ဟူသည်မှာ သောတာပန် သကဒါဂါမ် အနာဂါမ်တို့၏ သန္တာန်၌ သော်လဲဂုဏ်ယူဘွယ် ဟုတ်မှန်သော အမှုတစုံတခုကိုစွဲ၍ ငါဘဲဟုတက်ကြွလျက်ဖြစ်သော ယာထာဝမာန ပေတည်း။ ထိုအရိယာတို့သည် ဒိဋ္ဌိကိုအကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် အတ္တ သတ္တ ဇီဝ အနေအားဖြင့် ပုထုဇဉ်တို့ ထင်မြင်စွဲလမ်းအပ်သည့် ငါကောင် မရှိသည်ကိုကား ဧကန်ပင် သိကြကုန်၏။ သို့သော်လဲ, ဂုဏ်ယူဘွယ် ဖြစ်သော သိမြင်မှု ပြောဆိုမှု ပြုလုပ်မှု တစုံတခုကိုစွဲမှီ၍ ထိုအသ္မိမာနဖြင့် တက်ကြွလျက် "ငါသိမြင်နိုင်သည်၊ ငါပြောဆိုတတ်သည်၊ ငါပြုလုပ်တတ်သည်" ဤသို့စသည်ဖြင့် ဆင်ခြင်မိ ပြောဆိုမိ ပြုလုပ်မိတတ်ကြ၏။ အရိယာတို့၏ သန္တာန်၌ဖြစ်သော ဤမာနကို "သက္ကာယဒိဋ္ဌိနှင့် ဖြစ်ပုံ အခြင်းအရာ တစိတ်အားဖြင့် တူသောကြောင့်" ဒိဋ္ဌိမာန ဟူ၍လဲ ခေါ်ဆိုအပ်၏။ အထက်မဂ်တို့၌ ပါဝင်သော သမ္မာဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိကို ပယ်သည်ဟုဆိုရာ၌ ဤမာနကိုပင် မိစ္ဆာဒိဋ္ဌိဟု ဆိုပေသည်။ ဤအသ္မိမာနကို အရဟတ္တမဂ်ဖြင့်သာလျှင် အကြွင်းမဲ့ ပယ်နိုင်သည်။ မမြဲဟုကောင်းစွာ သိမြင်လျှင် အနတ္တ ဟူ၍လဲ သိမြင်နိုင်တော့သည် သာတည်း။ အနတ္တဟုကောင်းစွာ သိမြင်လျှင် ငါဘဲဟု တက်ကြွလျက် ဖြစ်လေ့ရှိသော အသ္မိမာနကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်နိုင်တော့သည်သာတည်း။ သို့ဖြစ်၍, ထိုအသ္မိမာနကို ပယ်နိုင်စေရန် မြတ်စွာဘုရားက "အနိစ္စသညာကို ပွါးစေရမည်"ဟု ဟောတော်မူပေသည်။ အောက်ပါမှာ ၎င်း၏ အဖွင့်အဋ္ဌကထာ ပေတည်း။

အနတ္တသညာ သဏ္ဌာတီတိ အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ၊ ဧတေသု ဟိ တီသု လက္ခဏေသု ဧကေကသ္မိံ ဒိဋ္ဌေ္ဌ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ၊ တေန ဝုတ္တံ "အနိစ္စသညိနော ဘိက္ခဝေအနတ္တသညာ သဏ္ဌာတီ"တိ။ (အံဋ္ဌ ၃–၂၅၈)။

အနတ္တသညာ သဏ္ဌာတီတိ၊ အနတ္တသညာ သဏ္ဌာတိဟူသည်ကား။ အနိစ္စလက္ခဏေ၊ အနိစ္စလက္ခဏာကို။ ဒိဋ္ဌေ၊ မြင်အပ်သည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တ လက္ခဏာကို။ ဝါ၊ အနတ္တလက္ခဏာသည်။ ဒိဋ္ဌမေဝ၊ မြင်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏၊ ဟိ၊ မှန်ပေ၏။ ဧတေသု တီသုလက္ခဏေသု၊ ဤသုံးပါးသော အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့တွင်။ ဧကေကသ္မိံ၊ တခုခုသော လက္ခဏာကို။ ဒိဋ္ဌေ၊ မြင်အပ်သည်ရှိသော်။ ဣတရဒ္ဒယံ၊ ဤမှတပါးသော လက္ခဏာ ၂–ခုကိုလဲ။ ဒိဋ္ဌမေဝ၊ မြင်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်ပေ၏။ တေန၊ ထိုသို့ လက္ခဏာတခုခုကို သိမြင်လျှင်, ကြွင်းသောလက္ခဏာ ၂–ခုကိုလဲ သိမြင်နိုင်သောကြောင့်။ အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတီတိ၊ ရဟန်းတို့!အနိစ္စဟု အမှတ်ရှိသော သူအား အနတ္တဟု အမှတ်သည် အလိုလိုပင် တည်သည်၊ ကောင်းစွာတည်သည် ဟူ၍။ ဝုတ္တံ၊ ဟောတော် မူအပ်၏။

အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာတို့တွင် တခုခုကို သိမြင်လျှင်, ကျန်သောလက္ခဏာ ၂–ခုကိုလဲ သိမြင်သည်သာ ဟူ၍ ပြဆိုသော ဤပါဠိ, အဋ္ဌကထာတို့နှင့် အညီ ဝိပဿနာ ယောဂီသည် မမြဲဟု ရှုမြင်ပြီးသော အာရုံ၌ ပြန်၍ ဆင်ခြင်ခဲ့လျှင် ဒုက္ခ အနတ္တ အခြင်းအရာတို့ကိုသာလျှင် တွေ့မြင်မြဲတည်း။ သုခအတ္တ အခြင်းအရာတို့ကိုကား တွေ့မြင်မြဲမဟုတ်ပေ။ သို့ဖြစ်၍, မမြဲဟု သိမြင်ပြီးသော ပစ္စက္ခအာရုံ၌ မြဲသည်ဟု စွဲလမ်းလျက် ဖြစ်ပေါ်မည့် ကိလေသာမျှသာ ငြိမ်းသည်မဟုတ်သေး၊ အလျော်အားဖြင့် ဒုက္ခအနတ္တဟူ၍လဲ သိမြင်နိုင်သည်သာ ဖြစ်သောကြောင့်၊ သုခအတ္တဟု စွဲလမ်းလျက် ဖြစ်ပေါ်မည့် ကိလေသာတို့လဲ ငြိမ်းကြသေးသည်သာ ဟူ၍ မှတ်သားအပ်၏။

ဤအရာ၌ ကျမ်းတပါးမှ လာသော စကားကို နှီးနှော၍ ပြဦးအံ့။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ဤသို့ မိန့်ဆို၏။ အိုးငယ်ဖြစ်စေ, ခွက်ငယ် ဖြစ်စေ, တစုံတခု ဖြစ်စေ, လက်မှလွတ်ကျ၍ ကွဲသွားလျှင်၊ သြော် အနိစ္စဟူ၍ ဆိုတတ်ကုန်၏၊ ဤသို့လျှင် အနိစ္စလက္ခဏာသည် ထင်ရှား၏။ ကိုယ်၌ အဖုအလုံးစသော အနာပေါက်လျှင်ဖြစ်စေ, ဆူးငြောင့်ခလုတ် စသည် တို့စူးလျှင်ဖြစ်စေ, သြော်ဒုက္ခ ဟူ၍ ဆိုတတ်ကုန်၏၊ ဤသို့လျှင် ဒုက္ခလက္ခဏာသည် ထင်ရှား၏။ အနတ္တလက္ခဏာသည်ကား မထင်ရှား၊ မှောင်မိုက်သဖွယ်ဖြစ်၏၊ မပေါ်လွင်၊ သိနိုင်ခဲ၏၊ ဖေါ်ပြနိုင်ခဲ၏၊ ထင်ရှားပြနိုင်ခဲ၏။ မြတ်စွာဘုရားတို့ပွင့်တော်မူသောအခါမှာဖြစ်စေ, မပွင့်သောအခါမှာဖြစ်စေ, အနိစ္စ ဒုက္ခ လက္ခဏာတို့သည် ထင်ရှားကုန်၏။ အနတ္တလက္ခဏာသည်ကား ဘုရားပွင့်သောကာလနှင့် ကင်း၍မထင်ရှားချေ၊ ဘုရားပွင့်သော ကာလ၌သာလျှင် ထင်ရှား၏။ တန်ခိုးအာနုဘော် ကြီးမားကုန်သော အလောင်းတော် သရဘင်္ဂဆရာအစရှိသော ရသေ့, ပရိဗ်ဇဆရာကြီးတို့သည်သော်လဲ အနိစ္စ ဒုက္ခ ဟူ၍သာ ဟောနိုင်ကုန်၏၊ အနတ္တဟူ၍ကား မဟောနိုင်ကုန်၊ မဟောနိုင်သည်ကို ဆ၍သိရန် အကြောင်းယုတ္တိကား...ထိုသာသနာပ ဆရာကြီးတို့သည် ရောက်လာသော ပရိသတ်အားအနတ္တဟု အကယ်၍ ဟောနိုင်ကုန်ငြားအံ့။ ရောက်လာသော ပရိသတ်အား မဂ် ဖိုလ်ကို ရခြင်း ဖြစ်နိုင်လေရာ၏။ အနတ္တလကဏာပညာပနဥ္စ အညဿ ကဿစိ အ.ဝိသယော၊ သဗ္ဗညု ဗုဒ္ဓါနမေဝ ဝိသယော၊ ဧဝ မေတံ အနတ္တလက္ခဏံ အပါကဋံ၊ တသ္မာ သတ္ထာ အနတ္တလက္ခဏံ ဒဿေန္တောအနိစ္စေန ဝါဒဿေတိ ဒုက္ခေန ဝါ အနိစ္စဒုက္ခေဟိ ဝါ=အနတ္တလက္ခဏာကို ပညတ်ခြင်း ဟောပြခြင်း သည်ကား အခြားသူ တစုံတယောက်၏ အရာမဟုတ်၊ သဗ္ဗညုဘုရားတို့၏ သာလျှင်အရာပေတည်း၊ ဤသို့လျှင် ဤအနတ္တလက္ခဏာသည် မထင်ရှားချေ။ ထို့ကြောင့်, ဘုရားမြတ်စွာသည် အနတ္တ လက္ခဏာကို ဟောပြတော်မူလျှင် အနိစ္စလက္ခဏာဖြင့်သော်၎င်း, ဒုက္ခလက္ခဏာဖြင့် သော်၎င်း, အနိစ္စ ဒုက္ခ လက္ခဏာတို့ဖြင့် သော်၎င်း, ပြတော်မူပေသည် ဟု မိန့်ဆို၏။ (အဘိ ဋ္ဌ ၂–၄၆)

ဤသို့မိန့်ဆိုရာ၌ သာသနာပ ပုဂ္ဂိုလ်တို့သော်လဲ ထင်ရှားသိ၍, ဟောပြနိုင်သည်ဟု ပြဆိုအပ်သော အနိစ္စ ဒုက္ခ လက္ခဏာတို့သည် ဝိပဿနာ၏ အာရုံဖြစ်သော အနိစ္စ ဒုက္ခ လက္ခဏာ အစစ်တို့မဟုတ်ကုန်။ သမ္မုတိပညတ်နှင့်ဆိုင်သော အနိစ္စ ဒုက္ခ လက္ခဏာ အတုတို့သာတည်း။ ထင်ရှားစေဦးအံ့၊ အိုး ခွက် စသည်၏ ကွဲပျက်ခြင်း ဟူသော အနိစ္စလက္ခဏာသည် ဝိပဿနာဉာဏ်ဖြင့် သိအပ်သော ပရမတ်ရုပ်နာမ်နှင့် မဆိုင်၊ အိုး ခွက် စသော သမ္မုတိပညတ်နှင့်သာ ဆိုင်သည်။ ထို့ကြောင့်, အနိစ္စလက္ခဏာ အစစ်မဟုတ်။ လူသေရာ၌ အနိစ္စဟု သိခြင်းသည်လည်း ထိုအနိစ္စလက္ခဏာ အတုကိုသာ သိခြင်းပင်တည်း။ အနာပေါက်ခြင်း, ဆူး စူးခြင်း, စသည်ကြောင့် ကိုယ်ထဲ၌ မခံသာခြင်း ဟူသော ဒုက္ခလက္ခဏာသည်လည်း သာမန် ပုဂ္ဂိုလ်တို့ အား ပရမတ် သဘောတရား အဖြစ်ဖြင့် ထင်ပေါ်သည် မဟုတ်၊ ပုဂ္ဂိုလ်ပညတ်နှင့် စပ်လျက် သာလျှင် ‘ငါ ဆင်းရဲသည်, ငါ နာကျင်သည်’ ဤသို့စသည်ဖြင့် ထင်ပေါ်လေသည်။ ထို့ကြောင့်, ဝိပဿနာဉာဏ်ဖြင့် သိအပ်သော ပရမတ်ရုပ်နာမ်နှင့်မဆိုင်၊ ငါကောင် သတ္တဝါကောင်ပညတ်နှင့်သာဆိုင်သည်။ သို့ဖြစ်၍, ဒုက္ခလက္ခဏာ အစစ်မဟုတ်။ ဤသို့ ဝိပဿနာဉာဏ်ဖြင့် သိအပ်သော အနိစ္စ ဒုက္ခ လက္ခဏာအစစ်တို့ကို မသိမူ၍ ပညတ်နှင့်ဆိုင်သော အနိစ္စ ဒုက္ခလက္ခဏာ အတုတို့ကိုသာ သိကြသောကြောင့်၊ သရဘင်္ဂ စသော သာသနာပ ဆရာကြီးတို့သည် အနတ္တလက္ခဏာ အစစ်ကို မသိနိုင်, မဟောနိုင်ကြသည် ဟု မှတ်ရာ၏။

ရှေး၌ပြခဲ့သော အင်္ဂုတ္တိုရ်ပါဠိ, အဋ္ဌကထာတို့တွင် မိန့်ဆိုအပ်သော စကားသည်ကား ဝိပဿနာ ဉာဏ်ဖြင့်သာ သိနိုင်ကောင်းသော “ဟုတွာအဘာဝ, ဥဒယဗ္ဗယပ္ပဋိပီဠန, အဝသဝတ္တနာကာရ” ဟူသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ အစစ်တို့ကိုသာ ပြဆိုသော စကားပေတည်း။ ဤ လက္ခဏာအစစ် သုံးပါးတို့တွင်ကား တပါးပါးကို သိမြင်လျှင်, ကျန်သော လက္ခဏာ ၂–ပါးကိုလဲ သိမြင်နိုင်သည် သာတည်း။ ထို့ကြောင့်ပင်, ပြခဲ့သော သမ္မောအဋ္ဌကထာ၌လဲ၊ အနတ္တလက္ခဏာကို သိစေရန်, အနိစ္စ ဒုက္ခ လက္ခဏာတို့ဖြင့် ဟောပြကြောင်းကို မိန့်ဆိုပေသည်။ ဤသို့ ဆိုရာ၌ အနတ္တလက္ခဏာကို သိစေနိုင်ကြောင်းဖြစ်

သော အနိစ္စ ဒုက္ခ လက္ခဏာတို့သည်ကား ဝိပဿနာဖြင့် သိအပ်သော လက္ခဏာ အစစ်တို့ပေတည်း။ အနတ္တလက္ခဏာကဲ့သို့ ပင် သိနိုင်ခဲသည်ချည်းသာတည်း။ ၎င်းတို့ကိုလဲ ဘုရားမှတပါးသောပုဂ္ဂိုလ်တို့ မဟောနိုင်သည်သာတည်း။ ထို့ကြောင့်, မူလ ဋီကာ၌ အောက်ပါအတိုင်း ဖွင့်ပြလေပြီ။

အနတ္တလက္ခဏ ပညာပနဿ အညေသံ အဝိသယတ္တာ အနတ္တလက္ခဏ ဒီပကာနံ အနိစ္စဒုက္ခလက္ခဏာနဉ္စ ပညာပန ဿ အဝိသယတာ ဒဿိတာ ဟောတိ၊ ဧဝံ ပန ဒုပ္ပညာပနတာ ဧတေသံ ဒုရုပဋ္ဌာနတာယဟောတိ။ (မူလဋီ ၂–၃၉)

အနတ္တလက္ခဏပညာပနဿ၊ အနတ္တလက္ခဏာကိုသိစေခြင်း=ဟောပြခြင်း၏။ ဝါ၊ ဟောပြခြင်းသည်။ အညေသံ အဝိသယတ္တာ၊ ဘုရားမှတပါးသော ပုဂ္ဂိုလ်တို့၏ အရာမဟုတ်သည်၏ အဖြစ်ကြောင့်။ အနတ္တလက္ခဏ ဒီပကာနံ၊ အနတ္တ လက္ခဏာကို ပြတတ်ကုန်သော။ အနိစ္စ ဒုက္ခ လက္ခဏာနံ၊ အနိစ္စလက္ခဏာ အစစ်, ဒုက္ခလက္ခဏာအစစ်တို့ကို။ ပညာပနဿ စ၊ သိစေခြင်း=ဟောပြခြင်း၏လဲ ။ အ–ဝိသယတာ၊ ဘုရားမှတပါးသော ပုဂ္ဂိုလ်တို့၏ အရာမဟုတ်သည်၏ အဖြစ်ကို။ ဒဿိတာ၊ အဋ္ဌကထာဆရာ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏ ။ ဧဝံ ဒုပ္ပညာပနတာပန၊ ဤသို့ သိစေရန် ဟောပြရန် ခဲယဉ်းခြင်းသည်ကား။ ဧတေသံ၊ ဤ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ အစစ်တို့၏ ။ ဒုရုပဋ္ဌာနတာယ၊ ဉာဏ်၌ ထင်ပေါ်ခဲသည်၏အဖြစ်ကြောင့်။ ဟောတိ၊ ဖြစ်ပေ၏ ။

အဓိပ္ပါယ်ကား ... အနတ္တလက္ခဏာကို တပါးသော ပုဂ္ဂိုလ်တို့မဟောနိုင်၊ ဘုရားသာ ဟောနိုင်သည်ဟု ဆိုပြီးလျှင် ထို အသိခက်သော အနတ္တလက္ခဏာကို အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့ဖြင့် ပြတော်မူသည်ဟု ဆိုပြန်သော အဋ္ဌကထာစကား ဖြင့် "အနိစ္စ ဒုက္ခ လက္ခဏာ အစစ်တို့ကို မသိသောကြောင့်သာ အနတ္တ လက္ခဏာကို မသိသည်၊ အနိစ္စ ဒုက္ခ လက္ခဏာ အစစ် တို့ကိုသိလျှင်ကား အနတ္တလက္ခဏာကိုလဲ သိနိုင်သည်"ဟူ၍၎င်း၊ "ဘုရားမှ တပါးသော ပုဂ္ဂိုလ်တို့မှာ အနတ္တလက္ခဏာကို မသိနိုင်သကဲ့သို့၊ အနိစ္စ ဒုက္ခ လက္ခဏာအစစ်တို့ကိုလဲ မိမိတို့အလိုလိုမသိနိုင်။ ထို့ကြောင့်, အနတ္တလက္ခဏာကို သိစေတတ် သော အနိစ္စ ဒုက္ခ လက္ခဏာတို့ကိုလဲ ဘုရားမှ တပါးသော ပုဂ္ဂိုလ်တို့ မဟောပြနိုင်၊ ဘုရားသာ ဟောပြနိုင်သည်"ဟူ၍၎င်း၊ ဤသို့သော အနက်ကိုပြအပ်၏ ။ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ အစစ်တို့ကို ဟောပြရန် ခဲယဉ်းခြင်းမှာလဲ ထိုလက္ခဏာအစစ် တို့ ထင်ပေါ်ခဲသောကြောင့်ပင် ဖြစ်သည်ဟု ဆိုလို၏ ။

ဤဋီကာ၌ အနတ္တလက္ခဏာကို ပြတတ်သော အနိစ္စ ဒုက္ခ လက္ခဏာတို့ ဟူသည်မှာ ဝိပဿနာဖြင့် သိအပ်သော အနိစ္စ ဒုက္ခ လက္ခဏာ အစစ်တို့ပေတည်း။ အိုး ကွဲခြင်း, ဆူး စူးခြင်း စသည်နှင့် စပ်သော အနိစ္စ ဒုက္ခ လက္ခဏာအတုတို့ မဟုတ်ကုန်။ ထို လက္ခဏာ အတုတို့သည်ကား အနတ္တလက္ခဏာကို ဧကန် သိစေနိုင်သော အကြောင်းမဟုတ်ကုန်သည် သာတည်း။ ထို့ကြောင့်, အနုဋီကာ၌ အောက်ပါအတိုင်းဖွင့်ပြ၏ ။

န ဟိ ဃဋ္ဋဘေဒ–ကဏ္ဋကဝေဓာဒိဝသေန လဗ္ဘမာနာ အနိစ္စဒုက္ခတာ သတ္တာနံ ဧကန္တတော အနတ္တာဓိဂမဟေတူ ဟောန္တိ၊ ပစ္စယပ္ပဋိဗဒ္ဓတာ– အဘိဏှသမ္ပဋိပီဠနာဒိဝသေန ပန လဗ္ဘမာနာ ဟောန္တိ၊ တထာ ဟိ စက္ခာဒီနိ ကမ္မာဒိ–မဟာဘူတာဒိ–ပစ္စယပ္ပဋိဗဒ္ဓဝုတ္တီနိ၊ တတော ဧဝ အဟုတွာ သမ္ဘဝန္တိ ဟုတွာ ပဋိဝေန္တီတိ အနိစ္စာနိ၊ အဘိဏှသမ္ပဋိပီဠိတတ္တာ ဒုက္ခာနိ၊ ဧဝမ္ဘူတာနိ စ အဝသဝတ္တနတော အနတ္တကာနီတိ ပရိဂ္ဂဟေ ဋ္ဌိတေဟိ သမုပစိတဉာဏသမ္ဘာရေဟိ ပဿိတုံ သက္ကာ။ (အနုဋီ ၂–၄၃)

ဟိ၊ အနိစ္စ ဒုက္ခ လက္ခဏာ အစစ်တို့က အနတ္တလက္ခဏာကို ပြတတ်သည်၊ ထိုလက္ခဏာ အစစ်တို့ကို ဘုရားသာ ဟောပြနိုင်သည်ဟု ဆိုသော မူလဋီကာစကားမှန်ပေ၏ ။ ဃဋ္ဋဘေဒ–ကဏ္ဋကဝေဓာဒိဝသေန လဗ္ဘမာနာ၊ အိုးကွဲခြင်း ဆူးစူး ခြင်းစသည်တို့၏ အလိုအားဖြင့် ရအပ်သိအပ်ကုန်သော။ အနိစ္စ ဒုက္ခတာ၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့သည်။ သတ္တာနံ၊ သတ္တဝါတို့၏ ။ ဧကန္တတော အနတ္တာ ဓိဂမဟေတူ၊ အနတ္တ လက္ခဏာကို ဧကန် သိကြောင်းတို့သည်။ နဟောန္တိ၊ မဟုတ်ကုန်။ ပစ္စယပ္ပဋိဗဒ္ဓတာ–အဘိဏှ သမ္ပဋိပီဠနာဒိဝသေန လဗ္ဘမာနာ ပန၊ အကြောင်းနှင့် စပ်ခြင်း, မပြတ် နှိပ်စက်ခြင်း စသည်တို့၏ အလိုအားဖြင့် ရအပ်သိအပ်သော အနိစ္စ ဒုက္ခ လက္ခဏာတို့သည်ကား။ (ဤ၌ အာဒိဝန်ကား ဥပ္ပါဒဝယပရိစ္ဆိန္နတာ, တာဝကာ လိကတာ, အနစ္စန္တိကတာ, ဝိပရိဏာမတာ စသည်နှင့်၊ ဒုက္ခမတာ, ဒုက္ခဝတ္ထုတာ စသည်တို့တည်း)။ ဧကန္တတော အနတ္တာဓိဂ မဟေတူ၊ အနတ္တလက္ခဏာကိုဧကန်သိကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏ ။ တထာ ဟိ၊ ထိုစကားကို ချဲ့ဦးအံ့။ စက္ခာဒီနိ၊ ပသာဒစက္ခု အစရှိသော ရုပ်နာမ် အာယတနတို့သည်။ ကမ္မာ ဒိ–မဟာဘူတာဒိ–ပစ္စယပ္ပဋိဗဒ္ဓဝုတ္တီနိ၊ ကံစသော အတိတ် အကြောင်း, မဟာဘုတ်စသော ပစ္စုပ္ပန် အကြောင်းတို့နှင့်စပ်၍ ဖြစ်ကုန်၏ ။ တတော ဧဝ၊ ထိုသို့ အကြောင်းနှင့် စပ်၍ ဖြစ်ခြင်းကြောင့်ပင်လျှင်။ အဟုတွာ သမ္ဘဝန္တိ၊ ရှေးက မရှိသေးဘဲ အသစ်ဖြစ်ပေါ်ကုန်၏ ။ ဟုတွာ ပဋိဝေန္တိ၊ ဖြစ်ပေါ်ပြီးလျှင် တဖန် ပျက်စီးကွယ်ပျောက်ကုန်၏ ။ ဣတိ၊ ရှေးက မရှိသေးဘဲအသစ် ဖြစ်ပေါ်ခြင်း, ဖြစ်ပေါ်ပြီးလျှင် တဖန် ကွယ်ပျောက် သွားခြင်းဟူသော ဤအကြောင်းကြောင့်။ အနိစ္စာနိ၊ မမြဲကုန်။ ဣတိ၊ ဤသို့၎င်း။ (ပဿိတုံ၌ စပ်)။ အဘိဏှသမ္ပဋိပီဠိတတ္တာ၊ ဖြစ်မှုပျက်မှုက မပြတ်နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခာနိ၊ ဆင်းရဲကုန်၏ ။ ဣတိ၊ ဤသို့၎င်း။ (ပဿိတုံ၌စပ်)။ စ၊ သည်မျှသာ မကသေး။ ဧဝမ္ဘူတာနိ၊ ဤသို့မမြဲ ဆင်းရဲသော အာယတနတို့သည်။ အ.ဝသဝတ္တနတော၊ မဖြစ်မပျက်စေလိုသော်

လဲ အလိုသို့မလိုက်မူ၍ ဖြစ် ပျက်ခြင်းကြောင့်။ အနတ္တကာနိ၊ အစိုးရသော ငါကောင် မရှိကုန်။ ဝါ၊ အစိုးရသော ငါကောင် မဟုတ်ကုန်။ ဣတိ၊ ဤသို့၄င်း။ (ပဿိတုံ၌ပင် စပ်)။ သမုပစိတဉာဏ သမ္ဘာရေဟိ၊ ဆည်းပူးအပ်ပြီးသော ဝိပဿနာဉာဏ်၏ အကြောင်းအဆောက်အဦး ရှိကုန်သော။ ဝါ၊ ဝိပဿနာဉာဏ်၏ အဆောက် အဦးဖြစ်သော ပါရမီကို ဆည်းပူးကုန်ပြီးသော။ ပရိဂ္ဂဟေ ဠီတေဟိ၊ ရုပ်နာမ်ကို သိမ်းဆည်းရှုမှတ်မှု၌ တည်သော သူတို့သည်။ ပဿိတုံ၊ မြင်ခြင်းငှါ။ သက္ကာ၊ စွမ်းနိုင်ပေ၏။

**အနိစ္စာနုပဿနာ၌ အကျဉ်းမှတ်ဘွယ်** ... ဒွါရ ၆-ပါး၌ ထင်ပေါ်, ဖြစ်ပေါ်သော ရုပ် နာမ်အာရုံကို ဖြစ်ပေါ်ရင်း သဘောအတိုင်း (သဘာဝ လက္ခဏာအားဖြင့်) မှတ်ဆဲမှာပင် အဖြစ် အပျက် ၂-ပါးလုံးကို မြင်၍ ဖြစ်စေ, ကုန်ဆုံး ပျောက်ကွယ်မှုကိုသာ မြင်၍ ဖြစ်စေ, မမြဲဟု သိမြင် သဘောကျခြင်းသည် အနိစ္စာနုပဿနာမည်၏။ မှတ်အပ်သော အာရုံကို မမြဲဟု မျက်မှောက်သိသော ဤဉာဏ်သည် ပစ္စက္ခ အနိစ္စာနုပဿနာ ပေတည်း။

ဤသို့မျက်မှောက်အားဖြင့် ပိုင်ပိုင်နိုင်နိုင် သိမြင်ပြီးသော အခါ၌ မျက်မှောက် မသိနိုင်သော အတိတ်ရုပ်နာမ်တို့ကိုလဲ နည်းတူပင်မမြဲဟုဆင်ခြင် ဆုံးဖြတ်လျက် ရှု၏။ အနာဂတ် ရုပ်နာမ်တို့ကိုလဲ နည်းတူပင် မမြဲဟု ဆင်ခြင်ဆုံးဖြတ်လျက် ရှု၏။ ဗဟိဒ္ဓသန္တာန်၌ ရုပ်နာမ်တို့ကိုလဲ နည်းတူပင် မမြဲဟု ဆင်ခြင် ဆုံးဖြတ်လျက် ရှု၏။ တလောကလုံး၌ ရှိရှိသမျှ ရုပ်နာမ်တို့ကို လဲ နည်းတူပင် မမြဲဟု ဆင်ခြင် ဆုံးဖြတ်လျက် ရှု၏။ ဤသို့ ဆင်ခြင် ဆုံးဖြတ်သော အသိဉာဏ်သည်ကား အနုမာန အနိစ္စာနုပဿနာ ပေတည်း။ အန္ဒယ ဉာဏ်လဲ မည်၏။

ပစ္စက္ခ, အနုမာနအားဖြင့် ၂-ပါးသော ဤ အနိစ္စာနုပဿနာသည် သမ္မသနဉာဏ်မှ စ၍ ဖြစ်၏။ ဘင်ဉာဏ်မှစ၍ ကိလေသာကို ပယ်ခြင်း ကိစ္စအားဖြင့် ပြည့်စုံစွာ ဖြစ်၏။ ထိုကြောင့်, ဘင်ဉာဏ်ကို ဝေဘန်သော ပဋိသမ္ဘိဒါမဂ်၌ အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ-ဟု ပဟာနကိစ္စနှင့်တကွ အပြည့်အစုံဟောတော်မူသည်။ အနက်ကို (၃၆၉)မှာ ပြန်ကြည့်ပါ။

ဒုက္ခာနုပဿနာ စသည်တို့၌ အထူးမျှကိုသာ ဖေါ်ပြ၍ အကျဉ်းမျှသာ ရေးအံ့။ အလုံးစုံ တူသင့်ရာ၌၄င်း၊ နည်းမှီး၍ ယူသင့်ရာ၌၄င်း၊ ဤ အနိစ္စာနုပဿနာ အခဏ်း၌ ကြည့်ရှု၍ မှတ်သားပါကုန်။

## (၁) အနိစ္စာနုပဿနာ ပြီး၏။

## (၂) ဒုက္ခာနုပဿနာ

ရုပ် နာမ် သင်္ခါရတို့ကို သဘာဝလက္ခဏာ အားဖြင့် မှတ်သိစဉ်မှာပင် ဖြစ်မှု ပျက်မှုက မပြတ် နှိပ်စက်သည်ကိုလဲ တွေ့ရ၍ ဆင်းရဲဟု ရှုမြင်သော ဉာဏ်သည် ဒုက္ခနုပဿနာ မည်၏။

ဒွါရ ၆-ပါး၌ ဖြစ် ပျက်လျက်ရှိသော ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ဖြစ်မှု ပျက်မှုတို့၏ အနှိပ်စက် ခံရသော ကြောင့်၊ ဒုက္ခ=ဆင်းရဲသော တရား မည်၏။ ဖြစ်မှု ပျက်မှုတို့က မပြတ် နှိပ်စက်ခြင်း=ဖြစ်မှု ပျက်မှု မကင်းခြင်းသည် ဒုက္ခ လက္ခဏာ=ဆင်းရဲဟု မှတ်သိရကြောင်း လက္ခဏာ မည်၏။ ဖြစ် ပျက်ဆဲ ရုပ် နာမ်ကို မှတ်စဉ်မှာပင် ထို ဒုက္ခလက္ခဏာကိုလဲ တွေ့ရ၍၊ ဆင်းရဲဟု ရှုမြင်သော ဉာဏ်သည် ဒုက္ခာနုပဿနာ မည်၏။ ကြောက်စရာကောင်းသည် ဟူ၍၄င်း၊ ဘေး ဟူ၍၄င်း၊ ရွံမုန်းဘွယ် ကောင်းသည် ဟူ၍၄င်း၊ မကောင်းဘူး ဟူ၍၄င်း၊ ဤသို့စသော မနှစ်သက်ဖွယ် အနေအားဖြင့် သိမြင်ခြင်း ဟူသမျှသည်လည်း ဒုက္ခာနုပဿနာချည်း ပင်တည်း။

ယဒနိစ္စံ တံ ဒုက္ခန္တိ ဝစနတော ပန တဒေဝ ခန္ဓပဥ္စကံ ဒုက္ခံ၊ ကသ္မာ? အဘိဏှပ္ပဋိပီဠနာ။ အဘိဏှပ္ပဋိပီဠနာကာရော ဒုက္ခလက္ခဏံ။ (ဝိသုဒ္ဓိမဂ် ၂-၂၇၇)

ယံ အနိစ္စံ တံ ဒုက္ခန္တိ ဝစနတော၊ အကြင်တရားသည်မမြဲ, ထိုမမြဲသောတရားသည် ဆင်းရဲ၏ ဟုဟောတော်မူခြင်း ကြောင့်။ တဒေဝ ခန္ဓပဥ္စကံ၊ ထိုခန္ဓာ ငါးပါးသည်ပင်လျှင်။ ဒုက္ခံ၊ ဆင်းရဲသောတရားမည်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း? ဟူမူ။ အဘိဏှပ္ပဋိပီဠနာ၊ ဖြစ်မှု ပျက်မှုတို့က မပြတ် နှိပ်စက်အပ်သောကြောင့် ပေတည်း။ အဘိဏှပ္ပဋိပီဠနာကာရော၊ ဖြစ်မှု ပျက်မှုတို့က မပြတ် နှိပ်စက်သော အခြင်းအရာသည်။ ဒုက္ခလက္ခဏံ၊ ဆင်းရဲဟု မှတ်သိရကြောင်း ဒုက္ခလက္ခဏာ မည်၏။

**ဒုက္ခလက္ခဏာ ၃-မျိုး** ... ဒုက္ခဒုက္ခတာဟုခေါ်သော ဒုက္ခဒုက္ခ လက္ခဏာ, ဝိပရိဏာမ ဒုက္ခတာဟုခေါ်သော ဝိပရိဏာမဒုက္ခလက္ခဏာ, သင်္ခါရဒုက္ခတာ ဟုခေါ်သော သင်္ခါရဒုက္ခ လက္ခဏာ, ဤသို့အားဖြင့် ဒုက္ခလက္ခဏာသည် သုံးပါးအပြား ရှိ၏။ ထိုတွင် ကိုယ်ထဲ စိတ်ထဲ၌ မခံသာသော ဒုက္ခဝေဒနာ၏ မခံသာသော အမူအရာသည် ဒုက္ခဒုက္ခ လက္ခဏာမည်၏။ ကိုယ်ထဲစိတ်ထဲ၌ ခံသာသော သုခဝေဒနာ၏ မမြဲခြင်းသည် ဝိပရိဏာမဒုက္ခလက္ခဏာ မည်၏။ အဘိဏှပ္ပဋိပီဠနာကာရဟု

ခေါ်သော, သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှု မကင်းခြင်းသည် သင်္ခါရ ဒုက္ခလက္ခဏာမည်၏။ ဤ ဒုက္ခလက္ခဏာ ၃-မျိုးတို့တွင် အဘိဏှပ္ပဋိပီဠနာကာရ ဟူသော သင်္ခါရဒုက္ခလက္ခဏာကိုသာ အထက်ပါ အဋ္ဌကထာ၌ ပြဆိုခြင်းမှာ ထို သင်္ခါရဒုက္ခလက္ခဏာသာလျှင် တေဘူမကသင်္ခါရ အားလုံးနှင့် ဆိုင်၍, ပြဓာန်းသောကြောင့် ပေတည်း။

တီသု ဒုက္ခတာသု သင်္ခါရ ဒုက္ခတာဝ ဗျာပိနီ။ (မဟာဋီ ၂-၃၉၂)

တီသု ဒုက္ခတာသု၊ သုံးပါးသော ဒုက္ခလက္ခဏာတို့တွင်။ သင်္ခါရ ဒုက္ခတာ ဧဝ၊ သင်္ခါရဒုက္ခလက္ခဏာသည်သာလျှင်။ ဗျာပိနီ၊ သင်္ခါရအလုံးစုံတို့၌ ပြန့်နှံ့၏။

ဒွါရ ၆-ပါး၌ မပြတ် ဖြစ်ပျက်လျက်ရှိသော ရုပ်နာမ်တို့ကို မရှုမှတ်သောသူသည် ဖြစ်မှုပျက်မှုတို့က မပြတ်နှိပ်စက်သည်ကိုမသိနိုင်။ ဖြစ်မှုပျက်မှုတို့က မပြတ်နှိပ်စက်သည်ကို နှလုံးမသွင်း မရှုမှတ်သော သူသည် တခုခုသော ဣရိယာပုတ်ဖြင့် ကြာမြင့်စွာ နေခြင်းကြောင့် ညောင်းခြင်း ပူခြင်း စသော မခံသာသော ဒုက္ခဝေဒနာ ဖြစ်ပေါ်သော်လဲ ထိုဝေဒနာကို သင်္ခါရ သဘောတရား အနေအားဖြင့် အမှတ်မရဘဲ ဣရိယာပုတ် တပါးသို့ ပြောင်းလွဲလိုက်၏။ ထိုသို့သော ပုဂ္ဂိုလ်အား နှလုံးမသွင်း မရှုမှတ်ခြင်းနှင့်, ပြောင်းလဲသော ဣရိယာပုတ်က ဖုံးလွှမ်း ခြင်းတို့ကြောင့် ဖြစ်ပေါ်သော မခံသာမှု ဒုက္ခဝေဒနာတည်းဟူသော ထို ဒုက္ခဒုက္ခလက္ခဏာမျှပင် မထင်ရှားနိုင်ပြီ။ ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ လက္ခဏာတို့ မထင်ရှားသည်မှာ ဆိုဘွယ်ပင်မရှိပြီ။ ဤသို့ အကြမ်းဆုံး ဒုက္ခဒုက္ခလက္ခဏာမျှပင် မထင်ရှားသောသူအား ဒုက္ခာနုပဿနာ အစစ် မဖြစ်နိုင်။

ဒွါရ ၆-ပါး၌ ဖြစ်ပျက်သော ရုပ်နာမ်တို့ကို မပြတ် ရှုမှတ်သော သူသည်ကား ဖြစ်မှု ပျက်မှုတို့က မပြတ် နှိပ်စက်သည်ကိုလဲ သိနိုင်၏။ ဖြစ်ပျက်လျက် မပြတ် နှိပ်စက်သည်ကို နှလုံးသွင်း ရှုမှတ်ခြင်းကြောင့်၊ တခုခုသော ဣရိယာပုထ်၌ မူလက နေသာလျက် ဖြစ်ပေါ်ခဲ့သော သုခဝေဒနာ၏ နောက်ကာလ၌ ကွယ်ပျောက်သွားခြင်း ဟူသော ဝိပရိဏာမ ဒုက္ခလက္ခဏာကိုလဲသိနိုင်၏။ ထိုအခါ၌ဖြစ်ပေါ်လာသော ညောင်းခြင်းပူခြင်း စသောမခံသာမှု ဒုက္ခဝေဒနာကိုလဲ သင်္ခါရသဘောတရားအနေအားဖြင့် မှတ်လျက်သိ၏။ မခံသာသောကြောင့်, ဣရိယာပုထ် ပြင်လိုသည်ကိုငင်း၊ ပြုပြင်သည်ကိုငင်း၊ ပြုပြင်ပြီးသောအခါ၌ မခံသာမှု ကွယ်ပျောက်၍၊ နေသာမှု သုခဝေဒနာအသစ် ရောက်လာသည်ကိုငင်း၊ အစဉ်အတိုင်း မှတ်လျက်သိ၏။ ဤသို့ ဖြစ်မှု ပျက်မှုတို့က မပြတ် နှိပ်စက်သည်ကို နှလုံးသွင်း ရှုမှတ်လျက်၊ ဖြစ်ပေါ်သော မခံသာမှု, ပြုပြင်လိုသော စိတ်, ပြုပြင်သော ဣရိယာပုထ်တို့ကို မှတ်သိသော ယောဂီသည် ဒုက္ခလက္ခဏာကို ဖုံးကွယ်တတ်သော ဣရိယာပုထ်ကို ခွါလှစ်ဖွင့်လှန်သည်မည်၏။ ဤသို့သော ယောဂီအား သိမ်မွေ့သော သင်္ခါရ ဒုက္ခလက္ခဏာသော်လဲ ပေါ်လွင် ထင်ရှားသောကြောင့်၊ ဒုက္ခာနုပဿနာ အစစ်ဖြစ်၏။

ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ အဘိဏှသမ္ပဋိပီဠနံ မနသိကတွာ ဣရိယာပထေ ဥဂ္ဃါဋိတေ ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၇၆)

အဘိဏှသမ္ပဋိပီဠနဿ၊ ဖြစ်မှုပျက်မှုတို့က မပြတ်နှိပ်စက်ခြင်းကို၊ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဣရိယာပထေဟိ။ အသစ်ပြုပြင်အပ်သော အိပ်ခြင်း ထိုင်ခြင်း ရပ်ခြင်း သွားခြင်းဟူသော ဣရိယာပုထ်တို့သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးကွယ်အပ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ န ဥပဋ္ဌာတိ၊ မထင်ပေါ်၊ အဘိဏှသမ္ပဋိပီဠနံ၊ ဖြစ်မှုပျက်မှုတို့က မပြတ်နှိပ်စက်ခြင်းကို၊ မနသိကတွာ၊ နှလုံးသွင်းရှုမှတ်၍။ ဣရိယာပထေ ဥဂ္ဃါဋိတေ၊ ဖုံးကွယ်သော ဣရိယာပုထ်ကို ခွါလှစ်အပ်ပြီးလတ်သော်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ ယာထာဝသရသတော၊ မှန်ကန်သော မိမိ၏ သဘောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်ပေါ်၏။

ဤအဋ္ဌကထာ၌ "ဖုံးကွယ်သော ဣရိယာပုထ်ကို ခွါလှစ်ပြီးမှ ဒုက္ခလက္ခဏာ ထင်သည်"ဟု ဆိုသောကြောင့် 'ဒုက္ခဒုက္ခလက္ခဏာ၏ထင်ပုံကိုသာ ပြသည်'ဟု ထင်မှတ်ဖွယ်ရှိ၏။ သို့သော်လဲ အဘိဏှသမ္ပဋိပီဠနံ မနသိကတွာ ဟူသောစကားဖြင့် သင်္ခါရဒုက္ခလက္ခဏာ, ဝိပရိဏာမဒုက္ခလက္ခဏာတို့၏ ထင်ပုံကိုလဲ ပြသေး၏။ ထို့ကြောင့်, ဒုက္ခလက္ခဏာ ၃မျိုးလုံး၏ ထင်ပေါ်ပုံကို ပြသည် ဟူ၍ သိအပ်၏။

သဘောမှန်အတိုင်း ထင်ပေါ်သောဒုက္ခလက္ခဏာဖြင့် ဆင်းရဲဟုသိမြင်သော ဒုက္ခာနုပဿနာအစစ် ဖြစ်တိုင်း ဖြစ်တိုင်း သုခသညာစသည်တို့ကို ပယ်ဖျောက်၏။ ပယ်ပုံကား...ထင်ရှားသော ရုပ်နာမ်အာရုံကိုဆင်းရဲဟု အမှန်အတိုင်းမသိမြင်ပါလျှင်၊ ထိုမသိရသော အာရုံ၌ ချမ်းသာဟုထင်မှားသော သညာဝိပလ္လာသလဲ ဖြစ်နိုင်၏။ ဒိဋ္ဌိ, စိတ္တဝိပလ္လာသတို့လဲ ဖြစ်နိုင်ကုန်၏။ တပါးသော ကိလေသာတို့လဲ ဖြစ်နိုင်ကုန်၏၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့လဲ ဖြစ်နိုင်ကုန်၏။ ထို ကံတို့၏အကျိုး ဖြစ်သော ဝိပါက်ခန္ဓာတို့လဲ ဖြစ်နိုင်ကုန်၏။ ဆင်းရဲဟု အမှန်အတိုင်း သိမြင်လျှင်ကား ထိုအာရုံနှင့် စပ်၍ သညာဝိပလ္လာသ စသည်တို့ မဖြစ်နိုင်ကုန်ပြီ။ ဤသို့ သညာဝိပလ္လာသ အစ, ဝိပါက်ခန္ဓာ အဆုံးရှိသော တရားတို့၏ မဖြစ်နိုင်ခြင်းသည် ဒုက္ခာနုပဿနာက

ပယ်ခြင်းကင်းငြိမ်းစေခြင်းကြောင့် ပင်တည်း။ ထို့ကြောင့်, ဝိသုဒ္ဓိမဂ်၌ ဒုက္ခာနုပဿနံ ဘာဝေန္တော သုခသညံ ပဇဟတိဟု မိန့်ဆိုသည်။

ဒုက္ခတော အနုပဿန္တော သုခသညံ ပဇဟတိ။ (ပဋိသံ ၅၅)

ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿန္တော၊ ရှုမြင်သော သူသည်။ သုခသညံ၊ ချမ်းသာဟု မှတ်ထင်မှုကို။ ပဇဟတိ၊ ပယ်၏၊ ကင်းပျောက်စေ၏။

ဒုက္ခာနုပဿနာ၌ အကျဉ်း မှတ်ဖွယ် ... ဒွါရ ၆-ပါး၌ ထင်ပေါ်, ဖြစ်ပေါ်သော ရုပ်နာမ်အာရုံကို ဖြစ်ပေါ်ရင်း သဘောအတိုင်း မှတ်ဆဲမှာပင် ဖြစ်မှုပျက်မှုက နှိပ်စက်သည်ကို မြင်၍ဖြစ်စေ, ဖေါက်ပြန် ပျက်စီးသွားသည်ကို မြင်၍ ဖြစ်စေ, မခံသာအောင်ဖြစ်လျက် နှိပ်စက်သည်ကို မြင်၍ ဖြစ်စေ, ဆင်းရဲဟု သိမြင်သဘောကျခြင်းသည် ပစ္စက္ခဒုက္ခာနုပဿနာမည်၏။ ဤပစ္စက္ခဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် သိမြင်ပြီးသောအခါ၌ မျက်မှောက်မသိနိုင်သော အတိတ်ရုပ်နာမ်, အနာဂတ်ရုပ်နာမ်, ဗဟိဒ္ဓ ရုပ်နာမ်, တလောကလုံးရှိ ရုပ်နာမ်တို့ကိုလဲ နည်းတူပင်, ဆင်းရဲဟုဆင်ခြင် ဆုံးဖြတ်လျက်ရှု၏။ ဤသို့ဆင်ခြင် ဆုံးဖြတ်သော အသိဉာဏ်သည်ကား အနုမာန ဒုက္ခာနုပဿနာပေတည်း။ အန္ဝယဉာဏ်လဲ မည်၏။

ဤ ၂-ပါးသော ဒုက္ခာနုပဿနာသည်လည်း သမ္မသနဉာဏ်မှ စ၍ ဖြစ်၏။ ဘင်္ဂဉာဏ်မှစ၍ ကိလေသာကို ပယ်ခြင်း ကိစ္စအားဖြင့် ပြည့်စုံစွာ ဖြစ်၏။

## (၂) ဒုက္ခာနုပဿနာ ပြီး၏။

## (၃) အနတ္တာနုပဿနာ

ရုပ် နာမ် သင်္ခါရတို့ကို သဘာဝလက္ခဏာအားဖြင့် မှတ်သိစဉ်မှာပင် အလိုအတိုင်း မဖြစ်သည်ကိုလဲတွေ့ရ၍ "အစိုးပိုင်သော ငါကောင်မဟုတ်, သူ့အလိုအတိုင်း ဖြစ်ပျက်သော သဘောတရားမျှသာ"ဟု ရှုမြင်သောဉာဏ်သည် အနတ္တာနုပဿနာ မည်၏။

ဤအရာ၌ အနတ္တ၏ ဆန့်ကျင်ဘက်ဖြစ်သော အတ္တဟူသည်မှာ ရုပ်အပေါင်း, နာမ်အပေါင်း, ကာယ=ကိုယ်ကိုလဲ ဆိုလိုသည်မဟုတ်၊ အကောင်အထည် ဒြပ် ပုံသဏ္ဌာန်ကြီးကိုလဲ ဆိုလိုသည် မဟုတ်။ အမှန်အားဖြင့်သော်ကား သာမိ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယက, သယံဝသီ, ဟူ၍ ဗာလပုထုဇဉ်တို့ ကြံစည် စွဲလမ်းအပ်သော အသက်ကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင်, သတ္တဝါကောင်ကိုသာ ဆိုလိုပေသည်။ ဗာလပုထုဇဉ်တို့၏ စွဲလမ်းပုံကို စာမျက်နှာ (၁၀၁)မှာ ပြန်၍ ကြည့်ပါလေ။

ထိုအတ္တကောင်သည် ခန္ဓာငါးပါး ရုပ် နာမ် တရားလဲ မဟုတ်၊ ခန္ဓာငါးပါးရုပ် နာမ် တရားထဲမှာလဲ ရှိသည် မဟုတ်၊ တခြားမှာလဲ အမှန်အားဖြင့် ရှိသည် မဟုတ်။ ဒိဋ္ဌိ မကင်းသေးသော ဗာလပုထုဇဉ်တို့၏ ထင်မြင် စွဲလမ်းအပ်သော ပညတ်သက်သက် မျှသာတည်း။ ထို့ကြောင့်, ခန္ဓာငါးပါး ရုပ် နာမ် တရားသည် အနတ္တ မည်၏။ (န အတ္တာ အနတ္တာ၊ နတ္ထိ အတ္တာ ဧတဿ ခန္ဓပဉ္စကဿာတိ ဝါ အနတ္တာ)။ ပိုင်ရှင် အတ္တကောင် မဟုတ်သော တရား, ပိုင်ရှင် အတ္တကောင် မရှိသော တရား, ဟုဆိုလို၏။ အဘယ့်ကြောင့် အနတ္တမည်သနည်းဟူမူ...အတ္တ ဟုတ်ခဲ့ပါလျှင်, အလိုအတိုင်း ဖြစ်နိုင်ရာ၏။ အတ္တ=အစိုးပိုင်သူ ရှိခဲ့ပါလျှင်, မိမိ အလိုအတိုင်း ဖြစ်စေနိုင်ရာ၏၊ သို့ဖြစ်ပါလျက်, ခန္ဓာငါးပါးသည်ကား အလိုအတိုင်း မဖြစ်ခြင်းကြောင့်၊ အနတ္တ သာတည်း။ အလိုအတိုင်းမဖြစ်သော အခြင်းအရာသည် အနတ္တဟု မှတ်သိရကြောင်း ဖြစ်သောကြောင့် အနတ္တလက္ခဏာ မည်၏။ ဖြစ်တိုင်းသော ရုပ် နာမ် ခန္ဓာတို့ကို မှတ်သိသော ယောဂီသည် သူ့သဘောအတိုင်း ဖြစ် ပျက်နေသော တရားတို့ကိုသာ မျက်မှောက်တွေ့ရ၏။ "အလိုအတိုင်း ဖြစ်နိုင်သည်, အစိုးပိုင်သည်, အစိုးရသည်" ဟု ဆိုထိုက်သော အတ္တကောင်ကိုကား မတွေ့ရချေ။ ထို့ကြောင့်, မှတ်သိရသော ရုပ်နာမ်တို့ကို "အစိုးပိုင်သော အတ္တကောင် မဟုတ်, သဘောတရားမျှသာ"ဟု သိမြင် သဘောကျ၏။ ဤသို့ သိမြင်ခြင်းသည် အနတ္တာနုပဿနာ မည်၏။

ယံ ဒုက္ခံ တဒနတ္တာတိ ပန ဝစနတော တဒေဝ ခန္ဓပဉ္စကံ အနတ္တာ။ ကသ္မာ? အဝသဝတ္တနတော။ အဝသဝတ္တနာကာရော အနတ္တလက္ခဏံ။ (ဝိသုဒ္ဓိမဂ် ၂-၂၇၇)

ယံ ဒုက္ခံ တံ အနတ္တာတိ ဝစနတော၊ အကြင်တရားသည် ဆင်းရဲမည်၏၊ ထို ဆင်းရဲတရားသည် အတ္တမဟုတ်ဟု ဟောတော်မူခြင်းကြောင့်။ တဒေ ခန္ဓပဉ္စကံ၊ ထိုခန္ဓာ ငါးပါးသည်ပင်လျှင်။ အနတ္တာ၊ အနတ္တမည်၏။ ကသ္မာ၊ အဘယ့်ကြောင့်

နည်း?ဟူမူ။ အဝသဝတ္တနတော၊ အလိုအတိုင်း မဖြစ်ခြင်းကြောင့်တည်း။ အဝသဝတ္တနာကာရော၊ အလိုအတိုင်း မဖြစ်သော အခြင်းအရာသည်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာ မည်၏။

ဒွါရ ၆-ပါး၌ ဖြစ်တိုင်းသော တရားတို့ကို မရှုမှတ်သော သူအား၊ ထို တရားတို့သည် ခဏ, သဘော, ကိစ္စ, အာရုံ, အားဖြင့် အသီးအခြားကွဲပြားလျက် မထင်ပေါ်ကုန်။ တလုံးတခဲထည်း တခုထည်း တကောင်ထည်း အနေအားဖြင့်သာ ထင်ပေါ်ကုန်၏။ ဥပမာ...မြင်ဆဲခဏ၌ မြင်မှုသဘော တခုထည်းမျှသာ ကွဲပြားလျက် မထင်ပေါ်။ ကြည့်လိုမှု, ကြည့်မှု, မြင်မှု, ဆက်လက်၍ စဉ်းစားမှုတို့ပါ၊ တပေါင်းထည်းဖြစ်လျက်၊ တခုထည်း တကောင်ထည်းအနေအားဖြင့်သာ ထင်ပေါ်သကဲ့သို့ပေတည်း။ ဤသို့ တခုထည်းအနေအားဖြင့် ထင်ပေါ်သော ဃနပညတ်က ဖုံးကွယ်နေသောကြောင့်၊ မရှုမှတ်သော ပုဂ္ဂိုလ်အား အနတ္တလက္ခဏာသည် မထင်ပေါ်ဘဲ မြုပ်ကွယ်လျက် ရှိ၏။ အနတ္တလက္ခဏာ မထင်ပေါ်သောသူအား အနတ္တာ နုပဿနာဉာဏ် အစစ် မဖြစ်ပေါ်နိုင်။

ဒွါရ ၆-ပါး၌ ဖြစ်ထိုက်သော တရားတို့ကို ရှုမှတ်သောသူအား ထိုမှတ်အပ်သော တရားတို့သည် သတိသမာဓိဉာဏ် ရင့်သန်သောကာလ၌ ခဏ, သဘော, ကိစ္စ, အာရုံ, အားဖြင့် အသီးအသီး ကွဲပြားလျက်သာ ထင်ပေါ်ကုန်၏။တလုံးတခဲထည်း တခုထည်း တကောင်ထည်း အနေအားဖြင့်ကား မထင်ပေါ်ကုန်ပြီ။ ဥပမာ...မြင်ဆဲခဏ၌ မြင်မှုသဘောကလေး တခုထည်းမျှသာ အသီးအခြား ကွဲပြားလျက် ထင်ပေါ်သကဲ့သို့ ပေတည်း။ ထိုသို့သော ယောဂီအား တခုထည်းအနေအားဖြင့် ထင်ပေါ်သော ဃနပညတ်အစိုင်အခဲ ပျက်ကွဲသောကြောင့် အလိုအတိုင်း မဖြစ်ခြင်းဟူသော အနတ္တလက္ခဏာသည် သဘောမှန်အတိုင်း အလိုလိုပင် ထင်ပေါ်လေတော့၏။ ဤသို့ သဘောမှန်အတိုင်း အနတ္တလက္ခဏာ ထင်ပေါ်သော ယောဂီအားသာလျှင် အနတ္တာ နုပဿနာ ဉာဏ်အစစ် ဖြစ်နိုင်ပေသည်။

အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃန ဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၇၆)

နာနာဓာတုဝိနိဗ္ဘောဂဿ၊ အမျိုးမျိုးသော ရုပ်ဓာတ် သဘော, နာမ်ဓာတ် သဘောတို့၏ အသီးအခြား ကွဲပြားခြင်းကို။ အမနသိကာရာ၊ နှလုံး မသွင်းခြင်းကြောင့်။ ဝါ၊ သိအောင် မရှုမှတ်ခြင်းကြောင့်။ ဃနေန၊ တလုံးတခဲထည်း တခုထည်းပင် ဟု မှတ်ထင်ရသော ဃနပညတ်က။ ပဋိစ္ဆန္နတ္တာ၊ ဖုံးကွယ်အပ်သည်၏ အဖြစ်ကြောင့်။ အနတ္တလက္ခဏံ၊ အတ္တမဟုတ်ဟု မှတ်သိရကြောင်းဖြစ်သော အနတ္တလက္ခဏာသည်။ န ဥပဋ္ဌာတိ၊ မထင်ပေါ်။ နာနာဓာတုယော၊ အမျိုးမျိုးသော ရုပ်ဓာတ်သဘော, နာမ်ဓာတ်သဘောတို့ကို။ ဝိနိဗ္ဘုဇိတွာ၊ အသီးအသီး ခွဲခြားပိုင်းဖြတ် ရှုမှတ်နှလုံးသွင်းလျက်။ ဃနဝိနိဗ္ဘောဂေ၊ ဃနပညတ် အစိုင်အခဲ၏ အသီးအသီး ပျက်ကွဲခြင်းကို။ ကတေ၊ ပြုအပ်ပြီးလတ်သော်။ အနတ္တလက္ခဏံ၊ အလိုအတိုင်းမဖြစ်ခြင်း, အစိုးမရခြင်းဟူသော အနတ္တလက္ခဏာသည်။ ယာထာဝ သရသတော၊ မှန်ကန်သော မိမိ၏ သဘောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်ပေါ်၏။

အနတ္တလက္ခဏာကို ဖုံးကွယ်သော ဃနပညတ်သည် သန္တတိဃန, သမူဟဃန, ကိစ္စဃန, အာရမ္မဏဃန, အားဖြင့် ၄-မျိုးပြား၏။ ထိုတွင် သန္တတိဃနကို နံပါတ် (၃၆၄)မှာ ပြန်ကြည့်ပါလေ။ ဖုံးကွယ်ပုံနှင့် အနတ္တလက္ခဏာ ထင်ပေါ်ပုံမျှသာ ထုး၏။

သန္တတိက ဖုံးကွယ်ပုံ ... မြင်ဆဲခဏ၌ ကြည့်လိုမှု, ကြည့်မှု, မြင်မှု, အဖန်ဖန် မြင်မှု, ဆင်ခြင်မှုတို့ကို အသီးအသီး ပိုင်းခြား၍ မသိသောသူသည် ထိုတရားအလုံးစုံကို တခုထည်းတကောင်ထည်းဟု ထင်မှတ်၏။ တကောင်ထည်းဟုထင်ရသော သန္တတိဃနက ဖုံးကွယ်ထားသောကြောင့်၊ "ကြည့်ချင်တိုင်း ကြည့်နိုင်သည်, မြင်ချင်တိုင်း မြင်နိုင်သည်, အလိုရှိတိုင်း ဆင်ခြင်နိုင်သည်, သိနိုင်သည်"ဟု ထင်မှတ်လျက် "အလိုအတိုင်းဖြစ်သော ငါကောင်ရှိသည်"ဟူ၍သာ စွဲလမ်း၏။ ကြားဆဲခဏ စသည်၌ နည်းမှီ၍သိပါလေ။ ကွေး ဆဲ, ဆန့်ဆဲ ခဏ၌၊ ကွေးလို, ဆန့်လိုမှု အဆင့်ဆင့်နှင့် ကွေးမှု, ဆန့်မှု အဆင့်ဆင့်တို့ကို၊ အသီးအသီးပိုင်းခြား၍ မသိသောသူသည်၎င်း၊ သွားဆဲ, ရပ်ဆဲ, ထိုင်ဆဲ, အိပ်ဆဲ ခဏ၌၊ သွားချင်မှု, ရပ်ချင်မှု, ထိုင်ချင်မှု, အိပ်ချင်မှု, အဆင့်ဆင့်နှင့် သွားမှု, ရပ်မှု, ထိုင်မှု, အိပ်မှုအဆင့်ဆင့်တို့ကို အသီးအသီး ပိုင်းခြား၍ မသိသော သူသည်၎င်း၊ "အလိုရှိတိုင်း ကွေးနိုင်ဆန့်နိုင် သွားနိုင်ရပ်နိုင် ထိုင်နိုင်အိပ်နိုင်သော ငါကောင်ရှိသည်"ဟူ၍သာ စွဲလမ်း၏။ ခဏအားဖြင့် ကွဲပြားသော ရုပ်နာမ် အဆင့်ဆင့်တို့ကို မပိုင်းဖြတ်နိုင်၍ သန္တတိဃနက အနတ္တလက္ခဏာကို ဖုံးကွယ်သောကြောင့်ပင်တည်း။ ရှေးနောက် ရုပ်နာမ်တို့ကို မခွဲခြားနိုင်၍ ငါကောင်ဟု ထင်မြင် စွဲလမ်းရာ ဟူသမျှ၌ ဤနည်းချည်းပင်တည်း။

သန္တတိ ပျက်၍ အနတ္တလက္ခဏာ ထင်ပုံ ... ယောဂီသည်ကား ကြည့်လိုမှုကတခြား၊ ကြည့်မှုကတခြား၊ ဤသို့ စသည်ဖြင့် အသီးအသီး ပိုင်းခြား၍သိ၏။ ထိုတရားအလုံးစုံကို တခုထည်း တကောင်ထည်းဟုမထင်မှတ်။ ထို့ကြောင့်, သန္တတိဃန ကွဲပျက်၏။ သန္တတိဃန ကွဲပျက်သောကြောင့် ကြည့်လိုမှုက ကြည့်မှု မြင်မှု စသည်တို့ကို မပြီးစေနိုင်၊ ကြည့်မှုကလဲ ကြည့်လိုမှု မြင်မှု စသည်ကို မပြီးစေနိုင်၊ မြင်မှုကလဲ ကြည့်လိုမှု ကြည့်မှု စသည်ကို မပြီးစေနိုင်" ဤသို့ စသည်ဖြင့်လဲ သဘောကျ၏။ ထို့ကြောင့်, အလိုရှိတိုင်း ကြည့်နိုင်, မြင်နိုင်, ဆင်ခြင်နိုင်, သိနိုင်သော ငါကောင်မည်သည်မရှိ၊ အကြောင်း

ညီညွတ်မှုဖြစ်ပေါ်သော သဘောတရားမျှသာ ရှိသည်" ဟူ၍ အနတ္တလက္ခဏာကို သိနိုင်ပေသည်။ ကြားဆဲ ခဏ စသည်၌လဲ နည်းမှီ၍သိပါလေ။ ကွေးဆဲဆန့်ဆဲ၌ ကွေးလိုမှုဆန့်လိုမှု အဆင့်ဆင့်နှင့်၊ ကွေးမှုဆန့်မှုအဆင့်ဆင့်တို့ကို အသီးအသီးပိုင်းခြား၍သိသောကြောင့် "ကွေးလိုမှုက ကွေးမှုကို မပြီးစေနိုင်၊ ကွေးမှုကလဲ ကွေးလိုမှုကို မပြီးစေနိုင်၊ ဆန့်လိုမှုက ဆန့်မှုကို မပြီးစေနိုင်၊ ဆန့်မှုကလဲ ဆန့်လိုမှုကို မပြီးစေနိုင်"ဟူ၍လဲ သဘောကျ၏။ ထို့ကြောင့်,"အလိုရှိတိုင်း ကွေးနိုင် ဆန့်နိုင်သော ငါကောင်မရှိ၊ အကြောင်းညီညွတ်မှု ဖြစ်ပေါ်သော သဘောတရားမျှသာ ရှိသည်"ဟူ၍ အနတ္တလက္ခဏာကို သိနိုင်ပေသည်။ သွားဆဲ စသည်၌ နည်းမှီ၍ သိပါလေ။

သမူဟဃန ... ဒွါရ ၆-ပါး၌ ဖြစ်ဆဲ ရုပ်နာမ်တို့ကို ဝိပဿနာဖြင့် မမှတ်ဘူး မပိုင်းခြားဘူးသေးသောသူတို့သည် နာမ်နှင့် ရုပ်တို့ကို တခုထည်း တကောင်ထည်း ဟူ၍သာ ထင်မှတ်ကြ၏။ နာမ်က တခြား၊ ရုပ်ကတခြား ဟု မခွဲနိုင်ကြကုန်။ ဥပမာ...လက် ခြေတို့ကို ကွေးဆဲ ဆန့်ဆဲ၌ ကွေးချင် ဆန့်ချင်သော နာမ်နှင့်၊ ကွေးရုပ် ဆန့်ရုပ်တို့ကို၊ တခုထည်းဟူ၍သာ ထင်မှတ်ကြ၏၊ တဦးထည်း၏သန္တာန်၌ရှိသော မျက်စိရုပ်, နားရုပ် စသည်တို့ကိုငှင်း၊ အဆင်းရုပ်, အသံရုပ် စသည်တို့ကိုငှင်း၊ တကောင်ထည်းဟူ၍သာ ထင်မှတ်ကြ၏။ ထို့ကြောင့်, မိမိ၏လက် စသည်ကို မြင်ပြီးလျှင်, ထိသော ကာလ၊ ထိပြီးလျှင်, မြင်သောကာလ စသည်၌ မြင်ရတဲ့ အဆင်းရုပ်နှင့်၊ ထိရတဲ့ အတွေ့ရုပ်တို့ကို၊ တခုထည်း ဟူ၍သာ ထင်မှတ်ကြ၏၊ မြင်ရတာလဲ သည်လက်ပဲ၊ တွေ့ထိရတာလဲ သည်လက်ပဲ၊ ဤသို့စသည်ဖြင့် ထင်မှတ်ကြ၏။ ထို့ပြင်...မြင်မှု၏ တည်ရာရုပ်နှင့်၊ ထိမှု၏ တည့်၏ရာ ရုပ်တို့ကိုလဲ တကောင်ထည်း ဟူ၍သာ ထင်မှတ်ကြ၏။ ဤကားနည်းပြ ပုံစံမျှသာတည်း၊ ထင်မှတ် စွဲလမ်းပုံကား အလွန် ကျယ်ဝန်း၏၊ ဤနည်းဖြင့် ရုပ်အပေါင်းကိုငှင်း၊ နာမ်အပေါင်းကိုငှင်း၊ ရုပ်နာမ်အပေါင်းကိုငှင်း စွဲမှီ၍ တခုထည်း တကောင်ထည်းအနေဖြင့် ထင်မှတ်စွဲလမ်းအပ်သောအရာသည် သမူဟဃနပညတ် မည်၏။ သဘောအားဖြင့် အသီးအသီး ကွဲပြားသော တရားတို့ကို ဝိပဿနာဖြင့် အသီးအသီး မပိုင်းခြားနိုင်သောကြောင့်၊ ထိုသို့သော ပုဂ္ဂိုလ်အား ဒွါရ ၆-ပါး၌ ဖြစ်ပေါ်သော ရုပ်နာမ်တို့၏ အနတ္တလက္ခဏာကို သမူဟဃနက အမြဲပင် ဖုံးကွယ်လျက် ရှိလေ၏။

ဒွါရ ၆-ပါး၌ ဖြစ်ခိုက် နာမ်ရုပ်ကို မပြတ် မှတ်သော ယောဂီအား အယုတ်ဆုံးအားဖြင့် နာမ်နှင့် ရုပ်သည် တခြားစီ ကွဲလျက်သာ ထင်ပေါ်၏။ ထင်ပုံကား...ကွေးဆဲ၌ ကွေးချင်တဲ့ စိတ်ကတခြား + ကွေးရုပ်ကတခြား ကွဲပြားလျက် ထင်ပေါ်၏။ ဆန့်ဆဲ၌ ဆန့်ချင်တဲ့စိတ်ကတခြား+ဆန့်ရုပ်ကတခြား ကွဲပြားလျက်ထင်ပေါ်၏။ ဖေါင်းတယ်ဟု မှတ်ဆဲ၌ ဖေါင်းရုပ်ကတခြား+မှတ်တဲ့စိတ်ကတခြား ကွဲပြားလျက်ထင်ပေါ်၏။ တပါးသော မှတ်ခိုက်တို့၌လဲ နည်းတူပင် ကွဲပြားလျက် ထင်ပေါ်၏။ ဤမျှလောက် ထင်ပေါ်လျှင်ပင် ရုပ်နာမ်အပေါင်းသမူဟဃန ကွဲပျက်သည်ဖြစ်၍၊ "ကွေးချင် ဆန့်ချင်တဲ့စိတ်က ကွေးမှု ဆန့်မှုကို မပြုလုပ်နိုင်၊ ကွေးရုပ် ဆန့်ရုပ်ကလဲ ကွေးချင်မှု ဆန့်ချင်မှု မရှိပါဘဲ အလိုလို မဖြစ်ပေါ်နိုင်၊ ဖေါင်းရုပ် ပိန်ရုပ် စသည်က မှတ်သိမှုကို မပြုနိုင်၊ မှတ်သိမှုကလဲ ဖေါင်းရုပ် ပိန်ရုပ်စသော မှတ်သိစရာမရှိပါဘဲ အလိုလိုမဖြစ်ပေါ်နိုင်" ဤသို့စသည်ဖြင့် သိနိုင်သောကြောင့် အလိုအတိုင်း မဖြစ်ခြင်းဟူသော အနတ္တလက္ခဏာသည် သဘောမှန်အတိုင်း ထင်ရှားလေတော့၏။ ထို့ပြင် ...မြင်မှု ကြားမှု ထိမှုတို့ကို တစပ်ထည်းဆက်၍ မှတ်ရသောအခါ၌၊ "မြင်ရတဲ့ အဆင်းကတခြား+ကြားရတဲ့ အသံကတခြား+ ထိရတဲ့ အတွေ့ရုပ်ကတခြား"ဟု ကွဲပြားလျက်ထင်ပေါ်၏။ "မြင်မှု၏ မှီရာ မျက်စိရုပ်က တခြား+ကြားမှု၏မှီရာ နားရုပ်ကတခြား+ထိမှု၏မှီရာ ကိုယ်ရုပ်ကတခြား"ဟူ၍လဲ ကွဲပြားလျက်ထင်ပေါ်၏၊ "မြင်မှု (စိတ်)က တခြား+အဆင်းနှင့် အမြင်တွေ့ဆုံမှု (ဖဿ)က တခြား + မြင်၍ ကောင်းမှု မကောင်းမှု (ဝေဒနာ)က တခြား"ဤသို့ စသည်ဖြင့်လဲ ကွဲပြားလျက် ထင်ပေါ်၏။ ဤသို့ အသီးအသီးကွဲပြားလျက် ထင်ပေါ်သောယောဂီအား သမူဟဃနပညတ်သည် ကောင်းစွာ ကွဲပျက်လေ၏။ ထို့ကြောင့်, "ကိုယ်အမူ နှုတ်အမူ စိတ်အမူ တစုံတခုမျှ အလိုအတိုင်းမဖြစ်နိုင်၊ အကြောင်းညီညွတ်မှသာလျှင် အမူအရာ ကိစ္စတခုခုဖြစ်ပေါ်ပြီးစီးနိုင်သည်"ဟု သဘောကျ၏၊ ထိုသို့သောယောဂီအား အဝသဝတ္တနာကာရဟူသော အနတ္တလက္ခဏာသည် သဘောမှန် အတိုင်း ကောင်းစွာ ထင်ရှားလေတော့၏။

ကိစ္စဃန ... ရုပ်နာမ်တရားတို့သည် ကိစ္စအားဖြင့် အသီးအသီးကွဲပြားကုန်၏၊ သို့သော်လဲ, ဝိပဿနာဖြင့် မပိုင်းခြားရသေးသောသူတို့သည် ထိုရုပ်နာမ်တို့ကို တခုထည်း တကောင်ထည်းဟူ၍သာ ထင်မှတ်ကုန်၏။ ထင်မှတ်ပုံကား...မြင်ဆဲ၌ မျက်စိရုပ်သည် အဆင်းကိုမြင်စေတတ်၏၊ စက္ခုဝိညာဏ်သည် မြင်တတ်၏၊ အဆင်းရုပ်သည် အမြင်ခံတတ်၏။ ဤသို့ကိစ္စအားဖြင့် ကွဲပြားသော်လဲ, တသန္တာန်ထည်း၌ဖြစ်သော ထိုမျက်စိရုပ်, အဆင်းရုပ်, မြင်မှု နာမ်တို့ကို တကောင်ထည်းဟူ၍သာ ထင်မှတ်ကုန်၏။ ကြားဆဲစသည်၌လဲ နည်းတူပင်တည်း။ ထို့ပြင်, ... စက္ခုဝိညာဏ်သည် မြင်တတ်၏၊ သောတဝိညာဏ်သည် ကြားတတ်၏၊ ဃာနဝိညာဏ်သည် နံတတ်၏၊ ဇိဝှါဝိညာဏ်သည် အရသာကို သိတတ်၏၊ ကာယဝိညာဏ်သည် ထိသိတတ်၏၊ မနောဝိညာဏ်သည် အမျိုးမျိုးအထွေထွေ ကြံစည်တတ်၏။ ဤသို့ကိစ္စအားဖြင့် ကွဲပြားသော်လဲ, တသန္တာန်ထည်း၌ဖြစ်သော ထိုနာမ်တို့ကို တကောင်ထည်းဟူ၍သာ ထင်မှတ်ကုန်၏။ မြင်တာလဲ ငါပင်၊ ကြားတာ, နံတာ, စားတာ, ထိတာ, ကြံစည်တာလဲ ငါပင်ဟူ၍သာ ထင်မှတ်ကုန်၏၊ ထို့ပြင်, ... သုခဝေဒနာသည် စိတ်ကို ရွှင်လန်းစေတတ်၏၊ ဒုက္ခဝေဒနာသည် စိတ်ကို ညှိုးနွမ်းစေတတ်၏၊ ဥပေက္ခာဝေဒနာသည် စိတ်ကို မရွှင်မညှိုးညီမျှစေလျက် ငြိမ်သက်စေတတ်၏။ ဤသို့ ကိစ္စအားဖြင့်ကွဲပြားသော်လဲ, တသန္တာန်ထည်း၌ ဖြစ်သော ထို ဝေဒနာ ၃-မျိုးကို တကောင်ထည်း ဟူ၍သာ ထင်မှတ်ကုန်၏။ ချမ်းသာဝမ်းမြောက်နေတာလဲ ငါဘဲ၊ ဆင်းရဲ စိတ်ညစ်နေတာလဲ ငါဘဲ၊ မဆင်းရဲမချမ်းသာ ငြိမ်သက်နေတာလဲ ငါဘဲဟူ၍သာ ထင်မှတ်ကုန်၏။ ထို့ပြင်,...ကွေးချင်တဲ့ စိတ်သည် ကွေးတဲ့အမူအရာအားဖြင့် ရွေ့ရှားမှုရုပ်ကို ဖြစ်စေတတ်၏။ ကွေးမှုရုပ်သည်

လိုရာအတွင်းဘက်သို့ ရွေ့ရှားလျက်ဖြစ်တတ်၏။ ဤသို့ကိစ္စအားဖြင့် ကွဲပြားသော်လဲ, ထို စိတ်နှင့် ရုပ်တို့ကို တကောင်ထည်း ဟူ၍သာ ထင်မှတ်ကုန်၏၊ "ငါကဘဲ ကွေးချင်သည်၊ ငါကဘဲ ကွေးသည်၊ ကွေးချင်တာလဲ ငါဘဲ၊ ကွေးတာလဲ ငါဘဲ"ဟူ၍သာ ထင်မှတ်ကုန်၏။ ဆန့်မှု သွားမှုစသည်တို့၌လဲ နည်းတူပင်တည်း။ ဤသို့ကိစ္စအားဖြင့် ကွဲပြားသောရုပ်နာမ်တို့ကို ဝိပဿနာဖြင့် အသီးအသီးခွဲခြား၍ မသိသောကြောင့်၊ တခုထည်း တကောင်ထည်းအနေအားဖြင့် ထင်မှတ်အပ်သောအရာသည် ကိစ္စဃန ပညတ် မည်၏။ ဤကိစ္စဃနက ဖုံးကွယ်သောကြောင့်လဲ သာမန်ပုဂ္ဂိုလ်တို့အား အနတ္တလက္ခဏာ မထင်ပေါ်ဘဲ မြုပ်ကွယ် လျက် ရှိလေသည်။

ဖြစ်ခိုက် ရုပ်နာမ်ကို မှတ်သိမှု ဟူသော ဝိပဿနာဖြင့် အသီးအသီးပိုင်းခြားနိုင်သော ယောဂီမှာမူကား ကိစ္စအားဖြင့် ကွဲပြားသော ထိုရုပ်နာမ်တို့သည် အချင်းချင်း မရောယှက်ဘဲ၊ တခြားစီဖြစ်လျက်သာ ထင်ပေါ်ကုန်၏။ ထို့ကြောင့်, တခုထည်း တကောင်ထည်းအနေအားဖြင့် ရှေးကထင်မှတ်ခဲ့သော ကိစ္စဃနသည် ကွဲပျက်လေ၏။ ဤသို့ဃန ကွဲပြီးသောယောဂီအား "ကိစ္စတခုကို ပြီးစေသော သဘောတရားသည် အခြားတပါးသောကိစ္စကို မပြီးစေနိုင်"ဟု သိမြင်သောကြောင့် အလိုအတိုင်း မဖြစ်ခြင်း ဟူသော အနတ္တလက္ခဏာသည် သဘောမှန်အတိုင်း ကောင်းစွာ ထင်ရှားလေတော့၏။

အာရမ္မဏဃန ... နာမ်တရားတို့သည် အာရုံပြုမှုအားဖြင့် ကွဲပြားကုန်၏။ သို့သော်လဲ, ဝိပဿနာဖြင့် မပိုင်းခြားရ သေးသောသူတို့သည် ထိုကွဲပြားသော နာမ်တို့ကို တခုထည်း တကောင်ထည်းဟူ၍သာ ထင်မှတ်ကုန်၏။ ထင်မှတ်ပုံကား... စက္ခုဝိညာဏ်စိတ်သည် အဆင်းကိုမြင်လျက် အာရုံပြု၏။ သောတဝိညာဏ်စိတ်သည် အသံကိုကြားလျက် အာရုံပြု၏။ ဃာန ဝိညာဏ်စိတ်သည် အနံ့ကိုနံလျက် အာရုံပြု၏။ ဇိဝှါဝိညာဏ်စိတ်သည် အရသာကိုသိလျက် အာရုံပြု၏။ ကာယဝိညာဏ်စိတ် သည် အတွေ့အမျိုးမျိုးကို ထိသိလျက်အာရုံပြု၏။ မနောဝိညာဏ်စိတ်သည်အာရုံ အမျိုးမျိုးကို ကြံသိလျက်အာရုံပြု၏။ သို့ဖြစ်၍, မြင်သောစိတ်သည် ကြားသောစိတ် စသည်မဟုတ်။ ကြားသောစိတ် စသည်တို့သည်လည်း မြင်သော စိတ်စသည်တို့ မဟုတ်ကုန်။ အဆင်းအမျိုးမျိုးကို မြင်ရာ၌လဲ အဖြူကိုမြင်သောစိတ်သည် အမဲ အပြာ အဝါ စသည်ကို မြင်သောစိတ်မဟုတ်။ အမဲ အပြာ အဝါ စသည်ကိုမြင်သော စိတ်တို့သည်လည်း အဖြူစသည်ကို မြင်သောစိတ်တို့ မဟုတ်ကုန်။ အသံအမျိုးမျိုးကို ကြားရာစသည်၌လဲ နည်းတူပင်ချဲ့ပါလေ။ အဆင်း တမျိုးထည်းကို အဆင့်ဆင့်မြင့်ရာ၌လဲပဌမ မြင်သောစိတ်သည် ဒုတိယ, တတိယ စသည်ဆင့်၍ မြင်သောစိတ်များမဟုတ်။ ဒုတိယ, တတိယ စသည် အဆင့်ဆင့်မြင်သော စိတ်များမဟုတ်။ ဒုတိယ, တတိယ စသည် အဆင့်ဆင့်မြင်သော စိတ်များသည်လည်း ပဌမ မြင်သောစိတ် စသည်မဟုတ်။ တမျိုးထည်းသောအသံကို အဆင့်ဆင့်ကြားရာ စသည်၌လဲနည်းတူပင် ချဲ့ပါလေ။ ဤသို့ အာရုံပြုမှုကွဲပြားတိုင်း နာမ်တရား အသီးအခြားဖြစ်လျက် ကွဲပြား၏။ သို့သော်လဲ, တသန္တာန်ထည်း၌ဖြစ်သော ထိုနာမ်အလုံးစုံကို တခုထည်း တကောင်ထည်းဟူ၍သာ ထင်မှတ်ကုန် ၏။ "ငါတယောက်ထည်းကပင် မြင်လဲ မြင်သည်၊ ကြားလဲ ကြားသည်" ဤသို့ စသည်ဖြင့်၎င်း၊ "ငါတယောက်ထည်းကပင် ကြည့်ရန်လဲ ကြံသည်၊ မြင်လဲ မြင်သည်" ဤသို့ စသည်ဖြင့်၎င်း၊ "ငါတယောက်ထည်းကပင် အဖြူကိုလဲ မြင်သည်၊ အမဲ အပြာ အဝါကိုလဲ မြင်သည်" ဤသို့စသည်ဖြင့်၎င်း၊ "ငါတယောက်ထည်းကပင် ကြာမြင့်စွာ မြင်နေသည်၊ ကြားနေသည်" ဤသို့ စသည်ဖြင့်၎င်း၊ တယောက်ထည်း ဟူ၍သာ ထင်မှတ်ကုန်၏။ ဤသို့ အာရုံပြုမှုအားဖြင့် ကွဲပြားသော နာမ်တရားတို့၌ တကောင်ထည်း အနေအားဖြင့် ထင်မှတ်အပ်သော အရာသည်အာရမ္မဏဃန မည်၏။ ဤဃနက ဖုံးကွယ်သောကြောင့်လဲ သာမန်ပုဂ္ဂိုလ်တို့အား အနတ္တလက္ခဏာ မထင်ပေါ်ဘဲ မြုပ်ကွယ်လျက် ရှိလေသည်။

မြင်ဆဲ ကြားဆဲ စသည်၌ မြင်တယ် ကြားတယ် စသည်ဖြင့် မပြတ်မှတ်သော ယောဂီအားမူကား သတိသမာဓိဉာဏ် ထက်သန်သောကာလ၌ ထို အာရမ္မဏဃန ပညတ်သည် ကောင်းစွာ ကွဲပျက်လေ၏။ မြင်ဆဲ၌ "ကြည့်ချင်တဲ့ စိတ်ကတခြား +ကြည့်ချင်တယ်ဟု မှတ်သိတဲ့စိတ်က တခြား + မြင်တဲ့စိတ်က တခြား+မြင်တယ်ဟု မှတ်သိတဲ့စိတ်က တခြား"ဟု ဤသို့ ကွဲပြားလျက်သာ ထင်ပေါ်၏။ ကြားဆဲ စသည်၌လဲ နည်းတူပင်တည်း။ ထို့ပြင်...မြင်တဲ့စိတ်က တခြား+ကြားတဲ့စိတ်က တခြား+ထိတဲ့စိတ်က တခြား+ကြံသိတဲ့စိတ်က တခြား+မှတ်သိတဲ့စိတ်က တခြား၊ ဤသို့လဲ ကွဲပြားလျက်သာထင်ပေါ်၏။ အဆင်းအမျိုးမျိုးကိုမြင်ရာ၌ "အဖြူကို မြင်တာကတခြား+မှတ်သိတာက တခြား+အမဲကို မြင်တာကတခြား+မှတ်သိတာက တခြား" ဤသို့စသည်ဖြင့် ကွဲပြားလျက်သာ ထင်ပေါ်၏။ အသံအမျိုးမျိုးကိုကြားရာ စသည်၌လဲ နည်းတူပင်တည်း။ အဆင်း တမျိုးထည်းကို အဆင့်ဆင့်မြင်ရာ၌ "ပဌမ မြင်တာက တခြား+ပဌမ မှတ်သိတာက တခြား+ဒုတိယ မြင်တာက တခြား+ ဒုတိယ မှတ်သိတာက တခြား" ဤသို့ စသည်ဖြင့် ကွဲပြားလျက်သာ ထင်ပေါ်၏။ အသံ တမျိုးထည်းကို အဆင့်ဆင့် ကြားရာ စသည်၌လဲ နည်းတူပင်တည်း။ ဤသို့ အာရုံပြုမှု ကွဲပြားတိုင်း အသီးအသီး ကွဲပြားလျက် ထင်ပေါ်သော နာမ်တရားတို့ကို ပိုင်းခြားနိုင်သောယောဂီအား "တမျိုးသောအခြင်းအရာဖြင့် အာရုံပြုလျက်ဖြစ်သော နာမ်တရားက အခြားတပါးသော အခြင်း အရာဖြင့် အာရုံပြုလျက် မဖြစ်နိုင်သည်ကို သဘောကျ သောကြောင့်" အလိုအတိုင်း မဖြစ်ခြင်း ဟူသော အနတ္တလက္ခဏာသည် သဘောမှန်အတိုင်း ကောင်းစွာ ထင်ရှားလေတော့၏။ အောက်ပါမှာ ဝိသုဒ္ဓိမဂ်၏ အဖွင့် မဟာဋီကာ ပေတည်း။

ယာ ပေဟသာ အညမညူပထဒ္ဓေသု သမုဒိတေသု ရူပါရူပဓမ္မေသု ဧကတ္တာဘိနိဝေသဝသေန အပရိမဒ္ဒိတသင်္ခါရေဟိ ဂယှမာနာ သမူဟဃနတာ, တထာ တေသံ တေသံ ဓမ္မာနံ ကိစ္စဘေဒဿ သတိပိ ပဋိနိယတဘာဝေ ဧကတော ဂယှမာနာ ကိစ္စဃနတာ, တထာ သာရမ္မဏဓမ္မာနံ သတိပိ အာရမ္မဏကရဏဘေဒေ ဧကတော ဂယှမာနာ အာရမ္မဏဃနတာ စ,၊ တာ

ဓာတုသု ဉာဏေန ဝိနိဗ္ဘုဇိတွာ ဝိနိဗ္ဘုဇိတွာ ဒိဿမာနာသု "ဟတ္ထေန ပရိမဇ္ဇိယမာနော ဖေဏပိဏ္ဍော ဝိယ" ဝိလယံ ဂစ္ဆန္တိ၊ ယထာပစ္စယံ ပဝတ္တမာနာ သုညာ ဧတေ ဓမ္မာ ဓမ္မမတ္တာတိ အနတ္တလက္ခဏံ ပါကဋံ ဟောတိ။ (မဟာဋီ ၂-၄၃၇)

ဟိ၊ဃနကွဲလျှင် အနတ္တထင်ပုံကိုပြအံ့။ အညမညူပထဒ္ဓေသု၊ အချင်းချင်း ထောက်ပံ့အပ်ကုန်သည်ဖြစ်၍။သမုဒိတေသု၊ တသန္တာန်ထည်း၌ တပေါင်းထည်း ဖြစ်ပေါ်ကုန်သော။ ရူပါရူပဓမ္မေသု၊ ရုပ်နာမ်တရားတို့၌။ ဧကတ္တာဘိနိဝေသဝသေန၊ တခုထည်း တကောင်ထည်းအဖြစ်ဖြင့် နှလုံးသွင်းသည့် အလိုအားဖြင့်။ (ဂယှမာနာ၌ စပ်)။ အပရိမဒ္ဒိတသင်္ခါရေဟိ၊ သင်္ခါရတို့ကို ဝိပဿနာဖြင့် မနင်းနယ် မချေမှုန်းရသေးသော သူတို့သည်။ ဂယှမာနာ၊ ယူအပ်ထင်မှတ်အပ်သော။ ယာသော သမူဟဃနတာ စ၊ အပေါင်းအားဖြင့် တလုံးတခဲထည်း တကောင်ထည်းပင်ဟု ထင်မှတ်အပ်သော အကြင် သမူဟဃန ပညတ်သည်ငင်း။ (အတ္ထိ၌ စပ်၊ တာပစ္စည်းကား အနက်ထူး မရှိ)။ တထာ၊ ထိုမှတပါး။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို ရုပ်နာမ်တရားတို့၏။ ကိစ္စဘေဒဿ၊ ကိစ္စ အထူးအပြား၏။ ပဋိနိယတဘာဝေ သတိပိ၊ အသီးအသီး ကိန်းသေမြဲခြင်း ရှိငြားသော်လဲ။ ဧကတော ဂယှမာနာ၊ တခုထည်း တကောင်ထည်းဟူ၍ ယူအပ်ထင်မှတ်အပ်သော။ ယာသော ကိစ္စဃနတာ စ၊ ကိစ္စအားဖြင့် တလုံးတခဲထည်း တကောင်ထည်းပင်ဟု ထင်မှတ်အပ်သော အကြင် ကိစ္စဃန ပညတ်သည်ငင်း။ (အတ္ထိမှာပင် စပ်)။ တထာ၊ထိုမှတပါး။ သာရမ္မဏဓမ္မာနံ၊ အာရုံပြုတတ်သော နာမ်တရားတို့၏။ အာရမ္မဏကရဏဘေဒေ သတိပိ၊ အာရုံပြုမှုအထူး ရှိငြားသော်လဲ။ ဧကတော ဂယှမာနာ၊ တခုထည်း တကောင်ထည်း ဟူ၍ ယူအပ် ထင်မှတ်အပ်သော။ ယာ သော အာရမ္မဏဃနတာ စ၊ အာရုံအားဖြင့် တလုံးတခဲထည်း တကောင်ထည်းပင်ဟု ထင်မှတ်အပ်သော အကြင် အာရမ္မဏဃန ပညတ် သည်ငင်း။ အတ္ထိ၊ ရှိ၏။ တာ၊ ထိုသုံးမျိုးသော ဃနပညတ်တို့သည်။ (ဝိလယံ ဂစ္ဆန္တိ၌ စပ်)။ ဓာတုသု၊ ရုပ်ဓာတ် ယဘော, နာမ်ဓာတ် သဘောတို့ကို။ ဉာဏေန ဝိနိဗ္ဘုဇိတွာ ဝိနိဗ္ဘုဇိတွာ ဒိဿမာနာသု၊ ဝိပဿနာဉာဏ်ဖြင့် အသီးအသီး ခွဲ၍ခွဲ၍ ရှုမြင်အပ်ကုန်လတ်သော်။ ဝိလယံ ဂစ္ဆန္တိ၊ ကျေပျက်ခြင်းသို့ ရောက်ကုန်၏။ ဝါ၊ ပျောက်ပျက်ကုန်၏။ ကိံ ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူ။ ဖေဏပိဏ္ဍော၊ ရေမြှုပ် စိုင်ခဲသည်။ ဟတ္ထေန ပရိမဇ္ဇိယမာနော၊ လက်ဖြင့်ဆုပ်နယ် ပွတ်ချေအပ်လျှင်။ ဝိလယံ ဂစ္ဆတိဝိယ၊ ကျေပျက်ခြင်းသို့ ရောက်လေသကဲ့သို့ပင်တည်း။ အထ၊ ထိုဃနပညတ် ပျောက်ပျက်သောအခါ၌။ ယထာ ပစ္စယံ ပဝတ္တမာနာ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်ကုန်သော၊ ဧတေ ဓမ္မာ၊ ဤ ရုပ်နာမ် တရားတို့သည်။ သုညာ၊ အစိုးပိုင်သူ, ပြုလုပ်တတ်သူ, အလိုအတိုင်း ဖြစ်နိုင်သူ စသည်ဖြင့် ဆွဲလမ်းအပ်သော အတ္တကောင်မှ ဆိတ်ကုန်၏။ ဓမ္မမတ္တာ၊ သဘောတရားမျှတို့သာတည်း။ ဣတိ၊ ဤသို့သိမြင် သဘောကျသောကြောင့်။ အနတ္တလက္ခဏံ၊ အလိုအတိုင်း မဖြစ်ခြင်းဟူသော အနတ္တလက္ခဏာသည်။ ပါကဋံ၊ အထူးသဖြင့် ထင်ရှားပေါ်လွင်သည်။ ဟောတိ၊ ဖြစ်၏။

ဤအဋ္ဌကထာ ဋီကာတို့နှင့်အညီ ဃနပညတ်အစိုင်အခဲ ပျက်ကွဲ၍သဘောမှန်အတိုင်း ထင်ပေါ်သော အနတ္တလက္ခဏာဖြင့်၊ မှတ်အပ်သော ရုပ်နာမ်အာရုံကို "အစိုးပိုင်သော ငါကောင်မဟုတ်, သဘောတရားမျှသာ"ဟူ၍ သိမြင်သော အနတ္တာနုပဿနာအစစ် ဖြစ်တိုင်းဖြစ်တိုင်း အတ္တသညာ စသည်တို့ကို ပယ်ဖျောက်၏။ ပယ်ပုံကား...ထင်ရှားသော ရုပ်နာမ်အာရုံကို အတ္တဟု အမှန်အတိုင်း မသိမြင်ပါလျှင်၊ ထိုမသိရသောအာရုံ၌ ငါကောင် သတ္တဝါကောင်ဟု ထင်မှားသော သညာဝိပလ္လာသလဲ ဖြစ်နိုင်၏။ ဒိဋ္ဌိ, စိတ္တ, ဝိပလ္လာသတို့လဲ ဖြစ်နိုင်ကုန်၏။ ထိုဝိပလ္လာသတို့ကိုမှီ၍ တပါးသော ကိလေသာ, အကုသိုလ်ကံ, ကုသိုလ်ကံတို့လဲ ဖြစ်နိုင်ကုန်၏။ ထိုကံတို့၏ အကျိုးဖြစ်သော ဝိပါက်ခန္ဓာတို့လဲ ဖြစ်နိုင်ကုန်၏။ အနတ္တဟု အမှန်အတိုင်း သိမြင်လျှင်ကား ထိုအာရုံနှင့်စပ်၍ သညာဝိပလ္လာသ စသည်တို့ မဖြစ်နိုင်ကုန်ပြီ။ ဤသို့သညာဝိပလ္လာသမှစ၍ ဝိပါက်ခန္ဓာတိုင်အောင် ဝဋ်ဆင်းရဲ တရားတို့၏ မဖြစ်နိုင်ခြင်းသည် အနတ္တာနုပဿနာက ပယ်ခြင်း ကင်းငြိမ်းစေခြင်း ကြောင့်ပင်တည်း။ ထို့ကြောင့်, ဝိသုဒ္ဓိမဂ်၌ "အနတ္တာနုပဿနံ ဘာဝေန္တော အတ္တသညံ ပဇဟတိ"ဟု မိန့်ဆိုသည်။

အနတ္တတော အနုပဿန္တော အတ္တသညံ ပဇဟတိ။ (ပဋိသံ ၅၅)

အနတ္တတော၊ အတ္တ မဟုတ်သော သဘော တရားမျှဟု။ အနုပဿန္တော၊ ရှုမြင်သော သူသည်။ အတ္တသညံ၊ အတ္တကောင်ဟု ထင်မှတ်မှုကို။ ပဇဟတိ၊ ပယ်၏၊ ကင်းပျောက်စေ၏။

အနတ္တာနုပဿနာ၌ အကျဉ်းမှတ်ဖွယ် ... ဒွါရ ၆–ပါး၌ ထင်ပေါ်၊ ဖြစ်ပေါ်သော ရုပ်နာမ်အာရုံကို ဖြစ်ပေါ်ရင်း သဘောအတိုင်း မှတ်ဆဲမှာပင် အလိုအတိုင်းမဖြစ်သည်ကို မြင်၍ဖြစ်စေ, အစိုးမရသည်ကို မြင်၍ဖြစ်စေ, မမြဲသည် ဆင်းရဲသည်ကို မြင်၍ဖြစ်စေ, "ငါကောင် မဟုတ်, သဘောတရားမျှသာ"ဟု သိမြင်သဘော ကျခြင်းသည် ပစ္စက္ခ အနတ္တာနုပဿနာ မည်၏။ ဤ ပစ္စက္ခဉာဏ်ဖြင့် ပိုင်ပိုင် နိုင်နိုင် သိမြင်ပြီးသောအခါ၌၊ မျက်မှောက် မသိနိုင်သော အတိတ် ရုပ် နာမ်, အနာဂတ် ရုပ် နာမ်, ဗဟိဒ္ဓ ရုပ် နာမ်, တလောကလုံးရှိ ရုပ်နာမ်တို့ကိုလဲ နည်းတူပင် "အတ္တကောင် သတ္တဝါကောင်မဟုတ်, သဘောတရားမျှချည်းသာ"ဟု ဆင်ခြင်ဆုံးဖြတ်လျက်ရှု၏၊ ဤသို့ ဆင်ခြင်ဆုံးဖြတ်သော အသိဉာဏ်သည်ကား အနုမာန အနတ္တာနုပဿနာ ပေတည်း၊ အန္ဝယဉာဏ်လဲ မည်၏။

ဤ ၂–ပါးသော အနတ္တာနုပဿနာသည်လည်း သမ္မသနဉာဏ်မှစ၍ဖြစ်၏။ ဘင်္ဂဉာဏ်မှစ၍ ကိလေသာကို ပယ်ခြင်းကိစ္စအားဖြင့် ပြည့်စုံစွာ ဖြစ်၏။

## (၃) အနတ္တာနုပဿနာ ပြီး၏။

## အထူး မှတ်ဖွယ်

### အနုပဿနာ ၃–ပါး၌ အထူး မှတ်ဖွယ်

ဝိသေသတော ဓမ္မာနံ ခဏိကနိရောဓေ အနိစ္စတာ ဝေါဟာရောတိ ဒဿေန္တော ဟုတွာ အဘာဝေါ ဝါ တိ အာဒိမာဟ။ (မဟာဋီ ၂–၃၃၄)

အနိစ္စတော တာဝ အနုပဿနာ ဘင်္ဂါနုပဿကဿ ယုတ္တာ၊ ဘင်္ဂေါနာမ အနိစ္စတာယ ပရမာ ကောဋီတိ။(မဟာဋီကာ ၂–၄၄၁)

ဝိသေသတော၊ အထူးအားဖြင့်။ ဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ ခဏိက နိရောဓေ၊ ခဏနှင့်စပ်သော ချုပ်ခြင်း၌။ ဝါ၊ ခဏိကဘင်၌။ အနိစ္စတာ ဝေါဟာရော၊ အနိစ္စတာ=အနိစ္စလက္ခဏာ ဟူသော အမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဿေန္တော၊ ပြလိုသော အဋ္ဌကထာဆရာသည်။ ဟုတွာ အဘာဝေါ ဝါ တိ အာဒိ၊ ဟုတွာ အဘာဝေါဝါ ဤသို့အစရှိသော စကားကို။ အာဟ၊ မိန့်ဆိုတော်မူ၏။

ဘင်္ဂေါနာမ၊ ပျက်ခြင်းမည်သည်။ အနိစ္စတာယ၊ မမြဲဟုသိရကြောင်းဖြစ်သော အနိစ္စလက္ခဏာ၏။ ပရမာ ကောဋိ၊ ထူးကဲသော အဖို့ပေတည်း။ ဣတိ၊ ထို့ကြောင့်။ အနိစ္စတော အနုပဿနာ၊ မမြဲဟု ရှုမြင်သော အနိစ္စာနုပဿနာသည်။ ဘင်္ဂါနုပဿကဿ၊ အပျက်ကို ရှုမြင်သော သူအား။ တာဝ ယုတ္တာ၊ သင့်လျော်ပေ၏။

ဤ ဋီကာအဖွင့်များနှင့်အညီ အနိစ္စာနုပဿနာအရာ၌ ပြခဲ့သော အနိစ္စလက္ခဏာ ၂–မျိုးတို့တွင် ဟုတွာ အဘာဝ=ဖြစ်ပေါ်ပြီး၍ မရှိခြင်းဟူသော ဒုတိယလက္ခဏာသည် ပစ္စုပ္ပန်ရုပ်နာမ်တို့၏ ပျက်ခြင်းဟူသော ခဏဘင်သာတည်း။ ထို လက္ခဏာသည် ထူးကဲသော အနိစ္စလက္ခဏာလဲ ဖြစ်၏။ ထို့ကြောင့်, ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော ယောဂီအား ဖြစ်ပျက်ဆဲ ရုပ်နာမ်တို့၏ ကုန်ဆုံးခြင်း, ပျောက်ကွယ် ပျက်စီးခြင်းကို မှတ်သိကာမျှဖြင့်လဲ အနိစ္စာနုပဿနာ ပြီးစီးသည် ဟူ၍ သိအပ်၏။ ဖြစ် ပျက်ဆဲ ရုပ်နာမ်တို့ကို 'ကုန်ဆုံး ပျောက်ပျက်သွားသည်'ဟု သိမြင်သော ထိုယောဂီသည် ကုန်ဆုံးပျောက်ပျက်သွားသော ထိုရုပ်နာမ်တို့ကို ချမ်းသာ ကောင်းစားသည် ဟူ၍ငြား၊ နှစ်သက် သာယာဘွယ် ဟူ၍ငြား မထင်မြင်ပြီ။ အမှန်အားဖြင့် သော်ကား ပျက်မှုက မပြတ်နှိပ်စက်အပ်သောကြောင့် (ဝါ) ပျက်စီး ပျက်စီး သွားသောကြောင့် ဆင်းရဲသောတရား, မကောင်းသောတရား, နှစ်သက် သာယာဘွယ်မရှိသော တရားဟူ၍သာလျှင် သိမြင်သဘောကျ၏။ ထိုအခါ၌ ဒုက္ခာနုပဿနာ ဖြစ်၏။ ထို့ပြင်,...ထိုရုပ်နာမ်တရားတို့အား မကုန်ဆုံး မပျက်စီးရအောင် မတတ်နိုင်သည်ကိုငြား၊ မြဲအောင် ချမ်းသာအောင် မပြုလုပ်နိုင်သည်ကိုငြား သိမြင်သဘောကျသောအခါ၌ အနတ္တာနုပဿနာဖြစ်၏။ ဤသည်ကား ပစ္စုပ္ပန်ရုပ်နာမ်တို့၏အပျက်ကို မှတ်သိရာ၌ နလုံးသွင်းအားလျော်စွာအနုပဿနာ ၃–ပါး အသီးအသီး ဖြစ်ပုံတည်း။ အောက်ပါမှာ ဝိသုဒ္ဓိမဂ်ပေတည်း။

ယသ္မာ ဘင်္ဂေါနာမ အနိစ္စတာယ ပရမာ ကောဋိ၊ တသ္မာ သောဘင်္ဂါနုပဿကော ယောဂါဝစရော သဗ္ဗံ သင်္ခါရဂတံ အနိစ္စတော အနုပဿတိ၊ နော နိစ္စတော။ တတော အနိစ္စဿ ဒုက္ခတ္တာ, ဒုက္ခဿ အနတ္တတ္တာ, တဒေဝ ဒုက္ခတော အနုပဿတိ၊ နော သုခတော။ အနတ္တတော အနုပဿတိ၊ နော အတ္တတော။ (၂–၂၇၉)

ယသ္မာ၊ အကြင့်ကြောင့်။ ဘင်္ဂေါနာမ၊ ပျက်ခြင်းမည်သည်။ အနိစ္စတာယ၊ အနိစ္စလက္ခဏာ၏။ ပရမာ ကောဋိ၊ ထူးကဲသော အဖို့ပေတည်း။ တသ္မာ၊ ထိုကြောင့်။ ဘင်္ဂါနုပဿကော၊ အပျက်ဘင်ကို ရှုမြင်သော။ သော ယောဂါဝစရော၊ ထိုယောဂီ

သည်။ သဗ္ဗံ သင်္ခါရဂတံ၊ အလုံးစုံသောသင်္ခါရကို။ အနိစ္စတော အနုပဿတိ၊ မမြဲဟူ၍သာရှုမြင်၏။ နော နိစ္စတော၊ မြဲသည်ဟူ၍ကား မရှုမြင်။ တတော၊ ထိုသို့မမြဲဟု မြင်ပြီးသည်မှ နောက်၌။ အနိစ္စသ ဒုက္ခတ္တာ၊ မမြဲသော ရုပ်နာမ်သည် ဆင်းရဲပင် ဖြစ်သောကြောင့်၎င်း။ ဒုက္ခသ အနတ္တတ္တာ၊ ဆင်းရဲသော ရုပ်နာမ်သည် အစိုးပိုင်သူ ငါကောင်မဟုတ်သောကြောင့်၎င်း။ တဒေဝ၊ မမြဲဟု သိမြင်အပ်သော ထိုသင်္ခါရကိုပင်လျှင်။ ဒုက္ခတော အနုပဿတိ၊ ဆင်းရဲဟူ၍သာ ရှုမြင်၏။ နော သုခတော၊ ချမ်းသာဟူ၍ကား မရှုမြင်။ အနတ္တတော အနုပဿတိ၊ ငါကောင်မဟုတ်ဟူ၍သာ ရှုမြင်၏။ နော အတ္တတော၊ ငါကောင်ဟူ၍ကားမရှုမြင်။

ဘင်္ဂဉာဏ်ခေါင်ထိပ်သို့ ရောက်သောအခါ၌ကား၊ အပျက်ကို ရှုမြင်ရုံမျှဖြင့် အနုပဿနာအလုံးစုံ ပြီးသေး၏။ အကျဉ်းချုံးပြရာ၌ ထင်ရှားလတံ့။

## အနုပဿနာ ၃–ပါး၌ အထူးမှတ်ဖွယ် ပြီး၏။

## (၄) နိဗ္ဗိဒါနုပဿနာ

နိဗ္ဗိဒါနုပဿနာ ဟူသည်မှာ အခဏ်း (၆)၌ အာဒီနဝဉာဏ်၏ အခြားမဲ့တွင် ပြခဲ့ပြီးသော နိဗ္ဗိဒါဉာဏ်ပင်တည်း။ ဘင်္ဂဉာဏ်၏အစွမ်းဖြင့် မှတ်တိုင်းမှတ်တိုင်း အပျက်ကိုသာတွေ့ရ၍၊ ရုပ်နာမ်သင်္ခါရတို့ကို ကြောက်ဖွယ် အပြစ်တင်ဘွယ်ဟု သိမြင်ပြီးသောအခါ၌ မှတ်တိုင်း မှတ်တိုင်း၊ "ကုန်ဆုံးသွားသည်, ပျက်သွားသည်"ဟု သိရသော ရုပ်နာမ် သင်္ခါရတို့ကို၎င်း၊ ဆင်ခြင်မိသောသင်္ခါရ အာရုံတို့ကို၎င်း၊ ပျင်းရိ ငြီးငွေ့ဘွယ် ထင်မြင်လျက် ဤနိဗ္ဗိဒါနုပဿနာ ဖြစ်ပေါ်၏။

ဤအနုပဿနာဖြင့် မသိမြင်ပါက၊ ထိုသင်္ခါရတို့ကို ပျော်မွေ့ဘွယ်ဟု ထင်မှတ်လျက် သပ္ပီတိကတဏှာဟူသော ပျော်မွေ့မှု ဖြစ်ပေါ်နိုင်၏၊ ထိုပျော်မွေ့မှုကိုပင်မှီ၍ ကိလေသာနှင့်ကံတို့လဲ ဖြစ်နိုင်ကုန်၏၊ ထိုကံ၏အကျိုးဖြစ်သော ဝိပါက်ခန္ဓာတို့လဲ ဖြစ်နိုင်ကုန်၏။ ဤအနုပဿနာဖြင့် 'ပျင်းရိ ငြီးငွေ့ဘွယ်'ဟု ထင်မြင်သော သင်္ခါရတို့၌ကား ထိုပျော်မွေ့မှု တဏှာစသည်တို့ မဖြစ်နိုင်ကုန်ပြီ။ ဤသို့မဖြစ်နိုင်ခြင်းသည် နိဗ္ဗိဒါနုပဿနာကပယ်ခြင်း ကင်းစေခြင်းကြောင့်ပင်တည်း။ ထို့ကြောင့်, ဝိသုဒ္ဓိမဂ် (၂–၂၆၄)၌ "နိဗ္ဗိဒါနုပဿနံ ဘာဝေန္တော နန္ဒိံ ပဇဟတိ"ဟု မိန့်ဆိုပေသည်။ နိဗ္ဗိဒါနုပဿနာယ နန္ဒိတော ဟူသော ဝိသုဒ္ဓိမဂ်၏အဖွင့် မဟာဋီကာ၌လဲ အောက်ပါအတိုင်း ဖွင့်ပြ၏။

နိဗ္ဗိဒါနုပဿနာယာတိ သင်္ခါရေသု နိဗ္ဗိန္ဒနာကာရေန ပဝတ္တာယ အနုပဿနာယ။ နန္ဒိတောတိ သပ္ပီတိကတဏှာတော။ (၁–၃၄၃)

နိဗ္ဗိဒါနုပဿနာယာတိ၊ ဟူသည်ကား။ သင်္ခါရေသု၊ သင်္ခါရတို့၌။ နိဗ္ဗိန္ဒနာကာရေန၊ ပျင်းရိငြီးငွေ့သော အခြင်းအရာအားဖြင့်။ ပဝတ္တာယ၊ ဖြစ်သော။ အနုပဿနာယ၊ ရှုမြင်ခြင်းဖြင့်။ နန္ဒိတောတိ၊ ဟူသည်ကား။ သပ္ပီတိကတဏှာတော၊ ပီတိနှင့် တကွ ဖြစ်သော တဏှာမှ။ ဝါ၊ အားရ ကျေနပ်လျက် ပျော်မွေ့မှုမှ။ (စိတ္တံ မောစေန္တော၊ စိတ်ကို လွတ်မြောက်စေ၏။)

## (၄) နိဗ္ဗိဒါနုပဿနာ ပြီး၏။

## (၅) ဝိရာဂါနုပဿနာ

ဝိရာဂါနုပဿနာယာတိ တတ္ထ ဝိရဇ္ဇနာကာရေန ပဝတ္တာယ အနုပဿနာယ။ (မဟာဋီကာ ၁–၃၄၃)

ဝိရာဂါနုပဿနာယာတိ၊ ဟူသည်ကား။ တတ္ထ၊ ထိုသင်္ခါရတို့၌။ ဝိရဇ္ဇနာကာရေန၊ အတပ်အစွဲပြယ်သော အခြင်းအရာအားဖြင့်။ ပဝတ္တာယ၊ ဖြစ်သော။ အနုပဿနာယ၊ ရှုမြင်ခြင်းဖြင့်။

ဤ ဋီကာနှင့်အညီ၊ နိဗ္ဗိဒါဉာဏ်ဖြင့် သင်္ခါရတို့၌ ငြီးငွေ့ပြီးသောယောဂီအား မှတ်တိုင်းမှတ်တိုင်း သင်္ခါရတို့၏ အပျက်ကိုသာ တွေ့ရသောကြောင့်၊ ထို သင်္ခါရတို့၌ တပ်စွဲမှု ပြယ်လျက်, သင်္ခါရ ငြိမ်းသော နိဗ္ဗာန်သို့သော ညွှတ်ကိုင်းလျက်, ဖြစ်ပေါ်သော ရှုမြင်ခြင်းသည် ဝိရာဂါနုပဿနာမည်၏။ ထို့ကြောင့်, ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း မိန့်ဆို၏။

ခယဝိရာဂေါတိ သင်္ခါရာနံ ခဏဘင်္ဂေါ။ အစ္စန္တဝိရာဂေါတိ နိဗ္ဗာနံ။ ဝိရာဂါနုပဿနာတိ တဒုဘယဒဿနဝသေန ပဝတ္တာ ဝိပဿနာ စ မဂ္ဂေါ စ။ (၁–၂၈၂)

ခယဝိရာဂေါ်တိ၊ ခယဝိရာဂ=ကုန်ဆုံး ပျက်ပြယ်ခြင်း ဟူသည်ကား။ သင်္ခါရာနံ၊ ရှုမှတ်အပ်သော သင်္ခါရတို့၏။ ခဏဘင်္ဂေ၊ ပျက်ဆဲ ခဏအားဖြင့် ပျက်ခြင်းပင် တည်း။ အစ္စန္တဝိရာဂေါ်တိ၊ အစ္စန္တဝိရာဂ=အမြဲတမ်း ပျက်ပြယ်ရာ ဟူသည်ကား၊ နိဗ္ဗာနံ၊ သင်္ခါရတို့၏ အမြဲတမ်းချုပ်ကင်းရာ နိဗ္ဗာန်ပေတည်း။ တဒုဘယဒဿနဝသေန၊ ထိုဝိရာဂနှစ်ပါးကို မြင်သည့်အလိုအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ဝိပဿနာ စ၊ ဝိပဿနာသည်၎င်း။ မဂ္ဂေါ စ၊ အရိယာ မဂ်သည်၎င်း။ ဝိရာဂါနုပဿနာတိ၊ ဝိရာဂါနုပဿနာ မည်၏။

ရှုမှတ်အပ်သော သင်္ခါရတို့၏ ကုန်ခြင်းပျက်ခြင်းသည် ခယဝိရာဂမည်၏။ ရှုမှတ်မှု ဝိပဿနာသည် ဤခယဝိရာဂကို အာရုံပြုလျက်သိမြင်၏။ သင်္ခါရအလုံးစုံတို့၏ အမြဲတမ်းကင်းပြတ်ရာဖြစ်သော နိဗ္ဗာန်သည် အစ္စန္တဝိရာဂ မည်၏။ အစ္စန္တဝိရာဂ မည်သော ဤနိဗ္ဗာန်ကိုကား ဝိပဿနာသည် အာရုံပြုလျက် မမြင်နိုင်ပေ။ သို့သော်လဲ, နိဗ္ဗိဒါဉာဏ်၏ အခြားမဲ့၌ဖြစ်သော ဤမုဥ္စိတုကမျတာ ဝိပဿနာသည် သင်္ခါရတို့မှ လွတ်လိုလျက်ဖြစ်၏။ သင်္ခါရတို့မှ လွတ်လိုခြင်းသည် သင်္ခါရကင်းသော နိဗ္ဗာန်သို့ ညွတ်ကိုင်းခြင်းပင်တည်း။ သို့ဖြစ်၍, မုဥ္စိတုကမျတာမည်သော ဤ ဝိပဿနာသည် အစ္စန္တ ဝိရာဂ မည်သော နိဗ္ဗာန်ကို ညွတ်ကိုင်းသောအားဖြင့် မြင်သည်သာ မည်၏။ မြင်ရာရောက်၏။ ဤသို့ ဝိရာဂ ၂-ပါးလုံးကို ထိုက်သည်အားလျော်စွာ ရှုမြင်သောကြောင့် မုဥ္စိတုကမျတာဉာဏ်သည် ဝိရာဂါနုပဿနာ မည်၏။ "ထိုသင်္ခါရတို့၌ အတပ်အစွဲ ပြယ်သော အခြင်းအရာအားဖြင့်ဖြစ်သည်"ဟု ဆိုသော မဟာဋီကာစကားသည် "နိဗ္ဗာန်ကို ညွတ်ကိုင်းသောအားဖြင့် မြင်သည်"ဟူသော ဤစကားနှင့်၊ အဓိပ္ပါယ်အားဖြင့် အတူတူပင်တည်း။ အရိယာမဂ်သည်ကား အစ္စန္တဝိရာဂမည်သော နိဗ္ဗာန်ကို အာရုံပြုလျက်သိမြင်၏။ ခယဝိရာဂမည်သော သင်္ခါရတို့၏ပျက်ခြင်းကိုကား မတွေမဝေ သိမှုကိစ္စပြီးသောအားဖြင့် မြင်သည်သာမည်၏။ ထို့ကြောင့် ဝိရာဂါနုပဿနာမည်၏။ လောကီဝိပဿနာတို့ကို ဝေဘန်သော ဤအရာ၌ကား ဝိပဿနာကိုသာလျှင် ဝိရာဂါနုပဿနာ ဟု သိအပ်၏။

အာရမ္မဏတော ဝါ ဝိပဿနာယ ခယဝိရာဂါနုပဿနာ ဝသေနပဝတ္တိ၊ တန္နိန္နဘာဝတော အစ္စန္တဝိရာဂါနုပဿနာဝသေန။ မဂ္ဂဿ ပန အသမ္မောဟတော ခယဝိရာဂါနုပဿနာဝသေန၊ အာရမ္မဏတော အစ္စန္တဝိရာဂါနုပဿနာဝသေန ပဝတ္တိ ဝေဒိတဗ္ဗာ။ (၁-၃၄၄-ဤမဟာဋီကာနှင့် အညီ အဓိပ္ပါယ်ကို ပြခဲ့သည်)။

အခြားမဲ့၌ ပြခဲ့ပြီးသော နိဗ္ဗိဒါနုပဿနာနှင့်၊ ဤ ဝိရာဂါနုပဿနာတို့သည်၊ ဘင်္ဂဉာဏ် ထက်သန်ပြည့်စုံစွာ ဖြစ်ပြီးသော ယောဂီအားသာလျှင် ဖြစ်ပေါ်ကုန်၏။ ထို့ကြောင့်, ပဋိသမ္ဘိဒါမဂ် ဘင်္ဂဉာဏ် အရာ၌ ဟောအပ်သော...နိဗ္ဗိန္ဒတိ နော နန္ဒတိဝိရဇ္ဇတိ နော ရဇ္ဇတိ ... ဟူသော ပုဒ်တို့၏ အဖွင့်ဖြစ်သော ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်းဖွင့်ပြ၏။

ယသ္မာ ပန ယံ အနိစ္စံ ဒုက္ခံ အနတ္တာ န တံ အဘိနန္ဒိတဗ္ဗံ။ ယဥ္စအနဘိနန္ဒိတဗ္ဗံ၊ န တတ္ထ ရဇ္ဇိတဗ္ဗံ။ တသ္မာ ဧတသ္မိံ ဘင်္ဂါနုပဿနာ နုသာရေန အနိစ္စံ ဒုက္ခံ အနတ္တာတိ ဒိဋ္ဌေ သင်္ခါရဂတေ နိဗ္ဗိန္ဒတိ နောနန္ဒတိ။ ဝိရဇ္ဇတိ၊ နော ရဇ္ဇတိ။ (၂-၂၇၉)

ယံ၊ အကြင်တရားသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ ငါကောင် မဟုတ်။ တံ၊ ထိုသို့သော တရားကို။ ယသ္မာ၊ အကြင်ကြောင့်။ န အဘိနန္ဒိတဗ္ဗံ၊ မနှစ်လိုထိုက်။ ယံ၊ အကြင် တရားကို။ အနဘိနန္ဒိတဗ္ဗံ၊ မနှစ်လိုထိုက်။ တတ္ထ၊ ထိုသို့သော တရား၌။ န စ ရဇ္ဇိတဗ္ဗံ၊ တပ်မက်ခြင်းကိုလဲ မဖြစ်စေထိုက်။ တသ္မာ၊ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်သော သင်္ခါရ၏ မနှစ်လိုထိုက်ခြင်း, မတပ်မက်ထိုက်ခြင်းဟူသော ထိုအကြောင်းကြောင့်။ (နိဗ္ဗိန္ဒတိ စသည်၌စပ်လေ)။ဘင်္ဂါနုပဿနာနုသာရေန၊ အပျက်ကို မြင်သော ဘင်္ဂဉာဏ်သို့ အစဉ်လိုက်သဖြင့်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ ဒိဋ္ဌေ၊ မမြဲ, ဆင်းရဲ, ငါကောင် မဟုတ် ဟု မြင်အပ်ပြီးသော။ ဧတသ္မိံ သင်္ခါရဂတေ၊ ဤ သင်္ခါရတရား၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နော နန္ဒတိ၊ မပျော်မွေ့။ ဝိရဇ္ဇတိ၊ အတပ်စွဲပြယ်၏။ နော ရဇ္ဇတိ၊ မတပ်စွဲ။

အနိစ္စာနုပဿနာ စသည်တို့၌ အနိစ္စ အနိစ္စ စသည်ဖြင့် ရွတ်ဆို၍ နှလုံးသွင်းရန် သင့်လျော်သော်လဲ၊ ဤ နိဗ္ဗိဒါ ဝိရာဂါနုပဿနာတို့၌ကား နိဗ္ဗိဒါ နိဗ္ဗိဒါဟူ၍၎င်း၊ ဝိရာဂဝိရာဂဟူ၍၎င်း၊ ရွတ်ဆို၍ နှလုံးသွင်းရန် မသင့်ကြောင်း ထင်ရှား၏။ သို့ဖြစ်၍, အထက်ပါအဋ္ဌကထာ၌ ပြသည့်အတိုင်းပင် ဘင်္ဂဉာဏ်သို့အစဉ်လိုက်၍ "မမြဲ, ဆင်းရဲ, အတ္တမဟုတ်"ဟု သိမြင်ပြီးသောသင်္ခါရတို့၌ ရှုမှတ်မိတိုင်း, ဆင်ခြင်မိတိုင်း မပျော်မမွေ့ ငြီးငွေ့လျက်ဖြစ်သော အသိဉာဏ်သည် နိဗ္ဗိဒါနုပဿနာ မည်၏။ တပ်စွဲမှု ပျက်ပြယ်လျက်ဖြစ်သော အသိဉာဏ်သည် ဝိရာဂါနုပဿနာ မည်၏ဟူ၍ မှတ်သားအပ်၏။ ထို့ပြင်, အနိစ္စာနုပဿနာ စသည်တို့၌လဲ အနိစ္စ အနိစ္စ စသည်ဖြင့် ရွတ်ဆိုမှုက လိုရင်းမဟုတ်၊ ရှုမှတ်မိ ဆင်ခြင်မိသော ရုပ်နာမ်တို့ကို မမြဲသော အခြင်းအရာစသည်ဖြင့် သိမြင်မှုသည်သာ လိုရင်းဖြစ်သည်ဟု မှတ်သားအပ်၏။

**(၅) ဝိရာဂါနုပဿနာ ပြီး၏။**

## (၆) နိရောဓာနုပဿနာ

နိရောဓာနုပဿနာယာတိ သင်္ခါရာနံ နိရောဓဿ အနုပဿနာယ။ ယထာ သင်္ခါရာ နိရုဇ္ဈန္တိ ယေဝ အာယတိံ ပုနဗ္ဘဝ ဝသေန န ဥပ္ပဇ္ဇန္တိ၊ ဧဝံ ဝါ အနုပဿနာ နိရောဓာနုပဿနာ။ မုဉ္စိတုကမျတာ ဟိ အယံ ဗလပ္ပတ္တာ။ (မဟာဋီကာ ၁-၃၄၃)

နိရောဓာနုပဿနာယာတိ၊ ဟူသည်ကား။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ နိရောဓဿ၊ ချုပ်ပျက်ခြင်းကို။ အနုပဿနာယ၊ ရှုမြင်သောဉာဏ်ဖြင့်။ ဝါ။ တနည်းကား။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ အနုပဿိယမာနာ၊ ရှုမြင်အပ်ကုန်လတ်သော်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈန္တိယေဝ၊ ချုပ်သာလျှင် ချုပ်ကုန်၏။ အာယတိံ၊ နောင်ကာလ၌။ ပုနဗ္ဘဝ ဝသေန၊ တဖန် ဖြစ်ပေါ်သည့် အလိုအားဖြင့်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ပေါ်နိုင်ကုန်။ ဧဝံ၊ ဤသို့သော အခြင်းအရာအားဖြင့်။ အနုပဿနာ၊ ရှုမြင်သော ဉာဏ်သည်။ နိရောဓာနုပဿနာ၊ မည်၏။ ဟိ၊ မှန်ပေ၏။ အယံ၊ ဤနိရောဓာနုပဿနာသည်။ ဗလပ္ပတ္တာ၊ အား အစွမ်းသို့ ရောက်သော။ မုဉ္စိတုကမျတာ၊ ဉာဏ်ပေတည်း။

ဤဋီကာ၌ ပဌမနည်းဖြင့် "နိရောဓဿ, နိရောဓတော ဝါ အနုပဿနာ"ဟူသော ဝစနတ္ထကို ပြ၏။ ဒုတိယနည်းဖြင့် "နိရောဓာယ အနုပဿနာ၊ နိရောဓေတီတိ နိရောဓော၊ နိရောဓော စ သော အနုပဿနာစာတိ ဝါ နိရောဓာနုပဿနာ"ဟူသော ဝစနတ္ထကိုပြ၏။ ဤသို့ဝစနတ္ထ ကွဲပြားသော်လဲ တရားကိုယ်အားဖြင့် နိရောဓာနုပဿနာ နှစ်မျိုး ကွဲပြားသည်ကား မဟုတ်ပေ၊ တမျိုးထည်းသာတည်း။ သို့ဖြစ်၍, ဤသို့သိအပ်၏။ မှတ်အပ်သောသင်္ခါရတို့၏ ချုပ်ခြင်းပျက်ခြင်းကို ကောင်းစွာမြင်လျက် ထိုသင်္ခါရတို့ကိုလဲ စွန့်လွှတ်လိုလျက် ထက်သန်စွာဖြစ်သော မုဉ္စိတုကမျတာဉာဏ်သည် ပစ္စက္ခနိရောဓာနုပဿနာမည်၏။ သင်္ခါရတို့ကို စွန့်လွှတ်လိုသော အခြင်းအရာနှင့် တကွသင်္ခါရတို့၏ အပျက်ကိုမမြင်ခဲ့ပါလျှင်၊ ထိုမမြင်အပ်သော သင်္ခါရတို့နှင့် စပ်၍ နောင်အခါ၌ ဘဝသစ်သင်္ခါရတို့သည် ဖြစ်ပေါ်ကုန်ရာ၏၊ ဤနိရောဓာနုပဿနာဖြင့် ရှုမြင်လျှင်ကား ထိုရှုမြင်အပ်သော သင်္ခါရနှင့်စပ်၍ နောင်အခါ၌ ထိုသို့သော ဘဝသစ်သင်္ခါရတို့သည် မဖြစ်နိုင်ကုန်။ ဤသို့ ဘဝသစ် သင်္ခါရတို့ မဖြစ်နိုင်အောင် ရှုမြင်ခြင်းသည် ထိုဘဝသစ်သင်္ခါရတို့ကို ချုပ်စေခြင်း ကင်းငြိမ်းစေခြင်းပင်တည်း။ သို့ဖြစ်၍, ဋီကာ ပဌမနည်း၌ သင်္ခါရတို့၏ ချုပ်ပျက်ခြင်းကို ရှုသော အနုပဿနာ, သင်္ခါရတို့ကို ချုပ်သည်ဟု ရှုသော အနုပဿနာ, ဟူ၍၎င်း၊ ဒုတိယနည်း၌ ဘဝသစ် သင်္ခါရတို့ ချုပ်ငြိမ်းအောင် ရှုသော အနုပဿနာ, ဘဝသစ် သင်္ခါရတို့ကို ချုပ်ငြိမ်းစေသော အနုပဿနာ, ဟူ၍၎င်း၊ ဤသို့သော အနက်အဓိပ္ပါယ်ကို ပြဆိုပေသည်။

တနည်းကား...အာနာပါနကထာအဖွင့် အဋ္ဌကထာတို့၌၊ ဝိရာဂါနုပဿီ ပုဒ်၌ကဲ့သို့ နိရောဓာနုပဿီ ပုဒ်၌လဲ နည်းတူ သိရန် ညွှန်ပြအပ်သည်နှင့်အညီ,...ခယနိရောဓ မည်သော မှတ်အပ်ဆဲ သင်္ခါရတို့၏ ကုန်ခြင်းချုပ်ခြင်းကို မျက်မှောက် သိမြင်လျက် အစ္စန္တနိရောဓ မည်သော သင်္ခါရတို့၏ အမြဲတမ်းချုပ်ရာ နိဗ္ဗာန်သို့ညွတ်ကိုင်းလျက် ထက်သန်စွာဖြစ်သော မုဉ္စိတုကမျတာဉာဏ်သည် နိရောဓာနုပဿနာမည်၏။ ဤနည်း၌လဲ 'ခယနိရောဓကို သိမြင်လျက်ဖြစ်သည်'ဟူသော စကားသည် ဋီကာ ပဌမနည်းနှင့် ထပ်တူပင်တည်း။ အစ္စန္တနိရောဓသို့ ညွတ်ကိုင်းလျက် ဖြစ်ခြင်းသည် သင်္ခါရတို့ကို စွန့်လွှတ်လိုခြင်း ပင်တည်း။ ထိုကြောင့်, ဋီကာ ဒုတိယနည်းနှင့် အနက် သဘောအားဖြင့် အတူတူပင်တည်း။

"နိရောဓေတိ၊ နော သမုဒေတိ။ နိရောဓေန္တော သမုဒယံ ပဇဟတိ" ဟူ၍ နိရောဓာနုပဿနာကို ပြသော ပဋိသမ္ဘိဒါမဂ် ပါဠိကို ဝိသုဒ္ဓိမဂ် (၂-၂၇၉)၌ ဤသို့ ဖွင့်ပြ၏။

သော ဧဝံ အရဇ္ဇန္တော လောကိကေနေဝ တာဝ ဉာဏေန ရာဂံ နိရောဓေတိ၊ နော သမုဒေတိ။ သမုဒယံ နကရောတီတိ အတ္ထော။ အထ ဝါ၊ သော ဧဝံ ဝိရတ္တော ယထာ ဒိဋ္ဌံ သင်္ခါရဂတံ၊ တထာ အဒိဋ္ဌမ္ပိအန္ဝယဉာဏဝသေန  နိရောဓေတိ။ နော သမုဒေတိ။ နိရောဓတောဝ မနသိကရောတိ၊ နိရောဓမေဝ.ဿပဿတိ၊ နော သမုဒယန္တိ အတ္ထော။

ပါဠိ၏အနက် ... နိရောဓေတိ၊ ရာဂကို ချုပ်စေ၏၊ နော သမုဒေတိ၊ ရာဂကိုမဖြစ်စေ။  ။ နောက်နည်းအလိုကား ... နိရောဓေတိ၊ မျက်မှောက်မမြင်အပ်သော အတိတ်အနာဂတ် သင်္ခါရကိုလဲ ချုပ်သည်ဟူ၍သာရှု၏၊ နော သမုဒေတိ၊ ဖြစ်သည်, ရှိနေသည်, ကြီးပွါးသည်ဟူ၍ မရှု။

နိရောဓေန္တော၊ ချုပ်စေသည် ရှိသော်။ ဝါ၊ ချုပ်သည်ဟု ရှုလတ်သော်၊ သမုဒယံ၊ ရာဂဖြစ်ခြင်းကို။ ဝါ၊ ဖြစ်သည်, ကြီးပွါးသည်, ရှိနေသည်ဟု ထင်မှတ်သော ကိလေသာကို။ ပဇဟတိ၊ ပယ်၏။

အဋ္ဌကထာ၏ အနက်ကား ... ဧဝံ၊ အနိစ္စ ဒုက္ခ အနတ္တဟု သိမြင်အပ်ပြီးသော သင်္ခါရ၌ ငြီးငွေ့သည်, အတပ် အစွဲ ပြယ်သည်ဟု ဤဆိုအပ်ခဲ့သည့်အတိုင်း။ အရဇ္ဇန္တော၊ မတပ်စွဲသော။ သော၊ ထိုယောဂီသည်။ တာဝ၊ လောကုတ္တရာ မဂ်ဉာဏ်၏ ရှေးဦးစွာ။ လောကိကေနေဝဉာဏေန၊ လောကီ ဝိပဿနာဉာဏ်ဖြင့်သာလျှင်။ ရာဂံ၊ သင်္ခါရတို့၌ တပ်မက်မှု ရာဂကို။ နိရောဓေတိ၊ ချုပ်စေ၏။ နော သမုဒေတိ၊ မဖြစ်စေ။ "သမုဒယံ န ကရောတိ၊ ရာဂဖြစ်ခြင်းကို မပြု။ ဝါ၊ တပ်စွဲမှုဖြစ်အောင်

နှလုံးမသွင်း"။ ဣတိ အတ္ထော၊ ဤသည်ကား နောသမုဒေတိ ဟူသော ဝါကျ၏ အနက်တည်း။ အထဝါ၊ တနည်းကား။ ဧဝံ ဝိရတ္တော၊ ဤဆိုခဲ့သောနည်းဖြင့် အတပ်အစွဲကင်းသော။ သော၊ ထိုယောဂီသည်။ "ဒိဋ္ဌံ၊ ယခု မျက်မှောက် ရှုမြင်အပ်သော။ သင်္ခါရဂတံ၊ ပစ္စုပ္ပန် သင်္ခါရကို။ နိရောဓေတိ ယထာ၊ ချုပ်သည်ဟုသာ ရှုသကဲ့သို့"။ တထာ၊ ထို့အတူ။ အဒိဋ္ဌမ္ပိ၊ မျက်မှောက် မမြင်အပ်သော အတိတ်အနာဂတ် သင်္ခါရကိုလဲ။ အန္ဝယဉာဏဝသေန၊ မျက်မှောက်ဉာဏ်သို့ အစဉ်လိုက်သော ဉာဏ်၏အစွမ်းဖြင့်။ နိရောဓေတိ၊ ချုပ်သည်ဟုသာ ရှု၏။ နော သမုဒေတိ၊ ဖြစ်သည်, ရှိနေသည်, ကြီးပွါးသည်ဟုမရှု။ "နိရောဓတောဝ၊ ချုပ်သည်ဟူ၍သာလျှင်။ မနသိကရောတိ၊ နှလုံးသွင်း၏။ အဿ၊ မျက်မှောက် မမြင်အပ်သော ထိုအတိတ်အနာဂတ် သင်္ခါရ၏။ နိရောဓမေဝ၊ ချုပ်ခြင်းကိုသာလျှင်။ ပဿတိ၊ ရှု၏။ သမုဒယံ၊ ဖြစ်ခြင်း, ရှိနေခြင်း, ကြီးပွါးကောင်းစားခြင်းကို။ နော ပဿတိ၊ မရှု"။ ဣတိ အတ္ထော၊ ဤသည်ကား နိရောဓေတိ၊ နောသမုဒေတိ ဟူသော ဝါကျတို့၏ အနက်တည်း။

ဤအဋ္ဌကထာ၌ ဖွင့်ဆိုအပ်သော နည်းနှစ်ပါးတို့တွင် ပဌမနည်းသည် နိပုဗ္ဗ+ရုဓ ဓာတ်+ကာရိတ် ဏေ ပစ္စည်း+တိ ဝိဘတ်တို့ဖြင့် နိရောဓေတိ ပုဒ် ပြီးသည်ကိုပြ၏။ ဒုတိယနည်းသည် နိရောဓ–ဟူသော နာမဓာတ်+မနသိကာရတ္ထ, ပဿနတ္ထ ကြိယာဝါစီ ဏေ ပစ္စည်း၊ ဝါ၊ ဣ ပစ္စည်း+တိ ဝိဘတ်တို့ဖြင့် နိရောဓေတိ ပုဒ် ပြီးသည်ကိုပြ၏။ ဤသို့ ပုဒ်ပြီးပုံ ကွဲပြားသည် အားလျော်စွာ ပုဒ်နက် ကွဲပြားသော်လဲ၊ နိရောဓာနုပဿနာ နှစ်မျိုး ကွဲပြားသည်ကား မဟုတ်၊ ဗလပ္ပတ္တမုဋ္ဌိတုကမျတာဉာဏ် တမျိုးထည်းသာတည်း။ ထို့ကြောင့်, အနက်သဘောအားဖြင့် အတူတူပင် ဟူ၍သာ မှတ်ရာ၏။

တူပုံကား...ပဌမနည်း၌ 'ရာဂကို ချုပ်စေသည်' ဟူ၍သာဆို၏။ အဘယ်တရားကို အဘယ်သို့ရှု၍ အဘယ်တရား၌ ဖြစ်ထိုက်သော ရာဂကို ချုပ်စေသည် ဟူ၍ကား မဆို။ သို့သော်လဲ, ဒုတိယ နည်း၌ကဲ့သို့ပင် မျက်မှောက် မှတ်သိအပ်သော ပစ္စုပ္ပန်သင်္ခါရနှင့် မျက်မှောက်မမြင်အပ်သော အတိတ် အနာဂတ် သင်္ခါရတို့ကို ချုပ်သည်ဟု ရှု၍။ ထိုသင်္ခါရတို့၌ "ရှိနေသည်, ကြီးပွါး ကောင်းစားသည်"ဟု ထင်မှတ်လျက် ဖြစ်ပေါ်ထိုက်သော ရာဂကို ချုပ်စေသည် ဟူ၍ ပြည့်စုံစွာ သိအပ်၏။

ဒုတိယနည်း၌ 'အဘယ်ကိလေသာကို ချုပ်စေသည်'ဟူ၍ကားမပြ။ သို့သော်လဲ ပဌမနည်း၌ကဲ့သို့ပင် ရာဂကို ချုပ်စေသည်ဟူ၍ ပြည့်စုံစွာသိအပ်၏။ အဘယ်ကြောင့်နည်းဟူမူ...သင်္ခါရတို့ကို ချုပ်သည်ဟူ၍သာ ရှုမြင်လျှင် ချုပ်ပျက်သည် ဟုသိမြင်အပ်သော ထိုသင်္ခါရတို့ကို "အမြဲတည်ရှိနေသည်, ကြီးပွါးကောင်းစားသည်"ဟု ထင်မှတ်လျက် တပ်စွဲခြင်း မဖြစ် ထိုက်သောကြောင့်ပေတည်း။ သို့ဖြစ်၍, နည်း ၂–ပါးလုံးပင် အနက်သဘောအားဖြင့် တူပေသည်။ ရာဂကို ချုပ်စေသည်ဟူရာ၌လဲ ရာဂလျှင် အကြောင်းရင်းရှိသော ကိလေသာနှင့် ကံတို့ကိုငင်း၊ ထိုကံ၏ အကျိုးဖြစ်သော ဝိပါက် ခန္ဓာ သင်္ခါရတို့ကိုငင်း၊ ဤတရားတို့ကိုလဲ ချုပ်စေသည် ဟူ၍သာ သိအပ်၏။ ထို့ကြောင့် ရှေး၌ ပြခဲ့သောဋီကာ ပဌမ, ဒုတိယ, နည်းတို့ကိုလဲ ဤအဋ္ဌကထာ ဒုတိယ, ပဌမနည်းတို့နှင့် အတူတူပင် ဟူ၍ သိအပ်၏။

ဤအရာ၌ ... ပစ္စုပ္ပန်သင်္ခါရကို ချုပ်သည်ပျက်သည်ဟု မှတ်သိလျက်ဖြစ်သော နိရောဓာနုပဿနာသည် ပစ္စက္ခဉာဏ် မည်၏။ ဤပစ္စက္ခဉာဏ် ရင့်သောအခါ၌၊ မျက်မှောက်မသိနိုင်သော အတိတ်အနာဂတ် သင်္ခါရတို့ကိုလဲ 'ပစ္စုပ္ပန် သင်္ခါရကဲ့သို့ပင်' ချုပ်ပျက်ကြသည်ချည်းပင်ဟူ၍ နှလုံးသွင်းဆင်ခြင်လျက်ဖြစ်သော နိရောဓာနုပဿနာသည် အန္ဝယဉာဏ်, အနုမာန ဉာဏ်, မည်၏။ အောက်ပါမှာ မဟာဋီကာပေတည်း။

ယထာ ဒိဋ္ဌံ သမ္ပတိ ဥပဋ္ဌိတံ သင်္ခါရဂတံ နိရောဓေတိ၊ နိရောဓံ မနသိကရောတိ၊ ဧဝံ အဒိဋ္ဌမ္ပိ အတီတာနာဂတံ အန္ဝယဉာဏဝသေန "ယထာ ဣဒံ တေရဟိ၊ ဧဝံ ဣတရေပီတိ" အနုမိနန္တော နိရောဓေတိ၊ မနသိကတသာပိ နိရောဓံ မနသိကရောတိ။ (၂–၄၄၂)

သမ္ပတိ ဥပဋ္ဌိတံ၊ ယခုပင် ဉာဏ်၌ ထင်သည်ဖြစ်၍။ ဒိဋ္ဌံ၊ မျက်မှောက် မြင်အပ်သော၊ သင်္ခါရဂတံ၊ ပစ္စုပ္ပန် သင်္ခါရကို။ နိရောဓေတိ ယထာ၊ ချုပ်သည်ဟု ရှုသကဲ့သို့။ နိရောဓံ၊ ပစ္စုပ္ပန် သင်္ခါရ၏ ချုပ်ခြင်းကို။ မနသိကရောတိ ယထာ၊ နှလုံးသွင်း သကဲ့သို့။ ဧဝံ၊ ဤအတူ။ အဒိဋ္ဌံ၊ မျက်မှောက် မမြင်အပ်သော။ အတီတာနာဂတံပိ၊ အတိတ် အနာဂတ် သင်္ခါရကိုလဲ။ အန္ဝယ ဉာဏဝသေန၊ အန္ဝယဉာဏ်၏ အစွမ်းဖြင့်။ "တေရဟိ၊ ယခုအခါ၌။ ဣဒံ ယထာ၊ ဤသင်္ခါရကဲ့သို့။ ဣတရေပိ၊ ဤမှ တပါး သော သင်္ခါရတို့သည်လည်း။ ဧဝံ၊ ဤနည်းတူပင် ချုပ်ပျက်ကုန်၏။ ဣတိ၊ ဤသို့"။ အနုမိနန္တော၊ နှိုင်းဆလျက်။ နိရောဓေတိ၊ ချုပ်သည် ဟုရှု၏။ မနသိကတဿာပိ၊ နှလုံးသွင်းဆင်ခြင်မိသော သင်္ခါရ၏လဲ။ နိရောဓံ၊ ချုပ် ပျက်ခြင်းကို။ မနသိကရောတိ၊ နှလုံးသွင်းဆင်ခြင်၏။

ဤ နိရောဓာနုပဿနာကို ဗလပ္ပတ္တမုဋ္ဌိတုကမျတာဉာဏ်ဟု ဋီကာ၌ဆိုသောကြောင့်၊ ရှေးဝိရာဂါနုပဿနာကို တရုဏ မုဋ္ဌိတုကမျတာဉာဏ်ဟု မှတ်အပ်၏။ ထို့ပြင်, … အနုမာနအားဖြင့် ဆင်ခြင်၍ ရှုအပ်သော သင်္ခါရတို့၌ ဖြစ်ထိုက်သော ရာဂ စသည်ကို ပယ်ခြင်းသည် ဝိက္ခမ္ဘနပဟာန်အားဖြင့် ခွါခြင်းမျှသာ ဖြစ်သည်ဟူ၍ မှတ်အပ်၏။ ထို့ကြောင့်, မဟာဋီကာ၌ "ရာဂံ နိရောဓေတီတိ ရာဂံ ဝိက္ခမ္ဘန နိရောဓံ ပါပေတိ၊ ဝိက္ခမ္ဘေတီတိ အတ္ထော"ဟု မိန့်ဆို၏။ အဘယ်ကြောင့်နည်းဟူမူ… မျက်မှောက်မမြင်အပ်သော ထိုအတိတ်အနာဂတ် သင်္ခါရတို့၌ ကိန်းပြီး, ကိန်းလတ္တံ့သော အနုသယကို လောကီဝိပဿနာဖြင့် အမြစ်ပြတ် မပယ်နိုင်၊ လောကုတ္တရာ မဂ်ဉာဏ်ဖြင့် သာလျှင် အမြစ်ပြတ် ပယ်နိုင်သောကြောင့်တည်း။

## (၆) နိရောဓာနုပဿနာ ပြီး၏။

## (၇) ပဋိနိဿဂ္ဂါနုပဿနာ

သင်္ခါရာနံ ပဋိနိဿဇ္ဇနာကာရေန ပဝတ္တာ အနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာ၊ ပဋိသင်္ခါသန္တိဋ္ဌနာ ဟိ အယံ။ (မဟာဋီကာ ၁-၇၉)

သင်္ခါရာနံ၊ သင်္ခါရတို့ကို။ ဝါ၊ သင်္ခါရတို့၌ နိစ္စ သုခ အတ္တဟု ထင်မှတ်စွဲလမ်းသော ကိလေသာတို့ကို။ ပဋိနိဿဇ္ဇနာကာရေန၊ တဖန် စွန့်လွှတ်သော အခြင်းအရာအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ အနုပဿနာ၊ ရှုမှတ်မှု ဉာဏ်ပညာသည်။ ပဋိနိဿဂ္ဂါနုပဿနာ၊ မည်၏။ ဟိ၊ မှန်ပေ၏။ အယံ၊ ဤပဋိနိဿဂ္ဂါနုပဿနာသည်။ ပဋိသင်္ခါသန္တိဋ္ဌနာ၊ သင်္ခါရတို့ကို စွန့်လွှတ်နိုင်ရန် တဖန် ရှုသော ပဋိသင်္ခါဉာဏ်နှင့်၊ လျစ်လျူရှုလျက် ကောင်းစွာ တည်တံ့သော သင်္ခါရုပေက္ခာဉာဏ်ပေတည်း။

ဤဋီကာ၌ "သင်္ခါရတို့ကို တဖန်စွန့်လွှတ်သော အခြင်းအရာအားဖြင့် ဖြစ်သည်"ဟု ဆိုသော စကားမှာ နီတတ္ထ=မုချ စကားမဟုတ်၊ နေယျတ္ထ=ဥပစာစကားပေတည်း။ အမှန်အားဖြင့်ကား ထိုသင်္ခါရတို့ကိုပင် 'နိစ္စ သုခ အတ္တ'ဟု ထင်မှတ်စွဲလမ်းလျက်ဖြစ်ထိုက်သော ကိလေသာတို့ကို တဖန်ကောင်းစွာစွန့်လွှတ်သော အခြင်းအရာအားဖြင့် ဖြစ်သည်ကိုသာ ဆိုလိုပေသည်။ ထို့ကြောင့်, ဝါ-ပေါက်၍ တနည်းအနက်ပေးလိုက်သည်။ အဘယ်ကဲ့သို့နည်းဟူမူ…ရူပံဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ=ရဟန်းတို့ ! ရုပ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုရုပ်ကို ပယ်ကုန်လော့ ဟု တိုက်တွန်းသော မိန့်ခွန်းတော်ကဲ့သို့ပင်တည်း။ ဤမိန့်ခွန်း၌ "ရုပ်ကို ပယ်ရမည်"ဟု ဆိုသော်လဲ ရုပ်သည် ပယ်ထိုက်သော ပဟာတဗ္ဗတရား မဟုတ်ပေ။ ရုပ်၌ လိုလားတပ်စွဲလျက် ဖြစ်ထိုက်သော ဆန္ဒရာဂသည် သာလျှင် ပယ်ထိုက်သော ပဟာတဗ္ဗတရား ဟုတ်ပေသည်။ ထို့ကြောင့်, 'ရုပ်ကို ပယ်ကုန်လော့'ဟူသော စကားဖြင့် "ထိုရုပ်၌ ဖြစ်ထိုက်သော ဆန္ဒရာဂကို ပယ်ကုန်လော့"ဟူ၍ မြတ်စွာဘုရား သိစေလိုကြောင်းကို ထို ပါဠိ၏ အဋ္ဌကထာ၌ ဖွင့်ပြပေသည်။

ဥပမာ…ကြီးစွာသော ဆင်းရဲဒုက္ခတို့ကို မကြာမကြာ ပေးတတ်သော သားဆိုးသားမိုက်ကို ပယ်စွန့်လိုသော သူသည် ၎င်းသား၌ ရှိရှိသမျှ ကြီးမားဆိုးဝါးသော အပြစ်တို့ကို အဖန်ဖန်ဆင်ခြင်၍ ထိုသားအပေါ်၌ မိမိ၏သားဟူသော အမှတ်သညာကို လုံးဝပယ်စွန့်လိုက်လျှင်၊ ထိုအခါမှစ၍ ထိုသားဆိုးနှင့်စပ်သော ကိုယ်စိတ်၏ ဆင်းရဲခြင်းကိုလဲ ပယ်စွန့်ပြီး ဖြစ်လေ၏၊ ထိုသားဆိုးကိုလဲ ပယ်စွန့်ပြီးဖြစ်လေ၏။ သို့ဖြစ်ရာ၌, မိမိ၏သားဟူသော အမှတ်အစွဲကို လုံးဝပယ်စွန့်နိုင်သော သူသည် ထိုသားကိုလဲ ပယ်စွန့်သည်သာ မည်သကဲ့သို့ ထိုအတူပင်, သင်္ခါရတို့၌ နိစ္စ သုခ အတ္တဟုစွဲလမ်းသော ကိလေသာတို့ကို ထိုသို့စွဲလမ်းလျက် မဖြစ်နိုင်အောင် အနိစ္စ ဒုက္ခ အနတ္တဟု တဖန် ကောင်းစွာ ရှုလျက်, ပယ်စွန့်ခြင်းသည် ထိုကိလေသာတို့၏ စွဲလမ်းရာ သင်္ခါရတို့ကိုလဲ ပယ်စွန့်ရာ ရောက်သည်သာတည်း။ ထို့ကြောင့်, ဋီကာ၌ ကိလေသာတို့ကို ပယ်စွန့်တတ်သော အနုပဿနာကိုပင် "သင်္ခါရတို့ကို တဖန် စွန့်သော အခြင်းအရာအားဖြင့် ဖြစ်သည်"ဟူ၍ ဆိုပေသည်။ အောက်ပါမှာ နီတတ္ထ=မုချအားဖြင့် ဖွင့်ပြသော ဝိသုဒ္ဓိမဂ်ပေတည်း။

အယမ္ပိ အနိစ္စာဒိအနုပဿနာ တဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသာနံ ပရိစ္စဇနတော, သင်္ခတဒေါသဒဿနေန စ တဗ္ဗိပရီတေ နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒနတော, "ပရိစ္စာဂပဋိနိဿဂ္ဂေါ စေဝပက္ခန္ဒနပဋိနိဿဂ္ဂေါ စာ"တိ ဝုစ္စတိ။ တသ္မာ တာယ သမန္နာဂတော ဘိက္ခု ယထာဝုတ္တေန နယေနကိလေသေ စ ပရိစ္စဇတိ၊ နိဗ္ဗာနေ စ ပက္ခန္ဒတိ။ နာပိ နိဗ္ဗတ္တနဝသေနကိလေသေ အာဒိယတိ၊ န အဒေါသဒဿိတာ ဝသေန သင်္ခတာရမ္မဏံ၊ တေန ဝုစ္စတိ 'ပဋိနိဿဇ္ဇတိ နော အာဒိယတီ'တိ။ (၂-၂၇၉)

ခန္ဓာဘိသင်္ခါရေဟိ သဒ္ဓိံ၊ ဘဝသစ် ခန္ဓာ, အဘိသင်္ခါရ ကံ, တို့နှင့်တကွ။ ကိလေသာနံ၊ နိစ္စ သုခ အတ္တဟု စွဲလမ်းလျက်ဖြစ်ပေါ်ထိုက်သော ကိလေသာတို့ကို။ တဒင်္ဂဝသေန၊ တဒင်္ဂပဟာန် အလိုအားဖြင့်။ ပရိစ္စဇနတော စ၊ ပယ်စွန့်တတ်သော ကြောင့်၎င်း။ သင်္ခတဒေါသဒဿနေန၊ သင်္ခါရတို့၏ မမြဲခြင်း ဆင်းရဲခြင်း စသော အပြစ်ကို မြင်သဖြင့်။ (တန္နိန္နတာယ ၌ စပ်)။ တဗ္ဗိပရီတေ၊ ထို သင်္ခါရတို့မှ ပြောင်းပြန် ဖြစ်သော။ ဝါ၊ နိစ္စ သုခ ပရမတ္ထ ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ တန္နိန္နတာယ၊

ၶင်းနိဗ္ဗာန်သို့ ညွတ်ကိုင်းသည့်အဖြစ်အားဖြင့်။ ပက္ခန္ဒနတော စ၊ ပြေးဝင်တတ်သောကြောင့်ၶင်း။ အယမ္ပိ အနိစ္စာဒိအနုပဿနာ၊ အနိစ္စ စသည်ဖြင့် ရှုသော ဤ ဝိပဿနာသည်လည်း။ (ပိသဒ္ဒါဖြင့်၊ အရိယာမဂ်ကို ပေါင်း၏)။ ပရိစ္စာဂပဋိနိဿဂ္ဂေါ စေဝ၊ ပရိစ္စာဂပဋိနိဿဂ္ဂလဲ မည်၏။ ပက္ခန္ဒနပဋိနိဿဂ္ဂေါ စ၊ ပက္ခန္ဒနပဋိနိဿဂ္ဂလဲ မည်၏။ ဣတိ ဝုစ္စတိ၊ ဤသို့ ဆိုအပ်၏။

အဓိပ္ပါယ်ကား ... ပဋိနိဿဂ္ဂါနုပဿနာ– ဟူသော ပုဒ်၌ ပဋိနိဿဂ္ဂ သဒ္ဒါသည် တဖန်လွှတ်သည် ဟူသော မြန်မာစကားနှင့်ညီမျှ၏။ ဤ၌တဖန်လွှတ်ခြင်းသည် မလိုသောဝတ္ထုကို တဖန်စွန့်လွှတ်ခြင်း, လိုရာအရပ်သို့ တဖန် စေလွှတ်ခြင်းအားဖြင့် အနက်အဓိပ္ပါယ် နှစ်မျိုးရှိ၏။ ထိုတွင် တဖန်စွန့်လွှတ်ခြင်းကို ပရိစ္စာဂ ပဋိနိဿဂ္ဂ ဟုခေါ်၏။ တဖန် စေလွှတ်ခြင်းကို ပက္ခန္ဒန ပဋိနိဿဂ္ဂ ဟု ခေါ်၏။ ပဋိသင်္ခါ, သင်္ခါရုပေက္ခာတို့၌ အတွင်းဝင်သော ဝိပဿနာသည် "ရှုအပ်သော သင်္ခါရတို့၌ 'နိစ္စ သုခ အတ္တ'ဟု စွဲလမ်းလျက် ဖြစ်ပေါ်ထိုက်သော ကိလေသာတို့ကိုၶင်း၊ ထိုကိလေသာလျှင်အကြောင်းရင်းရှိသော အကုသိုလ်ကံ ကုသိုလ်ကံတို့ကိုၶင်း၊ ထိုကံတို့၏အကျိုးဖြစ်သော ဝိပါက်ခန္ဓာတို့ကိုၶင်း" တဒင်္ဂပဟာန်အားဖြင့် တဖန် ပယ်တတ် စွန့်လွှတ်တတ်၏။ ထို့ကြောင့်လဲ ပဋိနိဿဂ္ဂ မည်၏။ တခုခုသောအရပ်၌ ဘေးရန်ကို တွေ့မြင်သောသူသည် ဘေးရန်ကင်းသော တခြားအရပ်သို့သာ သွားရောက်လိုသကဲ့သို့၊ ထို့အတူ, သင်္ခါရတို့၏အပြစ်ကို ရှုမြင်လျက်ဖြစ်သော ဤ ဝိပဿနာသည် အပြစ်ရှိသော ထိုသင်္ခါရတို့မှ ပြောင်းပြန်ဖြစ်သော (သင်္ခါရကင်း၍ နိစ္စ သုခ ပရမတ္ထဖြစ်သော) နိဗ္ဗာန်သို့ ညွတ်ကိုင်းလျက်ဖြစ်၏။ ညွတ်ကိုင်း ဟူသည်မှာ သင်္ခါရ ကင်းငြိမ်းလိုခြင်းမျှသာတည်း၊ နိဗ္ဗာန်ကို အာရုံပြုသည်ကား မဟုတ်သေး။ ဤသို့ ညွတ်ကိုင်းသောအားဖြင့် နိဗ္ဗာန်သို့ပြေးဝင်တတ်, မိမိကိုယ်ကို စေလွှတ်တတ်သောကြောင့်လဲ ပဋိနိဿဂ္ဂမည်၏။ သို့ဖြစ်၍, ပဋိနိဿဂ္ဂေါ ဧဝ အနုပဿနာ ပဋိနိဿဂ္ဂါ နုပဿနာဟူသော အဋ္ဌကထာ ဝစနတ္ထ နှင့်အညီ၊ ပဋိသင်္ခါ, သင်္ခါရုပေက္ခာဝိပဿနာသည် ကိလေသာတို့ကို တဖန်စွန့်လွှတ်လျက် ရှုမြင်တတ်သောကြောင့်ၶင်း၊ နိဗ္ဗာန်သို့ ကိုင်းညွတ်သောအားဖြင့် ပြေးဝင်စေလွှတ်လျက် ရှုမြင်တတ်သောကြောင့်ၶင်း၊ ပဋိနိဿဂ္ဂါနုပဿနာ မည်၏။

တသ္မာ၊ ထိုသို့ ကိလေသာတို့ကိုလဲ တဖန်စွန့်လွှတ်တတ်, နိဗ္ဗာန်သို့လဲ ပြေးဝင် စေလွှတ်တတ်သည်ဖြစ်၍ ပဋိနိဿဂ္ဂ ဟု ခေါ်ဆိုအပ်သောကြောင့်။ တာယ၊ ပဋိနိဿဂ္ဂ မည်သော ထို အနုပဿနာနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ယောဂီရဟန်းသည်။ ယထာဝုတ္တေန နယေန၊ ဆိုခဲ့တိုင်းသောနည်းဖြင့်။ (တဒင်္ဂပဟာန်နှင့် နိဗ္ဗာန်သို့ ညွတ်ကိုင်းခြင်းကို ညွှန်ပြသည်)။ ကိလေသေ စ၊ နိစ္စ သုခ အတ္တဟု စွဲလမ်းလျက် ဖြစ်ပေါ်ထိုက်သော ကိလေသာတို့ကိုလဲ။ ပရိစ္စဇတိ၊ တဒင်္ဂပဟာန် အလိုအားဖြင့် လုံးဝပယ်စွန့်၏။ နိဗ္ဗာနေစ၊ နိဗ္ဗာန်၌လဲ။ ဝါ၊ နိဗ္ဗာန်သို့လဲ။ ပက္ခန္ဒတိ၊ ညွတ်ကိုင်းသည့်အလိုအားဖြင့် ပြေးဝင်၏။ နိဗ္ဗတ္တနဝသေန၊ ဖြစ်စေသည့်အလိုအားဖြင့်။ ဝါ၊ ဖြစ်ခွင့်ပေးသည့်အလိုအားဖြင့်။ ကိလေသေပိ၊ ကိလေသာတို့ကိုလဲ။ န အာဒိယတိ၊ မယူ။ သင်္ခတာရမ္မဏံပိ၊ သင်္ခါရ အာရုံကိုလဲ။ အဒေါသဒဿိတာဝသေန၊ အပြစ်ကို မရှုမြင်ခြင်း အလိုအားဖြင့်။ န အာဒိယတိ၊ မယူ။

အနိစ္စ ဒုက္ခ အနတ္တဟု မရှုမြင်လျှင်၊ ထိုမမြင်အပ်သော အာရုံ၌ ကိလေသာတို့ ဖြစ်ခွင့် ရကုန်၏။ ဖြစ်ခွင့်ရလျှင်, ထိုကိလေသာတို့ကို ဖြစ်စေသည်ပင် မည်၏၊ ယူသည်, လက်ခံသည် မည်၏။ ဤ ယောဂီသည်ကား 'အနိစ္စ ဒုက္ခ အနတ္တ'ဟု ကောင်းစွာ ရှုမြင်သောကြောင့် ထိုရှုအပ်သော အာရုံ၌ ကိလေသာ ဖြစ်ခွင့်မရ၊ ဖြစ်ခွင့်မရသောကြောင့်, ထိုကိလေသာတို့ကို ဖြစ်စေသည်မမည်၊ ယူသည် 'လက်ခံသည်မမည်။ ထို့ကြောင့်, "နာပိ နိဗ္ဗတ္တနဝသေန ကိလေသေ အာဒိယတိ"ဟု မိန့်ဆိုသည်။ ထို့ပြင်, ... မမြဲခြင်းစသော အပြစ်ကို မမြင်ပါဘဲ၊ သင်္ခါရတို့ကို နှလုံးသွင်းဆင်ခြင်နေလျှင်၊ ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း ကိလေသာဖြင့် စွဲလမ်းဘို့ရန် သင်္ခါရအာရုံကို ယူနေသည်မည်၏။ ဤယောဂီသည်ကား မမြဲခြင်းစသော အပြစ်ကို မြင်လျက်သာလျှင် ရှုမှတ်သောကြောင့်၊ ထိုသင်္ခါရအာရုံကို အာရုံပြုလျက်ရှိသော်လဲ၊ ယူသည်, လက်ခံသည်မမည်။ ကိလေသာဖြင့် စွဲလမ်းရန် မဖြစ်သောကြောင့်၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ထိုသင်္ခါရအာရုံကို လက်မခံဘဲ စွန့်လွှတ်နေသည်သာမည်၏၊ မယူသည်သာ မည်၏။ ထို့ကြောင့်, "န အဒေါသဒဿိတာဝသေန သင်္ခတာရမ္မဏံ"ဟု မိန့်ဆိုသည်။

တေန၊ ကိလေသာတို့ကို တဖန် စွန့်လွှတ်ခြင်း, နိဗ္ဗာန်သို့ ကိုင်းညွတ်လျက် စေလွှတ်ခြင်း, ကိလေသာတို့ကို ဖြစ်ခွင့်ပေးလျက်မယူခြင်း, သင်္ခါရအာရုံကို အပြစ်မဲ့အနေအားဖြင့် မယူခြင်း, ဟူသော ထိုအကြောင်းကြောင့်။ ပဋိနိဿဇ္ဇတိ နေဝအာဒိယတီတိ၊ ဟူ၍။ ဝုတ္တံ၊ ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူအပ်၏။

အစဉ်ထုတ်ပြခဲ့သော မဟာဋီကာနှင့်အညီ၊ ပဋိနိဿဂ္ဂါနုပဿနာဟူသည်မှာ တရားကိုယ်အားဖြင့် ပဋိသင်္ခါ, သင်္ခါရုပေက္ခာဉာဏ်ပင်ဟူ၍ မှတ်သားအပ်၏။

## (၇) ပဋိနိဿဂ္ဂါနုပဿနာ ပြီး၏။

## အကျဉ်းချုပ်ပြခြင်း

အနိစ္စာနုပဿနာ အစ, ပဋိနိဿဂ္ဂါနုပဿနာ အဆုံး ရှိသော ဤ (၇)ပါးသော အနုပဿနာတို့ ပြီးစီးပြည့်စုံလျှင်, ဆိုလတံ့သော ဝိပဿနာ (၁၀)ပါးတို့လဲ ပါဝင်လျက် ပြီးစီးကုန်သည်သာတည်း၊ ထို့ကြောင့်ပင်, အဋ္ဌကထာတို့၌ "ဝိပဿနာယောဂီသည်၊ ဤ အနုပဿနာ (၇)ပါးတို့ဖြင့် ရှုအပ်ကြောင်းကို" အကြိမ်များစွာ ဖွင့်ပြကြပေသည်။ ပဋိသမ္ဘိဒါမဂ်၌လဲ ဤ အနုပဿနာ (၇) ပါးတို့ကို အကြိမ်များစွာ ဟောတော်မူပေသည်။ ထို့ပြင် ... အနိစ္စ, ဒုက္ခ, အနတ္တာနုပဿနာ ဤ ၃-ပါးတို့ ပြီးစီး ပြည့်စုံလျှင်၊ နိဗ္ဗိဒါ, ဝိရာဂ, နိရောဓ, ပဋိနိဿဂ္ဂါနုပဿနာ-ဤ ၄-ပါးတို့လဲ၊ ပါဝင်လျက် ပြီးစီးကုန်သည်သာတည်း။ ထို့ကြောင့်ပင်, ပိဋကတ ၃-ပုံပါဠိတော် အလုံးစုံတို့၌၊ အနိစ္စဒုက္ခ အနတ္တတို့ကိုသာလျှင်၊ အများဆုံး ဟောတော်မူပေသည်။ ခိုင်မြဲစွာယုံကြည်စေရန် သာဓကမှာ အောက်ပါ မဟာဋီကာပေတည်း။

သတ္တဓာ အဋ္ဌာရသဓာတိ အာဒိနာ ဝိဘတ္တာပိ ဟိ အနုပဿနာပကာရာ အနိစ္စာနုပဿနာဒီသွေဝ တီသု အန္တောဂဓာတိ မတ္ထကပ္ပတ္တာဝိပဿနာ တာသံ ဧဝ ဝသေန တိဋ္ဌတိ။ (၂-၄၆၀)

သတ္တဓာ၊ ခုနစ်ပါး အပြားရှိသော အနုပဿနာ။ အဋ္ဌာရသဓာ၊ တဆဲ့ရှစ်ပါး အပြားရှိသော ဝိပဿနာ။ ဣတိ အာဒိနာ၊ ဤသို့ စသည်ဖြင့်။ ဝိဘတ္တာပိ အနုပဿနာပကာရာ၊ ဝေဘန်အပ်သော အနုပဿနာအပြားတို့သည်လည်း။ တီသု အနိစ္စာနုပဿနာဒီသု ဧဝ၊ သုံးပါးသော အနိစ္စာနုပဿနာ စသည်တို့၌သာလျှင်။ အန္တောဂဓာ၊ အတွင်းဝင်ကုန်၏။ ဣတိ၊ ဤသို့ အတွင်းဝင်ကုန်သောကြောင့်။ မတ္ထကပ္ပတ္တာ၊ ခေါင်ထိပ် အထွဋ် အဖျားသို့ ရောက်လတ်သော်။ ဝါ၊ အထွဋ် အဖျားသို့ ရောက်သော။ ဝိပဿနာ၊ သည်။ တာသံ ဧဝ ဝသေန၊ ထို ၃-ပါးသော အနိစ္စ, ဒုက္ခ, အနတ္တာနုပဿနာတို့၏ အစွမ်းအားဖြင့်သာလျှင်။ တိဋ္ဌတိ၊ တည်၏။

အနုပဿနာ (၇) ပါး၊ မဟာဝိပဿနာ (၁၀)ပါး၊ ဝိပဿနာ (၄၀) ဤသို့ စသည်ဖြင့် များစွာခွဲခြမ်းထားငြားသော်လဲ၊ ထိုထို ဝိပဿနာတို့သည် အနိစ္စ, ဒုက္ခ, အနတ္တာနုပဿနာ ဤ ၃-ပါးတို့၌သာလျှင် အတွင်းဝင်ကုန်၏။ ဤ အနုပဿနာ ၃-ပါး ပြီးစီးပြည့်စုံလျှင်၊ အလုံးစုံသော ဝိပဿနာတို့လဲ ပါဝင်လျက် ပြီးစီးပြည့်စုံကုန်၏။ ထို့ကြောင့်, ဝိပဿနာဉာဏ်သည် ထက်သန် အားပြည့်၍ ခေါင်ထိပ်သို့ ရောက်လျှင်၊ အနိစ္စ ဒုက္ခ အနတ္တာနုပဿနာ ၃-ပါးမျှသာ ဖြစ်လျက် တည်တော့သည်ဟု ဆိုလို၏။

ပါဝင်လျက် ပြီးစီးပုံကား ... ယာ စ အနိစ္စာနုပဿနာ, ယာ စအနိမိတ္တာနုပဿနာ၊ ဣမေဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။ ။ ယာ စ ဒုက္ခာနုပဿနာ, ယာ စ အပ္ပဏိဟိတာနုပဿနာ၊ ဣမေ ဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ။ ယာ စ အနတ္တာနုပဿနာ, ယာ စ သုညတာ နုပဿနာ။ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။ (ပဋိသမ္ဘိဒါမဂ် ၂၅၉၊ ဝိသုဒ္ဓိမဂ် ၂-၂၆၅)

ယာ စ အနိစ္စာနုပဿနာ၊ အကြင် အနိစ္စာနုပဿနာသည်၎င်း။ ယာ စ အနိမိတ္တာနုပဿနာ၊ အကြင် အနိမိတ္တာနုပဿနာသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ ဤ ၂-ပါးသော အနုပဿနာတို့သည်။ ဧကတ္ထာ၊ တူသော သဘောတရားကိုယ်ရှိကုန်၏။ ဝါ၊ အနက်သဘောအားဖြင့် တူကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှ အမည်မျှသည် သာလျှင်။ နာနံ၊ ထူးခြား၏။ (ကြွင်းသော ပါဠိများကို နည်းမှီ၍ အနက်ပြန်လေ)။

ထို့ကြောင့် အနိစ္စာ နုပဿနာ ပြီးစီးလျှင်, အနိမိတ္တာနုပဿနာလဲပြီးစီး၏။ ဒုက္ခာနုပဿနာ ပြီးစီးလျှင်,အပ္ပဏိဟိတာနုပဿနာလဲပြီးစီး၏။ အနတ္တာနုပဿနာ ပြီးစီးလျှင်, သုညတာနုပဿနာလဲ ပြီးစီး၏။

အဓိပညာဓမ္မဝိပဿနာ ပန သဗ္ဗာပိ ဝိပဿနာ။ ယထာဘူတဉာဏဒဿနံ ကင်္ခါဝိတရဏဝိသုဒ္ဓိယာ ဧဝ သင်္ဂဟိတံ။ (ဝိသုဒ္ဓိမဂ် ၂-၂၆၅)

သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်သော။ ဝိပဿနာ၊ အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာသည်။ အဓိပညာဓမ္မဝိပဿနာ၊ မည်၏။ ယထာဘူတဉာဏဒဿနံ၊ ယထာဘူတ ဉာဏ်အမြင်ကို။ ကင်္ခါဝိတရဏဝိသုဒ္ဓိယာ ဧဝ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့် သာလျှင်။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။

ထို့ကြောင့်၊ အနိစ္စ ဒုက္ခ အနတ္တာနုပဿနာ သုံးပါးပြီးစီးလျှင်, အဓိပညာဓမ္မဝိပဿနာလဲ ပြီးစီး၏။ ၎င်းအနုပဿနာတို့၏ အကြောင်းဖြစ်သောကြောင့် ယထာဘူတ ဉာဏဒဿန သည်ကား ရှေးဦးစွာ ပြည့်စုံပြီးဖြစ်၏။ ကျန်သော ဝိပဿနာ (၁၀)ပါးတို့၏ ပါဝင် ပြီးစီးပုံကို၊ အောက်ပါ မဟာဋီကာဖြင့် သိအပ်၏။ (၂-၄၁၈)။

အနိစ္စာနုပဿနာယ ဟိ သဒ္ဓါယ နိစ္စာရောဓာနုပဿနာ ခယာနုပဿနာ ဝယာနုပဿနာ ဝိပရိဏာမာနုပဿနာ စ ဧကဒေသေန သိဒ္ဓါ နာမဟောန္တိ။ ဒုက္ခာနုပဿနာယ သိဒ္ဓါယ နိဗ္ဗိဒါနုပဿနာ ဝိရာဂါနုပဿနာ အာဒီနဝါနုပဿနာ စ။ အနတ္တာနုပဿနာယ သိဒ္ဓါယ ဣတရာ။

အနိစ္စာနုပဿနာယ၊ အနိစ္စာနုပဿနာသည်။ သိဒ္ဓါယ၊ ပြီးစီးလတ်သော်။ နိရောဓာနုပဿနာ၊ သည်၎င်း။ ခယာနုပဿနာ၊ သည်၎င်း။ ဝယာနုပဿနာ၊ သည်၎င်း။ ဝိပရိဏာမနုပဿနာ စ၊ ဝိပရိဏာမာနုပဿနာသည်၎င်း။ ဧကဒေသေန၊ တစိတ်အားဖြင့်။ သိဒ္ဓါ နာမ၊ ပြီးစီးသည်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒုက္ခာနုပဿနာယ၊ ဒုက္ခာနုပဿနာသည်။ သိဒ္ဓါယ၊ ပြီးစီးလတ်သော်။ နိဗ္ဗိဒါနုပဿနာ၊ သည်၎င်း၊ ဝိရာဂါနုပဿနာ၊ သည်၎င်း။ အာဒီနဝါနုပဿနာ စ၊ အာဒီနဝါနုပဿနာသည်၎င်း။ သိဒ္ဓါ နာမ၊ ပြီးစီးသည် မည်ကုန်၏။ အနတ္တာနုပဿနာယ၊ အနတ္တာနုပဿနာသည်။ သိဒ္ဓါယ၊ ပြီးစီးလတ်သော်။ ဣတရာ၊ ဤမှတပါးသော ပဋိနိဿဂ္ဂါနုပဿနာ, ပဋိသင်္ခါနုပဿနာ, ဝိဝဋ္ဋာနုပဿနာတို့သည်။ သိဒ္ဓါ နာမ၊ ပြီးစီးသည် မည်ကုန်၏။

ဤဋီကာ၌၊ "တစိတ်အားဖြင့် ပြီးစီးသည်"ဟု ဆိုသော စကားမှာ သမ္မသနဉာဏ် အရာ၌ ဖြစ်သောကြောင့် ပေတည်း။ ဘင်္ဂဉာဏ်စသော အထက်ဉာဏ်တို့၏ အရာ၌ဖြစ်သော အနိစ္စာနုပဿနာ စသည်တို့ဖြင့်ကား ဆိုင်ရာဝိပဿနာတို့ အလုံးစုံ အားဖြင့် ပြီးစီးကြသည်ဟု မှတ်အပ်၏။ ထို့ပြင်, ... ဋီကာ စာအုပ်တို့၌ ဒုက္ခာနုပဿနာ အရာတွင် ဝိရာဂါနုပဿနာ ဟူသော ပုဒ်သည် ကျလျက်ရှိ၏။ အဘယ့်ကြောင့်နည်းဟူမူ...ပဋိသမ္ဘိဒါမဂ်၌၊ ၎င်းဝိရာဂါနုပဿနာကို၊ ဒုက္ခာနုပဿနာကဲ့သို့၊ ကာမပါဒါန်ကိုသာ ပယ်သည်ဟုဟော၏။ အနတ္တာနုပဿနာကဲ့သို့၊ ဒိဋ္ဌိ သီလဗ္ဗတ အတ္တဝါဒုပါဒါန်တို့ကို ပယ်သည်ဟူ၍ကား မဟောချေ။ ထိုကြောင့် ၎င်းဝိရာဂါနုပဿနာသည် ပဟာနကိစ္စ မတူသော အနတ္တာနုပဿနာ၌ မဝင်သင့်။ ပဟာနကိစ္စ တူသော ဒုက္ခာနုပဿနာ၌သာ ဝင်သင့်၏။ ဤသို့ ဝင်သင့်ပါလျက်၊ စာအုပ်တို့၌ ၎င်းကို မတွေ့ရသောကြောင့် ကျနေသည်ဟု သိရပေသည်။

ဤဋီကာနှင့်အညီ၊ အနိစ္စာနုပဿနာ ပြီးစီးလျှင် နိရောဓ, ခယ, ဝယ, ဝိပရိဏာမာနုပဿနာ ဤ ၄-ပါးတို့လဲ ပြီးစီးကုန်၏။ ဒုက္ခာနုပဿနာ ပြီးစီးလျှင်၊ နိဗ္ဗိဒါ, ဝိရာဂ, အာဒီနဝါနုပဿနာ ဤ ၃-ပါးတို့လဲ ပြီးစီးကုန်၏။ အနတ္တာနုပဿနာပြီးစီးလျှင်၊ ပဋိနိဿဂ္ဂ, ပဋိသင်္ခါ, ဝိဝဋ္ဋာနုပဿနာ ဤ ၃-ပါးတို့လဲ ပြီးစီးကုန်၏။ ဤသည်ကား အနိစ္စာနုပဿနာ စသော အနုပဿနာ ၃-ပါး၌ အလုံးစုံသော ဝိပဿနာတို့ ပါဝင် ပြီးစီးပုံတည်း။

အနိစ္စ ဒုက္ခ အနတ္တာနုပဿနာ ဟူသော ဤ ၃-ပါးတို့သည်လည်း သင်္ခါရတို့၏ အပျက်ကို ရှုမြင်သောဉာဏ် ထက်သန်စွာ ဖြစ်သောကာလ၌၊ ရှုမှတ်အပ်သော ရုပ်နာမ်၏ အပျက်ကို ရှုမြင်ခြင်းဖြင့်သာလျှင် ပြီးစီးကုန်၏။ ထို့ကြောင့်, မဟာဋီကာ၌ ဤသို့ မိန့်ဆို၏။

ကေစိ ပနေတ္ထ အနိစ္စတော အနုပဿတိ နော နိစ္စတောတိ အာဒိနာဝိသုံ ဒဿနကိစ္စံ နတ္ထိ၊ ဘင်္ဂဒဿနေနေဝ သဗ္ဗံ ဒိဋ္ဌံ ဟောတီတိ ဝဒန္တိ။ တံ ဘင်္ဂါနုပဿနာယ မတ္ထကပ္ပတ္တိယံ ယုတ္တံ။ တတော ပန ပုဗ္ဗဘာဂေ အနေကာကာရဝေါကာရာ အနုပဿနာ ဣစ္ဆိတဗ္ဗာဝ။ (၂-၄၄၁)

ကေစိ ပန၊ အချို့ ဆရာတို့သည်ကား၊ ဧတ္ထ၊ ဤ ဘင်္ဂဉာဏ် အရာ၌။ အနိစ္စတော အနုပဿတိ၊ မမြဲဟူ၍သာ ရှု၏။ နော နိစ္စတော၊ မြဲသည်ဟု မရှု။ ဣတိ အာဒိနာ၊ ဤသို့ စသည်ဖြင့်။ ဝိသုံ ဒဿနကိစ္စံ၊ အသီးအခြား ရှုဘွယ် ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဘင်္ဂဒဿနေနေဝ၊ သင်္ခါရတို့၏အပျက်ကို ရှုမြင်ခြင်းဖြင့်သာလျှင်။ သဗ္ဗံ၊ အလုံးစုံသော အနိစ္စအခြင်းအရာ စသည်ကို။ ဒိဋ္ဌံ၊ မြင်အပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။ ဣတိဝဒန္တိ၊ ဤသို့ ဆိုကုန်၏။ တံ၊ ထိုကေစိဆရာတို့၏ စကားသည်။ ဘင်္ဂါနုပဿနာယ၊ အပျက်ကို မြင်သော ဉာဏ်သည်။ မတ္ထကပ္ပတ္တိယံ၊ ခေါင်ထိပ်သို့ ရောက်လတ်သော်။ ယုတ္တံ၊ သင့်ပေ၏။ တတော၊ ထိုဘင်္ဂဉာဏ် ခေါင်ထိပ်သို့ ရောက်သည်မှ။ ပုဗ္ဗဘာဂေ ပန၊ ရှေးအဖို့၌ကား။ အနေကာကာရဝေါကာရာ၊ များသော အခြင်းအရာတို့ဖြင့် ရောပြွမ်းသော။ အနုပဿနာ၊ အနုပဿနာကို။ ဣစ္ဆိတဗ္ဗာဝ၊ အလိုရှိအပ်သည်သာတည်း။

ဤဋီကာ၌ ကေစိဝါဒအဖြစ်ဖြင့် ထုတ်ပြသော်လဲ၊ ဘင်္ဂဉာဏ် နှစ်ဉ်အတွက်သာ ကေစိဝါဒ ဖြစ်၏။ ဘင်္ဂါနုပဿနာ ခေါင်ထိပ်သို့ ရောက်သောအခါ၌ကား "ဋီကာဆရာကပင် 'သင့်ပေသည်'ဟု ထောက်ခံသောကြောင့်" ဋီကာဆရာ နှစ်သက်အပ်သော ဝါဒပင်တည်း။ ထိုကြောင့်ပင်, ပဋိသမ္ဘိဒါမဂ် (၁၆၇)၌ ဝယလက္ခဏူပဋ္ဌာနေကတ္တဥ္စဝိပဿကာနံ ဟု ဟောတော်မူ၏။

ဝယလက္ခဏူပဋ္ဌာနေကတ္တဥ္စ၊ သင်္ခါရတို့၏ အပျက် လက္ခဏာထင်သော ဧကတ္တသည်ကား။ ဝိပဿကာနံ၊ ဝိပဿနာ ရှုသော ယောဂီ ပုဂ္ဂိုလ်တို့၏။ ဧကတ္တံ၊ ကိလေသာ အဖေါ်ကင်းသော ဝိပဿနာ စိတ်တမျိုးထည်း၏ ဖြစ်ကြောင်းပေတည်း။

## မဟာဝိပဿနာ (၁၈) ပါးကို အကျဉ်းချုံးပြခြင်းပြီး၏။

## (၈) ခယာနုပဿနာ

ခယာနုပဿနန္တိ သင်္ခါရာနံ ခဏဘင်္ဂါနုပဿနံ ဟူသော မဟာဋီကာနှင့် အညီ သဘာဝလက္ခဏာအားဖြင့် မှတ်အပ်သော ပျက်ဆဲ ရုပ်နာမ်သင်္ခါရ၏ ကုန်ဆုံးသွားခြင်းဟူသော ခဏဘင်ကို ရှုမြင်သောဉာဏ်သည်၎င်း၊ ထိုရှုမှတ်မှု၏ ကုန်ဆုံးသွားခြင်းဟူသော ခဏဘင်ကို ရှုမြင်သော ဉာဏ်သည်၎င်း၊ ခယာနုပဿနာ မည်၏။ ဤအနုပဿနာသည် ဉာတ=အာရုံနှင့်, ဉာဏ=ဝိပဿနာတို့၏ ကုန်ဆုံးခြင်းပျက်ခြင်းကို သိမြင်သော ဘင်္ဂဉာဏ်ပင်တည်း။ ထို့ကြောင့်, ကိုယ်အကောင်အထည် ပုံသဏ္ဌာန်အနေအားဖြင့် ထင်မှတ်ရသော ဃနနိမိတ်ပညတ် ကွယ်ပျောက်၍ အမှုအရာမျှ ဖြစ်သော ရုပ်နာမ်တို့၏ ကုန်ဆုံးခြင်းသာလျှင် ထပ်ပေါ်သော ကာလ၌ ဤအနုပဿနာ ပြည့်စုံစွာ ဖြစ်၏။

ခယာနုပဿနာတိပစ္စုပ္ပန္နာနံ ရူပက္ခန္ဓာဒီနံ ဘင်္ဂဒဿနဉ္စ, တံတံခန္ဓဘင်္ဂ ဒဿနာနန္တရံ တဒါရမ္မဏစိတ္တစေတသိက ဘင်္ဂဒဿနဉာဏဉ္စ၊ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ၁-၉၇)

ခယာနုပဿနာတိ၊ ဟူသည်ကား။ ပစ္စုပ္ပန္နာနံ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ရူပက္ခန္ဓာဒီနံ၊ အာရုံဖြစ်သော ရုပ်ခန္ဓာစသည်တို့၏။ ဘင်္ဂဒဿနဉ္စ၊ အပျက်ကိုမြင်သော ဉာဏ်သည်၎င်း။ တံ တံခန္ဓဘင်္ဂဒဿနာနန္တရံ၊ ထိုထိုခန္ဓာတို့၏ အပျက်ကို မြင်သည်၏ အခြားမဲ့၌။ တဒါရမ္မဏ စိတ္တစေတသိက ဘင်္ဂဒဿနဉာဏဉ္စ၊ ထိုခန္ဓာတို့၏ အပျက်လျှင် အာရုံရှိသော ဝိပဿနာစိတ် စေတသိက်တို့၏ အပျက်ကို မြင်သော ဉာဏ်သည်၎င်း။ ခယာနုပဿနာ၊ မည်၏။

ခယာနုပဿနာတိ ပန ဃနဝိနိဗ္ဘောဂံ ကတွာ အနိစ္စံ ခယဋ္ဌေနာတိ ဧဝံ ခယံ ပဿတော ဉာဏံ။ (ဝိသုဒ္ဓိမဂ် ၂-၃၃၆)

ခယာနုပဿနာတိ၊ ဟူသည်ကား။ ဃနဝိနိဗ္ဘောဂံ၊ တခုထည်း တကောင်ထည်းဟု ထင်မှတ်အပ်သော ဃနပညတ် အစိုင်အခဲ၏ အသီးအသီး ပျက်ကွဲခြင်းကို။ ကတွာ၊ ဘင်္ဂဉာဏ်ဖြင့် ပြု၍။ အနိစ္စံခယဋ္ဌေနာတိ၊ ကုန်ဆုံးသွားသောကြောင့် မမြဲဟူ၍။ ဧဝံ၊ ဤသို့။ ခယံ၊ ကုန်ဆုံးခြင်းကို။ ပဿတော၊ ရှုမြင်သော ယောဂီ၏။ ဉာဏံ၊ အသိဉာဏ်ပေတည်း။

ဃနလေးပါး ကွဲပျက်ပုံကို အနိစ္စ, အနတ္တာနုပဿနာ အရာတို့၌ဆိုခဲ့ပြီ။ ဘင်္ဂဉာဏ် ထက်သန်စွာဖြစ်ပေါ်၍ ဃန ကွဲသောယောဂီအား ကွေးဆဲ၌ ကွေးသော အခြင်းအရာအားဖြင့် ဖြစ်ပေါ်သော လှုပ်ရှားမှုကလေးများသာလျှင် အဆင့်ဆင့် အပိုင်းအပိုင်း ပြတ်လျက်ထင်ပေါ်၏။ ထို့ကြောင့် ၎င်းလှုပ်ရှားမှု ကလေးများကို "ကုန်ဆုံး သွားသည်, ကုန်ဆုံးသွားသည်"ဟု သိမြင်၏။ ထိုသိမြင်မှု စိတ်များကိုလဲ သူတို့၏အာရုံနှင့် တပါထည်းပင် ရှေ့ဆင့်နောက်ဆင့်လိုက်၍ "ကုန်ဆုံး ကုန်ဆုံး သွားသည်"ဟု၊ အခြားမဲ့ အခြားမဲ့မှာပင် သိမြင်၏။ ထို့ကြောင့် ကွေးသည်ဟု ခေါ်ဆိုရသောရုပ်သည် သာမန်လူများမှာကဲ့သို့ လက်မောင်းဟန် လက်ချောင်းဟန် စသော တခဲနက်ပုံ သဏ္ဌာန်ဖြစ်လျက်လဲ မထင်ပေါ်ပြီ။ ထိုလက်သည်ပင် တည်မြဲ တည်ရှိနေသကဲ့သို့လဲ မထင်ပေါ်ပြီ။ ထို့ပြင်, ... မှတ်သိမှု စိတ်များသည်လည်း သာမန်လူများမှာကဲ့သို့၊ တယောက်ထည်းကပင် မှတ်သိလျက် ရှိသည့်အနေအားဖြင့် မထင်ပေါ်ပြီ။ အမှန်အားဖြင့်သော်ကား ထိုထိုခဏမှာပင် အပိုင်းအပိုင်း ပြတ်လျက် ကုန်ဆုံး ကုန်ဆုံးသွားသည့် အနေအားဖြင့်သာလျှင် ထင်ပေါ်၏။ ယောဂီသည် ထိုရုပ်နာမ်တို့ကို ထင်ပေါ်သည့်အတိုင်းပင် "ကုန်ဆုံးသွားသည်, ကုန်ဆုံးသွားသည်"ဟုသိ၏။ ဆန့်ဆဲ မြင်ဆဲ စသည်တို့၌လဲ နည်းတူပင်တည်း။ ဤသို့ သိသောကြောင့် မှတ်သိရသော ထိုရုပ်နာမ်တို့၌ 'တခုထည်း တကောင်ထည်း'ဟုထင်မှု သညာဝိပလ္လာသစသည်တို့ မဖြစ်နိုင်ကုန်ပြီ။ထို့ကြောင့်, "ဤအနုပဿနာကို ပွါးစေသော သူသည် ဃနသညာကို ပယ်သည်"ဟု မိန့်ဆိုပေသည်။

ဘင်္ဂါနုပဿနာတော ပဋ္ဌာယ တဿာ ပါရိပူရီတိ ဃနသညာယပဟာနံ ဟောတိ။ တတော ပုဗ္ဗေ အပရိပုဏ္ဏတာယ တံ န ဟောတိ။ ဧဝမညတ္ထာပီတိ ပရိပုဏ္ဏာပရိပုဏ္ဏတာ ပဟာန တီရဏပရိညာသုဒဋ္ဌဗ္ဗာ။ (မဟာဋီကာ ၂-၄၁၇)

ဘင်္ဂါနုပဿနာတော ပဋ္ဌာယ၊ ဘင်္ဂဉာဏ်မှ စ၍။ တဿာ၊ ထိုခယာနုပဿနာ၏။ ပါရိပူရိ၊ လုံးဝ ပြည့်စုံခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ဝါ၊ ဘင်္ဂဉာဏ်သည်ပင်ပြည့်စုံသောခယာနုပဿနာ ဖြစ်သောကြောင့်။ ဃနသညာယ၊ တလုံးတခဲထည်း တကောင်ထည်းဟု ထင်မှတ်မှု ဃနသညာကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို ဘင်္ဂဉာဏ်မှ။ ပုဗ္ဗေ၊ ရှေး၌။ အပရိပုဏ္ဏတာယ၊ ခယာနုပဿနာ မပြည့်စုံသေးသောကြောင့်။ တံ ဃနသညာပဟာနံ၊ ထို ဃနသညာကိုပယ်ခြင်းသည်။ န ဟောတိ၊ မဖြစ်သေး။ (ဤစကားဖြင့်၊ ဘင်္ဂဉာဏ်သို့ မရောက်သေးသော ယောဂီအား ပုံသဏ္ဍာန် အထည်ဒြပ် ဃနပညတ် ထင်ပေါ်မှု မပျောက်သေးသည်ကို တိုက်ရိုက် ဖေါ်ပြ၏။ လေးနက်စွာ သတိပြုပါ)။ အညတ္ထာပိ၊ တပါးသော အနိစ္စာနုပဿနာ စသည်တို့၌လဲ။ ဧဝံ၊ ဤ ခယာနုပဿနာ နည်းတူပင်တည်း။ ဣတိ၊ ဤသို့ ဘင်္ဂဉာဏ်မှစ၍ ဝိပဿနာ ပြည့်စုံသောကြောင့်။ ပဟာနတီရဏပရိညာသု၊ ပဟာနပရိညာ, တီရဏပရိညာတို့၌။ ဝိပဿနာပညာယ၊ ဝိပဿနာပညာ၏။ ပရိပုဏ္ဏာပရိပုဏ္ဏတာ၊ လုံးဝ ပြည့်စုံခြင်း, မပြည့်စုံ သေးခြင်းကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

သမ္မသန, ဥဒယဗ္ဗယဉာဏ်ဟူသော တီရဏပရိညာ အခိုက်အတန့်၌၁ ဝိပဿနာသည် အင်အားမပြည့်စုံသေး။ ထို့ကြောင့်, ထိုအခိုက်၌ဖြစ်သော အနိစ္စာနုပဿနာ စသည်တို့သည် နိစ္စသညာ စသည်တို့ကို လုံးဝကင်းပျောက်အောင် မပယ် နိုင်ကြသေး။ ဘင်္ဂဉာဏ်စသော ပဟာနပရိညာ အခိုက်အတန့်၌ ဝိပဿနာသည် လုံးဝပြည့်စုံ၏။ ထို့ကြောင့်, ထိုအခိုက်အတန့် ၌ဖြစ်သော အနိစ္စာနုပဿနာစသည်တို့သည် နိစ္စသညာစသော ဆန့်ကျင်ဘက်တို့ကို လုံးဝကင်းပျောက်အောင် ပယ်နိုင်ကုန်၏ ဟု ဆိုလိုသည်။

## (၈) ခယာနုပဿနာ ပြီး၏။

## (၉) ဝယာနုပဿနာ

ဝယာနုပဿနာတိ "အာရမ္မဏအန္ဝယေန၊ ဥဘော ဧကဝဝတ္ထနာ။ နိရောဓေ အဓိမုတ္တတာ၊ ဝယလက္ခဏာ ဝိပဿနာ တိ" ဧဝံ ဝုတ္တာ, ပစ္စက္ခတော စေဝ အန္ဝယတော စ သင်္ခါရာနံ ဘင်္ဂံ ဒိသွာ, တသ္မိညေဝ ဘင်္ဂသင်္ခါတေ နိရောဓေ အဓိမုတ္တတာ။ တာယ အာယူဟနဿ ပဟာနံ ဟောတိ၊ ယေသဥ္စိ အတ္ထာယ အာယူဟေယျ၊ တေ ဧဝံ ဝယဓမ္မာတိ ဝိပဿတော အာယူဟနေ စိတ္တံ န နမတိ။ (ဝိသုဒ္ဓိမဂ် ၂-၃၃၆)

ဝယာနုပဿနာတိ၊ ဝယာနုပဿနာ ဟူသည်ကား။ အာရမ္မဏအန္ဝယေန၊ မျက်မှောက် မြင်အပ်သော ပစ္စုပ္ပန်အာရုံသို့ အစဉ်လိုက်သောဉာဏ်ဖြင့်။ ဥဘော၊ မျက်မှောက် မြင်အပ်သော ပစ္စုပ္ပန်နှင့်, မျက်မှောက် မမြင်အပ်သော အတိတ်, အနာဂတ်, တည်းဟူသောအာရုံနှစ်မျိုးတို့ကို။ ဧကဝ ဝတ္ထနာ၊ ပျက်ခြင်း ဟူသော တူသော သဘောဖြင့်သာလျှင် ပိုင်းခြားခြင်းငှါ။ ဝါ၊ ပျက်တတ်သည်၏ အဖြစ်ဖြင့် သဘောတူကုန်၏ဟု ပိုင်းခြားခြင်းငှါ။ နိရောဓေ၊ ချုပ် ပျက်ခြင်း၌ သာလျှင်။ အဓိမုတ္တတာ၊ ညွတ်ကိုင်းသည်၏ အဖြစ်ငှါ။ ဣဘော၊ ဤ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသောဉာဏ်ပညာသည်။ ဝယလက္ခဏာ ဝိပဿနာ၊ အပျက် လက္ခဏာကို ရှုမြင်သော ဝိပဿနာ မည်၏။ ဣတိ ဧဝံ၊ ဤသို့။ ဝုတ္တာ၊ ပဋိသမ္ဘိဒါမဂ်ဘင်္ဂဉာဏ် အရာ၌ ဟောအပ်သော။ (ဤဝိသေသနကို အဓိမုတ္တတာပုဒ်၌ စပ်)။ ပစ္စက္ခတော စေဝ၊ မျက်မှောက် ဉာဏ်အားဖြင့်ငှါ။ အန္ဝယတော စ၊ မျက်မှောက် ဉာဏ်သို့ လိုက်၍ နှိုင်းဆသော ဉာဏ်အားဖြင့်ငှါ။ သင်္ခါရာနံ မျက်မှောက်, မျက်ကွယ် ဖြစ်သော သင်္ခါရတို့၏။ ဘင်္ဂံ၊ ပျက်ခြင်းကို။ ဒိသွာ၊ မြင်၍။ ဘင်္ဂသင်္ခါတေ၊ ပျက်ခြင်းဟု ဆိုအပ်သော။ တသ္မိညေဝ နိရောဓေ၊ ထို ချုပ်ခြင်း၌ သာလျှင်။ အဓိမုတ္တတာ၊ ညွတ်ကိုင်း နှလုံးသွင်းသော ဉာဏ်ပညာသည်။ ဝယာနုပဿနာ၊ မည်၏။ တာယ၊ အလုံးစုံသော သင်္ခါရတို့ကို ပျက်သည်ဟု နှလုံးသွင်းသော ထို ဝယာနုပဿနာဖြင့်။ အာယူဟနဿ၊ ချမ်းသာကောင်းစား ကြီးပွါးရန် အားထုန်ခြင်းကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထင်စွာ ပြဦးအံ့။ ယေသံ၊ အမြဲ တည်ရှိနေသည်ဟု ထင်မှတ်အပ်သော အကြင်သင်္ခါရတို့၏။ အတ္ထာယ၊ ချမ်းသာကောင်းစား ကြီးပွါးခြင်း ဟူသောအကျိုးငှါ။ အာယူဟေယျ၊ သင်္ခါရတို့၏ အပျက်ကို မမြင်သောသူသည် အားထုတ်လေရာ၏။ တေသင်္ခါရာ၊ မြဲသည်ဟု ရှေးက ထင်မှတ်ခဲ့သော ထို သင်္ခါရတို့သည်။ ဝါ၊ ချမ်းသာ ကောင်းစား ကြီးပွါးစေလိုအပ်သော ထိုသင်္ခါရတို့သည်။ ဧဝံ ဝယဓမ္မာတိ၊ ဤသို့ လျင်မြန်စွာ ပျက်ခြင်းသဘော ရှိကြပါ တကားဟူ၍။ ဝိပဿတော၊ ရှုမြင်သော ယောဂီ၏။ စိတ္တံ၊ စိတ်သည်။ အာယူဟနေ၊ ချမ်းသာကောင်းစား ကြီးပွါးစေရန် အား ထုတ်မှု၌။ န နမတိ၊ မညွတ်, မဝင်စား။

မျက်မှောက်မှတ်သိရသော ရုပ်နာမ်တို့၏ ခဏမစဲပျက်ခြင်းကို သိမြင်ပြီးသောယောဂီသည် မျက်မှောက် မသိနိုင်သော အတိတ်အနာဂတ် ရုပ်နာမ်တို့ကိုလဲ "မျက်မှောက် ရုပ်နာမ်ကဲ့သို့ပင်၊ ခဏမစဲ ပျက်ခြင်းသဘောရှိသည်"ဟူ၍ နှိုင်းဆ ဆင်ခြင်သောအားဖြင့် ဆုံးဖြတ်လျက်ရှု၏။ ထိုအခါ၌ "သင်္ခါရအလုံးစုံပင် ခဏမစဲ ချုပ်ပျက်နေသည်ချည်းသာ၊ မချုပ် မပျက်ဘဲ, အမြဲတည်နေနိုင်သော သဘောတရားမရှိ"ဟူ၍ ချုပ်ပျက်ခြင်း၌သာလျှင် ညွတ်ကိုင်းလျက် နှလုံးသွင်း ဆင်ခြင်သော ဉာဏ်သည် ဖြစ်ပေါ်၏။ ဤဉာဏ်သည် ဝယာနုပဿနာ မည်၏။ ဤ အနုပဿနာသည် ချမ်းသာ ကောင်းစား ကြီးပွါးရန် ရည်သန်၍ အားထုတ်လိုမှုကို ကင်းပျောက်စေ၏။ ကင်းစေပုံကား...ရုပ်နာမ်တို့ကို ခဏမစဲ တပျက်ထဲ ပျက်နေသည်ဟု၊စိတ်ချ

လက်ချ သဘောမကျသေးလျှင်၊ "မပျက်ဘဲ တည်တံ့နေသော မိမိကိုယ်, သူတပါးကိုယ် ရှိသည်"ဟု ထင်မှတ်၏။ မြဲသော မိမိကိုယ်, သူတပါးကိုယ် ဟု ထင်မှတ်အပ်သော သင်္ခါရတို့ကို ချမ်းသာ ကောင်းစား ကြီးပွါးစေလိုသောကြောင့်၊ ယခုဘဝ အတွက်လဲ အားထုတ်၏။ နောင်ဘဝအတွက်လဲ အားထုတ်၏။ ဤဝယာနုပဿနာဖြင့် "သင်္ခါရအလုံးစုံပင် ခဏမစဲ တပျက် ထဲ ပျက်နေသည်"ဟု စိတ်ချ လက်ချ သဘောကျလျှင်ကား, … မြဲနေသည်ဟု ရှေးက ထင်မြင်ခဲ့သော ထိုသင်္ခါရတို့ ချမ်းသာ ကောင်းစားကြီးပွါးရန်အတွက် ကြောင့်ကြမစိုက်လိုပြီ၊ အားထုတ်ရန် စိတ် မဝင်စားပြီ။ ဥပမာ…အလွန်ချစ်လှစွာသော သားသမီး ကလေးများ အချိန်အယွယ်ရောက်က လုလုပပဝတ်စားသုံးဆောင်ရန် ရည်သန်မျှော်လင့်လျက်၊ ပစ္စည်း ဥစ္စာ ဖွေရှာ ကြိုးကုတ် အားထုတ်လုပ်ကိုင်လျက် ရှိသောသူသည် ထိုသားချစ် သမီးချစ်ကလေးတွေ သေကြေ ပျက်စီးသွားသည်ကို သိရသောအခါမှစ၍ အားထုတ် လုပ်ကိုင်မှု၌ စိတ် မဝင်စားတော့ သကဲ့သို့ပင်တည်း။ ဤသို့ချမ်းသာ ကောင်းစား ကြီးပွါးရန် အားမထုတ်လိုခြင်း, အားထုတ်မှု၌ စိတ် မဝင်စားခြင်းသည်၊ ဝယာနုပဿနာကပယ်ခြင်းကြောင့်ပင်တည်း။

## (၉) ဝယာနုပဿနာ ပြီး၏။

## (၁၀) ဝိပရိဏာမာနုပဿနာ

ဝိပရိဏာမာနုပဿနာတိ ရူပသတ္တကာဒိဝသေန တံ တံ ပရိစ္ဆေဒံ အတိက္ကမ္မ အညထာ ပဝတ္တိဒဿနံ။ အထဝါ ဥပ္ပန္နဿ ဇရာယ စေဝ မရဏေန စ ဒွိဟာကာရေဟိ ပရိဏာမဒဿနံ။ (ဝိသုဒ္ဓိမဂ် ၂-၃၃၆)

ဝိပရိဏာမာနုပဿနာတိ၊ ဟူသည်ကား။ ရူပသတ္တကာဒိဝသေန၊ ရူပသတ္တက စသည်တို့၏ အစွမ်းဖြင့်။ တံ တံ ပရိစ္ဆေဒံ အတိက္ကမ္မ၊ ထို ထို အပိုင်းအခြားကို လွန်လတ်သော်။ အညထာ ပဝတ္တိဒဿနံ၊ တပါးသော အမူအရာဖြင့် ဖြစ်ခြင်းကို ရှုမြင်သော ဉာဏ်ပေတည်း။ အထဝါ၊ တနည်းကား။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသောရုပ်နာမ်၏။ ဇရာယစေဝ၊ အိုခြင်းရင့်ခြင်းဖြင့်၎င်း။ မရဏေန စ၊ သေခြင်းပျက်ခြင်းဖြင့်၎င်း။ ဒွိဟိ အာကာရေဟိ၊ နှစ်မျိုးသော အခြင်းအရာတို့ဖြင့်။ ပရိဏာမဒဿနံ၊ ပင်ကိုယ် ရင်းအတိုင်း မတည်ဘဲ ပြောင်းလဲဖေါက်ပြန်သည်ကို ရှုမြင်သော ဉာဏ်ပေတည်း။

ပဌမနည်း ရှုပုံကား … တဘဝ တဘဝအတွင်း၌ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ပေါ်သောရုပ်တို့သည် သေသော အခါ၌ အလုံးစုံ ဖေါက်ပြန်ပျက်စီးကြသည်ဟူ၍၎င်း၊ အယွယ်သုံးပါးတို့တွင် ပဌမအယွယ်ကရုပ်တို့သည် ဒုတိယအယွယ်သို့ ရောက်လျှင်, ရှေးကနှင့် မတူဘဲပြောင်းလဲဖေါက်ပြန်ကြသည်ဟူ၍၎င်း၊ ဒုတိယအယွယ်က ရုပ်တို့သည် တတိယအယွယ်သို့ ရောက်လျှင်, ရှေးကနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်ကြသည်ဟူ၍၎င်း၊ တတိယအယွယ်က ရုပ်တို့သည် သေသောအခါ၌ ရှေး ကနှင့် မတူဘဲပြောင်းလဲ ဖေါက်ပြန်ကြသည်ဟူ၍၎င်း၊ အသက်ဆယ်နှစ်အတွင်းက ရုပ်တို့သည် ဆယ်နှစ်ကျော်လျှင်,ရှေးကနှင့် မတူဘဲ ပြောင်းလဲဖေါက်ပြန်ကြသည်ဟူ၍၎င်း၊ အသက်နှစ်ဆယ်အတွင်းကရုပ်တို့သည် နှစ်ဆယ်ကျော်လျှင်, ရှေးကနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်ကြသည်ဟူ၍၎င်း၊ (သမ္မသနဉာဏ် အရာ၌ ပြခဲ့သော နည်းကို မှီ၍ ချဲ့ပါလေ)။ ညဥ့်က ရုပ်သည်၊ နေ့သို့ ရောက်လျှင်, ညဥ့်ကနှင့် မတူဘဲ ပြောင်းလဲဖေါက်ပြန်သည် ဟူ၍၎င်း၊ နေ့က ရုပ်သည်လည်း ညဥ့်သို့ ရောက်လျှင်, နေ့ကနှင့် မတူဘဲ ပြောင်းလဲဖေါက်ပြန်သည်ဟူ၍၎င်း၊ နံနက်ကရုပ်သည် နေ့လယ်သို့ရောက်လျှင်, နံနက်ကနှင့်မတူဘဲ ပြောင်းလဲ ဖေါက်ပြန်သည်ဟူ၍၎င်း၊ နေ့လယ်ကရုပ်သည် ညနေသို့ရောက်လျှင်, ညနေကရုပ်သည် ညဥ့်ဦးသို့ရောက်လျှင်, ညဥ့်ဦးကရုပ် သည် ညဥ့်လယ်သို့ရောက်လျှင်, ညဥ့်လယ်က ရုပ်သည် မိုးလင်းယာမ်သို့ရောက်လျှင်, မိုးလင်းယာမ်ကရုပ်သည် နံနက်ခင်းသို့ ရောက်လျှင်, ရှေးကနှင့်မတူဘဲ ပြောင်းလဲ ဖေါက်ပြန်သည် ဟူ၍၎င်း ရှုဆင်ခြင်၏။ ဤကား အကြမ်းစား ရှုဆင်ခြင်ပုံတည်း။

အနုစား ရှုပုံကား … ရှေ့သို့သွားစဉ်က ရုပ်သည် နောက်သို့ဆုတ်ဆဲ ကြည့်ဆဲ စသည်၌ ရှေးကနှင့်မတူဘဲ ပြောင်းလဲ ဖေါက်ပြန်သည် ဟူ၍၎င်း၊ နောက်သို့ ဆုတ်စဉ် ကြည့်စဉ် ကွေးစဉ် စသည်၌ရှိသော ရုပ်သည်လည်း ရှေ့သို့ သွားစဉ်စသည်၌ ရှေးကနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်သည်ဟူ၍၎င်း။ ငြိမ်သက်စဉ်က ရုပ်သည် လှုပ်ရှားစဉ်၌၊ လှုပ်ရှားစဉ်က ရုပ်သည်လည်း ငြိမ်သက်စဉ်၌, ရှေးကနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်သည်ဟူ၍၎င်း၊ ဖေါင်းရုပ်သည် ပိန်စဉ်၌, ပိန်ရုပ်သည်လည်း ဖေါင်းစဉ် ၌, ရှေးကနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်သည်ဟူ၍၎င်း, ခြေကိုကြွစဉ်ကရုပ်သည် လှမ်းဆဲ၌, လှမ်းစဉ်ကရုပ်သည် ချဆဲ၌, ချစဉ်ကရုပ်သည် နင်းဆဲ၌, နင်းစဉ်ကရုပ်သည် တဖန် ခြေကိုကြွဆဲ၌, ရှေးကနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်သည်ဟူ၍၎င်း၊ အေးစဉ်ကရုပ်သည် ပူဆဲ၌, ပူစဉ်ကရုပ်သည်လည်း အေးဆဲ၌, ရှေးကနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်သည်ဟူ၍၎င်း၊ ဆာစဉ် ကရုပ်သည် အစာဝဆဲ၌, အစာဝစဉ်က ရုပ်သည်လည်းဆာဆဲ၌, ရှေးကနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်သည်ဟူ၍၎င်း၊ဝမ်းသာ စဉ်ကရုပ်သည် ဝမ်းမသာဆဲ ဝမ်းနည်းဆဲတို့၌, ဝမ်းမသာစဉ်ကရုပ်သည် ဝမ်းသာဆဲတို့၌, ဝမ်းနည်းစဉ်ကရုပ်သည် ဝမ်းမနည်း ဘဲ ဝမ်းသာဆဲတို့၌, ရှေးကနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်သည်ဟူ၍၎င်း၊ ဤသို့စသည်ဖြင့် ရုပ်အမူအရာ ထူးခြားတိုင်း 'ပြောင်းလဲဖေါက်ပြန်သည်'ဟုရှု၏။ ထို့ပြင်, … ရှေးရှေး စိတ်များကိုလဲ နောက်နောက် စိတ်များ ဖြစ်ပေါ်လာတိုင်း 'ရှေးကနှင့် မတူဘဲ ပြောင်းလဲ ဖေါက်ပြန်သည်"ဟု ရှု၏။ ဤသည်ကား ပဌမနည်းအရ ဝိပရိဏာမာနုပဿနာ ဖြစ်ပုံတည်း။

ဒုတိယနည်း ရှုပုံကား … ရုပ်နာမ်တို့သည် အိုမင်း ရင့်ရော်သဖြင့်လဲ ပြောင်းလဲ ဖေါက်ပြန်ကုန်၏။ သေသဖြင့်လဲ ပြောင်းလဲဖေါက်ပြန်ကုန်၏။ ဤအခြင်းအရာနှစ်မျိုးတို့ဖြင့် ပင်ကိုရင်းအတိုင်းမတည်ဘဲ ပြောင်းလဲဖေါက်ပြန် ပျက်စီးကြသည်ဟု ရှုဆင်ခြင်၏။ ဤသည်ကား အကြမ်းစား ရှုဆင်ခြင်ပုံတည်း။

အနုစား ရှုပုံကား … ဖြစ်ခိုက်ဖြစ်ခိုက် ရုပ်နာမ်ကို မပြတ်မှတ်သိလျက်ရှိသော ယောဂီသည် ဉာဏ်ရင့်သောအခါ၌၊ မှတ်အပ်သော ထိုရုပ်နာမ်၏ ဇရာမည်သော အလယ်ပိုင်းဌီခဏဖြင့်၊ ဖြစ်စကနှင့်မတူဘဲ ပြောင်းလဲ ဖေါက်ပြန်သည်ကိုငှင်း၊ မရဏမည်သော အဆုံးပိုင်းဘင်ခဏဖြင့်၊ ကုန်ဆုံးပျက်စီးသွားသည်ကိုငှင်း မျက်မှောက်သိမြင်၏။ ထိုကြောင့်, မှတ်တိုင်း မှတ်တိုင်း ထိုရုပ်နာမ်တို့ကို "အလယ်ပိုင်း, အဆုံးပိုင်းတို့ဖြင့် ဖြစ်စကအနေနှင့်မတူဘဲ ပြောင်းလဲဖေါက်ပြန်ကြသည်"ဟူ၍ မျက်မှောက်ရှုမြင်၏။ မှတ်သိရသောပစ္စုပ္ပန် ရုပ်နာမ်ကို၊ ပင်ကိုရင်းအတိုင်း မတည်ဘဲ ပြောင်းလဲ ဖေါက်ပြန်သည်ဟု ပိုင်ပိုင် နိုင်နိုင် သိမြင်ပြီးသောအခါ၌ မျက်မှောက်မသိနိုင်သော အတိတ်အနာဂတ် ရုပ်နာမ်, တလောကလုံးရှိ ရုပ်နာမ်တို့ကိုလဲ "ဤနည်းတူပင် ပင်ကိုရင်းသဘောအတိုင်း မတည်ဘဲ အလည်ပိုင်း, အဆုံးပိုင်း၊ တည်ခြင်း, ပျက်ခြင်း၊ ရင့်ခြင်း, သေခြင်းတို့ဖြင့် ပြောင်းလဲဖေါက်ပြန်ကြသည်ချည်းသာ"ဟူ၍ အန္ဝယဉာဏ်ဖြင့် ဆင်ခြင်ဆုံးဖြတ်လျက် ရှု၏။ ဤသည်ကား ဒုတိယနည်းအရ ဝိပရိဏာမာနုပဿနာ ဖြစ်ပုံတည်း။

ပင်ကိုရင်းအတိုင်း မတည်ဘဲ ပြောင်းလဲ ဖေါက်ပြန်သည်ဟု ရှုမြင်သော ဤ ပစ္စက္ခဉာဏ်, အန္ဝယဉာဏ် ၂-ပါးသည် ဝိပရိဏာမာနုပဿနာ မည်၏။ ဤအနုပဿနာသည် ရုပ်နာမ်သင်္ခါရတို့၌ "ပင်ကိုရင်းအတိုင်း မပြောင်းလဲဘဲ ခိုင်မြဲတည်တံ့နေသည်"ဟု ထင်မှတ်သော ဓုဝသညာကို ကင်းပျောက်စေ၏။

ဝါဒအထူး … ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ကား ရှေးခယာနုပဿနာနှင့်, နောက်အဓိပညာဓမ္မဝိပဿနာတို့ကို ထောက်မျှော်၍၊ အန္ဝယဘင်္ဂဉာဏ်ကို ဝယာနုပဿနာ ဟူ၍ငှင်း၊ ထို ဝယာနုပဿနာ၏ အစွမ်းကြောင့် အလုံးစုံသောတရားတို့ကို "ဖေါက်ပြန်ပျက်စီးခြင်း သဘောရှိကြသည်"ဟူ၍ သိမြင်သောဉာဏ်ကို ဝိပရိဏာမာနုပဿနာ ဟူ၍ငှင်း ဖွင့်ဆို၏။ အောက်ပါ အတိုင်းပင်တည်း။

ဝယာနုပဿနာတိ ပစ္စုပ္ပန္နက္ခန္ဓာနံ ဘင်္ဂဒဿနာနန္တရံ တဒန္ဝယေနေဝ အတီတာနာဂတက္ခန္ဓာနံ ဘင်္ဂဒဿနဉာဏံ။ဝိပရိဏာမာနုပဿနာတိ တသ္မိံ ဘင်္ဂသင်္ခါတေ နိရောဓေ အဓိမုတ္တတ္တာ အထ သဗ္ဗေပိ အတီတာ နာဂတပစ္စုပ္ပန္နာ ခန္ဓာ ဝိပရိဏာမဝန္တောတိ သဗ္ဗေသံ ဝိပရိဏာမဒဿနဉာဏံ။ (ပဋိသံ ၁-၉၇)

ဝယာနုပဿနာတိ၊ ဝယာနုပဿနာ ဟူသည်ကား။ ပစ္စုပ္ပန္နက္ခန္ဓာနံ ဘင်္ဂဒဿနာနန္တရံ၊ ပစ္စုပ္ပန် ခန္ဓာတို့၏အပျက်ကို မြင်သည်၏အခြားမဲ့၌။ တဒန္ဝယေနေဝ၊ ထိုပစ္စုပ္ပန်ခန္ဓာတို့၏ အပျက်ကိုမြင်သော ပစ္စက္ခဉာဏ်သို့ အစဉ်လိုက်သဖြင့်သာလျှင်။ အတီတာနာဂတက္ခန္ဓာနံ ဘင်္ဂဒဿနဉာဏံ၊ အတိတ်အနာဂတ် ခန္ဓာတို့၏အပျက်ကို ရှုသောဉာဏ်ပေတည်း။ ဝိပရိဏာမာနုပဿနာတိ၊ ဝိပရိဏာမာနုပဿနာ ဟူသည်ကား။ တသ္မိံ ဘင်္ဂသင်္ခါတေ နိရောဓေ၊ ဘင်ဟုဆိုအပ်သော ထိုချုပ်ခြင်း၌။ အဓိမုတ္တတ္တာ၊ လေးလေးစားစား ညွတ်ကိုင်းနှလုံးသွင်းသည်၏ အဖြစ်ကြောင့်။ အထ၊ ထိုအခါ၌။ သဗ္ဗေပိ၊ အလုံးစုံလဲ ဖြစ်ကုန်သော အတီတာနာဂတပစ္စုပ္ပန္နာခန္ဓာ၊ အတိတ်အနာဂတ် ပစ္စုပ္ပန်ခန္ဓာတို့သည်။ ဝိပရိဏာမဝန္တောတိ၊ ပြောင်းလဲ ဖေါက်ပြန်ခြင်း ပျက်စီးခြင်းသဘော ရှိကုန်၏ဟူ၍။ သဗ္ဗေသံ ဝိပရိဏာမဒဿနဉာဏံ၊ အလုံးစုံသော တရားတို့၏ ဖေါက်ပြန်ပျက်စီးခြင်းကို ရှုမြင်သော ဉာဏ်ပေတည်း။ (ဤအလိုအားဖြင့် ဝိပရိဏာမာနုပဿနာကို "ဘင်္ဂဉာဏ်ခေါင်ထိပ်သို့ ရောက်ပြီးသော အခါ၌သာ ဖြစ်သည်"ဟု မှတ်အပ်၏)

## (၁၀) ဝိပရိဏာမာနုပဿနာပြီး၏။

## (၁၁) အနိမိတ္တာနုပဿနာ

အနိမိတ္တာနုပဿနာ ဟူသည်မှာ၊ အနိစ္စာနုပဿနာပင် ဖြစ်ကြောင်းကို အကျဉ်းချုံးပြရာ၌ဆိုခဲ့ပြီ၊ သို့သော်လဲ, အမည် သဒ္ဒါ ထူးခြားသည်အားလျော်စွာ သဒ္ဒါနက် ထူးခြားပုံကို ပြဦးအံ့။

နိမိတ္တန္တိ သင်္ခါရနိမိတ္တံ။ (ဝိသုဒ္ဓိမဂ် ၂-၂၈၄)

သင်္ခါရနိမိတ္တန္တိ သင်္ခါရာနံ သမူဟာဒိဃနဝသေန, သ.ကိစ္စ ပရိစ္ဆေဒတာယ စ, သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ။ (မဟာ ဋီကာ ၂-၄၄၇)

နိမိတ္တန္တိ၊ နိမိတ် ဟူသည်ကား။ သင်္ခါရနိမိတ္တံ၊ သင်္ခါရတို့၏ ထင်ပေါ်ပုံ အခြင်းအရာတည်း။

သင်္ခါရနိမိတ္တန္တိ၊ သင်္ခါရနိမိတ် ဟူသည်ကား။ အဘာဝိတဘာဝနဿ၊ ပွါးစေအပ်သော ဝိပဿနာဘာဝနာ မရှိသော သူအား။ (အနုဋီကာနှင့်အညီထည့်သည်၊ ဥပဋ္ဌာနံ၌စပ်)။ သမူဟာဒိဃနဝသေန၊ သမူဟစသော ဃနပညတ်တို့၏ အလိုအားဖြင့်။ သဝိဂ္ဂဟာနံ ဝိယ၊ ကိုယ် အထည် ဒြပ် ရှိသော ဝတ္ထုတို့၏ ထင်ပေါ်ခြင်းကဲ့သို့။ ဝါ၊ ကိုယ်အထည်ဒြပ် ရှိကုန်သကဲ့သို့။ သင်္ခါရာနံ ဥပဋ္ဌာနဥ္စ၊ သင်္ခါရတို့၏ ထင်ပေါ်ခြင်းသည်၎င်း။ ဘာဝိတဘာဝနဿ၊ ပွါးစေအပ်သော ဝိပဿနာ ဘာဝနာရှိသော ယောဂီအား။ (နည်းတူပင် ထည့်သည်)။ သ.ကိစ္စ ပရိစ္ဆေဒတာယ၊ မိမိ၏ ကိစ္စ ဟူသော အပိုင်းအခြား ရှိသည်၏ အဖြစ်ဖြင့်။ ဝါ မိမိ၏ကိစ္စ, မိမိ၏သဘော, မိမိ၏ခဏ, မိမိ၏အာရုံ, ဟူသော အပိုင်းအခြားရှိသည်၏ အဖြစ်ဖြင့်။ (လက္ခဏာဟာရနည်းအရကိစ္စဖြင့်၊ သဘော, ခဏ, အာရုံ, တို့ကိုလဲယူသည်)။ သဝိဂ္ဂဟာနံ ဝိယ၊ အထည်ဒြပ် ရှိကုန်သကဲ့သို့။ သင်္ခါရာနံဥပဋ္ဌာနဥ္စ၊ သင်္ခါရတို့၏ ထင်ပေါ်ခြင်းသည်၎င်း။ သင်္ခါရနိမိတ္တံ၊ သင်္ခါရနိမိတ် မည်၏။

ဝိပဿနာဘာဝနာကို မပွါးစေသော သာမန်ပုဂ္ဂိုလ်အား၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ကွေးခြင်း ဆန့်ခြင်း စသော ကိုယ်အမူအရာ ရုပ်သင်္ခါရတို့သည်၎င်း၊ မြင်ခြင်း ကြားခြင်း နံခြင်း စားခြင်း ထိခြင်း ကြံစည်ခြင်းစသော နာမ်သင်္ခါရတို့သည်၎င်း၊ ဒွါရ ၆ပါး၌ ထင်ပေါ်လာသော အဆင်း အသံ အနံ့ အရသာ အတွေ့ သဘောတည်းဟူသော အာရုံသင်္ခါရတို့သည်၎င်း၊ အမူအရာ သဘောတရားမျှ အနေအားဖြင့်လဲ မထင်ပေါ်ကုန်၊ အသီးအသီး တခြားစီကွဲလျက်လဲ မထင်ပေါ်ကုန်၊ အခိုက်အတန့်မျှသာ ရှိသည့်အနေအားဖြင့်လဲ မထင်ပေါ်ကုန်။ အမှန်အားဖြင့်သော်ကား အကောင်အထည် ပုံသဏ္ဌာန်အနေအားဖြင့်သာ ထင်ပေါ်ကုန်၏၊ တခုတည်း တလုံးတခဲထည်း တကောင်ထည်း အနေအားဖြင့်သာ ထင်ပေါ်ကုန်၏၊ အမြဲတမ်းတည်ရှိနေသကဲ့သို့သာလျှင် ထင်ပေါ်ကုန်၏။ အမြဲတမ်းတည်ရှိနေသော အကောင်အထည် ပုံသဏ္ဌာန်ဝတ္ထု အနေအားဖြင့် စဉ်းစားဆင်ခြင်တိုင်း, စိတ်ထဲ၌ထင်ပေါ်လာသော ဤဃနပညတ်သည်လည်း သင်္ခါရနိမိတ်မည်၏။ နိစ္စနိမိတ်, ဓုဝနိမိတ်, သဿတနိမိတ်ဟူ၍လဲ ခေါ်ဆိုအပ်၏။

သင်္ခါရတို့ကိုမမြဲဟု သိမြင်သော အနိစ္စာနုပဿနာသည် နိစ္စနိမိတ်, ဓုဝနိမိတ်, သဿတနိမိတ်မည်သော ဤသင်္ခါရဃနနိမိတ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အနိမိတ္တ မည်၏။ မမြဲဟု ရှုမြင်တတ်သောကြောင့် အနုပဿနာ မည်၏။ ထို့ကြောင့်, အမည်နှစ်ခု ပေါင်းစပ်၍၊ အနိမိတ္တာနုပဿနာ ဟု ခေါ်သည်။ သင်္ခါရ ဃနနိမိတ်၏ ဆန့်ကျင်ဘက်ဖြစ်သော ရှုမြင်မှုဟု ဆိုလို၏။

သင်္ခါရနိမိတ်၏ ဆန့်ကျင်ဘက် ဖြစ်ပုံကား...ဖြစ်ခိုက်ရုပ်နာမ်တို့ကို မပြတ် ရှုမှတ်လျက်ရှိသော ယောဂီအား ဒွါရ ၆ပါး၌ ဖြစ်ပေါ်, ထင်ပေါ်သော ထိုသင်္ခါရတို့သည် အကောင်အထည် ပုံသဏ္ဌာန်အနေအားဖြင့်လဲ မထင်ပေါ်ကုန်ပြီ၊တခုထည်း တလုံးတခဲထည်း တကောင်ထည်း အနေအားဖြင့်လဲ မထင်ပေါ်ကုန်ပြီ၊ အမြဲတမ်း တည်ရှိနေသကဲ့သို့လဲ မထင်ပေါ်ကုန်ပြီ၊ အတန်ကြာအောင် တည်တံ့နေသကဲ့သို့လဲ မထင်ပေါ်ကုန်ပြီ၊ အမှန်အားဖြင့်သော်ကား အမူအရာသဘောတရားမျှ အနေအားဖြင့်သာထင်ပေါ်ကုန်၏၊ အသီးအသီး တခြားစီကွဲလျက်သာ ထင်ပေါ်ကုန်၏၊ အခိုက်အတန့် တခဏမျှရှိသည့် အနေအားဖြင့်သာ ထင်ပေါ်ကုန်၏၊ ပေါ်လာကြပြီးလျှင်, တခဏချင်းတခဏချင်း ကုန် ဆုံးသွားသည့် အနေအားဖြင့်သာ ထင်ပေါ်ကုန်၏။ ဤသို့ထင်ပေါ်သောကြောင့် ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော ယောဂီသည် ထိုသင်္ခါရတို့ကို "ရှုမှတ်မှု ဉာဏ်၌ ထင်ပေါ်လာကြသည့် အတိုင်းပင်" ကုန်သွားသည်ဟူ၍၎င်း၊ ဆုံးသွားသည်ဟူ၍၎င်း၊ ပျက်သွားသည်ဟူ၍၎င်း၊ ကွယ်ပျောက်သွားသည်ဟူ၍၎င်း၊ မမြဲဟူ၍၎င်း ရှုမြင်၏။ ဤသို့ရှုမြင်ခြင်းကြောင့် ရှုမြင်အပ်ပြီးသော ထိုသင်္ခါရတို့သည် မြဲသောအကောင် အထည်ဝတ္ထုကဲ့သို့ မထင်ပေါ်နိုင်ကုန်ပြီ။ ထိုသင်္ခါရတို့၌ 'မြဲသောအကောင်အထည် ဝတ္ထု'ဟု စွဲလမ်းမှု ကိလေသာတို့လဲ မဖြစ်ပေါ်နိုင်ကုန်ပြီ။ ဤသို့ ဆန့်ကျင်ဘက်ဖြစ်လျက်, သင်္ခါရဃနနိမိတ်ကို ပယ်ဖျောက်တတ်သောကြောင့်၊ ဝိသုဒ္ဓိမဂ်၌ အောက်ပါ စကားတစိတ်ကို မိန့်ဆိုလေပြီ။

ယသ္မာ ပနေသ အနိစ္စာနုပဿနာယ သင်္ခါရာနံ ဃနဝိနိဗ္ဘောဂံ ကတွာ နိစ္စနိမိတ္တ ဓုဝနိမိတ္တ သဿတနိမိတ္တာနိ ပဇဟန္တော အာဂတော၊ တသ္မာ အနိမိတ္တော။ (၂-၃၀၇)

ဧသ၊ ဤ မဂ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ အနိစ္စာနုပဿနာယ၊ အနိစ္စာနုပဿနာဖြင့်။ သင်္ခါရာနံ ဃနဝိနိဗ္ဘောဂံ ကတွာ၊ သင်္ခါရတို့၏ တလုံးတခဲထည်းအနေအားဖြင့် ထင်ပေါ်သော ဃနပညတ် ကွဲပျက်ခြင်းကို ပြုပြီး၍။ နိစ္စနိမိတ္တ ဓုဝနိမိတ္တ သဿတနိမိတ္တာနိ ပဇဟန္တော၊ နိစ္စနိမိတ်, ဓုဝနိမိတ်, သဿတနိမိတ်တို့ကို ပယ်ဖျောက်လျက်။ (ဤတိုင်ရုံ သိစေလိုရင်းတည်း)။ အာဂတော၊ လာခဲ့၏။ တသ္မာ၊ ထို့ကြောင့်။ အနိမိတ္တော၊ အနိမိတ္တ မည်၏။

ဝိပဿနာယောဂီတို့အား ထင်သောသင်္ခါရနိမိတ်ကား...မပြတ်ရှုမှတ်လျက်ရှိသောယောဂီအား၊ မှတ်တိုင်းသော သင်္ခါရတို့သည် သူတို့၏ကိစ္စဖြင့် ပိုင်းခြားအပ်ကုန်သည်ဖြစ်၍ ထင်ပေါ်ကုန်၏၊ ဤမျှသာမကသေး၊ သူတို့၏ သဘာဝ လက္ခဏာဟူသောသဘောဖြင့်လဲ ပိုင်းခြားအပ်ကုန်သည်ဖြစ်၍ ထင်ပေါ်ကုန်၏၊ သူတို့၏ဖြစ် ပျက်ခိုက်ခဏဖြင့်လဲ ပိုင်းခြားအပ်ကုန်သည်ဖြစ်၍ထင်ပေါ်ကုန်၏၊ နာမ်သင်္ခါရတို့ဖြစ်လျှင်, သူတို့၏အာရုံဖြင့်လဲ ပိုင်းခြားအပ်ကုန်သည်ဖြစ်၍ ထင်ပေါ်ကုန်၏။ထင်ပေါ်ပုံအကျယ်ကို "အနိစ္စာနုပဿနာ, အနတ္တာနုပဿနာအရာတို့၌ ဃနလေးမျိုး ကွဲပျက်လျက်ထင်ပုံကို ပြန်လည်ကြည့်ရှု၍" သိပါ

လေ။ ဤသို့ မှတ်တိုင်းမှတ်တိုင်း သူတို့၏ကိစ္စ, သဘော, ခဏအာရုံတို့ဖြင့် ပိုင်းခြားအပ်ကုန်လျက် သင်္ခါရတို့၏ထင်ပေါ်ခြင်းသည်လည်း သင်္ခါရနိမိတ်ပင်မည်၏။ ဝိပဿနာသည် သူတို့၏ ကိစ္စ, သဘော, ခဏ, အာရုံတို့ဖြင့် ပိုင်းခြားအပ်လျက် ထင်ပေါ်သော ဤသင်္ခါရနိမိတ်ကို အာရုံပြုလျက်, သိမြင်လျက်သာရှိ၏။ ထို့ကြောင့်, အနိစ္စာ နုပဿနာသည် သူတို့၏ ကိစ္စ, သဘော, ခဏ, အာရုံတို့ဖြင့် ပိုင်းခြားအပ်လျက် ထင်ပေါ်သော ဤသင်္ခါရ နိမိတ်နှင့်ကား ဆန့်ကျင်လဲမဆန့်ကျင်။ ကင်းလဲမကင်းနိုင်သည်သာတည်း။ သို့ဖြစ်၍, ရှေး၌ပြခဲ့သည့်အတိုင်း နိစ္စ ဓုဝ သဿတ အနေအား ဖြင့်ထင်ပေါ်သော သင်္ခါရဃန နိမိတ်၏ဆန့်ကျင်ဘက် ဖြစ်သောကြောင့်သာလျှင်၎င်း၊ ထိုသင်္ခါရဃနနိမိတ်အာရုံမှ ကင်းသောကြောင့်သာလျှင်၎င်း အနိမိတ္တာ နုပဿနာ မည်သည်ဟု မှတ်အပ်၏၊

ဤ အနိမိတ္တာနုပဿနာမည်သော အနိစ္စာနုပဿနာနှင့်ပြည့်စုံသောယောဂီအား ရှုမှတ်အပ်သော သင်္ခါရတို့သည် ကုန်ဆုံးသွားသော အခြင်းအရာအားဖြင့်သာလျှင် ထင်ပေါ်ကုန်၏။ ထို့ကြောင့်, ခိုင်မြဲတည်တံ့နေသော အကောင်အထည် ဒြဗ် ကဲ့သို့ ရှေးကထင်ပေါ်ခဲ့သော သင်္ခါရနိမိတ်ကို ထိုယောဂီသည် ယခုမှန်ကန်စွာ သိရလေ၏။ အဘယ်သို့နည်းဟူမူ...မသိ မလိမ္မာသောသူသည် အနှစ်ရှိလိမ့်မည်ဟု ထင်မှတ်လျက် လက်ပံတုံးကို အစိပ်စိပ်အမွှာမွှာ ခွဲခြမ်း၍ကြည့်လျှင် အကာမျှကိုသာ တွေ့ရသောကြောင့် လက်ပံအကြောင်းကို ကောင်းကောင်း နားလည်သကဲ့သို့၊ ထို့အတူ, ယောဂီသည်လည်း သင်္ခါရတို့ကို ခိုင်မြဲသော အကောင်အထည်ဟု ရှေးကာလက ထင်မှတ်ခဲ့၏။ အနိစ္စာနုပဿနာ ဖြစ်ပေါ်သောအခါ၌ လျှပ်တပြက်ခန့်မျှပင် မတည်တံ့ဘဲ အပိုင်းအပိုင်း ပြတ်လျက်ပြတ်လျက် ကုန်ဆုံးသွားသော သင်္ခါရတို့ကိုသာ တွေ့ရသောကြောင့်၊ မြဲသောအကောင် အထည် ဒြဗ်မရှိပါတကား၊ ခဏမစဲ ကုန်ဆုံးပျက်စီးတတ်သော အမှုအရာသဘောမျှသာ ရှိပါတကားဟူ၍ သင်္ခါရနိမိတ် အကြောင်းကို ကောင်းမွန်မှန်ကန်စွာ သိရလေ၏။ ဤသို့ မှန်ကန်စွာသိသောကြောင့် မြဲသော အကောင်အထည် ဝတ္ထု အနေ အားဖြင့် ထင်ပေါ်သော သင်္ခါရဃနနိမိတ်ကို၎င်း၊ မြဲသော အကောင်အထည်ဝတ္ထုဟု ထင်မှတ်စွဲလမ်းမှု ကိလေသာ, ကံ စသည်ကို၎င်း ကင်းပျောက်စေ၏။

အနိစ္စတော မနသိကရောတော ခယတော သင်္ခါရာ ဥပဋ္ဌဟန္တိ။ ။ အနိစ္စတော မနသိကရောန္တော နိမိတ္တံ ယထာဘူ တံ ပဇာနာတိပဿတိ။

**(ပဋိသမ္ဘိဒါမဂ်ပါဠိ ၂၅၃၊၂၅၈)**

အနိစ္စတော၊ မမြဲဟု။ မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ခယတော၊ ကုန်ဆုံးသွားသော အခြင်းအရာအားဖြင့်။ ဥပဋ္ဌဟန္တိ၊ ထင်ပေါ်ကုန်၏။

အနိစ္စတော၊ မမြဲဟု။ မနသိကရောန္တော၊ နှလုံးသွင်းသော ယောဂီသည်။ နိမိတ္တံ၊ မြဲသော အကောင်အထည် ဒြဗ် ရှိသကဲ့သို့ထင်သော သင်္ခါရ ဃနနိမိတ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ပဇာနာတိ၊ သိ၏။ ပဿတိ၊ မြင်၏။

## (၁၁) အနိမိတ္တာနုပဿနာ ပြီး၏။

## (၁၂) အပ္ပဏိဟိတာနုပဿနာ

သွားမှုရပ်မှု ထိုင်မှုကွေးမှု ဆန့်မှုဖြစ်မှု မြင်မှုကြားမှု ထိမှုကြံစည်မှုစသော ရုပ်နာမ်သင်္ခါရတို့ကို ချမ်းသာတွေ အကောင်းတွေ သာယာဘွယ်တွေဟု ထင်မှတ်လျက် တောင့်တသာယာတတ်သော တဏှာသည် ပဏိဓိ လဲ မည်၏၊ ပဏိဟိတ လဲမည်၏။ ထိုသင်္ခါရတို့ကို ဖြစ်မှုပျက်မှုက ခဏမစဲ မပြတ်နှိပ်စက်အပ်သည်ကိုတွေ့ရ၍ "ဆင်းရဲတွေချည်းဘဲ, မကောင်းတာ တွေချည်းဘဲ, သာယာဘွယ် မဟုတ်တာတွေချည်းဘဲ, ဟူ၍ သိမြင်လျက်ဖြစ်သော ဒုက္ခာနုပဿနာသည် မဏိဟိတ မည်သော တောင့်တ သာယာမှု၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အပ္ပဏိဟိတာနုပဿနာ မည်၏၊ ထို့ကြောင့်ပင် "ဤအနုပဿနာကို ပွါးစေသော သူသည် မဏိဓိ=တောင့်တ သာယာမှုကို ပယ်သည်, ကင်းပျောက်စေသည်" ဟူ၍ ဆိုပေသည်။

## (၁၂) အပ္ပဏိဟိတာနုပဿနာ ပြီး၏။

## (၁၃) သုညတာနုပဿနာ

အနတ္တာနုပဿနာနှင့် မပြည့်စုံသော သူသည် ထိုင်ခြင်း ထခြင်း စသည်ကိုငင်း။ ကွေးခြင်း ဆန့်ခြင်း စသည်ကိုငင်း၊ မြင်ခြင်း ကြားခြင်းစသည်ကိုငင်း၊ အလိုရှိတိုင်း ပြုနိုင် ပြီးစေနိုင်သော ငါကောင် သတ္တဝါကောင်ရှိသည်ဟု ထင်နေ၏။ ဘင်္ဂဉာဏ်၏အစွမ်းဖြင့် ဃနလေးပါးကွဲပျက်၍, အနတ္တာနုပဿနာ ကောင်းစွာဖြစ်ပေါ်သော သူသည်ကား မှတ်တိုင်းမှတ်တိုင်း သူ့သဘောအလျောက် လျှင်မြန်စွာ ဖြစ်ပျက်သွားသော အမူအရာမျှကိုသာ တွေ့ရ၏။ "အလိုရှိတိုင်း ပြုနိုင်, ပြီးစေနိုင်သော ငါကောင် သတ္တဝါကောင်"ဟူ၍ ခေါ်ဆိုထိုက်သော အရာကိုကား မတွေ့ရချေ။ ဆိုင်ရာအကြောင်းများ ညီညွတ်လျှင် မဖြစ်စေလိုသော အမူအရာ ဖြစ်ပေါ်လာသည်ကိုလဲ တွေ့ရ၏။ မပျက်စေလိုသော အမူအရာ ပျောက်ပျက် သွားသည်ကိုလဲ တွေ့ရ၏။ အစိုးပိုင်သော ငါကောင် သတ္တဝါကောင်ကိုကား မတွေ့ရချေ။ ထို့ကြောင့် "မှတ်သိရသော အာရုံများလဲ သဘောတရားမျှသာ၊ မှတ်သိမှုများလဲ သဘောတရားမျှသာ၊ လျှင်မြန်စွာ ပျက် ပျက်သွားသော ဤသဘောတရားမျှသာ ရှိသည်၊ ထိုင်ခြင်း ထခြင်း ကွေးခြင်း ဆန့်ခြင်း မြင်ခြင်း ကြားခြင်း စသည်ကို ပြုတတ်, ပြီးစေတတ်သော ငါကောင် သတ္တဝါကောင်ဟူ၍ မရှိပြီ။ ရှုမှတ်နှလုံးသွင်းတတ်သော ငါကောင် သတ္တဝါကောင်ဟူ၍ မရှိပြီ။ ငါကောင် သတ္တဝါကောင်မှ ကင်းဆိတ်လျက် တပျက်ထဲ ပျက်နေသော သဘောတရားမျှသာ ရှိသည်"ဟူ၍သိမြင်သဘောကျ၏။ ဤသို့ သိမြင်သဘောကျသော အနတ္တာနုပဿနာသည်ပင်လျှင် အတ္တကောင်မှ ကင်းဆိတ်သည်ဟု ရှုမြင်မှု ဖြစ်သောကြောင့်၊ သုညတာနုပဿနာမည်၏။ ထို့ကြောင့်ပင် ဤအနုပဿနာသည် "အလိုရှိတိုင်း ပြုနိုင်, ပြီးစေနိုင်သော ငါကောင်သတ္တဝါကောင် ရှိသည်"ဟု ထင်မှတ်စွဲလမ်းသော ကိလေသာ စသည်ကို ပယ်ဖျောက်နိုင်ပေသည်။

## (၁၃) သုညတာနုပဿနာ ပြီး၏။

## (၁၄) အဓိပညာဓမ္မဝိပဿနာ

အဓိပညာဓမ္မဝိပဿနာတိ..."အာရမ္မဏဉ္စ ပဋိသင်္ခါ၊ ဘင်္ဂဉ္စ အနုပဿတိ၊ သုညတော စ ဥပဋ္ဌာနံ၊အဓိပညာဝိပဿနာ" တိ ... ဧဝံ ဝုတ္တာ, ရူပါဒိအာရမ္မဏံ ဇာနိတွာ တဿ စ အာရမ္မဏဿ, တဒါရမ္မဏဿ စ စိတ္တဿ, ဘင်္ဂံ ဒိသွာ "သင်္ခါရာဝ ဘိဇ္ဇန္တိ၊ သင်္ခါရာနံ မရဏံ၊ န အညော ကောစိ အတ္ထီ"တိ ဘင်္ဂဝသေန သုညတံ ဂဟေတွာ ပဝတ္တာ ဝိပဿနာ၊ သာ အဓိပညာ စ ဓမ္မေသု စ ဝိပဿနာတိ ကတွာ အဓိပညာဓမ္မဝိပဿနာတိ ဝုစ္စတိ။ တာယ နိစ္စသာရာဘာဝဿ စ အတ္တသာရာဘာဝဿ စ သုဋ္ဌု ဒိဋ္ဌတ္တာ သာရာဒါနာ ဘိနိဝေသဿ ပဟာနံ ဟောတိ။ (ဝိသုဒ္ဓိမဂ် ၂-၃၃၇)။

အဓိပညာဓမ္မဝိပဿနာတိ၊ ဟူသည်ကား။ အာရမ္မဏဉ္စ၊ တပါးပါးသော အာရုံကိုလဲ။ ပဋိသင်္ခါ၊ ပျက်သည်ဟုသိပြီး၍။ ဘင်္ဂဉ္စ၊ ထိုသိသော ဝိပဿနာ၏ အပျက်ကိုလဲ။ အနုပဿတိ၊ တဆင့် ရှုမြင်၏။ သုညတော စ၊ အတ္တကောင် သတ္တဝါကောင်မှ ကင်းဆိတ်သည်ဟူ၍လဲ။ ဥပဋ္ဌာနံ၊ ဉာဏ်၌ ထင်ပေါ်၏။ သော၊ ဤသို့သော ဉာဏ်ပညာသည်။ အဓိပညာ ဝိပဿနာ၊ လွန်ကဲမြင့်မြတ်သော ဝိပဿနာ ပညာမည်၏။ ဣတိ ဧဝံ ဝုတ္တာ၊ ပဋိသမ္ဘိဒါမဂ် ဘင်္ဂဉာဏ် အရာ၌ ဤသို့ဟောအပ်သော။ (ပဝတ္တာ ဝိပဿနာ၌ စပ်) ရူပါဒိအာရမ္မဏံ ဇာနိတွာ၊ ရုပ်အစရှိသော တပါးပါးသောအာရုံကို သိပြီး၍။ တဿ အာရမ္မဏဿ ဘင်္ဂဉ္စ၊ ထို အာရုံ၏ အပျက်ကိုငင်း။ တဒါရမ္မဏဿ စိတ္တဿ ဘင်္ဂဉ္စ၊ ထိုအပျက်ကို သိသော ဝိပဿနာစိတ်၏ အပျက်ကိုငင်း။ ဒိသွာ၊ နှစ်ဆင့်နှစ်ဆင့် မြင်ပြီး၍။ သင်္ခါရာဝ ဘိဇ္ဇန္တိ၊ သင်္ခါရတို့သာလျှင် ပျက်ကုန်၏။ သင်္ခါရာနံ ဧဝ မရဏံ၊ သင်္ခါရတို့၏သာလျှင် သေခြင်းပျက်ခြင်းတည်း။ အညော၊ သင်္ခါရတို့မှ တခြား တပါးသော။ ကောစိ၊ သေတတ် ပျက်တတ်သော သူ တစုံတယောက်သည်။ န အတ္ထီတိ၊ မရှိတော့ဘူးဟူ၍။ ဘင်္ဂဝသေန၊ အပျက်ကိုသိမှု၏ အစွမ်းဖြင့်။ သုညတံ၊ မြဲသောအနှစ် အတ္တကောင်အနှစ်မှ ကင်းဆိတ်သည်ကို။ ဂဟေတွာ၊ ယူလျက်, သိမြင် သဘောကျလျက်။ ပဝတ္တာ၊ ဖြစ်ပေါ်သော။ ဝိပဿနာ၊ ဝိပဿနာတည်း။

ဘင်္ဂဉာဏ် ထက်သန်စွာ ဖြစ်သောအခါ ဒွါရ ၆-ပါး၌ ထင်ရှားသော ရုပ်နာမ်အာရုံတခုခုကို မှတ်ရုံမျှဖြင့်ပင်, ပျက်သွားသည်ဟုသိ၏။ ထိုမှတ်သိမှုကိုလဲ ပျက်သွားသည်ဟု တဖန် သိပြန်၏။ ဤနည်းဖြင့် အာရုံနှင့် မှတ်သိမှုတို့ ရှေးနောက်ဆင့်လျက် လျှင်မြန်စွာ ခဏမစဲ ကုန်ပျက်နေသည်ကို ရှုမြင်သော ယောဂီသည် "မှတ်သိရတဲ့အာရုံကလဲ သင်္ခါရတရားဘဲ၊ မှတ်သိမှုကလဲ သင်္ခါရတရားဘဲ၊ အားလုံးရှေးနောက် ဆင့်လျက် တပျက်ထဲ ပျက်နေတာ သင်္ခါရတရားတွေချည်းဘဲ၊ သေခြင်း ပျက်ခြင်းဟူသည်မှာ ဤသင်္ခါရတရားတို့၏ သေခြင်းပျက်ခြင်းဘဲ၊ ဤသင်္ခါရတို့မှ တခြားတပါးဖြစ်သော အတ္တကောင် ငါကောင် သတ္တဝါကောင်ကား မရှိတော့ပြီ"ဟူ၍ မြင်သည်၏အဖြစ်, ငါကောင် သတ္တဝါကောင် အဖြစ်တို့မှ ကင်းဆိတ်သည်ကို ပိုင်ပိုင်နိုင်နိုင် သိသော ဉာဏ်သည် အဓိပညာဓမ္မ ဝိပဿနာ မည်၏။

သာ၊ မြဲသောအနှစ်, အတ္တကောင်အနှစ်မှ ကင်းဆိတ်သည်ဟု သိမြင်သဘောကျသော ထိုဝိပဿနာသည်။ အဓိပညာ စ၊ လွန်ကဲသော ပညာလဲ ဟုတ်၏။ ဓမ္မေသု၊ သဘောတရားတို့၌။ ဝိပဿနာ စ၊ ရှုသော ဉာဏ်လဲ ဟုတ်၏။ ဣတိ ကတွာ၊ ဤသို့ နှလုံးသွင်းခြင်းကို ပြု၍။ အဓိပညာဓမ္မဝိပဿနာတိ။ အဓိပညာဓမ္မဝိပဿနာ ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ တာယ၊ ထိုအဓိပညာဓမ္မဝိပဿနာဖြင့်။ နိစ္စသာရာဘာ ဝသ္သ စ၊ မြဲသော အနှစ် မရှိခြင်းကိုငှင်း။ အတ္တသာရာဘာဝဿ စ၊ အတ္တကောင် အနှစ် မရှိခြင်းကိုငှင်း။ သုဋ္ဌု ဒိဋ္ဌတ္တာ၊ ကောင်းစွာ မြင်အပ်သည်၏ အဖြစ်ကြောင့်။ သာရာဒါနာဘိနိဝေသဿ၊ မြဲသည့်အနှစ်, အစိုးပိုင်သည့် အတ္တကောင် အနှစ်, ရှိသည်ဟု ယူလျက်စွဲလမ်းခြင်းကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤဝိပဿနာဖြင့် မြဲသောအနှစ် ကင်းသည်ကိုငှင်း၊ အစိုးပိုင်သော ငါကောင်ဟု ခေါ်ဆိုထိုက်သည့် အတ္တအနှစ်ကင်းသည်ကိုငှင်း သိရသောကြောင့်၊ 'သင်္ခါရတို့၌ မြဲသောအနှစ်, ငါကောင်အနှစ် ရှိသည်'ဟု ထင်မှတ် စွဲလမ်းမှု ကိလေသာတို့ကို ကင်းပျောက်စေ၏။

## (၁၄) အဓိပညာဓမ္မဝိပဿနာ ပြီး၏။

## (၁၅) ယထာဘူတဉာဏဒဿန

ယထာဘူတဉာဏဒဿနန္တိ သပ္ပစ္စယနာမရူပပရိဂ္ဂဟော၊ တေန အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနန္တိ အာဒိဝသေန စေဝ, ဣဿရတော လောကော သမ္ဘောတီတိ အာဒိဝသေန စ, ပဝတ္တသမ္မောဟာ ဘိနိဝေသဿ ပဟာနံ ဟောတိ။ (ဝိသုဒ္ဓိမဂ် ၂-၃၃၇)

ယထာဘူတဉာဏဒဿနန္တိ၊ အမှန်အတိုင်း သိမြင်ခြင်း ဟူသည်ကား။ သ.ပ္ပစ္စယနာမရူပပရိဂ္ဂဟော၊ အကြောင်းနှင့် တကွသော နာမ်ရုပ်ကို သိမ်းဆည်း ရှုမှတ်ခြင်းပင်တည်း။ တေန၊ ထို ယထာဘူတ ဉာဏဒဿနဖြင့်။ အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနန္တိ အာဒိဝသေန စေဝ၊ ငါကောင်သည် ရှေးဘဝ ကာလကပင် ရှိခဲ့လေသလော စသည်ဖြင့် ဖြစ်သော ယုံမှားမှု၏ အလိုအားဖြင့်ငှင်း။ ဣဿရတော လောကော သမ္ဘောတီတိ အာဒိဝသေန စ၊ ထာဝရ ဘုရားသခင်ကြောင့် သတ္တဝါများ ဖြစ်ရသည် ဤသို့ စသည်ဖြင့်ဖြစ်သော ယုံကြည်ဆုံးဖြတ်မှားမှု မိစ္ဆာဉာဏ်၏ အလိုအားဖြင့်ငှင်း။ ပဝတ္တသမ္မောဟာဘိနိဝေသဿ၊ ဖြစ်သော ယုံမှား, သိမှားလျက်, နှလုံးသွင်းခြင်းကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အကြောင်းနာမ်ရုပ်နှင့်တကွ အကျိုးနာမ်ရုပ်တို့ကို ရှုမှတ်သိမ်းဆည်းသော ပစ္စယပရိဂ္ဂဟဉာဏ်သည်ပင် ယထာဘူတ ဉာဏဒဿနမည်၏။ ဤဉာဏ်နှင့် ပြည့်စုံသောယောဂီသည် ယခုမျက်မှောက်၌ အကြောင်းအကျိုး ဆက်စပ်လျက်ဖြစ်ပေါ်သော နာမ်ရုပ်မျှကိုသာတွေ့ရသောကြောင့် "ယခု ဘဝ ရုပ်နာမ်, အပေါင်းသည် ရှေးဘဝကပြီးခဲ့သော 'အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ'ဟူသောအကြောင်း ရှိခဲ့သောကြောင့် ဖြစ်ပေါ်သည်။ ထိုရှေးဘဝမှာလဲ အဝိဇ္ဇာတဏှာဥပါဒါန် ကံတို့၏မှီရာ ရုပ်နာမ်ရှိခဲ့သည်။ ယခုဘဝ၌ပြီးသော အဝိဇ္ဇာတဏှာ ဥပါဒါန်ကံတို့ကြောင့် နောင်ကာလ၌ ဘဝအသစ် ရုပ်နာမ်မျှသာ ဖြစ်ပေါ်ဦးမည်" ဤသို့စသည်ဖြင့် ကာလသုံးပါး၌ အကြောင်းနာမ်ရုပ်မျှ, အကျိုးနာမ်ရုပ်မျှသာ ရှိသည်ကို ဆုံးဖြတ်နိုင်၏။ ထို့ကြောင့်, 'ရှေးက ပင် ငါကောင် ရှိခဲ့လေသလား' ဤသို့ စသည်ဖြင့် ယုံမှားမှုလဲ မဖြစ်နိုင်။ "သတ္တဝါတွေကို ဘုရားသခင်က ဖန်ဆင်းသည်၊ ဗြဟ္မာ နတ် သိကြားတို့က ဖန်ဆင်းသည်၊ အခါကာလအားလျော်စွာ သတ္တဝါတို့ ဖြစ်ပေါ်ကြသည်၊ အကြောင်း မရှိဘဲအလိုလို ပင် ဖြစ်ပေါ်ကြသည်" ဤသို့ စသည်ဖြင့် ယုံကြည်မှားမှု, ဆုံးဖြတ် မှားမှုလဲ မဖြစ်နိုင်ပြီ။ ထို့ကြောင့်, 'ယုံမှားမှု, သိမှားမှုကို ပယ်သည်'ဟု ဆိုပေသည်။

**သံသယ မိစ္ဆာဉာဏာနံ ဝသေန သမ္မူယှနံ သမ္မောဟော။**
**(မဟာဋီကာ ၂-၅၁၀)**

သံသယ မိစ္ဆာဉာဏာနံ၊ ယုံမှားမှု, သိမှားမှု ဆုံးဖြတ်မှားမှုတို့၏။ ဝသေန၊ အလိုအားဖြင့်။ သမ္မူယှနံ၊ ပြင်းစွာ တွေဝေခြင်းသည်။ သမ္မောဟော၊ သမ္မောဟ မည်၏။

## (၁၅) ယထာဘူတဉာဏ် ပြီး၏။

## (၁၆) အာဒီနဝါနုပဿနာ

အာဒီနဝါနုပဿနာတိ ဘယတုပဋ္ဌာနဝသေန ဥပ္ပန္နံ သဗ္ဗဘဝါဒီသု အာဒီနဝဒဿနဉာဏံ။ တေန ကိဉ္စိ အလ္လီယိတဗ္ဗံ န ဒိဿတီတိ အာလယာဘိနိဝေသဿ ပဟာနံ ဟောတိ။ (ဝိသုဒ္ဓိမဂ် ၂-၃၃၇)

အာဒီနဝါနုဿနာတိ၊ အာဒီနဝါနုပဿနာ ဟူသည်ကား။ ဘယတုပဋ္ဌာနဝသေန၊ ကြောက်ဖွယ်ဘေးဟုထင်သော ဘယဉာဏ်၏အစွမ်းကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ သဗ္ဗဘဝါဒီသု အာဒီနဝဒဿနဉာဏံ၊ အလုံးစုံသော ဘဝစသည်တို့၌ အပြစ်မြင်သောဉာဏ်ပေတည်း။ တေန၊ ထိုအပြစ်မြင်သော အာဒီနဝဉာဏ်ဖြင့်။ ကိဉ္စိ အလ္လီယိတဗ္ဗံ န ဒိဿတီတိ၊ မှီခိုအားကိုးစရာ တစုံတခုကိုမျှ မတွေ့ရသောကြောင့်။ အာလယာဘိနိဝေသဿ ပဟာနံ၊ ဘဝသင်္ခါရတို့၌ မှီခိုအားကိုးစရာရှိသည် ဟု ထင်မှတ်စွဲလမ်းမှုကို ပယ်စွန့်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အခဏ်း (၆) ၌ ပြခဲ့သည့်အတိုင်း ဘယဉာဏ် ထက်သန်သောအခါ၌ရုပ်နာမ် သင်္ခါရတို့ကို အပြစ်မြင်လျက်ဖြစ်သော အာဒီနဝဉာဏ်သည် အာဒီနဝါ နုပဿနာ မည်၏။ ဤဉာဏ်ဖြစ်လျှင် မှတ်သိရသော အာရုံသင်္ခါရ၊ မှတ်သိမှု ဝိပဿနာ သင်္ခါရ၊ ဆင်ခြင်မိသော အာရုံသင်္ခါရ၊ ဆင်ခြင်မှု သင်္ခါရ ဟူသော ဤသင်္ခါရတို့တွင် မည်သည့်သင်္ခါရ တစုံတခုကိုမျှ အားကိုးရာဟူ၍ မထင်မြင်ပြီ။ "ဘဝတိုင်းဘဝတိုင်း လူချည်းထဲ ဖြစ်နေရလျှင်, ကောင်းမှာဘဲ၊ သူဋ္ဌေးချည်းထဲ ဖြစ်နေရလျှင်, ကောင်းမှာဘဲ၊ မင်းချည်းထဲ ဖြစ်နေရလျှင်, ကောင်းမှာဘဲ၊ နတ်ချည်းထဲ ဖြစ်နေရလျှင်, ကောင်းမှာဘဲ၊ ဗြဟ္မာချည်းထဲဖြစ်နေရလျှင်, ကောင်းမှာဘဲ၊ ဤသို့စသည်ဖြင့် အာဒီနဝဉာဏ် မဖြစ်မီက အားကိုး အားထားပြုစရာ တစုံတခုသော ဘဝ သင်္ခါရ ရှိသည်ဟု ထင်မြင်ခဲ့၏။ ယခုမူကား ထိုသို့သော အားကိုးရာကိုမတွေ့ရပြီ။ ထို့ကြောင့်, ကာမရူပ အရူပ ဘဝတို့နှင့်ဆိုင်သော သင်္ခါရတို့၌ မှီခိုအားကိုးရာဟု ထင်မြင်စွဲလမ်းမှုကိလေသာကို ဤဉာဏ်ကပယ်ဖျောက်၏။ ဤအဋ္ဌကထာ၌ အာလယာဘိနိဝေသ ဟူသည်မှာ တရားကိုယ် အားဖြင့် ဘဝ၌ ကပ်ငြိ တွယ်တာမှု ဘဝတဏှာ ပင်တည်း။

သင်္ခါရေသု လေဏ တာဏ ဘာဝဂ္ဂဟဏံ အာလယာဘိနိဝေသော၊ အတ္ထတော ဘဝနိကန္တိ။ (မဟာဋီကာ ၂-၅၁၀)

သင်္ခါရေသု၊ သင်္ခါရတို့၌။ လေဏ တာဏ ဘာဝဂ္ဂဟဏံ၊ ဆင်းရဲမှ လုံခြုံအောင် ပုန်းအောင်း မှီခိုရာ၏ အဖြစ်, စောင့်ရှောက် ကာကွယ်တတ်သည်၏ အဖြစ်ဖြင့် ယူခြင်း ထင်မှတ် စွဲလမ်းခြင်းသည်။ အာလယာဘိနိဝေသော၊ အာလယာဘိနိဝေသ မည်၏။ အတ္ထတော၊ တရားကိုယ်အားဖြင့်။ ဘဝနိကန္တိ၊ ဘဝ၌ ခင်မင်တွယ်တာ သာယာကပ်ငြိသော တဏှာပေတည်း။

အာဒီနဝဉာဏ်နှင့် မပြည့်စုံသေးသောသူသည်။ ဘယ်လိုပင် ဆင်းရဲသော်လဲ ဘဝ သင်္ခါရ အလုံးစုံကိုကား မစွန့်လွှတ်နိုင်။ ဘဝထဲမှာပင်, တနည်းနည်းဖြင့်၊ ချမ်းသာနိုင်သည်ဟု ထင်မှတ်လျက်, လက်ရှိ ဆင်းရဲဒုက္ခမှ လွတ်ကင်းရုံမျှကိုသာ လိုလားတောင့်တ၏။ ။ ပုံကား...မကျန်းမမာ နာဖျား၍နေလျှင်, ကျန်းမာရုံမျှကိုသာ တောင့်တ၏၊ မရှိဆင်းရဲလျှင်, ပစ္စည်း ဥစ္စာနှင့် ပြည့်စုံကြွယ်ဝရုံမျှကိုသာ တောင့်တ၏၊ မျက်မှောက်တဘဝလုံး၌ မြော်လင့်ဘွယ်မရှိလျှင်, နောင်ဘဝ၌ ကောင်းစားခြင်းကို တောင့်တ၏၊ လူ့ဘဝ၌ ဆင်းရဲသည်ဟုထင်လျှင်, နတ်ဘဝ ဗြဟ္မာဘဝကို တောင့်တ၏၊ ရုပ်နာမ် သင်္ခါရ ဘဝ အလုံးစုံကင်းငြိမ်းခြင်းကိုကား အလိုမရှိ။ ဤသို့ ဘဝသင်္ခါရတို့ထဲမှ မခွါရက်နိုင်အောင် ခင်မင်သာယာ တွယ်တာကပ်ငြိလျက် ရှိသော တဏှာသည် အာလယာဘိနိဝေသ မည်၏။ ၎င်းကို ဤအနုပဿနာက ကင်းပျောက်စေ၏။ ထို့ကြောင့်ပင်, ဤဉာဏ် ရင့်သော အခါ၌၊ နိဗ္ဗိဒါဉာဏ်စသည်တို့ ဖြစ်ပေါ်ကြလေသည်။

## (၁၆) အာဒီနဝါနုပဿနာ ပြီး၏။

## (၁၇) ပဋိသင်္ခါနုပဿနာ

ပဋိသင်္ခါနုပဿနာတိ မုဉ္စနဿ ဥပါယကရဏံ ပဋိသင်္ခါဉာဏံ၊ တေန အပ္ပဋိသင်္ခါယ ပဟာနံ ဟောတိ။ (ဝိသုဒ္ဓိမဂ် ၂-၃၃၇)

ပဋိသင်္ခါနုပဿနာတိ၊ ပဋိသင်္ခါနုပဿနာ ဟူသည်ကား။ မုဉ္စနဿ၊ သင်္ခါရတို့ကို စွန့်လွှတ်ခြင်း၏။ ဥပါယကရဏံ၊ အကြောင်းကို ပြုတတ်သော။ ပဋိသင်္ခါဉာဏံ၊ တဖန်ရှုသောဉာဏ်ပေတည်း။ တေန၊ ထိုတဖန် ရှုသောဉာဏ်ဖြင့်။ အပ္ပဋိသင်္ခါယ ပဟာနံ၊ တဖန် မရှုသောမောဟကို ပယ်ခြင်းသည်။ ဝါ၊ တဖန် ရှုမှု၏ ဆန့်ကျင်ဘက်မောဟကို ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သင်္ခါရာနံ မုဉ္စနဿ ဥပါယဘူတံ ပဋိသင်္ခါဉာဏံ ပဋိသင်္ခါနုပဿနာ၊ တာယ အနိစ္စာဒီသု အပ္ပဋိသင်္ခါနံ, တတ္ထ ပဋိသင်္ခါနဿ ပဋိပက္ခဘူတံ, အဝိဇ္ဇံ ပဇဟတိ။ (မဟာဋီကာ ၂-၄၁၈)

သင်္ခါရာနံ မုဥ္စနသာ၊ သင်္ခါရတို့ကို စွန့်လွှတ်ခြင်း၏။ ဥပါယဘူတံ၊ အကြောင်းမှန်ဖြစ်၍ဖြစ်သော။ ပဋိသင်္ခါဉာဏံ၊ တဖန် ရှုသောဉာဏ်သည်။ ပဋိသင်္ခါနုပဿနာ၊ မည်၏။ တာယ၊ ထို ပဋိသင်္ခါနုပဿနာဖြင့်။ အနိစ္စာဒီသု အပ္ပဋိသင်္ခါနံ၊ အနိစ္စ စသည်တို့၌ တဖန် မရှုမှုဟူသော။ တတ္ထ ပဋိသင်္ခါနသ ပဋိပက္ခဘူတံ၊ ထို အနိစ္စ စသည်တို့၌ တဖန်ရှုမှု၏ ဆန့်ကျင်ဘက်ဖြစ်သော။ (အပ္ပဋိသင်္ခါတတ္ထာ ပဋိသင်္ခါနသ ပဋိပက္ခဘူတံ–ဟူ၍လဲ ပါဌ်ရှိ၏။ တဖန် မရှုခြင်းကြောင့်တဖန် ရှုမှု၏ ဆန့်ကျင်ဘက်ဖြစ်သော–ဟု အနက်ပြန်လေ။) အဝိဇ္ဇံ၊ မသိမှု အဝိဇ္ဇာကို။ ပဇဟတိ၊ ပယ်၏။

သင်္ခါရတို့ကို စွန့်လွှတ်နိုင်ရန်, သင်္ခါရတို့မှ လွတ်မြောက်ရန် မုဥ္စိတုကမျတာဉာဏ်နှင့် ပြည့်စုံသော ယောဂီ၏ တဖန် ရှုမှုပဋိသင်္ခါဉာဏ်သည် ပဋိသင်္ခါနုပဿနာ မည်၏။ ဤအရာ၌, သင်္ခါရတို့ကို စွန့်လွှတ် ဟူသော စကားနှင့်၊ သင်္ခါရတို့မှ လွတ်မြောက် ဟူသော စကားနှစ်ခုတို့ကို အနက်သဘောအားဖြင့် အတူတူပင်ဟူ၍ မှတ်ရာ၏။ ထို့ကြောင့်, အဋ္ဌကထာတွင် မုဥ္စိတုကမျတာဉာဏ် အရာ၌ စွန့်လွှတ်, လွတ်မြောက် ဟူသော ဤစကား နှစ်ခုတို့ကို အတူပြု၍ မိန့်ဆိုလေသည်။

သင်္ခါရတို့ကို စွန့်လွှတ်နိုင်ကြောင်းဖြစ်ပုံကား...ဖြစ်တိုင်းဖြစ်တိုင်းသော သင်္ခါရတို့ကို 'အနိစ္စ ဒုက္ခ အနတ္တ' ဟု ပိုင်ပိုင်နိုင်နိုင် ပြည့်စုံစွာမသိသေးလျှင်၊ ထိုသင်္ခါရတို့၌ တပ်မက် သာယာမှုသော်လဲ ဖြစ်တတ်၏။ ဒုက္ခဝေဒနာ၏ မခံသာခြင်း, သုခဝေဒနာ၏ ဖေါက်ပြန် ပျက်စီးခြင်း, ခပ်သိမ်းသော သင်္ခါရတို့၏ ဖြစ်ပျက်ခြင်းတို့ကို တွေ့ရ၍ စိတ်ပျက်မှု ကြောက်ရွံ့မှု စက်ဆုပ်မှုတို့သော်လဲ ဖြစ်တတ်ကုန်၏။ ထိုသို့ဖြစ်ခဲလျှင်, ထိုသင်္ခါရတို့နှင့် ဆက်စပ်ဖွဲ့တွယ်လျက်ပင် ရှိသောကြောင့်, သင်္ခါရတို့ကို မစွန့်လွှတ်နိုင်သေး၊ သင်္ခါရတို့မှ မလွတ်မြောက်သေး။ ဖြစ်တိုင်း ဖြစ်တိုင်းသော သင်္ခါရတို့ကို ရှုမှတ်လျက် 'အနိစ္စ ဒုက္ခ အနတ္တ'ဟု ပိုင်ပိုင်နိုင်နိုင် ပြည့်စုံစွာ သိသောသူသည်ကား တစုံတခုသော သင်္ခါရကိုမျှ သာယာဘွယ် နှစ်သက်ဖွယ် ဟူ၍လဲ မထင်မြင်ပြီ၊ ငါကောင်, ငါနှင့်စပ်ဆိုင်သော ဥစ္စာဟူ၍လဲ မထင်မြင်ပြီ။ ထို့ကြောင့်, ထိုသင်္ခါရတို့၏ချမ်းသာ ကောင်းစားခြင်း ကိုလဲ မမြော်လင့် မတောင့်တ၊ မလိုအပ်သော သင်္ခါရတို့၏ ပျောက်ပျက်သွားခြင်းကိုလဲ မမြော်လင့် မတောင့်တ၊ သင်္ခါရတို့ မချမ်းသာ မကောင်းစားမည့် အတွက်လဲ မစိုးရိမ်၊ မလိုအပ်သော သင်္ခါရတို့ ဖြစ်ပေါ်လာမည့်အတွက်လဲ မစိုးရိမ်။ ဥပမာ ... မိမိနှင့် ဘာမျှမသက်ဆိုင်သော ကျောက်ခဲများ သဲများ မြက် သစ်ရွက် အမှိုက်များကို အကြောင်းပြု၍ သာယာတောင့်တခြင်း, စိုးရိမ် ကြောင့်ကြခြင်း မဖြစ်သကဲ့သို့ပင်တည်း။ ဤသို့ တောင့်တမှု ကြောင့်ကြမှု ကင်းလျက်၊ ဖြစ်တိုင်းသော သင်္ခါရတို့ကို မှတ်သိရုံမျှသာ မှတ်သိနေနိုင်လျှင်, သင်္ခါရတို့နှင့်စပ်လျဉ်း၍ အနှောက်အယှက် တစုံတခုမျှ မရှိသောကြောင့်, ထိုသင်္ခါရတို့ကို စွန့်လွှတ်ထားပြီး ဖြစ်လေ၏။ ထိုသင်္ခါရတို့မှ လွတ်လဲလွတ်မြောက်လေတော့၏။ ပဋိနိဿဂ္ဂါနုပဿနာအရာ၌ ပြခဲ့သောသား ဆိုးကို စွန့်ခြင်းဥပမာဖြင့်လဲ ဤဆိုခဲ့ပြီးသော အနက်ကိုသိအပ်၏။

ဤသို့ သင်္ခါရတို့မှ ကောင်းစွာ လွတ်မြောက်ခြင်းသည် ရဟန္တာအဖြစ်သို့ရောက်မှ ကောင်းစွာပြည့်စုံ၏။ ဝိပဿနာ အရာ၌ကား ဆင်္ခုပေက္ခာအဖြစ်သို့ရောက်သော သင်္ခါရုပေက္ခာနှင့် ပြည့်စုံသောယောဂီသည်လည်း သင်္ခါရတို့မှ ကောင်းစွာ လွတ်မြောက်ပေ၏။ သို့ဖြစ်၍, သင်္ခါရတို့မှ လွတ်မြောက်ခြင်းကိစ္စသည် စွန့်လွှတ်လိုသော မုဥ္စိတုကမျတာဉာဏ် ဖြစ်ရုံမျှဖြင့် လဲမပြီးသေး၊ ထိုသင်္ခါရတို့ကို နှလုံးမသွင်းဘဲ မရှုမှတ်ဘဲ နေရုံမျှဖြင့်လဲ မပြီးနိုင်၊ အမှန်အားဖြင့်သော်ကား...ဖြစ်တိုင်းသော သင်္ခါရတို့ကို 'နိစ္စ သုခ အတ္တ'ဟု ကိလေသာဖြင့် မစွဲလမ်းနိုင်အောင်, ဝိပဿနာဖြင့် 'အနိစ္စ ဒုက္ခ အနတ္တ'ဟု ပိုင်ပိုင် နိုင်နိုင် သိမြင်မှသာလျှင် ပြီးစီးနိုင်ပေသည်။ ဤသို့ သိမြင်မှုသည်လည်း ဖြစ်တိုင်းသော သင်္ခါရတို့ကို တဖန်ဆက်လက်၍ ရှုမြဲ မပြတ် ရှုမှတ်မှသာလျှင် ပြီးစီးနိုင်ပေသည်။ သို့ဖြစ်၍, မုဥ္စိတုကမျတာဉာဏ်ဖြင့် သင်္ခါရတို့ကို စွန့်လွှတ်လိုသော ယောဂီ၏ တဖန် ရှုမှု ဟူသော ပဋိသင်္ခါဉာဏ်သည် ဤ ဆိုခဲ့သော နည်းဖြင့် သင်္ခါရတို့ကို စွန့်လွှတ်နိုင်ကြောင်း ဖြစ်ပေသည်။ ထို့ကြောင့်ပင်, မုဥ္စိတုကမျတာဉာဏ်ဖြင့် သင်္ခါရတို့ကို စွန့်လွှတ်လိုသော ယောဂီသည် ဖြစ်တိုင်းဖြစ်တိုင်းသော ထိုသင်္ခါရတို့ကိုပင် တဖန် မှတ်မြဲ မှတ်သိရပေသည်။ ဤသို့ မှတ်သောယောဂီအား သင်္ခါရတို့ကို လျစ်လျူအညီအမျှ မရှုနိုင်သေးမီအတွင်း၌ မှတ်သိလျက် ဖြစ်သော ဝိပဿနာသည် ပဋိသင်္ခါနုပဿနာ မည်၏။

ဤဉာဏ်ဖြစ်ခါစ၌ အချို့ယောဂီသည် မှတ်သိရသော သင်္ခါရတို့ကို ကြောက်ရွံ့စက်ဆုပ်လျက် စွန့်လွှတ်လိုသော ကြောင့် "ရှုမှတ်နေလျှင်, တပျက်ထဲ ပျက်နေသော တရားဆိုးတို့ကို မပြတ် တွေ့နေတော့မည်၊ မမှတ်ဘဲနေမှ သူတို့နှင့်လွတ်ကင်းနိုင်မည်"ဟု အောက်မေ့၍ ရှုမှတ်မှုအလုပ်ကို လက်လွှတ်လျက် မေ့မေ့ပျောက်ပျောက် နေမိတတ်၏။ ထိုသို့နေသော သူအားမမှတ်မိသော သင်္ခါရတရားတို့၌ 'အနိစ္စ ဒုက္ခ အနတ္တ' ဟု မသိမှု ဟူသော အဝိဇ္ဇာနုသယ ကျရောက်၏။ ဤ အဝိဇ္ဇာ သည် တဖန်ဆက်၍ မှတ်မြဲမမှတ်ခြင်းကြောင့်သာလျှင် ဖြစ်ခွင့်ရလေသည်၊ တဖန်ဆက်၍ မပြတ်မှတ်နေလျှင်ကား ဖြစ်ခွင့် မရနိုင်။ သို့ဖြစ်၍, 'အနိစ္စ ဒုက္ခ အနတ္တ'ဟု မသိမှုဟူသော ဤအဝိဇ္ဇာသည် တဖန် ရှုမှတ်မှု=ပဋိသင်္ခါဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အ-ပ္ပဋိသင်္ခါန မည်၏။ အပ္ပဋိသင်္ခါန မည်သော ဤအဝိဇ္ဇာကို ပဋိသင်္ခါဉာဏ်က ပယ်၏၊ ကင်းပျောက်စေ၏၊ ဖြစ်ခွင့် မပေး ဟု ဆိုလို၏။

## (၁၇) ပဋိသင်္ခါနုပဿနာ ပြီး၏။

## (၁၈) ဝိဝဋ္ဋာနုပဿနာ

ဝိဝဋ္ဋာနုပဿနာကို သင်္ခါရုပေက္ခာ စေဝ အနုလောမဉ္စ၊ တဒါဟိဿ စိတ္တံ ဉာသကပေါဏေ ပဒုမပလာသေ ဥဒကဗိန္ဒု ဝိယသဗ္ဗသ္မာ သင်္ခါရဂတာ ပတိလီယတိ ပတိကုဋတိ ပတိဝတ္တတီတိ ဝုတ္တံ။ တသ္မာ တာယ သံယောဂါဘိနိဝေသဿ ပဟာနံ ဟောတိ။

## (ဝိသုဒ္ဓိမဂ် ၂-၃၃၇)

ဝိဝဋ္ဋာနုပဿနာတိ၊ ဝိဝဋ္ဋာနုပဿနာ ဟူသည်ကား။ သင်္ခါရုပေက္ခာ စေဝ အနုလောမဉ္စ၊ သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမ ဉာဏ်ပင်တည်း။ ဟိ၊ မှန်ပေ၏။ တဒါ။ သင်္ခါရုပေက္ခာ ဉာဏ်နှင့်, အနုလောမဉာဏ်တို့ ဖြစ်ပေါ်သော ထိုအခါ၌။ အဿ စိတ္တံ၊ ထိုယောဂီ၏ စိတ်သည်။ ဉာသကပေါဏေ ပဒုမပလာသေ ဥဒကဗိန္ဒု ဝိယ၊ အနည်းငယ်ကိုင်းသော ပဒုမ္မာကြာဖက်ပေါ်၌ ရေပေါက်ကဲ့သို့။ သဗ္ဗသ္မာသင်္ခါရဂတာ၊ အလုံးစုံသော သင်္ခါရမှ။ ပတိလီယတိ၊ ပြန်၍ တွန့်၏။ ပတိကုဋတိ၊ ပြန်၍ ကြုံ့၏။ ပတိဝတ္တတိ၊ ပြန်၍ဆုတ်နစ်၏။ ဣတိ၊ ဉာသို့။ ဝုတ္တံ၊ ဟောအပ်၏။ တသ္မာ၊ ထို့ကြောင့်။ တာယ၊ ထို ဝိဝဋ္ဋာနုပဿနာဖြင့်။ သံယောဂါဘိနိဝေသဿ ပဟာနံ၊ သင်္ခါရတို့၌ယှဉ်တွဲလျက် ဝင်စားသော ကိလေသာကို ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်ပေ၏။

ယထာ စိတ္တံ သင်္ခါရေ မုဉ္စိတွာ ဝိဝဋ္ဋံ နိဗ္ဗာနံ ပက္ခန္ဒတိ၊ တထာပဝတ္တနတော သင်္ခါရုပေက္ခာ အနုလောမဉ္စ ဝိဝဋ္ဋာနုပဿနာတိ ဝုတ္တံ။ နိဝိဋ္ဌဘာဝေန သြဂါဠ္ဟဘာဝေန ပဝတ္တာ သံယောဇနာဒိကိလေသာ ဧဝ ကိလေသာဘိနိဝေသော။ (မဟာဋီကာ ၂-၅၁၀)

ယထာ၊ အကြင် အခြင်းအရာဖြင့်။ ဝိပဿနာဉာဏေ ယတ္တမာနေ၊ ဝိပဿနာဉာဏ် ဖြစ်လျှင်။ စိတ္တံ၊ ဂေါတြဘူ, မဂ်, ဖိုလ်စိတ်သည်။ သင်္ခါရေ မုဉ္စိတွာ၊ သင်္ခါရတို့ကို စွန့်လွှတ်၍။ ဝိဝဋ္ဋံ နိဗ္ဗာနံ၊ ဝဋ္ဋ သင်္ခါရကင်းသော နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ တထာ ပဝတ္တနတော၊ ထိုအခြင်းအရာဖြင့် ဖြစ်သောကြောင့်။ သင်္ခါရုပေက္ခာ အနုလောမဉ္စ၊ သင်္ခါရုပေက္ခာနှင့် အနုလောမဉာဏ်ကို။ ဝိဝဋ္ဋာနုပဿနာတိ၊ ဝိဝဋ္ဋာနုပဿနာဟူ၍။ဝုတ္တံ၊ ဆိုအပ်၏။ (ဝိဝဋ္ဋံပက္ခန္ဒနာယ, ပက္ခန္ဒာပေန္တိ ဝါ,အနုပဿနာ ဝိဝဋ္ဋာနုပဿနာ–ဉာ ဝစနတ္ထကို ပြ၏)။ ။ နိဝိဋ္ဌဘာဝေန၊ သင်္ခါရတို့၌ ဝင်စားသည်၏ အဖြစ်ဖြင့်။ သြဂါဠ္ဟဘာဝေန၊ သင်္ခါရတို့၌ သက်ဆင်းသည်၏အဖြစ်ဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ သံယောဇနာဒိ ကိလေသာ ဧဝ၊ သံယောဇဉ်စသော ကိလေသာတို့သည်ပင်လျှင်။ ကိလေသာဘိနိဝေသော၊ ကိလေသာဘိနိဝေသ မည်၏။ (သံယောဂါဘိနိဝေသပင်တည်း)။

သင်္ခါရုပေက္ခာ, အနုလောမ, ဉာဉာဏ် နှစ်ပါးသည် ဝိဝဋ္ဋာနုပဿနာ မည်၏။ ဉာဉာဏ် ၂ပါးဖြစ်သော အခါ၌၊ အာရုံ သင်္ခါရ, ဝိပဿနာ သင်္ခါရတို့၏ အပျက်ကို အာရုံပြုလျက်, သိလျက်, ရှိသော်လဲ၊ အောက် ဉာဏ်များမှာ ကဲ့သို့ ထိုသင်္ခါရတို့၌ သာယာ နှစ်သက်မှုလဲမဖြစ်၊ ဘယဉာဏ် စသည်မှာ ကဲ့သို့ ကြောက်ရွံ့မှု, စက်ဆုပ်မှု, ငြီးငွေ့မှု, လွတ်လို၍ ကြံစည်မှုများလဲ မဖြစ်၊ အာရုံထင်ပေါ်အောင်တောင့်တမှု, ကြောင့်ကြစိုက်မှုလဲမရှိ၊ မကောင်းသော အာရုံ ထင်ပေါ်လာမည့်အတွက် စိုးရိမ် ကြောက်ရွံ့မှုလဲမရှိ။ အမှန်အားဖြင့်သော်ကား…ဖြစ်တိုင်းသော ထိုသင်္ခါရတို့၏ အပျက်ကိုသာလျှင် အလွန်ကြည်လင်သန့်ရှင်း သောဉာဏ်ဖြင့်သိရုံမျှသာ မပြတ်သိလျက် သိလျက်ရှိ၏၊ ထိုအခါ၌ ဝိပဿနာစိတ်သည်။ ထိုသင်္ခါရတို့မှ တွန့်ဆုတ်နေ သကဲ့သို့ရှိ၏၊ ခပ်စောင်းစောင့် ခပ်ကိုင်းကိုင်းတည်နေသော ပဒုမ္မာကြာဖက်ပေါ်၌ကျသော ရေပေါက်သည် မပြန့်နှံ့ မတည်တံ့ဘဲ လျှောကျသွားဘိသကဲ့သို့ စိတ်သည် ရှုမိသောသင်္ခါရတို့မှ တွန့်ဆုတ်လျက်ရှိ၏၊ အလွန်ကောင်းသော အာရုံကိုဖြစ်စေ, အလွန်ဆိုးသော အာရုံကိုဖြစ်စေ, ဆက်လက်၍ မစဉ်းစားပြီ၊ သိရုံမျှသာ သိလျက်သိလျက်ရှိ၏။ ဉာသို့သင်္ခါရတို့မှ တွန့်ဆုတ် သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့်၊ အားပြည့်သော သင်္ခါရုပေက္ခာ၏ အခြားမဲ့၌ အနုလောမဉာဏ် ဖြစ်ပေါ်ပြီးလျှင် ဂေါတြဘူစိတ် မဂ်စိတ်သည် သင်္ခါရအာရုံ အလုံးစုံကို စွန့်လွှတ်လျက်၊ သင်္ခါရကင်းသော နိဗ္ဗာန်အာရုံသို့ ပြေးဝင်သွားနိုင်ပေ သည်။ ဝိဝဋ္ဋမည်သော နိဗ္ဗာန်အာရုံသို့ဂေါတြဘူစိတ် မဂ်စိတ် ပြေးဝင်နိုင်အောင် ဉာသို့ ရှုလျက် ဖြစ်သောကြောင့်၊ ၎င်းဉာဏ် ၂–ပါးကို ဝိဝဋ္ဋာနုပဿနာ ဟု ခေါ်သည်။

ဉာ ဝိဝဋ္ဋာနုပဿနာသည် ကောင်းသော ကာမအာရုံတို့၌ ဝင်စားလျက် ဖြစ်သော ကာမရာဂသံယောဇဉ်, ဆိုးသော ကာမအာရုံတို့၌ ဝင်စားလျက်ဖြစ်သော ပဋိဃသံယောဇဉ်, ဉာသို့ အစရှိသော စိတ်ဝင်စားမှု ကိလေသာအပေါင်းကို ပယ်၏၊ ကင်းပျောက်စေ၏၊ ဖြစ်ခွင့်မပေး။ ထို့ကြောင့်ပင်, သင်္ခါရုပေက္ခာသို့ ရောက်ဆဲပုဂ္ဂိုလ်သည် ထိုထိုလောကီအာရုံတို့ကို စိတ်ကူး ကြံစည်ကြည့်လျှင်, မြန်မြန် ရက်ရက် စိတ်မဝင်စားဘဲ ရှိလေသည်၊ စိတ် မပါဘဲ ရှိလေသည်၊ ကြာရှည်စွာ မစဉ်းစားလိုဘဲ ရှိလေသည်။ ဝိပဿနာကို စွန့်လွှတ်ထားမှ ကြာမြင့်မှသာလျှင်၊ ထိုထိုလောကီအာရုံကို ကြာရှည်စွာ စဉ်းစား ကြံစည်နိုင်လေ သည်။

ဝါဒအထူး ... ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ (၁-၉၇-၉၉)၌ကား၊ "အနုလောမဉာဏ်၏ အစွမ်းကြောင့် ဖြစ်ပေါ်သော ဂေါတြဘူဉာဏ်သည် ဝိဝဋ္ဋာနုပဿနာမည်၏"ဟု မိမိနှစ်သက်အပ်သော အနက်ကို ဖွင့်ပြပြီးလျှင်၊ ဤ၌ပြခဲ့သော ဝိသုဒ္ဓိမဂ် အဖွင့်ကို "ပဋိသမ္ဘိဒါမဂ်ပါဠိနှင့် ဆန့်ကျင်သကဲ့သို့ ရှိသည်"ဟု မိန့်ဆိုပြန်၍ ဤသို့သော ယုတ္တိကို ထုတ်ပြ၏။ ယုတ္တိကား ... ပဋိသမ္ဘိဒါမဂ် စရိယာကထာ၌၊ "အနိစ္စာနုပဿနာအကျိုးငှါ အာဝဇ္ဇန်း ကြိယာအဗျာကတစိတ်သည် ဝိညာဏစရိယာ=ဝိညာဏ်၏ဖြစ်ခြင်းတည်း၊ အနိစ္စာနုပဿနာသည် ဉာဏစရိယာ=ဉာဏ်၏ဖြစ်ခြင်းတည်း။ပေ။ ပဋိသင်္ခါနုပဿနာအကျိုးငှါ အာဝဇ္ဇန်း ကြိယာအဗျာကတစိတ်သည် ဝိညာဏစရိယာတည်း၊ ပဋိသင်္ခါနုပဿနာသည် ဉာဏစရိယာတည်း"ဟူ၍၊ အကြင်အကြင်ဉာဏ်၏ အာဝဇ္ဇန်းကို အသီးအသီး ရအပ်၏၊ ထိုထိုဉာဏ်၏ အာဝဇ္ဇန်းကို အသီးအသီး ဟောအပ်၏။ ဝိဝဋ္ဋာနုပဿနာ၌ကား အဝဇ္ဇန်းကို မဟောမူ၍သာလျှင် "ဝိဝဋ္ဋာနုပဿနာသည် ဉာဏစရိယာတည်း" ဟူ၍သာဟောအပ်၏။ အကယ်၍ သင်္ခါရုပေက္ခာ, အနုလောမဉာဏ်တို့သည် ဝိဝဋ္ဋာနုပဿနာ မည်ကုန်ငြားအံ့။ သို့ဖြစ်လျှင်၊ ၎င်းတို့မှာ အာဝဇ္ဇန်း ရှိသောကြောင့်၊ ထိုဝိဝဋ္ဋာနုပဿနာအကျိုးငှါလဲ အာဝဇ္ဇန်းကို ဟောတော်မူလေရာ၏။ သို့သော်လဲ ထိုဝိဝဋ္ဋာနုပဿနာ၏ အာဝဇ္ဇန်းကို ပါဠိ၌ မဟောအပ်ပေ။ အသင့်အလျော်ကား အနုလောမဝီထိ၌သာလျှင် အတွင်းဝင်လျက် ဖြစ်သောကြောင့် ဂေါတြဘူဉာဏ်မှာ အာဝဇ္ဇန်း အသီးအခြားမရှိပေ။ ထိုသို့ ဝိဝဋ္ဋာနုပဿနာ အကျိုးငှါအာဝဇ္ဇန်းကို မဟောအပ်သောကြောင့် "ဂေါတြဘူဉာဏ်သာလျှင် ဝိဝဋ္ဋာနုပဿနာမည်၏"ဟု ယူခြင်းသာ သင့်လျော်ပေသည်ဟူ၍ အကြောင်းပြလျက် ဆုံးဖြတ်လေ၏။ ဆင်ခြင်၍သင့်ရာကို ယူပါလေ။

## (၁၈) ဝိဝဋ္ဋာနုပဿနာ ပြီး၏။

ဘာဝေတဗ္ဗာ ယောဂီဟိ ယာ၊ ဒဋ္ဌဗ္ဗာ စ ပစ္စက္ခတော။
ဝဏ္ဏိတာ တာ အဋ္ဌာရသ၊ မဟာဝိပဿနာ မယာ။
ဒုဗ္ဗောဓံ သုဗောဓေတုန၊ ယောဂီနံ သုတဝုဒ္ဓိယာ။

ယာ၊ အကြင် မဟာဝိပဿနာတို့ကို။ ယောဂီဟိ၊ ဝိပဿနာယောဂီပုဂ္ဂိုလ်တို့သည်။ ဘာဝေတဗ္ဗာ စ၊ မိမိတို့၏ သန္တာန်၌ဖြစ်လဲ ဖြစ်ပွါးစေအပ်ကုန်၏။ ပစ္စက္ခတော ဒဋ္ဌဗ္ဗာ စ၊ မျက်မှောက်အားဖြင့် တွေ့လဲ တွေ့မြင် အပ်ကုန်၏။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးကုန်သော။ တာ မဟာဝိပဿနာ၊ ထိုမဟာဝိပဿနာတို့ကို။ (ဝဏ္ဏိတာ၌ စပ်)။ မယာ၊ ငါသည်။ ဒုဗ္ဗောဓံ သုဗောဓေတုန၊ သိနိုင်ခဲသော အနက်ကိုသော်လဲ သိလွယ်သည်ကိုပြု၍။ (ပိ လုတ္တနိဒ္ဒေသ၊ သုဗောဓ နာမဓာတ်+ဏေ၊ ဝါ၊ ဣပစ္စည်း+တုနပစ္စည်းတို့ဖြင့် သုဗောဓေတုန-ဟု ပြီးစေသည်) ယောဂီနံ သုတဝုဒ္ဓိယာ၊ ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့၏ အကြားအမြင် တိုးပွါးရန်။ ဝဏ္ဏိတာ၊ ဖွင့်ပြအပ်ကုန်ပြီ။

## အခဏ်း (၇) ပြီး၏။

## နိဂုံး

(၁) နဂရေ မော်လမြိုင်နာမေ၊ မဏ္ဍလာစလပါဒကေ။
ဂိဇ္ဈကာဝါသအာရာမံ၊ ယော ထေရော စိရမာဝသိ။

ယော ထေရော၊ ဝိပဿနာရှုနည်း, သိပ်သည်း လမ်းမှန်, ဤကျမ်းဂန်ကို, ရေးရန် ခန့်ညား သဒ္ဓါအားနှင့်, ဉာဏ်ပွါးတည်ကြည်, အကြင်မထေရ်သည်။ မော်လမြိုင်နာမေ၊ မော်လမြိုင် အမည်ရှိသော။ နဂရေ၊ မြို့၌။ မဏ္ဍလာစလ ပါဒကေ၊ တောင်ဝိုင်း မည်ရ, တောင်ခြေစ၌။ သဏ္ဌိတံ၊ ကောင်းစွာ တည်ရှိသော။ ဂိဇ္ဈကာ ဝါသအာရာမံ၊ တိုက်ကျောင်း အမည်ရှိသော ကျောင်းတိုက်ကို။ ဝါ၊ ကျောင်းတိုက်၌။ စိရံ၊ ၁၂၉၁ ခုနှစ်မှ ၁၃၀၃ ခု-နှစ်တိုင်အောင် ရှည်မြင့်စွာသော ကာလပတ်လုံး။ အာဝသိ၊ ဂန္ထ ဝါသ, နှစ်ခုရဖြင့်, ကြောင့်ကြပြုလုပ်, စောင့်ထိန်းချုပ်လျက်, စိုးအုပ် နေထိုင်ခဲ့လေပြီ။

(၂) ပုရန္တု ယံဇယဋ္ဌာနံ၊ အယျ အောင်ဇေယျ ရာဇိနော။
တဿ ပစ္ဆိမဘာဂေ ယော၊ အာဝါသော နိဂမော သတံ။

တု၊ ကျမ်းပြုဆဲ၌, နေခိုက်ဌာန, အာဝါသကား။ အယျ အောင်ဇေယျ ရာဇိနော၊ မြန်မာ့ရာဇဝင်, ဥဒါန်းတွင်သော, အရှင်အောင်ဇေယျ, မည် နာမဖြင့်, ပါကဋ ထင်ရှား, အလောင်းမင်း တရား၏။ ဇယဋ္ဌာနံ၊ ရန်သူ ခပင်း, ပြောင့်တသင်းကို, နှိမ်နင်း ပယ်ချွေ, အောင်မြေအရပ်ဖြစ်သော။ ယံ ပုရံ၊ ရွှေဘိုဟု ခေါ်, အကြင် မြို့တော်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထို ရွှေဘိုမြို့၏။ ပစ္ဆိမဘာဂေ၊ ခုနစ်မိုင်လောက်, လှမ်းထောက်ဝေးကွာ, အနောက်မျက်နှာ အဖို့၌။ သတံ-သန္တာနံ၊ သဒ္ဓါ, သီလ, စသည် ဂုဏ်ရည်, စိုပြည် စုပေါင်း, သူတော်ကောင်းတို့၏။ အာဝါသော၊ သာယာ အေးမြ, ရန်ဘေး ပလျက်, ရွှင်ပျ ကြည်စွာ,

နေထိုင်ရာ ဖြစ်သော။ ယော နိဂမော၊ ဆိပ်ခွန်ရွာ ဟု, သညာထင်ပေါ်, ဝေးနီးကျော်၍ မြို့ခေါ်လုနီး, အကြင်နိဂုံး ရွာကြီးသည်။ အတ္ထိ၊ ရှိ၏။ ။ (ဤရွာ၌ပင် ဤကျမ်းပြု မထေရ်သည် ခမည်းတော် ဦးကံတော် နှင့် မယ်တော် ဒေါ်ရွှေအုပ်တို့မှ ၁၂၆၆–ခုနှစ် ဒုတိယ ဝါဆို လပြည့်ကျော် ၃–ရက် (၂၉–၇–၁၉၀၄) သောကြာနေ့ နံနက် ၃–နာရီခန့် အချိန်တွင် ဖွါးမြင်တော်မူခဲ့ပေသည်။

(၃) မဟာဘောရိ ဝိဟာရသ္မိံ၊ တေသ္မာ ပစ္ဆိမုတ္တရေ။
သာလဒါယ မဟာထူပ၊ ဝရဿာပိ ဥပန္တိကေ။

(၄) ဝသန္တော္သောဘနေ့ာနာမ၊ ဝီသဝ သဿာတထေသကော။
ဥပါသကေဟိ သဒ္ဓမ္မ၊ ရတ–စိတ္တေဟိ ယာစိတော။

(၅) ဟိတတ္ထာယ ဟိတေသီနံ၊ ဝုဒ္ဓိယာ သာသနဿ စ။
ဝိပဿနာနယံ နာမ၊ ယံ ဂန္ထံ ကာတု မာရဘိ။

ဇေတသ္မာ၊ ဤဆိတ်ခွန်ရွာမှ။ ပစ္ဆိမုတ္တရေ ဒိသာဘာဂေ၊ တာလေးရာလောက်, ကွာလှမ်းထောက်သည့်,အနောက်မြောက် အရပ်အဖို့၌။ သာလဒါယ မဟာထူပ ဝရဿာပိ၊ အင်ကြင်းတောမည်ခေါ် စေတီတော်မြတ်ကြီး၏လဲ။ ဥပန္တိကေ၊ တောင်ဘက် မျက်နှာ, မကွာဆက်စပ်, အနီးအရပ်၌။ သဏ္ဍိတေ၊ ကောင်းစွာ တည်ရှိသော။ မဟာဘောရိ ဝိဟာရသ္မိံ၊ မဟာစည်ကျောင်း၌။ ဝသန္တော၊ သတင်းသုံးနေထိုင်ဆဲ ဖြစ်သော။ ဝီသဝဿော၊ ရဟန်း သိက္ခာ, ဝါ နှစ်ဆယ်ရှိပြီးသော။ (ဤမထေရ်သည် ၁၂၇၈–ခုနှစ် နယုန်လတွင် ရှင်သာမဏေပြုခဲ့သည်၊ ၁၂၈၅–ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅–ရက်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်၊ သို့ဖြစ်၍ ၁၃၀၅–ခုနှစ်မှာ ရဟန်းသိက္ခာ ဝါ ၂၀–ပြည့်လျက်ရှိသည်)။ တထေသကော၊ ပရမ္မရာဂတ, ရိုးရာ နည်းမျှဖြင့်, အားမရ မရောင့်ရဲ, ခိုင်မြဲကျမ်းဂန်, လမ်းမှန်ကို ရှာလေ့ရှိသော။ ဝါ၊ ယူသည်းကင်းကွာ, ရိုးရာမလိုက်, အမှန်ကို သာကြိုက်လေ့ရှိသော။ သောဘနော နာမ၊ အရှင်သောဘန အမည်ရှိသော။ သော ထေရော၊ ထိုမထေရ်သည်။ (အာရဘိ၌ စပ်)။ သဒ္ဓမ္မရတစိတ္တေဟိ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓ ဟူသော သူတော်ကောင်းတရား၌ နှစ်ခြိုက် ရွှင်ပျော် မွေ့လျော်သော စိတ်ရှိကုန်သော။ ဥပါသကေဟိ၊ ဩကပ် မိဂမာ, ခိုင်မြဲသော သဒ္ဓါဖြင့်, ရတနာ သုံးရပ်ကို, ဆည်းကပ်လေ့ရှိသော ဥပါသကာ တို့သည်။ ဟိတေသီနံ၊ စီးပွါးစစ် စီးပွါးမှန်ကို ရှာကြံလေ့ရှိသော ပုဂ္ဂိုလ်တို့၏။ ဟိတတ္ထာယ စ၊ မဂ်, ဖိုလ် နိဗ္ဗာန် ဟူသော အစီးအပွါးအကျိုးငှါရင်း။ သာသနဿ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓ၊ သီလ, သမာဓိ, ပညာ တည်းဟူသော သာသနာတော်၏။ ဝုဒ္ဓိယာစ၊ အနှစ်ထောင့်ငါးရာကျော် ကာလ, ရှေးခေတ်ကကဲ့သို့ပြည့်ဝ စည်ကား, ကြီးပွါး တိုးတက်ခြင်း အလို့ငှါရင်း။ ယာစိတော၊ ဉာဏ် ကျဉ်း လတ် ကျယ်, ပုဂ္ဂိုလ်တိုင်း နားလည်အောင်, ဖွယ်ဖွယ်ရာရာ, စုံလင်စွာဖြင့်, ဝိပဿနာကျမ်းတခု, ပြုစုပါရန်, တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍။ ဝိပဿနာနယံ နာမ၊ ဝိပဿနာရှုနည်း မည်သော။ ယံ ဂန္ထံ၊ အကြင်ကျမ်း ကို။ ကာတုံ၊ ရေးသား တည်ထွင် စီရင် ပြုစု ခြင်းငှါ။ အာရဘိ၊ အားထုတ်လေပြီ။

(၆) သော နိဗ္ဗုတေ သတ္ထရိ သတ္တသီတိမေ၊
ဝဿေ စတုဗ္ဗီသ သတေဟိ ပစ္ဆတော။
သာကေန ပဉ္စာဓိက တေရသေ သတေ၊
မာဃဿ သမ္ပုဏ္ဏာ ဒိနမှိ နိဋ္ဌိတော။

သော၊ ထို ဝိပဿနာရှုနည်းကျမ်းသည်။ (နိဋ္ဌိတော၌စပ်)။ သတ္ထရိ၊ လူ နတ် ဗြဟ္မာ, သတ္တဝါအပေါင်း၏, မကောင်း မြစ်ကာ, ကောင်းရာညွှန်တတ်သည့်, ဆရာမြတ်အစစ်, တဆူထည်းဖြစ်တော်မူသော ဘုရားသခင်သည်။ နိဗ္ဗုတေ၊ မလ္လာမင်း တို့၏, အင်ကြင်းဥယျာဉ်ဝယ်, ဒုက္ခနယ် အဆုံးသတ်, ရုပ်နာမ်ဇာတ် ရုပ်သိမ်း၍, ချုပ်ငြိမ်းသည့် အလိုအားဖြင့် ထွင့်ဖျားသုညံ, နန်းနိဗ္ဗာန် သို့, ဝင်စံတော်မူပြီးလတ်သော်။ အတိက္ကန္တဝဿာနံ၊ တနှစ်ချင်းအားဖြင့်လွန်သွားလေသော နှစ်တို့၏။ (သမ္ဗန် ထည့်)။ စတုဗ္ဗီသသတေဟိ၊ နှစ်ဆဲ့လေးရာတို့မှ။ ဝါ၊ နှစ်ထောင့်လေးရာတို့မှ။ (အသမာဟာရ ဒိဂု ကြံ)။ ပစ္ဆတော၊ နောက်၌။ သတ္တသီတိမေ ဝဿေ၊ ရှစ်ဆဲ့ခုနစ်ခုမြောက်သော နှစ်၌။ ဝါ၊ သာသနာတော် ၂၄၈၇–ခုမြောက် နှစ်၌။ သာကေန၊ သကမင်း တို့၏ နှစ်ကိုစွဲ၍ ခေါ်ဝေါ်အပ်သော ဂေါဇာ သကရာဇ်, မြန်မာနှစ်အလိုအားဖြင့်။ ပဉ္စာဓိက တေရသေ သတေ၊ ငါးခု အလွန်ရှိသော တဆဲ့ သုံးရာမြောက်နှစ်၌။ ဝါ၊ တထောင့်သုံးရာ့ငါးခုမြောက်နှစ်၌။ မာဃဿ၊ တပို့တွဲလ၏။ သမ္ပုဏ္ဏာ ဒိနမှိ၊ လပြည့်နေ့၌။ နိဋ္ဌိတော၊ ခုနစ်ပိုင်းလုံး အပြီးအဆုံးသို့ ရောက်သတည်း။

မှတ်ချက် ... မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသည်မှ စ၍ အရှင်မဟာကဿပမထေရ် နှင့် အဇာတသတ်မင်းတို့ တည်ထားခဲ့သော သာသနာနှစ် (၆၂၄) ရှိသော အခါ၌ သုမုန္ဒရီ မင်းသည် (၆၂၂) ကို ဖြို၍ (၂)ခုကြွင်း တည်ထားခဲ့သည်ဟု မြန်မာရာဇဝင်တို့၌ ဆို၏။ ထိုစဉ်အခါက ဣန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း၌ ဘုန်းတန်ခိုးကြီးမားသော ကနိဿျကမင်းသည်လည်း ခုနှစ်အသစ်ကို ပြုပြင်သတဲ့။ ၎င်းခုနှစ်သည် ထိုဣန္ဒိယ အနောက်မြောက်ပိုင်း၌ နှစ်ပေါင်း လေးရာကျော် အုပ်စိုးသော သကမင်း အဆက်ဆက်တို့ သုံးစွဲသောကြောင့် သကနှစ် ဟု တွင်သတဲ့။ ဣန္ဒိယ၌ ယခုထက်တိုင် သကနှစ် ဟု ခေါ်ဝေါ်သုံးစွဲ

လျက်ရှိ၏။ ထို သကနှစ်သည် 'သုမုန္ဒရီမင်း ထားခဲ့သည်'ဟု ဆိုသော နှစ်နှင့်တူညီလျက် ရှိ၏၊ ထို့ပြင်, ပဲခူးမြို့ ကလျာဏီ ကျောက်စာ ၌လဲ သကရာဇေ ဟု ရေးထားသည်ကို တွေ့ရ၏။ ထို့ကြောင့်, သကရာဇ် ဟူသော မြန်မာဝေါဟာရသည် ထို သကရာဇ=သကမင်း တို့၏ခုနှစ်ကို စွဲမှီ၍ခေါ်တွင်သည် ဖြစ်ရာ၏။ ထိုသကနှစ်, သမုန္ဒရီနှစ် (၅၆၂)ရှိသောအခါ၌ 'ပုပ္ပါးစော, ရဟန်းမင်း'ဟူ၍လဲ ခေါ်သော သဃ်ရာဇ် မင်းသည် (၅၆၀)ကို ဖြို၍ (၂) ခု ကြွင်း တည်ထားခဲ့ပြန်သည်ဟု ရာဇဝင်တို့၌ ဆို၏။ ယခု (၁၃၀၅) ခုသည်ကား ထိုသဃ်ရာဇ်မင်း တည်ထားခဲ့သော (၂) ခုကြွင်းမှ တိုးပွါးလာသော ခုနှစ်ပေတည်း။ သို့သော်လဲ သကရာဇ် ဟူသော ဝေါဟာရသို့ လိုက်၍ ဤ၌ သာကေန ဟု ရေးအပ်ပေသည်။ ယခု (၁၃၀၅)တွင် သဃ်ရာဇ် ဖြို နှစ် (၅၆၀)ကို ပေါင်းထည့်လျှင် သကနှစ် (၁၈၆၅)ဖြစ်၏။ ထိုတွင် သုမုန္ဒရီ ဖြို နှစ် (၆၂၂) ကိုပေါင်းထည့်ပြန်လျှင်, အတိတ် သာသနာနှစ် (၂၄၈၇) ဖြစ်၏။

(၇) ယထာ စာယံ ဂတော သိဒ္ဓိံ၊ နန္တရာယေန ကေဝလီ။
တထာ ကလျာဏာ သင်္ကပ္ပါ၊ သိဇ္ဈန္တံ သဗ္ဗ ဇန္တုနံ။

စ၊ မြော်လင့် တောင့်တ, အာသီသကား။ အယံ၊ ဝိပဿနာ ရှုနည်း, ဤကျမ်းကြီးသည်။ ကေဝလီ၊ ဆိုဘွယ် ဥဿုံ, အလုံးစုံပြည့်ဝ, စေ့စုံလင်သည်ဖြစ်၍။ (ကေဝလံ အနဝသေသံ ဝတ္တဗ္ဗံ ဧတဿတ္ထီတိ ကေဝလီ)။ ။ အနန္တရာယေန၊ အန္တရာယ် မရှိဘဲ။ သိဒ္ဓိံ၊ ပြီးစီးခြင်းသို့။ ဂတော ယထာ၊ ရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ သဗ္ဗဇန္တုနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ကလျာဏာ သင်္ကပ္ပါ၊ မိမိ သူတပါး, မည်သူအားမျှ ထိပါးမခတ်, ချမ်းသာစေတတ်သည့်, ကောင်းမြတ်သော အကြံအစည်တို့သည်။ ကေဝလီ၊ ကြံတိုင်း ဥဿုံ, အလုံးစုံပြည့်ဝ, စေ့စုံလင်ကုန်သည် ဖြစ်၍။ အနန္တရာယေန၊ အန္တရာယ် မရှိဘဲ။ သိဇ္ဈန္တံ–သိဇ္ဈန္တု၊ ပြီးစီးပါစေကုန်သတည်း။ (န ပဌမာသ္နာ။ ။ဒုတိယစတုတ္ထေသု ရော စ–ဟူသော မိဂ်လဆန်း သုတ်တို့နှင့်အညီ, သမပါဒ အစ တလုံးနောက်၌ ရ–ဂိုဏ်းကိုလဲ ရှောင်လွှဲလိုသောကြောင့် အန္တံ ဝိဘတ်ဖြင့် ပြီးစေသည်)။

(၈) ယာဝေကော ပုတ္တိ လောကသ္မိံ၊ ပညာနံ ဓိဂမာရဟော။
တာဝါယံ ဒဿယံ သုဇုံ၊ နယံ လောကဿ တိဋ္ဌတန္တိ။

လောကသ္မိံ၊ လောက၌။ ပညာနံ၊ ဝိပဿနာ ပညာ, မဂ် ဖိုလ် ပညာတို့ကို။ အဓိဂမာရဟော၊ ရထိုက်သော။ ဧကောပိ၊ ပုဂ္ဂိုလ်တဦးတယောက်မျှ သော်လဲ။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ အတ္ထိ၊ ရှိသေး၏။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ အယံဂန္ထော၊ ဝိပဿနာ ရှုနည်း, ဤ ကျမ်းကြီးသည်။ လောကဿ၊ လူအပေါင်းအား။ သုဇုံ၊ မမှား မယွင်း, အလွန် ဖြောင့်စင်းသော။ နယံ၊ ဝိပဿနာ ရှုနည်းကို။ ဒဿယံ–ဒဿယန္တော၊ နေ လ အလား, ထင်ရှား ဖော်ပြလျက်။ တိဋ္ဌတံ–တိဋ္ဌတု၊ မကွယ်ပဘဲ, တည်မြဲတည်တံ့ပါစေသတည်း။ ဣတိ၊ ပြီးပြီ။

**ဝိပဿနာရှုနည်းကျမ်း ပြီး၏။**

## မှတ်ချက်

ဝမ်းဗိုက်၏ ဖေါင်းခိုက်ပိန်ခိုက်၌ ထင်ရှားသော တောင့်တင်းမှု လှုပ်ရှားမှုများသည် ဝါယောဓါတ်၊ ဖေါဋ္ဌဗ္ဗရုပ် ဖြစ်သောကြောင့် "ဖေါင်းတယ်၊ ပိန်တယ်"ဟု ရှုမှတ်လျက် ၎င်းတောင့်တမှု လှုပ်ရှားမှုတို့ကို မှန်ကန်စွာသိခြင်းသည်– "ရူပံ ဘိက္ခဝေ ယောနိသော မနသိကရောထ၊ ရူပါနိစ္စတဉ္စ ယထာဘူတံ သမနုဿထ–ရဟန်းတို့ ရုပ်ကို သင့်လျော်မှန်ကန်စွာ နှလုံး သွင်းကြ ရှုကြကုန်လော့။ ရုပ်၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့"။ ။"အနိစ္စညေဝ ဘိက္ခဝေ ရူပံ အနိစ္စန္တိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ–ရဟန်းတို့၊ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်သောရုပ်ကို မမြဲဟုရှုမြင်၏။ ထိုရဟန်း၏ ထိုရှုမြင်ခြင်းသည် သမ္မာဒိဋ္ဌိ–အမြင်မှန်ပေတည်း"။ (သံ–၂–၄၂)ဤသို့အစရှိသော ခန္ဓသံယုတ် ဒေသနာပါဠိ တော်တို့နှင့်လည်း ညီညွတ်၏။ မဟာသတိပဋ္ဌာနသုတ်လာ ခန္ဓ ဓမ္မာနုပဿနာ၌လည်း အတွင်းဝင်၏။ ထိုပြင်– "ဖေါဋ္ဌဗ္ဗေ ဘိက္ခဝေ ယောနိသောမနသိ ကရောထ၊ ဖေါဋ္ဌဗ္ဗာနိစ္စတဉ္စ ယထာဘူတံ သမနုပဿထ–ရဟန်းတို့၊ တွေ့ထိရသောအာရုံတို့ကို သင့်လျော်မှန်ကန်စွာ နှလုံးသွင်းကြ ရှုကြကုန်လော့။ တွေ့ထိရသော အာရုံတို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်း မှန်စွာ ရှုကြ ကုန်လော့"။ "အနိစ္စေယေဝ ဘိက္ခဝေ ဘိက္ခု ဖေါဋ္ဌဗ္ဗေ အနိစ္စာတိ ပဿတိ၊ သာဿဟောတိ သမ္မာဒိဋ္ဌိ–ရဟန်းတို့၊ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်ကုန်သော တွေ့ထိရသောအာရုံတို့ကို မမြဲကုန်ဟု ရှုမြင်၏။ ထိုရဟန်း၏ ထိုရှုမြင်ခြင်းသည် သမ္မာဒိဋ္ဌိ– အမြင်မှန်ပေတည်း"။ (သံ–၂–၃၅၅)။ "ဖေါဋ္ဌဗ္ဗေ အဘိဇာနံ ပရိဇာနံ ဝိရာဇယံ ပဇဟံ ဘဗ္ဗော ဒုက္ခက္ခယာယ–တွေ့ထိရသော အာရုံတို့ကို ရှေးရှုသိလျှင် ပိုင်းခြားသိလျှင် တပ်မက်ပြယ်စေလျှင် ပယ်စွန့်လျှင် ဆင်းရဲကုန်ခြင်းငှါ ဆင်းရဲကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်ပေ၏"။ (သံ–၂–၂၅၀)။ "ဖေါဋ္ဌဗ္ဗေ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ–တွေ့ထိရသော အာရုံတို့ကို မမြဲဟု သိမြင်သောသူအား အဝိဇ္ဇာကိုပယ်အပ်၏။ (အဝိဇ္ဇာပျောက်ကင်း၏)၊ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်၏"။ (သံ–၂–၂၅၉) ဤသို့ အစရှိသော သဠာယတနသံယုတ် ဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏။ မဟာသတိပဋ္ဌာနသုတ်လာ အာယတန ဓမ္မာနုပဿနာ၌လည်း အတွင်းဝင်၏။ ထိုပြင်– "ယာ စေဝ ခေါ ပန အဇ္ဈတ္တိကာ ဝါယောဓာတု ယာ စ ဗာဟိရာ ဝါယောဓာတု၊ ဝါယောဓာတု ရေဝေသာ၊ တံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ'တိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ–အကြင် ကိုယ်တွင်း ဝါယောဓာတ်သည်၎င်း၊ အကြင် ကိုယ်ပ ဝါယောဓာတ်သည်၎င်း ရှိ၏။ ၎င်းသည် ဝါယောဓာတ်ချည်းသာတည်း။ ၎င်းဝါယောဓာတ်ကို 'ဤသည်ကား ငါ့ဥစ္စာမဟုတ်၊ ဤသည်ကား ငါမဟုတ်၊ ဤသည်ကား ငါ၏ အတ္တမဟုတ်'ဟု ဤသို့ အမှန်သိသောပညာဖြင့် ဟုတ်တိုင်းမှန်စွာ ရှုမြင်အပ်၏"။ (မ–၂–၈၅၊ မ–၃–၂၈၅) ဤသို့ အစရှိသော ဓာတုဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏။ မဟာသတိပဋ္ဌာန သုတ်လာ ဓာတုမနသိကာရ ကာယာနုပဿနာ၌လည်း အတွင်းဝင်၏။ ထိုပြင်– ဝမ်းဗိုက်၏ ဖေါင်းမှုပိန်မှု ဝါယောရုပ်သည် ရုပ်ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာတရားဖြစ်သောကြောင့် "ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ–ရဟန်းတို့၊ ဒုက္ခ အရိယသစ္စာ–ဟူသည်အဘယ်နည်း။ ဥပါဒါနက္ခန္ဓာငါးပါးပင်ါဟူ၍ ဖြေဆိုအပ်၏"။ (သံ–၃–၃၇၃)။ "ဒုက္ခံ ဘိက္ခဝေ အရိယသစ္စံ ပရိညေယျံ–ရဟန်းတို့၊ ဒုက္ခအရိယသစ္စာကို ပိုင်းခြားသိအပ်၏"။ (သံ–၃–၃၈၂) ဤသို့ အစရှိသော သစ္စဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏။ မဟာသတိပဋ္ဌာနသုတ်လာ အရိသစ္စ ဓမ္မာနုပဿနာ၌လည်း အတွင်းဝင်၏။ ဤမျှဖြင့် "ဖေါင်းတယ်၊ ပိတ်တယ်"ဟု ရှုမှတ်လျက် တောင့်တင်းလှုပ်ရှားမှု ဝါယောဓာတ်ကို မှန်ကန်စွာသိခြင်းသည် ဘုရား ဟောဒေသနာပါဠိတော်တို့၌ အတွင်းဝင်၍ ဘုရားအလိုတော်နှင့် ညီညွတ်ကြောင်းကောင်းကောင်းကြီး သိသာထင်ရှားလေပြီ။ ထို့ကြောင့်ပင် အခဏ်း(၄) အာနာပါနကို မှတ်ပုံအရာ၌ "ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ"ဟူသော ပါဠိ၌ အတွင်းဝင်ကြောင်းကိုလည်း ပြဆိုခဲ့ပေသည်။

## မှတ်ချက်

နိရ်+ဝါန–ပုဒ်ရင်းဖြင့် ပြီးသော နိဗ္ဗာနပုဒ်၌ ရ်–ကြောင့် ဏကြီးပြန်လျက် နိဗ္ဗာဏဟူ၍လည်း ရှိသင့်၏။ သို့သော် ပိဋကပါဠိမူအများနှင့်ညီစေရန် ဤ၌ဏကြီး မပြန်ဘဲ ပကတိအတိုင်းထားသည်။